www.burmeseclassic.com

အတွဲ (၁၄) အမှတ် (၂)
၂၀၁၄ခုနှစ် ဖေဖော်ဝါရီလ

# ဆရာကြီး

မဂ္ဂဇင်း



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ



(၁) ဒိဝါ တပတိ အာဒိစ္စော၊
ရတ္တိမှာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။

(၂) အထ သဗ္ဗ မဟော ရတ္တိ
ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇ သမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။

(၃) နမက္ကာရာ နုဘာဝေန၊
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ။ ။

30 DEC 2013

# သရဖူ

မဂ္ဂဇင်း

အတွဲ (၁၄) အမှတ် (၂)
၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ

www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ





## ဘာသာရေးဆောင်းပါးများ


၅ သစ်ပင် (ကဗျာ)
မဟာဗောဓိမြိုင်ဆရာတော်
(ဝနဝါသီဥပဒေသချမ္မသာဘိထေရ်)

၆ လူ့တစ်ထမ်း ရဟန်းတစ်ရှက်
မာနဘိက္ခုနုပသသနာကထာ(၂)
မဟာဗောဓိမြိုင်ဆရာတော်
(ဝနဝါသီဥပဒေသချမ္မသာဘိထေရ်)

၁၄ မျက်ရည်ကြားကပီတိအပြုံး
ဦးကောဝိဒ(မြိတ်)

၁၇ မဟာလှသားပွင့်ထွန်းတော်မူရာ
မြေမြတ်မဟာသို့(၉)
မောင်ပွင့်ဉာဏ်(မောရ)

၂၇ ရွတ်ပါးမှန်မှန် ဂါထာပြန်
ဝင်းထွန်း(ကျောက်ဖြူ)

၂၉ မဟာဗောဓိတစ်ထောင်ဆရာတော်
ဘုရားကြီး၏ခယောင်းလမ်းမှသည်
သုဓေယျ

၃၃ ပုံတောင်ထိပ်ကစေတီတော်
တက္ကသိုလ်ဝင်းမြင့်

၃၉ ယောဂ္ဂနီ ကန်ချောင်းရွာက
ရေပေဟောင်း သမိုင်းဝင် ဆုတောင်းပြည့်
သမ္ဗုဒ္ဓန်စေတီတော်
ကိုယော(ဘောဂဗေဒ)

၄၇ မိဘဂုဏ်ဆယ့်နှစ်ပါး
ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

၄၉ ရွှေကူလေပုံသစ်တော်ရုပ်ရှင်တော်
မြတ်၏ထားဝယ်ခရီးစဉ်မှထူးခြားမှုများ
ဘိုဘို(ရွှေကျ)

၆၀ ကျောက်စ်ဆရာတော်အမှတ်တရ
ကိုသန်းထွင်(လှော်စစ်)

၆၄ အိပ်မက်စေညွှန်း
ရွှေပေါ်ကျွန်းနှင့်ရွှေစေတီ
သာဝက(စေတော်ဝင်)

၇၀ ပထမံဝိဇ္ဇာခရုထွက်ရပ်ပေါက်
လောကီပညာနှင့် ကျေးဇူးရှင်
စစ်ကွင်းဆရာတော်ကြီး(၁၄)
ပထမံဆရာဦးအေးရွှေ

၇၅ နိုင်ငံ၏ဖပဟိုချက်ဗွေ အရှေ့ပြက္ခဒိန်မှ
နိဗ္ဗာန်ခရီး တစ်ပါးတည်းသွားနေသော
ချမ်းမြေ့ပါရမီတောရ
ဆရာတော်ဘုရားကြီး
အာကာသ(သာစည်)

၉၀ ဘေးအန္တရာယ်များမှ
ကာကွယ်ပေးသည့်ဂါထာ
တင်ထွန်း(စက်မှု-၂ ငြိမ်း)

၉၄ ဘဝကိုအသေသတ်သောစိတ်(၄)
မေတ္တာရှင်(ရွှေပြည်သာ)

၁၀၀ လယ်တီဆရာတော်ဘုရားကြီး
ပေါ်ထွန်းရာ အဓိဋ္ဌာန်အောင်
မဟာအောင်မြေ
အောင်သာကျော်

၁၀၃ မေတ္တသုတ်တန်ခိုးကြောင့်
သေဘေးနစ်ကြိမ်တိုးသော်လည်း
ဓာတ်ပုံ-မောင်မောင်အေး

၁၀၅ အင်းတော်ကြီး ရွှေမဥ္ဇူရေလယ်ဘုရား
မုဆိုးမခြေရာ အင်းဒေသမှ သမိုင်းဝင်
ဖြစ်ရပ်ဆန်းများ
အဋ္ဌုန(မန္တလေး)

၁၁၃ တရားအားထုတ်သူ
တစ်ယောက်အကြောင်း(၅)
ထုံးတော်ပင်-အရှင်ဓမ္မပီယ(မြောင်)

၁၂၄ ညီတော်အာနန္ဒာ၏ပါရမီဓာတ်လမ်းများ
ဝဏ္ဏသီရိ

၁၂၉ မဟူရာမိုးကောင်းကင်ယံတွင်
ထူးခြားစွာ ထင်ဟပ်ပေါ်ထွက်လာသော
မုံရွာမြို့ ရွှေစည်းခုံစေတီတော်မြတ်ကြီး
၏ထီးတော်အရိပ်
ညီညီထွန်း(မုံရွာ)

၁၃၄ ကပိလဝတ္ထုထာဒီပနီကျမ်းလာ
ဗုဒ္ဓ၏ဂုဏ်တော်
လှမြင့်(ရန်ကုန်တက္ကသိုလ်)

၁၃၆ ချမ်းသာရေးတရား
ချောင်းဆုံအုန်းသွင်

၁၃၉ ဗိုလ်ချုပ်အောင်ဆန်း
လာရောက်ဖူးမြော်ခဲ့သည့်
အောင်ချမ်းသာဘုရား
မိုးမြေသင်း

၁၅၀ ရာဇဝတီတိုင်းဒေသကြီး ဟံသာဝတီမြို့
ကျက်သရေဆောင် ရွှေမြန်မာမင်း
လက်ထက်က တည်ထားခဲ့သော
သမိုင်းဝင်မြို့လှကြီး စေတီတော်မြတ်ကြီး
သစ္စာဝါဒီ-ဦးမြင့်အောင်

၂၃၁ မေတ္တာပို့သစ္စာရှုလေအောင်
မြဝင်း(ဒဿန)

၂၃၂ မူလဥက္ကလာဦးစေတီတော်အကြောင်း
သိကောင်းစရာများ
တင်တင်ဦး(ပေါင်းတည်)

၂၃၃ ဒဂုန်နှင့်မန္တလေးရွှေမြို့တော်များမှ
အိမ်တော်ရာစေတီများ
ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု)

၃၄၀ ထားဝယ်သမိုင်းဝင်
ဂျောဘုရားစေတီတော်မြတ်ကြီး
မောင်စိမ်းထွေး(ထားဝယ်)


## သုတရသဆောင်းပါး


၈၁ "(၄၅)ကြိမ်မြောက် အလောင်းတော်
ကဿပပူဇော်ပွဲ ဂူတံခါးအပွင့်မှာ
သဒ္ဓါတရားထက်စွာ တိုးဝှေ့လျှနေလိုက်
ကြတာပျာ"ဟုဆိုသော အကျိုးဆောင်
အဖွဲ့အတွင်းရေးမှူး ဦးမောင်မောင်ဌေး
နှင့်တွေ့ဆုံခြင်း
ကံဝင်း

၈၆ တပုဿ၊ ဘလ္လိကအမှတ်တရ
တင်အောင်(စက်မှုတက္ကသိုလ်)

၁၁၀ ကိုလိုနီခေတ်
မြို့အုပ်ကြီးတစ်ဦးမှတ်တမ်း
အနောက်တံခါးမှူးမောင်မှူး

၁၄၃ အဘအောင်မင်းခေါင်၏ကျင့်စဉ်အစ
တောင်လုံးလှက
အဏ္ဏဝါလှိုင်း

၁၅၀ သုဝဏ္ဏဘူမိ ရှေးမြို့တော်ဟောင်းများ
၏ ယခုလက်ရှိတည်နေရာများ
နိုင်ခင်မောင်လေး

၂၀၀ ပဟေဠိကိုအဖြေထုတ်ပေးခဲ့တဲ့
အဘဘိုးမင်းခေါင်
အောင်သန်းချစ်

၂၂၇ ဓာတ်မသိမ်းနိုင်သော
နာဇီမနဿမှုဆိုးများ
လှမိုး(ပညာရေး)

၂၆၀ အမိန့်တော်ထဲက
ဝက်မစွတ်ဝန်မင်း၏မင်းမှုထမ်းဘဝ
ကျော်ဝင်း(ရန်ကုန်တက္ကသိုလ်)

၂၆၄ နိမိတ်
နေဦး(အ-စ အောင်ဆန်း)

၂၇၆ အုန်းမောင်းလုပ်နည်းလက်ရာ
ဉာဏ်မြင့်

၃၁၁ မြန်မာ့ရိုးရာနတ်ယုံကြည်မှုဓလေ့(၅)
မောင်သန်းဆွေ(ထားဝယ်)

၃၄၁ စလေဦးပုည၏စလေပြန်မှတ်တမ်း
တင်နိုင်တိုး

၃၆၆ ပေလီလေဆိပ်အနီး မင်္ဂလာမှ
(၇)ဘဝလူဝင်စား မှတ်ပုံ
ရွှေချိုအောင်(ပုသိမ်)


www.burmeseclassic.com

www.burmeseclassic.com






လျှိုက်ရေကြောင်းသွားလာရေး
အာမခံကုမ္ပဏီ၏အမှုတွဲများ
လှုမ်းထက်

ရှုထောင့်တစ်ခုမှစဉ်းစားပါ
မင်းပြည့်

ဂရုတ်ပင်အသီးများ၍
ငါးနှစ်အထိရှင်သန်စေနည်း
အောင်လံထူ(မြန်မာပြည်)


## သုရဿဝတ္ထုတို


ကျောင်းပျက်ထဲကထိုမိန်းမ
ဝင်းထွန်းအောင်(စစ်/ဆေး)

မသေခင်ကြိုတင်ခြောက်သူများ(၇)
ရွှေပြည်စိုး(မိုးကုတ်)

အမှောင်ဘဝမှာ
လရောင်ရှာတွေ့ခဲ့သူ(၃)
မြောင်းမြ-မြင့်လှိုင်

အကျဉ်းထောင်လောကမှ
ဂမ္ဘီရဆန်သောဖြစ်ရပ်ဆန်းများ
ဝီတာမြဦး

မှဆိုးတစ်ဦး၏ဒိုင်ယာရီ(၂)
ခင်မောင်အေး(မန္တလေး)

နတ်ဝုက်တောင်
ချစ်ဆိုင်

ကံကြမ္မာလား၊ ဝဋ်ကြွေးလေလား
ရတနာအေဝီ

ပွဲကြိုက်သည့်ကျတ်တစ္ဆေများ
မောင်မောင်မိုးအောင်

ဝီယဆေးကိုလိုက်စားခဲ့စဉ်က
မင်းဟိန်းနိုင်

ကျွန်တော်တွေ့မြင်ခဲ့ရဖူးသော
ပရလောကသားတစ်ဦး
စနေထွန်း(မြစ်သား)

ဝဋ်မှာအမြဲပါ
ဦးသန်းစိုး(ချောင်းနက်)

မန်းစက်တော်ရာ၌
ဘောဆိုးကြီးကြုံခဲ့စဉ်က
မျိုးတင့်(ညောင်လေးပင်)

ပျောများသွားသောနေဝင်ချိန်
သထုံငယ်ငယ်

ကြီးပြဘာနှင့်ကျားဆိုးကြီး
မင်းဟိန်းထိပ်

ဆော်(ပင်လယ်ပျော်)

တိုင်းထဲကရွာ
ဒီဘော္ဂ

သောက်ကယ်ပဋ္ဌာန်း
မောင်မောင်သန်းထွန်း

၃၄၂ ဒီဂျာပူရီသခင်မ၏သချိုင်းတော်
ရီရီဌေး

၃၅၄ အနတ်တမီမှလာသောညှော်သည်
ကံဝင်း

၃၇၄ မကောင်းတဲ့စိတ်ထား
နေပြည်တော်ကျော်ကျော်စိုး

၃၈၅ နှစ်လောင်းပြိုင်
ရန်နိုင်


## သုရဿတိုင်းရင်းဆေး


၁၂၃ ထိပ်ကပ်နာပျောက်ကင်းစေသည့်
ဆယ်နှစ်ရာသီအပွင့်
စွမ်းထက်နောင်

၁၂၈ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်
မဟာနွယ်(မန်းတက္ကသိုလ်)

၁၃၈ ချောင်းဆိုးရင်ကျပ်အတွက်
ဥသျှစ်ခေါက်
ဦးသန်းစိုး(ချောင်းနက်)

၁၄၉ အစာမစားသောမြင်းအတွက်
ဆေးတစ်လက်
အောင်လံထူ(မြန်မာပြည်)

၁၇၀ နွားဦးချိအနာအတွက်ဆေးတစ်လက်
နတ်မောက်မင်းသန့်နိုင်


၁၇၁ ဆေးအိုးပုတ်၏
ဆေးစွမ်းထက်မြက်မှုများနှင့်
ဆေးဝါးအဖြစ်အသုံးပြုနိုင်မှုများ
စွမ်းထက်နောင်

၂၂၅ အပူလောင်နာများအတွက်
နေပြည်တော်ကျော်ကျော်စိုး

၂၃၀ ဆေးဖက်ဝင် ရှားစောင်းလက်ပပ်
မြန်မာ့တိုင်းရင်းဆေး
ကြည်ကြည်ကျော်(ရင်တွင်းပုံရိပ်)
ပျဉ်းမနား

၂၃၃ သွားဖုံးဝက်ခြံဝေဒနာ
ကုစ္ဆမခက်ပါ
ပညာကျော်

၂၄၂ ဂမ္ဘီရနည်းနှင့်
ကလေးများကိုသန်ချကြပါစို့
မျိုးတင့်(ညောင်လေးပင်)




၂၇၁ ကျွဲ၊ နွား ချောင်းဆိုးရောဂါ
ပျောက်စေရာ
နတ်မောက်မင်းချစ်နော်

၂၈၉ ဒူးနာသူများအတွက်
နေပြည်တော်ကျော်ကျော်စိုး

၃၀၀ ကျွဲ၊ နွားများ မြွေကိုက်ခံရလျှင်
ဆလိုင်းငွန်သိန်း(ရမည်းသင်း)

၃၀၁ နားဆူအူလေထွက်နားပြည်ယိုသော်
မကွေးမြင့်သန်း

၃၂၉ သမုတ်သစ်ဆူး(ဝါ)သစ်ကျွတ်အစွမ်း
နတ်မောက်မင်းသန့်နိုင်

၃၈၁ သူငယ်နာနို့မြွေနိုင်နင်းရောဂါ
ဦးမင်းဝင်(ရွှေနဝင်း)

၃၈၄ ဆီးချုပ်ဆီးအောင့်ရောဂါအတွက်
အကောင်းဆုံးဆေးတစ်လက်
မဟူရာ(ရောဝတီ)ကသာ


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com





## သုရဿ ပညာရပ်


၁၆၈ ကမ္ဘာကျော် စိတ်စွမ်းအင်စုံထောက်ကြီး ကရာဇက်၏အနာဂတ်ကိုကြိုမြင်ခြင်း
**မနောသုတေသီ**

၁၇၅ ကျော်ကြားသော အင်္ဂရတ်ပညာရှင်အချို့၏ အင်္ဂရတ်ပညာဆိုင်ရာ အတွေ့အကြုံများ(၄၂)
**ဆရာဦးဆက်ထွန်းလင်း (အာယုဗ္ဗေဒ)**

၁၉၀ သိပ်ပြီးရင်လက်ဆင့်ကမ်းပါ
**ဆရာဦးမောင်မောင်သန်း (ရင်ကိုအေးမြစေသား)**

၂၀၀ အင်းကောင်းတစ်ကွက်နှင့် မာရဝိဇယရတနာ စကြာအင်းသိုက်(၇)
**ဆရာစော(အင်းတစ်ထောင်)**

၂၆၂ နေ့အလိုက်ကံကြမ္မာအဖြေရှာ
**သုခုစံ**

၂၉၄ ချစ်ခြင်းတရားနှင့်လက္ခဏာ
**ဆရာသိန်းသန်းအောင်**

၃၀၇ သင့်စွမ်းအင်၊ သင့်ကိုယ်ခံအားကောင်းစေမည့် ဖုန်းရွှေဖျူဟာ(၁၆၀)
**ဦးအောင်လှိုင်(သုဝဏ္ဏ)**

၃၃၃ မုန့်လုံးရေပေါ်၏လျှို့ဝှက်ချက်
**ရှိန်းအောင်(ဂမ္ဘီရ)**

၃၃၇ လက်တွေ့အသုံးဝင် နည်းသစ်ဂဏန်းဗေဒင်
**ဆရာဖလမင်းခေါင်**

၃၅၈ လင်ကွန်းကိုတကယ်သတ်တာ ဘယ်သူလဲ
**မောင်ကျော့ဘက်တိုင်**

၃၆၀ ကဗ္ဗိယဘုံမင်းနှင့် ဂန္ဓာလရာဇ်ဆေးကုထုံးများ
**ကိုစနေ**

၃၆၉ ရာသီခွင်အလိုက်ဘဝဖြစ်စဉ်များ
**ဦးအောင်လှိုင်(သုဝဏ္ဏ)**


## သုရဿလက်တွေ့အသုံးချ


၅၉ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ဓနသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်
**ရှိန်းအောင်(ဂမ္ဘီရ)**

၆၈ စီးပွားဥစ္စာလာဘ်များတိုးနှင့် ဘုန်းကံကြီးမားစေသော ဇယန္တော့အမိဠာန်ကျင့်စဉ်
**ဘုန်းခေါင်**

၁၅၅ ဝိဇ္ဇာဓရဂမ္ဘီရပညာနယ်မှ ရုပ်စမသုရဿတီနှင့် လာဘ်ခေါ်ရအောင်
**ဘုန်းခေါင်**

၂၅၈ လိုသူများသုံးစေဖို့
**မုဒိတာ(ကျိုက်လတ်)**

၃၁၉ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ အထွက်၊ အဝင်၊ ခပါဒ်နက္ခတ်ဖယား
**ဦးအောင်စောလှိုင်(ပုသိမ်)**

၃၃၉ ထီ
**ဆရာဦးမောင်မောင်သန်း (ရင်ကိုအေးမြစေသား)**

၃၅၂ လိုရာကိုသုံး စေတစ်လုံးအင်း
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**

၃၉၂ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ကောင်းကျိုးပေးဖြော တစ်နေ့တာလမ်းညွှန်
**ဒေါ်ခင်စံသု(B.Sc)**

၃၉၄ ကျန်းမာချမ်းသာ ရောဂါပျောက်ကင်း အောင်မြင်ခြင်းအတွက် သုရဿလက်ဆောင်
**ဆရာဦးမောင်မောင်သန်း (ရင်ကိုအေးမြစေသား)**

၄၀၀ စောင့်ကြည့်စူးစမ်းလေ့လာဖို့ကောင်း သောနိမိတ်များ
**မင်းရှိန်အောင်**

၄၀၃ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ကံမြင့်ကံပွင့်အစီအရင်
**ပြည်သိန်းကျော်**

၄၀၆ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ခုနစ်ရက်သားသမီးဟောစာတမ်း
**ဆရာဦးမောင်မောင်သန်း (ရင်ကိုအေးမြစေသား)**



**နာယက**
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
**စာတည်းချုပ်**
ဦးအောင်မြတ်
**အုပ်ချုပ်မှုစာတည်း**
ဒေါ်သန်းသန်း(ခ)
ဒေါ်ချောသီရိနိုင်
**စာတည်းအဖွဲ့**
ကျော်မင်းထွဋ်
ဝေလှဲ့လဲ့ထွဏ်း

**ဥပဒေအကြံပေး**
ဦးထွန်းရွှေ
B.A (Law);L.L.B
လွှတ်တော်ချုပ်ရှေ့နေ

ထုတ်ဝေသူ
ဦးအောင်မြတ်
(မြ-၀၄၃၂၉)
မျက်နှာဖုံးနှင့်
အတွင်းပန်းချီ
စိုးအောင်
သုရဿစာလုံးဒီဇိုင်း
ကိုကျော်မင်းမောင်
အတွင်းဖလင်
color king
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဦးဝင်းအောင် (မြ-၀၅၁၃၁)
သန်းထိုက်ရတနာအော့ဖ်ဆက်

ဖြန့်ချိရေးမှူး
အောင်မြင့်သန်း
ကွန်ပြူတာစာစီ
စုစုလှိုင်၊ ချမ်းမြေ့ကျော်၊
အိမ့်မွန်ထွန်း၊ ဝင်းမြ
ရုံးအဖွဲ့
ခင်ထားဆင့်၊ အေးအေးစန်း၊
အိသူတာ၊ စုမွန်

စာတည်းအဖွဲ့ရုံးခန်းနှင့်ဖြန့်ချိရေး
ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၀၉၂) ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ရန်ကုန်။
ဖြန့်ချိရေး- ၀၁-၃၈၈၇၁၈
စာမူနှင့်ကြော်ငြာ -၀၁- ၂၄၀၆၉၀

မျက်နှာဖုံး
**တစ်ဦးတည်း ကိုယ်စားလှယ်**
ထွန်းဦးစာပေ
**နေပြည်တော်ဖြန့်ချိရေး-**
သော်တာစန်း၊ သရဖူ၊ ရွှေရည်ဝင်း
**မော်လမြိုင်**-ကျော်ကျော်စာပေ
**ရှမ်းတောင်ကသာ**-ဂရိနဒီ၊ မီလှံမှာ
**ပဲခူး**- သဇင်စာပေ
**ဟသ်ာတ**-တာလေးမောင်၊ ရွှေမောင်း
**မကွေး** -ရွှေပြည်စိုး
**တောင်ငူ**-ဦးထွန်း၊ ဦးလှမောင်
**မြန်အောင်**-လှုထုမေတ္တာ
**အုပ်ရေ** ၁၀၀၀

လက်ကားဖြန့်ဈေး ( ၂၇၀၀ ) ကျပ်


BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## သစ်ပင်

- လူနတ်နွားနှင့် အများအပြား သက်ရှိများက
ဝင်စားဟူသည် ရှိချေပြီကြောင့်
လည်ရဇာတ်ကြောင်း ထက်အောက်ဆောင်း
အဟောင်းအဟောင်းချည်း။

- မြက်ပင်အစ မြေမိဘက
ဖွားရအစဉ် မြေပေါက်ပင်ကား
သေလျှင်ပြီးစီး သူ့ခရီးမို့
ဘယ်နည်းစစ်စစ် အပင်မြစ်
အသစ်အသစ်ချည်း။

  - လူတွေသည်ကား အာရုံစား
  သိမ်းထား အစွဲငွေ့။

  - သစ်ပင်များကား မြေဆီစား
  မထား စွဲခလေ့။

BURMESE CLASSIC .com

- သို့ကလိုပင် . . .
လူလျှင်စထား လောကသားတို့
မထားသူ့ပုံ မခံသူ့ဘက် ဂုဏ်မမက်ဘဲ
သက်လျှင်အဆုံး ချုပ်ပြတ်သုဉ်းစဉ်
ရုပ်လုံးမစ နာမ်မပြုနှင့်
ဘဝသစ်နောက် ပြန်မရောက်
ဘယ်လောက် ဘယ်လောက် ကောင်းမည်
နည်း။

*(၁၃၆၂ ခုနှစ်၊ တပို့တွဲလပြည့်၊
ပဋ္ဌိပတ်တောစခန်း)*





www.burmeseclassic.com

www.burmeseclassic.com

မဟာဗောဓိမြိုင်ဆရာတော်

(ဓနုဝါသီဒေဝသျှမမှုဘာသာမီစောင်) ၂

# လူတစ်ထမ်း ရဟန်းတစ်ရှက်

## (မာနဘိက္ခုနုပဿနာကထာ)



(ယခင်လမှအဆက်)

၅။ ကဲ - နောက်တစ်သုတ် ပွဲထုတ်ကြည့်ကြဦးစို့

သည်မင်္ဂလာအတွဲက -

(၁) ကြီးပွားတိုးတက်လာချိန် တစ်ဖန် ဒါနဘက်ဆက်တက်လိုက်ပါ။

(၂) သာသနာ့အမွေခံ တရားအကျင့်ဖြင့် ကာရံပါ။

(၃) နွမ်းပါးဆွေမျိုး အကူညီအမျိုးမျိုးဖြင့် ပံ့ပိုးပေးပါ။

(၄) အပြစ်ကင်းစင်သော အလုပ်အကိုင်မျိုးရွေးလုပ်ပါ။ (လေးပါး)

သည်မင်္ဂလာအတွဲများကျတော့ ရင့်ကျက်နေသော သတိသမ္မောဇ္ဈင်ထက် အခြားဗောဇ္ဈင်များပါ တက်ရောက်လာစေရန် လမ်းခင်းအဖြစ် ကြိုးစားပေးကြရတော့မှာပါ။

ထိုစဉ် -

(၁) ဒါနမှာ ယုတ်ဒါန၊ မြတ်ဒါန



www.burmeseclassic.com

www.burmeseclassic.com

နှစ်မျိုးရှိချေရာ -

(က) ယုတ်ဒါနကား ဒါနထက် သတိဉာဏ်မတင် မိတ်ဆွေအပေါင်းအသင်းများနှင့် ပျော်ပွဲစားဝင်နေပုံမျိုးပါ။ သူ့ကို လှေ့လာကြည့်သော် သူ့မှာ သာယာတပ်စွဲခြင်း တဏှာမကင်းတတ်ပါ။ ငါ၊ သူ၊ ဝတ္ထုထိုသုံးခုတို့၏ အငြိမလွတ်တတ်ပါ။ သုံးရင်းအကြား စိတ်ကစားခြင်းများလည်း မကင်းတတ်ပါ။ အာရုံပူများနှင့်တွဲ စိတ်ပြန့်ကျဲခြင်းများပွားနေမှာပါ။ စီမံထားသည်များ ထစ်ငေ့ါနှလုံးမသာမှုက ကျော့လာဦးမှာပါ။

သို့ကြောင့် ထိုကောင်းမှုသည် အကြောင်းခံသည်က ကောင်းမှုပြုလုပ်ရာကျတော့ အကုသိုလ်ဝင်စိတ်စေတနာများ မစင်ကြယ်တော့ရာ ဩမကဒါနဆိုရတော့မှာပါ။ ဩမကက အယုတ်၊ ဒါနက ကောင်းမှု၊ နှစ်ခုပေါင်းက ယုတ်ညံ့သော အကျိုးပေးလမ်းကြောင်းတွင် ခေါင်းတိုးဝင်နေသောဒါနမျိုးဆိုရမှာပါ။ သည်မှာ စိတ်စေတနာထဲ၌ သတိဉာဏ် အရံမပါသည်ကို သတိပြုခဲ့ပါ။

(ခ) အကယ်တိတိ မြတ်ဒါနဖြစ်စေလိုပါသော် သတိဉာဏ်များကို သတို့သား၊ သတို့သမီးတို့ မင်္ဂလာကျင်းပချိန် အပျိုရံ၊ လူပျိုရံ၊ အခြံအရံပါစေရသည် ပမာ။ စိတ်နှင့် စေတနာတို့အကြား ထိုသတိ၊ ထိုအသိများ အရံထားပေးကြရမှာပါ။

သို့မှသာ ဒါနပြုစဉ် အတွေးလည်း မဝင်၊ စိတ်လည်းအပြင်မထွက်၊ အေးသောငြိမ်သက်မှုရစေမှာအမှန်ပါ။ သတိဉာဏ်အရံပါနေသော ထိုဒါနရှင် သောက်ရေကဲ့သို့သော အေးကြည်စိတ်ဝင်နေတော့မှာ အမှန်ပါ။ လှုပ်ရှားသမျှ ကိုယ်နှုတ်နှင့် ခြေ၊ လက်များတို့အတွင်း အသိစိတ်ကွင်းဆက်နေမှာ အမှန်ပါ။ မည်သူကမျှ လက်မတို့ရ။ သူ့အစီအစဉ် သူ့ခွင်ကျ ပီပြင်ကျနနေမှာအမှန်ပါ။

သို့ကြောင့် ဒီကောင်းမှုအကြောင်းခံထားသည်ကလည်း ကုသိုလ်စွန့်လွှတ်စီမံစဉ်အတွင်းလည်း ကုသိုလ်၊ ရှေ့ကုသိုလ်၊ နောက်ကုသိုလ်တို့ဖြင့် စေတနာပွဲဝင် စိတ်အစဉ်ကို ခွင်ပိတ်ပေးထားခံရခြင်းကြောင့် ဥက္ကဋ္ဌကုသိုလ်စစ်ဖြစ်လာတော့တာပါ။ သည်မှာ ဥက္ကဋ္ဌက အမြင့်အမြတ် ကုသိုလ်က ဒါနဖြင့် မင်္ဂလာဝင်၊ နှစ်ခုပေါင်းက မြတ်စိတ်ဖြင့် ဒါနပွဲဝင် မင်္ဂလာစီရင်နေခြင်းပါ။ အကြောင်းခံသည်ကလည်း အပြစ်ကင်း၊ ပြုလုပ်စဉ်လည်း အညစ်အပြစ်ကင်း၊ ကောင်းမှုစစ်သော ကောင်းကျိုးသွင်းဒါနမျိုးပါ။ သည်မှာလည်း ဒါနတွေ အများအစားရှိသည်အထဲ သည်မင်္ဂလာဒါနခန်းကရှင်ပြု၊ နားသမင်္ဂလာခန်းဆိုရမှာပါ။

စဉ်းစားကြည့်ပါ။ အိမ်ထောင်သက်ကပင် အနှစ်နှစ်ဆယ်ကျော်၊ လူ့အသက်ကလည်း အနှစ်လေးဆယ်တွင်းဆိုတော့ သမီးကြီး၊ သားကြီးများကလည်း တစ်ဆယ်ကျော်ငါးနှစ်ပတ်လည်တွင် အပျိုနှင့်လူလားမြောက်သို့ ချဉ်းနင်းနေတော့မှာပါ။ အငယ်လေးများပင် ငါးနှစ်ကျော် ဆယ်နှစ်တွင်း ခြေစုံနင်း ကွင်းဆင်းလာနေကြမှာပါ။

သည်အချိန် စီးပွားရေးကလည်း အရည်လည်၊ မိဘတို့အရွယ်ကလည်း အရွယ်တည်၊ သားသမီးများကလည်း အရွယ်မီ အားလုံးခြေညီနေချိန်မျိုးပါ။ သည်အချိန် သားဘုရားအလောင်းဖြစ်က မိဘများလည်း ဘုရားမိဘများဖြစ်လာကြရန် ယခုကပင်မျိုးစေ့ရှာ၊ ယခုမှာပင် အပင်ပျိုးထားခဲ့ရမည့် အချိန်ပါ။ သည်ဘဝ အရံအကျသံသရာမှာမှ မျိုးရိက္ခာ နိဗ္ဗာန်ဝင်လှည့်ဘဝမှာကား စီးပွား၊ အခြေအရံနန်းပိမာန်များဖြင့် နိဗ္ဗာန်စံဝင်ရန် အခြေပြုခဲ့ရမည့် အချိန်မျိုးပါ။

သာသနာနှင့်ကြုံသောကာလ ယုံကြည်ခြင်း၊ ဆန္ဒပြင်းပြခြင်း၊ ဝီရိယထမ်းပိုးဝင်လာခြင်း၊ အနုသယ၊ ဝါသနာ၊ ဗီဇပါရမီများနိုးထလာခြင်းတို့ဖြင့် သာသနာတော်အတွင်း မိမိတို့ရဲ့ဘဝ ပစ်သွင်းမိကြရန် အားယူရမည့်အချိန်ပါ။

သို့ဖြင့် သီရိဓမ္မာသောကမင်းကြီး သားတော်မဟိန္ဒ၊ သမီးတော် သင်္ဃမိတ္တာတို့ကို သာသနာအတွင်းသွင်း၍ မိမိကသာသနာ့အမွေ ခံယူလိုက်သည်ပမာ





www.burmeseclassic.com

www.burmeseclassic.com

သွေးအားများလည်း အတိုးမကြမ်း၊ အိုဘဝသို့လည်း ခြေလှမ်းမပြင်သေးသော သည်အရွယ်တည်ဘဝပိုင်းကာလ သာသနာ့ အမွေခံကြရမြဲပါ။

သည်သာသနာ့အမွေခံ ရှင်ပြုနားသမင်္ဂလာပွဲမှာ စပါးဖြစ်သော်မှ နောက်မိုးပျိုးချ အညှောက်မဝင်၊ ပင်မကျမျိုးသို့သော စပါးဖျင်း၊ စပါးအဆန်ချောင်၊ စပါးအဆန်ကပ်ပမာမျှသောဖြစ်မလာဖို့ သတိပြုရမှာပါ။

ယုတ်ဒါနကား အကြောင်းခံသာကောင်း၊ ပေးလှူရာ အကုသိုလ်၊ကုသိုလ် သောင်းပြောင်းရောဖြစ်နေသောကြောင့် အကျိုးခံစားလှည့်ဘဝကျ အကျိုးထက်အပြစ်ကများနေမှာ အသေအချာပါ။ မုန့်ကားမုန့် စားရာဝါးရာ သဲနှင့်ပြုပ်ရှပ်ဖြစ်နေသဖြင့် မြိန့်ရှမကောင်း၊ စားလည်းပါးစောင်ရှ သဲကျမုန့်မျိုးပမာပါ။

စေတနာကနည်းပါး အကုသိုလ်များကသာ တအားထိုးဝင်နေပါသော် လူ့ဘဝပြန်ရောက်ဖို့ပင် ခဲယဉ်းနေတော့မှာပါ။ သို့ဖြစ်ရာ သင်အဖို့ ဤအမွေခံဒါန ပါရမီမျိုးစေ့ချကာလဝယ် သတိသမ္မောဖျှင်သန်သန်ထား ဗောဓိသို့ဝင်ခွင့်ရ အရည်မီ အသိဉာဏ်အခံပွားသော ရှင်ပြုနားသမင်္ဂလာ ဆင်ယင်ဖို့ပါ။

ဤသို့ မျိုးထားစပါး၊ ရွက်မှော်၊ ဒိုက်သရောအဖျင်း လေ့ထုတ်ပစ်ခဲ့ရခြင်းမျိုး အတုခိုးကြရမှာပါ။

နောက်မင်္ဂလာပွဲ သင်ဝင်နွှဲကြည့်ပါ။

(၂) သာသနာ့အမွေ ရှင့်ဒကာ အမည်ခံယူပြီးသွားသော ထိုသည့်သင် ကာမခင်း မကင်းရုံ၊ ဓမ္မခင်းတွင်းစုံကျင်းစုံ ထုံပွားရမည့်အချိန်ပါ။ ဤအရွယ်တည်ပိုင်းသည်တက်သွေးလည်းမလျှံ။ ကျသွေးအထိလည်း မဆန်သေးချိန်ဖြစ်ရာ ပြီးခဲ့သောအစွဲမည်း ခွဲဖြိုပစ်ခဲ့ရမည်ကတစ်ကြောင်း၊ အိမ်ပြန်ဟန်ရ ကိုယ်ပိုင်ဘဝ အခြေခံရဖို့ကတစ်ကြောင်း၊ ရှင်နှင့်ဒကာ ဘက်ညီစေဖို့ကတစ်ကြောင်း၊ ကျောထောက်နောက်ခံများရှေ့ကောင်းသောအလေ့ချပြခဲ့ဖို့က တစ်ကြောင်း ဤအကြောင်းများကြောင့် ဓမ္မဘက်မပျက်မကွက် လက်ဆက်ကြရမှာပါ။

သားဘုရားနှင့်ဖခင်မိခင် (သုဒ္ဓေါဒန၊ ဂေါတမီ)တို့ထံုး နှလုံးမူကြရမှာပါ။ သူတို့ကိုကြည့်ပါ။သားဘုရားက ကျောင်းတော်တွင်း တရားနှလုံးသွင်းချိန် မိဘများကလည်း နန်းတော်တွင်းမှပင် တရားဆင်ခြင်နေကြတာပါ။ သို့ကြောင့်သာ သားဘုရားနိဗ္ဗာန်စံ၊ မိဘများလည်း နိဗ္ဗာန်စံများချည်း ဖြစ်သွားကြတာပါ။

သူတို့လိုမဟုတ်ကြပါဘဲ သားများကိုသာ သာသနာထဲဆွဲသွင်း သွင်းပေးပြီး မိဘတို့မှာမူကား ကာမအလေးထားဘဝပေါ် အတေးအစွဲ အလျော်အစားများဖြင့် ပျော်ပါးနေကြပါမူ ရှင့်ဘက်ကသာတစ်ဆူ လူ့ဘက်ကား တစ်ယောက်ဖြစ်မလာနိုင်တော့ပါ။ သည်မျှလောက်ပင် မကသေးပါ။ သေချိန်ကာလ ငှက်တစ်အုပ်ပျံလည်းအတူပျံ၊ နားလည်း ပင်တစ်ပင်အတူနားပမာ မဟုတ်လေဘဲ သားရှင်က နတ်ထံပျံ၊ မိဘတို့ကား နတ်ထံပျံမလိုက်နိုင်တော့ပါ။ သားရှင်နှင့်မိဘ နောင်နောင်ကာလ ဘဝချင်းလည်း နီးစပ်ကြမည် မဟုတ်ပါ။ သားနိဗ္ဗာန်ဝင်သော်မှ မိဘများအား ခေါ်ဆောင်နိုင်မည် မဟုတ်တော့ပါ။

နောက်တစ်ချက်မှာ အရွယ်ရောက်စများဖြစ်ကြသော သမီးများ၊ သားများရှေ့ မိဘတို့က ကာမစလေ့တို့ဖြင့် လေပွေဖွေ့လေ့ပြနေကြပါမူ ထိုမိဘသည် ကာမအတတ်သင် လက်ဦးဆရာပင်ဖြစ်ကြတော့ရာ ထိုမိဘတို့အတုလိုက်တက်သွေးရှင်သားသမီးလေးများလည်း မိုက်ပြကြတော့မှာမို့ပါ။ နောက်တစ်ချက် စဉ်းစားပါ။ ကိုယ်ပိုင်ဘဝဆိုတာ ကိုယ်စိတ်နှင့်ကိုယ့်ကိုယ် ကိုယ်အလိုကျရစေသော လူ့ဘဝနတ်ဘဝမျိုးများပါ။

ဤ ...သူ၊ နတ်မျိုးတိုးဝင်ရန်မှာ မိမိတို့ ကာလသား၊ ကာလသမီးဘဝနှင့် ကျင်လည်စဉ် အိမ်ထောင်သည်ဘဝတွင် ကာမနှင့်ခနကံအားပေါ် မာန်အားထပ်စိတ်ရှိတိုင်း ဆတ်ဆတ်ကြဲနွဲပြနေစဉ် တုန်းက အကြိုက်နှင့်တွဲမိရာမှဖြစ်သော ကြိုက်စွဲမဲ စိတ်နှင့်မခွဲရှိဆဲပါ။ အမုန်းနှင့်တွဲမိရာမှဖြစ်သော မုန်းတေးမဲ စိတ်နှင့်မခွဲသေးပါ။ သညာသိနှင့်တွဲမိရာမှ ဖြစ်သော အမှတ်မဲ စိတ်နှင့်တွဲနေဆဲပါ။ ထိုစိတ်မဲများကိုမှ ဓမ္မနှင့်မခွဲ ထိုလူ့ဘဝ၊ နတ်ဘဝများနှင့် လွဲကြရမှာ ဧကန်ပါ။ မိဘများ ထိုစိတ်များကို သတိဖြင့်နှစ်အောင်မြှုပ်၊ ကိုယ်ပိုင်အသိစိတ်ချည်း ပွဲထုတ်နိုင်မှသာ။

ဒုဋ္ဌဂါမဏိမင်းကြီး သေချိန်စေ့သဖြင့် မရဏညောင်စောင်းလဲလျောင်းပေးနေရချိန် သူ့တစ်ဘဝပြုပြုခဲ့ရသမျှကောင်းမှုတော်စာရင်းကို မော်ကွန်းထိန်းက အနီးမှနေဖတ်ပြနေချေရာ ကောင်းမှုအားလုံး(ငွေသားချည်း ကုဋေတစ်ထောင်ဖိုး)ထဲမှ စစ်ပွဲအတွင်းက ပြုခွင့်ရခဲ့သော ထမင်းတစ်ထပ်စာ မိမိမစားဘဲ တောတွင်းမှနေ သံဃာအား ပင့်ဖိတ်လှူဒါန်းခဲ့ဖူးသောအလှူကိုသာ သွားအမှတ်ရပြီး စိတ်ပီတိကျနေစဉ် ကောင်းကင်မှ နတ်ဘုံခြောက်ထပ်တို့မှ နတ်ရထားခြောက်စင်းသူဦးကိုယ်ဦး လာရောက် ကြိုဆိုနေခြင်းကို ခံယူခွင့်ရတော့တာပါ။

ယင်းမှာ အမဲစိတ်လွှင့်လိုက်နိုင်ရာမှ ကိုယ်ပိုင်စိတ်ပွင့်လာခဲ့လို့ပါ။ ဤအလှူရှင်များလည်း သို့ပမာ ကိုယ်ပိုင်စိတ်ပွဲထုတ်နိုင်မှသာ ကိုယ်ပိုင်နတ်ဘဝဖြင့် မင်္ဂလာခံယူခွင့်ရကြမှာပါ။

သို့ကြောင့် အတည်ပိုင်း၊ အရွယ်လတ်ရောက်ဆဲ သင်သည် သွေးအားများကလည်း အားကောင်းဆဲ၊ အိုဟောင်းဘဝထဲလည်း မရောက်သေးဘဲရှိနေချိန် သည်အရွယ်ပိုင်းမှာ သာသနာ့အမွေလည်းခံ၊ အမည်းစက်များကိုလည်း လှန်ပစ်ခဲ့ရန်၊ ပါရမီခန်းကိုလည်း အခမ်းပျိုး၊ ကာမလည်း တစ်စတစ်စခမ်းညှိုးသွားစေရန် အိမ်ထောင်ခန်းဝင်လမ်းမပျက်၊ ဓမ္မဘက်လည်း လက်ဆက်ရမှာပါ။ ဤသည်မှာ သာဝတ္ထိပြည်သူပြည်သားတို့ရဲ့ကျင့်ထုံးပါ။

ကြားဖူးသည်မှာ ဘုရားလက်ထက်ကာလတုန်းဆီက သာဝတ္ထိပြည်၌ လူဦးရေ ခုနစ်ကုဋေမျှရှိချေရာ ငါးကုဋေက အရိယာတွေချည်းပါ။ တစ်ဆယ့်နှစ်နှစ်၊ တစ်ဆယ့်သုံးနှစ်အရွယ်လောက်ဆို အနည်းဆုံး သောတပန်အဆင့်ရောက် အရိယာပေါက်စလေးတွေချည်းပါ။

ထိုစဉ်က အရိယာခေတ်၊ သည်လိုလှစ်ဝင်သွားကြသည်မှာ ရဟန်းဘောင်ဝင်၊ အိမ်ထောင်စွန့် လွန့်ထွက်သွားသောကြောင့်လည်းမဟုတ်ကြပါ။ ရှစ်ပါးသီလထမ်း၊ ရိပ်သာခန်း တန်းဝင်သွားကြလို့လည်း မဟုတ်ပါ။ ဟုတ်သည်မှာ လုပ်မြဲအလုပ် ပုံမှန်အလုပ် ကိုယ်နှင့် စိတ်တစ်ကျိုပ်တည်း တစ်ထပ်တည်းကျ ပွဲထုတ်သောအလား သတိသမ္မောဖျှင် တွင်တွင်ပွားပေးရင်းကပါ။

သတိသည် သွေးအားကောင်းကောင်းသလောက် လမ်းပြောင်းဖောက်ပေးနေတာပါ။ သတိသည် သွေးသွက်သွက်သလောက် အမည်းစက်ဖျောက်ဖျက်ပေးနေတာပါ။ သတိသည် သွေးတည်၊ တည်သလောက် စိတ်ကို တည်ကျင်းထဲသွင်းပေးနေတာပါ။ သို့ဖြင့်ပင် သူတို့လေးတွေ အရိယာဘွဲ့ ရခဲ့ကြတာပါ။

ယခုလည်းပဲ ကာမမှ ဓမ္မသို့လှမ်း



www.burmeseclassic.com

www.burmeseclassic.com

ဝင်နေချိန် အရွယ်လတ်သို့ရောက်နေသူများ သတိသမ္မောဇ္ဈင် တွင်တွင်ပွား၊ စိတ်ကိုအလကားမထား၊ ကိုယ်ကား လုပ်မြဲအလုပ်ကြားထားပေးလျက်က ကိုယ်နှင့်စိတ် တစ်ထပ်တည်းကျ အပေးအယူမျှနေစေကြပါသော် ထမင်းစားခန်းထဲက အမှု ထမင်းစားခန်းထဲမှာပင် ပေါ်မှာပါ။ ပေါ်ရာမှာ ခါချပစ်ခဲ့ပြီးသားပါ။ အိမ်သာထဲကအမှု အိမ်သာထဲမှာပင် ပေါ်သွားစေမှပါ။ အိမ်ခန်းထဲကအမှု အိမ်ခန်းထဲမှာပင် ပေါ်နေပြီးသားပါ။ အိမ်ရှေ့ကအမှုများလည်း အိမ်ရှေ့မှာပင် စီရင်ချက်ချက်ခဲ့ပြီးသားပါ။

သည့်အတူ အလုပ်လုပ်ရင်း၊ သွားလာရင်း၊ စကားပြောရင်း၊ တစ်ဦးတည်းဆိတ်ဆိတ်နေရင်း စသည်များက ဖြစ်ပွားလာသောအမှုများလည်း ဝိုင်းတော်တီးဆရာသည် လက်ချောင်းများဖြင့် ပုံတော်ခေါက်၊ နောက်လက်ဖနောင့်ဖြင့် အတွင်းပိတ်၊ သံမှန်ဘက်ချည်းထွက်စေသည်ပမာ။ စန္ဒယားဆရာသည်လည်း ရှေ့လက်ချောင်းများက အတွင်တီး၊ နောက်လက်ဖနောင့်ကလည်း အတွင်လိုက်ပိတ် သံမှန်ဘက်ချည်းထွက်စေသည်ပမာ။

ရှေ့ကစွဲစိတ် အလုပ်လုပ်ပြနေသလောက် နောက်ကမှတ်စိတ် သတိကလည်း ဖျောက်ဖျက်ပစ်ပေးနေတော့မှာပါ။ သည်မှနောက် ညဦးပိုင်း တိတ်ဆိတ်ချိန် မအိပ်မီလေးများမှာလည်း မိမိတို့ဆရာသမားများ သင်ပြပေးထားသော ဓမ္မကျင့်နည်းကို နေရာကျကျ ကိုယ်အထိုင်ချပေးကာ သတိသမ္မောဇ္ဈင်ဖြင့်ပွားပို့ပေးနေကြရမှာပါ။

သတိသာပွားပို့အားကောင်း ဓမ္မဝိစယကား အချောင်းချောင်းပါ။ ဓမ္မဝိစယကသာ ပွားအားကောင်း ဝီရိယကား တဖြောင်းဖြောင်းပါ။ ထိုစဉ် သတိအားကား ရှုကွက်တွင်းက ဖြစ်ပျက်ခင်းထင်လင်းစေမှာပါ။ ဓမ္မဝိစယကား ဖြစ်ပျက်ခင်းထဲက ရုပ်နာမ်များခွဲပြနေမှာပါ။ ဓမ္မက ဖြစ်ပျက်ခင်းသဘာဝ၊ ဝိစယက ပွားများဟုန် ထုံကူးပေးနေခြင်းပါ။ နှစ်ခုပေါင်းဓမ္မဝိစယက သတိကထိုးပြနေသော ခန္ဓာဖြစ်ပျက်ခင်းကို ရုပ်နာမ်ကွဲ၊ ကြောင်းကျိုးသိ၊ လက္ခဏာမြင် စသည်များအထိ ဓမ္မအချင်းချင်း ပွားဆက်စေကာ ထုံကူးပေးနေချက်ပါ။

သည်သတိသမ္မောဇ္ဈင်၊ ဓမ္မဝိစယသမ္မောဇ္ဈင်နှစ်ပါးတို့ကသာ ပွားအားစပ်၊ ထပ်သထက်ထပ်များဖြင့် အားပါနေပါသော် ဝီရိယကလည်း ဝင်ရောက်လှုပ်ရှား မပွားဘဲမနေသာပါ။ ပီတိကလည်း ဓမ္မအလုပ်ဘက် နှစ်သက်အားရသဘောကျလာမှာပါ။ ပဿဒ္ဓိကလည်း ကိလေသာမီးမကိန်းအငြိမ်းပြနေမှာပါ။ သမာဓိကလည်း သူ့စိတ်တိုင်းကျ တစ်ခုဆိုတစ်ခုမျှ အထိုင်ချနေတော့မှာပါ။ သမာဓိကလည်း သူ့စိတ်တိုင်းကျ တစ်ခုဆိုတစ်ခုမျှ အထိုင်ချနေတော့မှာပါ။ ဥပေက္ခာကလည်း ဓမ္မကိုသာ အာရုံပြု ဘာတစ်ခုမှ အမှုမရှာတော့ပါ။

ဤသည်မှာ အိမ်ထောင်မွေးရင်းကာမမှ ဓမ္မဘက် အသက်ဆက်သူများအတွက် ယာလည်းညက်၊ ကြက်လည်းမောပမာ အကျိုးထွက်လုပ်ကွက်ပါ။

## (၃) တစ်ဖန် တီသင်္ဂဟာမင်္ဂလာပွဲ အကဲကြည့်ပါဦး။

မိမိစီးပွားရေး တောင့်ခိုင်လာရန်အထက်ကိုလည်း ပြန်မော့ကြည့်ပါ။ အောက်ကိုလည်း ခေါင်းငုံ့ကြည့်လိုက်ပါ။ အထက်မှာက ဆွေခုနစ်ဆက်တို့ပါ။ ယင်းမှာ အဘ၊ ဘိုး၊ ဘေး၊ ဘီ၊ ဘင်၊ ဘောင်၊ ဘော သည်ခုနစ်မျိုးပါ။ သူတို့ကကလျာဏမိတ်အရာဝင် မိမိ၏ အသက်သခင်များမို့ ဆွေဆိုရတာပါ။ သည်ခွဲတမ်းက ရာကျော်သက်တမ်းရှိ ရှေးခေတ်က မိမိရှေ့ နေပြသွားနိုင်ကြသော ဆွေဆက်များပါ။ သိန်းသောင်းသက်တမ်းတုန်းကဆို သည်မျှမကနိုင်ပါ။

တစ်ဖန်အောက်မှာက မိမိမှ မျိုးသွေးစက် ဆက်ပေးလိုက်သောကြောင့် မျိုးဆက်များပါ။ 'ယင်းတို့မှာ သား၊ မြေး၊ မြစ်၊ တီ၊ တွတ်၊ ကျွတ်၊ ဆတ် သည်ခုနစ်မျိုးပါ။ သားဆိုလျှင် သမီးလည်းပါပြီးသားပါ။ အထက်မှာလည်း အဖဆိုလိုက်သည်နှင့် အမိပါပြီးသား သတိပြုပါ။ သည်ခွဲတမ်းလည်း ခုနစ်ဆက်အထိ မိမိကနေနိုင်သေးသော သက်တမ်းရှည်ကာလမျိုးတုန်းက ခွဲတမ်းပါ။

ယနေ့နှင့်နက်ဖြန်တို့ သက်တမ်းအရ ခွဲတမ်းချပြရပါမူ အထက်မှာလည်း မိဘဘိုးဘွားနှစ်ဆက်မျှ အမှီခံများတာပါ။ ဘေးရောက်လျှင် ဘေးပေါက်သွားသည်က အများစုပါ။ အောက်မှာလည်း သားသမီး၊ မြေး၊ မြစ်လောက်မျှ မှီခွင့်ရကြတာပါ။ တီနှင့်တိုး ပိုးစားခံရသည်က အများအစားပါ။ သည်အထက်အောက်များ ချို့တဲ့နေချိန် မိမိက ပြန်စောင်းမကြည့်ခဲ့လျှင် တစ်ကိုယ်ကောင်းဆန်အမင်္ဂလာဖြစ်သွားတော့မှာဧကန်ပါ။ ငါ့ဘို့သာ စဉ်းစားတတ်သော တစ်ဘို့ထားသမားဖြစ်နေလို့ပါ။

သည်မှာ အထက်ဆွေအိုများမှာက လူအို၊ အိမ်အို အလုပ်ပြိုလဲသွားချိန်မျိုးဖြစ်လာတတ်ကြရာ တက်တုန်းကမစုမိခဲ့ကြသောကြောင့်ဖြစ်စေ၊ အတူနေများက အဖြစ်မရှိသောကြောင့်ဖြစ်စေ၊ အချို့နောက်တည့်၊ အတည့်နောက်၊ အနှံ့ဖောက်နေမှာ ဧကန်ပါ။

သည်အခါ အသက်မွေးအတွက် ရာသီလုံအဆောက်အအုံဖြစ်ဖို့ ကူညီပါ။ ဝမ်းကျောင်းအတွက် စားသောက်ဖွယ်သယ်ယူမွေးကျွေးပါ။ သည်လူကြီးမား၊ သူကြီးများတို့မှာ အတိုက်လေမီးများဘက်က စီးပိုးထား၊ အခံသွေးသားများဘက်ကလည်း တစ်စတစ်စ ခန်းခြောက်ကျနေချိန်ဖြစ်ကြရာ . အစားကျတော့ကြောင်စာလောင်စာကျ အတင်းတောင်းနေချိန်မျိုးပါ။

သည်အချိန်၊ သည်အရွယ်မျိုး အမြက်မျိုးအစာတမ်းတကြမြဲပါ။ ခံတွင်းတွေ့အစာ မျှော်လင့်တတ်ကြမြဲပါ။ သို့ကြောင့် အခါသင့်အခွင့်သာချိန် စားကောင်းသောက်ဖွယ်များ ပို့ပေးဖို့ပါ။ ကျန်းမာရေးနှင့် လိုက်ဖက်ရာ ဆေးဝါးများ ထောက်ပံ့ဖို့ပါ။

သည်မှာ အဘိုးအဘွားတို့အနေအထား စကားညှပ်ပြောခွင့်ပြုပါ။ အဘိုးမှာ သွေးသားနည်း၊ မီးက ကြီးစိုးနေမှာ အမှန်ပါ။ အဘွားမှာ သွေးသားပြေ့ လေက အပိုင်စီးနေမှာအမှန်ပါ။ သို့ကြောင့် အဘိုးကြီးတော့စိတ်တို၊ အဘွားအိုတော့ စကားများလာခြင်းပါ။

ယင်းတို့၏ သဘာဝအထာကျကျသဘောပေါက်ပါက သည်မှာ ဘာဖြစ်နေသည်တော့မကြည့် သူတို့ စိတ်တိုဖို့လောက် သိတာပဲ။ သည်မှာ လုပ်နေရတာက မောရတဲ့အထဲ သူတို့စကားပြောဖို့လောက် သိတာပဲ။

သည်အပြစ်ကျူးစကား အနီးနေများ ထိမှာ အမှန်ပါ။ ကုသိုလ်ယူတာက တစ်ဆစ်၊ အပြစ်က တစ်ပိဿာဖြစ်ဖို့အသေအချာပါ။ အကယ်၍သာ ဘိုးဘွားတို့၏ ဓမ္မတာအထာပေါက်ခဲ့ပါမူ သည်နေရာရောက်သူတိုင်း သည်အတိုင်းကိုးဖြင့် ငြိမ်းပြေသွားတော့မှာပါ။

သည်တစ်ခါ အောက်ဘက်ကြည့်ထောက်ပံ့လှည့်ပါ။ သူတို့ကျတော့ အိမ်ထောင်အိုးကွဲ သားသမီးများ နွမ်းပါးနေသည်ကိုတွေ့ပါက အရင်းနှီးလိုထုတ်ပေးဖို့ အခါမလင့်သင့်ပါ။ လယ်လှည့်လောက်ဆို လယ်လှည့်လောက်ထုတ်



www.burmeseclassic.com

www.burmeseclassic.com

ပေးဖို့ပါ။

သည့်အပြင် ထိုသားသမီးများ ယိုပေါက်တွေပိတ်ဖို့ သတိပေး ဆုံးမပါ။ ဟာကွက်တွေ့ပါက ဆက်စပ်တာတ်ဖို့ နည်းပေးရမှာပါ။ သားသမီးအရေး အမြဲတွေး၍ ထိန်းမတ်ပြုပြင်ပေးပါ။ သည်လောက်ဆို မျိုးဆက်များအပေါ် တာဝန်ကျေပြီဆိုရမှာပါ။

သည်ဆွေဆက်မျိုးဆက်များနည်းတူ -

(က) ဘိုးဘွားမိဘများ၏ အခက်အလက်များဖြစ်သော ဦးကြီး၊ ဦးလေး၊ ဘကြီး၊ ဘထွေး စသူများ။

(ခ) မိမိ၏ အနွယ်ဆက်ဖြစ်သော ညီအစ်ကိုမောင်နှမ စသူများ။

(ဂ) မိမိနှင့်စီးပွားဖက်၊ မိတ်ဖက် စသူများ ချို့တဲ့နွမ်းပါးနေကြသည်ကို မြင်တွေ့နေရလျှင်လည်း မိမိအား အထားကြည့် တတ်နိုင်သမျှ ဖြည့်ဆည်းပေးဖို့လိုတာပါ။

သည်သို့သာ ထက်အောက်ဝန်းကျင် မိမိစွမ်းအားဖြင့် အချို့မှ အချို့ဝင် အနွမ်းမှ အလန်းဝင်အောင် စွမ်းဆောင်ပြနေပါမူ သူတို့တွေ နှလုံးပန်းပေါက် စိတ်ဝမ်းမြောက်လာသလောက် မိမိလည်း စိတ်ဝမ်းကြည်သာ မင်္ဂလာဖြစ်လာရမှာပါ။

အကယ်၍များ မိမိက တာဝန်မကျေသဖြင့် သူတို့တွေ နှလုံးပန်းနာ၊ စိတ်ဝမ်းဟာဖြစ်နေကြပါသော် မီးကြားကပန်း၊ မီးအားလွှမ်းသလောက် နွမ်းပမာ မိမိမှာလည်း နှလုံးပူ စိတ်ညှိုး၊ ပစ္စည်းရှိလူဆင်းရဲမျိုးထဲ တိုးဝင်သွားတော့မှာ အမှန်ပါ။ မင်္ဂလာပွဲပျက်ရာမှ တသက်သက် ရိဆွေးဆွေး ကျန်ရစ်ခဲ့သော သတို့သားလိုမျိုး မှတ်ခဲ့ပါ။

## (၄) ကဲ-နောက်မင်္ဂလာပွဲနွဲကြည့်ရအောင်ပါ။

အပြစ်ကင်းစင်သောအလုပ်မျိုးကိုသာပြုလုပ်ပါဆိုတာ ကောင်းသောလယ်လုပ်ခြင်းနှင့် ကောင်းသောကုန်သွယ်ခြင်းများပါ။ သည်မှာ ကောင်းသောလယ်လုပ်ခြင်းကား အရိုးသားဆုံးမို့ ဆိုစရာမရှိပါ။ ကောင်းသော ကုန်သွယ်ခြင်း၌ကား ဆိုစရာတွေ အများကြီးပါ။

သည်မှာ ဘုရားနှင့် အနေနီးလာသူများအတွက် သည်ကုန်သွယ်ခြင်း ငါးမျိုး မကြိုးစားသင့်တော့ပါ။ ယင်းတို့မှာ-

(က) သားငါး စသည်အရောင်းအဝယ်၊

(ခ) မူးယစ်ပစ္စည်းအရောင်းအဝယ်၊

(ဂ) အဆိပ်အရောင်းအဝယ်၊

(ဃ) လက်နက်အရောင်းအဝယ်၊

(င) လူအရောင်းအဝယ်

သည်ငါးမျိုးတို့ပါ။ သည်ငါးမျိုးတို့က မကောင်းသော ကုန်သွယ်ခြင်းဖြစ်နေလို့ပါ။

စဉ်းစားကြည့်ပါ။ သား၊ ငါး၊ မူးယစ်၊ အဆိပ်၊ လက်နက် သည်လေးမျိုးတို့ကို ဖြန့်ပို့၊ သယ်ယူ ငွေနှင့်ဖလှယ်ယူလုပ်နေသူ ကိုယ်သာတိုးတက်ပြီး တစ်ဖက်မှာမူကား အသက်သေသည်အထိလည်းနစ်နာသူတွေ ဘဝပျက်ပြားအများအပြားပါ။ ကိုယ်ကျင့်ပျက်ပြား မှောက်မှားသည်အထိလည်း ဘဝနစ်နာကြရမှာပါ။ သူတို့နှင့် ဆက်ဆံပြီး ရောင်းဝယ်နေရသည်ကပင် ကိုယ်အတွက် အမင်္ဂလာပါ။

နောက်တစ်ခု လူအရောင်းအဝယ်မှာ ပြည့်တန်ဆာမွေး၍ လိင်အငှားချစားခြင်း၊ ကလေးအရွယ်၊ လူမမယ်မိန်းကလေးများ အစေခံအဖြစ် ရောင်းစားခြင်း သည်နှစ်မျိုးပါ။ သည်ကိစ္စထဲ နည်းနည်းဉာဏ်ဝင်ကြည့်ပါ။

ပြည့်တန်ဆာအလုပ်က ဒုစရိုက်သမားများနှင့် ဆက်ဆံနေရမှာပါ။ နေ့စဉ်ညဆက် မိမိအိမ်၌ အမင်္ဂလာပွဲချည်းဆက်နေတော့မှာပါ။ စိတ်မချမ်းသာစရာ အမြင်၊ အကြား၊ အနံ့အသက်များ စုံလင်နေလို့ပါ။ ဆိုင်ရာအုပ်ချုပ်ရေးသမားများ၏ အနိုင်ကျင့်မှုကိုလည်းခံရဦးမှာပါ။ သည်မှာ ကိုယ့်တွက်ကတော့ ကြေးရလိုက်သည်မှာ အမှန်ပါ။ ဆက်ဆံသူ၊ လက်ခံသူများကျ တစ်သက်နာလန်မထူတော့ပါ။

သည့်အတူ အစေခံဘဝရောက်ရှာသူလေးများမှာလည်း ပစ္စည်းရှိ အိမ်ရှင်များ၏ အဖိနှိပ်ခံရခြင်း၊ အနှိမ်ခံရခြင်း စသည်များအထိ အထိနာရှာကြရတော့မှာပါ။ သို့ကြောင့် လူအရောင်းအဝယ်မှန်သမျှလည်း ကိုယ်သာငွေရ တစ်ဖက်ကျ နစ်နာချက်နာလွန်လွန်းမှာပါ။ဘုရားနှင့်နီးစပ်သူမှန်က ရှောင်ရှားကြရမှာပါ။

နောက်တစ်ချက် အပြစ်မကင်းသောအလုပ်များမှာ အစိုးရခွင့်မပြုသော အစိုးရအား အတိုက်အခံလုပ်ခြင်း၊ ရာဇဝတ်မှုမကင်းသောအလုပ်အမျိုးမျိုးခိုးလုပ်ခြင်း၊ ဝန်းကျင်မနှစ်သက်သော အလုပ်များ ပြုလုပ်နေခြင်းများပါ။

သည်မှာ မည်သည့်အစိုးရမဆို သူ့ယုံကြည်ချက်၊ သူ့မူဝါဒ၊ သူ့လမ်းစဉ်များဖြင့် ပြည်သူ့အကျိုးပြု သယ်ပိုးလုပ်ဆောင်ပေးကြခြင်းပါ။ သို့စဉ်လျက် မိမိအာဏာမရသဖြင့် သူ့လုပ်ဆောင်ချက်ကဖျက်ကဖျက် ဝင်ရောက်နှောက်ယှက်နေပါက အရေးယူခံရမှာ အသေအချာပါ။ သူ့သွားလမ်း ဆူးတန်းပြောင့်ထောင်လုပ်နေမိလို့ပါ။အများအတွက်ထားသော အကျိုးများ ဆိုးဆိုးဝါးဝါးဖြစ်သွားလို့ပါ။

တစ်ဖန် ဥပဒေမလွတ်ကင်းသော ရာဇဝတ်များလုပ်မိပါမူ ရာဇဝတ်အုပ်မင်းများ၏ အရေးယူခြင်း ဧကန်ခံရတော့မှာပါ။ သူ့နယ်မြေတွင်းဒုစရိုက်မှုများမကင်းနိုင်တော့လို့ပါ။ ဝန်းကျင်နှင့် ဆန့်ကျင်ဘက်များဖြစ်မှာကလည်း ဝန်းကျင်က ဆိတ်ဆိတ်ငြိမ်ငြိမ်နေတတ်သော ဝန်းကျင် မိမိက ဆူညံသောအလုပ်မျိုးကြိုးစားနေပါသော် အလုပ်က မည်မျှအပြစ်ကင်းကင်း ဝန်းကျင်၏ အရေးယူခြင်းကို ခံရမှာ ဧကန်ပါ။ ပြောင်တားခံရလျှင်ခံရ မခံရ တစ်ဖက်လှည့် ပြစ်ဒဏ်ဧကန်ခံရတော့မှာပါ။

သို့ကြောင့် အထက်ပါ အလုပ်သုံးမျိုးလည်း အပြစ်မကင်းသော အလုပ်စာရင်းထဲ ဆွဲသွင်းယူရမှာပါ။ သင် ဤအပြစ်မကင်းသောအလုပ်မျိုးလုပ်မိခြင်းကြောင့် အပြစ်ဒဏ်ကျ အသင့်ခံနေရပါမူ ဘုရားက သုံးဆယ့်တစ်ဘုံမှာ လွတ်ကင်းနေပြီ။ သင်ကား အချုပ်ထောင်အတွင်းမှာ ရှိနေသေး။ သို့ဖြစ်ရာ ဘုရားနှင့် သင် မည်သို့မျှနီးစပ်ရန် လမ်းမမြင်ပါ။ သင်လည်း ကျက်သရေမင်္ဂလာလူသားဖြစ်ရန် လမ်းမမြင်ပါ။

ယင်းအပြစ်မကင်းအလုပ်မျိုးတို့မှ လွတ်ရန်မှာ ကြံသောအကြံအတွင်း အလိုကြီးစိတ်၊ ဖက်ပြိုင်လိုစိတ်၊ မိုက်မှားစိတ်များ ကွင်းမဆင်းမီ သတိက လက်ဦးနှင့်ရမှာပါ။ ထိုသတိကြောင့် နောက်စိတ်က ရှေ့စိတ်ကိုထိန်းပေးထားနိုင်ပါလျှင် သင်ကား မင်္ဂလာရှိလူသားဖြစ်ပါပြီ။ ဘုရားနှင့်နီးစပ်နေသူများလည်း ဖြစ်သွားပါပြီ။ အများ၏ လေးစားခြင်းကိုလည်း ခံယူရပါပြီ။ မယုံ သင်လက်တွေ့လိုက်နာကြည့်ပါ။

## ၆။ ကဲ - နောက်မင်္ဂလာသုတ်အတွဲ ပွဲထုတ်ကြည့်ကြဦးစို့

သည်အတွဲက -

(၁) ဒုစရိုက်အရေးအခင်းအကြားက နေ ကွင်းသွားပါ။

(၂) စိတ်တည်ခိုင် ရင်ဆိုင်ရင်းက ရှင်းထားခဲ့ပါ။

(၃) ဒုစရိုက်တို့၏တံခါး သောက်စား မူးယစ်မှုများ အပြီးပိတ်ထားပါ။



www.burmeseclassic.com

www.burmeseclassic.com

(၄) တရားလေ့ကျက် ဓမ္မသက် မပျက် မကွက်မှတ်လျက်ကနေပါ။ (လေးပါး)

သည်မင်္ဂလာအတွဲကိုကြည့်ပါက ပြီးခဲ့သောမင်္ဂလာအတွဲထဲက ဓမ္မအကျင့်အတွက် လက်ဆက်ကမ်းမင်္ဂလာများဖြစ်နေသည်ကို သိကြရမှာပါ။ သည်မှနေ တပေါ်စမင်္ဂလာအတွဲထဲက အရိယသစ္စာန ဒဿနံ၊ နိဗ္ဗာန်နံ သစ္ဆိကိရိယာစ တိုင်အောင် ဓမ္မအကျင့်၏ ခန်းဖွင့်ချည်းမှတ်ခဲ့ပါ။

သို့ကြောင့် သည် အာရတီဝိရတီ မင်္ဂလာကောင်များမှလည်း ဗောဓိချင်ခုနစ်မျှင် အစဉ်တန်း တစ်တန်းပြီးတစ်တန်း ဆက်လှမ်းတက်ရမည့်ပွဲပါ။ လာမည့် တပေါ် စ ဗြဟ္မစရိယဉ္စ၊ အရိယသစ္စာန ဒဿနံအထိ မင်္ဂလာကောင်များမှာလည်း ခုနစ်မျှင်အစဉ်တိုင်း ပန်းတိုင်အထိ လှမ်းကြည့်ရမှာပါ။ ဗောဓိချင်ခုနစ်ဆင့် ခရီးလွှန်မြောက်သွားပါက ဗောဓိပေါက်ရောက်တော့တာပါ။ သို့ကြောင့် သည်မင်္ဂလာကောင်များ မင်္ဂလာခန်းမတွင်းဝယ် ဗောဓိချင်ကိုလမ်းခင်း၍ ပွဲကျင်းပမှ အောင်မည်ကို သည်ကနေ သတိပြုခဲ့ပါ။

စဉ်းစားကြည့်ပါ။

(၁) သည်မင်္ဂလာအတွဲထဲက မကောင်းမှုဒုစရိုက် ဆိုတာ ဒုက မကောင်း။ စရိတက အကျင့်၊ ပေါင်း မကောင်းကျင့်များပါ။ ဤ၌ မကောင်းကျင့် မကောင်းမှုများများမှာ -

(က) သူ့အသက်သတ်ခြင်း၊
(ခ) သူ့ဥစ္စာ ကိုယ့်ဥစ္စာဖြစ်လာရန် နည်းအမျိုးမျိုးဖြင့် ခိုးယူခြင်း၊
(ဂ) ကာမကြား အမှားလိုက်စားခြင်း (သုံးပါး)

ယင်းတို့မှာ ကိုယ်တိုင်ထွက်၊ သူတစ်ဖက်ဖျက်ဆီးပစ်နေသော အမင်္ဂလာများမို့ ကာယဒုစရိတ - ကိုယ်မကောင်းကျင့် အမည်ရတာပါ။

နောက်တစ်ခုက -

(က) မုသားစကား ပြောဆိုခြင်းများ၊
(ခ) သူတစ်ဖက်သား အချင်းချင်း အထင်မှားအမြင်မှားသွားအောင် ကုန်းတိုက်စကားပြောခြင်းများ၊
(ဂ) မကျေချမ်းပွဲ၊ နှုတ်ပရမ်းပတာဖြဲဆဲဆိုခြင်း စကားလုံးများ၊
(ဃ) သေးသိမ်ဖျင်းနှုပ် စကားယုတ်များကိုပြောခြင်းများ။ (လေးပါး)

ယင်းတို့က ပါးစပ်အရင်းစိုက် သူတစ်ဖက်အခင်း နှိုက်စား၊ တိုက်စားများမို့ ဝစီဒုစရိတ - နှုတ်အဖွင့်၏ နှုတ်မကောင်းကျင့်မျိုးပါ။

နောက်တစ်ခုက

(က) သူတစ်ဖက်ကို အလိုခံနေရာထား မတရားစိတ်ကစားနေခြင်း၊
(ခ) အလိုခံက ပြန်လည်လက်မကမ်း၊ မကျေမချမ်းထား စိတ်ကစားနေခြင်း၊
(ဂ) ဘာဖြစ်ဖြစ် လမ်းဖွင့်ကိုယ်နှုတ် မကောင်းကျင့်သို့ မြောက်ပင်နေခြင်း။ (သုံးပါး)

ယင်းတို့ကား သူက ကိုယ့်ကိုအလိုပေးဆက်လာစေရန် ကိုယ့်ရှိနှုတ်၊ ကိုယ်တို့မှတစ်ဆင့် တဏှာမုန်ယိုစိတ် ဘီသိက်ခံရန် ဤအကြံအဖန်တို့ဖြင့် စီမံပေးနေကြရသော မနောသင်းမို့ မနောဒုစရိတ- စိတ်မကောင်းကျင့် ဆိုရမှာပါ။

ဤ ကိုယ်၊ နှုတ်၊ စိတ်သုံးမျိုးတို့၏ မကောင်းတိုး ဆယ်ထွေတို့ဖြင့် သူတစ်ဖက်တို့သို့ မတရားဝင်မွေ့ကျင့်ကျင့်နေသူဖြစ်ပါက သင့်အဖို့ ဒုစရိုက်သမားအမည်ကေန်ခံယူရတော့တာပါ။ သားကောင်များကို ချောင်း၊ တွေ့က ပစ်ခတ်စားသုံးတတ်သော တောမုဆိုးမျိုးလို မှတ်ခဲ့ပါ။

သင့်မှာ မကောင်းလက်ရိုး ဤအကျင့်ဆယ်မျိုး တစ်မျိုးမျိုးတို့ဖြင့် အမြဲတမ်း အသက်မွေးဝမ်းကျောင်းနေသူဖြစ်ပါက သင်ကား ဒုရာဇီဝဘွဲ့ခံကိုပါ ထပ်ပိုးယူရဦးတော့မှာပါ။ သည်စကားလေးမှာ ဒုက မကောင်းကျင့်၊ အာဇီဝက အသက်မွေးခြင်း၊ နှစ်ခုပေါင်း မကောင်းကျင့်ဖြင့် အသက်မွေးနေသူ။

သည် ဒုရာဇီဝ ဘွဲ့ကြီးအထိုးခံကြရသူများမှာ ငါးစိမ်းသည်၊ ကြက်သည်၊ ပြည့်တန်ဆာ၊ ခါးပိုက်နှိုက်၊ အလစ်သုတ်၊ ဓားပြ၊ သူခိုး၊ စီလိုင်စင်ရသမားမျိုး စသူများပါ။ မကောင်းကျင့်ဖြင့် အသက်မွေး မကောင်းသက်မွေးပေးနေခြင်းပါ။ မကောင်းကျင့်ဖြင့် ဝမ်းကျောင်းဝမ်းခေါင်းမျှသာပါ။ သူတစ်ဖက်ဖျက်၍ ကိုယ့်အသက်ဆက်ပေးနေခြင်းကြောင့်ပါ။ ကိုယ်ဝမ်းတစ်ထွာအတွက် အများဝမ်းတကာ လိုက်ဖျက်နေလို့ပါ။

သည်အကျင့်တို့က သူနှင့် ပလဲနံပသင့် အကျင့်ကိုင်သမားများအား လူလယ်ရိုး ဆိုးကျိုးဘက်သက်စေသောကြောင့် မကောင်းကျင့်ဆိုရတာပါ။ ကျင့်ဆဲ လူကောင်းမှုများကို လိုက်လံ လုဖျက်နေသောကြောင့်လည်း မကောင်းကျင့်ဆိုတာပါ။ သူမှာ ပေးကမ်းလှူဒါန်းခြင်း၊ သူတစ်ပါးအကျိုး သယ်ပိုးဆောင်ရွက်ပေးခြင်း၊ သူတစ်ပါးအား အစောင့်အရှောက်ပေးခြင်း စသည်များနှင့် တန်ပြန်ဖြစ်နေလို့ပါ။

သင်၏ ယခုလို တရားအကျင့်ကျင့်၍ လူလမ်းသာခွင့်ဖွင့်နေချိန်မျိုးမှာ သတိကလည်း မရင့်ကျက်သေး။ ဗောဇ္ဈင်များကလည်း အဆင့်မတက်သေး။ ကျင့်ရေးပြစ သည်အချိန်များမှသည် နောင်ဗောဇ္ဈင်အားလုံး စိတ်၌သိမ်းကျုံးဝင်ဖြင့် ဗောဓိရင်ပြင်သို့ ထိုးမဝင်မချင်း မကောင်းကျင့်ကျင့်သောနေရာမှန်းသိကာ သင်အဝေးကရှောင်ရမှာပါ။ မရှောင်လျှင် ကောင်းသောအကျင့်သက်များကို ဝမ်းတွင်းပါ ညဉ်ဇများက ထကြွ တိုးထွက်ထိုးနှက်ကြမှာမို့ပါ။ သူတကာထက် မိမိကိုယ်မိမိ အကြောက်ရဆုံးပါ။ မိမိထက် နောက်ကြောင်းပါ ညဉ်ရိုင်းများက သာ၍ အကြောက်ရဆုံးပါ။

(၂) အကယ်၍များ နေရာဒေသကလည်း မိမိမကျက်စားဘူးသော နေရာ၊ လူများကလည်း မိမိမပေါင်းဘူးသေးသောလူများ။ ထိုနေရာဒေသမှထိုလူစားမျိုးများက ဒုစရိုက်အမျိုးမျိုးတို့ကို မုဆိုးလိုလည်းတောကစား။ စီလိုင်စင်ရသမားလိုလည်း ခြံလှောင်သတ်စားမျိုးများဖြစ်နေကြပါမူ .မိမိနှင့် ထိုသူများ ပတ်ပင်းတိုးတိုးမိနေပါသော်လည်း သင့်ဖို့ မိမိလက်တွင်းရှိ သတိကို ကျပ်ကျပ်သွင်း၊ တင်းတင်းထားပေးကာ နေပေရော့။ မိမိလက်တွင်းရှိ ခန္ဓာကို စိတ်ရင်းသွင်း ပြင်းပြင်းပွားပေးကာနေပေရော့။ မိမိ ကျင့်မြဲဓမ္မကို အာရုံသွင်းဉာဏ်ချင်း ကစားပေးပေရော့တို့ဖြင့် တစ်ဖက်အာရုံနောက် မိမိစိတ်ရောက်မသွားစေရန် အထူးရှောင်ရတော့မှာပါ။

အဝေးရှောင်က အတွေးမင်္ဂလာဆောင်ပါ။ ရင်ဆိုင်ရှောင်ကမှ အတွေ့မင်္ဂလာဆောင်ပါ။ အတွေ့မင်္ဂလာဆောင်အောင်နိုင်မှ သင် သီဟဘွဲ့၊ သူရဘွဲ့ရမှာကေန်ပါ။ လက်တစ်ကမ်းတိုက်ပွဲတစ်ယောက်တည်းနဲ့ ရန်သူတစ်ရာ ချေမှုန်းပစ်ခဲ့နိုင်လို့ပါ။

သင်ကသာ သတိ၊ အသိလက်နက်စုံ အကုန်စက်ဖွင့် တိုက်ခိုက်ပါက တစ်ချိန်က မကောင်းကျင့် ကျင့်မိမှားခဲ့ရာမှဖြစ်သော ကိုယ်အမူအရာများကလည်း သင့်၌ အမင်္ဂလာ၊ နှုတ်အမူအရာများကလည်း သင့်၌ အမင်္ဂလာ၊ စိတ်ထားများကပါ သင့်၌ အမင်္ဂလာ၊ ဗိုု



www.burmeseclassic.com

www.burmeseclassic.com

မင်္ဂလာမဆောင်၊ ကျက်သရေအရောင်ကင်း ရဲ-မဲ-မွဲ အရည်အဆင်းများကိုပါ မြင်သိလာတော့ကာ သင်ကား သံဝေဂပင် အပိုဆုရဦးတော့မှာပါ။

တစ်ဖက်ကြည့်၍လည်း သူသည်လို ယုတ်၍ အများအော့နှလုံးနာဒုက္ခများစွာဖြစ်နေရှာ၏။ ငါလည်းပဲ သည်လိုလုပ် အများအော့နှလုံးနာ ဒုက္ခဖြစ်နေမှာ အသေအချာပါ။ သည်ကိုယ်ချင်းစာ ကရုဏာတရားများလည်း သင့်၌ လက်ဆောင်ပါးဦးတော့မှာပါ။

အဝေးကွင်း၊ ပက်ပင်းရှောင်၊ ဤမင်္ဂလာ နှစ်ဆောင်သာ သင်အောင်ခဲ့ပါမူ သင့်လက်ရှိ ခမ္မအကျင့်ဗောဓိများ ဝင့်တက်ဖို့ မခဲယဉ်းတော့ပါ။ စိတ်ကို သတိက အပိုင်ချုပ်၊ တိုင်ဆီဆွဲလာနိုင်ခဲ့လို့ပါ။ ဒုစရိုက်ကမှ မထိုးကျင့် ထိုစိတ်သုစရိုက်ဘက် နားစွင့်နေတော့လို့ပါ။ သို့ကြောင့် ဒုစရိုက်သမား တံခါးဖွင့်ပေးရာဖြစ်သော အရက်သေစာကိုပါ ထပ်ဆင့်ရှောင်ရဦးမှာပါ။

(၃) ဤမင်္ဂလာ၌ မဇ္ဇပါနဆိုထားရာ သူ့ကိုလည်း သိသင့်ထားရမှာပါ။ မဇ္ဇမှာ သေအရက်၊ ပါနကား အဖျော်ယမကာ၊ နှစ်ခုပေါင်း ပေါင်းတင်အရက်၊ စိမ်ရည်အရက်အမျိုးမျိုးနှင့် အလျင်အခိုးသူ့မျိုးရိုးအတိုင်း ဖြစ်လာသော ထန်း၊ ခနိရည် စသည့် အဖျော်ယမကာများပါ။

တစ်ဖန် မဇ္ဇ-မူးယစ်ခြင်းများ စားသုံးမိခြင်းကြောင့်၊ အပါန-လူသတ်ဆိတ်၊ လူစိတ်ပျောက်သွားခြင်း။ သည်လို အရကောက်ပါက အရက်သေစာ အဖျော်ယမကာများသည် လူစိတ်ဖျောက်ကိရိယာများဆိုက မမှားတော့ပါ။ သို့ကြောင့် သင် သီလသိက္ခာပုဒ် ခံယူကျင့်သုံးစဉ်ကပင် သုရာမေရယ မဇ္ဇပမာဒဋ္ဌာန ဖြစ်ပေါ်လာခြင်းပါ။

ဤ၌လည်း ထပ်မံရှင်းလင်းဖို့ လိုလာဦးတော့မှာပါ။ ထိုစဉ် သုရာက သေစာ၊ မေရယက အရက်၊ မဇ္ဇက မူးခြင်း၊ ပမာဒက မေ့သွားတော့ခြင်း၊ ဌာနက လူစိတ်ကင်းမဲ့ခြင်း၏ ကြောင်းရင်း။ သို့ဆိုထားရာ ယစ်မူးမူးစေတတ်သော အရက်၊ ထန်းရည် စသည် အဖျော်ယမကာများသည် လူစိတ်ကို သေစေတတ်သော သေစာများချည်းပါ။ သို့ကြောင့် အရက်သေစာအဆိုရှိနေခြင်းပါ။

သည်မှာ လူက အရက်သောက်သုံးခြင်း၊ အရက်က လူသွေးကို ပြန်လည်သောက်သုံးခြင်း နှစ်မျိုးကွဲလာပြန်ရာ သင်၏ အသောက်သင်စကာလ အတွေ့ဦး ပထမတွင်ကား သင်က အရက်ကို သောက်သုံးနေခြင်းပါ။ ထိုစဉ်ကာလ ရေချိန်ကိုက်မျှ သွေးမြူးရုံမျှ သင့်၌ရှိနေဦးမှာပါ။ ထိုစဉ် အရက်ခိုးများ၏ စီးပြေးလမ်းကြောင်းကို သောက်သုံးရင်း သင်လေ့လာကြည့်ပါ။ အရက်နှင့်မိမိ ခွက်မျက်နှာ၊ လူမျက်နှာ မျက်နှာချင်းဆိုင် နှုတ်ခမ်းချင်တွေ့တွေ့ပေးလိုက်ပါ။

ထိုအခါ အရက်ရည်ခိုးများက ပါးစပ်တာလွှတ်တံခါးဖွင့်ပေးထားသည်ကို တွေ့ခွင့်ရသည်နှင့် စီးဝင်ပြေးလွှားအစာအိတ်ကြား စုရပ်ထားပြီး ဝင်ခိုနေမှာပါ။ ထိုမှနောက် နောက်နောက် သေအရည်များ ပါးစပ်ဆီတန်းစီဝင်လာကြသောအခါ အချို့ကသွားဖုံးမှာရှိ သွေးကြောများကနေ ကိုယ်တွင်းသို့ လှည့်ဝင်နေကြမှာပါ။ အချို့က ပါးစောင်ဘေးဝိုက် သွေးကြောများကနေ ကိုယ်တွင်းသို့ လိုက်ဝင်နေကြမှာပါ။

ရှေ့သို့ ခရီးလွန်နှင့်သွားကြသော အရက်ခိုးအများစုကြီးမှာကား စုရပ်ထားရာ အစာအိတ်မှတစ်ဆင့်တက် ခါးဆစ်ကြောဘက် တံခါးဖွင့်လျက်က နောက်မြောင် အကြောမကြီးမှနေ သင်၏ အမြတ်ထားရာ ဦးခေါင်းဘက်သို့ ခရီးဆက်ကြတော့မှာပါ။

သည်အခါ အနောက်တံခါး အုတ်ဆက်ကြောများမှတစ်ဆင့် ဦးနှောက်အထိ ဖွင့်ဝင်သွားကြတော့ရာ သင့်ဦးနှောက်ရှိ သွေးများ ယမ်းခါလှုပ်ရှားဟိုသည်ပြေးလွှား ကစားပေးကြရတော့မှာပါ။

တစ်ဖန် သွားဖုံးကြောနှင့် ပါးစောင်ကြောများမှနေ အလုပ်လုပ်ပေးနေကြသော အခိုးထိုးအားများကြောင့် နှုတ်ခမ်းများလည်း လှုပ်ခုန်လာတော့မှာပါ။ နားရွက်များလည်း ထူအမ်းအမ်းဖြစ်လာတော့မှာပါ။ မျက်နှာတစ်ပြင်လုံးပါ နီရဲလာခြင်းများအထိ သင်ကသိခံရတော့မှာပါ။

တစ်ဖန်လည်း ဝမ်းဗိုက်အစာအိတ်မှနေ အလုပ်လုပ်ပေးနေကြသောဆိုခဲ့ပြီး အခိုးထိုးအားများကြောင့်လည်း ခေါင်းများရီဝေလျက်က ယစ်မူး မူးဝေလာတော့မှာပါ။ ထိုအရက်ခိုးများက ဦးနှောက်မှနေ နဖူးကြောကြီးအတိုင်း ရှေ့ကို အောက်ဘက်သို့ ထိုးဆင်းလာကြပါမူ သင့်၌ သွေးပြန်သွေးလွှတ်ကြောများ တုန်ခါလာခြင်းများအပြင် တစ်ကိုယ်လုံးလည်း နတ်ပူးခံလိုက်ရသလို ဆတ်ဆတ်ခါ တုန်ခုန်လာသည်အထိ သင်အထိနာတော့မှာပါ။

ထိုအချိန် သင့်ခန္ဓာရှိ သွေးရှိန်၊ လေရှိန်များ၏ တွန်းကန်ကန်ပြေးအားများမှာလည်း ဆူပွက်ပြေးလွှားနေတော့ရာ သင့်ခန္ဓာကြီးကား အပူလွန်ရာမှ ပွက်ပွက်ဆူတက် အဖုံးတစ်ကွက်ကွက်ဖြင့် ကြွတက်မြည်ဟည်းနေသော ဖိုခွင်တင်ရေနွေးအိုးကြီးပမာ အပူရှိန် အားပြင်းတိုးအတိုင်း တအားတိုး၍ ဆိုးဆိုးဆတ်ဆတ် လည်ပတ်နေတော့မှာ ဧကန်ပါ။ မယုံစမ်းကြည့်ပါ။

သို့နှင့်ပင် နေ့မပျက်ရက်မခြား ဆွဲအားတွင်း တွဲအားအကူပင်းပေးသည်အထိ လူနှင့်အရက် ဆက်ဆံရေးရဲတင်းလာကြတော့ရာ ကြာသော် ပွက်ပွက်ဆူရေနွေးအိုး မီးထိုးမပျက်ဆက်ထားမိရာမှ မီးပြင်းသံလောက် အိုးအပူထိ၊ အိုးပူထိသလောက် ရေခန်းစေတော့ရာ ပထမတော့ ရေအခိုးအဖုံးထိ ဝင်တိုးနိုင်သေး၏။ ထိုစဉ် အိုးတွေင်းနေ ရေများ အခိုးအဖြစ်ဖြင့် အဖုံးကြားမှ ထွက်သွားခံရခြင်း၊ နှုတ်သီးပေါက်မှ တောက်လျှောက်ထွက်သွားခြင်းများအထိ ခံရဖန်များလာသောအခါ ထိုရေများအဖုံးထိ မရောက်လာ။ သို့ကြောင့် ကွက်ကွက်သံ မထွက်လာတော့ပမာ။

အရက်နှင့်ကစား လူအများသည်လည်း ပထမရက်တစ်ပတ်လောက်မျှသာ သောက်နေကျအတိုင်း သောက်ခွင့်ရကြပြီး ထိုမှတစ်ဆင့် အရက်မီးကြောင့် သွေးပျက်အားကြီးလာသောအခါ တိုးသောက်ပေးမှမူး/ အပိုဆောင်းမှ မြူးခွင့်ရကြတော့မှာပါ။

သည်မှနောက် ထိုအရက်ခိုးများ စိမ့်ဝင်နည်းဖြင့် သွေးလွှတ်ကြော၊ သွေးပြန်ကြောတွင်းများနှင့်တကွ တွန်းပို့တွန်းတင် တာဝန်ကျ လေကြောများအတွင်အထိ ချင်းနင်းမိစီးမိသွားကြလေသောအခါ အရက်က လူပြန်သောက်တော့မှာ ဧကန်ပါ။

လူက အရက်သောက်တော့ အချိန်အဆရှိ အရက်က လူပြန်သောက်တော့ ချိန်ပေး၍ပင် မရရှိ။ ယင်းကို အချိန်ကျ မသောက်ရမနေနိုင်ဖြစ်လာသည်မှနေ လက်တုန်ခြေယမ်း သွေးလေသွမ်းပြနေခြင်းများ သက်သေထူပြကြမှာပါ။ သို့ကြောင့် မူးသလောက်ရှင်၊ စိတ်ထင်ရာ ပြောဆိုပြုမူနေခြင်းက ပထမ၊ မူးသလောက်ငြိမ်၊ အရက်ဖြင့်စိမ်ပေးနေရခြင်းက ဒုတိယ။

သည်အချိန် သင့်၌ ညိုရိုင်းများ



www.burmeseclassic.com

www.burmeseclassic.com

ကလည်း မပျောက်တတ်သေး။ သင့်ရှိ စရိုက်ကြမ်းကလည်း လမ်းစတွေ့ဝင်ပြေး သေးဆိုရမည့် သည်အချိန်နှင့် သည် အရွယ်မျိုးများမှာ ဓမ္မလမ်းခင်း၊ ဖဝါး နင်းစရှိ သင့်စိတ်ရိုင်းကလေးကလည်း သွားနေကျခွင်၊ ဝင်နေကျတံခါး၊ အပေါက်တွေ့ တိုးသွားနေမှာပါ။

သို့ကြောင့် ဒုစရိုက်အလျှင် ပယ် ဖျင်နေသော သင်ဆိုသော ဓမ္မလက် သင်သမားအဖို့ ဒုစရိုက်အားလုံးတို့၏ ဝင်တံခါး၊ ထွက်တံခါး ဖြစ်သော ဤ အရက်သောက်သုံးမှု လုံးဝမပြုသင့် တော့ပါ။ နဂိုကမှ အမေ့ဦး မူး၊ သာမေ့ နေမှာမို့ပါ။

## (၄) နောက်မင်္ဂလာဆောင်ကြည့်ကြရအောင်ပါ။

သည်မင်္ဂလာက ဓမ္မအလေ့ မမေ့ ဖို့ပါ။ သည်မှာ တရားလက်သင် အကျင့် ရှင်များ၏ဓမ္မမှာ သတိတရား မှတ်ချက် ယူများကို မေ့ပစ်မထားခဲ့ဖို့နှင့် ဖြစ်ပျက် သိ အရှိတရား ထိုသတိဖြင့် ကျက်စား နေဖို့ သည်ဓမ္မနှစ်ခုလောက်ကို ဆိုတာ ပါ။

ထိုတွင် သဘာဝဓမ္မတို့တွင် သတိ သည် မြတ်စုဝင်အုပ်စု၏ ဒုတိယခေါင်း ဆောင်ပါ။ သဒ္ဓါနောက် တောက်လျှောက် လိုက်ပါနေရမည့် လက်ထောက်ပါ။ ယင်းမှာ သဒ္ဓါ၊ သတိ၊ ဟိရီ၊ ဩတ္တပ္ပ စသည် သောဘနအုပ်စု၏ (၂၅) ပါးထဲ တပါ။

တစ်ဖန် သတိသည် မြတ်ပုဂ္ဂိုလ် တို့၏ လက်သုံးတော်ဓားတစ်လက်ပါ။ ထိုစဉ် ဘိက္ခုဆိုတာက ကိလေသာဖျက် ပစ်နေသော သတိ၏အမည်ပါ။ ယောဂီ ဆိုတာကလည်း သတိလက်ကိုင်ဖြင့် ကိလေသာသတ်နေသူ၏ အမည်ပါ။ သပ္ပုရိသဆိုတာကလည်း သတိဖြင့် ကိလေသာငြိမ်းအေးသူ၏ အမည်ပါ။

သို့ကြောင့် သည်သတိကိုသာ သင်လက်ကိုင်မြဲနေစေခဲ့ပါလျှင် သင် အား တရားမမေ့သူ ဆိုရတော့မှာ ဧကန် ပါ။ ဤ၌ သတိတရား လက်ကိုင်ထား၍ ဆိုစကားက သက်သေခံပါ။ သည်သတိ က သင့်အား အကျိုးပြုပေးနေသည်မှာ ပယ်စရာတွေ့ ပယ်ပေးခြင်း၊ သိစရာတွေ့ အသိပေးခြင်း၊ ကိုယ့်စိတ်ကိုယ်ပိုင်ခွင့် ရစေခြင်း သည်သုံးမျိုးတို့ဖြင့် သင့်အကျိုး သယ်ပိုးပေးနေခြင်းများပါ။ မယုံ အစမ်း မှတ်မှတ်ကြည့်ပါ။

ဆိုပါစို့။ တစ်ဖက်အာရုံ ပုံရိပ် တစ်ခုက သင့်မျက်စိသို့ လာရောက် လုယက် တိုက်ခိုက်နေချိန် မြင်မှုဆိုသော အမှုတစ်ခုပေါ် လာတော့မှာပါ။ ထိုအချိန် စိတ်အနီးအပါး အမြဲသွားလာနေသော သင်ကိုယ်တိုင် ထိုသတိက အမြင်ကို အရှိအတိုင်းမြင်တယ်၊ မြင်တယ်၊ မြင် တယ်ဖြင့် ထိုမြင်မှုကြီး မပြီးမချင်း သတိ အဆက်မပြတ် စပ်မိအောင် မိုးမှတ်မှတ် ဖြင့် စိတ်မလှုပ်ရှားမီ ဦးစွာအလျှင်သတိ ဝင်နေနှင့်ကြည့်ပါ။

သင်၏ ထိုမှတ်ဆဲအချိန် စိတ် အပြေး အတွေးမဝင်သာတော့သော ကြောင့် ဘာညာ၊ ဘယ်ကိုဘယ်လိုဆို သောအစွဲသိများငြိမ်လာတော့မှာ ဧကန် ပါ။ အစွဲသိနှင့်ငြိမှ အိကျ၊ ပိကျလာ တတ်သော အကြိုက်ကျ၊ အမုန်းကျ အယုတ်တမာ ကိလေသာများလည်း လုံးဝခြေချမရသည်ကို တွေ့သိလာရမှာ ပါ။ အမှားသိ တလွဲသိအမည်ဖော်သိ မောဟများ အနားမသီနိုင်တော့လို့ပါ။ သို့ကြောင့် ပယ်စရာရှိ ပယ်ပြီးသားကိစ္စ သင့်အဖို့ ပြီးစီးသွားတော့တာပါ။

နောက်တစ်ချက်က အမှတ်ဝင်ဆဲ အချိန် ငါမပါ၊ သူမရှိ မြင်သိချည်း ထီး ထီးရှိနေသည်ကိုလည်း သင်တွေ့သိလာ ရဦးမှာပါ။ သည်အခါ ကိုယ်ပိုင်စိတ်ဖြင့် ကိုယ်ပိုင်သိ သိနေခွင့်ရတော့ရာ သိစရာ ရှိ သိပြီးသားကိစ္စလည်း တစ်ခါတည်း ပူးတွဲပြီးစီးသွားမှာ ဧကန်ပါ။

နောက်တစ်ချက်က သင့်ရှိ မှတ် ဝင်သတိက အမြင်ကိုမြင်တယ်ဖြင့် မျက် စိတံခါးကြားမှနေ အမှန်အတိုင်း ကပ်ယူ သုံးသပ်ပေးနေချိန် စိတ်ကလည်း အမြင် ၏အရှိ သိသိနေပြီ ဖြစ်သောကြောင့် အမြင်မျက်ကိုယ်နှင့် သိစိတ်တစ်ကျိတ် တည်း တွဲမိသွားတော့ရာ သည်အခါ ကိုယ်ခန္ဓာအိမ်ကစိတ် ကိုယ့်ခန္ဓာမှာ သိပ်ပြီးသားဖြစ်သွားတော့သဖြင့် ကိုယ့် စိတ်ကိုယ် သင်အပိုင်ရသွားတော့တာ ပါ။

သည်နေရာ တရားသူကြီးမင်း၏ ရုံးထိုင် အမှုချိန်း အမှုသည်များနှင့် မျက် နှာချင်းဆိုင်ကာ တရားစီရင်ပုံကို ပုံစံ ထုတ်ပြရဦးတော့မှာပါ။ တရားသူကြီး သည် သူ့တာဝန်ကျရာရုံးမှာပင် အထိုင် ချကာ အမှုသည်များ၏ ငြင်းခုံမှု ရာဇဝတ်မှုများ စီရင်ချက်ချရာမှာ ပထမ အမှု၏ဖြစ်စဉ်ကို စစ်ဆေးပေးမှာပါ။ သည့်နောက် သူ့ရှိဥပဒေပညာဖြင့် သုံး သပ် ဆင်ခြင်နေမှာပါ။ သည့်နောက် တွင်ကား မည်သူကအမှား၊ မည်သူက အမှန် သည်လိုလည်း ဆုံးဖြတ်ပေးတော့ မှာပါ။ သည်အမှား သည်ဥပဒေအရ ပြစ်ဒဏ်ဘယ်လောက်ကိုလည်း ဆုံးဖြတ် ပေးတော့မှာပါ။

တစ်ဖန် အငြင်းဖြင့်ရင်ဆိုင် အပိုင် ပေးစရာဖြစ်နေကလည်း သည်နေရာ မည်သူသည် ပိုင်ထိုက်၏ ဆိုသည်ကို လည်း ဆုံးဖြတ်ပေးမှာပါ ပမာ။ သည်မှာ လည်း သင်ကိုယ်တိုင်သတိသည် တရား သူကြီးနေရာမှ နေပေးကာ မြင်မှုကို သူ့ ဆိုင်ရာမျက်စိမှာ ရုံးအဖြစ် သတိစိုက်ချ ထားရမှာပါ။ အမြင်ကို အမြင်အတိုင်း သူ့ဖြစ်စဉ်မှတ်တမ်းတင်ပေးနေသည်က လည်း အထင်အရှားပါ။

သည်အခါ ဘယ်သူ့ဘယ်ဝါ အမှားများကိုလည်း ပယ်ချပေးလိုက်ပြီး သားကလည်း အထင်အရှားပါ။ သည် အချိန် အကြိုက်ကျ၊ အမုန်းကျများကို လည်း သေဒဏ်ပေးပြီးသားပါ။ တစ်ဖန် မျက်စိသည် အဆင်းကိုသာ ကြည့်ခွင့်ရ ပြီး မျက်စိတွင်းနေ စိတ်ကလည်း မြင်သိ ကိုသာ သိခွင့်ရရာ သည်မှာ အဆင်း၏ သူ့အရှိ သိသိနေခြင်းမှတစ်ပါး သင့်၌ အခြားမရှိတော့ပါ။

သို့ကြောင့် သိစရာရှိရာကိုသာ သိသိနေစေခြင်းဖြင့် သင့်အား သတိ တရားသူကြီးက အမှန်အမှန်အတိုင်း စီရင်ချက်ချပြလိုက်တာပါ။ သည့်နောက် စွဲစိတ်နှင့်သိစိတ် ကိုယ်ကို သူပိုင် ကိုယ် ပိုင် အပြိုင်ချိတ်နေရာ၌လည်း သားခိုး မိန်းမနှင့် မိခင်ရင်းတို့ သည်သား သူ ပိုင်သည်၊ ငါပိုင်ပါ အငြင်းပွားနေရာတွင် ရာဘက်တရားသူကြီးက ဝင်ရှင်းပေး သည်ပမာ။

သတိသည် အမြင်ကို မြင်တယ်၊ မြင်တယ်ဖြင့်ပင် သူ့ဖြစ်စဉ်အတိုင်း မှတ် တမ်းပြုစုပေးပြီးကာ အစွဲလက်ထဲရှိ အသိလေးကို မိခင်ရင်းပမာသော မျက် ကြည်ကိုယ်အိမ်အတွင်းသို့ ပြန်ထည့်ပေး လိုက်ခြင်းက ကိုယ့်စိတ်ကိုယ်ပိုင်ပြီးသား ကိစ္စ သင့်အတွက် တစ်ပါတည်း ပြီးစီး သွားစေခြင်းပါ။ နားအသံ စသည်များ ၌လည်း သည်အတူ မှတ်ခဲ့ပါ။

သည်သို့ တွဲနေကျ အစွဲထဲ မိမိရှိ စိတ်အသိ ငြိပါမသွားစေရန် သတိနှင့် ကိုယ်၊ စိတ်၊ သင် တွဲပွဲချိတ်ပေးထားနိုင် လျှင်ပင် သင့်အတွက် တရားမမေ့မင်္ဂလာ ဆင်ယင်ပြီးသားပါ။ သတိရှိ အမင်္ဂလာ များ မဆောင်မိတော့လို့ပါ။

(ဆက်လက်ဖော်ပြပါမည်)

မဟာဗောဓိမြိုင်ဆရာတော်

(ဝနဝါသီဌေး ယျမြွေသမိထော်)



www.burmeseclassic.com

www.burmeseclassic.com

(မြဝတီ)

# ဦးကောဝိဒ

## မျက်ရည်ကြားက ပီတိအပြုံး



ညဟာ အချိန်ကြာလာတာနဲ့အမျှ ညဦးနက်သထက်နက်လာခဲ့တယ်။ နာရီက ရှေ့ကိုမှန်မှန်တိုးသွားနေပါတယ်။ ဆရာတော်ဘုရား ပြောကြားလိုက်တဲ့ အကြောင်းအရာကို ပြန်လည်တွေးတောရင်း အတွေးရေလျှဉ်ကြောမှာမျောပါလို့ နေပါတော့တယ်။ လောကမှာ အကြောင်းအရာတစ်ခုကိုပဲဖြစ်စေ၊ လူတစ်ယောက်ကိုပဲဖြစ်စေ ယုံလိုက်စမ်းပါ။ ယုံကြည်သင့်တယ်လို့ အတင်းအကျပ် ယုံကြည်ခိုင်းလို့မရသလို မယုံပါနဲ့လို့ ပိတ်ပင်တားဆီးလို့လည်း မရနိုင်ပါ။ စိတ်ဓာတ်ရေးရာနဲ့ ပတ်သက်ပြီး လူများကို ဖိအားပေးလို့လည်းမရ၊ အတင်းအဓမ္မလုပ်ခိုင်းလို့လည်း မရနိုင်ပါ။

တစ်နေ့ ရှင်ဥပဂုတ္တဖောင် ရေထဲချခါနီးမှာ ဆယ်ကျော်သက်အရွယ် မိန်းကလေးတစ်ယောက် အပြေးအလွှားလာရောက်ပြီး သူမှာပါလာတဲ့ ပိုက်ဆံ (၄၅) ကျပ်အနက်က (၂၅) ကျပ်ကို လောင်းလှူလိုက်ပါတယ်။ ပိုက်ဆံလှူဖို့အတွက် သူမပြေးလာစဉ်က နားထဲမှာ-

"ကလေးမ မောမောပန်းပန်းနဲ့ ပြေးလာပြီး လာလှူတာဟာ ကုသိုလ်တအားရလိမ့်မယ်"

လို့ မမြင်ရတဲ့နေရာကနေ လူတစ်ယောက် ပြောလိုက်တဲ့အသံကို ကြားလိုက်ရပါတယ်။ ထိုစကားကြောင့်လည်း ပိုပြီးစိတ်အားထက်သန်ကာ ဝမ်းသာအားရလှူနိုင်ခဲ့ပါတယ်။ ဒီလို အလှူဒါနနဲ့စပ်လို့ ယုံကြည်မှုတွေ ဖြစ်လာတဲ့ အကြောင်းအရင်းကို ပြောရရင်-

သူမငယ်စဉ်က-

"သမီး ရုပ်တု (ဆင်းတုတော်) တွေကို မရှိခိုးနဲ့။ ရှိခိုးရင် ငရဲကြီးတတ်တယ်။ ဘုန်းကြီးတွေကို ဆွမ်းလှူရင်လည်း ငရဲကျတတ်တယ်။ ဒါကြောင့် ရုပ်တုကို ယောင်လို့ သွားမရှိခိုးမိစေနဲ့။ ငရဲကျမယ်နော် သမီး"

လို့ အမေက သူတို့ရဲ့ ဘာသာအယူအဆကို ပြောပြပါတယ်။ ငယ်စဉ်က မိဘပြောစကားကို နားထောင်ခဲ့ရတဲ့အတွက် ရုပ်တုကို ရှိခိုးရင် ငရဲကျတတ်တယ်ဆိုတာကြီးက စိတ်ထဲစွဲနေခဲ့ပါတယ်။ဝေဖန်တွေးတောတတ်တဲ့ အရွယ်ရောက်တဲ့အခါမှာ ရုပ်တုကို ရှိခိုးရုံနဲ့ ငရဲကျတယ်ဆိုတာကို ဘဝင်မကျနိုင်ဖြစ်ခဲ့ရတယ်။ ဒါနဲ့ သူမနဲ့ ရင်းနှီးတဲ့ ဆရာတော်တစ်ပါးထံသွားပြီး -

"အရှင်ဘုရား ရုပ်တု (ဆင်းတုတော်) ကို ရှိခိုးရင် ငရဲကျတတ်တယ်ဆိုတာ ဟုတ်ပါသလား။ ရုပ်တုတွေက အင်္ဂတေတို့၊အုတ်တို့နဲ့ လုပ်ထားတာဆိုတော့ အုတ်တွေ၊ အင်္ဂတေတွေကို ရှိခိုးနေတာ



www.burmeseclassic.com

www.burmeseclassic.com

နဲ့ အတူတူပဲ။ တပည့်တော်မသိလို့ ရှင်းပြပေးစေချင်ပါတယ် ဘုရား"

လို့ မေးလျှောက်ပါတယ်။

အဲဒီအခါ ဆရာတော်ဘုရားက-

"ရုပ်တု ဆိုတာ ဆင်းတုတော်ကို ပြောတာဖြစ်တယ်။ ဘုရားရှင်ရဲ့ အဆင်းသဏ္ဍာန်ကို ပုံတူဖြစ်အောင် တုပြီးထုလုပ်ထားတာပါ။ အများအမြင်မှာတော့ အင်္ဂတေများ၊ အုတ်များကို ရှိခိုးနေကြတယ်လို့ မြင်နေကြပေမယ့် တကယ်တမ်းပြောရင် အုတ်၊ အင်္ဂတေကို ရှိခိုးခြင်းမဟုတ်ဘဲ ဂုဏ်တော်ကို ရှိခိုးတာဖြစ်တယ်။ ဒီအတွက် ဘုရားရှင်ရဲ့ဂုဏ်တော်များကို နားလည်အောင်ပြောရရင် ဘုရားရှင်အလောင်းတော်ဘဝက ပြုခဲ့တဲ့ အကြောင်းအရာများကို နောက်ကြောင်းပြန်ပြောရပါလိမ့်မယ်။ ဘုရားရှင်ဟာ အလောင်းတော်ဘဝ သုမေဓာရှင်ရသေ့ဘဝမှာ ရဟန္တာဖြစ်ပြီး ဘဝဇာတ်သိမ်းချုပ်ငြိမ်းနိုင်ပေမယ့် လောကသတ္တဝါများ ဆင်းရဲတွင်းကလွတ်အောင် ငါကယ်တင်မယ်ဆိုပြီး ဒီပင်္ကရာမြတ်စွာဘုရားထံပါးမှာ ဘုရားအဖြစ်ကို ဆုပန်ခဲ့ပါတယ်။ အဲဒီနောက် သူတကာတို့ စွန့်လှူနိုင်ခဲတဲ့ စွန့်ခြင်းကြီးငါးပါးအနက် မိမိရဲ့ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းကို လိုတဲ့သူရှိက ပေးလှူခဲ့တယ်။ စည်းစိမ်ဥစ္စာများကိုလည်း လိုတဲ့သူရှိက ပေးလှူခဲ့တယ်။ မိမိမယားဖြစ်သူကိုလည်း လိုတဲ့သူရှိက ပေးလှူခဲ့တယ်။ ရင်နှစ်သည်းချာသားသမီးရတနာကိုလည်း အလိုရှိက စွန့်လှူခဲ့တာဖြစ်တယ်။ ဒီလိုစွန့်လှူခဲ့တာဟာ သဗ္ဗညုတဉာဏ်တော်အတွက်ဖြစ်ပါတယ်။ ဒီလိုနဲ့ လေးသင်္ချေနဲ့ကမ္ဘာတစ်သိန်း ပါရမီများဖြည့်ကျင့်ကာ ဘုရားအဖြစ်သို့ ရောက်ရှိတော်မူခဲ့တယ်။

မြတ်စွာဘုရားရှင်ဟာ လောဘတွေ့ ကိလေသာများကို ဝါသနာနဲ့တကွ ပယ်သတ်တော်မူတဲ့အတွက် လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတွေရဲ့ ပူဇော်အထူးကို ခံယူတော်မူထိုက်ပါတယ်။ တရားအလုံးစုံကို ဆရာမပါဘဲ ကိုယ်တော်တိုင် သိမြင်တော်မူပါတယ်။ အကျင့်နဲ့အသိတွေလည်း ပြည့်စုံခဲ့တယ်။ ကောင်းတဲ့စကားကိုသာ ပြောဆိုတတ်တယ်။ လောကသုံးပါးကိုလည်း သိမြင်တော်မူခဲ့တယ်။ သတ္တဝါတွေကို နည်းအမျိုးမျိုးနဲ့ ယဉ်ကျေးအောင် ဆုံးမတော်မူခဲ့ပါတယ်။ နတ်၊ လူတို့ရဲ့ တစ်ဦးတည်းသော ဆရာတစ်ဆူ ဖြစ်တော်မူတယ်။ သစ္စာလေးပါးကို ကိုယ်တော်တိုင် ထိုးထွင်းသိတော်မူပြီး သတ္တဝါအများသိအောင်လည်း ညွှန်ကြားတော်မူခဲ့ပါတယ်။ ဘုရားရှင်ရဲ့ဂုဏ်တော်များဟာ တစ်ခုချင်းရေတွက်ပြနေလို့ ကုန်နိုင်ဖွယ်မရှိသလို ဘုန်းတော်အရာမှာလည်း အပိုင်းအခြားမရှိ ဉာဏ်တော်အရာမှာလည်း အဆုံးအပိုင်းအခြားမရှိ ကျယ်ပြန့်လှပါတယ်။ တန်ခိုးတော်အရာမှာလည်း သူမတူအောင်သာလွန်လှပါတယ်။ ဒီလို အဆုံးအပိုင်းအခြားမရှိ ဂုဏ်တော်နဲ့ ပြည့်စုံတော်မူတဲ့အတွက် ပူဇော်သင့် ပူဇော်ထိုက်ပါတယ်။ ဒီလို ပူဇော်သင့် ပူဇော်ထိုက်လို့လည်းပဲ စေတီ (စေတိယ) လို့ခေါ်ပါတယ်။

လောကမှာ စေတီလေးမျိုးရှိတယ်ဆိုတာကို ဘုရားရှင် ဟောကြားတော်မူခဲ့ပါတယ်။ ဒါကိုလည်း သဘောပေါက်အောင် ရှင်းပြချင်တယ်။ ဒကာမလေး အနေနဲ့ သည်းခံပြီး နားထောင်ပေးစေချင်ပါတယ်"

လို့ ဆရာတော်က မြကြာဖြူအား ပြောတဲ့အခါ မြကြာဖြူလေးက-

"တပည့်တော် အလွန်စိတ်ဝင်စားပါတယ် ဘုရား၊ ဆက်ပြီးသာ ပြောပြပါဘုရား။ တပည့်တော် နာယူနေပါတယ်ဘုရား"

ပြန်ပြောရှာပါတယ်။

အဲဒါနဲ့ ဆရာတော်ကြီးက -

"စေတီဆိုတာ စေတိယက လာတာဖြစ်တယ်။ စေတိယ ဆိုတာ ပူဇော်သင့်ပူဇော်ထိုက်တာကို ပြောတာပါ။ စေတီလေးမျိုးရှိပါတယ်။

၁။ ဘုရားရှင် ဟောကြားတော်မူတဲ့ တရားတော်အားလုံးကို ဓမ္မစေတီလို့ ခေါ်တယ်။

၂။ သင်္ကန်းပရိက္ခရာ၊ ကျောင်း စတဲ့ ဘုရားရှင် သုံးစွဲတော်မူခဲ့တဲ့ အသုံးအဆောင် မှန်သမျှတို့ကို ပရိဘောဂစေတီလို့ ခေါ်တယ်။

၃။ ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူလို့ တေဇောဓာတ်လောင်ကျွမ်းတော်မူပြီးတဲ့နောက် ကျန်ရစ်ခဲ့တဲ့ ဘုရားရှင်ရဲ့ ဓာတ်တော်မှန်သမျှကို ဓာတုစေတီလို့ ခေါ်ပါတယ်။

၄။ ဘုရားရှင်ကို ရည်မှန်းပြီး ဘုရားရှင်ရဲ့ အဆင်းပုံဟန်ကို ပုံတူပြုလုပ်ပြီး ပူဇော်ကြတဲ့ ဆင်းတုတော်များ၊ စေတီပုထိုးများကိုတော့ ဥဒ္ဒိဿစေတီလို့ ခေါ်တယ်။

တကယ်တော့ ဗုဒ္ဓဘာသာဝင်တွေဟာ အင်္ဂတေ၊ အုတ်နဲ့ ပြုလုပ်ထားတဲ့ စေတီ၊ ဆင်းတုတော်တွေကို ရှိခိုးပူဇော်ကြတာ မဟုတ်ပါဘူး။ အထက်ကပြောခဲ့တဲ့ ဘုရားရှင်ရဲ့ ဂုဏ်တော်တွေကို အာရုံပြုပြီး ဆင်းတုတော်ကို ရှိခိုးပူဇော်ကြတာဖြစ်တယ် ဒကာမလေး"

လို့ ဆရာတော်ကြီးက စိတ်ရှည်လက်ရှည် ရှင်းပြပါတယ်။

အိမ်ကိုပြန်ရောက်လာတဲ့အခါမှာ မြကြာဖြူဟာ ဆရာတော်ကြီး အမိန့်ရှိလိုက်တဲ့ စကားများကို ပြန်လည်သုံးသပ်ဝေဖန်နေမိပါတော့တယ်။ ဆရာတော်ကြီးရဲ့ စကားများဟာ သဘာဝကျလှတဲ့အတွက် လက်ခံနိုင်စရာရှိတယ်။ အစကတော့ အမေတို့၊ အဖေတို့ပြောသလို အုတ်တို့၊ အင်္ဂတေတို့ကို ရှိခိုးနေတာ အဓိပ္ပာယ်မရှိဘူးလို့ ထင်ခဲ့ပါတယ်။ ဒါပေမယ့် အခုအခါမှာတော့ အရင်က အမေပြောလို့သိခဲ့တဲ့အသိနဲ့ ဆရာတော်ကြီး ပြောပြလို့ သိတဲ့အသိဟာ အလွန်ကွာခြားလှတာကြောင့် မြကြာဖြူရဲ့အသိတွေ၊ အယူအဆတွေ အပြောင်းလဲကြီးပြောင်းလဲခဲ့ပါပြီ။ အဲဒါကြောင့်လည်း ဘုရားအစရှိတဲ့ ရတနာသုံးပါးအပေါ်မှာ ကြည်ညိုတဲ့စိတ်တွေတဖွားဖွားဖြစ်လာခဲ့ပြီး လှူချင်တဲ့စိတ်တွေလည်း ဖြစ်ခဲ့ရတယ်။ ဒါကြောင့်လည်း ရှင်ဥပဂုတ္တဖောင် မြစ်ထဲမမျှောမီ အပြေးလာရောက်ပြီး ပါလာတဲ့ပိုက်ဆံကို လှူဒါန်းဖြစ်သွားတာပါ။ ဒီလိုလှူလိုက်ရတဲ့အတွက်လည်း စိတ်ထဲ နှစ်သိမ့်မှုပီတိတွေ တဖွားဖွားဖြစ်ခဲ့ရတယ်။ နေထိုင်ရတာလည်း အရင်ကနဲ့မတူတော့။ ဘဝမှာ အဓိပ္ပာယ်ရှိလာသလိုပါပဲ။

မြကြာဖြူလေးဟာ အခွင့်သာရင်သာသလို အလှူဒါနပြုလုပ်ခဲ့တဲ့အပြင် သီလဆိုတဲ့ ကိုယ်ကျင့်တရားကိုလည်း အတတ်နိုင်ဆုံး လုံခြုံအောင် စောင့်ထိန်းလာခဲ့ပါတယ်။ ဒါ့အပြင် စိတ်ရှည်စွာ ပြောဆိုဖြေကြားပေးခဲ့တဲ့ ဆရာတော်ကြီးရဲ့ ကျေးဇူးကြောင့် သူမဟာ ဘုရားရှင်ရဲ့ အတိုင်းအဆမရှိ ဂုဏ်တော်များကို ကြည်ညိုလို့လည်း မဆုံးတော့။ ဘုရားရှင်ကို ကြည်ညိုလွန်းလို့ ဘုရားရှင်ရဲ့ကိုယ်စား ရုပ်ပွားတော်တစ်ဆူကို အိမ်ကို ပင့်ဆောင်လာခဲ့ပါတယ်။ အိမ်ကလူတွေမသိအောင် ရုပ်ပွားတော်ကို သူတို့မမြင်နိုင်တဲ့နေရာမှာ သီတင်းသုံးစေပြီး ပူဇော်လာခဲ့ပါတယ်။ အဲဒီလို ရှိခိုးပူဇော်ရတဲ့အတွက် အရင်ကနဲ့မတူ စိတ်တွေကြည်လင်လာခဲ့ပါတယ်။ ကိုယ်ယုံကြည်



www.burmeseclassic.com

www.burmeseclassic.com

ရာကိုလုပ်ရလို့လည်း စိတ်ထဲကျေနပ်နေမိသလိုပါပဲ။ သူမဟာ အသက်အားဖြင့် ငယ်ရွယ်ပေမယ့် အသိစိတ်က မငယ်ပါ။

အဲဒီလိုနဲ့ နေ့တိုင်းဆိုသလို အိမ်သားအားလုံး အိပ်မောကျလောက်ပြီထင်တဲ့အချိန်မှာ ဘုရားရှင်အား တိတ်တခိုး ရှိခိုးခဲ့ရတယ်။ ဆရာတော် သင်ပေးထားတဲ့ ဘုရားရှိခိုးတွေကိုလည်း အသံထွက်အောင်မဆိုရဲဘဲ အသံတိတ်ရွတ်ဆိုပြီး ရှိခိုးခဲ့ရပါတယ်။

ဒီလိုနဲ့ တစ်နေ့မှာ 'ရွှမ်း ရွှမ်း ရွှမ်း' ပြင်းထန်တဲ့ ကြိမ်ရိုက်ချက်ကြောင့် မြကြာဖြူလေးဟာ တအင်းအင်းနဲ့ ညည်းညူမိရုံမှတစ်ပါး ဘာမှမတတ်နိုင်ရှာ။

'အင်း - ငါကလည်း အမေတို့၊ အဖေတို့ မကြိုက်တဲ့အလုပ်ကိုမှ လုပ်မိတာကိုး။ အမေတို့၊ အဖေတို့ကလည်း သူတို့ရဲ့သမီးကို သူတို့အယူဝါဒကနေ ပြောင်းသွားမှာကို စိုးရိမ်ဟန်တူပါတယ်။ သူတို့ရဲ့ ဘာသာအယူဝါဒကနေ အခြားပြောင်းသွားရင် သူတို့သမီး ဘယ်လိုအခြေအနေဖြစ်သွားမလဲဆိုပြီး သူတို့သမီးကို တွေးပူမိတာဖြစ်မှာပါလေ'

ဆိုပြီး အရိုက်ခံရပေမယ့် မိဘများအပေါ် အပြစ်မတင်ရက်တော့။ မြကြာဖြူလေးခမျာ အရိုက်ခံရလွန်းလို့ မျက်ရည်ကျမိပေမယ့် -

'ဘုရားရှင်အား ရှိခိုးပူဇော်ရတာ ငါ့အတွက် တန်ဖိုးမဖြတ်နိုင်ဘူးလေ'

လို့ တွေးမိပြီး မျက်ရည်ကြားက ပီတိအပြုံးတွေနဲ့ ပြုံးမိပါသေးတယ်။

ကံကြံလို့ ဘဝမှာ ဆုံစည်းရပေမယ့် အမြင်မတူ၊ အယူအဆမတူတဲ့ အသိုင်းအဝိုင်းမှာနေရတာ စိတ်ပျက်လာပါတော့တယ်။

'ငါ့ဘဝ လူရယ်လို့ ဖြစ်လာတာ ဘာမှအဓိပ္ပာယ်မရှိပါလား။ အလုပ်တစ်ခုကို ယုံကြည်လို့ လုပ်ချင်တာတောင်မှ သူများမသိအောင် တိတ်တဆိတ်လုပ်ရပါလား'

ဆိုပြီး သူမကိုယ်သူမ အားမလိုအားမရဖြစ်ခဲ့ရပါသေးတယ်။ဘာကြောင့်လဲဆိုရင် သူမရဲ့ အဖေ၊ အမေ၊ ညီအစ်ကိုမောင်နှမများ အိပ်မောကျလောက်တဲ့အချိန်မှာ သူမတကယ်မြတ်နိုးတဲ့ ဘုရားရှိခိုးတာကို ပြုလုပ်ရပါတယ်။ တကယ်လို့များ မိသားစုထဲက တစ်ယောက်ယောက်က သူမရှိခိုးနေတာကို သိသွားခဲ့ရင် နံနက်လင်းတဲ့အခါ အရိုက်ခံရတော့တာပါပဲ။ ဒီလို အရိုက်ခံရတဲ့နေ့တွေလည်း မရေမတွက်နိုင်တော့။

'အင်းလေ အရိုက်ခံရလို့ အသားနာတာက အရေးမကြီးဘူး။ အယူဝါဒမှားယွင်းပြီး ဘဝမနာဖို့က အရေးကြီးပါတယ်။ အရိုက်ခံရလို့သေရင် တစ်ဘဝပဲ သေမယ်။ အယူမှားပြီးသေရင် ဘဝများစွာ နာရ သေရဦးမယ်'

လို့ တွေးပြီး ပြင်းထန်တဲ့ ကြိမ်ရိုက်ချက်တွေကို ကြိတ်မှိတ်ခံခဲ့ရပါတယ်။

ဒီလိုနဲ့ ကိုယ်ယုံကြည်တဲ့အလုပ်ကို အရိုက်ခံရတဲ့ကြားထဲက ဆက်လက်လုပ်ဆောင်ခဲ့ပါတယ်။

သူမရဲ့ အတွေးလိုပါပဲ။ ဘဝမှာ အသားနာပေမယ့် ဘဝမနာမိဖို့ အရေးကြီးလှပါတယ်။ အသားနာတာက တစ်ခဏပါ။ ဘဝတစ်လျှောက် အယူအဆမှားတွေ လက်ခံမိမယ်ဆိုရင် သံသရာမှာ ဘဝပေါင်းများစွာ နစ်နာသွားရတော့မှာပါ။ ရခဲတဲ့ လူ့ဘဝကို ရလာတဲ့အခါ နိဗ္ဗာန်ကိုသွားရာ အခြေခံလမ်းကြောင်းဖြစ်တဲ့ ဒါန၊ သီလဆိုင်ရာတရားများကို စွမ်းနိုင်သလောက် ကျင့်သုံးသွားရပါမယ်။ အဲဒီကနေတစ်ဆင့် အဆင့်မြင့်တဲ့ ဝိပဿနာတရားကို ကျင့်သုံးသွားကြရပါမယ်။ လူ့ဘဝဆိုတာ တစ်ခဏလေးပါပဲ။ အချိန်တွေကို ရပ်တန့်ထားလို့ မရသလို ဆွဲထားလို့လည်းမရပါ။ ဘာကြောင့်ဆိုရင် သတ္တဝါတွေဟာ တဖြည်းဖြည်းနဲ့ ငယ်ရာက ကြီးလာကာ အိုမင်းရင့်ရော်ခဲ့ရပြီး 'နောက်ဆုံး ဘဝကို အဆုံးသတ်သွားရရှာတဲ့သူတွေချည်းပါပဲ။ ရခဲပြီး တိုတောင်းတဲ့ လူ့ဘဝမှာ အချိန်ရှိခိုက် လုံ့လစိုက် ဆိုသလို ကုသိုလ်များများရအောင် ကြိုးစားအားထုတ်သွားကြရပါမယ်။

ဒါကြောင့်လည်း ကျေးဇူးတော်ရှင် မင်းကွန်းဆရာတော်ဘုရားကြီးက-

- *ယခုပင်လျှင် မအိုခင်က ကြိုတင်ကောင်းမှု ကြိုးစားပြုလော့။*
- *ယခုပင်လျှင် မနာခင်က ကြိုတင်ကောင်းမှု ကြိုးစားပြုလော့။*
- *ယခုပင်လျှင် မသေခင်က ကြိုတင်ကောင်းမှု ကြိုးစားပြုလော့။*

လို့ သံဝေဂသတိပေးလင်္ကာလေး စပ်ဆိုခဲ့ပါသေးတယ်။ ဒါကို သတိရကြပြီး အခုကတည်းက ဘဝမနာအောင် ကျင့်သုံးနိုင်ကြမယ်ဆိုပါရင် နောင်ဘဝသံသရာမှာ အဆင့်မြင့်တဲ့ဘဝကိုရောက်ရှိကြမှာပါ။

မြကြာဖြူရဲ့ အသိုင်းအဝိုင်းက ဘာသာခြားတို့ရဲ့ အယူဝါဒလမ်းစဉ်ကို လျှောက်လှမ်းနေကြပေမယ့် သူမကတော့ လမ်းမှန်ကို မရောက်ရောက်အောင် မိမိကိုယ်ကို လျှောက်လှမ်းနေဆဲပဲဖြစ်တယ်။ အချိန်တွေကြာလာတာနဲ့အမျှ သူမဟာ ဘုရားရှင်ကို ကြည်ညိုတဲ့စိတ်တွေ ပိုကဲလာလေပါပဲ။ ရှိခိုးတာမြင်လို့လည်း လူကြီးတွေရဲ့အရိုက်ကိုခံရတာ မနည်းတော့။ နောက်ပိုင်းမှာ -

မိဘတွေလည်း သူ့အတွက်နဲ့ စိတ်မဆင်းရဲရအောင်၊ သူလုပ်ချင်တဲ့အလုပ်တွေလည်း လုပ်ရအောင်လို့ ဆိုပြီး အိမ်မှထွက်လာခဲ့ပါတယ်။ ဒီလိုနဲ့ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းတစ်ခုမှာ တရားဘာဝနာများ ကြိုးစားအားထုတ်ခဲ့ရှာတယ်။ ဒီလိုနဲ့ မြကြာဖြူဟာ ဘဝမှာ အဓိပ္ပာယ်ရှိဖို့ ဘဝမနာဖို့အတွက် တရားကိုကြိုးစားအားထုတ်ရင်း အသက် (၁၈) နှစ်အရွယ်မှာ ကွယ်လွန်ခဲ့ရရှာပါတယ်။ ဒီအကြောင်းကို သာရဘွင်ဆရာတော်ကြီး ပြောပြချက်အရ စာချစ်သူများ အတုယူစေချင်လွန်းလို့ တစ်ဆင့်ပြန်လည် ရေးသား တင်ပြရခြင်း ဖြစ်ပါတယ်။

စာချစ်သူများလည်း ရခဲလှတဲ့ လူ့ဘဝရတဲ့အခိုက်မှာ သား၊ မယား၊ ပစ္စည်းဥစ္စာတွေနဲ့ အပျော်ကြီးပျော်နေကြမယ်။ ပိုင်ဆိုင်တဲ့ ပစ္စည်းဥစ္စာကို အခြေခံလို့ မာန်မာနတွေ ထောင်လွှားတက်ကြွကာ မောက်မာနေကြမယ်ဆိုရင် မိမိဘဝဟာ အနာကြီးနာသွားနိုင်ပါတယ်။ ဒီလိုမဖြစ်ရလေအောင် ကိုယ်အလုပ်၊ နှုတ်အပြော၊ စိတ်အကြံတွေမှာ ကောင်းတာလေးတွေပဲလုပ်မယ်။ ကောင်းတာလေးတွေပဲပြောမယ်။ ကောင်းတာလေးတွေပဲတွေးပေးမယ်ဆိုပါက မိမိဘဝ မနာနိုင်တော့ဘဲ တန်ခိုးရှိပြီး အဆင့်မြင့်တဲ့ဘဝကို ရရှိကြတော့မှာပါ။

မြကြာဖြူရေ၊ အခုဘဝလို အယူဝါဒမတူတဲ့ အသိုင်းအဝိုင်းမှာ နောင်ဘယ်တော့မှ မဖြစ်ပါစေနဲ့။ ဒီဘဝမှာ ဆရာတော်ကြောင့် လမ်းမှန်ကို လျှောက်နိုင်ခဲ့သလို နောင်ဘဝများစွာမှာလည်း မှန်ကန်တဲ့အယူဝါဒရှိတဲ့ အသိုင်းအဝိုင်းမှာပဲ ဖြစ်ရပြီး လိုရာပန်းတိုင်သို့ အမြန်ရောက်ပါစေရယ်လို့ ဆန္ဒပြုရင်း။

*မှတ်ချက်-ကာယကံရှင်ရဲ့အမည်ကို ပြောင်းထားပါသည်။*

*ရွှင်လန်းချမ်းမြေ့ကြပါစေ*

ဦးကောဝိဒ (မြိတ်)



www.burmeseclassic.com

www.burmeseclassic.com





အဖန်ဖန်ပဋိသန္ဓေနေရခြင်းသည် ဆင်းရဲလှစွာ၏။
ခန္ဓာအိမ်ကိုဆောက်သော တဏှာလက်သမားကို ရှာမတွေ့သဖြင့် ဘဝ များစွာ ကျင်လည်ခဲ့ရပြီ။
ခန္ဓာအိမ်ကို ဆောက်လုပ်တတ်သော အို - တဏှာလက်သမား ငါသည် သင့်ကို (ပညာမျက်စိဖြင့်) ယခု မြင်ရပြီ။
ခန္ဓာအိမ်ကို နောက်တစ်ခါ သင်ဆောက်ခွင့်ကြုံတော့မည်မဟုတ်။

မောင်ပွင့်ဉာဏ်(မောရ)

# မဟာလူသားပွင့်ထွန်းတော်မူရာ မြေမြတ်မဟာသို့ (၉)

သင်၏ကိလေသာတည်းဟူသော အခြင်ရနယ်အားလုံးကိုငါချိုးဖျက်ခဲ့ပြီ။
အဝိဇ္ဇာ တည်းဟူသော အိမ်အထွတ်ကို ဖျက်ဆီးခဲ့ပြီ။
ငါ၏စိတ်သည် ပြုပြင်ခြင်းကင်းရာနိဗ္ဗာန်သို့ ရောက်ပြီ။
တဏှာကုန်ရာကုန်ကြောင်း အရဟတ္တဖိုလ်ကို ရပြီ။

(ဓမ္မပဒ၊ ၁၅၃-၁၅၄)
(အနေကဇာတိသံသာရံ အစချီပါဠိတော်အနက်)

## ဝေဘာရတောင်ခြေမှရေပူစမ်း

၂၅ - ၁၁ - ၂၀၁၃ ရာဇဝင်ပြိုဟ်မှာ
လေ့လာစရာတွေ ကျန်နေသေး
နေ့တစ်ဝက်လောက်နေကြဦးမှာဖြစ်ပါတယ်။ မနက် (၈) နာရီလောက်မှာ သဒ္ဒါရရေပူစမ်းရှိရာ ဝေဘာရတောင်ခြေကို ထွက်လာခဲ့ကြပါတယ်။ တောင်






www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဂယာ၊ မဟာဗောဓိအသင်းတိုက်အတွင်းရှိ ဆင်းတုတော်





ဝေဘာရတောင်အတက်ရှိ ပိပ္ပလိဂူ (ရှင်မဟာကဿပရဟန္တာကြီး၏ သီတင်းသုံးရာနေရာ)

ခြေမှာ စားသောက်ဆိုင်တွေ၊ လက်ဆောင်ပစ္စည်းရောင်းတဲ့ဆိုင်တွေနဲ့ စည်ကားနေပါတယ်။ ပုဏ္ဏားတွေက ဝေဘာရတောင်ကထွက်တဲ့ ရေပူကို ဟိန္ဒူလူမျိုးတွေ ဇာတ်အနိမ့်၊ အမြင့်အလိုက်ချိုးဖို့ စခန်းတွေ ခွဲခြားထားပါတယ်။

အပေါ်ဆုံးကရေကို ဇာတ်မြင့်တွေက ချိုးရပြီး အဲဒီကကျတဲ့ရေကို အလယ်အလတ်တန်းစားတို့က ချိုးရပါတယ်။ အောက်ဆုံးက ဇာတ်နိမ့်တွေချိုးတဲ့နေရာကို ရောက်လာတဲ့ ရေတွေဟာ ညစ်ပတ် နံစော်နေပါတယ်။ ဟိန္ဒူဘာသာဝင်တွေက ဒီရေပူစမ်းကရေကို ချိုးရင်၊ သောက်ရင် (၉၆) ပါးရောဂါ အကုန်ပျောက်တယ်လို့ ယုံကြည်ကြပါတယ်။ ဘုရားရှင်က လူရဲ့ အယုတ်အမြတ်ဟာ အမျိုးဇာတ်နဲ့ မဆိုင်ဘဲ အကျင့်နဲ့သာ ဆိုင်တယ်လို့ ဟောတော်မူပြီး ဇာတ်ခွဲခြားတဲ့စနစ်ကို တိုက်ဖျက်ခဲ့ပေမယ့် ဒါကို လက်မခံနိုင်သူတွေက အိန္ဒိယနိုင်ငံမှာ ဗုဒ္ဓဘာသာကွယ်ပျောက်သွားအောင် လုပ်ဆောင်ခဲ့ကြပြီး ဇာတ်ခွဲခြားတဲ့စနစ်ကို ဆုပ်ကိုင်ထားကြဆဲ ဖြစ်ပါတယ်။

ရေပူစမ်းမှာ ဟိန္ဒူနတ်ကွန်းတွေလည်းတွေ့လို့ နတ်ကွန်းတစ်ခုအထဲကို ကြည့်လိုက်တော့ နီရဲနေတဲ့လျှာကို တန်းလန်းထုတ်ထားပြီး ဓားကိုင်ထားတဲ့နတ်ရုပ်ရဲ့လည်ပင်းမှာ လူခေါင်းပြတ်တွေသီပြီးဆွဲထားတာ အသည်းထိတ်စရာတွေ




www.burmeseclassic.com


www.burmeseclassic.com



ဗုဒ္ဓဂယာဘုရားဝင်းအတွင်းမှ ဟိန္ဒူနတ်ရုပ်တုများ




ဗိမ္ဗိသာရမင်း၏ရွှေငွေများသိုလှောင်ရာ ဆွန်ဘဏ္ဍာတိုက်



တောင်ထိပ်တစ်နေရာမှ ဂျိန်းဘုရားကျောင်း

လိုက်ရပါတယ်။ (ရိုက်ယူလာတဲ့ ဓာတ်ပုံကိုတော့ မပြတော့ပါဘူး။) ရာမဇာတ်ထဲက ဟာနုမန်နတ်ကွန်းလည်းရှိပါတယ်။

## ပိပ္ပလိကျောက်ဂူ

ရေပူစမ်းကနေ ကျောက်လှေကားအတိုင်း တက်လာလိုက်တာ အရင်ဆုံး ပိပ္ပလိဂူကို တွေ့ရပါတယ်။ ဂူကို ကျောက်တုံးကြီးတွေဆင့်ပြီး လေးထောင့်စတုဂံပုံဆောက်ထားပါတယ်။ အရှင်မဟာကဿပကြီးရဲ့ငယ်နာမည်က ပိပ္ပလိဖြစ်ပါတယ်။ အရှင်မဟာကဿပထေရ်မကျန်းမမာဖြစ်တော့ ဘုရားရှင်ဟာ ပိပ္ပလိဂူကျောင်းတိုက်ကို ကြွလာပြီး ကဿပဗောဇ္ဈင်သုတ်ကို ဟောကြားတော်မူပါတယ်။ အရင်က ပိပ္ပလိဂူထိပ်မှာ ဘာသာခြားတွေက သချိုင်း(၅)ခု လုပ်ထားတယ်လို့ ဆိုပါတယ်။

တောင်အတက်လမ်းကို လမ်းလျှောက်မတက်နိုင်လို့ အထမ်းသမားနဲ့ တက်မယ်ဆိုရင် ရာဇဂြိုဟ်ကျောင်းမှာ ညကတည်းက ကြိုပြီးစာရင်းပေးရပါတယ်။ အထမ်းခက လူတစ်ယောက်ကို ရူပီး (၉၀၀) ဆိုတော့ မြန်မာငွေနဲ့ဆိုရင် (၁၆,၀၀၀) ကျပ်လောက် ကျပါတယ်။ ကျွန်တော် ဗုဒ္ဓဂယာမလာခင် ညာဘက်ဒူးနာနေလို့ ဇနီးသည်ကတောင် စိတ်ပူနေပါတယ်။ ဝေဘာရတောင်အတက်မှာ သူက လမ်းတစ်ဝက်မှာနေခဲ့ပြီး ကျွန်တော်က ဆက်တက်ခဲ့ပါတယ်။

တစ်နေရာမှာ ဟောဟဲဆိုက်နေ



www.burmeseclassic.com

www.burmeseclassic.com

တဲ့ သားအမိနှစ်ယောက်နဲ့ဆုံတော့ -

*"How old are you"*

ဆိုပြီး မေးလိုက်ပါတယ်။

အမေလုပ်သူက -

*"44"*

လို့ ဖြေပြီး သမီးလုပ်သူက -

*"23"*

လို့ ဖြေပါတယ်။

*"I am 63"*

လို့ ပြန်ပြောပြီး သူတို့နှစ်ယောက်ကို ဖြတ်ကျော်ပြေးတက်ပြလိုက်တော့ သူတို့လည်း ရယ်ပြီး ကျန်ခဲ့ပါတယ်။

ကြွားချင်တဲ့စိတ်ဟာ လူကို အတော်ဒုက္ခပေးတတ်ပါကလား။ ဗုဒ္ဓဂယာ ခရီးစဉ်တစ်လျှောက်လုံးမှာ ဒူးနာက လုံးဝမပေါ်လာပါ။ ဘုရားတန်ခိုးဆိုတာ ဒါမျိုးကိုပြောတာဖြစ်မယ် ထင်ပါတယ်။

တောင်ထိပ်မရောက်ခင် ဘုရားကျောင်းတစ်ခုတွေ့လို့ စာရေးဆရာက စပ်စုတဲ့စိတ်နဲ့ ဝင်ကြည့်လိုက်တော့ သက်န်းမပါတဲ့ ရုပ်တုကိုတွေ့ရလို့ ဂျိန်းဘုရားကျောင်းမှန်း သိလိုက်ရပါတယ်။

အစောင့်ကုလားက -

"လာခဲ့ လာခဲ့။ ဆုတောင်းပေးမယ်"

ဆိုတဲ့ဟန်ပန်နဲ့ အတင်းခေါ်တော့ အလကားနေရင်း ပိုက်ဆံမထွက်ချင်တဲ့ စာရေးဆရာက -

"နိုး နိုး နိုး"

လို့ပြောပြီး ပြေးထွက်ခဲ့ပါတယ်။


တောင်ထိပ် မြေကွက်လပ်မှာ နောက်ထပ် ဟိန္ဒူဘုရားကျောင်းတစ်ခု တွေ့တော့ ဝင်မကြည့်ရဲတော့ပါ။

**သတ္တပဏ္ဏိကျောက်လိုဏ်ဂူ**


တောင်ထိပ်ကနေ မြောက်ဘက်ကို နည်းနည်းဆင်းပြီး ဘယ်ဘက်ကွေ့လိုက်တာနဲ့ သတ္တပဏ္ဏိကျောက်လိုဏ်ဂူဆီကို ရောက်ပါတယ်။ အရှင်မဟာကဿပ အကြီးအမှူးပြုတဲ့ ရဟန္တာ (၅၀၀)တို့ ပထမသင်္ဂါယနာတင်တဲ့နေရာ ဖြစ်ပါတယ်။ သဘာဝကျောက်ဂူဖြစ်ပြီး လိုဏ်ခေါင်း (၆) ခု ရှိပါတယ်။ လိုဏ်ဂူရှေ့က မြေကွက်လပ်ဟာ ပြိုကျသွားလို့ ကျောက်နံရံ အစားထိုး ပြုလုပ်ထားပါတယ်။

(၇) လ ကြာအောင် ပြုလုပ်ခဲ့တဲ့ ဒီပထမသင်္ဂါယနာတင်ပွဲကြီးကို ဦးစီးဦးဆောင်ပြုလုပ်သူက အဇာတသတ်မင်းပဲ ဖြစ်ပါတယ်။ ကုန်ကျစရိတ်အားလုံး





ပထမသင်္ဂါယနာတင်ရာ သတ္တပဏ္ဏိကျောက်လိုဏ်ဂူ





ဝေဘာရတောင်ပေါ်မှမြင်ရသည့် တောင်အောက်ရှုခင်း



www.burmeseclassic.com

www.burmeseclassic.com



မန္တလေးမှ အမေဒေါ်ကျင်ကျင်ညွန့်နှင့် အဖွဲ့ခေါင်းဆောင် ဦးမြသောင်း





အပြန်ခရီးအတွက် စောင့်ဆိုင်းနေကြသော အထမ်းသမားများ

တိုလည်း မင်းဘဏ္ဍာတော်ကပဲ ကျခံပေးခဲ့ပါတယ်။ ဒီသင်္ဂါယနာတင်ပွဲကြီးက မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့တဲ့ ဓမ္မဝိနယတို့နဲ့ စင်ကြယ်မြင့်မြတ်တဲ့ ထေရဝါဒ သာသနာ့လမ်းကြောင်းကို အခိုင်အမာ ပန္နက်ချနိုင်ခဲ့ပါတယ်။

## လူအိုပေမယ့် စိတ်ပျိုနေသူ

သတ္တပဏ္ဏိ ကျောက်လိုဏ်ဂူကို ဘုရားဖူးအဖွဲ့ဝင်တွေအားလုံး ရောက်မလာကြပေမယ့် ထူးထူးခြားခြား ရောက်လာသူတစ်ဦးက ဒေါ်ကျင်ကျင်ညွန့် (မန္တလေး) ဖြစ်ပါတယ်။ အမျိုးသမီးတွေထဲမှာ အသက်အကြီးဆုံးဖြစ်ပြီး သူ့မွေးနေ့ကလည်း ၂၀၁၃၊ ဇန်နဝါရီလ ၁ ရက်နေ့ဆိုရင် အသက် (၇၈) နှစ်ပြည့်မယ်လို့ ဆိုပါတယ်။ (နှစ်သစ်မှာ ကျွန်တော် သူ့ဆီ ဖုန်းဆက်ပြီး မွေးနေ့ဆုတောင်းပေးတော့ အမေ အတော် ဝမ်းသာသွားရှာပါတယ်။)

ခရီးစဉ်တစ်လျှောက်လုံးမှာ သွက်သွက်လက်လက်စွာ သွားလာလှုပ်ရှားနေတဲ့ အမေက ခရီးသွားရင်း ကားပေါ်မှာပဲ ခရီးဖော်မေမွမိတ်ဆွေတွေ ကိုယ်ကျန်းမာပြီး စိတ်ချမ်းသာဖို့ အရေးကြီးကြောင်း၊ ဒီအတွက် ကံ၊ စိတ်၊ ဥတု၊ အာဟာရတွေကို မျှတအောင်ထားဖို့ ... ကြောင်းပြောပြီး ထိုင်နေရင်း သက်သက်သာသာလုပ်နိုင်တဲ့ 'လေ့ကျင့်ခန်း ... မျိုးလောက်ကို နမူနာလုပ်ပြသွားပါတယ်။ ကားပေါ် ပြန်တက်တဲ့အခါ ... လည်း အမေ့ကို ဦးစားပေးတက် ... လို့ မရပါ။

"သားတို့ သမီးတို့သာ တက်ကြပါ ... အမေက အရှေ့မှာထိုင်တာဆို ... နောက်ကျမှ တက်ပါ့မယ်"

လို့ ပြောပါတယ်။

အမေ ဒေါ်ကျင်ကျင်ညွန့်ဟာ ... (၆)စီ ဘီအီးဒီဘွဲ့ရ အငြိမ်းစား ... ကြီးတစ်ယောက် ဖြစ်ပါတယ်။ ... ဝင်စင်ယူပြီးနောက်မှာ ဉာဏ် ... ကလေးတွေကို ပြုစုပျိုးထောင် ... ပရဟိတအစီအစဉ်တွေမှာ ... တာဝန်ထမ်း ပါဝင်လုပ်ဆောင်ခဲ့ပါ ... အမေတို့ လေ့ကျင့်ပေးလို့ နိုင်ငံ ... နိုင်ငံက အားကစားသမား ... (၁၀၀) ကျော် ဝင်ရောက် ယှဉ် ... ရှမ်းဘိုင်းစပယ်ရှယ်အိုလံပစ် ... မှုလေးက လူငယ် (၃) ဦး ... ခဲ့ပါတယ်။

ဉာဏ်ရည်မမီတဲ့ ကလေးတွေကို အားကစားနည်းပြလုပ်ဖို့ အင်ဒိုနီးရှားနဲ့ မလေးရှားက ဆရာတွေလာပြီး သင်တဲ့အခါ အမေ့ကို ဒီအသက်အရွယ်နဲ့ ပြေးနိုင်လုပ်နိုင်ပါ့မလားလို့ တွေ့စက ထင်ထားကြပါတယ်။နောက်တော့ အံ့ဩယူကြရပြီး အင်တာနက်ပေါ်က စပါယ်ရှယ်အိုလံပစ်ဝက်(ဘ်)ဆိုက်မှာ အမေ့အကြောင်းတင်လိုက်ကြပါတယ်။ အရှေ့တောင်အာရှမှာ အသက်အကြီးဆုံး စေတနာ့ဝန်ထမ်းဆိုပြီး ဂုဏ်ပြုထားပါတယ်။

၂၀၀၅ ခုနှစ်၊ ဇွန်လ ၁၄ ရက်...



www.burmeseclassic.com


www.burmeseclassic.com



ဝေဘာရတောင်အတက်လမ်းတစ်နေရာ



ပိပ္ပလိဂူသို့ရောက်ခါနီး ဝေဘာရတောင်အတက်လမ်း



အဇာတသတ်မင်းကြီး၏ဓာတ်တော်တိုက်ဝင်ပေါက်နေရာ



ရေပူစမ်းတွင် ရေချိုးနေကြသော ဟိန္ဒူဘာသာဝင်များ

စပြီး ဉာဏ်ရည်မမီတဲ့ ကလေးတွေကို အားကစားလေ့ကျင့်ပေးခဲ့တာ ကိုယ်ရေးကိုယ်တာကိစ္စရှိတဲ့ရက်ကလွဲပြီး တစ်ရက်မှမပျက်ဘူးလို့ သိရပါတယ်။ ရန်ကုန်ရောက်နေရင်လည်း အောင်ဆန်းကွင်း၊ သုဝဏ္ဏကွင်းနဲ့ အင်းစိန်ကွင်းတွေမှာ သွားပြီး လေ့ကျင့်ပေးပါတယ်။

အခုလို အမေ ဒေါ်ကျင်ကျင်ညွန့် အကြောင်း အသေးစိတ်ရေးနိုင်ရတာက လည်း တိုက်တိုက်ဆိုင်ဆိုင် ဗုဒ္ဓဂယာက မော်လမြိုင်ပြန်ရောက်ပြီး သုံး၊ လေးရက် အကြာ ၂၀၀၉၊ ဇန်နဝါရီလ ၃၀ ရက်ထုတ် မော်ဒန်ဂျာနယ်အဟောင်းမှာ အမေ့ကို စာရေးဆရာ ကျော်ရင်မြင့်က တွေ့ဆုံ မေးမြန်းထားတဲ့ အင်တာဗျူးကို ဖတ်လိုက်ရလို့ပဲ ဖြစ်ပါတယ်။ ဗုဒ္ဓဂယာ ဘုရားဖူးသွားရင်း အမေ ဒေါ်ကျင်ကျင် ညွန့်လို ဘုရားရှင်အလိုတော်ကျ လူမှုရေးကုသိုလ်ပြုနေသူနဲ့တွေ့ရတာ အလွန်ပဲ ကြည်နူးဝမ်းမြောက်မိပါတယ်။

**ဆွန်ဘဏ္ဍာတိုက်နှင့်ဓာတ်တော်တိုက်**

ဝေဘာရတောင်က ပြန်ဆင်းလာပြီး ဒီတောင်ခြေမှာပဲရှိတဲ့ ဆွန်ဘဏ္ဍာ တိုက်ရှိရာကို ထွက်ခဲ့ကြပါတယ်။ ဆွန်ဘဏ္ဍာ (သို့) ဆိုနားဘဏ္ဍာ (သုဝဏ္ဏဘဏ္ဍာ) ဟာ ရွှေတိုက်တော်လို့ ဆိုလိုပါတယ်။ ဗိမ္ဗိသာရမင်းကြီးရဲ့ ရွှေငွေတွေ သိုလှောင်ဖို့ ကျောက်တောင်ကို ထွင်းထားတာပါ။ ဂူနှစ်ဂူကို တစ်ဆက်တည်း လုပ်ထားပြီး ဝင်ပေါက်တစ်ပေါက်စီသာ ဖောက်ထားပါတယ်။

ဂူတောင်ဘက်နံရံမှာ ဂျိန်းဘုရားပုံ (၆) ပုံကို ထွင်းထုထားပြီး ရေးထိုးထားတဲ့ အက္ခရာတွေကို အေဒီ ၃ ရာစုလောက်ကလို့ ခန့်မှန်းကြပါတယ်။ ဗိမ္ဗိသာရမင်းကြီးလက်ထက်က ရွှေတိုက်တော်အဖြစ် အသုံးပြုခဲ့တဲ့ ဒီနေရာကို ရာဇဂြိုဟ်မြို့ပျက်သွားတဲ့အခါ ဂျိန်းဘုန်းကြီးတွေ ဝင်ပြီးနေခဲ့ကြဟန် ရှိပါတယ်။

တချို့ပညာရှင်တွေကတော့ ဒီဂူဟာ ပထမသင်္ဂါယနာတင်တဲ့ စရည်းပင်ပေါက်ရာဂူ (သတ္တပဏ္ဏိဂူ) လို့ ဆိုကြပါတယ်။ ဒီနေရာဟာ ဝေဘာရတောင်နံမှာရှိတဲ့အပြင် ဂူအရှေ့မှာ ရဟန္တာ(၅၀၀) အတွက် မဏ္ဍပ်ဆောက်ဖို့ ဥပစာမြေကွက်လည်း ညီညာပြန့်ပြူးနေတာကြောင့် ဒါဟာလည်း ဖြစ်နိုင်တဲ့အဆိုတစ်ခုပဲ ဖြစ်ပါတယ်။

ဆွန်ဘဏ္ဍာကျောက်လိုဏ်ဂူက သိပ်မဝေးတဲ့ ဓာတ်တော်တိုက်ရှိရာကို

www.burmeseclassic.com

www.burmeseclassic.com

ထွက်လာခဲ့ကြပါတယ်။ ပေ (၂၀) ခန့် အမြင့်ရှိတဲ့ အုတ်ခုံတစ်ခုပေါ်ကို အုတ်လှေကားအတိုင်း ဘက်သွားရပြီး အလယ်မှာ အမိုးချွန်သွပ်ပြားအမိုးဝိုင်းမိုးထားတဲ့ အဆောက်အအုံတစ်ခု ရှိပါတယ်။ ငုံ့ဝင်ရတဲ့ လူတစ်ယောက်စာ အပေါက်တစ်ပေါက်သာ ဖောက်ထားပြီး အထဲမှာ တွင်းကြီးဖြစ်နေပါတယ်။

မြန်မာဆရာတော်ကြီးတွေက ဒီနေရာဟာ အဇာတသတ်မင်းက ဓာတ်တော်တွေကို မြှုပ်နှံဝှက်ထားတဲ့နေရာလို့ ဆိုကြပါတယ်။ ဓာတ်တော်တိုက်အကျယ်ဟာ သီဟိုဠ်မဟာစေတီ (စစ်ကိုင်းကောင်းမှုတော်စေတီ) နီးပါးရှိပြီး အတောင် (၈၀) နက်ကာ အနီးအပါးမှာလည်း မဟာသာဝကကြီးတွေရဲ့ စေတီအများအပြား တည်ဆောက်ထားတယ်လို့ အဋ္ဌကထာတွေမှာ ပြဆိုထားပါတယ်။

အရင်က ဒီအုတ်ခုံပေါ်မှာ ဂျိန်းဘုရားကျောင်းတစ်ခုရှိပြီး မဏိနဂါးမင်းကို ပူဇော်ရာဌာနဖြစ်လို့ 'မဏိယာမတ်' လို့ ခေါ်ပါတယ်။ ဝင်းအပြင်မှာ စိုက်ထားတဲ့ ဆိုင်းဘုတ်မှာလည်း Maniyar Math လို့ ဖော်ပြထားပြီး ပါဠိစာပေမှာပါတဲ့ မဏိမာလာစေတီ ဒါမှမဟုတ် ဟိန္ဒူတို့ရဲ့ မဟာဘာရတကျမ်းစာမှာပါတဲ့ မဏိနဂါးကျောင်းတော်နေရာဖြစ်တယ်လို့ နှစ်မျိုးဆိုထားပါတယ်။

၁၈၆၁ ခုနှစ်က ကျောက်စာဝန်ကနင်ဟန်က အဲဒီနေရာမှာ (၂၁) ပေအနက်အထိ တူးဖော်ခဲ့ရာမှာ (၁၉) ပေအနက်မှာ လဲလျောင်းနေတဲ့ မယ်တော်မာယာပုံ၊ ဗုဒ္ဓရုပ်တုတစ်ခုနဲ့ နဂါးခေါင်း (၇) ခုပါတဲ့ ဂျိန်းဘုရား ပါသနာထရဲ့ပုံတွေကို တွေ့ရှိခဲ့ပါတယ်။

### ဗိမ္ဗိသာရအကျဉ်းထောင်

ဓာတ်တော်တိုက်ကနေ တောင်ဘက် (၅) ဖာလုံ (မိုင်ဝက်သာသာ) အကွာမှာ ဗိမ္ဗိသာရအကျဉ်းထောင်ရှိပါတယ်။ ကျောက်တုံးနံရံလေးဖက် ကာရံထားတဲ့ ဒီမြေကွက်ဟာ ဗိမ္ဗိသာရမင်းကြီးကို သားတော် အဇာတသတ်က ထောင်သွင်းအကျဉ်းချပြီး ချုပ်နှောင်ခဲ့တဲ့နေရာ ဖြစ်ပါတယ်။

ဗိမ္ဗိသာရမင်းဟာ ရာဇဝတ်သားများကို အကျဉ်းချဖို့ သူဆောက်ခဲ့တဲ့ အကျဉ်းထောင်မှာ သူကိုယ်တိုင်အကျဉ်းကျခဲ့တာဟာ အတိတ်ဘဝက သူကျူးလွန်ခဲ့တဲ့ အပြစ်ဝဋ်ကြွေးတွေကို ပြန်ပေးဆပ်ရတာပဲ ဖြစ်ပါတယ်။ ဗိမ္ဗိသာရမင်းကြီးဟာ နတ်ရွာမစံခင်မှာ ဒီနေရာကနေ လှမ်းပြီးမြင်နိုင်တဲ့ ဂိဇ္ဈကုဋ်တောင်ပေါ်က မြတ်စွာဘုရားရှင်ကို မှန်းမျှော် ရှိခိုးပူဇော်ခဲ့ပါတယ်။

ဗိမ္ဗိသာရအကျဉ်းထောင်နေရာက ပြန်ထွက်ချိန်ဟာ (၁၁) နာရီလောက်ရှိပြီမို့ တည်းခိုရာ ရာဇဂြိုဟ်ကျောင်းကို ပြန်ပြီး မနက်စာစားကာ ခဏနားကြပါတယ်။ နေ့ခင်း (၁) နာရီလောက်မှာ အထုပ်အပိုးတွေအားလုံး ကားပေါ် တင်ပြီး ထွက်ခဲ့ကြပါတယ်။

ရာဇဂြိုဟ်ကမထွက်ခင် နောက်ဆုံး လေ့လာကြည့်ရှုဖို့ ကျန်နေသေးတဲ့ ကျောက်လှည်းဘီးရာဆီ ဝင်ခဲ့ပါသေးတယ်။ ရာဇဂြိုဟ်မြို့ရဲ့ အရှေ့တောင်ဘက်ထွက်ပေါက် ဂယာကို ဦးတည်တဲ့လမ်းမှာ ပဏ္ဍဝ (ပဏ္ဍဝ) တောင် ရှိပါတယ်။ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားဟာ ရာဇဂြိုဟ်မြို့မှာ ဆွမ်းခံပြီး ပဏ္ဍဝတောင်ခြေ ကျောက်ဖျာပေါ်မှာ ဆွမ်းစားလေ့ရှိပါတယ်။ ဒီပဏ္ဍဝတောင်ခြေတစ်နေရာက ကျောက်ဖျာကြီးတွေမှာ ရှေးခေတ် လှည်းဘီးရာတွေ ထင်ထင်ရှားရှားကြီး ကျန်ရစ်နေတာ တွေ့ရပါတယ်။ အိန္ဒိယနိုင်ငံ လှည်းယဉ်သုံးတဲ့ခေတ်က ခရီးသွားရာမှာရော ကုန်စည်ကူးသန်းရာမှာပါ လှည်းယဉ်တွေ အများအပြား သုံးခဲ့ကြတာ သိနိုင်ပါတယ်။ ရှေးဟောင်းသုတေသနဌာနက အဲဒီနေရာကို အုတ်တံတိုင်းခတ်ပြီး ကာရံထိန်းသိမ်းထားပါတယ်။

### တစ်ကျော့ပြန်ဂယာ

အဲဒီနေ့က ညနေ(၄)နာရီခန့်မှာ ရာဇဂြိုဟ်ကနေ (၆၁) မိုင် ဝေးတဲ့ ဂယာကို ပြန်ရောက်ကြပါတယ်။ ဂယာမရောက်ခင် ဂယာဘုန်းကြီးကျောင်းတွေမှာ ဘုရားဖူးဧည့်သည် များလွန်းလို့ တည်းခိုဖို့နေရာမရှိတော့ဘူးလို့ သိရပါတယ်။ အဖွဲ့ခေါင်းဆောင် ဦးမြင့်သောင်းက အပြင်ဟိုတယ်တွေမှာတည်းဖို့ စီစဉ်ပေးမယ်လို့ပြောတဲ့အတွက် စိတ်အေးရပါတယ်။ နယူးဒေလီမရောက်ခင် Noida မြို့မှာတုန်းက အတွေ့အကြုံရှိထားတာမို့ ဂယာရောက်တော့ တည်းခိုခန်း (Guest House) နှစ်ခုခွဲပြီး တည်းရတဲ့အခါ စိတ်ထဲမှာ ဘယ်လိုမှမဖြစ်တော့ပါ။ ဘုရားဖူးအဖွဲ့တွေပြောတဲ့ ဟိုတယ်ဆိုတာ ရိုးရိုးတည်းခိုခန်းတွေလည်း ဖြစ်တတ်ပါတယ်။

ဂယာကို ပြန်ရောက်ပြီ ဆိုတော့ ခရီးစဉ်က ပြီးဆုံးပြီမို့ ကိုယ့်အစီအစဉ်နဲ့ကိုယ် လည်ပတ်ကြည့်ရှုဖို့ အခွင့်အရေးရကြပါတယ်။ ဂယာမှာ နိုဝင်ဘာလ (၂၅)၊ (၂၆) ရက် နှစ်ညအိပ်ပါတယ်။ အမျိုးသမီးအများစုက စိတ်ကြိုက် ဈေးဝယ်ထွက်ကြပါတယ်။ စာရေးဆရာကတော့ ကင်မရာတစ်လုံးပိုက်ပြီး ချောင်ကြိုချောင်ကြားမကျန် လျှောက်သွားခဲ့တာမို့ သူများတွေ မမြင်တာ မြင်တွေ့ခဲ့ရပါတယ်။ ကိုယ်တွေ့တာမြင်တာအားလုံးထဲက တင်ပြလို့ မဖြစ်နိုင်တာတွေကိုလည်း ချန်လှပ်ထားခဲ့ရပါတယ်။

### ပြည်တော်ပြန်ခရီး

၂၇-၁၁-၂၀၁၃ ကိုယ့်တိုင်းကိုယ့်ပြည်ကို ပြန်ရတော့မယ်ဆိုတဲ့ အသိနဲ့ အဖွဲ့ဝင်တွေအားလုံး ပျော်မြူးနေကြပါတယ်။

နိုဝင်ဘာ ၁၃ ရက်နေ့ကတည်းက စတင်ခဲ့တဲ့ ခရီးစဉ်တစ်လျှောက်လုံးမှာ ဘယ်လိုအန္တရာယ်မှမတွေ့ခဲ့ရဘဲ ချောချောမောမောရှိခဲ့လို့လည်း ဝမ်းသာကြရပါတယ်။

မန္တလေးက ဦးမြင့်သူနဲ့ အဖွဲ့လမ်းပြ ဦးရာဂျူးတို့ဟာ ခရီးစဉ်အစအဆုံး အတူသွားအတူလာအတူစားခဲ့ကြသလို တောင်တက်ခရီးတွေမှာ ဦးရာဂျူးက ဦးမြင့်သူကို တွဲခေါ်ခဲ့ပါတယ်။ အခုလို ခရီးစဉ်အပြီး လမ်းခွဲကြရတော့မယ် ဆိုတော့ ဦးရာဂျူးက ဦးမြင့်သူပခုံးကို ဖက်ပြီး ဝမ်းနည်းပက်လက် ငိုရှာပါတယ်။ သူတို့ နှစ်ယောက်တိုကြည့်ပြီး အနားက လူတွေက ဝိုင်းရယ်ကြပေမယ့် မရယ်နိုင်တာက ကျွန်တော်ပါ။

ကျွန်တော်တို့အားလုံးဟာ သံသရာခရီးသွားတွေပါ။ လူ့လောကကို ခဏတစ်ဖြုတ်ရောက်လာတဲ့ ဧည့်သည်တွေ ဖြစ်ပါတယ်။ အချိန်တန်ရင် ကံအထုပ်ကိုယ်စီထမ်းလို့ သူ့လမ်းသူသွား၊ ကိုယ့်လမ်းကိုယ်သွားကြရမယ့်သူချည်းပါပဲ။ ခဏတာတွေ့ကြတာတောင် ဒီလောက်သံယောဇဉ်တွယ်မိတယ်ဆိုရင် နှစ်ရှည်လများ အတူပေါင်းသင်းခဲ့ကြတဲ့မိသားစုတွေအပေါ် တွယ်တာမှုက ပိုပြီးကြီးကြပါတယ်။ အစုန်လမ်းကိုဆွဲချမယ့် ဒီတွယ်တာမှုတွေကို အချိန်ကျရင် ငါကော ဖြတ်နိုင်ပါ့မလားလို့ တွေးပြီး ရင်မောမိပါတယ်။ တစ်ဆက်တည်းမှာပဲ အဆိုအမိန့်လေးတစ်ခုကိုလည်း သတိရလိုက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com

- *သင်မွေးဖွားတုန်းက သင်ငိုနေတာကိုကြည့်ပြီး အနားကလူတွေက ရယ်မောကြတယ်။*
- *သင်သေခါနီးမှာ အနားကလူတွေ ငိုနေတာကိုကြည့်ပြီး သင်ရယ်နိုင်ပါစေ။*

နေ့လယ် လေဆိပ်ဆင်းကြရမှာမို့ ဂယာမြန်မာကျောင်းက နေ့လယ်စာကို (၁၀) နာရီခွဲလောက်မှာ ကျွေးပါတယ်။ ဂယာလေဆိပ်မှာ လုပ်ဆောင်စရာရှိတာတွေလုပ်ဆောင်ပြီး လေယာဉ်ပေါ်တက်ဖို့ စောင့်ဆိုင်းနေတုန်း နံရံတစ်နေရာမှာ ကပ်ထားတဲ့ စာတန်းတစ်ခုဆီ မျက်စိရောက်သွားပါတယ်။

- *Be True to - Self, Family, Organisation, Country.*
- *မိမိကိုယ်အပေါ်၊ မိသားစုအပေါ်၊ အဖွဲ့အစည်းအပေါ်၊ နိုင်ငံအပေါ် သစ္စာရှိပါ။*

'သစ္စာရှိပါ' ဆိုတာကို 'တာဝန်သိပါ' လို့လည်းပြောလို့ရတာမို့ အားလုံးအပေါ်မှာ သစ္စာရှိရှိ တာဝန်သိသိ ပြုမူပြောဆိုလုပ်ဆောင်ကြရင် ဘဝဟာ အင်မတန်မှ ငြိမ်းချမ်းသာယာမှာ အမှန်ပဲဖြစ်ပါတယ်။

မန္တလေးလေဆိပ်ကို ညနေ (၄) နာရီလောက်မှာရောက်တော့ မန္တလေးမှာဆင်းမယ့်အဖွဲ့သားတွေနဲ့ ရန်ကုန်ခရီးဆက်မယ့်သူတွေ အပြန်အလှန် နှုတ်ခွန်းဆက်သံတွေဟာ လေယာဉ်တစ်စီးလုံး ဆူညံသွားပါတယ်။ အသွားတုန်းက မန္တလေးလေဆိပ်မှာဆင်းပြီး နားကြရပေမယ့် အခုအပြန်ကျတော့ ဘာကြောင့်မှန်းမသိ အောက်မဆင်းရဘဲ လေယာဉ်ပေါ်မှာပဲ စောင့်ဆိုင်းနေကြရပါတယ်။ ည(၆)နာရီခွဲလောက်မှာ ရန်ကုန် မင်္ဂလာဒုံလေဆိပ်ကို ရောက်ပါတယ်။

ဒီမှာပဲ ကျွန်တော်တို့ရဲ့ 'မဟာလူသား ပွင့်ထွန်းတော်မူရာ မြေမြတ်မဟာ' ဆီသို့ ဘုရားဖူးခရီးစဉ် ပြီးဆုံးပြီဖြစ်ပါတယ်။

**ဗုဒ္ဓဂယာဘုရားဖူးများအတွက် အကြံပြုချက်**

ကျွန်တော့် ပထမဆုံးဆောင်းပါးမှာ ရေးထားသလိုပါပဲ။ ဗုဒ္ဓဘာသာဝင်မှန်ရင် ဗုဒ္ဓဂယာကို ဘုရားဖူးသွားရောက်စေချင်တဲ့ စေတနာနဲ့ ရေးသားခြင်း ဖြစ်ပါတယ်။ ဘုရားရှင်ရဲ့ ဖြစ်တော်စဉ်နဲ့ ဆက်စပ်နေတဲ့ နေရာဌာနတွေကို ဖူးမြော်ရတာ ကြည်နူးလွန်းလို့ အခေါက်ခေါက်အခါခါ သွားရောက်ခဲ့သူတွေ၊ ထပ်သွားဦးမယ့်သူတွေရှိသလို ကိုယ်ပင်ပန်း စိတ်ဆင်းရဲလွန်းလို့ တစ်ခေါက်သွားမိတာကိုတောင် နောင်တရနေသူတွေလည်းရှိပါရဲ့။


အခုအချိန်မှာ ဗုဒ္ဓဂယာဘုရားဖူးသွားခဲ့သူတွေ အတော်များနေပြီဖြစ်လို့ သူတို့သွားခဲ့တဲ့ အတွေ့အကြုံကို မေးမြန်းစုံစမ်းပါ။ ရက်ရှည်ခရီးဖြစ်လို့ အစစအရာရာ ကြိုတင်ပြင်ဆင်ပြီးမှ သွားသင့်ပါတယ်။ အရေးအကြီးဆုံးက ဘုရားဖူးအဖွဲ့နဲ့သွားရင် အဖွဲ့တွေရဲ့ ဝန်ဆောင်မှုကို သေချာစုံစမ်းပါ။ ကုသိုလ်ပြုလုပ်ငန်းအမည်တပ်ထားပြီး ခေတ်စကားနဲ့ပြောရင် 'ရိုက်စား'လုပ်တဲ့အဖွဲ့တွေရှိလို့ပါ။ (ရန်ကုန်မှာ ဘုရားဖူးအဖွဲ့ပေါင်း ခြောက်ဆယ်ကျော်တယ်လို့ သိရပါတယ်။)

က။ ဗုဒ္ဓဂယာ ဘုရားဖူးသွားဖို့ အကောင်းဆုံးအချိန်ဟာ အောက်တိုဘာ၊ နိုဝင်ဘာနဲ့ ဖေဖော်ဝါရီ၊ မတ်လတွေ ဖြစ်ပါတယ်။ ဒီဇင်ဘာ၊ ဇန်နဝါရီလတွေဆိုရင် ချမ်းအေးလွန်းလို့ တချို့ ဖျားနာပြီး ပြန်လာကြရပါတယ်။ ဘုရားရှင် ဖွားတော်မူတဲ့ လုမ္ဗနီဥယျာဉ်ဟာ တစ်နှစ်ပတ်လုံးရေခဲနေတဲ့ဟိမဝန္တာတောင်ခြေက နီပေါနိုင်ငံမှာရှိပါတယ်။

ခ။ သာမန်အနေနဲ့ သံဝေဇနိယလေးဌာနရောက်တဲ့ ခုနစ်ရက်ခရီးစဉ်ကို မပင်မပန်းဘဲ သက်သက်သာသာသွားနိုင်ပါတယ်။

နှစ်ပတ်ကြာပြီး နယူးဒေလီအထိရောက်တဲ့ခရီးစဉ်ကိုတော့ ကျန်းမာရေးမကောင်းသူတွေနဲ့ သက်ကြီးရွယ်အိုတွေမသွားသင့်ပါ။ ခရီးရှည်လို့ ပင်ပန်းလွန်းပါတယ်။

ဂ။ ဘုရားဖူးအဖွဲ့နဲ့သွားရင် ခရီးစဉ်နဲ့ အဖွဲ့ဝင်ဦးရေကို အသေအချာမေးပါ။ ခရီးစဉ်တစ်ခေါက်ကို လူသုံးဆယ်လောက်နဲ့သွားရရင်အဆင်ပြေပါတယ်၊ တချို့ဆိုရင် လူငါးဆယ်စီပါတဲ့ နှစ်ဖွဲ့ကို ဂယာရောက်တဲ့အခါ တပေါင်းတည်း မနိုင်မနင်းနဲ့ လွှတ်တတ်ပါတယ်။ အဲဒီ



သတ္တပဏ္ဏိကျောက်လိုဏ်ဂူထက်တစ်နေရာမှ စာရေးသူ


ဝေဘာရတောင်ခြေရေပူစမ်းမှ တောင်တက်လမ်းအစ



www.burmeseclassic.com

www.burmeseclassic.com








ယနေ့အထိ ထင်ကျန်ရစ်နေသော ကျောက်လှည်းဘီးရာ

အခါ တည်းခိုနေထိုင် စားသောက်ရေးတွေမှာ အခက်အခဲဖြစ်ကြရပါတယ်။ ငွေကြေးတတ်နိုင်လို့ မိသားစုနဲ့ မိတ်ဆွေတွေ စုပေါင်းပြီး သီးသန့်ခရီးစဉ်အနေနဲ့ သွားနိုင်ရင်တော့ အကောင်းဆုံးပါပဲ။

ဃ။ အစားအသောက် (ငါးခြောက်ငါးခြမ်း၊ ငါးပိကြော်၊ ကော်ဖီမစ်တာတွေ) နဲ့ လိုအပ်မယ့် ဆေးဝါးတွေ အပြည့်အစုံယူသွားဖို့လိုပါတယ်။ အိန္ဒိယမှာက ပိုက်ဆံရှိတိုင်း လိုချင်တာဝယ်လို့ ရတဲ့ အခက်အခဲရှိပါတယ်။

င။ ဗုဒ္ဓဂယာဘုရားဖူးမသွားခင် ဘုရားဖြစ်တော်စဉ်(ဗုဒ္ဓဝင်)နဲ့ ဗုဒ္ဓဂယာ အကြောင်း ရေးထားတဲ့ စာအုပ်စာတမ်းတွေ ကြိုတင် ဖတ်ရှုသွားသင့်ပါတယ်။ ဒါမှ ကိုယ်တိုင်ဖူးတွေ့ရတဲ့အခါ ပိုပြီး ကြည်ညိုသဒ္ဓါပွားရပါတယ်။

စ။ ကုသိုလ်လိုချင်လို့ ဘုရားဖူးသွားတာဖြစ်တဲ့အတွက် ဘယ်လိုအခက်အခဲမျိုးနဲ့ပဲတွေ့တွေ့ အကုသိုလ်မဖြစ်အောင်နေမယ်ဆိုတဲ့စိတ် (ယောနိသောမနသိကာရသဘော) ထားပြီး ရတနာမြတ်သုံးပါးဂုဏ်ကို အာရုံပြုသွားရင် အစစအရာရာ အဆင်ပြေ ချောမွေ့တယ်ဆိုတာ အသေအချာ ယုံကြည်စေချင်ပါတယ်။

**ဘုရားရှင်များသို့ ကျေးဇူးစကား**

- ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ် ဖိတ်ခေါ်ပေးတဲ့ မဟာတိုးဘုရားဖူးအဖွဲ့။
- ခရီးစဉ်တစ်လျှောက်လုံး ဆွေမျိုးသားချင်းများပမာ အစစအရာရာ ကူညီစောင့်ရှောက်ပေးခဲ့ကြတဲ့ ဘုရားဖူး အဖွဲ့ဝင် ဓမ္မမိတ်ဆွေများ။
- မဟာလူသား ပွင့်ထွန်းတော်မူ



www.burmeseclassic.com

www.burmeseclassic.com



နံနက်အချိန် ဗီယက်နမ်ဘုရားကျောင်းရှေ့တွင် တန်းစီနေသော အလှူခံများ



တွေ့ကြုံ ဆုံကွဲ ဝမ်းနည်းဝမ်းသာ ဖြစ်မြဲဓမ္မတာ



ဘောမသိရန်မခ ဘုရားဖူးက ပြန်လာရလို့ကျွန်တော်တို့ ပျော်ကြပါတယ်

ရာ မြေမြတ်မဟာ' အခန်းဆက် ဆောင်းပါးရှည်ကြီးကို လပေါင်းများစွာ ထည့်သွင်း ဖော်ပြပေးခဲ့တဲ့ သူရဇ္ဇမဂ္ဂဇင်း အယ်ဒီတာချုပ် ဆရာဦးအောင်မြတ်။

◆ အခန်းဆက် ဆောင်းပါးကို လစဉ် ဖတ်ရှုကြသော စာဖတ်ပရိသတ်နဲ့ အားပေးစကားပြောကြားခဲ့ကြတဲ့ မိတ်ဆွေများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း ရင်တွင်းမှ လှိုက်လှိုက်လှဲလှဲ ပြောကြားအပ်ပါတယ်။

### မှီငြမ်းစာအုပ်များ

ကျွန်တော် ဗုဒ္ဓဂယာ မသွားခင် ဗုဒ္ဓဂယာနဲ့ ပတ်သက်တဲ့ စာအုပ်တွေ လက်လှမ်းမီသလောက် ရှာဖွေ ဖတ်ရှုခဲ့ပါတယ်။ ဗုဒ္ဓဂယာရောက်တော့ စာအုပ် ဝယ်ဖြစ်သလို ပြန်လာတော့လည်း ထပ်ဝယ်ပါတယ်။ 'ကျမ်းကြည့်မခက်၊ ကျမ်းညှိခက်' ဆိုတာလို တစ်အုပ်နဲ့ တစ်အုပ်ကွဲလွဲချက်တွေ အနည်းနဲ့အများရှိပါတယ်။ အဲဒီအချက်တွေကို ဆက်စပ်ညှိနှိုင်းပြီး ကျွန်တော်ကိုယ်တွေ့ အတွေ့အကြုံနဲ့ ပေါင်းစပ် ရေးသားထားခြင်း ဖြစ်ပါတယ်။

၁။ 'မြတ်ဘုရား ပွင့်တော်မူရာ ဗုဒ္ဓဂယာ'၊ မောင်အံ့ (မဟာဝိဇ္ဇာ - ဘုံဘေ)၊ သာသနာရေးဦးစီးဌာန၊ ၁၉၈၁၊ ဇန်နဝါရီ။

၂။ 'လုမ္ဗိနီ'၊ မောင်သံငြိမ်း၊ ယုံကြည်ချက်စာပေ၊ ၁၉၉၂၊ ဒီဇင်ဘာ။

၃။ 'မဇ္ဈိမဒေသခရီး'၊ တောမှီရဟန်း၊ တောင်ကလေး ဓမ္မစာပေတိုက်၊ ၂၀၀၀၊ ဒီဇင်ဘာ၊ ဒုတိယအကြိမ်။

၄။ 'မြတ်ရှင်ဗုဒ္ဓ၏ ဓမ္မအမွေ၊ သစ္စာလေးပါး မွေးဖွားရာ ဝသုန္ဓြေနှင့် အတိတ်ပန်းချီကားပေါ်က သခါရဆေးစက်များ'၊ မြသန်းစံ၊ အပ္ပမာဒ ဓမ္မရသစာပေတိုက်၊ ၂၀၀၆၊ စက်တင်ဘာ။

၅။ 'မဇ္ဈိမဒေသ မြို့ရွာများမှ သမိုင်းရုပ်ကြွင်းပုံရိပ်လွှာများ'၊ ဆရာတော် ဦးဩဘာသ (သာဝတ္ထိ မြန်မာကျောင်း-အိန္ဒိယ)၊ ၂၀၀၆ ခုနှစ်၊ ဒုတိယအကြိမ်။

၆။ 'ဗုဒ္ဓဘာသာဝင်တို့၏ ဖူးမြော်ရာ ရှစ်ဌာန'၊စန္ဒြသေနဗော်ဒ္ဓ၊ Shanti Swaroop Bauddh (New Delhi, India) ၂၀၀၇၊ ဖေဖော်ဝါရီ။

၇။ 'ဝေသာလီသို့ သွားရအောင်'၊ တောမှီရဟန်း၊ ဇင်ရတနာစာပေ၊ ၂၀၁၀၊ ဧပြီ။

၈။ 'ဗုဒ္ဓ၏ ခြေဖဝါးတော်နောက်မှ ထက်ကြပ်မကွာ (သံဝေဇနီယ လေးဌာန ဘုရားဖူးခရီးသွားလမ်းညွှန်)၊ ဟိန်းလတ်-မြန်မာပြန်၊ ငွေသော်တာစာအုပ်တိုက်။ (မူရင်းစာအုပ်- Walking with the Bauddha - Buddhist Pilgrimages in India)

၉။ 'ဗုဒ္ဓဂယာ သံဝေဇနီယလေးဌာန (အိန္ဒိယ - နီပေါ) ဘုရားဖူးလမ်းညွှန်'၊ မဟာတိုးဘုရားဖူးအဖွဲ့က စီစဉ်၊ သာသနာရေးဦးစီးဌာနက ထုတ်ဝေသည်။

◆ ဗုဒ္ဓဂယာ ဘုရားဖူးများအနေနဲ့ အမှတ်စဉ် (၇) ဆရာဟိန်းလတ်ရဲ့ ဘာသာပြန်စာအုပ်ငယ်ကို ဆောင်သွားရုံနဲ့ လုံလောက်ပါတယ်။

(ရက်စွဲ - ၃၀-၄-၂၀၁၃)

မောင်ပွင့်ဘုန်း (မောရ)

www.burmeseclassic.com

www.burmeseclassic.com



ပထိုက်တွန်း(ကျောက်မြောင်း)

# ရွတ်ပါမှန်မှန် ဂါထာပြန်

ဝေဒါသာကု၊ ကုသာဒါဝေ
ဒါယသာဒ၊ ဒသာယဒါ
သာသာဒိကု၊ ကုဒိသာသာ
ကုဒကုဘု၊ ဘုကုဒကု။

ဤဂါထာကို ရွတ်ဖတ်ရာ၌ သာမန်ရိုးရိုးအစဉ် (အနုလုံ) အတိုင်း ရွတ်ဖတ်ရသောဂါထာမျိုး မဟုတ်ပါ။ ဂါထာပထမပိုဒ် အက္ခရာရှစ်လုံး 'ဝေဒါသာကု၊ ကုသာဒါဝေ' ဟု ရှိရာ 'ဝေဒါသာကု' အက္ခရာလေးလုံးကို 'ကုသာဒါဝေ' ဟူ၍ ကက်ကင်းမာတ်သဘောအပြန် (ပဋိလုံ) အတိုင်း ရွတ်ရသော ဂါထာမျိုး ဖြစ်ပါသည်။ ထို့အတူ ဂါထာ၏ ဒုတိယပိုဒ်၊ တတိယပိုဒ်နှင့် စတုတ္ထပိုဒ်တို့တွင်လည်း အနုလုံအက္ခရာလေးကို အထက်ဖော်ပြပါ ပထမပိုဒ်၌ ရွတ်ဖတ်ပုံအတိုင်းပြန်၍ (ပဋိလုံ) ရွတ်ဖတ်ရသောကြောင့် 'ဂါထာပြန်' ဟု ရှေးပညာရှင်များ အမည်ပေးထားဟန်ရှိပါသည်။

ဤ၌ ဂါထာ ဟူသည်မှာ 'ဂါယိတဗ္ဗန္တိဂါထာ' ဝိဂြိုဟ် ဖွင့်ဆိုချက်အရ 'ရွတ်ဆိုသင့် ရွတ်ဆိုထိုက် ရွတ်ဖတ်သရဇ္ဈာယ်အပ်သောကြောင့် ဂါထာ ဟူ၍အဓိပ္ပာယ်ဖွင့်ဆိုကြပါသည်။ ဂါထာဖွဲ့ဆို စီကုံးပုံအမျိုးမျိုးရှိရာတွင် ဤဂါထာဖွဲ့နွဲ့စီကုံးထားပုံမှာ 'အက္ခရာရှစ်လုံးလျှင် တစ်ပိုဒ်၊ လေးပိုဒ်လျှင် တစ်ဂါထာ' ဟူသော စည်းကမ်းဥပဒေသအတိုင်း အက္ခရာသုံးဆယ့်နှစ်လုံးဖြင့် ဖွဲ့နွဲ့စီကုံးထားသော ဂါထာမျိုးအဖြစ် တွေ့ရပါသည်။

မိမိတို့ ရွတ်ဖတ်သရဇ္ဈာယ်ကြရာ၌ 'ဂါထာ၊ မန္တန်၊ မန္တရား' ဟု ခွဲခြားသိရှိထားရန်လည်း လိုအပ်ပါသည်။ ဂါထာ၊ မန္တန်၊ မန္တရား ခွဲခြားထားပုံကို လေ့လာကြည့်လျှင် 'ဥုံရှေ့ကခံ မန္တန်၊ သြောင်းရှေ့ကထား မန္တရား၊ ဥုံ-သြောင်းမပါမှတ်ဂါထာ' ဟူ၍ ခွဲခြားသတ်မှတ်ထားသည်ကိုလည်း တွေ့ရှိရပါသည်။ အဓိပ္ပာယ်မှာ ဥုံရှေ့ကခံ၍ ရွတ်ဖတ်မန်းမှုတ်ရလျှင် မန္တန်၊ သြောင်း-ကိုရှေ့ကထား၍ ရွတ်ဖတ်မန်းမှုတ်ရလျှင် 'မန္တရား'၊ ဥုံကိုလည်း ရှေ့က မခံ၊ သြောင်းကိုလည်း ရှေ့က မထားဘဲ ရွတ်ဖတ်မန်းမှုတ်စုတ်ရလျှင် 'ဂါထာ' ဟူ၍ ရှေးက ပညာရှင်ကြီးများ သတ်မှတ်ခွဲခြားစီရင်ထုံးထားခဲ့သည်ကို လည်း အထူးသတိမူသင့်သည်ဟု ယူဆမိသည်။ ထို့ပြင် အခြား သတိထားနှလုံးသွင်းသင့်သည့် အချက်အလက်များလည်း ရှိပါသေးသည်။

'အက္ခရာဇကမေကဉ္စ ဗုဒ္ဓရူပ သမံသိယာ' ဟူသော ပါဠိစကားအရ ဗုဒ္ဓဘာသာ ကိုးကွယ်ယုံကြည်ထားသူများအဖို့ ဗုဒ္ဓပိဋကတ်တော်လာ အက္ခရာတစ်လုံးတစ်လုံးတို့သည်လည်း ဘုရားရှင်တစ်ဆူတစ်ဆူနှင့် တူကြသည် ဟူ၍လည်း အာရုံယူ ရွတ်ဖတ်မန်းမှုတ်ဂါထာစုတ်သင့်ပါသည်။ မန္တန်၊ မန္တရားကိုလည်း မန်းမှုတ်သင့်ပါသည်။ ဂါထာမန္တန်၊ မန္တရားတို့သည်လည်း ပိဋကတ်တော်လာ စာပေအက္ခရာတို့ဖြင့် စီကုံးဖွဲ့ဆိုထားရာ အက္ခရာတို့က ဗုဒ္ဓ၏သစ္စာဓမ္မတို့ကို ဗုဒ္ဓကိုယ်စား ထွန်းပြထားခြင်းကြောင့် အက္ခရာတစ်လုံး ဘုရားတစ်ဆူထုံးကို နှလုံးမူ၍ မိမိတို့၏ ကုသိုလ်ဇောစိတ်အာရုံတွင် ဆန္ဒာဓိပတိစသော စိတ်တန်ခိုးဖြင့် သိဒ္ဓိတင် ရွတ်ဖတ်မန်းမှုတ် သရဇ္ဈာယ်သင့်ပါသည်။ အဓိပတိတပ်သော စိတ်ဆန္ဒစသည်ဖြင့် ရွတ်ဖတ် မန်းမှုတ်သော ဂါထာ၊ မန္တန်၊ မန္တရား၏ အစွမ်းသတ္တိများ သာမန် ရွတ်ဖတ်မန်းမှုတ်သည်ထက် အကျိုးပေး ထက်သန်ပြီး သိဒ္ဓိ၊ မဟိဒ္ဓိ၊ ဣဒ္ဓိတိုင်အောင် ထမြောက်အောင်မြင်နိုင်မည် ဖြစ်ပါသည်။ မိမိတို့ မှန်မှန်ရွတ်ဖတ်သော ဂါထာ၊ မန္တန်၊ မန္တရားတို့၏ ဆိုလိုရင်း သဘောအဓိပ္ပာယ်ကိုလည်း ရှင်းလင်းပြတ်သားစွာ သဘောပေါက်နားလည်ထားရန် လိုပါသည်။

ဤ၌ ရွတ်ပါမှန်မှန် ဂါထာပြန်၏ အကျိုးပေးထက်သန်ပုံကို မတင်ပြမီ 'သိဒ္ဓိ၊ မဟိဒ္ဓိ၊ ဣဒ္ဓိ' ဟူသော စကားလုံးဝေါဟာရများ၏ သဘောအဓိပ္ပာယ်ကို အနည်းငယ် တင်ပြလိုပါသေးသည်။ 'ကုသိုလ်အစ သီလက' ဟု ဆိုသော အဆုံးအမစကားအတိုင်း မိမိတို့၏ ခန္ဓာအစဉ်၌ ယုံကြည် အားကိုးထိုက်သော အနည်းဆုံး ငါးပါးသီလ စသည်ကို အရင်းအနှီးလုပ်၍ အကျင့် (စရဏ) တစ်ခုခုကို ဥပမာ ဘုရားဂုဏ်တော် (၉) ပါးကို (၉) ပတ်စေ့အောင် နေ့စဉ်နေ့တိုင်း အချိန်မှန်မှန် ပုတီးစိပ်မည်။ သမ္ဗုဒ္ဓေဂါထာကို အိပ်ရာထ၊ အိပ်ရာဝင်မှာ နေ့စဉ်နေ့တိုင်း (၉) ခေါက်စီ မပျက်မကွက် မှန်မှန် ရွတ်ဖတ်သရဇ္ဈာယ်မည် စသည်ဖြင့် ရည်ရွယ်ထားသည့်အတိုင်း ပြီးမြောက်အောင် ဆောင်ရွက်လိုက်ရခြင်း (ကာယကံ၊ဝစီကံ၊မနောကံ) အလုပ်ကိစ္စသုံးမျိုး ပြီးစီးထမြောက် အောင်မြင်ခြင်းသည် ကမ္မပထမြောက်သော 'သိဒ္ဓိ' သဘောပင် ဖြစ်ပါသည်။ ထိုသို့ပင် 'မဟိဒ္ဓိ' ဟူသော တန်ခိုးအာနုဘော်သည်လည်း 'သိဒ္ဓိ' ဟူသော အကြောင်း (ပစ္စည်း) ဆက်ကြောင့် ဖြစ်ပေါ်လာရသော အကျိုးဆက် 'မဟိဒ္ဓိ' တန်ခိုးပင် ဖြစ်ပါသည်။ ဤသို့ဖြင့် 'သိဒ္ဓိ' သည်လည်းကောင်း၊ 'မဟိဒ္ဓိ' သည် လည်းကောင်း မိမိတို့၏ သက်ဆိုင်ရာ အကျင့် (စရဏ) တို့ကို မိမိတို့၏ရည်ရွယ်ချက်၊ ယုံကြည်ချက်ရှိသည့်အတိုင်း စိတ်ထဲအာရုံထဲ ထုံစွဲမြဲမြံအောင် ကျင့်ကြံအားထုတ် လုပ်ယူရသောအရာသာ ဖြစ်ပါသည်။ ထို့အတူ ဣဒ္ဓိ (ဣဒ္ဓိပါဒ်) သည်လည်း သိဒ္ဓိ၊ မဟိဒ္ဓိတို့၏ ရင့်ကျက်ထက်သန်မှုအပေါ် အခြေခံ၍ ဣဒ္ဓိအမျိုးမျိုး ဖြစ်ပေါ်လာရခြင်း ဖြစ်ပါသည်။ ဤဣဒ္ဓိသည် သိဒ္ဓိ၊ မဟိဒ္ဓိတို့ထက် အကျိုးပေး ကြီးကျယ်ထက်သန်လေသည်။ ဣဒ္ဓိ(ဣဒ္ဓိပါဒ်)တန်ခိုး အမျိုးမျိုးရှိရာတွင် လောကီဣဒ္ဓိနှင့် လောကုတ္တရာဣဒ္ဓိဟူ၍ ပေါင်းစပ်ပါဝင်လျက်ရှိကြပါသည်။

ဤ၌ ရွတ်ပါမှန်မှန်ဂါထာပြန်၏ အကြောင်းကို ဆက်လက်တင်ပြပါမည်။ ဤဂါထာပြန်၏အနက်သဘောအဓိပ္ပာယ်ကိုလည်း သဘောပေါက်နားလည်ထား

www.burmeseclassic.com

www.burmeseclassic.com

ရန်လိုပါသည်။

**ဂါထာပြန်၏အနက်အဓိပ္ပာယ်**

**ဝေ-** ရန်သူတို့သည်၊ **ဒါ-**ဝေးသော အရပ်သို့၊ **သာ-** လျင်မြန်စွာ၊ **ကု-** ပြေးစေကုန်သတည်း၊ **ကု-** မကောင်းသာသူတို့သည်၊ **သာ-** မိမိအလိုလို၊ **ဒါ-** အကြံအစည်ပျက်သောအားဖြင့်၊ **ဝေ-** ပျောက်စေကုန်သတည်း။

**ဒါ-** ဒါနစေတနာကြောင့်၊ **ယသာ-** အခြံအရံအကျော်အစောတို့သည်၊ **ဒ-** ပွားစေသတည်း၊ **ဒသာ-** ဆယ်ပါးသော ရန်သူတို့သည်၊ **ယ -** ကုသိုလ်ဆယ်ပါး တန်ခိုးအားကြောင့်၊ **ဒါ -** ပျောက်စေကုန်သတည်း။

**သာသာ-** မက်မောခြင်းဖြစ်သော သူတို့နှင့်၊ **ဓိ-** ရှည်မြင့်စွာ၊ **ကု-** မပေါင်းဖော်ရသည် ဖြစ်စေကုန်သတည်း၊ **ကုဓိ-** အမျက်ဒေါသကြီးသောသူတို့ကို၊ **သာသာ -** ဆုံးမဩဝါဒပေးသဖြင့်သာလျှင် အောင်စေသတည်း။

**ကု -** သူတော်ကောင်းတို့နှင့်၊ **ဒ-** မပြတ်၊ **ဘ -** ဖြစ်လေရာသံသရာ ဘဝအဆက်ဆက်၌၊ **ကု -** ပေါင်းဖော်ခြင်းကို ပြုရစေသတည်း၊ **ကု -** စက်ဆုပ်ရွံရှာ မကောင်းစွာသောသူတို့နှင့်၊ **ဘ-** ဖြစ်လေရာရာအရပ်၌၊ **ဒ -** အခါခပ်သိမ်း၊ **ကု -** မတွေ့ရသည် ဖြစ်စေသတည်း။

ရှေးက ပညာရှင်ကြီးများ ဤဂါထာပြန်ကို အရာဌာနအမှုကိစ္စအလိုက် အစီအရင်ပြုလုပ် သုံးစွဲခဲ့ကြပါသည်။ သုံးစွဲခဲ့ပုံ အကျိုးအာနိသင် အစီအရင်ညွှန်းဆိုချက်များကို တင်ပြလိုက်ပါသည်။

**ဂါထာပြန်အသုံးပြုပုံ**

၁။ ဤဂါထာကို မခြားနေ့ည တစ်လမြောက်အောင် ကိုးကွယ်ဆောင်မူ ကြီးခေါင်အာဏာ၊ ပညာလျင်လျား၊ စွမ်းပကားနှင့် ခွန်အားကြီးလှ နန္ဒိယမင်းအဆင်းတူစွာ။

၂။ သွားလေရာရာ အရပ်မျက်နှာကို မကွာလှည့်ထွေ၊ ရွတ်ထပေသော်၊ ဝေးလေရှောင်ရှား တောသားဆင်မြင်း၊ ခပင်းအားလုံး၊ ပြေးပုန်းရှောင်လစ်။

၃။ ကျောက်စရစ်ကို ရှစ်လုံး ဆို၏။ ရွတ်ဆို ခုနစ်အုပ်၊ မြုပ်လေ ရှစ်မျက်နှာ ရောဂါဘယ၊ ကင်းထ အန္တရာယ်။

၄။ တစ်သွယ်အိမ်မှာ လေးမျက်နှာကို မြုပ်ပါလေမူ၊ ခိုးသူမဝင် အောင်မြင်စေတတ်။

၅။ ခေါင်းလေးချပ်ကို၊ တစ်ချပ်ခုနစ်အုပ်၊ စုတ်လေဖြောင့်ဖြောင့်၊ အိမ်လေးထောင့်ကို၊ မကြောင့်မကြ၊ ပစ်လေရမူ၊ ရန်သူကြီးလှ၊ မချဉ်းရတဲ့။

၆။ ထိုမှတစ်တန် မြွေကိုက်ပြန်သော်၊ တစ်ဖန် ရေကို၊ စုတ်ဆိုခုနစ်အုပ်၊ မန်းမှုတ်သောက်က၊ အဆိပ်ကျ၏။

၇။ ထိုမှတစ်သွယ် သက်ငယ်ခုနစ်ချောင်း၊ တစ်ချောင်း ခုနစ်စုတ်၊ စုတ်၍နတ်ဝင် သစ်ပင်တင်လေ၊ မဖမ်းလေတည့်။

၈။ မှတ်လေတစ်ခါ၊ နံ့သာဆီရေ မန်းမှုတ်လေ၍၊ လိမ်းထွေကိုယ်မှာ ပြုရပါမူ၊ ကိုယ်မှာကျက်သရေတက်ပေသည်ပင်။

၉။ သဲကိုလျှင်မူ၊ ဝန်းကျင်နေရာ၊ မန်းပါအဟုတ်၊ ခုနစ်အုပ်လျှင် ပြုရာတွင်မူ ရန်သူဟူသမျှ၊ တုပ်ကွပေလာ။

၁၀။ ဤဂါထာကို မှန်စွာလက်ဖွဲ့၊ တစ်ဆယ့်ရှစ်အုပ်၊ စုတ်၍ဆောင်လျှင်၊ မင်းပင်ချစ်ပေ။

၁၁။ လက်လုပ်လေလည်း၊ ဆောင်လေမှန်ငြိုး၊ စပါးသူထက်၊ တိုးတက်ရငြိုး၊ အိမ်၌ထားသော်၊ စီးပွားချမ်းသာ၊ သက်တစ်ရာလျှင် ရှည်ကြာအမြဲ။

၁၂။ မျိုးပဲစပါး၊ စသည်များကို၊ ဖွားဖွား ရွက်ဖျန်း၊ မန်းခုနစ်အုပ်၊ လုပ်သည့်စပါး သူထက်များ၏။

၁၃။ တခြားတစ်ဖန် ဂါထာပြန်ကို၊ အမှန်မကွာ၊ မခြားမြတ်နိုး၊ ကိုးကွယ်၍ပင်၊ နေရလျှင်မူ၊ ရန်သူကင်းဝေး၊ လေးနှင့်သေနတ်၊ မှတ်လောအမြောက်၊ မရောက်နိုင်ငြား၊ ဖယ်ရှောင်ရှား၏။

၁၄။ အစားကွမ်းမှာ၊ မန်းရပါမူ၊ ထုံးမှာမဖောက်၊ သဗ္ဗသျှိုးသို့ အပြီးရောက်၏။

၁၅။ ထိုနောက် သဗ္ဗဆောင်သမျှကို၊ မန်းရပါမူ မကောင်းသည်းပျောက်၊ အကျိုးရောက်၏။

၁၆။ ထို့နောက် တခြားဆေးဝါးတိုက်လျှင်၊ မန်းမှုတ်ချင်မူ၊ ထက်ခွင်သိကြား၊ ပေးသော်လားသို့ ဆေးဝါးလည်းထက်။

၁၇။ တစ်ချက်ရေမှာ၊ ချိုးသောခါမူ၊ မန်းပါ ခုနစ်ခါ၊ ထိုင်ကာချိုးလေ၊ ပျောက်ပေရောဂါ၊ တစ်နည်းမှာလည်း၊ မှန်စွာသွန်းလေ၊ အထွေထွေလျှင်၊ သင့်လေချင်၏။

၁၈။ ထိုပြင်တခြား အရောင်များကို၊ မှတ်သားတိုင်မှာ၊ ကပ်ပါလေးထောင့် အမှောင့်စုံပင်၊ မဝင်နိုင်တည့်၊ ကြီးခိုင်တည်လောက်၊ မြင့်မောက်ဂါထာ မှန်စွာအဟုတ်၊ ခုနစ်အုပ်စီ၊ ပီပီသသ၊ မန်းမှုတ်ရသော်၊ တန်ခိုးပေါ်သည်၊ ကောင်းကျော်ဂါထာပြန်၏အကျိုးတည်း။

ရှေးပညာရှင်ကြီးများသည် ဤဂါထာပြန်ကို အင်းအိုင်ချ၍ လည်းကောင်း၊ လက်ဖွဲ့ထိုး၍ အဆောင်အဖြစ်လည်းကောင်း၊ ဘေးရန်အမျိုးမျိုးမှ ကာကွယ်ရန် လည်းကောင်း အချိန်မှန်မှန် အလေးဂရုပြု ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ကြပါသည်။ ဤဂါထာနှင့် ပတ်သက်၍ စာရေးသူ၏ ဓမ္မမိတ်ဆွေတစ်ဦးသည် ကျောင်းဘဝ၊ ရှင်သာမဏေဘဝမှစ၍ သူ့ဆရာတော် သင်ပေးထားသည့်အတိုင်း ရွက်ဖတ် သရဇ္ဈယ်လာခဲ့သည်မှာ ယခုအသက် (၇၂) နှစ်ထိ ရှိပြီဟုဆိုပါသည်။ အိပ်ရာထ၊ အိပ်ရာဝင် သွားတိုင်း၊ လာတိုင်း၊ သတိရတိုင်း ရန်ကင်းမာန်ကင်းဂါထာပြန် ရွတ်ဖတ်ခြင်းအကျိုးကျေးဇူးကြောင့် သူနေထိုင်ရာ အိမ်မှာ မီးဘေးအန္တရာယ်မှ သီသီကလေး လွတ်မြောက်ခဲ့ရကြောင်း ဖြစ်နိုင်သည်ဟု သုယုံကြည်လက်ခံထားသည့်အတိုင်း စာရေးသူအား ပြောပြပါသည်။ ယခုနှစ် ကျောက်ဖြူမြို့ရှိ ရပ်ကွက်များနှင့်စပ်လျက်ရှိသော ရပ်ကွက် တစ်ကွက်အား မီးလောင်ကျွမ်းခဲ့ရာ ဂါထာပြန်ကို မှန်မှန်ရွတ်ဖတ်သူ၏ နှစ်အိမ်ကျော်မှာ မီးညွှန့်ကျိုး မီးငြိမ်းသွားသည်ဟု ဆိုပါသည်။ စာရေးသူလည်း ဤဂါထာကို ဘုန်းကြီးကျောင်းသားဘဝက ဘုရားရှိခိုးစာအုပ်ထဲမှာတွေ့၍ ကျက်မှတ်ဖူးပါသည်။ သို့သော် ဂါထာပြန်ကို အစီအမံအတိုင်း ရွတ်ဖတ်မရနိုင်တော့ပါ။

ယခု ဓမ္မမိတ်ဆွေနှင့် တွေ့ရှိ၍ စကားလက်ဆုံကျ ဆွေးနွေးပြောဆိုကြရာမှ အကြောင်းတိုက်ဆိုင်၍ 'ရွက်ပါမှန်မှန် ဂါထာပြန်' အကြောင်းကို စိတ်ပါဝင်စားသူပရိသတ်များ ဗဟုသုတပွားများစေရန် ရည်သန်၍ လည်းကောင်း ရှေးက ပညာရှင်ကြီးများ၏ စာပေလက်ရာများ တိမ်ကောပျောက်ကွယ်မသွားရန် လည်းကောင်း ရည်သန်၍ စေတနာကောင်းဖြင့် တင်ပြဖော်ထုတ်လိုက်ပါသည်။

*ဂါထာပြန်ကို ရွတ်ဖတ်ခြင်းဖြင့် ဥပဒ်ရန်ဘေး ကင်းစင်ဝေးကြပါစေ။*

ဝတီထွန်း (ကျောက်ဖြူ)



www.burmeseclassic.com

www.burmeseclassic.com

ဒုစောဟယျ

ယောဂေတာ်စိတ်ကောင်းဆရာတော်ကြီး၏ခေါင်းလက်ရာသည်

# လေးကျွန်းစကြာရပ်တော်မူဘုရားကြီး သမိုင်းမော်ကွန်း


**စိန်ရတုမွေးနေ့အမီ**

ဆရာတော်ကြီးဟာ သူ့ရဲ့စိန်ရတု မွေးနေ့အမီ လေးကျွန်းစကြာရပ်တော် မူဘုရားကြီးကို ပြီးအောင်တည်တော်မူ ချင်တယ်။ဘာကြောင့်လဲဆိုတော့ ဆရာ တော်ကြီးဟာ သူ့ရဲ့နောက်ဆုံးအချိန်ကို ကြိုတင်သိရှိနေခဲ့လို့ပါပဲ။ ဒါကြောင့် ရပ်တော်မူဘုရားကြီး မြန်မြန်ပြီးနိုင်မယ့် နည်းလမ်းတွေကို အမြဲပဲ ကြံစည်စဉ်း စား နည်းလမ်းများ ရှာဖွေတော်မူခဲ့ပါ တယ်။

ရပ်တော်မူဘုရားကြီးကို အာစီ စနစ် (REINFORCE CONCRETE) နဲ့ တည်ဆောက်ခဲ့လို့ (၉) ထပ်အရောက် မှာ သံမဏိဖွဲ့ခွေစနစ် (STEEL STRU-CTURE)ကိုပြောင်းခဲ့ပြီး မြန်မာအင်ဂျင် နီယာ ဦးဝင်းသိန်းကို (၁၅) ထပ်အထိ တည်ဆောက်စေခဲ့ပါသည်။ ဒီနောက် တရုတ်အင်ဂျင်နီယာစွန်ကုန်းကို (၁၆) ထပ်က (၂၇) ထပ်အထိ တည်ဆောက် စေခဲ့ပါသည်။ ခေါင်းတော်ကြီးနဲ့ မျက်နှာ တော်ကြီးကို ပုံဖော်တည်ဆောက်ရာမှာ တော့ အင်ဂျင်နီယာဦးအောင်သန်းထွန်း နဲ့ ပညာရှင်ပေါင်းများစွာကို တာဝန်ပေး ခဲ့ပါတယ်။



ဘဇိတ (ပဓာနနာယကဆရာတော်)



လုံးတော်ပြည့်ငြမ်းဆင်ထားသော ရပ်တော်မူဘုရားကြီး
(အရှေ့ဘက်မြင်ကွင်း)



www.burmeseclassic.com

www.burmeseclassic.com



ငြမ်းဆင်ထားသော ခေါင်းတော်ကြီး



လုံးတော်ပြည့်ငြမ်းဆင်ထားသော ရပ်တော်မူဘုရားကြီး
(အနောက်ဘက်မြင်ကွင်း)

## ကြီးကြပ်ရေးမှူးခန့်လိုက်ပြီ

အဲဒီလို ပညာရှင်တွေနဲ့ တည်ဆောက်နေတဲ့အချိန် တစ်နေ့သောအခါမှာ ဆရာတော်ကြီးက ဦးသောဘိတကို ခေါ်ပြီး အခုလို မိန့်ခဲ့ပါတယ်။

"ငါ ဘုရားကြီးကို စိန်ရတုမွေးနေ့ပွဲအမီ ပြီးချင်တယ်။ (၄၅) ရက်မှ (၁)ကပ်ပြီးတယ်ဆိုတော့ နှေးလွန်းတယ်။ အနည်းဆုံး တစ်လတစ်ထပ်ပြီးအောင် ငါလုပ်ချင်တယ်။ အလုပ်သမားတွေကို ကြီးကြပ်ဖို့ မင်းကိုတာဝန်ပေးချင်တယ်။ ယူနိုင်မလား"

"ဆရာတော်ခိုင်းရင် တပည့်တော်လုပ်ပါ့မယ်ဘုရား"

လို့ ဦးသောဘိတက ဆရာတော်ကြီးကို ကတိပေးလိုက်တယ်။

ဦးသောဘိတဟာ လုပ်ငန်းခွင်ရောက်လို့ လေ့လာကြည့်ရတဲ့အခါမှာ ကျောက်သေးလောင်းဖို့အခင်းတွေ၊ တီတိုင်တွေ အလုံအလောက်မရှိဘူးဆိုတာတွေ့ရတယ်။ အခင်းတွေ၊ တီတိုင်တွေလုံလောက်မှ ကျောက်သေးမြန်မြန်လောင်းနိုင်မယ်ဆိုတာ သူသဘောပေါက်သွားတယ်။ ဒါကြောင့် ဆရာတော်ကြီးကို လျှောက်ပြီး အခင်းတွေ၊ တီတိုင်တွေကို လုံလောက်အောင် စုဆောင်းခဲ့တယ်။

## လူအမျိုးမျိုးစိတ်အထွေထွေ

ဦးသောဘိတဟာ ဆရာတော်ကြီးကို ကတိပေးထားခဲ့တဲ့အတိုင်း အလုပ်သမား (၄၀၀) ကျော်တို့ကို ကြီးကြပ်ပြီး လုပ်ငန်းတွင်ကျယ် ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ခဲ့တယ်၊ ဒါပေမယ့် လုပ်ငန်းခွင်မှာ စည်းပျက်ကမ်းပျက် အလုပ်သမားတွေကို တွေ့လာရတယ်။ အဲဒီအလုပ်သမားတွေကို ဦးသောဘိတဟာ စိတ်ရှည်ရှည်ထားပြီး သွင်သင်ဆုံးမတယ်၊ ပညာပေးတယ်၊ လိုက်နာပြုပြင်သူတွေရှိသလို မလိုက်နာမပြုပြင်သူတွေလည်း ရှိလာတယ်။

ဒီအခါမှာ ဦးသောဘိတဟာ အကြိမ်ကြိမ် ဆုံးမဩဝါဒပေးသော်လည်း မနာခံတဲ့သူတွေကို မလွှဲသာ မရှောင်သာဘဲ အလုပ်က ထုတ်ပစ်ရတယ်။ ပညာပေးလို့မရရင်၊ အပြစ်ပေးရဖြစ်တော့မယ်ဆိုတာ ဦးသောဘိတနားလည်သဘောပေါက်တယ်။ အဲဒီလိုလုပ်လိုက်တဲ့အတွက် အလုပ်သမားတွေကို ကြီးကြပ်အုပ်ချုပ်ရတာ တော်တော်အဆင်ပြေခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒါပေမယ့် -

**ကန်တော့ပွဲပိုက် ခြေတော်ဦးခိုက်**

စည်းကမ်းဖောက်လို့အလုပ်ထုတ်ခံရတဲ့အလုပ်သမားတွေဟာ ကန်တော့ပွဲပိုက်ပြီး ဆရာတော်ကြီးဆီကို ပြေးကြတယ်။ အမျိုးမျိုးတောင်းပန်စကားတွေဆိုကြတော့ မေတ္တာရှင်၊ ကရုဏာရှင် ဆရာတော်ကြီးဟာ တောင်းပန် ကန်တော့တာကို လက်ခံလိုက်တယ်။ ဒါနဲ့ အဲဒီအလုပ်သမားတွေဟာ လုပ်ငန်းခွင်ကို ပြန်ရောက်လာကြပြန်တယ်။

**ဦးတိုက်လျှောက်ထား**

ဆရာတော်ကြီးကို တောင်းပန်ကန်တော့လိုက်၊ လုပ်ငန်းခွင်ကို ပြန်ရောက်လာလိုက်၊ ဦးသောဘိတက အလုပ်က ထုတ်လိုက်၊ ဆရာတော်ကြီးဆီသွားပြီး တောင်းပန်ကန်တော့လိုက် သံသရာလည်လာတော့ ဦးသောဘိတဟာ အလုပ်သမား (၄၀၀) ကျော်တို့ကို ကြီးကြပ်အုပ်ချုပ်ရာမှာ အခက်အခဲတွေဖြစ်လာတယ်။ ဒီအတိုင်းသာဖြစ်နေရင်တော့ လုပ်ငန်းမြန်မြန်ပြီးဖို့နဲ့ အလုပ်သမားတွေ အုပ်ချုပ်ဖို့မလွယ်ဘူးဆိုတာ ဦးသောဘိတ တွေ့လာရတယ်။ ဒါနဲ့ နောက်ဆုံးမှာတော့ ဆရာတော်ကြီးဆီကိုသွားပြီး အခြေအနေအားလုံးကို ဦးတိုက်လျှောက်ထားခဲ့တယ်။

"ဆရာတော်၊ စည်းကမ်းဖောက်လို့ အပြစ်ရှိတဲ့အလုပ်သမားတွေကို တပည့်တော် မလွှဲသာမရှောင်သာတဲ့အတွက် အလုပ်ကထုတ်ပစ်ရပါတယ်ဘုရား။ ဒီလိုမှမလုပ်ခဲ့ရင် တပည့်တော်အနေနဲ့ ကျန်တဲ့အလုပ်သားတွေကို အုပ်ချုပ်ရတာ မလွယ်ပါဘူးဘုရား။

သူတို့က ကန်တော့ပွဲပိုက်ပြီး ဆရာတော်ကို မျက်ရည်စက်လက်နဲ့ သနားခံတောင်းပန်တော့ ဆရာတော်က သနားပြီးပြန်လက်ခံခဲ့ပါတယ်။ အဲဒီတော့ လုပ်ငန်းခွင်ကို ပြန်ရောက်လာတော့ သူတို့ကိုပြောရဆိုရမလွယ်သလို ကျန်တဲ့သူတွေကို အုပ်ချုပ်ရတာ တပည့်တော်မှာ အခက်အခဲတွေ အများကြီးဖြစ်လာပါတယ် ဘုရား။ ဒါကြောင့် ဆရာတော်ကြီးကိုမ ဆိုဆုံးမလို့မရလို့ စည်းကမ်းဖောက်လို့ တပည့်တော် အလုပ်ထုတ်လိုက်တဲ့သူတွေကို ဆရာတော်ကပြန်ပြီး လက်ခံမှုသာ အလုပ်သမားတွေကို တပည့်တော် ကြီးကြပ်အုပ်ချုပ်လို့ရပါမယ်ဘုရား။ဆရာတော်က သူတို့တောင်းပန်တာကို လက်ခံပြီး တပည့်တော်ဆီ ပြန်ရောက်လာရင် သူတို့ကိုရော ကျန်တဲ့သူတွေပါ တပည့်တော် ဘယ်လိုမှအုပ်ချုပ်လို့ရမှာမဟုတ်ပါဘူး ဘုရား"


အဲဒီလို ဦးသောဘိတက ဆရာတော်ကြီးကို ပွင့်ပွင့်လင်းလင်း လျှောက်ခဲ့ပါတယ်။ အဲဒီအခါကျတော့မှ. . .။

**မင်းဆီကိုပဲလွှတ်လိုက်တော့မယ်**

"အေး -ငါက ဘုရားတည်တဲ့သူ၊ မင်းက ဘုရားကြီးအမြန်ပြီးအောင် ကြီးကြပ်ကွပ်ကဲနေတဲ့သူ။ ဒီတော့ နောက်လဆိုရင် ငါလက်မခံတော့ဘူး၊ မင်းဆီကိုပဲ လွှတ်လိုက်တော့မယ်။ အလုပ်သမားတွေကိုလည်း ထိုက်သင့်သလိုလုပ်အားခတွေတိုးမြှင့်ပေးလိုက်ပါ။ သူတို့တစ်တွေလည်း ပင်ပန်းရှာကြပါတယ်"

အဲဒီလို ဆရာတော်ဘုရားကြီးက ဦးသောဘိတကို ပြန်လည်မိန့်ကြားခဲ့ပါတယ်။ အဲဒီတော့မှ ဦးသောဘိတဟာ အရက်သမား(၄၀၀)ကျော်ကို ကြီးကြပ်ပြီး ကျောက်သေးတွေတစ်ထပ်ပြီးတစ်ထပ် မြန်မြန်ဆန်ဆန် လောင်းနိုင်ခဲ့ပါတယ်။ ဦးသောဘိတ (ပဓာန နာယကဆရာတော်) က ကျွန်တော့်ကို အခုလိုဆက်လက်ပြီး အမိန့်ရှိပြန်ပါတယ်။

"ဒကာကြီးရေ၊ အလုပ်သမားကိစ္စက ပြေလည်သွားပြန်တော့ ပန်းရန်ဆရာကိစ္စက ပေါ်လာပြန်ရောဗျာ။ ဆရာမြိုင် (ဆည်ကြီးတော) က ပန်းရန်လုပ်ငန်းတွေကို ကြီးကြပ်နေတဲ့သူ၊ သူက ရုတ်တရက် နေမကောင်းဖြစ်သွားတော့ ကြီးကြပ်မယ့်ပန်းရန်ဆရာလိုလာတယ်။



ကြီးကြပ်ရေးမှူး ဦးသောဘိတ



ဆရာမြိုင်
(ဆည်ကြီးတော)



ဦးတင်ထွန်းအောင်
(ပန်းတဥ်းပညာရှင်၊ ရွာထောင်)

www.burmeseclassic.com

ဒါနဲ့ ဆရာတော်ကိုလျှောက်ပြီး မြင့်လေးကို ပြန်ခေါ်ခိုင်းရတယ်။

ဆရာမြိုင် မရှိတော့ ကျန်တဲ့သူတွေနဲ့တိုင်ပင်ပြီး လုပ်ခဲ့ရတာလည်းရှိတယ်။ ဆရာမြိုင်က သင်္ကန်းတော်ကို (၂) ပေခွဲထုတ်ထားတယ်။ ဘုရားက ပိန်သလိုဖြစ်နေတယ်။ ဒါနဲ့ ရှေ့ကို (၃) ပေခွဲ၊ နောက်ကို (၁)ပေခွဲထုတ်လိုက်တယ်။ အဲဒီတော့ စုစုပေါင်း (၅) ပေ ဖြစ်သွားတာပေါ့။

သင်္ကန်းတော်ကို သံစကာတွေယှက်ပြီး ဘိလပ်မြေကပ်တော့ အထက်တစ်ဝက်၊ အောက်တစ်ဝက်ဖြစ်ကုန်တာပေါ့။ ဒါနဲ့ အောက်က သံပြားတွေခံခိုင်းပြီး ဘိလပ်မြေတွေကို ကျုံးယူခိုင်းရတယ်။ အဲဒီလို အသေးစိတ်ကြီးကြပ်ခဲ့ရပါတယ် ဒကာကြီးရာ"

**ခေါင်းတော်ကြီးနဲ့ငြမ်းတော်ကြီး**

ရုပ်တော်မူဘုရားကြီးရဲ့ မျက်နှာတော်ကို ဖိုက်ဘာရဲ့ကပ်ဖို့နဲ့ ဥဏ္ဏလုံမွေးရှင်တော် နဖူးသင်းကျစ်တော်တွေကို ထပ်ဆင့်ဖို့အတွက် ဦးခေါင်းတော်ကြီးကို ငြမ်းဆင်ဖို့ လိုလာပါတယ်။ ဦးခေါင်းတော်ကြီး ငြမ်းဆင်ရတာဟာ ကိုယ်လုံးတော်ကြီးကို ငြမ်းဆင်ရတာလောက် မလွယ်လှပါဘူး။ အဲဒီခေါင်းတော်ကြီး ငြမ်းဆင်ဖို့ကိစ္စဟာ ဦးသောဘိတရဲ့ ခေါင်းပေါ် ရောက်လာခဲ့ပါတယ်။ အဲဒီအကြောင်းကို ဦးသောဘိတက အခုလို မိန့်ကြားခဲ့ပါတယ်။

"ဒကာကြီးရေ၊ ကျုပ်ကိုယ်တိုင် ဦးစီးပြီး ကျုပ်ပန်းရန်၊ ကျုပ်လက်သမားလက်ရွေးစင်တွေနဲ့ ဦးခေါင်းတော်ကြီးကို ငြမ်းဆင်ခဲ့ရတာဗျာ" တဲ့။

"ဦးခေါင်းတော်ကြီး ငြမ်းဆင်ဖို့ စုံစမ်းတော့ စစ်ကိုင်းအဖွဲ့က ငြမ်းဆင်ရုံ သက်သက်လက်ခချည်း (၂၅) သိန်းတောင်းတယ်။ မန္တလေးအဖွဲ့ သိန်း (၃၀) တောင်းတယ်။

ဒါနဲ့ ကျုပ်လည်း ဆရာတော်ကို အကြောင်းအကျိုးသွားလျှောက်တယ်။ တပည့်တော် ပန်းရန်၊ လက်သမားတွေနဲ့ တိုင်ပင်ကြည့်ပါဦးမယ်ဘုရားပေါ့။

ညွန့်လွင်၊ ကျော်ခိုင်၊ အုန်းတင် စတဲ့ ခေါင်းဆောင်တွေခေါ် လိုက်တယ်။ သူတို့ဆီက အကြံဉာဏ်တောင်းတယ်၊ လူ (၄၀၀) ကျော်၊ အဖွဲ့ (၁၄) ဖွဲ့ထဲက အပေါ်၊ အမြင့်ကို တက်ရဲတဲ့လူတွေရွေးခေါ်တယ်။ သူတို့နဲ့ တိုင်ပင်ပြီး ကျုပ် စိတ်ကူးနဲ့ ဦးခေါင်းတော်ကြီးကို ငြမ်းဆင်ခဲ့တယ်။ ဝါးငြမ်းတွေချည်းသက်သက်မဟုတ်ဘဲ အမာခံသံပေါင်တွေကို ဝါးငြမ်းတွေနဲ့ချုပ်ပြီး တော်တော် ခဲခဲယဉ်းယဉ်းဆင်ကြရတယ်။ ကျုပ်က တရုတ်ကြီး (တရုတ်အင်ဂျင်နီယာ စွန်ကုန်း) လုပ်ပုံလုပ်နည်းတွေ ကြည့်ထားခဲ့တာ။

ငြမ်းဆင်တာ (၁၀) ရက်တည်းနဲ့ပြီး သွားတယ်။ (၁၀) သိန်းတောင် မကုန်ဘူး။ ဆရာတော်လည်း တော်တော်ကို ဝမ်းသာသွားတယ်။

အဲဒီလိုခေါင်းတော်ကြီးငြမ်းဆင်နိုင်ခဲ့လို့ ဖိုက်ဘာကပ်တဲ့ မောင်မောင်စိုးတို့အဖွဲ့ရော၊ နဖူးသင်းကျစ်နဲ့ ဥဏ္ဏလုံမွေးရှင်တော်ဆင်တဲ့ တင်ထွန်းအောင်တို့အဖွဲ့ရော၊ မြင့်လေးတို့အဖွဲ့ပါ အားလုံး အန္တရာယ်မရှိဘဲနဲ့ စိတ်ချလက်ချ လုပ်နိုင်သွားကြတယ် ဒကာကြီးရေ" တဲ့။

**ဥဏ္ဏလုံမွေးရှင်တော်နှင့် နဖူးသင်းကျစ်တော်**

ရုပ်တော်မူဘုရားကြီးရဲ့ ဥဏ္ဏလုံနဲ့ နဖူးသင်းကျစ်တော်ကိုပြုလုပ်ခဲ့တဲ့ပညာရှင်ကတော့ ဦးတင်ထွန်းအောင် (ရွာတောင်) က ပန်းတည်းပညာရှင် ဖြစ်ပါတယ်။ အင်ဂျင်နီယာ ဦးအောင်သန်းကို အကြောင်းပြုပြီး ဦးတင်ထွန်းအောင်ဟာ ဆရာတော်ကြီးဆီကို ရောက်ခဲ့ပါတယ်။ ဆရာတော်ကြီးက တာဝန်ပေးခဲ့လို့ ဦးတင်ထွန်းအောင်ဟာ ရုပ်တော်မူဘုရားကြီးရဲ့ ဥဏ္ဏလုံနဲ့ နဖူးသင်းကျစ်တော်ကိုလုပ်ခဲ့ရပါတယ်။ ဒါပေမယ့် ဥဏ္ဏလုံနဲ့ နဖူးသင်းကျစ်တော်ကို ဆရာတော်ကြီး သက်တော်ထင်ရှားရှိစဉ်မှာ မတပ်ဆင်နိုင်ခဲ့ပါဘူး။ ဆရာတော်ကြီး ခန္ဓာဝန်ချပြီးမှသာ တပ်ဆင်နိုင်ခဲ့ပါတယ်။ အဲဒီအကြောင်းတွေကို ဦးတင်ထွန်းအောင်က အခုလိုပြောခဲ့ပါတယ်။

**အရှင်ဘုရား တပည့်တော်ကို ပစ်ထားတယ်**

"အဘရာ၊ လေးကျွန်းစကြာရုပ်တော်မူဘုရားကြီးရဲ့ ဥဏ္ဏလုံနဲ့သင်းကျစ်တော်ကို ဆရာတော်ကြီးတာဝန်ပေးလို့ ကျွန်တော်လုပ်ခဲ့ရတာ။ တပ်ဆင်ရတဲ့ အချိန်ကျတော့ ဆရာတော်ကြီးက မရှိတော့ဘူး။ အခက်အခဲတွေက အများကြီးပါပဲ။ ပေ (၄၀၀) ကျော်မြင့်တဲ့ ခေါင်းတော်ကြီးပေါ်မှာ တက်ပြီးဆင်ရမယ်ဆိုတော့ အဘ စဉ်းစားကြည့်လေ။

တော်ပါသေးရဲ့အဘရာ။ ဦးသောဘိတ အခိုင်အခံ့ငြမ်းဆင်ပေးခဲ့လို့ပေါ့။

နောက်ဆုံးအခက်အခဲကတော့ ကျွန်တော့်ရဲ့ ကျန်းမာရေးအခက်အခဲပါပဲ။ တပ်ဆင်ရမည့်အချိန်မှာ ကျွန်တော်ဝမ်းကိုက်ပြီး သွေးဝမ်းတွေသွားနေတယ်။ လူလည်းမြော့မြော့ပဲရှိတော့တယ်။

ပေ(၄၀၀)ကျော်မြင့်တဲ့ ဦးခေါင်းတော်ပေါ် မှာတက်ပြီး တပ်ဆင်နေတုန်း ဝမ်းသွားချင်ရင် ဘယ်လိုလုပ် အောက်ကိုဆင်းဖို့ဖြစ်နိုင်မလဲ။ ဦးခေါင်းတော်ပေါ် မှာ ကိစ္စများဖို့ကလည်း ဘယ်လိုမှ မသင့်တော်ဘူး။ ကျွန်တော်လည်း စိတ်တွေညစ်၊ စိတ်တွေရှုပ်ပြီး နှုတ်က အခုလို ရေရွတ်လိုက်မိတယ်။

တပည့်တော်ကို အရှင်ဘုရား ပစ်ထားတယ်။ တပည့်တော်မှာ ဘယ်လောက်ဒုက္ခရောက်နေသလဲဘုရား ဆိုပြီး။

ညကျတော့ တိုက်တိုက်ဆိုင်ဆိုင်ပဲ ဆရာတော်ကြီးကို အိပ်မက်မက်ပါလေရောဗျာ။ အိပ်မက်ထဲမှာ ဆရာတော်ကြီးက သူ့ကို ကျောပိုးခိုင်းတယ်။ ပြီးတော့ သွားလို့ခိုင်းတယ်။ ကျွန်တော်လည်း ဆရာတော်ကြီးကို ကျောပိုးပြီး ပြေးရတာပေါ့။ တစ်နေရာရောက်တော့ သဲသဲကွဲကွဲတော့မဟုတ်ဘူး။ ကွမ်းယာဆိုင်လိုလို ဘာလိုလိုပါပဲ။ ဒီမှာရပ်လို့မိန့်တယ်။ အဲဒီဆိုင်ထဲက ကွမ်းရွက်သွားယူဆိုလို့ ကျွန်တော်သွားယူရတယ်။ ပြီးတော့ ဝါးစားလိုက်ကွာလို့မိန့်တယ်။ ဒါနဲ့ ကျွန်တော်လည်း ဆရာတော်ကြီး ခိုင်းတဲ့အတိုင်း ဝါးစားပစ်လိုက်တယ်။ အဲဒီလိုလည်း စားပြီးရော ကျွန်တော် အိပ်ရာကလန့်နိုးသွားတယ်။ အိပ်မက်က ပီပီပြင်ပြင်ကြီး။ ကျွန်တော် အားလုံး မှတ်မိနေတယ်။

အဲဒီနေ့မနက်မှာပဲ ဥဏ္ဏလုံနဲ့ သင်းကျစ်တော်ကြီးတပ်ဆင်ဖို့ ရုပ်တော်မူဘုရားကြီးပေါ် တက်ရတယ်။ တထိတ်ထိတ်တလန့်လန့်ပဲ။ တစ်စုံတစ်ခုဖြစ်ခဲ့ရင်ပေါ့လေ။ ဘယ်လိုပြောရမှန်းတောင် မသိဘူး။ အဲဒီအချိန်မှာ ဗိုက်လည်းမနာဘူး။ ဝမ်းလည်းမသွားတော့ဘူး။ လူ လည်း လန်းလန်းဆန်းဆန်း ပေါ့ပေါ့ပါးပါးဖြစ်နေတယ်။ အဲဒီနေ့မှာပဲ ဥဏ္ဏလုံနဲ့ သင်းကျစ်တော်ကြီးကို အပြီးတပ်ဆင်နိုင်ခဲ့တယ်။ ထူးတာကတော့ တကယ် ထူးပါတယ် အဘရာ"

(ဆက်

ဆိုဇော



www.burmeseclassic.com

www.burmeseclassic.com



ဗောဓိပက္ခိယညာဏ်ဆောင်စေတီတော်

### တက္ကသိုလ်ဝင်းမြင့်

# ပုံတောင်ထိပ်က စေတီတော်

စာရေးသူကိုယ်တိုင် ပုံတောင်ထိပ်တွင် စေတီတော်တစ်ဆူ တည်ထားခဲ့ပါသည်။ ထိုစေတီတော်တည်ရာ၌ စာရေးသူ တစ်ဦးတည်းသာ ဘုရားဒါယကာ ခံယူ၍တည်ထားမည်ဟု ရည်ရွယ်ခြင်း မရှိပါ။ စေတီတော် ဖြစ်မြောက်ရန်သာ အဓိကထားပါသည်။ ကုသိုလ်ပါဝင်လိုသူများရှိလျှင်လည်း လက်ခံ၍ အများကုသိုလ်အဖြစ် စုပေါင်းတည်ထားမည်။ ပါဝင်သူ တစ်ဦးတလေမျှမရှိလျှင်လည်း မိမိတစ်ဦးတည်းသာ ကြိုးစား၍ တည်ဆောက်မည်ဟု ရည်ရွယ်ထားရှိပါသည်။

မကွေးတိုင်း (ယခု မကွေးတိုင်းဒေသကြီး) တွင် ယခင်က မကွေးခရိုင်၊ မင်းဘူးခရိုင်၊ သရက်ခရိုင်နှင့် ပခုက္ကူခရိုင် ဟူ၍ ခရိုင် (၄) ခုဖြင့် မြို့နယ်ပေါင်း (၂၅) မြို့နယ်ကို ဖွဲ့စည်းထားရာမှ ၁၉၉၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်၍ နိုင်ငံတော်က ခရိုင်တစ်ခု တိုး၍ ဂန့်ဂေါခရိုင်ကို ဖွဲ့စည်းခဲ့ပါသည်။ ယခင် ပခုက္ကူခရိုင်တွင် ပါဝင်သော ဂန့်ဂေါမြို့နယ်၊ ထီးလင်းမြို့နယ်၊ ဆောမြို့နယ် ဟူသည့် မြို့နယ် (၃) ခုကို ပေါင်းစည်း၍ ဂန့်ဂေါခရိုင်ဟု သတ်မှတ်ပါသည်။ ဂန့်ဂေါခရိုင် ယောဒေသပင် ဖြစ်ပါသည်။


သမိုင်းတွင် ယောနကတိုင်း ဟူ၍ ရှိခဲ့ဖူးပါသည်။ အရှေ့ဘက်တွင် ဧရာဝတီမြစ်၊ တောင်ဘက်တွင် မန်းရွှေစက်တော်တောင်၊ အနောက်ဘက်တွင် ခိရင္ဒု ဟု ဆိုအပ်သော ချင်းပြည်နယ်၊ မြောက်ဘက်တွင် အလောင်းတော် ကဿပ တည်ရှိရာတောင်တို့အကြားတွင် ယောနကတိုင်း တည်ရှိခဲ့ပါသည်။

ယောနကတိုင်းသည် တောင်စွယ် တောင်တန်း တောင်ကုန်း မြေပြင် အနိမ့်အမြင့်များဖြင့် လွမ်းမောဖွယ်ရာ သာယာလှပပါသည်။ ချင်းတောင်တန်း အပါအဝင် အနောက်ရိုးမတောင်တန်းကြီးပေါ်မှ စီးဆင်းလာသော တောင်ကျချောင်းများကလည်း ဒေသအတွင်း ဖြတ်သန်းစီးဆင်းနေကြသည့်အတွက် စိုက်ပျိုးရေရရှိကာ စပါးနှင့် ပဲ၊ ပြောင်း၊ နှမ်း၊ ဝါတို့ကိုလည်း ရာသီအလိုက် စိုက်ပျိုးနိုင်ကြပါသည်။ ကျွန်း၊ ပျဉ်းကတိုး၊ အင်ကြင်း၊ ပိတောက် စသော ရတနာတန်းဝင်သစ်ပင်များ ပေါက်ရောက်ပြီး ပျားနှင့် ဂနိုင်၊ မြိုင်နှင့်ရဂုံ တောကြီးတောငယ် အသွယ်သွယ်တို့ဖြင့် တင့်တယ်လှပါသည်။

ယောဒေသ၏ အဓိက တောင်တန်းကြီးနှစ်ခုမှာ ပုံတောင်တောင်တန်း၊ ပုံညာတောင်တန်းတို့ပင် ဖြစ်ပါသည်။ မြောက်မှတောင်သို့ သွယ်တန်းနေရာတွင် တစ်နေရာ၌ တောင်ပေါ်ယောဟု ပြောကြပါသည်။ မြိုင်၊ ပေါက်၊ ဆိပ်ဖြူ စသည်တို့မှာ မြေပြန့်တွင်ရှိ၍ မြေပြန့်ယောဟု ဆိုခဲ့ကြပါသည်။

ယောဒေသတွင် ဗုဒ္ဓသာသနာ ထွန်းကားပါသည်။ နတ်ကို ယုံကြည်သောနယ်မြေလည်း ဖြစ်သည်။ အခြားဘာသာများ မရှိပါ။ ယောဒေသဟု ပြောဆိုကြသော်လည်း ယောလူမျိုး ဟူ၍ သီးခြားမရှိပါ။ ဗမာ သည်ပင် ယော၊ ယောသည်ပင် ဗမာ ဖြစ်ပါသည်။ ရှေးဟောင်းဗမာများဟုဆိုလျှင်လည်း မမှားပါ။ မြန်မာ(ဗမာ)တို့၏ ရှေးဟောင်းယဉ်ကျေးမှုများ၊ ရှေးခေတ်က ဗမာတို့သုံးစွဲခဲ့ကြသော စကားလုံးဝေါဟာရများ


www.burmeseclassic.com



သံဃာတော် (၃၇) ပါးက အနေကဇာတင်ကြစဉ်

ကို ယနေ့တိုင် တွေ့ရှိရပါသည်။ တောင်တက်၊တောင်ဆင်း အသွားအလာခက်ခဲမှုများကြောင့် အခြားဒေသများမှ လူသူအရောက်အပေါက် နည်းပါး၍ ရှေးဟောင်းယဉ်ကျေးမှုများ၊ ရှေးခေတ်ကဗမာတို့ ဝေါဟာရအသုံးအနှုန်းများ မပျောက်ပျက်သေးဘဲ ယနေ့တိုင် တာရှည်စွာ ထိန်းသိမ်းထားနိုင်သော နယ်မြေဒေသများ ဖြစ်ပါသည်။

ဗုဒ္ဓဘုရားရှင်သည် ဝါတော် (၂၀) ၌ ဝါဏိဇ္ဇဂါမကုန်သည်များ၏ဆန္ဒအရ မဟာပုဏ္ဏမထေရ်၏ ပင့်လျှောက်ချက်နှင့်အညီ လယ်ကိုင်းအရပ်သို့ စန္ဒကူးကျောင်းတော်ရာကို လှူဒါန်း ပူဇော်မှုခံယူရန် ကြွရောက်တော်မူခဲ့ပါသည်။ အဆိုပါ ခရီးစဉ်နှင့် ဆက်စပ်၍ မင်းဘူးစက္ကိန်းတဲသို့ ကြွရောက်ခဲ့ကြောင်း၊ ဘောသော၊ဘောကျော်ဘီလူးညီနောင်တို့ လှူဒါန်းသည့် မြသလွန်ကို လက်ခံသိတင်းသုံးတော်မူခဲ့ကြောင်း၊ မန်းချောင်းအတွင်း နမ္မဒါနဂါးမင်း၏ ပူဇော်ခြင်းကို ခံယူတော်မူပြီး နမ္မဒါနဂါးမင်း၏ လျှောက်ထားတောင်းပန်ချက်အရ ခြေတော်ရာတစ်ဆူ၊ သစ္စာဗန္ဓမထေရ်၏ လျှောက်ထားတောင်းပန်ချက်များအရ အထက်တောင်ထိပ်တွင် ခြေတော်ရာတစ်ဆူ ချထားပေးတော်မူခဲ့ကြောင်း မကွေးမြသလွန်ဘုရားသမိုင်း၊ မန်းရွှေ



စေတီရံများနှင့် စာရေးသူ

စက်တော်ဘုရားသမိုင်းများ၌ လေ့လာတွေ့ရှိရပါသည်။ အဆိုပါ ဘုရားသမိုင်းများအရ ဗုဒ္ဓသည် နောက်ပါ ရဟန္တာငါးရာ (လေးရာကိုးဆယ့်ကိုး) တို့နှင့် ကောင်းကင်ယံမှ ပြာသာဒ်ယာဉ်ပျံတို့ဖြင့် ကြွရောက်တော်မူသည်ဟု အဆိုရှိပါသည်။

ယောဒေသတွင်လည်း အဆိုပါ သမိုင်းနှင့်ဆက်စပ်သည့် သမိုင်းဟောင်းများရှိရာ ဗုဒ္ဓသည် ညီတော်အာနန္ဒာ၊ နောက်ပါ သံဃာတော်တို့နှင့်အတူ မဇ္ဈိမဒေသမှသည် ဖြဟ္မာပုတ္တရမြစ်ဝှမ်းအတိုင်း အထက်ဖိုးခေါင်တောင်ကြားမှ ခြေကျင်ခရီးဖြင့် ဒေသစာရီကြွချီတော်မူခဲ့ကြောင်း၊ ထိုအခါ စောကလျာ မည်သော မိန်းကလေးက ကျောက်ထရံချောင်း (ယခု ဆောမြို့နယ်အတွင်း) ကမ်းစပ်မှ ခရီးဦးကြိုပူဇော်ကန်တော့ပြီး ပန်းကပ်လှူကြောင်း၊ ထိုအခါ ဗုဒ္ဓက ပြုံးတော်မူရာ ညီတော်အာနန္ဒာက မေးလျှောက်သည်တွင် -

"ငါဘုရားနစဉ်သောအခါ ပါရမီတော် ဖြည့်ဆည်းခဲ့စဉ်က ဤအရပ်ဒေသတွင် . ငွေငန်းဖြစ်ခဲ့ဖူးကြောင်း၊ ယခုပန်းလှူသော သတို့သမီးသည် ငါဘုရား ပရိနိဗ္ဗာန်ပြုပြီးသည့်အခါ ဤ




www.burmeseclassic.com

www.burmeseclassic.com



ဗွာပနာတိုက်မပိတ်မီ အထက်ဗွာပနာတော်များ ထည့်သွင်းပူဇော်ရာ မြသပိတ်တော်



ပန်းရထားဖြင့် ထီးတော်တင်စဉ်

အရပ်တွင် မြို့တည်လျက် အုပ်စိုးသူ ဖြစ်အံ့။ ငါ၏သာသနာလည်း ထွန်းကားရာဒေသဖြစ်လတ္တံ့."

ဟု ဗျာဒိတ်တော်ပေးခဲ့ကြောင်း၊ စောကလျာသည် နောက်ဘဝတစ်ခုတွင် စောကလျာအမည်နှင့်ပင် ဤနေရာတွင် မြို့တည်အုပ်ချုပ်ခဲ့သော မင်းသမီးဖြစ်လာကြောင်း၊ စောကလျာ တည်သည့် မြို့ဖြစ်၍ စောမြို့၊ စောမြို့မှ နောင်အခါ ဆောမြို့ ဖြစ်လာကြောင်း မှတ်သားသိရှိရပါသည်။

ဆောမြို့အနီး တောင်ကုန်းပေါ်တွင် ဗုဒ္ဓပရိနိဗ္ဗာန်စံတော်မူပြီးနောက် ရဟန္တာတစ်ပါးက တည်သည့် စေတီတစ်ဆူလည်းရှိခဲ့ပါသည်။ ဆောမြို့နယ် လောင်းရှည်ကျေးရွာတွင်လည်း သမိုင်းဝင်ဘုရားများရှိပါသည်။ မင်းတုန်းမင်း၏မိဖုရား လောင်းရှည်မိဖုရားကြီးတည်ထားသည့်ဘုရားကျောင်းကန်များလည်း ရှိပါသည်။

ယောမြို့ဟု ခေါ်သော ကျေးရွာသည် ယခင်ကြခတ်ဝါးရုံမြို့ဟု ခေါ်တွင်ခဲ့ပြီး သီရိဓမ္မာသောကမင်း တည်ခဲ့သော ဘုရားတစ်ဆူရှိပါသည်။ နှစ်ကာလကြာသော် ချုံနွယ်ပိတ်ပေါင်းများ ထူထပ်လာ၍ မမြင်ကွယ်ရာဖြစ်ခဲ့ရာမှ အလောင်းစည်သူမင်းကြီး ယောချောင်းတစ်လျှောက် ဖောင်တော်ဖြင့် ခရီးတိုင်းခန်းသည့်လည်စဉ် ချုံထဲမှ ကြောင်ကြီးတစ်ကောင်ထွက်လာပြီး ချုံထဲသို့ ပြန်ဝင်သွားသည်ကို မင်းကြီးမြင်၍ ဖောင်တော်ခေတ္တရပ်တန့်လျက် မင်းချင်းများအား ကြည့်ခိုင်းပါသည်။ မင်းချင်းများက ချုံအတွင်း၌ စေတီကို တွေ့ကြပါသည်။ မင်းကြီးလည်း ချုံနွယ်များ ရှင်းလင်း၍ တူးဖော်ကြည့်ရာ သီရိဓမ္မာသောကမင်း တည်ခဲ့သော စေတီတော်ဖြစ်သည်ကို တွေ့ရှိရပါသည်။ ထို့နောက် အလောင်းစည်သူကမင်းက စေတီတော်ကို ကြည်ညိုဖွယ်ဖြစ်စေရန် ပြုပြင်တည်ထားခဲ့ပါသည်။ ချုံအတွင်းမှ ကြောင်ကြီးထွက်လိုက်၊ ဝင်လိုက်လုပ်သည်ကို အစွဲပြု၍ ကြောင်ကြီးရှင်ချစ်ဘုရားဟု ခေါ်တွင်ခဲ့ကြပါသည်။ နောင်အခါ ကျောင်းကြီးရှင်ချစ်ဘုရားဟု ခေါ်တွင်ခဲ့ကြပါသည်။ နှစ်စဉ် သကြံန်ကာလရောက်တိုင်း ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပလေ့ရှိပါသည်။

ဆောမြို့နယ်သည် ချင်းပြည်နယ် မင်းတပ်မြို့နယ်နှင့် ကန်ပက်လက်မြို့နယ်တို့၏ ထွက်ပေါက်ဖြစ်၍ ကားလမ်းများလည်းရှိပါသည်။ ဆောမြို့မှ ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နှင့် ပေါက်မြို့သို့လည်း ကားလမ်းများ တည်ရှိပါသည်။ ဆောမြို့မှ ပေါက်မြို့သို့သွားလျှင် ပုံတောင်ဖောင်ထိပ်သို့ ဖြတ်ကျော်ရပါသည်။ တောင်ထိပ်တွင် မြို့နယ်ခြားသည့် မှတ်တိုင် ရှိပါသည်။

ပုံတော်တောင်ထိပ်ပေါ်မှကြည့်လျှင် ပတ်ဝန်းကျင်တစ်ခွင်တစ်ပြင်၌ စိမ်းစိုနေသော သဘာဝရေမြေတောတောင်တို့ကို မျက်စိတစ်ဆုံးမြင်တွေ့ရပါသည်။ ရာသီဥတုကြည်လင်ပါက အရှေ့အရပ်ကို လှမ်းမျှော်ကြည့်လျှင် ပုပ္ပားတောင်ကလပ်ကို အဝေးတစ်နေရာ၌ မှုန်ရီပျပျတွေ့နိုင်ပါသည်။ အမှန်စင်စစ် ပုပ္ပားတောင်ကလပ်သည် ပုံတောင်နှင့် အတော်ဝေးပါသည်။ အဆိုပါ ပုံတောင်ထိပ်မှ ဆောသို့၊ ဆောမှ ဆိပ်ဖြူမြို့သို့၊ ဆိပ်ဖြူမှ ဧရာဝတီမြစ်ကိုကူး၍ တစ်ဘက်ကမ်း ချောက်မြို့၊ ချောက်မြို့မှ ကျောက်ပန်းတောင်းမြို့၊ ထို့နောက် ဆက်၍ ပုပ္ပားသို့ အဖြောင့်အတိုင်းဖြစ်သောကြောင့် ပုပ္ပားတောင်ကလပ်ကို မှုန်ရီမှုန်ပြာတွေ့ရခြင်းပင် ဖြစ်ပါသည်။

အဆိုပါ ပုံတောင်ထိပ်ကို ဒေသခံများက နတ်ထိပ်ဟုလည်း ခေါ်ကြပါသည်။ တောင်ထိပ်တွင် စိတ်တန်ခိုးရှင် အမေရေယဉ်နှင့် အမေ့ငန်းတော်ရှင်မကြီးတို့၏နတ်ကွန်းများရှိပါသည်။ နတ်ကွန်းသည် မြို့နယ်ခြားမှတ်တိုင်အနီး ဆောမြို့နယ်အပိုင်တွင် တည်ရှိပါသည်။ ခရီးသွားကားများသည် ပုံတောင်ထိပ်သို့ ရောက်လျှင် ခေတ္တရပ်နားလေ့ရှိသည်။ ခရီးသွားလာသူများအနေဖြင့် နတ်ကွန်းတွင် ဖယောင်းတိုင်၊ အမွှေးတိုင်၊ ကွမ်းယာ၊ လက်ဖက် စသည်တို့ လှူဒါန်းဆက်သသွားကြလေ့ရှိပါသည်။ ကားရပ်နားစခန်းနှင့်မနီးမဝေးတွင် သာသနာပြုမဟာဂန္ဓာရီပုဂ္ဂိုလ် အဘအောင်မင်းခေါင်၏ ဓာတ်နန်းရှိပါသည်။ ဓာတ်နန်းစခန်းသို့အဝင်တွင် အဘအောင်မင်းခေါင်စေတီတစ်ဆူရှိပါသည်။

၁၉၉၅ ခုနှစ်တွင် စာရေးသူသည် အလုပ်တာဝန်ဖြင့် ဆောမြို့နယ်သို့ ရောက်ရှိခဲ့ပါသည်။ နိုင်ငံတာဝန်ဖြင့် ဝေးလံခေါင်းပါးသော မည်သည့်ဒေသကိုမဆို သွားရလျှင် စာရေးသူ ပျော်ရွှင်ကျေနပ်လှပါသည်။ တကယ်တော့ ဆောမြို့နယ်ဆိုသည်မှာ ဝေးလံသောဒေသတော့ မဟုတ်ပါ။ ပြည်နယ်များတွင် ရှိသော အစွန်အဖျားဒေသလည်း မဟုတ်ပါ။ မြန်မာနိုင်ငံ၏အလယ်ပိုင်း မကွေးတိုင်းဒေသကြီးတွင် တည်ရှိပါသည်။ သို့သော် တောအထပ်ထပ်တောင်အထပ်ထပ်ကို ဖြတ်ကျော်၍ လမ်းပန်းဆယ် သွယ်ရေးခက်ခဲသဖြင့် မဝေးလံသော်လည်း ခေါင်းပါးသည့်ဒေသဟု ပြောရပေမည်။ ယခုအခါ ဝန်ထမ်းများကို နိုင်ငံတော်က လစာနှစ်ဆချီးမြှင့်သည်ဟု သိရ၍ မိမိရရှိသလိုပင် ဝမ်းသာရပါသည်။ စာရေးသူ တာဝန်ကျကာလများကမူ လစာတစ်ဆသာရရှိခဲ့ပါသည်။ ထိုစဉ်က ဆောမြို့နယ်သည် ပခုက္ကူခရိုင်အတွင်းမှာရှိသောကြောင့် ပခုက္ကူမြို့ရှိ ခရိုင်ရုံးသို့ သွားရောက် သတင်းပို့ရပါသည်။

ပခုက္ကူတွင် အရာရှိကြီးတစ်ဦးနှင့် ခင်မင်ရင်းနှီးမှုရရှိခဲ့ပါသည်။ အရာရှိကြီး



www.burmeseclassic.com

www.burmeseclassic.com

မှာ နိုင်ငံ့တာဝန်ကို ဆောင်ရွက်ရင်း ဘာသာတရားကို ကြည်ညိုလေးစားအားထုတ်နေသူ ဖြစ်ပါသည်။ ဘာသာရေးဆိုင်ရာ စာစောင်၊ မဂ္ဂဇင်းများတွင်လည်း ကိုယ်တွေ့ ဗဟုသုတအတွေ့အကြုံများကို လစဉ်ရေးသားနေသူလည်း ဖြစ်ပါသည်။ အဆိုပါ ပုဂ္ဂိုလ်က စာရေးသူကို ဆောဒေသ၊ ယောဒေသသို့ ရောက်တုန်းရောက်ခိုက် ဘုရားစေတီတစ်ဆူတည်၍ ကုသိုလ်ယူရန် တိုက်တွန်းခဲ့ပါသည်။

စာရေးသူသည် ဘာသာရေးကို စိတ်အားထက်သန်သူ ဖြစ်ပါသည်။ ဆောမြို့နယ်သို့ မရောက်မီ အခြားမြို့နယ်များ၌နေစဉ်ကပင် ဆံရာတော်ကြီးများထံ ဝင်ထွက်သွားလာရင်း ဘာသာသာသနာရေး လှုပ်ရှားဆောင်ရွက်ခြင်းများကိုပြုခဲ့သည်။ ဘုရားတည်ကျောင်းဆောက် စေတီဟောင်းများ ပြန်လည်ပြုပြင်မွမ်းမံ၊ ရွှေထီးတော်သစ် တင်လှူခြင်းများကို ကုသိုလ်ရှင် ဒါယကာများအား ဝိုင်းဝန်းကူညီပါဝင်ဆောင်ရွက်ပြီး ကုသိုလ်ယူလေ့ရှိခဲ့ပါသည်။ ယခုကဲ့သို့ ကိုယ်တိုင် ဘုရားတည်၍ ကုသိုလ်ယူရန် တိုက်တွန်းလာသည့်အခါ စာရေးသူလည်း မဆိုင်းမတွပင် ဘုရားတည်ရန် ဆုံးဖြတ်လိုက်မိပါတော့သည်။

သို့သော် စာရေးသူတွင် ငွေပိုငွေလျှံမရှိပါ။ ဝန်ထမ်းပီပီရသမျှ လစာနှင့် စရိတ်ချိုးမြှင့်ငွေများကို ကွက်တိသုံးပစ်လိုက်သည်သာ ဖြစ်ပါသည်။ သို့ပါသော်လည်း ကိုယ်ပိုင်စိတ်ကူးစိတ်သန်းဖြင့် စေတီတစ်ဆူတည်းထားလိုသည့် စိတ်များက တဖွားဖွားပေါ်ပေါက်နေလေတော့ရာ ကုသိုလ်ဆိုတာ ပြုချင်စိတ်ပြင်းထန်လျှင် ပြုဖြစ်သွားတာပါပဲ။ ကုသိုလ်ပြုရဖို့ မိမိက စတင်ကြိုးစားဖို့ပဲ အရေးကြီးသည်ဟု အတွေးပေါက်ပြီး ငွေမရှိလည်း ကြိုးစားကြည့်မည်ဟု ဆုံးဖြတ်ချက်နှင့်အတူ ပျော်ရွှင်ကြည်နူးသလိုဖြစ်သွားမိပါသည်။ ဇနီးသည်ကို တိုင်ပင်ရာ ဇနီးကလည်း ဝမ်းသာအားရဖြစ်ပြီး သဘောတူပါသည်။ ဇနီးသည်က စေတီမှာ သူ့နားကပ်ကို ဌာပနာဖို့ လှူမည်ဟု ပြောပါလေတော့သည်။

ရှည်လျားသော ပုံတောင်တောင်တန်း၏ ဆောမြို့နယ်အတွင်း၌ အမြင့်ဆုံးနေရာလည်းဖြစ်၊ မြို့နယ်၏နယ်နိမိတ်အစပ်လည်းဖြစ်သော ထိုနေရာကို ဘုရားတည်ရန် ရွေးချယ်ဆုံးဖြတ်ခဲ့ပါသည်။ ထိုစေတီတော်သည် ဖူးမြော်သူဝေနေယျတို့အား လောကီကောင်းကျိုး အပါအဝင် လောကုတ္တရာကောင်းကျိုး ရရှိနိုင်ကြပါစေကြောင်း ရည်ရွယ်ချက်ဖြင့် ဗုဒ္ဓအဘိဓမ္မာတော်တွင်လာရှိသော ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးကို ရည်စူး ပူဇော်သည့် အဓိပ္ပာယ်ဖြင့် ဗောဓိပက္ခိယဉာဏ် အောင်စေတီတော်ဟု ဘွဲ့မည်တော် ဆက်ကပ် ပူဇော်ရန် ဆုံးဖြတ်လိုက်ပါသည်။

စာရေးသူကိုယ်တိုင် စေတီတော်အတွက် ပုံစံထုတ်၍ ရေးဆွဲပါသည်။ စေတီဘုရားပုထိုးများတွင် ပါရှိမြဲဖြစ်သောအင်္ဂါရပ်များလည်း ပါရှိရမည်။ ဗောဓိပက္ခိယတရားသုံးဆယ့်ခုနစ်ပါးကို ကိုယ်စားပြု ဖော်ညွှန်းအပ်သော စေတီအင်္ဂါရပ်အသီးသီးလည်းဖြစ်ရမည် ဟူ၍ ရည်ရွယ်ချက်ထားကာ ရေးဆွဲပါသည်။

ပုံစံရေးဆွဲပြီး၍ ဝါသနာတူ ဌာနဆိုင်ရာအရာရှိများကို ဖွင့်ဟဆွေးနွေးလိုက်သောအခါ သူတို့အားလုံးက အားပေးထောက်ခံကြပါသည်။ ထိုသူတို့အထဲတွင် ဆောမြို့နယ် ပညာရေးမှူး ဦးခင်မောင်ရည် (စာရေးဆရာ စလင်း - ခင်မောင်ရည်)လည်း အပါအဝင်ဖြစ်ပါသည်။ စာရေးသူ အခြေခံပညာကျောင်းတွင်နေခဲ့ရစဉ်က ဆရာရေးသော ကဗျာများကို ကျက်မှတ်ရွတ်ဆိုသင်ယူခဲ့ရပါသည်။ ယခု အလုပ်ထဲဝင်၍ တာဝန်ထမ်းဆောင်သောအခါ မိမိလေးစားသည့် ဆရာကြီးကို တွေ့ရသဖြင့် ဝမ်းသာအားရ ဖြစ်ရပါသည်။ ဆရာကြီးက စာရေးသူတည်ထားမည့် ပုံတောင်ထိပ်စေတီတော်အတွက် ဗုဒ္ဓပူဇာဓမ္မကဗျာ တစ်ပုဒ် ရေးဖွဲ့သီကုံးပေးခဲ့ပါသည်။

အလားတူ ဝါသနာတူ၊ ရင်းနှီးသူ ဌာနဆိုင်ရာ အရာရှိများက အားပေးထောက်ခံကြပြီး ကိုယ်စီကိုယ်စီ ပါဝင်ဆောင်ရွက်ကြမည်ဟု ပြောလာကြသည့်အတွက် စာရေးသူလည်း ပို၍ တက်ကြွလာပါသည်။

ဘုရားတည်မည့် ပုံတောင်၏ တောင်ခြေရင်းတွင် တပြင်းကျေးရွာလေးတည်ရှိပါသည်။ တပြင်းကျေးရွာကျောင်းထိုင်ဘုန်းကြီးမှာ သက်တော်ငယ်ငယ်ပင်ဖြစ်သော်လည်း သာသနာ့အကျိုး ထမ်းရွက်ရန် အလွန်စိတ်အားသန်လှပါသည်။ ကိုယ်တော်တစ်ပါးတည်း ကျောင်းထိုင်ပါသည်။ ကျောင်းဝင်းထဲတွင် ဥပုသ်သည်များ သီလယူဆောက်တည်နိုင်ရန်၊ တရားရိပ်သာဖွင့်နိုင်ရန် အဆောက်အအုံကြီးတစ်ခုကိုလည်း တည်ဆောက်ထားပါသည်။

စာရေးသူက ပုံတောင်ထိပ်တွင် ဘုရားတည်လိုကြောင်း တပြင်းကျောင်းထိုင်ဦးပဥ္စင်းလေးကို လျှောက်ထားသောအခါ ဦးပဥ္စင်းက ဝမ်းသာ၍ အစစအရာရာ ကူညီဆောင်ရွက်ပေးမည်ဟု မိန့်တော်မူပါသည်။ တပြင်းကျေးရွာ လူကြီးလူလတ်၊ လူငယ်ပိုင်းကလည်း ပုံတောင်ထိပ်သည် တပြင်းကျေးရွာအပိုင်ဖြစ်၍ မိမိတို့နယ်မြေတွင် ဘုရားတည်မည်ဆိုခြင်းကြောင့် ဝမ်းမြောက်စွာ ကြိုဆိုပါကြောင်းနှင့် ဝိုင်းဝန်းကူညီကြမည် ဖြစ်ကြောင်း ပြောဆိုအားပေးကြပါသည်။ တပြင်းရွာနှင့် ကပ်လျက်ရှိသော ပင်ထောင်ကျေးရွာသားများကလည်း ထိုသတင်းကို ကြားသည်နှင့် သူတို့ရွာကလည်း ကူညီပေးပါရစေ၊ ကုသိုလ်ယူပါရစေဟု ဆိုလာကြပါသည်။

ပုံတောင်ထိပ်ပေါ်သို့ စာရေးသူနှင့်အဖွဲ့တက်ရောက်၍ ဘုရားတည်ရန် သင့်လျော်သည့်မြေနေရာကို ရွေးချယ်ပါသည်။ ထိုနေရာသည် အမေရေယဉ်နှင့် အမေငန်းတော်ရှင်မကြီးတို့နတ်ကွန်းနှင့် မနီးမဝေးတွင်ရှိသည်။ စာရေးသူက အမေရေယဉ်နှင့် အမေငန်းတော်ရှင်မကြီးတို့အား အလင်းတိုင်၊ နံ့သာတိုင်၊ ကွမ်း၊ ဆေး၊ လက်ဖက်တို့ ဆက်ကပ်ပြီး ဤမည်သောအမေတို့နန်းနှင့် နီးသောနေရာ၊ သင့်သောနေရာတွင် သားတော်ဦးဆောင်၍ ဝေနေယျများစွာတို့အတွက် လောကီ၊လောကုတ္တရာအကျိုးငှာ ဗောဓိပက္ခိယအထိမ်းအမှတ်စေတီကို တည်ထားပါမည်။ စေတီတည်သည့်ကုသိုလ်ကို အမေတို့နှင့်တကွ တောစောင့်နတ်၊ တောင်စောင့်နတ်ဆိုင်ရာပိုင်ရာတို့ ကောင်းစွာ ရရှိနိုင်ကြစေရန် ရည်သန်ပါကြောင်း ပန်ကြားလိုက်ပါသည်။

စေတီတော်တည်ဆောက်ရာတွင် ပန်းရန်ဆရာအဖြစ် ဆောမြို့မှ ဦးဉာဏ်လွင်က တာဝန်ယူပါသည်။ လူငယ်လေးဖြစ်၍ ကိုဉာဏ်လွင်ဟု စာရေးသူက ခေါ်ပါသည်။ ကိုဉာဏ်လွင်က အလုပ်မျိုးစုံလုပ်ပါသည်။ အထူးသဖြင့် လက်မှုပညာတွင် ထူးချွန်ပြောင်မြောက်လှပါသည်။ အင်္ကျီအဝတ်အစားလည်းချုပ်ပါသည်။ ပန်းချီလည်းဆွဲတတ်ပါသည်။ လက်သမားလည်းလုပ်ပါသည်။

တစ်ခါသော် စာရေးသူဝတ်ရန် အင်္ကျီစတစ်စပေး၍ စာရေးသူအတွက် အင်္ကျီချုပ်ပေးရန်ပြောရာ ဟုတ်ကဲ့ဟု



www.burmeseclassic.com

www.burmeseclassic.com

သာပြောပြီး ယူထားလိုက်သဖြင့် ကိုယ်တိုင်းမတိုင်းတော့ဘူးလားဟု မေးမိပါသည်၊ ကိုဉာဏ်လွင်က ပြုံးရယ်၍ မတိုင်းတော့ပါဘူးဟု ဖြေပါသည်။ နောက်တစ်နေ့တွင် ချုပ်ပြီးပြီဟု ဆိုကာ လာပေးသဖြင့် ဝတ်ကြည့်လိုက်သောအခါ စာရေးသူနှင့် အံကိုက်ကွက်တိဖြစ်နေပါတော့သည်။ သူ၏ပညာကို စာရေးသူ ယုံကြည်ပါသည်။

စေတီတော်တည်ရန် စတင်မည်ဆိုသောအခါ ဆိုသောအခါ မထင်မှတ်သောအခက်အခဲတစ်ခု တွေ့ရပါတော့သည်။ စာရေးသူ ရေးဆွဲထားသော စေတီတော်ပုံစံအရ လိုအပ်သောမြေနေရာအကျယ်အဝန်းမှာ ရွေးချယ်သတ်မှတ်ခဲ့သော မြေနေရာပေါ်တွင် အပြည့်အဝမရရှိခြင်းပင် ဖြစ်ပါသည်။ တောင်ထိပ်ပေါ်တွင် ပြန့်ပြူးသည့်နေရာမှာလည်း ထိုနေရာသာဖြစ်၍ လိုအပ်သောအကျယ်အဝန်းမရှိသဖြင့် စာရေးသူ စိတ်ညစ်သွားမိပါတော့သည်။

ဉာဏ်တော်အတိုင်းအထွာကိုပြန်၍ ငယ်အောင်ပြုရမည်ဆိုလျှင်လည်း ဗောဓိပက္ခိယတရားများကို အင်္ဂါစုံအောင် ဖော်ညွှန်းရာ၌ အခက်အခဲတွေ့နိုင်ပါသည်။ သို့ဖြစ်၍ စာရေးသူလည်း အမေရေယဉ်နှင့် အမေငန်းတော်ရှင်မကြီးတို့ နတ်ကွန်းသို့ ထပ်မံ သွားရောက်၍ အခက်အခဲအားကူညီပေးပါရန် ပန်ကြားတိုက်မိပါသည်။

မကြာမီ ထူးခြားသောအဖြစ်ကို ကြုံတွေ့ရပါသည်။ လမ်းတံတားစီမံကိန်းကြီးများ ရှိနေသောကြောင့် ပေါက်မြို့မှ ချင်းပြည်နယ် မင်းတပ်မြို့ကို တာဝန်ထမ်းဆောင်ရန် သွားရောက်မည့် မြေထိုးစက်တစ်စီးသည် တောင်ပေါ်သို့ တအိအိဖြင့် တက်လာသည်ကို တွေ့ရပါတော့သည်။ စာရေးသူတို့အဖွဲ့လည်း အလွန် ဝမ်းသာအားရဖြစ်ရပါတော့သည်။ မြေထိုးစက် မောင်းနှင်သူအား မေးမြန်းကြည့်ရာ ဤနေရာတွင် အိပ်ရပ်နားပြီး နောက်ကလိုက်လာမည့် သူ့အဖော်များကို စောင့်ဆိုင်းမည်ဖြစ်ကြောင်း သိရပါသည်။ စာရေးသူတို့က လမ်းဘေးမှ မြေကွက်လပ်လေးကို ပြ၍ လိုအပ်သော အကျယ်အဝန်းအရ အောင် မြေထိုးပေးရန် မေတ္တာရပ်ခံကြရာ ထိုသူကလည်း သဘောကောင်းလှပါသည်၊ သူ့ကို စက်သုံးဆီပေးပါက သူတည်း ကုသိုလ်ပါဝင်သည့်အနေဖြင့် အခကြေးငွေမယူဘဲ ထိုးပေးပါမည်ဟု ပြောပါသည်။ စာရေးသူတို့အဖွဲ့အတွက် မခက်လှပါ။ ရွာများတွင် အိမ်သုံးမီးစက်များ ရှိကြပါသည်။ ဘုန်းကြီးကျောင်းလည်း မီးစက်ရှိပါသည်။ မီးစက်ရှိ၍ ဒီဇယ်ဆီများကို အသင့်ဆောင်ထားလေ့ရှိကြသည်။ တပြင်းဘုန်းတော်ကြီးက သူကုသိုလ်ပြုမည်ဟု ဆိုကာ လိုအပ်သော ဒီဇယ်ဆီများကို ကားကြုံဖြင့် တောင်ထိပ်ပေါ်သို့ ပို့ပေးလိုက်ပါသည်။ စက်ထိုးသမား စားသောက်ရန် ထမင်းဟင်းများပါ ရွာမှပို့ပေးကြသည်။ စက်သမားလည်း ကုသိုလ်ရ၊ ဝမ်းလည်းဝ ဖြစ်သွားပါသည်။ သူ၏အတွေ့အကြုံပညာနှင့် စေတနာပါ ပေါင်းစပ်၍ မြေထိုးပေးလိုက်သည်မှာ မူလလိုချင်သည့် အကျယ်အဝန်းထက်ပင် ပို၍ ပြန့်ပြူးသောမြေကို ရရှိပါတော့သည်။

၁၉၉၆ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့တွင် သံဃာတော်ငါးပါးနှင့် မြေသန့်ကမ္မဝါစာဖတ်ပါသည်။ မေလ ၁ ရက်နေ့၌ စေတီတည်ရန် ပန္နက်တင်၍ အုတ်မြစ်စီခြင်းကို ပြုလုပ်ပါသည်။ စေတီတော်တည်ဆောက်နေစဉ်ကာလအတွင်းတွင် ကိုဉာဏ်လွင်တို့အဖွဲ့ကို တပြင်းရွာနှင့် ပင်ထောင်ရွာတို့က ထမင်းချိုင့်များ ကုသိုလ်ဖြစ် ကားကြုံဖြင့် ပို့ပေးကြပါသည်။ စာရေးသူတို့က အုတ်၊ သဲ၊ ဘိလပ်မြေများကို တပြင်းဘုန်းကြီးကျောင်းတွင် စုပုံပေးပါသည်။ ရွာက ထော်လာဂျီများဖြင့် တင်ပို့ပေးကြပါသည်။ တစ်ခါတစ်ရံလည်း ငွေကြေးအခက်အခဲ၊ ပစ္စည်းအခက်အခဲများကြောင့် ခေတ္တရပ်နားထားကြရပါသည်။ နှစ်နှစ်မျှကြာသော် အလွန်သေသပ်လှပ သပ္ပာယ်စွာသော ထုံးဖြူဖြူဖွေးဖွေးဖြင့် ဉာဏ်တော် (၁၇) တောင်အမြင့်ရှိသော စေတီတော်တစ်ဆူ ပေါ်ပေါက်၍လာပါလေတော့သည်။

၁၉၉၇ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် အောက်ဌာပနာတော် ထည့်သွင်းပူဇော်ပါသည်။ အောက်ဌာပနာတော် ထည့်သွင်းရန် သတ္တဌာနရုပ်စုံတော်ကို စာရေးသူအား စေတီတည်ကုသိုလ်ပြုရန် တိုက်တွန်းခဲ့သောပုဂ္ဂိုလ်က လှူဒါန်းပေးပို့လိုက်ခြင်း ဖြစ်ပါသည်။

စေတီတော်၏ ဘွဲ့မည်တော်မှာ ဗောဓိပက္ခိယဉာဏ်အောင်စေတီတော် ဖြစ်ပါသည်။ ဗောဓိ ဆိုသည်မှာ သစ္စာလေးပါးကို သိမြင်သော မဂ်ဉာဏ်ဖြစ်ပါသည်။ ပက္ခိယသည် အခြွေအရံအသင်းအပင်း ဖြစ်ပါသည်။ ဗောဓိဟူသော မဂ်ဉာဏ်၏ အသင်းအပင်းတရားကို ဗောဓိပက္ခိယဟု ဆိုပါသည်။

ဗောဓိပက္ခိယတရားသုံးဆယ့်ခုနစ်ပါးသည် နိဗ္ဗာန်သို့ ဧကန်မုချ ရောက်နိုင်သည့်တရားများ ဖြစ်ပါသည်။ စေတီတော်ကို ဖူးမြင်ရသူ၊ ကုသိုလ်ပြုသူဝေနေယျသတ္တဝါများ မဂ်ဉာဏ်ရရှိနိုင်ကြစေရန်၊ မဂ်ဉာဏ်ကို လိုချင်တောင့်တရှိသော ကုသိုလ်စိတ်များ ပေါ်ပေါက်လာကြစေရန် ရည်ရွယ်ပါသည်။ စာရေးသူကိုယ်တိုင်လည်း မဂ်ဉာဏ်ကို ရရှိလိုပါသည်။ မဂ်ဖိုလ်နိဗ္ဗာန်ကို ဆုတောင်းပါသည်။ ဆန္ဒပြုပါသည်။

စေတီတော်၏ အောက်ခြေဖိနပ်တော်မှာ ပေ (၃၀) ပတ်လည်ရှိပါသည်။ ဖိနပ်တော်၏ အမြင့် (၃)ပေ ရှိပါသည်။ ဖိနပ်တော်ပေါ်တွင် ထောင့် (၄) ထောင့်၌ စေတီရံ (၄) ဆူ တည်ထားပြီး ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးတွင် ပါဝင်သော သတိပဋ္ဌာန်(၄)ပါးကို ကိုယ်စားပြုပါသည်။ စေတီရံများအား အရှေ့မြောက်ထောင့်အရပ်မှ စတင်၍ လက်ယာရစ်အစဉ်အတိုင်း ကာယာနုပဿနာသတိပဋ္ဌာန်၊ ဝေဒနာနုပဿနာသတိပဋ္ဌာန်၊ စိတ္တာနုပဿနာသတိပဋ္ဌာန်၊ ဓမ္မာနုပဿနာသတိပဋ္ဌာန် ဟူသော ကမ္ပည်းစာသားများ ရေးထိုးထားရှိပါသည်။

ဖိနပ်တော်ပေါ်တွင် ပထမပစ္စယံကို (၃) ဆင့်ထား၍ ပစ္စယံပေါ် ထောင့် (၄) ထောင့်၌ သမ္မပဓာန် (၄) ပါးကို ကိုယ်စားပြုသည့် စေတီရံ (၄) ဆူကိုထားရှိပါသည်။ အထက်ကကဲ့သို့ပင် စေတီရံများ၌ အရှေ့မြောက် ထောင့်စေတီရံကစပြီး သမ္မပဓာန် (၄)ပါးတို့၏ ပါဠိတော်များကို ရေးထိုးထားရှိပါသည်။ အလားတူ ဒုတိယပစ္စယံ (၃) ဆင့်၏ အပေါ်၌လည်း စေတီရံ (၄) ဆူတည်ထားပြီး ဣဒ္ဓိပါဒ် (၄) ပါး၏ ပါဠိတော်အမည်များကို ရေးထိုးထားရှိပါသည်။ တတိယပစ္စယံကို (၅)ဆင့်ထားကာ ထို (၅) ဆင့်တွင် အောက်မှ အထက်သို့ ဣန္ဒြေ (၅)ပါးတို့၏ပါဠိတော်အမည်များကို ရေးထိုးထားပါသည်။တတိယပစ္စယံအထက်တွင် ဧသုကာအခေါ် ရှစ်မြောင့်ထားရှိပြီး ရှစ်မြောင့်အဆင့် (၅) ဆင့်ထားရှိကာ အောက်မှ အထက်သို့ ဗိုလ် (၅) ပါး၏ ပါဠိတော်အမည်များ ရေးထိုးထားပါသည်။

ထို့နောက် ကြေးဝန်းကို အဆင့် (၇)ဆင့်ထားရှိပြီး အောက်မှအထက်သို့



www.burmeseclassic.com

www.burmeseclassic.com

### ဗုဒ္ဓပူဇာ ဓမ္မကဗျာ

- *ဗောဓိပက္ခိယ၊ နာမဂုဏ်ရည်*
  *ဉာဏ်အောင်ထွတ်ထား၊ မြတ်ဘုရားစေတီ*
  *ပုံတောင်ထိပ်ဖျား၊ တည်ထားမွေသရီ*
  *ဓာတ်တော်မြတ်၊ ကိန်းဝပ်စံပယ်သည်။*
- *သတ္တတိံသ၊ ပက္ခိယကိုရည်*
  *စေတီထွတ်ထား၊ ညွှတ်တွားဦးချ*
  *ဓာတု ဓမ္မ၊ ဥဒ္ဒိဿ စေတီ*
  *သုံးမည်ရ၊ ဖူးကြ အဥ္စလီ။*
- *ဉာဏ်တော်အမြင့်၊ ဆယ့်ခုနစ်တောင်တာ*
  *သပ္ပာယ်ခံ့ညား၊ တောင်ဖျားထိပ်ချာ*
  *သုံးမြို့နယ်စပ်၊ ကိန်းဝပ်ပူဇာ*
  *မြို့နယ်တိုင်း၊ မဆိုင်းဘေးရန်ကွာ။*
- *ဧကနဝ၊ နဝသတ္တာ*
  *စက်တင်ဘာလ၊ ဧကအဌာ*
  *ပူဇော်တည်ထား၊ ပြီးငြားမှန်စွာ*
  *မြတ်ဗုဒ္ဓ၊ ထွန်းပသာသနာ။*
- *မြို့နယ်ဥက္ကဌ၊ သမုနတ်အခေါင်*
  *လမ်းညွှန်မှာကြား၊ ရှေ့သွားဦးဆောင်*
  *နယ်သူနယ်သား၊ သဒ္ဓါတရားဂုဏ်ရောင်*
  *မြတ်ဘုရား တည်ထား မြို့ဂုဏ်ဆောင်။ ။*

စလင်း-ခင်မောင်ရည်
(မြို့နယ်ပညာရေးမှူး)

ဗောဇ္ဈင်(၇)ပါး၏ ပါဠိတော်အမည်များကို ရေးထိုးထားပါသည်။ ကြေးဝန်း၏အထက်၌ ခေါင်းလောင်းပုံဖြစ်ပါသည်။ ခေါင်းလောင်းပုံကို အဝန်းအဝိုင်းမပြုဘဲ ဆူးလေစေတီတော်ကို နည်းယူ၍ မျက်နှာ (၈) ခု ထားရှိပါသည်။ မျက်နှာတစ်ခုစီတွင် မဂ္ဂင် (၈) ပါး၏ ပါဠိတော်အမည်များကို ရေးထိုးထားပါသည်။ ထိုမျက်နှာတစ်ခုစီ၌ ဂူလိုဏ်ငယ်များ တစ်ခုစီထားရှိကာ ထိုင်တော်မူ ရုပ်ပွားဆင်းတုတော် တစ်ဆူစီ ကိန်းဝပ်ပူဇော်ထားရှိပါသည်။ ခေါင်းလောင်းပုံ၏ အထက်တွင် ဖောင်းရစ် (၉) ဆင့်ထားရှိပြီး အဆင့်ဆင့် အောက်မှ အထက်သို့ ဗုဒ္ဓ၏ ဂုဏ်တော် (၉) ပါးကို ပူဇော်ကာ ရေးထိုးထားရှိပါသည်။

အပေါ်ဆုံးတွင် ကြာနှင့် ရွှဲခံ ငှက်ပျောဖူးထားရှိပါသည်။ ထိုငှက်ပျောဖူးပေါ်မှ ရွှေထီးတော်မြတ် တင်လှူပူဇော်ပါသည်။ စေတီတော်၏ ဉာဏ်တော်အမြင့်မှာ (၁၇) တောင် ရှိပါသည်။

စေတီတော် တည်ဆောက်နေကြောင်းသတင်း ကြားသိကြချိန်မှစ၍ စေတနာရှင်များက ဗုဒ္ဓနှင့် ရဟန္တာတို့၏ ဓာတ်တော်များ၊ မိမိတို့အမြတ်တနိုး သိမ်းဆည်းထားခဲ့သည့် လက်ဝတ်ရတနာများကို လာရောက် လှူဒါန်းပါဝင်ကြပါသည်။ စာရေးသူတို့ ဇနီးမောင်နှံအနေဖြင့် မူလက ရည်မှန်းထားသည့် ဓာတ်တော်များသာမက ရဟန်းရှင်လူတို့က လှူဒါန်းကြသော ဓာတ်တော်များကို ထပ်မံရရှိ၍ အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ရသည်။ မူလက တောဘုရားတောင်ဘုရားတစ်ဆူမျှသာ တည်ထားခြင်းဖြစ်၍ ကုသိုလ်ပါဝင်မည့်သူရှိဟန်မတူ၊ မရှိလျှင်လည်း ရှိသရွေ့နှင့်သာ တည်ထားမည်ဟု ရည်ရွယ်ခဲ့သော်လည်း နတ်တို့က နှိုးဆော်သည့်အလား လူသိများသွားပြီး အလှူရှင်များ တစ်ဦးပြီးတစ်ဦး ပေါ်ပေါက်လာသည့်အတွက် အံ့သြရပါတော့သည်။ အချို့ အရာရှိပုဂ္ဂိုလ်ကြီးများ တာဝန်ဖြင့် ပုံတောင်ထိပ်ကို ဖြတ်သန်းဖြတ်လာပြုတိုင်း စေတီတည်နေသည်ကို မြင်ကြ၍ ဘုရားဒကာ ဘယ်သူလဲ၊ ကုသိုလ်ပါဝင်လှူဒါန်း၍ရသလားဟု မေးကြကြောင်း ပန်းရန်ဆရာနှင့် တပြင်းရွာသားများက စာရေးသူကို ပြောပြကြပါသည်။ စာရေးသူကလည်း မိမိတစ်ဦးတည်း ဒကာခံခြင်း မဟုတ်ပါ။ အများကောင်းကျိုးအတွက်ဖြစ်သဖြင့် ကုသိုလ်ပါဝင်လျှင် ဝမ်းမြောက်စွာ သဘောတူပါကြောင်း ဖြေကြားရပါသည်။ သို့နှင့်ပင် စေတီ၏ ရစ်မြောင့် ခေါင်းလောင်းပုံ ဂူလိုဏ်များ၌ ထားရှိမည့် ကျောက်ဆင်းတုတော်များမှအစ ရွှေထီးတော်အထိ ကုသိုလ်ပါဝင်လှူဒါန်းသည့်ပုဂ္ဂိုလ်များ ပေါ်ထွန်းလာခဲ့ပါတော့သည်။

အထက်ဌာပနာတော်ကို ရွှေထီးတော်တင်လှူသည့်နေ့တွင်ပင် ထည့်သွင်း ပူဇော်ပါသည်။ ဌာပနာတိုက်အတွင်း မြသပိတ်တော်ကို ထည့်သွင်းလျက် မြသပိတ်တော်အတွင်း ဗုဒ္ဓနှင့် ရဟန္တာတို့၏ ဓာတ်တော်များ၊ ရတနာများ၊ လက်ဝတ်တန်ဆာများကို ထည့်သွင်းပူဇော်ပါသည်။

ရွှေထီးတော်တင်လှူခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲကို ၁၉၉၈ ခု၊ မတ်လ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်ပါသည်။ ထီးတော်ဒကာက တာဝန်ဖြင့် ခရီးလွန်နေ၍ ကြွရောက်နိုင်ခြင်းမရှိပါ။ မင်းတပ်မြို့မှ တောင်တန်းသာသနာပြု တောင်ပုလုကျောင်းတိုက်ဆရာတော် အရှင်ပညာသီရိက ကြွရောက်၍ ရွှေထီးတော်တင်လှူပွဲ ဖြစ်မြောက်ရန် ဆောင်ရွက်ပေးပါသည်၊ ရင်းနှီးသော မော်တော်ယာဉ်ပိုင်ရှင်များ (ထိုအရပ်တွင် ကုန်ကားကြီးများသာ ရှိပါသည်) က ကူညီပေး၍ လောင်းရှည်မြို့ ဆောမြို့နှင့် ကျောက်ထုမြို့တို့မှ ပင့်သံဃာများအား ပင့်ဆောင်နိုင်ခဲ့ပါသည်။ တပြင်းဆရာတော်လေးက တပြင်းကျောင်းတွင် သံဃာတော်များ ခေတ္တ သီတင်းသုံး နားနေနိုင်ရန်နှင့် ဆွမ်းကပ်လှူရေးကို စီစဉ်ပေးပါသည်၊ စေတီတော်ကို ဗုဒ္ဓါဘိသေကအနေကဇာတင်ရာ၌ ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးကို အထိမ်းအမှတ်ပြုလျက် သံဃာတော် သုံးဆယ့်ခုနစ်ပါးတို့က စေတီကို ဝိုင်းရံကာ ရွတ်ဆို ပူဇော်ကြပါသည်။ ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်းအား ကံကြီးကျေးရွာလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ ကျောင်းဆရာတော်ကြီး ဘဒ္ဒန္တသုန္ဒရက ဦးဆောင်ဦးရွက်ပြုတော်မူပါသည်။

စာရေးသူ၏ တစ်သက်တာတွင် ထာဝရမမေ့နိုင်သော ယောတို့ဒေသ ပုံတောင်ထိပ်က စေတီတော်ပင် ဖြစ်ပါတော့သတည်း။ ။

တက္ကသိုလ်ခင်မြင့်



www.burmeseclassic.com

www.burmeseclassic.com

ရှေးရှေးကတော့ ကျောက်အ ရောရောအုတ်အရောရောနှင့် ဘာလိုလို ညာလိုလို၊ စုန်းကဝေပညာသည်တွေ ပေါ်များသည့်နယ်မြေလိုလို နှိမ့်ချသော အသွင်တစ်မျိုး နာမည်ဆိုးနှင့် အကျည်း တန်ဖြစ်စေ အပြောအဆိုခံနေခဲ့ရသော ယောတို့နယ်မြေသည် အမှန်တကယ် နှစ်စရာအလွန်ကောင်းသည်။ ပင်လယ် ရေမျက်နှာပြင်အထက် ပျမ်းမျှအမြင့်ပေ (၁၀၀၀) ကျော် ဂန္ထဝင် တောင်တန်း ဆီက အတွေးများ၊ အမြင်များ၊ အထင် များပြောစကားတွေသည် ပျောက်လွင့် ကာ သွားခဲ့ရပြီ။ မကောင်းသော အထင် အမြင်အတွေးနှင့် သံသယတို့ အတိတ် မှာ ကျန်ရစ်ခဲ့ပြီ။

ကျွန်တော်သည် ယောမြေတစ် ခွင်ကို ခြေဆန့်ကာလည်း ရောက်ခဲ့ရပြန် သည်။ ယောမြေရပ်ဝန်း ဆောမြို့နယ် အတွင်းက ကန်ချောင်း ဆိုသည့်ရွာက လေးဆီ ခြေဦးလှည့်ဖြစ်ခဲ့သည်။ သာသ နာပြု အလောင်းစည်သူမင်းကြီး တည် ထား ကိုးကွယ်ခဲ့သည့် နာမထင်ရှား ဆုတောင်းပြည့် သန္တာန်စေတီတော်မြတ် ထံပါး အရောက်သွားဖြစ်ခဲ့ရလေသည်။

**ရှေးဟောင်းသမိုင်းဝင်သန္တာန်စေတီတော်**

ပုဂံပြည့်ရှင် အလောင်းစည်သူ မင်းကြီးသည် သာသနာတော် ငါး ထောင်တိုင်တိုင် ခပ်သိမ်းသော လူ၊ နတ်၊ ဗြဟ္မာသတ္တဝါတို့အား လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်ချမ်းသာ ရရှိခံစားစံစားနိုင်ကြ

# ကိုယော(ဒေါဂဇေ)


# ယောဇာနီ ကန်ချောင်းရွာက ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့်

# သန္တာန်စေတီတော်

ညီနောင် ပုံတောင်၊ ပုံညာ၏ သဘာဝ ရှုခင်းတွေက လှပလွန်းသည်။ တောင် တန်းမြင့် အသွယ်သွယ်အထပ်ထပ်တို့ က ရှုမငြီးစရာ လွမ်းမောဖွယ်လည်းရှိ လှသည်။ ဟိုးအနောက်ဘက်ဆီမှာတော့ ပျမ်းမျှ အမြင့်ပေ (၇၀၀၀) ကျော်ရှိ ချင်းမိုးမတောင်တန်းမြင့်ကြီးက ပိတ်ဆီး ထားတယ်။

တောကြီးမျက်မှောင် ချောင်းတို့၊ ချောင်းငယ်တွေကများ၊ သားရဲတိရစ္ဆာန် တွေ ကျင်လည်ကျက်စားရာလည်းဖြစ်၊ ချိုင့်မြောင်အထပ်ထပ်ကြား ငှက်ဖျားက လည်းပေါ၊ လမ်းပန်းအဆက်အသွယ် ကလည်း ခက်ခဲနှင့် အဆင့်ဆင့်အထပ် ထပ် တောင်စဉ်တောင်တန်းတွေ ဝန်းရံ နေသည်ကို ခြေကုပ်ယူကာ ဒေသခံ ပြည်သူတွေကို နှိပ်စက်သတ်ဖြတ် ရိုင်း စိုင်းသတ်မာခဲ့ကြသည့် သောင်းကျန်းသူ အဖွဲ့အစုံကွန်မြူနစ်တို့ကြောင့် မြေပြန့် ဒေသက သားချင်းတွေနှင့် ယောမြေ ရပ်ဝန်းတို့ အလှမ်းဝေးသလိုဖြစ်ခဲ့ကြရ သည်။ အနေဝေးခဲ့ကြရသည်။ ဖွံ့ဖြိုးမှု အဆင့်လည်း နောက်ကျခဲ့ရသည်။

၁၉၅၆ ခုနှစ်တွက် တပ်မတော်က ဆောင်မာယ စစ်ဆင်ရေးလုပ်ခဲ့သဖြင့် (၁၉၇၃-၇၄) မှစတင်ကာ သောင်းကျန်း သူ ဘူ၏ လုံးဝမရှိတော့။ အဖြူရောင် နယ်မြေစစ်စစ်ဖြစ်လာခဲ့ရသည်။ နိုင်ငံ တော်က လမ်းတွေဖောက်၊ တံတားတွေ ဆောက် ယောမြေရပ်ဝန်း ပွင့်လန်းတိုး တက်လာ လာခဲ့ရပြီ။ မြေပြန့်က ပြည်သူ တို့ ယောတို့ဌာနီဆီ အေးအေးချမ်းချမ်း သွားလာနိုင်ခဲ့ကြပြီ။ တစ်ခေတ်တစ်ခါ



ရှေးဟောင်းသမိုင်းဝင် သန္တာန်စေတီတော်မြတ်




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com


ရှေးဟောင်းသမိုင်းဝင် သဏ္ဍာန်စေတီတော်မြတ်



သဏ္ဍာန်ဆုတောင်းပြည့်စေတီတော်မြတ်သို့အဝင်



စေကြောင်းအကျိုးငှာ တိုင်းခန်းလှည့် တာ ဗုဒ္ဓသာသနာတော်ကို ထွန်း ပြောစေခဲ့သည်။

သရက္ခန်ဘုရား (၆) ဆူနှင့် စစ် အထက်ချောင် ရှင်ဖြူရှင်လှဘုရား တို့ကို တည်ထား ကိုးကွယ်ခဲ့ပြီး မြတ်စွယ်တော်ကိုပင့်ရန် တရုတ် သို့ ချီသည်။


ဒွာလရာဇ်တိုင်း တရုတ်ပြည်မှ တော်သို့ ပြန်လည်ရောက်ရှိခဲ့ပြီး မြောက်ဘက် ကျော်စဉ်အရပ်နှင့် တ်ဘက် ယောနယ်တို့သို့ လှည့် ပြန်သည်။ ပုံတောင်၊ ပုံညာရပ် ခွင် ဖောင်စကြာရေယာဉ်ဖြင့် ခဲ့ပြန်လေသည်။ လှည့်မြန်းစဉ် ယ် စေတီတွေ မွမ်းမံခဲ့၊ တည်စေ သာသနာကို ဝေဖြာစေခဲ့၊ သာယာ ခဲ့သည်။

တောင်၊ မြောက်သွယ်တန်းနေ တောင်၊ ပုံညာအရပ်ဒေသဆီ ကို ဆန်လျက် မြစ်သာကို သည်။ ချင်းတွင်းမြစ်၏ မြစ်လက် ကြီးဖြစ်သော မြစ်သာမြစ် ပြည်ရှိ အခြားသော မြစ် မဟုတ်မှုဘဲ၊ မြောက်မှတောင် စီးဆင်းသည်မဟုတ်မှုဘဲ တစ် တောင်ဘက်မှသည် မြောက် စီးဆင်းသောမြစ် ဖြစ်သည်။ စီးသောမြစ်ဟု အများက ကြသည့် မြစ်တစ်စင်းရှိရာ ဖြစ်သော ယောတို့နေထိုင် မြေနုပ်ဝန်းကို ဒေသခံတို့က




www.burmeseclassic.com

www.burmeseclassic.com


ရှေးဟောင်းသမိုင်းဝင် သန္တာန်ဆုတောင်းပြည့်စေတီတော်မြတ်နှင့်အဝှ (ဝဲဘက်)


ကံချောင်းရွာ ရွာဦးဘုန်းတော်ကြီးကျောင်း




ကံချောင်းရွာ ရွာဦးဘုန်းတော်ကြီးကျောင်းအား မော်တော်ကားလမ်းရှိရာဘက်မှ မြင်တွေ့ရပုံ

(၃) ပိုင်း ပိုင်းခြားထားသည်။ ဂန့်ဂေါမြို့နယ်ကို (မြောက်ယော)၊ ထီးလင်းမြို့နယ်ကို (အလယ်ယော) နှင့် ဆောမြို့နယ်ကို (တောင်ယော) ဟု ခေါ်ကြသည်။ ယောရပ်ဌာနီဆီ အလောင်းစည်မင်းကြီး ရောက်ခဲ့သည်။

အလောင်းစည်သူမင်းကြီးသည် တောင်ယောဒေသတစ်ခွင် လှည့်လည်ကြွမြန်းစဉ် ဖောင်တော်စကြာရှင် ရပ်တန့်ခဲ့သည်။ ချောင်းရေပြင်သောင်ကမ်း တောင်တန်းတွေ ဝန်းရံခလျက် ဝန်းကျင်တစ်ခွင်သည် အလွန်တရာပင် သာယာရှုမောဖွယ်ဖြစ်ရလွန်းသည်နှင့် ကြံ့ရှုသည်။ ဖောင်စကြာရပ်တန့်လေသည်နှင့် ကုန်းထက်မြေမဟီဝယ် ဗုဒ္ဓဘာသာသာသနာဒါယကာ မဗျိုမဒေသဘုရင် အသောကမင်းကြီး၏ ကိုးတိုင်းကိုးဌာန သာသနာပြန့်လျက် ဖြစ်တည်စေခဲ့သော စေတီငယ်ကိုတွေ့သည်။ ထပ်မံ၍ ပြုပြင်တည်ထား ကိုးကွယ်စေရန် ကြံဆောင်သည်။

ဂန္ဓာလရာဇ်တိုင်း တရုတ်တို့ပြည်မှ စွယ်တော်မြတ်ကိုဖူး၍ပြန်ခဲ့သည်မှာ မကြာမြင့်လှသေးသည်လည်းဖြစ်၍ ထင်သည်။ ဤနေရာဝန်းကျင်ဒေသတစ်ခွ မှာလျှင် အရှေ့၊ အနောက်၊ တောင် မြောက် ဝန်းရံခနေသည့် တောင်တန်းများကို ချောင်းရေပြင်ကျယ်မှ ရှုကြည့် မျှော်မိရသည့် တစ်ခဏအတွင်း စိတ် သန္တာန်တွင် ထူးခြားဖြစ်ပေါ်ခံစားရ သည်။ ထက်၊အောက်စန်းကျင် မျှော်ကာ ရှုစဉ် ဗြဟ္မာ့ပြည်ရှိ မြတ်ဗုဒ္ဓဘုရားရှင်၏ စွယ်တော်မြတ်တည်ရှိပုံကို မြင်သည်၊ အမှတ်ရအောက်မေ့မှုများစွာနှင့် စူဠာ မဏိစေတီတော်ကို ဖူးတွေ့သည်။

သို့နှင့်ပင် ဖော်ပြပါ စေတီငယ် အားလည်း အလောင်းစည်သူမင်းမြတ် သည် စူဠာမဏိစေတီတော်မြတ်အလား ရင်တွင်းဝယ်တွယ်ငြိမိခဲ့သည်နှင့် ဘုရား စေတီငယ်တည်စေသည်တွင် သန္တာ စေတီတော်ဟူ၍ အမည်နာမသမုတ် ကြောင်း ဆိုလေသည်။ အလောင်းစည် သူမင်းမြတ်၏ အတွင်းစိတ်သန္တာန်ငယ် ဖြစ်ပေါ်ခဲ့သည့်အတိုင်း ဗြဟ္မာတို့ပြည် ရှိ စူဠာမဏိစေတီတော်နှင့် အလား သဏ္ဌာန်တူစွာ တည်ထားကိုးကွယ် သည့်အတွက် သန္တာန်စေတီဟု နာ ပညတ်သမုတ်ကာ ထားရစ်ကြောင်း ပေသည်။

ဆက်၍ဆိုရပါလျှင် ဗုဒ္ဓဘုရား သည် ညီတောင် အာနန္ဒာ အပါအဝ



www.burmeseclassic.com

www.burmeseclassic.com

သံဃာတော်ငါးရာနှင့် သုနာပရန္တတိုင်း လယ်ကိုင်းအရပ်ကို ကြွမြန်းတော်မူခဲ့ရာ အလွန်ပင် သာယာသည်ဟု ဆိုကြပေသော မန်းရွှေစက်တော် အမည်တွင်ရာ မင်းဘူးခရိုင်ဒေသသည် ယနေ့ ဆောမြို့နယ်နှင့် နယ်နိမိတ်ချင်း ဆက်စပ်ကာ တည်ရှိနေသည်လည်း ဖြစ်ပေသည်။

ယခု သန္တာန်စေတီတော် မြတ်တည်ရှိရာနှင့် ရွှေစက်တော်ဒေသသည်ကား ခရီးအားဖြင့် အနီးကလေးပင်ဟုဆိုကြပေသည်။


**တန်ခိုးတော်ဝေလျှံ သန္တာန်စေတီတော်**

ရှေးက ဆရာတော် သံဃာတော် အရှင်သူမြတ်များ၊ လူပုဂ္ဂိုလ်၊ စာပညာရှင်များတို့၏ စာပေကျမ်းဂန်များစွာတို့တွင် ဗုဒ္ဓဘာသာ သာသနာပြုခြင်းများ







...ချောင်းရွာ ရွာဦးဘုန်းတော်ကြီးကျောင်းရှိ ကြည်ညိုဖွယ်ရာ ဆင်းတုတော်




ကံချောင်းရွာ ရွာဦးဘုန်းတော်ကြီးကျောင်းနှင့် သိမ်ကျောင်းငယ်



ကံချောင်းရွာသို့အဝင်မြင်ကွင်း၊



ကံချောင်းရွာ ရွာဦးဘုန်းတော်ကြီးကျောင်းကုန်းမြင့်ပေါ်မှ မြင်တွေ့ရသော ရှုခင်း



နွေရာသီ ကျောက်စစ်ကျောင်းအိမ်ဝဲဘက်စိုက်ခင်းများ



www.burmeseclassic.com


www.burmeseclassic.com

အား လေ့လာ၍ ရ၏။ သိရိခေတ္တရာသောက မင်းကြီး၏ အကြောင်းတွင် မြတ်စွာဘုရားရှင်၏ ကြွင်းကျန်ရစ်သော ဓာတ်တော်မွေတော်အသီးသီးတို့ကို ပို့လွှတ်ကာ သာသနာပြုစေကြောင်းကို သိရ၏။ စေတီပေါင်း (၈၄၀၀၀) ရောက်ရှိတည်ထား ကိုးကွယ်ရာ ပြည်ကြီးပြည်ငယ်မြို့ရွာဒေသအသီးသီးနှင့် စပ်လျဉ်း၍ ပန်းတိုင် (၁၀) မြို့ဆရာတော် ဦးဝိဇယ မှတ်တမ်းအရ သုနာပရန္တတိုင်းက ယော၊ ဆော၊ ကျော၊ လောင်းရှည်၊ ယောဒေသ တစ်ခွင်တို့တွင် စေတီပေါင်း (၅၀၅) ဆူ ရှိသည်ဟု ဆိုထားသည်ကို မှတ်သားရ၏။ အကြောင်းအမျိုးမျိုးကြောင့် ပျောက်ကွယ် ဖုံးအုပ် တိမ်မြုပ်နေသည်များလည်းရှိမည်မှာ သေချာ၏။ တန်ခိုးအမျိုးမျိုးတို့ကြောင့် ဒေသအသီးသီးတို့တွင် ထွန်းပေါ်လာသည်များလည်း ရှိလိမ့်ဦးမည်ဖြစ်၏ဟု ဆိုရပေမည်။

ယခု ဖူးမြင်ကြရသော သန္တာန်စေတီမြတ်သည် ဗုဒ္ဓဘာသာ သာသနာ့ဒါယကာဘုရင် အသောကမင်းမြတ်၏ သာသနာတော် ကိုးတိုင်းကိုးဌာန ပျံ့နှံ့စေမှုတွင် စေတီပေါင်း(၈၄၀၀၀)အနက် စေတီတော်တစ်ဆူအပါအဝင် ဖြစ်ပေ၏။

သာသနာတော်သည်ပင် နှစ်ပေါင်း (၂၅၀၀) ကျော်လွန်ခဲ့ပြီးသည်တွင် ရှေးနှစ်များစွာက တောကြီးတောင်ကြီး စိမ်းစမ်းလျှိုမြောင်ကောင်းလှရာ ဤဌာနေအရပ်၌ စေတီငယ်သည် တိမ်မြုပ်နေခဲ့ပါ၏။ ထန်းလုံးပမာဏရှိ မြွေကြီးတစ်ကောင်ကို သတိထားမိလာရာမှ ယင်းမြွေကြီးပျောက်လင့်သွားပြီးသကာလ ဤစေတီငယ်ကို တွေ့ရကြောင်းနှင့် လွန်ခဲ့သည့်နှစ်ပေါင်း (၁၅၀) ခန့်က ပြုပြင် မွမ်းမံတည်ခဲ့ကြောင်း ဆို၏။ မူလရွှေသားအတိနှင့် သံတောင်နှစ်တောင်ခန့် ရွှေစေတီကိုင်ကာ သတ္တဌာနဓာတ်တော်၊ မွေတော်တို့နှင့် ထပ်မံတည်ထားကိုးကွယ်ခဲ့ကြကြောင်း သိရပါ၏။

သန္တာန်စေတီတော်မြတ်တည်ရာ၏အနောက်အရပ်တွင် ချင်းရိုးမတောင်တန်းကြီးနှင့် တောင်ကျချောင်းတစ်ခုဖြစ်သော ကျောက်စစ်ချောင်းက တသွင်သွင်းစီးဆင်းလျက် တောင်ဘက်၌ မင်းပုန်းတောင်မြင့်၊ မြောက်ဘက်၌ ကန်လယ်တောင်နှင့် လယ်ကွင်းများ ဝန်းရံလျက်ရှိပြီး ဆည်ရေသောက်မြောင်းက စီးဆင်းနေရင်း အရှေ့ဘက်၌ မြင်းကတောင်နှင့် စပါးနှင့် သီးနှံစိုက်ခင်းပြင်




ကံချောင်းရွာ ရွာဦးကျောင်းဆရာတော် တရားဟောပလ္လင်နှင့် ဘုရားဆောင်



ကံချောင်းရွာ ရွာဦးဘုန်းတော်ကြီးကျောင်းရှိ ရေဆေးပန်းချီကားများ





ကံချောင်းရွာ ရွာဦးကျောင်းက ဆုန်းမောင်း




www.burmeseclassic.com

www.burmeseclassic.com




ကံချောင်းရွာ ရွာဦးဘုန်းတော်ကြီးကျောင်းရှိ ရှေးဟောင်းပေစာပုရပိုက်စာများ သိမ်းဆည်းထားပုံ




ကောင်းမှုအစုစု အမျှဝေ သာဓုခေါ်စေရန် ခေါင်းလောင်း၊



ကံချောင်းရွာ ရွာဦးဘုန်းတော်ကြီးကျောင်းက အောင်စည်



အောင်မောင်း၊



ကံချောင်းရွာ ရွာဦးဘုန်းတော်ကြီးကျောင်းရှိ ကမ္မဋ္ဌာန်းရိပ်သာ

ကျယ်တို့ကို မြင်တွေ့ရလေ၏။ ကျောက်ထု-ဆော-လောင်းရှည်-ကန်ပတ်လက်သွား မော်တော်ကားလမ်းကိုလည်း မြင်နိုင်ရလေသည်။

ကန်ချောင်း (ကံချောင်း) ရွာ ရွာဦးဘုန်းတော်ကြီးကျောင်းနှင့် သန္တာန်စေတီတော်မြတ်ရှိရာသည် ကိုက်(၁၀၀) ခန့်ပင် မဝေးလှ။ သန္တာန်စေတီတော်၏ အနီးတွင် ယှဉ်လျက် စေတီတော်တစ်ဆူကိုလည်း ဖူးတွေ့ရ၏။ ရွာသူရွာသားအများကောင်းမှုဟု သိရပါ၏။

စေတီတော်မြတ်မှာ အောက်ခြေဖိနပ်တော်မှ အထက်စိန်ဖူးတော်အထိ (၃၂)ပေနှင့် (၆) လက်မရှိသည်။ စေတီတော်မှာ ကန်ကျောင်းရွာကလေး၏ အလယ်ဗဟိုတွင်ရှိသည်။ .စေတီတော်မှာ ငယ်ပင်ငယ်သော်ငြားလည်း တန်ခိုးတော်က ကြွယ်လှပေ၏ ဟူ၍ စေတီတော်ရှိရာမှ ရွာဦးဘုန်းကြီးကျောင်းသို့ သွားရာလမ်းတွင် ရွာလူကြီးတစ်ဦးဖြစ်သူ အဘ ဦးသောင်းဖေ အသက် (၈၂) နှစ်က လိုက်ပါ ပို့ဆောင်ရင်း ပြောပြလာခဲ့သည်။

"ဆရာရေ၊ မှတ်မှတ်ရရ ကျွန်တော် အသက် (၇၀) မှာ နံနက်ဆွမ်းထချက်ချိန်ဆိုပါတော့ဗျာ။ ဘုရားက ရောင်ခြည်တော်ကွန့်မြူးတာကို မြင်ရဖူးရတယ်။ ကျွန်တော့်အဘွားဖြစ်တဲ့ ဖွားအုံးပို ထိုစဉ်က အသက် (၉၆) နှစ်လည်း ဖူးရတယ်။ ရွာကလူတွေတချို့လည်း ဖူးမြင်ဖူးတွေ့ကြရတာကို မှတ်သားထားမိတယ်ဗျာ။

နောက်ပြီး အင်္ဂလိပ်ခုနှစ်အားဖြင့် ၂၀၁၁ ခုနှစ် ဝါဆိုဦး ညဉ့်ဦးပိုင်မှာ သန္တာန်ဘုရားက ရောင်ခြည်တော်လွှတ်တယ်။ တန်ခိုးတော်ကွန့်မြူးတယ်ဗျ။ ညဉ့်ဦးပိုင်းဆိုတော့ဗျာ။ ကျေးရွာသူကျေးရွာသားတွေ တစ်ရွာလုံးမှာရှိကြတဲ့ လူအပေါင်းတို့က ကောင်းကောင်းကြီး ဖူးကြရသဗျာ။ အုတ်အော်သောင်းတင်းပေါ့ဗျာ။ ဘုန်းတော်၊ ကံတော်၊ ဉာဏ်တော်၊ တန်ခိုးတော်အနန္တ ဆိုတယ် မဟုတ်လား။ ဝမ်းသာရ ဝမ်းမြောက်ရ လိုက်တာများ မပြောပါနဲ့တော့ဗျာ။ မျက်ရည်တောင်ကျမိရလောက်အောင် အံ့သြကြည်နူးမှုဖြစ်ရပါဘိ။ အတုမရှိ မြတ်ဗုဒ္ဓရဲ့ တန်ခိုးတော်တွေများဗျာ၊ ရောင်ခြည်တော်တွေများဗျာ၊ အလျှံအပယ် ရောင်လျှံညီးညီး ရှုမငြီးနိုင်ဖြစ်ရလွန်းပါဘိတော့ဗျာ"

ဟူ၏။



www.burmeseclassic.com

www.burmeseclassic.com



**ရွာလူထု၏ဖိတ်ခေါ်သံ**

ရှေးကအခေါ် ကန်ချောင်း (ယခုအချို့က ကံချောင်း) ရွာကလေးကား အမြဲတမ်း စိမ်းစိမ်းစိုစိုနှင့် သာယာစိုပြည်ရှိလှပေသောရွာကလေးအဖြစ် ထူးခြားထင်ရှားသည်။ ရွာကလေး၏ ပတ်ပတ်လည်တွင် တောင်ကျချောင်းရေကိုသွယ်ယူထားသော ရေမြောင်းတွေက (၁၂) ရာသီပတ်လုံး တသွင်သွင်စီးဆင်းနေသည်။

ဆုတောင်းပြည့် သန္တာန်ဘုရား၏ ဂုဏ်ကျေးဇူးတော်ကြောင့်ဟူ၍ ပြောကြသည်။ ဆန်ရေစပါး၊ စားသီးသီးနှံပေါများစွာ ထွက်ရှိသည်။ စပါးပြီးစပါးစိုက်၊ ရာသီချိန်ခါအလိုက် နှမ်းသီးနှံ၊ မိုးသီးနှံ၊ ဆောင်းသီးနှံတို့က ကျေးရွာလူထုအတွက် စားဝတ်နေရေး မပူပန်ကြရ။

ရွာကလေးမှာ ကျေးရွာနေ ပြည်သူတို့ အသိဉာဏ်ဖွံ့ဖြိုးဖို့ ကျေးရွာစာကြည့်တိုက်ကိုလည်း ထူထောင်ထားရှိသည်။ (၁၀) ပေ၊ (၄) ပေ၊ (၂) ပေ စလောင်းတွေ အများသား။ ၁၉၇၂ ခုနှစ်၌ ကျေးလက်ကျန်းမာရေးဌာနဖွင့်နိုင်ခဲ့သည်။ ၁၉၈၈ ခုနှစ်ကုန် အခြေခံပညာ အလယ်တန်းကျောင်းခွဲ ဖွင့်နိုင်ခဲ့သည်။

၁၉၈၄ ခုနှစ်ကစပြီး ချောင်းရေကို သွယ်ယူသော ရေမြောင်းကြီးမှ မြင်းကောင်ရေ (၇) ကောင်ခွဲ ဒိုင်နမိုကြီးဖြင့် တာဘိုင်မှတစ်ဆင့် ကျေးရွာမှာ ကိုယ်ထူကိုယ်ထ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းနိုင်ခဲ့သည်ကို သိခွင့်မြင်ခွင့်ရရှိခဲ့ရသည်။ ဟာလာခုံ၊ ဆီခုံတွေက လည်ပတ်လျက် ကြိတ်ခွဲလျက် အစစအဆင်ပြေနေသည်။

ရွာဦးကျောင်းဆရာတော်ဖြစ်သူ ဦးလက္ခဏနှင့် ကျေးရွာဘုရားဂေါပကလူကြီးများ၊ ကျေးရွာအုပ်ချုပ်မှုအဖွဲ့အစည်းမှပုဂ္ဂိုလ်များနှင့် ကျေးရွာသူရွာသားအပေါင်းတို့ကား ညီညွတ်လှသည်။ နှစ်စဉ်ပင် တပေါင်းလဆန်း ၈ ရက်နှင့် ၉ ရက်နေ့တို့တွင် ဘုရားပွဲတော် ကျင်းပမြဲဖြစ်ကာ ရပ်ဝေး၊ ရပ်နီးမှ ဘုရားဖူးလာရောက်ကြသူ ပွဲတော်လာကြသူများတို့နှင့် ကန်ချောင်းရွာသည် ပျော်ရွှင်စရာစည်ကားလှသည်ဟု ဆိုသည်။ တစ်ယောက်စကား တစ်ယောက်ကြားစေခြင်းဖြင့် ရပ်နီး၊ ရပ်ဝေးက ပြည်သူတွေကို ကမ်းလင့်ဖိတ်ခေါ်မြဲ ဖြစ်လေသည်။

ဪ - စိုက်ပင်သီးပင် စားသုံးသီးနှံစိုက်ခင်းတွေ တစ်မျှော်တစ်ခေါ်ကြီးနှင့်ဖြစ်နေသော အလွန်အေးချမ်းသာယာလှပေသည့် ဆယ့်နှစ်ရာသီ စိမ်းစိမ်းစိုစိုလည်းရှိလေသော စိမ်းမြမြလယ်ယာစိုက်ခင်းပြင်များကို ရှုမြင်နေရရင်းမှ ပူအိုက်ပူလောင် နွေလယ်ကာလရက်များတွင်မှ ယောမြေရပ်ဝန်း ဆောမြို့နယ်အတွင်းက ကန်ချောင်းကျေးရွာလေးရှိ သန္တာန်စေတီတော်မြတ်ဘုရားဖူးခရီးအား များစွာ ကြည်နူးကျေနပ်မိရသည်။ စိမ်းလန်းသော ရှုခင်းသာယာနေပုံတွေကို မြင်ရရင်း ရင်တွင်းမှာလည်း အေးချမ်းခြင်းဖြစ်ရလှသည်။

အတုမရှိ အနှိုင်းမဲ့ မြတ်ဗုဒ္ဓဘုရားရှင်၏ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ ဘုန်းတော်အနန္တ၊ တန်ခိုးတော်အနန္တတို့ကြောင့် ကန်ချောင်းရွာသူရွာသားတို့ အဝေနေဖြင့် ဆုတောင်းပြည့် သန္တာန်စေတီတော် သန္တာန်ဘုရားရှင်ကို ကိုးကွယ်ခွင့်အား ကံထူးစွာ ကံကောင်းစွာ ရရှိခွင့်ကြုံလာခဲ့ကြရသည်ထင်သည်။ အမှန်တကယ်အားဖြင့်လည်း လူနေအိမ် (၂၀၀) ခန့်ရှိ စည်ပင်သာယာဝပြောလှသော ရွာလေး၏ အနေအထားကား သုံးလောကထွတ်ထား မြတ်စွာသော သန္တာန်ဘုရားရှင်ကိုယ်တော်မြတ်၏ အရိပ်အောက်ဝယ် အလွန်တရာ အေးချမ်းလှစွာနှင့် သာသာယာယာလည်း ရှိလှပေသည်တကားဟု ဆိုရပေတော့သည်။

အချုပ်ဆိုရသော် -

ယောတို့ဒေသက ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့် သန္တာန်စေတီတော်မြတ်ထံ အရောက်သွားကာ ဖူးမြော်နိုင်ကြပါစေဟု။ ။

(ယောဒေသ ဆောမြို့နယ် ကန်ချောင်းကျေးရွာမှ အကျိုးတော်ဆောင် ဦးစံဝင်း၊ ဦးအောင်ဖေနှင့် ကျောက်ထုမြို့မှ ဆိုင်ကယ်ဖြင့် လိုက်ပါပို့ဆောင်ပေးသော ကိုတင်မောင်မြင့်တို့သို့ အမှတ်တရ ကျေးဇူးတင်စွာဖြင့်)

ကိုယော (ဘောဂဗေဒ)

**ကျမ်းကိုး -**

၁။ အငြိမ်းစား ကျောင်းဆရာကြီး ဦးကြာထွန်း၏ 'ယော'

၂။ GANGAW DISTRICT GAZETTER

၃။ ယောနယ်အသင်း ငွေရတုမဂ္ဂဇင်း

၄။ ယောမဂ္ဂဇင်း (ဂန့်ဂေါခရိုင် အထိမ်းအမှတ်)

၅။ လူထုပညာရေးမှူးဦးမဲ (ကျောက်ထုမြို့)၏ ပေစာ၊ ပုရပိုက်စာမှတ်တမ်းများ

၆။ ဆောမြို့နယ် ကန်ချောင်းရွာ ဦးစံဝင်း၏ မှတ်တမ်းများ

၇။ ကိုယ်တိုင် ကွင်းဆင်း လေ့လာမှု မှတ်တမ်းများ



www.burmeseclassic.com

www.burmeseclassic.com



ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

# မိဘဂုဏ် သယ်နှစ်ပါး

အနန္တဂေဇာဂုဏ်ရှင်မိဘတို့ပေါ်သို့ ပူဇော်ကန်တော့ပါ၏

ဗုဒ္ဓဂုဏောအနန္တော - မြတ်စွာဘုရား၏ ဂုဏ်တော်သည် အဆုံးအပိုင်းအခြားမရှိ။

ဓမ္မဂုဏောအနန္တော - တရားတော်မြတ်၏ ဂုဏ်တော်သည် အဆုံးအပိုင်းအခြားမရှိ။

သံဃဂုဏောအနန္တော - သံဃာတော်မြတ်၏ ဂုဏ်တော်သည် အဆုံးအပိုင်းအခြားမရှိ။

မာတာပိတုဂုဏောအနန္တော - အမိ၊ အဖတို့၏ ဂုဏ်တော်သည် အဆုံးအပိုင်းအခြားမရှိ။

အာစရိယဂုဏောအနန္တော - ဆရာသမားတို့၏ ဂုဏ်တော်သည် အဆုံးအပိုင်းအခြားမရှိ။

အနန္တောအနန္တငါးပါးတို့၏ ဂုဏ်တော်သည် အဆုံးအပိုင်းအခြားမရှိဟူ၍ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတိုင်း ယုံကြည် သက်ဝင်လက်ခံကြသည်။ ဤသို့ ယုံကြည်သက်ဝင်ကြသည့် အားလျော်စွာ အနန္တောငါးပါးကို နေ့/ညမပြတ် ရှိခိုးပူဇော်ကြ၏။ အလေးအမြတ် ဂရုပြုရတရားထားကာ လေးစားကြည်ညိုကြသည်။ မြင်းမိုရ်တောင်ဦး မကကျူးသည့် ကျေးဇူးတော်အနန္တ နှိုင်းဆမကုန်နိုင်အောင် သားသမီးများအပေါ် အကြင်နာမိုး ရွာသွန်းဖြိုးခဲ့သော မိဘများ၊ မိဘဝတ္တရားငါးပါးနှင့် သားသမီးများကို ချစ်ခင်ယုယ တာဝန်ကျေပွန်ခဲ့သော မွေးသမိခင်၊ မွေးသဖခင်များ၊ သားတို့ရုပ်ရည် သီတာမည်သား၊ ရေကြည်ချမ်းမြ တစ်ပေါက်ကျက၊ မိဘတို့ဝမ်း ငြိမ်းစတမ်း ဟူသော မိဘတို့၏ မေတ္တာများ။ လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယမိနှင့် ဖ စသော အဆိုအမိန့်များမှာ အနန္တဂိုဏ်းဝင် မာတာပိတုဂုဏောအနန္တော ဟူသည့် မိဘတို့အား ဖွဲ့ဆိုသွန်ပြခဲ့သောသာဓကများဖြစ်ပေသည်။

မြင်းမိုရ်တောင်နှင့်တူသော ကျေးဇူးရှင်မိဘများ၏ ဂုဏ်တော်များနှင့် ၎င်းအဆိုအမိန့်များ နှိုင်းယှဉ်လိုက်ပါက ဆီးစေ့ပမာခန့်မျှသာ ဖြစ်ပေလိမ့်မည်။

ယနေ့ခေတ်တွင် မိဘနှင့် သားသမီး မိသားစုများ ဆက်ဆံရေးကိုရှေးယခင်ခေတ်များနှင့်ချိန်ထိုးကြည့်ပါက များစွာကွာခြားနေသည်ကိုတွေ့မြင်ကြားသိနေကြရသည်။ အထူးသဖြင့် ယနေ့ခေတ် လူငယ်(ကျား/မ) များနှင့် မိဘများသည် အပြောအဆို၊ အနေအထိုင်မှအစ မြန်မာဓလေ့ထုံးစံများနှင့် မကိုက်ညီကြသည်က များနေသည်။ မိဘဝတ္တရားငါးပါးနှင့်အညီ သားသမီးကို မကောင်းမြစ်တားဆုံးမ စကားပြော၍လက်မခံသော သားသမီးများ ယနေ့ခေတ်မှာ ဒုနှင့်ဒေး။ ကောင်းရာညွှန်ပြသော်လည်း နာယူလိုက်နာသူမရှိ မိဘစကား နားမထောင်တော့ဘဲ ကလန်ကဆန် နင်ပဲငဆ ပြန်လှန်ခွန်းတုံ့ပြန်နေသည့် သားသမီးဆိုးများ တော်တော် များများရှိနေကြသည်ကို မငြင်းနိုင်ကြပါ။ မိဘများကို ရန်သတ္တရုပြုသူများပင် ရှိနေကြပါသည်။

သားသမီးဝတ္တရားငါးပါးကို စုံစေ့အောင်သိရှိသူသားသမီး အလွန်ရှားပါးနေပါသည်။ ယခုခေတ်လူငယ်များသည် ဘာသာရေးနှင့် ပတ်သက်သေ ၁အသိပညာ အလွန်အားနည်းနေ၏။ မိဘများကလည်း မိသားစုအတွက် စားဝတ်နေရေး တာဝန်ဝတ္တရားကြောင့် မအားမလပ်သည်နှင့် ဘာသာတရားနှင့် ပတ်သက်သည့် ကိုယ်ကျင့်တရားများကို သားသမီးများအား သွန်သင်ဆုံးမနိုင်ရန် အချိန်မရကြသဖြင့် လူငယ်အများအပြားမှာ ဘာသာရေးယဉ်ကျေးမှု အားနည်းကြကုန်၏။

စာပေဖတ်ရှုကြသော လူငယ်လူရွယ်များမှာ ဘာသာရေးအတွေးအခေါ်များ၊ ဗဟုသုတများ၊ ဘာသာနှင့်ယဉ်ကျေးမှု အသိတရားများကို ထဲထဲဝင်ဝင် လေ့လာ ကျင့်ဆောင်ကြသော လူငယ်များလည်း ရှိကြပါသည်။

မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့သော မင်္ဂလသုတ်တော်မှ အမိ၊ အဖကို ပြုစုလုပ်ကျွေးရေးနှင့် ပတ်သက်၍ 'မာတာပိတု ဥပဋ္ဌာနံ ပုတ္တဒါရဿ အနာကုလာစ ကမ္မန္တာ ဧတံ မင်္ဂလ မုတ္တမံ ဟူသော တရားတော်အရ မိဘတို့ကို ဘုရားရှင်ကိုယ်တော်တိုင် အရေးတယူ ဂရုပြုတော်မူကြောင်း ထင်ရှားလှပေသည်။

**မာတာပိတု** - ဖြဟ္မစိုရ်စုံ နဂိုထုံသောကြောင့်၊ ဘုံဖြဟ္မာကြီး၊ ဂုဏ်သမ္ဘာမှီးအပ်သော၊ တတ်သီးစေချင်၊ ငယ်ရွယ်စဉ်က၊ သွန်သင်ကျေးဇူး၊ သို့ဂုဏ်ထူးကြောင့်၊ လက်ဦးဆရာ၊ ပုဗ္ဗာစရိမည်ထူးရှိသော၊ မိခင်ဖခင် ကျေးဇူးရှင်တို့ကို။

**ဥပဋ္ဌာနဉ္စ** - ဘုရားတစ်ဆူ တစ်လုံးဂူသို့၊ ကြည်ဖြူစိတ်သန် အမြဲဋ္ဌာန်၍၊ ညပြန်နံနက်၊ ဝတ်မပျက်အောင်၊ ညွတ်လျက်ရိုကျိုး ရှိရှင်ခိုးခြင်း၊ ကောင်းနိုးရာရာ၊ စေတနာနှင့်၊ ရေစာမမွတ်၊ အဝတ်မနွမ်း၊ ကိုယ်ခံကျန်းစိမ့်၊ ရေချမ်းရေပူ၊ မဟူနေ့ည၌၊ ပစ္စည်းဖြင့်လည်း၊ ချီးမြှင့်ပူဇော်ခြင်း၊ ယင်းသို့ ဝန္ဒနာ၊ ပူဇာသက္ကာရ၊ ဌာနမယုတ်၊ လွန်အားထုတ်၍၊ လုပ်ကျွေးမွေးမြူခြင်း တည်းဟူသော၊ အမိတစ်ဝ၊ အဖတစ်ဖြာ ပိုင်းခြားထားလျှင်၊ မာတုပဋ္ဌာနမင်္ဂလာလည်းတစ်ပါး၊ ပိတုပဋ္ဌာနလည်းတစ်ပါး၊ ပုတ္တဒါရဿ ရင်သွေးရင်နှစ်၊ ချစ်၍မငြီး၊ သားသမီး

www.burmeseclassic.com

နှင့်၊ ဇနီးသက်ထား၊ ချစ်မယားအား၊ သင်္ဂဟောစ၊ မိဘ၏ဝတ်၊ လင်၏ဝတ်ကို၊ မချွတ်စေရန်၊ ကိုယ်တန်ထိုက်လျောက်၊ ပစ္စည်းထောက်၍ ချီးမြှောက်သင်္ဂြိုဟ်ရခြင်းလည်းတစ်ပါး၊ အနာကုလာ ခြောက်ပါးလျှင်းရှိ၊ ယိရှစ်မျိုးတို့၊ မိုးတိမ်သို့အုပ်၊ စိတ်ညစ်ပုပ်ကို၊ မဟုဿာဟ၊ လှုပ်ကြွလေကြီး၊ တိုက်လွှင့်ပြီးရကား၊ ဖျက်ဆီးနှောက်ယှက်ခြင်းမရှိကုန်သော၊ ကမ္မန္တာစ - ရဟန်းဖြစ်သော်၊ ရဟန်းတော်နှင့်လျော်ရာသင့်ရာ၊ လူတို့မှာလည်း လောကုတ်လောကီ၊ နှစ်လီစီးပွား၊ ကြီးမားဖြစ်ထွန်းရန်၊ စီမံဆောင်ရွက်သော၊ အမှုတို့လည်းတစ်ပါး၊ ဇတံ-ဤလေးပါးသောတရားတော်တို့ကို၊ ဥတ္တမံ - မြတ်သောမင်္ဂလာလေးပါးဟု အမြဲအစွဲ၊ မလွဲပုံသော၊ မှတ်သားလေလော့ဟူ၍ ရှင်တော်မြတ်ဘုရား မိန့်မြွက်တော်မူခဲ့သည်။

မာတာပဋ္ဌာနတစ်ပါး၊ ပိတုပဋ္ဌာနတစ်ပါး၊ ပုတ္တဒါရဿ သင်္ဂဟ မင်္ဂလာတစ်ပါး၊ အနာကုလ ကမ္မန္တာ မင်္ဂလာတစ်ပါး- ပြုစုလုပ်ကျွေးရေး မင်္ဂလာလေးပါး ဖြစ်ပေသည်။

**မေတ္တသုတ်** ။ ။ မေတ္တသုတ်၌ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ ကြီးက သတ္တဝါများအား မေတ္တာပို့ပွားများရာ၌ မာတာမိခင်ကဲ့သို့ မေတ္တာထားရမည်။ မိခင်မေတ္တာသည် သားသမီးများအပေါ်တွင် မည်မျှကြီးမားလှသည်ကို ပမာပုံထား၊ မေတ္တာပွားကြပါဟု မွေးမိခင်၏ဂုဏ်ကို ဥပမာဖော်ထုတ်ဟောကြားခဲ့ပေသည်။

မာတာ ယထာ နိယံပုတ္တံ၊ မာယုသာ ဧကပုတ္တ မနုရက္ခေ၊ ဧဝမ္ပိ သဗ္ဗဘူတေသု၊ မာနသံ ဘာဝယေ အပရိမာဏံ။

**မာတာ-** သမီး၊ သား၌ ကြီးပွားစေလို ဆထက်ပို၍ ပြုဟ္မစိုရ် နဂိုထုံလေ့ရှိသော ဂုဏ်ကျေးဇူးရှင် မွေးမိခင်သည်၊ **နိယံပုတ္တ** - မိမိရင်၌ဖြစ်သော **ကေပုတ္တံ** အရေကိုလွှာ၊ အသားကိုစွဲ၊ အရိုးကိုစွဲအောင် မြဲမြံလှစွာ ကရုဏာနှင့် မေတ္တာဗလဝချစ်ပါလှသော၊ ဖွားစနုနယ် တစ်ယောက်တည်းသော သားသူငယ်ကို အာယုသာ ဇီဝိန္ဒြေတည်ငြိမ်စေလိုသောကြောင့် အနုရက္ခေယထာ - ပိုက်ပိုက်ထွေးထွေး နို့ချိုကျွေး၍ မအေးစေရ၊ မပူရဘဲ၊ နေ့ညမခြား၊ ရင်ဝယ်ထား၍၊ လူလားမြောက်အောင်၊ ကြံဆောင်အထွေထွေ၊ စောင့်ရှောက်လေသကဲ့သို့၊ **ဝေမ္ပိတထာ** - ထိုရင်ဝယ် မွေးဖွား တစ်ယောက်သားကို၊ သနားကြည်ဖြူ စောင့်ရှောက်သောအတူသာလျှင်၊ **သဗ္ဗဘူတေသု** - ခပ်သိမ်းကုန်သော သတ္တဝါတို့၌ **အပရိမာဏံ** - သတ္တဝါနေရပ် အမှတ်အတိုင်းအရှည်မရှိသော၊ **မာနသံ ကပ္ပတ္တာယိ** - မတိမ်ကောနိုင် နောတတ်အိုင်မှ ပြွန်ဆိုင်ဖြိုးထွေ စီးသောရေကဲ့သို့ တတွေတွေယိုစီးသော မေတ္တာစိတ်ကို၊ **ဘာဝယေ** - အဖန်တလဲလဲ အမြဲနိစ္စ နေ့ညမကွာ၊ ပွားစေရာ၏။

**အများသိသော မိဘဝတ္တရားငါးပါး**

'မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ' သည်လည်း မိဘဂုဏ်ရည်များပင် ဖြစ်ပေသည်။ ယခုဖော်ပြရေးသားမည့် မိဘဂုဏ်ဆယ့်နှစ်ပါးမှာလည်း အနန္တောအနန္တဂိုဏ်းဝင်မိဘများ၏ အဆုံးအပိုင်းအခြားမရှိသော ဂုဏ်အင်များထဲမှ ဂုဏ်ရသအချို့ကို မသိရှိသေးသော ယနေ့လူငယ်လူရွယ်များနှင့် မိဘကျေးဇူးများကို အထူးသိတတ်သူများအဖို့ပါ။ ကျေးဇူးရှင် မိဘများအပေါ်တွင် ရိုသေလေးစား ဂရုဂါရဝထားကာ ကျေးဇူးသိတတ်သော သားသမီးကောင်းများ ဖြစ်ကြစေရန် ကောင်းမြတ်သော ရည်သန်စိတ်ထား၍ ရေးသား ဖော်ပြလိုက်ပါသည်။

**မိဘဂုဏ် (၁၂) ပါး**

**၁။ အာပါဒကဂုဏ်**

ခွင်းပဘေးဒဏ်၊ ရန်မာန်ကင်းပျောက်၊ သားသမီးတို့၏ ပွားစီးခြင်းသို့ ရောက်အောင် စောင့်ရှောက်တတ်သော ဂုဏ်။

**၂။ ပေါသကဂုဏ်**

နှလုံးသွေးစစ်၊ နို့ချိုစစ်ကို၊ သောက်စို့စေလျက်၊ ယုယပိုက်ထွေး၊ မွေးကျွေးတတ်သောဂုဏ်။

**၃။ ဒဿေတာရဂုဏ်**

ရှုဖွယ်လုံးစုံ၊ အာရုံဟူသမျှကို ပြပေတတ်သောဂုဏ်။

**၄။ ပြဟ္မာဂုဏ်**

သန္တေတည်စ၊ ထိုကာလမှ၊ စ၍မှန်စွာ၊ ပြဟ္မာအလား၊ သားသမီးတို့၌ ပွားစီး ပြဟ္မစိုရ်၊ ကြည်ညိုပိုက်ကျုံး၊ နှလုံးမူတတ်သောဂုဏ်။

**၅။ ပုဗ္ဗဒေဝတာ**

အကျိုးများအောင်၊ တိုးပွားစောင့်ကြပ်၊ မစတတ်သော၊ အိမ်ဦးနက်နှင့် တူသောဂုဏ်။

**၆။ ပုဗ္ဗာစရိယဂုဏ်**

ဆရာတို့ထံ၊ မအပ်နှံသေး၊ ငယ်ရွယ်သွေးက၊ ရှေးဦးရှေးဖျား၊ သင်ကြားပြုပြင်၊ သွန်သင်ပြသ၊ ဆုံးမတတ်သောဂုဏ်။

**၇။ အာဟုနေယျဂုဏ်**

ခရီးဝေးစွာ၊ ဆောင်ယူလာပြီး၊ သားသမီးတို့၏၊ ပစ္စည်းအလှူကို၊ ခံယူသိမ်းပိုက်တတ်သောဂုဏ်။

**၈။ သုဟာဒဂုဏ်**

သားကိုရရန်၊ တောင်းဆုပန်၍၊ သည်းရန်မျက်ဖြေ၊ သားသက်ဝေ၌၊ အရေထူပါး၊ အကြောများနှင့်၊ ရိုးသားထွင်းဖောက်၊ ခြင်ဆီရောက်ထိ၊ ချစ်ခြင်းရှိတတ်သောဂုဏ်။

**၉။ ဇနေတ္တိဂုဏ်**

ကိုးလဆယ်လ၊ စသည်တစ်မူ၊ ကြည်ဖြူနှစ်သက်၊ ဆောင်ရွက်မကွာ၊ ကြင်နာသနား၊ သတို့သားကို ဖွားမြင်ပေတတ်သောဂုဏ်။

**၁၀။ တောသယန္တိဂုဏ်**

ကိုယ်စိတ်မချမ်း၊ ငိုမြည်တမ်းတ၊ ရွှင်လန်းစိမ့်ရေး၊ နို့ချိုကျွေးလျက်၊ တေးသီချင်းတို့ဖြင့်၊ သာညင်းကျူးငြိမ့်၊ နှစ်သိမ့်စေတတ်သောဂုဏ်။

**၁၁။ ပေါသေန္တိဂုဏ်**

လေပူနေပူ၊ ညှဉ်းပန်းဟူက၊ ကြည်ဖြူလန်းဆန်း၊ မြတ်နိုးရတနာသား သည်းချာကို၊ ကောင်းစွာစောင်မ၊ ယုယလေးမြတ်၊ မွေးပေတတ်သောဂုဏ်။

**၁၂။ ဂေါပယန္တိဂုဏ်**

မိရိုးဖလာ၊ ရတနာရွှေငွေ၊ လယ်ယာမြေကို၊ အမွေခံနှစ်၊ စံရစ်စရာ၊ ဖြစ်စိမ့်ငှာဟု၊ ကောင်းစွာသိုမှီး၊ သိမ်းဆည်းစောင့်ရှောက်တတ်သောဂုဏ်။

*(အနန္တောအနန္တငါးပါးကို ဦးထိပ်ထား၍ မိဘကျေးဇူးများကို သိရှိနားလည်ပြီး မိဘတို့၏ ကျေးဇူးတရားများကို သိတတ်သော၊ မမေ့သော၊ သားသမီးကောင်း၊ သားသမီးမြတ်များ ဖြစ်ကြပါစေဟု ဆုမွန်ကောင်းတောင်းလိုက်ပါသည်။)*

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)



www.burmeseclassic.com

www.burmeseclassic.com

ရွှေကူလေးပျံ့သစ်တော်ရုပ်ရှင်တော်မြတ်သည် ၂၀၀၆ ခုနှစ်နောက်ပိုင်းမှစတင်၍ မြန်မာနိုင်ငံအနှံ့အပြားမှ ပင့်ဆောင် ပူဇော်လိုသူတို့ အဆက်မပြတ် ပေါ်ပေါက်လျက်ရှိရာ နှစ်ပတ်လည် ဒေသစာရီခရီးများ မနားတမ်း ကြွမြန်းတော်မြတ်ကို အထူးကြည်ညိုရင်းစွဲရှိကြသူများဖြစ်ကြ၍ ဦးအောင်မြတ်မှ မယ်တော်ကြီးကို ဤသို့ပန်ကြားပါသည်။

ဤမျှတန်ခိုးတော်ကြီးမားတော်မူသောရုပ်ရှင်တော်မြတ်တွင် ခိုင်မာတိကျ၍ ရှည်လျားသော သမိုင်းကြောင်းလည်းရှိမည်။ ရုပ်ရှင်တော်မြတ်သည် ကြွရောက်တော်မူရာဌာနတို့တွင် ထူးခြားမှုများလည်း အမြဲမပြတ် ဖြစ်ပေါ်လေ့ရှိသည်ဟု ကြားသိနေရပါသည်။ အခြားစာရေးဆရာတို့သည် ရုပ်ရှင်တော်မြတ်နှင့် ကြုံဆုံခိုက် ၎င်းတို့ကြား

ဘိုဘို(ရွှေကူ)

## ရွှေကူလေးပျံ့သစ်တော်ရုပ်ရှင်တော်မြတ်၏

# ထားဝယ်ခရီးစဉ်မှထူးခြားမှုများ

တော်မူလျက်ရှိသည်မှာ ယနေ့တိုင် အောင် ဖြစ်ပါသည်။ ရုပ်ရှင်တော်မြတ်သည် ၂၀၀၃ ခုနှစ်မှ စတင်၍ ရန်ကုန်မြို့သို့ နှစ်စဉ်ကြွမြန်းတော်မူခဲ့ခြင်း ဖြစ်ပါသည်။ ၂၀၀၃ ခုနှစ်တွင် မယ်တော်ကြီးသည် နဝင်္ဂသီလ ဆောက်တည်လိုက်ပြီး ပညာရေးဝန်ထမ်းအဖြစ်မှ နုတ်ထွက်အနားယူလိုက်ပြီဖြစ်သော်လည်း အန်တီအေးမှာ ဝန်ထမ်း (ပညာရေး) အဖြစ်နှင့် ဆက်ရှိနေသေး၍ ရုပ်ရှင်တော်မြတ်၏ ရက်ရှည်ဒေသစာရီ ခရီးစဉ်များကို နွေရာသီကျောင်းပိတ်ရက်တွင်သာ ကြွမြန်းတော်မူနိုင်သဖြင့် ရန်ကုန်မြို့ကို နွေရာသီတွင် ပထမဦးဆုံး ကြွမြန်းတော်မူပေးခဲ့ရာမှ အန်တီအေး ပညာရေးဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပြီးသော်လည်း နှစ်တိုင်းအစဉ်အလာဖြစ်ကာ ယနေ့အချိန်တိုင် (၂၀၀၉ မှစ၍ ၁လပိုင်း လဆန်းရက်မှ ၅ လပိုင်းလကုန်ရက် အထိ) ရုပ်ရှင်တော်မြတ်၏ နွေရာသီဒေသစာရီခရီးစဉ်ရက်များသည် ရန်ကုန်မြို့မှာပင် ကျရောက်မြဲဖြစ်ခဲ့ရပါသည်။

သို့ဖြစ်၍ ၂၀၁၁ ခုနှစ်၊ နွေရာသီ ထားဝယ်မြို့ ဒေသစာရီခရီးစဉ်တွင် သူရဇ္ဇမဂ္ဂဇင်းကြီး၏ အယ်ဒီတာချုပ် ဦးအောင် နှင့် ဒေါ်ချောသီရိခိုင် မိသားစုတို့သည် ရုပ်ရှင်တော်မြတ်အား ၎င်းတို့၏ နေအိမ်သို့ ပင့်ဆောင် ပူဇော်ခဲ့ကြသည်။ ထိုအချိန်၌ သူရဇ္ဇမဂ္ဂဇင်းတွင် အခြားစာရေးဆရာကြီးများ ရေးသားပေးပို့ခဲ့သည့် ရုပ်ရှင်တော်မြတ်၏ ဒေသစာရီခရီးစဉ်များမှ ထူးခြားသောဖြစ်ရပ်တို့ကို ဖော်ပြပါရှိပြီးဖြစ်ကာ ရန်ကုန် ၌လည်း ရုပ်ရှင်တော်မြတ် တန်ခိုးတော်ဂုဏ်သတင်းတို့သည် အဆက်မပြတ် ပေါ်ထွက်လျက်ရှိရာ ဦးအောင်မြတ်တို့မိသားစုသည် ရုပ်ရှင်



၂၀၁၁ နေပြည်တော်ခရီးစဉ်တွင် ရုပ်ရှင်တော်မြတ်ကို သပ္ပာယ်စွာ ဖူးမြော်ရစဉ်



www.burmeseclassic.com

www.burmeseclassic.com

မြင်သိရှိသမျှလောက်ကိုသာ ရေးသားဖော်ထုတ် တင်ပြနိုင်ကြမည်ဖြစ်ရာ ရုပ်ရှင်တော်မြတ်၏ တန်ခိုးတော်နှင့်ပတ်သက်၍ ထူးခြားမှုတို့ များစွာကျန်ရှိမည်ဖြစ်ပါသည်။

ထို့ကြောင့် ရုပ်ရှင်တော်မြတ်၏ ဖြစ်တော်စဉ် သမိုင်းကြောင်းနှင့်တကွ ထူးခြားသော တန်ခိုးတော်များကို မှတ်တမ်းပြုစုပြီးလည်းဖြစ်စေ၊ ဗုဒ္ဓဘာသာဝင် အများပြည်သူတို့ သိရှိကြည်ညိုနိုင်ကြရန်လည်းဖြစ်စေ သူရဋ္ဌမဂ္ဂဇင်းကြီးတွင် ဖော်ပြတင်ဆက်ပေးလိုပါသဖြင့် ရုပ်ရှင်တော်မြတ်နှင့် ပတ်သက်သော အကြောင်းအရာတို့ကို မယ်တော်ကြီးမှ ရေးသားပေးစေလိုကြောင်း ပန်ကြားခဲ့ပါသည်။

ထိုအခါ မယ်တော်ကြီးတွင် နှစ်ပတ်လည် ရုပ်ရှင်တော်မြတ်၏ ဒေသစာရီခရီးစဉ်များတွင် လိုက်ပါလျက် ရုပ်ရှင်တော်မြတ်၏ ဝေယျာဝစ္စများ ဆောင်ရွက်ရခြင်း၊ အဓိဋ္ဌာန်ကျင့်စဉ်များနှင့် တရားဘာဝနာပွားများအားထုတ်ရခြင်း၊ ရွှေကံကူသာဝကများ၏ အရေးအရာကိစ္စများကို ကူညီဆောင်ရွက်ရခြင်းတို့ကြောင့် စာရေးချိန်မရှိပါ။ သို့သော် ဆရာဘိုဘို (စာရေးသူ) ကို ရေးသားစေပါမည်ဟု ပြောကြားခဲ့ပါသည်။

ထိုသို့ဖြင့် စာရေးသူလည်း ဦးအောင်မြတ်၏တိုက်တွန်းအားပေးမှုကြောင့် ရုပ်ရှင်တော်မြတ်၏ ဖြစ်တော်စဉ်သမိုင်းမှ အစပြု၍ ထူးခြားသော တန်ခိုးတော်တို့၏ အကြောင်းအရာများကို ရေးသားပြုစုကာ ဦးအောင်မြတ်ထံသို့ ပေးပို့ခဲ့ရာ သူရဋ္ဌမဂ္ဂဇင်းကြီးတွင် ဖော်ပြပါရှိလာခဲ့ပါသည်။ ထိုအခါ များပြားလှသော သူရဋ္ဌမဂ္ဂဇင်းစာဖတ်ပရိသတ်ကြီးသည် ရုပ်ရှင်တော်မြတ်၏ တန်ခိုးတော်များကို သိရှိကြည်ညိုကြရကား အံ့သြမဆုံးဖြစ်ကြရပါသည်။ ထို့အပြင် များပြားလှသော ရွှေကံကူသာဝကအပေါင်းတို့သည်လည်း ယခင်က စာဖတ်ဝါသနာမပါသူများပင် မိမိတို့ ပင့်ဆောင်ပူဇော် ကိုးကွယ် ကြည်ညိုသော ရုပ်ရှင်တော်မြတ်၏ အကြောင်း ပါရှိသည်ဆိုသောအခါ သူရဋ္ဌမဂ္ဂဇင်းကို ရှာဖွေ ဖတ်ရှုကြသည်။ ဝယ်ယူသိမ်းဆည်းကြသည်၊

ရုပ်ရှင်တော်မြတ်အား သိရှိခဲ့သည်မှာ (၁၀) နှစ်ခန့်ရှိပြီဖြစ်ကာ (၅) နှစ်ဆက်တိုက် အကြိမ်ပေါင်းများစွာ ပင့်ဆောင်ပူဇော်ခဲ့ကြပြီး နောင်လည်း



ပဲခူးတိုင်းဒေသကြီး ဖြူးမြို့ တာချားရပ်ကွက် အိမ်အမှတ် (၁၀၄)
(ဒုရဲမှူးစံသိန်း) + ဒေါ်သန်းဆွေတို့၏နေအိမ်တွင်
၁၇-၈-၂၀၁၂ နံနက် ၇း၃၀ နာရီအချိန်တွင် ရဟန္တာ လာရောက် ဖူးမြော်ပုံ

နှစ်စဉ်ပင့်ဆောင်ပူဇော်ကြရန် ကြိုတင်လျှောက်ထားကြပြီးဖြစ်ကာ မယ်တော်ကြီး၊ အန်တီအေး၊ စာရေးသူတို့နှင့် မိသားစုသဖွယ် ရင်းနှီးနေကြပြီဖြစ်သော ရန်ကုန်မြို့ ဒဂုံဆိပ်ကမ်းမြို့နယ် ယုဇနဥယျာဉ်မြို့တော် အမှတ် (၃၉)၊ စစ်တောင်းရိပ်မွန်တွင် နေထိုင်ပြီး လှိုင်မြို့နယ် ဗဟိုလမ်း အမှတ် ၂၈/၂၉ မြေညီထပ် အခန်း (၀၁၂) တွင် 'ကြံတိုင်းအောင် ဆောက်လုပ်ရေး အင်အားစု' လုပ်ငန်း တည်ထောင်ထားရှိသော ကိုသန်းအောင်နှင့် မီးမီး (ခေါ်) မခင်စိုးသူတို့မှ -

"ကျွန်မတို့ ဘုရားကြီး (ရုပ်ရှင်တော်မြတ်) ကို ကိုးကွယ်လာတာ ပင့်ဆောင်ပူဇော်လာတာ ကြာပါပြီ။ ဒီအတိုင်းသာ ကြည်ညိုနေကြတာ။ အခု ဆရာဘိုဘိုက သူရဋ္ဌမဂ္ဂဇင်းထဲမှာ ရေးလိုက်တော့မှ ပိုပြီး လေးလေးနက်နက် ကြည်ညိုစိတ်တွေ တိုးပွားရပါတယ်"

ဟု ပြောကြားသကဲ့သို့ အခြားသာဝကများစွာတို့ကလည်း စာရေးသူနှင့် တွေ့ကြုံသည့်အခါတိုင်း ထိုသို့ပြောကြားလေ့ရှိကြပါသည်။

ထို့ကြောင့် ရွှေကံကူသာဝကတို့သည် သူရဋ္ဌမဂ္ဂဇင်းစာဖတ်ပရိသတ်များ ဖြစ်သွားကြသကဲ့သို့ သူရဋ္ဌစာဖတ်ပရိသတ်တို့သည်လည်း ရွှေကံကူသာဝကများအဖြစ်သို့ ရောက်ရှိ၍လာကြပါသည်၊ ထိုနည်းဖြင့် တနင်္ဂနွေ...



www.burmeseclassic.com

www.burmeseclassic.com



ထားဝယ်မြို့ ခေါင်းငှရပ် ဦးစိန်ဝင်း+(ဒေါ်ရှုတည်)၊ ကိုအောင်အောင်+မစိန်စိန်အုန်းတို့၏နေအိမ်မှ ဦးစိုးအောင် + ဒေါ်သောင်းစိန်တို့၏နေအိမ်သို့ ဆက်လက် ပင့်ဆောင်စဉ်



၂၀၁၂ ပြင်ဦးလွင်ခရီးစဉ်တွင် ဂုဏ် ခြေမြန်တစ်ရင်း (အန်းချော) မှ ပင့်ဆောင် ပူဇော်စဉ်

ကြီး၊ ထားဝယ်မြို့မှ မစိန်စိန်အုန်း သည် သုရဇ္ဇစာဖတ်ပရိသတ်တစ်ဦးဖြစ် ရုပ်ရှင်တော်မြတ်၏ ယခင်ဆောင်း များကို ဖတ်ရှုမိစဉ်ကတည်းက ရုပ်ရှင် တော်မြတ်ကို စိတ်ဝင်စားခဲ့သော်လည်း ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ်တို့မပါ သောကြောင့် ဆက်သွယ်မှု မပြုလုပ် ခဲ့ပါ။ ၂၀၁၁၊ ၆ လပိုင်းမှစ၍ စာရေး ရေးသားသော ရုပ်ရှင်တော်မြတ်၏ ဆောင်းပါးများ ပါရှိလာသောအခါ ရှင်တော်မြတ်ကို ယခင်ထက် ပို၍ သိစိတ်များ ပြင်းထန်စွာဖြစ်ပေါ်ခဲ့ သည်၊ ထို့ကြောင့် စာရေးသူတို့ထံသို့ ဆက်သွယ်ကာ ၉ ရက်၊ ၉ လ ယပွဲတော်ရက်တွင် အောင်မြေ ရောက်ပြီး ပလ္လင်တော်လှူဒါန်း ရုပ်ရှင်တော်မြတ်ကို ဖူးတွေ့လို ကြောင်း ပြောကြားကာ မရောက်ဘူး ဒေသဖြစ်၍ မည်သို့လာရောက်ရ မည်ဟူသော လမ်းကြောင်းတို့ကို မေးမြန်းပါသည်။ စဉ့်ကိုင်နှင့် ရန်ကုန်မြို့သည်ပင် ဝေးကွာလှရာ ထားဝယ်နှင့် ရန်ကုန်သည်လည်း ဝေးကွာလှသည်ဖြစ်သောကြောင့် ထားဝယ်နှင့် စဉ့်ကိုင်ဆိုလျှင် အလွန်ပင်ကွာဝေးလှသည်ဖြစ်ရာ စရိတ်စကကုန်ကျငွေ များပြားလှပါသည်။ ထို့ကြောင့် ငွေရေးကြေးရေး အဆင်ပြေစေရန် အဓိဋ္ဌာန်ပါဦးမည် ပြောကြားပါသည်။ ထို့နောက် ဖုန်းအဆက်အသွယ် မရရှိတော့ပါ။

စာရေးသူတို့လည်း ၂၀၁၁၊ ၉ ရက်၊ ၉ လ ဗုဒ္ဓပူဇနိယပွဲတော်ရက် နီးကပ်လာပြီ ဖြစ်သောကြောင့် လိုအပ်သည်တို့ကို ပြင်ဆင်ရခြင်း၊ ရပ်ဝေးရပ်နီးမှ များပြားလှသော ရွှေကံကူသာဝကများထံမှ ရောက်ရှိလာသော ဖုန်းတို့ကို ပြောကြားရခြင်း၊ စာရေးသူထံသို့ ဆေးသိဒ္ဓိသစ္စာရေ လာရောက် တောင်းခံကြသူတို့နှင့် တွေ့ဆုံရခြင်း၊ စာရေးသားရခြင်းတို့ကြောင့် မအားလပ်အောင်ရှိနေခဲ့ပါသည်။

ဤသို့ဖြင့် ပွဲတော်ရက်ရောက်ရှိရန် (၃) ရက်အလိုသို့ ရောက်ရှိလာရာ မစိန်စိန်အုန်းထံမှ ဖုန်းဆက်လာပါသည်။ အဓိဋ္ဌာန်အောင်မြင်၍ ငွေရေးကြေးရေးကိစ္စ အဆင်ပြေပြီဖြစ်သောကြောင့် ထားဝယ်မြို့မှ စတင်ထွက်ခွာလာပြီဟု သိရပါသည်။ ၉ ရက်၊ ၉ လ ရွှေကံကူ ဗုဒ္ဓပူဇနိယပွဲတော်နေ့တွင် မစိန်စိန်အုန်းနှင့် အဖော်နှစ်ဦး အပါအဝင် စုစုပေါင်း မိန်းကလေး (၃) ဦး ရောက်ရှိလာကြပါသည်။ ပလ္လင်တော်တစ်ခုစီလည်း လှူဒါန်းကြပါသည်။ မစိန်စိန်အုန်းသည် ရုပ်ရှင်တော်မြတ်ကို စာအုပ်ထဲတွင်သာ ပါသော ဓာတ်ပုံတော်တို့ကိုသာ ကြည်ညိုနေခဲ့ရရာမှ ရုပ်ရှင်တော်မြတ်ကို အပြင်တွင် ပြကတေ့ဖူးတွေ့လိုက်ရသောအခါ ကြည်ညိုဖူးမြော်၍မဝနိုင်ကာ ဝမ်းသာလွန်း၍ မျက်ရည်များပင်ကျနေပါသည်။

"ဆရာ့ကျေးဇူးကြောင့် အခုလို ရုပ်ရှင်တော်မြတ်ကိုသိရှိပြီး လာရောက်ဖူးမြော်ခွင့်ရတာ ဆရာ့ကို ကျေးဇူးတင်ပါတယ်။ ထားဝယ်က ကျွန်မတို့အိမ်အထိ ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်ပူဇော်လိုပါတယ်။ ဆရာလည်း ဆုတောင်းပေးပါ။ ကျွန်မလည်း ဆုတောင်းသွားပါမယ်"

ဟု ထားဝယ်သံဝဲဝဲဖြင့် ပြောပါသည်။

မစိန်စိန်အုန်းတို့သည် ၈ ရက်နေ့ညတွင် ရောက်ရှိလာပြီး ၉ ရက်နေ့ နံနက်စောစောတွင်ပြန်သွားကြပါသည်။

၉ ရက်၊ ၉ လ ဗုဒ္ဓပူဇနိယပွဲတော်ရက်ကို တစ်စထက်တစ်စ လူသိများလာပြီဖြစ်သောကြောင့် ယခုနှစ်တွင် ယခင်နှစ်များထက် ဧည့်သည်များလာရောက်ကြသောကြောင့် ပိုမိုစည်ကားခဲ့ပါသည်။

ဤသို့ဖြင့် ပွဲတော်ရက်ပြီးဆုံးပြီး (၃) ရက်ခန့်မှစ၍ ကြိုတင်စာရင်းပေး၍ ရက်ချိန်းယူထားကြသော မြန်မာနိုင်ငံအနှံ့အပြားရှိ မြို့ရွာများသို့ ဒေသစာရီခရီးများ ပြန်လည်ကြွမြန်းတော်မူခဲ့ရပါသည်။ မန္တလေး၊ ပြင်ဦးလွင်၊ မြင်းခြံစသော မြန်မာနိုင်ငံအထက်ပိုင်း ခရီးစဉ်များ ပြီးဆုံးသောအခါ ၆-၁၁-၂၀၁၁ နေ့မှစ၍ မြန်မာနိုင်ငံအောက်ပိုင်း ခရီးစဉ်အဖြစ် မိတ္ထီလာ၊ ပျော်ဘွယ်၊ ရမည်းသင်း၊ နေပြည်တော်၊ တောင်ငူ၊ ရန်ကုန်၊



www.burmeseclassic.com

www.burmeseclassic.com

ပုသိမ်၊ တာချီလိတ် စသောမြို့များသို့ ပင့်ဆောင်ပူဇော်ရာ ဌာနများတွင် လှည့်လည် ကြွမြန်းတော်မူခဲ့ပြီး ၂၀၁၂၊ ၅ လပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိခဲ့ပါသည်။ နေပြည်တော်မှတစ်ဆင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးဝမြို့နယ်အတွင်းရှိ မဟာမြိုင်တောကြီးသို့ ဒေသစာရီ ကြွမြန်းတော်မူခဲ့ရပြန်ပါသည်။ ထိုမှဆက်၍ ကလေးမြို့သို့ ကြွမြန်းတော်မူခဲ့ပြီးမှ လေကြောင်းခရီးဖြင့် စဉ့်ကိုင်မြို့အောင်မြေသို့ ပြန်လည် ကြွမြန်းရောက်ရှိတော်မူပါသည်။

အောင်မြေတွင် (၃) ရက်ခန့်သာ နားပြီး မန္တလေး၊ ပြင်ဦးလွင်၊ နောင်ချို၊ ကျောက်မဲမြို့များသို့ တစ်လခွဲကြာမြင့်သော ဒေသစာရီခရီး ကြွမြန်းတော်မူလျက်ရှိစဉ် မစိန်စိန်အုန်းထံမှ ဖုန်းဆက်သွယ်လာပြန်ပါသည်။ ရုပ်ရှင်တော်မြတ်ကြီးအား ထားဝယ်မြို့သို့ ပင့်ဆောင်ပူဇော်ရန် ဆုတောင်းအဓိဋ္ဌာန်ထားရှိခဲ့ခြင်းတို့ အောင်မြင် ပြည့်မြောက်ပါပြီ။ ထို့ကြောင့် ပင့်ဆောင်ရန် ရက်ချိန်းစီစဉ်ပေးပါဟု ပြောကြားပါသည်။

ထားဝယ်ခရီးသည် ဝေးလွန်းလှပါသည်။ သာမန်လူတစ်ယောက်၏အသွားအပြန်စရိတ်ပင် နည်းမည် မဟုတ်ပါ။ ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်ပူဇော်ရသောစရိတ်မှာ ပို၍များပြားလှပါသည်။ **အန်တီအေးနှင့် မယ်တော်ကြီးတို့၏ ခရီးစရိတ်အပြင် လာရောက် ပင့်ဆောင်သူတို့၏ခရီးစရိတ်များလည်းရှိသေးသည်။** ရုပ်ရှင်တော်မြတ် ကြွရောက် အပူဇော်ခံလျက်ရှိစဉ်တွင်လည်း ဗုဒ္ဓဝေယျာဝစ္စများ၊ ဘုရားဖူးကြွရောက်လာကြသော ဧည့်ပရိသတ်တို့အား ဧည့်ခံကျွေးမွေးစရိတ်များ၊ ရုပ်ရှင်တော်မြတ်အား ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ သင်္ကန်း ပရိက္ခရာ လှူဒါန်းရခြင်းများလည်းရှိရာ တော်ရုံသဒ္ဓါတရားနှင့် ပင့်ဆောင်ပူဇော်နိုင်ကြမည် မဟုတ်ပါ။ ထို့ကြောင့် မစိန်စိန်အုန်း၏ သဒ္ဓါတရားကို လေးစားချီးကျူးမိပါသည်။

ထို့ကြောင့် စာရေးသူနှင့် အန်တီအေးတို့ တိုင်ပင်ညှိနှိုင်းပြီး ရက်သတ်မှတ်ပေးလိုက်ပါသည်။ ယခင်က စာရေးသူတို့သည် လာရောက်လျှောက်ထားသူတို့ကို တစ်ခါတည်း ရက်ပေးလိုက်ခြင်း၊ နှစ်စဉ် တစ်ဦးတစ်ယောက်ကို ပုံသေရက်များ ပေးထားခြင်းတို့ ရှိခဲ့သော်လည်း ယနေ့အချိန်တွင် ပင့်ဆောင်



**ဆရာတိုဘိုအား**
**ရှွေကာကူအောင်မြေ၌ တွေ့ရစဉ်**

ပူဇော်သူတို့ ပေါများလှသော အနေအထားတွင် ထိုသို့ ပုံသေရက်သတ်မှတ်ပေး၍ မဖြစ်တော့ပါပြီ။ ခန့်မှန်းခြေရက်ကိုသာပေးနိုင်ပြီး တစ်ပတ်အလိုမှသာ သေချာပေါက် ရက်သတ်မှတ်ပေးနိုင်တော့ပါသည်။ ထို့ကြောင့် ရုပ်ရှင်တော်မြတ်အား ပင့်ဆောင် ပူဇော်ရန် လာရောက် လျှောက်ထားကြသူတို့တွင် အကြောင်း သင့်မှုအပေါ်တွင် မူတည်၍ အချို့ လျှောက်ထားပြီး ရက်ပိုင်းမျှဖြင့် ပင့်ဆောင်ခွင့်ရရှိပြီး အချို့ဆိုလျှင် လျှောက်ထားပြီး နှစ်ချီ၍ စောင့်ရခြင်းများ ရှိတတ်ပါသည်။

စာရေးသူတို့သည် ရုပ်ရှင်တော်မြတ်၏ ခရီးစဉ်တို့ ခေါက်တုံ့ခေါက်ပြန် ဖြစ်မည်ကြောင့် လမ်းကြောင်းသင့်သောသူတို့ကိုသာ ခရီးစဉ်တွင် ထည့်သွင်းရေးဆွဲရသောကြောင့်သာ ဖြစ်ပါသည်။ ယခုလည်း ထိုသို့ ခရီးစဉ်ကို စီစဉ်လိုက်ရာ ၉-၇-၂၀၁၂ နေ့မှစ၍ မိတ္ထီလာမြို့ မြို့နယ် ဥပဒေအရာရှိ ဦးလှိုင်မင်းဆွေ-ဒေါ်ဖြူဖြူခိုင် မိသားစုတို့မှ ပင့်ဆောင်ပူဇော်ပါသည်။ ထိုမှဆက်၍ ပျော်ဘွယ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်အောင်ဆန်း၊ ဇနီး ဒေါ်မြင့်မြင့်ထွေး မိသားစုမှ ပင့်ဆောင်ပါသည်။ နေပြည်တော်တွင် ၁၅၊ ၁၆၊ ၁၇ (၃) ရက်တိတိ အပူဇော်ခံမည် ဖြစ်ပါသည်။ ရန်ကုန်မြို့သို့ ဆက်လက် ပင့်ဆောင်ပူဇော်မည့် ကိုသန်းအောင်- မခင်စိုးသူတို့သည်လည်း ၁၅-၇-၂၀၁၂ နေ့ကတည်းက ဦးကျော်အောင်ဆန်း-ဒေါ်မြင့်မြင့်ထွေး နေပြည်တော်သို့ ရောက်ရှိ၍လာကာ ဟိုတယ်တစ်ခုတွင် တည်းခိုစောင့်ဆိုင်းလျက်ရှိကြပါသည်။ ထိုအချိန်တွင် ကိုသန်းအောင် (၀၉-၅၀၆၁၅၆၈) ထံသို့ ငွေရစ်ရာရှိသူထံမှ ငွေလာယူလှည့်ပါဟူသော ဖုန်းဝင်လာရာ မယ်တော်ကြီးထံသို့ အကျိုးအကြောင်း လာရောက် ပြောကြား၍ ခွင့်တောင်းခံကာ ရန်ကုန်မြို့သို့ ခေတ္တပြန်လိုကြောင်း ပြောကြားသည်။ ထိုအခါ မယ်တော်ကြီးမှ ဘုရားပင့်ရန်လာရောက်ခြင်းတွင် အခြားစီးပွားရေးကိစ္စအတွက်ဖြင့် နောက်ပြန်ခေါက်ရန် မသင့်ပါ။ မပြန်ကြနှင့်ဟု ပြောကြားလိုက်ပါသည်။

ကိုသန်းအောင် - မခင်စိုးသူတို့သည် မယ်တော်ကြီး၏ သားသမီးများ သဖွယ်ဖြစ်နေကြကာ မယ်တော်ကြီး၏ စကားဆိုလျှင် တစ်သဝေမတိမ်း နားထောင်ကြသူများဖြစ်ကြသော်လည်း ၎င်းတစ်ကြိမ်တွင် ရမည့်ငွေမှာ ရာဂဏန်းဖြစ်နေကြ၍ ရန်ကုန်သို့ ခေတ္တပြန်လိုကြသည်။ ထိုအခါ အန်တီအေးမှနေ၍ မယ်တော်ကြီးက အကြောင်းမဲ့တားခြင်း မဟုတ်ပါ။ မယ်တော်ကြီးက နေဆိုနေလိုက်ကြပါ။ အကြောင်းရှိပါလိမ့်မည်ဟု မခင်စိုးသူကိုကပ်၍ တိုးတိုးပြောလိုက်သဖြင့် ၎င်းတို့လည်း မပြန်တော့ဘဲနေလိုက်ကြပါသည်။ နောက်တစ်နေ့မှာ ကိုသန်းအောင်-မခင်စိုးသူတို့တွင် မမျှော်လင့်ဘဲ ကြီးမားသော ဆောက်လုပ်ရေးလုပ်ငန်းကြီးတစ်ခု ရရှိလိုက်ပါသည်။ ၁၆-၇-၂၀၁၂ နေ့တွင် ကိုသန်းအောင်-မခင်စိုးသူတို့သည် ရုပ်ရှင်တော်မြတ်အား နေပြည်တော် (ပျဉ်းမနား) မှ ရန်ကုန်မြို့သို့ ဆက်လက်ပင့်ဆောင်ခဲ့ကြပြီး ၎င်းတို့နေထိုင်ရာ ယုဇနဥယျာဉ်မြို့တော်တွင် အပူဇော်ခံပါသည်။ ၁၈-၇-၂၀၁၂ တွင် သုဝဏ္ဏအိမ်ရာ၌ နေထိုင်ကြသော အင်ဂျင်နီယာချုပ် (ဆောက်လုပ်ရေးဝန်ကြီးဌာန) ဦးခင်မောင်ကျော် - ဒေါ်ဝေဝေမာမိသားစုတို့မှ ဆက်လက်ပင့်ဆောင် ပူဇော်ကြပြန်ပါသည်။

ထိုအချိန်တွင် မစိန်စိန်အုန်းတို့သည် ရန်ကုန်မြို့သို့ ရောက်ရှိနေပြီဖြစ်ပါသည်။ ထိုရက်များက ထားဝယ်ဒေသတွင် မိုးတို့အဆက်မပြတ်ရွာသွန်းလျက်ရှိသောကြောင့် လေယာဉ်ဖြင့် ကြွမည်ဆိုပါလျှင် ထားဝယ်မြို့သို့ ရောက်ရှိပြီးကာမှ ရာသီဥတုဆိုးရွားနေလျှင် လေယာဉ်ဆင်းသက်၍ မရခြင်းများရှိတတ်သည်။ ထို့ကြောင့် အသွားတွင် ထိုင်းကားဖြင့်သာပင့်ပါရစေဟု မစိန်စိန်အုန်း



www.burmeseclassic.com

www.burmeseclassic.com

၏ တောင်းပန်ချက်ကို လိုက်လျော၍ မယ်တော်ကြီးတို့လည်း လိုင်းကားဖြင့်ပင် လိုက်ပါကြွမြန်းရန် သဘောတူညီလိုက်ပါသည်။ အမှန်မှာ မယ်တော်ကြီးတို့သည် ၂၀၀၄ နောက်ပိုင်းမှ ယနေ့တိုင် လိုင်းကားဖြင့် ခရီးသွားလာခြင်းမျိုးတို့ မရှိတော့ပြီဖြစ်ကာ ရုပ်ရှင်တော်မြတ်သည်လည်း ထို့အတူပင်ဖြစ်ပါ၏။ သို့သော် သက်တော်ထင်ရှား မြတ်စွာဘုရားရှင်သည်ပင် အပင်ပန်းဆင်းရဲခံကာ ဒေသစာရီခရီးများ ကြွမြန်းတော်မူခဲ့ခြင်းများရှိသည့်နည်းတူ သာသနာသမိုင်းတွင် ထင်ရှားခဲ့သော သာသနာပြုပုဂ္ဂိုလ်ကြီးများသည်လည်း ပင်ပန်းဆင်းရဲခံ၍ ကြမ်းတမ်းသော ခရီးလမ်းများကို လျှောက်လှမ်းခဲ့ရသည့်နည်းတူ ယခုလည်း ရုပ်ရှင်တော်မြတ်သည် အန်တီအေးနှင့် မယ်တော်ကြီးတို့ လိုက်ပါလျက် ၂၀-၇-၂၀၁၂ ညနေပိုင်းတွင် ရန်ကုန်မြို့မှ စတင်ထွက်ခွာပါသည်။

မစိန်စိန်အုန်းသည် ရုပ်ရှင်တော်မြတ်နှင့်အတူ အန်တီအေး၊ မယ်တော်ကြီးတို့အတွက် (၄)ခုံ လက်မှတ်ဖြတ်ပေးကာ ပုံတော်များနှင့် စီဒီခွေများ တင်ဆောင်ရန် သီးခြား (၂) ခုံဖြတ်ပေးထားပါသေးသည်။ မစိန်စိန်အုန်းအပါအဝင် (၃) ယောက် လာရောက်ကြခြင်း ဖြစ်ပါသည်။ ရန်ကုန်မြို့မှ ညနေပိုင်းတွင် ထွက်ခွာလာခဲ့ပြီး အရောက်တွင် ထမင်းဆိုင်၌ ညအိပ်ရပ်နားပါသည်။ လေဟာပြင် (အမိုးပါ၍ အကာမပါ) တွင် အိပ်၍ရသော ပက်လက်ကုလားထိုင်ရှည် (၂) လုံးတွဲတွင် ခြင်ထောင်တစ်လုံးစီ စီစဉ်ပေးပါသည်။ မယ်တော်ကြီးတို့လည်း ဖြစ်သလိုသာ ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်၍ အိပ်စက်ကြရပါတော့သည်။ အန်တီအေးတို့သည် ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်ပူဇော်ကြသူ အများစုမှာ သူဌေးသူကြွယ်များနှင့် အရာရှိကြီးများသာဖြစ်ရာ မယ်တော်ကြီးတို့သည် ခြင်ထုံသံဇကာ၊ လေအေးပေးစက်၊ မွေ့ရာသည်ဖြင့် သီးသန့်အခန်းများတွင်သာ ကောင်းမွန် သန့်ရှင်းစွာ အိပ်စက်ခဲ့ကြရခြင်းဖြစ်ရာ ယခုည အိပ်စက်ကြရသည်မှာ ပင်ပန်းလွန်းလှပါ၏။ သာသနာပြုလုပ်ငန်းဆောင်ရွက်ခြင်းမှာ ဇိမ်ခံရန် မဟုတ်ပါ။ ကျရာအခန်းမှာ ထမ်းရွက်ရသည်သာ ဖြစ်သောကြောင့် မယ်တော်ကြီးတို့သည် ထိုညက ခရီးပန်းလာကြသော်လည်း ပျော်ရွှင်လန်းဆန်းစွာပင် မြှုဟ်အမိဋ္ဌာန် ကျင့်စဉ်တော်တို့ကို ပူဇော်ပြီး အိပ်စက်ကြပါသည်။

နောက်တစ်နေ့နံနက်တွင် ခရီးဆက်လက် ထွက်ခွာခဲ့ကြပါသည်။ ရန်ကုန်ကတည်းက ရွာနေသောမိုးသည် တစ်နေကုန် တသည်းသည်းရွာလျက်ပင်ရှိသည့်အပြင် လမ်းများသည်လည်း ကောင်းမွန်မှုမရှိ၍ ကားသည် အမြန်မောင်း၍ မရပါ။ ကားလမ်းသည် တနင်္သာရီရိုးမန်ဘေးတစ်လျှောက်မှာ ဖောက်လုပ်ထားသည် ဖြစ်သောကြောင့် လမ်းဘေးဝဲ၊ ယာတွင် စိမ်းစိုလှပသော တောတောင်ရေမြေတို့ကို မြင်တွေ့နေရပြီး တစ်ခါတစ်ရံ ပင်လယ်ပြင်ကြီးကို အဆုံးမရှိ မိုးကုပ်စက်ဝိုင်းနှင့် ထိစပ်လျက် ပြာမှိုင်းစွာ တွေ့မြင်နေရပါသည်။

အန်တီအေးနှင့် မယ်တော်ကြီးတို့သည် ရုပ်ရှင်တော်မြတ်၏ ဂုဏ်ကျေးဇူးကြောင့်ပင် ဤကဲ့သို့ နေရာမျိုးကို ကိုယ်ပိုင်အစီအစဉ်၊ ကိုယ်ပိုင်စရိတ်ကုန်ကျခြင်းမရှိဘဲ ရောက်ရှိရခြင်း ဖြစ်ပါသည်။ မရောက်ဘူးသောဒေသဖြစ်၍ ရေမြေတောတောင်သဘာဝအလှတရားတို့မှာ ကြည့်၍မဝအောင်ရှိကြရပါသည်။ ထိုနေ့ ညနေပိုင်းတွင် ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ရာဌာနဖြစ်သော ထားဝယ်မြို့ ဒေါင်းငူရပ် ညောင်ပင်သာလမ်း အမှတ် (၇၀) နေ ဦးစိန်ဝင်း - (ဒေါ်ရှုတည်)၊ သားသမီးများဖြစ်သော ကိုအောင်အောင် - မစိန်စိန်အုန်းတို့၏ နေအိမ်သို့ ရောက်ရှိပါတော့သည်။

ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းရှိနေ၍ မိုးသည် အဆက်မပြတ်ရွာသွန်းနေပါသည်။ ထိုအချိန်၌ စဉ့်ကိုင်နှင့် မန္တလေးတစ်ဝိုက်တွင် မိုးမရွာသော်လည်း ဆောင်းတွင်းကဲ့သို့ မိုးအုံ့၍ အေးမြနေပါသည်။ ရောက်စရက်များတွင် ရုပ်ရှင်တော်မြတ်ကြွရောက်တော်မူလာသည်ကို လူအများမသိကြသေး၍ ရပ်ကွက်အတွင်းမှ လူများသာ လာရောက်ဖူးမြော်ကြပါသည်။

မစိန်စိန်အုန်းမှ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ဖြစ်ပုံနှင့် ထူးခြားမှုများကို ပြန်လည်ပြောပြပါသည်။

မစိန်စိန်အုန်းသည် ရုပ်ရှင်တော်မြတ်အား စဉ့်ကိုင်မြို့ အောင်မြေသို့ သွားရောက်ပြီး ဖူးမြော်ကန်တော့ရန် အဓိဋ္ဌာန်ပြုပြီး မကြာမီကပင် နေအိမ်ဝင်းအတွင်းသို့ မည်သည့်အရပ်ဒေသမှ ရောက်ရှိလာသည်မသိ ဗောဓိညောင်ရွက်တစ်ရွက် အလိုလိုရောက်ရှိလာပါသည်။ မစိန်စိန်အုန်းတို့၏ နေအိမ်အနီးအနားတွင် မည်သည့်ဗောဓိပင်မျှ မရှိပါ။ ထားဝယ်ဒေသတွင် ဗောဓိပင်သည် စာရေးသူတို့၏ အညာဒေသကဲ့သို့ မပေါများပါ။ အဓိဋ္ဌာန်အောင်မြင်၍ ရွှေကံကူအောင်မြေသို့ ရောက်ရှိသောအခါ ရွှေကံကူအောင်မြေမှ ဗောဓိရွက်များကို တွေ့ရှိရသောအခါမှ ထားဝယ်မြို့ နေအိမ်သို့ ရောက်ရှိလာသော ဗောဓိရွက်မှာရွှေကံကူအောင်မြေမှဗောဓိရွက်နှင့် တူညီနေကြောင်း တွေ့ရှိရ၍ အံ့ဩရကြောင်းနှင့် ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ရန် အဓိဋ္ဌာန်ပြုချက် အောင်မြင်သွားသောအခါတွင် နေအိမ်၌ ပန်းအိုးထဲတွင် စိုက်ပျိုးထားသော ဂမုန်းပင်မှ ထိပ်ဖျားတွင် အပင်ငါးပင် ထွက်လာပြီး အမြစ်များ ဖွာကျလာသည်။ တစ်ဖန် ထိုပန်းအိုးထဲမှာပင် အလိုအလျောက် ငှက်ပျောပင်လေးတစ်ပင်ပေါက်ရောက်လာပါသည်။ ငှက်ပျောပင် ဟူသည်မှာ သားတက်ကို တူးယူ၍ တမင်တကာ စိုက်ပျိုးရသော အမျိုးဖြစ်သည်။ အစေ့မှပေါက်သော အပင်မျိုး မဟုတ်၍ မစိုက်ဘဲနှင့် ပေါက်ရန် အကြောင်းမရှိသဖြင့် လူတိုင်းမှ ထူးဆန်းလှပါသည်ဟုဆိုကာ အံ့ဩမဆုံးဖြစ်နေကြပါသည်။ ထို့အပြင် ငှက်ပျောသီး၊ ငှက်ပျောရွက်၊ ငှက်ပျောပင် ဟူသည် သာသနာနှင့် ဆက်စပ်သောနေရာများတွင်သာအသုံးပြုရသော မင်္ဂလာရှိသော အပင် ဖြစ်ပါသည်။ ထိုငှက်ပျောပင်ကလေးကို ပန်းအိုးထဲမှယူ၍ အခြားတစ်နေရာတွင် ရွှေ့ပြောင်းစိုက်ပျိုးထားလိုက်ရာ ထပ်မံ ထူးခြားမှု ပေါ်ပေါက်ပြန်ပါသည်။ ထိုငှက်ပျောပင်ကလေး တစ်တောင်ခန့် အမြင့်သို့ ရောက်ရှိလာချိန်မှာပင် သားတက်ငါးတက် ထွက်ပေါ်လာပါသည်ဟု ပြောပြပါသည်။

ထိုအကြောင်းများကို မယ်တော်ကြီးမှတစ်ဆင့် စာရေးသူထံသို့ ဖုန်းဆက်၍ပြောပြရာ စာရေးသူမှ ငှက်ပျောပင်လေးတစ်ပင် အမှတ်တရ ယူဆောင်ခဲ့ရန် မှာကြားလိုက်ပါသည်။ (ယခုထိုငှက်ပျောပင်ကလေးကို စာရေးသူတို့၏ ရွှေကံကူအောင်မြေတွင် အမှတ်တရအဖြစ် စိုက်ပျိုးထားပါသည်။ ကြီးလာသောအခါတွင် လည်းကောင်း၊ အသီးသီးလာသောအခါတွင်လည်းကောင်း ထပ်မံထူးခြားမှုများ ကြုံတွေ့ကြရမည်ဟု ယုံကြည်မိပါသည်။)

မစိန်စိန်အုန်းတို့သည် ရုပ်ရှင်တော်မြတ်အား ၂၄ ရက်နေ့မှစ၍ ပူဇော်



www.burmeseclassic.com

www.burmeseclassic.com

မည်ဟု ကြေညာထားရှိခြင်းကြောင့် အစောပိုင်းရက်များတွင် ဧည့်သည်လာရောက်မှုနည်းပါးခြင်းဖြစ်ပြီး ၂၄ ရက်နေ့မှစ၍ ဘုရားဖူးဧည့်ပရိသတ်ကြီးမှာ နေ့နေ့၊ ညည တိုးမပေါက်အောင် စည်ကားလှပါသည်။ မစိန်စိန်အုန်းတို့၏ နေအိမ်နှင့် မနီးမဝေး မျက်နှာချင်းဆိုင်နေအိမ်မှ ဦးတင်ဝင်း (မွတ်စလင်မှ ဗုဒ္ဓဘာသာပြောင်းလာသူ) သည် ထိုအချိန်၌ (၉) ရက် အဓိဋ္ဌာန်ကျင့်စဉ်တော်တစ်ခု ဝင်ရောက်လျက်ရှိပါသည်။ အဓိဋ္ဌာန်ရက်မပြီးဆုံးမီ မည်သည့်နေရာမျှ မသွားပါဟုလည်း စည်းကမ်းချက်သတ်မှတ်ထား၍ နေအိမ်မှအပြင်မထွက်ပါ။ ရုပ်ရှင်တော်မြတ် ကြွရောက်နေသည် ဟူသောသတင်းကို ကြားသိနေပြီး နေအိမ်မှသာ ရည်မှန်း၍ ပူဇော်ကန်တော့ခဲ့ပါသည်။

တစ်ညတွင် မစိန်စိန်အုန်းတို့၏ နေအိမ်၌ မီးပန်းများထွက်ပေါ်နေသဖြင့် ဝါယာကြိုးများ ရှော့ခ်ဖြစ်နေသည်ဟု ထင်မိ၍ စိတ်ပူသွားမိသည်။ မီးပန်းတို့သည် တစ်ခဏ၊ တစ်ကြိမ်မျှမဟုတ်ပါ။ အချိန်ကြာမြင့်စွာ အကြိမ်များစွာ ထွက်ပေါ်၍နေသော်လည်း မစိန်စိန်အုန်းတို့၏ နေအိမ်တွင် မည်သည့်ထူးခြားမှု၊ မည်သည့်လှုပ်ရှားမှုမျိုးမျှ မတွေ့ရှိရသောအခါ ဤအရာသည် ဝါယာရှော့ခ် မဖြစ်နိုင်။ ဝါယာရှော့ခ်ဆိုလျှင် အိမ်သားများသိရှိကြပေလိမ့်မည်။ ဤအရာသည် ရုပ်ရှင်တော်မြတ်မှ ကွန့်မြူးထွက်ပေါ်သော ရောင်ခြည်တော်များသာ ဖြစ်ပေမည်ဟု တွေးမိကာ ဝမ်းသာပီတိဖြစ်လျက် ဦးခိုက်နေမိပါသည်။

ထိုပုဂ္ဂိုလ်သည် ၎င်း၏အဓိဋ္ဌာန် (၉) ရက် ပြည့်မြောက်သောနေ့တွင်မှ ရုပ်ရှင်တော်မြတ်ကို လာရောက် ဖူးမြော်ပြီး ယခင်ရက်များက ဖူးမြော်ခဲ့ရသော ရောင်ခြည်တော် ကွန့်မြူးပုံတို့ကို ပြန်လည် ပြောပြခြင်း ဖြစ်ပါသည်။

တစ်ဖန် မစိန်စိန်အုန်းတို့၏ နေအိမ်နှင့် အတန်ငယ်ဝေးကွာသောနေရာတွင် ဇရာဝတီဘဏ် အဆောက်အအုံ ဆောက်လုပ်နေဆဲရှိသည်။ အဆောက်အအုံသည် ငါးထပ်သို့ ရောက်ရှိနေပြီဖြစ်ကာ ထိုနေ့ နေ့လယ်ခင်းတွင် ငါးထပ်မြောက် အမိုးစလစ်ပြင်ကို ကွန်ကရစ်လောင်းနေချိန် ဖြစ်ပါသည်။ ထိုအမိုးပေါ်မှကြည့်လျှင် မစိန်စိန်အုန်းတို့၏ နေအိမ်ကို မြင်တွေ့နိုင်ပါသည်။

အင်ဂျင်နီယာလေးတစ်ဦးသည် စလစ်ပြင်လောင်းနေရာမှ မစိန်စိန်အုန်းတို့နေအိမ်ဆီသို့ အမှတ်မထင် လှမ်းမျှော်ကြည့်လိုက်မိသည်။ ထိုအင်ဂျင်နီယာကလေးသည် ရုပ်ရှင်တော်မြတ်အား လာရောက် ဖူးမြော်ထား၍ ရုပ်ရှင်တော်မြတ် ကြွရောက်နေကြောင်း သိရှိထားပြီး ဖြစ်ပါသည်။ ထိုစဉ် မစိန်စိန်အုန်းတို့နေအိမ်မှ အခိုးအငွေ့များ လိပ်၍လိပ်၍ တက်လာသည်။ မကြာမီ မီးခိုးများကဲ့သို့ နေအိမ်ကိုပင် ဖုံးအုပ်သွားရာ မီးလောင်နေပြီဟု ထင်မှတ်ပြီး အင်ဂျင်နီယာလေးသည် ငါးထပ်တိုက်ကြီးပေါ်မှ လျင်မြန်စွာ ပြေးဆင်းခဲ့ပြီး မစိန်စိန်အုန်းတို့နေအိမ်သို့ ကားဖြင့် ရောက်ရှိလာခဲ့သည်။ အနီးအနားသို့ ရောက်ရှိလာသောအခါ အခိုးအငွေ့များလည်း မတွေ့ရတော့ပါ။ မစိန်စိန်အုန်းတို့၏ နေအိမ်တွင်လည်း မည်သည့်မီးဘေးအန္တရာယ်မျှ မဖြစ်ပွားမပေါ်ပေါက်ပါ။ ဘုရားဖူးဧည့်ပရိသတ်များဖြင့် အေးချမ်းစည်ကားလျက်ရှိပါ၏။ ထိုအခါ အင်ဂျင်နီယာကလေးသည် အံ့ဩလွန်းသဖြင့် ထိုအကြောင်းကို ကိုအောင်အောင်နှင့် မစိန်စိန်အုန်းတို့အား ပြောပြပါသည်။

အမှန်မှာ အထက်ပါဖြစ်ရပ်မျိုးသည် ရုပ်ရှင်တော်မြတ်၏ ဒေသစာရီ ခရီးစဉ်များ၌ ယခင်ကလည်း ဖြစ်ပေါ်ခဲ့ဖူးပါသည်။ ၂၀၀၆ ခုနှစ်တွင် မန္တလေးမြို့ ထီးတော်မိုး အမှတ် (၂) စစ်ကြောရေးနှင့် တည်းခိုရေးတပ်သို့ တပ်မှူး ဒုတိယဗိုလ်မှူးကြီးသန်းထွန်း၊ ဇနီး ဒေါ်ငြိမ်းငြိမ်း မိသားစုတို့မှ ပင့်ဆောင်ပူဇော်ခဲ့စဉ်ကလည်း ဗိုလ်မှူးကြီးတို့၏ နေအိမ်တွင် နံနက် (၅) နာရီခန့်တွင် မယ်တော်ကြီးမှ ဦးဆောင်၍ ဓာတ်ကြီးလေးပါး ဆွမ်းကပ်လှူလျက်ရှိစဉ် အိမ်ခေါင်မိုးထက်တွင် ပေတစ်ထောင်ခန့်အထိ အခိုးအငွေ့များမှာ ရုတ်တရက် ရွေ့လျားပျက်ပြယ်ခြင်းမရှိဘဲ မှိုပွင့်ကြီးသဏ္ဌာန်ဖြစ်ပေါ်၍နေသည်ကို တပ်တွင်းမျှသာမက ပါ စစ်ကိုင်း၊ ပလိပ်၊ ပုသိမ်ကြီး စသော (၁၅) မိုင် ပတ်လည်ခန့်မှပင် တွေ့မြင်ခဲ့ကြရပါသည်။

ထိုနေ့နံနက်က တိုက်ဆိုင်မှုဟုဆိုရပေမည်။ စာရေးသူတို့၏ နေအိမ်တွင် စဉ့်ကိုင်မြို့ ခေတ်ဆန်သူ စားဥယျာဉ် မပေါင်းပေါင်းမှ ဦးဆောင်လှူဒါန်းမှုဖြင့် သံပန်း၊ သံတံခါး၊ အုတ်တံတိုင်းတို့ တည်ဆောက်နေချိန် ဖြစ်ပါသည်။ စာရေးသူသည် လိုအပ်သော အုတ်ခဲများကို မပေါင်းပေါင်း၏အကြံပြုမှုဖြင့် ပလိပ်မြို့ အေကေအုတ်စက်မှ မှာယူအသုံးပြုနေချိန်ဖြစ်ပါသည်။ အုတ်စက်မှ ထွေလာဂျီသမား အုတ်လာချသောအခါ ထွေလာဂျီမောင်းသမားအား စာရေးသူမှ ရုပ်ရှင်တော်မြတ်သည် ထီးတော်မိုးတပ်မှ ပင့်ဆောင်ပူဇော်နေကြောင်း၊ ယနေ့နံနက်တွင် ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ထားရှိသော ဗိုလ်မှူးကြီး၏ နေအိမ်ထက် ကောင်းကင်ယံတွင် ထူးဆန်းသော အခိုးအငွေ့များ ထွက်ပေါ်ခဲ့ကြောင်းတို့ကို ပြောပြလျှင် ထွေလာဂျီသမားလည်း ဝမ်းသာအားရဖြစ်လျက် ၎င်းသည် ယနေ့နံနက်က စက်ဘီးဖြင့် အုတ်စက်သို့အလာတွင် မန္တလေးမြို့၏ မြောက်ဘက်ဆီ ကောင်းကင်ယံတွင် မှို



၂၇-၇-၂၀၁၂ ထားဝယ်မြို့ ကိုအောင်အောင် + မစိန်စိန်အုန်းတို့နေအိမ်မှ ပင့်ဆောင်ပူဇော်ထားရှိစဉ် ထူးဆန်းစွာ ရောက်ရှိလာသူတစ်ဦး



www.burmeseclassic.com

www.burmeseclassic.com

ဖွင့်သဏ္ဌာန် တိမ်တိုက်ကြီးကဲ့သို့ တွေ့မြင်ရ၍ ဘာရယ်မှန်းတော့မသိ ထူးဆန်းလှ၍ အတန်ငယ်ရပ်ကြည့်နေခဲ့မိပါသေးသည်ဟု ပြောပြပါသည်။

ထို့အတူ နေ့လယ်ပိုင်းတွင် ရောက်ရှိလာကြသော စစ်ကိုင်းမြို့မှ ဘုရားဖူးဧည့်သည်များ၊ ပုသိမ်ကြီးမြို့မှ ဘုရားဖူးဧည့်သည်များနှင့် (၂၁) မိုင်မှ ဘုရားဖူးဧည့်သည်များကလည်း ထိုအတိုင်းပင် ပြောပြကြပါသည်။ ၂၀၀၇ခုနှစ်တွင် နောက်ထပ်တစ်ကြိမ် ထိုသို့ဖြစ်ပေါ်ဖူးခဲ့သည်မှာ မန္တလေးမြို့ ဘူတာကြီး၏ မြောက်ဘက် (၇၈) လမ်းပေါ်လမ်း အရှေ့ဘက်တန်း (၂၇) လမ်းထောင့်ဘက်ရှိ ဝလေးလုံးတိုက်တန်းမှ တိုင်းမန်နေဂျာ (မီးရထား) ဗိုလ်ကြီး စိုးသက်၏ နေအိမ်တွင် ပင့်ဆောင်ပူဇော်စဉ်ကလည်း ဘုရားခန်းအတွင်း၌ နဂါးငွေ့များ ယှက်သန်းဖူးသေးပြီး မန္တလေးမြို့ (၃၆) ဘီလမ်း၊ ဆိုင်းတန်းရပ်၊ လမ်း (၉၀ × ၉၁) ကြားရှိ ဇမ္ဗူသီရိ သကာရည်နှင့် ပဲပွဲရုံ ဦးကျော်ကျော်ထွန်း-ဒေါ်ခင်တည်မိသားစုတို့မှ ပင့်ဆောင် ပူဇော်စဉ်မှာလည်း နဂါးငွေ့များ ယှက်သန်းထွက်ပေါ် ဖူးခဲ့ပါသေးသည်။

သာသနာတော်စောင့် နတ်မင်းကြီးလေးပါးတို့တွင် ဓတရဋ္ဌနဂါးမင်းကြီးပါဝင်သည်ဖြစ်သောကြောင့် ထိုနဂါးမင်းကြီး၏ အစွယ်တော်များဖြစ်သော ဤကမ္ဘာမြေတွင် မှီတည်၍နေထိုင်ကြသော နဂါးပရိသတ်တို့ ဘုရားဖူးရောက်ရှိလာကြခြင်းနှင့် လာရောက် စောင့်ရှောက်ကြခြင်း ဖြစ်မည်ဟု စဉ့်ကိုင်မြို့ အရှက်တောကျောင်းတိုက်မှ သာသနာ့ဗိုလ် ဓမ္မာစရိယဘွဲ့တော် အပါအဝင် (၁၁) ဘွဲ့ရ ပဋ္ဌာန်း၊ ယမိုက်၊ ဓမ္မပဒတို့ ကျမ်းပြုပုဂ္ဂိုလ် လယ်တွင်းအရှင်တေဇသာမိ မိန့်ကြားပါသည်။

ရုပ်ရှင်တော်မြတ်သည် ထားဝယ်မြို့တွင် မျက်လုံးတော်ဖွင့်တော်မူခြင်း၊ မောင်ခြည်တော် ကွန့်မြူးတော်မူခြင်းတို့အပြင် ထားဝယ်မြို့သူမြို့သားတို့သည် သူရဿတတ်ပရိသတ်များဖြစ်၍ -

“ဒီဘုရား ဖူးချင်နေတာကြာပြီ။ ဘုရားရဲ့ အခန်းဆက်ဆောင်းပါးတွေ သုရဿမဂ္ဂဇင်းမှာ စောင့်ဖတ်နေခဲ့ရတာ အခုမှ ဖူးခွင့်ကြုံတော့တယ်”

ဟုဆိုကာ လာရောက် ဖူးမြော်ကြပါသည်။ တစ်ဆင့်စကား တစ်ဆင့်နားဖြင့် မြို့လူထုအားလုံး သိရှိသွားကြရာ ပြန်ကြွခါနီးရက်ရောက်လာလေ ဧည့်ပရိသတ်မှာ တိုး၍စည်ကားလေ ဖြစ်လာပါသည်။

ဤသို့ဖြင့် ၂၇-၇-၂၀၁၂ နေ့သို့ ရောက်ရှိလာခဲ့ပါသည်။ နေ့ဆွမ်းဆက်ကပ်ချိန် (၁၁) နာရီခန့်တွင် ဖြစ်ပါသည်။ ထူးဆန်းသောလူတစ်ဦး ရောက်ရှိလာပါသည်။ ရုတ်တရက်ကြည့်လျှင် စိတ်မနှံ့သူဟု ထင်ရမည်ဖြစ်သော်လည်း ၎င်း၏မျက်စိတို့သည် စူးရှတောက်ပြောင်လျက်ရှိကာ မျက်နှာသည်လည်း ကြည်လင် အေးချမ်းလျက်ရှိပါသည်။ ခြေလက်များသည်လည်း သန့်ရှင်းစင်ကြယ်၍နေပါသည်။ မစိန်စိန်အုန်းတို့၏ ခြံဝင်းတံခါးကြီးမှာ ဖွင့်လှစ်ထားရှိပြီး လူတို့ ဥဒဟိုဝင်ထွက်နေကြသော်လည်း ထိုလူထူးဆန်းမှာ ခြံဝင်းအတွင်းသို့ ဝင်ရောက်လာခြင်းမရှိပါ။ ခြံဝင်းအပြင်လမ်းဘက်တွင်သာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေလျက် နှုတ်မှလည်း ဂါထာမန္တရားတစ်ခုခုကို ဘာသာစကားတစ်မျိုးဖြင့် ရွတ်ဆိုနေပါသည်။ လူတို့ကို အန္တရာယ်မပေး ညစ်ညမ်းသော ဆဲရေးတိုင်းထွာခြင်းများနှင့် မဖွယ်မရာပြုမူမှုများ မပြုလုပ်ပါ။

ထိုသူသည် ဤမြို့ခံမဟုတ်ပါ။ ယခင်ကလည်း ဤလူကို မည်သူတစ်ဦးတစ်ယောက်ကမျှ မြင်တွေ့ဖူးခြင်းမရှိဟုသိရ၍ ပို၍ထူးဆန်းလှပါသည်။ ခဏကြာလျှင် ထိုသူသည် သာသနာ့အလံတွင်ပါဝင်သော အရောင်များသာပါရှိသည့် ထီးဟောင်းကြီးတစ်လက်ကို ယူလာပြီး ခြံစည်းရိုးတိုင်တွင် ချည်နှောင်ထားရှိလိုက်ပါသည်။ ထို့နောက် အပင်ပေါက်နေသော အုန်းသီးကို ယူလာပြန်ပြီး ခြံစည်းရိုးပေါ်တွင် တင်လိုက်ပြန်ပါသည်။

မယ်တော်ကြီးသည် အိမ်ရှင်များအား ထိုလူထူးဆန်းထံသို့ လက်ဖက်ရည်ချိုနှင့် မုန့်များ၊ သစ်သီးများ ပေးကမ်းစေပါသည်။ လူထူးဆန်းသည် ရေနွေးကြမ်းကိုသာ တောင်းဆိုပါသည်။ မယ်တော်ကြီးမှ ငွေတစ်ထောင်ပေးစေသော် လူထူးဆန်းသည် တစ်ရာတန်တစ်ရွက်ကို လိပ်၍ အုန်းသီးနားတွင်ကပ်၍ ထောင်ပေးလိုက်ပြန်ပါသည်။ ထို့နောက် ပန်းသီးပေါ်တွင် ဘောလ်ပင်တို့ အရင်းမှစိုက်ပြီး စာရေးသော ဘောလ်ပင်အဖျားပိုင်းကို မီးခြစ်ဖြင့် ဖယောင်းတိုင်ထွန်းသကဲ့သို့ မီးညှိလိုက်ပါသေးသည်။ အတော့်ကို ဆန်းကြယ်သော အပြုအမူပင် ဖြစ်ပေ၏။ လောကီဓာတ်သဘောတရားများကို နားလည်သော ပုဂ္ဂိုလ်တို့သည် ထိုလူထူးဆန်း၏ လုပ်ဆောင်ချက်တို့ကို အဖြေထုတ်နိုင်ကြမည် ဖြစ်ပါသည်။

ထိုပုဂ္ဂိုလ်၏ ထူးခြားသော အပြုအမူတို့ကို တွေ့မြင်ကြရသောအခါ ထားဝယ်မြို့၏ သမိုင်းကြောင်းကို သိရှိထားသော ရှေ့မီနောက်မီပုဂ္ဂိုလ်ကြီးများမှ -

“ဒါဆို တကယ်ကို ထူးထူးခြားခြား တိုက်ဆိုင်မှုဖြစ်နေပြီပဲ။ ထားဝယ်မြို့ရဲ့သမိုင်းမှာ ဒီလိုရှိခဲ့ဖူးတယ်”

ဟူ၍ ထားဝယ်မြို့၏ သမိုင်းကြောင်းကို ဤသို့ပြောပြပါသည်။

အင်းဝတွင် မင်းကြီးစွာစော်ကဲ ထီးနန်းစိုးစံလျက်ရှိစဉ် သားကြီးတရဖျားမင်းသားကို အိမ်ရှေ့အရာ အပ်နှင်းလိုက်ရာ တရဖျား၏ ညီတော် မင်းဆွေနှင့် မသင့်မြတ်၍ အောက်ပြည်အောက်ရွာသို့ပို့ဆောင်ကာ သယ်ရာဇာဆရာတော်ထံ ပညာသင်ရန် အပ်နှံထားရှိခဲ့ သည်။ မင်းဆွေသည် အဋ္ဌာရသ (၁၈) ပါးသော ပညာတို့ တတ်မြောက်ပြည့်စုံသောအခါ အင်းဝမှပါရှိလာသော ငယ်ကျွန်တော်နှစ်ဦးနှင့်အတူ ဆရာတော်ထံမှ တိတ်တဆိတ်ထွက်ခွာခဲ့ပြီး ပဲခိုး(ပဲခူး)၊ မုတ္တမ၊ မောရမ္မေမြိုင် (မော်လမြိုင်)၊ မုဒုံ၊ ကျိုက္ခမီ၊ ထားဝယ်နယ်အထိပါ လှည့်လည်ရောက်ရှိလာခဲ့သည်။ ဆန်းကြယ်ချောင်းကို မြင်းဖြင့် ဖြတ်ကူးရာ မြင်း၏ ခြေထောက်တွင် ရေ၌ မျောပါလာသော ဆံပင်တစ်ချောင်း ရစ်ပတ်သဖြင့် ဖြေ၍ တိုင်းထွာကြည့်လျှင် သုံးတောင်နှင့်တစ်ထွာရှိကြောင်း တွေ့ရသည်။

ထိုအခါ ချောင်းညာသို့လိုက်၍ ကြည့်ရာ ဆံပင်၏ပိုင်ရှင် မိန်းကလေးမဆံရှည်ကို တွေ့ရှိကြသည်။ ဆန်းကြယ်ရွာသူကြီး၏သမီးဖြစ်ပြီး မင်းသားနှင့်အသက်မတိမ်းမယိမ်းပင်ရှိကာ အိမ်ထောင်မရှိသော အပျိုစင်မိန်းကလေးတစ်ဦးဖြစ်နေ၍ ရေစက်နှင့် နဖူးစာတို့ပါရှိခဲ့ကြသူများဖြစ်ရာ တစ်ခဏအတွင်းမှာပင် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် မေတ္တာတရားများ တုံ့ပြန်ဖလှယ်ကြကာ သံယောဇဉ်ငြိတွယ်သွားကြပါသည်။ သူကြီးနှင့် သူကြီးကတော်တို့သည် မင်းသားကို သဘောကျနှစ်မြို့၍ သမီးနှင့် ထိမ်းမြားလက်ထပ်ပေးလိုက်ပါသည်။

သုံးနှစ်ခန့်ကြာသောအခါ မင်းသားသည် အင်းဝသို့ ပြန်တော့မည်ဖြစ်၍ မဆံရှည်အား နဝရတ်လက်စွပ်ကို ချွတ်ပေးပြီး သားတော်ကလေး မွေးဖွား

www.burmeseclassic.com

www.burmeseclassic.com

ပါက အရွယ်ရောက်လျှင် မင်းသားတို့ တတ်အပ်သောပညာရပ်တို့ကို သင်ကြားပေးပါ။ ပညာစုံလျှင် နဝရတ်လက်စွပ်နှင့်အတူ အင်းဝသို့ လွှတ်လိုက်ပါ။ အကယ်၍ သမီးမိန်းကလေး မွေးဖွားခဲ့လျှင် နဝရတ်လက်စွပ်ကို ရောင်းချ၍ ထိုကလေးကို ပြုစုစောင့်ရှောက်ပါဟူ၍ မှာကြားခဲ့ပါသည်။

မင်းသား ပြန်သွားပြီး မကြာမီ မဆံရှည်မှ သားယောက်ျားကလေးကို မွေးဖွားခဲ့ရာ အရွယ်ရောက်လျှင် ဆန်းကြယ်ကျောင်းဆရာတော်ထံသို့ အဌာရသပညာများ သင်ကြားရန် အပ်နှံခဲ့ပါသည်။ ပညာသင်ကြားလျက်ရှိစဉ် ကျောင်းနေဖက်သူငယ်ချင်းများမှ အဖမဲ့သားဟူ၍ ကဲ့ရဲ့ပြောင်လှောင်ကြသဖြင့် မင်းသားငယ်လည်း ရှက်လည်းရှက်၊ ဒေါသလည်းထွက်ကာ မိခင်အား အကျပ်ကိုင်၍ ဇွတ်အတင်းမေးမြန်းသဖြင့် မင်းသားငယ်၏ ဖခမည်းတော်မှာ ယခု အင်းဝတွင် ထီးနန်းစိုးစံနေသော ဘုရင်မင်းခေါင်ပင် ဖြစ်သည်ဟု အဖြစ်မှန်ကို ပြောပြကာ သက်သေခံပစ္စည်းအဖြစ် နဝရတ်လက်စွပ်ကိုထုတ်ပြလိုက်ရပါသည်။

မင်းသားငယ်သည် နဝရတ်လက်စွပ်ကို ယူဆောင်ပြီး ကျောင်းသို့ပြန်သွားကာ ဆရာတော်ကို မိခင်ပြောကြားသည့်အတိုင်း အကြောင်းစုံ လျှောက်ထားလိုက်ရာ ဆရာတော်သည် မင်းသားငယ်၏ ကြန်အင်လက္ခဏာများကို ဆန်းစစ်ပြီး ကံဇာတာကို တွက်စစ်ကြည့်လျှင် ဘုန်းကံကြီးမားသော မင်းတစ်ပါးဖြစ်မည်ကို တွေ့ရှိရသဖြင့် အထက်ပါအကြောင်းအရာများကို လျှို့ဝှက်ထားစေပြီး ပညာကို ကြိုးစားသင်ယူစေပါသည်။

တစ်နေ့တွင် မင်းသားငယ် လေးပစ်လေ့ကျင့်နေစဉ် ကောင်းကင်၌ စွန်တစ်ကောင်သည် ကြက်ပေါက်လေးတစ်ကောင်ကို သုတ်ချီ၍ ပျံဝဲလာသည်ကို တွေ့မြင်၍ ထိုစွန်ကို လေးနှင့်ပစ်ခတ်လျှင် ကြက်ပေါက်ကလေးသည် စွန်၏လက်မှ လွတ်မြောက်၍ မြေသို့ကျလာပါသည်။ မင်းသားသည် ထိုကြက်ပေါက်ကလေးကို မွေးမြူထားရာ အရွယ်ရောက်လာသည်နှင့် တိုက်ကြက်ဖကလေး ဖြစ်နေပါသည်။ ထိုကြက်ဖကလေးသည် သာမန်တိုက်ကြက်ဖများနှင့်စာလျှင် သေးငယ်သော်လည်း မည်သည့်ကြက်နှင့်တိုက်တိုက် အနိုင်ရ၍လာ



နေပါသည်။

တစ်နေ့တွင် ဆန်းကြယ်ကျောင်းသို့ အင်းဝနေပြည်တော်တွင် သွားရောက်ရောင်းချမည့် ပိုးကုန်သည် (၄) ဦး လာရောက် တည်းခိုပါသည်။ ဆရာတော်သည် ပညာလည်းပြည့်စုံနေပြီဖြစ်သော မင်းသားလေးကို နေပြည်တော်သို့ ခေါ်ဆောင်သွားရန် ပိုးကုန်သည်များထံ အပ်နှံပါသည်။ ခရီးထွက်ခွာမည်ပြုသောအခါ လမ်းခရီးတွင် စရိတ်ရရှိရန် ဤတိုက်ကြက်ဖကလေးကို ယူဆောင်သွားပါ။ လောင်းကြေးအဖြစ် နဝရတ်လက်စွပ်ကို အသုံးပြုပါဟု မှာကြားပါသည်။

ထို့နောက် မင်းသားသည် ပိုးကုန်သည် (၄) ဦးနှင့်အတူ အင်းဝနေပြည်တော်သို့ ဦးတည်၍ ထွက်ခွာလာခဲ့ကြပါသည်။ လမ်းခရီးမြို့ရွာတစ်လျှောက်တွင် ပိုးကုန်သည်များက ၎င်းတို့၏ ပိုးထည်များကို ရောင်းချနေချိန်၌ မင်းသားသည် ကြက်ပွဲများသို့ သွားရောက်ပြီး ၎င်း၏ ရွှေဒင်္ဂါးဟု အမည်ပေးထားသော ကြက်ဖကလေးဖြင့်ဝင်၍တိုက်ရာ ပွဲတိုင်းအနိုင်ရ၍ နေပြည်တော် အင်းဝသို့ရောက်ရှိသောအခါ ရွှေစများစွာ စုဆောင်းမိခဲ့ပြီ ဖြစ်ပါသည်။

ထိုအချိန်၌ အင်းဝဘုရင်မင်းခေါင်တွင် မိဖုရားခေါင်ကြီးမှ သားတော်တစ်ပါး ဖွားမြင်ထားပြီးဖြစ်ကာ အရွယ်ရောက်ပြီဖြစ်၍ အိမ်ရှေ့အရာ အပ်နှင်းထားပြီး ဖြစ်နှင့်ပါသည်။ ထိုမင်းသားသည် မဆံရှည်သား မင်းသားထက် အသက်ငယ်ပါသည်။ မင်းသားနှစ်ပါးမှာ အဖေတူအမေကွဲဖြစ်သော်လည်း ရုပ်ရည်ချင်းမှာ ခွဲမရအောင် တူညီလှပါ သည်။

နေပြည်တော်အင်းဝသို့ ရောက် သော ညမှာပင် ဘုန်းကံကြီးမားသော မင်းသားဖြစ်၍ ဘုရင်မင်းခေါင်တွင် လည်းကောင်း၊ မင်းသားကိုယ်၌တွင် လည်းကောင်း ထူးဆန်းသော အိပ်မက် တစ်ပြိုင်နက်မြင်မက်ပြီး နေပြည်တော် လမ်းတစ်လျှောက် သူရူးတစ်ယောက် သည် လမ်းကြိုလမ်းကြားမကျန် ခေါက် တုံ့ခေါက်ပြန် လျှောက်လှမ်း၍ ထူးဆန်း သော အတိတ်တဘောင်တို့ကို ရွတ်ဆို ရာ မြို့လူထုတို့ တုန်လှုပ်ချောက်ချား ကုန်ကြပါသည်။ ထို့ကြောင့် အင်းဝ ဘုရင်မင်းခေါင်သည် မြို့ဝန်ကိုဆင့်ခေါ် ၍ မြို့အတွင်း၌ မည်သို့သော ပုဂ္ဂိုလ် ရောက်ရှိနေသနည်းဟု စုံစမ်းရန် အမိန့် ချမှတ်ပါသည်။

ထိုအချိန်တွင် ထားဝယ်မင်းသား သည် ကြက်ပွဲတကာ အနိုင်တိုက်ခဲ့ပြီး နောက်ဆုံးတွင် အိမ်ရှေ့မင်းသား၏ အိမ် တော်သို့ရောက်ကာ အိမ်ရှေ့မင်းသား ၏ ကြက်နှင့်တိုက်ပြန်ရာ ထားဝယ်မင်း သား၏ ရွှေဒင်္ဂါးမှပင် အနိုင်ရပြန်သဖြင့် ထားဝယ်မင်းသားသည် ဝမ်းသာအား ဖြစ်လျက် လက်ပမ်းပေါက်ခတ်ပြီး 'ဆန်း ကြယ်ရွာသူ ဆံရှည်မသား၊ ငါမင်းခေါင် ကြီးသားကွ' ဟု ကြုံးဝါး၍ ခုန်လိုက်လျှင် (၁၀) တောင်ခန့်အထိပင် မြောက်တက် သွားလျှင် လူအများတို့ တုန်လှုပ်ချောက် ချားပြီး ထိတ်လန့်လျက် ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ကြပါသည်။

ထိုအချိန်တွင် မြို့အတွင်းသို့ မြို့ ဝန်မင်းလည်း လှည့်လည် စနည်းန ခိုက်နှင့်ကြုံကြိုက်ရာ ထားဝယ်မင်းသား ကို နောက်လိုက်ပိုးကုန်သည် (၄) ဦးနှင့် အတူ နန်းတော်သို့ ခေါ်ဆောင်သွားပြီး အင်းဝဘုရင်မင်းခေါင်၏ ရှေ့တော် မှောက်သို့ သွင်းလိုက်ပါသည်။

အင်းဝဘုရင်မင်းခေါင်သည် မြို့ ဝန်မင်း၏ လျှောက်ထားချက် အပြည့် အစုံကို ကြားနာပြီးသောအခါမှ မှူးမတ် များအားလုံးကို မင်းကြီး၏ငယ်စဉ်က အဖြစ်အပျက်များကို ပြန်လည်ပြော ကာ ဤမင်းသားသည် သားတော်ကြီး ဖြစ်ကြောင်းသိစေလိုက်ပါသည်။ နောက် တစ်နေ့တွင် သားတော်အား ရှေ့တော် မှောက်သို့သွင်းစေပြီး အင်းဝတွင်တော အိမ်ရှေ့မင်း ခန့်အပ်ပြီးဖြစ်နှင့်ပြီ။ ထို ကြောင့် သားတော်ကြီးသည် ထားဝယ် သို့ပြန်၍ မြို့တည်နန်းတည်ရန် အင်း



www.burmeseclassic.com

www.burmeseclassic.com

မှ ပညာရှိအမတ်ကြီး (၄) ဦး နှင့်အတူ ရွှေ၊ ငွေ၊ ရတနာပစ္စည်းများ ပေးအပ်လိုက်ပါသည်။ နန်းတော်ပန္နက်တင်ပြီးသောအခါ အင်းဝဘုရင်မှ စစ်သည်ဗိုလ်ပါ သုံးထောင်၊ ဆင်ဖြူတော်တစ်စီး၊ ဆင်ပေါက်ငါးစီး၊ မြင်းငါးရာကျော်တို့ ပေးအပ်ကာ မင်းတရား ဟူသော ဘွဲ့အမည်ဖြင့် ထီးဖြူအုပ်မိုးကာ အင်းဝနှင့် ထီးပြိုင်နန်းပြိုင် အုပ်ချုပ်စေပါသည်။ ထို့ပြင် အတွင်းစကားအဖြစ် မှာကြားလိုက်သည်မှာ တွင်းရေကို မသောက်နှင့်၊ စီးရေကိုသာသောက်ပါ ဟူ၍ ဖြစ်ပါသည်။

ထိုအခါ အင်းဝမိဖုရားကြီးသည် မိမိ၏ သားတော်ကို ထီးပြိုင်နန်းပြိုင် အုပ်ချုပ်ခွင့်မပေး။ ကျေးတောသူမ၏ သားကို ထီးပြိုင်နန်းပြိုင်ပေးသည်ဟုဆိုကာ အမျက်တော်ရှ၍ ထားဝယ်မင်းသားအပေါ် အကောက်ကြံပါသည်။ ထားဝယ်မင်းသား မင်းဘိသိက်ခံယူပွဲအမီ အင်းဝမှ ဗေဒင်အကျော်အမော် ပုဏ္ဏား၊ ပုရောဟိတ်ကြီး (၈) ဦးကို ထားဝယ်သို့ စေလွှတ်လိုက်ပါသည်။

ထားဝယ်သို့ရောက်ရှိပြီးနောက်တွင် ပုဏ္ဏားကြီးတို့သည် မင်းသားအား သိမ်ညာ၍ ခမည်းတော်က မှာကြားလိုက်ပါသည်။ ဘုန်းတန်ခိုးများ ယခုဆက် ပိုမိုကြီးမားစေရန် စီးရေကို မသောက်တော့ဘဲ တွင်းရေကိုသာ ပြောင်း၍ သောက်သုံးရမည်ဟုလျှောက်ဆင်လိုက်ကြပါသည်။ ထိုအခါ ထားဝယ်မင်းတရားလည်း ရေတွင်းတစ်ခုကို အမြန်တူးစေ၍ ထိုရေကိုသာ သောက်သုံးတော့လျှင် အင်းဝမှ ရောက်ရှိလာသော ပုဏ္ဏားတို့သည် ရေတွင်းထဲသို့ ဆိတ်တဆိတ် မှတ်ဆေးများခတ်ကာ ထွက်ပြေးသွားကြပါသည်။ ထားဝယ်မင်းတရားလည်း မှတ်ဆေးပါသော ရေတို့ကို သောက်သုံးမိလျှင် သွက်သွက်ခါအောင် ရူးသွပ်သွားပါတော့သည်။

ထိုအချိန်၌ စိန့်တိုင်းပြည်တွင် ခေတ္တဘုရင်မအဖြစ် အုပ်ချုပ်လျက်ရှိသော စောပညာထံမှ သစ္စာရေကိုရရှိသော ထားဝယ်မင်းတရားသည် ရူးသွပ်သောဝေဒနာမှ သက်သာပျောက်ကင်းသွားပါသည်။

ထို့ကြောင့် ထားဝယ်မြို့တည်နန်းသည် ထားဝယ်မင်းတရားကြီးသည် ထားဝယ်မြို့ကို တည်ထောင်အုပ်ချုပ်စဉ်ကတည်းက သူရူးဘဝဖြင့် ထားဝယ်မြို့တွင်း လှည့်လည်ခဲ့ဖူးသည်။ တကယ်ရူးသွပ်ခြင်း မဟုတ်ပါ။ ဆေးကြောင့် ခေတ္တရူးသွပ်ရခြင်း ဖြစ်ပါသည်။ ယခု ထားဝယ်မြို့သို့ ရုပ်ရှင်တော်မြတ် ပထမဦးဆုံး ကြွရောက်တော်မူလာသောအချိန်တွင်လည်း ထူးဆန်းသောလူတစ်ဦးရောက်ရှိလာခြင်းမှာလည်း ထားဝယ်မြို့၏ကနဦးအစသမိုင်းကို ပြန်လည်ဖော်ထုတ်သကဲ့သို့ရှိပါသည်။

မစိန်စိန်အုန်းသည် စဥ့်ကိုင်မြို့ ရွှေကံကူအောင်မြေသို့ ရောက်ရှိလာစဉ်ကလည်း စာရေးသူထံမှ ဆေးသိဒ္ဓိသစ္စာရေများ တောင်းခံယူသွားဖူးပါသည်။ ထိုဆေးသိဒ္ဓိသစ္စာရေများကို ယုံကြည်စွာ သောက်သုံးခဲ့ကြသဖြင့် ရောဂါဝေဒနာများ သက်သာ ပျောက်ကင်းခဲ့ကြပါသည်။ ယခုလည်း ထားဝယ်မြို့သို့ စာရေးသူ လိုက်ပါသွားခြင်း မရှိသော်လည်း ထားဝယ်မြို့မှ လူအများတို့သည် စာရေးသူ၏ ဆေးသိဒ္ဓိသစ္စာရေကို တောင်းခံလိုကြသဖြင့် မယ်တော်ကြီးမှ ဆေးသိဒ္ဓိသစ္စာရေ ရယူလိုသူများကို မိမိတို့အလိုရှိသရွေ့ ရေဘူးများဖြင့် မစိန်စိန်အုန်းတို့နေအိမ်သို့ လာရောက်ကြပါဟု ဖိတ်ခေါ်လိုက်ပါသည်။ ထိုအခါ လူများစွာတို့သည် ရေဘူးများ ကိုင်ဆောင်၍ မစိန်စိန်အုန်းတို့၏ နေအိမ်သို့ ရောက်ရှိလာကြပါသည်။

လူများစုံလျှင် မယ်တော်ကြီးမှ စာရေးသူထံသို့ ဖုန်းခေါ်လိုက်ပါသည်။ စာရေးသူသည် စဥ့်ကိုင်မြို့ အောင်မြေမှပင် သစ္စာပြုခြင်း၊ သစ္စာခံခြင်းတို့ကို ဖုန်းထဲမှ ရွတ်ဆိုပေးပါသည်။ ထားဝယ်မြို့မှ လူအများက မိုင်ပေါင်းရာချီကွာဝေးသော စဥ့်ကိုင်မြို့မှ စာရေးသူ၏ သစ္စာပြုချက်တို့ကို လိုက်ဆိုကြပါသည်။ ပီတိဖြစ်ဖွယ်ကောင်းလှပါ၏။ ယခု ခရီးစဉ်လမ်းတစ်လျှောက်တွင်လည်း မိတ္ထီလာ၊ ပျော်ဘွယ်မြို့တို့၌ ရုပ်ရှင်တော်မြတ် ကြွမြန်းရောက်ရှိသော နေအိမ်တို့တွင်လည်း စာရေးသူသည် စဥ့်ကိုင်မှပင် ဖုန်းထဲမှ ဆေးသိဒ္ဓိသစ္စာဆိုပေးခဲ့ရပါသေးသည်။ အချို့ဆိုလျှင် ဖုန်းထဲမှ သစ္စာပြုချက်ဖြင့်ပင် ဆေးသိဒ္ဓိများကျရောက်၍ ရောဂါဝေဒနာများ သက်သာ ပျောက်ကင်းကြကြောင်း ကြားသိရပါသည်။

ထားဝယ်မြို့မှလူတို့ စာရေးသူ၏ သစ္စာရေကို တောင်းခံကြသောအခါ စောပညာ၏ သစ္စာရေကို ပြန်လည်အမှတ်ရစရာဖြစ်ရပါသည်ဟု ထားဝယ်မြို့သူမြို့သားတို့က ပြောကြပါသည်။

ကိုအောင်အောင်-မစိန်စိန်အုန်းတို့၏ ကြီးတော် ဒေါ်ဉာဏ်စိန်နှင့် ဖခင်ကြီး ဦးစိန်ဝင်းတို့ မောင်နှမသည် တရုတ်လူမျိုးစစ်စစ်များဖြစ်သော်လည်း ထေရဝါဒဗုဒ္ဓသာသနာကို အမှန်တကယ် ကြည်ညိုကြသူများ ဖြစ်ပါသည်။ ပရိတ်ကြီး (၁၁) သုတ်၊ ပဋ္ဌာန်း၊ ဂုဏ်တော်တို့ကို ပါဠိပါဌ်သား မှန်ကန်စွာ ပူဇော်ရွတ်ဆိုနိုင်သည်ကို တွေ့ရှိရပါသည်။

ဦးစိန်ဝင်းသည် အသက် (၇၃)နှစ်ရှိပြီဖြစ်သော်လည်း ဘုရား၊ တရားလုပ်၍ဖြစ်မည်။ ကျန်းမာဖျတ်လတ်၍နေပါသည်။ ညစဉ် ညဉ့်နက်သည့်တိုင် ရုပ်ရှင်တော်မြတ်၏ရှေ့တွင် ပုတီးစိပ်ခြင်း၊ တရားထိုင်ခြင်းတို့ ပြုလုပ်သော်လည်း နံနက်တွင်လည်း အစောကြီးထကြပါသည်။ မစိန်စိန်အုန်း၏မောင် (ကျော်ကျော်ဌေး) နှင့် အေးအေးမူတို့၏ သမီးကလေး ချူချူကျော်သည်လည်း အသက် (၁၃) နှစ်သာရှိသေးပြီး သတ္တမတန်းကျောင်းသူကလေးဖြစ်သော်လည်း ရုပ်ရှင်တော်မြတ်ကြီးကိုလည်းကောင်း၊ မယ်တော်ကြီးနှင့် အန်တီအေးတို့ကိုလည်းကောင်း၊ စာအုပ်များထဲမှ တွေ့မြင်ရသော စာရေးသူကို လည်းကောင်း ကြည်ညိုလှပါသည်။

၃၀-၇-၂၀၁၂ ညနေ (၃) နာရီတွင် ထားဝယ်မြို့ ဝဲကျွန်းထိန်လယ်ရပ် ရေးလမ်း အိမ်အမှတ် (၁၉၃) နေ ဦးစိုးအောင်၊ ဇနီး ဒေါ်သောင်းစိန်နှင့် သမီး မအေးစန္ဒီအောင်၊ မမို့မို့စန္ဒီအောင်၊ မစိုးထက်မြက်အောင်နှင့် သားမောင်စိုးမိုးအောင်တို့ နေအိမ်မှ ပင့်ဆောင်ပူဇော်ပါသည်။ ဒေါ်သောင်းစိန်တို့၏မိသားစုသည် သူရဇ္ဇစာဖတ်ပရိသတ်များပင်ဖြစ်ကြ၍ စာရေးသူ၏ ဆောင်းပါးတို့ကို မလွတ်တမ်း စောင့်မျှော်ဖတ်ရှု၍နေသူများဖြစ်ပြီး ရုပ်ရှင်တော်မြတ်ကို အထူးကြည်ညိုသူများလည်း ဖြစ်ကြပါသည်။ ဒေါ်သောင်းစိန်သည် ၂၀၁၁ ၊ ၉ ရက်၊ ၉ လ ဗုဒ္ဓပူဇနီယပွဲတော်နေ့တွင် မစိန်စိန်အုန်းနှင့်အတူ စဥ့်ကိုင်မြို့အောင်မြေသို့ လာရောက်ခဲ့ဖူးပြီး ယခု ထားဝယ်သို့ ပင့်ဆောင်ရာတွင်လည်း ရန်ကုန်မြို့အထိ မစိန်စိန်အုန်းနှင့်အတူ လိုက်ပါလာခဲ့သူဖြစ်ပါသည်။

ထိုအိမ်တွင် ၈ လပိုင်း၊ ၄ ရက်နေ့အထိ အပူဇော်ခံပါသည်။ ရုပ်ရှင်



www.burmeseclassic.com

www.burmeseclassic.com

တော်မြတ်မှာ သိသာထင်ရှားစွာ ရောင်ခြည်တော်များ ကွန့်မြူးတော်မူပါသည်။ သိသာထင်ရှားစွာ မျက်လုံးတော်များဖွင့်တော်မူပါသည်။ လူအများတို့လည်း ထူးထူးခြားခြား ကြုံတောင့်ကြုံခဲ ရုပ်ရှင်တော်မြတ်၏ တန်ခိုးတော်တို့ကို ဖူးတွေ့ကြရ၍ ကြည်ညိုမဆုံးနိုင်အောင်ရှိကြပါသည်။ ကန်တော့ပွဲ (၅) ပွဲ လှူဒါန်းထားရှိရာ (၃) ပွဲတိတိတွင် အုန်းတော်များမှ ရေလျှံသဖြင့် လူတို့အံ့ဩမဆုံးဖြစ်ကြရကာ ရုပ်ရှင်တော်မြတ်၏ တန်ခိုးတော်တို့ကို ကြည်ညို၍မဝနိုင်အောင်ရှိကြပါသည်။

မိုးသည် အဆက်မပြတ် ရွာသွန်းနေသော်လည်း လူတို့သည် မိုးထဲလေထဲမှာပင် ထီးများဆောင်း၍လာကြပါသည်။ ဤဒေသမှလူအများသည် ဆိုင်ကယ်စီး ကျွမ်းကျင်ကြပါသည်။ ဆိုင်ကယ်ကို ထီးဆောင်းလျက်နှင့်ပင် အမြန်စီးနင်းနိုင်ကြပါ၏။ သုံးဘီးဆိုင်ကယ်များလည်း ပေါများလှပါသည်။ ထားဝယ်မြို့သူမြို့သားတို့သည် သဒ္ဓါတရားထက်သန်လွန်းလှပါသည်။ အိမ်ရှင်ထံမှ ခွင့်တောင်း၍ နေ့နေ့ညည အကျွေးအမွေးများကို တာဝန်ယူလှူဒါန်းကြပါသည်။ သစ်သီးနှင့် ပန်းများလည်း လှူဒါန်းသူများ ပေါများလှ၍ လှူစရာနေရာပင် မဆံ့အောင်ရှိပါသည်။ မြို့သူမြို့သားတို့သည် နေ့စဉ်လှူဖွယ်ပစ္စည်းများဖြစ်သော အမွှေးတိုင်၊ ဖယောင်းတိုင်တို့ကို ယူဆောင်၍ လာခဲ့ကြပါသည်။ မြို့သူမြို့သားတို့သည် ဘုရားကို ကြည်ညိုပူဇော်ရုံမျှသာ မဟုတ်ပါ။ သမထ၊ ဝိပဿနာများကိုလည်း ဖွဲ့သန်စွာ အားထုတ်ကြပါသည်။ မယ်တော်ကြီးသည် ညစဉ် မဟာပလ္လင်ထိုင်နည်းဖြင့် (ခြေဖဝါးနှစ်ဖက်စလုံး ပက်လက်အနေအထား) မေတ္တာကမ္မဋ္ဌာန်းပွားပြီးလျှင် အာနာပါနကို ဆက်လက်ရှုပွားပြန်ပါသည်။တစ်နာရီကျော်မျှ ကြာမြင့်အောင် ထိုင်သဖြင့် ၎င်းတို့သည် မဟာပလ္လင်ထိုင်ဟူသောအခေါ်ကို မသိရှိ၍ -

"ဟယ်-မယ်တော်ကြီးက အကြာကြီးထိုင်နိုင်တယ်။ သမီးတို့ဖြင့်တစ်ခဏတောင် အဲဒီလိုမထိုင်နိုင်ဘူး"

ဟု မစိန်စိန်အုန်းမှ မယ်တော်ကြီးကိုကြည့်ပြီး အံ့ဩ၍နေပါ၏။

မယ်တော်ကြီးနှင့်အန်တီအေးတို့သည် ရောက်လေရာမြို့ရွာတို့တွင် ခုနစ်ရက်သားသမီးအပေါင်းတို့အား ပရိတ်ကြိုးများ ချီးမြှင့်လေ့ရှိပါသည်။ ပရိတ်ဟူသည်မှာ အရံအတားဖြစ်ခြင်းကြောင့် ပရိတ်ကြိုးဆင်မြန်းသူတို့တွင် ဘေးရန်အန္တရာယ်နှင့် မကောင်းသော နာနာဘာဝတို့၏အန္တရာယ်မှ လွတ်ကင်းကြရသည်ဖြစ်ရာ ဤပရိတ်ကြိုးတို့ကို ဆောင်ယူဖူးသူတို့သည် ပရိတ်ကြိုးမရှိလျှင် စိတ်မလုံသလိုပင်ရှိကြ၍ ပရိတ်ကြိုးဟောင်းနွမ်းသော်၊ ပြတ်တောက်သော်မည်သည့် ဝေးလံသော အရပ်ဒေသမှဖြစ်စေ ရွှေကံကူအောင်မြေနှင့် ရုပ်ရှင်တော်မြတ် ကြွမြန်းရောက်ရှိရာ နေရာဌာနတို့သို့ ပရိတ်ကြိုးများ လာရောက်တောင်းယူလေ့ရှိကြပါသည်။

မယ်တော်ကြီး၏ ပရိတ်ကြိုးများသည် ဆိုင်ကယ်၊ ကားမတော်တဆထိခိုက်မှုများတွင် အမှန်တကယ်ပင် ဘေးရန်ကင်းရှင်းလှပါသည်။ လက်တွေ့ကြုံဆုံရသူတို့ အများပင်ရှိပါသည်။ ယခုထားဝယ်တွင်လည်း မယ်တော်ကြီး၏ ပရိတ်ကြိုးကို တစ်ဆင့်စကားတစ်ဆင့်နားဖြင့် လာရောက် တောင်းခံကြပါသည်။ ထိုသို့ ပရိတ်ကြိုးရယူသွားသော အလယ်တန်းကျောင်းသားကလေးတစ်ဦးသည် စက်ဘီးဖြင့် ကျောင်းသွားစဉ် ဆိုင်ကယ်တစ်စီးနှင့် ထိပ်တိုက် မျက်နှာချင်းဆိုင် အရှိန်ဖြင့်တိုက်မိကြပါသည်။ ထူးဆန်းအံ့ဩဖွယ်ကောင်းလှပါသည်။ ဆိုင်ကယ်သမားလည်း လဲကျသွားပါသည်။ သို့သော် စက်ဘီးသမားသည် မလဲပါ။ စက်ဘီးလည်း ဘာမှမဖြစ်၊ လူလည်းဘာမှမဖြစ်၍ အားလုံးမှ အံ့ဩမဆုံးဖြစ်ကြရပြီး ပရိတ်ကြိုး၏ အစွမ်းကို လက်တွေ့သိရှိသွားကြပါသည်။

ထိုအခါ မြို့လုံးကျွတ်နီးပါး လူငယ်၊ လူရွယ်၊ လူလတ်၊ လူကြီးမကျန် အားလုံး ပရိတ်ကြိုးများ လာရောက်တောင်းခံကြသဖြင့် စဦ့ကိုင်မြို့ ခေတ်ဆန်သူ စားဥယျာဉ် မပေါင်းပေါင်းနှင့် မပေါင်းပေါင်း တည်ထောင် ဖွင့်လှစ်သော Smily baby အဆင့်မြင့်မူကြိုမှ ဆရာမလေး မအေးအေးအောင်တို့ ဝါယမစိုက်ထုတ်၍ ဇာထိုးအပ်ဖြင့်ထိုးပေးလိုက်သော ပရိတ်ကြိုးတို့ ကုန်သွားသဖြင့် ထားဝယ်မှာပင် ပရိတ်ကြိုးများ အားချင်းကျစ်၍ ပေးဝေကြရပါသည်။

ထို့အပြင် နောက်တစ်ခု ထူးခြားမှုမှာ နှစ်စဉ် ထားဝယ်မြို့မှ မောင်းမကန်သို့သွားရာ နာမည်ကျော် ထန်းပင်တန်းလမ်းမကြီး ရေကျော်လျှင် ဒေါင်းငူရပ်ကွက်သို့ နှစ်စဉ်ရေဝင်မြဲဖြစ်ပြီး မစိန်စိန်အုန်းတို့နေအိမ်သည် ထားဝယ်မြစ်နှင့်လည်း နီးကပ်လှသည် ဖြစ်သောကြောင့် ရေတက်လေ့ရှိပါသည်။ မစိန်စိန်အုန်းတို့၏ နေအိမ်နှင့် မအေးအေးမူ (မစိန်စိန်အုန်း၏ ယောက်မ) နေအိမ်သည် တစ်ရပ်ကွက်တည်းမဟုတ်သော်လည်း ထန်းပင်တန်းလမ်းမ ရေကျော်သည်နှင့် ထိုနှစ်အိမ်စလုံးတွင် ရေဝင်နေကျဖြစ်ပါသည်၊ ဤအနေအထားဆိုလျှင် မစိန်စိန်အုန်းတို့၏နေအိမ် မီးဖိုဆောင်အတွင်းသို့ ဒူးဆစ်ခန့်အထိ ရေများရောက်ရှိတတ်ပါသည်။ ထိုအချိန်တွင် မအေးအေးမူတို့၏ နေအိမ်တွင် ပုံမှန်အနေအထားအတိုင်း ရေများဝင်ရောက်လာလျှင် ဒုက္ခပဲဟု တွေး၍ စိုးရိမ်ပူပင်မိသော်လည်း ရေများလုံးဝဝင်ရောက်လာခြင်းမရှိသဖြင့် ဝမ်းသာအံ့ဩကြရပါသည်ဟု ပြောပြပါသည်။

ထားဝယ်မြို့သူမြို့သားတို့သည် ရုပ်ရှင်တော်မြတ် ပြန်ကြွခါနီးလေ ဖူးမြော်ကြည်ညိုမဝလေဖြစ်ကာ ကြိတ်ကြိတ်တိုးမျှ စည်ကားလျက်ရှိပါ၏။ နေ့စဉ် ရုပ်ရှင်တော်မြတ်အား အရုဏ်ဆွမ်း နေ့ဆွမ်းစသည်တို့ကို သက်တော်ထင်ရှားဘုရားရှင် ကြွမြန်းရောက်ရှိတော်မူနေသကဲ့သို့ အကောင်းဆုံးဖြစ်အောင် ဖွယ်ဖွယ်ရာရာ စီမံချက်ပြုတ်ကာ ကပ်လှူကြသဖြင့် ဆွမ်းဟင်းခွက်များမှာ များပြားလွန်းလှပါသည်။

မယ်တော်ကြီးလည်း ဒေသသင်ဖြစ်၍လည်းကောင်း ပင့်ဆောင်ပူဇော်သူများနှင့် မြို့သူမြို့သားတို့မှ နွေးထွေးလိုက်လှဲပျူငှာစွာ ရိုသေဂါရဝဖြင့် လိလေသေးမရှိအောင် ဧည့်ဝတ်ကျေပွန်ကြ၍လည်းကောင်း ထားဝယ်တွင် ပျော်မွေ့ပါသည်။ ပင့်ဆောင်ပူဇော်ကြသူကိုအောင်အောင်- မစိန်စိန်အုန်း၊ ဦးစိုးအောင်-ဒေါ်သောင်းစိန် မိသားစုတို့နှင့် မြို့သူမြို့သားတို့သည် လည်းကောင်း ရုပ်ရှင်တော်မြတ်ကိုလည်း ဖူးမြော်မဝနိုင်။ မယ်တော်ကြီးတို့ကိုလည်း ကလေးလူကြီး သံယောဇဉ်ဖြစ်၍နေကြသော်လည်း မယ်တော်ကြီးတို့သည် သာသနာခရီးသွား၊ သံသရာခရီးသွားများ ဖြစ်ပါသောကြောင့် ထားဝယ်မြို့အတွက် ပူဇော်ခွင့်ရစေသော ၄-၈-၂၀၁၂ နေ့တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည် ကြွမြန်းတော်မူခဲ့ပါသည်။

ဘိုဘို (ရွှေကံကူ)

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ

# ခနသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်

ရှိန်းအောင်(ဂမ္ဘီရ)

ခနသိဒ္ဓိနက္ခတ်စန်းယှဉ်ချိန်၊ ခနသိဒ္ဓိနက္ခတ်လက်ဖြတ်ချိန်၊ ခနသိဒ္ဓိနက္ခတ် မှန်းတည့်မျဉ်းဖြတ်ချိန် ၎င်းအခါသုံးပါးထပ်ချိန် တို့တွင် အဓိဋ္ဌာန်ဘာဝနာပွားများခြင်း၊ အဓိဋ္ဌာန်ပုတီးစိပ်ခြင်း၊ အဓိဋ္ဌာန်ဂါထာမန္တန်ရွတ်ဖတ်ခြင်း အထူးသဖြင့် မဟာဝေဒဗ္ဗ န္ဒန်ကြီး အပါအဝင် ခန်လာဘ်ဂါထာမန္တန်များကို ရွတ်ဖတ်ပူဇော် ကျင့်ကြံပွားများအားထုတ်ပါလျှင် ထူးကဲသော ကောင်းကျိုး ချမ်းသာများကို ရရှိခံစားရမည်မှာ မလွဲဧကန်ဖြစ်သည်။

ဤလအပိုင်းအခြားတွင် ခနသိဒ္ဓိနက္ခတ် စန်းနှင့်နှစ်ကြိမ်တိုင် ယှဉ်ဖက်သည်။ ပထမအကြိမ်တွင် ခနသိဒ္ဓိနက္ခတ်သည် (၃၁-၁-၂၀၁၄) နေ့ ညနေ (၃း၄၅) နာရီမှ (၁-၂-၂၀၁၄) နေ့ နေ့လယ် (၂း၁၅) နာရီအတွင်း စန်းယှဉ်သည်။ (၁-၂-၂၀၁၄) နေ့ နံနက် (၇း၀၈း၀၉) နာရီမှ နံနက် (၇း၄၅း၀၀) နာရီအတွင်း ခနသိဒ္ဓိနက္ခတ်သည် လက်ဖြတ်ကျော်မည်ဖြစ်ပြီး (၁-၂-၂၀၁၄) ခု နေ့လယ် (၁၂း၃၈း၃၉) မှ (၁၃း၃၀း၁၇) နာရီအတွင်း ခနသိဒ္ဓိနက္ခတ်သည် မှန်းတည့်မျဉ်းဖြတ်ကျော်မည် ဖြစ်သည်။

ဒုတိယအကြိမ်တွင်မူ ခနသိဒ္ဓိနက္ခတ်သည် (၂၇-၂-၂၀၁၄) နေ့ ညသန်းခေါင် (၁၂း၀၀) နာရီမှ (၂၈-၂-၂၀၁၄) နေ့ (၁၁း၃၀) နာရီအတွင်း စန်းယှဉ်နေမည် ဖြစ်သည်။ (၂၈-၂-၂၀၁၄) နေ့ နံနက် (၅း၂၀း၄၉) နာရီမှ (၅း၅၈း၅၈) နာရီ အတွင်း ခနသိဒ္ဓိနက္ခတ်သည် လက်ဖြစ်ကျော်မည်ဖြစ်ပြီး (၂၈-၂-၂၀၁၄) မှ နံနက် (၁၀း၅၀း၁၅) နာရီမှ (၁၁း၄၂း၁၅) နာရီအတွင်း မှန်းတည့်မျဉ်းဖြတ်ကျော်မည် ဖြစ်သည်။

| လက်ဖြတ်ကျော်ချိန်ဇယား | | | မှန်းတည့်မျဉ်းချိန်ဖြတ်ကျော်ချိန်ဇယား | | |
|---|---|---|---|---|---|
| ရက် | စဝင်ချိန် | ထွက်ခွာချိန် | ရက် | စဝင်ချိန် | ထွက်ခွာချိန် |
| ၁ | ၇း ၀၈း ၅၉ | ၇း ၄၅း ၀၀ | ၁ | ၁၂း ၃၈း ၃၉ | ၁၃း ၃၀း ၁၇ |
| ၂ | ၇း ၀၄း ၀၃ | ၇း ၄၁း ၀၄ | ၂ | ၁၂း ၃၄း ၄၃ | ၁၃း ၂၆း ၂၁ |
| ၃ | ၇း ၀၀း ၀၇ | ၇း ၃၇း ၀၈ | ၃ | ၁၂း ၃၀း ၄၇ | ၁၃း ၂၂း ၂၅ |
| ၄ | ၆း ၅၆း ၁၁ | ၇း ၃၃း ၁၂ | ၄ | ၁၂း ၂၆း ၅၁ | ၁၃း ၁၈း ၂၉ |
| ၅ | ၆း ၅၂း ၁၅ | ၇း ၂၉း ၁၆ | ၅ | ၁၂း ၂၂း ၅၅ | ၁၃း ၁၄း ၃၃ |
| ၆ | ၆း ၄၈း ၁၉ | ၇း ၂၅း ၂၀ | ၆ | ၁၂း ၁၈း ၅၉ | ၁၃း ၁၀း ၃၇ |
| ၇ | ၆း ၄၄း ၂၃ | ၇း ၂၁း ၂၄ | ၇ | ၁၂း ၁၄း ၀၃ | ၁၃း ၀၆း ၄၁ |
| ၈ | ၆း ၄၀း ၂၇ | ၇း ၁၇း ၂၈ | ၈ | ၁၂း ၁၀း ၀၇ | ၁၃း ၀၂း ၄၅ |
| ၉ | ၆း ၃၆း ၃၁ | ၇း ၁၃း ၃၂ | ၉ | ၁၂း ၀၆း ၀၁ | ၁၂း ၅၈း ၄၉ |
| ၁၀ | ၆း ၃၂း ၃၈ | ၇း ၀၉း ၄၆ | ၁၀ | ၁၂း ၀၂း ၀၅ | ၁၂း ၅၄း ၄၃ |
| ၁၁ | ၆း ၂၈း ၄၁ | ၇း ၀၅း ၅၀ | ၁၁ | ၁၂း ၅၈း ၀၉ | ၁၂း ၅၀း ၅၇ |
| ၁၂ | ၆း ၂၄း ၄၅ | ၇း ၀၁း ၅၄ | ၁၂ | ၁၁း ၅၄း ၁၃ | ၁၂း ၄၆း ၀၁ |
| ၁၃ | ၆း ၂၀း ၄၉ | ၆း ၅၇း ၅၈ | ၁၃ | ၁၁း ၅၀း ၁၇ | ၁၂း ၄၂း ၀၅ |
| ၁၄ | ၆း ၁၆း ၅၃ | ၆း ၅၃း ၀၂ | ၁၄ | ၁၁း ၄၆း ၂၁ | ၁၂း ၃၈း ၀၉ |
| ၁၅ | ၆း ၁၂း ၅၇ | ၆း ၄၉း ၀၆ | ၁၅ | ၁၁း ၄၂း ၂၅ | ၁၂း ၃၄း ၁၃ |
| ၁၆ | ၆း ၀၈း ၀၁ | ၆း ၄၅း ၁၀ | ၁၆ | ၁၁း ၃၈း ၂၉ | ၁၂း ၃၀း ၁၇ |
| ၁၇ | ၆း ၀၄း ၀၅ | ၆း ၄၁း ၁၄ | ၁၇ | ၁၁း ၃၄း ၃၃ | ၁၂း ၂၆း ၂၁ |
| ၁၈ | ၆း ၀၀း ၀၉ | ၆း ၃၇း ၁၈ | ၁၈ | ၁၁း ၃၀း ၃၇ | ၁၂း ၂၂း ၂၅ |
| ၁၉ | ၅း ၅၆း ၁၃ | ၆း ၃၃း ၂၂ | ၁၉ | ၁၁း ၂၆း ၄၁ | ၁၂း ၁၈း ၂၉ |
| ၂၀ | ၅း ၅၂း ၁၅ | ၆း ၂၉း ၂၆ | ၂၀ | ၁၁း ၂၂း ၄၅ | ၁၂း ၁၄း ၃၃ |
| ၂၁ | ၅း ၄၈း ၂၁ | ၆း ၂၅း ၃၀ | ၂၁ | ၁၁း ၁၈း ၄၉ | ၁၂း ၁၀း ၃၅ |
| ၂၂ | ၅း ၄၄း ၂၅ | ၆း ၂၁း ၃၄ | ၂၂ | ၁၁း ၁၄း ၅၃ | ၁၂း ၀၆း ၄၁ |
| ၂၃ | ၅း ၄၀း ၂၉ | ၆း ၁၇း ၃၈ | ၂၃ | ၁၁း ၁၀း ၅၇ | ၁၂း ၀၂း ၄၅ |
| ၂၄ | ၅း ၃၆း ၃၃ | ၆း ၁၃း ၄၂ | ၂၄ | ၁၁း ၀၆း ၀၁ | ၁၁း ၅၈း ၄၉ |
| ၂၅ | ၅း ၃၂း ၃၇ | ၆း ၀၉း ၄၆ | ၂၅ | ၁၁း ၀၂း ၀၅ | ၁၁း ၅၄း ၅၃ |
| ၂၆ | ၅း ၂၈း ၄၁ | ၆း ၀၅း ၅၉ | ၂၆ | ၁၀း ၅၈း ၀၉ | ၁၁း ၅၀း ၅၇ |
| ၂၇ | ၅း ၂၃း ၄၅ | ၆း ၀၁း ၅၄ | ၂၇ | ၁၀း ၅၄း ၁၁ | ၁၁း ၄၆း ၀၁ |
| ၂၈ | ၅း ၂၀း ၄၉ | ၅း ၅၈း ၅၈ | ၂၈ | ၁၀း ၅၀း ၁၅ | ၁၁း ၄၂း ၀၅ |



www.burmeseclassic.com

www.burmeseclassic.com

# ကိုသန့်လွင်(လျှပ်စစ်)

# ကျောက်စံ့ဆရာတော် အမှတ်တရ

(၁)

"ဒကာကြီး၊ ခေါင်းရိတ်တတ်သလား"

ကျွန်တော် ဘာပြောရမည်မသိ။ လွယ်သည်ထင်ရသော်လည်း တစ်ခါမှ အခြားသူ၏ ခေါင်းကို ရိတ်မပေးခဲ့ဘူးပေ။ ဘေးနားက ကျွန်တော့်ဒရိုင်ဘာက ဝင်ပြောသည်။

"တပည့်တော်ရိတ်တတ်ပါတယ်ဘုရား"

"ဟုတ်ပြီ၊ ဒါဆို ဒကာက လာပြီး တဘက်ကိုကိုင်"

ဘဘုန်းက ကျွန်တော့်ကို ကျလာမည့် ဆံတွေကိုခံမည့် ပဝါတဘက်ကို ကိုင်ခိုင်းသည်။ ဘဘုန်း၏ ဆံပင်များ ဖြည်းဖြည်းချင်းကျလာကြသည်။ မီလီမီတာအနည်းငယ်စီသာရှိသော ဆံစငယ်လေးများသည် ရေနှင့်အတူလုံးပြီး ကျလာကြသည်။ အသင့်ပါလာသော စာအိတ်ထဲသို့ ဆံစငယ်များကို သိမ်းပါသည်။ ယနေ့တိုင် ကျွန်တော့်လက်ဝယ်မှာရှိပါသည်။ ဆံချ မျက်နှာသစ်ပြီးသည်နှင့် ဆရာတော်ဘုရားက -

"ကဲ - ဒကာကြီး၊ ဒကာကြီးရဲ့ ပြဿနာတွေ ရှင်းသွားပါပြီ။ စိတ်အေးလက်အေးနေပေတော့။ အောင်ပြီလို့သာ သတ်မှတ်လိုက်တော့"

နံနက် (၁၁)နာရီခန့် ရှိပါပြီ။ ကျွန်တော်က ဘာပြန်ပြောရမည်ဟု မသိ။

'အရှင်ဘုရား၊ မနောက်ပါနဲ့ဘုရား'

ဟု ပြောလိုက်ချင်သည်။ ဘုန်းဘုန်းနှင့်က မရှင်းနိုးသေး။

"တင်ပ့ါဘုရား"


ဟုသာ လျှောက်မိသည်။

(၂)

ကျွန်တော်သည် အလုပ်ဖြုတ်ခံ ကို စောင့်နေရသည့် အစိုးရဝန်ထမ်းတစ်ဦး ဖြစ်ပါသည်။ ငယ်စဉ်က မစဉ်းမစားလုပ်ခဲ့ရာတွေလျှောက်လုပ်ပြီး ကျလာမည့် အပြစ်ဒဏ်စီရင်ချက်ကို စောင့်နေရခြင်း ဖြစ်ပါ၏။ ကျွန်တော့်လုပ်ရပ်မှာ ခွင့်လွှတ်နိုင်စရာအကြောင်း မရှိပါ။

ကျွန်တော့်အသက် (၂၇) နှစ်အရာ မြန်မာ့ရေနံကော်ပိုရေးရှင်းတွင် တာဝန်ယူ အင်ဂျင်နီယာအရာရှိအဖြစ် အလုပ်လုပ်ခဲ့ပါသည်။ အသက်ငယ်ငယ်မှာ ရရှိသော လစာအဆောင်အယောင်များနှင့် အ အသောက်အစားဖက်ခဲ့ပါသည်။ ကျွန်






ဦးပဏ္ဍိစ(ဘဘုန်း)



www.burmeseclassic.com

www.burmeseclassic.com



တော်သည် မန်းရေနံမြေတွင် တာဝန်ကျခြင်းဖြစ်ပြီး ထိုစဉ်က ရေနံမြေမန်နေဂျာကြီးမှာ အားကစားကို အားပေးသူဖြစ်ပါသည်။ ကျွန်တော်သည် မန်းရေနံမြေပိန်ပေါင်အသင်း၏ အတွင်းရေးမှူး ဖြစ်လာပါသည်။ ရေနံမြေအချင်းချင်း ယှဉ်ပြိုင်ရေးမှုအရ မန်းရေနံမြေပိန်ပေါင်အသင်းမှာ ချောက်ရေနံမြေသို့ သွားပြီး ထမင်းစားကြရပါသည်။ အားကစားသမားများအဖို့ ပြိုင်ပွဲပြီးလျှင် လုပ်စရာမည်သည်ရရမရှိ သောက်စားပျော်ပါးခဲ့ကြပါသည်။ တစ်ညမှာ အရက်မူးမူးနှင့် ထီးအိုးကားသစ်ကြီးပေါ် တက်ပြီး ကျွန်တော့်တွင်ပါသော သော့တွဲမှသော့တစ်ချောင်းနှင့်ဖွင့်ကြည့်ရာ ကားစက်နိုးသွားပါသည်။ နီးစပ်ရာ အရာရှိတွေရော အားကစားသမား စုစုပေါင်း ဆယ်ဦးခန့် အုပ်စုကိုတင်ပြီး ကားမောင်းထွက်ခဲ့ပါသည်။

ချောက်မြို့ထဲက ဗွီဒီယိုရုံမှာ ပွဲကြည့်ရင်း ကျွန်တော်အိပ်ပျော်သွားပါသည်။ ကားဂိုဒေါင်တာဝန်ခံအရာရှိမှာ အားပျောက်မှုကို ရေနံမြေရဲအား အကြောင်းပြီး သတင်းကြားအရ လိုက်လာသောအခါ ကားကို ပြန်သိမ်းသွားပါသည်။ သူငယ်ချင်းတစ်ယောက်လာနှိုးမှ ကျွန်တော် အိပ်ရာကနိုးပါသည်။ ကားကျွန်တော်ရပ်ထားခဲ့သောနေရာမှာ မရှိတော့ပါ။

နောက်နေ့ ရေနံမြေမန်နေဂျာကြီးက ကျွန်တော့်ကိုခေါ်ပြီး ကားပျောက်မှုအကြောင်းမေးပါသည်။ ကျွန်တော်က သေိရှိကြောင်း ဘူးခံလိုက်ပါသည်။ ကျွန်တော်ကသာ ဘူးခံနေသော်လည်း အသိသက်သေ မိတ်ဆွေအရာရှိများက ကျွန်တော်သာ တရားခံဖြစ်ကြောင်း သတင်းပေးကြပါလိမ့်မည်။

မန်းရေနံမြေ ပြန်ရောက်တော့ ကျွန်တော့်ဌာနမှူး ဦးမြင့်ထူးကို ကျွန်တော်အမှန်အတိုင်း ပြန်ပြောပါသည်။ သို့ပေမယ့် အချိန်နောက်ကျသွားပါပြီ။ ချောက်ရေနံမြေ မန်နေဂျာကြီးက ကျွန်တော့်ဖြစ်ရပ်ကို ကော်မရှင်ဖွဲ့စစ်ဆေးပြီး ဝန်မခံသော ရေနံအရာရှိကို အလုပ်မှ ထုတ်ပင်သင့်ကြောင်း အစီရင်ခံစာရေးပြီး အထက်ရုံးချုပ်သို့ ပို့လိုက်ကြပါသည်။

"ကိုဝင်းဆွေ၊ ခင်ဗျားကိစ္စက ရှင်းနေပြီ။ ကျွန်တော်ဘယ်မှလိုက်ပြောလို့လဲ ရမယ်မထင်တော့ဘူး။ ဘုရားကိုးကိုးဖို့ပဲ ရှိတော့တယ်"

ဦးမြင့်ထူးမှာ ရတနာသုံးပါး ဘာသာတရားကိုင်းရှိုင်းသူ ဖြစ်ပါသည်။ ကျွန်တော့်ကို ကျောက်စံဆရာတော်ကြီးထံ ခေါ်သွားပါသည်။ ထိုစဉ်က ဆရာတော်ကြီးမှာ လယ်ကွင်းလို အကွက်ကွင်းကျယ်ကြီးမှာ သာသနာ့အလံထူ၊ တဲထိုးပြီး သီတင်းသုံးနေပါသည်။ မန်းရေနံမြေမြောက်ဘက် ဂိတ်ပေါက်မှ ထွက်လျှင် (၄၅) မိနစ်၊ (၁) နာရီမျှ ကားမောင်းလျှင် ဆရာတော်ကြီးကျောင်းကို ရောက်ပါသည်။

ဆရာတော်ကြီး၏ ရှေ့မှောက်သို့ ကျွန်တော်နှင့်ကျွန်တော့်ဆရာတို့ နံနက် (၈)နာရီတွင် ရောက်ရှိသွားကြပါသည်။ နှုတ်ဆက်စကားပြောပြီးသည်နှင့် ကျွန်တော့်ဆရာက ဖြစ်ကြောင်းကုန်စင် ဆရာတော်ကြီးကို လျှောက်ထားပါသည်။

ဆရာတော်ကြီးက မဆိုင်းမတွ -

"မင်းတော်တော်မိုက်ခဲ့တာပဲ။ ဒါပေမယ့် အချိန်တော့မနှောင်းသေးပါဘူး"

ဟု မိန့်ပါသည်။ ပြီးတော့ ခေါင်းရိတ်တတ်သလားဟု မေးပြီး သူ့ခေါင်းကို ရိတ်ပေးရန်ပြောခဲ့ခြင်း ဖြစ်ပါ၏။ ဆရာတော်ကြီး၏ ဆံစများကို သိမ်းပြီးသည်နှင့် ဆရာတော်ကြီးက မင်းကိစ္စပြီးသွားပြီဟု မိန့်ခဲ့ခြင်း ဖြစ်ပါသည်။

ကျွန်တော် မယုံကြည်နိုင်ခဲ့ပါပေ။

(၃)

စီရင်ချက်ကို တစ်လခန့်နေမှ ကျွန်တော် ကြားရပါသည်။ ကျွန်တော့်အမှုကိုပိတ်လိုက်ပြီ။ ဘာမှအရေးမယူတော့ဘူး ဟူသတတ်။ ချောက်ရေနံမြေမန်နေဂျာကြီးက ကိစ္စတစ်ခုနှင့် ကျွန်တော့်ဌာနမှူးနှင့်အတွေ့မှာ ပြောပြလိုက်ခြင်း ဖြစ်ပါသည်။

တကယ့်အဖြစ်မှန်ကိုတော့ လပေါင်းများစွာအကြာ ရေနံကော်ပိုရေးရှင်း အုပ်ချုပ်ရေး ဒါရိုက်တာ ဦးအောင်မြင့်ကို မြန်အောင်ရေနံမြေမှာ တွေ့မှ ပြန်ကြားရခြင်း ဖြစ်ပါသည်။ ဒါရိုက်တာ ဦးအောင်မြင့်က ကော်မရှင်တွေ့ရှိချက်၊ အကြံပြုချက် ကျွန်တော့်ဖိုင်တွဲကိုကိုင်ကာ ဦးဆောင်ညွှန်ကြားရေးမှူးထံ အမိန့်ခံယူရန်သွားပါသည်။ ချောက်ရေနံမြေစုံစမ်းရေးကော်မရှင်က ကျွန်တော့်ကို အလုပ်ဖြုတ်ရန် အကြံပြုထားပါလိမ့်

www.burmeseclassic.com

မည်။ ဦးအောင်မြင့်မှ စကားစသည်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးမှ -

"တော်တော့ဗျာ ဦးအောင်မြင့်၊ ကော်မရှင်ဆိုတဲ့စကား ကျွန်တော့်ကို လာမပြောနဲ့။ အခုပဲ ဝန်ကြီးက ဘာမဆိုင်ညာမဆိုင် ကျွန်တော့်ကိုခေါ်ပြီး ဆဲလိုက်လို့ဗျာ"

ဝန်ကြီးမှ စစ်သားဟောင်းဖြစ်ပါသည်။ စကားကို ဘွင်းဘွင်းကြီးပြောလေ့ရှိပါသည်။

"ခင်ဗျားတို့ ကော်မရှင်ဆိုတဲ့ကောင်တွေလေ၊ ကျွန်တော့်တပည့်ကို ချောက်ရေနံမြေမှာ အလုပ်ဖြုတ်လိုက်လို့ဗျာ။ အခု ဒီကောင်ဘာလုပ်စားရမလဲ။ ကလေးခုနစ်ယောက်၊ ရှစ်ယောက်နဲ့ ဒုက္ခကောင်းကောင်းတွေ့နေပြီ"

ဝန်ကြီးမှာ ရေနံမြေမှ ပြန်ရောက်ခါစ ဖြစ်ပါ၏။ သူ ချောက်မှာတုန်းက သူ့တပည့်တစ်ယောက် အလုပ်ဖြုတ်ခံရတာကို ပြန်ပြောနေခြင်း ဖြစ်ပါသည်။ အမှုက ဘာမှမကြီးကျယ်ဘူးဟုလည်း သိရပါသည်။ ကျွန်တော့်လိုပဲ စုံစမ်းရေးကော်မရှင်က အလုပ်ဖြုတ်လိုက်ခြင်း ဖြစ်ပါသည်။ ဝန်ကြီးမှာ သူ့ဘာမှမတတ်နိုင်၍ ပိုပြီး စိတ်ဆိုးဟန်ရှိပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူးက ဖိုင်တွဲကို ဆုတ်မပစ်ရုံတစ်မည် စက်ဆုပ်စွာကြည့်ပြီး -

"ဦးအောင်မြင့်၊ မေ့ပစ်လိုက်ပါတော့ဗျာ"

ဟု ညွှန်ကြားသည်။

အချိန်မှာ နံနက် (၁၁) နာရီခန့် အချိန်။ ဘဘုန်းက -

"မင်းကိစ္စတွေပြီးသွားပါပြီကွ"

ဟု မိန့်လိုက်သောအချိန် ဖြစ်ပါသည်။

(၄)

အဖြစ်အပျက်ကို အကြာကြီးနေမှ ကျွန်တော် လိပ်ပတ်လည်ပြီး ရှင်းရှင်းလင်းလင်းမြင်လာရခြင်း ဖြစ်ပါသည်။ အရိယာသူတော်ကောင်းကြီးများသည် စကားကို လိုအပ်သည်ထက် ပိုပြီးပြောလေ့မရှိကြပါ။ ကျွန်တော်သည် သေချာတွေးလေလေ သဘောပေါက်လေလေ ဖြစ်ပါသည်။ ကျွန်တော်တို့၏ ကံကြမ္မာသည် ရတနာမြတ်သုံးပါးကို ယုံကြည်ခြင်း၊ မယုံကြည်ခြင်းအပေါ် မူတည်ပြောင်းလဲနေပါသည်။ ကျွန်တော်သည် ဘဘုန်း၏ ဥပါသကာလုံးလုံးဖြစ်သွားပါလေသည်။ အချိန်အားရတိုင်း ဘဘုန်း



ကျောင်းကို ကျွန်တော်သွားပါသည်။ ဟောကြားသော တရားကိုနာပြီး ဥပုသ်သီလစောင့်ထိန်းလေ့ ရှိလာပါသည်။

ကျွန်တော် အရက်ပြတ်သွားပါသည်။ လူကောင်းဖြစ်သွားပြီဟု ထင်ပါသည်။ ကျွန်တော့်ဘဝသည် မှောက်ထားသောအိုးကို လှန်လိုက်သလိုပြောင်းပြန်လည်သွားပါသည်။ ၁၉၈၀ ပြည့်နှစ်များဆီက ဘဘုန်းကျောင်းမှာ လယ်ကွင်းပြင်ကျယ်တွင် တဲထိုးထားခြင်းသာ ဖြစ်ပါသည်။ ဘာမှ အဆောင်အယောင်မရှိ။ တရားထိုင်သည်ဆိုရာမှာ မြေကြီးပေါ်တွင် ဖြစ်သလိုထိုင်ရခြင်းသာ ဖြစ်ပါသည်။

တရားစာအုပ်ဖတ်ခြင်း၊ ရောက်တတ်ရာရာ ဆွေးနွေးခြင်းကို အားမပေးဟု ဆိုနိုင်ပါ၏။ လူလာလှည့်ပါ။ စမ်းသပ်တရားထိုင်ပါ။ ထူးခြားစေရပါမည်။ တရားထိုင်ရန် အချိန်ဇယားမရှိ မိမိစိတ်ပါချိန်မှာ ထိုင်ရုံသာဖြစ်ပါသည်။ တရားစစ်မေးခြင်းကိုလည်း အချိန်သတ်မှတ်ထားခြင်း မရှိ။ ဆရာတော်ကြီးထံ စိတ်တိုင်းကျ မေးရုံသာဖြစ်ပါသည်။ အထိုင်ကြာ၍ဝေဒနာပေါ်လာလျှင် ဝေဒနာကို ခံစားသည့် နာမ်၊ နာသီးဖျားကို လေကလေးတိုးပြီး သိလိုက်ရသောအသိ၊ ရုပ်ဟူ၍မရှိသောသဘော၊ ဝေဒနာသည် ပည်တ်ချက်သာ ဖြစ်သောကြောင့် ပရမတ်မဟုတ်သောသဘော၊ ထိုတဒင်္ဂလေးမှာ အသိမှန်ပြီး ဝေဒနာပျောက်သွားတတ်သောကြောင့် နာမရူပပဋိစ္ဆေဒဉာဏ်ဟု ခေါ်နိုင်ပုံတို့ကို အကြောင်းတိုက်ဆိုင်မှ ဘဘုန်းက ရှင်းလင်းပြတတ်ပါသည်။

ဘဘုန်းကို စာဖတ်နေသည်ဟု မတွေ့ရဖူး။ စာရေးသည်ဟုလည်း မတွေ့ရ။ ဘဘုန်းသည် စာပေထဲမှ နှစ်ထားသော ပညာရှင်ဟု မဆိုနိုင်ပေ။ သို့သော် ဘဘုန်းမှာ ကျွန်တော်တို့ တရားထိုင်စဉ် တွေ့ကြုံရသော အတွေ့အကြုံများအတွက်မူကား အမြဲတစေ အဖြေရှိနေမြဲ ဖြစ်ပါသည်။ ကျွန်တော့်ဘဝကို ကောင်းရာမွန်ရာဖြစ်အောင် လမ်းညွှန်ပြခဲ့သောဘဘုန်းမှာ အားကိုးဖွယ်ရာလည်း ဖြစ်ပါသည်။ တဖြည်းဖြည်းနှင့် ပိုပိုပြီးရင်းနှီးလာသောအခါ ဘဘုန်းမှ ပြောပါသည်။

"ဒကာဝင်းဆွေ၊ ခင်ဗျားနဲ့ ကျုပ်နဲ့က ဘဝတစ်ခုမှာ အဘိုးနဲ့မြေးတော်စပ်ဖူးတယ်။ အဲဒီတုန်းကလည်း ကျုပ်က ခင်ဗျားကို စောင့်ရှောက်ခဲ့ရတယ်။ မင်းခပ်ဆိုးဆိုးရယ်"

ဟု ပြောဖူးပါသည်။

စိတ်ထဲမှာတော့ အတိုင်းမသိကြည်နူးခဲ့ရပါသည်။ ဘဘုန်းကို ရင်းနှီးလာသော သံယောဇဉ်ကြောင့်ဟုလည်း ဆိုနိုင်ပါသည်။

တစ်နေ့တွင် ရေနံမြေမန်နေဂျာကြီးကခေါ်၍ ကျွန်တော်တို့ ရေနံမြေမှ အရာရှိတချို့ ဘုန်းဘုန်းကျောင်းကို ရောက်သွားကြပါသည်။ အရာရှိတွေမှာ ရာထူးစဉ်အလိုက် ဘုန်းဘုန်းရှေ့မှာ ထိုင်ကြသောအခါ ကျွန်တော်မှာ အခန်းထဲမှာ နေရာမရပါ။ အခန်းအပြင်မှာသာ မတ်တတ်ရပ်ပြီး နားစွင့်နေမိပါသည်။

"ခင်ဗျားတို့အထဲမှာ ဒကာဝင်းဆွေပါတယ် မဟုတ်လား"

မန်နေဂျာကြီးက ဦးဝင်းဆွေ၊ ရှေ့ကိုလာပါဟု ဖိတ်ခေါ်ပါသည်။ အရာရှိတွေကြားမှာ တဖြည်းဖြည်း ရှေ့သို့ ကျွန်တော် ရောက်သွားပါသည်။

"ဒကာဝင်းဆွေ၊ ကျုပ်ကျောင်းဘေးမှာ ဘုရားတစ်ဆူတည်ရမယ် ခင်ဗျားတာဝန်ယူပါ"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သည် စက်မှုအင်ဂျင်နီယာ ဖြစ်ပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းကို မကျွမ်းကျင်ပါ။ မျှော်လင့်မထားသောစကားဖြစ်၍ မဝံ့မရဲဖြစ်မိပါသည်။

"ဘုန်းဘုန်းလည်း ရှိမှာမဟုတ်သား၊ တပည့်တော်တည်ပါ့မယ်ဘုရား"

ဟု လျှောက်မိပါသည်။

"ကျုပ်မသေသေးပါဘူးဗျ။ သေမယ်ဆိုရင် (၃) ရက်ကြိုပြောပါ့မယ်"

ဘုန်းဘုန်း ခန္ဓာဝန်ချတော်မူပါသည်၊ ကျွန်တော်နှင့်အတူ ဘုန်းဘုန်းမိန့်သည်ကိုကြားလိုက်ရသော ရေနံမြေအရာရှိတစ်သိုက်မှာ အံ့ဩ၍မဆုံးနိုင်တော့ပါ။ အရိယာသူတော်ကောင်းကြီးများသည် စကားကို လိုအပ်သလောက်သာ ပြောကြပါလေသည်။

ဘုန်းဘုန်း တာဝန်ပေးခဲ့သောဘုရားကို ဘုန်းဘုန်းဘဝနတ်ထံပျံလွန်တော်မူပြီးမှ တည်ရပါသည်။ ဘုန်းဘုန်းမိန့်ခဲ့သည့်အတိုင်း အလွယ်တကူ ပြီးစီးအောင်မြင်ခဲ့ပါသည်။

(၅)

တစ်ခုတုန်းက မြန်မာ့လေကြောင်းလိုင်းတွင် ကပ္ပတိန်ကျော်ဝင်းဆိုသောလေယာဉ်မှူးကြီးတစ်ယောက် ရှိခဲ့ဖူးပါသည်။ တစ်နေ့ အကြောင်းတစ်စုံတစ်ရာကြောင့် မကွေးလေဆိပ်တွင် လေယာဉ်စက်ချုပ်သွားဖူးပါသည်။ ဦးကျော်ဝင်းမှာ တရားတရားကို ကိုးကွယ်ကြည်ညိုသူဖြစ်လေရာ လေယာဉ်စက်ကောင်းစေရန် ရည်စိမ့်တ်ဆုတောင်းရင်း လေယာဉ်အောင်ပံ့ခုံးအတွင် ရဟန္တာသုံးပါးကိုတွေ့ရသည်ဟု ဆိုသည်။ အသင့်ပါလာသော ကင်မရာနှင့် ဓာတ်ပုံရိုက်ယူရန် ကြိုးစားရာတွင် မအောင်မြင်ခဲ့ဟုဆိုပါသည်၊

လေယာဉ်စက်ကောင်းလာချိန်တွင် ဘုန်းတော်ကြီးတစ်ပါးကို ထင်ထင်ရှားရှားကြီးတွေ့ရသည်ဟုဆိုသည်။ လက်ထဲတွင်အသင့်ရှိနေသော ကင်မရာဖြင့် ဓာတ်ပုံရိုက်ယူနိုင်ခဲ့သည်ဟု ဆိုပါသည်။ ရဟန္တာ၏ပုံတော်ကို ကော်ပီပွားထုတ်လုပ်မိရာ ဖြန့်ဝေခဲ့ပါသည်။ ဓာတ်ပုံကို တိုက်ပုံအပေါ်အိတ်မှာထည့်ပြီး သွားလေရာ ယူဆောင်သွားသူမှာ တရားသူကြီးချုပ်ဟောင်း ဦးတင်အောင်ဟိန်း ဖြစ်ပါသည်။

တရားသူကြီးချုပ်မှာ ပွင့်ဖြူသို့ရုံးထိုင်ရာတွင် စကုလမ်းမှာ ရေမြုပ်နေသောကြောင့် မန်းရေနံမြေမြောက်ဘက် မြောင်းပေါင်လမ်းအတိုင်း ဂျစ်ကားနှစ်စီးဖြင့် မောင်းလာခဲ့ကြပါသည်။ ရှေ့ဦးတင်အောင်ဟိန်းစီးလာသော ကားမှာ မြောင်းပေါင်ပေါ်တွင် ဒရိုက်ရှပ်ကျိုးပါလေသည်။ ရှေ့ကကားမှာ ရွှေ့မရသလို နောက်ကားမှာလည်း ကျော်တက်မောင်းရန် မဖြစ်နိုင်ပါ။ နောက်ကားကို နောက်ပြန်တွန်း လမ်းကျယ်ရာမှ ပြန်လှည့်ပြီး မင်းဘူးသို့ပြန်ကာ ကျိုးသောရှပ်ကို ဆက်ဖို့ကြိုးစားကြရပါသည်။ ကြာမည့် သုံး၊ လေးနာရီခရီးတွင် 'ငါပြန်မလိုက်ဘူး' ဆိုကာ ဦးတင်အောင်ဟိန်းမှာ ထိုင်ပြီး ကျန်ရစ်ပါသည်။ ကားပေါ်မှာ ထိုင်စောင့်ရင်း ဘုန်းဘုန်းကျောင်းကို သာသနာ့အလံတလူလူဖြင့် ဦးတင်အောင်ဟိန်း တွေ့သွားပါသည်။ တရားသူကြီးချုပ်သည် ဘယ်သူ့ကိုမှ တိုင်ပင်မနေဘဲ ဘုန်းဘုန်းကျောင်းကို ရောက်အောင် လယ်ကွင်းတွေကြားမှာ ခက်ခက်ခဲခဲသွားပါသည်။ ဘုန်းဘုန်းကို ဦးချပြီးသည်နှင့် သူ့အိတ်ထဲက ဓာတ်ပုံတွင်ပါသော ဘုန်းဘုန်းပဲဟု သိလိုက်ပါသည်။

"ဒီဓာတ်ပုံထဲကပုံဟာ ဘုန်းဘုန်းဟုတ်ပါသလား"

ဟု မေးသည်ဆိုပါ၏။

"ငါက ဟုတ်တယ်လည်းမပြော၊ မဟုတ်ဘူးလို့လည်း မငြင်းလိုက်ဘူးကွ"

ဟု ဘဘုန်းက မိန့်ဖူးပါသည်။

ဦးတင်အောင်ဟိန်း မင်းဘူးကို ပြန်ရောက်မှ ရေနံအရာရှိတွေနှင့် တိုင်ပင်ပြီး ဘုန်းဘုန်းကျောင်းအရောက် ကားလမ်းကိုဖြူနေအောင်ခင်းပေးသွားပါ သည်။ လမ်းကောင်းလာသောအခါ ကျောက်စံဆရာတော်ဟူ၍ ဘုန်းကြီးဖူးလာသူတွေနှင့် ဘုန်းဘုန်းကျောင်းမှာ စည်ကားခဲ့ပါသည်။ ကျွန်တော်ကမူ လူမိုက်အကျင့်စရိုက်တွေ ပျောက်ပြီး ဝိပဿနာပွားများခြင်းအလုပ်မှာ မွေ့လျော်ခဲ့ပါသည်။

ထိုတစ်ချိန်က မန်းရေနံမြေဝင်းထဲတွင် မယ်ဘဲ့ကုန်းဆိုသော အရပ်မှာ ဘိုးတော်ထွန်းရင်ဆိုသူတစ်ဦးက ဘုန်းကြီးကျောင်းဖွင့်ပြီး သာသနာပြုနေလေရာ မန်းရေနံမြေက မီး၊ ရေ စသည်ဖြင့် ရအောင်ကူညီပေးရဖူးပါသည်။ မီး၊ ရေရရှိရေးတာဝန်ခံမှာ ကျွန်တော် ဖြစ်လာခဲ့ပါသည်။ ထိုအခါ ကျွန်တော့်အဖို့ သူ့ကျောင်းတွင် အဝင်အထွက်ရှိနေခဲ့ပါ၏။ ကျွန်တော်ကို ဘိုးတော်ဖြစ်သွားပြီဟူ၍ သူငယ်ချင်းတွေကြားတွင် နာမည်ထွက်ခဲ့ပါသည်။ အမှန်က ဘိုးတော်ထွန်းရင်နှင့် ကျွန်တော် တစ်ခါမျှပင် စကားမပြောဘူးပါ။

၁၉၈၈ ခုနှစ်အရေးအခင်းဖြစ်ချိန်တွင် ကျွန်တော်သည် ဘဘုန်းကျောင်းမှာ (၂၂) ရက်ကြာ တရားစခန်းဝင်နေခဲ့ဖူးပါသည်။ ဘဘုန်းသည် ကျွန်တော့်ကို ဝိပဿနာကျင့်ကြံခြင်းအလုပ်မှာထုံနေအောင် သာသနာ့အမွေပေးခဲ့ပါလေသည်။

ရတနာမြတ်သုံးပါးကို ယုံကြည်ကိုးကွယ်ခြင်းအတွက် အကျိုးကျေးဇူးကို 'ထားဝယ်ပိုက်လိုင်းပရောဂျက်' မှာ ကျွန်တော် ကြုံတွေ့ခဲ့ရပါလေသည်။

ကျွန်တော်တို့ အရာရှိရိပ်သာနှင့် ပိုက်လိုင်းဆက်ရာနေရာ အလုပ်ခွင်မှာ တစ်နာရီကျော် ကားစီးရပါသည်။ ကျွန်တော်တို့သည် ထိုလမ်းကြောင်းအတိုင်း နေ့စဉ်ဆက်သွားပြီး နံနက် (၇) နာရီ၊ (၇) နာရီခွဲဆိုလျှင် မိမိအလုပ်ခွင်ကို ရောက်နေကြပြီး ဖြစ်ပါသည်။ ထိုနေ့က ကားပေါ်တက်ခါနီးမှာမှ ကျွန်တော့်အထက်အရာရှိက -

"ကိုဝင်းဆွေ၊ စခန်းမှာပဲနေရစ်ပါ။ အထက်ကို အစီရင်ခံစာတစ်စောင်ရေးပေးပါ"

ဟု ဆိုလာသည်။

ကျွန်တော် စီးနေကျကားကို သူပုန်တွေက ချောင်းပစ်ပါသည်။ နောက်ခန်းမှာထိုင်သူ ရဲဘော်များနှင့် ရှေ့ခန်းကျွန်တော့်နေရာမှာထိုင်သူတို့ အသက်ဆုံးရှုံးကြရပါသည်။ လက်မတင်ကလေးမှာ သီသီလေး သေဘေးနှင့်လွဲခဲ့ရခြင်းဖြစ်ပါသည်။ ဘဘုန်းပေးခဲ့သော ရတနာသုံးပါးကို ယုံကြည်ကိုးကွယ်စိတ်က ကျွန်တော့်အသက်ကို ကယ်မလိုက်ခြင်းပင် ဖြစ်ပါလေသည်။

နှစ်စဉ် ဘဘုန်းပျံလွန်တော်မူသည့် ဇန်နဝါရီ ၂၀ ရက်နေ့ဆိုလျှင် ဘဘုန်းကျောင်းမှာ သတိရပူဇော်ပွဲကို ကျင်းပကြမြဲ ဖြစ်ပါသည်။ နှစ်စဉ်နှစ်တိုင်း ကျောက်စံကျောင်းကို အရောက်သွားပြီး ဘဘုန်းကျေးဇူးတွေကို အမှတ်ရပူဇော်မြဲ ဖြစ်ပါသည်။ ကျွန်တော့်တွင် ဘဘုန်းပေးခဲ့သောအသက်သာရှိပါတော့သည်။

*သူငယ်ချင်း စိုးမြင့်သူသို့ အမှတ်တရ*

ကိုသန်းလွင် (လျှပ်စစ်)



www.burmeseclassic.com

www.burmeseclassic.com

အိပ်မက်တို့၏ စေညွှန်းခြင်းကို အသိဉာဏ်ရှိသော လူသားတိုင်းလိုလို ခံစားရဖူးပေမည်။ ကျွန်ုပ်သည် မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ရွှေပေါ်ကျွန်းရွာ စေတော်ဝင် ကျောင်းတော်ကြီးတွင် သီတင်းသုံးတော်မူခဲ့သော ရွှေပေါ်ကျွန်းဆရာတော်ဘုရားကြီးနှင့် ဆက်နွယ်နေသောအိပ်မက်များကို မက်ခဲ့ဖူးပါ၏။ အိပ်မက်နှင့် ရွှေပေါ်ကျွန်းကို ရောက်ခဲ့ဖူးသည်။ ယင်းအိပ်မက်သည် ကျွန်ုပ်နှင့် မိသားစုဘဝကို ထူးခြားစွာ ပြောင်းလဲစေခဲ့ပါ၏။ အိပ်မက်မှာ လွမ်းစရာလည်းကောင်း၏။ မြတ်နိုးဖွယ်လည်းဖြစ်၍ ကျွန်ုပ်ဘဝ၏ ဂမ္ဘီရဖြစ်စဉ်များကို တစ်ခုပြီးတစ်ခု မွေးဖွားလိုက်သော ဂမ္ဘီရစခန်းနိဒါန်းဟု ဆိုနိုင်ပါ၏။

ရွှေပေါ်ကျွန်းဆရာတော်ကြီးထွက်တော်မူနန်းကခွာခဲ့သည်မှာ (၁၇) နှစ်တာကာလ ကြာမြင့်ခဲ့ပြီ။ ယခုအခါ ကျွန်ုပ်မက်ခဲ့သောအိပ်မက်ကို ပြန်တွေးကြည့်မိ၏။ အတိတ်လွင်ပြင်၌ ကျန်ရစ်ခဲ့သော ရွှေပေါ်ကျွန်းဆရာတော်ဘုရားကြီးနှင့် သာသနာပြုစခန်းကြီးတို့၏ ပုံရိပ်များသည် ဝေဝါးသွားခြင်းမရှိ။ ပကတိအတိုင်း လတ်လတ်ဆတ်ဆတ်ရှိနေသေးသည်။ အိပ်မက်စေညွှန်း ရွှေပေါ်ကျွန်းနှင့် ရွှေစေတီကလေးသည် သက်ဝင်ပန်းချီကားတစ်ချပ်နှယ် ကျွန်ုပ်၏ရင်ကို လှုပ်ရှားထိခတ်နေဆဲပင်။

■

စုလစ်မွမ်းချွန် စေတီပုထိုးများသည် လွင်တီးခေါင်ကုန်းမြေပြင်ကြီးတစ်ခုပေါ်တွင် ထိုးထိုးထောင်ထောင်ရှိကြပါ၏။ အညာမြူခိုးတို့ဝေသော နွေလရာသီ ဖြစ်၏။ ဥဩပျံ့သည် သာယာခွန်းတွဲ့တေးသီဖွဲ့လျက်ရှိ၏။ ကြာမျိုးစုံတို့နှင့် တန်ဆာဆင်အပ်သော ရေကန်ကြီးတစ်ခုကို မြင်ရ၏။ ထိုရေကန်ကြီးနှင့် သာသနိကအဆောက်အအုံများကို ရေကြည်ပြာလဲ့ ရစ်သိုင်းဖွဲ့၍ ထွေးပွေ့ထား၏။ ကျွန်ုပ်မြင်ကွင်း၌ ထူးဆန်းသော အညာဒေသကြီး၏ ရေပတ်လည်ဝိုင်းနေသော ကျွန်းတစ်ခုကို မြင်ရပါ၏။

ကျွန်ုပ်သည် ထိုသာယာလှပသော ကျွန်းလေးပေါ်သို့ တစ်ယောက်တည်း အဖော်မမှီးဘဲရောက်နေခဲ့ပါ၏။ ထိုကျွန်းကလေးပေါ်၌ အတန်ကြာမျှ ဘုရားစေတီများကို လှည့်လည်ပူဇော်ပြီးသော ကန္တာရဆူးရိုင်းပင်များနှင့် ထနောင်းပ ပုကလေးများကိုဖြတ်သန်းရင်း ထန်းပ အိုတို့ ဟိုတစ်စုဒီတစ်စု ပေါက်ရော နေသောလမ်းကလေးအတိုင်း ခရီးဆက် ခဲ့သည်။ ဘယ်နေရာ ဟူ၍ ကျွန်ုပ်မသိ ရေစီးနေသောချောင်းလေးတစ်ချောင်း နွေကာလတိုင် ရေမခန်းဘဲ စမ်းရေအသွ စီးဆင်းနေသော ချောင်းကလေးသည် ရှေ့၌ပြန်တားကာဆီးထား၏။

ချောင်းလေး၏ တစ်ဖက်မလှမ်း မကမ်းတွင် (၇) တောင်ခန့် မြင့်သော စေတီငယ်ကလေးတစ်ဆူကို ဖူးတွေ့ သည်။ စေတီငယ်မှ ဆည်းလည်းသံ သည် လေအနှေးတွင် တချွင်ချွင်မြည် လျက် ကျွန်ုပ်နားစည်ကို ရိုက်ခတ်နေ

# (စေတော်ဝင်) သာဝက
## အိပ်မက်စေညွှန်း ရွှေပေါ်ကျွန်းနှင့် ရွှေစေတီ



www.burmeseclassic.com

www.burmeseclassic.com

၏၊ ထိုစေတီငယ်သည် ထူးခြား၏။ အလွန်သပ္ပာယ်၏။ ရွှေအတိပြီးသော ကြောင့် ရွှေတုံးရွှေခဲများနှင့် တည်ထားသော စေတီတစ်ဆူဟု တွေးထင်နေမိ၏၊ စေတီငယ်နှင့် မနီးမဝေးတစ်နေရာတွင် ရဟန်းတော်ကြီးတစ်ပါးကို ဘုန်းတော်ကြီးဆောင်းထီးကြီးဆောင်းလျက်သား ဖူးတွေ့ရသည်။ ရဟန်းတော်ကြီးသည် ဆောင်းထားသောထီးကို မြှောက်လျက် စေတီလေးဆီသို့ ကျွန်ုပ် သွားရောက် ဖူးမြော်စေလိုဟန် ညွှန်ပြပါ၏။

ကျွန်ုပ်လည်း ချောင်းကလေးကို ဖြတ်ကူးလိုက်၏။ ပုဆိုးများရေစိုကုန်၏။ ချောင်းကလေးကိုဖြတ်ပြီး စေတီတော်ရင်ပြင်ပေါ်သို့ရောက်သည်နှင့် ရေစိုနေသောပုဆိုးကို ရေညှစ်ပြီး စေတီတော်ကို ဦးခိုက်ပူဇော်ရန် ပြင်ဆင်၏။ ထိုအချိန်တွင် ကျွန်ုပ်အနီးသို့ ဘယ်ကပေါက်လာကြမှန်းမသိသော ယောက်ျားကြီးနှစ်ဦးနှင့် မိန်းမသုံးဦးတို့ ရောက်ရှိလာကြ၏။ သူတို့သည် သိပ်ဟောင်းကျွမ်းဟောင်း မွေးဇာတိရွာ အောက်ပြည်မှ ဖြစ်ကြသည်ကို မမျှော်လင့်ဘဲတွေ့ရလေ၏။ သူတို့က စေတီတော်လေးကို ဦးခိုက်နိုင်မည်ကို လိုလားနှစ်သက်ခြင်းမရှိကြဘဲ ဘုရားရင်ပြင်မှ ကျွန်ုပ်ကိုဆွဲထုတ်ကြတော့၏။ ကျွန်ုပ်လည်း အတင်းရုန်းကန်ထွက်ကာ စေတီတော်မြတ်ကို ဦးချကန်တော့ဖြစ်အောင် ကြိုးစားကန်တော့ရပါ၏။ ထူးဆန်းနေသည်မှာ ကျွန်ုပ်ကို ဆွဲထုတ်ကြသူများမှာ ကွယ်လွန်ကုန်ကြပြီဖြစ်သော ကျွန်ုပ်၏ ရွာသား၊ ဆွေရင်းမျိုးချာများနှင့် ရပ်ဆွေရပ်မျိုးများဖြစ်နေ၏။

ကျွန်ုပ်သည် အတားအဆီးအခက်အခဲကြားမှ ရွှေစေတီတော်မြတ်ကို ဦးချဖူးမြော်ပြီးသည်နှင့် ထိုသူများ ပျောက်ကုန်ကြ၏။ တစ်နေရာမှ အောင်စည်အောင်မောင်းတီးသံများကို ကြားရ၏။ ထိုအသံများနှင့်ပင် ကျွန်ုပ်လည်း အိပ်မက်နှင့် လန့်နိုးခဲ့ရပါ၏။ အရုဏ်တက်ပြီမို့ ရွာဦးကျောင်းနှင့် ရွာလယ်ကျောင်း၊ ရွာနီးချုပ်စပ်ဘုန်းတော်ကြီးကျောင်းတို့မှ တုံးခေါက်သံ၊ ကြေးစည်တီးသံ၊ ထိုးစည်တီးသံများကို ကြားနေရဆဲ ဖြစ်ပါ၏။

■

အိပ်မက်မက်ပြီး များမကြာမီ ကျွန်ုပ်သည် ဘဝအခက်အခဲများနှင့် မွန်းကျပ်နေရာမှ သက်သာရာရစေကြောင်း ဇနီးသည်နှင့်အတူ ရွှေပေါ်ကျွန်းစခန်းကြီးသို့ ရောက်ခဲ့ပါ၏။ ကျွန်ုပ်မိတ်ဆွေ အောင်ပန်းမြို့မှ ကုန်သွယ်လယ်ယာမှ ဒိုင်မှူးဦးတင်မြင့်၏လမ်းညွှန်မှုနှင့် တစ်ခုသော တန်ဆောင်မုန်းလပြည့်ရက်များတွင် ပထမဆုံးသော ခရီးစဉ်အဖြစ် ရောက်ခဲ့ခြင်း ဖြစ်၏။

မြင်တွေ့ခဲ့ဖူးသော အိပ်မက်မြင်ကွင်းများကို ဆုံတွေ့ရသောအခါ ကျွန်ုပ်ရင်တလှပ်လှပ်ခုန်၏။ ပီတိသောမနဿတို့ကြောင့် ကြက်သီးဖြန်းဖြန်းထ၏။ ဆရာတော်ကြီးမှာ ထိုစဉ်က သက်တော် (၆၃) နှစ်သာ ရှိသေး၏။ ကျွန်ုပ်မှာ အသက် (၄၀) ခန့် ဖြစ်၏။ စူးရှကြည်လင်လျက် သောက်ရှူးကြယ်ကဲ့သို့ ဝင်းလက် ဖိတ်တောက်နေသော မျက်လုံးတော်အစုံနှင့်တည်ကြည်ငြိမ်းချမ်းသော ဆရာတော်ကြီးကို ဖူးရ၏။ ကျွန်ုပ်စိတ်တွင် ဆွေမျိုးတော်စပ်ခဲ့သော အဘိုး၊ ဘကြီး စသူတို့ကို မြင်လိုက်ရသကဲ့သို့ ခံစားရ၏။ ကျွန်ုပ်ဇနီးမှာ မျက်ရည်လည်၍နေ၏။ ဘာဖြစ်လို့လဲဟု ကျွန်ုပ်က ဇနီးဖြစ်သူကို မေးမြန်းရာ ဇနီးသည်က ကွယ်လွန်သွားရှာပြီဖြစ်သော သူမ၏ ဖခင်နှင့် အလွန်တူသောကြောင့်၊ ဖခင်ကြီးကိုအမှတ်ရလာခြင်းကြောင့်ဟုပြော၏။ နောင်တွင်မှ ကျွန်ုပ် စဉ်းစားခဲ့မိပါ၏။ ဆရာတော်ဘုရားကြီး၏ ကြီးမားသော မေတ္တာဓာတ်လှိုင်းများကြောင့် ဤသို့ခံစားရခြင်း ဖြစ်ကြောင်း နားလည်သဘောပေါက်ရပါ၏။

တန်ဆောင်တိုင် ပွဲတော်ရက်နှင့် ကျွန်ုပ်တို့ တည့်တည့်ကြီးတိုးခဲ့ကြ၏။ (၆၄)တောင်မြင့်သည့် တစ်ဝစေတီတော်မြတ်ကြီး၏ အရံစေတီတော်များ ထီးတော်တင်သည့် အခါထူးကြီးနှင့် ကြုံရ၏။ ထီးတော်တင်ပွဲကြီး၌ အလွန်ထူးဆန်းသော ဖြစ်ရပ်မျိုးစုံနှင့် ကြုံခဲ့ရပါသေး၏။

ကျွန်ုပ်အိပ်မက်တွင်တွေ့ခဲ့ရသည့်အတိုင်း ကြာမျိုးစုံတို့ ဖူးပွင့်နေသော စေတော်ဝင်ကျောင်းတော်ကြီးအတွင်းရှိ ရေကန်ကြီးကို တွေ့ရသည်။ စုလစ်မွမ်းချွန်တို့နှင့် တည်ထားပြီး တည်နေဆဲ သာသနိက အဆောက်အအုံများကိုလည်း ဖူးရသည်။ မေတ္တာဘုံဆောင်၊ သဗ္ဗဇေယျစေတီတော်၊ တစ်ဝစေတီတော်မြတ်ကြီးနှင့် အထူးထူးသော ဂန္ဓီရနေရာထူးများရှိနေကြသည်။ အိပ်မက်အတွင်း၌ဖူးရသော ရဟန်းတော်ကြီးမှာ ရွှေပေါ်ကျွန်းဆရာတော်ကြီးပင် ဖြစ်နေသည်ကိုလည်း အထူးတင်ပြဖွယ်မလိုအောင်ပင် ဖြစ်တော့သည်။ ရွှေပေါ်ကျွန်းကို ရေညိုရစ်သိုင်း၍ ရှုတိုင်းသာယာလေအောင် စည်သူဆည်တော်ကြီးသည် ရစ်ပတ်ပွေ့ချီထားသည်ကိုလည်း သတိပြုမိရပါ၏။

■

ဒုတိယအခေါက်အဖြစ် ရွှေပေါ်ကျွန်းဆရာတော်ဘုရားကြီးက မှာကြားမိန့်တော်မူထားသောကြောင့် နွေရာသီကျောင်းပိတ်ရက်တွင် မိသားစုတစ်စုလုံးခြေတော်အစုံခိုလှုံခဲ့ကြပြန်သည်။ ကျွန်ုပ်မိသားစုမှာ ဇနီးနှင့်သားသုံးယောက်ဖြစ်သည်။

ရွှေပေါ်ကျွန်း စေတော်ဝင်ကျောင်းတော်ကြီးတွင် ချိုချဉ်ဟင်းနှစ်မျိုးဖြင့် ကုန်းသတ္တဝါလွတ် နေ့စဉ် (၂)





www.burmeseclassic.com

www.burmeseclassic.com

ကြိမ် အာဟာရဆောင်တွင် ထမင်းစားကြရသည်။ နံနက်အရုဏ်တွင် ယာဂုတိုက်သေးသည်။ အကုန်အကျမရှိဘဲ ဝင်ရောက် နားခိုလာသူတိုင်း လူတန်းစားမခွဲဘဲ လုံလောက်ပြည့်စုံအောင် သုံးဆောင်ခွင့်ရကြသည်။ ထိုကဲ့သို့သော နေရာမျိုး မြန်မာနိုင်ငံမှာသာ မဟုတ်။ ကမ္ဘာပေါ်တွင်ပင် ရှိနိုင်မည်မထင်ပါ။

နေ့စဉ်ကာလတွင် မိမိတို့နှစ်သက်သလို အဓိဋ္ဌာန်ဝင်၊ ဘုရားရှိခိုး၊ ဂုဏ်တော်ပွား၊ မေတ္တာပို့ကြရသည်။ ဆရာတော်ဘုရားကြီး စီစဉ်ညွှန်ကြားထားသော ကျင့်စဉ်တော်များကို အချိန်အခါလိုက် နက္ခတ်လိုက်၍ ပွားများအားထုပ်ကြရသည်။ မေတ္တာသံစဉ်တို့သည် ရွှေပေါ်ကျွန်းစခန်းကြီးအတွင်း နေ့၊ ညမပြတ် လွှင့်ပျံ့နေတတ်သည်။ နံနက်အရုဏ်မလာမီ (၃)နာရီလောက်မှစ၍ ထူးခြားခံ့ညားသောအသံကြီးတစ်သံကို အမြဲမပြတ် ကြားရတတ်သည်။ ထိုအသံမှာ အောင်ထူးဆန်းရသေ့ကြီး၏ 'အောင်ထူးဆန်း၊ မန်းသိုက်ဝင်' အစချီသော မန္တန်ရွတ်သံကြီး ဖြစ်သည်။ ကြေးစည်သံနှင့် မန္တန်ရွတ်ဆိုသံမှာ မိမိတို့၏စိတ်ခွန်အားများကို လှုပ်နှိုးသွေးဆွပေးနေသည်သို့ရှိသည်။

တန်ခူးကာလအချိန်သမယသည် နှစ်ကူးပွဲဟု ဆရာတော်ဘုရားကြီးကမိန့်တော်မူသော နှစ်သစ်ကူးမင်္ဂလာအခါဖြစ်သည်။ ကျွန်ုပ်တို့မိသားစုမှာ ရွှေပေါ်ကျွန်းစခန်းကြီးတွင် ကိုယ့်အိမ်ကိုယ့်ယာမိဘအရိပ်၌ ခိုနားသကဲ့သို့ တစ်လတာမျှ ကုသိုလ်ဒါန၊ စရဏတို့ပြုရင်း ပါရမီခရီးဆက်ခဲ့ကြသည်။

ယနေ့ စာရေးနေချိန်တွင် ထိုအကြောင်းအရာများမှာ နှစ်ပေါင်း (၃၀) ခန့် ကြာမြင့်ခဲ့ပြီဖြစ်၍ လွမ်းစရာများဖြစ်ခဲ့ပါ၏။ ထိုစဉ်က ရွှေပေါ်ကျွန်းသည် လူဝင်လူထွက် ကုသိုလ်ပါရမီဆက်သူတို့များလှပါ၏။ နေ့စဉ် လူတစ်ထောင်မှ ထောင့်ငါးရာလောက်ကို အာဟာရဆောင်မှ ထမင်းရေချောင်းစီး မောင်းတီးပြီး ဒါနပြုနေခဲ့သည်။ အစားကျွေးပြီး တရားပေးသောနေရာထူးမို့ ရောက်လာသူတိုင်း စိတ်နှလုံးချမ်းမြေ့ကြရပါသည်။

နှစ်ကူးပွဲဟု ဆရာတော်ဘုရားကြီး မိန့်ထားသည့်အတိုင်း မြန်မာ့ဓလေ့ရိုးရာသင်္ကြန်ကို အနှစ်သာရရှိစွာ ကုသိုလ်ကောင်းမှုတို့နှင့် အစီအစဉ်တကျ ကျင်းပခဲ့ပါ၏။ နှစ်ဆန်း (၁) ရက်နေ့တွင်မူ သင်္ကြန်ပွဲတော်ကြီး ဆင်နွှဲပြီးဖြစ်၍ တစ်နှစ်တာလုံး ညစ်နွမ်းခဲ့ရသော ကိလေသာ အညစ်အကြေးများကို သန့်ရှင်းကြည်လင်စေခြင်းသို့ ရောက်ရှိရလေအောင် ဆရာတော်ဘုရားကြီးသည် ကျောင်းတော်ကြီးအတွင်း စေတီရုပ်ပွားများကို ရေသပ္ပာယ်ခြင်း၊ သန့်ရှင်းရေးပြုလုပ်ခြင်းတို့ဖြင့် နှစ်သစ်ကို ကြိုဆိုစေခဲ့သည်။

ကျွန်ုပ်တို့မိသားစုလည်း လိုအပ်သော နေရာများတွင် အစီအစဉ်တကျ ကိုယ်စီကိုယ်ငကုသိုလ်ပြုခဲ့ကြပါ၏။ ရွှေပေါ်ကျွန်းတွင် ကျွန်ုပ်တို့မိသားစုသည် ကုန်းသတ္တဝါတို့၏ အသက်ကို စားသောက်ခြင်းမှ ရာသက်ပန် ရှောင်ကြဉ်ရေး အဓိဋ္ဌာန်စာရင်းပေးသွင်းခဲ့ကြ၏။ ယနေ့တိုင် ကျွန်ုပ်သည် အဓိဋ္ဌာန်မြဲလျက် ရှိပါ၏။ ဇနီးသည်၊ သားကြီးနှင့် သားလတ်တို့မှာမူ ကျွန်ုပ်ထက်ပင် ပါရမီအဆင့်မြင့်ကြဟန်ရှိပါ၏။ ရာသက်ပန် သွေးသားလွတ်စားသောက်သူများ ဖြစ်သွားကြသည်။

ရတနာသုံးပါး၌ အလေးအနက်ကြည်ညိုတတ်လာခြင်း၊ စိတ်ဆင်ရိုင်းကို ယခင်အချိန်ကာလများထက် နူးညံ့အောင် ဆုံးမလာနိုင်ခြင်း၊ မေတ္တာဘာဝနာစီးဖြန်းပြီး သရဏဂုံကို ပွားထုံခြင်း အလေ့အကျင့် များလာသောကြောင့် စိတ်လက်ချမ်းသာ ဘေးဘယာကင်းဝေး၍ ငြိမ်းချမ်းသောဘဝများကို ပိုင်ဆိုင်ခွင့် ရလာခဲ့ပါ၏။ ထိုကျေးဇူးတရားတို့မှာ ဆပ်၍မကုန်နိုင်သော ရွှေပေါ်ကျွန်းဆရာတော်ဘုရားကြီးနှင့် တွေ့ဆုံဖူးမြော်ခွင့်ရရာမှ ရရှိခဲ့သော အကျိုးထူးများ ဖြစ်ပါတော့၏။

ကျွန်ုပ်၏ရွှေစေတီအိပ်မက်သည် ဒုတိယခရီးစဉ်တွင်မှ ပုံပေါ်လာခဲ့ပါတော့၏။ ထိုနေ့က နှစ်ဆန်း (၁) ရက်နေ့၊ လွန်ခဲ့သောအနှစ်(၃၀)ခန့်က ဖြစ်ပါ၏။

■

ကျွန်ုပ်သည် ဆရာတော်ကြီး၏ ညွှန်ကြားမှုအတိုင်း 'ရွှေရန်ကုန်' ဟု ဘွဲ့အမည်ရသော စေတီတော်လေးရှိရာသို့ ဘုရားရေသပ္ပာယ်ရန် ထွက်ခဲ့ပါ၏။

ရွှေပေါ်ကျွန်း စေတော်ဝင်ကျောင်းတော်ကြီးမှ သန့်ရှင်းသော ရေကြည်ရေကောင်းတို့ကို ပလတ်စတစ်ပုံးတစ်ခုတွင်ထည့်၍ သယ်ယူခဲ့ရပါ၏။ ထိုစေတီတော်မြတ်တည်ရှိရာတွင် ရေရှားပါးသောကြောင့် ဤသို့သယ်ယူခဲ့ရခြင်းဖြစ်၏။

ကျောင်းပရဝဏ်မှ ထွက်လာချိန်ကား နေညိုစောင်းပြီမို့ ဆည်းဆာအသွေး ရွှေရေးလုချိန် ဖြစ်၏။ နေသည် အညာထန်းပင်ညိုတို့၏ အရွက်ဖျားများပေါ်သို့ ရွှေစက်ရွှေပြောက်တို့ကို လိမ်းကျံစေလျက် တွယ်တာစွာ နှုတ်ဆက်နေ၏။ အညာဒေသ နေဝင်ချိန်သည် လွမ်းစဖွယ်တည့်။ သာမောဖွယ် တွန်ကျူးနေသော အလွမ်းရှင်ငှက်ရှင်ဥဩ၏ တေးသံကို ကြားရ၏။

ဩ - ဟုတ်ကပြီ။ ဒီအသံကို တစ်ရံခါသောည၌ ကျွန်ုပ် ကြားခဲ့ဖူးသည်။ အိပ်မက်ထဲ၌တွန်သံပေးခဲ့သော ငှက်ဥဩ။ ကျွန်ုပ်လမ်းလျှောက်လာခဲ့သော ထန်းပင်အိုနှင့် ထနောင်းပင်ပုတို့အကြားမှ လမ်းကလေးမှာ အိပ်မက်လမ်းကလေး။ ကျွန်ုပ်မက်ခဲ့သော အိပ်မက်အာရုံပုံရိပ်များသည် ဦးနှောက်တွင်းသို့ စီးဆင်းလာကြတော့၏။

လမ်းကလေးအတိုင်း လိုက်လာခဲ့ရာ တွေ့ဖူးခဲ့သော အိပ်မက်ချောင်းကလေးကို တွေ့ရတော့၏။ လှုးလှုးလွန့်လွန့်နှင့် မြွေတစ်ကောင်တွန့်လိမ်နေသလိုပတည်း။ တသွင်သွင်ချောင်းရေကို ကျွန်ုပ်ဖြတ်ကူး၏။ တန်ခူးနေမင်းအိုသည် ချောင်းရေကို ငုံ့သောက်နေ၏။ အို - တယ်ဆန်းတဲ့လမ်း၊ . တယ်ဆန်းတဲ့ချောင်းကလေးပါလား။ ထိုချောင်းကို 'ဘူးတောင်းချောင်း' ဟု ခေါ်ကြောင်းမှတ်သားရသည်။

ချောင်းကို ကျွန်ုပ် ဖြတ်ကူးစဉ်ရေမှာ ပုဆိုးမလွတ်သဖြင့် စိုစွတ်ကုန်၏။ ဘုရား၊ ဘုရား - ချောင်းကလေး၏ဟိုမှာဘက်ကမ်းခပ်လှမ်းလှမ်းတွင် သင်္ကန်းအညိုရောင် ဆင်မြန်းထားသော ရဟန်းတော်ကြီးတစ်ပါးပါလား။ ရွှေပေါ်ကျွန်းမှ ရေသပ္ပာယ်ရန်လာကြသူများ။ သူတို့၏ ကုသိုလ်ပွဲပြီး၍ ပြန်လာနေကြသည်၊ ကျွန်ုပ်သည် ရပ်ထားသော လင့်ရှိတာအမျိုးအစားကားတစ်စီးဘေး၌ ရပ်တော်မူနေသည့် ရဟန်းတော်ကြီးကို မြင်ရခြင်း ဖြစ်သည်။ ဒကာတစ်ယောက်သည် ရပ်နေသော ရဟန်းတော်ကို ဘုန်းတော်ကြီးဆောင်းထီးတစ်လက်နှင့် ကျနေဒဏ်ကို အကာအကွယ်ပြုရန် မိုးပေးထားသည်။ ထိုရဟန်းတော်ကြီးကို အကဲခတ်ကြည့်မိသည်။

လားလား - ဆရာတော်၊ ရွှေပေါ်ကျွန်းဆရာတော်ဘုရားကြီး။ အိပ်မက်ထဲတွင် ထီးဆောင်းလျက်သာတွေ့ရသကဲ့သို့ တွေ့ရခြင်းဖြစ်၍ ကျွန်ုပ်



www.burmeseclassic.com

www.burmeseclassic.com

...ပြရပြန်သည်။ ဆရာတော်သည် ...တွာကန်နှင့် သစ္စာကန် ဟူ၍ ဆိုင်း...တကလေးများ ချိတ်ဆွဲထားသော ...န်ကလေးနှစ်ခုကြားရှိ ကန်ပေါင်ရိုး ...မှ စေတီတော်လေးဘက်သို့ မျက်...လျက် တစ်စုံတစ်ရာကို အာရုံပြု...တော်မူနေပုံရသည်။

စေတီတော်လေး၏ဘွဲ့အမည်မှာ ...ရန်ကုန်ဖြစ်သည်။ ဘယ်သူက ဘယ်...တွင် ရန်ကုန်မြို့ဖြစ်၍ ရွှေရန်ကုန် ...တီဟု အမည်သမုတ်ခဲ့သည် မသိပါ။ ...နိုပ်သိသည်ကား ဤစေတီတော် ...သည် ကျွန်ုပ်အိပ်မက်ထဲက ရွှေစေတီ ...တော်ဖြစ်နေခြင်းပင်။ တွေ့ရသည့် ...စေတီငယ်မှာ အရွယ်အစားတူညီပါ ...သော်လည်း ရွှေသားစေတီ မဟုတ်ပါ။ ...ဖြူဖြူစေတီလေးမျှသာ ဖြစ်ပါ၏။ ...ပြည်လေညင်းလှုပ်ခတ်၍ စေတီ...တော်အနီးရှိ တမာပင်ပုကလေးများ ...များ ယိမ်းထိုးကခုန်နေကြသည်။ ...စေတီတော်၏ ဓမ္မသင်္ကေတ ဆည်း...ည်းသံတို့ကို တလွင်လွင်မြည်စေ...သည်။

ကျွန်ုပ်သည် နောက်ဆုံးမှရောက်...သော ဘုရားရေသပ္ပာယ်ရန် ကျန်ရှိ...နေသော ရွှေပေါ်ကျွန်းဝေနေယျတစ်ဦး ...ဖြစ်နေသည်။ စေတီရင်ပြင်သို့ ရောက်...သည်နှင့် စေတီတော်ကို လက်ယာရစ် ...ကြိမ်လှည့်ပတ်ကြည်ညိုပြီး ထိခြင်း...နှင့် ဦးချကန်တော့သည်။ ထိုစဉ် ...န်းတော်ကြီးကျောင်းသားလေးတစ်...ယောက်ရောက်လာသည်။ သူသည် ရွှေ...ပေါ်ကျွန်းဆရာတော်ကြီး၏ အချစ်...တော် ကျောင်းသားလေး အောင်တက်...ဖြစ်သည်။

"ဦးလေး၊ ဆရာတော်ဘုရားကြီး ...ဟော့ဒီ အော်ဒီကလုံးရေမွှေးကို ...လေးရဲ့ ရေပုံးထဲသွန်ထည့်ပြီး ဟော့ဒီ ...သပြေပန်းခက်တွေကိုသုံးလို့မှာတယ်ဗျ။ ...နောက်ဆုံးပိတ်အိတ်နဲ့လွယ်ဆိုတဲ့ ဣစ္ဆာ...သဘောတ်နဲ့ စေတီတော်မြတ်ကို ပူဇော်...ချပ်ကိုပြောခိုင်းလိုက်သဗျ"

ဟူ၍ ပြောဆိုရင်း အော်ဒီကလုံး...ရေမွှေးကို အဖုံးဖွင့်၍ ကျွန်ုပ်ရေပုံးအ...တွင်းသို့ သွန်ချထည့်ပေးသည်။ ပြီးသော် ...ဆရာတော်ဘုရားကြီးထံသို့ ပြန်ပြေးလေ...တော့သည်။

ကျွန်ုပ်လည်း ထူးဆန်းသော ...ဆရာတော်ကြီး၏ အစီအမံကို ကြုံရပြန် ...မိမိနှင့် ဤစေတီတော်လေးသည် ...သို့ ဆက်စပ်ပတ်သက်နေသည်ကို ကိုယ်တိုင်မသိနိုင်ပါသော်လည်း ဆရာတော်ဘုရားကြီးသည် ဧကန်သိတော်မူ အံ့ဟု တွေးမိသည်။ အိပ်မက်စေညွှန်းသည့်အတိုင်း နှုတ်ကမပြောဘဲ အလုပ်နှင့်ပြောခဲ့သော ဆရာတော်ကြီး၏ ချီးမြှင့်မှုဟုသာ ခံယူမိသည်။

နေမင်း၏ နောက်ဆုံး နှုတ်ဆက်ကန်တော့ပန်းဆင်သည့် ဆည်းဆာနေခြည်ရောင်တွင် ကျွန်ုပ် ပီတိစိတ်များ အရည်ပျော်ဝင်သွန်းလောင်းအပ်သော စေတီတော်မြတ်မှာ အတုမရှိ ကြည်ညိုဖွယ်အတိဟု ထင်မိ၏။ ရင်၌ သိမ့်သိမ့်လှိုက်ဟာ ကြည်နူးစွာ သပြေပန်းခက်များကို ရေပုံးထဲသို့ နှစ်လိုက်၏။ မှတ်မှတ်ရရ သပြေပန်းခက်များမှာ (၆) ခက်တိတိဖြစ်ကြ၏။ အော်ဒီကလုံးရေမွှေးနံ့သည် စေတီတော်ဝန်းကျင်ကို ရီဝေသင်းပျံ့စွာ ထွေးပိုက်တော့၏။

အလိုလေးလေး- ဘယ်ကရောက်လာကြမှန်းမသိရသော ယောက်ျားကြီးနှစ်ယောက်နှင့် မိန်းမသုံးယောက်။ ကျွန်ုပ် သူတို့ကို လုံးဝမမြင်ဘူးပါ။ သူတို့ ဘယ်ကလာကြသနည်း။ ဘာလာလုပ်ကြပါသနည်း။ ကျွန်ုပ်မတွေးချင်၍ နဖူးတွေ့ဒူးတွေ့ဖို့ အာရုံကို စုစည်းကာ လျင်မြန်စွာ စဉ်းစား၏။ သူတို့သည် ဝတ်ကောင်းစားလှနှင့် အထက်တန်းကျကျ ဝတ်ဆင်ထားသူများ ဖြစ်သည်။ ထိုသူတို့ အုပ်စုမှ ခေါင်းဆောင်ဖြစ်ဟန်တူသော အမျိုးသားကြီးက -

"ဟေ့ - မောင်ရင်၊ ဒီဘုရားဟာ တို့များနဲ့သက်ဆိုင်တဲ့ အဓိကဘုရားကွယ့်။ ဒါကြောင့်မို့ နောက်ဆုံးပိတ်မှာ ငါတို့ ရေမွှေးနဲ့ ရေသပ္ပာယ်ရလိမ့်မယ်။ မောင်ရင့်ရေပုံးကို ငါ့ကိုပေးပါ"

သူစကားသည် အလွန်ဆန်း၏။ သူ့အသံမှာ အမိန့်ပေးသံဖြစ်၏။ အိပ်မက်မက်စဉ်က တမလွန်ဘဝသို့ ရောက်နေကြသော ကျွန်ုပ်ဆွေမျိုးများ၊ ရွာသားများကို ပြန်သတိရလိုက်မိသည်။ ယခုလူတို့မှာ သူတို့တော့မဟုတ်ပါ။ သူတို့နှင့် တစ်နည်းနည်းတော့ ဆက်သွယ်မှုရှိကြမည် ထင်သည်။ ကျွန်ုပ်က မျှတလိုသူသာဖြစ်သည်။ ကုသိုလ်ပြုခြင်းအမှုဖြစ်၍ မျှမျှတတကုသိုလ်ပြုကြရန် သူတို့ကို ပြောပြရသည်။

"မိတ်ဆွေကြီး၊ ကျွန်တော်ပြောပါရစေဦး။ မိတ်ဆွေတို့လည်း ကျွန်တော်နဲ့အတူ ကောင်းမှုပြု ရေသပ္ပာယ်ကြပါ။ ကျွန်တော်ကိုလည်း ရေသပ္ပာယ်ဖို့ ဆရာတော်ကြီးက တာဝန်ပေးထားတာပါ။ ဆရာတော်အမိန့်ကို ကျွန်တော်မပယ်ရဲဘူးခင်ဗျ"

ကျွန်ုပ်က လိမ္မာပါးနပ်စွာ ပြောဆိုတုံ့ပြန်လိုက်သည်။

သူတို့ အလိုကျဟန်မတူသော်လည်း ကျွန်ုပ်ခွဲဝေပေးသော သပြေပန်းလေးများကို လက်ခံယူခဲ့ကြသည်။ ဆရာတော်ဘုရားကြီး ကျွန်ုပ်ကို ပေးခဲ့သော သပြေပန်းက (၆) ခက်၊ လူက (၆) ယောက်တိတိ ထူးပါဘိ။ ကျွန်ုပ်နှင့်အမျိုးအမည်မသိသော မိတ်ဆွေတစ်စုတို့ စေတီတော်မြတ်ကို နေဝင်ရီတရောကာလတွင် အောင်သပြေခက်နှင့် အမွှေးနံ့သာပက်ဖျန်းပူဇော်ခဲ့ကြသည်။

ဆရာတော်ဘုရားကြီး၏ လင့်ရှိတကားကလေးသည် ကျွန်ုပ်တို့အမွှေးနံ့သာပက်ဖျန်းသည်နှင့် ဝူးခနဲ မောင်းထွက်သွားခဲ့သည်။

ကျွန်ုပ်တို့ နံ့သာရည်ပက်ဖျန်းပူဇော်ခြင်းပြီးချိန်တွင် မှောင်ရိပ်သန်း၍ ဆန်းလကလေး ရေးရေးသာသာ ထွက်ပြူလာသည်။ ကျွန်ုပ်သည် ကုသိုလ်မှု၏ အနားသတ်ဖြစ်သော အမျှဝေခြင်းအမှုကို လှိုက်လှိုက်လှဲလှဲ ပြုလုပ်ခဲ့ပါ၏။ ကျွန်ုပ်နှင့်အတူ ရှိနေကြသောလူစုသည် ရုတ်တရက် နှုတ်မဆက်ဘဲ ဘုရားရှင်ကို အလျင်အမြန်ဦးတင်ပြီး ထွက်ခွာသွားကြသည်။ သူတို့သည် ပါးလွှာသောလရောင်ကြားမှတစ်ဆင့် အမှောင်ထဲသို့ တိုးဝင်သွားကြခြင်း ဖြစ်ပေလိမ့်မည်။

လောကသည် ဆန်း၏။ သံသရာ၌လည်းပတ်ရခြင်းသည်လည်း အံ့ဖွယ်ဘနန်းဖြစ်ရပ်ဆန်းများနှင့် ပြည့်နှက်နေပါ၏။ ကျွန်ုပ် ဘာမှမသိသော အိပ်မက်ထဲက ရွှေစေတီနှင့်ကျွန်ုပ်ဘဝ၊ ဆွေတော်မျိုးတော်များ၏ဘဝတို့သည် မိမိမသိနိုင်သော ဆန်းကြယ်အတိတ်ပုံရိပ်များ ဖြစ်ကြဟန်တူပါ၏။ ကျွန်ုပ် အတွေးနှင့် လွင့်မျောနေစဉ်တွင် ရွှေပေါ်ကျွန်း စေတော်ဝင်ကျောင်းတော်ကြီး၏ မဟာပိဿနိုးနှတ်နန်းမှ စည်တော်ကြီးတီးသံမြည်ဟည်း ထွက်ပေါ်လာလေ၏။

ကျွန်ုပ်လည်း ရွှေပေါ်ကျွန်းစေတော်ဝင်ကျောင်းတော်ကြီးရှိရာသို့ လရောင်ရိပ်ကို အားပြုရင်း တစ်စုံတစ်ခုသော အမည်မသိဝေဒနာကို ခံစားလျက် ပြန်လာခဲ့ပါတော့သည်။

*(ဖြစ်ရပ်မှန် ကိုယ်တွေ့ဇာတ်လမ်းဖြစ်ပါ၏။)*

သာဝက (စေတော်ဝင်)



www.burmeseclassic.com

www.burmeseclassic.com

ဘုန်းခေါင်

## စီးပွားဥစ္စာလာဘ်များတို့နှင့်ဘုန်းထက်ကြီးမားစေသော

# ဧယမ္ဗောအဓိဋ္ဌာန်ကျင့်စဉ်

သတ္တလောကကြီးတစ်ခုလုံး နံနက်အရုဏ်ကျင်း၍ အလင်းရသည်မှ ညဉ့်အမှောင်ကြီးစိုးဖုံးလွှမ်းသည့်အချိန်အထိ နေ့တိုင်းနေ့တိုင်း အရေးသုံးပါးကို အရင်းခံထားပြီး လှုပ်ရှားကြ ရုန်းကန်နေကြရသည့်အမြင်ရှုခင်းသည် တစ်နေ့မျှ မရပ်နား၊ ဒါကိုပင် ဘဝအမောများပင်မပြေနိုင်ကြဖြစ်ရလေသည်။

လူသားများဖြစ်သော ကျွန်ုပ်တို့အပါအဝင် မိမိတို့ယုံကြည်အားထားရာကို ကိုးကွယ်ကြပြီး ဆုတောင်းခံကြလေ၏။ ကျွန်ုပ်တို့သည် ထေရဝါဒဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည့်အတွက် သရဏဂုံတော့ အပျက်မခံကြပါ။ သို့ကြောင့် သုံးလောကသခင် မြတ်စွာဘုရား၏ ဆုံးမစကားနှင့် ဘုန်းတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တတို့ကို လွန်စွာကြည်ညိုသဒ္ဓါအားကြီးစွာဖြင့် ကျင့်ကြံအားထုတ်ကြပါတော့သည်။

ကျွန်ုပ်၏ဆရာများဖြစ်ကြသော ဆရာတော်ဦးကေလာသနှင့်ဆရာတော်ဦးဂန္ဓမာတို့၏ ဆုံးမစကားကို အမြဲပင်ကြားယောင်နေခဲ့ပါသည်။

'မောင်အောင်၊ ငါ့တပည့် သေသေချာချာမှတ်ထားကွ။ လူဖြစ်လာရင် လူကျင့်ဝတ်ကို တတ်သိနားလည်ရမယ်၊ လိုက်လည်း လိုက်နာရမယ်ကွ။ မင်းတို့လူဝတ်ကြောင်တွေကျတော့ အိမ်ထောင်သားမွေး လောကီရေးတွေဝိုင်းနေတဲ့နေရာမှာနေရင်တော့ ဇနီးမယား သမီးသားတို့အတွက် အိမ်ဦးနတ်ပေါ့။ အိမ်ထောင်ဦးစီးတစ်ယောက်၊ ဖခင်တစ်ယောက်အနေနဲ့ မိသားစုအတွက် စားရေး၊ ဝတ်ရေး၊ နေထိုင်ရေးနဲ့ ကျန်းမာရေးကအစ တာဝန်ယူရမှာဆိုတော့ မဖြစ်မနေ စီးပွားဥစ္စာရှာရတော့မှာကွ။

စီးပွားဥစ္စာရှာရာမှာ ငါ့တပည့် သေချာအောင် စွဲစွဲမြဲမြဲမှတ်ထားရမယ်။ သန့်ရှင်းတဲ့ စီးပွားရှာမှုကိုပဲ လုပ်ရမယ်နော်။ မသန့်ရှင်းတဲ့စီးပွားကို လုံးဝရှောင်ရမယ်။ တို့များရဲ့ ရှေ့ဘုန်းတော်အရှင်မြတ်စွာဘုရားသခင်ရဲ့ ဆုံးမစကားဂုဏ်တော်များကို အားကိုးပြီး ဆောင်ကြမယ်ဆိုရင် လောကအလယ်မှာ တင့်တယ်ကြမှာ သေချာပါတယ် ငါ့တပည့်'

လို့ အမှာစကားကို ကြားယောင်ဆဲ ဖြစ်ပါသည်။

ကျွန်ုပ်သည် အသက်အရွယ်ရလာသည်နှင့်အမျှ မိမိအတွက် လုပ်ရသလို မိသားစုအတွက်လည်း လုပ်ရပါသည်။ အခုဆိုလျှင် ကျွန်ုပ်နှင့်အတိတ်ကအဆက်များဖြစ်သည့် မိတ်ဆွေများ၊ တပည့်များအတွက်ကိုပါ အပိုထမ်းနေရပြန်ပါတော့သည်။ သီချင်းတစ်ပုဒ်မှာပါလာသည့်စကားလိုပင် 'မောတော့မောတာပေါ့၊ ဒါပေမယ့် မမောဘူး' ဆိုသလိုပြောရမည် ထင်ပါသည်။ ကျွန်ုပ်ကိုယ်တိုင်ကပင် ထိုအလုပ်ကို မစွန့်နိုင်သောကြောင့်ပင် ဖြစ်ပါတော့သည်။

ကျွန်ုပ်သည် နိစ္စဓူဝနှင့် မဟာအဓိဋ္ဌာန်ကျင့်စဉ်တို့၏နေ့စဉ်ဖြည့်ဆည်းရသောကျင့်ဝတ်တို့ကို ပြီးမြောက်အောင်ဆောင်ရွက်ပြီး ဘုရားခန်းမှ ထွက်လာခဲ့ပါသည်။

ဒီနေ့မနက်တွင် အခါတိုင်းကလို ထမင်းပူပူကို စားတော်ပဲနှင့် ပဲဆီဆမ်းထားသောထမင်းကို အစောစာအဖြစ် ဝမ်းမီးငြိမ်းအောင်စားမြဲဖြစ်သော်လည်း အခုမစားချင်ဖြစ်နေပါသည်။ အလွယ်ဆုံးရနိုင်သော ကော်ဖီမစ်အထုပ်နှင့် ကွတ်ကီးနှင့်သာ ဝမ်းမီးကိုငြိမ်းအေးစေလိုက်ပါသည်။

အလုပ်စားပွဲမှာထိုင်ပြီး အထုံအကျင့်ဖြစ်နေသည့်အတွက် မေတ္တာသုတ်ကို ရွတ်ဖတ်နေခဲ့ပါသည်။ ဒီရက်မှာ အလုပ်ကြွေးရှင်းနေသဖြင့် ပြီးခဲ့သော (၃) လလောက်ကတည်းက ကျန်းမာရေးညံ့လာသဖြင့် စာမရေးဖြစ်ခဲ့တာမို့ အတိုးချပြီးရေးတော့မည်ဟု စဉ်းစားလိုက်ပါသည်။

ကျွန်ုပ်၏သူငယ်ချင်းနှစ်ယောက် လမ်းလျှောက်အပြန် ဝင်လာခဲ့တာဟု ပြောရင်း ကျွန်ုပ်နှင့် မျက်နှာချင်းဆိုင်ထိုင်ခုံမှာ ဝင်ထိုင်ကြသည်။ တစ်ယောက်က ဝိပဿနာသမား သမထလုပ်ငန်းကို အပြစ်မဆိုသော်လည်း သူ့လို ဝိပဿနာ လုပ်စေချင်သူ ဖြစ်သည်။

တစ်ယောက်က အခုမှ စမ်းတဝါးဝါးနှင့်လမ်းရှာနေသူ သဲကြီးမဲကြီး လေ့လာနေချိန်ဖြစ်သည်။ သူ့မှာ လူမှုဒုက္ခကြီးနေချိန်လည်းဖြစ်လေသည်။ အရွယ်ကြီးမှ အိမ်ထောင်ပြုခဲ့သူဖြစ်၍လည်း 'အဖခါးကုန်း သားစားတုန်း' ဆိုသည့်စာချိုးက ကျွန်ုပ်သူငယ်ချင်းအတွက် ထားရစ်ခဲ့လေသလားလို့ပင် ထင်မှတ်ရပါတော့သည်။

"သူငယ်ချင်းရေ၊ မင်းကတော့ ကျောင်းတုန်းကတည်းက ကသိုဏ်းတို့ သမထတို့ဝါသနာရှိခဲ့သလို စာလည်းဖတ်၊ နောက်ဝိဇ္ဇာဓရဂမ္ဘီရပညာကိုလည်း အရူးအမူးဖြစ်ခဲ့တာဆိုတော့ ဒီနေ့ ကြုံနေတုန်း အကူအညီတောင်းရမှာပဲ"

ဟု ဒုက္ခကြီးနေသောသူငယ်ချင်းက ကျွန်ုပ်ကို ပြောလေတော့၏။

ဝိပဿနာ သူငယ်ချင်းက -

"ရေနစ်နေတဲ့သူ မြက်တစ်ပင်ဆွဲမိလည်း အားရှိတာပေါ့ကွာ။ ကိုအောင်ရေ၊ ကူညီလိုက်ပါ"

ဟု အရွှန်းဖောက်၍ပင် ဝင်ပြောနေပါသေးတော့သည်။

"အေး- သူငယ်ချင်း၊ ကိုယ်လက်လှမ်းမီသမျှ ပြောပြပါမယ်။ ကိုယ်ကတော့ အခုထိ သမထသမားပဲဟေ့၊ သမထဆိုပေမယ်လို့ ဝိပဿနာဦးစီးတဲ့ သမထလို့ ပြောချင်တယ်။ ဘာလို့လဲဆိုတော့ ကိုယ့်အယူအဆတစ်ခုက သမထလုပ်မှ အခက်အခဲရှိတဲ့သူကို အထိုက်အလျောက်တော့ကူနိုင်မယ်လို့ ယူဆထားလို့ပါ။ ကိုယ်ကိုယ်တိုင်က အားမရှိရင် သူများကို ဘယ်လိုအကူအညီပေးနိုင်မြင်နိုင်မှာလဲကွ။ ဥပမာပေါ့ကွာ၊ အမြင်မလင်းတဲ့ အမှောင်ထုကို အလင်းရောင်ပေးနိုင်ဖို့အတွက် ဘက်ထရီမှာ အားရှိနေမှ လိုအပ်တဲ့အလင်းနဲ့ လိုအပ်တဲ့အသုံးကို သုံးနိုင်သလိုပေါ့ကွာ။ ကိုယ်ကတော့ ကိုယ့်အယူအဆမှန်တယ်လို့ပဲ ယုံကြည်တယ် သူငယ်ချင်း။

ဒါနဲ့ပဲ လူမှုဒုက္ခက လွတ်မြောက်သွားဖို့အတွက်အကြံပေးမယ်။ လုပ်မယ် လက်ခံမယ်ဆိုရင် ကိုယ်ဆက်ဆက်ကူညီပါမယ်"

ဟု ပြောလိုက်ပါသည်။

သူငယ်ချင်းက ဝမ်းမြောက်ဝမ်းသာ လက်ခံယူပြီး ပြန်သွားခဲ့ပါတော့



www.burmeseclassic.com

www.burmeseclassic.com

သည်။

အထက်တွင် ကျွန်ုပ်ရေးသားခဲ့ပြီး ဖြစ်သည့်အတိုင်း စာမရေးဖြစ်ခဲ့သည့် ဇာအကြောင်းတွေကို ရေးရန်အတွက် အခု ညှပ်နွေးနွေးသူငယ်ချင်းကိုပေးလိုက်သည့် အဓိဋ္ဌာန်ကျင့်စဉ်ကိုပင် စာရေးရန် ပြင်ဆင်လိုက်ပါသည်။

ကျွန်ုပ်၏ လွန်စွာအားထားခြင်း၊ ယုံမှတ်ခြင်းတို့ဖြင့် ဦးထိပ်ပန်ဆင်မြဲဖြစ်သော ဘုံသုံးပါး၏ အခေါင်အထွတ်ဖြစ်တော်မူသော၊မြတ်စွာဘုရားသခင်သည် အောင်ခြင်းကြီးများစွာကို အောင်တော်မူခဲ့ပြီးဖြစ်၍လည်း ကျွန်ုပ်ကိုယ်တိုင်ဖြတ်သန်းခဲ့သော အဓိဋ္ဌာန်ကျင့်စဉ်ဖြစ်သလို ဆန္ဒတူပါကယူနိုင်ကြစေလိုသောကြောင့် သေရဝါဒဗုဒ္ဓဘာသာတော်မှလာသော ဂါထာပါဠိတော်ကိုအဓိဋ္ဌာန်တင်၍ ကျင့်စဉ်တစ်ခု ပြုလုပ်၍ ဆောင်ရွက်ရန်ပင် ဖြစ်ပါသည်။

အကြမ်းစားဥပမာတစ်ခုဖြင့်ပြလိုပါသည်။ အမြတ်ကြီးစားရန်အတွက် အရင်းကြီးမားစွာရင်းရမည် ဖြစ်သည်။ ကျွန်ုပ်တို့ငယ်စဉ်က လူကြီးသူမတို့ပြောကြသည့်စကား 'ခြောက်မူးတစ်ပဲနှင့် အလန်လုပ်တော့ မရဘူးကွ' ဟု ပြောပါသည်။ ပစ္စည်းကောင်းတို့မည်သည် ဝယ်သည့်အခါကာလတွင်ပင်မဆို တန်ကြေးပေးရရင်းရမည်မှာ သဘာဝကြပါသည်၊ တစ်နည်းဆိုလျှင် စကြဝဠာသစ္စာတစ်ပင် ဖြစ်ပါတော့သည်။

အဓိဋ္ဌာန်ကျင့်စဉ်ကို အောက်တွင် ပြည့်စုံအောင် ဆက်လက် ရေးသားအပ်ပြုလိုက်ပါသည်။

**ဇယန္တော အဓိဋ္ဌာန်ကျင့်စဉ်**

၁။ ပထမရက်ရွေးပါ။ အဓိဋ္ဌာန် ကာလ သတ်မှတ်ပါ။
၂။ ဒါနမှုများ ပြင်ဆင်ပါ။
၃။ ပုဂ္ဂိုလ်အသီးသီးတို့ဖိတ်ထားပါ။
၄။ အဓိဋ္ဌာန်ကာလအတွင်း နေ့စဉ် ပြုဖွယ်များ။
၅။ ပုတီးစိပ်ရန် ဂါထာတော်။
၆။ အာနာပါနရှုမှတ်ခြင်းတို့ ဖြစ်ပါသည်။

**၁။ (က)ရက်ရွေးခြင်း**

အဓိဋ္ဌာန်ကျင့်စဉ်ကိုဝင်ရောက်လိုသော အမျိုးကောင်းသားအနေဖြင့် စိတ်ကြည်လင်ပါက မိမိစလိုသော အနီးဆုံးရက်ကို စတင်ပါ။

သို့မဟုတ် မိမိမွေးရက် သို့မဟုတ် ဆရာဇာကဲ့သို့ ရက်ကောင်းတစ်ရက်ကို ရွေးပါ။

**(ခ) အဓိဋ္ဌာန်ကာလသတ်မှတ်ခြင်း**

အဓိဋ္ဌာန်ကာလကို ဝါရငယ် (၇) ခုဖြင့် ဖွဲ့စည်းထားပါသည်။ ဝါရငယ် တစ်ခုတွင် (၇) ရက် သတ်မှတ်ထားရသဖြင့် အဓိဋ္ဌာန်ကာလကြီးတစ်ခုလုံး (၄၉) ရက် ကြာမည် ဖြစ်ပါသည်။ ဝါရငယ်တစ်ခုပြီးတစ်ခု အရပ်အနားအလပ်အခြားမရှိစေဘဲ ဆက်တိုက်ဝင်ရမည် ဖြစ်ပါသည်။

**၂။ ဒါနမှုများ**

(က) အောင်သပြေ
(ခ) အလင်းတိုင် (ပယောင်းတိုင်)
(ဂ) နံ့သာတိုင် (အမွှေးတိုင်)

မှတ်ချက်။ ။ မိမိ၏အခြေအနေ အခွင့်အလမ်းအရ သဒ္ဓါအရဏ်ရှိပါမူ သစ်သီးကန်တော့ပွဲကပ်လှူပါ။

ကန်တော့ပွဲတွင် -

- အုန်းတစ်လုံး
- ငှက်ပျော(၃)ဖီး-(အစိမ်းဖြစ်ရပြီး အစိမ်းသုံးပါ)
- ထီး၊ တံခွန်၊ ကုက္ကား၊ မုလေးပွား နှင့် ကြက်လျှာတော်၊ ယပ်၊ သာသနာ့အောင်လံ အဖြူတစ်စုံနှင့် ရွှေထီးတစ်လက်တို့ ပါဝင်ရပါမည်။

(ဃ) သောက်တော်ရေ
(င) ဆွမ်းတို့ကပ်လှူရပါမည်။

**၃။ ပုဂ္ဂိုလ်အသီးသီးတို့ဖိတ်ကြားခြင်း**

- စတုလောကပါလနတ်မင်းကြီးများ
- ဟေမဝန္တနတ်မင်းကြီး
- သာရာဂီရိနတ်မင်းကြီး
- သိကြားမင်း၊ ဗြဟ္မာမင်း
- ကာယကံရှင်၏ ပါရမီဖြည့်ဖက်များ တို့ကို ဖိတ်ထားပါရန်။

**၄။ အဓိဋ္ဌာန်ကာလတစ်လျှောက်လုံး ပြုဖွယ်များ**

** နေ့စဉ်ပြုရန် ကိစ္စများတို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) ဘုရားကန်တော့ခြင်း
(ခ) သီလခံယူခြင်း
(မိမိလုံခြုံအောင် ထိန်းနိုင်သော သီလကိုသာ ခံယူပါ။)
(ဂ) ဆုတောင်းခံခြင်း
(ဃ) မေတ္တာပို့သခြင်း
(င) အဓိဋ္ဌာန်ပုတီးစိပ်ရခြင်း
(ပုတီးစိပ်ရန် ဂါထာတော်နှင့် ပုတီးစိပ်ရပုံကို သီးခြားဖော်ပြပါမည်။)
(စ) ဝေနေယျများစွာတို့အားလုံးကိုကုသိုလ်အမျှပေးဝေပါ။
(ဆ) ဖိတ်ကြားထားသူများ ပြန်ပို့ပါ။

**၅။ ပုတီးစိပ်ရန်ဂါထာပါဠိတော်**

ဇယန္တော ဗောဓိယာမူလေ၊
သကျာနံ နန္ဒိဝဍ္ဎနော။
ဧဝမေဝ ဇယောဟောတု၊
ဇယဿု ဇယမင်္ဂလေ။
အပရာဇိတပလ္လင်္ကေ၊
သီသေ ပုထုဝိပုက္ခလေ။
အဘိသေကေ သဗ္ဗဗုဒ္ဓါနံ၊
အဂ္ဂပတ္တော ပမောဒတိ။

ထိုဂါထာတော်ကို ရွတ်ဖတ်ပူဇော်ပြီး တစ်ပုဒ်လုံးဆုံးမှ ပုတီးတစ်လုံးချသည့်စနစ်ဖြင့် ဂုဏ်တော်ပုတီးတစ်ပတ် စိပ်ရန် ဖြစ်ပါသည်။(ဂုဏ်တော်ပုတီးဟု ဆိုထားသဖြင့် ၁၀၈ လုံးပုတီးကုံးကို သုံးရန် ဖြစ်ပါသည်။)

**၆။ အာနာပါန ရှုမှတ်ခြင်း**

ထွက်လေ၊ ဝင်လေကို ရှုမှတ်ရာတွင် အချိန်နာရီကန့်သတ်ပိုင်းခြားသတ်မှတ်ခြင်းမပြုပါနှင့်။ မိမိအနေဖြင့် ချမ်းသာမှုရှိသလောက် ရှုမှတ်ကြရန် ဖြစ်ပါသည်။

စာချစ်သူ မိတ်ဆွေများနှင့် အဓိဋ္ဌာန်ဝင်ကြမည့် အမျိုးကောင်းသားများကို သတိပေးလိုပါသည်။ ယခု အဓိဋ္ဌာန်ကျင့်စဉ်သည် အဓိဋ္ဌာန်များစွာထဲတွင် ထူးခြားဆန်းပြားပြီး လွန်စွာသိမ်မွေ့သလောက်လည်း အဖျက်အဆီး လွန်စွာအားကြီးလှပါသည်။

စိတ်ခွန်အား၊ ဆန္ဒခွန်အား၊ ဝီရိယခွန်အားတို့ သုံးပါးပေါင်း၍ အဓိဋ္ဌာန်ကို စောင့်ရှောက်ခြင်းဖြင့် မုချပင် အဓိဋ္ဌာန်အောင်မြင်မည် ဖြစ်ပါသည်။ အဓိဋ္ဌာန်အောင်မြင်သည်နှင့် နှုတ်မှပြောပြခြင်း၊ စာဖြင့်ရေးသားမှတ်သားခြင်းတို့ပြုလုပ်လျှင်ပင် ကုန်နိုင်မည်မထင်ပါ။ အမျိုးကောင်းသားများအနေဖြင့် အာဇာနည်တစ်ယောက်အဖြစ် အဓိဋ္ဌာန်ပြီးမြောက်အောင် ဆောင်ရွက်ပြီး ကိုယ်တိုင်ကိုယ် အသိများနှင့် အကျိုးများ ရရှိပိုင်ဆိုင်နိုင်ကြပါစေဟုသာ ဆန္ဒပြုလိုက်ရပါသည်။

(ကျွန်ုပ်အား ပညာပေးသနားခဲ့ကြတော်မူသော ဆရာတော်ကြီးများအား ဤစာစုဖြင့် အထူးပူဇော်လိုက်ပါသည်။)

*ပညာတိုးပွား၍အကျိုးများကြပါစေ*

ဘုန်းခေါင်



www.burmeseclassic.com

www.burmeseclassic.com

## ပထမ်ဝိဂ္ဂုဏရထွက်ရပ်ပေါက်လောက်ပညာနှင့်

၁၄

# ကျေးရူးရှင်စစ်ကွင်းဆရာတော်ကြီး

### ပထမံဆရာဦးအေးမွှေ

*(ယခင်လမှအဆက်)*

ဆရာတော်ကြီး ဦးကုန္ဒာဿး ကြွရောက်လာခြင်းသည် ထူးခြား၏၊ ဆရာတော်ကြီးတို့သည် ထူးခြားသော အကြောင်းကိစ္စ၊ အရေးကြီးသောအကြောင်းကိစ္စကို တစ်စုံတစ်ရာမရှိလျှင် ကြွရောက်လာခဲ့၏။ ထို့ကြောင့် ဆရာတော်ဦးစန္ဒောဘာသသည် ဆရာတော်ကြီး ဦးကုန္ဒာဿဖကို ရုတ်တရက် ဖူးတွေ့လိုက်ရသဖြင့် အံ့ဩသွား၏။

ဆရာတော်ကြီး ယခုလို ကြွရောက်လာခြင်းမှာ မည်သည့်အကြောင်းကြောင့်ပါနည်း ဟူသော အတွေးသည် ပေါ်လာပြီး ဝေခွဲမရဖြစ်နေစဉ်တွင် ဆရာတော်ကြီး ဦးကုန္ဒာဿဖက -

"မောင်ပဥ္စင်း၊ ဒီကိုလာဦး။ မီးသွေးခဲတစ်ခဲပါကောက်ခဲ့"

ဟု အမိန့်ရှိလိုက်၏။

ထိုအခါ ဦးစန္ဒောဘာသလည်း မီးသွေးခဲကို ကောက်ကာ ဆရာတော်ဦးကုန္ဒာဿဖအား ပေးလိုက်၏။

ထို့နောက် ဆရာတော် ဦးကုန္ဒာဿဖသည် ထိုမီးသွေးခဲဖြင့်ပင် သထုံမြသပိတ်ဘုရားရင်ပြင် သမံတလင်းပေါ်၌ စက်ဝိုင်းပုံသဏ္ဍာန် အဝိုင်းတစ်ခုဝိုင်းလိုက်၏။ ထို့နောက် အဆိုပါ စက်ဝိုင်းပေါ်တွင် ကြက်ခြေခတ်ပုံသဏ္ဍာန်တစ်ခုရေးဆွဲလိုက်ပြန်၏။ ပြီးလျှင် ထိုစက်ဝိုင်းနှင့် ကြက်ခြေခတ်များအတွင်းတွင် စမအက္ခရာများကို ရေးသွင်းလိုက်၏၊ ထိုသို့ ရေးဆွဲပြီးလျှင် ဆရာတော်ကြီး ဦးကုန္ဒာဿဖသည် ဦးစန္ဒောဘာသဘက်သို့ လှည့်ကြည့်လိုက်၏။ ပြီးလျှင် -

"မောင်ပဥ္စင်း လာခဲ့၊ ဒီစက်ဝိုင်းထဲက ကြက်ခြေခတ်ပေါ်မှာ မတ်တတ်ရပ်နေ"

ဟု မိန့်လိုက်၏။

ထို့ကြောင့် ဦးစန္ဒောဘာသလည်း ဘာမသိဘာမသိ ကြောင်အမ်းအမ်းဖြစ်နေသောအမူအရာမျိုးဖြင့် ဆရာတော်ကြီး အမိန့်ရှိသည့်အတိုင်း သွားရောက်ရပ်နေလိုက်၏။ ထို့နောက် ဆရာတော်ကြီး ဦးကုန္ဒာဿဖလည်း မည်သည့် မိန့်ကြားမှုမျိုးကိုမှုမြွက်တော်မမူဘဲ ပြန်ကြွသွားလေတော့၏၊ ထို့ကြောင့် သထုံမြသပိတ်ဘုရားရင်ပြင်တော်၏ လူသူကင်းဆိတ်သည့် အကာလ ညအခါတွင် ဆရာတော် ဦးစန္ဒောဘာသ တစ်ပါးတည်းသာလျှင် ကျန်ရစ်ခဲ့ပါတော့၏။ ဆရာတော်၏ ဦးခေါင်းတွင်မူ ဤကိစ္စသည် မည်သို့သောအကြောင်းခြင်းရာကြောင့်ပါနည်းဟူသော အတွေးကသာ ထပ်ပြန်တလဲလဲ လွှမ်းမိုးလျက်သာရှိနေပါတော့၏။

ဤသို့သော အတွေးပေါင်းမြောက်မြားစွာဖြင့်သာ နံနက်မိုးသောက်ခဲ့၏။ ထို့ကြောင့် ဦးစန္ဒောဘာသလည်း တရားအားထုတ်ခြင်းအမှုကို ပြုနေလိုက်၏။ ဤသို့ဖြင့် အချိန်သည် ဆွမ်းခံကြွရမည့်အချိန်သို့တိုင်လာခဲ့တော့၏။

ထိုအချိန်တွင် စစ်ကွင်းဆရာတော်၌ အတွေးပေါ်လာသည်မှာ -

'ညတုန်းက ငါ့ရဲ့ဆရာအရှင်ဖြစ်တဲ့ ဆရာတော်ကြီး ဦးကုန္ဒာဿဖကြွလာတာဟာ ငါ့ကို ပညာအသစ်၊ သိဒ္ဓိအသစ် ထပ်ပြီးတက်ပေးတာပဲဖြစ်မယ်'

ဟူသောအတွေးသည် ဖြစ်ပေါ်လာခဲ့၏။ ထို့နောက် ဆက်ပြီး အတွေးဖြစ်ပေါ်လာခဲ့သည်မှာ -

'အင်း - ပညာအသစ်ဆိုရင်တော့ ဘာဖြစ်မလဲ။ မဟုတ်မှလွဲရော အာကာသသိဒ္ဓိပဲ ဖြစ်မယ်ထင်တယ်။ ဒါဆို ဒီနေ့ဆွမ်းခံကြွရင် အာကာသသိဒ္ဓိနဲ့ကြွမယ်"

ဟု စိတ်ကူးထားလိုက်၏၊

ဆွမ်းခံကြွရန် အချိန်ရောက်လာသောအခါ ဆရာတော်သည် သင်္ကန်းကိုပြင်၍ရုံလိုက်၏၊ ထို့နောက် သပိတ်ကိုလွယ်လိုက်၏။ ဆွမ်းခံကြွရန် အဆင်သင့်ဖြစ်သောအခါ ဦးစန္ဒောဘာသသည် အာကာသသိဒ္ဓိဖြင့် ဆွမ်းခံကြွမယ် ဟူသော စိတ်ကူးဖြင့် အာကာသကို အာရုံပြုကာကြွကြည့်၏။ သို့သော် အာကာသသိဒ္ဓိသည် မရပေ။ ထိုအခါ ဆရာတော်လည်း တစ်မျိုးပြောင်း၍ စဉ်းစားကြည့်ပြန်၏။

"အင်း - အာကာသသိဒ္ဓိဆိုတာ အရှိန်ယူပြီးသွားရတာမျိုးလား မသိဘူး"

ဟု စဉ်းစားပြီးနောက် ဆရာတော်သည် ခြေစုံရပ်ကာ ဒူးကို အတန်ငယ်ကွေးညွတ်ပြီး အရှိန်ဖြင့် ပြန်ဆန့်ထုတ်ကာ ခန္ဓာကိုယ်ကို ညွတ်လိုက်၊ ကွေးလိုက်၊ ပြန်ဆန့်ထုတ်လိုက်ဖြင့် မြောက်ကြွ၊ မြောက်ကြွလုပ်ကြည့်၏။ မည်သို့မျှကြွတက်မလာခဲ့ပေ။ ထို့နောက် ဆရာတော်သည် တစ်မျိုးပြောင်းကာ တင်ပါးကိုနှဲပြီးလှုပ်ကာ အရှိန်ယူပြီး ယို့ချလိုက်ဆန့်ထုတ်လိုက်လုပ်ကြည့်ပြန်၏။ သို့သော် မည်သို့မျှ အကြောင်းထူးမလာခဲ့ပေ။ ဤသို့ဖြင့် ဆရာတော်သည် မြေပြင်ပေါ်မှ အာကာသထဲသို့ ရောက်ရန် ဟိုလိုလုပ်လိုက်ဒီလိုလုပ်ကြည့်လိုက်ဖြင့် အမျိုးမျိုး ကြိုးစားကြည့်၏။ မည်သို့ပင် ကြိုးစားကြည့်စေကာမူ ထူးခြားမလာဘဲ ဆွမ်းစားချိန်သို့သာ နီးကပ်ရောက်ရှိလာတော့၏။


ထိုအခါတွင်မှ ဆရာတော်သည်-

"အင်း- ဒီပုံစံနဲ့တော့ မဖြစ်ပါဘူး ငါရထားပြီးသားဖြစ်တဲ့ ပထဝီသိဒ္ဓိနဲ့သွားမှ ဖြစ်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆုံးဖြတ်ချက်ပြောင်းကာ ပထဝီ
ကို ဝင်စားလိုက်၏။ ထိုသို့ ပထဝီ
ကိုလည်း မည်သို့ပင် ဝင်စားစေကာ
ပြီးသားသိဒ္ဓိသည်ပင် မရတော့ပေ။

ထိုအခါတွင်မှ စစ်ကွင်းဆရာ
တော်လည်း သဘောပေါက်သွားတော့

"ဟင် - ဒါဆို ညက ဆရာတော်
ဦးကုန္ဒာသသဖ ကြွလာတာဟာ ငါ့ကို
အသစ်တက်ပေးဖို့ လာတာမဟုတ်
ငါဟာ မန္တလေးကကြွလာတဲ့ သီလ
ကြင်တဲ့ ဆရာတော်ကြီးကို မခံချင်စိတ်
နဲ့ ပညာတွေ၊ သိဒ္ဓိတွေပြခဲ့မိတာကြောင့်
ရထားခဲ့တဲ့ ပထဝီသိဒ္ဓိကို လာသိမ်းတာ
ပဲ"

ဟု သဘောပေါက်ကာ သက်ပြင်း
ချမိလေတော့၏။

ဤသို့ဖြင့် ဆွမ်းစားချိန်ကလည်း
တစ်စထက်တစ်စ နီးကပ်လာနေသဖြင့်
စစ်ကွင်းဆရာတော်သည် မည်သို့မျှ
မတတ်နိုင်တော့ဘဲ သထုံမြို့သပိတ်
တောင်ပေါ်အမြင့်ကြီးဆီမှ တောင်
အောက်သို့ ဒုန်းစိုင်းပြေးဆင်းကာ အချိန်
မီဆွမ်းခံခြင်းအမှုကို ဒရောခရောသာပါးပြု
ရလေတော့၏။

www.burmeseclassic.com

ဤနေရာ၌ ပထဝီသိဒ္ဓိ၏ သဘောကို အတန်ငယ် ဖွင့်ဆိုရှင်းပြလိုပါသည်။ ပထဝီသိဒ္ဓိပညာဆိုသည်မှာ မြေကြောရှုပညာပင် ဖြစ်၏။ ပမာအားဖြင့်ပြဆိုရပါမူ ပထဝီသိဒ္ဓိပညာကို ရရှိထားသူသည် ရန်ကုန်မြို့မှ မန္တလေးမြို့ရှိ မန္တလေးတောင်သို့ သွားရောက်လိုသည် ဆိုပါက အဆိုပါ မန္တလေးတောင်တော်၏ အဓိကကျပြီး ထင်ရှားသောအမှတ်အသားရှိသည့် နေရာတစ်ခုကို ရွေးချယ်ကာ အာရုံပြုပြီး ရွှေခြေတစ်ဖက်ကို ထိုနေရာသို့ချသည်အမှတ်ဖြင့် မြေသို့ကျသည်ဟု အာရုံထဲ ထင်လာလျှင် ကျန်နေသော နောက်ခြေတစ်ဖက်ကို ရုပ်လိုက်သည်နှင့် တစ်ပြိုင်နက် အဆိုပါ ပထဝီသိဒ္ဓိရရှိထားသော ပုဂ္ဂိုလ်သည် မန္တလေးတောင်ပေါ်သို့ ရောက်ရှိသွားပြီဖြစ်၏။

အထက်ပါအဖြစ်အပျက်ကြောင်းခြင်းရာနှင့်ပတ်သက်ပြီး စစ်ကွင်းဆရာတော်ကြီးက နောက်ပိုင်းတွင် တပည့်ဒကာ၊ ဒကာမများအား ပြန်လည် မိန့်ကြားရာတွင် -

"ငါလည်း အဲဒီအချိန်တုန်းက အသက်အရွယ်ကလည်း ငယ်ရွယ်သေးပြန်၊ တန်ခိုးသိဒ္ဓိတွေကလည်း ရရှိထားပြန်ဆိုတော့ ဖြစ်ပေါ်လာတဲ့ ကိုယ့်ရဲ့ မခံချင်စိတ်ကို ထိန်းချုပ်မထားနိုင်ခဲ့ဘူး။ ဒါကြောင့် ငါဟာ သီလ၊ သမာဓိ၊ ပညာနဲ့ ပြည့်စုံပြီးတော့ ဝိသုဒ္ဓိဖြစ်တဲ့ တကယ့်သူတော်ကောင်းဆရာတော်ကြီးကို ပညာပြလိုက်မိသလိုဖြစ်သွားခဲ့တယ်။ အဲဒီအပြစ်အတွက် ဆရာဖြစ်တဲ့ ဆရာတော်ကြီး ဦးဣန္ဒာသဘက ငါရရှိထားပြီးဖြစ်တဲ့ ပထဝီသိဒ္ဓိပညာကို ပြန်ရုပ်သိမ်းခဲ့တယ်။ အဲဒီလို ပထဝီသိဒ္ဓိအသိမ်းခံရတော့ ငါလည်း (၆) လလောက် ကုန်းကြောင်းလျှောက်ခဲ့ရတယ်"

ဟူ၍ နောင်လာနောင်သားများ သတိပြုစရာ သင်ခန်းစာယူစရာများကို မကြာခဏ ပြန်လည် မိန့်ကြားလေ့ရှိတတ်ပါသည်။

**မိုးခေါင်နေသော စစ်ကွင်းမြို့ကို အင်းပညာစွမ်းဖြင့် မိုးဖြိုင်ဖြိုင်ရွာသွန်းစေခဲ့သော ဆရာတော်**

စစ်ကွင်းမြို့ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ်အတွင်း၌ ကျရောက်ကာ ရန်ကုန်-ပြည်သွား ကားလမ်းမကြီးပေါ်၌ တည်ရှိပါသည်။ ပို၍ အတိအကျဆိုရလျှင် အဆိုပါ ရန်ကုန် - ပြည်ကားလမ်းမကြီးပေါ်ရှိ စစ်ကွင်းဘားဆံမှ စစ်ကွင်းမြို့သို့ ရောက်ရှိရန် (၂) မိုင်ခန့်သွားရပါသေးသည်။ စစ်ကွင်းမြို့သည် ရန်ကုန်မြို့မှ ပြည်မြို့သွား အကွာအဝေး၏ အလယ်ဗဟိုချက်မတွင် တည်ရှိနေပါသည်။

စစ်ကွင်းမြို့သည် မြို့သိမ်မြို့ငယ်လေးတစ်ခုဖြစ်နေသဖြင့် ယခုနောက်ပိုင်းခေတ်များတွင်မှ ဖြစ်တည်လာသည့် မြို့မဟုတ်ပါ။ မြန်မာနိုင်ငံ၏ ရှေးအကျဆုံးသော ပျူမြို့များဖြစ်သည့် သရေခေတ္တရာ၊ ဗိဿနိုး စသည့်ရှေးခေတ်မြို့တော်များသည် ပြည်နှင့် တောင်တွင်းကြီး စသည့် နယ်တစ်ဝိုက်တွင်ရှိပါသည်။ စစ်ကွင်းမြို့သည်လည်း ထိုခေတ်ကာလကတည်းကပင် ပျူမြို့တော်များ၏ အရန်မြို့တစ်မြို့ဖြစ်နိုင်သော အထောက်အထားအချို့ကို တွေ့ရှိရသည်များလည်းရှိပါသည်။

ထို့အပြင် စစ်ကွင်းမြို့သည် ကုန်းဘောင်ခေတ် အဖြစ်အပျက်အချို့နှင့်လည်း ဆက်စပ်နေပါသည်။ကုန်းဘောင်ခေတ် ဘိုးတော်ဘုရား လွန်ပြီးနောက် ဘကြီးတော်မင်းတက်စဉ်ကာလ၌ နန်းတွင်းအရေးအခင်းတစ်ရပ် ပေါ်ပေါက်ခဲ့၏။ ထိုအရေးအခင်းနှင့် စကြာမင်းသား ပတ်သက်ခဲ့၏။ ထို့ကြောင့် စကြာမင်းသားကို လုပ်ကြံသတ်ဖြတ်ရန်၊ ကိစ္စတုံးသုတ်သင်ရှင်းလင်းရန် တစ်ဖက်ဂိုဏ်းသားများက အကွက်ကျကျ ကြိုတင်စီစဉ်ခဲ့ကြ၏။

စကြာမင်းသားသည် ပထမံဂိုဏ်းဝင် အဖေကြီးဘိုးဘိုးအောင်နှင့် အဆက်အသွယ်ရှိပါသည်။ ထိုအပြင် ပထမံဂိုဏ်းပညာကိုလည်း လုပ်ကိုင်နေသူတစ်ဦးဖြစ်ပါသည်။ ထို့ကြောင့် စကြာမင်းသားအား ဆန့်ကျင်ဘက်ဂိုဏ်း အင်းအားစုများက ဖမ်းဆီးပြီး သုတ်သင်မည့်ဆဲဆဲအချိန်တွင် အဖေကြီးဘိုးဘိုးအောင်က ကယ်တင်ခဲ့သဖြင့် စကြာမင်းသားသည် အသက်ဘေးမှ လွတ်မြောက်ခဲ့ပါသည်။ ထိုသို့ လွတ်မြောက်သွားသည်ကို ဆန့်ကျင်ဘက်ဂိုဏ်းသားများက သိသွားသဖြင့် လုပ်ကြံသတ်ဖြတ်ရန် နောက်မှလိုက်ကြပြန်လေ၏။

ထို့ကြောင့် စကြာမင်းသားသည် ရှောင်ရင်းတိမ်းရင်းဖြင့် စစ်ကွင်းမြို့သို့ ရောက်ရှိလာခဲ့ကြ၏။ စကြာမင်းသားနှင့်အတူ ရှေးဘိုးဘေးမြန်မာမင်းများ အဆက်ဆက်ကိုးကွယ်ခဲ့သည့် နန်းစဉ်ဘုရားတစ်ဆူလည်း ပါရှိလာခဲ့ပါသည်။

စကြာမင်းသား စစ်ကွင်းမြို့သို့ ရောက်ရှိသည်နှင့် တစ်ပြိုင်နက် တိုက် ဆိုင်ထူးခြားစွာပင် နောက်မှလိုက်လံ လုပ်ကြံနေသော ဆန့်ကျင်ဘက်ဂိုဏ်း လည်း ပြိုပျက်သွားတော့၏။ မြန်မာ့နန်း တွင်းရေးလည်း အခြေအနေပြောင်းလဲ သွားတော့၏။

ထို့အတူ ကုန်းဘောင်ခေတ် နှောင်းပိုင်း သီပေါမင်းလက်ထက်တွ ပေါ်ပေါက်ခဲ့သော နန်းတွင်းလုပ်ကြံ သတ်ဖြတ်မှုများကြောင့် မင်းညီမင်းသ မင်းသမီးအချို့တို့သည် စစ်ကွင်းမြို့ လာရောက်၍ စစ်ရှောင်ပုန်းအော လွတ်မြောက်ခဲ့ဖူးပါသည်။

ထိုသို့ အသက်ဘေးစစ်ဘေးမ မှ စစ်ကွင်းမြို့သို့ လာရောက်စစ်ရှေ ပုန်းခိုလွတ်မြောက်ခဲ့ကြသဖြင့် ဤမြို့ စစ်ကွင်းမြို့ဟု ခေါ်ဝေါ်သမုတ်ခဲ့ ဖြစ်ကြောင်း အချို့သော သုတေသီမ က ဆိုခဲ့ခြင်းဖြစ်ပါလိမ့်မည်။

စစ်ကွင်းမြို့၏ အဓိကစီးပွား လုပ်ငန်းမှာ လယ်လုပ်ငန်း ဖြစ်၏။ ယခင်ခေတ်က ယနေ့တိုင်အောင် စစ်ကွင်းသားများသည် လယ်ကို အဓိကထား လုပ်ကိုင်ခဲ့ကြပါသ လယ်ကို အမှီပြု၍လည်း ကြီးပွားခဲ့ သာသူ အတော်များများ စစ်ကွင်း တစ်ချိန်ကရှိခဲ့ပါသည်။ ယနေ့တိုင်လ ရှိပါ သည်။

စစ်ကွင်းဆရာတော် ဦးစန္ဒော သ၏ကျွန်းတောကျောင်းသည် စစ်က မြို့၏ အစွန်အဖျားတွင် တည်ရှိပါသ အဆိုပါ ကျွန်းတောဘုန်းကြီးကျောင်း ကပ်လျက်တွင် ကျွန်းတောသုသာ တည်ရှိပါသည်။ ထိုဘေးပတ်လည် ခုလုံးတွင် လယ်ကွင်းများ၊ စပါးစိုက် များသာ ဝန်းရံလျက်ရှိပါသည်။

ထိုလယ်ကွင်းလယ်ကွက်များ တစ်ဖက်စွန်းတွင် လူပျိုကြီးကွင်းရွာ ကုန်းရွာ၊ ဥယျာဉ်တန်းရွာစသည့် ရွာ များရှိပါသည်။ ထိုရွာကြီးများသည် ကွင်းဆရာတော်၏ ကျွန်းတောဘုန်း ကျောင်းကို ကိုးကွယ်သည့် ဒကာ၊ ဒ မများ အများစု နေထိုင်ရာ ရွာကြီး ဖြစ်ပါသည်။ ထိုရွာများသည် လယ် အဓိကထား လုပ်ကိုင်သောရွာများ ကြပါသည်။

ထို့ကြောင့် ဤကဲ့သို့ စစ် ဒေသတွင် မိုးအကြီးအကျယ်ခေါင် အခါ စစ်ကွင်းဆရာတော်ကို ကိုး သည့် လယ်ကိုအဓိကထား

www.burmeseclassic.com

www.burmeseclassic.com

သောရွာများလည်း ထိခိုက်တော့၏။ ထိုအခါ စစ်ကွင်းဆရာတော်သည် အိမ်ရှေ့ပူ အိမ်နောက်မချမ်းသာ အခြေအနေမျိုးဖြစ်နေတော့၏။

ထိုအခါ စစ်ကွင်းဆရာတော်၏ အစွမ်းသတ္တိကိုသိသည့် စစ်ကွင်းမြို့ပေါ်နှင့် ရွာများမှ ရပ်မိရပ်ဖလူကြီးများသည် စုပေါင်းတိုင်ပင်ပြီး စစ်ကွင်းဆရာတော်ထံ ဝင်ရောက်၍ -

"အရှင်ဘုရား၊ မိုးအကြီးအကျယ်ခေါင်တဲ့အတွက် တပည့်တော်တို့လယ်တွေ ပပ်ကြားအက်တွေသာ ဖြစ်ကုန်ပါပြီဘုရား။ စပါးစိုက်ဖို့လည်း မဖြစ်နိုင်တဲ့ အခြေအနေပါဘုရား။ ဒါကြောင့် အရှင်ဘုရားအနေဖြင့် တတ်နိုင်သည့်ဘက်မှ တပည့်တော်တို့အား ကယ်တင်တော်မူပါဘုရား၊ မိုးရွာအောင်လုပ်ပေးတော်မူပါဘုရား"

ဟု လျှောက်ထားကြ၏။

ထိုအခါ စစ်ကွင်းဆရာတော်သည် မည်သည့်အဖြေကိုမျှ မပေးဘဲ တုဏှီဘာဝေ ဆိတ်ဆိတ်သာနေတော်မူခဲ့လေ၏။ ဆရာတော်အနေဖြင့် မည်သည့်အဖြေကိုမျှမပေးဘဲ အချိန်ကြာမြင့်နေသဖြင့် ရပ်မိရပ်ဖလူကြီးများသည် စိတ်ပျက်အားလျော့စွာဖြင့် ပြန်လှည့်ကြရပါတော့သည်။

သို့သော် ရပ်မိရပ်ဖနှင့် လယ်သမားတို့သည် ဇွဲမလျှော့ဘဲ နောက်တစ်နေ့တွင်လည်း စစ်ကွင်းဆရာတော်ထံ သွားရောက်ကာ ယမန်နေ့ကအတိုင်း မိုးရွာအောင်ပြုတော်မူပေးပါရန်လျှောက်ထားကြပြန်၏။ ထိုအကြိမ်တွင်လည်း ယခင်အတိုင်းပင် ဆရာတော်သည် တုဏှီဘာဝေပင်ပြုတော်မူခဲ့ပြန်ပါသည်။ ထို့ကြောင့် ရပ်မိရပ်ဖတို့လည်း ပြန်ခဲ့ကြ၏။

တတိယမြောက်နေ့တွင်လည်း ရပ်မိရပ်ဖနှင့် လယ်သမားကြီးများသည် ဇွဲမလျှော့ဘဲ ဆရာတော်ထံ ထပ်မံသွားရောက်လျှောက်ထားခဲ့ကြပြန်ပါသည်။ ထိုနေ့တွင်မှ ဆရာတော်လည်း မည်သို့မျှ မနေသာတော့သဖြင့် -

"အေး-အေး၊ ငါလုပ်ပေးပါမယ်"

ဟု ပြန်လည် အဖြေပေးလိုက်လေ၏။

ဝိဇ္ဇာခရပညာရပ်တို့နှင့် ပတ်သက်၍ ဤနေရာတွင် ဆိုစရာအနည်းငယ် [illegible] ဤပညာရပ်တို့သည် စည်းကြီး [illegible]ကြောင်းကြီးငယ် အရေးကိစ္စပေါ် [illegible] မိမိဖြစ်စေချင်သလို၊ လုပ်ချင်သလို ချက်ချင်းထလုပ်၍ မရပေ။ အခြားဖြင့် မဖြစ်နိုင်တော့သည့်အဆုံးတွင်မှ လည်းကောင်း၊ မိမိအား ယုံကြည်အားထားသော ပုဂ္ဂိုလ်တို့၏ တောင်းပန်လွန်းမက တောင်းပန်လာသည့်အချိန်တွင်မှ မလွှဲသာမရှောင်သာသော အကြောင်းရင်းတို့ကြောင့်သာ ပြုလုပ်ပေးလေ့ရှိပါသည်။ ကိစ္စတွေ့တိုင်းကြုံတိုင်း ခပ်လွယ်လွယ် ပြုလုပ်ပေးသည် မဟုတ်ပေ။

ဆရာတော်မှ ထိုသို့ သဘောတူလိုက်သဖြင့် ရပ်မိရပ်ဖနှင့် လယ်သမားတို့သည် ဝမ်းမြောက်ရွှင်လန်းစွာ ပြန်သွားကြတော့၏။ ဒကာ၊ ဒကာမများပြန်သွားသည်နှင့် ဆရာတော်သည် အင်းချပြီး အစီအရင်ပြုလိုက်သောအခါ မကြာမတင်မီတွင်ပင် မိုးသည် ရက်ပေါင်းများစွာခေါင်နေရာမှ သည်းသည်းထန်ထန်ပင် ဖြိုင်ဖြိုင်ကြီး ရွာချလိုက်တော့၏။ မိုးသည် မည်မျှအထိရွာချသနည်းဟုမူ မိုးခေါင်၍ ပပ်ကြားအက်နေသမျှသော လယ်အားလုံးသည် ရေဖွေးဖွေးဖြင့် ကွင်းပြင်အားလုံးသည် ရေပြည့်ရေလျှံ ဖြစ်သွားလေတော့၏။

ဤကဲ့သို့ မိုးရွာစေသော အင်းအစီအရင်နှင့်ပတ်သက်၍ စစ်ကွင်းဆရာတော်၏တပည့်ဖြစ်သူ ဦးပညောဘာသခေါ် ဆရာကြီး ဦးဘဟန်ကလည်း သူ၏ အတွေ့အကြုံကို ပြန်ပြောင်းပြောပြခဲ့၏။

"အဲဒီ မိုးခေါင်တဲ့ကိစ္စတုန်းက ဆရာတော်ကြီး ပြုခဲ့တဲ့ အင်းအစီအရင်ငါ လည်းသေသေချာချာကြည့်ပြီး မှတ်သားထားလိုက်တယ်။ ဒီလိုနဲ့ တစ်နေ့မှာတော့ စစ်ကွင်းဆရာတော်ကြီးဟာ ရန်ကုန်ကို အကြောင်းကိစ္စတစ်ခုနဲ့ ကြွသွားတော့၊ ငါလည်း ဆရာတော်ကြီးမရှိတုန်း အတော်ပဲဆိုပြီးတော့ မိုးရွာစေတဲ့အင်းအစီအရင်စမ်းကြည့်မယ်ဆိုပြီး အင်းပြားပေါ်မှာ အင်းချလိုက်တယ်။ အဲဒီအင်းကို သိမ်ထောင့်တစ်နေရာရဲ့အပေါ်မှာ သွားပြီးတင်ထားလိုက်တယ်"

"မကြာမတင်မှာပဲ လင်းနေတဲ့ ကောင်းကင်မှာ တဖြည်းဖြည်း အုံ့မှိုင်းလာပြီး မိုးလေးတစ်ဖွဲ့နှစ်ဖွဲ့ကျလာတယ်။ အဲဒီနောက်တော့ လေနည်းနည်းတိုက်လာတယ်။ နောက်တော့ လေတိုက်တာက ပုံစံတစ်မျိုးပြောင်းလာပြီး တဖြည်းဖြည်းကြမ်းလာတယ်။ နောက်တော့ ပိုပြီးကြမ်းသထက်ကြမ်းလာတော့ ငါလည်း စိုးရိမ်စိတ်ဝင်လာပြီးတော့ သိမ်ထောင့်ပေါ်မှာတင်ထားတဲ့ အင်းကို တုတ်နဲ့ထိုးချလိုက်တော့တယ်။ အဲဒီတော့မှပဲ လေကြမ်းတိုက်တာတွေ ရပ်သွားတော့တယ်"

ဟု ပြောကြားခဲ့သည်ကို မှတ်သားရခဲ့ဖူးပါသည်။

**ဝိဇ္ဇာဆိုတာ ဘယ်တော့မှ ဓာတ်မစီးဘူး**

ဤအဖြစ်အပျက်သည် ဆရာတော်ကြီး ရန်ကုန်မြို့တွင် သီတင်းသုံးစဉ်ကဖြစ်၏။ ထိုအချိန်က အာဏာရအစိုးရအဖွဲ့ထဲမှ အရေးပါသော ပုဂ္ဂိုလ်ကြီးတစ်ဦးကလည်း ဆရာတော်ကို ကိုးကွယ်၏။ ထို့အပြင် ထိုပုဂ္ဂိုလ်ကြီးသည် ဆရာတော်နှင့်လည်း လွန်စွာရင်းနှီးကျွမ်းဝင်သွား၏။

ထိုပုဂ္ဂိုလ်၏ ဇနီးဖြစ်သူသည် ဝိဇ္ဇာပုဂ္ဂိုလ်ဆိုင်ရာတို့ကို လွန်စွာစိတ်ပါဝင်စားသူ၏။ နောက်ပိုင်းတွင် ထိုအမျိုးသမီးကြီးသည် ဝိဇ္ဇာပူးဝင်သည်ဆိုပြီး ဓာတ်စီးပါတော့၏။ တဖြည်းဖြည်းနှင့် သူမသည် မကြာခဏပင် ဓာတ်စီးပါတော့၏။

ဤကဲသို့ သူမ၏ ဓာတ်စီးမှုသည် မကြာခဏဖြစ်နေသည်က အရေးမကြီးပေ။ ပြဿနာကား သူမဓာတ်စီးပြီဆိုလျှင် အနီးရှိလူများအား အဘဘိုးမင်းခေါင် နာမ်ကိန်းသည်၊ ဓာတ်စီးသည်ဆိုကာ သောက်ရေခပ်ခိုင်းလို ခပ်ခိုင်း၏။ ဆေးလိပ်ဆက်ခိုင်းလို ဆက်ခိုင်း၏။ နှိပ်လို နှိပ်ခိုင်း၏စသည်ဖြင့် အကြောင်းကိစ္စမျိုးစုံကို တစ်ခုမဟုတ်တစ်ခု၊ တစ်မျိုးမဟုတ်တစ်မျိုးခိုင်းတော့၏။

အဆိုးဆုံးကား သူမ၏ ခင်ပွန်းအစိုးရအရာရှိကြီးအား လူရှေ့မရှောင် သူရှေ့မရှောင် တွေ့ကရာကို ခိုင်းစေခြင်းပင်ဖြစ်၏။ ကြာလာသောအခါ ထိုအရာရှိကြီးသည် သူ့ဂုဏ်သိက္ခာထိပါးလွန်းသဖြင့် ရှက်လာတော့၏။

သို့ဖြစ်သောကြောင့် ထိုပုဂ္ဂိုလ်သည် မတတ်သာသည့်အဆုံးတွင် စစ်ကွင်းဆရာတော်အား ဖွင့်ဟတိုင်ကြားကာ ဆရာတော်ကိုယ်တိုင် ကြွရောက်ပေးဖို့ လျှောက်ထားလေ၏။ ထိုအခါ ဆရာတော်က-

"အေး-အေး၊ ကောင်းပါပြီ၊ ငါကြွလာခဲ့ပါမယ်။ မင်းရဲ့ဇနီးကို ဝတ်သားဟင်းကောင်းကောင်းချက်ခိုင်းထားလိုက်"

ဟု မိန့်ကြားပြီး ကြွရောက်လာမည့်ရက်ကို ရက်ချိန်းပေးလိုက်၏။

ထိုရက်ချိန်းပေးလိုက်သောနေ့သို့ ရောက်ရှိသော စစ်ကွင်းဆရာတော်



www.burmeseclassic.com

www.burmeseclassic.com

သည် အဆိုပါ ပုဂ္ဂိုလ်ကြီးအိမ်သို့ ကြွသွား၏။ ထိုအိမ်တွင် ဆရာတော်သည် ဆွမ်းကိုဦးစွာဘုဉ်းပေးလိုက်၏။ ပြီးသော အခါတွင်မှ အိမ်ဒကာမကြီးကို ခေါ် လိုက်၏။ ဒကာမကြီး ရောက်လာသော အခါ ဆရာတော်က-

"ဒကာမကြီး၊ ဒကာမကြီးကို အဘ ဘိုးမင်းခေါင်က ဓာတ်စီးတယ်ဆိုတာ ဟုတ်သလား"

"မှန်ပါဘုရား၊ ဟုတ်ပါတယ်"

ဟု ဖြေလိုက်၏။ ထိုအခါ ဆရာ တော်က-

"ဒါဆို ဘိုးမင်းခေါင်က ဒကာမကြီးကို ဓာတ်စီးတယ်ဆိုတာ ဘယ်လိုစီးတာလဲ။ ရှေ့ကနေပြီး (×××)စီးတာလား၊ နောက်ကနေ (×××) စီးတာလား"

လို့ ခပ်ကြမ်းကြမ်းပြောလိုက်သည်နှင့် တစ်ပြိုင်နက် ထိုဒကာမကြီး၏ မျက်နှာတစ်ခုလုံး နီမြန်းပြီး ရှက်သွားတော့၏။

ထိုနောက်ပိုင်းတွင်ကား အဆိုပါ အရာရှိကြီးကတော်သည် အဘဘိုးမင်းခေါင် ဓာတ်စီးခြင်း လုံးဝမရှိတော့ဘဲ ပုံမှန်အတိုင်းပြန်ဖြစ်သွားခဲ့၏။

ဤကဲ့သို့ ဝိဇ္ဇာပုဂ္ဂိုလ်တို့၏ ဓာတ်စီးခြင်းနှင့် ပတ်သက်ပြီး ဆရာသမားများက အမိန့်ရှိခဲ့သည်မှာ-

"ပေါက်မြောက်ပြီးသွားတဲ့ ဝိဇ္ဇာခိုရ် ပုဂ္ဂိုလ်တွေ ဆိုတာ ဆုကြီးပန်တဲ့ ပုဂ္ဂိုလ်တွေပဲ၊ နှယ်နှယ်ရရပုဂ္ဂိုလ်တွေ မဟုတ်ဘူး၊ ဒါကြောင့် ဒီပုဂ္ဂိုလ်တွေဟာ သာမန်လူတွေကို ဘယ်တော့မှ ဓာတ်စီးတယ်ဆိုတဲ့ အလုပ်မျိုးမလုပ်ဘူး။ အဲဒီ ဓာတ်စီးတယ်ဆိုတာတွေက ဘယ်ဝိဇ္ဇာခိုရ်မှ မဟုတ်ဘူး။ လမိုင်းတွေပဲ။ အယောင်ဆောင်တွေပဲ၊ အေး - တစ်ခါ တော့ ရှိတယ်။ အဲဒီလို ပေါက်မြောက်ပြီးသားပုဂ္ဂိုလ်တွေဟာ အရေးကိစ္စရှိလို့ တွေ့မယ်ဆိုရင် ကိုယ်တိုင်လာတယ်။ လူပုဂ္ဂိုလ်အချင်းချင်း တွေ့သလိုမျိုး တွေ့ကြရတယ်။ အဲဒီကိစ္စကို မြဲမြဲမှတ်ထားပါ"

ဟု သင်ကြားပေးသည်ကို မှတ်သားရခဲ့ဖူးပါသည်။

**ဘေးဒုက္ခတွေ့နေသော သားအမိကို အိန္ဒိယပြည်မှ မြန်မာပြည်သို့ ချက်ချင်း ပြန်ရောက်အောင် ဝိဇ္ဇာနည်းဖြင့် ခေါ်ဆောင်ခြင်း**

ဤပြဿနာဖြစ်ပေါ်သည့်အချိန်မှာ စစ်ကွင်းဆရာတော်ကြီးသည် ရွှေတိဂုံဘုရား တနင်္ဂနွေထောင့်ရှိ နှစ်ကျိပ်ရှစ်ဆူ တန်ဆောင်းတွင် သီတင်းသုံးနေစဉ်က ဖြစ်၏။

တစ်နေ့တွင် မဂိုလမ်း (ယခု ရွှေဘုံသာလမ်း) တွင် နေထိုင်လုပ်ကိုင်နေသော ဘာဘူမြစိန်ဆိုသူ ရောက်ရှိလာခဲ့၏။ ၎င်းသည် ဆရာတော်နှင့် ဆရာရင်း ဒကာရင်း တစ်ဦးတည်းဖြစ်၏။

ဘာဘူမြစိန်နှင့်အတူ သူ၏တူမဖြစ်သူလည်း အတူပါလာလေ၏။ ခရီးရောက်မဆိုက်ပင် ဘာဘူမြစိန်က ဆရာတော်အား -

သူနှင့် ယခုပါလာသူသည် သူ၏ တူမဖြစ်ကြောင်း၊ သူမသည် ယနေ့အထိ သားသမီးတစ်ဦးတစ်ယောက်မျှ မထွန်းကားသေးကြောင်း၊ သို့သော် လက်ရှိအခြေအနေရ သားယောက်ျားလေးတစ်ဦး ထွန်းကားရန် မဖြစ်မနေလိုအပ်လာပါကြောင်း၊ သူတို့၏ ဟိန္ဒူလူမျိုးတို့ ထုံးစံအရ သူမသည် သားယောက်ျားလေး မွေးဖွားမှသာ အမွေရရှိမည်ဖြစ်ကြောင်း၊ ဤကဲ့သို့ မွေးဖွားနိုင်လျှင် အိန္ဒိယပြည်ရှိ ဆွေမျိုးများထံမှ အမွေသိန်း (၅၀၀) ရမည်ဖြစ်ကြောင်း သို့ပါသော်လည်း သူ့တူမ၏ အသက်သည် (၅၀) နီးနီးရှိနေပြီဖြစ်ကြောင်း ပြောဆိုလျှောက်ထားလေ၏။ ထို့နောက် ဘာဘူမြစိန်၏ တူမက ဆရာတော်ကြီးအား တစ်ဆက်တည်း လျှောက်ထားသည်မှာ -

"အရှင်ဘုရား၊ တပည့်တော်မ အဖို့ ဦးလေး လျှောက်ထားခဲ့သလိုပဲ အရေးကြီးတဲ့ အခြေအနေကို ရောက်ရှိနေပါပြီဘုရား။ ဒါကြောင့် တပည့်တော်မကို သားယောက်ျားလေးတစ်ယောက် အမြန်ထွန်းကားရရှိအောင် ကူညီစောင်မပေးဖို့ လျှောက်ထားပါတယ်"

ဟု ပြောလေ၏။

ထိုအခါ ဆရာတော်ကြီးသည် ထိုအမျိုးသမီးကို လူရှေ့သို့လာရန်ခေါ်လိုက်၏။ ထို့နောက် ဆရာတော်သည် သူမ၏ ခေါင်းကို (၃) ချက်ပုတ်လိုက်၏။ တစ်ပြိုင်နက်တည်းပင် ဆရာတော်၏ နှုတ်မှလည်း -

"သားယောက်ျားလေးရစေ"

ဟု အမိန့်ပေးလိုက်၏။

ဆရာတော်သည် ဘာဘူမြစိန်၏ ရှေ့မှောက်တွင်ပင် ဤကဲ့သို့ လုပ်ပေးလိုက်၏။ ပြီးလျှင်-

"ကဲ- ရပြီ ဒကာကြီး"

ဟု မိန့်လိုက်၏။ မကြာမီပင် ဘာဘူမြစိန်တို့ ပြန်သွားခဲ့ကြ၏။

ထို့နောက် မကြာမတင်မီအချိန်တွင်ပင် ဘာဘူမြစိန်၏ တူမတွင် ကိုယ်ဝန်ရရှိလေတော့၏။ သူမ၏ ကိုယ်ဝန်ရင့်မာလာချိန်တစ်နေ့တွင် ဘာဘူမြစိန်နှင့်သူ၏တူမတို့သည် ဆရာတော်ထံ ရောက်လာကြပြန်၏။

တူမဖြစ်သူက-

"အရှင်ဘုရား၊ တပည့်တော်မ မီးဖွားဖို့ တစ်လအလိုလောက်မှာ အိန္ဒိယကိုသွားရမယ်။ အဲဒီမှာပဲ မီးဖွားရပါမယ်ဘုရား"

"ဘာဖြစ်လို့လဲ"

"တကယ်လို့ မြန်မာပြည်မှာပဲ မီးဖွားပြီး သားယောက်ျားလေး ရတယ်ဆိုရင် သူတို့က ယုံမှာမဟုတ်ဘူး။ လိမ်တယ်လို့ထင်ပါလိမ့်မယ်။ ဒါဆို တပည့်တော်မရမယ့် အမွေတွေကိုလည်း ပေးမှာ မဟုတ်ဘူး။ ဒါကြောင့်မို့လို့ တပည့်တော်မကိုယ်တိုင် အိန္ဒိယသွားပြီး သူတို့ရှေ့ မီးဖွားပြရမယ်။ ဒါမှ သူတို့ငြင်းလို့မရဘဲ လက်ခံကြရမှာပါ။ ဒါကြောင့်မို့လို့ ဆရာတော်ကြီးအနေနဲ့ တပည့်တော်မတို့ ဘေးမသီရန်မခအောင် စောင့်ရှောက်ပေးတော်မူပါ"

ဟု လျှောက်ထားလိုက်၏။

ထိုအခါ ဆရာတော်ကြီးက

"ဒီကိစ္စအတွက် ဘာမှမပူနဲ့သမီး တစ်စုံတစ်ခုဖြစ်ရင် ငါ့ကိုသာတလိုက်ပေတော့"

ဟု မိန့်ကြားခဲ့၏။

ထို့နောက် ဘာဘူမြစိန်၏ တူမသည် မီးဖွားရန် တစ်လခန့်အလိုတွင် အိန္ဒိယသို့ သွားရောက်ခဲ့၏။ အိန္ဒိယရှိ ဆွေမျိုးများရှေ့တွင်ပင် သားယောက်ျားလေးကို အောင်မြင်ချောမွေ့စွာပင် မီးဖွားနိုင်ခဲ့၏။

သို့သော် မီးဖွားပြီးနောက် သူမ၏ အခြေအနေကား မချောမွေ့ခဲ့ပေ။ အိန္ဒိယ၌ရှိသော သူမ၏ ဆွေမျိုးညီအစ်ကို မောင်နှမတို့သည် သူမ၏သားယောက်ျား မွေးဖွားလာခြင်းအတွက် အမွေပေး မည်ကို တွေးပြီး စိုးရိမ်လာကြ၏။ ထို့ ကြောင့် သူတို့သည် အကောက်ကြံကြ တော့၏။

နောက်ဆုံးတွင် သူမ၏ ဆွေမျိုး တို့သည် မိခင်ရောကလေးကိုပါ သူတို့ တိုက်အပေါ်ဆုံးထပ်တွင် အလုံပိတ်အခန်းတစ်ခန်း ပြုလုပ်ပြီး ချုပ်နှောင်ကာ ပိတ်လှောင်ထားလိုက်ကြတော့၏။

(ဆက်ရန်)

ပထမံဆရာ[illegible]



www.burmeseclassic.com

www.burmeseclassic.com

### နိုင်ငံခြားမဟုတ်ချက်ပေ အရှေ့ပြက္ခရွေ့ နိမ္မာနိုဝိဂိုးတစ်ပါးတည်းသွားနေသော

# ချမ်းမြေ့ပါရမီတောရဆရာတော်ဘုရားကြီး

အာကာသ(သာစည်)

မြန်မာနိုင်ငံ၏ အလယ်ဗဟိုတည့်တည့်တွင်ရှိသော ပြက္ခရွေ့တောင်ကြီးအား လူတိုင်း မရောက်ဘူး၊ မတက်ဘူးသေးလျှင်သာရှိမည် ဖြစ်သော်လည်း မသိသူကား ရှိကြမည် မဟုတ်ပေ။ ပုဂံပြည့်ရှင် အနော်ရထာဘုရင်သည် ငါးဆူမြောက်သော စွယ်တော်ပွားအား သည်တောင်ထွတ်ပေါ်တွင် ဌာပနာသွင်း စေတီတည်ထားခဲ့ခြင်းကြောင့် သမိုင်းဝင် ထင်ရှား ကျော်ကြားနေခြင်းပဲ ဖြစ်ပါသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြစ်သားမြို့နယ် ကူမဲမြို့၏ တောင်ဘက်ကင်းတားရေလှောင်တမံသို့ သွားရာလမ်း၏ယာဘက်၌ရှိပြီး တောင်ခြေအထိ ကား၊ ဆိုင်ကယ်၊ စက်ဘီး၊ ခြေကျင်ခရီးတို့နှင့် သွားလာနိုင်သည်။ တောင်ခြေတွင် စစ်တပ်နှင့် မြတ်သုခရွာတစ်ရွာရှိပြီး အရိပ်အာဝါသကောင်းသော စခန်းရိပ်တွင် ကား၊ ဆိုင်ကယ်၊ စက်ဘီး အစရှိသည်များအား လုံခြုံစိတ်ချစွာ ထားရစ်ခဲ့နိုင်သည်။

ပြက္ခရွေ့တောင်ပေါ်သို့တက်ရာတွင် အရှေ့တောင်နှင့် အနောက်တောင်ဟူ၍ရှိရာ တောင်တက်စောင်းတန်းထိပ်ရှေ့တည့်တည့်၌ လမ်းညွှန်မြေပုံရေးဆွဲပြသထားသည်။ ရှေးဟောင်းကျောင်းတိုက်ကြီးများ တည်ရှိသော မောနားဘုန်းကြီးကျောင်းအထိ ကွန်ကရစ်ခင်းအုတ်လှေကား စောင်းတန်းရှည်ကြီးအတိုင်း နာရီဝက်ခန့်တက်သွားရသည်။

တလှုပ်လှုပ် တက်လာကြသော စာရေးသူနှင့် အဖော်မိတ်ဆွေကြီး ဦးရီမောင်တို့မှာ ချွေးတစိုခန့်တွင် မောနားဘုန်းကြီးကျောင်းဝင်းအတွင်းသို့ရောက်လာကာ မန်းကျည်းပင်အောက်ရှိ ကွပ်ပျစ်တွင် ခဏထိုင်ကြသည်။ ကျောင်းဝင်းပရိဝုဏ်အတွင်းရှိ အနော်ရထာမင်းကြီးတည်ထားရစ်သော ဆုတောင်းပြည့်စေတီတော်အား ဖူးမြော်ကြည်ညိုပါသည်။ထုထည်ကြီးမားသောရှေးဟောင်းအုတ်ကျောင်းကြီးများအား တငေးတမောကြည့်ရင်း ချွေးသိပ်နားနေ အပန်းဖြေပြီးနောက် တောင်ဝှေးကိုယ်စီဖြင့်ဆက်လက်ထွက်ခွာတက်လာကြပါသည်။



အမှန်တော့ ဒီပြက္ခရွေ့တောင်သို့ စာရေးသူတို့ လာကြခြင်းအကြောင်းက ချမ်းမြေ့ပါရမီတောရ ဟာစ်တော်မူဆရာတော်ဘုရားကြီးအား ဦးခိုက်ဖူးမြော်ပူဇော်ရန် ဖြစ်သည်။ ဆရာတော်သည် ၁၃၅၇ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်နေ့တွင် ဝမ်းတွင်းမြို့နယ် ကြွယ်ကန်ရွာအရှေ့ဘက်ရှိ ဟာစ်တော်မူတောင်သို့ ကနဦးတောထွက်လာကာ တောရဆောက်တည် သီတင်းသုံးတော်မူခဲ့သည်။ ဆရာတော်တစ်ပါးတည်း တောအုံမျက်မည်း ဘုရားမြို့ ဂူပျက်ထဲတွင် ကိလေသာတို့အား ခါထွက်စေသော ဓူတင်အကျင့်မြတ်ဖြင့် တံရားအားထုတ်တော်မူသည်။ ရံဖန်ရံခါ၌ သုသာန်ဓူတင်ဆောက်တည်၍ ရံခါဆွမ်းခံချိန်မမီသဖြင့် သပိတ်ဆေးပြီး ရေဆွမ်းဘုဉ်းပေးတော်မူသည်။

ဆရာတော်၏ ဓူတင်ပဋိပတ်အ



www.burmeseclassic.com

www.burmeseclassic.com

ကျွင့်မြွတ်ကြောင့်လည်းကောင်း၊ သိက္ခာသုံးဖြာ ဂုဏ်အင်္ဂါနှင့် ပြည့်စုံသဖြင့်လည်းကောင်း ကိုးကွယ်ဆည်းကပ်သူများ ကြိတ်ကြိတ်တိုးလာသည်။ ဆရာတော်သည် ဟစ်တော်မှုသာသနာ(၉)နှစ်ကြာခန့်မျှ ထမ်းဆောင်ပြီး ၁၃၆၇ ခုနှစ်၊ ဝါဆိုလဆန်း ၃ ရက်နေ့တွင် ဘုရားရှင်၏အလိုကျ ဆိတ်ငြိမ်ရာဒေသဖြစ်သော ပြက္ခရွှေတောင်သို့ ပြောင်းရွှေ့ကြွတော်မူခဲ့ပါသည်။

သာသနာပြုမင်းတစ်ပါးဖြစ်သော အနော်ရထာမင်းတရားသည် မြန်မာနှစ် ၃၇၉ တွင် နန်းတက်ပြီး နိုင်ငံနှင့်အဝန်း၌ ဘုရားကျောင်းကန်၊ ဆည်မြောင်းတာတမံ၊ မြို့သစ်များ ကာရံတည်ဆောက်တော်မူသည်။ မြန်မာနှစ် ၃၉၅ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်၊ သောကြာနေ့တွင် ကင်းမြို့ (၄၃) မြို့အား တစ်ချိန်တည်း တစ်ပြိုင်တည်းတည်ထားရာတွင် မြစ်သားမြို့လည်း တစ်မြို့အပါအဝင်ဖြစ်သည်။

မင်းကြီးလည်း ယင်းမြစ်သားမြို့တွင် ယာယီနန်းစိုက်ပြီးစံတော်မူစဉ်က သိဟိုဠ်စွယ်တော်ပွား (၅) ဆူအနက်မှ စွယ်တော်မြတ်တစ်ဆူအား ပြက္ခရွှေတောင်ထွတ်ပေါ်တွင် ဌာပနာသွင်း၍ စေတီတည်ထားခြင်းပြုခဲ့သည်။ စွယ်တော်မြတ် (၅) ဆူတွင် (၄) ဆူသော စွယ်တော်များအား ရွှေစည်းခုံစေတီ၊ တန့်ကြည့်တောင်စေတီ၊ လောကနန္ဒာစေတီနှင့် တူရွင်းတောင်စေတီတို့တွင် တစ်ဆူစီ ဌာပနာ၍ ကျန်တစ်ဆူအား



ချမ်းမြေ့ပါရမီတောရအဝင်မုခ်ဦး



ပြက္ခရွှေအရှေ့ဇေတင်နှင့် အနောက်တောင် စွယ်တော်ဘုရားသို့သွားရန် ထမ်းညွှန်ပြထားသော ဆုတ်အင်္ဂါတေတိုင်



ချမ်းမြေ့ပါရမီတောရ အရှေ့ပြက္ခရွှေတောင် အရှင်အာစိဏ္ဏ
(သိမ်ရှေ့တွင် အခြားသံဃာတော်များနှင့်အတူ တောင်ရေးထောက်လျက်ရှိသော ဆရာတော်)



www.burmeseclassic.com

www.burmeseclassic.com

ဆင်ဖြူတော်ထက် တင်ပြီးလွှတ်ရာ ဆင်ဖြူတော်သွားလိုရာ ပြက္ခရွေတောင်သို့ ရောက်ရှိလာသည်။

ဆင်ဖြူတော်သည် ပြက္ခရွေတောင်သို့ တက်လေရာ သာလျောင်းတော် (ယခု မောနားတောင်) အရောက်တွင် ခေတ္တခဏနားသဖြင့် ယင်းတောင်အား မောနားတောင်ဟု ခေါ်တွင်လျက်ရှိသည်။ အနော်ရထာမင်းကြီးလည်း ဆင်ဖြူတော်ခေတ္တနားရာ မောနားအရပ်တွင် တဲနန်းထိုးစံမြန်းရင်း ဆုတောင်းပြည့်စေတီတစ်ဆူ တည်ထား ကိုးကွယ်တော်မူသည်။

စွယ်တော်မြတ် တင်ဆောင်ထားသော ဆင်ဖြူလည်း မောနားတောင်မှ အရှေ့ဘက် ခရွေတောင်သို့ တက်သွားပြီး ပြန်ဆင်းလာ၍ အနောက်ဘက် ပြက်တောင်ထက် တက်ပြန်လေသည်။ ပြက်တောင်ထိပ်အရောက်တွင် ဆင်ဖြူတော်ဝပ်လေရာ မင်းကြီးလည်း ဆင်ဖြူဝပ်သော ယင်းတောင်ထွတ်ပေါ်တွင် စေတီတစ်ဆူတည်ကာ စွယ်တော်မြတ်အား ဌာပနာတော်မူသည်။

ခရွေတောင်နှင့် ပြက်တောင်အား ပြက္ခရွေအရှေ့တောင်နှင့် ပြက္ခရွေအနောက်တောင်ဟုခေါ်၍ အရှေ့ဘက်တောင်က (၃၅၅၉)ပေမြင့်ပြီး အနောက်ဘက်တောင်မှာ (၃၇၃၄) ပေမြင့်သည်။ တောင်ခြေလှည်းခံမှ မောနားအထိ (၄) ဖာလုံကွာဝေး၍ ယင်းလှည်းခံတောင်ခြေမှ အနောက်ဘက် ပြက္ခရွေတောင် စွယ်တော်မြတ်စေတီအထိ (၃) မိုင် ကွာဝေးပါသည်။

မြန်မာနှစ် ၃၉၅ ခုနှစ်တွင် တည်ထားသော အနောက်ဘက် ပြက္ခရွေတောင်ရှိ စွယ်တော်မြတ်စေတီမှာ ဉာဏ်တော်အမြင့် (၈၁) ပေရှိ၍ အောက်ခြေဖိနပ်တော်မှာ အလျား (၈၁) ပေနှင့် အနံ (၈၁) ပေရှိသည်။ ရင်ပြင်တော်ပတ်ပတ်လည်တွင် အရံစေတီ (၃၂) ဆူနှင့် အနောက်ဘက်ပြက္ခတောင်ရှိ သာသနာတော်အား အနီးကပ်စောင့်ရှောက်လျက်ရှိသော ဘုန်းကြီးကျောင်းရှိပါသည်။

အနောက်ဘက်ပြက္ခရွေတောင်သည် မြန်မာနိုင်ငံ၏ အလယ်ဗဟိုချက်နေရာဖြစ်ပြီး နိုင်ငံတော်မှ မှတ်တမ်းတင်ကမ္ပည်းထိုး ထိန်းသိမ်းထားရှိသည်။ ကမ္ဘာ့တည်နေရာပြ တိုင်းတာချက်များအရ မြန်မာနိုင်ငံ၏ အလယ်ဗဟိုချက်သည် မြောက်လတ္တီကျု (၂၁) ဒီဂရီ၊ (၁၂) ဒသမ၊ (၆၉၅) စက္ကန့်နှင့် အရှေ့



ချောင်ပါရမီတောရဆရာတော် သီတင်းသုံးတော်မူရာ ထရံကာ ဝါးကပ်မိုး တစ်ပါးနေကျောင်း



တောင်ခြေလှည်းခံမှ (၄) ဖာလုံခန့်သာဝေးသော ရှေးဟောင်းအုတ်တိုက်ကြီးများရှိရာ မောနားကျောင်း



www.burmeseclassic.com

www.burmeseclassic.com

လောင်တီကျူ (၉၆) ဒီဂရီ (၁၄) ဒသမ၊ (၇၅၉) မိနစ်တွင် တည်ရှိသည်။ ယင်းနေရာကား အနောက်ဘက် ပြက္ခရွှေတောင်စွယ်တော်မြတ်စေတီ တည်ရှိသောနေရာ ဖြစ်ပါသည်။

ဆင်ဖြူတော် ခေတ္တနားရာမောနားအရပ်မှ အရှေ့ဘက်ပြက္ခရွှေတောင်သို့တက်လျှင် တောင် (၁၂) လုံးကျော်မှရောက်သကဲ့သို့ အနောက်ဘက်ပြက္ခရွှေတောင်သို့ဆိုလျှင် တောင် (၉) လုံးကျော်ပြီးမှ ရောက်ရှိပါသည်။ တောင်ခြေလှည်းခံမှ မောနားကျောင်းအထိ တစ်လမ်းတည်းသာဖြစ်ပြီး မောနားကျောင်းအထွက်တွင် အရှေ့ဘက်တောင်နှင့် အနောက်ဘက်တောင်သို့ တစ်လမ်းစီခွဲသွားပါသည်။


တောတွင်းသွားလမ်းများ မမှားရအောင် ညွှန်ပြထားသည်

ချမ်းမြေ့ပါရမီတောရ ဟစ်တော်မူဆရာတော်သည် မြစ်သားမြို့နယ် ကူမဲမြို့၏တောင်ရှိ ဝေးလံခေါင်ပါးသောတောစွန်တောင်ဖျား ပြက္ခရွှေတောင်တောနက်ကြီးများရှိရာသို့ ကြွတော်မူသည်။ အနော်ရထာမင်းကြီး တည်ထားတော်မူသော စွယ်တော်မြတ်စေတီ၏အောက်ဘက်မနီးမကမ်း အရှေ့တောင်စေတီနှင့် အနောက်တောင်စေတီကြားရှိ ကျောက်လိုဏ်ဂူတွင် တစ်ပါးတည်းသီတင်းသုံးတော်မူသည်။


ချမ်းမြေ့ပါရမီတောရတစ်နေရာတွင် မှော်ရုံကြီး တည်ဆောက်ရန် ကြိုတင် ပြင်ဆင်နေကြစဉ်

ဆရာတော်အလောင်းအလျာကို ၁၉၅၅ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်၊ တနင်္ဂနွေနေ့၊ ၁၃၁၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက်နေ့တွင် ကျောက်ဆည်မြို့၌- ခမည်းတော် ဦးလှမင်းနှင့် မယ်တော်ဒေါ်တင်လှတို့မှ ဖွားမြင်သောသားရတနာ ဖြစ်သည်။ လောကီစာပေများအား သင်ကြားခဲ့ရာ ၁၉၇၄ ခုနှစ်တွင် ကျောက်ဆည်မြို့ အထက်တန်းကျောင်းအမှတ်(၁)မှ ဒသမတန်းအောင်မြင်ခဲ့သည်။

ကျောက်ဆည်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရပ်/ကျန်းမာရေးအဖြစ် ၁၉၇၄ မှ ၁၉၉၀ ပြည့်နှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၉၀ ပြည့်နှစ်၊ ဇူလိုင်လ ၃ ရက်နေ့၊ ၁၃၅၂ ခုနှစ်၊ ဝါဆိုလဆန်း ၁၂ ရက်နေ့တွင် ကျောက်ဆည်မြို့ အလည်ကျွန်းကျောင်းဆရာတော်ဘုရားကြီး ဦးဇောတိကကို ဥပဇ္ဈာယ်ပြု၍ ရဟန်းပြုတော်မူပါသည်။ (၁၉၉၂ ခုနှစ်)၊ ၁၃၅၃ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်နေ့တွင် ကျောက်ဆည်မြို့ စိတ္တသုခကျောက်ဂူကျောင်းဆရာတော်ထံ ရောက်ရှိခဲ့


တောင်တက်လမ်းခုလတ်တစ်နေရာမှ အမောပြေ နားနေရာ ဇရပ်



www.burmeseclassic.com

www.burmeseclassic.com



ပြကျွန်းရွှေတောင်တက်လမ်းကြောင်းပြ မြေပုံရှေ့မှ ဦးရီမောင်



ချမ်းမြေ့ပါရမီတောရဆရာတော်အား ဖူးမြော်ရန် ဆရာတော်၏ကျောင်းအနီးရှိ စေတီတော်ရှေ့ ရောက်နေကြသော စာရေးသူနှင့် ဦးရီမောင်

သည်။

ကျောက်ဆည်မြို့ ဝေဘူချောင်၊ သပြေပင်မိုးကုတ်ရိပ်သာ၊ ရေဝတီမဟာ ညေိရိပ်သာနှင့် မော်လမြိုင် တော်ကူး၊ အားအောက်၊ ရန်ကုန် ပဏ္ဍိတာရာမချမ်းမြေ့မေ့ဇောတိ၊ ဟံသာဝတီ အစရှိသော ရိပ်သာများတွင် တရားအားထုတ်ခဲ့သည်။

၁၉၉၈ ခုနှစ်တွင် ကမ္မဋ္ဌာန်းဆရာကြီး ဦးသန်း ပို့ချသည့် လယ်တီဆရာတော်ဘုရားကြီး၏တပည့် အနာဂါမ်ဆရာသက်ကြီး ဝိပဿနာရှုနည်း ပထမအကြိမ် ကမ္မဋ္ဌာနစရိယသင်တန်းသို့လည်း တက်ရောက်ခဲ့သည်။

ဆရာတော်သည် မူလကတည်းက အရည်ဝါသီ တောရပ်မှီပြီး ဇေကစာရီ တစ်ပါးတည်းနေ တစ်စိတ်တည်းထား၍ တရားအားထုတ်လိုရင်းရှိခဲ့သည်။ ဒကာ အချို့ လိုက်ပါပို့ဆောင်သဖြင့် ကြွယ်ကန်ရွာဘုန်းကြီးကျောင်းသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာသော အာဂန္တုကိုယ်တော်အား ဆရာတော်အရှင်ဟောသဓပဏ္ဍိတမှ ဝမ်းပန်းတသာကြိုဆိုသည်။ သဘောထားကြီးပြီး ကူညီလိုစိတ်အပြည့်ရှိသော ကြွယ်ကန်ကျောင်းဆရာတော်သည် ဟစ်တော်မူ ဆရာတော် ဟူ၍ ဖြစ်လာမည့် အာဂန္တုရဟန်းနှင့်သက်မည့် ဆိတ်ငြိမ်အေးချမ်းရာ ဟစ်တော်မူတောင်သို့ လိုက်ပါပို့ဆောင်ပေးခဲ့သည်။

ဆရာတော် ဟစ်တော်မူတောင်ရောက်ခါစ မထင်မရှား သီတင်းသုံးစဉ်က မြွေပွေး၊ မြွေဟောက်၊ ငန်းမြွေ၊ ဆောက်တဲ့များ ကျက်စားသော မှောင်မည်းမည်း အုတ်ဂူကြီးထဲတွင် စတင်တရားအားထုတ်သည်။ တစ်ခါတစ်ရံ၌ မြင်းခြံရွာ၊ လေသာရွာ၊ ကြွယ်ကန်ရွာ သုသာန်စသည်တို့တွင် လှည့်လည်ပြီး သုသာန်ဓုတင်ဆောင်လေ့ရှိသည်။

ဆရာတော်၏ ဆွမ်းခံရွာများ အနက် အနီးဆုံးက တစ်မိုင်ခန့်ဝေးသော ကြွယ်ကန်ရွာဖြစ်၍ တစ်နေ့တွင် မနက်ခင်းမိုးသည် အဆက်မပြတ် တရစပ်ရွာချနေရာ ဆွမ်းခံမကြွနိုင်ဘဲရှိသည်။ အနီးဝန်းကျင်တွင် ထွန်ယက်နေသော ကြွယ်ကန်ရွာသားတစ်ဦးလည်း ဆရာတော်၏ ထရံကာဝါးကပ်မိုးကျောင်းကလေးထဲ မိုးဝင်ခိုရင်း မေ့ခနဲ အိပ်ပျော်သွားသည်။ တရားဖြုတ်ပြီး ကျောင်းပေါ် တက်လာသော ဆရာတော်၏ ခြေသံကြားမှ အိပ်ရာမှနိုးလာသည်။

ယင်းရွာသားလည်း အိပ်လက်စနှင့် မထသေးဘဲ မျက်စိအသာဖွင့်၍ ဆရာတော်အား စောင့်ငဲ့ပြီး အကဲခတ်ကြည့်ရှုနေသည်။ ဆရာတော်က မှောက်ထားသော သပိတ်တစ်လုံးအားယူ၍ ရေနှင့်ဆေးကြောကာ သပိတ်ထဲရေထည့်ပြီး တဂွတ်ဂွတ်နှင့် မော့သောက်နေသည်။ ဆွမ်းခံချိန်မရသဖြင့် ရေဆွမ်းဘုဉ်းပေးနေသည်ကိုမြင်ရသော ထွန်သမားလည်း စိတ်မကောင်းဖြစ်ခဲ့ရသည်ဟု ဦးချစ်ဦးမှ စာရေးသူအား ပြောပြဖူးသည်။

ကြွယ်ကန်ရွာသို့ ဆရာတော်ဆွမ်းခံကြွရာတွင် ခွေးဆိုးတစ်ကောင်ရှိသော ထန်းတက်တဲတစ်တဲ၏အနီးမှ မသွားမဖြစ် ဖြတ်ကြွသွားရသည်။ တစ်နေ့တွင် သံကြိုးချည်ထားရာမှ လွတ်နေသော ခွေးမှာ ဆရာတော်ကြွအလာတွင် တရကြမ်းပြေးလာပြီးကိုက်ရာ ဆရာတော်က ရပ်ပေးထားသည်။ ရွာအကြီးအကဲလုပ်သူနှင့် ရွာသူရွာသားများက ကိုက်တတ်သောခွေးအား ချည်မထားရကောင်းလားနှင့် ထန်းတက်သမားကို ငေါက်ငမ်းအပြစ်တင်ရင်း ဆရာတော်၏ကြွက်သားပုံမှ စီးကျနေသောသွေးများအား သုတ်သင်၍ ဆေးထည့်ပေးနေကြသည်။

ဆရာတော်မှ -

"အပြစ်မတင်ကြပါနဲ့။ ခွေးကိုလည်း မရိုက်မနှက်ကြပါနဲ့၊ သံသရာက ရှိခဲ့တဲ့ အတုံ့အလှည့်ကြောင့်ပါ"

ဟု မိန့်ပါသည်။

ထန်းတဲရှင်က ခွေးအား သံကြိုးနှင့်ချည်ထားသော်လည်း သံကြိုးမှလွတ်ပြီး ဆရာတော် ဆွမ်းခံကြွအလာတွင် မကြာမီရက်အတွင်း၌ ဒုတိယအကြိမ် ကိုက်ပြန်သည်။ထန်းတက်ရာမှ ရေးကြီးသုတ်ပျာဆင်းလာသော ထန်းသမားလည်း ဆရာတော်အား မူလတည်းက ရိုသေကိုင်းရှိုင်းသူဖြစ်၍ အားတုံ့အားနာဖြစ်လျက်ရှိသည်။ ခွေးကိုလည်း ဒီတစ်ခါသာ ဆရာတော်ကိုကိုက်လျှင် အသေသတ်ပစ်တော့မည်' ဟု ဒေါသတကြီး ကြိမ်းမောင်းနေပါသည်။

မေ့လောက်သော နေ့တစ်နေ့တွင်လည်း ဆွမ်းခံကြွလာသော ဆရာတော်အားကိုက်ရန် တတိယအကြိမ်မြောက်



www.burmeseclassic.com

www.burmeseclassic.com

တဝေါ်င်းဝေါ်င်းပေါ်ကာ မာန်ဖီ၍ပြေးလာသည်။ ရပ်ပေးထားသော ဆရာတော်၏ ခြေသလုံးအား ငုံပြီးမှ မကိုက်တော့ဘဲ လှည့်ပတ်နမ်းရှုပ်ကာ ပြန်ဆုတ်သွားသည်။ အကိုက်ကြမ်းသောခွေးဆိုးသည် ဆရာတော် ဆွမ်းခံအပြန်တွင် ခါတိုင်းထွက်ကိုက်နေကျနေရာမှ အုံ့ဩစရာကောင်းလောက်အောင်ပင် အမြီးတနှန့်နှန့်လှုပ်ကာကြိုနေပြီး ဆရာတော်နောက်မှ တစ်ပါတည်းလိုက်သွားတော့သည်။

တစ်နေ့တွင် ကြွယ်ကန်ရွာသို့ ဆရာတော် ဆွမ်းခံကြွပြီးအပြန်တွင် ဦးစောမောင်မှ ဟင်းချိုင့်ဆွဲပြီး ဟစ်တော်မူတောင်သို့ လိုက်ပါပို့ဆောင်ပေးသည်။ တောင်အတက် အုတ်လှေကားအရောက်တွင် ဆရာတော်၏ရှေ့မှ ငန်းမြွေကြီးတစ်ကောင်သည် မသွားဘဲ ကန့်လန့်ကြီးရပ်နေရာ နောက်မှကပ်၍လိုက်ပါလာသော ဦးစောမောင်လည်း ကြောက်လန့်တကြားဖြစ်သွားသည်။ ဆရာတော်မှ ငန်းမြွေကြီး၏အနီးသို့ တိုးကပ်သွားပြီး ဆောင့်ကြောင့်ထိုင်လိုက်ကာ မြွေကြီး၏ ကျောကုန်းအား လက်ဖြင့်သပ်ပေးရင်း-

"နင်လာပြန်ပြီလား၊ ကိုယ့်နေရာကိုနေမှ ပေါ့"

ဟုပြောလိုက်သည်။

ငန်းမြွေကြီးလည်း ပါးပျဉ်းထောင်ထလာကာ တဖြည်းဖြည်းခေါင်းချလျက် ထွက်ခွာသွားသည်ကို ကိုယ်တိုင်မြင်လိုက်ရသော စာရေးသူ၏သူငယ်ချင်း ဦးစောမောင်မှပြန်လည်ပြောပြပါသည်။

တစ်ညတွင်လည်း ဆရာတော့်ထံမှ ကမ္မဋ္ဌာန်းနည်းခံပြီး တရားထိုင်ဖြစ်သဖြင့် ဦးစောမောင်တစ်ယောက် ရွာမပြန်ဖြစ်ဘဲရှိသည်။ မှိတ်တုတ်မှိတ်တုတ်ရှိသော ကြယ်ရောင်လေးများ၏အောက်တွင် ဟစ်တော်မူတောင်တစ်ကြောလုံးကား တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေသည်။ တစ်ခါတလေ၌ အိပ်တန်းတက်ငှက်များ၏ လန့်ဖျပ်အော်သံ၊ မြွေတွန်သံတချို့သာကြားရပြီး ရွာဘက်ဆီမှလည်း ခွေးဟောင်သံသဲ့သဲ့ကြားနေရသည်။

ဦးစောမောင်တရားဖြုတ်ပြီးနောက် ခေတ္တခဏအနားယူနေစဉ် ခေါင်းထဲသို့ အတွေးများ တစ်စီတစ်တန်းကြီးဝင်လာသည်။

'ဆရာတော် ခုနေများ သုသာန်ဓူတင်ဆောင်ကြွသွားရင် ညကြီးမင်းကြီး သချိုင်းကုန်းထဲကို ငါလည်းမလိုက်ရဲဘူး။ သည်တောင်ပေါ် တစ်ယောက်တည်းနေခဲ့ရပြန်ရင်လည်း ဘယ်လိုမှတစ်ယောက်တည်းနေခဲ့ရဲမှာမဟုတ်ဘူး။ ကနေ့ည ဆရာတော် သုသာန်ဓူတင်ဆောင်မကြွဖြစ်ပါစေနဲ့'

ဟု စိတ်ထဲမှ ဆုတောင်းနေမိသည်။

"ဒကာကြီး၊ သည်နေ့ညတော့ သုသာန်ဓူတင်ဆောင်မကြွတော့ပါဘူး"

ဦးစောမောင် စိတ်ကူးပူပန်နေဆဲတွင် ဆရာတော်မှ အမှတ်မထင်ပြောလိုက်သဖြင့် 'ငါတွေးတောပူပန်နေတာ ဆရာတော်များသိနေသလား' ဟု အံ့ဩတုန်လှုပ်ကာ ရှက်သွားမိသည်ဟု ဦးစောမောင်မှ ရယ်ကာမောကာနှင့် ပြန်လည်ပြောပြပါသည်။

စာရေးသူနှင့် အဖော်မိတ်ဆွေကြီး ဦးရီမောင်လည်း မနက်(၇)နာရီကတက်လာခဲ့ရာ (၁၁)နာရီခွဲမှသာ ချမ်းမြေ့ပါရမီတောရ ဓမ္မရိပ်သာ ဆွမ်းချက်ဆောင်သို့ ရောက်ရှိရာ (၄) နာရီခွဲ အချိန်ကြာမြင့်ပါသည်။ သီလရှင်ဆရာကြီး၊ ဆရာလေးများနှင့် ဦးအုံးမောင်တို့က မနက်စာထမင်းကျွေးသဖြင့် ဆာဆာနှင့် စားကောင်းကောင်းရှိ စားကြပြီးနောက် ဆရာတော် သီတင်းသုံးရာ တစ်ပါးနေကျောင်းရှိရာသို့ ကုန်းမို့မို့ပေါ် တက်လာကြသည်။

ဆရာတော်၏ ဝေယျာဝစ္စများအား အနီးကပ် ဆောင်ရွက်နေသော ဦးအုံးမောင်မှ လိုက်ပါပို့ဆောင်ရာ ဆရာတော် သီတင်းသုံးသော တစ်ပါးနေကျောင်းကလေးမှာ ဆွမ်းချက်ဆောင်နှင့် တစ်ခေါ်သာသာခန့်ဝေးသည်။ သစ်တော၊ သစ်ပင်၊ ဝါးရုံပင်များ၊ တောင်ပူစာ မနိမ့်မမြင့်များအား ကျော်ဖြတ်ရင်းလျှောက်လာကြရာ (၉) ပေ၊ (၆) ပေ အကျယ်၊ အမြင့် (၉) ပေခန့်ရှိသော ထရံကာဝါးကပ်မိုး ကျောင်းတော်သို့ ရောက်ရှိလာကြသည်။

ပွင့်ဟနေသော တံခါးပေါက်အား ဦးအုံးမောင်မှ အသာတွန်းကြည့်ရာ ဆရာတော်က ငုတ်တုတ်ထိုင်ခုံပေါ်တွင် မျက်လွှာချ၍ တရားရှုမှတ်နေသည်။ ဆရာတော်သည် ကျောမခင်းသော အကျင့် နေသဇ္ဇိကဓူတင်ဖြင့်သာ နေတော်မူသဖြင့် ကျောင်းငယ်အတွင်း၌ ထိုင်ခုံတစ်လုံးသာရှိ၍ စောင်၊ ခြင်ထောင်၊ ခေါင်းအုံး ဟူပြီး အလျှင်းမရှိပေ။ ဝါဆိုဝါကပ်ရက်များနှင့် ရုံဖန်ရံခါတို့၌လည်း အောက်ဘက်သို့ နာရီဝက်ခန့်ဆင်းမှရောက်နိုင်သော ကျောက်ဂူထဲတွင် သီတင်းသုံးပြီး ပိဏ္ဍပါတ်ဓူတင်အကျင့်ဖြင့် ဆွမ်းချက်ဆောင်သို့ နေ့စဉ်ဆွမ်းခံကြွတော်မူပါသည်။

ဆရာတော်ကား ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ဟူသော ပစ္စည်းလေးပါးတို့၌ ခေါင်းပါးစွာကျင့်ခြင်းဖြင့် အရိယဝံသတရားတို့တွင်တည်ပြီး ဘာဝနာ၌မွေ့လျော်တော်မူလျက်ရှိသည်။ ယင်းဓူတင်ပဋိပတ်အကျင့်မြတ်ကြောင့်လည်း ဆရာတော်၏သီလကား အထူးစင်ကြယ်၍ သမာဓိ၊ ပညာ၊ သိက္ခာသုံးဖြာ ဂုဏ်အင်္ဂါနှင့် ပြည့်စုံတော်မူပါပေသည်။

ကျောင်းလေး၏ရှေ့ မနီးမကမ်း၌ရှိသော အင်ကြင်းပင်ပျိုတစ်စုသည် တောင်လေသုတ်ဖြူး၍ လှုပ်ယမ်းဆော့မြူးနေကြသည်။ တစ်ပင်မှတစ်ပင် တစ်ကိုင်းမှတစ်ကိုင်းသို့ အော်မြည်မြူးထူးကာလူးနေကြသော ကျေးငှက်သာရကာတို့၏ အသံကလည်း တကျွတ်ကျွတ်နှင့် တော့သည်။ တောပန်းတောင်ပန်း၊ သစ်ခွပန်း အစရှိသည့် အမွှေးနံ့များကလည်း ကြိုင်လှိုင်သင်းပျံ့နေကာ ထူးခြားဆန်းကြယ်လျက်ရှိနေသည်။

စာရေးသူတို့လည်း ယင်းနေရာကုန်းပြောင်ပြောင် အင်ကြင်းပင်များအရိပ်တွင် အထုပ်ဝန်စည်စလယ်များချကာ ထိုင်လိုက်ကြသည်။ ဆရာတော်တရားဖြုတ်၍ ချောင်းဟန့်သံကြားမှ ကျောင်းပေါ် တက်ပြီး ဝတ်ပြုကြမည်၊ ဖူးမြော်ခွင့်ရရန် ခဲယဉ်းလှသော ဆရာတော်အား ရောက်တုန်းရောက်ခိုက်၌ အားပါးတရကြီး ဖူးမြော်ပစ်လိုက်မည်၊ ထိုင်ခုံပေါ်မှ တွဲလောင်းချထားသော ဆရာတော်၏ ခြေအစုံအား လက်နှစ်ဖက်ဖြင့် အသာဆုပ်ကိုင်၍ ခြေခုံပေါ်သို့ နဖူးတိုက်ကာ ဖူးမြော်ဦးခိုက်လိုက်ပါမည်တကား။

အာကာသ (သာစည်)

**ကိုးကား -**

အရှေ့ပြကွ္ခရွှေတောင် ချမ်းမြေ့ပါရမီတောရ ဟစ်တော်မူဝတ်ရွတ်စဉ်နှင့် ကိုယ်တိုင်ရောက်ရှိ တွေ့သိခဲ့ရသည်များအား ရေးသားပါသည်။

ပုဂံနွယ် ကိုးခရိုင်ဉာဏ်အောင်၏ 'ကျောက်ဆည်ဒေသမှပြကွ္ခရွှေအနောက်တောင်ထိပ်ရှိ စွယ်တော်ရှင် စေတီတော်မြတ်သမိုင်းနှင့် မြစ်သားမြို့သမိုင်း'



www.burmeseclassic.com

www.burmeseclassic.com

# ကဲဝင်း

# "(၄၅)ကြိမ်မြောက် အလောင်းတော်ကဿပပူဇော်ပွဲ ရှုတ်ခါးအပြင်မှာ သဒ္ဓါတရားထက်ဗျာ တိုးဝှေ့လျှနေလိုက်ကြတာဗျာ" ဟုဆိုသော

# အကျိုးဆောင်အဖွဲ့အတွင်းရေးမှူး ဦးမောင်မောင်ငွေးနှင့်တွေ့ဆုံခြင်း

"မင်းမပူနဲ့ကွာ။ ကြွေးကျေရုံသာ ...ောက်တော့ ငါလုပ်ပေးနိုင်တယ်။ ...တဲ့ထီဂဏန်းရွေးထိုးဖြစ်အောင်

*အဖေကြီး ဘိုးမင်းခေါင်*

"ဆရာတော် (၂) ပါး ဩဝါဒနဲ့ ...င်းတော်ကဿပ ပို့ဆောင်ရေး ...င်မှုတွေ စ,လုပ်တော့ လှူရေး ...ကိစ္စတွေနဲ့ လုပ်ငန်းမကျွမ်းကျင် ...ည်း ပါတာပေါ့နော်။ ဘုရားဖူး ...သည်းပြီးရော သိန်း(၃၀)လောက် ...ာင်သွားတယ်။ ရှိတာရောင်းပြီး ...ဆပ်ပြီးရင် အလောင်းတော်ပို့ ...င်ရေး မလုပ်တော့ဘူးလို့ စဉ်းစား ...ယ်၊ အဲဒီတော့ဗျာ၊ ယခုနေတဲ့ ...ော် (၁၀) လမ်းထိပ်က တိုက် ...ပေါ်ခန်းရောင်းပြီး ဆပ်မယ်လို့ ...လိုက်တယ်။ ဝယ်မယ့်လူတွေ ...ာကြည့်ကြတယ်ဗျ။ တည့်လု ...မှာ အဖေကြီးရဲ့မိန့်ကြား ဩဝါဒ ...ာင်ခုကြားလိုက်ရတယ်။

"မင်းမပူနဲ့ကွာ။ ကြွေးကျေရုံသာ ...က်တော့ ငါလုပ်ပေးနိုင်တယ်။ ...ကဲ့ထီဂဏန်း ရွေးထိုးဖြစ်အောင်

...မိန့်ဆိုသံကြားရတယ်။ ညအိပ် ...ည်း စိတ်စွဲလို့လား၊ အိပ်မက် ...ယ်လက်တွေ့လား၊ ဝေခွဲလို့ ... အဖေကြီးက ကိုယ်တိုင် လာ ...သလို မြင်ရတယ်၊ ခံစားရတယ်။ ...ည်း ထီးလေ့ထိုးထမရှိတော့ ထီ ...တွန့်ဆုတ်တွန့်ဆုတ်ဖြစ်သေး ...နဲ့ ထီကလည်း ဖွင့်တော့ ... သူငယ်ချင်းကိုခေါ်ပြီး စပ်တူ ...ဆောင်းဖို့ အဖေကြီးပြောတဲ့ ...ည်း ထိုးခဲ့ ဆိုပြီး လွှတ်လိုက် ...ဘူး၊ ပြန်ရောက်လာတယ်။ ...ာန်းရတယ်။ တစ်ယောက် ...ပြီး၊ နောက်တစ်နေ့နံနက် ...မှာ၊ ညနေပိုင်းမှာ သူငယ်ချင်းလုပ်တဲ့လူက ပြန်ရောက်လာတယ်။ သူမှာ အရေးပေါ်ငွေလို၍ ထီစပ်တူမထိုးတော့ဘူးဆိုပြီး သူ့ (၅၀၀၀) ကျပ်ပြန်နုတ်ယူသွားတယ်။ နောက်တစ်နေ့နေ့လယ်ပိုင်းရောက်တော့ မိမိလည်း ထီထိုးထားတာ မေ့နေတယ်။ ထီဆိုင်ကလာပြောမှ ထီပေါက်မှန်းသိတယ်။ သိန်း (၅၀) ရတယ်။ ကြွေးဆပ်တယ်၊ အလှူကြွေးရော လက်လှည့်သုံးထားတဲ့ငွေတွေပါ ပြန်ဆပ်တာ နည်းနည်းပိုတယ်။ ပိုတဲ့ငွေက ပါပလစ်ကာကားဝယ်လိုက်တယ်"






အလောင်းတော်ကဿပ တပေါင်းပွဲ

ရန်ကုန်မြို့ လမ်းမတော် (၁၀) လမ်းထိပ်မှာတည့်ရှိ အလောင်းတော်ကဿပ ဘက်စုံဖွံ့ဖြိုးရေးအကျိုးဆောင်အဖွဲ့ရုံးခွဲတည်ရှိရာရုံးခန်း၌ အကျိုးတော်ဆောင်အဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ငွေးနှင့် တွေ့ဆုံမေးမြန်းစဉ်အခါက အလောင်းတော်ကဿပခရီးစဉ်များမှ မှတ်မှတ်ရရ မေ့မရသော အဖြစ်အပျက်တစ်ခုကို ပြောပြလို့ရလျှင် ပြောပြပါရန် မေတ္တာရပ်ခံသောအခါ ဦးမောင်မောင်ငွေးက အထက်ပါအတိုင်း စာရေးသူကို ပြောပြခဲ့ခြင်း ဖြစ်ပါသည်။

ဆက်လက်ပြီး စာရေးသူမှ သိလိုသည်များမေးသောအခါ ဦးမောင်မောင်ငွေးသည် အဖန်ရည်တစ်ခွက်ကို အမောပြေမော့သောက်ပြီးနောက်ဆက်ပြောပါသည်။


**မေး ။ ။** ဦးမောင်မောင်ငွေးအနေနဲ့ အလောင်းတော်ကဿပဝန်ဆောင်မှုဘုရားဖူးပို့ဆောင်ရေးလုပ်ငန်းကို ဘယ်အချိန်ကစပြီးလုပ်ကိုင်ခဲ့ပါသလဲ။ နောက်ပြီး ဘုရားဖူးပို့ဆောင်ခြင်းနဲ့ပတ်သက်လို့ မှတ်မိသမျှ ပြောပြပေးပါလား။


**ဖြေ ။ ။** လွန်ခဲ့တဲ့ နှစ် (၂၀) စပြီး လုပ်ကိုင်ခဲ့တာပါ။ အမှန်တကယ် ယခုလို ဝန်ဆောင်မှု ဘုရားဖူးပို့ဆောင်လုပ်ငန်းက အစ်ကိုရင်းဖြစ်သူ ဦးကံမြင့်က လွန်ခဲ့သော နှစ်ပေါင်း (၄၅) နှစ်က စပြီး လုပ်ခဲ့တာပါ။ အလောင်းတော်ကဿပဝန်ဆောင်အဖွဲ့ နာယက ဆရာတော်ကြီး ဖိုလ်ဝင်တောင် ပုပ္ပားကျောင်းဆရာတော်ကြီး ဦးသုမန အရှင်မြတ်ရဲ့ ဩဝါဒကိုခံပြီးလုပ်ခဲ့တာပါ။ အလောင်းတော်ကဿပခရီးက ရှေးတုန်းက အလွန်ခက်ခဲပါတယ်။ တောလည်းနက်ပါတယ်။ လမ်းကလည်းကြမ်းပါတယ်။



www.burmeseclassic.com

www.burmeseclassic.com






(၄၅) ကြိမ်မြောက် တပို့တွဲလပြည့် ဂူအပွင့်မှတ်တမ်း

ခရီးကလည်း ခြေကျင်တစ်တန်၊ လှည်းတစ်တန်နဲ့ သွားဖူးကြရတာပါ။ အစ်ကိုအရင်းဖြစ်တဲ့ ဦးကံမြင့်က ရန်ကုန်ကနေ သဒ္ဓါထက်သန် စိတ်အားသန်စွာ အလောင်းတော်ကြီး ဖူးမြော်ချင်သူတွေကို စုပြီး မုံရွာ ဖိုလ်ဝင်တောင်ကို အရောက်ပို့ပေးရပါတယ်။ ဖိုလ်ဝင်တောင်မှ ဆရာတော်ကြီးက ဦးဆောင်ပြီး လှည်းတစ်တန်၊ ခြေကျင်တစ်တန်နဲ့ တောထဲမှာ တစ်ညအိပ်၊ တစ်ခါတစ်ရံ နှစ်ညအိပ်ပြီး သွားရောက်ဖူးမြော် ကုသိုလ်တော်ယူခဲ့ကြပါတယ်။ ဒီဘက်ခေတ်လို ကားလမ်းက မပေါက်သေးတော့ တော်ရုံတန်ရုံနဲ့ ဘယ်လွယ်ပါ့မလဲ။ အစ်ကို ဦးကံမြင့် ဆုံးပါးသွားပါတယ်။ (၂၄) ကြိမ်အ... မှာပေါ့။ အစ်ကိုဆုံးတော့ ရန်ကု... ဆောင်မှုလုပ်ငန်းတွေ ရပ်မလိုဖြစ်... တယ်။ ကျွန်တော်က အဲဒီတုန်းက ... ဖက်ရည်ဆိုင် အခု အောက်ထပ်မှ... ပြီး ရောင်းနေတာ။ နာယကဆရာ... ကြီး ဦးသုမနက ဦးပဥ္စင်းတစ်ပါး...



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



ဆားတောင်ဆရာတော်ကြီး

ရန်ကုန်ဝန်ဆောင်အဖွဲ့ကို ဦးဆောင်ပြီး ဆောင်ရွက်ပေးပါလို့ တိုက်တွန်းတော်မူတယ်။ ကျွန်တော်ကလည်း အဆင်မပြေမှာစိုးလို့ ငြင်းလိုက်တယ်။နာယကဆရာတော်ကြီးမှ ကျွန်တော် ဦးမဆောင်ရင် ရန်ကုန်ဝန်ဆောင်မှုအဖွဲ့ ဖျက်ရန်သာရှိတော့တယ် မိန့်တယ်။ အဲဒီမှာ ကျွန်တော် ကိုးကွယ်တဲ့ ဆရာတော်ကြီး ရှိတယ်။ ဆားတောင်ဆရာတော်ကြီး သီလ၊ သမာဓိ၊ သိက္ခာ၊ ပညာဂုဏ်တို့နဲ့ ပြည့်စုံပြီး ဘုန်းတန်ခိုး အင်မတန်ကြီးတယ်။ အဲဒီ ဆရာတော်ကြီးထံသွားပြီး ဩဝါဒခံတော့ -

'မောင်ဌေး၊ မင်းသာသနာပြုဖို့ အခွင့်အရေးပဲတဲ့။ အလောင်းတော်ကဿပကြီးက ဗုဒ္ဓခေတ်က ရှင်မဟာကဿပကြီးအစစ်တဲ့။ မင်းလုပ်ဖြစ်အောင်လုပ်'

လို့ မိန့်တော်မူတယ်။ ဒါနဲ့ တပည့်တော်က ဘာဆိုဘာမှ ဟုတ်တိပတ်တိ ထိ မလုပ်တတ်ဘူးဆိုတော့ သူ့ဘာသာ အဆင်ပြေသွားမယ်မိန့်တာနဲ့ ကျွန်တော်ဆက်လုပ်ဖြစ်ခဲ့တယ်။ အခက်အခဲတော့ ဖြစ်တာပေါ့နော်။ ဒါပေမယ့် အစနိဒါန်းမှာ ကျွန်တော်ပြောခဲ့သလို မလုပ်တတ် မကိုင်တတ်တော့ လျှုရေးတန်းရေးကိစ္စတွေ ကြွေးတင်တာ။ ကယ်မယ့်သူပေါ်လို့၊ မစလို့ အဆင်ပြေခဲ့ပါတယ်။ အဲဒီလိုနဲ့ ကျွန်တော့်ဘဝမှာ ဆရာနှစ်ဆူ ဆရာတော်နှစ်ပါး ဖြစ်လာတယ်။ ပထမ ကျွန်တော့်ဆရာတော်က ယခု ခန္ဓာဝန်ချသွားပြီ။ ဆားတောင်ဆရာတော်ကြီး။ စဉ့်ကိုင် ကသဲကုန်းကျေးရွာမှာ ၂၀၀၅ ခုနှစ်က ခန္ဓာဝန်ချသွားတာပါ။ ဆံတော်



ဆားတောင်ဆရာတော်ဘုရားကြီး ဆံတော်များ လုံးဝန်းသွားစဉ်



ဆားတောင်ဆရာတော်ကြီး၏ ဆံတော်နှင့် ဓာတ်တော်များ



ဆံတော်ဓာတ်တော်များ

တွေ ဟိုတုန်းက စွန့်တောင်းယူခဲ့တာ ပျံတော်မူ ခန္ဓာဝန်ချတော့ ဆံတော်တွေက လုံးဝန်းပြီး တချို့ ဓာတ်တော်လို အလုံးအလုံးလေးတွေ ဖြစ်သွားတယ်။ ပြီးတော့ ဓာတ်ပုံရိုက်ယူသွားပေါ့ဗျာ။ အခု ဒုတိယဆရာတော်ရှိလာပြီ။ အလောင်းတော်ကဿပ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ ဩဝါဒါစရိယ နာယကဆရာတော်ကြီး ဦးသုမန။ အခု ဆရာတော်ကြီး ဦးသုမနရဲ့စီမံမှုနဲ့ ဆက်ပြီးတော့ ဝန်ဆောင်မှုလုပ်ငန်းတွေလုပ်နေတယ်။ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာတယ်။ အခုနှစ် (၄၆) နှစ်၊ (၄၆)

ကြိမ်မြောက်ပွဲ အစီစဉ်တွေလုပ်နေပါပြီ။ ၃၁-၁၂-၂၀၁၃ မှစပြီး လေအိတ်ကားကြီးတွေနဲ့ စတင်ပို့ဆောင်မှာပါ။

မေး ။ ။ အလောင်းတော် ကဿပခရီးမှာ ထူးခြားမှုဖြစ်စဉ်များ ကြုံတွေ့ဖူးပါသလား။

ဖြေ ။ ။ ကျွန်တော်အနေဖြင့်ကတော့ အမေရေယဉ်မယ်တော် ခရီးခရီးလမ်းမှာစောင့်ရှောက်တာမျိုး သတိထားမိပါတယ်။ ကျွန်တော်တို့က ဘုရားဖူးတွေအများကြီးနဲ့ ကားပေါင်းများစွာနဲ့ ဖိုလ်ဝင်တောင်၊ ယင်းမာပင် ဆင်စွယ်ရွာ ကပိုင်လမ်းကနေ ဖြတ်သွားနေကျဆိုတော့ အမေရေယဉ်နန်းရှေ့ကနေ ဖြတ်သွားရပါတယ်။ တစ်ခါဖူးမျှ ဝင်ပြီး ပူဇော်ပသတာမျိုး မလုပ်ဖြစ်ပါဘူး။ သို့သော်လည်း အမေက အလောင်းတော် ကဿပဘုရားဖူးတွေကို စောင့်ရှောက်ပါတယ်။တစ်ခါတော့ ကျွန်တော် ဘုရားဖူးသွားရင် ပင်ပန်းတော့ အိပ်ပျော်သွားတယ်။ အိပ်မက်ထဲမှာလိုလို၊ အပြင်မှာလိုလို အဲဒီလိုဝေခွဲမရဖြစ်နေတုန်း အမေရေယဉ်ရယ်လို့ အတိအကျမသိပါဘူး။ မယ်တော် အမေတစ်ပါးပါး ဆိုတာကိုတော့ ရိပ်မိတယ်။ ရှေးခေတ်အဝတ်အစား ထိုင်မသိမ်းနဲ့ အလွန်ကို ကြည့်ရှုကောင်းပါတယ်။ တင့်တင့်တယ်တယ် ခံ့ခံ့ညားညားနဲ့ဆိုတော့ မိမိက အမေကချောလှချည်လားဗျာလို့ ဆိုလိုက်တော့ အမေက ရယ်ပြုံးပြုံးနဲ့။ အခုတောင် မျက်စိထဲ မြင်မိသေးတယ်။ အဲဒါနဲ့ ကားပေါ်က ကြည့်လိုက်တော့ အမေရေယဉ်နတ်နန်းရှေ့ဖြစ်နေတယ်။ နောက်တစ်ခေါက်ကျတော့ အမေ့ကို ပဝါဝင်ပြီး ဆက်ပေးလိုက်တယ်။ အဲဒါက တစ်ခုပေါ့။ နောက်တစ်ခုကတော့ ဘုရားဖူးရာသီအတွက် အစီအစဉ်တွေလုပ်နေ



ဆားတောင်ဆရာတော်ကြီး၏လက္ခဏာတော်နှင့် ဩဝါဒ




www.burmeseclassic.com

www.burmeseclassic.com

ကုန်း ဒီရုံးခန်းထဲမှာပေါ့။ ညနေစောင်း စောင်းလေးမှာပါ။ ၂၀၀၀ ပြည့်နှစ်၊ တပို့တွဲလ၊ ရက်ကိုတော့ မမှတ်မိဘူး။ လူတစ်ယောက် သန့်သန့်ပြန့်ပြန့်နဲ့၊ ရှေးခေတ် ဗိုလ်ကေပုံဆံပင်နဲ့။ လက်ထဲမှာ ပုံတော်တစ်ပုံပါလာတယ်။ 'အလောင်းတော်ကဿပနဲ့ပတ်သက်လို့ ရှားပါးတဲ့ ပုံတော်တစ်ပုံ ပေးချင်လို့ပါ' လို့ ပြောပြောဆိုဆို ကျွန်တော့်ကို ပေးအပ်ပါတယ်၊ ရှားပါးတဲ့ပုံတော်လို့ကြားလို့ ကျွန်တော်သေချာကြည့်လိုက်တော့ ရဟန္တာ ထေရ်မြတ်ကို ဇော်ဂျီမှ ဖူးတွေ့နေတဲ့ ပုံပါ။ ဒါနဲ့ အဲဒီပုံတော်အကြောင်း စိတ်ဝင်စားတာနဲ့ မေးမလို့ စားပွဲရှေ့ ကြည့်လိုက်တော့ ထိုလူ ပျောက်ခြင်းမလှ ပျောက်သွားတယ်။ ကျွန်တော်လည်း အဲ့အခါကျမှ ကြက်သီးမွေးညင်းတွေထ လာတယ်။ ပုံတော်ကို သေချာပြန်ကြည့်တော့ ပုံတော်က 'ရှေးနှစ်ပေါင်းများစွာ က ပုံတော်ဖြစ်နေတယ်။ သို့သော်လည်း ပျက်မယွင်းနဲ့ ထင်ထင်ရှားရှားရှိလှပါ တယ်၊ ထူးတာက စာပါအကြောင်းအရာတစ်ခု၊ ဓာတ်ပုံရဲ့အောက်ခြေနားမှာ ပါတာန်းပါတယ်။ ရသေ့ရှင်မြတ်ကို ဇော်ဂျီဖူးနေတဲ့သဘောရတဲ့စာထိုးထား တဲ့ အတွက် စဉ်းစားစရာဖြစ်လာတယ်။ 'ဘာလှည့်ဓာတ်လှည့်' ဆိုတာ ကြားဖူး တယ်၊ ဘယ်လိုသဘောပါလိမ့်။ တွေးကြည့်တော့ အခု ဒီပုံလာပို့တဲ့ ထူးဆန်း တဲ့လူဟာ မမြင်ရတဲ့လောကမှလာ တာတယ်လို့ စိတ်မှာ တထစ်ချ တွက် မိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရှေ့မှာတင် ပျောက်ခြင်းမလှပျောက် သွားလို့ပါ။

■ ■ ■ နောက်ဆုံးအနေနဲ့ မေးလို တာကတော့ အလောင်းတော်ကဿပခရီးကို နှစ်ပေါင်းများစွာ သွားရောက် ဖူးမြော် ကုသိုလ်တော်ခရီး သွားရောက်သူများမှ ကြုံတွေ့ရတဲ့ထူးဆန်း တဲ့အတွေ့အကြုံများကိုလည်း ပြောပြ ပေးနိုင်မလား။

■ ■ ■ အနီးစပ်ဆုံး ပြောပြနိုင်တာ ကတော့ နှစ်စဉ် တပို့တွဲလ ပြည့်နေ့ခရီးစဉ်မှာ ဂူတော်ဟာ တန်ခိုး ကြီးလှရှိပါတယ်။ ယခင် ဆရာတို့ ကြားဖူးပြီးသားပါ။ ဂူတံခါးအ လက်ဝတ်ရတနာတွေပစ်သွင်း မနှစ်က (၄၅) ကြိမ်မြောက်မှာ စခါပွင့်တယ်။အလောင်းတော် ဂူတံခါးအပွင့်မှာ သဒ္ဓါတရား တိုးဝှေ့လျှုနေလိုက်ကြတာဗျာ၊



ဦးမောင်မောင်ဌေး



ဦးမောင်မောင်ဌေးနှင့် တွေ့ဆုံမေးမြန်း မှတ်တမ်းယူနေသော စာရေးသူ

ဒီဓာတ်ပုံတွေသာကြည့်။

ဦးမောင်မောင်ဌေးက ဓာတ်ပုံတွေ ပြောပြောဆိုဆို ထုတ်ပြပါသည်။ ထိုဓာတ်ပုံများထဲမှ မနှစ်က ၁၃၇၄ ခု၊ တပို့တွဲလပြည့်နေ့ ဂူအပွင့်မှာ အလှူဒါန တိုးဝှေ့ပြုနေသောပုံတော်နှစ်ပုံ တောင်း ယူလိုက်ပါသည်။ မမြင်ရသောလောက မှ ရောက်လာသည်ဟု ယူဆသော ရဟန္တာမထေရ်မြတ်ကို ဇော်ဂျီဖူးသော ပုံတော်ကို စာရေးသူ၏ကင်မရာဖြင့် ကူး ယူပါသည်။ ဦးမောင်မောင်ဌေး၏ မူလ ပထမ လက်ဦးဆရာတော် ဆားတောင် ဆရာတော်ကြီး၏ ဆံတော်ဓာတ်တော် များ စာရေးသူကင်မရာဖြင့် ကိုယ်တိုင် ရိုက်ယူနိုင်ခဲ့ပါသည်။

ဤတွင်အလောင်းတော်ကဿပ အကျိုးတော်ဆောင်အဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဌေးနှင့် တွေ့ဆုံ မေးမြန်း သတင်းမှတ်တမ်းကို ဤတွင် နိဂုံးကမ္ပတ် အဆုံးသတ်ရပါတော့သည်။ အလောင်း တော်ကဿပသို့ သွားရောက် ဖူးမြော် ကုသိုလ်တော်ယူလိုသော ဗုဒ္ဓဘာသာ နွယ်ဝင်များအနေဖြင့် အလောင်းတော် ကဿပမထေရ်မြတ်ကြီး ဖူးမြော်ရာတွင် အလောင်းကဿပတောင်၌ နှစ်ညတာ အိပ်စက် အရဏ်ဆွမ်းကပ်လှူ၍ စိတ် အေးချမ်းသာစွာ ဖူးမြော် ကုသိုလ်ယူလို ပါလျှင် ရန်ကုန်၊ လမ်းမတော် (၁၀) လမ်းထိပ် အမှတ် (၈၂၁) နေ ဦးမောင် မောင်ဌေး (၀၉၇၃၀၀၂၄၇၃)၊ (၀၁-၂၂၆၀၂၄)၊ (၀၁-၂၃၀၀၀၇၄) သို့ ဆက် သွယ်လိုက်ပါ။ လိုရာပြီးမြောက် ခရီး ရောက်ကြပါလိမ့်မည်။

မေတ္တာများစွာဖြင့်
ကံဝင်း

**စကားချပ် -**

*အလောင်းတော်ကဿပ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဝန်ဆောင်အဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဌေးနှင့် တွေ့ဆုံခန်းဆောင်းပါးနှင့်အတူ ၁၃၇၁ ခု၊ တပို့တွဲလပြည့်နေ့၌ အလောင်းတော် ကဿပသို့ကြွတော်မူလာရဟန္တာပုံတော် မြတ်ကို မဖူးရသေးသော စာရှုသူစာဖတ် ပရိသတ်ကြီး ဖူးစေခြင်းငှာ ကုသိုလ်ယူ ပူးတွဲ ဖော်ပြအပ်ပါသည်။*



www.burmeseclassic.com

www.burmeseclassic.com



မြတ်မော်တင်ဗွန်းဆံတော်ရှင်စေတီတော်မြတ်ကြီး

# တပုဿ၊ ဘလ္လိက အမှတ်တရ

## တင်အောင်(စက်မှုတက္ကသိုလ်)

မြန်မာပြည်တွင် သာသနာပြု ပုဂ္ဂိုလ်များစွာရှိသော်လည်း တပုဿနှင့် ဘလ္လိကကုန်သည် ညီနောင်သည် ပထမ ဦးဆုံးပုဂ္ဂိုလ်များဖြစ်ကြသည်။ ကျွန်ုပ်တို့ မြန်မာပြည် တန်ခိုးကြီးစေတီများတွင် -

- ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီ ဆံတော်ဓာတ်မြတ်၊
- ရန်ကုန်မြို့ရှိ ဗိုလ်တထောင်စေတီ ဆံတော်ဓာတ်မြတ်၊
- ပုသိမ်မြို့အနီးရှိ မြတ်မော်တင် ဆံတော်ဓာတ်မြတ်၊
- ပဲခူးမြို့ရှိ ရွှေမော်ဓောစေတီ ဆံတော်ဓာတ်မြတ်၊
- သထုံမြို့အနီးရှိ ကျိုက်ထီးရိုးစေတီ တော်ဆံတော်ဓာတ်မြတ်၊
- သထုံမြို့အနီးရှိ ကေလာသစေတီ တော်ဓာတ်မြတ်၊
- သထုံမြို့အနီးရှိ ဇင်းကျိုက်စေတီ ဆံတော်ဓာတ်မြတ်

အစရှိသော တန်ခိုးကြီးဘုရားများတွင် ဆိုင်ရာသမိုင်းမှတ်တမ်းများအရ ဗုဒ္ဓရှင်တော်မြတ်၏ ဆံတော်မြတ် ကိန်းဝပ်တော်မူကြောင်းကို အဆိုပြုလျက် ပထမစေတီတော်မှ တတိယအထိ (၃) ဆူမှာ တပုဿနှင့် ဘလ္လိကညီနောင်တို့အား ဗုဒ္ဓကိုယ်တော်တိုင် ဆံတော်ဓာတ်ပေးသနားတော်မူသည့် သာဓကကို အခြေပြုဆက်သွယ်မှုထားပြီး စတုတ္ထစေတီမှ သတ္တမအထိ စေတီတော်များတွင်ကား သုဝဏ္ဏဘူမိတိုင်း သထုံနဂရသို့ မြတ်ဗုဒ္ဓ ကြွရောက်တော်မူစဉ် ဆိုင်ရာမင်းတရားတို့နှင့် ဣသိပရဗိုဇ်ခေါ် ရသေ့ကြီးများထံ ဆံတော်များ ချီးမြှင့်တော်မူချက်အရ ကိန်းဝပ်တော်မူသည်တွင် ရှေ့ပိုင်း (၃) ဆူနှင့် နောက်ပိုင်း (၄) ဆူတို့၌ ဗုဒ္ဓရှင်တော်ထံမှ ဆံတော်ဓာတ်မြတ်ရခြင်း တူညီသော်လည်း ရရှိခံယူသူ 'ဆံတော်ဒါယကာ' ချင်းတို့ကား ခြားနားနေကြောင်းသိရ၏။ သို့ဖြစ်လျက် အထက်ပါ (၃) ဆူနှင့် သက်ဆိုင်သော ဆံတော်ဓာတ်မြတ်ကိန်းဝပ်မှုတွင် 'ရွှေတိဂုံစေတီတော်မူလသမိုင်း'၊ 'ဗိုလ်တထောင်စေတီတော်မူလသမိုင်း'၊ 'မြတ်မော်တင်စေတီတော်မူလသမိုင်း' တို့၌လည်း 'တပုဿ' နှင့် 'ဘလ္လိက' ညီနောင်တို့ကိုသာ 'အဓိကဆံတော်ဒါယကာ' အဖြစ် ဦးတည်ချက်ထားလျက်ရှိပါ၍ ယင်းညီနောင်နှစ်ဦးတို့ကား သာမညပုဂ္ဂိုလ်များ မဟုတ်ကြပါပေ။ နောင်တော်ဖြစ်သူသည် 'တပုဿ' အမည်ရှိလျက် ညီတော်မှာ 'ဘလ္လိက' ဖြစ်သည့်အပြင် ၎င်းတို့နှစ်ဦးသည် ဗုဒ္ဓနှင့် ဓမ္မရတနာတော်များကို မည်သူတို့မှ မပန်ဆင်သေးမီ ပထမဆုံးဦးထိပ်ရွက်ပန်ဆင်နိုင်သူ (ပုဂ္ဂလဝိသေသ) များဖြစ်ကြပါသည်။ ၎င်းတို့နှစ်ဦးသည် မြတ်စွာဘုရားပွင့်တော်မူစ အစောဆုံးအချိန်ပိုင်း (၀၁) ပွင့်တော်မူပြီးရက်ပိုင်း ကျော်လွန်လာမျှကာလတွင် မြတ်ဗုဒ္ဓထံတော်၌ လူပုဂ္ဂိုလ်များမှ ဗုဒ္ဓနှင့် ဓမ္မရတနာတော်မြတ်ကို ခံယူဆောက်တည်ကြည်ညိုခွင့် ဂုဏ်ထူးရပုဂ္ဂိုလ်ထူးများဖြစ်ပြီး ထိုအချိန်တွင် 'သံဃာရတနာ' မပေါ်ပေါက်သေးပေ။ ညီနောင်နှစ်ဦး၏ ရှေးဆုထူးမှာ ထူးခြား မွန်မြတ်လှပေသည်။ တပုဿနှင့် ဘလ္လိကကုန်သည်ညီနောင်တို့၏ မြတ်စွာဘုရားအား ဖူးတွေ့ခန်းမှာ ထူးခြားမွန်မြတ်လှပေသည်။

မွန်တိုင်းပြည်အားလုံးကို သိမ်းကျုံးလွှမ်းမိုး အလွန်တရာ တန်ခိုးကြီးမားတော်မူသော ဥက္ကလာပ နာမထင်ရှားမင်းတရားကြီး လက်ထက်တော်အခါတွင် ထိုမင်းတရားကြီး၏ ပိုင်နက်မြေဖြစ်သော ပေါက္ခရဝတီ အသိတဥ္စနဂရ၌နေ သုဝဏ္ဏသူဌေးကြီး၏သားများ ဖြစ်ကြသော တပုဿနှင့် ဘလ္လိကညီနော နှစ်ဦးတို့သည် မဇ္ဈိမဒေသဆိပ်ကမ်းသို့ သင်္ဘောဆိုက်ကပ်ပြီးနောက် ရေပြင်ခရီးမှ မြေပြင်ခရီးအတွက် ကုန်တို့ကိုလှည်းများဖြင့် တစ်ဖန်တင်ဆောင်လျက် မဇ္ဈိမ နယ် အသွယ်သွယ်သောအရပ်တို့သို့ လှည့်လည် ရောင်းချလေသည်။ ကုန်သည်တို့သည် ဘုရားပွင့်တော်မူ ဗောဓိပင်အနီးသို့ ရောက်ကြလေလျှင် လှည်းပေါင်းငါးရာတို့၏ ဘီးများသည် ရှေ့သို့မလိမ့် ရပ်တန့်ကုန်သည်။ လှည်းများကို ရွေ့လျားစေရန် အတန်တန်ကြိုးပမ်းကြသော်လည်း မရနိုင်ကြသ ဤအခြင်းအရာကား အဘယ့်ကြောင့် နည်း။ ငါတို့အထဲမှာ သူယုတ်မာပါနေ လော။ ဤတောဤတောင်က အခွင့် ပြုသည့် အမှုအခင်းများကို လွန်ကျူး နေခြင်းများရှိနေပြီလော။ သဘောဟု မှန် ဇကန်သိရအောင် ခေါင်းဆော ဖြစ်ကြသော တပုဿနှင့် ဘလ္လိက နောင်တို့က တောတောင်စောင့်ကြ အာရက္ခနတ်ကို အပြစ်ရှိပါက ခွင့်လွှ တော်မူကြရန် ဗလိနတ်စာတို့ကို စီမံ တောင်းပန်တင်သကိုးမြှောက်ကြသေ အခါ (အဋ္ဌကထာအလို) မယ်တော်ဖြ ခဲ့ဖူးသော ခရီးစောင့်နတ်သည်၊ (ဇိန အလို) အဆွေဖြစ်သောနတ်သားသည (ရွှေတိဂုံစေတီတော်သမိုင်းချုပ်အင ရက္ခစိုးနတ်မင်းသည် အလွန်လှပတ တယ် ရှုချင့်စဖွယ်ရှိသော ကိုယ်ရေ ကိုယ်ဝါဖြင့် ထိန်လင်းစွာ ပြလာ သည်။ ရှုမြင်ကြရသော ကုန်သည် နောင်နှင့်တကွ လက်အောက်ငယ်သ များသည် ဖွင့်ထားသောမျက်လုံးများ တစ်ဖန်ပြန်ပြီးမှိတ်ဖို့ရန် မစွမ်းဆော နိုင်အောင်ပင် ဖြစ်ကြရလေတော့သ

ထိုမယ်တော်ဟောင်းဖြစ်ခဲ့သေ နတ်က-

"သင်တို့သည် လွန်ခဲ့သော



www.burmeseclassic.com

www.burmeseclassic.com

ဘ ငါ၏သား၊ ငါ၏အဆွေတော်များ ဖြစ်ကြလေသည်။ ငါ၏သား၊ ငါ၏ အဆွေတော် သင်တို့သည် ယခုအခါ လောကီရေးရာ ဥစ္စာဆည်းပူး လောကီ ကုန်ကူးသန်းသည်ထက် အနဂ္ဃမျိုးအဖိုး မဖြတ်နိုင်သော လောကုတ္တရာကုန်မျိုး ကိုလည်း အားကြိုးခွန်စိုက် အခိုက်သင့် အခါသင့် ကူးသန်းရှာဖွေကြလော့။ ကပ္ပိ ဝတ်ပြည့်ရှင်ဘုရင် သုဒ္ဓေါဓနမင်း ကြီး၏ သားတော် ထင်ပေါ်ကျော်ကြား သိဒ္ဓတ္ထမင်းသားသည် ကြီးမားရိပ်ငြိမ် နန်းစည်းစိမ်တို့ကို စွန့်ပစ်၍ တော ထွက်တော်မူပြီးလျှင် ဒုက္ကရစရိယာ ပွန်စွာပြင်းထန် လူသာမန်တို့ ကျင့်နိုင် ဖွယ်ရာဝေးစွ အကျင့်ကို ဆင့်ဆင့်တိုး တက်ကာ ခြောက်နှစ်ကြာမျှ ကျင့်ပြီး နောက် ဗောဓိပင်အောက် ရွှေပလ္လင် ထယ် ငါးသွယ်သောမာရ်များကို အမှန် အရေးလက်ကိုင်ဖြင့် အချက်ပိုင်ပိုင် အောင်မြင်တော်မူ၍ ဘုရားစင်စစ် ကန်ဖြစ်တော်မူပြီ။ ထိုဘုရားရှင်သည် ဇင်ငါးပါးကို အောင်မြင်ရာ ဗောဓိ ကျောင်းနေရာမှ အစပြု၍ (၇) ရက်၊ (၇) ထိ ရွှင်ကြည်စုပျော်နေထိုင်တော်မူရာ ဆုံးအဆုံးသတ္တဟစံနေတော်မူရာ ရာဇ တနလင်းလွန်ပင်၌ ယခုသီတင်းသုံး နေတော်မူဆဲ ဖြစ်သည်။ လျှဖွယ်ဝတ္ထု များနှင့် ဘုရားသခင်ထံတော်သို့သွား၍ တရားတော်ကို နာကြားနိုင်ရန်အလို့ငှာ သင်တို့၏ လှည်းဘီးများကို ငါရပ်တန့် အောင် ပြုပေသည်"

ဟု ဆိုလေလျှင် ထိုနတ်သား ပြောကြားသောစကားကို ကြားကြရ သော တပုဿနှင့် ဘလ္လိကညီနောင် ကုန်သည်တို့မှာ ဝမ်းမြောက်ရွှင်လန်း ပီတပန်းညှာခိုင်တို့သည် သဒ္ဓါ ထက်လိုင်လှိုင်ဖြစ်ကြကုန်လျက် ပျား၊ တင် လဲ ဆောပတ်တို့နှင့် ရောစပ်၍ ပြုအပ် သော မုန့်တို့ကို ယူဆောင်ကုန်ပြီးသော် မြတ်စွာဘုရားထံတော်ပါးသို့ သွားပြီး လျှင် -

"လောကအထွတ် တမွတ်ခေါင် အရှင်ဘုရား။ တပည့်တော်တို့အား များစွာသော နေ့ညဥ့်ပတ်လုံး မဆုံး သော အကျိုးစီးပွားများပြားစိမ့်သော ဤယခုယူဆောင်လာသော ပျားမုန့် တို့ကို တရုဏာထက်သန်စွာ အလှူခံ တော်မူပါဘုရား"

ဟု လျှောက်ထားကာ ဆက်ကပ် ကြလေသည်။

ထင်းသို့ ကုန်သည်ညီနောင်တို့ မုန့်များကို ကပ်လှူသောအခါ မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူစဉ်က ယဋ္ဌိကာရပြဗ္ဗာ



၁၅၊ တပုဿ နှင့် ဘလ္လိကညီနောင်တို့အား ပွဲမုန့်ရန် ထံတော်ချီးမြှင့်နေပုံ၊

15. CAKES BEING OFFERED TO THE BUDDHA BY THE BROTHERS TAPUSSA AND BHALLIKA

မင်း ကပ်လှူအပ်သော သပိတ်တော် သည် ဘုရားဖြစ်အံ့သော ကဆုန်လပြည့် နေ့တွင် သုဇာတာရွှေခွက် နှင့်တကွ နိဗ္ဗယနာလှူစဉ်ကပင် ကွယ် ပျောက်လေ၍ မုန့်များကိုထည့်ကာ အလှူခံစရာ သပိတ်တော်မရှိဖြစ်လေရ ကား ငါ့အား ဤမုန့်များကို ခံယူအံ့သော ငှာ သပိတ်တော်မရှိပေတကား။ ရှေးရှေး သော ဘုရားရှင်တို့သည် ဘောဇဉ် အာဟာရကို လက်တို့ဖြင့် မခံယူကုန်။ အဘယ်ဝတ္ထုဖြင့် ဤမုန့်များကို ခံယူ ပါမည်နည်းဟု အကြံတော်ဖြစ်လေ သည်။

ထိုအခါ စတုမဟာရာဇ်နတ်မင်း ကြီးလေးပါးတို့သည် မြတ်စွာဘုရား အကြံတော်ကို အမှန်အားဖြင့် သိကြ ကုန်၍ ဣန္ဒနီလာမည်သော ပတ္တမြားညို သပိတ်တော်လေးလုံးတို့ကို တစ်လုံးစီ လှူလာကြကုန်သည်။ ထိုပတ္တမြားညို သပိတ်တို့ကို အလှူမခံ ပယ်လှန်တော်မူ သဖြင့် တစ်ဖန် ပဲနောက်အဆင်းရှိသော ကျောက်ညိုသပိတ်လေးလုံးတို့ကို လှူ သောအခါမှသာ အလှူခံတော်မူလေ သည်။ ကျောက်ညိုသပိတ်လေးလုံးတို့ ကို ရွှင်ပြုံးစွာ အလှူခံတော်မူ၍ လေး ယောက်သော နတ်သားတို့၏ သဒ္ဓါ တရားမပျက်စေခြင်းငှာ စောင့်စည်း တော်မူလိုသော မြတ်စွာဘုရားသည် နတ်သားတို့၏ သပိတ်လေးလုံးကို လက် ပေါ်သို့ ဆင့်တင်ကာ ကောင်းစွာ အဓိ ဋ္ဌာန်ပြု၍ ဖိနှိပ်တော်မူလိုက်လေလျှင် အနားရစ်လေးဆင့်ဖြင့် တော်သင့်သော သပိတ်တစ်လုံးတည်းသာ ဖြစ်သွားလေ သည်။ (မှတ်ချက် - ယခုခေတ်သပိတ် များတွင် အနားလေးရစ်ပါခြင်းမှာ မြတ် စွာဘုရားလက်ထက်ကတည်းက ဖြစ် သည်) ထိုနတ်မင်းများ လှူဒါန်းဆက် ကပ်သောသပိတ်ဖြင့် တပုဿနှင့် ဘလ္လိ ကညီနောင်တို့၏ မုန့်များကို အလှူခံ လေသည်။

မြတ်စွာဘုရားသည် မုန့်များကို အလှူခံ၍ ဘုဉ်းပေးတော်မူသည်ကို မြင် ကြရသော တပုဿနှင့် ဘလ္လိကညီ နောင်တို့သည်ကား နှလုံးကြည်သဒ္ဓါ ပေါက်၍ လွန်စွာဝမ်းမြောက်ကြပြီးလျှင်-

"မြတ်စွာဘုရား၊ တပည့်တော်တို့ သည် မြတ်စွာဘုရားကို အားထားကိုး ကွယ်ရာဟူ၍ ဆည်းကပ်ကြပါကုန်၏။ (ဓမ္မံသရဏံဂစ္ဆာမိ)။ မြတ်စွာဘုရားနှင့် တွေ့ရသောနေ့ကို အစထား၍ ဘဝတစ် ပါးပြောင်းသွားသည့်တိုင်အောင် တပည့် တော်များကို သရဏဂုံဆောက်တည် သော ဥပါသကာဟူ၍ မှတ်ယူတော်မူပါ ဘုရား"

ဟု ကောင်းစွာ ဦးနှိမ်၍ အကြိမ် ကြိမ်ဝပ်တွားကာ လျှောက်ထားကြလေ ကုန်သည်။

ထိုအခါကာလတွင် မြတ်စွာ ဘုရားနှင့် တရားတော်သာရှိလေသေး၍ သံဃာတော်ကား မရှိသေးသဖြင့် ထို ညီနောင်နှစ်ဦးတို့၏ ဆောက်တည်ခံယူ အပ်သော သရဏဂုံသည်ကား (ဒွေဝါ နိစသရဏဂုံ) မျှသာဖြစ်လေသည်။ ကုန် သည်ညီနောင်နှစ်ဦးတို့သည် ဝမ်းမြောက် ယုံကြည်စွာ သရဏဂုံကို ခံယူကြပြီး သော် -

"မြတ်စွာဘုရား၊ တပည့်တော်တို့ သည် မြတ်စွာဘုရားနှင့် ဖူးတွေ့ရသော အချိန်ကစ၍ သရဏဂုံတည်သော ဥပါ သကာမည်ပါကုန်ပြီ။ နောင်သောအခါ အဘယ်သူအား ကိုယ်တော်မြတ်အစား ထား၍ ဝပ်တွားရှိခိုးခြင်း၊ ခရီးဦးကြိုခြင်း စသော ကိုးကွယ်ဆည်းကပ်မှုကို ပြုရပါ မည်နည်း။ တပည့်တော်တို့၏ အားထား ကိုးကွယ်ရာကို ပေးသနားတော်မူပါ ဘုရား"

ဟု လျှောက်ထားကြလေသည်။

ဤသို့သောစကားကို လျှောက် ထားသောအခါ မြတ်စွာဘုရားသည် လက်တော်ဖြင့် ဦးခေါင်းတော်ကို သုံး သပ်တော်မူပြီးလျှင် ရှစ်ဆူသော ဆံ တော်မြတ်တို့သည် လက်တော်၌ ကပ်



www.burmeseclassic.com

www.burmeseclassic.com

ငြိ၍ ပါလာကုန်သည်။ ၎င်းဆံတော်မြတ်ရှစ်ဆူကို ကုန်သည်ညီနောင်တို့၏ လက်သို့ ပေးအပ်သနားတော်မူလိုက်ပြီးလျှင်-

"ဤဆံတော်များကို ငါဘုရား၏ ကိုယ်စား အားထား ကြည်ညိုစွာ ကိုးကွယ်ဆည်းကပ်ကြလေ"

ဟု မိန့်တော်မူလေသည်။

မှတ်ချက်။ ။ ဝိနည်းအဋ္ဌကထာ၌ အရေအတွက်မပါချေ။ သမညကလာ၏ အနာဂဝံသအဋ္ဌကထာ၌ လက်တစ်ဆုပ်ဟုပါလာသည်။ အင်္ဂုတ္တိုရ်အစကထာ၌ ရှစ်ဆူဟုပါလာလေသည်။

ကျွန်တော်သည် အိန္ဒိယပြည် နာလန္ဒာတက္ကသိုလ် စာကြည့်တိုက်၌ တွေ့ရပုံမှာ -

ညီနောင်နှစ်ဦးတို့သည် ပဒုမုတ္တရဘုရားရှင်လက်ထက် ဟံသာဝတီနေပြည်တော်ကြီးတွင် အမျိုးမြတ်၌ဖြစ်ကြလျက် တစ်နေ့သောအခါ 'သရဏဂုံ' ဆောက်တည်ခြင်းတွင် အမြတ်ဆုံးဘွဲ့ထူးခံအခမ်းအနားကြီးတစ်ခု၌ ပဒုမုတ္တရဘုရားရှင် ကိုယ်တော်မြတ်ကိုယ်တိုင် ဥပါသကာတစ်ဦးအား ဘွဲ့တော်ခံအဖြစ် ချီးကျူးမိန့်မြွက်တော်မူသည်ကို ကြည်ညို အားကျလျက် ဘုရားရှင်ထံဒါနပြု၍ ဆုတောင်းပတ္ထနာပြုကြပြီး ၎င်းဘဝမှ သေလွန်ပြီးနောက် ကမ္ဘာတစ်သိန်းပတ်လုံး နတ်ပြည်နှင့်လူ့ပြည်တို့တွင် အကြိမ်ကြိမ် သုခမျိုးစုံ ခံစားကြရပြီးလျှင် ယခုမြတ်ဗုဒ္ဓမပွင့်မီ အသိတဥ္စနဂရ မြို့တော်တွင် လူဖြစ်ကြလျက် ကမ္ဘာတစ်သိန်းထက်မှ 'ဒါနအခြေခံဆုထူးပန်' ကုသိုလ်အာနုဘော်တော်ကြောင့် ဘုရားပွင့်တော်မူရာဒေသတွင်ရှိသော အမိတော်ခဲ့ဖူးသည့် ဘုမ္မဒေဝနတ်၏ ပြည့်နှန်ချက်နှုတ်မစမှုဖြင့် ဗုဒ္ဓအား လက်ဦးပထမဆုံး ဖူးမြော်ခွင့်ရရှိရုံမျှမက ရှင်တော်ဗုဒ္ဓ ဂေါတမ၏အထံတော်မှ ဆံတော်ရှစ်ဆူ ချီးမြှင့် ပေးသနားတော်မူခြင်းခံရပေသည်။

ကျွန်ုပ်တို့၏ ကုသိုလ်တိုးပွားမှုကို အစဉ်အကျိုးပြုနေသော ဆံတော်ဒါယကာ တပုဿနှင့် ဘလ္လိကညီနောင်နှစ်ဖြာတို့သည် ယနေ့ ဤအချိန်တွင် မည်သည့်ဌာန၊ မည်သည့်ဘုံ၌ နေထိုင်ကြမည်နည်းဟု ဝိစာရဏာဉာဏ် ကျက်စားသူများအတွက် တွေးခေါ်မှုရှိကြပေလိမ့်မည်။ ဆံတော်ဒါယကာ ညီနောင်နှစ်ဖြာတို့၏ အတ္ထုပ္ပတ္တိကို အလျဉ်းသင့်တိုင်း သမိုင်းများ ရေးသားကြရာတွင် ဥက္ကလာတိုင်း ဆံတော်ရှင်ဓာတ်ရောက်လတ်ပြီးလျှင် ၎င်းညီနောင်တို့၏ သမိုင်းရေစီးကြောင်းကား ပျောက်ကွယ်ခဲ့သည်တို့သာများကြပေသည်။

တပုဿနှင့် ဘလ္လိကညီနောင်တို့ ကျွတ်တမ်းဝင်ကြပုံမှာ -

ရှင်တော်ဗုဒ္ဓသည် ဗာရာဏသီသို့ ကြွရောက်တော်မူလျက် ဓမ္မစကြာတရားတော်ကြီးကို ဟောကြားတော်မူပြီး အစဉ်အတိုင်း ရာဇဂြိုဟ် နေပြည်တော်တွင် ကြွရောက်သီတင်းသုံးနေထိုင်တော်မူခိုက် တပုဿနှင့် ဘလ္လိကညီနောင်နှစ်ဦးသည် ရာဇဂြိုဟ်မြို့တော်သို့ တစ်ဖန်ဆိုက်ရောက်လာကြပြီး မြတ်ဗုဒ္ဓထံ ချဉ်းကပ် ရှိခိုးနေထိုင်စဉ် ဗုဒ္ဓသည် ၎င်းတို့နှစ်ဦးအား 'သစ္စကထာ' ဒေသနာတော်ကို ဟောကြားတော်မူသည်။

ထိုအခါ နောင်တော် တပုဿသည်ကား ဥပါသကာခေါ် လူဝတ်ကြောင်အဖြစ်ဖြင့်ပင် သောတပတ္တိဖိုလ် (ဝါ) သောတာပန်အဖြစ် ဆိုက်ရောက်တော်မူသည်။ ညီတော်ဘလ္လိကသည် အဘိညာဉ်ခြောက်ရပ်နှင့် ပြည့်စုံသော အရဟတ္တဖိုလ် (ဝါ) ရဟန္တာအရှင်မြတ်အဖြစ်သို့ ရောက်ပြီးလျှင် ဤရှင်တော်ဂေါတမဗုဒ္ဓသာသနာတော်တွင် ဧတဒဂ္ဂဘွဲ့ထူးရ အထက်တန်းစား အရိယာအဖြစ်သို့ရောက်ရှိလျက် ကျွတ်တမ်းဝင်တော်မူကြပေသည်။

ကျွန်တော်သည် မြန်မာပြည်ရှိ တန်ခိုးကြီးဘုရားအတော်များများကို ဖူးမြော်ဖူးသော်လည်း ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နှင့် မိုင်ကိုးဆယ်ဝေးကွာသော မဟာမကုဋရုံသီ ဆံတော်ရှင် မြတ် မော်တင်စွန်းစေတီတော်ကို တစ်ခါမျှ မဖူးဘူးသေးချေ။ ထို့ကြောင့် ကျွန်တော်သည် ပုသိမ်မော်တင်စွန်းဘုရားတွင် ကိုးရက်အဓိဋ္ဌာန်ဝင်ခဲ့၏။ နယုန်လဆုတ်၈ ရက်မှ ဝါဆိုလဆန်း ၂ ရက် (ဇူလိုင် ၁ ရက်မှ ၉ ရက်) အထိ ဖြစ်သည်။ ထိုခရီးကို ကျွန်တော်၏တူဖြစ်သူ သန်းအေးအောင်(ခေါ်)ဘိုဖြူ (ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ယာဉ်ကြီးမောင်း) က လိုက်ပို့ပေးခဲ့သည်။ ပုသိမ်မြတ်မော်တင်စေတီတော်သည် မြန်မာပြည်၏ အနောက်တောင်အစွန်းနဂရေအငူပေါ်တွင် တည်ရှိပြီး ပင်လယ်ကမ်းစပ်တွင် တည်ရှိ၍ လေကောင်းလေသန့်များစွာ ရှိလေသည်။

မြတ်မော်တင်စွန်းဘုရားတွင် အဓိဋ္ဌာန်ဝင်ရင်း မြတ်စွာဘုရား၏ ဂုဏ်တော်ကျေးဇူးတော်များကို အဖန်ဖန်ပွားများမိသည်။ ကျွန်တော်၏ ဖခင် စာရေးဆရာကြီး ဦးရန်အောင် ပြောခဲ့သည့် စကားတစ်ခွန်းမှာ-

"သူတစ်ပါးကျေးဇူးကို ရှာကြံပြီး တင်ပါ။ ဘယ်တော့မှ မဆင်းရဲဘူး"

ဟူ၍ပင် ဖြစ်ပါသည်။

အဖေသည် တိုင်းပြည်ကို ကလောင်ဖြင့် ဆုံးမခဲ့သလို သားသမီးများကို ကိုယ်၊ နှုတ်၊ အမူအရာများဖြင့် ဆုံးမခဲ့ပေသည်။

ခုဒ္ဒကနိကာယ သုတ္တန်ပါတပါဠ် အဖွင့် ပါရာယနဝဂ္ဂဝတ္ထုတွင် ဗုဒ္ဓမြတ်စွ ဘုရား သက်တော်ထင်ရှား ပွင့်ထွန်းပေ ပေါက်တော်မူလာရခြင်းသည် (ဝါ) ဗုဒ္ ကိုယ်စား ဓာတ်တော်၊ ဆံတော်၊ ရုပ်ပွာ တော်ဆင်းတု အစပြုသည့် စေတီလေ မျိုး မြတ်နိုးတည်ထား အပူဇော်ခံ (ပူဇ ရဟ) အဖြစ်ဖြင့် ဒြပ်သဏ္ဌာန်ရုပ်ဝတ္ထ တည်ရှိနေသေးသရွေ့ ကာလပတ်လုံ (ပူဇိတ) ဖြစ်သော ကိုးကွယ် မြတ်နိ အားကိုးကြည်နူးပူဇော်မှု အထူးရှိကြကုး သော လူ၊ နတ်၊ ပြဟ္မာ၊ သတ္တဝါတ အတွက် 'တိဝိဓသုခ' ဟု ဆိုအပ်သော လူ၊ နတ်နိဗ္ဗာန်သုံးတန်ချမ်းသာ တိုးပွာ ကြောင်းပင် ဖြစ်ပေသည်။

အဆက်ဆက်သော ကမ္ဘာတို့ ပွင့်တော်မူကြကုန်သော 'ဗုဒ္ဓရတန တော်ကို တစ်ကြိမ်တစ်ခါ တွေ့ကြ ပူဇော်ကော်ရော်မြတ်နိုး လှူဒါန်းမှုအမ မျိုးတို့ကြောင့် လည်းကောင်း၊ ဗုဒ္ဓကိုယ စားဓာတ်တော်စေတီတော်တို့၌ တ ကြိမ်တစ်ခါမျှ ကြည်ညိုမှန်းထားကုသိုလ ဇော ပွားများနိုင်ကြ၍ လည်းကောင်း လူနတ်နိဗ္ဗာန်သုံးတန်သောချမ်းသာ ရရှိလျက် ကျွတ်တမ်းဝင်တော်မူကြသော ပုဂ္ဂိုလ်အပေါင်းတို့တွင် အချို့ကား ဘုရားအဖြစ်သို့ ရောက်ရှိခြင်း၊ အချို့ ကား အဂ္ဂသာဝကဂုဏ်ထူး၊ မဟာသာ ဝကဂုဏ်ထူးဖြင့် ဆိုင်ရာဂုဏ်ထူးများ ကိုယ်စီကိုယ်င ရယူကြလျက် ရဟန္တ ရဟန္တာမိန်းမ အရှင်မြတ်တို့ ဖြစ်ကြ သည်မှာ 'ဗုဒ္ဓရတနာတော်' ၏ စွမ်းရ သတ္တိတော်ပင်ဖြစ်ကြောင်း ကျမ်းဂ အရပ်ရပ်တို့၌ ဟောညွှန်းတော်မူသည ကို ဗုဒ္ဓသာသနာတော်အား လေးစား မှန်သမျှ ယုံကြည်ပြီးဖြစ်ကြပေသည်။

မြတ်မော်တင်စွန်းစေတီတော် တနင်္ဂနွေနှင့် တနင်္လာထောင့်ရှိ ထိ တော်မူရုပ်ပွားတော်ကို တေးသံရှင် ဝင်းထွန်း၊ မိုင်ညိုညိုဝင်းမိသားစု၊ အ ထောင့်ရှိ ရုပ်ပွားတော်ကို ကိုအေးဟ မမိမိခိုင်မိသားစု (ပြင်ခရိုင်)၊ ဗုဒ္ဓဟ ထောင့်ရှိ ရုပ်ပွားတော်ကို ပုသိမ်ခ ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ကျော်မြ ဒေါ်ယဉ်ယဉ်ပိုမိသားစု၊ ကြာသပ ထောင့်ရှိ ရုပ်ပွားတော်ကို သမာဓိ



www.burmeseclassic.com

www.burmeseclassic.com

ကြီး ဦးစံလှဖြူအား ရည်စူး၍ ကိုလေး မခင်မြင့်မိသားစု (ကညင်ချောင်း မြောက်)၊ သောကြာထောင့်ရှိ ရုပ်ပွား တော်ကို ဦးကြည်အောင်၊ ဒေါ်သန်း သန်းမြင့်မိသားစု (စိန်မေတ္တာဆန်စက်၊ ပုသိမ်မြို့) တို့ လှူဒါန်းထားကြသည်။ စာရေးဆရာ မောင်တင်လှိုင် (ဟိုတယ်/ ခရီး) ဒေါ်ခင်အေး မိသားစုမှလည်း အခုံစေတီလှူထားသည်ကို တွေ့ခဲ့ရ သည်။

ကျွန်တော်သည် စေတီတော်တွင် တစ်ယောက်တည်း အဓိဋ္ဌာန်ဝင်ရာတွင် ...ယ်ရာအတော်များများကို ကြုံတွေ့ခဲ့ ရသည်။ စေတီတော်၏ ပတ်ဝန်းကျင် ... ကျောက်ဆောင်၊ကျောက်ခဲ၊ကျောက် ...များဖြင့် ဝိုင်းရံလျက်ရှိသည်။ လှိုင်း ... လှိုင်းအိ၊ လှိုင်းဂယက်၊ လှိုင်းကြက် ...တို့သည် စေတီတော်၏ခြေတော်ရင်း ...ကျောက်သား ပရဝဏ်ဆီသို့ ဦးချီရစ် ...လျက်ရှိကြသည်။ စေတီတော်၏ ...ခြေရင်းတွင် ပင်လယ်ရေများ ဝိုင်းရံ ...ရှိသောကြောင့် မြသားရေပြင်လွှာ ... ဝယ် ဘော်ရောင်အသွေး ဖြူဖွေး ...ောက်ပ သပ္ပာယ်လှပသော ဖောင် ...ဆိပ်စေတီတော်မြတ်အား ထူးခြား ...ကြည်ဖူးမဝနိုင်ဖွယ်ဖြစ်ရလေတော့ သည်။

မှတ်ချက်။။ ယခုအခါ လူအများ ... ဖောင်တော်ဦးစေတီနှင့် ဖောင်တော် ဆိပ်စေတီကို လွဲမှားစွာ ခေါ်ဝေါ်နေကြ သည်။ ဖောင်တော်ဦးစေတီအမှန်မှာ ...ောင်တော်ကြီးပေါ်မှ သိမ်ကျောင်းကြီး ...တွင်ရှိနေသော ထုံးသင်္ကန်းဖြူ ...တီ ဖြစ်ပါသည်။

မြတ်မော်တင်စေတီကို ရာသီဥတု ...ခံနိုင်ရန် မြန်မာရွှေသင်္ကန်း မကပ် ... ရွှေဝါရောင်ဆေးသင်္ကန်း ကပ် ...ထားသည်ကို ဖူးတွေ့ခဲ့ရပါသည်။ ည ...ရောက်လျှင် ဘုရားတွင် လျှပ်စစ် ...မီးရှိချေ။ အဖေဦးရန်အောင်သည် ...စာရေးဆရာများဖြစ်ကြသော ဦးသော် ... လင်းယုန်မောင်မောင်တို့နှင့်အတူ ... ခုနှစ်၊ ဒီဇင်ဘာလတွင် ပုသိမ် ...ပဟောပြောပွဲသို့ ရောက်ခဲ့သည်။ ...က ပုသိမ်တက္ကသိုလ်ပါမောက္ခ ... ဆရာတက္ကသိုလ်ဘန်းနိုင် ဖြစ် ...။ အဖေတို့သည် ပုသိမ်မြတ်မော် ...စွန်းဘုရားသို့လည်း ရောက်ခဲ့ရာ ...ရေးခဲ့သော တေးထပ်မှာ -

## မြတ်မော်တင်
## ဆံတော်ရှင်စေတီတော်(သမိုင်း)

မဏ္ဍိုင်ဘိသေ၊ အောင်ပန်းခြွေ သား၊ စိန္တေထွတ်ဖူး၊ သုံးလူမူးလျှင်၊ ကြည် နူးဖွယ်ရာ၊ သတ္တဌာဟု၊ ပွင့်လာလင်း လွန်း၊ ရိပ်ဝါထွန်း၍၊ တင့်ရွှန်းလျှံဝါ၊ စံပယ် ခါတွင်၊ နှစ်ဖြာညီနောင်၊ အမည်ဆောင် သား၊ ဂုဏ်ရောင်ထွန်းပ၊ တပုဿနှင့်၊ ဘလ္လိကမည်၊ မြတ်ကုန်သည်တို့၊ တိုင်း ပြည်ပေါက္ခရ၊ အသိတဥ္စနဟု၊ ဥက္ကလာ မင်း၊ ပိုင်နက်တွင်းမှ၊ နိုးရင်းဖို့ရာ၊ ဆန် များစွာဖြင့်၊ မဟာဒေသ၊ မဇ္ဈိမသို့၊ သွား ကြခိုက်တွင်၊ ဘုရားရှင်ကို၊ မိခင်နတ် သား၊ လမ်းညွှန်ကြား၍၊ ဝပ်တွားကြည် သာ၊ ဖူးမြော်ရာလျက်၊ နှစ်ဖြာသရဏဂုံ၊ ကိုယ်လုံးထုံ၍၊ အာရုံမှန်းခါ၊ ကိုးကွယ်ရာ ဟု၊ မြတ်စွာထွတ်ထား၊ ပေးသနားသည့်၊ မြသားဆံတော်၊ ဓာတ်အမော်ကို၊ ရှင် ပျော်ပင့်ဆောင်၊ သဘော်ဖောင်ဖြင့်၊ တိုင်းအောင်ဌာန၊ ပြန်လာကြစဉ်၊ အဇ္ဈ တ္တမည်၊ မင်းနေပြည်မှ၊ ရှင်ကြည်နူးနူး၊ ဆီးကြိုဖူး၍၊ ထူးထူးချွန်ချွန်၊ ဆိပ်ကမ်း ခွန်ဟု၊ တာဝန်မှတ်သား၊ အကောက် အားဖြင့်၊ မြသားသွင်တူ၊ ဆံနှစ်ဆူကို၊ ဆောင်ယူပင့်ခါ၊ ထားလိုက်ရာ၏၊ သည်း စွာငိုကြွေး၊ လွန်ပူဆွေးလျက်၊ ရန်ဝေးစေ ရာ၊ စိုးရိမ်စွာဖြင့်၊ တစ်ဖြာဆက်ခါ၊ တွက် ခဲ့ရာတွင်၊ မဟာသက္ကရာဇ် ရာသုံးနှစ်၏၊ နွေခေတ်ဆုံးကျ၊ ဝါဆိုလ၏၊ ဆန်းစအ ထက်၊ ဆယ့်တစ်ရက်တွင်၊ မော်တင်ဝေါ ဟာ၊ ရှေးအခါက၊ သညာနာမ၊ သရန ဟု၊ ဒေသတင့်ရွှန်း၊ အင်္ဂူစွန်းသို့၊ ဖောင် ဝန်းဆိုက်လာ၊ ခိုက်အခါတွင်၊ ခြောက် ဖြာရောင်ခြည်၊ ကွန့်မြူးလည်၍၊ ရှင် ကြည်သဒ္ဓါ၊ ဖူးကြရာ၏၊ စေတနာအား၊ လွန်ကြီးမားသည့်၊ နဂါးဘုရင်၊ မည်တွင် ပေတ၊ ဇေယျသေန၊ တေဇထန်ပြင်း၊ နဂါးမင်းသည်၊ အဆင်းလူဟန်၊ အသွင် ဖန်လျက်၊ ညွှတ်ယံလူပြုတ်၊ နှစ်ဆူဓာတ် ကို၊ ယူလတ်ပြီးလျှင်၊ တောင်တော်ပြင်၌၊ မြစင်ရတနာ၊ ဝန်းရံခါဖြင့်၊ ဝါဆိုလပြည့်၊ သွင်းနှံ့ထည့်၍၊ ရှင်စည်လျှံဝါ၊ တည်ထား ရှာ၏။

မြတ်စွာသခင်၊ တောင်တော်ခွင် သို့၊ ရောက်ရှင်ဖြန့်ကျင်း၊ ကြွလာဆင်း၍၊ ခပင်းဥဿုံ၊ အတိတ်စုံကို၊ ဖုံဖုံတန်တန်၊ မိန့်တော်ပြန်ခဲ့၊ ရောင်ပြန်တစ်ခေတ်၊ သက္ကရာဇ်မူ၊ နှစ်ရာသုံးဆယ်၊ ခြောက် နှစ်ဝယ်လျှင်၊ အရှင်နှစ်ပါး၊ တန်ခိုးအား ဖြင့်၊ များပြားဗိုလ်ပါ၊ ခြံရံကာလျက်၊ (သီ ရိ) ဓမ္မာသောကာ၊ မင်းရာဇာလျှင်၊ ကေ သာဓာတ်မြတ်၊ စံကာပျော်သား၊ တောင့် ပေါ်ဗွေထက်၊ မြေအချက်သို့၊ ရွှေစက် ဖြန့်ခါ၊ ကြွချီလာ၍၊ ထပ်ခါတစ်ဖန်၊ တည်ခဲ့ပြန်၏၊ တိုင်းမြန်မာလုံး၊ အာဏာ ဖုံးထား၊ လက်ရုံးစွမ်းအင်၊ ဘုန်းပန်းလွှင် သည့်၊ အရှင်ကျော်စွာ၊ နော်ရထာဟု၊ မဟာဓမ္မရာဇ်၊ မင်းကျန်စစ်သို့၊ ဆံစစ် ဓာတ်ကို၊ ဖူးမြင်မြော်ခဲ့။

မြေးတော်တစ်ဆူ၊ လောင်းစည်သူ လျှင်၊ သုံးလူမျက်ရှစ်၊ ဆံတော်စစ်ကို၊ ထွန်းသစ်ဖို့ရေး၊ ဖန်ဖန်တွေး၍၊ ရှည်ဝေး မြင့်ကြာ၊ တည်စိမ့်ဌာလျှင်၊ လေးရာ့ငါး ဆယ်၊ ခုနစ်သွယ်ဟု၊ ကျယ်သက္ကရာဇ်၊ ရောက်လာခေတ်တွင်၊ ပတ်ရစ်ဆင့်ကာ၊ တည်ခဲ့ရှာ၍၊ တေဇကွန့်မြူး (ဖောင် တော်ဦး) နှင့်၊ ကြည်နူးဖွယ်ရာ၊ သောင် ပြင်သာတွင်၊ သညာခတ်နှိပ် (ဖောင် တော်ဆိပ်) ဟု၊ မြရိပ်ပင်လယ်၊ ရွှေစင် ခြယ်လျက်၊ ကိုးကွယ်ဖို့ရန်၊ တည်ထား ပြန်၏၊ နိဗ္ဗာန်တောင်ခွင်၊ မြတ်မော်တင် သည်၊ ရောင်ရှိန်ဝိုးဝင်း၊ ဖြိုးဖြိုးလင်း၍၊ မင်းမင်းစဉ်လာ၊ မင်္ဂလာဟု၊ ကြေညာ ကျော်ဟိုး၊ ဘုန်းတော်တိုးသည်၊ တန်ခိုး အနန္တ၊ လျှံစေသော်. . . ။

ရန်အောင်

(၉-၁-၁၉၇၅)

## မဟာမကုဋရံသီ
## မြတ်မော်တင်စေတီတော်ဘုရားရှိခိုး

မာနိ တံနာဂဒေဝေဟိ၊
ရာဇရာဇောတိ ပူဇိတံ၊
သဇီဝဓာတုယာဌာနံ၊
ဝန္ဒေမကုဋစေတိယံ။ ။

ကျွန်တော်သည် မော်တင်စွန်းမှ အပြန်တွင် ပုသိမ်နှင့် မော်တင်စွန်းအ ကြားရှိ ကျုံကူးကျေးရွာကြီးသို့ ရောက် ခဲ့သေးသည်။ ယင်းကျေးရွာတွင် အဖေ ဦးရန်အောင် ကိုးကွယ်ခဲ့သော မဟိန္ဒရာ သူတော်စင်ကို ကိုးကွယ်ထားသော လူ တစ်ဦးသည် အလုပ်ရုံတစ်ခု တည် ထောင်ထားသည်။ ထိုသူသည် ပုသိမ် အ-ထ-က (၂) ရှေ့တွင် စတိုးဆိုင်ဖွင့် ထားပြီး ရွာရှိအလုပ်ရုံသို့ တစ်ပတ်တစ်ခါ သာ ရောက်လေ့ရှိသည်။ ယင်းအလုပ်ရုံ ရှိ အလုပ်သမားများသည် မဟိန္ဒရာ သူတော်စင်ကြီး မကြိုက်သော အရက် နှင့် အမဲသားကို စားသောက်ပုံရသည်။ သူတော်စင်ကြီးမှ မကြာခဏ ကိုယ်ထင် ပြလေ့ရှိသည်။ ရွာရှိလူများကလည်း မကောင်းဆိုးဝါးဟု ထင်ပုံရသည်။ ကျွန် တော်သည် မဟိန္ဒရာသူတော်စင်ကြီး အတ္ထုပ္ပတ္တိစာအုပ်များကို ရွာရှိလူများကို ဝေငှရင်း ရှင်းပြမှ အမြင်မှန်ရသွားကြ လေသည်။

တင်အောင် (စက်မှုတက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com

# တင်ထွန်း

(စက်မှု-၂ ငြိမ်း)

## ဘောအိုလ်းအဏ္ဍာဆက်လည်းများမှကာကွယ်ပေးသည့်ဂါထာ

ခရစ်နှစ် ၁၉၇၁ ခုနှစ်က စာရေးသူနှင့် ကျောင်းနေဖက်သူငယ်ချင်းဖြစ်သူ ကိုထွန်းလင်းမှာ ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့၌ နေထိုင်သူတစ်ဦးဖြစ်ပြီး ဘာသာတရားကို အလွန်ကိုင်းရှိုင်းသူတစ်ဦးဖြစ်၍ အချိန်ရှိတိုင်း သမ္ဗုဒ္ဓေဂါထာကို ရွတ်ဆိုလေ့ရှိပါသည်။ မအားလပ်သည့်ကာလများတွင် လည်းကောင်း၊ အိပ်စက်နားနေသည့် ကာလများနှင့် ထမင်းစားသောက်နေသည့် ကာလများတွင်သာ ရွတ်ဆိုခြင်း မပြုသည်ကို စာရေးသူ သိရှိထားပါသည်။





www.burmeseclassic.com

www.burmeseclassic.com

သူသည် တစ်ချိန်က ဘာသာခြားတစ်ဦးဖြစ်ခဲ့၍ အမှတ်တမဲ့နေလာခဲ့ရာမှ ရက်တစ်ရက်မှာ သူနှင့် စီးပွားရေးလုပ်ဖော်ကိုင်ဖက်တစ်ဦးတို့ ခရီးထွက်ခဲ့ကြပါ၏။ သူတို့သွားရောက်ရမည့်နေရာက ရှမ်းပြည်နယ်တောင်ပိုင်းရှိ မြို့နယ်များသို့ဖြစ်ပြီး ရှမ်းပြည်နယ်တောင်ပိုင်းရှိ အချို့သော နေရာများတွင် မော်တော်ယာဉ်များ မောင်းနှင်ကြရာ၌ တစ်ဖက်တွင် တောင်နံရံများရှိကြသလို အခြားတစ်ဖက်တွင်လည်း ချောက်ကမ်းပါးများ ရှိကြသဖြင့် မော်တော်ယာဉ်များမောင်းနှင်ကြရာတွင် အလွန်အန္တရာယ်များလည်း များကြသောကြောင့် ယာဉ်မောင်းကြသူများက ထိုနေရာများတွင် သတိဝီရိယများဖြင့် မောင်းနှင်ကြရလေ့ရှိပါ၏။

ရက်တစ်ရက်မှာ စီးပွားရေးလုပ်ငန်းတစ်ခုဖြင့် သူတို့နှစ်ဦး ရှမ်းပြည်နယ်တောင်ပိုင်းသို့ ခရီးထွက်ခဲ့ကြရာ ချောက်ကမ်းပါးများရှိကြသည့် တောင်ပေါ်လမ်းတစ်နေရာသို့ ရောက်ရှိလာခဲ့ကြသည့်အခါလတွင် ကိုထွန်းလင်းနှင့် လိုက်ပါလာခဲ့သည့် မိတ်ဆွေဖြစ်သူက ဗုဒ္ဓဘာသာဝင်တစ်ဦး ဖြစ်ပါ၏။ သူတို့နှစ်ဦးသည် တောင်ကြီးမြို့မှ မော်တော်ယာဉ်ဖြင့် ထွက်လာကတည်းက ကိုထွန်းလင်း၏ မိတ်ဆွေဖြစ်သူက သမ္ဗုဒ္ဓေဂါထာကို ခရီးလမ်းတစ်လျှောက်၌ ရွတ်ဆိုလာခဲ့ပါ၏။ ကိုထွန်းလင်းကတော့ သီချင်းလေးတအေးအေးဖြင့် စီးကရက်တစ်ချက်ရင်း လိုက်ပါလာခဲ့ပါသည်။

ယာဉ်မောင်းဖြစ်သူက ရှမ်းပြည်နယ်တွင် ယာဉ်မောင်းလာခဲ့သည်။ သက်တမ်းကာလမှာလည်း မနည်းတော့သဖြင့် ယာဉ်မောင်းရာတွင် အလွန်ကျွမ်းကျင်သောသူတစ်ဦးလည်း ဖြစ်ပါသည်။ တောင်ပေါ်ခရီးလမ်းတစ်လျှောက်ကို အရှိန်မြှင့်၍ မောင်းနှင်လာခဲ့ရာ အန္တရာယ်ရှိသည့် တောင်ပေါ်လမ်းကွေ့တစ်နေရာသို့ ရောက်ရှိလာခဲ့သည့်ကာလတွင် ရုတ်တရက် တိုင်ရော့ (Tie Rod) ပြုတ်ထွက်ခဲ့၍ ယာဉ်ကို မထိန်းသိမ်းနိုင်တော့သဖြင့် ချောက်ကမ်းပါးအောက်သို့ ကျရောက်ခါနီး နှစ်ပေခန့်အကွာ၌ ကျောက်ခဲကြီးတစ်လုံးကို ယာဉ်ဖြင့်တိုက်မိခဲ့သဖြင့် မော်တော်ယာဉ်မှာလည်း ရုတ်တရက်ရပ်တန့်သွားခဲ့ပါ၏။

ထိုသို့ ယာဉ်ရပ်တန့်သွားခဲ့သဖြင့် ချောက်ကမ်းပါးအတွင်းသို့ ကျရောက်မည့် ဘေးအန္တရာယ်မှကင်းဝေခဲ့၍ ခရီးသည်များအားလုံး၏ အသက်ဘေးများ



လည်း ကင်းလွတ်ခဲ့ရပါ၏။ ကိုထွန်းလင်းဖြစ်သူက တွေးဆမိခဲ့သည်မှာ သူ၏မိတ်ဆွေဖြစ်သူက ခရီးလမ်းတစ်လျှောက် သမ္ဗုဒ္ဓေဂါထာကို ရွတ်ဆိုခဲ့၍ သူတို့၏ အသက်ဘေးများမှ လွတ်မြောက်ခဲ့သည်ကို ထင်မြင်ယူဆမိခဲ့ရာမှ ဗုဒ္ဓဘာသာဝင်တစ်ဦးအဖြစ်နှင့် ဘဝတစ်လျှောက်လုံးတွင် ရပ်တည်လာခဲ့ရာ ယခုမျက်မှောက်ကာလတိုင် ဖြစ်ပါ၏။ ခရစ်နှစ် ၂၀၁၀ ခုနှစ်၌ စာရေးသူနေထိုင်ရာ ဒဂုံမြို့သစ်မြောက်ပိုင်းရှိနေအိမ်သို့ ကိုထွန်းလင်း ရောက်ရှိလာခဲ့ပြီးနောက် သူ၏ အသက်ဘေးမှ နှစ်ကြိမ်စလုံး လွတ်မြောက်လာခဲ့သည်မှာလည်း သမ္ဗုဒ္ဓေဂါထာအစွမ်းကြောင့်ဖြစ်ကြောင်းကို ယုံကြည် လက်ခံစွာဖြင့် စာရေးသူအား ပြန်လည်၍ ပြောကြားခဲ့ပါသည်။

ဒုတိယအကြိမ်မြောက် ကိုထွန်းလင်း အသက်ဘေးမှ လွတ်မြောက်လာခဲ့သည်မှာလည်း ထူးဆန်းအံ့ဩဖွယ်ကောင်းလှပါ၏။ ခရစ်နှစ် ၁၉၇၁ ခုနှစ်၊ မေလ ၁၅ ရက်နေ့က သူသည် ရှမ်းပြည်နယ်တောင်ပိုင်း ရွှေညောင်ဘူတာမှ သာစည်ဘူတာသို့ အစုန်ရထားဖြင့် ထွက်ခွာလာခဲ့ရာ ခရီးလမ်းတစ်လျှောက်တွင် တည်ရှိသည့် လယ်ပြင်ဘူတာနှင့် ခွေးရုပ်ဘူတာကြားတွင် ရထားလမ်းချော်၍ ရထားစက်ခေါင်းနှင့် ရထားတွဲများ ချောက်ကမ်းပါးထဲသို့ ကျရောက်သွားခဲ့ပါ၏။ ရွှေညောင်ဘူတာမှ ရထားထွက်ခွာလာကတည်းက ကိုထွန်းလင်းမှာ သမ္ဗုဒ္ဓေဂါထာကို ရွတ်ဆိုနေခဲ့ပြီး ရထားဖြင့် လိုက်ပါလာခဲ့ရာမှ ထိုသို့ ရထားလမ်းချော်၍ တမ်းမှောက်ခဲ့ခြင်းနှင့် ကြုံတွေ့ခဲ့သော်လည်း သမ္ဗုဒ္ဓေဂါထာအစွမ်းကြောင့် ကိုထွန်းလင်းမှာလည်း အသက်ဘေးမှ ကံသီစွာဖြင့် လွတ်မြောက်ခဲ့ရပါ၏။ ရထားလမ်းချော်ခဲ့သည့်အချိန်ကာလ၌ ကိုထွန်းလင်းကို မည်သူမှန်းမသိခဲ့သည့် လူတစ်ယောက်က ရထားပြတင်းပေါက်မှနေ၍ တောင်နံရံဘက်သို့ တွန်းထုတ်လိုက်ခဲ့ကြောင်းကို သိရှိခဲ့ရသော်လည်း ထိုသို့ တွန်းထုတ်ခဲ့သူကို ယခုမျက်မှောက်ကာလထိ မည်သူမည်ဝါဖြစ်ကြောင်းကိုလည်း မသိရှိကြောင်းကို စာရေးသူအား ပြန်လည်ပြောကြားခဲ့၍ အကြောင်းစုံကို သိရှိခဲ့ရပါ၏။တစ်ခါတစ်ရံတွင်လည်း တကယ့်ဖြစ်ရပ်များသည် စိတ်ကူးယဉ်ထက် ထူးထွေဆန်းပြားကြောင်းကိုလည်း စာရေးသူအနေဖြင့် သိရှိခဲ့ရပါ၏။

အကယ်၍ တစ်စုံတစ်ယောက်ကသာ ကိုထွန်းလင်းအား တွန်းဖယ်ခြင်း မပြုပါက ယခုမျက်မှောက်ကာလမှာ ကိုထွန်းလင်းလည်း ဘဝတစ်ပါးသို့ ရောက်ရှိနေမည်မှာ ဧကန်မလွဲပင် ဖြစ်ပါ၏။ တစ်နည်းအားဖြင့် ကိုထွန်းလင်းအား ကယ်တင်ခဲ့သူမှာ သမ္ဗုဒ္ဓေဂါထာအစွမ်းကြောင့် သူတော်ကောင်းတစ်ယောက်က ကယ်တင်လိုက်ခဲ့ခြင်းသာ ဖြစ်ကြောင်းကိုလည်း စာရေးသူအနေဖြင့် ထင်မြင်ယူဆမိပါသည်။

လူ့ဘောင်လူ့လောကကြီးသည် အလွန်ထူးဆန်းဖွယ်ကောင်းလှကြောင်းကိုလည်း စာရေးသူ၏ တစ်ချိန်က အတွေ့အကြုံများအရ သိရှိနေခဲ့သဖြင့် ပြန်လည်၍ ရေးသားဖော်ပြနေခြင်းလည်း ဖြစ်ပါ၏။

ရထားတို့၏ သဘောသဘာဝကလည်း တောင်တက်ခရီးလမ်းထက် တောင်ဆင်းခရီးလမ်းများကို အထူးသတိပြု၍ မောင်းနှင်ကြရလေ့ရှိပါ၏။ တောင်တက်ခရီးလမ်းကို အရှိန်မြှင့်တင်၍ မောင်းနှင်ကြရသလို တောင်ဆင်းခရီးလမ်းကိုတော့ အရှိန်မြှင့်သည့် စက်ကိရိယာကို အသုံးမပြုရဘဲ မကြာခဏ အရှိန်သတ်၍ မောင်းနှင်ကြရလေ့ရှိပါ၏။ အရှိန်ထိန်းဘရိတ်ကို ရထားခုတ်မောင်းနေစဉ် ကာလများတွင် မကြာခဏ ရထားအရှိန်ကို သတ်ရလေ့ရှိကြကာ ရထားတို့၏ သဘောသဘာဝအရ တန်အလေးချိန်ကြီးမားကြသဖြင့် ရူပဗေဒသဘောအရ အဟုန်ကလည်း ကြီးမားကြပါသည်။

ရထားခုတ်မောင်းနေစဉ်ကာလ၌ ရထားစက်ခေါင်းမှ အရှိန်သတ်သည့် ဘရိတ်ကို ဆွဲဖမ်းသည့်ကာလများတွင် ရထားစက်ခေါင်းနောက်တွင်ရှိကြသည့် ရထားတွဲများက ရှေ့ဆုံးတွင်ရှိနေသော

www.burmeseclassic.com

ရထားစက်ခေါင်းကို ပြေးဆောင့်တတ်သည့်သဘောသဘာဝရှိကြသဖြင့် အဟုန်ကြီးမားကြသည့် ရထားများသည် တောင်တက်ခရီးလမ်းထက် တောင်ဆင်းခရီးလမ်းများကို အထူးသတိပြုရ၍ မောင်းနှင်ကြရကြောင်းကို မီးရထားအတွေ့အကြုံများအရ စာရေးသူက သိရှိထားသဖြင့် ပြန်လည်၍ ရေးသားဖော်ပြခြင်းဖြစ်ပါ၏။ တစ်နည်းအားဖြင့် ရေးသားဖော်ပြရလျှင် ရထားစက်ခေါင်းမောင်းနှင်သည့် လုပ်သက်ရင့်သူများကိုသာ တောင်ပေါ်ခရီးလမ်းများတွင် မောင်းနှင်ကြရပါ၏။ အကယ်၍ ရထားစက်ခေါင်း မောင်းနှင်သည့်သူသည် စက်ခေါင်းမောင်းနှင်သည့်လုပ်သက်နုပါက တောင်ပေါ်ခရီးလမ်းများတွင် ရထားမောင်းနှင်ကြရသည့်ကာလများ၌ အန္တရာယ်များနှင့် ရင်ဆိုင်တွေ့ကြုံရတတ်သဖြင့် လုပ်သက်ရင့်ကြသော ရထားစက်ခေါင်းမောင်းသူများကသာ တောင်ပေါ်ခရီးလမ်းများတွင် မောင်းနှင်ကြရပါ၏။

ရထားစက်ခေါင်း မောင်းနှင်ကြသည့် လုပ်သက်ရင့်သူများသည် လုပ်သက်အတွေ့အကြုံများအရ ရထားတို့၏ သဘောသဘာဝများကို သိရှိထားကြသူများဖြစ်ကြ၍ ရထားစီးခရီးသည်တို့၏ အသက်အန္တရာယ်များကို မကျရောက်နိုင်အောင် ကာကွယ်၍ မောင်းနှင်နိုင်ကြသူများလည်း ဖြစ်ကြပါ၏။ စာရေးသူကိုယ်တိုင်မှာလည်း ငယ်စဉ်ကာလကတည်းက မီးရထားလောကတွင် ကြီးပြင်းလာခဲ့သူဖြစ်၍ မီးရထားတို့နှင့် ဆက်သွယ်၍ ဗဟုသုတရစရာများ၊ ဆင်ခြင်စရာများ၊ သတိပြုစရာများနှင့် ဆောင်ရန်၊ ရှောင်ရန်များကို စာဖတ်သူများအား သိရှိစေချင်သည့် မေတ္တာစေတနာများဖြင့် ရေးသား ဖော်ပြရခြင်းလည်း ဖြစ်ပါ၏။

သမ္ဗုဒ္ဓေဂါထာ၏ အစွမ်းကြောင့် ကိုထွန်းလင်း တတိယအကြိမ်မြောက် အသက်ဘေးမှ လွတ်မြောက်လာခဲ့ခြင်းကို ဆက်လက်၍ ရေးသားဖော်ပြရလျှင် လွန်ခဲ့သော ဆယ်နှစ်ကာလက ကိုထွန်းလင်း မြစ်ဝကျွန်းပေါ်ဒေသရှိ မြို့တစ်မြို့သို့ ရေလမ်းခရီးဖြင့် သွားရောက်ခဲ့ရာ ခရီးလမ်း၌ လေပြင်းတိုက်ခတ်ခဲ့သဖြင့် သင်္ဘောနစ်မြုပ်နေစဉ်ကာလ၌ ကိုထွန်းလင်းက သမ္ဗုဒ္ဓေဂါထာကို မပြတ်ရွတ်ဆိုနေခဲ့ရာ သင်္ဘောပေါ်မှ ခရီးသည်တစ်ယောက်က ရေထဲတွင် နစ်မြုပ်စပြုနေခဲ့သည့် ကိုထွန်းလင်းထံသို့ အသက်ကယ်ဘောပစ်ပေးခဲ့သဖြင့် အသက်ကယ်ဘောကြောင့် ကိုထွန်းလင်းမှာလည်း အသက်ဘေးမှ လွတ်မြောက်ခဲ့ပါ၏။ အသက်ကယ်ဘောများသည် သင်္ဘောပေါ်တွင် အနည်းငယ်သာ ပါရှိလာခဲ့သော်လည်း ထိုသို့ အရေအတွက်အလွန်နည်းပါးသည့် အသက်ကယ်ဘောတစ်ခုသည် ရေထဲ၌ရောက်နေခဲ့သော ကိုထွန်းလင်းဘေးနားသို့ ကျရောက်ခဲ့ရခြင်းမှာလည်း သမ္ဗုဒ္ဓေဂါထာအစွမ်းကြောင့်ဟု သူယုံကြည်ခဲ့ကြောင်းကို စာရေးသူအား ပြန်လည်၍ ပြောကြားခဲ့ပါသည်။ ထိုသင်္ဘောနစ်မြုပ်ရာတွင် ခရီးသည်အများအပြား သေဆုံးခဲ့ကြသော်လည်း ကိုထွန်းလင်းကတော့ အသက်ဘေးမှ သီသီလေးလွတ်မြောက်ခဲ့ရပါ၏။

သုံးကြိမ်သုံးခါ အသက်ဘေးဖြင့် ကြုံတွေ့ခဲ့ရသော်လည်း ကိုထွန်းလင်း အသက်ဘေးမှ လွတ်မြောက်ခဲ့ရသည်မှာ သမ္ဗုဒ္ဓေဂါထာအစွမ်းကြောင့်ဟု စာရေးသူအနေဖြင့် အကြွင်းမဲ့ ယုံကြည်မိခဲ့ပါသည်။ သမ္ဗုဒ္ဓေဂါထာကို ရွတ်ဆိုကြသူများသည်။ အဓိကအားဖြင့် ငါးပါးသီလကို လုံခြုံအောင် စောင့်ထိန်းသင့်ကြပါ၏။ တစ်နည်းအားဖြင့် ငါးပါးသီလခြံကြသူများသည် လူကောင်းလူတော်များဖြစ်ကြ၍ တရားကို နတ်စောင့်ကြသလို လူကောင်းလူတော်များကိုလည်း တရားက ပြန်လည်၍ စောင့်ရှောက်တတ်ကြောင်းကို ရေးသား ဖော်ပြလိုပါ၏။ 'ပြောမယုံကြုံမှသိ' ဆိုသကဲ့သို့ ဘေးအန္တရာယ်များနှင့် ရင်ဆိုင်တွေ့ကြုံကြပါက သမ္ဗုဒ္ဓေဂါထာကို ယုံယုံကြည်ကြည်ဖြင့် ရွတ်ဆိုကြပါက လက်တွေ့ကျကျ သိရှိကြလိမ့်မည် ဖြစ်ကြောင်းကိုလည်း ရေးသား ဖော်ပြအပ်ပါသည်။

စာရေးသူကိုယ်တိုင်လည်း သမ္ဗုဒ္ဓေဂါထာ၏အစွမ်းကို နာဂစ်မုန်တိုင်းတိုက်ခတ်ခဲ့စဉ်ကာလ၌ ထင်ထင်ရှားရှားတွေ့ကြုံခဲ့ရပါ၏။ ၂၀၀၈ ခုနှစ်၊ မေ ၂ ရက်နေ့ နာဂစ်မုန်တိုင်းတိုက်ခတ်ခဲ့သည့်ကာလ၌ စာရေးသူသည် အငြိမ်းစားဝန်ထမ်းဘဝဖြင့် ငွေကြေးချို့တဲ့ခဲ့ပါသည်။ ထိုအချိန်ကာလက စာရေးသူသည် ဒဂုံမြို့သစ်မြောက်ပိုင်းရှိ လယ်ကွက်တစ်ခုတွင် နေထိုင်ခဲ့ပြီး စာရေးသူ၏ နေအိမ်သည် ခိုင်ခံ့ခြင်းမရှိခဲ့ရာ လေမုန်တိုင်းတိုက်ခတ်နေခဲ့စဉ်ကာလ၌ သမ္ဗုဒ္ဓေဂါထာကို မပြတ်ရွတ်ဆိုနေခဲ့ရာ အကြိမ်ပေါင်း မည်မျှရှိခဲ့သည်ကိုလည်း မသိရှိပါ။ စာရေးသူ၏ နေအိမ်ခေါင်မိုးကို မိုးကာထားသည့်သွပ်ပြားများမှာ ဟောင်းနွမ်းဆွေးမြည့်နေခဲ့ပြီး သွပ်ရိုက်သံများသည်လည်း လေမုန်တိုင်းဒဏ်ကြော[င့်] ပြုတ်ထွက်သွားခဲ့သော်လည်း သွပ်ပြားများ တစ်ချပ်မျှလန်မထွက်ခဲ့သည်မှာလည်း ထူးဆန်းအံ့ဩဖွယ်ရာကောင်းလ[ှ] ပါ၏။ အကယ်၍ သွပ်ပြားများ လေဖြ[င့်] လွင့်ပါသွားကြပါက စာရေးသူအနေဖြ[င့်] မည်သို့မျှ ထပ်မံ၍ မဝယ်နိုင်ကြောင်းက[ို] ကိုယ်တိုင်သိရှိထားခဲ့သဖြင့် သမ္ဗုဒ္ဓေဂါထာကို အားကိုးတကြီးဖြင့် ရွတ်ဆိုနေ[...] ခဲ့ခြင်းလည်း ဖြစ်ပါ၏။ သွပ်ပြားများ[...] ဆွေးမြည့်နေသလို နေအိမ်မှာလည်[း] သစ်အဟောင်းများနှင့် ဆောက်လု[ပ်] ထားသဖြင့် ဟောင်းနွမ်းဆွေးမြည့်နေ[...] သော်လည်း ပြိုမကျခဲ့သည်မှာလည်[း] အလွန်ထူးဆန်းဖို့ကောင်းလှပါ၏။ လေ[...] မုန်တိုင်းတိုက်ခတ်ခဲ့စဉ်ကာလ၌ အခ[...] သော ခိုင်ခံ့သည့် အိမ်ကြီးအိမ်ကောင်[း] များသည်ပင်လျှင် ပြိုကျခဲ့သော်လည်[း] စာရေးသူ၏နေအိမ်မှာ သွပ်တစ်ချပ်[...] ပင် လေနောက်သို့ ပါမသွားခဲ့ခြင်းမ[...] ခဲ့ပေ။

သမ္ဗုဒ္ဓေဂါထာနှင့် ဆက်နွယ်၍ အတွေ့အကြုံပေါင်းများစွာထဲမှ စာရေ[း] သူဖခင်ရဲ့အစ်ကိုဖြစ်သူ၏ ထူးဆန်းလ[...] သော ဖြစ်ရပ်တစ်ခုကိုလည်း ရေးသာ[း] ဖော်ပြလိုက်ပါသည်။ ဒုတိယကမ္ဘာစ[စ်] မတိုင်မီကာလက စာရေးသူ၏ ဘကြီး ဖြစ်သူသည် ညောင်တုန်းမြို့နယ် စကြာ့ဇာတိဖြစ်ပြီး သူ၏အသက်မွေ[း] ဝမ်းကျောင်းလုပ်ငန်းက လှေသူကြီးဖြ[စ်] ပါ၏။ ဘကြီးဖြစ်သူသည် ထိုအချိန်က[ာ] လက ငွေကြေးချမ်းသာသူတစ်ဦးအဖြ[စ်] နှင့် သူ့ရပ်ရွာတွင် ထင်ပေါ်ကျော်ကြာ[း] နေခဲ့သူတစ်ဦးလည်း ဖြစ်ပါ၏။ လကွယ်[...] ည ရက်တစ်ရက်မှာ ကမ်းနားတွင် ဆိုက်[...] ကပ်ထားသော လှေပေါ်သို့ ဓားပြများ ရုတ်တရက်ရောက်ရှိလာခဲ့ပြီး ဘကြီး ဖြစ်သူအား သုတ်သင်ရန်အတွက် လိုက်[...] လံရှာဖွေနေခဲ့ကြပါသည်။ ထိုအချိန်[...] ဘကြီးဖြစ်သူက ဓားပြများရန်မှ ကင်[း] ဝေးစေနိုင်ရန်အတွက် လှေဝမ်းထဲ၌ ပုန်[း] အောင်းနေခဲ့ပြီး သမ္ဗုဒ္ဓေဂါထာအား မပြတ်ရွတ်ဆိုနေခဲ့သည်။ ထိုအခါ ဓားပြ[...] များက ဘကြီးဖြစ်သူအား လှေအတွင်[း] သို့ ဝင်ရောက် ရှာဖွေခဲ့ကြသော်လည်[း] ဘကြီးဖြစ်သူအား မတွေ့ဖြစ်ခဲ့ကြပ[...] ဘကြီးဖြစ်သူကမူ လှေဝမ်းအတွင်း[...] ဓားပြများဝင်ရောက်လာနေကြောင်းက[...]



www.burmeseclassic.com

တွေ့မြင်ခဲ့ရပါ၏။ လေ့ဝမ်းတွင်း၌ နေ ရာကကျဉ်းကျဉ်းလေးဖြစ်နေသည့်တိုင် အောင် ဓားပြများက ဘကြီးဖြစ်သူအား တွေ့မြင်ခဲ့သည်မှာလည်း အလွန်ထူး ဆန်းဖို့ကောင်းလှပါ၏။ တစ်နည်းအား ဖြင့် ရေးသားဖော်ပြရလျှင်တော့ သမ္မု ဒ္ဒေဂါထာအစွမ်းကြောင့် ဖြစ်ကြောင်းကို သပြည့်ဝန်းကြီးကို လက်ဝါးပြင်ပေါ် တင်ထားဘိသကဲ့သို့ ထင်ထင်ရှားရှား မြင်ခဲ့ကြောင်းကိုလည်း မည်သူမျှ ငြင်း ဆယ်၍ မရနိုင်ပါ။ ထိုဖြစ်ရပ်ကို ဘကြီး ဖြစ်သူက သူမကွယ်လွန်မီကာလ၌ စာ ရေးသူတို့အား ပြန်လည်၍ ပြောကြားခဲ့ သည့် ဘကြီးဖြစ်သူသည် ခရစ်နှစ် ၁၉၆၅ ခုနှစ်က ပြည်မြို့၌ လူကြီးရောဂါ ဖြင့် ကွယ်လွန်ခဲ့ပါသည်။

အကယ်၍ စာဖတ်သူများအနေ ဖြင့် ဘေးအန္တရာယ်များနှင့် ကြုံတွေ့ကြ ပါက သမ္မုဒ္ဒေဂါထာကို လက်တွေ့ကျကျ ရွတ်ဆိုကြည့်ကြပါက လက်တွေ့ကျကျ သိရှိနိုင်လိမ့်မည်ဖြစ်၍ 'ပြော မယုံ၊ ကြုံ မသိ' ဆိုသကဲ့သို့ လက်တွေ့သည် စာ တွေ့ထက် မှန်ကန်ကြောင်းကို သိရှိကြ လိမ့်မည် ဖြစ်ပါ၏။ အထက်ဖော်ပြပါ ဖြစ်ရပ်များသည် တကယ့်ဖြစ်ရပ်များ ဖြစ်ကြ၍ စာပေပရိသတ်တို့အား သိရှိ စေလိုသည့်ဆန္ဒများဖြင့် ရေးသားဖော် ပြခြင်းလည်း ဖြစ်ပါသည်။

ထို့အတူ ၁၉၇၇ ခုနှစ်က စာရေး သူ ဝန်ထမ်းဘဝတွင်တာဝန်ထမ်းဆောင် နေခဲ့သည့်ကာလ၌ အမေရိကန်ပြည် ထောင်စု နီးဗားဒါးပြည်နယ် လား(စ်) ဗီးဂတ်(စ်)မြို့၌ နေထိုင်လျက်ရှိသော မိတ်ဆွေတစ်ဦးထံမှ စာတစ်စောင် ထက်ခံရရှိခဲ့ပါ၏။ ထိုမိတ်ဆွေသည် တစ်ချိန်က စာရေးသူနှင့် ကျောင်းနေ ဖက် သူငယ်ချင်းတစ်ဦးဖြစ်ခဲ့ပြီး ဘာသာ တရားလည်း အလွန်ကိုင်းရှိုင်းသူတစ်ဦး ဖြစ်ပါ၏။ သူ့အနေဖြင့် အမေရိကန်ပြည် ထောင်စုသို့ သွားရောက်ခဲ့သည့် အကြောင်းရင်းကလည်း အခြားမဟုတ် ပါ။ သူ၏ ငယ်စဉ်ကာလကတည်းက ကျောင်းနေစဉ်ကာလအတွင်း ငွေကြေး ချမ်းသာသောသူတစ်ယောက်ဖြစ်ချင် ကြောင်းကို စာရေးသူအား မကြာခဏ ပြောကြားလေ့ရှိပါ၏။ ယခုမျက်မှောက် ကာလမှာတော့ သူတစ်ချိန်ကပြောကြား သည့်အတိုင်း ယခုအခါမှာ အမေရိ ကန်ပြည်ထောင်စု လား(စ်)ဗီးဂတ်(စ်) မြို့၌ လုပ်ငန်းရှင်တစ်ဦးအဖြစ်နှင့် လည်းကောင်း၊ သန်းကြွယ်သူဌေးတစ် ဦးအဖြစ်နှင့်လည်းကောင်း ရပ်တည် လျက်ရှိပါ၏။

အမေရိကန်ပြည်ထောင်စု၌ နေ ထိုင်စဉ်ကာလမှာလည်း အားလပ်ရက် များတွင် တရားထိုင်ခြင်း၊ ဘာသာရေး စာပေများဖတ်ရှုခြင်းတို့ဖြင့် အချိန်ကုန် လေ့ရှိပါ၏။ သူ၏ အားလပ်ရက်များ တွင်လည်း သမ္မုဒ္ဒေဂါထာကို အမြဲရွတ် ဆိုလေ့ရှိကြောင်းကိုလည်း သူ၏မြန်မာ ပြည်သို့ ပေးစာများ၌ ရေးသား ဖော်ပြ လေ့ရှိပါ၏။ လုပ်ငန်းခွင်၌လည်း မအား လပ်သည့်ကြားက သမ္မုဒ္ဒေဂါထာကို ရွတ်ဆိုလေ့ရှိပါ၏။

၁၉၇၀ပြည့်နှစ်က သူသည် ကယ် လီဖိုးနီးယားပြည်နယ်သို့ လုပ်ငန်းကိစ္စ တစ်ခုဖြင့် သွားရောက်ခဲ့ပါ၏။ အမေရိ ကန်ပြည်ထောင်စုတွင်ရှိကြသော မော် တော်ယာဉ်အဝေးပြေးလမ်းများသည် ကျယ်ပြောလှ၍ မော်တော်ယာဉ်များ အရှိန်မြှင့်တင်၍ မောင်းနှင်ကြလေ့ရှိကြ ပါ၏။ ရက်တစ်ရက်မှာ သူနှင့် ယာဉ် မောင်းဖြစ်သူတို့ လား(စ်)ဗီးဂတ်(စ်)မှ ထွက်ခွာခဲ့ကြပြီးနောက် ယာဉ်မောင်းဖြစ် သူကလည်း မော်တော်ယာဉ်ကို အရှိန် မြှင့်တင်၍ မောင်းနှင်လာခဲ့ရာ မြို့ပြင် လမ်းများဖြစ်ကြလျှင် အချို့သောနေ ရာများတွင် လူသူကင်းရှင်းလျက်ရှိကြ ရာ ကားလမ်းဝန်းကျင်တွင်လည်း တိတ် ဆိတ်ငြိမ်သက်လျက် ရှိသည်။ ယာဉ် မောင်းဖြစ်သူက မော်တော်ယာဉ်ကို အရှိန်မြှင့်တင်၍ မောင်းနှင်လာခဲ့ရာ ကားလမ်းဘေး တောစပ်တစ်နေရာမှ ကျားသစ်တစ်ကောင်သည် သူတို့စီးနင်း လိုက်ပါလာခဲ့သည့် မော်တော်ယာဉ်ရှေ့



မှ ရုတ်တရက် ကားလမ်းတစ်ဖက်သို့ ဖြတ်အပြေးတွင် ယာဉ်မောင်းဖြစ်သူက စီယာတိုင်ကို ရုတ်တရက် တစ်ဖက်သို့ ချိုးကွေ့လိုက်ရာမှာ မော်တော်ယာဉ်မှာ လည်း အရှိန်နှုန်းမြင့်မားနေခဲ့သဖြင့် နှစ်ပတ်၊ သုံးပတ်ခန့် လိမ့်ဆင်းသွားခဲ့ ပြီးနောက် ကားလမ်းဘေးရှိ ယာတော အစပ်အတွင်းသို့ ရောက်ရှိသွားခဲ့ပါ၏။

မိတ်ဆွေဖြစ်သူက ခရီးစတင် ထွက်ခွာလာကတည်းက ယာဉ်ပေါ်၌ သမ္မုဒ္ဒေဂါထာကို ရွတ်ဆိုနေခဲ့၏။ယာဉ် မောင်းဖြစ်သူက လူမျိုးခြား၊ ဘာသာခြား တစ်ဦးဖြစ်၍ မိတ်ဆွေဖြစ်သူ သမ္မုဒ္ဒေ ဂါထာရွတ်ဆိုနေစဉ်ကာလ၌ မိတ်ဆွေ ဖြစ်သူအားကြည့်၍ ရယ်မောနေခဲ့ပါ သည်။ ထိုလူမျိုးခြားက ဗုဒ္ဓဘာသာ အနွယ်ဝင်တစ်ဦး မဟုတ်၍ မိတ်ဆွေ ဖြစ်သူ ရွတ်ဆိုနေခဲ့သည့် သမ္မုဒ္ဒေဂါထာ ၏အစွမ်းကို မသိခဲ့သည်မှာလည်း အထူး အဆန်းတစ်ရပ်တော့ မဟုတ်ပါ။

ထိုသို့ ကားမှောက်ခဲ့စဉ်ကာလ၌ စာရေးသူ၏ မိတ်ဆွေဖြစ်သူမှာ ပွန်း ပဲ့သည့်ဒဏ်ရာများ ရရှိခဲ့သည်မှအပ မည်သည့်ကြီးမားသောဒဏ်ရာများ မရ ရှိခဲ့သော်လည်း မိတ်ဆွေဖြစ်သူ၏ ယာဉ် မောင်းဖြစ်သူကတော့ ယာဉ်မှောက်ခဲ့ သည့်နေရာတွင် ပွဲချင်းပြီးသေဆုံးခဲ့ပါ သည်။ ထိုဖြစ်ရပ်ကို မိတ်ဆွေဖြစ်သူက မြန်မာပြည်သို့ပေးစာတွင် အသေးစိတ် ဖော်ပြရေးသားခဲ့၍ စာရေးသူကလည်း သူတို့ကားမှောက်ခဲ့သည့် မြင်ကွင်းများ ကို အတွေးအာရုံ၌ ပြန်လည်ထင်ဟပ် လာခဲ့ပါသည်။ စာရေးသူကိုယ်တိုင်မှာ လည်း အစွမ်းထက်မြတ်သည့်ဂါထာများ ကို ရွတ်ဆိုလေ့ရှိပြီး အထူးသဖြင့် သမ္မု ဒ္ဒေဂါထာ၏အစွမ်းကိုလည်း အတိတ် ကာလမှ လက်တွေ့ဖြစ်ရပ်များက သက် သေများပြသခဲ့၍ အထူးယုံကြည်လျက် ရှိသော ဂါထာတစ်ပုဒ်လည်း ဖြစ်ပါ၏။ စာပေပရိသတ်များအား ရေးသားဖော်ပြ လိုသည်မှာ အန္တရာယ်များမကျရောက် စေနိုင်ရန်နှင့် အန္တရာယ်များနှင့် တွေ့ကြုံ ကြတိုင်း သမ္မုဒ္ဒေဂါထာကို ယုံယုံကြည် ကြည်ဖြင့် ရွတ်ဆိုကြပါက ထိုဂါထာ တော်၏ ထူးခြားချက်များကို လက်တွေ့ ကျကျ သိရှိကြလိမ့်မည်ဖြစ်ကြောင်းကို ရေးသားဖော်ပြရင်းနှင့် ဤဆောင်းပါး ကို အဆုံးသတ်လိုက်ပါသည်။


ဘင်ထွန်း (စက်မှု-၂၊ ဥမိန်း)

www.burmeseclassic.com



# မေတ္တာရှင်(ရွှေပြည်သာ)

## ဘဝကိုအသေသတ်သောစိတ်–၄



**အသုံးချခံလမ်းစရိတ်**

အသက် (၂၈) နှစ်အရွယ်ခန့်ရှိ ရဟန်းတစ်ပါး ကျွန်ုပ်သစ်သားကျောင်းလေးပေါ် တက်လာသည်။

"တပည့်တော်ရဲ့မိဘတွေ နေမကောင်းလို့ အရပ်ကို ပြန်ချင်တာ လမ်းစရိတ်မရှိဖြစ်နေပါတယ် ဆရာတော်ဘုရား"

"ဦးပဉ္စင်းက ဘယ်ထိပြန်ရမှာလဲ"

"စစ်တွေမြို့နယ်ထဲက ရွာလေးတစ်ရွာပါ"

"လမ်းစရိတ်က ဘယ်လောက်ကုန်မှာလဲ"

"ကားခရယ်၊ သင်္ဘောခရယ်၊ စက်လှေခရယ်သုံးမျိုးပေါင်းရင် လေးသောင်း



www.burmeseclassic.com

www.burmeseclassic.com

လောက်တော့ ကုန်ပါ့မယ်"

"လှူလိုက်ပါ့မယ်။ ကပ္ပိယကြီး စရိတ်နှစ်သောင်းအပါအဝင် ငွေခြောက်သောင်း လှူပေးလိုက်ပါ"


မကြာပါ။ ခြောက်ရက်လောက်ပဲ ရှိပါမည်။ ထိုကိုယ်တော်ပြန်ရောက်လာ ပြန်သည်။

"ဦးပဉ္ဇင်း တစ်နေ့က လမ်းစရိတ် အလှူခံခဲ့တဲ့ကိုယ်တော် မဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

"ဟင်- ဘာဒုက္ခရောက်လာပြန်ပြီလဲ"

"တပည့်တော်ရဲ့ ညီလေးတစ်ယောက် အလုပ်လုပ်မယ်ဆိုပြီး အိမ်ကနေ ရန်ကုန်ကို ထွက်သွားတာ ကြာပြီဘုရား။ အဲဒါ မနေ့ကမှ ပြန်တွေ့တယ်ဘုရား။ သူ့ကိုပါ တစ်ပါတည်းခေါ်သွားဖို့အတွက် လမ်းစရိတ်ထပ်လိုလို့ပါဘုရား"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်စဉ်းစားရပြီ။ လူပုဂ္ဂိုလ်တွေထဲက လမ်းစရိတ်လိမ်အလှူခံသူတွေ အများကြီးတွေ့ဖူး ကြုံဖူးခဲ့ပြီ။ ရဟန်းလောကမှာတော့ မရှိနိုင်ဟု ယုံကြည်ထားသဖြင့် လာအလှူခံတိုင်း ရဟန်းဆိုလျှင် မစဉ်းစားဘဲ ချက်ချင်းထုတ်လှူပစ်လိုက်သည်ချည်းသာဖြစ်သည်။

ဘုရားရှင်လက်ထက်က သတ်မှတ်ချက်အရ ငွေတစ်မတ်ကိုဖြစ်စေ၊ တစ်မတ်တန်သောပစ္စည်းကိုဖြစ်စေ ခိုးယူမိလျှင် ရဟန်းတစ်ပါးသည် သိက္ခာချစရာမလိုဘဲ လူဖြစ်သွားသည်။ ရဟန်းမဟုတ်တော့ပေ။ ရဟန်းတစ်ပါးသည် တန်ဖိုးဖြတ်၍မရသော ရဟန်းသိက္ခာကို တန်ဖိုးဖြတ်၍ရသော ငွေသားဖြင့် မည်သည့်အခါမျှ မလဲနိုင်ဟု ကျွန်ုပ်က ခံယူထားသည်။

လူဆိုသည်မှာ မိမိစိတ်ဖြင့် ကိုယ်ချင်းစာတတ်သည်မှာ သဘာဝပင်ဖြစ်သည်။ မိမိက ထိုကဲ့သို့ ခံယူထားလျှင် တခြားရဟန်းများလည်း ထိုကဲ့သို့ပင် ခံယူထားမည်ဟု ယုံကြည်သောကြောင့် ရဟန်းတစ်ပါးပါးက အလှူခံခဲ့လျှင် ဟုတ်၊ မဟုတ် မစဉ်းစားခြင်း ဖြစ်သည်။

ယခုတော့ စဉ်းစားရတော့မည်။

ဤကိုယ်တော်သည် လွန်ခဲ့သော သုံးလကျော်ခန့်ကလည်း ယခုကဲ့သို့ပင် အလှူလာခံခဲ့ဖူးသည်။ ယခုအကြိမ်ပါ ရောဆိုလျှင် သုံးကြိမ်မြောက်ဖြစ်သည်။ တကယ်ခရီးသွားမည့်သူ ဟုတ်၊ မဟုတ် စစ်ဆေးသော နည်းလမ်းတစ်ခု ကျွန်ုပ်ထံတွင်ရှိသည်။ ယခုထိုနည်းကို အသုံးချရတော့မည်။

"ဦးပဉ္ဇင်းနဲ့ ဦးပဉ္ဇင်းညီက ဘယ်နေ့ခရီးထွက်မှာလဲ"

"မနက်ဖြန်ပဲဘုရား"

"အဲဒါဆိုရင် ကျောင်းပြန်ပြီး အသင့်ပြင်ထားတော့။မနက်ဖြန် တပည့်တော်တူကိုယ်တိုင် ကားမောင်းပြီး အဝေးပြေးဂိတ်ကိုလည်းလိုက်ပို့မယ်၊ လက်မှတ်လည်းဖြတ်ပေးမယ်၊ ဟိုင်းဝေးကားပေါ်ရောက်မှ ဦးပဉ္ဇင်းညီအတွက် စားစရိတ်ပါထပ်ပေးမယ်"

"ဟာ - ကားဂိတ်ထိလိုက်ပို့စရာမလိုပါဘူး ဘုရား။ ငွေသာလှူလိုက်ပါဘုရား။ အဲဒါက ပိုအဆင်ပြေပါတယ်"

"နေပါဦး၊ ဦးပဉ္ဇင်းက ကားလက်မှတ်လိုချင်တာလား၊ ငွေလိုချင်တာလား"

"ငွေလိုချင်တာပါဘုရား"

သူ့ပါးစပ်က မရိုးသားကြောင်း ဝန်ခံချက်ထွက်လာပေပြီ၊

ထို့ကြောင့် -

"ဦးပဉ္ဇင်းလူလိမ်ပဲ။ ပြီးခဲ့တဲ့ သုံးလကျော်ကလည်း တစ်ကြိမ် လမ်းစရိတ်လာတောင်းဖူးတယ်။ အခု မေ့လောက်ပြီထင်မှ တစ်ကြိမ်ထပ်လာတောင်းတယ်။သံသရာမှာ ကိုယ့်အတွက်မပါတဲ့ ငွေကြေးနဲ့ သံသရာမှာ ကိုယ့်အတွက်ပါလာမယ့် အကုသိုလ်ကို ဘာဖြစ်လို့ ယူချင်ရတာလဲ။ ရဟန်းတစ်ပါးမှာ စားရေး၊ ဝတ်ရေး၊ နေရေး၊ ကျန်းမာရေးပြည့်စုံနေပြီဆိုရင် တခြားဘာများလိုအပ်သေးလို့လဲ။

မွေးမယ့်မွေးရင် ကြက်တွေ၊ ဘဲတွေပဲမွေးပါ၊ မနာလိုစိတ်နဲ့ ဝန်တိုစိတ်ကို မမွေးပါနဲ့။ အကုသိုလ်ဖြစ်တာချင်း၊ အပါယ်ကျတာချင်း တူပေမယ့် ကြက်တွေ၊ ဘဲတွေမွေးတာက ကြက်ဥ၊ ဘဲဥ စားရသေးတယ်။ မနာလိုစိတ်နဲ့ ဝန်တိုစိတ်ကို မွေးတာကျတော့ ဘာမှမစားရဘဲ အပါယ်ကျတာဆိုတဲ့ စကားအတိုင်းပေါ့။

လူပုဂ္ဂိုလ်တွေ အပါယ်ကျတယ်ဆိုတာက ကာမဂုဏ်ခံစားရသေးတယ်။ ရဟန်းတွေကျတော့ ဘာကာမဂုဏ်မှ မခံစားရဘဲ အပါယ်ကျတယ်ဆိုတာကတော့ အလွန်နာတယ်။ ဦးပဉ္ဇင်းမှာ သားမယားရှိတာ မဟုတ်ပါဘူး"

"ပိုက်ဆံ မလှူချင်ရင်တောင် သက်န်းတစ်စုံတော့ လှူလိုက်ပါဘုရား"

ကျွန်ုပ်ကလည်း ကျွန်ုပ်ပင် ထိုကိုယ်တော် လိမ်နေမှန်းသိလျှင်ပင် သင်္ကန်းတစ်စုံတော့ လှူဖြစ်လိုက်သေးသည်။ ထိုကိုယ်တော်၏ အလကားလိုချင်စိတ်ကား ပြင်းထန်လွန်းပေစွ။ အလကားလိုချင်သော စိတ်ပြင်းထန်သလောက် သူတစ်ပါးအား ပေးကမ်းလိုသောစိတ်သာ ပြင်းထန်မည်ဆိုလျှင် မြန်မာလူမျိုးသည် ကမ္ဘာပေါ်တွင် အတိုးတက် အချမ်းသာဆုံးလူမျိုးများဖြစ်လာပေလိမ့်မည်။

## ပြန်မပြောစေလိုပါ

ကျွန်ုပ်ထံတွင် သနားစရာအကြောင်းပြပြီး လိမ်ညာသွားသူများကို တစ်ခုမေတ္တာရပ်ခံလိုသည်။ ကျွန်ုပ် အလိမ်ခံရသော အကြောင်းအရာများကို တခြားသူတို့အား ဂုဏ်ယူဝင့်ကြွားစွာ ပြောမပြဖို့ပင်။ အဘယ်ကြောင့် ပြောမပြစေလိုသနည်း၊ လောကကြီးပျက်စီးသွားမှာ စိုးရိမ်သောကြောင့်ပေတည်း။ ကြားဖူး၊ ဖတ်ဖူးသော ပုံပြင်တစ်ပုဒ်ကို ပြန်ပြောပြပါမည်။

တစ်ခါက သူဌေးတစ်ယောက်တွင် အလွန် လှပပြီး အလွန်သန်မာ လျင်မြန်သော မြင်းကောင်းတစ်ကောင် ရှိသည်။ ထိုကဲ့သို့ ကောင်းသောမြင်း သူတို့နယ်ထဲတွင် တစ်ကောင်မှ မရှိပေ။ ထို့ကြောင့် တခြားချမ်းသာသော သူဌေး တစ်ဦးက ထိုမြင်းကိုလာဝယ်သည်။

"ဒီမြင်းကို ရောင်းပါ"

"မရောင်းပါဘူး။ ကျွန်တော့်သား[...] တစ်ယောက်လိုကို ချစ်နေလို့ပါ"

"ခင်ဗျားတောင်းတဲ့ဈေးပေး[...] မယ်"

"ဘယ်လောက်ပေးပေးမရောင်း[...] ပါဘူး"

ဝယ်သောသူဌေးသည် အရ[...] စိတ်ဆိုးသွားပြီး ယခုကဲ့သို့ ကြိမ်းမော[...] စိန်ခေါ်ကာ ပြန်သွားသည်။

"ကြည့်ထားပါ၊ ခင်ဗျားမရော[...] ချင်တဲ့မြင်းဟာ တစ်နေ့မှာ ကျွန်တော်[...] လက်ထဲရောက်ကို ရောက်ရမယ်"

လအတန်ကြာသောအခါ မြင်း[...] ရှင်သူဌေးသည် တစ်နယ်တစ်ကျေး[...] ထိုမြင်းဖြင့် ခရီးသွားသည်။ တစ်နေ[...] ရောက်သောအခါ ရောဂါဖြစ်ပြီး [...] ကြီးပေါ်လဲကျနေသော သူတောင်း[...] တစ်ယောက်ကို မြင်ရသဖြင့် သနား[...] နာစိတ်ဝင်ကာ လှမ်းမေးမိ၏။

"မိတ်ဆွေ ဘာအကူအညီ[...] ရမလဲ"

"အစာရေစာပြတ်ပြီး လဲကျ[...] တာပါ"

"အဲဒါဆိုရင် ဟောဒီမှာ ထမင်[...] ရေဘူးသုံးဆောင်လိုက်ပါ"

"ရောဂါပါဖြစ်နေပါတယ်"

"အဲဒါဆိုရင်လည်း ဆေးကု[...] မှာပေါ့။ မြင်းပေါ်ကိုတက်ပါ"

"ရောဂါရပြီး အားပြတ်နေတဲ့[...] ခင်ဗျားမြင်းပေါ် ဘယ်လိုလုပ်တက်[...] မှာလဲ"

"ခင်ဗျားမတက်နိုင်ရင် ကျုပ်[...] ပေးမှာပေါ့"

မြင်းပိုင်ရှင်သည် အောက်သို့[...] ကာ သူတောင်းစားကို ပွေ့ချီပြီး [...] ပေါ်သို့ တင်ပေးလိုက်သည်။ သူတော[...] စားသည် မြင်းပေါ်သို့ရောက်သည်[...] မြင်းကို ဖွတ်မောင်းပြေးသည်။ ပို[...] သည် နောက်မှ အပြေးလိုက်ရင်း [...] တသြ ဖြစ်နေသည်၊

"ကဲ - မင်းဘာတတ်နိုင်သေ[...] ငါဝယ်တုန်းက ဒီမြင်းကို မရော[...]




www.burmeseclassic.com

www.burmeseclassic.com

…ကောင်။ အခုတော့ သူတောင်းစား …ဆောင်ဆောင်လိုက်တာ ဒီမြင်းကို ငါ …ကားရပြီ"

"မြင်းကိုတော့ ယူလိုက်ပါ။ ဒါပေ …ည့် အခုလိုမျိုးလိမ်ညာပြီး အရယူခဲ့တဲ့ …အကြောင်းကိုတော့ ဘယ်သူ့ကိုမှ …ပြောက်မပြောပါနဲ့"

"ဘာလဲ၊ အခုမှရှက်နေလို့လား"

"မဟုတ်ပါဘူး။ နဂိုကတည်းက …ပါးလှတဲ့ ကရုဏာတရား၊ အကြင်နာ …တရားပျောက်သွားရင် လောကကြီး …ပျက်စီးသွားမှာစိုးလို့ပါ"

ပုံပြင်လေးကား ဤမျှသာ။

တကယ်လည်း မှန်ပါသည်။ …ကရုဏာတရား၊ အကြင်နာတရား …သည်မှာ ရှားပါးပစ္စည်း ဖြစ်သည်။ …အကြောင်းကို သိသွားသူတိုင်းက …သည်များကို မသနားတော့လျှင်၊ …ညီတော့လျှင် လူ့လောကကြီး ပျက် …သွားစရာသာ ရှိပေတော့သည်။

ထို့ကြောင့် ကျွန်ုပ်ကိုသာမက …များသူများကိုပါ သနားစရာကို ဗန်း …မလိမ်ကြဖို့ ဤနေရာမှ မေတ္တာရပ် …ခံကြားပါသည်။ လူသားမှန်သမျှ …သန္ဓေတည်စအချိန်တွင် ဘဝနိကန္တိ …လောဘဇောနှင့် စခဲ့ရသောကြောင့် …တာနှင့် ယူရတာတွင် ယူရသော …ကို မျှော်သူက များသည်။

သေချာသည်က ယူရသောဘဝ၌ …ခဲ့ကြသူများသည် ဘဝဆက်တိုင်း …ရသောဘဝသို့ချည်းသာ ရောက်နေ …ခြင်းပင် ဖြစ်၏။ ယူရသောဘဝသို့ …ရောက်နေရသည်ဆိုခြင်းမှာ ဘဝ …ဆင်းရဲသားချည်းဖြစ်နေရသည်ဟု …ဆိုလိုပေသည်။

လှူရသောဘဝ၌ ပျော်ခဲ့ကြသူ …များသည်ကား ဘဝဆက်တိုင်း လှူရ …သောဘဝသို့ချည်း ရောက်ကြရသည်။ …ရသောဘဝသို့ချည်း ရောက်နေရ …သည်ဆိုခြင်းမှာ ဘဝတိုင်း လူချမ်းသာ …ချည်းဖြစ်နေရသည်ဟု ဆိုလိုသည်။

ဘုရားရှင်က ဥပရိပဏ္ဏာသပါဠိ …တော် စူဠကမ္မဝိဘင်္ဂသုတ်တွင် ဒါနပြုခဲ့ …သူများ ချမ်းသာ၍ မပြုခဲ့သူများ ဆင်းရဲ …သည်ဟု ဟောထားရာ လှူရတာကို …သူများ ချမ်းသာ၍ ယူရတာကို …သူများ ဆင်းရဲသည်ဟူသောအဆို …သက်ခံနိုင်ပါလိမ့်မည်။

လှူချင်သောစိတ်ရှိလျှင် လှူနိုင် …သည်။

ပေးချင်သောစိတ်ရှိလျှင် ပေးနိုင်သည်။

ကျွေးချင်သောစိတ်ရှိလျှင် ကျွေးနိုင်သည်။

ဤအဆိုကို လက်တွေ့သာဓက များဖြင့် ထောက်ခံတင်ပြပါမည်။

သာမညဆရာတော်ကြီးနေသော တောင်မှာ သူပုန်များကြီးစိုးရာ တောနက်ကြီးထဲတွင် တည်ရှိသည်။ ဆရာတော်ကြီးသည် လူတိုင်းကို ထမင်းကျွေးချင်သည်။ ထို့ကြောင့် သာမညတောင်သို့ လာသူမှန်သမျှ အကုန်ထမင်းကျွေးသည်။ ထိုမျှမကသေး၊ သာမညတောင်ပတ်ဝန်းကျင်မှ ရွာသားများအားလုံးကိုလည်း ထမင်းကျွေးသည်။

ပတ်ဝန်းကျင်ရွာသားများမှာ ဘူးသီးပင်၊ ဖရုံပင်၊ ခရမ်းသီးပင်များကို စိုက်ကြရသည်။ ရလာသမျှကို သာမညတောင်သို့ လာပို့ရုံသာရှိသည်။ အသီးဖိုးလည်း ပိုက်ဆံရသည်။ ထမင်းလည်း နေ့စဉ်အလကားစားရသည်။ တစ်နေ့လျှင် ဆန်ဆယ်တင်းခန့်ထိချက်ရသည်။

တချို့ကပြောကြသည်။ သာမညတောင်ကိုစောင့်သော အမေနန်းကြာဟဲက မ,စသောကြောင့် သည်လောက် လူအများကြီးကို ထမင်းကျွေးနိုင်တာဟု ပြောကြသည်။ အမေနန်းကြာဟဲကလည်း ထိုက်သလောက် စောင့်ရှောက်ပါလိမ့်မည်။ သို့သော် လူတွေကို ကျွေးချင်မွေးချင်သော သာမညဆရာတော်ကြီး၏ မေတ္တာ၊ စေတနာကြောင့် တစ်နည်းအားဖြင့် ကျွေးချင်သောစိတ်ကြောင့် ကျွေးနိုင်ခြင်း ဖြစ်၏။

ကျွန်ုပ်သည် သာမညမှ ထမင်းဟင်းကို အင်မတန် နှစ်သက်သည်။ ကရင်ပြည်နယ်ဘက်ရောက်တိုင်း သွားစားဖြစ်သည်။ ဆရာတော်ကြီး ထမင်းကျွေးနေမှန်းသိသောကြောင့် တချို့အလှူရှင်များဆိုလျှင် ဆန်အိတ်များကို ကားတစ်စီးတိုက်ထိ လှူကြတာကိုပင် တွေ့ခဲ့ရသည်။

သစ်သားဖြင့်လုပ်ထားသော ဆန်ကန်ကြီးများထဲသို့ ဆန်များထည့်ပေးနေခြင်းမှာ အမေနန်းကြာဟဲမဟုတ်။ ဆရာတော်ကြီး၏ ကျွေးချင်စိတ်ပင်ဖြစ်သည်။ ဆရာတော်ကြီး၏ မွေးနေ့ရောက်တိုင်း သာမညသို့ ကြွလာသမျှ သံဃာနှင့် သီလရှင်အားလုံးကို ငွေငါးထောင်နှင့် သင်္ကန်းတစ်စုံ သို့မဟုတ် သီလရှင်ဝတ်စုံတစ်စုံလှူလေ့ရှိသည်။

၁၉၉၅ ခုနှစ်ခန့်က ကျွန်ုပ်ပထမဆုံးအကြိမ် သာမညသို့ ရောက်သောနှစ်မှာပင် ဆရာတော်ကြီး၏ မွေးနေ့နှင့် ကြုံနေသောကြောင့် ငွေငါးထောင်နှင့် သင်္ကန်းတစ်စုံ ရဖူးခဲ့သည်။ ဆရာတော်ကြီး၏ မွေးနေ့ရောက်လျှင် တစ်ပြည်လုံးမှ တက်လာကြသော သံဃာတော်များမှာ အပါးငါးထောင်မကရှိသည်ဟု သိရသည်။

သာမညမှ မြဝတီအထိ ကတ္တရာလမ်းမကြီးကိုလည်း ဆရာတော်ကြီးပင် ခင်းပေးခဲ့ခြင်းဖြစ်သည်။ ဆရာတော်ကြီး၏ ဇာတိရွာတွင် အထက်တန်းကျောင်းကြီးကို သားနားသပ်ရပ်စွာဆောက်လှူထားသည်မှာလည်း အားကျစရာကောင်းလှသည်။ ထိုသို့ အားကျခဲ့မှုကြောင့် ကျွန်ုပ်သည်လည်း မော်ဘီ သုဒ္ဓဝိပဿနာသို့ ရောက်လာသော သံဃာမှန်သမျှကို ငွေငါးထောင်နှင့် သင်္ကန်းတစ်စုံလှူနေသည်မှာ နှစ်မနည်းတော့ပေ။

၁၃၇၄ ခုနှစ် သင်္ကြန်တရားစခန်းတွင် စခန်းဝင်ယောဂီလေးထောင်ကျော်ရှိသည်။ ကျွန်ုပ်တရားစခန်းတွင် ဝင်ကြေးမရှိပေ။ စဖွင့်စဉ်ကတည်းက တရားလည်းပေးမည်။ အစားလည်းကျွေးမည်ဟူသော ရည်ရွယ်ချက်ဖြင့် ဖွင့်ခဲ့ခြင်းဖြစ်သည်။

တရားစခန်းဖွင့်သော အကြိမ်ပေါင်းများလှပြီဖြစ်သော်လည်း ယခုအချိန်ထိ ကျွန်ုပ်ပိုက်ဆံမသုံးရသေးခြင်းကား အံ့ဖွယ်ကောင်းလှ၏။ အလှူရှင်များ သူ့အလိုလိုနှစ်စဉ်ပေါ်နေခြင်းပင် ဖြစ်၏။ မလိုချင်မှုရဟူသော စကားသည် အင်မတန်မှန်၏။ ဝင်ကြေးငါးထောင် သတ်မှတ်ထားလျှင် ငါးထောင်သာ လှူကြ၏။ ပိုမလှူကြ၊ ဝင်ကြေးမသတ်မှတ်ထားသောအခါ ငါးသောင်းသို့မဟုတ် ငါးသိန်းအထိ သဒ္ဓါပေါက်ပြီးလှူသွားတတ်ကြသည်။

မျက်မမြင် အမျိုးသမီးကြီးတစ်ယောက်သည် မြေးလေးနှစ်ယောက်ကို အဝတ်လျှော်ပြီး လုပ်ကိုင်ကျွေးမွေးနေသည်။ ကျွန်ုပ်ထံတွင် သူမျက်စိကိုခွဲပေးနိုင်က ခွဲပေးရန် အကူအညီတောင်းခံသည်။ ကျွန်ုပ်သည် မျက်စိခွဲပေးရုံတင်မက ပျက်စီးနေသော သူ့အိမ်လေးကိုပါ ပြန်ပြီး ပြင်ဆောက်ပေးလိုက်သည်။

ထိုအချိန်မှစ၍ နွမ်းပါးသောမျက်စိဝေဒနာရှင်များကို မျက်စိခွဲပေးချင်သောစိတ်များ တဖွားဖွားပေါ်ပေါက်ခဲ့သည်။ ထိုသို့ မျက်စိခွဲပေးချင်သောစိတ်ကြောင့်ပင် ယခုအခါတွင် တစ်ပြည်လုံးမှ



www.burmeseclassic.com

www.burmeseclassic.com

မျက်စိဝေဒနာရှင်ပေါင်း ခြောက်ထောင်ကျော်ကို အလင်းရအောင် ခွဲစိတ်ပေးနိုင်ခဲ့ပြီဖြစ်သည်။

၂၀၀၅ ခုနှစ်ခန့်က ကော့သောင်းမြို့ စည်ပင်ရုံးထဲတွင် သန့်ရှင်းရေးလုပ်နေရသော ဝန်ထမ်းကောင်လေးတစ်ယောက်အကြောင်းကို ဒကာတစ်ယောက်က လာလျှောက်သည်။ ထိုကလေးသည် ငါးဘာသာဂုဏ်ထူးဖြင့် ဆယ်တန်းအောင်ပြီး ဆေးတက္ကသိုလ်တက်နေသူ ဖြစ်သည်။

ဒုတိယနှစ်သို့ ရောက်သောအခါတွင်မှ ဖခင်ဖြစ်သူ ဆုံးသည့်အတွက် ကျောင်းထွက်ပြီး အလုပ်ဝင်နေရသူဖြစ်သည်။ ထိုသို့ သိရသည်နှင့် မလှူဘဲ မနေနိုင်တော့ပါ။ အလုပ်မှ ထွက်စေပြီး ပညာသင်စရိတ်ထောက်ပံ့ပေးလိုက်ရာ ယခုအချိန်ဆိုလျှင် ဆရာဝန်ဖြစ်သွားလောက်ပေပြီ။

ထိုအချိန်မှစ၍ တကယ်နွမ်းပါးပြီး တကယ်ပညာတော်သူများကို ပညာသင်စရိတ်များ ထောက်ပံ့လိုစိတ် အပြင်းအထန်ပေါ်ပေါက်ခဲ့သည်။ ထိုပေးချင်စိတ်ကြောင့်ပင် ယခုအခါ ဆေးတက္ကသိုလ်ကျောင်းသားပေါင်း (၂၀၀) ခန့်ကို လစဉ်ပညာသင်စရိတ်များ ထောက်ပံ့လှူဒါန်းနိုင်နေပေပြီ။

ဆရာကြီး ချစ်စံဝင်း ရေးသားသော သစ္စာရေစင်စာအုပ်မှ အဘစ်အကြောင်းကိုဖတ်ပြီးကတည်းက အနာကြီးရောဂါသည်များကို ထောက်ပံ့လှူဒါန်းလိုသည့်စိတ်များ တဖွားဖွားပေါ်ပေါက်ခဲ့သည်။ ဘာသာခြားသာသနာပြုများက မရမ်းချောင်းရွာတွင် အိမ်လေးတွေ ဆောက်လှူကြသည်။ သို့သော် သူတို့ဘာသာထဲသို့ဝင်မှ ထိုအိမ်လေးများတွင် နေခွင့်ရသည်။

ထိုသဘောကို အဘစ် မကြိုက်။ သို့သော် အဘစ်၏ ဇနီးနှင့် သားသမီးက ကြိုက်ကြသည်။ ထို့ကြောင့် ဘာသာခြားထဲသို့ဝင်ပြီး ထိုအိမ်လေးထဲတွင် နေကြသည်။ အဘစ်ကား ဇာဒ်ပင်ပေါ်လေးတွင် ပလတ်စတစ်မိုးပြီး မျှစ်ကိုပြုတ်စားကာ ဗုဒ္ဓဘာသာကို အသက်နှင့်လဲသွားခဲ့သည်။

ဘာသာတစ်ခုမှ အခြားဘာသာတစ်ခုသို့ ကူးပြောင်းအောင် လုပ်ဆောင်ခြင်းမျိုးသည် ထူးခြားမြင့်မြတ်သော လုပ်ဆောင်ခြင်းမျိုးမဟုတ်။ မည်းညစ်သောဘဝမှ ဖြူစင်သောဘဝသို့ ရောက်သွားအောင်၊ အတ္တဆန်သောဘဝမှ အနစ်နာခံသောဘဝသို့ ရောက်သွားအောင် ပြုလုပ်ခြင်းမျိုးသည်သာ ထူးခြားသော မြင့်မြတ်သော ပြုလုပ်ခြင်းမျိုးဖြစ်သည် ဟူသော အတွေးအမြင်မျိုးကို ဘာသာခြား သာသနာပြုတို့တွင် မရှိသောကြောင့် အဘစ်သည် မသေသင့်ဘဲ သေခဲ့ရပေသည်။

တကယ်စဉ်းစားကြည့်လျှင် မိမိဘာသာဝင်တိုးပွားဖို့ထက် သူတို့၏ဒုက္ခများ ပြေပျောက်ဖို့က ပိုမို အရေးကြီးသည် မဟုတ်ပါလော။ ဗုဒ္ဓ၊ ဗြဟ္မာ၊ ထာဝရ၊ အလ္လာဟက်တို့သည် သူတစ်ပါးဒုက္ခကို ကယ်တင်ဖို့သာ ဟောကြားခဲ့ပေသည်။ ငါ့ဘာသာဝင်များအောင် လုပ်ဟု ဟောလိမ့်မည် မဟုတ်ပါပေ။ ဟောခဲ့သည်ဆိုလျှင်လည်း ဘုရားအမည် မခံသင့်ပေ။ အတ္တဆန်သောဂိုဏ်းစွဲအားကြီးသော သာမန်တဖောက်ကန်းပုထုဇဉ်သာ ဖြစ်ပေမည်။

အကူအညီတစ်ခုခုကိုပေးပြီး မိမိဘာသာထဲသို့ အတင်းအကျပ်ဝင်ခိုင်းခြင်းမျိုးသည် ရေနစ်သူကို သက်စွန့်ဆံဖျားကယ်တင်ပြီးမှ အခကြေးငွေတောင်းခံခြင်းကဲ့သို့ အလွန်အောက်တန်းကျသည်ဟူသော ဒဿနမျိုးရှိသောကြောင့် ကျွန်ုပ်သည် မိဘမဲ့ခရစ်ယာန်ဘာသာဝင်ညီအစ်ကိုသုံးယောက်ကို ကယ်တင်ထားသော်လည်း ဗုဒ္ဓဘာသာထဲသို့ အတင်းအကျပ်မသွင်းခဲ့ပါ။

သိတတ်သောအရွယ်တွင် သူတို့ဘာသာဝင်လာသောကြောင့်သာ ဗုဒ္ဓဘာသာဝင်များ ဖြစ်နေကြခြင်းပင်။ အစ္စလာမ်ဘာသာဝင်တစ်ယောက်ကိုလည်း ကွမ်းယာရောင်းရန် ငွေတစ်သိန်းငါးသောင်း ထောက်ပံ့ဖူးသည်။ သို့သော် ဗုဒ္ဓဘာသာထဲဝင်ဖို့ မစည်းရုံးခဲ့ပေ။

မိမိတို့သည် ဘာသာဝင်တိုးပွားအောင် လူကုန်ကူးနေကြခြင်း မဟုတ်၊ မည်းညစ်သောဘဝမှ ဖြူစင်သောဘဝသို့ ရောက်သွားအောင်၊ လောကကြီးငြိမ်းချမ်းအောင် ပြုလုပ်နေကြခြင်းသာ ဖြစ်သည်ဟု ဘာသာအားလုံးမှ သာသနာပြုအားလုံး သတိပြုသင့်သည်။

ကျွန်ုပ်တို့မိသားစုသည် အရင်ဘဝများက ယူရသောဘဝကို ပျော်ပိုက်ခဲ့သူများ ဖြစ်သည်။ ထို့ကြောင့် ယခုဘဝတွင် ဆင်းရဲကြခြင်း ဖြစ်သည်။ ကျွန်ုပ်ကို မွေးစဉ်အချိန်က မိဘနှစ်ပါးတွင် ကိုယ်ပိုင်အိမ်နှင့် ခြံပင်မရှိချေ။ ဦးလေး၏အိမ်တွင် ကျွန်ုပ်ကို မွေးခဲ့ခြင်းဖြစ်သည်။ ထိုမျှဆင်းရဲသောဘဝမှ ယခုအချိန်တွင် ကျွန်ုပ်သည် တစ်လလျှင် အနည်းဆုံး ပညာရေးနှင့် ကျန်းမာရေးအတွက် နွမ်းပါးသူများကို ထောက်ပံ့ငွေမှာ သိန်း (၁၅၀) ကျော်မှာရှိပေသည်။ အကြီးစားထောက်ပံ့မှု များပါလျှင် တစ်လလျှင် သိန်းနှစ်ရာကျော်ရှိပေသည်။

တရားပွဲမှရသောငွေ၊ စာအုပ်မှရသောငွေများကြောင့် နှစ်စဉ်ပုံမှန် ထောက်ပံ့လှူဒါန်းနိုင်ခြင်း ဖြစ်သည်။ အကယ်၍ ကျွန်ုပ်တရားမဟောနိုင်ချိန်၊ စာအုပ်အသစ် မရေးနိုင်ချိန်တွင် ထိုထောက်ပံ့မှုများကို ဆက်လက် လုပ်ဆောင်နိုင်မည် မဟုတ်တော့ပါ။ ကျွန်ုပ် ဤလောကတွင် မရှိတော့သော်လည်း ကူညီထောက်ပံ့မှုများကိုကား ဆက်လက်ရှိစေချင်သည်။

ထို့ကြောင့် ၂၀၁၃ မှစ၍ မေတ္တာရှင်ဖောင်ဒေးရှင်း ဟူသောအမည်ဖြင့် အစိုးရဘဏ်တွင် ငွေစုလျက်ရှိသည်။ ၂၅-၅-၂၀၁၃ နေ့ထိ ဖောင်ဒေးရှင်းငွေပေါင်း (၆၄၀) ခန့်ရရှိနေပြီဖြစ်သည်။ နောင်နှစ်ပေါင်း (၂၀) ခန့်ထိ ဆက်လက် ပြီး အတိုးရော အရင်ပါ စုနေမည် ဖြစ်သည်။

နှစ်ပေါင်း (၂၀) ခန့်စုလိုက်လျှင် အနည်းဆုံး သိန်းပေါင်းသုံးသောင်းခန့် ရရှိမည်ဟု ခန့်မှန်းထားသည်။ သိန်းပေါင်းသုံးသောင်း စုမိလျှင် တစ်လ အစိုးရဘဏ်တိုး ငွေသိန်း (၁၈၀) ရမည် ဖြစ်သည်။ ထိုအတိုးငွေများကို ကျွန်ုပ် လက်လွှဲခဲ့သော ပရဟိတအဖွဲ့ ဆက်လက် ထောက်ပံ့ ကူညီသွားကြ လိမ့်မည်။

ချမ်းသာသူများကပါ အလှူ ထည့်ဝင်လာပါက ကျပ်သိန်းပေါင်း သောင်းခန့် ရရှိခဲ့လျှင် တစ်လအ သိန်း (၅၄၀) ရရှိမည်။ ထိုသို့ရရှိပါ မြန်မာပြည်မှ ကိုယ်ကျိုးစွန့် ပရဟိ လုပ်သူများကို ရွေးချယ်၍ မေတ္တာ ပရဟိတစံပြဆုကို ချီးမြှင့်နိုင်ပေ မည်။

နှစ်စဉ် ပရဟိတသမားသုံးဦး ရွေးချယ်ပြီး တစ်ဦးလျှင် သိန်းတစ် စီခန့် ချီးမြှင့်နိုင်ပေမည်။ အကယ် ဒေါ်လာများပါ စုလာနိုင်မည်ဆို နိုဗယ်ဆုကဲ့သို့ ကမ္ဘာတစ်ဝန်းမှ ပရဟိ သမားများကိုပါ ချီးမြှင့်လာနိုင် သည်။ နှစ်ကြာလေ စုငွေများလေ သောကြောင့် တစ်ချိန်တွင် ကမ္ဘာ ဝန်းမှ ပရဟိတသမားများကို မေတ္တာ ပရဟိတစံပြဆုကို ချီးမြှင့်နိုင်ပေ



www.burmeseclassic.com

www.burmeseclassic.com

သည်။

စာရှုသူသည်လည်း ကျွန်ုပ်နှင့် ဆန္ဒတူပါက ဖောင်ဒေးရှင်းထဲသို့ လစဉ်ဖြစ်စေ၊ တစ်ကြိမ်တည်းဖြစ်စေ ပါဝင်လှူဒါန်းနိုင်ပေသည်။ အစိုးရဘဏ်မှတစ်ဆင့် ဘဏ်အကောင့်ထဲသို့ ထည့်သွင်းနိုင်သည်။ ထည့်ဝင်ရမည့် ဘဏ်အကောင့်နံပါတ်နှင့် လိပ်စာမှာ -

Z- F၊ ၁၅၃

ဦးစိုးတင့်၊ ဦးဇဝန

မန်နေဂျာ

မြန်မာ့စီးပွားရေးဘဏ်

ရွှေပြည်သာမြို့၊ ရန်ကုန်။

ဖုန်း ၀၁-၆၁၁၆၂၂

ဖုန်း ၀၁-၆၁၁၄၅၇ ဖြစ်ပါသည်။

ယခုနှစ် ၂၀၁၃ အတွက် မေတ္တာရှင် ပရဟိတစံပြဆု ကိုးဦး၊ မေတ္တာရှင်သာသနာ့ဟိတစံပြဆုတစ်ဦးတို့ကို ချီးမြှင့်နိုင်ခဲ့သည်။ ချီးမြှင့်ပွဲကို ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ကျေးချောင်းရွာအထက်တန်း ကျောင်း အဆောင်သစ်ကြီးထဲတွင် ကျင်းပခဲ့ပါသည်။

ကျင်းပသည့်ရက်မှာ ၂၉ - ၅ - ၂၀၁၃ ဖြစ်သည်။

မေတ္တာရှင်ပရဟိတစံပြဆုရရှိသူတို့မှာ -

၁။ ဦးချစ်စံဝင်း
၂။ ဦးကျော်သူ
၃။ ဒေါ်ဇီးကွက်စိန်
၄။ ဒေါ်သန်းမြင့်အောင်
၅။ ဒေါ်ဖြူဖြူသင်း
၆။ ဦးအောင်မြင့် (ဘားအံ)
၇။ ဒေါက်တာဒေါ်ခင်ခင်ရီ
၈။ ဦးတင်မောင်အေး (ခေါ်) ကိုငယ်လေး
၉။ ဒေါ်နန်းကြည်အောင် (ခေါ်) မနန်း တို့ ဖြစ်သည်။

ထူးထူးခြားခြား မေတ္တာရှင်သာသနာ့ဟိတစံပြဆုကို ရရှိသူမှာ ပုလောကာဒေါ်မြရှင်ဖြစ်သည်။ ပရိယတ္တိသာသနာတော်အတွက်ရော ပရဟိတအလုပ်ပါ လှူဒါန်းနေသူ ဖြစ်သည်။ သို့သော် ပရိယတ္တိသာသနာတော်အတွက် လှူဒါန်းသည်က အံ့သြစရာ၊ ချီးကျူးစရာ ကောင်းလှသောကြောင့် မေတ္တာရှင်သာသနာ့ဟိတစံပြဆုကို ချီးမြှင့်ခြင်းဖြစ်သည်။ ဆုလက်မှတ်နှင့်အတူ ငွေဆယ်သိန်းတိုက်ပါ ပူးတွဲပေးခဲ့သည်။

ဒေါ်မြရှင်သည် အိန္ဒိယနိုင်ငံတွင် ကျောင်းတက်နေကြသော သံဃာတော်များ နေထိုင်ရန် ကျောင်းမြေအတွက် ဒေါ်လာငါးသောင်း မတည်လှူဒါန်းခဲ့သူ ဖြစ်သည်။ ထို့ပြင် အိန္ဒိယနိုင်ငံမှ စာသင်သားသံဃာ (မြန်မာ) များအတွက် လစဉ်နီးပါး ဆွမ်းကိုကိုယ်တိုင်ချက်ပြီး မိခင်တစ်ဦးကဲ့သို့ ကျွေးမွေးလှူဒါန်းသူဖြစ်သည်။ ထို့ကြောင့်လည်း အိန္ဒိယနိုင်ငံ၌ ပညာသင်နေကြသော မြန်မာသံဃာတော်များက မဇ္ဈိမသံဃာမာတာဘွဲ့တံဆိပ်ကို ချီးမြှင့်ခဲ့ခြင်း ဖြစ်သည်။

ဘားအံမှ ဦးအောင်မြင့်ကား နာရေးအသင်းကြီးကို ဘားအံမြို့တွင် စတင် တည်ထောင်သူ ဖြစ်သည်။ အသင်းကြီး အောင်မြင်လာသောအခါတွင် အခက်အခဲတစ်ခုတွေ့လာရသည်။ ထိုအခက်အခဲကား နာရေးကားများ ပျက်သောအခါတွင် မည်သည့်ဝပ်ရှော့ကမှ ပြင်မပေးခြင်းပင်တည်း။

ထိုအခါ ဝပ်ရှော့ဆိုင်ပိုင်ရှင် ဦးအောင်မြင့်က သူ့ဆိုင်တွင် အခမဲ့ပြင်ပေးလေတော့သည်။ ထိုအခါတွင် နာရေးကားပြင်သောဆိုင်မှာ ငါတို့ကားတွေပြင်ရင် လာဘ်တိတ်သည်ဟု ယူဆပြီး သူ့ဆိုင်သို့ မည်သည့်ကားမျှလာမပြင်တော့ပေ။ အံ့သြစရာ၊ ဝမ်းနည်းစရာကောင်းပေစွ။ ဗုဒ္ဓဘာသာအများစုကား မိမိလည်း အနစ်နာမခံချင်၊ အနစ်နာခံသူကိုလည်း အားမပေးတတ်ကြပေတကား။

မှန်ကန်သော၊ အကျိုးရှိသော အလုပ်ဆိုတာ သေချာလျှင် ချီးမွမ်းသည်ဖြစ်စေ၊ ကဲ့ရဲ့သည်ဖြစ်စေ မြဲမြံစွာဆက်လုပ်သင့်သည်။ ဦးအောင်မြင့်ကား ဆက်လုပ်သည်။ တက်ကျိုးသောအခါ လက်ထိုးပြီးလှော်ခဲ့သည်။ ဝပ်ရှော့ပိတ်လိုက်ရသောအခါ ကွမ်းယာရောင်းပြီး နာရေးအလုပ်ကို ဆက်လုပ်သည်။

မိမိအလုပ်သည် ကုသိုလ်အလုပ်ပင်ဖြစ်သော်လည်း ခန္တီ၊ ဥပေက္ခာ၊ နိက္ခမ ဟူသော ပါရမီသုံးခု မပါလျှင် ပါရမီထိုက်သောအလုပ် မဟုတ်တော့ချေ။ ပါရမီမထိုက်လျှင် ထိုကုသိုလ်သည် နိဗ္ဗာန်ရဖို့ အထောက်အပံ့ မဖြစ်တော့ချေ။ ခန္တီ ဟူသည် ပရဟိတအလုပ်အတွက် နှောင့်ယှက်လာသမျှကို သည်းခံရခြင်း ဖြစ်သည်။

ဦးငကျော်သူတို့၏ နာရေးအလုပ်များကိုလည်း နည်းအမျိုးမျိုးဖြင့် နှောင့်ယှက်ခံရသည်။

ဦးမြင့်အောင်ကိုလည်း မိသားစုအတွက် မကြည့်သူဟု ဆိုကာ အမျိုးမျိုးဝေဖန်ကြသည်။

ပရဟိတလုပ်ငန်းအတွက် အနှောင့်အယှက်များကို သည်းခံပြီး ဆက်လုပ်ခြင်းသည် ခန္တီပါရမီ ဖြစ်သည်။ ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းများကို လျစ်လျူရှုခြင်းသည် ဥပေက္ခာပါရမီ ဖြစ်သည်။ နောက်ဘဝချမ်းသာချင်သော လောဘ၊ နာမည်ကြီးချင်သော လောဘကို ပယ်စွန့်ခြင်းသည် နိက္ခမပါရမီ ဖြစ်သည်။ လှူဖွယ်ဝတ္ထု၌ တပ်မက်သော လောဘကို ပယ်စွန့်ခြင်းသည်လည်း နိက္ခမပါရမီပင် ဖြစ်သည်။

မေတ္တာရှင်ပရဟိတစံပြဆုရရှိသူများသည် ပါရမီထိုက်သော ပရဟိတသမားများ ဖြစ်ကြသည်။ ယခုပေးသောဆုငွေများကို ကျွန်ုပ်၏ ဓမ္မပူဇာငွေမှ သုံးခြင်း ဖြစ်သည်။ မေတ္တာရှင်ဖောင်ဒေးရှင်းငွေကား (၂၀၃၀) ခုနှစ်ကျမှသာ အသုံးပြုမည် ဖြစ်သည်။

စစ်ကိုင်းမှ တပည့်ဖြစ်သူ ဦးကောဝိဒ တည်ထောင်ထားသော မေတ္တာရှင်ဖောင်ဒေးရှင်းသည်ကား ပစ္စုပ္ပန်ဖောင်ဒေးရှင်းဖြစ်ပြီး ယခုဖွဲ့လိုက်သော ဖောင်ဒေးရှင်းကား အနာဂတ်ဖောင်ဒေးရှင်းပင်ဖြစ်သည်။ ပစ္စုပ္ပန်ဖောင်ဒေးရှင်းသည် ယခုလောလောဆယ် အသုံးပြုရန် ဖြစ်သည်။ ပစ္စုပ္ပန်ဖောင်ဒေးရှင်းသည်လည်း နှမ်းပါးတက္ကသိုလ်ကျောင်းသားပေါင်း (၂၄) ယောက်ကို ထောက်ပံ့လှူဒါန်းနိုင်နေပြီ ဖြစ်သည်။

ဆရာကြီးချစ်စံဝင်းသည် လူ့လောကအပြင်မှာ ပစ်ထားခံရသော အနာကြီးရောဂါသည်များကို မြန်မာဗုဒ္ဓဘာသာထဲမှ ပထမဆုံး ကူညီထောက်ပံ့ခဲ့သူစာရင်းထဲတွင် ပါဝင်သည်။ မိမိကိုယ်တိုင် ကူညီထောက်ပံ့သကဲ့သို့ အခြားသူများ ကူညီထောက်ပံ့အောင်လည်း ရေးသား ဟောပြော စည်းရုံးခဲ့သည်။

ကျွန်ုပ်သည်ပင် ဆရာကြီး ရေးသောစာအုပ်များကို ဖတ်ရသောကြောင့် အနာကြီးရောဂါသည်များကို ပြုစုစောင့်ရှောက်တတ်လာခြင်း ဖြစ်သည်။ ထို့ကြောင့်လည်း ဆရာကြီးကို ဆုချီးမြှင့်ရခြင်း ဖြစ်သည်။ ဒေါ်ဇီးကွက်စိန်နှင့် ဒေါ်နန်းကြည်အောင်တို့ကိုကား ခင်ပွန်းဖြစ်သူတို့၏ ပရဟိတအလုပ်များကို မကန့်ကွက်သည့်အပြင် ကိုယ်ရောစိတ်ပါ နှစ်များစွာ ကူညီကြသောကြောင့် ဆုချီးမြှင့်ခြင်း ဖြစ်သည်။

မေတ္တာရှင် (ရွှေပြည်သာ)



www.burmeseclassic.com

www.burmeseclassic.com

# လယ်တီဆရာတော်ဘုရားကြီး ပေါ်ထွန်းရာ
# အဓိဋ္ဌာန်အောင် မဟာအောင်မြေ

အောင်သာကျော်

လွန်ခဲ့သည့်လအတွင်းက စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် နှောယင်းရွာရှိ အောင်သုခကျောင်းတိုက်သို့ ရောက်ရှိသွားဖြစ်ခဲ့သည်။ အောင်သုခကျောင်းတိုက်၏ ဦးစီးပဓာန နာယကဆရာတော်ဘဒ္ဒန္တပညာဝံသ(ဓမ္မာစရိယ) မှာ လယ်တီကမ္မဋ္ဌာနာစရိယတစ်ပါးပင် ဖြစ်သည်။

ဆရာတော်မှာ စာပေကို ချစ်မြတ်နိုးသူဖြစ်လေရာ စာရေးသူကို ဘုတလင်သို့ တစ်ခါတစ်ခေါက်လာရောက်လည်ပါရန် မကြာခဏ မိန့်တော်မူသဖြင့် မဖြစ်မနေ သွားရောက်မိရခြင်း ဖြစ်သည်။ ဆရာတော်ထံပါးရောက်သည့်နှင့် ဆရာတော်က ကျောင်းဝင်းအတွင်း တည်ထားသည့် အလိုတော်ပြည့်မြတ်ကို ဖူးမြော်ပြီးသည်နှင့် ဘုတလင်နှင့် ဆက်စပ်နေသည့် စိတ်ဝင်စားဖွယ် အကြောင်းအရာများ ပြောပြရာ ဂမ္ဘီရဆန်သော အံ့ဖွယ်ဖြစ်ရပ်ဆန်းများနှင့် နွယ်လာသည့် ကျေးဇူးတော်ရှင် ပထမလယ်တီဆရာတော်ကြီးအကြောင်းကို စိတ်ဝင်တစားရှိမိသဖြင့် ပြန်လည်မေးမြန်းမိဖြစ်ရာက ဆရာတော် ဘဒ္ဒန္တပညာဝံသက ဆရာတော်ကြီးဇာတိရွာသို့ လိုက်ပို့ပေးမည်ဟု မိန့်တော့သည်။

ကျေးဇူးတော်ရှင် ပထမလယ်တီဆရာတော်ဘုရားကြီးသည် စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ် စိုင်ပြင်ကြီးရွာတွင် ခမည်းတော် ဦးထွန်းသာ၊ မယ်တော် ဒေါ်ကြုံးတို့မှ မြန်မာနှစ် ၁၂၀၈ ခုနှစ် နတ်တော်လဆန်း ၁၃ ရက် အင်္ဂါနေ့ညဥ့်တစ်ချက်တီးကျော်အချိန်တွင် ဖွားမြင်ခဲ့သည်။ ခမည်းတော်၊ မယ်တော်တို့ သားသမီး ခြောက်ဦး ထွန်းကားခဲ့သည့်အနက် ဒုတိယမြောက် သားရတနာပင် ဖြစ်သည်။ လယ်တီဆရာတော်လောင်းလျာကို မွေးဖွားသန့်စင်ချိန်တွင် အံ့ဖွယ်ကောင်းလောက်သည့် ထူးခြားဆန်းကြယ်ဖြစ်ရပ်တို့ ပေါ်ပေါက်ခဲ့သည်။ ဆရာတော်လောင်းလျာကို မွေးဖွားသည်နှင့် အိမ်၏ဉပစာဝင်းအတွင်း ပေါက်လျက်ရှိနေသော မန်ကျည်းပင်ကြီး၌ ထောင်ထားသော ဝါးလုံးများကြားမှ သက်တံရောင်စဉ်တန်းကြီး ထွက်ပေါ်လာကာ ကောင်းကင်တက်ဖျားဆီသို့ တိုးတက်သွားပြီး တစ်ဖန်ကိုင်းညွတ်၍ လယ်တီဆရာတော် လောင်းလျာမီးရှူးသန့်စင်ရာအခန်းဆီသို့ ဝင်ပြီးမှ အိမ်ခေါင်မိုးကိုထိုးဖောက်ကာ အရောင်မျိုးစုံယှက်သန်းကွန့်မြူး၍ ကောင်းကင်ထက်ဖျားဆီသို့ ထောင်တက်သွားခဲ့သည်။

မောင်တက်ခေါင်ဟု ငယ်မည်တွင်ခဲ့သည့် လယ်တီဆရာတော်လောင်းလျာကို စိုင်ပြင်ရွာ ကျောင်းမကျောင်းဆရာတော် ဦးနန္ဒထံ၌ ရှင်သာမဏေပြုပေးခဲ့ရာ ကိုရင်ဘဝဖြင့်ပင် မဟော်သဓေကျေးစေရတုကို စပ်ဆိုရေးသားခဲ့သည်။ ဆရာတော် ဦးနန္ဒက ဉာဏ်ပညာထက်မြက်သည့် လယ်တီဆရာ တော်လောင်းလျာကို ရှင်ဉာဏဓဇဟု ဘွဲ့အမည်မှည့်ခေါ်ခဲ့သည်။ ရှင်ဉာဏဓဇသည် ရဲထွက်ရွာအရှေ့ဘက် ဝေဒပါရဂူဆရာတော် ဦးဂန္ဓမာထံတွင် ဇာတာဖွဲ့၊ သင်္ကြန်တွက်



လယ်တီဆရာတော်လောင်းလျာမွေးသည်နှင့် သက်တံထွက်၍ နိမိတ်ပြရာ မန်ကျည်းပင်


လယ်တီဆရာတော် ဝိဇာတမိမာန်တော်




www.burmeseclassic.com

www.burmeseclassic.com




...တ်ပြရာ မန်ကျည်းပင်အဓေးမြင်ကွင်း



...နေ်တော်ကြီးအဝင်



...ယ်တီဆရာတော်ဘုရားရုပ်တုတော်



...ဆုတော်သီတင်းသုံးရာကျောင်း

နည်း စသော လောကီဗေဒပညာရပ်များကို ထုံးလိုမွေ့ ရေနှောက်နိုင်သည်အထိ သင်ယူခဲ့သည်။

၁၂၂၈ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်နေ့ စိုင်ပြင်ရွာ မြင်တင်တိုက်သိမ်၌ ဆရာဦးနန္ဒကို ဦးပဇ္ဈာယ်ပြု၍ ရဟန်းဘောင်သို့ ရောက်တော်မူသည်။ ရဟန်းဘောင်သို့ရောက်သည်နှင့် မန္တလေးမြို့ မင်္ဂလာစံကျောင်းတိုက်တွင် ပညာသင်ကြားခဲ့ရာ (၈) ဝါအရတွင် မင်္ဂလာစံကျောင်းတိုက်၏ ပထမစာချအဖြစ် ချီးမြှောက်ခြင်းကိုခံရသည်။ စံကျောင်းတိုက်၌ နေထိုင်စဉ် သုဒဿနဝရ ဓမ္မသာမိ မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဒုတိယစံကျောင်းဆရာတော်ကြီးနှင့် မကုဋ္ဋဂရာမဆရာတော်ဘုရားကြီးတို့ထံတော်ပါးတွင် ပိဋကတ်၊ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့ကို သင်ယူတော်မူသည်။

ပဉ္စမသင်္ဂါယနာတင်ပွဲ စံကျောင်းတိုက်သားရဟန်းတော် အရှင်ဉာဏဓဇသည် ကထာဝတ္ထုပါဠိတော်ကို ရွှေနန်းတော်အတွင်းရှိ ဇြတိုက်တော် ရာဇပလ္လင်ပေါ်၌ မြင်းကောင်းစိုင်းသကဲ့သို့ ဆစ်ပိုင်းကျန မနားမတဲ့ မရွံ့မကြောက် ပေါက်ပေါက်ရောက်ရောက် ပြန်ဆိုခဲ့လေသည်။ မင်းတရားကြီးနှင့် ရဟန်းပရိသတ်၊ လူပရိသတ်တို့၏ ချီးကျူးသြဘာပေးခြင်းကို ခံရသည်။ ထိုသို့စွမ်းအင်ထက်လှသည့် လယ်တီဆရာတော်ဘုရားကြီးသည် 'မုံရွာမြို့ မြောက်လေးတစ်ထောင့် ခြသေ့်ဟောက်လတ္တံ့' ဟူသော တဘောင်နှင့်အညီ ၁၂၄၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်နေ့၌ မုံရွာမြို့၏ မြောက်ဘက် ပေတယက္ခနာနာဘာဝတို့ အခြောက်အလှန့်အားကြီးသော လယ်တီတောကြီးအတွင်း ဝယ် ကြမ်းတမ်းသော နာနာဘာဝတို့ကို မေတ္တာဘာဝနာ ပို့သတော်မူ၍ ဝိုင်းဝန်းသာသနာပြုကြရန် မေတ္တာရပ်ခံပြီး လယ်တီတိုက်ကြီးကို တည်ထောင်တော်မူသည်။

၁၂၅၆ ခုနှစ်တွင် ပရမတ္ထဒီပနီမည်သော သဂြိုလ်မဟာဋီကာကျမ်းကိုလည်းကောင်း၊ ၁၂၆၅ ခုနှစ်တွင် နိရုတ္တိဒီပနီမည်သော သဒ္ဒါကျမ်းကို လည်းကောင်း ပြုစုတော်မူခဲ့ရာ လယ်တီဆရာတော်ဘုရားကြီးကို မြန်မာတွင်မက ကမ္ဘာကပါ အသိအမှတ်ပြု လေးစားမှုများရှိလာခဲ့တော့သည်။ လယ်တီဆရာတော်ဘုရားကြီးသည် ဗုဒ္ဓစာပေများကို



www.burmeseclassic.com

www.burmeseclassic.com

အများကြည့်ရှုနိုင်ရန်၊ နားလည်နိုင်ကြစေရန် မြန်မာဘာသာဖြင့် ရေးသားတာကျမ်းစာအုပ်ပေါင်း (၁၀၀) ကျော် ပြုစုခဲ့သည်။ ပဋ္ဌိစ္စသမုပ္ပာဒဒီပနီကျမ်းကို ၁၂၅၇၊ တပို့တွဲလပြည့်ကျော် ၃ ရက်နေ့တွင် ဗုဒ္ဓဂယာသို့ ကြွရန်အတွက် ရန်ကုန်သို့အကြွ မန္တလေးမှ ရန်ကုန်အကြားမီးရထားပေါ်တွင် ရေးသားကာ ပဋ္ဌိစ္စသမုပ္ပာဒဋီကာအဖြေကိုမူ ရန်ကုန်မှ ကာလကတ္တားသို့အကြွ သင်္ဘောပေါ်တွင် ရေးသား ပြုစုတော်မူခဲ့သည်။

ဗုဒ္ဓဂယာမှ ပြန်ကြွတော်မူလာပြီး လယ်တီတိုက်ကြီးသို့ ပြန်မကြွတော့ဘဲ တွံ့တေး ဒလတောနက်ကြီးထဲတွင် တရားဓမ္မများကို အားထုတ်တော်မူသည်။ ဆရာတော်ဘုရားကြီးသည် မြန်မာနိုင်ငံအရပ်ရပ်ရှိ တောတောင်အထပ်ထပ်ရှိသောနေရာတို့တွင် အရညဝါသီတောကိုမှီ၍ ကျင့်ကြံကြိုးပမ်း အားထုတ်တော်မူခဲ့သည်။ ၁၂၆၇၊ တပေါင်းလပြည့်ကျော် ၁၁ ရက်နေ့ လက်ပံတောင်းတောင်၌ သီတင်းသုံးနေတော်မူစဉ် ကင်းဝန်မင်းကြီး၏ လူကြုံတစ်မျိုး၊ စာရေး၍တစ်ဖုံ ပင့်လျှောက်သဖြင့် မန္တလေးနန်းတော်အတွင်းရှိ ကင်းဝန်မင်းကြီး၏အိမ်တော်တွင် ကင်းဝန်မင်းကြီးမေးလျှောက်သမျှ ဖြေကြားတော်မူရင်း (၃) ရက်၊ (၃) ညတိုင်တိုင် တရားဟောကြားတော်မူခဲ့သည်။

တစ်ညသောအချိန်တွင် ကင်းဝန်မင်းကြီးသည် မျက်ရည်စက်လက်ဖြင့် လျှောက်ထားသည်မှာ -

"ကုသိုလ်အမျိုးမျိုး ပြုလုပ်ပြီး သာသနာ့ဒါယကာအဖြစ်ခံပါလျက် ဒီလို နက်နဲတဲ့တရားမျိုး နာမသွားရလေခြင်းဘုရား"

ဟု လျှောက်ထားကာ ယခုဟောတော်မူသော တရားတော်အား ပြည်သူများ ဘာသာရေးအသိဖြစ်ထွန်းစေရန် စာအုပ်အဖြစ် ပြုစုပေးတော်မူပါရန် ဆက်လက်လျှောက်ထားခဲ့သည်။ ထိုသို့ လျှောက်ထားသဖြင့် အာနာပါနာဒီပနီကို ရေးသား ပြုစုတော်မူခဲ့ခြင်း ဖြစ်သည်။

၁၂၇၀ ပြည့်ပြီး နောက်နှစ်များတွင် ကြောက်စရာကောင်းသော ပုလိပ်ရောဂါဆိုးကြီး ကပ်ရောက်ခဲ့ရာ ဆရာတော်ဘုရားကြီးသည် စတ်ပရိတ်တော်ရွတ်ဖတ်ခြင်း၊ လမ်းဆုံလမ်းခွတို့၌ ဘုရားအမိန့်တော်ပြန်ခြင်း စသော နည်းလမ်းများကိုသုံးကာ ကပ်ဆိုးကြီးဘေးအန္တရာယ်မှ လွတ်မြောက်စေရန် ကယ်တင်တော်မူခဲ့သည်။ ၁၂၈၈ ခုနှစ်၊ အောက်မြန်မာနိုင်ငံ ဟင်္သာတမြို့နယ်တွင် မိုးခေါင်ရေရှား တပ်ဘေးကြီးနှင့်ကြုံရရာ အင်္ဂလိပ်လူမျိုး ခရိုင်ဝန်တိုင်းမင်းကြီး၏ ပင့်လျှောက်ချက်အရ ဝါတွင်းမှာပင် ကြွရောက်တော်မူလေရာ ဆရာတော်ဘုရားကြီး ဟင်္သာတမြို့ပေါ် ခြေချမိသည်နှင့် သည်းထန်လှသောမိုးကြီး ရွာသွန်းဖြိုးတော့သည်။ လယ်တီဆရာတော်ဘုရားကြီးအား ပြည်ပိုင်အစိုးရမင်းတို့က ၁၂၇၃ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့ တံဆိပ်တော် ချီးမြှင့်ခဲ့ကာ ၁၂၈၃ ခုနှစ်တွင် ဒေါက်တာဘွဲ့ ချီးမြှင့်အပ်နှင်းခြင်းခံရသည်။ လယ်တီဆရာတော်ဘုရားကြီးသည် မျက်စိလုံးလုံးကွယ်သွားသော်လည်း တရားဟောပြောမှုကို မရပ်ဘဲ မြန်မာနိုင်ငံအရပ်ရပ်သို့ လှည့်လည်ကာ အမဲသားမစားကြရန်နှင့် အရက်မသောက်ကြရန် တိုက်တွန်းရင်း တရားဓမ္မများ ဟောပြောနေဖြစ်ခဲ့သည်။ ၁၂၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်နေ့ နေ့ (၂) နာရီ၊ (၃၀) မိနစ်တွင် စုတိကမ္မဇရုပ် ချုပ်ငြိမ်းတော်မူ သည်။

ဆရာတော်ဘုရားကြီး စုတိကမ္မဇရုပ် ချုပ်ငြိမ်းသောအချိန်၌ ပျဉ်းမနားမြို့၏ အထက်ကောင်းကင်ဆီမှ သာယာနာပျော်ဖွယ်ကောင်းသော တီးသံမှုတ်သံများ ထွက်ပေါ်လာခြင်း၊ ကျေးငှက်သာရကာတို့ တစ်ပြိုင်နက်အော်မြည်ကြခြင်း လောကဓာတ်တစ်ခွင်လုံး လေပြင်းကြီးကျသကဲ့သို့ ဝုန်းဝုန်းဒိုင်းဒိုင်းတော်လည်းသံကြီးများ ဖြစ်ပေါ်လာခြင်း၊ တစ်မြို့လုံး မည်းမှောင်ထုကြီးလွှမ်းမိုးသွားခြင်းများ ဖြစ်ပေါ်ခဲ့သည်။ ဆရာတော်ဘုရားကြီး ရုပ်အလောင်းတော်သည် မျက်နှာတော်ကြည်လင်၍ အေးချမ်းသော ပုံသဏ္ဍာန်ပေါ်ပေါက်လျက် ရှိနေခဲ့သည်။ ရုပ်အလောင်းတော်ထားရှိရာ စံကျောင်းပြာသာဒ်အနီးအနားတွင် သရက်ပင်ခြောက်နှစ်ပင်၊ စံကားဝါပင် ခြောက်သုံးပင်ရှိနေလေရာ မတင့်တယ်သဖြင့် ခုတ်လှဲရန် တိုင်ပင်ကြလျက် နောက်နေ့တွင် ခုတ်လှဲရန် ဆုံးဖြတ်ချက်ချထားခဲ့ကြသည်။

ခုတ်လှဲမည့်နေ့မနက်သို့ ရောက်သော်အခါ ပွင့်သစ်များ ဝေဆာစွာထွက်လာသည်ကို အံ့မခန်း မြင်တွေ့ကြရသဖြင့် သရက်ပင်နှင့် စံကားဝါပင်တို့ကို မခုတ်ဖြစ်တော့ဘဲ ထားလိုက်ရသည်။ သရက်ပင်နှင့် စံကားဝါပင်တို့သည် ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်ကို အန္တိမစျာပန ပြုလုပ်သည့် တပေါင်းလအထိ အဖူး၊ အပွင့်၊ အသီးတို့ဖြင့် ဝေဆာလျက်ရှိနေကာ ပူဇော်နေသည့်အနေအထားအဖြစ် ရပ်တည်လျက်ထားရှိနေခဲ့သည်။

ထိုသို့ ထူးခြားဆန်းကြယ်ဖြစ်ရပ်ဆန်းများနှင့် ထုံမွမ်းနေသည့် ဆရာတော်ဘုရားကြီးမွေးဖွားခဲ့ရာနေရာသို့ ရောက်တော့မည်ပင် ဖြစ်သည်။ တစ်လမ်းလုံး ဆရာတော် ဘဒ္ဒန္တပညာဝံသ (ဓမ္မာစရိယ) က လယ်တီဆရာတော်ဘုရားကြီးနှင့် ပတ်သက် ဆက်နွှယ်နေသည့် အကြောင်းအရာများကို ရှင်းပြထားခဲ့သဖြင့် ဆရာတော်ကြီးမွေးဖွားရာနေရာတွင် တည်ဆောက်ထားသည့် ဗိမာန်တော်ကြီးထံပါးသို့ ရောက်လိုစိတ်က ပြင်းပြနေမိသည်။ ဗိမာန်တော်ကြီးကို ဝိဇာတအောင်မြေအဖြစ် တခမ်းတနားတည်ဆောက်ထားခဲ့သည်ဟု ဆိုသည်။ ခပ်လှမ်းလှမ်းမှ လှမ်းမြင်တွေ့လိုက်ရကတည်းက ခန့်ညားထည်ဝါလှသည်ကို မြင်တွေ့ရသည်။ ဗိမာန်တော်အဝတွင်း လယ်တီဆရာတော်ဘုရားကြီး၏ ရုပ်ပွား သီတင်းသုံးရာ ကျောင်းဆောင်ရှေ့တွင် ရွှေခြည်သင့်ရုပ်တုတော်မှာလည်း သက်ဝင်ထင်ရှားရှိနေသည့်အလား ထင်မှတ်မှားရသည်။ အမိဋ္ဌာန်အောင် မဟာအောင်မြေမင်္ဂလာ မန်ကျည်းပင်ကိုလည်း ကျနသေချာစွာ မွမ်းမံပြုပြင်ပြီး ထိန်းသိမ်းထားရှိသည်ကို တွေ့ရသည်။

ဂမ္ဘီရဆန်းစွာ ပေါ်ထွန်းခဲ့သည့် အောင်မြေမှန်ရာနေရာကို ရောက်လာမိသည်တွင် လယ်တီဆရာတော်ဘုရားကြီး မွေးခါစက ဖြစ်ပေါ်ခဲ့သည့် သန့်စင်စွာ ပေါ်ထွန်းခဲ့သည့် သက်တံရောင်စဉ်များ ယနေ့တိုင် ရှိနေပါဦးမည်လားဆိုသည့် အတွေးစက ရင်ထဲဝင်ရောက်လာသည်။ ဤအောင်မြေမှန်ရာသို့ တရားအားထုတ်သူများ၊ အောင်အပွင့်ဓာတ်ရလိုသူများ စဉ်ဆက်မပြတ်အရောက်လာကာ အောင်မြေနင်းကြခြင်း ဆုပန်ခြင်း၊ အမိဋ္ဌာန်ဝင်ကြခြင်းများ ပြုလုပ်လျက်ရှိနေသည်ကို မြင်တွေ့ခဲ့ရသဖြင့် အောင်အပွင့်ဓာတ်ရယူလိုကြသူများ တစ်ခါတစ်ခေါက်အရောက်သွားနိုင်ကြစေရန် ရည်သန်ကာ ရေးသားတင်ပြလိုက်ရခြင်းပင် ဖြစ်ပါသည်။

အောင်သာဝေ



www.burmeseclassic.com

www.burmeseclassic.com

ဘုရားရှင်၏ဂုဏ်တော်၊ ပရိတ်တော်များသည် တန်ခိုးတော်နှင့်အကျိုးအာနိသင်အနန္တရှိကြောင်းကို ကိုယ်တွေ့ကြုံသူတို့ ရေးသား တင်ပြကြသော ဖြစ်ရပ်များအား သူရဇ္ဇမဂ္ဂဇင်းကြီးနှင့် အခြားမဂ္ဂဇင်းများတို့တွင် ဖတ်ရှုရပါသည်။ ကျွန်တော်ကိုယ်တိုင်လည်း သမ္ဗုဒ္ဓေဂါထာတော်နှင့် ပဋ္ဌာန်းပစ္စယုဒ္ဒေသ ပါဠိတော်ကို သတိရတိုင်း ယုံကြည်စွာ ရွတ်ဆိုပူဇော်သောကြောင့် ဆိုးကျိုးဘေးအန္တရာယ်များမှ ကင်းလွတ်ခဲ့ရပါသည်။ ထိုဖြစ်ရပ်တို့ကို သိဒ္ဓိမိုးမဂ္ဂဇင်းနှင့် သူရဇ္ဇမဂ္ဂဇင်းကြီးတို့တွင်လည်း ဖော်ပြခဲ့ဖူးပါသည်။

# စာတ်ပုံ–မောင်မောင်အေး

## မေတ္တာသုတ်တန်ခိုးကြောင့် သေဘေးနှစ်ကြိမ်တိုးသော်လည်း

ယခုလည်း မေတ္တာသုတ်ပရိတ်တန်ခိုးတော်ကြောင့် ပြင်းထန်သော ယာဉ်တိုက်မှုတစ်ကြိမ်၊ လူငါးဦးသေဆုံးသော ကားမှောက်မှုတစ်ကြိမ်တွင် ပါဝင်ခဲ့သော်လည်း ပွန်းပဲ့ရှနာရုံမျှလွဲ၍ သေဘေးမှကင်းလွတ်ခဲ့သူ၏ ကိုယ်တွေ့ဖြစ်ရပ်အား ဖော်ပြလိုပါသည်။ ကျွန်တော်ရေးသော ဆောင်းပါးများ၊ ဂမ္ဘီရထူးခြားဖြစ်ရပ်များကို စဉ်ဆက်မပြတ် စောင့်မျှော်ဖတ်ရှုရင်း 'ပုဂ္ဂိုလ်ခင်မှ တရားမင်' ဆိုသော စကားနှင့် အပြန်အလှန် ကျွန်တော် ရေးသားသည့် စာများဖတ်ရင်း ကျွန်တော်နှင့် ခင်မင်ရင်းနှီးလာသော စာဖတ်ပရိသတ်နှစ်ဦးတို့မှာ ကိုညီညီနှင့်



www.burmeseclassic.com

မဇင်မာထွန်း ဆိုသော လူငယ်ဇနီးမောင်နှံနှစ်ဦး ဖြစ်ပါသည်။

ကျွန်တော်၏ စာများကို စဉ်ဆက်မပြတ်ဖတ်ရှုနိုင်သည်ကလည်း ကိုညီညီ ဇနီးမောင်နှံသည် ဒဂုံမြို့သစ်မြောက်ပိုင်း (၃၈) ရပ်ကွက်၊ ဗညားနွဲ့လမ်းတွင် 'စွယ်တော်စာပေနှင့်စတိုးဆိုင်' ဖွင့်လှစ်ထားသောကြောင့် ဖြစ်သည်။ တရားမင်၍ ပုဂ္ဂိုလ်ခင်သလို ဘာသာရေးဘက်တွင် သက်ဝင်ယုံကြည်သဖြင့် စေတနာသဒ္ဓါတရားလည်း နှစ်ဦးစလုံးပင် ကောင်းကြလေရာ ကျွန်တော်၏ပါရမီကို ကူညီ၍ စာမူရေးသားရန်အတွက် A4 ဆိုဒ် စက္ကူ ဒါဇင်လိုက်၊ ဘောလ်ပင်အကောင်းစားပါကင်မဖောက်ရသေးသောကတ်လိုက် လှူဒါန်းလိုက်ပါသည်။ ကိုညီညီ၊ မဇင်မာထွန်းတို့အလှူဒါန ပိုမိုထွန်းတောက်စေရန် ထိုအကောင်းစားဘောလ်ပင်အချို့ကို ရေးဖော်ရေးဖက် စာရေးဆရာ တက္ကသိုလ်ဝင်းမြင့် (ခရိုင်ဝန်အငြိမ်းစား) သို့ လက်ဆင့်ကမ်း လှူဒါန်းပေးပါသည်။

၂၀၁၃ ခု မိုးတစိမ့်စိမ့်ရွာသွန်းနေသော ဩဂုတ်လ၏ နေ့တစ်နေ့တွင် ကိုညီညီတို့ဇနီးမောင်နှံနှင့် စကားပြောဆိုကြရင်း လွန်ခဲ့သော ၂၀၁၀ ပြည့်နှစ်၊ ဇွန်လထုတ် သိဒ္ဓိမိုးမဂ္ဂဇင်း၌ ရေးသားခဲ့သော 'သမ္ဗုဒ္ဓေဂါထာတော်နှင့် ကိုယ်တွေ့ဖြစ်ရပ်များ' အကြောင်း ပြန်လည်ရောက်သွားရာမှ ကိုညီညီကလည်း သူ၏ ကိုယ်တွေ့ဖြစ်ရပ် ကြုံခဲ့ရသည့် သေဘေးမှ လွတ်မြောက်ခဲ့ပုံအား ယခုလို ပြောပြပါသည်။

ကိုညီညီတို့ဇနီးမောင်နှံနှစ်ဦးမှာ တရုတ်သွေးပါကြသော်လည်း ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကြသူများ ဖြစ်ပေသည်။ အထူးသဖြင့် ဂုဏ်တော်၊ ပရိတ်တော်၊ ပဋ္ဌာန်းတို့ကို ပို၍ အလေးထားသည်။ ပရိတ်ကြီး (၁၁) သုတ်တွင် မိမိအတွက် အထူးလိုအပ်မည်ထင်သော သုတ်တို့ကို အာဂုံဆောင်အရကျက်မှတ်သည်။ သမ္ဗုဒ္ဓေဂါထာတော်လည်း အပါအဝင်ဖြစ်သည်။ ဝတ်မပျက်ရွတ်ဆိုသော သုတ်မှာ မေတ္တာသုတ်ပင်ဖြစ်သည်။ အခါအားလျော်စွာ သမ္ဗုဒ္ဓေဂါထာတော်လည်း ရွတ်၏။

တစ်နေ့ မှတ်မှတ်ရရ ထိုနေ့သည် ၂၀၀၅ ခု၊ အောက်တိုဘာလ ၁၅ ရက်၊ ည (၉) နာရီခန့်တွင် တောင်ဥက္ကလာပ (၁၀) ရပ်ကွက် ဘလ္လိကလမ်းမှ (၇) ရပ်ကွက်ဘက်သွားရန် စက်ဘီးစီး၍ ထွက်ခဲ့၏။ (၁၀) ရက်ကွက်နှင့် (၇) ရက်ကွက်



ကြားတွင် သစ္စာလမ်းမကြီးခြားနေ၏။ ညအချိန်ဖြစ်၍ သစ္စာလမ်းမကြီးပေါ်တွင် ကားအသွားအလာရှင်းနေသဖြင့် ဘလ္လိကလမ်းဆုံးသည်နှင့် သစ္စာလမ်းကို ဖြတ်ကျော်လိုက်စဉ် ဘယ်ကပေါ်လာသည်မသိသော အရှိန်ပြင်းစွာမောင်းလာသည့် ဟိုင်းလတ်ကားတစ်စီးက ကိုညီညီစီးလာသော စက်ဘီးအလယ်တည့်တည့်ကို ဖြတ်တိုက်လိုက်ရာ 'ဒုန်း' ဟူသော မြည်သံကြီးသာ ကြားလိုက်ရပြီး ဘာဖြစ်သွားသည်ကို မသိတော့ချေ။

ဘလ္လိကလမ်းတစ်လျှောက် စက်ဘီးစီးလာစဉ်က မေတ္တာသုတ်ပရိတ်တော်ကို ရွတ်ဆိုလာခဲ့သည်ကို မှတ်မိ၏။ ကားတိုက်သံကြောင့် အနီးရှိအိမ်များမှ လူတို့ ပြေးထွက်လာကာ လမ်းပေါ်၌ပက်လက်အနေအထားဖြင့် လဲကျနေသည့် ကိုညီညီအား ပွေ့ချီ၍ လမ်းဘေးသို့ ရွှေ့ယူစဉ် ကိုညီညီလည်း ကောင်းစွာ သတိရသွားပြီး ထထိုင်လိုက်၏။

ဤမျှ ပြင်းထန်သော အရှိန်ဖြင့် အတိုက်ခံလိုက်ရသောကြောင့် ကိုညီညီသည် အပေါ်သို့ ဆယ်ပေခန့်မြောက်တက်သွားစဉ် စက်ဘီးကလည်း ခွေခေါက်၍ လမ်းဘေးလွင့်စဉ်သွားသည်မှလွဲ၍ ကြီးမားသော ဒဏ်ရာအနာတရ မရှိချေ။ စက်ဘီးကသုံးမရအောင်ပျက်စီးသွား၏။ တိုက်သောဒိုင်နာကားသည်လည်း ညအချိန်ဖြစ်၍ မောင်းပြေးသွားတော့သည်။

"ဆရာမောင်မောင်အေးရေ့အဲဒါ မေတ္တာသုတ်တန်ခိုးကြောင့် သေကံမရောက်ခဲ့တာဘဲ"

ဟု ကိုညီညီက ဆိုပါသည်။

"ဒုတိယအကြိမ် သေဘေးနဲ့ကြုံရတာကတော့ ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့မှာပဲ"

ဟု ဆက်ရင်း မေတ္တာသုတ်ကို နေ့စဉ် ဝတ်မပျက် ရွတ်ဆိုပူဇော်သလို လိုင်းကားဖြင့် ခရီးသွားသည့်အခါတိုင်းလည်း အနည်းဆုံး သုံးခေါက်ရွတ်ဆို၍ သွားလေသည်က အကျင့်ဖြစ်နေ၏။ ထိုနိုဝင်ဘာလ ၇ ရက်နေ့ကလည်း ရွှေတိဂုံစေတီတော်ရင်ပြင်တော် အရှေ့ဘက်နေလဘုရားတွင် အမိဌာန်ပုတီးစိပ်ပြီး ဘုရားပေါ်မှဆင်းခဲ့ကာ ရေခဲဆိုင်မှတ်တိုင်မှ ဘီအမ်ရိမ်းဂျားဖြင့် ပြန်ခဲ့ချိန်တွင် အမှောင်စပြုပြီဖြစ်၍ လမ်းမီးများပင် လင်းနေ၏။

ငါးထပ်ကြီးမှတ်တိုင်တွင် ခရီးသည် အတက်၊ အဆင်းများပြီးလျှင် လီဗာနင်း၍ စက်ရှိန်မြှင့်မောင်းခဲ့သော ဘီအမ်ရိမ်းဂျားသည် SSC ဆေးရုံရှေ့အရောက်တွင် ဆေးရုံရှေ့မှ ရုတ်တရက်ထွက်လာသည့် ကိုယ်ပိုင်ကားတစ်စီးကြောင့် တစ်ဖက်ယာဉ်ကြောသို့ ကွေ့ရှောင်လိုက်စဉ် ကိုညီညီလည်း နှုတ်မှ လျှပ်တပြက် 'ယဿာနုဘာဝတော ယက္ခာ'ဟု အထွက် 'ဝုန်း ဝရော ဝရော' ဟူသည့် အသံကြီးနှင့်အတူ ဘီအမ်ကားသည် လာရာလမ်းဘက် တိမ်းမှောက်ကာ တစ်ပတ်လည်သွား၏။ သတိရ၍ ကြည့်လိုက်ချိန်၌ ခရီးသည်များ သွေးအလိမ်းလိမ်းဖြင့် အလဲအကွဲဖြစ်ကာ အော်သူကအော်ပြီး ကမ္ဘာပျက်နေ၏။

"ကျွန်တော်လည်း ငါကော သေသွားပြီလားလို့ ကိုယ့်ကိုယ်ကိုယ်တွေးရင်း လှုပ်ရှားကြည့်တော့ နည်းနည်းနာကျင်တဲ့ ဝေဒနာလေး ခံစားရတော့မှ မသေသေးဆိုတာကို သိရတယ် ဆရာမောင်မောင်အေးရေ"

ဟု ကိုညီညီက SSC ရှေ့မှ ကားမှောက်စဉ်ကဖြစ်ရပ်ကို ပြောပြပါသည်။ ကိုညီညီ၏ဘေးခုံမှ ခရီးသည်တစ်ဦး၊ အခြားခုံမှနှစ်ဦးနှင့် ယာဉ်မောင်း၊ စပယ်ယာတို့ ပွဲချင်းပြီးသေဆုံးကြသည်။

ဤမျှ ပြင်းထန်သော မော်တော်ယာဉ်မတော်တဆဖြစ်မှု၌ ကိုညီညီသည် ပွန်းပဲ့သော ဒဏ်ရာမျှမရဘဲ ဘေးအန္တရာယ်မှကင်းလွတ်ခဲ့ခြင်းသည် သူ အမြဲထုံမွှမ်းရွတ်ဆိုသော မေတ္တာသုတ် ပရိတ်၏ တန်ခိုးတော်ကြောင့်မှလွဲ၍ အခြားမရှိပါကြောင်းတင်ပြရင်း ရတနာသုံးပါးအား ပူဇော် ဦးခိုက်အပ်ပါ သတည်း။


*(ကိုညီညီ၏ ဓာတ်ပုံပါဖော်ပြရန် ဖြစ်သော်လည်း ဓာတ်ပုံအရိုက်မခံလို ဟု ဆိုသဖြင့် ဓာတ်ပုံမပါသည်ကို ခွင့် လွှတ်ကြပါရန်)*

ဓာတ်ပုံ-မောင်မောင်အေး



www.burmeseclassic.com

www.burmeseclassic.com



ဆယ်ဇင်ရွှေတော်ချောင်းထဲမှ
မျှောလာသော ဗုဒ္ဓရုပ်ပွားတော်



ရွှေမဥ္ဇူ ရေလယ်ဘုရား


မတ်လထဲ ရောက်လာတော့ အချမ်းပေါ့လာ၏။ ကချင်ပြည်နယ်မှာတော့ စောင်မလွှတ်သေး။ (၁၂)လရာသီထဲမှာ တပေါင်းလဟာ သာယာသည်ဟု ဆိုကြ၏။ အင်းရေပြင်ရယ်၊ ရေလယ်ဘုရား၊ နံနက်ခင်းနေရောင်ခြည်၊ စင်ရော်ငှက်များ၊ ရေမှာပျော်ရှာတဲ့ ငှက်အုပ်ကို ငေးမောရင်း ဘုရားဖူးရန် လူသွားလမ်းအတိုင်း လျှောက်လာခဲ့သည်။ လူသွားလမ်းဟာ ပွဲတော်ရက်စောနေသေးသောကြောင့် ရေကောင်းကောင်း မလွှတ်တတ်သေးပေ။

အင်းတော်ကြီး ရွှေမဥ္ဇူ (ရေလယ်ဘုရား) ကို ဟိုပင်မှ လာပါက (၂၇) မိုင်ရှိ၍ မိုးညှင်းမှလာပါက (၄၈) မိုင်ဝေးပါသည်။ မြန်မာပြည်တွင် နိုင်ငံခြားသားတွေ နှစ်သက်လည်ပတ်စရာ သဘာဝအလှတွေရှိနေပါသည်။ ထိုဘာသာ၊ ယဉ်ကျေးမှု ရှုန်းစံမြင့်မားတဲ့

## အင်းတော်ကြီး ရွှေမဥ္ဇူ ရေလယ်ဘုရား၊ မှုဆိုးမခြေရာ

# အင်းဒေသမှ သမိုင်းဝင် မြစ်ရပ်ဆန်းများ

### အရှူး(မန္တလေး)



မမုံကိုင်ရွာအနောက်ဘက် (၂) ဖာလုံအကွာတွင်ရှိသော
ဒီပင်ကာရာစေတီ
(ရှမ်းစော်ဘွားများအုပ်ချုပ်စဉ်က တည်ထားခဲ့သောစေတီ)
ဓာတ်ပုံမှူသာ ကျန်ရစ်ရာမှ ပြန်လည်ပြုပြင်



www.burmeseclassic.com

www.burmeseclassic.com



ရွှေမဥ္ဇူ ရေလယ်ဘုရားအင်းအတွင်းမှ ဖူးတွေ့ရပုံ


ရှင်ဥပဂုတ္တ


ဘုရားပွဲတော်ရက်များမှ ပေါ်လာသော လှူသွားလမ်း




သစ်ခွပန်းများ

တန့်ဖိုးတွေကို မြန်မာပြည်သူသားတိုင်း ထိန်းသိမ်းရမယ့် တာဝန်တွေရှိနေတာကို သတိပြုသင့်ပါသည်။အင်းတော်ကြီးဒေသတွင် (၃၁၄. ၆၇) စတုရန်းမိုင်၊ (၂၁၄. ၆၇) စတုရန်းမိုင် ကြိုးဝိုင်းတော (၅) ခုနှင့် (၁၀၀) စတုရန်းမိုင် အင်းတော်ကြီးကန် ရေပြင်ဧရိယာရှိနေပါသည်။ ရွက်ပြတ်ရောနှောတောစိုနှင့်တောစိမ်းတော အမျိုးအစားနှစ်မျိုးကို အများဆုံးတွေ့ရပြီး မြက်ခင်းတော၊ ကိုင်းတော၊ ဝါးရုံတောနှင့် ရေတိမ်တောများလည်း တွေ့ရှိရပါသည်။

ပေါက်ရောက်ပင်များမှာ သစ်ပင် (၈၅) မျိုး၊ ဘယဆေး (၅၆) မျိုး၊ ဝါးမျိုး (၁၁) မျိုး၊ မြက်အမျိုးအစား (၁၄) မျိုး၊ ကြိမ် (၅) မျိုး၊ သစ်ခွ (၇၀) မျိုး ပေါက်ရောက်ပါသည်။

တောရိုင်းတိရစ္ဆာန်များတွင် နို့တိုက်သတ္တဝါ (၃၇) မျိုး၊ အာရှဆင်၊ ကျားသစ်၊ ကြောင်မင်း၊ စိုင်၊ ပြောင်၊ ဆတ်၊ ဒရယ်၊ မျောက်လွှဲကျော်၊ မျက်နှာဖြူ သစ်တောငှက်မျိုးစိတ် (၃၅၀) အောင်လောင်၊ လင်းတ၊ ဒေါင်း၊ ရစ်ငှက်မျိုးများ၊ ရေပျော်ငှက် (၉၉) မျိုး (ငှက်ကြီးဝန်ပို၊ ကြိုးကြာခေါင်းနီ၊ ကြိုးကြာခေါင်းမည်း)၊ ကုန်းနေ၊ ရေနေသတ္တဝါ (၈၈) မျိုး၊ ငါးမျိုးစိတ် (၆၆) မျိုး၊ လိပ်ပြာ (၅၀)မျိုးရှိနေတာကို သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနမှ ထုတ်ပြန်ထားသော စာရင်းအရ သိရှိရပါသည်။

တည်းခိုဆောင်မှ ဘုရားကိုအလာ နေပင်မထွက်သေး။ ကွန်ကရစ်လမ်း လေးသည် တာပေါင် (၂၇၆) တာ ရှိ၏။ အင်းတော်ကြီး ရွှေမဥ္ဇူဘုရား အဓိဋ္ဌာန်ဝင်ဖို့ရာ အဆင်ပြေ၏။ ဘုရားရင်ပြင်ပေါ် မိန်းကလေးများ မတက် ပေ။ ဘုရားမုခ်လေးမုခ်မှာ မှန်လုံခန်း ဖြစ်သောကြောင့် အသံလုံ၏။ အေးအေး စွာ တရားရှုမှတ်နိုင်ပါသည်။

အင်းတော်ကြီးအိုင်သည် မြန်မာ ပြည်မှာ အကြီးဆုံးအိုင်ဖြစ်သလို အရှေ့ တောင်အာရှမှာလည်း အကြီးဆုံး ကုန်း တွင်းရေနေဒေသ ဖြစ်ပါသည်။ အင်း သည် အလျား (၁၄) မိုင်၊ အနံ (၇) မိုင် ရှိပါသည်။

အင်းတော်ကြီးဒေသသည် ကချင် ပြည်နယ် မိုးညှင်းမြို့နယ်အတွင်း တည်ရှိ၏။ ကျောက်စိမ်းတွင်း၊ ရွှေ မြေဖြစ်သော ဖားကန့်-တာမခံ-ဖား ကန့်-လုံးခင်သို့ ဆက်သွယ်ရာ



www.burmeseclassic.com

www.burmeseclassic.com

ကြီးဘေးတွင် တည်ရှိ၏။ မိုးတွင်းမှာ အင်းကိုဖြတ်၍ တာမခံ၊ ဖားကန့်ထိ ပေါက်၏။

အင်းအရှေ့ဘက်တွင် မိုးကောင်းမြို့နယ်၊ အရှေ့တောင်ဘက်တွင် ဟိုပင်၊ နန့်ညွင်း ကျောက်တောင်ကြားအထိ တောင်ဘက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် မံစီကြီးအထိ၊ အနောက်ဘက်၊ မြောက်ဘက်တွင် ဟုမ္မလင်း ဗန်းမောက်မြို့နယ်၊ ဖားကန့်မြို့နယ်အထိ အကျယ်အဝန်း စတုရန်းမိုင်တစ်ထောင်ခန့်ရှိ အဝန်းတစ်ခုလုံးကို အင်းတော်ကြီးဒေသ (သို့) မိုးညှင်းမြို့နယ်၏ နယ်မြေဒေသ (၅) ဟု ခေါ်တွင်ကြသည်။

အင်းတော်ကြီးဘုရားသမိုင်းကို ပြောချင်ပါက ဒဏ္ဍာရီဆန်လှသော



တောက်တဲ့



လိပ်ပြာမျိုးစိတ်တစ်မျိုး




ရှားပါးလိပ်မျိုးစိတ်တစ်မျိုး



အဆိပ်ထန်သော ခဲမြွေ



မုဆိုးမခြေရာ



ကျွဲခြေရာ



www.burmeseclassic.com

www.burmeseclassic.com



မာနှစ်ပေါက်



ဘုရားပျက်တစ်ခုမှ ရှေးဟောင်းအုတ်ချပ်များ



မရုံကိုင်ရွာအတွင်းမှ ရှေးဟောင်းဘုရားပျက်



စင်ရော်ကလေးများ

စည်ခမ်းမြို့တော်ကြီး၏ သမိုင်းကို ချန်ထား၍မရပေ။ သာသနာတော်နှစ် ၃၆၀ ပြည့်နှစ်တွင် ဘောဂဝတီ နဂါးပြည်မှ နတ်နဂါးများလာရောက်ပြီး အိုးသစ်အိမ်သစ်အဖြစ် အင်းအိုင်ဖွဲ့ခဲ့ကြသည်ဟု အင်းတော်ကြီးရှေးသမိုင်းအရ အခိုင်အမာ ရေးသားခဲ့ကြသည်။

## ဗျာဒိတ်တော်

နှစ်ပေါင်း (၂၅၀၀) ကျော်၊ ဘီစီ ၅၄၄-၅၈၉ ခန့်တွင် ဂေါတမမြတ်စွာဘုရားသခင်သည် ညီတော်အာနန္ဒာနှင့် အတူ ကောင်းကင်ခရီးဖြင့် ဒေသစာ ကြွချီတော်မူရာ ယခုအင်းတော်ကြီးဖြ မည့်နေရာ၌ ခေတ္တရပ်တန့်ပြီး နာဋ္ဌာဂိ တောင် (ဆင်ခေါင်းတောင်) ထိပ်တွ ရပ်တန့်တော်မူ၏။ အနာဂတ်ကာလ အင်းဖြစ်လတ္တံ့။ ဗုဒ္ဓမြတ်စွာဘုရားရှင် ဓာတ်တော်၊ မွေတော်များကိန်းအော ရာ စေတီတော်တည်လတ္တံ့ ဟူသေ ဗျာဒိတ်စကား မိန့်ကြားခဲ့သည်။

သာသနာတော်နှစ် ၃၆၀ မတိုင် မြန်မာပြည်မြောက်ပိုင်း အင်းတော်ကြ ဒေသတွင် အိမ်ခြေတစ်သောင်းန ကျောင်းပေါင်း တစ်ထောင်ရှိသေ ဂုဂုရာဇ်တိုင်းတွင် ဥတ္တရဋ္ဌာနီ (စည်ခ မြို့ကြီး တည်ရှိခဲ့ပါသည်။ စည်ခမ်း ကြီးကို ဥတ္တရစောဖြူ (ထမံသီ) မင်း အုပ်ချုပ်ခဲ့ပါသည်။

ဥတ္တရစောဖြူမင်း၏ သားတေ စောင်ဆေးဖိတ်သည် ထမံသီအတ ပညာဖြင့် ကျားဖြူအဖြစ်သို့ပြောင်း မိုင်းသုံစခန်းပတ်ဝန်းကျင်တွင် ကျက်စ လျက်ရှိပါသည်။ စောင်ဆေးဖိတ် (ကျားဖြူ) မင်းသားသည် ဧရာဝတီ သို့ ရေသောက်ရန် ဆင်းလာပါသည

အေဒီ ၆၄၉ ခုနှစ်တွင် တည သော မောရှမ်းတရုတ်တို့၏ နန်း နိုင်ငံသည် ၁၁ ရာစု၌ ဘုရင်ဥတည် ၏ သမီးတော် စောလှမယ် (ခေါ်) မွန်သည် မွေးစဉ်ကပင် မျက်စိမ သဖြင့် ခမည်းတော်သည် အရှက်ရ အရွယ်ရောက်စဉ်ကပင် ဖောင်ပေါ်တ ၍ တာပိန်ချောင်းမှတစ်ဆင့် ဧရာ မြစ်အတွင်းသို့ မျှောစေလိုက်သ ကျားဖြူမင်းသားသည် နန်းမွန်၏ဖေ ကို တွေ့မြင်ရသောအခါ ချစ်ခင်စုံမ ကာ စခန်းသို့ခေါ်ဆောင်ကာ ပေါင်း နေထိုင်ခဲ့ကြသည်။


ကျားဖြူမင်းသားသည် နန်းမွ ဆေးကုသသောအခါ မျက်စိန




www.burmeseclassic.com

www.burmeseclassic.com


ပွဲဖွင့်ပွဲနေ့




ပွဲဖွင့်ပွဲနေ့


…စိမ်းလောင်းလှူသောနေ့ တပေါင်းလဆန်း (၁၄) ရက်

အလင်းရသည့်အပြင် သားတော်-

၁။ ခွန်ကံ ခေါ် ဆေးကော်ဖ၊

၂။ ခွန်ရံ ခေါ် ဆေးတုံဖ၊

၃။ ခွန်အွန် ခေါ် ဆေးကျံဖတို့ကို ဖွားမြင်ခဲ့သည်။

ဝန်းသိုသမိုင်းအရ သိုကော်ဘွား၊ သိုင်ဘွား၊ သိုကြည်ဘွား၊ သိုဟုံဘွားတို့ကို ဖွားမြင်ခဲ့သည်။

နောင်တွင် ဘိုးတော် ဥတည်ဘွား ပေးအပ်သည့် ဓား၊ အိုးစည်၊ ဆင် အမွေပစ္စည်းတို့ကိုယူကာ အလိုအလျောက် ဓားစိုက်သောနေရာ၊ တစ်ဖက်ပိတ်စည် မြည်သောနေရာ၊ ဆင်ဦးကင်းတွင် ဗျိုင်းနားသောနေရာတို့၌ ထီးနန်းစိုက်ထူခဲ့ကြသည်။

ကမ္ဘောဇတိုင်းတွင် မိုးမိတ်၊ ရဋ္ဌတိုင်းတွင် မိုးကောင်း၊ အာရပူရတိုင်းတွင် မိုးညှင်း၊ စိန္ဓုတိုင်းတွင် ဝန်းသို ရှမ်း (၄) မြို့ကို တည်တော်မူခဲ့သည်။

စည်ခမ်းမြို့ကြီးသည် ဒဏ္ဍာရီ သဖွယ် ရေအောက်ပျောက်ကွယ်ခဲ့ရသည်။ စာရေးသူသည် အင်းတော်ကြီး ပတ်လည် လေ့လာကြည့်သောအခါ ရှေးနှစ်များစွာက လူနေမြို့ရွာများ တည်ရှိခဲ့တာကို အထောက်အထားများတွေ့ခဲ့ရပါသည်။ မမုံကိုင်ရွာတွင် ရှေးတုန်းက အုပ်ချပ်ကြီးများ၊ ဘုရားပျက်များ၊ မြို့ရိုးကုန်းများ တွေ့ရှိခဲ့ရပါသည်။ မိုင်းနောင်ရွာတောင်ဘက် တစ်မိုင်ခွဲအကွာတွင် ရှေးမြို့ရိုးဟောင်းတံတိုင်း ယနေ့တိုင်ရှိနေသည်။

ကုန်းဘောင်မြန်မာမင်းများမှတ်တမ်းအရ ရှမ်းနီ (တိုင်းလျှ)၊ ကချင်၊ ဗမာ သွေးသားရင်းများစွာ နေထိုင်ခဲ့ကြသည်။ အင်းတော်ကြီးဒေသတွင် မိုးကောင်းမြို့နယ် စီရင်စု စော်ဘွားလက်အောက်ခံ ပေါ်မိုင်းလေးနယ်နှင့် နှစ်ဌာနဟု နယ်နိမိတ် သတ်မှတ်ခဲ့ပါသည်။

၁။ မိုးပင်း (ကုန်းမမုံ) ပေါ်မိုင်း၊

၂။ စည်ခမ်း (လွဲမွန်) ပေါ်မိုင်း၊

၃။ ငွန်ဇင်း (နမ့်ဖောင်းဇင်း) ပေါ်မိုင်း၊

၄။ မောက်တောင်း (ဟဲပန်) ပေါ်မိုင်းနှင့် ၁/ မပြင်တစ်ဌာန၊ ၂/ လောဆွန့်တစ်ဌာန၊ (၄) ခရိုင် (၆) ဌာန ခွဲခြားသတ်မှတ်ခဲ့ပါသည်။

ပေါ်မိုင်း ဟူသည် ရှမ်းအခေါ် ဖြစ်၏။ မြန်မာလို ဘာသာပြန်ပါက မြို့သူကြီးဟု (သို့) မြို့အရှင်သခင်ဟု အဓိပ္ပာယ်ရပါသည်။

သာသနာနှစ် ၃၆၀ ပြည့်နှစ် (ဘီစီ ၁၈၄) တွင် ဂုဂုရာဇ်တိုင်း ဥတ္တရ

www.burmeseclassic.com

ဌာနီ စည်ခမ်းမြို့ကြီးကို (ထမံသီ) ရှမ်းတိုင်းရင်းသား ဥတ္တရစောဖြူမင်းဆက်တည်ထောင်ပြီး နှစ်ပေါင်း (၉၆) နှစ်ပြည့်ရောက်သောအခါ မင်းနှင့်တကွ မှူးမတ်ပြည်သူပြည်သားအပေါင်းတို့သည် ကံငါးပါးကို အကုန်လွန်ကျူးကြတော့သည်။

တစ်နေ့သောအခါ ကောင်းကင်ယံမှ နောက် (၇) ရက်ကြာလျှင် တစ်မြို့လုံးကို ရေပြင်အတိဖြစ်လိမ့်မည်ဟု ကြွေးကြော်သည်ကို စည်ခမ်းမြို့သူမြို့သားအပေါင်းတို့သည် အကုသိုလ်ကံကြောင့် မုဆိုးမတစ်ယောက်မှလွဲ၍ တစ်ယောက်မှမကြားပေ။

မုဆိုးမသည် ညက အဖြစ်အပျက်ကို တစ်အိမ်တက်ဆင်းပြောကြားသော်လည်း မြို့သူမြို့သားအပေါင်းတို့သည် တစ်ဦးတစ်ယောက်မျှ မယုံကြည်ပေ။ မုဆိုးမသည် အဘယဂီရိတောင်ကုန်းပေါ်သို့တက်၍ ပြေးသောအခါ စည်ခမ်းမြို့ကြီးသည် အင်းရေပြင်အတိ ဖြစ်သွားတော့သည်။

**ရွှေမဥ္ဇူစေတီတော် (ရေလယ်ဘုရားသမိုင်း)**

တောင်မှမြောက်သို့အလျားလိုက်တည်ရှိသော အင်းတော်ကြီးအိုင်၏ အနောက်ဘက်ရှိ သဲသောင်ပြင်ကြီးလေးခု တည်ရှိခဲ့သည်။ ယခုအခါ သဲသောင်ပြင်ကြီးများ မရှိတော့သော်လည်း အမည်တွင်လျက်ရှိသည်မှာ -

၁။ မမုံကိုင်ရွာနားမှ နန့်ရင်းခါသောင်စွယ်သောင်ပြင်ကြီး၊

၂။ နန့်ပတ်ကြီးရွာနားမှ လင်လုံသောင်စွယ် သောင်ပြင်ကြီး၊

၃။ နန့်မီးလောင်ရွာနားမှ လင်ပါဟုတ်သောင်ပြင်ကြီး၊

၄။ ညောင်ပင်ရွာနားမှ နန့်စန်းတာသောင်စွယ်သောင်ပြင်ကြီး၊

လင်လုံသောင်စွယ်သောင်ပြင်ကြီးသည် ရှေးနှစ် (၁၀၀) ကျော်က နွေဥတုရေကျချိန်တွင် ရေပေါ်အမြင့် (၁၂) ပေထိ ဖြစ်ပေါ်တည်ရှိသည်။ ထိုလင်လုံသောင်စွယ်သောင်ပြင်ကြီးထိပ်ကမ်းစပ်မှ (၂၇၆) မီတာ၊ (၁၅၀၀) ပေတွင် ရွှေမဥ္ဇူစေတီတော် ရေလယ်ဘုရားတည်ရှိတော်မူသည်။

**တောရဆရာတော် ဦးညီသူ၏ သစ္စာအဓိဋ္ဌာန်**

ရှေးက ဆရာတော်ဦးညီသူသည် အင်းတော်ကြီးပတ်ဝန်းကျင်၌ သီတင်းသုံးတော်မူသည်။ ဆရာတော်သည် ပုဂ္ဂိုလ်ထူးဟူ၍ ကျော်စော၏။ ထိုအချိန်က အင်းတော်ကြီးထဲတွင် လှိုင်းတံပိုးထန်သောကြောင့် မည်သည့်လှေမျှကူးသွားခြင်း မရှိပေ။

အင်းတော်ကြီးအရှင်က မကြိုက်၍ အယူရှိကြ၏။ အင်းဘေးပတ်လည်ရှိလူများသည် (လပစ်၊ လတောင်) မိကျောင်းဘေးရန်ကိုလည်း အလွန်ကြောက်ကြရသည်။ အင်းထဲ ရေချိုး၊ ရေခပ်သူများကို မိကျောင်းက ဖမ်းယူစားသောက်ခံရလေ့ရှိသည်။

မိကျောင်းရန်ကို တားဆီး...
ဆရာတော်အား လျှောက်ထားရာ ဆ...
တော်သည် မေတ္တာကရုဏာရှေ့ထား...
အင်းတော်ကြီး အရှင်သခင်အား ...
ချွတ်ရန် သစ္စာအဓိဋ္ဌာန်ပြုတော်မူသ...


ဆရာတော် အင်းရေပြင်ကျယ်...
ရောက်သောအခါ လေတိုက်၊ လှိုင်း...
များလက်ကာ မိုးသားများ အုံ့ဆိုင်း...
၏။ လေထဲမိုးထဲတွင် ဆရာတော်...
ဤကျောက်တုံးငယ် (၃) လုံးချ...



ဘုရားပွဲဖွင့်ပွဲနေ့



ထူးဆန်းသောအဖြစ်အပျက်များပြောပြသော
နေရာများကိုလိုက်ပြပေးသော ဦးဉာဏ ( မမုံကိုင်ရွာ



ပဌာန်းပူဇော်နေ



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်အရ မိသားစုနှင့် မုဆိုးမ ဒေါ်အေးမုံ ကျွဲကိုဆွဲ၍ တောင်ပေါ်တက်ပြေးပုံ (ပန်းချီကား)



ချောင်း ဆပင်တိုက်မှ ကိုရင်လေးများ

သောနေရာတွင် ထူးခြားမှုဖြစ်ပါစေသတည်း' အဓိဋ္ဌာန်ပြုရာ ကြီးမားသော ရေသတ္တဝါကြီးတစ်ကောင်သည် လှေကို တန့်လန့်ဖြတ်တားဆီးနေသည်။ ခပ်အမ်းလှမ်း၌ သဲသောင်ပြင်မှိုမှိုကလေးကိုလည်း လှမ်းမြင်လိုက်ရသည်။

ဆရာတော်သည် သဲသောင်ပြင်သို့ ဆင်းသက်ပြီး သောင်ပြင်ထိပ်တွင် ဆောင်ဝှေးဖြင့်ထောက်ကာ 'နောင် သာသနာ ထွန်းလင်း တောက်ပမည့်နေရာ၊ စေတီတော်၊ ကျောင်းကန် တည်မည့်နေရာဟု' ရေရွတ်ကာ လှေပေါ်တွင်ပါလာသော ကျောက်တုံးငယ် (၃) လုံးကို သဲသောင်ပြင်ထိပ်တွင် ချထားလိုက်လေသည်။

ရှေးက အင်းတော်ကြီးအနီးတွင် နေထိုင်ကြကုန်သော လူတို့သည် လေးအုပ်စုရှိကြ၏။ အင်းတော်ကြီး၏ အနောက်မြောက်ပိုင်း မိုးပင်းနယ်မြေ၊ အလယ်ပိုင်း (စည်ခမ်း)၊ ငွန်စင်းနယ်မြေ၊ အောက်တောင်းနယ်မြေဟု လေးခုပိုင်း ခြားသား၏။

ကိုပေါမိုင်းလေးဦးတို့သည် အင်းတော်ကြီးနယ်၌ သာသနာတော်စည်ပင်ရန် တပေါင်း (၂၇၆)တာအဆုံး၌ စေတီတည်ထားရန် ဆွေးနွေးကြကုန်၏။ ထိုကိစ္စကိုဆောင်ရွက်ရန် လဇ္ဇီပေသလ သိက္ခာကာမဖြစ်သော် ဆရာတော် အရညဝါသီ မဟာထေရ် ဦးသာအေးကို ပင့်လျှောက်ရန် သဘောတူခဲ့ကြသည်။

ဆရာတော်သည် ရေပေါ်မီးရွာတွင် သီတင်းသုံးနေသည်။ ရှေးက အင်းတော်ကြီးမှ ရေပေါ်မီးသို့သွားရန် တောရိုင်းတိရစ္ဆာန်ဘေး၊ လူဆိုးဘေး အလွန်စိုးရိမ်ရသောကြောင့် ဓားပြီး၊ လှံပြီး၊ သေနတ်ပြီးသော သတ္တိကောင်းသော လူငယ်များကို ရွေးချယ်စေလွှတ်ရသည် ဟု ဆိုပါသည်။

တောရဆရာတော် ကြွလာတော်မူသောအခါ ပေါမိုင်းကြီးလေးဦးမှာ ကြိုဆိုခဲ့ကြသည်။ ဆရာတော်အား စေတီတည်ရန် လျှောက်ထားသောအခါ ဆရာတော်မှ 'ဤနေရာတွင် စေတီတည်ထားခြင်းကို အင်းတော်အရှင်ကြီး နဂါးမင်းမှ သဘောတူမတူ၊ သိရအောင် စုံစမ်းဦးမည်' ဟု အမိန့်တော်ရှိလိုက်သည်။

နံနက် အရုဏ်တက်သောအခါ ခရိုင်အုပ်မင်းနှင့် ပေါမိုင်းကြီးလေးဦးတို့သည် ဆွမ်းခဲဖွယ် ချိုချဉ်အရသာအဖြာဖြာတို့ဖြင့် ဆွမ်းဆက်ကပ်တရားနာကြ၏။ တရားတော်အဆုံးတွင် ဆရာတော်မှ -

"ဒါယကာတို့၊ စေတီဘုရားတည်ကိုးကွယ်ရန် အခွင့်တော့ရပါပြီ။ စက်ကွင်းကဲ့သို့ အရစ်ကြီးသုံးရစ် ရစ်သန်း၍ သူခွင့်ပြုလျှုဒါန်းသော စက်ဝိုင်း၌ စေတီတည်ရမည်"

ဟု မိန့်ကြား၍-

လူအပေါင်းသည် တူရိယာတို့ တီးမှုတ်ကခုန်ကာ သွားရောက်ကြည့်ရှုရာ ထင်ရှားသောအရစ်ကြီးသုံးရစ်ဝိုင်းလျက် စက်ကွင်းထဲသို့ ရစ်ပတ်၍ အင်းစပ်သို့ ဆင်းသောအရာကို မြင်ကြ၍ လွန်စွာ အံ့သြကာ ဆရာတော်ထံ ပြန်လာကြသည်။ ထိုနေရာသည် ရှေးနှစ်ပေါင်းများစွာက အရှင်ဦးညီသူ အဓိဋ္ဌာန်ဖြင့် ကျောက်တုံး (၃) လုံး ရှေးဦးပန္နက်ချခဲ့သောနေရာ ဖြစ်ပါသည်။

ဤနေရာသည် မိုးအခါ ရေနစ်သည့်နေရာဖြစ်၍ ရေလွန်အောင် ပလ္လင်ဖွဲ့တည်ကြရာ ပေါမိုင်းကြီးလေးဦးတို့သည် မိမိတို့နယ်သူနယ်သားများနှင့် ကျွန်းသားကို ခုတ်ယူပိုင်းဖြတ်၍ ခွဲဝေသယ်ပို့ကြသည်။ ပလ္လင်ဖွဲ့ရန် မြေနှင့်မလုပ်ဘဲ အနီးအနားရှိ ကျောက်တို့ကိုလှေ၊ ဝါးဖောင်ဖွဲ့၍ ၁၂၃၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁၁ ရက်၊ စနေနေ့မွန်းတည့်အချိန်တွင် ကျောက်တိုက်ပလ္လင်တည်ရန် ရှစ်ထောင့်ထား၍ ပန္နက်တော်မူခဲ့သည်။

စေတီတော်သည် နေ့အချိန် လူများ လုပ်အားပေး၍ ညအချိန် နတ်များ လုပ်အားပေးသောကြောင့် လူတစ်ပိုင်း၊ နတ်တစ်ပိုင်းတည်သောစေတီ ဟူ၍ ကျော်စောလေသည်။ တောရဆရာတော် စတင်တည်ထားခဲ့သော စေတီတော် (သို့) လူတစ်ပိုင်း၊ နတ်တစ်ပိုင်း တည်ထားခဲ့သော စေတီတော်အဖြစ် ယနေ့တိုင် သမိုင်းတွင်ရစ်ခဲ့ပါသည်။

မြန်မာနှစ် ၁၂၃၁ ခုနှစ်မှ စတင်၍ တပေါင်းလဆန်း ၈ ရက်မှ လဆုတ် ၁၁ ရက်နေ့နံနက်အထိ (၇) ရက်တိုင်အောင် ဗုဒ္ဓပူဇနိယ ပထမဆုံးသော ပွဲတော်ကို ကျင်းပခဲ့သည်။

အင်းကြီးတော်ကြီးဘုရားပွဲတော်ကို တပေါင်းလဆန်း ၃ ရက်နေ့မှာ အသံမစဲပဋ္ဌာန်းနှင့် စ,ပါသည်။ အသံမစဲ

www.burmeseclassic.com

ပဋ္ဌာန်းပွဲတော် ၈ ရက်နေ့ပိတ်ပါသည်။ ၈ ရက်နေ့မနက်တွင် ဘုရားရင်ပြင်မှာ အနေကဇာတင်နှင့်ဘုရားပွဲကို ဖွင့်လှစ်ပါသည်။

အင်းတော်ကြီးဘုရားပွဲသည် အနယ်နယ်အရပ်ရပ်မှ လာသမျှ သံဃာတော်များကို ဆွမ်းဆန်စိမ်းလောင်းလှူပါသည်။ ကြွလာသမျှ သံဃာတော်များကို လဆန်း ၈ ရက်နေ့မှစတင်၍ ဆွမ်းဆက်ကပ်ပါသည်။

ဒီနေ့ ဆွမ်းကျွေးအလှည့်ကျ ရွာအုပ်စုသည် 'ဟဲပုံ' ရွာဖြစ်ပါသည်။ အင်းတော်ကြီးဒေသသည် ကျေးရွာအုပ်စု (၁၁) အုပ်စု၊ ရွာပေါင်း (၃၆) ရွာရှိပါသည်။ (၁၁) နှစ်မှ တစ်ကြိမ်သာ ဆွမ်းကျွေးကြသောကြောင့်လားမသိ။ ရက်ရောစွာ အရုဏ်၊ နေ့ဆွမ်း၊ ညနေ အဖျော်ရည်တို့ဖြင့် ပြည့်စုံစွာ စီမံဆောင်ရွက်ပေးကြပါသည်။ အရုဏ်ဆွမ်း (၅) သိန်း၊ နေ့ဆွမ်း (၁၀) သိန်း၊ အဖျော်ရည် (၃) သိန်း တစ်နေ့တာ သတ်မှတ်ထားတာ တွေ့ရပါသည်။ တစ်ဦးတည်းအလှူရှင်များလည်း ပေါ်လာတတ်ပါသည်။

ပွဲတော်ရက်အတွင်း သံလုံးပစ်၊ ပိုက်ကျော်ခြင်း၊ လွန်ဆွဲပွဲ၊ လှေပြိုင်ပွဲ၊ ထုပ်ဆီးတိုးပွဲ၊ ဘောလီဘောအားကစားပြိုင်ပွဲများလည်း ပါဝင်ပါသည်။ အင်းတော်ကြီးဒေသသည် ပွဲတော်ရက်အတွင်းမှသာ စည်ကားလေ့ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေး၊ နယ်မြေဒေသအေးချမ်းမှုအခြေအနေတို့ကြောင့် ဖြစ်ပါသည်။

တာပေါင် (၂၇၆) တာရှိသော လူသွားလမ်းကလည်း သစ္စာရှိစွာ ပွဲတော်ရက်မှ ပေါ်လေ့ရှိပါသည်။ ပွဲတော်ရက်ပြီးသောအခါ ရေဖုံးလွှမ်းသွားပါသည်။ ပွဲတော်ပြီးသောအခါ အညစ်အကြေး၊ အမှိုက်သရိုက်များကိုလည်း အင်းကပင်ဆေးကြောပစ်ပါသည်။ နှစ်စဉ်ထူးခြားမှု ဖြစ်ပါသည်။

လဆန်း ၁၄ ရက်နေ့၊ ညနေ (၂) နာရီခန့်တွင် ဆွမ်းဆန်၊ လှူဒါန်းဖွယ်ဝတ္ထုအစုစုတို့ကို လောင်းလှူကြပါသည်။ အလှူခံပုဂ္ဂိုလ် တစ်ထောင်ဝန်းကျင်ခန့်ကို စေ့ငအောင် သဒ္ဓါတရားထက်သန်စွာဖြင့် လောင်းလှူကြတာ အံ့သြဖွယ်တွေ့မြင်ရပါသည်။ တချို့ နယ်မြေဒေသတွေသည် (၂) ညအိပ်၊ (၃) ရက်မျှသာ ဘုရားဖူးပုဂ္ဂိုလ်များကို တည်းခိုခွင့်ပြုပါသည်။ အင်းတော်ကြီးဒေသက ကြိုက်သလောက် တည်းခွင့်ပြုပါသည်။ ပွဲတော်ရက်အတွင်း ဆွမ်းပါကပ်လှူကြပါသည်။ ၁၃၇၄ ခုနှစ် တိုင်းရေးပြည်ရေးအခက်အခဲအမျိုးမျိုးကြားကပင် ဘုရားပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ကြပါသည်။

မတ်လသည် ကမ္ဘာ့ရေနေ့ ဖြစ်ပါသည်။ ကမ္ဘာ့မြေပေါ်တွင် ရေဖုံးလွှမ်းမှုဧရိယာများသော်လည်း ရေချိုရေသန့်က ရှားပါးလှပါသည်။ လူသား သန်း (၁၆၀၀၀) လောက်က ရေရှားပါးနေပါသည်။

မြန်မာပြည်သားတို့သည်လည်း သဘာဝသယံဇာတတွေနောက် သဲကြီးမဲကြီးလိုက်ရင်းကနေ သဘာဝရဲ့ လက်ဆောင်တွေ ဖျက်ဆီးပစ်နေတာ သတိပြုသင့်ပါသည်။ အင်းတော်ကြီးအနီးဝန်းကျင် ရွှေကျင်နေကြတာ တွေ့ရပါသည်။ စွန့်ပစ်ရေများကိုလည်း အင်းထဲသို့အလွယ်တကူ ပြန်စွန့်ပစ်နေကြသည်။ အင်းတော်ကြီးသည် ရေချိုကန်ကြီးလည်း ဖြစ်နေပါသည်။ ပွဲတော်ရက်အတွင်း လာသမျှပရိသတ်မှာ ထိုကန်ရေဖြင့်ပင် သောက်ရေ၊ သုံးရေ သုံးစွဲနေရပါသည်။

ယခုအခါ အင်းတော်ကြီးဒေသသည် နိုင်ငံခြားသား ဧည့်တစ်ဦးစနှစ်ဦးစသာတွေ့ရပါသေးသည်။ လမ်းပန်းဆက်သွယ်ရေး၊ တိုင်းပြည်အခြေအနေတည်ငြိမ်အေးချမ်းလာပါက နိုင်ငံခြားသားများစွာ လေ့လာသုတေသနပြုရန်ကောင်းသော နေရာဒေသတစ်ခု ဖြစ်လာပါလိမ့်မည်။ နိုင်ငံခြားငွေကို များစွာရှာဖွေပေးလာပါလိမ့်မည်။ ထို့ကြောင့် အင်းပတ်လည် ရွှေကျင်မှုများ၊ အင်းရေထဲသို့ ညစ်ညမ်းရေများ မစီးဝင်အောင် ပြုလုပ်သင့်ပါသည်။ သစ်ပင်တောတောင်များကိုလည်း မခုတ်ယူရန်၊ သဘာဝအလှတရားတွေကို တန်ဖိုးထားထိန်းသိမ်းတတ်ရန် လိုအပ်လှပါသည်။

စာရေးသူအား ဤဆောင်းပါးရေးဖြစ်ရန် ကူညီပေးသော ဦးဉာဏ (မမုံကိုင်ရွာ) ပြောပြချက်များကလည်း စိတ်ဝင်စားစရာကောင်းသောကြောင့် တင်ပြရန် စိတ်ကူးပေါ်လာတော့သည်။

ဆယ်ဇင်း ရွှေကျင်းတဲ့နေရာမှာ ရှေးဟောင်းပစ္စည်း၊ ဆေးတံခေါင်းလောင်း၊ အိုးခြမ်းပဲ့များ ရွှေမျှောတိုက်ရာတွင် တွေ့ရလေ့ရှိသည်ဟု ပြောပါသည်။ ပိုက်ဆံ၊ ဒင်္ဂါးဟောင်းများလည်း တွေ့ရတတ်ပါသည်။

အင်းတော်ကြီးသမိုင်းအရ ဥတ္တရ စောဖြူ၏ သားတော် စောင်ဆေးဖိ[...] သည် ထမံသီအတတ်ပညာဖြင့် ကျားဖြ[...] အဖြစ်သို့ ပြောင်းသွားသည်ဟု ဆိုထား[...] ၏။ ထမံသီအတတ်ပညာဖြင့် ကျား[...] အသွင်ပြောင်းသွားခြင်းကို ခေတ်[...] အဆက်ဆက် ယုံကြည်လက်ခံခဲ့ကြ[...] သည်။ ယနေ့တော့မရှိတော့ဘူးဟု ထ[...] ခဲ့သည်။

ဦးဉာဏပြောစကားအရ စစ်ကိုင်း[...] တိုင်းနှင့် ကချင်ပြည်နယ်နယ်စပ်တွ[...] တနိုင်းမှ ရှင်ဗွေယန်အကြား တခက်ရွာ[...] တွင်ဖြစ်ခဲ့သောအဖြစ်သည် အံ့သြဖွယ[...] ကောင်းလှသည်။ အိန္ဒိယဘက် စေ[...] ရောင်းသွားသော လင်မယားသည[...] တခက်ရွာတွင် တည်းခိုခွင့်တောင်း[...] တည်းခိုခွင့်ပြု၏။ အိမ်ရှင် တစ်ေ[...] နိုးသောအခါ အိပ်ပျော်နေသော ခင်း[...] သည် လင်မယားသည် ခြင်ထောင်ထဲမှ[...] ကျားနှစ ကောင်အဖြစ် အိပ်ပျော်နေတာ[...] မြင်တွေ့ရ၍ လန့်အော်မိတော့သည်။ ထိုလင်မယားလည်းလန့်နိုးကာ ချ[...] ချင်းထပြေးသွားရင်း အိမ်ကပြင်တွင်အိ[...] နေသော ကြက်ကိုပင် ဆွဲပြေးသွားသည[...] ဟု ပြောပြခဲ့ပါသည်။

ရှင်ဗွေယန်အနားတွင် လေယာ[...] ကွင်းပျက်နှစ်ခု တွေ့ရပါသည်။ စ[...] အတွင်းကအသုံးပြုခဲ့သောကွင်းဟောင်း[...] များဖြစ်၏။ ကွင်းတစ်ကွင်းသည် ရွှေ[...] စာများ ဖုံးလွှမ်းပျက်စီးသွားပြီ [...] သည်။ ရေနံပိုက်လိုင်းများရှိသေးသည[...] ဟု သိရပါသည်။ မြေစာပုံကို ရေနှင့်ဇ[...] ပက်သောအခါ လေယာဉ်ကွင်းေ[...] တွင် လိုဏ်သံလိုပင် ကြားရသည်[...] ပြောပါသည်။ ကား၊ လက်နက်အပျ[...] လေယာဉ်အပျက်များလည်း တွေ့ရ[...] သည်။ ဆက်လက်လေ့လာရန် ကောင်း[...] လှသော်လည်း လမ်းပန်းဆက်သွယ်ေ[...] အခက်အခဲများကြောင့် ပြန်ခဲ့ရပါတော့[...] သည်။

လွန်ခဲ့သော နှစ်ပေါင်း (၂၀၀[...] ကျော်က အိမ်ခြေပေါင်း (၁၀၀၀[...] ကျော်ရှိတဲ့ မြို့ပြတစ်ခု ရေအော[...] ရောက်ခဲ့တာကိုလည်း ဆက်လက် ေ[...] လာ သုတေသနပြုဖို့ကောင်းလှပါတော့[...] သည်။

*(ဤဆောင်းပါးရေးသားရန် ကူ[...] မှုပေးခဲ့သော ဦးဉာဏ (မမုံကိုင်ရွာ) [...] ကျေးဇူးတင်မှတ်တမ်းပြုအပ်ပါသည်။)*

အဋ္ဌနု (မန္တ[...]



www.burmeseclassic.com

www.burmeseclassic.com

(မြောင်)

# ထုံးတောင်–အရှင်ဝိဝေက

## တရားအားထုတ်သူ တစ်ယောက်အကြောင်း(၅)



**သုသာန်အနေအထားလေ့လာထား**

တန်ဆောင်မုန်းလကုန်တော့မည်။ အောက်ပိုင်းဒေသတို့ထုံးစံအတိုင်း မိုးအကုန် ဆောင်းအကူး လရာသီများသို့ ရောက်နေသော်လည်း မိုးသားကြွင်းကျန်များက အားရကျေနပ်ဟန် မရှိသေး။ တစ်နေ့ခင်းလုံး တဖြောက်ဖြောက်ရွာနေသေး၏။ ညနေစောင်းလောက်မှ မိုးတိတ်သွားသော်လည်း ဆုပ်ဆုပ်ခဲခဲကျန်ရှိနေသေးသော မိုးတိမ်တိုက်များကြောင့် အမှောင်ထုက စောစောစီးစီး စိုးမိုးလာ၏။

အချိန်မှာ ညဉ့်ဦးပိုင်း (၇) နာရီ [illegible]သာလောက် ရှိပြီ။ အရှင်ဝိဝေက [illegible]တ်သင်းပိုင်ကို သေချာပြင်ဝတ်ပြီး [illegible]န်းကြီးကို စည်းနှောင်လိုက်၏။ ပြီးမှ အပေါ် ရုံဧကသီသင်္ကန်းကို အနားရေးညီအောင် ခါယမ်းဝတ်ရုံလိုက်သည်။ ဒုကုဋ်နှစ်ထပ်သင်္ကန်းကြီးကိုတော့ ပခုံးပေါ်မှာ တင်နိုင်အောင် အညီအညာ ခေါက်သည်။ ဆောင်းဝင်စ ညဉ့်နက်ရာသီများ၌ နှစ်ထပ်သင်္ကန်းကြီးကိုခြုံပြီး တရားထိုင်ရသည်မှာ တောနေရဟန်းတော်များအတွက် 'အတိသုခ' တစ်မျိုးဟု အရှင်ဝိဝေက ခံစားမိသည်။

ပြီးမှ အနားမှာချထားသော သပိတ်အဖုံးကို ဖွင့်ပြီး သေချာအောင် [illegible]စစ်ဆေးကြည့်လိုက်သည်။ သပိတ်ထဲမှာတော့ သားရေနယ် နေရာထိုင်၊ ဓာတ်မီး၊ ဖယောင်းတိုင် နှစ်ချောင်း၊ ဂက်(စ်)မီးခြစ်တစ်လုံးတို့ကို သူထည့်ထားသည့်အတိုင်းပင် တွေ့ရ၏။ ဆေးဝါးပစ္စည်းအနည်းငယ်ကိုတော့ ကျောင်းမှာပဲ ထားရစ်ခဲ့တော့မည်။ ဒါတွေက သူပိုင်ဆိုင်သမျှ ပစ္စည်းအကုန် ဖြစ်၏။ ဒါလေးတွေတောင် တစ်နေ့မှာထားရစ်ခဲ့ရဦးမည်။ မနေ့က ဦးပဍင်းကြီး စွန့်ထားသော ဝါးတောင်ဝှေးကို လိုရမည်ရ ယူသွားဦးမည်။ သူ့ပုံသဏ္ဌာန်က ရှေ့တန်းစစ်မျက်နှာကို စစ်တိုက်ထွက်မည့် စစ်သားတစ်ယောက်နှင့် တူနေသေးတော့၏။ ဟုတ်သည်ပဲ။ သူလည်း ကိလေသာရန်သူတွေကို အပြတ်အသတ် ချေမှုန်းဖို့ ရှေ့တန်းသုသာန်စစ်မြေပြင်သို့ ထွက်ခွာဖို့ ပြင်ဆင်နေခြင်း ဖြစ်သည်။

အရှင်ဝိဝေကသည် သူ့ထက် သိက္ခာဝါငယ်သော ဦးပဍင်းကြီးကို နှုတ်ဆက်ပြီး ကျောင်းထဲမှ ထွက်ခဲ့၏။ ဦးပဍင်းကြီးကတော့ ဆုတောင်းပေးပြီး ကျန်ရစ်ခဲ့သည်။ ဧရာဝတီမြစ်ကြီးနှင့် မဝေးလှသော အောက်ပိုင်းဒေသမြို့ကြီးတစ်မြို့သည် မိုးသားတိမ်လိပ်တို့အောက်မှ လမ်းမီးရောင် မှိန်ပျပျကလေးများဖြင့် အမှောင်ထုကို အန်တုရှဲ တိတ်ဆိတ်စပြုလာ၏။သူထွက်ခွာလာခဲ့သောကျောင်းမှာ မြို့အစွန်ဖြစ်၍ သုသာန်နှင့် မနီးမဝေးမှာဘဲရှိ၏။ လမ်းလျှောက်သွားလျှင် (၁၀) မိနစ်ခန့်သာလျှောက်ရ၏။ ဒီလမ်းကြောင်းကို အရှင်ဝိဝေက သေချာလေ့လာထားပြီး ဖြစ်သည်။

မြို့ထဲတွင် လမ်းမီးတိုင်များရှိသော်လည်း မီးတိုင်က သူနေသော ဦးပဍင်းကြီးကျောင်းမှာ အဆုံးသတ်၏။ ဒီတော့ ကျောင်းမှ သုသာန်သို့သွားရာလမ်းတစ်လျှောက်မှာ မည်းမှောင်နေ၏။ လမ်းဘေးတစ်ဖက်တစ်ချက်မှာ စီရရီပေါက်နေသော ကုက္ကိုပင်တန်းကြီးများကြောင့် ကြယ်ပြောက်မထိုးနိုင်လောက်အောင် မည်းမှောင်နေသည်။ အရှင်ဝိဝေက လက်နှိပ်ဓာတ်မီးကို အသုံးမပြုသေးပါ။ (၇) ရက်တိတိ သွားလာထားသောလမ်းဖြစ်သောကြောင့် ခလုတ်ဆူးငြောင့် ကျင်းချိုင့်ကအစ မြေအနေအထားကို သူမှတ်ထားပြီး ဖြစ်၏။

ဒါကလည်း သုသာန်ဓုတင်ဆောင်မည့် ရဟန်းတော်များ ကြိုတင် သိထားရမည့် အရေးကြီးအချက်တစ်ချက် ဖြစ်သည်။ နောင်အခါ ညအမှောင်မှာ ဖြစ်လာတတ်သော ကြောက်စိတ်များကြောင့် သစ်ငုတ်ကို သရဲထင်၊ ဆူးချုံကို တစ္ဆေထင်ပြီး အမြင်မှောက်မှားကာ ကိုယ့်အရိပ်ကိုပြန်ကြောက်တတ်သော အဖြစ်များ ကြုံရတတ်၏။ ထို့ကြောင့် သုသာန်ဓုတင်မဆောင်မီ ကိုယ်နေမည့် သင်္ချိုင်းအနေအထား၊ လမ်းပန်းအခြေအနေကို အသေးစိတ် လေ့လာသိရှိထားသင့်၏။

နောက်အရေးကြီးဆုံးအချက်မှာ သုသာန်ဓုတင်ဆောင်မည့် ရဟန်းသည် အညှီနံ့၊ အပုပ်နံ့ပါသော သားငါးများ မစားဘဲ သစ်သီးသစ်ရွက် သက်သတ်လွတ်အစားအစာများကိုသာ ဘုဉ်းပေးသုံးဆောင်သင့်သောအချက်ပင်တည်း။

**သုသာန်ဓုတင်နှင့် သက်သတ်လွတ်**

သုသာန်ဓုတင်ကို စာလို 'သောသာနိကဓုတင်' ဟု ခေါ်၏။ သုသာန်ဓုတင်ဆောင်လိုသော ရဟန်းသည် 'သုသာန်လက္ခဏာမရှိသော တခြားသောနေရာ၌နေခြင်းကို ပယ်ပါ၏'။ ပါဠိလို 'န သုသာနံ သုဟာန တော အညံ' ဟု နှုတ်မှဆို၍ ဆောက်တည်ရ၏။ သို့မဟုတ်ပါကလည်း-

"သုသာန်လက္ခဏာရှိသောအရပ်၌နေခြင်းကို ဆောက်တည်ပါ၏ (သောသာနိကင်္ဂံ သမာဒိယာမိ)"

ဟူ၍ ပါဠိလိုဆိုပြီး ဆောက်တည်နိုင်သည်။

သုသာန်လက္ခဏာမှာ မြို့ရွာနေသူတို့ လူသေကောင်မြှုပ်ရာ၊ မီးသဂြိုဟ်ရာအရပ်ကို ဆိုလိုသည်။



www.burmeseclassic.com

www.burmeseclassic.com

သုသာန်ဓုတင်ကို ဆောက်တည်သောရဟန်းမှာ မိမိနေထိုင်သော သုသာန်၌ အမိုး၊ အကာ၊ ခုတင်၊ ကုလားထိုင် စသည့် အသုံးအဆောင်တို့ကို ဖန်တီး၍ မနေအပ်။ သောက်ရေ၊ သုံးရေတို့ကိုလည်း တည်ထားပြီး တရားစာပေတို့ကို သင်ကြားပို့ချ၍လည်း မနေအပ်ပေ။ ထို့ပြင် သုသာန်တစပြင်အရပ် ဆိုသည်မှာ လူကောင်းသူကောင်းများနေရာ မဟုတ်သည့်အတွက်ကြောင့် နောင်ဖြစ်လာတတ်သည့် ဘေးအပေါင်းမှ ကြိုတင်ကာကွယ်တားဆီးသည့်အနေဖြင့် မြို့ရွာလူကြီး (သို့) သံဃာ့နာယက စသည့် ပုဂ္ဂိုလ်တို့ကို အသိပေး၍ နေရမည်။ 'ဓမ္မပဒ' မှာကား သုသာန်စောင့်ကိုပြော၍လည်း နေအပ်သည်ဟု ဆို၏။

သုသာန်ကိုသွားသင့်သောအချိန်မှာ ညဦးလူခြေတိတ်၌ လမ်းကြိုလမ်းကြားမှ မထင်မရှား တိတ်တဆိတ် သွားအပ်၏။ ညအခါ သွားသောအခါမှာလည်း သစ်ငုတ်၊သစ်ပင်တို့ကိုမကြောက်ရွံ့စေရန်အတွက် နေ့အချိန်ကပင် လမ်းအခြေအနေကို သွားရောက် မှတ်သားထားသင့်၏။

အကယ်၍ ညအချိန်များမှာ ဘီလူး၊ ပြိတ္တာတို့ ဟစ်အော်မြည်တမ်းလှည့်လည်သွားလာသည်ကို မြင်ရပါကလည်း တုတ်၊ ခဲတို့ဖြင့် ပစ်ခတ် အန္တရာယ်ပေးခြင်း မပြုအပ်ပေ။

သုသာန်ဓုတင်ဆောင်ခြင်းနှင့်ပတ်သက်၍ အချို့ဆရာတို့က မဇ္ဈိမယံခါသန်းခေါင်ယံမှာ သုသာန်တွင်နေ၍ ပစ္ဆိမယံခါ မိုးလင်းချိန်၌ ကျောင်းသို့ပြန်အပ်သည်ဆို၏။ 'ဓမ္မပဒ' မှာကား 'ညအခါ လူအများအိပ်မှ သုသာန်သို့လာပြီး လူတွေမနိုးခင် ကျောင်းသို့ပြန်အပ်သည်' ဟု ဆိုသည်။

သုသာန်ဓုတင်ကို 'အမြင့်ဆုံး၊ အပြင်းစား ဆောက်တည်လိုပါက ငိုကြွေးသံမစဲသော၊ အပုပ်နံ့အမြဲနံသော၊ မီးသဂြိုဟ်ခြင်းအမြဲရှိသော သုသာန်မှာ နေအပ်သည်။ အလယ်အလတ်ဓုတင်ဆောင်လိုပါက ထိုသုံးမျိုးမှ တစ်မျိုးမျိုးရှိလျှင် နေအပ်၏။ အနိမ့်ဆုံးဓုတင်ဆောင်ပုဂ္ဂိုလ်ကား သုသာန်လက္ခဏာရှိလျှင်ပင် နေအပ်သည်။

အရှင်ဝိဝေကမှာ မြေလတ်ပိုင်းဒေသက ရွာငယ်လေးတစ်ရွာမှာ သီတင်းသုံးစဉ်က ဘုန်းကြီးကျောင်းနှင့်ကပ်လျက် သုသာန်မှာ နေဖူးသည်။ သုသာန်က ဘုန်းကြီးကျောင်းနှင့် မူလတန်းကျောင်းကလေးကြားမှာရှိ၏။ ရွာကလည်း အိမ်ခြေ(၁၀၀)ပင်မပြည့်တတ်သော ရွာငယ်လေးဖြစ်ရာ တစ်လနေမှ မသာတစ်လောင်းချတာပင် ကြုံရခဲ၏။ နေ့အချိန်များမှာ အရိပ်ကောင်းလှသော ညောင်ပင်ကြီးများအောက်က အုတ်ဂူတွေပေါ်မှာ ကျောင်းသားငယ်တွေ ဆော့ကစားကြသည်။ ရွာထဲမှ လူအိုကြီးအချို့ ဇရပ်ပေါ်မှာ လာအိပ်တတ်ကြသည်။ နွားကျောင်းသားတွေကလည်း အမြဲလိုလိုရှိနေ၏။ ကြောက်စရာ ဟူ၍ မရှိပါ။ ခရစ်ယာန်ဘာသာဝင်တို့၏ သင်္ချိုင်းများလို ပျော်မွေ့စရာပင်ကောင်းနေသေးတော့၏။ သို့အတွက် သုသာန်ဓုတင်ကို အပြင်းစား(ဥက္ကဋ္ဌ)အဖြစ် ဆောက်တည်လိုသောရဟန်းမှာ သုသာန်လက္ခဏာသုံးရပ်နှင့်ပြည့်စုံသောသင်္ချိုင်းကို ရှာဖွေရခြင်း ဖြစ်သည်။

အထူးသဖြင့်ကား သုသာန်ဓုတင်ဆောက်တည်ပြီး သုသာန်မှာ နေမည့်ပုဂ္ဂိုလ်ဖြစ်ပါက ဘီလူး၊ ပြိတ္တာတို့ နှစ်သက်သော အမဲသားငါး၊ နှမ်းမုန့်၊ ပဲထမင်း၊ နို့၊ ဆီ၊ တင်လဲ စသည်တို့ဖြင့် ဖုတ်ကင်၊ ကြော်လှော်ထားသော စားဖွယ်တို့ကို မစားသုံးအပ်ပေ။ (သက်သတ်လွတ်သာစားရမည်ဟု ဆိုခြင်းဖြစ်၏။)

သင်္ချိုင်းမှ ပြန်လာပြီးနောက်မှာ လူဒါယကာ၊ ဒါယိကာမတို့၏ အိမ်ကို ဝင်ခြင်းမပြုဘဲ ကျောင်းသို့ တန်းပြန်ရမည်။

ဤသို့ စည်းမျဉ်းစည်းကမ်းများနှင့် လူသာမန်တို့ နေချင်စရာမရှိသော သုသာန်ကို ဘာကြောင့်နေကြသနည်း။ မြတ်စွာဘုရားရှင်က အကျိုး (၈) မျိုး ဟောတော်မူထားသည်ကို ဝိသုဒ္ဓိမဂ်မှာ ဖွင့်ပြထားလေသည်။

ဓုတင်ဆောင်ပုဂ္ဂိုလ်တို့ ရလဒ်သောအကျိုးများမှာ -

၁။ သေမည်ကိုသတိရနေခြင်း။
၂။ မမေ့မလျော့ မြဲသောသတိဖြင့် အသုဘအာရုံကိုရနေခြင်း။
၃။ ကာမရာဂကိုပယ်ခြင်း။
၄။ ခန္ဓာကိုယ်၏ သဘောတရားအမှန်ကို မြင်ရခြင်း။
၅။ သံဝေဂဉာဏ် ထက်သန်ခြင်း။
၆။ ငါ ကျန်းမာသည် ဟူသော အာရောဂျမာန်ကို ပယ်ခြင်း။
၇။ ကြောက်မက်ဖွယ်အာရုံ၌ သည်းခံနိုင်သောကြောင့် ဘီလူး၊ ပြိတ္တာ၊ နတ်တို့၏ အလေးအမြတ်ပြုခံရခြင်း။
၈။ အလိုနည်းသောဂုဏ်နှင့် လျော်ကန်ခြင်း စသည့် အကျိုးများပင်တည်း။

သို့ဖြစ်ရာ သုသာန်ဓုတင်ဆောင်ရဟန်းတစ်ပါးအဖြစ် ကျင့်သုံးကြည့်လိုသော ရဟန်းတော် အရှင်ဝိဝေက သက်သတ်လွတ်ဆွမ်းကို ဘုဉ်းပေးသုံးဆောင်ဖြစ်ခဲ့သည်။ ယခင်ကဆိုလျှင် ကြားဖူးနား၀၊ ဖတ်ဖူးမှတ်ဖူးသမျှ အသိကလေးတစ်ထွာလောက်နှင့် သက်သတ်လွတ်သမားကို လှောင်ပြောင်တတ်သေး၏။ ကိုယ်တိုင်လည်း သား၊ ငါးအညှီနံ့မပါက မျို၍ပင် မကျပေ။

နောက်တော့ တရားကျင့်သုံးမှုမှာ အရှိန်ရလာတာနှင့်အမျှ သားငါးရှောင်ကြဉ်မှု၏ အကျိုးကျေးဇူးများကို ကိုယ်တွေ့ကြုံလာရ၏။ ရသတဏှာ လော်လီဖောက်ပြားပုံ၊ အတောမသတ် အာသာငမ်းငမ်းတက်တတ်ပုံတို့ကို သတိသမ္ပဇဉ်ဖြင့် ဆင်ခြင်လာနိုင်သည်မှစ၍ သားငါးကို တဖြည်းဖြည်းရှောင်လာခဲ့သည်။

အရှင်ဝိဝေက အင်မတန်လေးစားကြည်ညိုသော ဆရာတော်ကြီးများလည်း သက်သတ်လွတ် ဘုဉ်းပေး သုံးဆောင်ကြတာကို လေ့လာ တွေ့ရ၏။

ညောင်ရမ်းဆရာတော်ဘုရားကြီး သက်တော် (၅၅) နှစ်မှစ၍ အသက်သတ်လွတ်ဘုဉ်းပေး၏။

မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ သက်တော် (၂၇) နှစ်မှစ၍ သက်သတ်လွတ်ဘုဉ်းပေး၏။ သာမညဆရာတော် သက်တော် (၆၀) နှစ်မှစ၍ သက်သတ်လွတ်ဘုဉ်းပေး၏။ တိပိဋကရေ ယောဆရာတော် (၃၃) နှစ်၊ တောင်တန်းဆရာတော် (၃၀) နှစ်၊ ကုံလုံဆရာတော်၊ ဖားအောက်တောရဆရာတော်တို့ သား၊ ငါးများကို မသုံးဆောင်၊ သက်သတ်လွတ်ဆွမ်းဟင်းများကိုသာ ဘုဉ်းပေးတော်မူကြသည်။

ထိုဆရာတော်ဘုရားများအကျိုးကိုမြင်၍သာ ဘုဉ်းပေးတော်မူကြခြင်းဖြစ်

**စစ်ကိုင်းတောင် အနောက်ပရက္ကမဆရာတော်နှင့် သက်သတ်လွတ်အမြင်**

၁၃၃၇ ခုနှစ်၊ တန်ခူးလ ၂ ရက်နေ့တွင် ပျံလွန်တော်မူသော (ရဟန္တာဟူ၍ နာမည်ကျော်ခဲ့သော) အနောက်ပရက္ကမဆရာတော်ကြီးက -

အချို့သူတို့သည် သက်သတ်လွတ်စားခြင်းကို အပြစ်ဆိုကြသည်။ ရှင်ဒေဝဒတ်ဂိုဏ်းဝင် တိတ္ထိတို့နှင့် တူနိုင်းကြ၏။ အပြစ်ဆိုသူတို့က သားငါး ဆောင်ကြသည်မှာ ရှင်ဒေဝဒတ်က မြတ်စွာဘုရားကို အချက်ငါးချက် တောင်းဆို၏။ မြတ်စွာဘုရားက ခွင့်မပြု... ယင်းငါးချက်တို့အား ပါရာဇိကာ...



www.burmeseclassic.com

www.burmeseclassic.com

ော်၍ အောက်ပါအတိုင်း ဟောထား၏။

၁။ ရဟန်းတော်များ အသက်ထက်ဆုံး တောကျောင်းမှာ နေပါစေ။ ရွာကျောင်းမှာနေလျှင် အာပတ်သင့်ပါစေ။
၂။ ရဟန်းတော်များ အသက်ထက်ဆုံး ဆွမ်းခံစားပါစေ။ ပင့်ဖိတ်သည့် ဆွမ်းကိုစားလျှင် အာပတ်သင့်ပါစေ။
၃။ ရဟန်းတော်များ အသက်ထက်ဆုံး ပံ့သကူသင်္ကန်းဆောင်ပါစေ။ လူတို့လှူသောသင်္ကန်း ဆောင်လျှင် အာပတ်သင့်ပါစေ။
၄။ ရဟန်းတော်များ အသက်ထက်ဆုံး သစ်ပင်အောက်တွင် နေပါစေ။ အမိုးအောက်နေလျှင် အာပတ်သင့်ပါစေ။
၅။ ရဟန်းတော်များ အသက်ထက်ဆုံး သားငါးမစားပါစေနှင့်။ စားသော် အာပတ်သင့်ပါစေ။

ဤငါးချက်တို့ကို ရှင်ဒေဝဒတ်က ဘုရားရှင် ခွင့်မပြုနိုင်မှန်း သိလျက်နှင့် ...ယတ်မာဖြင့် တောင်းဆိုခြင်း ဖြစ်၏။ အချို့ ပုထုဇဉ်ရဟန်းတို့က ရှင်ဒေဝဒတ် ...သည် သန္တုဋ္ဌိ၊ သလ္လေခကြောင့် ဤ ...ချက်ကို တောင်းဆို၏ဟု မှတ်ကြပြီး ရှင်ဒေဝဒတ်၏နောက်ပါများ ဖြစ်သွား ...ကာ သံဃာသင်းကွဲသွား၏။

ဤအချက်ငါးချက်သည် ကျင့် ...ဆောင်ရန် အလွန်ခက်ခဲ၏။ ထို့ကြောင့် မြတ်စွာဘုရားက ကျင့်လိုသူတို့ကျင့်၍ ...ကျင့်သူတို့မကျင့်ဘဲနေရန် ခွင့်ပြုခဲ့ပြီး ရှင်ဒေဝဒတ်၏ တောင်းဆိုမှုများကို ...ပိတ်လျောခဲ့ပေ။

သို့သော် ကျင့်နိုင်၍ ကျင့်သူတို့ကို ...ည်း အပြစ်မဆိုထိုက်ပါ။ ကျင့်ရန်ခက် ...၍သာ ကျင့်ရမည်ကို ခွင့်မပြုခဲ့ခြင်း ...ပါသည်။

**...သယမဝင်ကြပါနှင့်**

သက်သတ်လွတ်စားခြင်းသမိုင်း ...ပြန်လည် စိစစ်သော် မြတ်စွာဘုရား ... အလောင်းတော် ဘဝပါရမီဖြည့် ...ကပင် ဖြစ်ကြောင်း ငါးရာငါးဆယ် ...တ်တော်အသွယ်သွယ်က သာဓက ...နေပါသည်။

ရှေးဆရာတော် အစဉ်အဆက် ...ည်း သက်သတ်လွတ်ဘုဉ်းပေးခဲ့ကြ ...များ၏။ ရဟန္တာဟု ကျော်ကြားခဲ့ ... ဘုန်းတော်ကြီး ဦးသီလ၊ စစ်ကိုင်း ...င် မဟာဂန္ဓာရုံဆရာတော်၊ မဟာ ...ခေါင်ဆရာတော်၊ ဆရာတော် ဦးတိက္ခိန္ဒြိယ စသည် စသည် များပြားလှ၏။

အကယ်၍သာ သက်သတ်လွတ် စားခြင်းသည် စာပေကျမ်းဂန်နှင့်မညီက ထိုဆရာတော်ကြီးများ ဘုဉ်းပေးမည် မထင်ပါ။ ထို့ကြောင့် သက်သတ်လွတ် စားသူတို့ကို အပြစ်မဆိုကြပါနှင့်။

ရဟန်းရှင်လူ၊ သူတော်သီလရှင် ဗုဒ္ဓဘာသာဝင်အပေါင်းတို့လည်း ဘုဉ်းပေး သုံးဆောင်ကြပြီး ရသတဏှာကို ပယ်ခွာကြပါ။ ရသတဏှာ တစ်စတစ်စ နည်းပါးရန် သက်သတ်လွတ်စားကြပါ။ သတ္တဝါများအပေါ် ကရုဏာထားသဖြင့် သက်သတ်လွတ်စားကြပါ။ 'အသားစားသူက သတ္တဝါများကို သနားလိုက်တာ' ဟု ဆိုပါက မှန်မည်မဟုတ် ပါ။ ဘီလူးက သက်သတ်လွတ်စားသည်ဟု ပြောသည်နှင့် တူနေပါသည်။

သက်သတ်လွတ်စားမှုမှာ အကျင့်ထူးတစ်ခုမဟုတ်စေကာမူ သတ္တဝါများကို တကယ်သနားသောအားဖြင့် စားသင့်လှ၏။ သတ္တဝါတို့၏အသားကို မလွှဲသာ၍ စားကြလျှင်လည်း အစွန်းသုံးပါးလွတ်သောအသားကို စားကြပါ။ အစွန်းသုံးပါးမှာ မြင်သောသားငါး၊ ကြားသောသားငါး၊ ငါ့ဖို့ရည်ရွယ်၍ သတ်သလားဟု မသင်္ကာဖွယ်သားငါးတို့ ဖြစ်၏။

အနောက်ပရက္ကမဆရာတော်ကြီးသည် တစ်သက်လုံး ပဲဆွမ်းကိုသာ ဘုဉ်းပေးသွားတော်မူပြီး အောက်ပါ ဩဝါဒကိုလည်း ပေးလေ့ရှိသည်။

"သုံးဆယ့်တစ်ဘုံ အလုံးစုံသော သတ္တဝါတွေကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေလို့ အမြဲ မေတ္တာပို့ကြတယ်။ နေ့စဉ် စားသောက်ကြတော့လည်း ဒီသတ္တဝါတွေရဲ့အသားတွေနဲ့ပဲ။ အဲဒီတော့ သတ္တဝါတွေ ကျန်းမာပါစေ၊ ချမ်းသာပါစေလို့ မေတ္တာပို့နေတာလည်း ဒီပါးစပ်၊ ဒီသတ္တဝါတွေရဲ့ အသားကို နေ့စဉ် စားနေတာလည်း ဒီပါးစပ်ပဲ။ ဒီပါးစပ်နဲ့စားပြီး ဒီပါးစပ်နဲ့ မေတ္တာပို့နေတော့ လေးနက်မှုမရှိဘူး။ မေတ္တာအစွမ်းအစ စူးရှမှုကလည်း နည်းမယ်။ သတ္တဝါတွေရဲ့ အသား မစားဘဲ သတ္တဝါအားလုံး ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေလို့ မေတ္တာပို့မှသာ အစွမ်းအာနုဘော်ပိုရှိသတဲ့။ ဒါကြောင့် သတ္တဝါတွေရဲ့အသား မစားဘဲ မေတ္တာပို့နိုင်အောင် အားထုတ်ကြ"

အစမထင် ကျင်လည်ခဲ့ကြရသော ဘဝသံသရာတစ်လျှောက်မှာ သူတစ်ပါးတို့၏အသားကို စားသောက်ခဲ့ကြရသလို ကိုယ့်အသားကိုလည်း စားသောက်ခံခဲ့ကြရသည့် ဘဝတွေများပြားလှပြီ၊ ထိုသို့ စားသောက်ခဲ့ကြသည်မှာလည်း အသိဉာဏ်မရင့်သန်၍ဟု ဆိုနိုင်ပေသည်။

ယခုလို အသိဉာဏ်ရင့်သန်ကြသည့်ဘဝများကို ရလာကြသည့်အခါမှာ သူတစ်ပါးအသားကိုစားသုံးခြင်းဖြင့် မိမိတို့ပါးစပ်ကို သတ္တဝါတို့၏ သင်္ချိုင်း မဖြစ်စေသင့်တော့ပါ။

ကမ္ဘာဦးကာလက လူသားတွေ မြေဆီလွှာကို စားသောက်ကြ၏ဟု သုတ်ပါထေယျ အဂ္ဂညသုတ်တော်တွင် ဟောတော်မူ၏။ ယခုခေတ်မှာ မြေဆီလွှာမရှိတော့သော်လည်း ပကတိ ဟင်းသီးဟင်းရွက်မျိုး ကောင်းနိုးရာရာတွေ ပေါများလှပါ၏။

ယခုခေတ် ဆေးဆရာဝန်များကလည်း အသီးအရွက်များများစားဖို့ တိုက်တွန်းကြ၏။ အသားကို လုံးဝမစားကြပါနှင့်ဟု တားမရနိုင်၍သာ အသီးအရွက်များများစားဖို့ နိုးဆော်နေကြခြင်း ဖြစ်သည်။ ခေတ်ပေါ်ဆေးပညာအရ သားငါးစားခြင်းကြောင့် ဖြစ်ပေါ်လာသော ရောဂါများ သိသိသာသာ ထင်ရှားများပြားလာနေသည်။ တချို့က သစ်သီးသစ်ရွက်တွေချည်းစားပြီး အာဟာရမဖြစ်နိုင်ဟု ဆိုကြသော်လည်း ရှေးယခင်ကပင် တောထွက်တော်မူကြသော ဘုရားအလောင်းတော်၊ သူတော်ကောင်းကြီးများ၊ ဆရာတော်ကြီးများ တောထဲတောင်ထဲမှာနေပြီး ရာသက်ပန် သစ်သီး၊ သစ်ဥ၊ သစ်ဖုတို့ကိုသာ သုံးဆောင်သွားကြ၏။

သို့သော် သက်သတ်လွတ်စားခြင်းသည် သန္တုဋ္ဌိ - ရောင့်ရဲဖို့ သလ္လေခ- အာဟာရတဏှာ၊ လောဘကိလေသာတို့ကို နည်းအောင် ကျင့်ရတာ ဖြစ်၏။ ထိုသို့ဖြစ်အောင် စားသောက်မှုလည်း သဘာဝကျသည်။ ရောင့်ရဲလွယ်ခြင်း၊ အာဟာရတဏှာ နည်းပါးလိုခြင်းကြောင့် သက်သတ်လွတ်စားကာမှ အသားတုမျိုးစုံ၊ ဟင်းခွက်များစွာနှင့် ဇာခဲ့တတ်သည့် လူကြားကောင်းသက်သတ်လွတ်သမားတွေ မဖြစ်ဖို့လိုသည်။ တရားသည် သဘာဝကျဖို့ လိုရင်း ဖြစ်၏။ သဘာဝကျမှ သဘောမိမည်။ သဘောသိမှ တရားနှင့်တွေ့ပြီး တရားနှင့်အညီ နည်းလမ်းတကျ နေနိုင်လိမ့်မည်။

အနောက်ပရက္ကမဆရာတော်ကြီး၏ သက်သတ်လွတ်နှင့်ပတ်သက်သော ဩဝါဒများမှာ သဘာဝကျ၏။ တရားသဘောသက်ဝင်၏။ ဆရာတော်ကြီးက သက်သတ်လွတ်စားခြင်းကို အဓိဋ္ဌာန်



www.burmeseclassic.com

www.burmeseclassic.com

ကျင့်စဉ်တစ်ခုအဖြစ် ကျင့်သုံး၍ မေတ္တာဘာဝနာကို ဖြန့်ကြက်နိုင်ပါက မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို လျင်မြန်စွာ ရနိုင်ကြောင်း ညွှန်ကြားထားလေသည်။

## သက်သတ်လွတ်အဓိဋ္ဌာန်ကျင့်စဉ်

သက်သတ်လွတ်စားခြင်းနှင့် စပ်လျဉ်း၍ ကုန်းနေသတ္တဝါ၊ ရေနေသတ္တဝါ၊ ကောင်းကင်နေသတ္တဝါဟု သုံးမျိုးခွဲခြားပါ။ ထိုတွင် ကုန်းနေသတ္တဝါတို့၏ အသားကိုမစားဘဲ ရှောင်ကြဉ်ပါက -

'ငါသည် ကုန်းနေသတ္တဝါတို့၏ အသားကိုမစား။ ဤအဓိဋ္ဌာန်သစ္စာစကား မှန်ကန်ပါက ယခုဘဝမှစ၍ ဖြစ်လေရာ ဘဝတိုင်းတို့၌ မြေကြီးအထုနှင့် တူသော ဘုန်းသမ္ဘာ၊ ကံ၊ ဉာဏ်၊ ပညာတို့နှင့် ပြည့်စုံ၍ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် နိဗ္ဗာန်ကို လျင်မြန်စွာ ရရပါလို၏'

- ရေ၌ နေသော သတ္တဝါတို့၏ အသားကိုမစားပါက -

'ငါသည် ရေ၌နေသော သတ္တဝါတို့၏အသားကို မစား။ ဤအဓိဋ္ဌာန်သစ္စာစကား မှန်ကန်ပါက ယခုဘဝမှစ၍ ဖြစ်လေရာဘဝတိုင်းတို့၌ သမုဒ္ဒရာရေလှိုင်းနှင့်တူသော ဘုန်းသမ္ဘာ၊ ကံ၊ ဉာဏ်၊ ပညာတို့နှင့် ပြည့်စုံ၍ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် နိဗ္ဗာန်ကို လျင်မြန်စွာ ရရပါလို၏'

ကောင်းကင်၌ နေကြကုန်သော သတ္တဝါတို့၏အသားကို မစားပါက -

'ငါသည် ကောင်းကင်၌ နေကြကုန်သော ငှက် စသော သတ္တဝါတို့၏ အသားကို မစား။ ဤအဓိဋ္ဌာန်သစ္စာစကား မှန်ကန်ပါက ယခုဘဝမှစ၍ ဖြစ်လေရာဘဝတိုင်းတို့၌ အဆုံးမရှိသော ကောင်းကင်ပြင်ကြီးနှင့် တူသော ဘုန်းသမ္ဘာ၊ ကံ၊ ဉာဏ်ပညာတို့နှင့် ပြည့်စုံ၍ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုရပါလို၏'

ဤသို့ မိမိအဓိဋ္ဌာန်ပြု သစ္စာဆိုထားသည့်အတိုင်း ဖြောင့်တင်းရှင်းရှင်း စောင့်ထိန်းပြီးဆုတောင်းပါက မုချပြည့်ဝနိုင်ကြောင်း ယုံကြည်ပါ။

## သက်သတ်လွတ်နှင့်ဗုဒ္ဓသာသနာ

လွန်ခဲ့သော ကာလများဆီက မြန်မာနိုင်ငံနှင့်တကွ ကမ္ဘာအနှံ့ ဗုဒ္ဓသာသနာပြုခဲ့သော အီတာလျံ ဘုန်းတော်ကြီး ဦးလောကနာထ၏ အထူးဒေသနာ၌ -

'မေတ္တာတရားသည် ဗုဒ္ဓဘာသာဝင်တို့အတွက် အဓိကအရေးကြီးသော တရား ဖြစ်သည်။ မေတ္တာတရားနှင့်ကင်းကွာသောသာသနာသည် ဗုဒ္ဓဘာသာဖြစ်သည်ဟု မဆိုနိုင်ပေ။ မိခင်သည် တစ်ယောက်တည်းသာရှိသော မိမိသားအရင်းအပေါ်၌ ထားရှိသော အလွန်ကြီးမားလှသည့် မေတ္တာထရားကို သတ္တဝါအားလုံးအပေါ် ဝယ် ထားရှိရန် လိုအပ်ပေသည်ဟု မြတ်စွာဘုရားရှင် မေတ္တသုတ်၌ ဟောတော်မူ၏။

ကျွန်ုပ်တို့သည် ပုဂ္ဂိုလ်တစ်ဦးဦးအပေါ်၌ မေတ္တာတရားရှေ့ထားချေက ထိုပုဂ္ဂိုလ်အပေါ်ဝယ် သေကြောင်းကြံခြင်း၊ သတ်ဖြတ်ခြင်း စသော အဓမ္မမှုများကို မည်သည့်နည်းနှင့်မျှ ပြုလုပ်မည်မဟုတ်ပေ။ စေတနာရှေ့ထားလျက် စောင့်ရှောက် ကူညီပါရမီဖြည့်မည်သာ မုချဖြစ်ပေသည်။

အလွန်ရခဲလှစွာသော လူ့ဘဝကို ယခု ကြုံကြိုက်နေရသည့် ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူအပေါင်းတို့သည် ဘုရားဟော ဒေသနာတော်အရ မေတ္တာ၊ ကရုဏာ ဖြဟ္မစိုရ်တရားလက်ဝယ်ထားရှိရန် လိုအပ်လှပေသည်။ ကာလပေါ် အသားမှန်သမျှတို့သည် မသနား မညှာတာပါဏာတိပါတမှု၊ အဓမ္မပြုကျင့်မှု စသည်တို့ကို အရင်းပြုထားခြင်း အမှန်စစ်စစ်ဖြစ်ရကား ယင်းအသားတို့ကို မှီဝဲစားသောက်ခြင်းမှ လုံးဝရှောင်ကြဉ်တော်မူကြပါရန် ဆရာတော်က စေတနာထက်သန်စွာဖြင့် မေတ္တာရပ်ခံလိုက်ပါသည်။ သပ္ပုရိသအပေါင်း သူတော်ကောင်းတို့'

ဟု မြန်မာပြည်တစ်လွှား မေတ္တာရပ်ခံခဲ့ဖူးလေသည်။

နိုင်ငံရပ်ခြားမှ တိုင်းတစ်ပါးသား ရဟန်းတော်များစွာ သက်သတ်လွတ်စားသုံးကြသည်ကို အရှင်ဝိဝေက များစွာတွေ့ရ၏။ အနောက်နိုင်ငံများမှ သဒ္ဓါတရားသက်သက်ဖြင့် ဗုဒ္ဓဘာသာ ကိုးကွယ်လာကြသော လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်များစွာတို့ကလည်း မြန်မာပြည်သား ရဟန်းတော်များ အသားငါးစားသောက်ကြသည်ကို မေးခွန်းများစွာ ထုတ်လေ့ရှိကြ၏။

အတုမရှိသောမဟာကရုဏာရှင် ဗုဒ္ဓမြတ်စွာ၏သာသနာ၌ နေကြပါသော ရဟန်းများမှာ မေတ္တာတရားကို ပွားများပြီး သက်သတ်လွတ် စားသုံးသင့်ကြပါလျက် သားငါးများ စားသုံးနေကြသည်ကို သူတို့ နားမလည်နိုင်ကြပေ။ ဝိနည်းဒေသနာအရပြောပြန်လျှင်လည်း အစွန်းလွတ်သားငါးသုံးမျိုးရဖို့ ခဲယဉ်းကြောင်း သူတို့က ထောက်ပြသေး၏။ သူတို့တွေ့ဖူးကြုံဖူးသော သာသနာတွင်၊ သာသနာပ သူတော်ကောင်း ပုဂ္ဂိုလ်များမှာ သက်သတ်လွတ်စားကြကြောင်း သက်သေပြတတ်ကြသည်။

သတ္တဝါတို့ကို အမှန်တကယ်သနား ချစ်ခင် ကြင်နာစိတ်ရှိသူတိုင်း အသားစား ရှောင်ကြဉ်ပြီး မေတ္တာကရုဏာ ဖြဟ္မစိုရ်တရားများ ပွားများလေ့ကြပါသည်။ သက်ရှိသတ္တဝါမှန်သမျှ မေတ္တာစိတ်ရှိ၏။ မေတ္တာနည်းပါးမှုနှင့် များမှုသာ ကွာခြားပေလိမ့်မည်။ မေတ္တာတရားကို ဗုဒ္ဓဘာသာမှာသာမက ဘာသာတိုင်းက အလေးအနက် ကျင့်သုံးလေ့ရှိကြသည်။

မေတ္တာတရားသည် လူကြီးလူကောင်းအားလုံးနှင့် ဆက်နွှယ်နေ၏ အရွယ်မရွေး၊ အဆင့်အတန်းမရွေး ပွားများသင့်သောတရား ဖြစ်၏။ မေတ္တာတန်ခိုးဖြင့် ကမ္ဘာကြီးငြိမ်းချမ်းနိုင်သည် ဘာသာရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍ အသီးသီးမှာ မေတ္တာပါမှ အဆင်ပြေမည်။ သတ္တဝါအပေါင်း တစ်ဦးနှင့်တစ်ဦး မေတ္တာမပျက်ကြဗါမှ အမုန်းပျက်ပြယ်ပြီး အေးချမ်းသာယာသော လောကကြီးဖြစ်ပေလိမ့်မည်။ သူ့အသက်ကိုသတ် သူ့အသားကိုစား၊ ကြီးနိုင်ငယ်ညှဉ်း နိုင်ရာစား အဓမ္မမှုများ များပြားလာပါက ဤကမ္ဘာလောကကြီးမှာ မေတ္တာဆိတ်သုဉ်း၍ ပျက်စီးဖို့ နီးလာချေပြီ။

ထို့ကြောင့် သူတော်ကောင်းတရားကို ကျင့်သုံးသည်ဟု ခံယူသူတိုင်း သတ္တဝါတို့၏အသွေးအသားကို စားခြင်းမှ ရှောင်ကြဉ်ပြီး မေတ္တာတရားများ အလေးထား ပွားများသင့်သည်ဟု အရှင်ဝိဝေက အခိုင်အမာ ယုံကြည်၏။ ထိုသို့ ယုံကြည်သည့်အတိုင်း တရားကျင့်သုံးရန် အချိန်ရလာပြီး တောရခရီးအစမှာပင် အသားငါးစားမှုကို တတ်နိုင်သမျှ ရှောင်ကြဉ်ခဲ့၏။ အကျိုးတရားများကိုယ်တွေ့ကြုံရသည်။ ထင်သာမြင်သာရှိသော လက်တွေ့အကျိုးများမှာ သွားနှင့် ခံတွင်း ရောဂါများကင်း၏။

အသားရှောင်ခြင်းအားဖြင့် ထိနမိဒ္ဓ(ထိုင်းမှိုင်းအိပ်ချင်စိတ်)နည်းပါးခြင်း ကာမရာဂစိတ်လျော့ပါးခြင်းတို့ကို ကိုယ်တွေ့ကြုံရ၏။ မဟာတ္တမဂန္ဓီနှင့် ရှိတ်စပီးယားတို့ကလည်း အသားစားရှောင်သောအားဖြင့် သွေးသားသောင်းကျန်းမှု နည်းပါးသွားကြောင်း ထုတ်ဖော် ဝန်ခံထားလေသည်။

မြတ်စွာဘုရားရှင်ကိုယ်တော်တိုင်လည်း အသားစားခြင်း၏ဆိုးကျိုးများကို သုတ္တနိပါတ်ပါဠိတော်တွင် ဟောကြားထားသည်။ ဒေသနာ၏ ဆိုလိုရင်းမှာ -

'အသားမစားခင်က လူများတွင် တစ်စုံတစ်ခုကို လိုချင်ခြင်း၊ ထမင်းဆာ



www.burmeseclassic.com

www.burmeseclassic.com

အိုခြင်း ဟူသော ရောဂါသုံးမျိုးသာ သည်။ ဥက္ကာကရာဇ်မင်းလက်ထက်သို့ သောအခါကျမှ ကျွဲ၊ နွားတို့၏ အသားကို စတင်၍ သတ်ဖြတ် စားသောက်ကြသည်။ ထိုသို့ တိရစ္ဆာန်တို့၏ အသားကို သတ်ဖြတ်စားသောက်လာသောကြောင့် (၉၆) ပါးရောဂါများ လာကြသည်

အထက်ပါ ဒေသနာအရ ဘုရား ကိုယ်တော်တိုင်ပင်ဖြစ်နိုင်ပါက သား၊ များကို မစားချင်ကြောင်း သေချာပါ ။ အင်္ဂုတ္တိုရ်ပါဠိတော် တိကနိပါတ် လည်း ကျွဲ၊ နွားများကို လူတို့ သတ် စားသောက်မီက နတ်များမှာ လူ အန္တရာယ်မဖြစ်အောင်၊ ရာသီ အောင် စောင့်ရှောက်ပေးကြ၏။ များကို သတ်ဖြတ်စားသောက် အခါမှ နတ်တွေက စောင့် မပေးတော့ဘဲ ဝေးရာသို့ခွာ ကြောင်း ဟောတော်မူထားသည်။

ကော်တွေ့အားဖြင့်လည်း အသား၊ များများစားသောက်သူများမှာ တိုပြီး အသီးအရွက်စားသောက် အသက်ရှည်ကြကြောင်း တွေ့ရ ကမ္ဘာမြောက်ပိုင်းမှာရှိသော ကီးမိုးလူမျိုးများ ရေခဲပြင်မှာနေ အသီးအရွက် မစားသောက်ရဘဲ တိရစ္ဆာန်အသားများတို့ကိုသာ စား စားသောက်ကြ၏။ သူတို့ တမ်းမှာ ပျမ်းမျှ (၃၅) နှစ်သာရှိ သိရသည်။ ထိုလူမျိုးများကို ကြည့်သောအခါမှာလည်း ဆီး တိုး၊ လေးဖက်နာ၊ ကင်ဆာ ရောဂါများ အားလုံးရှိကြောင်း သည်။

အိန္ဒိယနိုင်ငံ ဟိမဝန္တာတောင်နှင့် နိုင်ငံ ကာရာကိုရပ်တောင် တောနက်ကြီးထဲတွင် ဟွန်ဇာ လူသိနည်းလှသော နိုင်ငံငယ် ရှိသည်။ လူဦးရေ လေးသောင်း သာရှိပြီး ၁၉၆၄ ခုနှစ်ကမှ နိုင်ငံက မက်ကာရီဆန် အမည် ကြီးတစ်ဦးက ထိုနိုင်ငံကို တွေ့ရှိခဲ့ခြင်း ဖြစ်သည်။

စရာကောင်းသည်မှာ ထို နိုင်ငံလုံး အသား၊ ငါးလုံးဝမစား အသီးအရွက်ကိုသာ စားသောက် ဒေါက်တာမက်ကာရီဆန်သည် တွင် (၇) နှစ်ကြာအောင် လေ့လာခဲ့သည်။ ထို(၇)နှစ် တစ်ယောက်မျှ ဆေးမကုခဲ့ရ တမ်းကို တွက်ကြည့်သော အခါ ပျှမ်းမျှ အသက် (၉၀) နေကြရသည်။ အသက် (၉၀) အောက် သေဆုံးမှုမရှိဘဲ ကျန်းမာစွာ နေကြရသည်ဟု သိရလေသည်။ သူတို့၏ အယူအဆမှာ 'ကိုယ့်အသက်ရှည်ချင်ရင် သူများအသက်တွေ (အသားတွေ) မစားနဲ့ပေါ့' ဟူ၍ဖြစ်၏။

သဘာဝအားဖြင့် အသား၊ ငါးကို မဖြစ်မနေစားရသော တိရစ္ဆာန်တို့၏ အူမှာ တို၏။ အသားဓာတ်သည် ခန္ဓာနှင့် မသင့်သောကြောင့် အမြန်ချေဖျက်၍ အမြန်ပြန်ထွက်နိုင်ရန် သဘာဝတရားက အူကို တိုပေးထားခြင်း ဖြစ်သည်။ သားစားသတ္တဝါများဖြစ်သော ကျား၊ ခြင်္သေ့၊ ကြောင်တို့၏အူမှာ တိုပြီး အခွေအခေါက်သိပ်မရှိလှပေ။ လူသားတို့၏အူမှာ ယောက်ျားတစ်ယောက်၏ အူသည် (၃၂) ပေရှည်ပြီး မိန်းမ၏ အူမှာ (၂၈) ပေရှည်၏။ ဤသဘာဝကပင် လူသည် အသီးအရွက်စားသတ္တဝါ ဖြစ်ကြောင်း ထင်ရှားသည်။

ဆေးသိပ္ပံပညာရှင်တို့၏ တွေ့ရှိချက်အရ အသားကို မကျက်တကျက် ကြော်လှော်၊ ဖုတ်ကင် စားသောက်ခြင်းမှာ ကင်ဆာရောဂါကို ဖြစ်စေကြောင်း သိရ၏။ရေခဲစိမ်ထားသော သား၊ငါးများမှာလည်း ကင်ဆာရောဂါကို ဖြစ်ပွားနိုင်ကြောင်း ထောက်ပြကြသည်။

အသီးအရွက်၊ သစ်သီးဝလံအားလုံးမှာမူ ဆေးဖက်ဝင်သည်ချည်း ဖြစ်၏။ ဘုရားရှင်လက်ထက်က သမားတော်ကြီး ဇီဝကအား ဆေးပညာစုံအောင် သင်ပေးပြီးသောအခါ ဆရာဖြစ်သူက တောလုံးအနှံ့သွားစေပြီး ဆေးဖက်မဝင်သော သစ်ပင်ရှာခိုင်း၏။ တောအုပ်ကြီးသာနှံ့ သွားသော်လည်း ဆရာဇီဝကမှာ ဆေးဖက်မဝင်သောသစ်ပင် မတွေ့ရသဖြင့် သည်အတိုင်းပြန်လာခဲ့ရ၏။ သည်တော့မှ ဆရာဖြစ်သူက သမားတော်အဖြစ် အသိအမှတ်ပြုလေသည်။

ဤအချက်ကို ထောက်၍ ဆေးဖက်ဝင်သောအသီးအရွက်များ ခန္ဓာကိုယ်မှာ ကြာရှည်နေနိုင်အောင် သဘာဝက လူကိုအူရှည်ပေးထားခြင်း ဖြစ်၏။ အသီးအရွက်စားသောတိရစ္ဆာန်တို့၏အူသည်လည်း ရှည်၏။ အသီးအရွက်စားသော နွားများမှာ သူတို့၏ကျင်ငယ်ရေသည်ပင် ဆေးဖက်ဝင်ကြောင်း တွေ့ရှိရသည်။

ရဟန်းတော်များကို မြတ်စွာဘုရားရှင်ပေးခဲ့သော ဆေးနည်းမှာ နွားကျင်ငယ်ရေဖြစ်သည်။ နွားကျင်ငယ်ရေကို ဉာဏ်ဖြင့် စီမံသုံးစွဲပါက ရောဂါမျိုးစုံ ပျောက်ကင်းနိုင်၏။ ဘုရားပေးခဲ့သော ဆေးနည်းဖြစ်၍ ယုံယုံကြည်ကြည် သောက်ပါက ရောဂါသေချာပျောက်၏။

မေတ္တာရှင် (ရွှေပြည်သာ) ဆရာတော်၏ အမေး၊ အဖြေကဏ္ဍတစ်ခုမှာ နိုင်ငံခြားအထိ သွားရောက် ကုသော်လည်း မပျောက်ခဲ့သော အသည်းအဆီဖုံးရောဂါသည်၊ သေချိန်ကို စောင့်နေရသော ရေဖျဉ်းရောဂါသည်၊ သွေးကင်ဆာဖြစ်နေသော ဒေါက်တာတစ်ယောက်နှင့် သားငယ်တစ်ဦးတို့ နွားကျင်ငယ်ရေသောက်၍ ရောဂါများ ပျောက်ကင်းသွားကြောင်း ဖော်ပြထားသည်။

ဆရာတော်ကိုယ်တိုင်လည်း (၄) နှစ်ခန့် စွဲကပ်နေသည့် ကော့သောင်းမြို့က ရခဲ့သော ငှက်ဖျားရောဂါနှင့် သွေးပေါင်ကျရောဂါတို့ကို နွားကျင်ငယ်ရေသောက်မှ ပျောက်ကင်းသွားကြောင်း မိန့်ဆိုဖူးသည်။

သို့ဖြစ်ရာ ဆရာတော်၏စာမှာပါသော ဘုရားဆေးနည်းကို အရှင်ဝိဝေက ကိုယ်တိုင်လည်း သုံး၏။ ဖော်စပ်ပုံကိုလည်း မှတ်တမ်းတင်ထားပါသည်။

နွားကျင်ငယ်ရေကို ကောက်ရိုးထည့်ပြီး ပြုတ်ရသည်။ (၁၅) မိနစ်ခန့် ပွက်ပွက်ဆူအောင်ပြုတ်ပြီးလျှင် မီးဖိုပေါ်မှချပါ။ ကောက်ရိုးတွေကို ဖယ်ပစ်ပါ။ ကျန်သောအရည်များကို စဉ့်အိုးတစ်လုံးတွင်ထည့်ပါ။ ရနိုင်လျှင် ဖန်ခါးသီးများကို အခြောက်လှန်း၍ ထည့်ပါ။ ဆားအနည်းငယ်ထည့်ပါ။ ပြီးလျှင် သုံးလခန့် အဝတ်စဖြင့် လုံအောင်ပိတ်ပြီးထားပါ။ သုံးလပြည့်လျှင် ဆေးအဖြစ် သုံးဆောင်နိုင်ပေပြီ။ ရောဂါအခြေအနေကိုကြည့်၍ ချင့်ချိန်သောက်ပါ။ အကြမ်းပန်းကန် တစ်လုံးမှစ၍ သောက်နိုင်ပါသည်။ ရောဂါမရှိသူများသောက်ပါက ဆီး၊ ဝမ်း၊ လေအားလုံး သိသိသာသာ ကောင်းလာသည်ကို တွေ့နိုင်ပါသည်။

အရှင်ဝိဝေက၏ တောရမှုတင် ခရီးတစ်လျှောက်မှာ တွေ့ဆုံကြုံတွေ့ရသမျှ အခက်အခဲ အန္တရာယ်အသွယ်သွယ်တို့ကို သက်သတ်လွတ်အဓိဋ္ဌာန်၌မှုတည်ပြီး မေတ္တာဘာဝနာ၊ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းတို့ကို သတိပဋ္ဌာန်တရားများနှင့် ပူးတွဲပွားများပြီး အလွယ်တကူ ဖြတ်ကျော်နိုင်ခဲ့၏။ အေးငြိမ်းသော စိတ်နေစိတ်ထားများ တစ်စတစ်စ တိုးပွားလာသည်ဟု ခံစားရလေသည်။

(ဆက်ရန်)

ထုံးတောင်-အရှင်မွေ့ပီယ(မြောင်)



www.burmeseclassic.com

www.burmeseclassic.com

မြန်မာနှစ် ၁၃၀၅ ခု၊ တန်ဆောင်မုန်းလဆန်း ၉ ရက်၊ ခရစ်နှစ် ၁၉၄၃ခု၊ နိုဝင်ဘာလ ၅ ရက်နေ့တွင် လယ်ကိုင်းမြို့ ဆင်ထဲကျောင်းဝင်းအတွင်း မင်းဘူးခရိုင် တရားမတရားသူကြီး ရုံးတော်မှ အမှုအတွက် တရားသူကြီး ဦးဘိုးခထံ ကျွန်ုပ်၏ရှေ့နေ ဦးဘစိန်၏လျှောက်လဲချက်ပြုရာတွင် ရုံးတော်သို့ တက်ရောက်နားထောင်ပြီးနောက် နောက်တစ်နေ့ စနေနေ့တွင် လယ်ကိုင်းမြို့ရှိ ညီမဖြစ်သူ မတင်ညွန့်အိမ်မှနေ၍ မြင်းလှည်းဖြင့် စလင်းမြို့သို့ ပြန်လာခဲ့ပါသည်။ ကျွန်ုပ်သားဖြစ်သူ မောင်ဆိတ်ဖွား၊ ညီဝမ်းကွဲဖိုးထွန်းအင်တို့ ပြန်လာကြသည်။ လယ်ကိုင်းမှ လယ်ခေါင်းကြီး ဖိုးသက်ကြီးက လယ်ကိုင်းမှထွက်သော စားဖွယ်ရာများထဲတွင် ချောကလက်လည်းပါသည်။ မရွေးလည်းပါသည်၊ ကော်ဖီမှုန့်လည်းပါ၏။ စက်ရှင်မင်းကြီးဦးဖိုးခထံမှ မောင်ဆိတ်ဖွား စာတတ်စေလို၍ အာရေဗျညများ (Arabian nights) ဟု ခေါ်သော ပသီပုံပြင် 'ထောင့်တစ်ည' စာအုပ်အတွဲလိုက်အပြည့်အစုံရလာ၏။ မောင်ဆိတ်ဖွားအရင် မောင်ဘိုးကျော်မှာ အင်းတော်မြို့တွင် ကွယ်လွန်ပြီးသည့်နောက်မှ မောင်ဆိတ်ဖွားကို မွေးလေရာ သူ့မိကြီးက 'ဟပ်ချိုး၊ ဆိတ်ဖွား အသက်တစ်ရာ အနာမရှိ' ဟူသောစကားကို အခြေပြု၍ 'မောင်ဆိတ်ဖွား' ဟု ခေါ်လေတော့သည်။

မြင်းလှည်းဆရာ မောင်ပွင့်လည်း ကျွန်ုပ်၏လူရင်းဖြစ်၏။ လယ်ကိုင်းမြို့သည် ဂျပန်များ ဝင်ရောက်အုပ်စိုးသောအခါ အလွန် စည်ကားသည်။ ကျွန်ုပ်၏အဘိုး ဦးအံထော်နှင့် ခဲ့သောတိုက်တွင် ဆရာဝန်မဒေါ်စောဆသည် လာရောက်နေသည်။ စိတ်ရင်းစေတနာကောင်းသော 'တော်မီးယပ်သားဖွားပါရဂူအဖွဲ့ဝင် ဆရာမကြီး ဒေါ်စောဆသည် ဆေးခန်းဖွင့်၍ ငွေကြေးမရှိသူတို့အား ကုသပေးသည်။ မြန်မာဆေးများလည်း ကျွမ်းလှပါသည်' ဟု သတင်းကြီးသည်။ ကိုလိုနီခေတ် အရေးပိုင်ကြီး ဦးတင်၏ သားသမီး-လည်း လယ်ကိုင်းတွင် လာရောက်သည်။ သူတို့က ဘီစကွတ်များသည်။ တော်ဖီ၊ ချောကလက်များလည်း

ကိုလိုနီခေတ်မြို့အုပ်ကြီးတစ်ဦးမှတ်တမ်း

# အနောက်တံခါးမျှူးမောင်မျှူး

## လယ်ကိုင်းတောင်ဦးကျောင်းဒါယကာရှင်းတမ်း





www.burmeseclassic.com

www.burmeseclassic.com

...သည်၊ အဆင့်မြင့်၍ ဝယ်သူများ ...သည်။

သယ်ကိုင်းမှ ပွင့်ဖြူသို့ (၇) မိုင်ရှိ ... ပွင့်ဖြူမှ စလင်း (၁၅) မိုင်။ မြင်း ...း ဆရာ မောင်ပွင့်က သူ့မြင်းကို ...ကဲ့လှသည်။ အုန်းခွံရောင်မြင်းမ ...လည်း စိတ်တည်သည်။ လယ်ဖီ ...ဆိပ်တွင် လယ်ဖီလာကွင်းအရှေ့ ...ဆီမှ မည်းမည်းအစက်လေးကို ...သည်နှင့်တစ်ပြိုင်နက် ကျွဲကြီးဟု ...း လမ်းဘေးရှိ ကန်ငယ်ပေါင်သို့ ...လှည်းကိုဆင်းရာ ကျွန်ုပ်တို့လည်း ...လှည်းပေါ်မှ အမြန်ဆင်း၍ ကန် ...ိုးတွင် ဝမ်းလျားထိုးရတော့သည်။ ...သူမဟာမိတ်လေယာဉ်သည် ဝေါ ... ကျွန်ုပ်တို့အထက် သစ်ပင်လွတ်ရုံ ...မှပျံသန်းခဲ့သည်။ ကျွဲညီနောင် ... မည်ကြီး တိုက်လေယာဉ် (၂)စီး ... ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ...၍ ကူးသန်းသွားလာနေသော လှေ ...များကို ပစ်သည်။ သူတို့အလိုမှာ ...တို့ကို အဆက်အသွယ်ဖြတ်ခြင်း ဖြစ်သည်။ လယ်ဖီလာကွင်းသည် မျက်စိ တစ်ဆုံးလယ်ပြင်ကြီး ဖြစ်သည်။ လယ် ကိုင်းအထွက် လယ်ဖီလာမှ ပွင့်ဖြူအနီး ကံသာကြီးရွာနားအထိ ကျယ်ပြန့်သော လယ်ပြင်ကြီးဖြစ်သည်။ လေယာဉ်သည် လယ်ကွင်းပြင်အထက် ဝါးနှစ်ပြန်ခန့်က ပျံသန်းပြီး ကံသာကြီးထိပ် စွပ်ပရား ဆန်စက်ကို ပစ်ခတ်သွားသည်ကို ကျွန်ုပ် တို့ ကံသာကြီးရွာရောက်သောအခါ မြင် ရ၏။

အဆွေခင်ပွန်းလေးဦးသည် လေ ယာဉ်ရန်မှ ဝေးသောအခါ အကာအ ကွယ်ယူထားသော ကန်ပေါင်မှထ၍ မြင်းရထားသို့ သွားကြသည်။ သိလို ကြားလိုရှိသော ဖိုးထွန်းအင်က -

'ကျွန်တော် ကြားဖူးတာက ကုနီ ရွာက သူကြီးရိုးသူကောင်း ဖိုးသာဉာဏ် နဲ့ ဖိုးရာဘော်တို့က ဒီလယ်ဖီလာရွာထိပ် က ကန်ကလေးနှစ်ကန်ကို လမ်းရဲ့ဝဲ ယာမှာ တူးထားခဲ့တယ်လို့ ကြားဖူးပါ တယ်'

ဟု အစဖော်လာ၏။

မြင်းလှည်းပေါ်တက်သောအခါ မြင်းလှည်းသမား မောင်ပွင့်က ဖိုးရာ ဘော်နှင့် ဖိုးသာဉာဏ်အကြောင်း ... ပါ၍ ထပ်မံမေးမြန်းရာမှအစ ကျွန်ုပ်... ကြီးသူမှ ငယ်သူကို ဘိုးဘေး... အကြောင်းပြောပြရန် တာဝန်ရှိလာ... သဖြင့် ကုနီရွာမှ ဆွေမျိုးများအကြောင်း ကို ပြောပြရပါသည်။ အကြောင်းရင်းမှာ ကျွန်ုပ်၏သားကို ဘိုးဘွားတို့အကြောင်း သိရှိစေလိုသဖြင့်လည်း ပါလေသည်။

စလင်းမြို့မှ သူကောင်းများသည် ကုနီရွာသူကြီးရိုးသူကောင်းများ၊ စကု လယ်ကိုင်းရှိ သူကောင်းများတို့ ဆွေမျိုး များအကြောင်းကို ပြောပြရပါသည်။ အကြောင်းရင်းမှာ ကျွန်ုပ်၏သားကို ဘိုး ဘွားတို့အကြောင်း သိရှိစေလိုသဖြင့် လည်း ပါလေသည်။

စလင်းမြို့မှ သူကောင်းများသည် ကုနီသူကြီးရိုးသူကောင်းများ၊ စကုလယ် ကိုင်းသူကောင်းများတို့ ဆွေမျိုးတော်စပ် ခဲ့သည်။ ထိုနည်းတူ သူကောင်းများ သည် ရေနံချောင်းတွင်းကြီးမင်းရိုးတို့နှင့် လည်း ဆွေမျိုးတော်စပ်ကြသည်။ ယင်း တို့အနက် ကုနီသူကောင်းများသည် 'ရွှေ တစ်ပိဿာရမျိုး' ဟု အသားယူလေ့ရှိ သည်။ ဘုရင်မင်းခေါင်သည် မင်းသား ဘဝ မင်းဆွေအမည်နှင့် နေရခဲ့စဉ်က အထိန်းတော် ငခင်ညို၊ ခေင်ပနှင့် ကုနီ





www.burmeseclassic.com

www.burmeseclassic.com

ကူနီသူကြီးဘိုးဒွန်း

ဘိုးရွှေပုံ၊ ဘိုးရွှေပု၊ ဘိုးပန်းစုံ

ဘိုးရွှေပုံ — မခို (ဝဋ္ဋမနားကျီတော်စိုး သမြင်ကင်းသူကြီး ဘိုးကျော်သူသမီး[၁])

၁။ ဘိုးမျှားကြီး ခေါ် ဦးမှိုင်း (ကမ်းနီသူကြီး ကျောင်းဒါယကာ[၂]) ၂။ ဘိုးဘား ၃။ မယ်စီ၊ ၄။ မယ်ဘုံ၊ ၅။ မောင်ကောက်ကဲ၊ ၆။ ဘိုးလှဖြူ (ဘိုးရွှေပုံမှာ ရှင်ပင်ကူနီ ဘုရားဒါယကာ)

ဘိုးမျှားကြီး ခေါ် ဦးမှိုင်း (ကမ်းနီသူကြီး) — မလှအူ[၃] (ပထမအိမ်ထောင်)

၁။ ဘိုးရာဘော် ၂။ ဘိုးသာညွှတ်
(ဘိုးမျှားကြီး၏ ကုသိုလ်ကမ်းနီရွာရှိ ကျောင်းဆောက်ရန်ခွင့်ပြု စာချွန်တော် ၁၂၀၅ ခုနှစ် မင်းတုန်းမင်း၏ စာချွန်တော်အမိန့်အရ ဘိုးမျှားကြီး၏ အမည်မှာ ရွှေတိုက် တော်စာရင်းအရ ဦးမှိုင်းဖြစ်သည်ဟု သိရသည်။)

ဘိုးဒွန်းက အလောင်းဘုရားတပ် မှာ တပ်မှူးဖြစ်သည်ဟု သိရသည်။
ဘိုးဒွန်း၌ သားသုံးဦးရှိသည်။ ဘိုးပန်းပု၊ ဘိုးရွှေပုံနှင့် ဘိုးပန်းစုံတို့ဖြစ်သည်။

ဘိုးရာဘော် (ကမ်းနီသူကြီး) — မယ်နိုင်[၄]

၁။ မရာ၊ ၂။ မအိမ်၊ ၃။ ဦးအံ့ထော်နီ

မှာနေရစဉ် ကူနီရှိ သူကောင်းများ ပြုစု စောင့်ရှောက်ကြသည်။ မင်းသားဘဝမှ ဘုရင်ဖြစ်သောအခါ ကူနီမှသူကောင်း တို့ လက်ထပ်ထိမ်းမြားသော် ရွှေတစ် ပိဿာနှင့်လယ်တစ်ပွဲကို လက်ဖွဲ့သည်။ ထိုအကြောင်းကြောင့် ကူနီသူကောင်း များက ရွှေတစ်ပိဿာရမျိုးဟု ခေါ်ကြ သည်။

"ဒီအထိတော့ နားလည်ကြပြီ ထင်ပါတယ်။ ကူနီသူကြီးသား ဦးအံ့ ထော်နီ ဆိုတာ ခင်ဗျားတို့ကျုပ်တို့ ကိုးကွယ်တဲ့ တောင်ဦးကျောင်းဒါယကာ ပါ။ ဦးအံ့ထော်နီမိခင် မယ်နိုင်ကလည်း လယ်ကိုင်းမြို့သူကြီး ချမ်းသာပတော့ဘွဲ့ခံ ဦးထွန်းဦးရဲ့နှမပါ။ ကဲ- ဆွေမျိုးစပ်ပြရ တာပေါ့"

ဟု ကျွန်ုပ်က ပြောရသည်။

ချမ်းသာပတော့ဘွဲ့ခံ လယ်ကိုင်း မြို့သူကြီး ဘိုးစံပြိုင်းနဲ့ ဇနီး စလင်း သူကောင်းမ မယ်စီတို့က ဦးထွန်းဦး မွေး ပါတယ်။ မယ်စီရဲ့ ညီမနဲ့ ဘိုးစံပြိုင်း လက်ဆက် ပြန်တော့ မယ်နိုင်၊ မယ်လှိုင် သမီး နှစ်ယောက် ထွန်းကားပါတယ်၊ ကူနီသူကြီးဖိုးရာဘော်နဲ့ မယ်နိုင်တို့က ဦးအံ့ထော်နီကိုမွေးပါတယ်။ လယ်ကိုင်း တောင်ဦးကျောင်းသွားတော့ ကူဖြူ ကျောင်းမရောက်ခင်မှာသွားတဲ့ လမ်းမှာ တွေ့ရတဲ့ မဟာဘတ္တရာဇာဘုရားက ဘိုးဆွယ်လာခေါ် ဦးမင်းဆွယ် တည် ပါတယ်"

ဟု ပြောပြရ၏။

အဘိုးတော်သူ ဦးအံ့ထော်နီ၏ ပြောပြချက်အရ အသက် (၁၁)နှစ်သား တွင် နေပြည်တော်၌ ပညာသင်ကြား သည်။ ကင်းဝန်မင်းကြီးနှင့် ယောအ တွင်းဝန်တို့ ညွှန်ကြားမှုအောက်တွင် ပညာသင်ရသည်ဟု သိရသည်။ ပုန်ကန် သော ရှမ်းသူပုန်ကို နှိမ်နင်းရာ ထူးချွန် စွာ စွမ်းရည်ပြ၍ သမန္တသီရိဝဏ္ဏကျော် ခေါင်ဘွဲ့ရသည်။ ကသာမြို့ဝန်အဖြစ် ခန့်အပ်ခံရသည်။ သို့သော် နေပြည် တော်၌ အမှုထမ်းရသည်။

အရှင်နှစ်ပါး ပါတော်မူပြီးသည့် နောက် လယ်ကိုင်းသို့ပြန်လာရာ ချမ်း သာပတော့ဘွဲ့ခံ လယ်ကိုင်းမြို့သူကြီး ဦးထွန်းဦးနှင့် စလင်းသမန္တဘွဲ့ခံ ဦးညို တို့က ဗြိတိသျှလက်အောက်တွင် တာ ဝန်ထမ်းဆောင်ရန် ဆန္ဒမရှိ၍ မြို့သူ ကြီးရာထူးမှ နုတ်ထွက်ကြသည်။ ဦးညို ၏ ညီအရင်းမှာ စလင်းပုံ့နင်းကြီး ဦးဖိုး ဦး ဖြစ်သည်။ မင်းလှခံတပ်တွင် ဗြိတိ သျှတပ်ကို ခုခံရင်း ကျဆုံးခဲ့သည်။ ဦးညိုနေရာတွင် မည်သူ့ကိုခန့်သည် တော့မသိ။ မြို့သူကြီးလုပ်မည့်သူကို ငွေ ပေးပြီး တပည့်တစ်ဦးကိုလုပ်ခိုင်းခဲ့သည် ဟု သိရသည်။ လယ်ကိုင်းမြို့သူကြီး အရာကို ဦးထွန်းဦးသမက် ဦးအံ့ထော် နီက လုပ်ရလေသည်။

လယ်ကိုင်းမြို့သူကြီးအရာထမ်း၍ မကြာမီ ဦးအံ့ထော်နီကို ဗိုလ်ဥတ္တမအဖွဲ့ မှ လယ်ကိုင်းမြို့ဝင်ရောက်စီးနင်းပြီး ဦး အံ့ထော်နီကို ဖမ်းခေါ်သွားသည်။ လေ ရက်ခန့်ရှိသောအခါ ဦးအံ့ထော်နီ ညီ

ဘိုးကျော်လှ (ချမ်းသာပတော့) — ဇနီးမမျိုးအောင်[၅]

ဘိုးရွှေဦး (ချမ်းသာပတော့) လယ်ကိုင်းမြို့သူကြီး[၆]

ဘိုးရွှေဦး — မဦးကြွယ်[၇]

၁။ ဦးကြာညို (ဇနီး မဒိုး/စလင်းသူကောင်းမ)
၂။ ဦးသာဒွန်း (မြောင်သွေးသောက်ကြီးသမီး)
၃။ ဦးခိုင် (ဇနီးသမယင်းသူ- မညှာ/သမီး မညို၊ မစီ)
၄။ ဦးမှိုင်း (ဇနီးမှာ စကုမြို့သူကြီး ဘိုးကျင်ချာမယ်ဘွေသမီး မမဲ)
၅။ ဦးသူ (ဝက်မစွပ်မြို့သူကြီးသမီး)
၆။ ဦးအူ
၇။ ဦးရွှေလူ
၈။ ဦးရွှေဖြူ
၉။ ဘိုးရွှေကြူ
၁၀။ မအေး[၈]
၁၁။ မမွေး[၉]



www.burmeseclassic.com

www.burmeseclassic.com

ဘိုးကြာညို (ချမ်းသာပတော့)　　မယ်ဒိုး^၁၀ (ပထမအိမ်ထောင်)

၁။ ဘိုးစံပြိုင်း (ချမ်းသာပတော့) မယ်စီ
၂။ ဘိုးဆွယ်လာ့ (ဘတ္တရာဇာ) မယ်သူကောင်း (ဘခွေး ဦးမှိုင်း/ မယ်ခဲတို့သမီး)

ဘိုးကြာညို (ချမ်းသာပတော့)　　မမအုန်း ဒုတိယအိမ်ထောင် (မယ်ဒိုး၏ ညီမဝမ်းကွဲ) သားသမီးမရ
ဘိုးစံပြိုင်း (ချမ်းသာပတော့)　　မယ်စီ

ဘိုးထွန်းဦး (လယ်ကိုင်းမြို့သူကြီး)　　ဇနီး မကြီးငယ်^၁၂

ဘိုးစံပြိုင်း (ချမ်းသာပတော့)　　မယ်အုံး (မယ်စီ၏ ညီမ)

၁။ မယ်နိုင် ခင်ပွန်းဘိုးရာဘော် (ကမ်းနီရွာသူကြီး)　၂။ ^၁၃မယ်လှိုင်အိမ်ထောင်မပြု

...ဥတ္တမလက်မှ လွတ်လာသည်။ ဦးအံ့ ...ထော်နီက ဗြိတိသျှတို့ထံ ထွက်ဆိုရာ၌ ... ဗိုလ်ဥတ္တမက သတ်ရန် ချုပ်ထား ...ကြီးဖြေပြီး ထွက်ပြေးလာရပါသည် ...ဆိုသည်။ အချို့ကမူ ဗိုလ်ဥတ္တမနှင့် ...ထော်နီတို့တောတွင်း၌ ဆွေးနွေးပြီး ...ောက် ဗိုလ်ဥတ္တမအဖွဲ့က လိုက်ပို့လိုက် ...ဟု ဆို၏။ မင်းကြီး ဥတ္တမနှင့် ...ထော်နီတို့ ထိုရက်အတွင်းဘာတွေ ...ခဲ့သည်ကို ဦးအံ့ထော်နီသည် မှတ် ...တင်ခဲ့သလို မင်းကြီးဥတ္တမလည်း ...ော်ပြောဆိုခြင်းမရှိခဲ့ပေ။

မင်းကြီးဥတ္တမ၏တပ်သည်လည်း ...တို့ စီးသည်။ ပုလိပ်နှင့်စစ်ဘာရီ ... သတင်းရ၍ မန်းချောင်းဘက် ...စောင့်စဉ် တစ်ဖက်မှဝင်ရောက် ...တန်းလျားများကို မီးရှို့သည်။ စကု ...သော ညက မြို့ဝန်ကြီးဦးဆိုင် ...နေသည်။ စကုဝင်စီးသော မင်း ...တပ်မှ ဗိုလ်ရာကျော်မှာ မြန် ...များလက်ထက်က မြို့ဝန်ဦးဆိုင် ... အမှုထမ်းခဲ့သူဖြစ်သည်ဟု ဗြိတိ ... သိသည်။ ထို့ကြောင့် ဦးဆိုင် ...ရာ ကျေနပ်လောက်သော ...သောကြောင့် ဦးဆိုင်ကို ရန် ...နေစေသည်။ သွားလာမှုကို ...ချုပ်နှင့်နေစေသည်။

...ကိုင်းမြို့သူကြီးသစ် ဦးအံ့ ... ငယ်ရွယ်ဖျတ်လတ်သည်။ ...တွင်နေခဲ့သူဖြစ်၍ မင်းရေး ... သိသည်။ ဗြိတိသျှတို့က ... ယုံကြတော့သည်။ ဦးအံ့ ... အနောက်ဘက် သူပိုင် ... ပုလိပ်ဂါတ်ဆောက်စေသည်။ ဗြိတိသျှတပ်များကို ရိက္ခာဖြည့်သည်။ မိမိအိမ်အနီးတွင် တပ်စခန်း ဆောက်စေသည်။ ဗြိတိသျှတပ်၏ အတိုင်ပင်ခံရသည်အထိ ယုံတော့သည်။ ဦးအံ့ထော်နီလက်အောက် ကျေးရွာသူကြီးပေါင်း (၆၀) ရှိသည်။ ဦးအံ့ထော်နီ အမျိုးများသည် ပခန်းငယ်၊ ရေနံချောင်း မြို့သူကြီး၊ စကုမြို့သူကြီး၊ စလင်းမြို့သူကြီး စသည်တို့သည် လူအင်အား၊ ငွေအင်အားတို့နှင့် ပြည့်စုံသည်။

ဦးအံ့ထော်နီသည် မင်းကြီးဥတ္တမကို ဖမ်းပေးသည်ဟု ဗြိတိသျှတို့ရေးသောမှတ်တမ်းများတွင် ပါရှိသည်။ ထိုကိစ္စနှင့်ပတ်သက်၍ အမှန်မှာ မင်းကြီးဥတ္တမ မကျန်းမာ၍ ဦးအံ့ထော်နီက ကျောင်းတော်ရာရှိ ဘုရားနီထဲတွင် ဖွက်ထားကာ လယ်ကိုင်းမြို့ရှိ ခတ်ဆရာကြီး ဦးလုံး(ဆရာသိကြားလုံး)နှင့် လျှို့ဝှက်စွာ ကုသနေစဉ် မင်းကြီးဥတ္တမ မွေးစားသား မောင်ကြာညိုကို လောင်းကစားဝိုင်းတွင် ဖမ်းမိသည်။ ဤတွင် မောင်ကြာညိုဖော်လိုက်လျှင် ဦးအံ့ထော်နီ ဒုက္ခရောက်မည်ကိုသိသော မင်းကြီးဥတ္တမသည် ဦးအံ့ထော်နီကို ဖမ်းစေသည်ဟု သိရသည်။ မင်းကြီးဥတ္တမ မသေမီ နောက်ဆုံးတွေ့လိုသူအဖြစ် ဦးအံ့ထော်နီကို တောင်းဆို၍ မသေမီ တွေ့ဆုံသွားသည်။ သူကိုင်သောဓားကိုလည်း ဦးအံ့ထော်နီအား ပေးခဲ့သည်။ ဦးအံ့ထော်နီနှင့် မင်းကြီးဥတ္တမတို့ ဆက်သွယ်သော စာရွက်စာတမ်း၊ မှတ်တမ်းများ ဦးအံ့ထော်နီထံတွင် လုံးဝမရှိ။ ထိုကိစ္စများသည် မင်းကြီးဥတ္တမနှင့် ဦးအံ့ထော်နီတို့သာ သိပါမည်။

ဦးအံ့ထော်နီသည် မင်းကြီးဥတ္တမ ဖမ်းပေးသည့်အတွက် အိန္ဒိယဘုရင်ခံချုပ်က ငွေဓားဆုပေးသည်။ မြို့အုပ်ရာထူးပေးသည်။ မင်းကြီးဥတ္တမဖမ်းမိပြီးသောအခါ ခြေချုပ်နှင့်ထားသူ စကုမြို့ဦးဆိုင်လည်း ခြေချုပ်မှလွတ်၍ စကုမြို့၌ လွတ်လပ်စွာနေခွင့်ပြုသည်။

ဗြိတိသျှတို့သည် ဦးအံ့ထော်နီကို မင်းကြီးဥတ္တမဖမ်းရာ၌ မင်းကြီးဥတ္တမနှင့် မကျန်းမာ၍ ပြုစုသူတစ်ဦးသာ ဖမ်းမိသည်ကို ယုတ္တိမရှိ။ အလွန်ထူးဆန်းအံ့ဖွယ်ဖြစ်သည်။ နောက်တစ်ချက်မှာ မင်းကြီးဥတ္တမသည် ဗြိတိသျှများလှုပ်ရှားမှုများကို ကြိုသိနေသောအချက်ကိုလည်း မကျေနပ်။ ထိုအချက်တို့ကို ဗြိတိသျှဝန်ရှင်တော်မင်းကြီး ဆာချားလ်ခရက်ဝ့ ရေးသားသော Pacification of Burma တွင် ဖော်ပြရာ၌ -

*"Oktama no doubt had a capacity for organization and the people recognized him as a leader of them, otherwise it is difficult to conceive how in a short time he secured their allegiance x x. Oktama assumed the title of Commissioner (Min Gyi) and created the regular system of government He had five lieutenant under him, to whom defined portions of the country were entrusted. His Intelligence department was perfect. If the British troops showed a sign of movement, warning was sent from vilage to village and reached Oktama in time for him to shift his camp. The*



www.burmeseclassic.com

www.burmeseclassic.com

*organization was very strong.*

မင်းကြီးဥတ္တမ၏ အင်အား တောင့်တင်းမှု၊ သတင်းဆက်သွယ်မှု စနစ်၊ ထောက်လှမ်းမှုတိကျပုံကို ရေးသား တင်ပြခဲ့သည်။ တစ်ဖန် ဆက်လက်၍ -

*"The sequel I will give in Mr. Hartnoll's[14] works," His (Oktama) power had gradually grown less and less from the time, but the difficulty has always been to get information of him leaders. The villagers would give no aid or information."*

မင်းကြီးဥတ္တမ သတင်းကို စုံစမ်းမရသည်ကိုလည်း မကျေနပ်ခဲ့ကြောင်း ထိုအချက်ကိုလည်း အံ့ဩရသည်။ ကျေးရွာသားတစ်ဦးကမျှ သတင်းမပေးသည်ကို နောက်ကွယ်မှ ဩဇာအာဏာရှိသူ တစ်ဦးတ ကြိုးကိုင်နေသည်ဟု ထင်ရသည်။

မင်းကြီးဥတ္တမကို ဖမ်းဆီးရာ၌လည်း မယုံကြည်ကြောင်းကို ဤသို့ -

*"They came upon Oktama sitting despairing by the Pagoda with only one follower. It was a tragic picture. When Burmans shall paint historical scenes for the galleries at Rangon or Mandalay or write on the evnets following the fall of their King," Oktama at the golden pagoda" will be favorite heme for balled or drama (Pya Zat).*

ဥတ္တမကို ဘုရားအနီး နောက်လိုက်တစ်ဦးနှင့် စိတ်ပျက်စွာထိုင်နေလျက်တွေ့၍ ဖမ်းခဲ့သည်။ အလွန် ဝမ်းနည်းဖွယ်ကောင်းသောရှုခင်းဖြစ်သည်။ ဤရှုခင်းကို ပန်းချီရေး၍ ရန်ကုန်/ မန္တလေးရှိ ပန်းချီပြပွဲမှာ ပြလျှင်ကောင်းမည်လား၊ ပြဇာတ်များလည်း ပြကြဦးမည်-

ဟု သူမကျေနပ်ချက်ကို ပြသည်။

မင်းကြီးအား ဖမ်းမိသော်လည်း သူ့ လက်ရုံးများကား မမိသေး။ သို့အတွက် ဦးအံထော်နီကို အောက်ဆိပ်သို့ ပြောင်းသည်။ မသက်သာသူဖြစ်၍ ဆောသို့ မြို့ပိုင်အဖြစ်ပြောင်းရသည်။ ၁၉၀၄ ခုနှစ်တွင် ဦးအံထော်နီသည် အလုပ်မှထွက်သည်။ မယ်အံထော်နီသည် မကျန်းမာသဖြင့် ရန်ကုန်သို့ ဆေးကုသွားသည်။ အပြန်တွင် စကုမြို့မှ မန်းချောင်းမြောက်ဘက် ဥယျာဉ်ကျစ်ရွာအရောက် တွင် ကွယ်လွန်သည်။

မြန်မာနှစ် ၁၂၆၆ ခု၊ တော်သလင်းလဆန်း ၁၁ ရက်နေ့၊ ခရစ်နှစ် ၁၉၀၄ ခု၊ စက်တင်ဘာလ ၁၉ ရက် နံနက် (၇း၃၀) တွင် တောင်ဦးကျောင်းအမ မယ်အံထော်နီသည် အသက် (၄၆) နှစ်၌ ကွယ်လွန်သည်။ တော်သလင်းလဆုတ် ၃ ရက်နေ့တွင် လယ်ကိုင်းမြို့ အနောက်ဘက်သံချိုင်းတွင် မြှုပ်နှံသည်။ နှစ်စဉ် ထိုနေ့ တော်သလင်းလဆန်း ၁၁ ရက်နေ့တွင် သားသမီးများက ဆွမ်းကျွေးသမှုပြုခဲ့ပါသည်။

လယ်ကိုင်းမြို့ သူကြီးအရာကို ဦးအေးကြီး ဆက်ခံသည်။ သတင်းအရ မင်းကြီးဥတ္တမ၏ ဗိုလ်တစ်ဦးဖြစ်သူ ဗိုလ်ခံသီးအားဖမ်းရန် ဦးအေးကြီးအား နောင်လာသည့် မြို့အုပ်က အမိန့်ပေးသည်။ ဦးအေးကြီးက မဖမ်းလို၍ တစ်အိမ်တစ်ယောက် ဗိုလ်ခံသီးဖမ်းရန် လယ်ကိုင်းရှိ လူများကိုခေါ်သည်။ ဗိုလ်ခံသီးဖမ်းရန် တောကျောင်းကိုဝိုင်းသည်။ ဗိုလ်ခံသီးမှာ ဖျားနာနေ၍ မပြေးနိုင်။ ပုလိပ်များက ဖမ်းသောအခါ ဗိုလ်ခံသီးက ဦးအေးကြီးထံ သူကိုင်သောဓား ပေးအပ်သည်။ ဦးအေးကြီးသည် ဗိုလ်ခံသီးကိုဝှက်ထားသည်ဟု ဗြိတိသျှတို့ကယူဆတော့သည်။ ဦးအေးကြီးကို ထိုကိစ္စနှင့် အရေး ယူရန် သက်သေခံမရှိ။ သို့ဖြစ်ရာ လယ်ဖီလာကွင်းမှ လယ်သမားထံမှ မြေစုဆပိုတောင်းသည်ဟု မြို့အုပ်က အရေးယူပြီး သူကြီးအဖြစ်မှ ရပ်စဲလိုက်သည်။ မြို့သူကြီးစာရေး ဦးကျော်ဒွန်းကို လယ်ကိုင်းမြို့သူကြီးခန့်သည်။ ဦးအေးက စလင်းသို့ ပြောင်းနေသည်။

တစ်ညတွင် လယ်ကိုင်း၌ ရှုန်းရင်းဆန်ခတ်မှုဖြစ်သည်။ မင်္ဂလာဆောင်အိမ်မှ ခဲပေါက်ခံရသဖြင့် ထိန်းပေးပါရန် မြို့သူကြီးကို တိုင်ကြားလာသည်။ ကိုကျော်ဒွန်းက လိုက်ပါ၍ ခဲပေါက်သူတို့ကို ဖမ်းသည်။ ဤတွင် မြို့သူကြီးနှင့် ခဲပေါက်သည်ဟု စွပ်စွဲသူများ အပြန်အလှန်ပြောရာမှ ရှုန်းရင်းဆန်ခတ်မှုဖြစ်တော့သည်။ မြို့သူကြီးသစ် ဦးကျော်ဒွန်း အသတ်ခံရသည်။ ညဝိုင်းဖြစ်၍ မည်သူကြောင့် သေရသည်ဟု မစွပ်စွဲနိုင်။ လူသတ်မှုမှာ မပေါ်ပေါက်။ အရေးယူရန်ခက်ခဲသည်။ လယ်ကိုင်းမြို့တွင် ရုံးစိုက်အုပ်ချုပ်သော လယ်ကိုင်းမြို့အုပ်သည်လည်း လယ်ကိုင်းတွင် ဆက်လက်မနေရဲသဖြင့် ပွင့်ဖြူရွာသို့ ပြောင်းရွှေ့ရုံးစိုက်ရတော့သည်။ သို့ဖြစ်၍ မြေတိုင်းမြေပုံများတွင် လယ်ကိုင်းစီရင်စုဟုတွေ့ရခြင်း

ဖြစ်သည်။

ဦးအံထော်နီသည် လယ်ကိုင်းမြို့...
ချမ်းသာပတေ့ဘွဲ့ခံ ဦးထွန်းဦး ဆော...
လုပ်လှူဒါန်းသော ဘားဝပ်ကျောင်း...
ပြန်လည်ပြုပြင်သည်။ ဘားဝပ်ကျော...
သည်လည်း ထိုနည်းတူ ဆင်တဲကျော...
လည်း ပြုပြင်ခဲ့သည်။ ကုံဖြူကျော...
လည်း ပြုပြင်ခဲ့သည်။ နောင်မင်း...
ဥတ္တမဖြစ်မည့် ဦးပဉ္စင်းဥတ္တမလည်း ...
ဖြူကျောင်း၌ စာဝါတက်ခဲ့သည်။ ပ...
ဆေးကန်ဆရာတော် ဦးဥတ္တရလ...
ဘားဝပ်ကျောင်းတွင် စာဝါတ...
သည်။ ပထမတောင်ဦးကျောင်းနေ...
တွင် ဦးအံထော်နီက တောင်ဦးကျော...
ကို ပြင်ဆင်ဆောက်သည်။ ဘတ္တရာ...
ဦးမင်းဆွယ် တည်ခဲ့သော ဘတ္တရာ...
ဘုရားလည်း ပြင်ဆင်သည်။ ဦးအံထော်...
နီသည် နောက်ပိုင်းတွင် ကူနီရှိ ရှင်...
ဘုရားနှင့် အဘိုးဖြစ်သူ ကူနီသူ...
ဦးမျှားကြီးခေါ် ဦးမှိုင်း ဆောက်လုပ်...
ဒါန်းခဲ့သည့် ကူနီကျေးရွာဦးကျော...
ကြီးကို ပြင်ဆင်ပါသည်။ ထိုကျော...
ပြင်ဆင်နေစဉ် ဦးအံထော်နီသည် ...
မွေးရာဇာတိ ကူနီရွာတွင် ကွယ်...
သည်။ သေဆုံးသည့်နေ့ရက်၊ ခုနှစ်...
အသေအချာမသိရသော်လည်း ...
၁၉၁၈ နေ့စွဲပါ အိန္ဒိယနိုင်ငံ စစ်ရန်...
ထည့်ရသော လက်ခံစာအရ ၁၉...
နောက်မှ ကွယ်လွန်သည်ဟု ယူ...
မည်ဖြစ်၏။ မယ်အံထော်နီနှင့် မ...
နှောင်း မွေးသည်ဟု ဆိုရာ ဦးအံထော်...
သည် အနည်းဆုံး အသက် (၆၀) ...
အထိ နေခဲ့သည်ဟု ယူဆပါသ...
စလင်းမြို့တွင် ရှင်ပင်ကူနီဘုရားကို...
ပြင်ခဲ့သည်။ အုတ်တန်ဆောင်း...
ဆောင်ကိုလည်း ဆောက်လုပ်လှူ...
သည်။

ဦးအံထော်နီနှင့် မင်းကြီးဥ...
ပတ်သက်၍ မည်သည့်မှတ်တမ်း...
မထား။ မှတ်တမ်းမရှိ။ အထောက်...
တို့တာဝန်မှာ သိုသိပ်စွာနေနိုင်မှု...
သည်။ ဦးအံထော်နီသည် အများ...
ဝယ် ဗြိတိသျှလိုလားသော အ...
အလိုတော်ရိတစ်ဦးသာဖြစ်၍ သူ...
စရိုက်လုပ်ရပ်ကို မြန်မာဘုရင့်တ...
ဟောင်းပီပီ လူသိခံမည် မဟု...
ကြောင်း ခန့်မှန်းရသည်ကို သား...
ညီဖြစ်သူအား ရှင်းလင်းပြပါသည်...

မောင်ပွင့် မြင်းလှည်းက ပွ...
ဝင်လာသည်။ ထမင်းစားချိန်ရော...
သို့ဖြစ်၍ ကျွန်ုပ်တို့လေးဦးသည်...



www.burmeseclassic.com

www.burmeseclassic.com

စွမ်းထက်နောင်

# ထိပ်ကပ်နာပျောက်ကင်းစေသည့် ဆယ့်နှစ်ရာသီအပွင့်

စာရေးသူ၏ အိမ်ရှေ့တွင် အဝါ [illegible]အပွင့်ပွင့်သည့် ဆယ့်နှစ်ရာသီပင် [illegible]ရှိပါသည်။ ခေါင်းလောင်းပုံ အဝါ [illegible]န်းပွင့်များကို မကြာခဏ လာ [illegible] တောင်းခံခဲ့သည်များရှိခဲ့ပါ [illegible] တောင်းခံခဲ့သည့်သူများကို မျှဝေ [illegible]သည်။

စာရေးသူမှ လှသည့်အတွက် [illegible]ခံသည်ဟုသာ သိရှိထားပြီး တစ် [illegible]တောင်းခံသည်သူများထဲမှ တစ်ဦး [illegible]နာ၍လားမသိ၊ ကြွေကျနေသည့် [illegible]များကို ကောက်ယူနေစဉ် စာရေး [illegible] အပွင့်ကြွေများအစား အပင်ပေါ်မှ [illegible]လတ်ဆတ်ဆတ်ကို ခူးယူရန် [illegible]သည့်အခါ ဆေးဖက်ဝင်သည့်အ [illegible] ‌ေမြာသဖြင့် ကောက်ယူနေခြင်း [illegible]ကြောင်း ပြန်ပြောရာ စာရေးသူက [illegible] အစေ့၊ အရွက်၊ အကိုင်းအခက် [illegible]အစေးသည် အဆိပ်သင့်နိုင် [illegible]ပြောပြရာ ထိုသူမှ အပွင့်ကိုရှူ [illegible] အပွင့်ကိုခြေမွပြီး အနံ့ကိုရှူရှိုက် ပါက နှာခေါင်းပိတ်မှု၊ နှာစေးနေမှု၊ ထိပ်ကပ်နာရောဂါများ ပျောက်ကင်းကြောင်း ပြောပြခဲ့ပါသည်။

တစ်နေ့ အာရောဂျမဂ္ဂဇင်းပါ ပတ်ဝန်းကျင်မှ အဆိပ်ပင်များအကြောင်းကို ဖတ်ရှုမိတော့မှ ဆယ့်နှစ်ရာသီအပင်၏ အရွက်အခေါက်၊ အမြစ်၊ အသီး၊ အပွင့်များကို စားမိလျှင် အဆိပ်ဖြစ်ကြောင်း။ ဆယ့်နှစ်ရာသီအပင်၏ အခေါက်မှ သက်ဗီတင်ခေါ် ပြင်းထန်သောအဆိပ်တစ်မျိုးကို ထုတ်ယူရရှိကြောင်းကို အဆိပ်ဖြင့် အနောက်နိုင်ငံများတွင် အစွမ်းထက်မြက်သော အဖျားဖြတ်ဆေးကို ဖော်စပ်အသုံးပြုကြောင်း ရေးသားထား ပါသည်။

အဆိပ်ပင်ဖြစ်သော်လည်း သုံးတတ်သူများအတွက် ဘေးမဖြစ်စေဘဲ ဆေးသာဖြစ်ပေကြောင်း၊ အနာပျောက်ဆေးဖြစ်၊ အမြစ်ကို အမှုန့်ထောင်း၍ ရေနံချေးနှင့် ဖျော်စပ်ကာ လိမ်းပါက နှင်းခူ၊ ဝဲ၊ ပွေးရောဂါများကိုပါ ပျောက်ကင်းစေကြောင်း ဖော်ပြထားပါသည်။ ထို့အပြင် အမြစ် (သို့) အသီးမနှမရင့်ကို ထုထောင်းကာ အဝတ်သန့်ပါးပါးကလေးဖြင့်ထုတ်၍ မြန်မာဆေးကျမ်းများအလို အရ ယားနာအရေပြားရောဂါ အနာပေါက်ခြင်းကိုပျောက်စေသည်။ အပွင့်ကို ရေ၊ သံလွင်ဆီနှင့် ဆီသက်သက်ကျန်အောင်ချက်၍ ယားနာအရေပြားရောဂါကို လိမ်းပေးက ပျောက်ကင်းဟု ဆိုထားပါသည်။

ထိုနည်းစွာပင် အပွင့်ကိုခြေ၍ အနံ့ကိုရှူရှိုက်ပေးလျှင် ထိပ်ကပ်နာလက်တွေ့ပျောက်ကင်းကြောင်း၊ စာရေးသူထံမှ ပန်းပွင့်များတောင်းပြီး အပွင့်အနံ့ကို ရှူရှိုက်သူများစွာမှ ပြောကြားကြောင်း ရေးသား ဖော်ပြအပ်ပါသည်။ ထိပ်ကပ်နာရောဂါသည်များ နှာခေါင်းရောဂါရှိသူများ စမ်းသပ်ကြည့်ပါရန်နှင့် ဆယ့်နှစ်ရာသီအပွင့်၏ရနံ့သည် သင်းသင်းလေးနှင့် မွှေးပါသည်။

စွမ်းထက်နောင်

---

[illegible]၏ ခေါက်ဆွဲဆိုင်တွင် ဝင်ရောက် [illegible]ရေးရင်း နားရပါသည်။ ပြီးလျှင် [illegible]တောသို့ မုန်းချောင်းကူးပြီး သွားရ [illegible] စလင်းမှ မောင်ဘစိန်၊ မောင် [illegible]လှည်းမီလျှင် ကောင်းပါ၏။ [illegible]၍ မောင်ကြွက်ချေးမြင်းလှည်း [illegible]လျှင် စလင်းသို့ ည (၉)နာရီ [illegible]မှ ရောက်ပေတော့မည်။

အနောက်တံခါးမှူးမောင်မှူး

[illegible] ယ်ခိုမှာ ဘိုးကျော်သူနှင့် မယ် [illegible]ယ် (ဒုတိယအိမ်ထောင်)တို့၏ [illegible]မီး (စလင်းသူကောင်း)

[illegible]စာတမ်း၌ ပုရပိုက်အရဘိုးမျှား [illegible]ခေါ် ဦးမှိုင်းအား ဘိုးမျှားကြီး [illegible] ဖော်ပြပါသည်။

၃။ မလှအူမှာ ဘိုးသာနွေနှင့် မမဲတို့၏ သမီး။

၄။ မယ်နိုင်မှာ လယ်ကိုင်းမြို့သူကြီး ချမ်းသာပတော့ဘွဲ့ခံ ဘိုးစံပြုံးနှင့် စလင်းမှ သူကောင်းမ မယ်အုံးတို့၏ သမီး။ (လယ်ကိုင်းမြို့သူကြီး ဦးထွန်းဦး၏ အဖေတူအမေကွဲနှမ၊ ဦးထွန်းဦးမှာ မယ်အံထော်နီ၏ ဖခင်ဖြစ်၏။)

၅။ ရေနံချောင်းမြို့သူကြီး ဦးခိုင်၏ သမီး (ဘိုးကျော်လှမှာ ဟံသာဝတီ ပါမင်း အရေးတော်ပုံတွင် တိုက်ပွဲကျသည်။)

၆။ အလောင်းမင်းတရား၏ တပ်မှူးတစ်ဦး ဖြစ်သည်။

၇။ မဦးကြွယ်မှာ ရေနံချောင်းမြို့သူကြီးမင်းဘိုးတူ၏ သမီး။

၈။ မအေး၏ခင်ပွန်းမှာ ရေနံချောင်းမြို့သူကြီးဘိုးဌေး။

၉။ ကမ်းနီရွာသူကြီး၏ညီ ဘိုးပန်းရုံ။

၁၀။ မယ်ဒိုးမှာ စလင်းသူကောင်း-ဆိတ်ကြီးသူကြီး ဦးမိုး၊ ဒေါ်ရှာတို့၏ သမီး။ (ရှင်ပင်ကူနီဘုရားအရှေ့ဘက်စေတီ၊ လောကမှန်ကူဘုရား ဒါယကာများ)။

၁၁။ လယ်ကိုင်းမြို့သူကြီး ပထမတောင် ဦးကျောင်းနှင့် ကျောင်းတိုက်ဒါယိကာမ မယ်စီမှာ စလင်းသူကောင်း။

၁၂။ မကြီးငယ်မှာ ဦးထွန်းဦး၏ဘဒွေး၊ ဘိုးဆွယ်လာနှင့် မယ်သူကောင်းတို့၏ သမီး။

၁၃။ ဦးအံထော်နီ၏ မိဘများ

၁၄။ Deputy commissioner of Min Bu.



www.burmeseclassic.com

www.burmeseclassic.com

ညီတော်အာနန္ဒာ အရှင်မြတ်ကြီးသည် ငါးရာ့ငါးဆယ် သတ္တကနိပါတ် ကုက္ကုဝဂ် သုတနုဇာတ်တော်တွင် ပြဟ္မဒတ်မင်းအဖြစ်ဖြင့် မိခင်အတွက် အသက်စွန့်ရန် ကြိုးစားခဲ့သော ဘုရားအလောင်းတော် သုတနုလုလင်အား စစ်သူကြီးအရာထား၍ မြှောက်စားခဲ့ပေသည်။

ထိုဇာတ်တော်၌ ဘုရားအလောင်းတော်သည် ဗာရာဏသီမြို့တော်မှာ သုတနု မည်သော ဆင်းရဲသားတစ်ယောက်ဖြစ်ခဲ့၏။ သုတနုလုလင် အရွယ်ရောက်ချိန်တွင် ဖခင်ဖြစ်သူမှာ ကျန်းမာရေးချို့တဲ့လာသဖြင့် သားဖြစ်သူ သုတနုလုလင်က သူတစ်ပါးအိမ်တွင် အခစားအလုပ်ကို လုပ်ကိုင်၍ မိဘ

## ညီတော်အာနန္ဒာ၏ပါရမီဇာတ်လမ်းများ

# ၁၀

# ဝဏ္ဏသိရိ

## မိခင်အတွက် အသက်သေသေ





www.burmeseclassic.com

www.burmeseclassic.com

[illegible]ကို ကျွေးမွေးပြုစု၏။ သူတစ်ပါး[illegible] တစ်နေ့ကုန်တစ်နေခန်း ပင်ပန်း[illegible] အလုပ်ကြမ်းတွေလုပ်ခဲ့ရသော်[illegible]ည်း တစ်နေ့တာလုံးအတွက် လုပ်[illegible]မှာ အသပြာနှစ်ပြားမျှသာ ဖြစ်[illegible] နှစ်ပြားသော ငွေအသပြာဖြင့်[illegible] သုံးယောက်တို့မှာ မသေရုံ[illegible]မျှတ၍ စားသောက်ကြရပါပေ[illegible]

ထိုအချိန်တွင် ညီတော်အာနန္ဒာ[illegible] အလောင်းလျာသည် ဗြဟ္မဒတ် ဟု[illegible] မင်းစဉ်မင်းဆက် ခံယူမြဲဘွဲ့မည်[illegible] ဗာရာဏသီမြို့တော်၌ ထီးနန်းစိုးစံ[illegible]ရှိပေသည်။

ထိုဗြဟ္မဒတ်မင်းသည် တောက[illegible]ါသနာထုံ၍ တိုင်းရေးပြည်ရေးကိစ္စ[illegible] တောကစားထွက်ရေးကို ပို၍[illegible]ထား၏။ သူ တစ်ခါ တောကစား[illegible]လျှင် တိုင်းသူပြည်သားအများကို[illegible] တတ်၏။ သမင်များ ကျက်စား[illegible] တောအုပ်နားသို့ရောက်လျှင်[illegible]ဒတ်မင်းသည် ပါလာသည့်လူများ[illegible] တောအုပ်ကို ဝိုင်းပတ်ထားရန်[illegible]ပေး၏။ အကြားအလပ်မရှိအောင်[illegible]တ်မိသောအခါ လူများက အတွင်းဘက်သို့ တဖြည်းဖြည်းစုကာ နှုတ်မှလည်း သောသောညံအောင် အော်သံပေးကြရ၏။ ပါလာသမျှသောလက်နက်များဖြင့် သစ်ပင်များကို ရိုက်ပုတ်၍ ခြောက်လှန့်ကြရ၏။

သမင်တို့နေရာအဝန်းအဝိုင်းက ကျဉ်းသည်ထက်ကျဉ်းလာသောအခါ အတွင်းမှာ ပိတ်မိနေကြသောသမင်များမှာ လွတ်မြောက်ရေးအတွက် ထွက်ပေါက်ကိုရှာကြရ၏။ သို့ရာတွင် ဗြဟ္မဒတ်မင်းက မိမိအတွက် တာဝန်ကျသောတာအတွင်းက သမင်ထွက်ပြေးလျှင် ထိုသူကို အပြင်းအထန်အရေးယူမည်ဟု ကြေညာထားသဖြင့် ဝိုင်းထားသည့်လူများမှာ ကိုယ့်တာကို ကိုယ့်ဘာသာ လုံခြုံအောင် အထူးလုံ့လစိုက်၍ စောင့်ရှောက်ကြရပေသည်။

ဝိုင်းမိထားသည့် သမင်အုပ်ထဲက သမင်တစ်ကောင်သည် အခြားနေရာက ထွက်ပေါက်မရနိုင်သဖြင့် ဗြဟ္မဒတ်မင်း စောင့်ကြိုနေသောနေရာသို့ ပြေးဝင်လာ၏။ ဗြဟ္မဒတ်မင်းကလည်း အလွတ်မပေးသေးဘဲ အသင့်ကိုင်ထားသောလေးဖြင့် ပစ်လိုက်၏။ သို့ရာတွင် သမင်က ပါးနပ်စွာ ရှောင်တိမ်းလိုက်သဖြင့် တစ်ဟုန်ထိုးပြေးဝင်လာသော မြားမှာ တလွဲတချော်ဖြစ်သွားရ၏။ ဤတွင် ပါလာခဲ့သောလူများက -

"ရွှေသမင်ဘယ်ကထွက်၊ မင်းကြီးတာကထွက်"

"ရွှေသမင်ဘယ်ကထွက်၊ မင်းကြီးတာကထွက်"


ဤသို့ တစ်ယောက်တစ်ပေါက် ရွတ်ဆို၍ သရော်ပြက်ချော်ပြုကြလေရာ-

"ဟေ့- ဒီသမင် ငါ့လက်ကမလွတ်စေရဘူးကွ"

သို့ဖြင့် ဗြဟ္မဒတ်မင်းက အရှက်ပြေ တုံ့ပြန်ပြောဆိုကာ ပြေးထွက်သွားသောသမင်နောက်သို့ တစ်ဟုန်ထိုးပြေး၍လိုက်၏။ ပါလာသမျှ အမှုထမ်းများမှာ ရုတ်တရက် ဘာလုပ်ရမည်မသိဘဲသည်အတိုင်း ရပ်ကြည့်နေရစ်ကြရ၏။ ကြည့်ရင်းကြည့်ရင်းနှင့်ပင် ဗြဟ္မဒတ်မင်းကို မျက်ခြည်ပြတ်သွားကြရ၏။

သူတို့နှင့် အဝေးတစ်နေရာတွင်ကား ပြေးသူနှင့် လိုက်သူတို့၏ အားစမ်းပွဲက အရှိန်ကောင်းနေ၏။ ခရီးတောင်တာတော်တော်ပေါက်လာသောအခါတွင်မူ ပြေးသူဘက်က ပြေးအားလျော့လာ၏။ လိုက်သူဘက်ကမူ အားကောင်းမြဲကောင်းနေ၏။ ထို့ကြောင့် လိုက်သူနှင့် ပြေးသူတို့ တဖြည်းဖြည်း နီးကပ်လာ၍ မြားတစ်ပစ်စာအတွင်းရောက်လာ၏။ ဤတွင် ဗြဟ္မဒတ်မင်းသည် ပြေးလိုက်နေရာမှ ရုတ်တရက်ရပ်၍ ချိန်သားကိုက်ကိုက်နှင့် ပစ်ချလိုက်ပါတော့သည်။

မြားဒဏ်ချက်ဖြင့် အသက်ငင်နေသောသမင်ကို ဗြဟ္မဒတ်မင်းက အသင့်





www.burmeseclassic.com

www.burmeseclassic.com

ပါလာသော သန့်လျက်ဓားဖြင့် နှစ်ပိုင်းဖြတ်ကာ တုတ်ခိုင်ခိုင်တစ်ချောင်းကို ထမ်းပိုးလုပ်၍ ထမ်းလာ၏။ ဤသမင်သေသည် ညစာအတွက်သက်သက် မဟုတ်ပါ။ လိုက်ပါလာသည့်လူများထံ အရှက်ပြေပြစရာဖြစ်၏။ ထို့ကြောင့်လည်း ပြည့်ရှင်မင်းဖြစ်ပါလျက် တပင်တပန်းထမ်းလာခဲ့ခြင်း ဖြစ်ပါသည်။

နေမင်းကပူပူ၊ ခရီးကကြမ်းကြမ်း ထမ်းလာခဲ့ရသည့် အမဲကောင်ကလည်း လေးလှပါ၏။ သို့ဖြစ်၍ ဗြဟ္မဒတ်မင်းသည် အရိပ်ကောင်းလှသော ညောင်ပင်ကြီးတစ်ပင်နားသို့ ရောက်သောအခါ ညောင်ပင်အောက်သို့ဝင်၍ အရိပ်ခိုကာ အနားယူရ၏။ ညောင်ပင်အမြစ်ဆုံတစ်ခုပေါ်မှာထိုင်၍ ညောင်ပင်၏ပင်စည်ကိုမှီ၍ အနားယူသောသဘောဖြင့် မျက်လုံးကို မှေးမှိတ်လိုက်လေရာ တစ်ခဏအတွင်းမှာပင် အိပ်မောကျသွားပါတော့သည်။

အိပ်မောကျရာမှ နိုးလာသောအခါ နေတော်တော်စောင်းသွားပါပြီ။ သို့ဖြစ်၍ ဗြဟ္မဒတ်မင်းသည် ဖုတ်ဖတ်ခါ၍ထလာပြီးလျှင် သမင်အသေကောင် နှစ်ပိုင်းကို ထမ်းလျက် ညောင်ပင်အောက်မှထွက်ရန် ဟန်ပြင်လိုက်ရာ -

"ဟေ့လူ၊ ရပ်လိုက်စမ်း။ 'မင်း ငါ့အစာဖြစ်နေပြီ"

ညောင်ပင်အကိုင်းပေါ်မှ ရုတ်တရက် ကြောက်မက်ဖွယ်အသံကြီးပေါ်ထွက်လာ၏။ မမျှော်လင့်သောအသံဆိုးကြီးကြောင့် ဗြဟ္မဒတ်မင်း မှင်တက်မိကာနေဆဲမှာပဲ အသံဆိုးကြီးပိုင်ရှင်က ညောင်ကိုင်းပေါ်မှ ဝုန်းခနဲ ခုန်ဆင်းလာ၏။ သူသည်ကား လူဆိုးကြီး အဟိသကဘဝမှ ကျွတ်တမ်းဝင်လာမည့် အရှင်အင်္ဂုလိမာလ၏အလောင်းအလျာဘီလူးကြီး ဖြစ်ပါ၏။ ဘီလူးတို့ကိုအစိုးရသော ဝေဿဝဏ်နတ်မင်းကြီးသည် ထိုဘီလူးကြီး၏အမှုထမ်းပုံကို အားရကျေနပ်လှသဖြင့် မဃဒေဝ အမည်ရသော ထိုညောင်ပင်ကို သူ့အတွက် ဆုချ၍ ချီးမြှင့်ထား၏။ ဝေဿဝဏ်နတ်မင်းကြီးက ဤညောင်ပင်ရိပ်အောက်သို့ ဝင်လာသောသူ၊ ဤညောင်ရိပ်ကမြေပြင်မှာ ခြေချ၍ နင်းမိသူ ဤသူတို့ကို အမိဖမ်း၍ စားခွင့်ပေးထားလေသည်။

သို့ဖြစ်၍ မဃဒေဝဘီလူးကြီးသည် မိမိ၏ပါးစပ်ပေါက်သို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာခဲ့သော သားကောင်ကို အရှင်လတ်လတ် ကိုက်ဝါးစားမျိုရန် လက်တစ်ဖက်ကို ဆွဲကိုင်၍ ဖမ်းလိုက်၏။

ဗြဟ္မဒတ်မင်းသည် ရုတ်တရက် တုန်လှုပ် ချောက်ချားသွားပြီးမှ ရာဇက္ကန်ဓြေကိုဆည်နိုင်ရန်ကြိုးစား၍ -

"အို- ဘီလူး၊ သင့်လက်တွင်းမှာ ငါရောက်နေတာမှန်ပါပြီ။ ဒီတော့ သင်ဟာ တစ်ရက်စာပဲစားချင်ပါသလား။ ဒါမှမဟုတ် နေ့စဉ်ရက်ဆက်ကော မစားချင်ဘူးလား"

ဟု မေးလိုက်သဖြင့် -

"အိုး- ဘယ့်နှယ်ပြောပါလိမ့်။ နေ့တိုင်းစားခွင့်ရနေရင်တော့ နေ့တိုင်းစားမှာပေါ့"

"ကောင်းပြီ ဘီလူးကြီး၊ ဒီလိုဆိုရင် ဒီနေ့စာအတွက် ပါလာတဲ့ ဒီသမင်သားကိုစားပါ။နောက်နေ့များမှာတော့ ထမင်းခွက်နဲ့တကွ လူတစ်ယောက်ကို လွှတ်လိုက်ပါ့မယ်။ နေ့တိုင်းနေ့တိုင်း တစ်ယောက်ကျတစ်ယောက်ကျ လွှတ်ပေးပါ့မယ်"

"ကောင်းပြီလေ၊ စားရင်းဝါးရင်း စောင့်ကြည့်ရသေးတာပေါ့။ စားစရာတွေ ဘာတစ်ခုမှရောက်မလာဘူးဆိုရင်တော့ သင်ရှိရာအရောက်လာပြီး စားမှာနော်။ အဲဒါတော့ မြဲမြဲမှတ်သွား"

"ကောင်းပါပြီ အသင်ဘီလူးကြီး။ ကျွန်ုပ်က ဗာရာဏသီမြို့တော်က ဗြဟ္မဒတ်မင်း ဖြစ်ပါတယ်။ တိုင်းပြည်တစ်ခုလုံးရဲ့ အသက်ခန္ဓာကို ပိုင်စိုးနေတာမို့ ဒါလောက်တော့ ဝန်မလေးပါဘူး"

"ဒီလိုဆို သွားပေတော့။ အေး - ကိုယ်ထားခဲ့တဲ့ ကတိစကားကိုတော့ တည်ပါစေနော်"

ဤသို့ ဘီလူးကြီးက လွှတ်ပေးလိုက်သဖြင့် ဗြဟ္မဒတ်မင်းမှာ စောင့်မျှော်နေသူများနှင့် ပြန်ဆုံမိ၏။ ဗာရာဏသီနန်းတော်သို့ ပြန်ရောက်သောအခါ ဗြဟ္မဒတ်မင်းသည် မိမိ၏ လူယုံတော်အမတ်တစ်ယောက်ကို နန်းဆောင်ထဲသို့ တိတ်တဆိတ်ခေါ်ယူ၍ အကြောင်းစုံကို ပြောပြလိုက်ရာ -

"အရှင်မင်းကြီး၊ နေ့ရက်အပိုင်းအခြားကိုကောပြောခဲ့မိပါသေးသလား"

ဟု အမတ်ကပြန်မေးသဖြင့် -

"ကြောက်စိတ်နဲ့တုန်လှုပ်နေတုန်းဆိုတော့ အဲဒါကို မပြောခဲ့ဘူးကွယ်"

"ဒီလိုဆိုတော့ သိပ်ပြီးတော့ ဝန်လေးတဲ့ကိစ္စကြီးဖြစ်နေတော့တာပေါ့။ ဒါပေမယ့် စိတ်မပူပါနဲ့ အရှင်မင်းကြီး။ အကျဉ်းထောင့်ထဲမှာ ချုပ်နှောင်ထားတဲ့ ရာဇဝတ်သားတွေအများကြီးရှိပါတယ်။ သူတို့အထဲ တစ်ရက်ကို တစ်ယောက် လွှတ်ပေးနေရင် အဆင်ပြေသွားမှာပါ"

"ကောင်းပြီ၊ ဒီလိုဆိုရင် အဲဒီကိစ္စကို သင်ကပဲ တာဝန်ယူပြီး ဆောင်ရွက်ပေတော့"

ဤသို့ အာဏာကုန်လွှဲအပ်လိုက်သဖြင့် လူယုံတော်အမတ်သည် ထောင်ထဲမှ ရာဇဝတ်သားတစ်ယောက်တစ်ယောက်ကို ထမင်းခွက်နှင့်တကွ မဃဒေဝညောင်ပင်သို့ စေလွှတ်၏။ စေလွှတ်ခြင်း ခံရသူတို့မှာ မဃဒေဝဘီလူး၏အစွယ်ကြားတွင် အသက်ပျောက်သွားကြရ၏။ ရက်ကြာလာသည်နှင့်အမျှ အကျဉ်းထောင်ထဲက အကျဉ်းသားများ လျော့နည်းလာကာ မဃဒေဝ ညောင်ပင်အောက်တွင် လူ့ရိုးတွေများလာ၏။

ဤသို့ နေ့စဉ်ရက်ဆက်လွှတ်ပေးနေရသဖြင့် တစ်နေ့သောအခါတွင် ထောင်ထဲမှရာဇဝတ်သားတွေကုန်သွား၏။ ဤတွင် လူယုံတော်အမတ်က ကြောက်ရွံ့တုန်လှုပ်နေသော ဗြဟ္မဒတ်မင်းကို နှစ်သိမ့်အားပေးပြီးလျှင် နောက်တစ်မျိုး ကြံစည်ပြန်၏။

ထိုအကြံအစည်အရ ဗြဟ္မဒတ်မင်း၏စီးတော်ဆင်ပေါ်၌ အသပြာတစ်ထောင်ထုပ်ကိုတင်ပြီးလျှင် ဗာရာဏသီမြို့တော်ကြီး တစ်နေ့လုံး လှည့်လည်ကြရ၏။

"မဃဒေဝညောင်ပင်သို့ ထမင်းအပို့သွားနိုင်ပါက ဆင်ပေါ်က ထောင်ထုပ်ကိုယူကြပါ"

ဟု ကြွေးကြော်ကြရ၏။

မဃဒေဝညောင်ပင်သို့ ထမင်းပို့သွားရသည့်လူတိုင်း ပြန်မရောက်နိုင်သည့်သတင်းက ဟိုးလေးတကျော်ဖြစ်နေသဖြင့် ထိုထောင်ထုပ်ကိုယူမည့်သူဟူ၍ ဘယ်လမ်း၊ ဘယ်ရပ်ကွက်ကမှ ပေါ်မလာခဲ့ပေ။ ဤသို့ဖြင့် ထိုစီးတော်ဆင်ကြီးသည် အလောင်းတော် သုတ လုလင်တို့၏တဲကုပ်နားသို့ ရောက်လာပေသည်။

ဤတွင် အလောင်းတော် သုတ လုလင်သည် ဖခင်ကွယ်လွန်သွားပြီဖြစ်၍ မိခင်ကြီးကို ဆက်လက်၍ လုပ်ကျွေးနေ၏။ စားသောက်သည့် ပါးစပ်တစ်ပေါက် လျော့သွားသော်ငြားလည်း လာသည့် တစ်နေ့တာလုပ်အား



www.burmeseclassic.com

www.burmeseclassic.com

အသပြာနှစ်ပြားကမတက်၍ လောက်ငသည့်အဆင့်သို့မရောက်သေးပါ။ ဆင်းရဲတွင်းမှာ နစ်မွန်းမြုနစ်မွန်း၍နေရပါသေးသည်။

သို့ဖြစ်၍ အလောင်းတော် သုတနုလုလင်သည် အမှုထမ်းများထံ ချဉ်းကပ်ပြီးလျှင် ဆင်တော်ပေါ်မှ အသပြာတစ်ထောင်ထုပ်ကို အောက်သို့ချစေ၏။

ဤတွင် မိခင်ဖြစ်သူက အထိတ်တလန့်ဖြစ်ကာ -

"အမေ့သားရယ်၊ အမေ့သားရှာဖွေပြီး ကျွေးနိုင်သမျှနဲ့ အမေ တင်းတိမ်ပါတယ်ကွယ်။ အခုလို အသက်ဘေးနဲ့ ရင်ဆိုင်ရမယ့်အလုပ်မျိုး ကောင်းတာကြီးကိုတော့ မလုပ်လိုက်ပါနဲ့"

ဟု တားမြစ်သဖြင့် -

"အမေရယ်၊ ဒီကိစ္စအတွက် နှစ်ဖက်စလုံး အကျိုးရှိမှာပါ။ အမေ စိတ်မပူပါနဲ့။ တကယ်လို့ ကျွန်တော်က မယဒေဝဘီလူးကြီးကို တရားစကားနဲ့နားချပြီး ချေချွတ်နိုင်ရင် အကောင်းဆုံးပေါ့။ တကယ်လို့ ဘီလူးကြီးအစားခံရတော့လည်း အမေ့အတွက် တစ်သက်လုံးမပူရတော့ဘူးပေါ့"

ဤသို့ ရှင်းပြသော်ငြားလည်း မိခင်ကြီးက သဘောမတူနိုင်ပါ။ ဤတွင် သုတနုလုလင်သည် အမှုထမ်းများကို အခြားသို့ခေါ်လာပြီးလျှင် မိခင်ကြီးမသိအောင် အသပြာတစ်ထောင်ထုပ်ကို ယူထားလိုက်ပါတော့သည်။

အသက်စွန့်၍ သွားဝံ့သူတစ်ဦး ပေါ်ပေါက်လာသဖြင့် အမှုထမ်းများက သုတနုလုလင်ကို ဗြဟ္မဒတ်မင်းရှေ့မှောက်သို့ ခေါ်လာခဲ့ကြ၏။ ဗြဟ္မဒတ်မင်းကလည်း မိမိအသက်ကိုစွန့်၍ မိခင်ကို ပြုစုလုပ်ကျွေးရန် ရဲရဲဝံ့ဝံ့လိုက်လာခဲ့ပုံကို သဘောကျလှ၏။ သို့ဖြစ်၍ မယဒေဝညောင်ပင်သို့ ထမင်းပို့သွားရာတွင် ယူဆောင်သွားရန် လိုအပ်သည့် ပစ္စည်းများကို တောင်းဆိုရန် ခွင့်ပြုလိုက်လေ၏။

အလောင်းတော် သုတနုလုလင်သည် ရွှေခြေချင်း၊ ရွှေထီး၊ လက်စွဲတော်သန်လျက်နှင့်တကွ ပွဲတော်စာတည်ခင်းရာ ရွှေခွက်တို့ကို ပေးသနားပါရန် လျှောက်တင်၏။ ဗြဟ္မဒတ်မင်းကလည်း လိုအပ်သည့်ပစ္စည်းများကိုထုတ်ပေးရန် အမှုထမ်းများအား အမိန့်ချပေးလေ၏။

အလောင်းတော် သုတနုလုလင်သည် မင်းမှုထမ်းတို့ကို အဆောင်အယောင်ပစ္စည်းများကို သယ်ဆောင်စေ၍ မယဒေဝညောင်ပင်သို့ ထွက်လာခဲ့၏။

ညောင်ပင်နားသို့ ရောက်သောအခါ မင်းမှုထမ်းတို့အား လွတ်ရာကျွတ်ရာမှာသာ နေရစ်စေ၍ ညောင်ပင်နားသို့ ချဉ်းကပ်သွားကာ -

"မယဒေဝညောင်ပင်မှာ ကြီးစိုးနေတဲ့ ဘီလူးကြီး။ ပြည့်ရှင်မင်းက သင်စားဖို့ သားပြွမ်းထမင်းကို အပို့လွှတ်လိုက်ပါတယ်။ ထမင်းစားရအောင် ထွက်လာခဲ့ပါတော့"

ဟု ဖိတ်ခေါ်လိုက်၏။

ဤတွင် ညောင်ပင်စောင့်ဘီလူးကြီးက ကိုယ်ထင်ပြကာ -

"အမောင်လုလင်၊ အသားဟင်းလျာနဲ့ပြည့်စုံတဲ့ ထမင်းအုပ်ကို ဒီနားထိအောင် ယူလာခဲ့ပါတော့"

ဟု တိုက်တွန်းလိုက်သဖြင့် -

"အသင်ဘီလူးကြီး၊ အသင်ဆိုတဲ့အတိုင်း သင့်နားရောက်အောင်ယူလာတော့ သင်ကဘာလုပ်မှာလဲ"

"ပထမဆုံးတော့ သင်ယူလာတဲ့ထမင်းကိုစားမယ်။ထမင်းကုန်သွားတော့ သင့်ကိုစားမယ်လေ။ အရင်လာပို့ခဲ့လေသမျှ လူတွေကိုလည်း ဒီလိုစားလာခဲ့တာပဲ"

"အရင်လူတွေစားတုန်းက ဘာမှမဖြစ်ပေမယ့် ကျွန်ုပ်ကိုစားရင်တော့ သင်ဒုက္ခရောက်မယ်"

"အမယ် - လူကလေးက ဘီလူးကြီးကိုတောင် မြှန်ပြီးခြိမ်းခြောက်နေပါပေါ့လား။ ကဲ- ဆိုစမ်းပါဦး၊ ဘယ်လိုဒုက္ခရောက်မယ်ဆိုတာကို"

"အသင်ဘီလူးကြီး၊ အသင်ဘီလူးကြီးထံ ထမင်းပို့လာဝံ့တာက ကျွန်ုပ်တစ်ယောက်တည်းရှိတော့တယ်။ ကျွန်ုပ်ကိုစားလိုက်ရင် ဘယ်သူက လာပို့ရဲတော့မှာလဲ"

"မပို့ရဲတော့လည်း ဘာခက်တာမှတ်လို့ကွာ။ နေ့စဉ်နေ့တိုင်း လူတစ်ယောက်နဲ့ ထမင်းအပို့လွှတ်ပေးဖို့ ကတိပြုထားတဲ့ သင်တို့ရှင်ဘုရင်ကို ဖမ်းစားလိုက်ရုံပေါ့"

"အသင်ဘီလူးကြီး၊ အသင်စားခွင့်ရတာက အသင့်ညောင်ပင်ရိပ်အောက်ရောက်လာတဲ့သူပဲမဟုတ်လား။ ကျွန်ုပ်တို့ရဲ့အရှင်မင်းကြီးက လွတ်ရာကျွတ်ရာရောက်နေပြီလေ"

"ဒီတော့လည်း ဘာခက်သလဲ။ ကိုင်း - မင်းကို စားလိုက်မယ်ကွာ"

"အသင်ဘီလူးကြီး၊ အသင်စားခွင့်ရတာက အသင့်ညောင်ပင်ရိပ်အောက်ဝင်လာတဲ့သူ၊ အသင့်ညောင်ပင်အောက်ကမြေပေါ်မှာနင်းမိတဲ့သူပဲ မဟုတ်လား၊ အခု ကျွန်ုပ်က အသင့်မြေပေါ်မှာ မနင်းဘူး။ အရှင်မင်းကြီးရဲ့ ရွှေခြေနင်းပေါ်မှာ နင်းထားတယ်။ အသင့်ညောင်ပင်ရိပ်မှာ မဝင်ဘူး။ အရှင်မင်းကြီးရဲ့ထီးတော်ရိပ်မှာ ခိုနေတယ်။ ပြီးတော့ ဟောဒီမှာတွေ့တယ် မဟုတ်လား။ အရှင်မင်းကြီးရဲ့ လက်စွဲတော်သန်လျက်"

"သန်လျက်ကဘာလုပ်ဖို့လဲ"

"သန်လျက်က အသင်ဘီလူးကြီးရဲ့ကိုယ်ခန္ဓာကို နှစ်ပိုင်းပိုင်းဖို့ပေါ့"

"အမလေးလေး - တယ်လည်း သတ္တိကောင်းတဲ့ လူငယ်လေးပါလား။ အသင်နဲ့ အခုလိုစကားပြောကြည့်လိုက်တော့ အသင့်ရဲ့ အရည်အချင်းကိုသိလိုက်ရပါပြီ။ သတ်ချင်ဖြတ်ချင်စားချင်ဝါးချင်တဲ့စိတ်တွေပျောက်သွားပါပြီ။ ဒီတော့ အသင်လုလင် ဘေးမသီရန်မခ ပြန်နိုင်ပါပြီ။ အသင့်မိခင်ကြီးနဲ့ ဝမ်းမြောက်ဝမ်းသာတွေ့ဆုံနိုင်ပါပြီ"

"အသင်ဘီလူးကြီးက ပြန်ခွင့်ပြုတာကို ဝမ်းမြောက်ပါတယ်။ ဒါပေမယ့် ကျွန်ုပ်တစ်ယောက်တည်းတော့ မပြန်ချင်ပါဘူး။ အသင်ဘီလူးကြီးကိုလည်း အတူခေါ်သွားချင်ပါတယ်"

"ဟဲ့-ဖြစ်ပါ့မလားကွယ့်။ ငါတို့လိုသားစိမ်းစားငါးစိမ်းစားဘီလူးသဘက်ကို လူတို့ရပ်ရွာက လက်ခံပါ့မလား"

"စိတ်ချပါ အသင်ဘီလူးကြီး။ ရွှေမြို့တော်တံခါးမုခ်မှာ အသင်ဘီလူးကြီးကို နေရာပေးထားဖို့ ဘုရင်မင်းမြတ်ထံ လျှောက်ထားပေးမှာပါ"

ဤသို့ အကျေအလည် ပြောဆိုရှင်းပြပေးပြီးလျှင် အလောင်းတော် သုတနုလုလင်သည် ဘီလူးကြီးကို အပါခေါ်၍ ရွှေနန်းတော်သို့ ပြန်လာခဲ့၏။ ပြည့်ရှင်မင်းကိုယ်တိုင်က ကြောက်ရွံ့နေခဲ့ရသော ဘီလူးကြီးကိုယ်တိုင်က လက်အောက်ငယ်သားတစ်ယောက်ကဲ့သို့ သုတနုလုလင်အား ရိုသေလေးစားစွာ ဆက်ဆံလာရပုံ အကြောင်းစုံကို ထောက်ရှုကာ ဗြဟ္မဒတ်မင်းက သုတနုလုလင်အား စစ်သူကြီးအရာမှာ ခန့်ထားလိုက်၏။ ထို့ပြင် အတူပါလာသည့် ဘီလူးကြီးအားလည်း ရွှေမြို့တော်အတွက် တံခါးမုခ်တွင် နေရာပေးထားပြီးလျှင် ထမင်း ဦးဟင်းဦးတို့ကိုဆက်ရန် အမိန့်ချမှတ်လိုက်လေ၏။


ဝဏ္ဏသီဝိ



www.burmeseclassic.com

www.burmeseclassic.com

# နွယ်မြက်သစ်ပင် ဆေးဖက်ဝင်



ပဒိုင်းခတ္တာပင်

*'ကတိသစ္စာ တည်သောအခါ ဩဇာလေးနက် ပေါ်ဆီတက်၍ နွယ်မြက် သစ်ပင်ဆေးဖက်ဝင်၏'*

မှန်ကန်သော သစ္စာစကားဖြစ်ပါ၏။

ဤကမ္ဘာမြေပေါ်တွင် ပေါက်ရောက်သမျှသော သစ်ပင်ပန်းပင်နွယ်မြက်တို့သည်ကား ဆေးဖက်ဝင်သော ဆေးပင်တို့သာ ဖြစ်ကြပါ၏။

ဤဆေးဆောင်းပါးတွင် ဆုပ်လျှင် စူး၏။ ရှူလျှင် မူး၏။ စားလျှင် ရူး၏။ ထိုဆေးပင်၏ အကြောင်း တစေ့တစောင်း လေ့လာ တင်ပြပါမည်။

ဆုပ်စူး၊ ရှူမူး၊ စားရူးသော အပင်မှာ ပဒိုင်းခတ္တာပင် ဖြစ်ပါ၏။ ပဒိုင်းခတ္တာပင်ကို တချို့က လွယ်လွယ်ကူကူပင် ပဒိုင်းပင်ဟု ခေါ်ဆိုကြပါ၏။

## ဆေးပင်၏ပုံသဏ္ဍာန်

ဆေးပင်မှာ နှစ်ရှည်ခံအပင်ငယ်မျိုးဖြစ်၏။ (၂) ပေမှ (၃) ပေထိမြင့်၏။ အကိုင်းပင်စည်နှင့် ရိုးတံများမှာ ခရမ်းညို ရောင်ရှိ၏။ အကိုင်းဖြာထွက်သည်။ ရွက်လွှဲထွက်၏။ အရွက်အရင်းပိုင်းကျယ်ပြီး အဖျားပိုင်းရှူးပြီး ချွန်သွယ်သွားသည်။ ရွက်ရင်းမှာ မညီမညာ တစ်ဖက်တို တစ်ဖက်ရှည်ဖြစ်နေ၏။ ရွက်ညှာရှည်၏။ ရွက်၏အရောင်မှာ ခရမ်းနုရောင်ရှိ၏။ ရွက်ကြောထင်ရှား၏။ ရွက်နားတွန့်၏။

အပွင့်မှာ ခေါင်းလောင်းသဏ္ဍာန်ရှိ၏။ အပွင့်ကြီး၏။ အတွင်းသားဖြူ၍ အဖျားမှာ ခရမ်းညိုရောင်ရှိ၏။ တစ်ပွင့်ချင်းပွင့်၏။ အချို့အပွင့်များမှာ တစ်ထပ်မှသုံးထပ်အထိရှိကြ၏။ ကဆုန်၊ နယုန်လတွင် ပွင့်ကြ၏။

အသီးမှာ လုံးချင်းသီး၏။ အသီး၏ အချင်းမှာ ၁½ လက်မ၊ နှစ်လက်မအထိရှိ၏။ အသီးပေါ်တွင် ဆူးနုကလေးများရှိ၏။ အစေ့မှာ အနက်ရောင်ရှိ၏။

ပဒိုင်းခတ္တာပင်သည် မြန်မာနိုင်ငံနေရာအနှံ့အပြားတွင် ပေါက်ရောက်ကြ၏။

## ဆေးအတွက်အသုံးပြုပုံမှာ

အရွက်၊ အစေ့၊ အမြစ်တို့ကို အသုံးပြုရပါ၏။ ဆေးပင်၏ ပင်ကိုသဘာဝ အရသာမှာခါး၏။ သက်၏။ စူးရှ၏။ ပူ၏။ အားကိုတိုးစေ၏။ မူးယစ်စေတတ်၏။ အဖျားရောဂါကိုပယ်၏။ နူနာစသော အရေပြားရောဂါ၊ ပိုးနာတို့ကိုနိုင်၏။ သန်ကိုကျစေ၏။ ကိုယ်ရေပြားရောဂါ၊ မြင်းသရိုက်နာ၊ အဆုတ်ပွရောင်နာတို့ကို ပျောက်စေ၏။ လေရောဂါကို ပျောက်ကင်းစေ၏။

## ဆေးအဖြစ်အသုံးပြုရန်

အရွက်ကိုကြိတ်၊ အရည်ညှစ်၍ ရရှိသောသတ္တုရည်ကို မလိုင်ထုတ်ပြီးသား နွားနို့နှင့် ရောစပ်သောက်ပါက ညောင်းကျသောရောဂါ ပျောက်ပါ၏။

အမျိုးသမီးများ နို့တွင်ဖြစ်တတ်သော အပူကျိတ်နှင့် ရောင်ရမ်းခြင်းတို့အတွက် ပဒိုင်းခတ္တာရွက်နှင့် နနွင်းမှုန့်ကို ကြိတ်ပြီးအုံပေးပါ။ ရောဂါပျောက်ကင်းပါ၏။

ပဒိုင်းခတ္တာရွက်ကို ပါးပါးလှီးပြီး နေလှန်းပါ။ ခြောက်သွေ့လာလျှင် ဆေးလိပ်ကဲ့သို့လိပ်၍ သောက်ရှူပါ။ လတ်တလော ပန်းနာရင်ကျပ်ရောဂါ ပျောက်ကင်းပါလိမ့်မည်။ အရွက်ကို မီးကင်၍ ကပ်ပေးပါက အဆစ်ရောင်ရောဂါ၊ အရိုးကိုက်ရောဂါတို့ကို ပျောက်ကင်းပါလိမ့်မည်။

အရွက်အခြောက်ကို ဆေးပေါ့လိပ်၌ ထည့်၍ ဆေးလိပ်သောက်ခြင်းအားဖြင့် ပန်းနာရောဂါသက်သာပျောက်ကင်းပါလိမ့်မည်။

. အစေ့ကိုကြိတ်၍ သွားဖုံးရင်း၌ အနည်းငယ် သိပ်ပေးပါက သွားကိုက်၊ သွားနာရောဂါများ ပျောက်ကင်းပါလိမ့်မည်။ အစေ့ (သို့) အမြစ်ကို ကာမအားတိုးဆေးအဖြစ် အသုံးပြုကြ၏။

ခွေးရူးပြန်ရောဂါအတွက် ပဒိုင်းခတ္တာမြစ်ကို ဆန်ဆေးရည်နှင့်သွေး၍ ဆေးကိုတိုက်ပေးပါ။ အမဲခြောက်ဖုတ်ကို ကျွေးပေးပါ။ ခွေးရူးပြန်ရောဂါပျောက်ကင်းပါလိမ့်မည်။

## ပန်းနာရင်ကျပ်အမြစ်ပြတ်ရှူဆေး

### ဆေးကား

ဂျင်းဆူးပေါက်၊ ပဒိုင်းခတ္တာရွက်ခြောက်၊ ဇာတိပ္ဖိုလ်သီး၊ သူငယ်ချက် တစ်ကျပ်သားစီ စုဆောင်းပါ။

### ပြုလုပ်နည်း

အားလုံးကိုအမှုန့်ပြုထားပါ။

### ကုသနည်း

ဆေးမှုန့်ကို ဆေးတံလေး အသစ်ပြုလုပ်၍ ဆေးတံမှာဆေးကိုထည့်။ မီးတိုက်ပြီး အငွေ့ကိုရှူပေးပါ။ နှာခေါင်းမှအငွေ့ကိုထုတ်ပေးပါ။

### အကျိုးသွား

ပန်းနာရင်ကျပ်သက်သာ ပျောက်ကင်းပါလိမ့်မည်။

### မှတ်ချက်

သူငယ်ချက်ဆိုသည်မှာ မွေးကင်းစကလေးမှာပါရှိသော ချက်ကြိုးပင် ဖြစ်၏။ ပန်းနာရင်ကျပ်ဖြစ်နေသောသူ ကျားဖြစ်နေပါက မ၏ ချက်ကြိုး (ချက်ကြွေ) ကိုထည့်ပါ။ မ ဖြစ်နေပါက ကျား၏ ချက်ကြိုး (ချက်ကြွေ) ကို ထည့်ပါ။

ပန်းနာရင်ကျပ် သက်သာပျောက်ကင်းပါလိမ့်မည်။

*တိုင်းရင်းဆေးပညာ ဗဟုသုတ ပြည့်ဝကုံလုံ ပြည့်စုံနိုင်ကြပါစေ။*

*စေတနာ၊ မေတ္တာများစွာဖြင့် ကျန်းမာချမ်းသာကြပါစေ။*

မဟာနွယ် (မန်းတက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com



အပြုရောင်အလင်းကွက်နဲ့ ရွှေစည်းခုံစေတီထီးတော်အရိပ်ကို အနီးကပ် တွေ့မြင်ရစဉ်

## မဟာရာမိုးကောင်းကင်ယံတွင် ထူးခြားစွာ ထင်ဟပ်ပေါ်ထွက်လာသော

# မုံရွာမြို့ ရွှေစည်းခုံစေတီတော်မြတ်ကြီး၏ ထီးတော်အရိပ်

ညီညီထွန်း(မုံရွာ)

၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ... ကော် မြန်မာနှစ် ၁၃၇၅ ခုနှစ် ...င်းကျွတ်လပြည့် အဘိဓမ္မာအခါ ...နေ့က ညပိုင်း (၈)နာရီခွဲလောက် ... စာရေးသူရဲ့ ညီမဖြစ်သူထံသို့ ဖုန်း ...ပါတယ်။ စာရေးသူတို့နဲ့ ညီအစ် ...ငယ်းတွေလို ခင်မင်ရသူတစ်ဦးထံမှ ... ဆက်သွယ်ပြောပြလာတာက ... မုံရွာမြို့ ရွှေစည်းခုံစေတီတော် ...ထီးတော်အရိပ်ဟာ မိုးကောင်း ...မှာ ထူးခြားစွာ ပေါ်ထွက်နေ ...င်း အဲဒီစေတီထီးတော်အရိပ် ...ရွာမြို့လယ် နာရီစင်အနီးတစ်ဝိုက် ...တော်ခန်းမရှေ့မျက်နှာစာတို့ကနေ ...ကြည့်ရှုလိုက်ရင် တွေ့မြင်နိုင် ...င်း အခုလက်ရှိအခြေအနေမှာ ...နာရီစင်နဲ့ မြို့တော်ခန်းမအနီးမှာ ...ထီးတော်အရိပ်ကို လာရောက် ...ရှုကြတဲ့ ဘုရားဖူးပရိသတ်တွေ ...ကြီးမပေါက်အောင် စည်ကား ...ဆက်ရှိပါကြောင်းနဲ့ အဲဒီ မိုး ...ရွှေစည်းခုံစေတီထီးတော်အရိပ် ဖြစ်ပေါ်နေတဲ့ အကြောင်းကို သတင်းတစ်ပုဒ် ရေးသားပြီး ဂျာနယ်တွေမှာ ထည့်သွင်း ရေးသားနိုင်ရန်အတွက် သတင်းထောက်ဖြစ်သူအစ်ကိုထံသို့ ဖုန်းနဲ့ ဆက်သွယ် ပြောပြလာခြင်း ဖြစ်ပါတယ်။

ရွှေစည်းခုံစေတီထီးတော်အရိပ် ပေါ်ပေါက်ခြင်းနဲ့ ပတ်သက်တဲ့ ဖုန်းသတင်းကို ကြားသိလိုက်ရတယ်ဆိုရင်ပဲ ညီမဖြစ်သူက စာရေးသူတို့ ညီအစ်ကိုအား ချက်ချင်း ပြန်လည် ပြောပြပါတယ်။ ညီမဖြစ်သူရဲ့ပြောပြမှုကို ကြားသိလိုက်ရတော့ သတင်းထောက်ဖြစ်တဲ့ အစ်ကိုဖြစ်သူရော, ဘာသာရေးဆောင်းပါးတွေရေးနေတဲ့ စာရေးသူပါ အချိန်မဆိုင်းဘဲ ချက်ချင်းဆိုသလိုပင် ကင်မရာကိုင်စွဲပြီး စေတီထီးတော်အရိပ်ကိုကြည့်လို့ရမယ့်နေရာတွေဖြစ်တဲ့ နာရီစင်နဲ့ မြို့တော်ခန်းမအနီးသို့ ဆိုင်ကယ်စီးရင်း တက်သုတ်ရိုက် အပြေးအလွှားသွားဖြစ်ပါတော့တယ်။

နာရီစင်နဲ့ မြို့တော်ခန်းမဆီသို့ သွားရောက်ရာ ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီး (မြင်းမူလမ်း) တစ် လျှောက်မှာတော့ သီတင်းကျွတ်မီးထွန်းပွဲတော်သို့ လာရောက် ဆင်ယင်နွှဲပျော်ကြသူတွေ ဥဒဟိုသွားလာစည်ကားနေသလို မီးရှူးမီးပန်းနှင့် ဗြောက်အိုးပစ်ဖောက်သံတွေကိုကြားနေရပါတယ်။ လမ်းမကြီးတစ်လျှောက် စာရေးသူတို့ ဆိုင်ကယ်စီးရင်း မြောက်ဘက်အရပ်ကို ဦးတည်လာခဲ့လိုက်တော့ မြို့လယ်နာရီစင်အနီးလည်းရောက်ရော ဗြောက်ဖောက်သံတွေ နည်းနည်းပါးသွားသလိုဖြစ်သွားပါတယ်။ ဗြောက်ဖောက်သံတွေ ကျဲပါးသွားရခြင်းကို စုံစမ်းကြည့်လိုက်တော့ ထီးတော်အရိပ်ကို လာရောက် ဖူးမြော်သူတွေက မိုးပေါ်ကအရိပ်ကို သေချာကြည့်ရှုလိုတဲ့အတွက် ဗြောက်ဖောက်ခြင်းကို ခေတ္တခဏရပ်ဆိုင်းထားဖို့



www.burmeseclassic.com

www.burmeseclassic.com




**နာရီစင်ကြီးဘယ်ဘက်ရှိ Golden Arrow Hotel ရှေ့မျက်နှာစာတွင်**
**ရွှေစည်းခုံစေတီထီးတော်အရိပ်ကို လာရောက် ကြည့်ရှုကြသူများဖြင့် စည်ကားနေစဉ်**

မေတ္တာရပ်ခံ တောင်းပန်ထားတဲ့အတွက်ကြောင့် အခုလို ဖြောက်ဖောက်သံတွေ ငြိမ်နေရသတဲ့။ ဖြောက်ဖောက်သံတွေ အနည်းငယ် ငြိမ်သက်နေပေမယ့်လို့ အုတ်အော်သောင်းတင်း လာရောက်ကြည့်ရှုနေကြတဲ့ လူသူပရိသတ်ကြီးရဲ့ ထီးတော်အရိပ် ပေါ်ထွက်လာခြင်းနဲ့ ပတ်သက်ပြီး တအံ့တသြဖြင့် ထင်မြင်ချက်အမျိုးမျိုးပေးပြီး ပြောဆိုနေကြတဲ့ အသံတွေကတော့ စီစီညံလျက်ပါ။

စာရေးသူလည်း ထီးတော်အရိပ်နဲ့ ပတ်သက်လို့ ထင်မြင်ချက်အမျိုးမျိုး ပေးပြီး ပြောဆိုနေကြသူတွေထဲက အဒေါ်ကြီးတစ်ဦးထံ ချဉ်းကပ်ပြီး ဘယ်နေရာမှာ ထီးတော်အရိပ်ပေါ်နေပါသလဲလို့ မေးမြန်းမိပါတယ်။ အဲဒီမှာတင် အဒေါ်ကြီးက နာရီစင်ကြီးရဲ့ ညာဘက်ရှိ အနောက်ဘက် မိုးကောင်းကင်ယံပါသို့ လက်ညှိုးညွှန်ပြီး ပြသပါတော့တယ်။ အဒေါ်ကြီးညွှန်ပြရာကို စာရေးသူကြည့်မိလိုက်တော့ မည်းမည်းမှောင်နေတဲ့ မဟာရာရောင်မိုးသားတိမ်တိုက်တို့ရဲ့ ရှေ့တစ်ဝိုက်လောက်မှာ ဖြူမိုင်းမှိုင်းမြူခြေဆိုင်းသလို ဝိုင်းဝိုင်းကွက်ကွက် အဖြူရောင်အခိုးအငွေ့တို့ရဲ့ အလယ်လောက်မှာ ပုဂံကွမ်းတောင်ပေါက်စေတီလိုလို၊ သာမန်မြေစိုက်စေတီလုံးပုံစံလိုလို၊ ထီးတော်ပုံလိုလို အရိပ်တစ်ခု ထင်ရှားစွာ ပေါ်ထွက်နေတာကို တအံ့တသြလှမ်းတွေ့လိုက်ရတော့တာပါ။ ဒီနှစ် သီတင်း




**မီးဆလိုက်ထိုးထားသလို အဖြူရောင်အလင်းတန်းကြီးကို မတွေ့မြင်ရဘဲနှင့်**
**အနောက်ဘက်မိုးကောင်းကင်ယံတွင် ရွှေစည်းခုံစေတီထီးတော်အရိပ်**
**ထူးခြားစွာ ထွက်ပေါ်လာပုံကို မုံရွာမြို့လယ် နာရီစင်ကြီးညာဘက်မှ တွေ့မြင်ရစဉ်**

ကျွတ်လပြည့်ညကတော့ မိုးကောင်းကင်တစ်ခွင်တစ်ပြင်လုံးမှာ မိုးတွေအုံ့ဆိုင်းနေတာကြောင့် လနှင့် ကြယ်တွေကို မတွေ့မမြင်ရဘဲ စေတီပုံလိုလို၊ ထီးတော်လိုလိုအရိပ်ကို ပီပြင်ထင်ရှားစွာ တွေ့မြင်နေရတာပါ။

စာရေးသူအနေနဲ့ မိုးပေါ်က အရိပ်ကို စပြီးကြည့်ခါစက စေတီပုံတော်လား၊ ထီးတော်ပုံလားဆိုတာကို တိတိကျကျ သေသေချာချာ ဝေခွဲလို့မရဘူးပေါ့။ ဒါနဲ့ အနီးမှာရှိနေတဲ့ နောက်ထပ် အမျိုးသမီးကြီးတစ်ယောက်ကို အခု မိုးပေါ်မှာ ထင်ဟပ်နေတဲ့ အရိပ်ဟာ စေတီပုံလား၊ ထီးတော်ပုံလားဆိုတာ အမြင်အတိုင်း ခွဲခြားပြောပြပေးပါ တောင်းဆို မေးမြန်းမိတယ်။ အမျိုးသမီးကြီး ပြန်လည် သုံးသပ် ပြောပြတာကတော့ -

"အန်တီတို့က အရိပ်စပေါ်ပြီး ကတည်းက ဒီနေရာကို ရောက်နေကြတာ။ ဒီရောက်တော့ ညပိုင်း(၇)နာရီ ကျော်ကျော်လောက်ပဲ ရှိသေးတာ။ မိုးပေါ်မှာ အရိပ်ဘယ်လိုဘယ်ပုံစံပေါ်သလဲဆိုတာကိုတော့ အတိအကျမသိသေးပါဘူးပေါ့။ အန်တီတို့ရောက် ရောက်ချင်း စကြည့်တော့ အစပိုင်းမှ



www.burmeseclassic.com

www.burmeseclassic.com

ထက်ပုံလို့ထင်ခဲ့မိပေမယ့် နောက်ပိုင်း ကြည့်ရင်းကြည့်ရင်းနဲ့ စေတီပုံရဲ့အောက် လောက်က ပြန့်ပြန့်ကားကားနဲ့ ဘက်ဘက်ကို စုပြီးချွန်တက်သွားပုံက ဒီတို့ မုံရွာက ဆုတောင်းပြည့် ဘုရားကြီးရဲ့ ထီးတော်ပုံစံနဲ့ အတော် တူနေတာကို သတိထားပြီး ကြည့်မိ တယ်ကွယ့်။ ဒါနဲ့ပဲ အခုပေါ်နေတဲ့အရိပ် ဟာ စေတီထီးတော်ပုံအရိပ်ဆိုတာ သေချာသလောက်နီးနီး ဖြစ်သွားတာ ပေါ့ကွယ်။

အဲဒီလို ဆုတောင်းပြည့်စေတီ ထီးတော်ပုံစံနဲ့တူနေတဲ့အရိပ်ကို အန်တီ ဆက်ကြည့်နေလိုက်တော့ ပြန့်ကား တဲ့ထီးတော်ပုံအောက်ဘက်ပိုင်းဟာ ဖြည်းဖြည်း အတွင်းဘက်ကိုစုသွားပြီး ဘက်ဘက်ကို ချွန်တက်သွားပုံက ရွှေစည်းခုံစေတီထီးတော်ပုံစံနဲ့ အတော် တူသွားတာလေ။ အခု ထီးတော် အရိပ်ပေါ်နေတယ်ဆိုတာက တသတ် တည်းပေါ်နေတာမဟုတ်ဘူး သား ရေ။ ပေါ်လာလိုက်၊ ပြန်ပျောက်သွား လိုက်နဲ့ အဲဒီလို ပေါ်လိုက်၊ ပျောက်လိုက် ဖြစ်နေရင်းကနေ ဆုတောင်းပြည့်စေတီ ထီးတော်ပုံစံဖြစ်နေရာက ရွှေစည်းခုံ ထီးတော်ပုံစံကို တဖြည်းဖြည်းချင်း ပြောင်းသွားတယ်လို့ အန်တီတော့ မြင်မိ တာပဲကွယ်"

အမျိုးသမီးကြီးရဲ့ သုံးသပ်ပြောပြ ချက်ကို ကြားသိလိုက်ရတယ်ဆိုရင်ပဲ စာ ရေးသူလည်း မိုးပေါ်မှာ ထင်ဟပ်ပေါ် လာနေတဲ့ပုံရိပ်ကို သေချာလေ့လာ ကြည့်မိတယ်။ ပုံရိပ်ဟာ မည်းမှောင်နေ တဲ့ မိုးတိမ်တိုက်တွေကြားမှာ ခပ်မှိန်မှိန် အဖြူရောင်အနားကွပ်လေးနဲ့ ပီပီပြင် ပြင်တွေ့ရတာပါ။ ပုံရိပ်ကို ရုတ်တရက် ကြည့်လိုက်ရင် စေတီတော်ပုံအရိပ်လို့ ထင်ရပေမယ့်လို့ ပုံရိပ်ရဲ့ သွယ်လျလျ အနားထိပ်ဖျားကို ချွန်တက်သွားပုံဟာ ရွှေစည်းခုံစေတီရဲ့ ထီးတော်ပုံစံနဲ့ ဆင် တူညီနေတာကို တွေ့မြင်ရတော့ တယ်။ ဒါကြောင့် မိုးပေါ်မှာရှိနေတဲ့ ပုံရိပ်ဟာ စေတီပုံရိပ်မဟုတ်ဘဲ ထီး တော်ပုံအရိပ်ဆိုတာ တပ်အပ်သေချာ သွားလို့ရတော့တာလေ။

စာရေးသူလည်း ထီးတော်ပုံအရိပ် ကို မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးပေးဖို့ အစ်ကိုဖြစ်သူကို အကူအညီတောင်းဖြစ် တယ်။ အစ်ကိုဖြစ်သူကလည်း ထီးတော် အရိပ်ကို သာမန် အသေးစား အော်တို ကင်မရာနဲ့ ရိုက်ကူးခြင်းမဟုတ်ဘဲ စီးပွား ဖြစ်ရိုက်ကူးတဲ့ LUMIX အမျိုးအစား ကင်မရာအကြီးစားနဲ့ အမိအရ သေချာ ချိန်ပြီး ရိုက်ကူးတာပါ။ ဒါပေမယ့် နာရီစင်ရဲ့ ညာဘက်ရှိ အနောက်ဘက် အရပ်က မိုးပေါ်ကို ဓာတ်ပုံရိုက်ကူးချိန် ဟာ ထီးတော်အရိပ်က ခပ်မှိန်မှိန်အနေ အထားမှာရှိနေတာကြောင့် ဓာတ်ပုံရိုက် ပြီး ပုံထွက်ပြန်ကြည့်တဲ့အခါ ဓာတ်ပုံ ထဲမှာ ထီးတော်ပုံအရိပ်ဟာ မပီပြင်ဘူး ဖြစ်နေပါတယ်။ ဒါနဲ့ ဓာတ်ပုံကောင်း ကောင်းရိုက်လို့ရမယ့်နေရာကို ရှာကြည့် မယ်လို့ ကြံစည်စဉ်းစားနေတုန်း နာရီ စင်ကြီးရဲ့ ဘယ်ဘက် (မြောက်ဘက်) အရပ်မှာ ထီးတော်အရိပ်လာကြည့်ကြ သူတွေ အတော်များများ စုရုံးရောက်ရှိ နေတဲ့ နေရာတစ်နေရာကို တွေ့လိုက်ရ တယ်။ စာရေးသူတို့ ညီအစ်ကိုလည်း ဓာတ်ပုံကောင်းကောင်း ရိုက်ရင်ရနိုင် ကောင်းရဲ့ တွေးမိတာကြောင့် အဲဒီနာရီ စင်ကြီးမြောက်ဘက်မှာရှိနေတဲ့လူတွေ စုဝေးရာနေရာဘက်ကို သွားမိပါတော့ တယ်။

နာရီစင်ကြီးမြောက်ဘက်ရှိ Golden Arrow ဟိုတယ်ရှေ့မျက်နှာစာမှာ တော့ ထီးတော်ပုံအရိပ်ကို တအံ့တသြ ကြည့်ရှုနေကြသူတွေ၊ ဟန်းဖုန်းတွေနဲ့ ဓာတ်ပုံမှတ်တမ်းတင်နေကြသူတွေနဲ့ တိုး မပေါက်အောင်ပါဘဲ။ စာရေးသူတို့ လည်း လူအုပ်ကြီးထဲကိုတိုးဝှေ့ပြီး ထီး တော်အရိပ်ကို ကြည့်လိုက်တဲ့အခါ စော စောက နာရီစင်ရဲ့ညာဘက်ကကြည့်ခဲ့ ရတဲ့ ထီးတော်အရိပ်ထက် အခုနာရီစင် ရဲ့ ဘယ်ဘက်ကကြည့်လိုက်ရတဲ့ ထီး တော်အရိပ်က ရှင်းရှင်းလင်းလင်းနဲ့ ပို ပြီးပီပြင်နေသလိုပါပဲ။ နာရီစင်ကြီးရဲ့ ညာဘက်ကနေ စပြီးကြည့်တုန်းက ထီး တော်အရိပ်ဟာ ရွှေစည်းခုံစေတီရဲ့ တောင်ဘက်ယွန်းယွန်းလောက်မှာ တည် ရှိနေသလိုတွေ့မြင်ခဲ့ရပြီး အခု နာရီစင် ရဲ့ ဘယ်ဘက်ကနေကြည့်လိုက်တဲ့အခါ ထီးတော်အရိပ်ဟာ ရွှေစည်းခုံစေတီရဲ့ အထက်တည့်တည့်လောက်မှာ နေရာ ပြောင်းပြီး တည်ရှိနေတာကို တွေ့မြင် လိုက်ရတယ်။

အဲဒီလို စေတီအထက်ဘက်ကို ပြောင်းရွှေ့တည်ရှိနေတဲ့ ထီးတော်အရိပ် ကို အစ်ကိုဖြစ်သူက ဓာတ်ပုံရိုက်ဖို့ဆိုပြီး နာရီစင်နဲ့ Golden Arrow ဟိုတယ်တို့ ကြားအလယ်ရှိ အနောက်ဘက်ဘေး ကင်းယံက ထီးတော်အရိပ်အထင်ရှားဆုံး ဖြစ်မယ့်အခြေအနေမှာ ကင်မရာနဲ့ဓာတ် ပုံအတော်များများကိုရိုက်ပါတော့တယ်။ ရိုက်ပြီးသမျှ ဓာတ်ပုံတွေကို ကင်မရာချိန်ခွက်ကနေ ပြန်ကြည့်တော့ ဓာတ်ပုံထဲက ထီးတော်အရိပ်ပုံတော်ဟာ မပီပိုးတဝါး ဖြစ်နေတာကြောင့် နောက်ဆုံးမှာ ကင်မရာ MENU ခလုတ်ကိုနှိပ်ပြီး အရိပ် ကို အပီပြင်ဆုံး ဆွဲချိန်ရိုက်ကူးတဲ့အခါ ကျမှသာ ကင်မရာချိန်ခွက်မှာ ထီး တော်အရိပ်ပုံတော်ဟာ ပီပီပြင်ပြင် ပေါ် လာတော့တာပါ။ အဲဒီပီပြင်ထင်ရှားစွာ ပေးလာတဲ့ ကင်မရာချိန်ခွက်ထဲက ထီး တော်အရိပ်ဓာတ်ပုံကို အများပြည်သူတို့ ကြည်ညိုလေ့လာနိုင်ဖို့ အခုရေးသားတဲ့ ဗုဒ္ဓပူဇာဆောင်းပါးနဲ့အတူ တစ်ပါတည်း ပူးတွဲ ဖော်ပြပေးဖို့ ဆုံးဖြတ်မိပါတော့ တယ်။

စာရေးသူတို့လည်း နာရီစင်ကြီး မြောက်ဘက်မှာ ထီးတော်အရိပ်ကို ကြည့်ရင်း ဓာတ်ပုံရိုက်နေစဉ်မှာပင် လာ ရောက်ကြတဲ့ ဧည့်ပရိသတ်တွေထဲက ဦးပဥ္စင်းတစ်ပါးဟာ စာရေးသူတို့အနီး ကိုလာပြီး ကင်မရာချိန်ခွက်ထဲက ထီး တော်အရိပ်ဓာတ်ပုံကိုကြည့်ရင်း အရိပ် ပေါ်ပေါက်လာမှုနဲ့ပတ်သက်တဲ့ထင်မြင် ယူဆမှုတွေကို အခုလို မိန့်ကြားပြောပြ ပါတယ်။

"ဦးပဥ္စင်းအမြင်ကိုပြောရရင် ဒီနေ့ က သီတင်းကျွတ်လပြည့်ဆိုတော့ အခု ဆိုရင် ရွှေစည်းခုံရင်ပြင်တော်မှာ ဆီမီး ကိုးထောင် ပူဇော်နေလောက်ပြီလေ။ အဲဒီ ဆီမီးပူဇော်ရာက ထွက်လာတဲ့ အခိုးအငွေ့တွေရော မီးရှူးမီးပန်းနဲ့ ဗြောက်ဖောက်လို့ထွက်လာတဲ့ အခိုး အငွေ့တွေပါ ရွှေစည်းခုံစေတီကြီးထက် ဝန်းကျင်မှာ မြူတွေဆိုင်းသလို မှုန်မှိုင်း နေတာ ဒကာလေးအမြင်ပဲပေါ့။ နောက် ပြီး ရွှေစည်းခုံစေတီရဲ့ထီးတော်ကို အရပ် လေးဖက်လေးတန်ကနေ ဆလိုက်မီးကြီး တွေ ထိုးထားလိုက်တာ ဖြူဖွေးနေတာပဲ လေ။ အဲဒီတော့ ဒကာလေးရေ၊ သဘာ ဝကျကျပဲ တွေးကြည့်လိုက်ပေါ့။ စေတီ တော်တစ်ဖက်ကနေ ဆလိုက်မီးထိုးထား လိုက်ရင် အခြားတစ်ဖက်မှာ ထီးတော် အရိပ်ဆိုတာ ထွက်ပေါ်လာမှာက သဘာဝပဲလေ။ အဲဒီထွက်ပေါ်လာတဲ့ ထီးတော်အရိပ်ဟာ စေတီထက်ဝန်းကျင် က မြူတွေလို ပိတ်ဖုံးနေတဲ့ အခိုးအငွေ့ တွေပေါ်ကိုသွားပြီး အရိပ်ကျတော့ တာလေ။ အဲဒီထီးတော်အရိပ်ပေါ်ထွက် နေတဲ့မြူတွေလိုအခိုးအငွေ့ဟာ နောက် ဘက်က မှောင်မည်းနေတဲ့ မိုးတိမ်တွေ



www.burmeseclassic.com

www.burmeseclassic.com

နဲ့ သွားရောထွေးလိုက်တော့ ဦးပဉ္စင်းတို့၊ ဒကာတို့အမြင်မှာ မိုးပေါ်မှာ အရိပ်ထင်တယ်ဆိုပြီး ဖြစ်လာကြတော့တာလေ။

အခု ဒကာလေးမြင်နေရတဲ့ ထီးတော်အရိပ်ဆိုတာက တကယ်တော့ မိုးပေါ်မှာပေါ်နေတဲ့အရိပ်မဟုတ်ဘူး။ မြူတွေလိုဖြစ်နေတဲ့ အခိုးအငွေ့တွေပေါ်မှာ ပေါ်ထွက်နေတဲ့အရိပ်လေ။ နောက်တစ်ခုက အခိုးအငွေ့တွေဆိုတာက တစ်နေရာထဲမှာ တစ်သတ်မတ်တည်း တည်မြဲမနေဘဲနဲ့ တစ်နေရာကို လွင့်မျောပျောက်ကွယ်သွားတတ်တာ သဘာဝပဲလေ။ အဲဒီတော့ အခိုးအငွေ့တွေရှိနေရင် ထီးတော်အရိပ်ရှိနေမှာ ဖြစ်သလို အခိုးအငွေ့တွေ လွင့်မျောပျောက်ကွယ်သွားရင်တော့ ထီးတော်အရိပ်ဆိုတာ ရှိတော့မှာ မဟုတ်ဘူးလေ။ ဒီလိုနဲ့ပဲ ထီးတော်အရိပ်ဟာ ပေါ်လိုက်ပျောက်လိုက်ဖြစ်နေတော့တာပေါ့။ နောက်ပြီးတော့ ထီးတော်ကို မြောက်ဘက်အရပ်ကနေ မီးဆလိုက်နဲ့ အောက်ဘက်က ပင့်ထိုးထားတာဆိုတော့ အရိပ်ပေါ်တဲ့အခါ စေတီရဲ့ တောင်ဘက်ခပ်ယွန်းယွန်းလောက်မှာ သွားပေါ်သလို အနောက်ဘက်အရပ်ကနေ မီးဆလိုက်နဲ့ အောက်ဘက်ကပင့်ထိုးလိုက်တော့ အခုဦးပဉ္စင်းတို့၊ ဒကာလေးတို့ ကြည့်နေတဲ့ အရှေ့ဘက်အရပ်က စေတီအထက်ဘက် အခိုးအငွေ့တွေပေါ်မှာ အရိပ်လာထင်တော့တာပေါ့။ ဘာပဲပြောပြော အရင့်အရင်နှစ်တွေက သီတင်းကျွတ်လပြည့်ညရောက်တိုင်း ဆီမီးပူဇော်လို့ အခိုးအငွေ့တွေထွက်နေတာတွေ၊ ဆလိုက်မီးတွေ ထိုးထားတာတွေဟာ ထုံးစံပြုလုပ်နေကျဖြစ်ပေမယ်လို့ ထီးတော်အရိပ်ထွက်ပေါ်လာခြင်းမရှိခဲ့ဘဲ အခုနှစ်မှာမှ သီတင်းကျွတ်မီးထွန်းပွဲတော်နဲ့ တိုက်တိုက်ဆိုင်ဆိုင်ပဲ ထီးတော်အရိပ်ထွက်ပေါ်လာပြီး လူအများ အုတ်အော်သောင်းတင်းဖြစ်ခဲ့ရတာကတော့ ထူးခြားတယ်လို့ ဆိုရတော့မှာပေါ့။ ဦးပဉ္စင်းနောက်ဆုံး ပြောချင်တာတစ်ခုကတော့ ဒကာလေးအနေနဲ့ကလည်း ခေတ်အမြင်၊ ခေတ်အတွေးရှိတဲ့ ခေတ်လူငယ်တစ်ယောက်ဆိုတော့ ဘယ်အရာမဆို စဉ်းစဉ်းစား ချင့်ချင့်ချိန်ချိန် တွေးပြီးယုံတာ အကောင်းဆုံးပေါ့ ဒကာလေးရေ"

ထီးတော်အရိပ်ပေါ်ထွက်လာမှုနဲ့ ပတ်သက်လို့ သဘာဝကျကျသုံးသပ်မိန့်ကြားပြောပြပေးတဲ့ ဦးပဉ္စင်းကို ဂါရဝပြုကျေးဇူးတင်စကားဆိုရင်း စာရေးသူလည်း ထီးတော်အရိပ်ကို နောက်တစ်ခါထပ်မံကြည့်ဖြစ်ပါတယ်။ နာရီစင်ရဲ့ဘယ်ဘက်ကနေ အနောက်ဘက်ကောင်းကင်ယံကို ကြည့်လိုတော့ ထီးတော်အရိပ်လုံးဝပျောက်ကွယ်သွားပါပြီ။ ထီးတော်အရိပ်ပျောက်ကွယ်သွားချိန်ဟာ ရွှေစည်းခုံရင်ပြင်တော်မှာ ဆီမီးပူဇော်ပွဲမပြီးဆုံးသေးတာကြောင့် စေတီထက်ဝန်းကျင်မှာ အခိုးအငွေ့များ မပျောက်အပြယ်သေးဘဲ ဆက်လက် တည်ရှိနေသလို ဆလိုက်မီးတွေလည်း ဆက်ပြီးထိုးထားဆဲပါ။ ဒီမှာတင် စာရေးသူတစ်ခု စဉ်းစားမိတာကတော့ စောစောပိုင်းက ဦးပဉ္စင်းလေးမိန့်ကြားပြောပြသလို သဘာဝအရသမားရိုးကျအတိုင်းပေါ်ထွက်ခဲ့မယ်ဆိုရင် အခုလက်ရှိအခိုးအငွေ့တွေဝေနေဆဲ၊ မီးဆလိုက်တွေထိုးထားဆဲအချိန်မှာ ထီးတော်အရိပ်ဟာ ပေါ်ထွက်နေရဦးမှာပါ။ အခုတော့ အခိုးအငွေ့တွေ ရှိနေပြီး မီးဆလိုက်တွေထိုးထားပေးမယ်လို့ ထီးတော်အရိပ်မရှိတော့တာဟာ သဘာဝအတိုင်းဖြစ်ရတာလား၊ သဘာဝထက်ကျော်လွန်ပြီး ဖြစ်ခဲ့ရတာလား ဆိုတဲ့ ဒွိဟစိတ်တွေနဲ့ စာရေးသူတို့နာရီစင်ကြီးမြောက်ဘက်ကနေ နောက်ထပ် ထီးတော်အရိပ်ကြည့်လို့ရမယ့်နေရာဖြစ်တဲ့ မြို့တော်ခန်းမဘက်ကိုသွားခဲ့ကြပါတယ်။

မြို့တော်ခန်းမဟာ နာရီစင်ရဲ့ မြောက်ဘက်အရပ်ကို အနည်းငယ်သွားလိုက်တာနဲ့ ရောက်တော့တာပါ။ မြို့တော်ခန်းမ ရှေ့မျက်နှာစာမှာတော့ ထီးတော်အရိပ်ကို စောင့်ဆိုင်းကြည့်ရှုနေကြသူတွေကို တွေ့မြင်ရတယ်။ စာရေးသူလည်း ဟန်းဖုန်းကိုင်လျက် အရိပ်ပေါ်လာရင် ဓာတ်ပုံရိုက်ရန် အရန်သင့်စောင့်ဆိုင်းနေတဲ့ လူငယ်တစ်ဦးထံသွားရောက်ပြီး ထီးတော်အရိပ်နဲ့ ပတ်သက်လို့ မေးမြန်းဖြစ်ပါတယ်။

လူငယ်ပြောပြတာကတော့ ထီးတော်အရိပ်ဟာ မြို့တော်ခန်းမတည်ရှိရာ ပန်းခြံရဲ့တောင်ဘက်အရပ်ရှိ ပေပင်အထက်ကောင်းကင်ယံမှာ ပေါ်ထွက်ခဲ့တာ အချိန်အတော်ကြာခဲ့ကြောင်း၊ စာရေးသူတို့ ဒီနေရာကို မရောက်မီ စောစောပိုင်းလောက်ကမှ ထီးတော်အရိပ် ပျောက်ကွယ်သွားပါကြောင်း ရှင်းပြပါတယ်။ အခု ထီးတော်အရိပ်ပေါ်ထွက်ခဲ့တဲ့ ပေပင်အထက်ကောင်းကင်ယံဟာ ရွှေစည်းခုံစေတီတော်ရဲ့ မြောက်ဘက်အရပ်မှာ တည်ရှိ တာပါ။ စာရေးသူတို့ နာရီစင်ကြီးအနီးကနေ ထီးတော်အရိပ်ကို ကြည့်ခဲ့တုန်းက ရွှေစည်းခုံစေတီရဲ့ တောင်ဘက်၊ အရှေ့ဘက်အရပ်တွေမှာ ထွက်ပေါ်ခ တာကိုတွေ့မြင်ရပြီး အခု မြို့တော်ခန်းမ ရှေ့မျက်နှာစာကနေ ထီးတော်အရိပ်က ကြည့်တဲ့အခါ ရွှေစည်းခုံစေတီရဲ့မြောက ဘက်အရပ်မှာ ထွက်ပေါ်ခဲ့ကြောင်း စုံစမ်းသိရှိရတာကြောင့် အရိပ်ဟာ အရ မျက်နှာအလိုက် နေရာအမျိုးမျိုးပြောင် ပြီးပေါ်ထွက်ခဲ့ကြောင်း သုံးသပ်ရ တယ်။

စာရေးသူတို့ ပေပင်အထ ကောင်းကင်ယံမှာ ထီးတော်အရိပ်ပေ ခဲ့တာကို မမီလိုက်တာကြောင့် စောစေ က လူငယ်ကပဲ သူရဲ့ ဟန်းဖုန်းကိုဖွင့်ပြ ကိုယ်တိုင်ရိုက်ကူးထားတဲ့ ထီးတေ အရိပ်ဓာတ်ပုံကိုပြပါတယ်။ ဟန်းဖုန်းထ က ထီးတော်အရိပ်ပုံတော်ဟာ ပီပီပြ ပြင်မရှိတာကြောင့် အစ်ကိုဖြစ်သူ နာရီ စင်အနီးကနေ ရိုက်ကူးခဲ့တဲ့ ထီ တော်အရိပ်အနီးကပ်ဓာတ်ပုံကို အဲ လူငယ်အား ပေးပြီးပြမိပါတယ်။ အဲဒီမှ တင် လူငယ်က ပီပြင်ထင်ရှားတဲ့ ထီ တော်အရိပ်ဓာတ်ပုံကို တွေ့မြင်လိုက် တော့ တအံ့တသြဖြစ်ပြီး အနီးမှာ လ ရောက်ကြတဲ့ ဧည့်ပရိသတ်တွေကို ခေ ပြီးပြပါတော့တယ်။ လာကြည့်တဲ့ဧည့် ပရိသတ်တွေကလည်း ကိုယ်စီပါလာ ဟန်းဖုန်းတွေနဲ့ စာရေးသူတို့ ကင်မ ထဲက ထီးတော်အရိပ်ပုံတော်ကို အ အယက် ရိုက်ယူကြပါတော့တယ်။ ဟ ဖုန်းတွေနဲ့ ဓာတ်ပုံရိုက်ယူလို့မရဘဲ မ ဝိုးတဝါးပုံတွေကိုသာ ရိုက်ယူမိလ ဖြစ်နေတော့တာပါ။ စာရေးသူတို့ က မရာထဲက ထီးတော်အရိပ်ပုံတော် ဓာတ်ပုံရိုက်ယူနေကြသူတွေထဲက တ ယောက်သော လူငယ်တစ်ဦးကတော့ ထူးထူးခြားခြားပဲ ထီးတော်အရိပ်ပုံတော် ကို ပီပြင်ထင်ရှားစွာ ရိုက်ယူလို့ရသွ ခဲ့ပါတယ်။ အဲဒီလူငယ်ရိုက်လိုက်တဲ့ ထီ တော်အရိပ်ဓာတ်ပုံကို စာရေးသူတို့ ကြည့်လိုက်တော့ အစ်ကိုဖြစ်သူ ရိုက် ထားတဲ့ ဓာတ်ပုံထက်ပင် ထီးတော်အ ရိပ် ဘေးဘက်ရှိ ဖြူဖြူကွက်ကွက်အ ကြီးဟာ ပိုမိုထင်ရှားနေပြီး ထီးတော်အ ရိပ်ကလည်း ပိုပြီးပီပြင်နေတာကို တ တသြတွေ့လိုက်ရတော့တာပါ။

အဲဒီဖြစ်စဉ်ကတော့ ထီးတေ အရိပ်သွားကြည့်တဲ့ သီတင်းကျ



www.burmeseclassic.com

www.burmeseclassic.com

သက ကိုယ်တွေ့ကြုံခဲ့ရတဲ့ ထူးခြား ခဲ့လို့ ဆိုရတော့မှာပါ။ အဲဒီနောက် ရေးသူတို့လည်း မြို့တော်ခန်းမရှေ့ လာလမ်းအတိုင်း ပြန်ခဲ့ကြရာ စင်ကြီးနားကို တစ်ဖန်ပြန်ရောက်ပါ နာရီစင်အနီးရောက်တော့ အစ်ကို သူရဲ့ ရေးဖော်ရေးဖက် သတင်း ကတ်တစ်ဦးလည်း ထီးတော်အရိပ် တင်းယူရန် ရောက်ရှိနေပါတယ်။ မယ့် အဲဒီသတင်းထောက်က ထီးတော်အရိပ်ပေါ်ထွက်တာကို တ်တာကြောင့် ဓာတ်ပုံလည်း ရိုက် မရလိုက်ဘူးလို့ သိရတယ်။ ဒါနဲ့ပဲ ကိုဖြစ်သူက သူရိုက်ထားတဲ့ ထီး အရိပ်ဓာတ်ပုံကိုပြပြီး သတင်းရ မှတ်တမ်းဓာတ်ပုံအဖြစ်အသုံးပြုရန် အညီပေးရင်းနဲ့ တွေ့ကြုံခဲ့သမျှ ပြန်လည် ပြောပြပေးခဲ့ပါတယ်။ အဲဒီ က် စာရေးသူတို့လည်း ဆိုင်ကယ်စီး နေအိမ်ကိုပြန်ခဲ့ကြပါတော့တယ်။

နောက်တစ်နေ့ သီတင်းကျွတ်လ ကျော် ၁ ရက်နေ့မှာ ရွှေစည်းခုံ ထီးတော်အရိပ်ထွက်ပေါ်မှုနဲ့ ပတ် ပြီး နောက်ဆက်တွဲ သတင်းနှစ်ခု ထပ်မံ ကြားသိရပြန်တယ်။ ပထမ သိရတာကတော့ ထီးတော်အရိပ် ရွှေစည်းခုံစေတီရဲ့ တောင်ဘက်အ အတော်လေးအလှမ်းကွာဝေးလှ သစ်ကြီးရှေ့ကနေ တွေ့မြင်လိုက် သူတွေရှိကြောင်း အစ်ကိုဖြစ်သူက ပိုင်း လက်ဖက်ရည်ဆိုင်သွားရင်း သိခဲ့ရတာကို ပြန်ပြောပြပါတယ်။ တစ်ခုကတော့ ထီးတော်အရိပ် ထွက်ပေါ်လာမှုနဲ့ ပတ်သက်လို့ ရေးသူရဲ့ ညီငယ်ဖြစ်သူပြောပြမှုကို သိက်ရတဲ့အခါမှာတော့ မယုံနိုင် အောင် တအံ့တသြဖြစ်ရတော့ ပါ။

စာရေးသူရဲ့ ညီငယ်ဖြစ်သူက ရွှေ ခုံစေတီတော်ကြီးအနီးရှိ ဆေးဆိုင် ဆိုင်မှာဆေးရောင်းရင်း အသက် မ်းကျောင်းပြုလုပ်နေသူဆိုတော့ တော်အနီးပတ်ဝန်းကျင်ရှိ ထီး အရိပ်စတင်ပေါ်ထွက်လာခြင်းကို မြင်လိုက်ရသူတွေက တစ်ဆင့် တစ်ဆင့်နားနဲ့ ပြန်လည်ပြောပြ ကြားသိရသမျှကို စာရေးသူအား ပြောပြခဲ့ပါတယ်။ ညီငယ်ပြောပြ တော့ ထီးတော်အရိပ်စထွက်လာ တော့ ဦးစွာ ရွှေစည်းခုံစေတီကြီး ဘက်ကနေ ဖြူဖွေးတဲ့ အလင်း တန်းကြီးပေါ်ထွက်လာကြောင်း၊ အစ ပိုင်းတော့ အဖြူရောင် အလင်းတန်းကြီး ကို မိုးဆလိုက်ထိုးထားတယ်လို့ ထင်ခဲ့ ကြကြောင်း၊ နောက်တော့ အဲဒီအလင်း တန်းကြီးရဲ့ ထိပ်ပိုင်း အထက်ဘက် မိုး ကောင်းကင်ယံမှာ ထီးတော်အရိပ် ထူး ထူးခြားခြား ပေါ်ထွက်လာကြောင်း၊ ထီး တော်အရိပ်ပေါ်လာပြီး မကြာခင်မှာပဲ အဖြူရောင်အလင်းတန်းဟာ တဖြည်း ဖြည်းနဲ့ မှေးမှိန်ပျောက်ကွယ်သွား ကြောင်း၊ အလင်းတန်းကြီး ကွယ်ပျောက် သွားပေမယ့်လို့ မိုးကောင်းကင်ပေါ်မှာ တော် အဖြူရောင်အလင်းကွက်ကလေး နဲ့ ထီးတော်အရိပ်ဟာ မကွယ်မပျောက် ဘဲ ထင်ကျန်တည်ရှိခဲ့ပါကြောင်း၊ အဲဒီ မိုးပေါ်မှာ ထင်ကျန်ခဲ့တဲ့ ထီးတော် အရိပ်ဟာ ပေါ်တစ်ခါပျောက်တစ်လှည့် နဲ့ အရပ်မျက်နှာအမျိုးမျိုးကို ပြောင်းလဲ တည်ရှိခဲ့တာ လူအတော်များများ တွေ့ မြင်လိုက်ရပြီး နောက်ပိုင်းမှာတော့ ထီး တော်အရိပ်လုံးဝပျောက်ကွယ်သွားခဲ့ပါ ကြောင်း ပြည့်ပြည့်စုံစုံရှင်းပြခဲ့ပါတယ်။

ညီငယ်ဖြစ်သူရဲ့ပြောပြမှုတွေကို ကြားသိလိုက်ရတော့ စာရေးသူတို့ ထီး တော်အရိပ်ကြည့်ဖို့သွားခဲ့တဲ့အချိန်က ကောင်းကင်ယံမှာ ထီးတော်အရိပ်ကို အလင်းကွက်ဖြူဖြူလေးနဲ့သာ တွေ့မြင် ခဲ့ရပြီး အောက်ဘက်က မီးဆလိုက်နဲ့ ထိုး ထားသလို အဖြူအလင်းတန်းကြီး မရှိ တော့တာကို သေသေချာချာသတိထား ပြီး ကြည့်မိခဲ့ပါတယ်။ ပိုပြီး သေချာ အောင် ရိုက်ခဲ့သမျှ မှတ်တမ်းဓာတ်ပုံ များကို ပြန်ဖွင့်ကြည့်လိုက်တော့ ဓာတ်ပုံ တိုင်းမှာ အဖြူရောင်အလင်းတန်းကြီးကို မတွေ့မြင်ရဘဲ မိုးပေါ်မှာ အဖြူရောင် အလင်းကွက်လေးနဲ့ ထီးတော်အရိပ်ကို သာ သီးသန့်တွေ့မြင်ရတာပါ။

စာရှုသူ ခမ္မမိတ်ဆွေ သူတော် စင်တို့အနေနဲ့လည်း အခုရေးသားခဲ့တဲ့ ဆောင်းပါးနဲ့အတူ ဖော်ပြပါရှိတဲ့ ဓာတ်ပုံ တွေကို လေ့လာကြည့်မယ်ဆိုရင် ဓာတ်ပုံ သုံးပုံစလုံးမှာ မီးဆလိုက်ထိုးထားသလို အဖြူရောင်တန်းကို မတွေ့ရဘဲ မိုးပေါ် မှာ သီးသန့်တည်ရှိနေတဲ့ အဖြူရောင် အလင်းကွက်လေးနဲ့ ထီးတော်အရိပ်ကို သာ အံ့ဖွယ်ထူးခြားစွာ တွေ့မြင်ရပါ လိမ့်မယ်။ စာရေးသူ အပါအဝင် လူ အများစု တွေးထားကြသလို သဘာဝ အတိုင်း သမားရိုးကျဖြစ်ခဲ့ပါတယ်ဆိုရင် ထီးတော်အရိပ်ထွက်ပေါ်ဖို့ အနောက် ဘက် မီးဆလိုက်ထိုးထားတဲ့ အဖြူရောင် အလင်းတန်း ဆိုတာ ရှိနေရမှာလေ၊ အခုတော့ အလင်းတန်းမရှိဘဲနဲ့ မဟုရာ မိုးကောင်းကင်မှာ အဖြူရောင်အလင်း ကွက်လေးနဲ့ ထီးတော်အရိပ် ထင်ဟပ် ကျန်ရစ်နေခဲ့ခြင်းဟာ သဘာဝထက် ကျော်လွန်နေသော မကြုံစဖူးထူးကဲတဲ့ အံ့ဖွယ်ဖြစ်ရပ်ဆန်းတစ်ခုလို့ ဆိုရတော့ မှာပါ။

မုံရွာမြို့ ရွှေစည်းခုံစေတီတော် မြတ်ကြီးရဲ့ ထီးတော်အရိပ် ပေါ်ထွက် လာမှုနဲ့ပတ်သက်ပြီး အားလုံးကို ခြုံငုံ ကြည့်လိုက်ရင် ထီးတော်အရိပ်ဟာ အခါကြီးရက်ကြီးဖြစ်တဲ့ ဝါကျွတ်ကာလ သီတင်းကျွတ်လပြည့်ညရဲ့ မီးထွန်းပွဲ တော်အချိန်အခါနဲ့ ထူးခြားတိုက်ဆိုင် စွာပေါ်ထွက်လာခြင်း၊ ယခင်နှစ်များက ထူးခြားမှုမဖြစ်ခဲ့ဘဲ ယခုနှစ်မှ ထီးတော် အရိပ် ပေါ်ထွက်လာတဲ့အတွက် လာ ရောက် ကြည့်ရှုကြသူများ အုတ်အော် သောင်းတင်းဖြစ်ခဲ့ရတဲ့အထိ လူအများ စည်ကားခဲ့ခြင်း၊ ထီးတော်အရိပ်ဟာ တစ်နေရာတည်းမှာ တစ်သမတ်တည်း တည်မြဲနေခြင်းမျိုးမဟုတ်ဘဲ တောင် ဘက်၊ အရှေ့ဘက်၊ မြောက်ဘက် စတဲ့ အရပ်မျက်နှာအလိုက် နေရာအမျိုးမျိုး ပြောင်းရွှေ့တည်ရှိနေခြင်း၊ မျက်မြင်တွေ့ ကြုံရသူများရဲ့ ပြောပြမှုအရ ထီးတော် အရိပ်ဟာ ဆုတောင်းပြည့်စေတီတော် ပုံစံကနေ ရွှေစည်းခုံစေတီထီးတော် ပုံစံသို့ ထူးခြားစွာ ပြောင်းလဲပေါ်ထွက် ခဲ့ခြင်း၊ ထီးတော်အရိပ်ဟာ မီးဆလိုက် ထိုးထားသလို အဖြူရောင်အလင်းတန်း နဲ့ စတင်ပေါ်ထွက်လာပြီး နောက်ပိုင်း မှာတော့ အဖြူရောင်အလင်းတန်းကြီး ကွယ်ပျောက်သွားပြီး မိုးပေါ်မှာ အလင်း ကွက်ဖြူဖြူလေးနဲ့ ထီးတော်အရိပ်ထင် ဟပ် ကျန်ရစ်ခဲ့ခြင်း စတဲ့ တစ်မူထူးခြား တဲ့ ဖြစ်ရပ်ဆန်းတို့ ပေါ်ပေါက်ခဲ့ကြောင်း လေ့လာ သုံးသပ်ရပါတယ်။ အဲဒီလို တစ်မူထူးခြားတဲ့ ဖြစ်ရပ်ဖြစ်စဉ်တို့ကို လေ့လာ သုံးသပ်ကြည့်ခြင်းအားဖြင့် ရွှေ စည်းခုံစေတီတော်မြတ်ကြီးရဲ့ ထီးတော် အရိပ်ဟာ သဘာဝအရ သမားရိုးကျ ဖြစ်ရိုးဖြစ်စဉ်အတိုင်း ပေါ်ထွက်လာခဲ့ ရခြင်းမဟုတ်ဘဲ ရွှေစည်းခုံစေတီတော် ကြီးရဲ့ ဘုန်းတန်ခိုးတော်ကြောင့် မဟုရာ မိုးကောင်းကင်ယံမှာ ထီးတော်အရိပ်ဟာ ထူးခြားစွာ ထင်ဟပ်ပေါ်ထွက်လာခဲ့ရ ခြင်းဖြစ်ပါကြောင်း တင်ပြရင်း။

ညီညီထွန်း (မုံရွာ)



www.burmeseclassic.com

www.burmeseclassic.com



လှမြင့်(ရန်ကုန်တက္ကသိုလ်)

# ကဝိလက္ခဏာဒီပနီကျမ်းလာ ဗုဒ္ဓ၏ဂုဏ်တော်

ကုန်းဘောင်ခေတ်ဦး အလောင်းဘုရားလက်ထက်တွင် လက်ရုံးရည်၊ နှလုံးရည်နှင့် စွယ်စုံပြည့်စုံသော စာဆိုတော်ကြီး စိန္တကျော်သူဦးဩ မြန်မာနှစ် (၁၀၉၈-၁၁၃၃) ခုနှစ်သည် မြန်မာစာပေသမိုင်းတွင်အလွန်ထင်ရှားခဲ့သည့် သံပေါက်ပုဒ်ရေပေါင်း (၁၇၈၇) ပုဒ်ပါဝင်သော ကဝိလက္ခဏာသတ်ပုံကျမ်းကြီးတစ်စောင်ကို မြန်မာနှစ် ၁၁၁၃ ခုနှစ်၊ အသက် (၁၅) နှစ်အရွယ်တွင် မိမိ၏ အရှင်သခင် တောင်ငူရာဇာ၏ တောင်းပန်ချက်အရ ရေးသား ပြုစုခဲ့သည်။

စာဆို စိန္တကျော်သူ ဦးဩသည် ကဝိလက္ခဏာသတ်ပုံသံပေါက်ကျမ်းကြီးတွင် 'အယ်-ကာရန်' (၄၆) ပုဒ်၊ 'အဲ-ကာရန်' (၅၉) ပုဒ်၊ 'အဲ့-ကာရန် (၂၁) ပုဒ်၊ 'အုံ-ကာရန်' (၆၀) ပုဒ်၊ 'အုံး-ကာရန် (၅၆) ပုဒ်၊ 'အုံ့-ကာရန်' (၁၁) ပုဒ်၊ 'အံ-ကာရန် (၁၀၈) ပုဒ်၊ 'အံ့-ကာရန်' (၁၇) ပုဒ်၊ 'အမ်း-ကာရန်' (၆၄) ပုဒ်၊ 'အိမ်-ကာရန်' (၁၅) ပုဒ်၊ 'အိမ့်-ကာရန်' (၁၂) ပုဒ်၊ 'အိမ်း-ကာရန်' (၁၄) ပုဒ်၊ 'အန်-ကာရန်' (၁၆၇) ပုဒ်၊ 'အုန်-ကာရန်' (၂၉) ပုဒ်၊ 'အုန်း-ကာရန်' (၄၄) ပုဒ်၊ 'အုန့်-ကာရန်' (၄) ပုဒ်၊ 'အတ်-ကာရန်' (၂၃၂) ပုဒ်၊ 'အိတ်-ကာရန်' (၅၄) ပုဒ်၊ 'အုတ်-ကာရန်' (၁၁၀) ပုဒ်၊ 'အပ်-ကာရန်' (၁၂၅) ပုဒ်၊ 'အိပ်-ကာရန်' (၃၃) ပုဒ်၊ 'အုပ်-ကာရန်' (၅၉) ပုဒ်၊ 'အည်-ကာရန်' (၄၇) ပုဒ်၊ 'အည့်-ကာရန်' (၂၄) ပုဒ်၊ 'အည်း-ကာရန်' (၅၉) ပုဒ်၊ 'အန့်-ကာရန်' (၆) ပုဒ်၊ 'အန်-ကာရန်' (၂၄) ပုဒ်၊ 'အန်း-ကာရန်' (၂၄) ပုဒ်၊ 'အေ-ကာရန်' (၁၇) ပုဒ်၊ 'အေ့-ကာရန်' (၁၂) ပုဒ်၊ 'အေး-ကာရန်' (၂၁) ပုဒ် စုစုပေါင်း ပုဒ်ရေ (၁၇၈၇) ပုဒ်ဖြင့် ရေးသား ဖွဲ့ဆိုခဲ့သည်။

စာဆိုရှင် စိန္တကျော်သူ၏ ကဝိလက္ခဏာသတ်ပုံ သံပေါက်ကျမ်းကြီးကို နှောင်နှစ်ပေါင်း(၁၀၀)ကျော်ခန့်အကြာတွင် ကုန်းဘောင်ခေတ်နှောင်း မန္တလေးရတနာပုံခေတ် မင်းတုန်းမင်းတရားကြီးလက်ထက်၌ ထင်ရှားကျော်ကြားခဲ့သော မြောင်လှမြို့စား နိုင်ငံခြားဝန်ထောက်မင်းကြီး သီရိမဟာဇေယျသူဘွဲ့ခံ မြန်မာသံတော်ကြီး ဦးခြိမ့် မြန်မာနှစ် (၁၁၉၀ ခန့်-၁၂၄၅ ခန့်) သည် ကဝိလက္ခဏာဒီပနီကျမ်း ဟူသော အဖွင့်ကျမ်းကြီးကို မြန်မာနှစ် ၁၂၂၇ ခုနှစ်တွင် ရေးသားပြုစုခဲ့သည်။

စာဆိုရှင် မြန်မာသံတော်ကြီး ဦးခြိမ့်သည် စိန္တကျော်သူဦးဩ၏ ကဝိလက္ခဏာသတ်ပုံသံပေါက်ကျမ်းကြီးကို ဒီပနီကျမ်းအဖြစ် အကျယ်ဖွဲ့ဆိုရေးသားပြုစုရာတွင် မူလသတ်ပုံပုဒ်ရေပေါင်း (၁၇၈၇) ပုဒ်အနက် -

'အယ်-ကာရန်' (၅) ပုဒ်၊ 'အဲ-ကာရန်' (၄) ပုဒ်၊ 'အုံ-ကာရန်' (၃) ပုဒ်၊ 'အုံး-ကာရန်' (၂) ပုဒ်၊ 'အဲ့-ကာရန်' (၁၂) ပုဒ်၊ 'အမ်း-ကာရန်' (၁) ပုဒ်၊ 'အန်-ကာရန်' (၁၂) ပုဒ်၊ 'အန်း-ကာရန်' (၆) ပုဒ်၊ 'အန့်-ကာရန်' (၁) ပုဒ်၊ 'အိန်-ကာရန်' (၄) ပုဒ်၊ 'အိန့်-ကာရန်' (၁) ပုဒ်၊ 'အုန်း-ကာရန်' (၂) ပုဒ်၊ 'အတ်-ကာရန်' (၁၂) ပုဒ်၊ 'အိတ်-ကာရန်' (၁) ပုဒ်၊ 'အုတ်-ကာရန်' (၁၄) ပုဒ်၊ 'အပ်-ကာရန်' (၅) ပုဒ်၊ 'အေး-ကာရန်' (၃) ပုဒ် စုစုပေါင်း (၇၈) ပုဒ်ကို ဒီပနီအမေးကျမ်းအဖြစ် ရေးသား ပြုစုခဲ့ သည်။

စာဆို မြန်မာသံတော်ကြီး ဦးခြိမ့်၏ ကဝိလက္ခဏာဒီပနီဂုဏ်တော်ကို ဦးခိုက်ကြည်ညိုပူဇော် ဒီပနီဖွင့်ဆိုခဲ့သော သတ်ပုံသံပေါက်ဒီပနီကျမ်းလာ ဗုဒ္ဓဂုဏ်တော်များကို စုစည်းကောက်နုတ်တင်ပြ ပူဇော်မှုပြုပါမည်။

'ရောင်ခြည်ခြောက်သွယ်၊ ဘဝဂ်ကယ်၊ အံ့ဖွယ်ဆယ့်ရှစ်ဖြာ' ဟူသော သံပေါက်လင်္ကာ၏ ဒီပနီဖွင့်ဆိုရာတွင် -

'သကိသဗ္ဗညု စသော ငါးပါးသောသဗ္ဗညုတို့တွင် အစွမ်းသုံးပါးနှင့် ပြည့်စုံသော ဉာတသဗ္ဗညုအဖြစ်သို့ ရောက်တော်မူသော မြတ်စွာဘုရားသည် ခြောက်ပါးသော ရောင်ခြည်တော်တို့ဖြင့် ဘဝဂ်ကယ်မျှ ထွန်းလင်းတောက်ပတော်မူသည်။ အံ့ဖွယ်ဆယ့်ရှစ်ပါးနှ[င့်] ပြည့်စုံတော်မူသည်။

ရောင်ခြည်တော် ခြောက်သွယ် ဟူသည်ကား နီလ၊ ပီတ၊ လောဟိ[တ] ဩဒါတ၊ ပဋ္ဌိ၊ ပဘဿရ' ဟု ဆိုအ[ပ်] သော 'အညို၊ အရွှေ၊ အနီ၊ အဖြူ အမောင်း၊ ပြိုးပြိုးပြက်' အားဖြင့် ခြော[က်] ပါးတည်း။

အံ့ဖွယ်ဆယ့်ရှစ်ဖြာဟူသည်ကား ပရိတ်ကြီး၊ အာဋာနာဋိယသုတ်တ[ွင်] 'ဥပေတာ၊ ဗုဒ္ဓဓမ္မေဟိ အဋ္ဌာရသ[ဟိ] နာယကာ' ဟူသော ဂါထာ၌ အဋ္ဌာရ[သ] ပုဒ်၏အရ တစ်ဆယ့်ရှစ်ဖြာ ဟူ၍ မှ[တ်] ရမည်။

ယင်းအဋ္ဌာရသပုဒ်အရ သုတ်[...] ထေယျအဋ္ဌကထာ၊ သံဂီတိသုတ်အဖွ[င့်] ပရိတ်ကြီးဋီကာစသောကျမ်းတို့၌ ပ[...] ပွန်၊ အတိတ်၊ အနာဂတ်ကာလသုံး[...] ၌ဖြစ်သော အပ္ပဋိဟတဉာဏ်တော်[...] ပါး၊ ဆန္ဒ ဝီရိယ သတိ သမာဓိ ပ[ညာ] ဝိမုတ္တိတို့၏ ယုတ်ခြင်းမရှိသော ဂု[ဏ်] တော်ခြောက်ပါးမြူးထူးခြင်း၊ မြူး[...] လိုသောစကားချွတ်ယွင်းခြင်း၊ အနေ[...] တလျင်အမှုကိုပြုခြင်း၊ ကြောင့်ကြမဲ့ခြ[င်း] မစုံမစမ်းအမှုကိုပြုခြင်းတို့၏ မရှိခြင်း[...] သော ဂုဏ်တော်ခြောက်ပါး၊ ယင်းတ[...] တို့ကိုပေါင်း၍ တစ်ဆယ့်ရှစ်ပါးဟု [...] ဆိုသည် ဟူ၍ အနက်အဓိပ္ပာယ် ဒီ[ပနီ] ဖွင့်ဆိုရှင်းပြဖြေဆိုခဲ့သည်။

'နော်ရထာ့ကံ၊ အရပ်ံ ခုနဲပုံ [...] လာဝဲ' ဟူသော သတ်ပုံသံပေါက်လ[င်္ကာ] ကိုလည်း မြန်မာသံတော်ကြီးဦးခြိမ့်သ[ည်] ကဝလက္ခဏာဒီပနီကျမ်းတွင် -

'ပုဂံပြည် အနော်ရထာမင်းသ[...] ရှေးဘေးလောင်းတော်၊ ဘိုးလော[...] တော်တို့နှင့်မတူ။ အထူးသဖြင့် သ[...] နာတော်ကို လက်မွန်းမဆွ ချီးမြှော[...] ထိုက်သော ဘုန်းကံရှိရကား ရှင်အ[...] ရဟန္တာမြတ်သည် ကောင်းကင်မှတ[...] ဘိ၏သို့ သထုံပြည်မှ အရိမဒ္ဒနာ [...] ပြည်သို့ ဆိုက်ရောက်လာသည်။

အနော်ရထာမင်းသည်



www.burmeseclassic.com

www.burmeseclassic.com

ကောင်းတော်၊ ဘိုးလောင်းတော်တို့ ကိုး ကွယ်မှု အရည်းရှင်ယောင်တို့ကို ကိုး ကွယ်မှတ်ပြု၍ သတ္တုပြည်မှ ကြွလာ သော ရှင်အရဟံရဟန္တာမြတ်နှင့်တွေ့၍ အရေးအထူးကို နာခံရလျှင် ရှေးကိုး ကွယ်မှု ဖြစ်သော အရည်းရှင်ယောင် တို့အား မသူတော်ဖြစ်သည်ဟု ကိုးကွယ် ခြင်း ခွဲလမ်းရင်းပင် ဖြစ်သော်လည်း ကောင်းက စွန့်ပစ်သည်။ အသစ်ပင် ဖြစ်သော်လည်း ကောင်းမြတ်သည် ဖြစ် ၍ နောက်မှဖူးတွေ့ရသော ရှင်အရဟံ တို့ကိုးကွယ်သည်။ ယင်းစကားရပ်ကို ဆောက်၍ ရှေးအရိုးအစဉ်ပင်ဖြစ်သော် ငြားကီ လောကုတ္တရာ၊ ပစ္စုပ္ပန် သံသရာ အကျိုးနှစ်ပါးတွင် တစ်ပါးပါးမျှမရှိက ရှုပ်စရမည်။ အရိုးအစဉ်မဟုတ်၊ အသစ်ပင်ဖြစ်သော်လည်း လောကီ လော ကုတ္တရာ၊ ပစ္စုပ္ပန် သံသရာအကျိုး ကို လိုက်နာမှတ်ယူကျင့်ဆောင်သုံးခဲ့ သည် ဟူသော ဥပဒေသကို ရရှိစေ သည် ဟူ၍ မှတ်သားနည်းယူ လိုက်နာ ရမည် အတွေးအမြင်သစ်ကို လက်ဆင့် ကမ်း ဗဟုသုတပေး ဖြေဆိုခဲ့သည်။

'ကိုယ်တော်တစ်လံ၊ ရောင်တော် ကျွဲ ရွှေဆံနှစ်သစ်မြဲ' ဟူသော သတ်ပုံ သံပေါက်ကို ဖြေဆိုမှုပြုရာတွင်လည်း -

ဗုဒ္ဓမြတ်စွာဘုရား၏ ကိုယ်တော် သည် နိဂြောဓပရိမဏ္ဍလကဲ့သို့ဖြစ်၍ ဆံတော်နှင့် အရပ်တော်မှုသည် တစ် လံသောကိုယ်တော်မှ လက္ခဏာရောင် ခြည်တော်အပေါင်းတို့ဖြင့် ပြိုးပြိုးပြက် ပြက် ထွန်းလင်းတောက်ပတော်မူသည် ဖြစ်၍ တောထွက်တော်မူစဉ် နေရဉ္ဇရာ မြစ်အနီး၌ ဆံတော်ကို သန်လျက်ဖြင့် ဖြတ်ခုတော်မူကတည်းက ဆံတော် နှစ် သစ်မျှသာတည်သည်ဖြစ်၍ နောက်ပြီးတစ် ဖန် ထပ်မံပြင်ဆင်သုတ်သင်ရသည်မရှိ။ ဖြတ်ရင်းဆံတော်အတိုင်း ပကတိ တည်သည်ဟူ၍ မြတ်စွာဘုရား၏ လက္ခဏာတော်ကြီး သုံးဆယ့်နှစ်ပါး အပါ ကိုယ်တော်တစ်လံနှင့် ရောင် ခြည်တော်ခြောက်ပါးဂုဏ်တော်၊ လက္ခဏာတော်ငယ် ရှစ်ဆယ် အဝင်အပါ ဆံတော်လက်နှစ်သစ်ဂုဏ်တော်တို့ကို ဖြေဆို ရှင်းပြ ရေးသား ဖြေဆိုခဲ့သည်။

'စကားနက်တဲ၊ ဒေဝစံ၊ ရှည်လံ နက်နဲ' ဟူသော သတ်ပုံသံပေါက် ကို ဖြေဆိုရာတွင်လည်း-

'ဒုကင်္ဂုတ္တရပါဠိတော်လာ ဟီရိနှင့် ဩတ္တပ္ပ ဟူသော လောကပါလတရား နှစ်ပါးကို ဒေဝဓမ္မဇာတ်၌ လာသော ကြောင့် ဒေဝဓမ္မတရားနှစ်ပါးဟု ခေါ် ဆိုသည်။ ယင်းဟီရိနှင့် ဩတ္တပ္ပတရား နှစ်ပါးသည် ရှည်လျားဝေးလံစွာသော ကာလကပင် သူတော်ကောင်းတို့ ကျင့် ဆောင်အပ်သော တရားဖြစ်၍ အလွန် နက်နဲသည်။

အကုသိုလ်မှ ရှက်ခြင်းသည် ဟီရိ မည်၏။ အကုသိုလ်မှ ထိတ်လန့်ခြင်း သည် ဩတ္တပ္ပမည်၏။ ယင်းဟီရိဩတ္တပ္ပ တရားနှစ်ပါးရှိပါမှ ကုသိုလ်ဖြစ်ပွားရ ကား ထိုတရားနှစ်ပါးသည် လောကကို စောင့်တတ်သောကြောင့် လောကပါလ မည်သည်။ ထို့ကြောင့် ဒုကင်္ဂုတ္တရပါဠိ တော် ကမ္မကရဏဝဂ် သုတ္တသုတ်၌-

ဒွေ - နှစ်ပါးကုန်သော၊ သုက္ကာ- ဖြူစင်ကုန်သော၊ ဓမ္မာ- ဤဟီရိ ဩတ္တပ္ပတရားတို့သည်၊ လောကံ - လူ အပေါင်းကို၊ ပါလေန္တိ - စောင့်ကုန်၏' ဟူ၍ ဒေဝဓမ္မဇာတ်တော်လာ ဒေဝဓမ္မ တရားနှစ်ပါးဖြစ်သော ဟီရိနှင့် ဩတ္တပ္ပ ဟူသည့် ရှက်ခြင်း၊ ထိတ်လန့်ကြောက်ရွံ့ ခြင်းတို့သည် လောကပါလတရားနှစ်ပါး ဖြစ်ကြောင်း၊ ထိုနှစ်ပါးသည် လောက လူသားတို့အတွက် အဓိကကျသော အကြောင်းရင်းနှစ်ရပ်ဖြစ်ကြောင်း ဗုဒ္ဓ ၏ ဟောကြားလမ်းညွှန် ဆုံးမသည့် ဒေသနာတော်ကို အရင်းခံ၍ ရှင်းလင်း ထိမိစွာ ဖြေဆို ရေးသားခဲ့သည်။

'အမျက်ငြိမ်းရန်၊ ငါးနှစ်တန်၊ ကျမ်းဂန်မှုချလာ' ဟူသော သတ်ပုံ သံပေါက်ကို ဖြေဆိုသော ဒီပနီတွင် လည်း-

'ပဥ္စင်္ဂုတ္တရပါဠိတော်၌ဟောတော် မူအပ်သော အမျက်ငြိမ်းခြင်းအကြောင်း ငါးပါးနှစ်ရပ်ရှိသည်။ အမျက်ငြိမ်းရန် ဟောတော်မူအပ်သော ငါးပါးနှစ်ရပ် တွင် ပထမငါးပါးကို ပဥ္စင်္ဂုတ္တရပါဠိတော် အဃာတဝဂ် အဃာတသုတ်တွင် -

(၁) လူခပ်သိမ်း မချစ်အပ်သည် တစ်ပါး၊ (၂) နှလုံးကိုမပွားစေတတ်သည် တစ်ပါး၊ (၃) ရန်များသည်တစ်ပါး၊ (၄) အပြစ်များသည်တစ်ပါး၊ (၅) တွေဝေ သဖြင့် သေရခြင်းကြောင့် သေသည်မှ နောက်၌ အပါယ်ဒုဂ္ဂတိလားရသည် တစ်ပါး။ ဤကား ပထမငါးပါးတည်း။

ဒုတိယငါးပါးမှာ ပဥ္စင်္ဂုတ္တရပါဠိ တော် အဃာတဝဂ် ဒုတိယအဃာတ သုတ်တွင် -

(၁) ခပ်သိမ်းသောသူတို့ မနှစ်လို ခြင်းတစ်ပါး၊ (၂) ကြမ်းတမ်းခြင်းတစ်ပါး၊ (၃) နောင်တတစ်ဖန်ပူပန်ခြင်းတစ်ပါး၊ (၄) တွေဝေသဖြင့် သေရခြင်းတစ်ပါး၊ (၅) သေသည်၏အခြားမဲ့၌ အပါယ် ဒုဂ္ဂတိသို့ရောက်ရခြင်းတစ်ပါး၊ ဤကား ဒုတိယငါးပါးတည်း။

ဤငါးပါးနှစ်တန်ကို အဖန်တလဲ လဲ သုံးသပ်ဆင်ခြင်က အမျက်ဒေါသ ငြိမ်းသည်ဖြစ်၍ အမျက်ငြိမ်းရန် ငါးနှစ် တန်ဖြစ်သည်ဟု မိန့်ဆိုခြင်းဖြစ်ကြောင်း ဖြေဆိုခဲ့သည်။

'ရွှေစက်နှစ်ရပ်၊ သုံးမည်ယပ်၊ အတပ်သိအောင်ရှာ' ဟူသော သတ်ပုံ သံပေါက်ကို ဖြေဆိုရာတွင် -

မြတ်စွာဘုရား၏ (၁၀၈) ကွက် စက်လက္ခဏာတို့ဖြင့်တန်ဆာဆင်သော ခြေတော်စုံဟု ဆိုအပ်သော စက်တော် နှစ်ရပ်၌ပါသော ယပ်သုံးစင်းကို အတပ် သိအောင် ရှာရမည်ဟု ဆိုလိုသည်။ ကျမ်းဂန်လာအတိုင်း ရွေးချယ်ရှာဖွေ လျှင် ထန်းရွက်ယပ်ဝန်း (၁)၊ ဥဒေါင်းမြီး ယပ် (၁) သားမြီးယပ် (၁) ဟူသော ယပ်သုံးပါးဖြစ်သည်ဟု ဖော်ပြခဲ့သည်။

သက်တော်ထင်ရှားရှိတော်မူသည့် မြတ်စွာဘုရားနှင့်ထပ်တူ နတ်၊ လူတို့ အား ဝင့်သုံးပါးမှ ထုတ်ဆောင်၍ မဂ် ဖိုလ်နိဗ္ဗာန်ရောက်အောင် ကယ်တင် ချွေချွတ်တော်မူလိုသည်ဖြစ်၍ ယပ် သုံးပါးဖြစ်သော ပါဒစေတီသုံးရပ်ကို မိဋ္ဌာန်ချက်ထားတော်မူသည့်အတိုင်း သက်တော်ထင်ရှား မြတ်စွာဘုရားကို မမီမတွေ့ မဖူးမမြင်ရငြားသော်လည်း သက်တော်ထင်ရှား ဘုရား စသော ရိုသေလေးမြတ်စွာ ဗုဒ္ဓါရမ္မဏကိုဖြစ်စေ လျက် ပူဇော်ကိုးကွယ်ခြင်း၊ ဆည်းကပ် ခြင်းတို့ကိုပြု၍ ဝတ္တုဝတ္ထေဒက အာရုံ လျှင် အမှန်ဖြစ်စေလျက် ဗုဒ္ဓါနုဿတိ တရားကမ္မဋ္ဌာန်းကို ပွားများစေရာသည် ဟူသော ဥပဒေသများကို လက်ခံရယူရ မည် ဟူ၍ လမ်းညွှန်ခဲ့သည်။

ကုန်းဘောင်ခေတ်မှ ထင်ရှား ကျော်ကြားခဲ့သော စာဆိုတော်ကြီး နှစ် ဦးဖြစ်သော စိန္တကျော်သူဦးဩ၏ ကဝိ လက္ခဏာသတ်ပုံသံပေါက်များကို မြန်မာ သံတော်ကြီးဦးဖြိုး ကောက်နုတ်ရွေးချယ် ဖြေဆိုခဲ့သော ကဝိလက္ခဏာဒီပနီကျမ်း ဟူသော အမေး၊ အဖြေကျမ်းကြီးသည် ဗုဒ္ဓဂုဏ်တော်များကို ဦးထိပ်ထား၍ လောကီနှင့် လောကုတ္တရာ ဗဟုသုတ အဖြာဖြာတို့ကို ရှုထောင့်အထွေထွေမှ ဖော်ထုတ်ထားသော ဗဟုသုတစွယ်စုံ ကျမ်းကြီး ဖြစ်ပေသည်။

လှမြင့် (ရန်ကုန်တက္ကသိုလ်)

ကျမ်းကိုး -

ကဝိလက္ခဏာဒီပနီကျမ်း
(မြန်မာသံတော်ကြီး မြောင်လှမြို့စား သီရိမဟာဇေယျသူဘွဲ့ခံဦးဖြိုး)



www.burmeseclassic.com

www.burmeseclassic.com





ချောင်းဆုံအုန်းသွင်

"ဦးပဥ္စင်း၊ ဒီနေ့နောက်ကျတယ်"

ဆွမ်းခံကြွလာသော ကိုယ်တော်လေးကို ကျွန်တော်က နှုတ်ဆက်စကား လျှောက်ထားလိုက်ပါသည်။ ကိုယ်တော်လေး၏ဘွဲ့မှာ ဦးပညာသာရဖြစ်ပြီး နား၊ နှာခေါင်းဆေးရုံအနီး မင်္ဂလာဇေယျကျောင်းတွင် သီတင်းသုံးပါသည်။ ငါးဝါရပြီး ဓမ္မာစရိယဖြေနေပါသည်။ ကိုယ်တော်လေးရောက်လျှင် နာရီကြည့်စရာမလို (၉) နာရီ၊ (၁၅) မိနစ်ဖြစ်သည်။ ယခု (၉) နာရီ၊ (၃၅) မိနစ်မှ ရောက်လာသဖြင့် ကျွန်တော်က မေးလိုက်ခြင်း ဖြစ်ပါသည်။ လမ်းတွင် အကြောင်းတစ်စုံတစ်ရာမရှိဘဲ နောက်ကျလေ့မရှိ၊ တစ်အိမ်အိမ်တွင် သီလပေး၊ တရားဟော၊ အမေးဖြေ စသည့်ကိစ္စရှိမှ နောက်ကျတတ်ပါသည်။

အမေးကို ဖြေရသည်ဆိုလျှင် မေးခွန်းနှင့် အဖြေကို နောက်နေ့ ပုံမှန်ရောက်က ကျွန်တော့်ကို ပြန်ပေးပါရန် တောင်းပန် လျှောက်ထားပါသည်။ ကျွန်တော့်မှာ ကျန်းမာရေးအခြေအနေကြောင့် စာမဖတ်နိုင်တော့ပါ။ ဓမ္မကြောင်းနှင့် ပတ်သက်ပြီး သိလိုလျှင် ကိုယ်တော်လေးကို မေးပါသည်။ အချိန်လိုအပ်လျှင် နောက်နေ့မှဖြေပါသည်။ မလိုအပ်လျှင် ချက်ချင်းဖြေပါသည်။

ကိုယ်တော်လေးသည် အရွယ်နှင့်မလိုက်အောင် ဣန္ဒြေကြီးပါသည်။ လမ်းသွားလျှင် အန္တရာယ်ကင်းရုံသာ ဘေးဘီကြည့်ပြီး မျက်လွှာချကြွလေ့ရှိပါသည်။ အမှတ်သတိကိုလည်း မလွှတ်ပါ။ တစ်ဖက်ကစာသင်၊ စာမေးပွဲဖြေပြီး ပရိယတ္တိသာသနာကို အစွမ်းကုန်ထမ်းနေသလို အခြားတစ်ဖက်ကလည်း ပဋိပတ္တိသာသနာကို အချိန်ရသမျှ ထမ်းပါသည်။ တရားစခန်းဝင်သည်။ ကျောင်းတွင်လည်း အချိန်ယူပြီး တရားမှတ်ပါသည်။ ထို့ပြင် 'ဝိပဿနာသင်တန်း' လည်း တက်လိုက်ပါသေးသည်။

"သာသနာ့အသက်ဟာ ပရိယတ္တိပဲ။ ပရိယတ္တိမှိန်ရင် သာသနာမှိန်မယ်။ ပရိယတ္တိကွယ်ရင် သာသာနာကွယ်မယ်။ ဒါကြောင့် ကိုယ်တိုင်လည်း အစွမ်းရှိသမျှ သင်ယူမယ်။ ပြီးတော့ စာလည်း ပြန်ချမယ်။ အဲဒါပထမဦးစားပေးပဲ။ ပြီးမှ ကိုယ့်အတွက် တရားကျင့်မယ်။ ပဋိယတ္တိက ဒုတိယ ဦးစားပေးပဲ။

အဲဒီ နှစ်ခုကလွဲပြီး ဘာမှလုပ်စရာမရှိဘူး။ ကိုယ်တိုင်သင်ယူမယ်။ ပြန်သင်မယ်။ တရားဟောမယ်။ ကျင့်ကြံအားထုတ်မယ်။ အဲဒါကို မလုပ်နိုင်တဲ့နေ့၊ တစ်ခုခုမလုပ်တဲ့နေ့ဟာ ဦးပဥ္စင်းလူထွက်တဲ့နေ့"

ပဲ ဟုလည်း မိန့်ကြားပါသည်။

ကျွန်တော် အလွန် ကြည်ညိုပါသည်။ အားလည်းပေးပါသည်။

"ဒကာကြီးလိုပဲ ရင်းနှီးတဲ့အိမ်က 'ချမ်းသာကြောင်းတရားဟောပါ' ဆိုလို့ သိသလောက်လေးပြောပြနေလို့ နောက်ကျသွားတာ။ အဓိကတော့ လောကီချမ်းသာ၊ မျက်မှောက်ဘဝချမ်းသာပေါ့"

ကိုယ်တော်လေးက ကျွန်တော့်အမေးကို ပြန်ဖြေပါသည်။

ကျွန်တော်က -

"တပည့်တော်ကို မနက်ဖြန်ကျတော့ ပြန်ဟောပြပါ ဘုရား"

လို့ လျှောက်ထားလိုက်ပါသည်။

ဦးပဥ္စင်းလေးက ဆိတ်ဆိတ်နေခြင်းဖြင့် ဝန်ခံသွားပါသည်။ နောက်နေ့ကျတော့ -

"ဒကာကြီး၊ ဘယ်လိုခေါ်သလဲ"

ဦးပဥ္စင်က ဘုရားကိုလက်အုပ်ချီရှိခိုးပြီး မေးလိုက်ပါသည်။

မေးခွန်းကို ကျွန်တော်သိသဖြင့်-

"ဘုရားကျောင်းဆောင်လို့ ခေါ်ပါတယ်ဘုရား"

ဟု ပြန်လျှောက်လိုက်ပါသည်။

ကိုယ်တော်လေးက -

"ဦးပဥ္စင်း အတော်များများကို မေးဖူးတယ်။ ဒကာကြီးတစ်ယောက်ပဲ ဘုရားကျောင်းဆောင်လို့ ဖြေတယ်။ အားလုံးက 'ဘုရားစင်' လို့ပဲ ဖြေကြတယ်"

ဟု မိန့်ပါသည်။

ကျွန်တော်က -

"တပည့်တော်လည်း အရင်က 'ဘုရားစင်' လို့ပဲ သုံးဖူးပါတယ် ဘုရား။ စာရေးလည်း ဒီအတိုင်းပေါ့။ လွန်ခဲ့တဲ့နှစ် (၂၀) ကျော်လောက်က စာရေး



www.burmeseclassic.com

www.burmeseclassic.com

မောင်ခိုင်ခန့်နဲ့ တွေ့ပြီးသူက -

ဆရာ 'ဘုရားကျောင်းဆောင်' လို့ 'စင်' ဆိုတာ 'အိုးစင်၊ ခွက်စင်၊ န်စင်၊ အယုတ်ဆုံး ဖိနပ်စင်' ဆိုပြီး သုံးနေကြတာပဲ၊ မကောင်းပါဘူး" လို့ ပြောပါတယ်။

"တပည့်တော် လေးလေးစားစား ခဲ့ပြီး သူ့ကိုလည်း လိုက်လိုက် တွေ့တင်စကားပြောခဲ့ပါတယ်။ အဲဒီနေ့ကစပြီး ဒီနေ့ထိ နောက် တဲ့အထိပေါ့။ တပည့်တော် သူ့ကို ဆပ်တဲ့အနေနဲ့ နေ့စဉ် မေတ္တာပို့ ယ်၊ ရှိလည်းရှိခိုးပါတယ် ဘုရား" ဟု ပြန်လျှောက်ထားပါသည်။

ကိုယ်တော်လေးက -

"ဘုရားကျောင်းဆောင် ဆိုတာ 'ဘုရားကျောင်းတော်' ဆို ပိုပြီးထူး တာပေါ့ ဒကာကြီး" ဟု မိန့်ပါသည်။

ကျွန်တော် ကြက်သီးထလောက် င် ပီတိဖြစ်ပြီး ဦးပဉ္စင်းလေးကို က်ပါသည်။

ဦးပဉ္စင်းလေးက-

ဘုရားကျောင်းတော်ထဲမှာ ဘုရား ဃာကလွဲရင် ဘာမှမရှိသင့်ဘူး။ အနေအရ ကျဉ်းတော့ တရားစာ ောင်ထားဖို့မသင့်ဘူး။ ဘုရား င်းတော်ထဲကိုကြည့်ရင် ဘုရား၊ ပန်းချီကား စတာပေါ့နဲ့ ရဟန္တာ ရဟန္တာ၊ အချို့ ရှင်သီဝလိနဲ့ ရှင် ရုပ်တော်များ ထားကြတယ်။ အဲဒါ တ်ပဲရှိသင့်တယ်။ တချို့အိမ်တွေ ရင် လက်ဖွဲ့တွေရော၊ ဆေးပုလင်း ရော၊ ကလေးကိုင်မှာစိုးတဲ့ပစ္စည်း ရော အစုံပဲ၊ ရှုပ်ထွေးနေတာပဲ။ ို မထားရဘူး။ ဘုရားကို ရှင်းရှင်း င်းဖူးနိုင်၊ ကြည်ညိုနိုင်အောင် တယ်။

ပြီးတော့ ဘုရားပန်းညှိုးနေရင် တလဲပါ။ မလဲနိုင်သေးက စွန့်ပြီး းမှာ ရေသန့်သန့်လေးပဲ ထည့် ညှိုးနေတဲ့ဘုရားပန်းကိုမြင်ရင် ညှိုးနွမ်းတယ်။ လန်းနေတဲ့ ဘုရား မြင်ရင် စိတ်ရွှင်လန်းတယ်။ မနက် ော မိမိမျက်နှာသစ်ပြီးတာနဲ့ ဘုရား နှာသစ်တော်ရေချမ်းကပ်ပါ။ ညနေ ခြေဆေးတော်ရေချမ်းကပ်ပါ။ နေ့ မပျက်စေနဲ့၊ မိမိစားတဲ့အထဲက အကောင်းကို ဆွမ်းတော်နေ့စဉ် သီးခြားအကောင်းလုပ်နိုင်ရင် ောင်းတယ်။ မလုပ်နိုင်ရင် စားတဲ့ အတိုင်းပဲကပ်ပါ။ ကိုယ်က ထမင်းစားဖို့ မမေ့ဘဲ ဘုရားဆွမ်းတော်ကပ်ဖို့ကျတော့ မေ့နေတယ်ဆိုတာမျိုး မဖြစ်ပါစေနဲ့။ ဘုရားကျောင်းတော်ကို နေ့စဉ်သန့်ရှင်းရေးလုပ်ပါ။ အမှိုက်၊ ပင့်ကူအိမ်၊ ဖုန်စတာတွေ လုံးဝမရှိပါစေနဲ့။ ဘုရားကို အနည်းဆုံး နံနက်၊ ည နှစ်ကြိမ် ရှိခိုးပါ။

အဲဒါ မနေ့က ဦးပဉ္စင်းဟောခဲ့တဲ့ ချမ်းသာကြောင်းတရား 'ပထမအချက်' ပဲ၊ 'ဒုတိယအချက်' ကတော့ -

ဧည့်ခန်းလို့ခေါ်တဲ့ ဒီအိမ်ရှေ့ခန်းပဲ။ ချမ်းသာတဲ့အိမ်၊ ကြီးမားတဲ့အိမ်တွေမှာတော့ ဧည့်ခန်းကို သပ်သပ်ထားကြတယ်။ အများအားဖြင့် လူလတ်တန်းစားနဲ့ ဆင်းရဲသားများကတော့ ဘုရားခန်းနဲ့ ဧည့်ခန်းကို အိမ်ဦးခန်းလို့ခေါ်တဲ့ ဒီအိမ်ရှေ့ခန်းမှာပဲ ထားကြတယ်။ ဒီအိမ်အတိုင်းပေါ့။

အိမ်ရှေ့တံခါးပေါက်ကနေအိမ်ထဲဝင်လိုက်တာနဲ့ စတွေ့ရတာက ဒီအခန်းပဲ၊ ဒီအိမ်ရဲ့ 'အစ' ပဲ။ 'အစကောင်းမှ နှောင်းသေချာ' လို့ ပြောတယ် မဟုတ်လား။ အားလုံးကောင်းဖို့အတွက် ဒီအခန်းက 'စ' ရတယ်။ ဒီအခန်းကို ကောင်းအောင်လုပ်ထားမှ 'ကိစ္စအားလုံး' ကောင်းတယ်။

ဒကာကြီး ဘုရားကပြန်လာပြီး အိမ်ထဲဝင်တာနဲ့ မျက်စိက အရင်ဆုံး ဘယ်ရောက်သွားသလဲ"

"ဘုရားကျောင်းတော်ဆီကိုပါ ဘုရား"

ကျွန်တော်က ချက်ချင်း ပြန်လျှောက်လိုက်ပါသည်။

"ဦးပဉ္စင်းလည်း အိမ်ထဲဝင်တာနဲ့ ဘုရားကိုပဲ ဖူးမိတာပဲ။ စိတ်တိုင်းကျဖြစ်နေရင် လိုက်လိုက်လဲ့လဲ့ 'သာဓု' ခေါ်လိုက်တယ်။ စိတ်တိုင်းမကျရင်တော့ ဆိတ်ဆိတ်ပဲနေကြတယ်။ ပြောလိုက်လို့ ကုသိုလ်ရသွားသူရှိသလို၊ အကုသိုလ်ရသွားသူလည်းရှိတယ်။ 'ဟုတ်ပါရဲ့၊ လုပ်ဦးမှပဲ' ဆိုပြီး ကုသိုလ်ရတာပေါ့။ 'ဆွမ်းခံလာတာ ဆွမ်းခံပြီးပြန်ပေါ့၊ တောပြောတောင်ပြောနဲ့ စပ်စပ်စုစု' ဆိုရင် အကုသိုလ်ရမှာပေါ့။ ဒီတော့ ကိုယ့်ကြောင့်သူတစ်ပါးကို အကုသိုလ်မရစေချင်ဘူး။ 'ကုသိုလ်လား၊ အကုသိုလ်လား၊ မသေချာတော့ မပြောတာ ကောင်းတယ်။ အခုက ပြောပါဆိုလို့ပြောတာ။

အိမ်သားဖြစ်စေ၊ အပြင်လူဖြစ်စေ အိမ်ရှေ့တံခါးဝကနေ အိမ်ထဲဝင်လိုက်တာနဲ့ မျက်စိက ဘုရားကျောင်းတော်ဆီ ရောက်သွားတာ ဓမ္မတာပဲ။ ဘယ်သူပဲဖြစ်ဖြစ် သတိထားမိချင်လည်းထားမိမယ်။ မထားမိရင်လည်း နေမယ်။ 'အကောင်းနဲ့ မကောင်း' ဟာ အဲဒီမှာ စတာပဲ။ ဘုရားကျောင်းတော်ကို တွေ့တာနဲ့ စိတ်ကြည်နူးပြီး ပီတိဖြစ်သွားတာရှိမယ်။ သန့်သန့်ရှင်းရှင်းနဲ့ ပန်းဝေဝေနဲ့ဆိုရင်ပေါ့။ စိတ်ထဲမှိုင်းသွားတာရှိမယ်။ သတိထားမိချင်မှထားမိမယ်။ ကြည်နူးသလိုမသိသာဘူး။ ဘုရားကျောင်းတော် ရှုပ်ထွေးပြီး ပန်းက ညှိုးနွမ်းနေရင်ပေါ့။

ဘာပဲဖြစ်ဖြစ် ကြာလာရင် စုဆောင်းပြီးဖြစ်တယ်။ နို့ဆီဘူးထဲ ဆန်တစ်စေ့စီကောက်ထည့်။ ကြာလာရင် ဆန်တစ်ဘူး ဖြစ်တာပဲ။ အဲဒီလိုပဲ စိတ်ကြည်နူးမှု၊ ညှိုးနွမ်းမှုဖြစ်ရတာ များလာတဲ့အခါ အရည်အချင်းများဖြစ်ပြီး ကောင်းကျိုး၊ ဆိုးကျိုးများကို ဖြစ်စေနိုင်တယ်။ ဒါကြောင့် စိတ်ကြည်နူးချိန်များဖို့ လိုတယ်။

ဒုတိယအချက်ကတော့ 'သောက်ရေအိုး' ပဲ။ ရန်ကုန်အိမ်အတော်များများ သောက်ရေအိုးပျောက်နေပြီထင်တယ်။ ရေသန့်ဘူးတွေ ဘူးလိုက်တည်သောက်ကြတော့ သောက်ရေအိုးမသုံးကြတော့ဘူး။ ဒကာကြီးတို့အိမ်မှာတော့ သောက်ရေအိုးစင်ထားပြီး အပေါ်တစ်အိုး၊ အောက်တစ်အိုးနဲ့ သောက်ရေအိုးထားတာ တွေ့ရတယ်။ သောက်ရေအိုးကို အိမ်ရှေ့အိမ်ဦးမှာပဲ ထားလေ့ရှိတယ်။ သောက်ရေအိုးဟာ ရေသောက်ဖို့လောက်တင် မဟုတ်ဘူး။ လူတွေအိမ်ပြောင်းရင် အရင်ဆုံး ဘုရားနဲ့ သောက်ရေအိုးကိုပြောင်းတယ်။ ပြီးမှ ကျန်တဲ့ပစ္စည်းကို ပြောင်းတယ်။ ရက်တရက်အကုန်မပြောင်းနိုင်သေးရင် ဘုရားနဲ့ သောက်ရေအိုးကို အရင်ပြောင်းထားလေ့ရှိကြတယ်။ ဒါဟာ အင်မတန်အဓိပ္ပာယ်ရှိတဲ့ မွန်မြတ်တဲ့ မြန်မာ့ဓလေ့၊ ရှေးဓလေ့ပဲ။ အိမ်ထောင်စုအတွက် အရေးအကြီးဆုံးဟာ ဘုရားနဲ့သောက်ရေအိုးပဲ။ ဘုရားဟာ လောကီဘေးရန်ကို ကာကွယ်ပေးပြီး လောကီချမ်းသာကို ပေးတယ်။ သံသရာမှာ အပါယ်ဘေးက ကာကွယ်ပေးပြီး သုဂတိဘဝချမ်းသာကို ပေးတယ်။ နောက်ဆုံး သံသရာဘေးက ကာကွယ်ပေးပြီး ထာဝရ နိဗ္ဗာန်ချမ်းသာကိုပေးတယ်။

ထမင်းအသက်ခုနစ်ရက်၊ ရေအသက် တစ်မနက် ဆိုတဲ့စကားရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com

# ချောင်းဆိုး၊ ရင်ကျပ်အတွက် ဥသျှစ်ခေါက်

စာရေးသူတို့မျိုးရိုးက ပန်းနာရင်ကျပ်မျိုးရိုးပါ။ စာရေးသူက ငယ်ငယ်ကတည်းက ပန်းနာရင်ကျပ်ဖြစ်ခဲ့တာပါ။ မြန်မာဆေး၊ နိုင်ငံခြားဆေးများသောက်သုံးသော်လည်း ခဏသာသက်သာ၍ အမြစ်ပြတ် ပျောက်ကင်းမှုမရှိခဲ့ပါ။ ယခု အသက် (၇၀) ရှိပါပြီ။ အသက်ကြီးတော့ ရောဂါက ပိုဆိုးလာပါသည်။

ထို့ကြောင့် ဆောင်းတွင်းရောက်မှာ၊ ချမ်းအေးမှာကို ကြောက်ပါသည်။ ရာသီဥတုအေးပါက ရင်ပိုကျပ်ပါသည်။ ဆောင်းဝင်စဆိုလျှင် ပန်းနာရောဂါရှိရှိ မရှိရှိ ကလေး၊ လူကြီး ချောင်းတဟတ်ဟတ်နှင့်ပါ။ စာရေးသူတို့ ပန်းနာရင်ကျပ်သမားများက ပိုဆိုးပါသည်။

တစ်နေ့ကတော့ တစ်ရွာတည်းနေ ဦးအုံးကြိုင်၏ဇနီး ဒေါ်စန်းမြင့်က ချောင်းဆိုးရင်ကျပ်နေလျှင် ဥသျှစ်ခေါက်ကို ဆန်ဆေးရည်နှင့်သွေးပြီး ညအိပ်ရာဝင်မှာ လက်ဖက်ရည်ပန်းကန်တစ်ဝက်ခန့်သောက်ပါ။ ရင်ပူ၊ ရင်ချောင်ပြီး ချောင်းမဆိုးတော့ပါ ဟု ပြောပါသည်။

စာရေးသူလည်း ဥသျှစ်ခေါက်အမြန်ရှာကာ ဆန်ဆေးရည်နှင့်သွေးကာ သောက်လိုက်ပါသည်။ ရင်ထဲပူသွားပါသည်။ ရင်ချောင်သွားပါသည်။ ချောင်းဆိုးတော့ သလိပ်လည်းရပါသည်။ ထို့ကြောင့် ရင်ကျပ်သက်သာသွားပါသည်။ ဆောင်းဝင်ခါစ ချမ်းအေးစတွင် စာရေးသူကဲ့သို့ ပန်းနာရင်ကျပ်သမားများ ရောဂါဝေဒနာ မခံစားရပါရန် စေတနာထား၍ စာရေးဖြန့်ဝေအသိပေးလိုက်ပါသည်။ ဆေးမှာ ဆေးပူပါ။ ထို့ကြောင့် ဆေးမများ သင့်တင့်အောင် မှီဝဲသုံးဆောင်ကြပါလို့ သတိပေးအပ်ပါသည်။ အခြားဘေးထွက်ဆိုးကျိုးမရှိပါ။

ဆေးနည်းပြောပြသော တောင်တွင်းကြီးမြို့နယ် ချောင်းနက်အရှေ့ရွာ ဒေါ်စန်းမြင့်အား အထူးကျေးဇူးတင်ပါသည် ခင်ဗျား။

*အားလုံးကျန်းမာချမ်းသာကြပါစေ*

ဦးသန်းစိုး (ချောင်းနက်)

---

သောက်ရေဟာ လူ့အသက်ပဲ။ သောက်ရေနဲ့ လူဟာ တစ်နံနက်တောင် ကွဲကွာလို့ မရဘူး။ ဒါကြောင့် သောက်ရေ၊ သောက်ရေအိုးဟာ အရေးကြီးတယ်။ လူတို့သွားလေရာ ဆောင်ရမယ့်အရာဟာ ဘုရားနဲ့ သောက်ရေပဲ။ ဒီသဘောရှိတယ်။ ဒါကြောင့် သောက်ရေအိုးကို အလေးအမြတ်ထားရတယ်။ သောက်ရေအိုးမှာ အမြဲတမ်း ရေပြည့်နေရမယ်။ သန့်ရှင်းပြောင်လက်ပြီးစိုနေရမယ်။ သဲအိုးတွေဆိုရင် အပြင်ကိုရေတွေစိုထွက်၊ စိမ့်ထွက်နေတယ်။ ရိုးရိုးမြေအိုးလည်း ကြေးတက်မနေရင် အပြင်ကိုစိုစွတ်နေသလို ထင်ရတယ်။ သောက်ရေအိုးကရေကို သောက်ရမှုမဟုတ်ဘူး။ မြင်လိုက်တာနဲ့၊ သောက်ရေအိုးကို မြင်လိုက်တာနဲ့ ရင်မှာအေးချမ်းသွားတယ်။

အိမ်သားဖြစ်စေ၊ အပြင်လူဖြစ်စေ အပြင်က နေပူထဲကနေပြီး အိမ်ထဲကို ဝင်လိုက်တာနဲ့ သောက်ရေအိုးကိုမြင်ပြီး ပြင်ပအပူရော၊ ဂမ်းတွင်းအပူပါ ပျောက်ပြီး ရင်တွင်းအေးချမ်းသွားတယ်။

ရေငတ်သူဟာ သောက်ရေအိုးကို မြင်ရုံနဲ့ ရွှင်လန်းဝမ်းမြောက်သွားတယ်။ အဲဒါကို 'ပီတိ' လို့ခေါ်တယ်။ အင်မတန်မွန်မြတ်တဲ့စိတ်ရဲ့ 'အရသာ' ပဲ။ ရေကို သောက်လိုက်ရတော့ အလိုဆန္ဒပြည့်စုံသွားလို့ ချမ်းသာခြင်းနဲ့ ပြည့်စုံသွားတယ်။ အဲဒါကို 'သုခ' လို့ ခေါ်တယ်။ သောက်ရေအိုးဟာ စိတ်ရဲ့ချမ်းသာခြင်း၊ ကိုယ့်ရဲ့ချမ်းသာခြင်းကို အပြည့်အဝပေးတယ်။ ဒါကြောင့် သောက်ရေအိုးကို အလေးထားရတယ်။

နောက်ပြီးတော့ 'အိမ်ဦး' ဆိုတာ တစ်အိမ်လုံးကို လွှမ်းခြုံထားတယ်။ တစ်အိမ်လုံးကို တာဝန်ယူ ထိန်းသိမ်းစောင့်ရှောက်တဲ့ အိမ်ထောင်ဦးစီးကို 'အိမ်ဦးနတ်' လို့ ခေါ်တယ် မဟုတ်လား။ အဲဒီအိမ်ဦးမှာရှိတဲ့ သောက်ရေအိုးဟာ ရေအပြည့်နဲ့ တင့်တင့်တယ်တယ်ရှိနေသလောက် တစ်အိမ်လုံး၊ အိမ်သူအိမ်သားအားလုံးဟာလည်း အေးအေးချမ်းချမ်းနဲ့ တင့်တင့်တယ်တယ်ဘဝမျိုးကိုရရှိတယ်။

ဒါကြောင့်မို့ ရှေးလူကြီးများဟာ သောက်ရေအိုးကို အထွတ်အမြတ်ထားပြီး ဂရုစိုက်ကြတယ်။ ရေသောက်ဖို့ သောက်ရေအိုးကရေကို ခပ်တဲ့အခါ နှသောက်နိုင်ရုံမှန်းပြီးကုန်အောင်သောက်ရတယ်။ တကယ်လို့ မကုန်နိုင်ရင် ကျန်တဲ့ရေကို သောက်ရေအိုးထဲပြန်မထည့်ရဘူး။ နောက်သောက်မယ့်သူတွေက ကိုယ့်ထက် အသက်၊ သိက္ခာမြင့်နေရင် ငရဲကြီးမယ်။ သွန်ရမှာပဲ။ သွန်တဲ့အခါ ခြေနင်းလွတ်ရာကို သွန်ရတယ်။ အလေးထားတဲ့သဘောပေ့ါ။ ဘုရားကစွန့်လိုက်တဲ့ ဆွမ်း၊ ရေချမ်း၊ ပန်းတို့ကိုလည်း ...မနင်းနိုင်တဲ့နေရာကို စွန့်ရတယ်။ မြ...တဲ့ဆီက ပစ္စည်းဖြစ်လို့ စွန့်တာတော...မြတ်နိုးမှုမပျက်ဘူး ဆိုတဲ့သဘော...

သောက်ရေအိုးနေရာမှာ ရေ...ဘူးထားတော့ စောစောကပြော...လက္ခဏာတွေပျောက်ကုန်တယ်။ ဒါ...မယ့် ခေတ်ပြောင်းလို့ အသုံးအဆော...လည်း ပြောင်းလာရတဲ့အတွက် ...သောက်ရေအိုးအစား သောက်ရေ...လိုပဲထားမယ်ဆိုရင်လည်း ဖြစ်ပါတ...

အားလုံး ခြောက်မျိုးရှိတယ်၊ ...နှစ်မျိုးပြောပြီးပြီ။ အချိန်လည်းလင့်...ပြီ။ ကျန်တာတွေကို နောက်နေ့တွေ...မှပဲ ဆက်ပြောတော့မယ်။

ကိုယ်တော်လေးက ဘုရားကျေ...တော်နှင့် သောက်ရေအိုးအကြော...ပြောပြီး ကျန်တာကို ဆက်ပြောရန် ...ကြားပြီး ပြန်ကြွသွားပါသည်။

ကိုယ်တော်လေး ဆက်ပြော...အချက်များကိုလည်း ဆက်လက် ...ပါဦးမည်။

*ကျန်းမာချမ်းသာကြ...*

ချောင်းဆုံအ...



www.burmeseclassic.com


www.burmeseclassic.com



ဗိုလ်ချုပ်အောင်ဆန်း ရှိခိုးဦးခိုက်သည့် ကျောင်းကြီးပေါ်ရှိ ဆင်းတုတော်



ဗီဒီယိုမင်းသား နေထူးနိုင် လှူဒါန်းသည့် ပယတ်စတစ်ဆင်းတုတော်



ဖန်ပုလင်းထဲရှိဆင်းတုနှင့် ကျောင်းတော်

### ဗိုလ်ချုပ်အောင်ဆန်း လာရောက်ဖူးမြော်ခဲ့သည့်

# အောင်ချမ်းသာဘုရား

မိုးမြေသင်း

အောင်ချမ်းသာဘုရားမှာ မကွေး [illegible] သကြီး မကွေးခရိုင် ရေနံချောင်း [illegible] ဖောင်းကတောတောင်ရွာတောင် [illegible] တောင်ကုန်းပေါ်တွင် ကြည်ညို [illegible] ဖူးတွေ့နိုင်ပါသည်။

ပုဂံခေတ် အလောင်းစည်သူမင်း ဖောင်စကြာဖြင့် တိုင်းခန်းလှည့်လည်ရာတွင် ဧရာဝတီမြစ်အတိုင်း ဆန်တက်လာရာ ဖောင်းကတောရွာဆိပ်ကမ်းသို့ ရောက်ရှိတော်မူသည်။

ဖောင်းကတောတောင်ရွာညောင်ပင်ဆိပ်ကမ်းသည် ရွာတောင်ချောင်းတောင်ဘက်ကပ်လျက်ရှိသည်။ အလွန်အရိပ်ကောင်းသည်။ အလွန်နတ်ကြီးသည်။ ရေကြောင်းသွား လှေ၊ ဖောင်များ



အောင်ချမ်းသာဘုရားနှင့် ရတနာမာန်အောင်မြင်စေတီ



www.burmeseclassic.com

www.burmeseclassic.com

ဦးတိုက်ရှိခိုးသွားရသည်။ ဦးတိုက်ရန် မေ့သွားသည့် လှေ၊ ဖောင်များမှာ သွားလမ်း၊ ပြန်လမ်းတွင် ဘေးအန္တရာယ် အခက်အခဲတစ်ခုခုနှင့် ကြုံတွေ့ရသည်ဟု အစဉ်အဆက် မှတ်သားလာခဲ့ကြသည်။

အလောင်းစည်သူမင်းကြီး၏လှေ၊ ဖောင်များ ညောင်ပင်ဆိပ်တွင် ရပ်နားပြီး ပုဂံနေပြည်တော်သို့ ဆက်လက်ထွက်ခွာရန် ပြင်ဆင်ရာ လှေ၊ ဖောင်များမရွေ့ဘဲရှိနေသည်။ အမျိုးမျိုးကြိုးစားသော်လည်းမရ။ ညအချိန်ရောက်သော် ရက္ခစိုးနတ်က ဤအရပ်တွင် လူအများ ကိုးကွယ်ရန် စေတီတစ်ဆူတည်ခဲ့မှ ဖောင်တော်ထွက်ရမည်ဟု မင်းကြီးကို အိပ်မက်ပေးသည်။ မင်းကြီးလည်း ဖောင်းက တောရွာတောင်ဘက် တောင်တန်းပေါ်တွင် ဉာဏ်တော် (၇) တောင် မြင့်သည့် စေတီတစ်ဆူ လျင်မြန်စွာတည်ရသည်။ တောင်ထိပ်ပေါ်တွင် စေတီလေးတစ်ဆူကို အောင့်အောင့်ဆောင့်ဆောင့်တည်ရသဖြင့် 'ရှင်ဘုရင်အောင့်ဆောင့်ဘုရား' ဟု တွင်သည်။


စေတီလေးတည်ပြီးသည်နှင့်တစ်ပြိုင်နက် လှေတော်၊ ဖောင်တော်များ ညောင်ပင်ဆိပ်ကမ်းမှ ထွက်ခွာ၍ရလေသည်။ ထိုစေတီလေးမှာ ဆေးနီသုတ်ထားသည့်ဘုရားနီလေး ဖြစ်သည်။ ဧရာဝတီမြစ်အတွင်း အစုန်၊ အဆန် ရေကြောင်းသွားလာကြသူများ ရွာတောင်ဘက် တောင်တန်းပေါ်ရှိ ဘုရားနီလေးကို လှေ၊ ဖောင်များပေါ်မှ ရှိခိုးကန်တော့သွားကြရသည်။

မြန်မာနှစ် ၁၂၈၀ ပြည့်နှစ်၊ ခရစ်နှစ် ၁၉၁၈ သို့ရောက်သောအခါ ဘုရားဒါယကာ ဦးဘိုးရာ၊ ဘုရားဒါယိကာမ ဒေါ်နှစ်တို့က ထိုဘုရားနီလေးကို ငုံ၍ စေတီတစ်ဆူ တည်ခဲ့သည်။ စေတီဆင်းတုတော်တွင် '*၁၂၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၇ ရက် (၉-၁၂-၁၉၁၈၊ တနင်္လာနေ့တွင် တွင်းစား ဒေါ်မမနှစ်ကောင်းမှု*' ဟု မှတ်တမ်းတင်ထားသည်။ စေတီနှင့်တကွ တံတိုင်းများ၊ တံခွန်တိုင်များပါ လှူဒါန်း တည်ဆောက်သည်။

စေတီနှင့်ကပ်လျက် စနေထောင့်တွင် ရှားပင်ကြီးတစ်ပင်ရှိသည်။ ရှားပင်အောက်တောင်ဘက် တောင်စောင်းတွင် တွင်းပေါက်တစ်ခုရှိသည်။ သောင်သဲများ မည်မျှပင်ဖို့ဖို့ တွင်းမှာမပြည့်။ အတော်ထူးဆန်းသည်။ တွင်းပေါ် အုတ်တံတိုင်းပြုလုပ်ထားသည်။ အောက်ပြည်


ဗမ္မာမျက်ရှင်ဘုရားနှင့်သိမ်တော


ဗိုလ်ချုပ်အောင်ဆန်း လာရောက်လေ့လာသည့် ကျောင်းတော်ကြီ


ကျောင်းတော်ကြီး၏ကျွန်းတိုင်ကြီး

နှအောက်အရပ်သို့ ခရီးထွက်သွားကြသည့် လှေသမားများ၏ ဇနီးမယားတို့က ရှားပင်အောက်မှနေ၍ ဧရာဝတီမြစ်အတွင်း ဆန်တက်လာကြသော လှေများပေါ်တွင် မိမိတို့၏ လင်ယောက်ျားများပါ၊ မပါ စောင့်လင့်မျှော်နေရသဖြင့် ထိုတောင်ကို 'လင့်မျှော်တောင်'၊ စေ ကို 'လင့်မျှော်ဘုရား' ဟု တွင်သေးသ

ထူးဆန်းသည်မှာ မိတ္ထီလာခ မလှိုင်မြို့နယ်မှ ရွှေပေါ်ကျွန်းဆ တော်ဘုရားကြီး အကျင့်စခန်းဝင်တ ဆရာတော်၏ မနောအာရုံထဲ

www.burmeseclassic.com



ကျောင်းတော်ကြီးပေါ်ရှိ ပန်းချီကား



ထီးရိုးစေတီပုံ ပန်းချီကား



တော်ကြီးတောင်ဘက်အဆင်းလှေကား

ပေါ်လာသဖြင့် ယခင်က တစ်ကြိမ် မှ မရောက်ဘူးသေးဘဲ ဆရာ နေ့အာရုံထဲ ပေါ်လာသည့် ဘုရားသို့ ၁၉၇၈ ခုနှစ်တွင် ထူးထူး ကြွရောက်တော်မူလာသည်။ ဆရာတော်ဘုရားကြီးသည် ဘုရားရှိရာ တောင်ကုန်းထက်သို့ ကြွရောက်တော်မူနိုင်သည်။ မိတ္ထီလာခရိုင် မလှိုင်မြို့နယ်မှ မိုင်ပေါင်းများစွာ ဝေးသည့် မကွေးခရိုင် ရေနံချောင်းမြို့နယ်ရှိ ဤဘုရားသို့ ကြွရောက်လာသည်မှာ အလွန်ထူးဆန်းဖွယ်ရာဖြစ်ခဲ့ရသည်။

ရေနံချောင်းမြို့နယ်ရှိ ဝေနေယျများနှင့် စည်စည်ကားကားဖြစ်သွားသည်။ ဆရာတော်သည် 'ရှင်ဘုရင်အောင့်ဆောင့်ဘုရား' မှ 'အောင်ချမ်းသာဘုရား' ဟု အမည်ပြောင်းလဲ ခေါ်ဝေါ်သမုတ်စေခဲ့သည်။

အောင်ချမ်းသာဘုရားအတွက် ရွှေပေါ်ကျွန်းဆရာတော်၏သာသနာပြုလုပ်ငန်းတွင် တံတိုင်းကြီးများ ပြိုပျက်နေသည်ကို ပြုပြင်သည်။ တံတိုင်းတွင် အရုံအတားများပြုလုပ်သည်။ စေတီကို မှန်သက်န်းကပ်၊ တံခွန်တိုင်တည်၊ ရှားပင်အောက်တွင် 'ဘယက္ခ' ရုပ်တုလုပ်ခြင်း၊ အုတ်ရေကန်တည်၊ ရေချမ်းစင်များတည်၊ စေတီတောင်ဘက်အနီးတွင် တောင်စောင့်ဘိုးဘိုးကြီးနတ်ကွန်းတည်ဆောက်၊ ထီးတော်ချပြီး ပြုပြင်မွမ်းမံခဲ့သည်။

၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်တွင် ရွှေသက်န်းကပ်ပြီး ထီးတော်ကုသိုလ်ရှင်မှာ မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် (ခ) ရပ် ဟ/ရ/(၁၀၁)နေ ဦးအောင်သန်း၊ ဒေါ်စိန်စိန်ဝင်းမိသားစုဖြစ်သည်။ ထီးတော်တင်ပွဲသို့ ရွှေပေါ်ကျွန်းဆရာတော်ကိုယ်တိုင် ဒုတိယအကြိမ် ကြွရောက်ပြီး ထီးတော်တင်ခဲ့သည်။ ဆရာတော်ဘုရားကြီးသည် မလှိုင်မြို့နယ်မှ ကားအစီးပေါင်း (၆၀) ကျော်ဖြင့် ကြွရောက်လာသဖြင့် ရေနံချောင်းမြို့မှ ထိုဘုရားသို့ ယာယီကားလမ်းဖောက်လုပ်ရသည်။ ထီးတင်ပွဲလာ ဝေနေယျများ အလွန်စည်ကားပြီး တောင်စဉ်တောင်တန်း၊ တောင်ကမ်းပါးယံ၊ တောင်ခြေတစ်လျှောက် ပရိသတ်များ လာရောက် နေရာယူထားကြရာ ဖွေးဖွေးဖြူဖြူသွားပါတော့သည်။

၁၉၉၇ ခုနှစ်၊ မေလ ၁၆ ရက်၊ ၁၃၅၉ ခုနှစ် ကဆုန်လဆန်း ၁၀ ရက် သောကြာနေ့ ညနေ(၆)နာရီတွင် အရှေ့မြောက်လေ ပြင်းထန်စွာ တိုက်ခတ်သည်။ ဘုရားမှ တန်ဆောင်းတန်းများ၊ သွပ်မိုးများ လွင့်စဉ်ကျသွားသည်။ ကြာမောက်၊ ကြာလန်အောက်ပိုင်းမှ အထက်ပိုင်းအထိပြတ်ကာ ပြိုကျသွားသည်။ ထီးတော်မှာလည်း မြေခကာ ပျက်စီးသွားသည့်အပြင် စိန်ဖူးတော်လည်း ပဲ့သွားသည်။ စိန်ဖူးတော်သင်းကျစ်တွင် ရွှေချိန် (၁) ကျပ်သား၊ (၅) ပဲနှင့် (၅) ရွေး၊ ပတ္တမြား (၉) ပွင့်၊ မြ (၇) ပွင့်၊ နီလာ (၄) ပွင့် ပေါင်း အပွင့် (၂၀) ရှိသည်။

၁၄ - ၁၀ - ၉၇ တွင် မန္တလေးမြို့



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတော်ကြီးမြောက်ဘက်ဓာတ်လှေကား



ဆရာတော်ဦးသီလစာရ



ကျောင်းတော်ကြီးမှ ဖောင်းကတောမြောက်ရွာအသွားတံတား

ပန်းထိမ်ဆရာ ဦးညွန့်ဝေက ကျောက် (၅) ပွင့်၊ ရွှေ (၂) ပဲသားနီးပါး တန်ဖိုး ကုသိုလ်ပြု လှူဒါန်းတပ်ဆင်ပေးပါသည်။ လေပြင်းကြောင့် ပျက်စီးသွားသော ထီးတော်အစား အဝ (၂) ပေ၊ (၃)လက်မရှိ ကြေးထီးတော်ကို အထက်ပါ ဦးအောင်သန်း၊ ဒေါ်စိန်စိန်ဝင်း မိသားစုတို့က ရွှေချလှူဒါန်းပြီး ထီးအသစ်တင်ခဲ့သည်။

၁၉ - ၅ - ၂၀၀၉ တွင် ဘုရားအတွက် လျှပ်စစ်မီးရရန်နှင့် မီတာရရန် ကြိုးစားသူမှာ မြစ်သားမြို့ အိမ် (၃၄) (၁) လမ်း ရွှေသူဌေးရပ်မှ ဦးမြင့်စိုး၊ ဒေါ်အေးအေးမာ မိသားစု ကောင်းမှုဖြစ်ပါသည်။

၂၉ - ၃ - ၂၀၁၁ တွင် အနောက်ဘက်စောင်းတန်းနှင့် လှေကားကို မင်းဘူးမြို့ ပြည့်ခိုင်ဖြိုးပါတီမှ ဦးသောင်းဟန်၊ ဒေါ်မြင့်သီတို့က ဆောက်လုပ်လှူဒါန်းသည်။

ဘုရားမြောက်ဘက်အတက်လမ်းကို ကျောက်လမ်းခင်းသည်။

တံခွန်တိုင်နှင့်တံခွန်တိုင်ထီးတော် ဟသ်ာရုပ်ကုသိုလ်ရှင်မှာ ရေနံချောင်းမြို့ စလင်းတန်းရပ် ဒေါ်ရင်နုနှင့် သားသမီးမြေးတစ်စုတို့ ဖြစ်သည်။ ဘုရားရင်ပြင်တွင် ကြေးခေါင်းလောင်းကြီးရှိသည်။

ဘုရားပွဲတော်မကျင်းပမီ နှစ်စဉ်တန်ဆောင်မုန်းလပြည့်နေ့တွင် ညနေနေဝင်ချိန်၌ ရွာရှိ ကာလသားများက အတီးအမှုတ်၊ အကအခုန်များနှင့် ရှေ့က ရွာသူလေးများက မီးကြာများ ထွန်းညှိကာ မီးကြာလှည့်ပွဲကျင်းပသည်။ ဖောင်းကတောတောင်ရွာအလယ်မှ ဘုန်းကြီးကျောင်းသို့ (၅) ပတ်ပတ်၊ ထိုမှ အုတ်ဖိုရွာ၊ ရွှေတောင်ကြားလမ်း၊ သာယာအေးရပ်ကွက်မှ တောင်စဉ်တောင်တန်းတစ်လျှောက်လှည့်ကာ အောင်ချမ်းသာဘုရားသို့ သွားရောက် မီးကြာပူဇော် ကုသိုလ်ယူကြသည်။

အောင်ချမ်းသာဘုရားပွဲတော်ကို နှစ်စဉ် တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့မှ ၂ ရက်နေ့ထိ (၂) ရက် စည်ကား သိုက်မြိုက်စွာ ကျင်းပသည် ထိုနေ့များတွင် ညနေအချိန်၌ ရွာနီးချ စပ်မှ ဖိတ်ကြားထားသောရွာများ အတီးအမှုတ် အကအခုန်များနှင့် လှူ ဖွယ်ပစ္စည်းများကို ဗန်းလေးများထဲထ ရွက်ကာ စီတန်းလှည့်လည် အာရုံ လာကြသည်။ ရွာမှ ကုသိုလ်ရှင်များက လည်း ဗန်းလေးများထဲ မုန့်များပြ ထည့်သည်။ 'အာရုံပြန်သည်'ဟု ခေါ် သည်။ ရပ်ရွာတစ်ရွာရွာမှ တောင်ပေ ဘုရားပေါ်တွင် အတီးအမှုတ် အက ခုန်များနှင့် ဖြေဖျော်ရသည်။ တော ပေါ်ရှိဘုရားသို့ တက်ရသည်မှာ မော ပန်းရမှန်း မသိကြရတော့ပါ။

လပြည့်ကျော် ၃ ရက်နေ့ နံနက် မိုးမလင်းမီ ပင့်သံဃာ (၁၀၈) ပါးအ ယာဂုဆွမ်း ဆက်ကပ်ကာ ဆွမ်းကြ လောင်းကြသည်။ ဆွမ်းဟင်းမှာ တစ် လျှင် (၂၃) ခွက်ပြည့်အောင် ရွ ကုသိုလ်ရှင်များက သဒ္ဓါတရားထ သန့်စွာ လောင်းလှူကြသည်မှာ ကြည် ဖွယ်ကောင်းလှပါတော့သည်။ ဆွမ်းကြ လောင်းပြီးမှ ဖောင်းကတောရွာကျော ဆရာတော် ဦးသီလစာရက ငါးပါး လပေးပြီး သာဓုခေါ်စေပါသည်။

ဘုရားတောင်တော်ပေါ်မှ လှ မျှော်ကြည့်လိုက်လျှင် အနောက်ဘ တွင် ဧရာဝတီမြစ်၊ ကရဝိက်ဘုရား ကျွန်းရွာ၊ ဖောင်းကတောအနောက် နှင့် ကိုင်းသီးနှံခင်းများ၊ ဖရဲကျွန်း မြောက်ဘက်၌ ဖောင်းကတောတော ရွာ၊ မြောက်ရွာ၊ ထန်းတောညီ မြောက်ရွာဘုရား ယာကြီးကုန်း၊ အ ဘက်တွင် အုတ်ဖိုရွာ၊ အောင်ဆန်း ကျောက်မဆင်ဘုရားတို့ကို လှမ်း ဖူးမြော်နိုင်ပါသည်။

အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း ရေနံချောင် အမျိုးသားကျောင်းသားဘဝက ဖော ကတောရွာသို့လာရင်း စာရေးသူ နှင့် ဤတောင်ပေါ်ဘုရားပေါ်သို့ ခဏ တက်ရောက် ဖူးမြော်ကြည် တောတောင်ရေမြေသဘာဝရှုခင်းအ များကို ကြည့်ရှု ခံစားသွားကြောင်း ပါသည်။

မိုးမြေ

www.burmeseclassic.com

# အလ္လာဝါလှိုင်း

## အဘအောင်မင်းခေါင်၏ကျင့်စဉ်အစ

### တောင်လုံးလှက



ကိုရင်လေး ဖိုးအောင် လူထွက်လာပြီ။ ရှင်လိင်ပြန်လာသည်။ အပျော်ဆုံးနေ့ဟု ဆိုရပါမည်။ လူမထွက်စေချင်သော မိဘနှစ်ပါးကို ရွာဦးကျောင်းဆရာတော်မှ ဆင့်ခေါ်လေသည်။ ဆရာတော်မှ ကိုရင်ဘဝတွင် မထွက်စေချင်ပေ။ ကိုရင်ဝတ်ဖြင့် သာသနာပြုသွားသော ဘိုးအောင်လေးကို သင်္ကန်းဝတ်ဖြင့် မြဲစေချင်၏။ ကိုရင် ဖိုးအောင်လေးကလည်း ဇွတ်လူထွက်ချင်နေသည်။ ဆရာတော်နှင့် ကိုရင် လွန်ဆွဲပွဲတွင် နောက်ဆုံး ဆရာတော်မှ လက်လျှော့ပေးလိုက်သဖြင့် မိဘများကို အခေါ်ခိုင်းခြင်း ဖြစ်သည်။ ကိုရင်လေးဆန္ဒအရ လူဝတ်လဲစေပြီး ·မိဘများနှင့် ပြန်ထည့်ပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com

ရလေသည်။ ဆရာတော်၏စိတ်ထဲတွင် မှတ်ချက်ပြုပါသည်။ တောက်ချင်တဲ့ မီးခဲလေး တစ်ချိန်ချိန်မှ ထတောက်မည့် တပည့်တော်၏ လက္ခဏာကို ဖတ်ပြီး ကျန်ရစ်ပါတော့သည်။

'ကိုရင်လူထွက် ငါးပိချက်' ဟု သူငယ်ချင်းများက နောက်ပြောင်ကြ၏။ 'ခေါင်းတုံးပြောင် အုန်းမောင် တောင်ပေါ်တက် ဇီးကွက်' ဟု အော်သူကအော်လေသည်။ လူဝတ်နှင့်ခေါင်းတုံးပြောင်ပြောင်သည် ဘယ်လိုမှ လိုက်ဖက်မညီသဖြင့် နောက်ပြောင်ခံနေရလေသည်။ သို့သော် ဖိုးအောင်လေးက လုံးဝစိတ်မဆိုးပါ။ မိဘများ၏ တောင်ယာအလုပ်ကို ကူညီပေး၏။ အစ်ကိုကြီး ဖိုးသောင်က နွားတစ်ရှဉ်းဖြင့်ယာလုပ်၏။ အစ်ကိုလတ် ဖိုးမောင်က ထန်းတက်၏။ ဖိုးဆောင်က အမေ့နားမှမခွာ။ ကိုရင်လူထွက်မို့ ဖိုးအောင်ကတော့ နွားကျောင်းရ၏။ ထန်းတက်တာကို ကူညီရ၏။ ယာလုပ်နေသော အစ်ကိုကြီးထံ ထမင်းပို့ရ၏။ အဓိကတာဝန်မှာ နွားကျောင်းရလေသည်။

ဖိုးအောင်လေး နွားကျောင်းတာက အလွယ်လေး။ နွားထီး၊ နွားမ (၃၀) ကောင်လောက် ရှိသည်။ စင်မြင့်ရွာမှ တောင်ဦးဘက်သို့ မောင်းလာသည်။ တောင်ဦးနားက တောင်လုံးလှတွင် နွားများကို သွားချင်ရာသွား၊ စားချင်တာ စားလွှတ်လိုက်လေသည်။ သူ့အလုပ်က တောင်လုံးလှတောင်ခြေတွင် တရားထိုင်ကောင်းသော ကျောက်ဂူများရှိ၏။ ထိုကျောက်ဂူများတွင် တရားထိုင်ခြင်း ဖြစ်သည်။

နေ့စဉ် ပုတီးစိပ်၏။ ကိုရင်ဘဝက ဆရာတော်၏ သွန်သင်ဆုံးမမှုများမှာ ဝိဇ္ဇာလှေကားဝသို့ တွန်းပို့ပေးသော အားများ ဖြစ်လေသည်။ ဘုရားရှိခိုးခြင်း၊ သီလဆောက်တည်ခြင်း၊ ဘာဝနာပွားများခြင်းတို့မှာ ဆရာတော်၏ သွန်သင်ဆုံးမမှုကြောင့် ရရှိခဲ့သည်။ တရားထိုင်ပုံ၊ သမာဓိထူထောင်ပုံတို့၏ အခြေခံမှာလည်း ဆရာတော်၏ကျေးဇူးပင် ဖြစ်ပါသည်။ ပုပ္ပားအောင်မင်းခေါင်ဟု ထင်ရှားလာသော ဂန္ဓာရီဝိဇ္ဇာပညာရပ်တို့သည် မိုးပေါ်ကကျလာတာမဟုတ်ပါ။ အဘဘိုးဘိုးအောင်က 'ရှော့၊ အင့်' ဟု ပေးလို့ရတာလည်း မဟုတ်ပါ။ တန်ခိုးရှင် ဖန်ဆင်းရှင်တို့က ဖန်တီးလို့ ဖြစ်လာတာလည်း မဟုတ်ပါ။ သာမန်လူသားကလေးဘဝက စ,ခဲ့ရပါသည်။

ဖိုးအောင်လေး ကျောက်ဂူထဲဝင်သည်။ ဘုရားရှိခိုးသည်။ ငါးပါးသီလ ခံယူသည်။ ဝေနေယျသတ္တဝါတို့အား အမျှဝေပါသည်။ အာနာပါနကို စတင်ရှုမှတ်ပါသည်။ နှာသီးဖျားမှဝင်သွားသောလေကို မှတ်သည်။ ထွက်သွားသောအခါ ပူနေသောနေရာလေးကို မှတ်သည်။ ဝင်လေ၊ထွက်လေကိုမှတ်ရင်း အသံကြားလိုက်ရလျှင် ကြားတယ်ဟု မှတ်၏။ စဉ်းစားလျှင်လည်း စဉ်းစားသည်ဟု မှတ်၏။

စိတ်သည် သေသေချာချာမှတ်သောအခါ အပြင်သို့စိတ်ထွက်သွားလေသည်။ စိတ်က တခြား၊ မှတ်တာ တခြားဖြစ်နေလျှင် စိတ်ကိုပြန်ခေါ်ရသည်။ သိတယ်၊ သိတယ်၊ သိတယ်လို့ ခေါ်ရ၏။ စိတ်ရောက်လာသောအခါ စိတ်ထွက်တယ်၊ စိတ်ထွက်တယ်ဟု မှတ်ပြန်၏။ နောက် သတိကပ်ပြီး ဝင်လေ၊ ထွက်လေကို မှတ်ပြန်၏။ သမာဓိထူထောင်ရာမှာ 'သတိ' သည် အလွန်အရေးကြီးလေသည်။

ဤသို့ဖြင့် သမာဓိစခန်းကို စတင်တက်လှမ်းလေတော့သည်။ သမာဓိအားကောင်းလာသောအခါ စိတ်သည် တစ်နေရာတည်းမှ ဘယ်မှမပြေးတော့။ ငြိမ်နေသည်။ ဝင်လေ၊ ထွက်လေကို မြင်လာသည်။ဝင်လာသောလေသည် အဖြူတန်းကြီး မီးခိုးရောင်လို့ မြင်ရသည်။ ထိုအဖြူတန်းကြီးသည် အဆုတ်ထဲသို့ ရောက်၏။ ပြန်ထွက်လာသော အဖြူတန်းကြီးသည် အဆုတ်ထဲမှတစ်ဆင့် နံရံတွင်ကိုဖြတ်ကာ နှာခေါင်းဝက ထွက်သွားလေသည်။ နံရံတွင်ရှိသော မွေးညင်းတို့သည် ဝါးရုံပင်ကို လေတိုက်သကဲ့သို့ တဝိုးဝိုးမြည်ဟည်းပြီး ယိမ်းနွဲ့နေလေသည်။

နေ့စဉ် တရားထိုင်သည်။သမာဓိတည်ကြည်လာသည်။ ညနေ နွားများကိုခေါ်ပြီး စင်မြင့်ရွာသို့ ပြန်လာလေသည်။ မိဘများက ဖိုးအောင်လေး နွားကျောင်းတယ်ဟုသာ သိသည်။ ဝိဇ္ဇာမျိုးစေ့တွေချနေတာကို မသိကြပါ။

နွားကျောင်းရင်း တရားရှာ၏။ တစ်ခါတစ်ရံ ဂူအပြင်၌ထိုင်၏။ တောတိရိစ္ဆာန်တို့သည် နွားကျောင်းသား ဖိုးအောင်လေးကို ချစ်ခင်နေရှာလေတော့သည်။ ယုန်လေးများကလည်း ဖိုးအောင်ကိုမကြောက်။ ဖိုးအောင်နှင့် ဆော့ကစားတတ်သည်။ ချေတွေ၊ သမင်တွေကလည်း ဖိုးအောင်နားက မခွာ။ သုဝဏ္ဏ

သာမဇာတ်တော်ထဲကလို ဖြစ်နေသ
နွားကျောင်းသားလေး ဖိုးအောင်သ
ဝိဇ္ဇာဇာတ်များ စတင်ကိန်းအောင်း
တော့သည်။ တစ်ခါတစ်ရံ အကွက်မ
ညီညီညာညာရေးဆွဲသည်။ ဂဏန်းမ
ကို ရေးထည့်သည်။ တရားထိုင်ပြ
ကလေးငယ် ဆော့ကစားခြင်းသ
ယခုခေတ်အခေါ် 'အင်း' အတ
'အင်း' ပညာဟု ခေါ်သည်။

တစ်နေ့သောအခါ ဖိုးအော
လေးဆွဲသောအင်းမှာ နက္ခတ်မိသ
သဖြင့် သိဒ္ဓိဝင်နေလေသည်။ မြေ
မိုးပျံနေသော ဝိဇ္ဇာမိုရ်ရှိတစ်ပါးသ
ကောင်းကင်ခရီးဖြင့် ပုပ္ပားသို့လာ
သည်။ ဖိုးအောင်ဆွဲထားသော အ
ပေါ်သို့ ရောက်သောအခါ အောက်
ပြုတ်ကျလာလေသည်။ မည်သို့
သမာဓိစိုက်၍ ဈာန်ကစားစေ
ကောင်းကင်သို့ ကြွမလာတော့
ဖိုးအောင်၏အင်းကွက်နားတွင် ရပ်
ရပ်နေ၏။

ဖိုးအောင်၏ အစွမ်းကြော
မဟုတ်ပါ။ အင်း၏အစွမ်းကြောင့် ဖြ
ပါသည်။ အင်း၏အစွမ်းဟု ပြော၍
ပါ။ ဘုရားဟောသော သရဏဂုံသ
ဝိဇ္ဇာမိုရ်ရှိထက် သာ၍မြတ်၏။ ထို
ဏဂုံကို ဝိဇ္ဇာမိုရ်၏ ဇော်ဂျီတို့ မကျော်လွှ
နိုင်ပါ။ ဝိဇ္ဇာမိုရ်ရှိနှင့် ဖိုးအောင်တို့ တွေ့
ရခြင်းမှာ သရဏဂုံကျေးဇူးကြောင့်
ဖြစ် သည်။

နွားကျောင်းသားလေး ဖိုးအော
အား အင်းအတတ်ပညာ၊ ဆေးအတ
ပညာ၊ စမအတတ်ပညာ၊ ဓာတ်သဘ
ပညာတို့ကို သင်ကြားပေးလေ
သည်။ အကျင့်စခန်းများကို တစ်ခ
တစ်ခု ပြီးမြောက်စေပါသည်။ 'ဝိဇ္ဇာကျ
စဉ်အစ တောင်လုံးလှက' ဟု ပြောလ
မှန်ပါသည်။

ဖိုးအောင်လေး အသက် (၂
ပြည့်လေ၏။ အဖေ ဦးမောင်ပု၊ အ
ဒေါ်မင်းသစ်တို့မှ ရွာဦးကျောင်းဆ
တော် ဦးကုမာရထံ အပ်နှံပြီး မြင့်မြ
သောရဟန်းဘဝသို့ ချီးမြှင့်ကြလေသည
ဘွဲ့အမည်မှာ 'ဦးဩဘာသ' ဖြစ်
သည်။ ဦးကုမာရသည် တပည့်ဖြစ်
အား ပညာတတ်စေချင်သည်။ အတွ
အောင်ခြင်း၊ အပြင်အောင်ခြင်း၊ ဆ
ကျမ်း၊ ဓာတ်ကျမ်း၊ နမက္ကာယ၊ ပရိ
ကြီး(၁၁)သုတ်တို့ကို သင်ကြားပေးသ
မိမိတတ်သောအခြေခံပညာတို့ကို
ကြားပေးပြီး မန္တလေးစာသင်တိုက်



www.burmeseclassic.com

www.burmeseclassic.com

ရိယတ္တိစာများ သင်ကြားရန်အတွက် လိုက်လေသည်။ ရဟန်းကြီး ဦးဩဘာသည် (၅) ဝါအရောက်တွင် ပထမငယ် ပထမလတ်၊ ပထမကြီး အောင်မြင်ခဲ့သည်။ ဓမ္မာစရိယသင်နေဆဲတွင် ဒုန်းကြီးဝတ်နှင့် ရွာသို့ ပြန်ပြေးလာသည်။ ရဟန်းစာပေများ အဆုံးထိ သင်ကြားလိုက်ရသော်လည်း ဓမ္မာစရိယအဆင့်သို့ရောက်ခဲ့ကြောင်း မည်သူမျှ မသိကြပေ။ ဝိဇ္ဇာလည်း ဘုရား၊ တရား၊ သံဃာ ယုံကြည်ပြီးမှ ဝိဇ္ဇာဖြစ်ကြရသည်။ ရတနာ(၃)ပါးမှကင်း၍ ဝိဇ္ဇာမဖြစ်ပါ။

စင်မြင့်ရွာသို့ကြွလာသော ဦးဩဘာသကို မိဘများက စိတ်ပူကြ၏။ ဘာလို့ ပြန်ကြွလာတာလဲဟု မေးမြန်းကြလေသည်။ ညီမလေး မအေးမြင့်ကို လွမ်းလို့ ပြန်လာကြောင်း ပြောလေသည်။ မန္တလေးကိုပြန်ဖို့ ပြောသော်လည်း လုံးဝမပြန်တော့ပါ။ တစ်လကြာသောအခါ လူထွက်လိုက်ပါသည်။ ဦးဩဘာသမှ ဘိုးအောင်ဘဝသို့ ပြန်ရောက်လာပါတော့သည်။ အဓိက အကြောင်းမှာ ဝိဇ္ဇာလမ်းသွားရန် ဖြစ်သည်။

စင်မြင့်မှ တောင်ဦးသို့သွားသည်။ တောင်ဦးတွင် အမေ့အမျိုးတွေ ရှိကြသည်၊ အမေ ဒေါ်မင်းသစ်မှာ မွေးချင်း (၅) ယောက် ရှိသည်။ သူတို့မှ ပေါက်ပွားသော ရွယ်တူညီအစ်ကိုဝမ်းကွဲများ ရှိပါသည်။ တောင်ဦးတွင် သူ့ထက်ကြီးသော ဦးသာခင်တို့အိမ်တွင် ရောက်လာသည်။ အစ်ကိုဝမ်းကွဲတော်သည်။ တောင်လုံးလှဆရာတော် ဦးသုမန၏ အဖေ ဖြစ်သည်။ ထိုစဉ်က တောင်လုံးလှဆရာတော် အလောင်းအလျာမှာ ကလေးပေါက်စအရွယ် ဖြစ်သည်။ ငယ်နာမည်မှာ 'သက်တင်' ဟု ခေါ်၏။

ကလေး သက်တင် ဘာလုပ်နေတာလဲ ဆိုတော့ ငှက်ထောင်ဖို့ ကြိုးကျစ်နေတာ၊ ချိုးလေးတွေ၊ ဆက်ရက်လေးတွေ စာကလေးတွေ အစာကျွေးတယ်။ အစာပေါ်မှာ ကွင်းလေးတွေထားပြီး ထောင်တယ်။

"ဟေ့ - ဖိုးအောင်၊ ဒါ ငါ့သား သက်တင်လို့ခေါ်တယ်"

"အေးအေး- ဒီကလေးက ဘုန်းကြီးဖြစ်မယ့်ရုပ်ပဲ။ တစ်ချိန်ချိန်တော့ ဖြစ်လာလိမ့်မယ်"

"ဘုန်းကြီးဖြစ်၊ မဖြစ်တော့ မသိဘူး ခု ငှက်တွေထောင်ဖို့ ကြိုးကျစ်နေတာ။ အဆော့ကလည်းသန်တယ်"

"သား - သက်တင်၊ ဒီကိုလာ"

"ဟုတ်ကဲ့ ဦး"

"မင်းဒါဘာလုပ်ဖို့လဲ"

"သား ငှက်ထောင်ဖို့ ကြိုးကျစ်နေတာပါ"

"သူများအသက်ကို သတ်တာ မကောင်းဘူး။ ဒီအလုပ်ကို မလုပ်နဲ့၊ ကြားလား"

"ဟုတ်ကဲ့"

"ဒီကြိုးက ငှက်ထောင်မယ့်ကြိုး ဖြစ်မယ့်အစား တန်ဖိုးရှိတဲ့ကြိုးဖြစ်ရမှာ"

ဟု မှာတမ်းခဲ့သောကြောင့် နောင် ငှက်ထောင်သောအလုပ်ကို မလုပ်တော့ပါ။ ငှက်ထောင်သော 'သက်တင်' သည် ယခုအခါ တောင်လုံးလှဆရာတော် 'ဦးသုမန' ဖြစ်လာသည်။ ငှက်ထောင်ရန် ကျစ်နေသောကြိုးတို့သည် ယခုအခါ ပုတီးသီသောကြိုး ဖြစ်နေလေတော့သည်။ ငှက်မထောင်ရန် ဆုံးမခဲ့သော ဖိုးအောင်လေးမှာ ယခုအခါ ဖုပ္ပား အောင်မင်းခေါင် ဖြစ်လာလေတော့သည်။

ဖိုးအောင်သည် ဝိဇ္ဇာစခန်းကို အတော်ပြီးမြောက်နေလေသည်။ တောင်လုံးလှမှ စ,ခဲ့သောပညာရပ်တို့သည် ပုပ္ပားတောင်ကလပ်သို့ ခဏခဏသွားပြီး မိဌာန်စခန်းဝင်လေသည်။

"ကိုသာခင်ရေ၊ ကျွန်တော်ပုပ္ပားသွားဦးမယ်"

"ဖိုးအောင်၊ မင်းခဏခဏသွားတာ ဘာလုပ်ဖို့သွားနေတာလဲ"

"ပုပ္ပားမှာမိဌာန်စခန်းဝင်နေတာ"

"ဘာဖြစ်ချင်လို့လဲ"

"ဝိဇ္ဇာဖြစ်ချင်လို့ အစ်ကိုကြီးရာ"

"ဝိဇ္ဇာမဖြစ်ဘဲ မျောက်ချေးစားပြီး ပြန်လာတာ ဖြစ်နေဦးမယ်"

"ဝိဇ္ဇာပဲဖြစ်မလား၊ မျောက်ချေးပဲ စားမလား ဆိုတာ အစ်ကိုကြီး စောင့်ကြည့်ပေါ့။ ကျွန်တော်တော့ သွားပြီဗျို့"

ဖိုးအောင်လေးသည် သူ့အစ်ကို ကိုသာခင်ကို နှုတ်ဆက်၍ ကျောက်ပန်းတောင်းသို့ ထွက်သွားလေတော့သည်။ ဖိုးအောင်လေး ယခုထွက်သွားခြင်းမှာ နောက်ဆုံးအဆင့် ပညာစခန်းတက်ရန် ဖြစ်သည်။ သိဒ္ဓိ၊ မဟိဒ္ဓိစခန်းများ ပြီးမြောက်မည် ဖြစ်သည်။ ယခုတစ်ခေါက် နှုတ်ဆက်၍ ထွက်ခွာသွားတာကတော့ နောက်ဆုံးထွက်ခွာသွားခြင်း၊ စင်မြင့်သို့ ပြန်မလာတော့ဘဲ အပြီးထွက်ခွာသွားခြင်းဖြစ်ကြောင်း မည်သူမျှမသိကြချေ။

စင်မြင့်မှ မိဘများက တောင်ဦးသို့ လိုက်လာကြလေသည်။ ဖိုးအောင်လေးရဲ့သတင်းကို စုံစမ်းသောအခါ ပုပ္ပားသို့ ထွက်ခွာသွားကြောင်း သိရသည်။ 'ငါ့သားလေး တစ်နေ့တော့ ပြန်လာမှာပဲ' ဟု မျှော်လင့်ချက်ဖြင့် မိခင်ဖြစ်သူသည် မျက်ရည်များဝေပြီးပြန်သွားလေတော့သည်။ တစ်နေ့ပြန်လာနိုး၊ တစ်ရက်ရောက်နိုးဖြင့် နေ့၊ လ၊ နှစ်တွေကြာညောင်းသော်လည်း ဖိုးအောင်လေးကတော့ ပြန်မလာတော့ချေ။

ဘာလို့ပြန်မလာတာလဲ ဆိုတာ သူတို့ မသိကြပါ။ အမှန်မှာ လူဘဝမှ ဝိဇ္ဇာမိုရ်ဖြစ်သွားသော ပုပ္ပားအောင်မင်းခေါင်သည် ဖိုးအောင်ဘဝသို့ ပြန်မသွားတော့ပါ။ ဖိုးအောင်အလုပ်တွေလည်း မလုပ်တော့ပါ။ ဝိဇ္ဇာအလုပ်တွေပဲ အချိန်ကုန်နေသော ပုပ္ပားအောင်မင်းခေါင်ကို အစ်ကိုကြီး ဘိုးသောင်နှင့် ညီမလေး မအေးမြင့်တို့ လိုက်ခေါ်ကြလေသည်။ မိဘများ အသက်အရွယ်ရလာ၍ သေခါနီးပြီ။

"အမေက တဖွဖွမှာလိုက်တယ်၊ အမေတွေ့ချင်နေတယ်၊ ငါ့သားလေး ဖိုးအောင်ကိုမြင်ပြီးမှ ငါသေမယ်လို့ ပြောတယ်။ အစ်ကိုကြီး ပြန်လိုက်ခဲ့ပါ"

ဟု ညီမငယ် မအေးမြင့် ကရားရေလွှတ်တတွတ်တွတ်ပြော၍ ခေါ်ပါသည်။ ဖိုးအောင်မှာ မျက်စိစုံမှိတ်ပြီး ဘာမှပြန်မပြောပါ။

ဝစီပိတ်ကျင့်နေသဖြင့် မနှောင့်ယှက်ရန် ဂေါပကအဖွဲ့မှ တောင်းပန်သဖြင့် မျက်ရည်ကျ၊ အလွမ်းသယ်၍ စင်မြင့်သို့ ပြန်ခဲ့ရပါသည်။ သိဒ္ဓိ၊ မဟိဒ္ဓိများနှင့်ပြည့်ဝလာသော ပုပ္ပားမင်းခေါင်သည် အမျိုးဘာသာ၊ သာသနာအတွက် စောင့်ရှောက်ခဲ့သည်။ ကျွန်ဘဝမှ လွတ်မြောက်ဖို့ သေနတ်မဖောက် သပိတ်မမှောက်ဘဲ မိမိတတ်ကျွမ်းသော ဝိဇ္ဇာပညာအစီအမံများဖြင့် ဆောင်ရွက်ခဲ့လေသည်။

ထိုသို့ အမျိုးဘာသာ သာသနာကို ထိန်းသိမ်းစောင့်ရှောက်သော ပုပ္ပားအောင်မင်းခေါင်ကြီးအား ဤဆောင်းပါးဖြင့် ပူဇော်ကန်တော့လိုက်ပါသည်။

*(တောင်လုံးလှဆရာတော် ဟောကြားချက်များ၊ အဘ၏ကိုယ်တိုင်ဟောကြားချက်များအား မှီငြမ်းပါသည်။)*

အဏ္ဏဝါလှိုင်း



www.burmeseclassic.com

www.burmeseclassic.com

"ဆရာက ဆေးမှူးဘဝနဲ့ မြို့ရွာအနှံ့ သွားလာဖူးတဲ့သူဆိုတော့ ထူးခြားတဲ့ အတွေ့အကြုံတွေအများကြီးရှိမှာပေါ့"

တစ်ခုသော ညနေစောင်း၌ သူ့အိမ်ရှေ့တွင် ပက်လက်ကုလားထိုင်လေးတစ်လုံးပေါ်ထိုင်၍ ဆေးလိပ်ဖွာရင်း ရောက်တတ်ရာရာစဉ်းစားနေစဉ် အိမ်ရှင်၏ သားဖြစ်သူ လူပျိုပေါက်အရွယ် အောင်နိုင်ဝင်းမှ အနားလာထိုင်၍ စကားစလာသည်။

သူရောက်နေသည်မှာ ရမည်းသင်းမြို့အရှေ့ဘက်ရှိ 'အင်တိုင်း'ဟုခေါ်သည့်ရွာကြီးတွင် ဖြစ်သည်။ ရွာကြီးဟုဆိုရခြင်းမှာ အိမ်ခြေ(၄၀၀)ကျော်ခန့်ရှိခြင်းကြောင့်ဖြစ်၏။ ရွာသားအများစုမှာ စီးပွားရေးကောင်းသလို ဆက်ဆံရေးလည်းကောင်းလှသည်။ ထို့ကြောင့် ဤရွာသို့ သူမကြာခဏရောက်သည်။

ရောက်တိုင်းလည်း အောင်နိုင်ဝင်းတို့အိမ်မှာပင် သူတည်းသည်။ အောင်နိုင်ဝင်း၏မိဘများဖြစ်သည့် ကိုဖိုးသီးနှင့် မတင်ထွေးတို့က သူတခြားအိမ်တည်းလျှင် မကြိုက်။ သူတို့အိမ်မှာပင် တည်းစေသည်။ မတင်ထွေးက အမြဲတမ်းမမာနေသည့် နှလုံးရောဂါသည်မို့ သူအမြဲဆေးကုပေးနေရသည့် ဖောက်သည် လူနာတစ်ဦးပင်။

"နေပါဦး၊ မင်းက ဘာသိချင်တာလဲ"

"ဟိုလေ တစ္ဆေသရဲနဲ့ ပတ်သက်တဲ့ ကိစ္စတွေပေါ့"

"မင်းက ယုံကောယုံတတ်လို့လား"

"ယုံတာပေါ့ ဆရာရဲ့၊ ကျွန်တော်လည်း ဗုဒ္ဓဘာသာဝင်ပဲဟာ"

အောင်နိုင်ဝင်းကို သေချာကြည့်ပြီး သူကျေနပ်စွာပြုံးမိသည်။ သူအောင်နိုင်ဝင်းတို့အရွယ်တုန်းက ဒါတွေကို အယုံအကြည်မရှိခဲ့။ လူငယ်ပီပီမြင်ရသည့် ရုပ်ဝါဒကိုသာ လက်ခံသည်။ နောင်ဘဝတို့၊ သံသရာတို့၊ မမြင်နိုင်သည့် ဘုံဘဝတို့ဆိုသည်ကို လက်မခံ။

ထိုသို့ အယုံအကြည်ကင်းမဲ့စွာဖြင့် မဆင်မခြင်ပြုမိပြောမိလိုက်သည့်အခါတွင်ကား ထိတ်လန့်ကြောက်ရွံ့ဖွယ် အဖြစ်ဆိုးကြီးဖြင့် တည့်တည့်တိုးခဲ့ရသည်။

## ဝင်းထွန်းအောင်(စစ်/ဆေး)

# ကျောင်းပျက်ထဲက ထိုမိန်းမ





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ထိုအဖြစ်အပျက်မှာ သူ့ဘဝအတွက် ပထမဆုံးထိတ်လန့်ဖွယ်အဖြစ်အပျက်မို့ ယနေ့တိုင် အမှတ်တရဖြစ်နေသည်။

"ပြောလေဆရာရဲ့။ ညကျွန်တော် ရွာထဲကပြန်လာရင် လေးလေး မမာခင်ဆိုင်က 'စူပါ' ဝယ်ခဲ့မယ်"

ထိုစဉ် အငယ်ကောင်ဖြစ်သူ သန့်စင်ဖြိုး ရောက်လာပြီး သူမက်သည့် ကော်ဖီမစ်ထုပ်ဖြင့် မြူဆွယ်သည်။ ဒီကောင်က လူရှုပ်၊လူချောလေးဖြစ်သည်။ တစ်ရွာလုံးက ကောင်မလေးတွေက သူ့ကို ဝိုင်းကြိုက်နေသယောင်ကြွားတတ်သည်။

"မင်းလုပ်စာဘယ်နှပြားရှိလို့ ဘယ်ကပိုက်ဆံနဲ့ ဝယ်မှာလဲ"

သူ နှိပ်ကွပ်လိုက်တော့ သန့်စင်ဖြိုး မျက်နှာရှုံ့မဲ့သွားသည်။

"အာ- ဆရာကလည်း၊ အဘမသိအောင် ပဲခိုးရောင်းထားတာ ရှိပါတယ်"

အနားကပ်၍ တိုးတိုးပြောရင်း ဘောင်းဘီအိတ်ကို ပုတ်ပြသည်။

"မင်းကွာ၊ လူကြီးမိဘပစ္စည်း မလုပ်ကောင်းဘူးလို့ သေချာဆုံးမထားရဲ့သားနဲ့။ ဆေးလိပ် (၂၀၀) ဖိုးပါ ဝယ်ခဲ့"

"အာ - သေတော့မှာပဲ"

သူတို့ သုံးယောက်လုံး ရွှင်ပျစွာ ရယ်မိသွားကြသည်။ ပြီးမှ သူက -

"ကဲ- နားထောင်။ ဆရာ မင်းတို့အရွယ်တုန်းက အယုံအကြည်မဲ့ပြီးပြုခဲ့ ပြောခဲ့မိလို့ ကိုယ်တိုင်ကြုံလိုက်ရတဲ့ ကိုယ်တွေ့ဇာတ်လမ်းတစ်ပုဒ်ပဲ"

■

ထိုစဉ်က သူအလယ်တန်းကျောင်းသားဘဝ ဖြစ်သည်။ စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်တိုင်း အတန်းဖော် သူငယ်ချင်းဖြစ်သူ ကျော်ဝင်း (ယခု တပ်ကုန်း၊ ပျဉ်းမနား ဂိတ်မှူး) တို့ အိမ်မှာပင် အနေများသည်။

ကျော်ဝင်းတို့အိမ်က ဗိုလ်မင်းရောင်ရပ်ကွက်အစွန်တစ်နေရာတွင် ဖြစ်၏။ သူ့အိမ်၏ တောင်ဘက်တွင် မူလတန်းကျောင်းလေးသာရှိသည်။ ဟိုဘက်တွင် လယ်ကွင်းများသာရှိသည်မို့ လွတ်လွတ်လပ်လပ် ဆော့ကစားနိုင်သလို စာကျက်၍လည်းကောင်းလှသည်။

ကျော်ဝင်း၏မိဘဆွေမျိုးများကလည်း သူ့ကို မိသားစုဝင်တစ်ဦးပမာ ချစ်သည်။ သူ့အတွက် စားအိမ်သောက်အိမ်ပင်။အမြဲတမ်းမဟုတ်သော်လည်း မကြာခဏ သူညအိပ်လေ့ရှိသည်။

ထိုနေ့ကလည်း ကျောင်းပိတ်ရက်ဖြစ်၍ မနက်ခင်းကတည်းက ကျော်ဝင်းတို့အိမ် သူရောက်နေသည်။ တစ်နေကုန် စာကျက်လိုက်၊ ကစားလိုက်ဖြင့် ညနေစောင်းသွားသည်။ မိုးချုပ်၍ သူအိမ်ပြန်ရန် ပြင်နေစဉ်မှာပင် မိုးက ရွာလာတော့သည်။ သူမပြန်တော့ဘဲ ကျော်ဝင်းတို့အိမ်မှာပင် ညအိပ်ရန် ဆုံးဖြတ်လိုက်သည်။

ညစာစားသောက်ပြီး အတန်ကြာတော့ မိုးစဲသွားသည်။ ကွင်းထဲမှ ဖားအော်သံများကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို သူသတိပြုမိလိုက်၏။ ထိုစဉ် ကျော်ဝင်းက ခေါင်းအုံးနှင့် စောင်များ ပွေ့ပိုက်နေသည်ကို မြင်ရ၍ သူနားမလည်နိုင်ဘဲ -

"မင်းကဘယ်သွားမလို့လဲ"

"ကျောင်းဝိုင်းထဲ သွားအိပ်မလို့။ မင်းကတော့ ဒီမှာပဲ အိပ်"

ကျော်ဝင်းတို့အိမ်က မိသားစုများပြီး အိမ်ကျဉ်းသည်မို့ တိုးဝှေ့အိပ်ကြရသည်။ ယခင်က ကျော်ဝင်းအစ်ကို ကိုတင်ဦးက ကျောင်းဝင်းထဲသွားအိပ်လေ့ရှိသည်။ ယခုတော့ ကိုတင်ဦးက အိမ်ဦးက အိမ်ရှေ့ခန်းတွင် အစောကြီး အိပ်နှင့်နေပေပြီ။

"မလိုက်သွားနဲ့ သားကြီး၊ မင်းအိပ်ရဲမှာ မဟုတ်ဘူး"

ကျော်ဝင်းအဖေ ဦးသန်းအောင်၏ စကားကြောင့် -

"ဘာ်ဖြစ်လို့လဲ ဦးရဲ့"

"မောင်တင်ဦးသွားအိပ်တာ သရဲက စောင်တွေဆွဲ၊ ခေါင်းအုံးတွေဆွဲချနဲ့မို့ မအိပ်ရဲတော့ဘူးလေ။ ကျော်ဝင်းနဲ့တော့ ဘယ်လိုအဆင်ပြေနေတယ်မသိဘူး။ ဘာမှမလုပ်ဘူးတဲ့"



သရဲဆို၍ သူစိတ်ဝင်စားသွားသည်။ သူသရဲတစ်ခါမှအခြောက်မခံဘူး သရဲမမြင်ဘူးသေးပေ။ ယုံကြည်မှုလည်းမရှိ။

"ဒါဆို အတော်ပဲ။ သရဲကိုမြင်ဖူးတယ်ရှိအောင် လိုက်ခဲ့မယ်"

"မလိုက်ခဲ့ပါနဲ့ကွာ၊ တော်ကြာ ညကြီးသန်းခေါင်ကျမှ အိမ်ပြန်ချင်တယ်ဖြစ်နေပါဦးမယ်"

ကျော်ဝင်း၏ စကားကြောင့် သူ ခံပြင်းသွားသည်။

"ငါ့ဘဝမှာ ကြောက်လို့ပြေးခဲ့တယ်ဆိုတာ မရှိစေရဘူး"

သူမခံချင်မှန်းသိ၍ ကျော်ဝင်း ဆက်မပြောတော့။

"အေးပါကွာ၊ ဒါဆိုလည်း လိုက်ခဲ့"

သူ့အတွက်ပါ စောင်၊ ခေါင်းအုံးများယူ၍ သူလိုက်သွားသည်။

ကျောင်းဝင်းထဲတွင် ခုံအကျိုးအပဲ့များသာထားသည့် အခန်းဟောင်းတစ်ခန်း ရှိသည်။ထိုအခန်းထဲရောက်တော့ ကျော်ဝင်းက အသင့်ယူလာသော မီးခွက်ကို မီးထွန်းပြီး အခန်းထောင့်တစ်နေရာမှ တုတ်တစ်ချောင်းကို သွားယူလာသည်။

"မင်းက တုတ်ဆွဲပြီးဘာလုပ်ဦးမလို့လဲ"

"မအိပ်ခင် ဖားလေးဘာလေးကင်စားရအောင်လေ"

"မင်းကွာ၊ သူများအသက်ကို"

"ဘာလဲ၊ မင်းမစားဘူးလား"

"အကင် ဆိုရင်တော့ ကြိုက်တယ်ကွ"

သို့နှင့် သူတို့နှစ်ယောက် ဖားရိုက်ထွက်ခဲ့ကြ၏။ (၁၄)၊ (၁၅)ကောင်ခန့်ရတော့ သူတို့ပြန်လှည့်ခဲ့ပြီး အခန်းထောင့်တစ်နေရာတွင် မီးမွှေး၍ကင်စားကြသည်။

"ဒါနဲ့ နေပါဦး ကျော်ဝင်းရ။ သရဲခြောက်တယ်ဆိုတာ ဒီအခန်းလား"

"အေး"

"သရဲက အထီးလား၊ အမလား"

"အမ"

"အပျိုလား၊ အအိုလား"

"ယောက်ျားပါလာတာတော့ တစ်ခါမှ မတွေ့ဖူးဘူး"

"ဒါဆို အတော်ပဲ။ ဒီညလာရင် ဖက်အိပ်လို့ရတယ်"

"ဟေ့ကောင်၊ ပေါက်ကရတွေ ပြောမနေနဲ့။ ကိုယ်ဟာကိုယ် စားစရာ ရှိတာစား"



www.burmeseclassic.com

www.burmeseclassic.com

ကျော်ဝင်းက ဟန့်လိုက်သော် ... သူနားမထောင်။ ခပ်လှမ်းလှမ်းသို့ ...ချင်သည့် ခြေထောက်အရိုး၊ ...အရိုးလေးများကို လှမ်းပစ်ရင်း -

"ဟေ့ - သရဲမ၊ နင်စားဖို့ပေးတာ။ ...ကတော့ အသားများလို့ ငါစား ... ငါ့ကို ကျေးဇူးတင်ရင် ညကျ ...ဖက်အိပ်ချင်လို့"

"ဟေ့ကောင် လျှောက်ပြောမနေ ..."

"ဘာလဲ၊ မင်းက မင်းကောင်မ ... ထိလို့ နာတာလား"

"နေကွာ"

ကျော်ဝင်းဘာမှမပြောတော့။ သူ ...ရတွေလျှောက်ပြောပြီး အတန် ... အိပ်ဖို့ပြင်တော့၏။

"ဘာ၊ ငါ့အနားမှာအိပ်"

ကျော်ဝင်းနှင့် ခပ်လှမ်းလှမ်းတွင် ...ကောင်း (၂) လုံးပူးပြီး အိပ်ရာခင်း ...သည်။

"မင်း ညကျ ထလန့်နေမှာစိုးလို့ ..."

"...နံ့စရာအကြောင်းမရှိပါဘူး။ ... တွေ့လားကုတ်။ ရုတ်ရုတ် ... သမပစ်လို့ရတယ်"

သူခပ်စောစောကရှာ၍ အိပ်ရာ ...နေ့သားသည့်တုတ်ကို ပြရင်း ...တော့ ကျော်ဝင်း ငြိမ်သွား ...ကြာခင် သူတို့နှစ်ဦးစလုံး အိပ် ...ကြသည်။ မည်မျှကြာသွား ... ဆိုးရွားသည့် အနံ့အသက် ...သူနိုးသွားသည်။

...နံ့ပါသိမ့်။ မျက်လုံးမဖွင့်သေး ...အရာအနံ့ခံကြည့်တော့ အပုပ် ...ဘဖြည်းဖြည်းဆိုးရွားလာ၍ ...ရန်ဟန်ပြင်လိုက်စဉ် တစ်စုံ ... သူ့ကိုဖိချုပ်လိုက်သလို သူလှုပ် ...

...တ်လန့်တကြား မျက်လုံးဖွင့် ...တော့ မြင်တွေ့လိုက်ရသည့် ...ကြောင့် အကြီးအကျယ်တုန် ...သည်။ ဆံပင်ဖရိုဖရဲနှင့် အမျိုး ...တစ်ခုက သူ့မျက်နှာနှင့်ထိ ...နေပြီး သူ့ကိုစူးစိုက်ကြည့်နေ ...ခဲတုံးသဖွယ် အေးစက်နေ ...နှစ်ဖက်ဖြင့် သူ့ကိုတင်းကျပ် ...နှောင်ထားသည်။ သူ့ကြောက် ...အားဖြင့် အတင်းရုန်းပယ်ရင်း ... တုတ်ကိုဆွဲယူရန် ကြိုးစား ... လှုပ်မရ။ အားကိုးတကြီး ...ဝင်းကို လှမ်းအော်လိုက်သော်လည်း တဝူးဝူးအသံသာ ခပ်တိုးတိုး ထွက်နေသည်။

ဆိုးရွားသည့် အပုပ်နံ့ကြီးနှင့် ကြောက်မက်ဖွယ်မျက်နှာကြီးကြောင့် သူ သတိလစ်မတတ်ဖြစ်နေမိသည်။ မကြည့်ဝံ့တော့၍ မျက်စိကို အတင်းပြန်မှိတ် လိုက်ပြီး လွတ်မြောက်အောင် မည်သို့ လုပ်ရမည်ကို အပြေးအလွှားစဉ်းစားနေ မိ၏။

ထိုစဉ် သူတစ်ခုစဉ်းစားမိသွားပြီး ခန္ဓာကိုယ်ကို ဖြေလျှော့ကာ သရဏဂုံ သုံးပါးကို စိတ်ဖြင့် အထပ်ထပ်ရွတ်ဆို နေလိုက်တော့သည်။

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ"

မကြာခင် သူ့ကို ချုပ်ကိုင်ထားသည့်လက်များ အတန်ငယ်ပြေလျော့ သွားသည်ကို သတိထားမိသဖြင့် အား တက်သွားပြီး သရဏဂုံကို မပြတ်ရွတ် ဆိုနေမိတော့၏။ အတန်ကြာတော့ သူ ခန္ဓာကိုယ်ကို မသိမသာ လှုပ်ကြည့်ရာ လှုပ်၍ရသွားသဖြင့် ဘေးနားမှ တုတ်ကို ဖျတ်ခနဲ စမ်းယူ၍ 'ဝုန်း'ခနဲ ခုန်ထလိုက် ပြီး တုတ်ကို အဆက်မပြတ် ဝှေ့ယမ်း လိုက်ရင်း -

"ဘာလဲကွ၊ သရဲမ လာလေကွာ လာလေကွာ"

မှောင်ထဲတွင် ခုံများဖြင့်တိုက်မိ၍ တဝုန်းဝုန်းဖြစ်နေသည့်အသံများကြောင့် ကျော်ဝင်း လန့်နိုးသွားဟန်တူသည်။

"သက်အောင် ဘာလဲ၊ ဘာဖြစ် တာလဲ"

ပြောပြောဆိုဆို ကျော်ဝင်းမှ မီး ထွန်းလိုက်၍ အခန်းထဲလင်းသွားသည်။ သူ တစ်ခန်းလုံး လှည့်ပတ်ကြည့်လိုက် သော်လည်း ဘာမှမတွေ့ရ။ သူတစ် ကိုယ်လုံးချွေးများဖြင့်စိုနေသည်။ သူ ကျော်ဝင်းဘက်လှည့်၍ ဒေါသတကြီး ပြောချလိုက်သည်။

"ကျော်ဝင်း ငါမအိပ်ရဲတော့ဘူး။ ငါ့ကိုအိမ်ပြန်လိုက်ပို့"

လောကတွင် မစမ်းသပ်သင့်သည် ကို လက်တွေ့စမ်းသပ်မိသောအခါ မည်သို့ ကြုံရတတ်သည်ကို သူလက်တွေ့ သဘောပေါက်သွားခဲ့ရသည်။ ထိုအချိန် မှစ၍ ပရလောကသားများနှင့်ပတ်သက် လျှင် မယုံမကြည် မထီလေးစားမပြုလုပ် တော့ရန် သူဆုံးဖြတ်လိုက်မိပါတော့ သည်။

ခင်းသွန်းအောင် (စစ်/ဒေး)

# အစပ်စားသော ပြည်အတွက် [illegible]

[illegible]

လှည်းဆွဲမြင်းများသည် အလုပ် ဒဏ်ပိ၍ ပင်ပန်းနွမ်းနယ်ရသည့်အခါ များတွင် အစာကောင်းအစားနှ မစားရ ခြင်း အစာကြမ်းအစာညံ့များစားရခြင်း အချိန်လွန်မှ အစာစားရခြင်းတို့ကြောင့် ဆီး၊ ဝမ်းခါတ်၊ လေမမှန်ဖြစ်ကာ ဝမ်း တွင်းထိုးအောင့် လေခဲပြီး အစာကောင်း စွာမစားတော့ပေ။ လှည်းတပ်ခိုင်းစေရာ တွင်လည်း အလုပ်မတွင်ဘဲ ဖင့်နွဲ့လေး ကန်နေပါမည်။

ထိုသို့ အစားကောင်းစွာမစားသော လှည်းဆွဲရာတွင် ... မြင်းများအား အောက်ပါအတိုင်း ပြုစု ကုသပေးပါ။ သုံး လေးနာရီအတွင်း အစာကောင်းစွာစား၍ကျန်းမာလာပါ မည်။

- ပျားရည်စစ်စစ် လက်ဖက်ရည် အကြမ်းပန်းကန်တစ်လုံး။
- ဆားလှော်လက်ဖက်ရည်ပန်းကန် တစ်လုံး

အထက်ပါ ဆေးပစ္စည်းနှစ်မျိုး ရောဖျော်ပြီး တိုက်ကျွေးပေးပါ။ သုံးနာရီ မှ ငါးနာရီအတွင်း ဆီးဝမ်းခါတ်လေ လိုက်လာပြီး အစာစားလာပါမည်။ ဖြေး ဖြေးချင်းကျွေးပေးပါ။ စားကောင်းအပြည့် အမောက်တစ်ခါတည်းထည့်မကျွေးပါ နှင့်။

လက်တွေ့မျက်မြင်နည်းပညာမို့ တင်ပြပေးလိုက်ပါသည်။

အောင်သိဿ (မြန်မာပြည်)

www.burmeseclassic.com

မြို့သူကြီးစေတီတော်မြတ်ကြီး သည် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာ တခရိုင်၊ ဟင်္သာတမြို့၏ကျက်သရေ ဆောင် ရှေးဟောင်းစေတီတော်မြတ် တစ်ဆူဖြစ်၍ ဟင်္သာတမြို့၏ သမိုင်းဝင် စေတီတော်တို့တွင် သက်တော်အကြီး ဆုံးဖြစ်ပြီး ကြီးလေးကြီးဘုရားစေတီတို့ တွင် အဝင်အပါ ဖြစ်ပါသည်။ လွန်ခဲ့ သော နှစ်ပေါင်း (၂၀၀) ကျော် ရှေးမြန် မာမင်းလက်ထက်၌ တည်ထားခဲ့ပြီး ဧရာဝတီမြစ်ကမ်းနဖူး ပြန့်ဖြူးကျယ်ဝန်း သော ကုန်းမြေထက်တွင် တည်ရှိ၍ အ လွန်တစ်ရာ တင့်တယ်သပ္ပာယ်လှကာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ နေ့ ညမစဲ လာရောက်ဖူးမြော်ကြသော စေတီတော်မြတ် ဖြစ်ပါသည်။

'ဥသြအော်မြည် ကုန်းဘောင် တည်' ဟူသော ရာဇဝင်သံခိပ်အရ မြန်မာနှစ် ၁၁၁၅ ခုနှစ်တွင် ကုန်း ဘောင်မင်းဆက်ကို တည်ထောင်၍ တတိယမြန်မာနိုင်ငံတော်ကြီးကို ဘုန်းမီး နေလ ထွန်းပစေခဲ့သော အလောင်းမင်း



မြို့သူကြီးစေတီတော်အဝင်မုခ်ဦး ဂန္ဓကုဋိတိုက်တွင်းမှ
ရှေးဟောင်းကြေးသွန်းဗုဒ္ဓရုပ်ပွားတော်ကြီး

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ ကျက်သရေဆောင်
ရှေးမြန်မာမင်းလက်ထက်က တည်ထားခဲ့သော

သမိုင်းဝင်

# မြို့သူကြီးစေတီတော်မြတ်ကြီး


သစ္စာဝါဒီ–ဦးမြင့်အောင်






www.burmeseclassic.com

www.burmeseclassic.com



ဘိလောကမှန်ကူဆုတောင်းပြည့်နီးဘုရားကြီး စံပယ်တော်မူရာ ဂန္ဓကုဋိတိုက်တော်ကြီး



မြို့သူကြီးစေတီတော်ရင်ပြင်၌ ဦးဝင်းဇော်+ သီရိသုမေ့သီဂီ ဒေါ်စန်းရှင်တို့၏အလှူတော် ဂန္ဓကုဋိတိုက်တွင် စံပယ်တော်မူသော နီးဘုရားကြီး

တရားကြီး ဦးအောင်ဇေယျ၏စတုတ္ထ သားတော်ဖြစ်ပြီး ကုန်းဘောင်မင်း (၆) ဆက်မြောက်၊ မြန်မာနှစ် ၁၁၄၃ ခုနှစ်တွင် နန်းတက်တော်မူခဲ့ကာ ၁၁၄၄ ခုနှစ်တွင် အမရပူရမြို့တော်သစ်ကို ကျုံးတော်၊ နန်းတော်၊ ဂူတော်၊ ကျောင်းတော်၊ ကန်တော်၊ ပိဋကတ်တိုက်တော် သီရိခုနှစ်ဌာနများကို တစ်ပြိုင်တည်း တည်ထောင်ခဲ့၍ ၁၁၄၅ ခုနှစ်နှင့် ၁၁၄၆ ခုနှစ်များတွင် နှစ်ကြိမ်တိုင်အောင် ရာဇဘိသေက မုဒ္ဒါဘိသေက ခံယူတော်မူခဲ့သော ဘိုးတော် (ပဒုံ) မင်းတရားကြီး လက်ထက်တွင် အလယ်နန်းမိဖုရား သီရိမဟာစန္ဒာဘိရတနာဒေဝီမှ ဖွားမြင်သော သမီးတော် သီရိမဟာရတနာ ပဘာဒေဝီအား ဟင်္သာတမြို့၊ တလုပ်မြို့များကို ကံကျွေးပေးတော်မူခဲ့လေသည်။

ထိုဘိုးတော် (ပဒုံ) မင်းတရား ကြီး လက်ထက်တွင် ဟင်္သာတမြို့သူကြီး အဖြစ်ခန့်အပ်ခြင်းခံရသော သီရိမဟာဇေယျဗလဘွဲ့ခံ မြို့သူကြီးမင်း ဦးမြတ်သာထွန်း၊ မြို့သူကြီးကတော် ဒေါ်ရွှေရုပ်တို့ ကောင်းမှုအဖြစ် စေတီတော်တစ်ဆူကို ဟင်္သာတမြို့ ရွှေကူတောင်ရပ်တွင် တည်ထားကိုးကွယ်ခဲ့ကြပါသည်။

မြို့သူကြီး ဦးမြတ်သာထွန်းကား မျိုးရိုးစဉ်ဆက်အားဖြင့် အလောင်းမင်းတရားကြီးလက်ထက်ရှိ သီဟဗိုလ်မင်းအား တိုက်သူကြီးအဖြစ် အင်ပူမြို့တွင် ခန့်ထားခဲ့ပါသည်။ သီဟဗိုလ်၏သားမှာ



မြို့သူကြီးစေတီတော်ရင်ပြင် ဂန္ဓကုဋိတိုက်တော်ကြီးအတွင်း စံပယ်တော်မူသော ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များ

www.burmeseclassic.com

မဟာသီဟဗိုလ် ဖြစ်သည်။ မဟာသီဟဗိုလ်၏သားကား စိတ္တဗိုလ်ဖြစ်၍ အင်ပူခေါ် အုတ်ဖိုမြို့ကို တည်ထောင်ခဲ့သည်။ ထိုမင်း၏သားကား ဆယ်ရွာစား သီဟစိတ္တဗိုလ်ဖြစ်ပြီး သီဟစိတ္တဗိုလ်၏သားတို့ကား ဦးမြတ်သာထွန်း၊ ဦးစံမင်း၊ ဦးခိုင်တို့ ဖြစ်၍ ဦးမြတ်သာထွန်းသည် ဘိုးတော် (ပဒုံ) မင်းတရားကြီးလက်ထက် ဟင်္သာတမြို့သူကြီးဖြစ်၍ မြို့သူကြီးစေတီတော်မြတ်ကြီး၏ ဘုရားဒါယကာကြီး ဖြစ်ပါသည်။

မြို့သူကြီးမင်းတည်ထားခဲ့သော စေတီတော်ဖြစ်၍ မြို့သူကြီးစေတီဟုခေါ်တွင်ခဲ့ကြပါသည်။ မြန်မာနှစ် ၁၁၄၈ ခုနှစ်တွင် တည်ထားခဲ့သောကြောင့် အေး၊ အောင်၊ လာ၊ ရှု၊ တည်ဘန်ပြုကောင်းမှုမြို့သူကြီးဟူ၍လည်းကောင်း၊ ဧကဧကာဓတ်အဌာမှတ်ပါမြို့သူကြီး၊ ပြည်လုံးချမ်းသာဘွဲ့သညာ၊ ယှဉ်လာရှုမငြီးဟူ၍ လည်းကောင်း၊ ရှေးပညာရှိသူဟောင်းတို့ အမှတ်အသားပြုခဲ့ကြပါသည်။


မူလစေတီတော်၏ဥာဏ်တော်အမြင့်မှာ (၄၆) တောင်ရှိ၍ အောက်ခြေဖိနပ်တော်မှာ (၄၀) တောင်ဖြစ်ပြီး ရင်ပြင်တော်အကျယ်အဝန်းမှာ အတောင် (၄၀၀) ကျယ်ဝန်းပါသည်။ မူလစေတီတော်၌ မုခ်လေးခုရှိပြီး ရင်ပြင်တော်အထက် လှေကားတစ်ဝက်စီတွင် နယားနှစ်ကောင် ဆင်းသက်စောင့်ကြိုဟန်ဖြင့် နယားရုပ် ရှစ်ရုပ်ရှိခဲ့ပါသည်။ မဟာရံတံတိုင်းတွင် တံခါးလေးပေါက်ရှိ၍ စေတီတော်၏ထောင့်လေးထောင့်တွင် အရံစေတီငယ်တစ်ဆူစီ တည်ထားခဲ့လေသည်။

ထို့ပြင် မြို့သူကြီးနှင့် မြို့သူကြီးကတော်တို့က မြို့သူကြီးစေတီတော်အနီးတွင် ဝက်လှကျောင်းတိုက်ဟုခေါ်တွင်သော ကျောင်းကြီးကိုလည်း ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။ မြို့သူကြီးစေတီတော်အနီးတဝိုက်တွင် သပြေပင်ကျောင်း ရန်ကုန်၊ စံကျောင်း၊ ရွှေဘုံသာကျောင်း၊ ဂူကြီးကျောင်း၊ ခြသေ့်ဦးကျောင်း၊ ရွှေကျောင်း စသည့်ကျောင်းတိုက်များ တည်ရှိခဲ့ရာ ရှေးယခင်မှယခုတိုင် အလွန်စည်ကားသော လူနေရပ်ကွက်ကြီး ဖြစ်ခဲ့ပါသည်။

လွန်ခဲ့သော နှစ်ပေါင်းလေးဆယ်ကျော်ခန့်တွင် လမိုက်ည (၈း၀၀) နာရီအချိန်လောက်တွင် မြို့သူကြီးစေတီတော်မှ ဝင်းထိန်ကာ ရောင်ခြည်တော်ကွန့်မြူး၍ တန်ခိုးပြသည်ကို ဘုရားဝန်းတစ်ခုလုံး ပတ်ဝန်းကျင်မှ ဘုရားဖူးများ ဖူးမြင်ကြရာ ထိုညသန်းခေါင်ကျော်ထိ ရောင်ခြည်တော် ကွန့်မြူးသည်ကို ဖူးတွေ့ပူဇော်ခဲ့ကြရလေသည်။ ထို့နောက်တွင်လည်း အကြိမ်ကြိမ်တန်ခိုးပြခဲ့လေသည်။

ထိုအခါမှစ၍ စေတီတော်ကြီးကို ပြန်လည်မွမ်းမံရန် ၁၉၆၉ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ သပြေပင်ဆရာတော်ဘုရားကြီး၏ ဩဝါဒကို ခံယူ၍ စေတီတော်ဂေါပကလူကြီးများက စေတီတော်ကို ပြုပြင်မွမ်းမံလာခဲ့ကြပါသည်။

ယခုအခါ မြို့သူကြီးစေတီတော်မြတ်သည် နိုင်ငံတော်ဩဝါဒါစရိယအတွင်း ပဋ္ဌာနမြားဆရာတော်ကြီး နိုင်ငံတော်ဗဟိုသံဃာဝန်ဆောင် မိုးကောင်းကျောင်းတိုက်ဆရာတော်ဘုရားကြီးနှင့် ဟင်္သာတမြို့နယ် သံဃနာယကအဖွဲ့ ဆရာတော်များ၏ဩဝါဒနှင့်အညီ ခရိုင်မြို့နယ် အကြီးအကဲများ၊ မြို့မိမြို့ဖများ စေတီတော်ဂေါပကနှင့် အလှူရှင်အသီးသီးတို့၏ ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်မှုများကြောင့် ရှေးမြန်မာမင်းလက်ထက်၌ မြို့သူကြီးတည်ထားခဲ့သော ဟင်္သာတမြို့ ကျက်သရေဆောင်ဖြစ်၍ ဟင်္သာတမြို့ရှိ ကြီးလေးကြီးဘုရားစေတီတို့တွင် သက်တော်အကြီးဆုံး ဖြစ်တော်မူသော လွန်ခဲ့သောနှစ်ပေါင်း (၂၀၀) ကျော်က တည်ထားခဲ့သော စေတီတော်ကြီးသည် ဟင်္သာတ



မြို့သူကြီးစေတီတော်အဝင်မုခ်ဦး



မြို့သူကြီးစေတီရင်ပြင်ထောင့် အရံစေတီအနီး တံခွန်တိုင်

www.burmeseclassic.com



မြို့သူကြီးစေတီအရှေ့တောင်ထောင့်ရှိ နဂါးရုံဘုရားနှင့် မုစ္စလိန္ဒာကန်တော်



မြို့သူကြီးစေတီရင်ပြင်ထောင့်ရှိ အရှင်ဥပဂုတ်ရုပ်တုတော်



မြို့သူကြီးစေတီတော်ရင်ပြင်၌ ကဆုန်လပြည့်နေ့ စတုဒိသာအလှူတော်

မြို့ ရွှေကူရပ် ဧရာဝတီမြစ်ကမ်းနဖူးကုန်းမြင့်သာ၍ ရင်ပြင်တော်အကျယ် ၂၃၀× ၂၂၀ ပေ၊ စေတီဖိနပ်တော် (၅၆) ပေဖြင့် အလွန်တရာ ခန့်နားတင့်တယ်လှစွာဖြင့် နေ့ ညမပြတ် နယ်နယ်အရပ်ရပ်မှ ဘုရားဖူးများလာရောက်၍ စိတ်နှလုံးကြည်နူးချမ်းမြေ့စွာ ဖူးမြော်လျက်ရှိပါသည်။

**မြို့သူကြီးစေတီတော်ရင်ပြင်တော်ရှိ တိလောကမှန်ကူဆုတောင်းပြည့် နှီးဘုရားကြီး၇**

ဟင်္သာတမြို့၊ မြို့သူကြီးစေတီမြတ်အတွင်း၌ ဟင်္သာတမြို့၏ကျက်သရေဆောင် အံ့ဖွယ်ထူးခြား နှီးဘုရားဗုဒ္ဓရုပ်ပွားတော်တစ်ဆူ ခံ့ညားထည်ဝါစွာပေါ်ထွန်းလာစေလိုခြင်း။

မြို့သူ, မြို့သား၊ နယ်သူ, နယ်သားအားလုံး ဆင်းရဲချမ်းသာ အလွှာမရွေးဝါးတစ်ပင် နှီးတစ်ချောင်း ပါဝင်လှူဒါန်းရုံမျှဖြင့် နှီးဘုရားဒါယကာ၊ ဒါယိကာမများအဖြစ် ခံယူနိုင်စေခြင်း။

ဘုရားတည်မှုအကြောင်းပြု၍ကောင်းမှုအလီလီ ပါရမီအဖုံဖုံဖြင့် ပြည့်စုံကြွယ်ဝစေလိုခြင်းစသော ဆန္ဒမွန်တို့ဖြင့် ၁၃၆၉ ခုနှစ်၊ (၁. ၈. ၂၀၀၇) ဝါတွင်းကာလအတွင်း ဤကုသိုလ်တော်အစီအရင်တို့ကို ပေါင်းစည်းညီညာစွာဖြင့် သပ္ပာယ်ကြည်ညိုဖွယ်ကောင်းလှသော နှီးဘုရားကြီးတစ်ဆူကို ရက်လုပ်ပူဇော်တည်ထားခဲ့သည်။

**နှီးဘုရားကြီး၏သမိုင်းအကျဉ်းချုပ်**

ဘွဲ့တော် - တိလောကမှန်ကူဆုတောင်းပြည့်နှီးဘုရားကြီး

မုဒြာဟန် - ဘူမိဖုဿမုဒြာ

ဉာဏ်တော်အမြင့်- (၁၈) ပေ

ကိန်းဝပ်စပ္ပာယ်ရာ - ဟင်္သာမြို့၊ ရွှေကူရပ် မြို့သူကြီးစေတီတော်ဝင်းအတွင်း

စတင်သည့်နေ့ - ၁၃၆၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၃) ရက် (၁. ၈. ၂၀၀၇)

ပြီးစီးသည့်နေ့ - ၁၃၆၉ ခုနှစ်၊ တော်လသင်းလပြည့်ကျော် (၃) ရက်၊ (၂၉. ၉. ၂၀၀၇)

ရက်လုပ်သည့်ကာလ- ရက်ပေါင်း (၆၀)၊ (၂) လတိတိ

အလှူရှင် - မြစ်ကွေ့တိုက်အုပ်ဆရာတော်နှင့် (၇) နေ့သားသမီးများ

နှီးဘုရား ဘူမိဖဿမုဒြာဆု



www.burmeseclassic.com

www.burmeseclassic.com

တောင်းပြည့်ရုပ်ရှင်တော်မြတ်ကြီးကို ရှမ်းပြည်တော်ပေါ် ဒေသမှ ကြွရောက်လာကြသော ပါရမီရှင်မြန်မာမှု ဗိသုကာပညာရှင်အဘိုးဆရာတော်ကြီးများ (၆) ပါးအဖွဲ့က ရက်လုပ်ပူဇော်ခဲ့ကြပါသည်။ ပါရမီရှင်အဘိုးနှင့် အဖွဲ့သားများသည် မြန်မာနိုင်ငံ တစ်နံတစ်လျားနှင့် နိုင်ငံရပ်ခြားတိုင်းပြည်များတွင် များစွာသော နှီးဘုရားများကို ရက်လုပ်ပူဇော်ခဲ့ကြပါသည်။

နှီးဘုရားကြီးရက်လုပ်ပူဇော်ရာတွင် ဆရာတော်ကြီးများနှင့် ဒေသစံသူတော်စင်ပရိသတ်များသည် အဘိဓမ္မာ ခုနစ်ကျမ်း၊ ဓမ္မစကြာနှင့် မေတ္တာသုတ်များရွတ်ပွားပူဇော်ခြင်း။

သက်သတ်လွတ်အာဟာရများသာ သုံးဆောင်ကြခြင်း

ပရဝဏ်တစ်ခုလုံးအား သက်သတ်လွတ်နယ်မြေ သတ်မှတ်ထားခြင်း


ခုနစ်ရက်သားသမီးများ သရဏဂုံတည်ကာ နှီးသတ်၊ နှီးချောပေးခြင်း

ရာဇမတ်အတွင်း သတ်မှတ်ရက်လုပ်ခြင်း စသည့် စည်းကမ်းချက် (၁၃) ချက် တို့ကို လိုက်နာဆောင်ရွက်ကြရပါသည်။

နှီးဘုရားကြီးကို (၁. ၈. ၂၀၀၇) တွင် ဩဝါဒါစရိယဆရာတော်များနှင့် ပင်မမဏ္ဍိုင်တော်ကို တပ်ဆင်စတင်ပူဇော်ရက်လုပ်ခဲ့ကြရာ (၂၉. ၉. ၂၀၀၇) တွင် နှီးဘုရားရုပ်ရှင်တော်မြတ်ကြီး၊ ရက်လုပ်ပူဇော်ခြင်း ပြီးဆုံးခဲ့ပါသည်။ (၂၆. ၂. ၂၀၀၈) တွင် ဌာပနာထည့်သွင်းပူဇော် အနေကဇာတင်ပြီး ဦးဝင်းဇော်၊ ဒေါ်စန်းရှင် (သုဓမ္မသိင်္ဂီ) မိသားစု၊ မိသားစုရတနာရွှေဆိုင်၊ ဟင်္သာတမြို့က ဆောက်လုပ်လှူဒါန်းသော ဂန္ဓကုဋီတိုက်ကျောင်းတော်သို့ ပြောင်းရွှေ့ပူဇော်ခဲ့ပါသည်။ ထို့နောက် သစ်စေးသင်္ကန်းကပ်လှူခြင်း၊ မျက်ပါးရွှေစစ် (ရွှေသင်္ကန်း) ကပ်လှူခြင်းပြီးနောက် အနေကဇာတင်လှူပူဇော်ပွဲကို (၈. ၅. ၂၀၀၉) သောကြာနေ့တွင် ကျင်းပပူဇော်ခဲ့ပါသည်။

ဤနှီးဘုရားရုပ်ရှင်တော်မြတ်ကြီးသည် လွန်စွာတင့်တယ်သပ္ပာယ်သောဆင်းတုတော်တစ်ဆူဖြစ်ပြီး ဗိသုကာပညာရှင်ဆရာတော် ဦးဝိမလဗုဒ္ဓိ၏ (၃၂) ဆူမြောက် ရက်လုပ်ပူဇော်သော မြို့ကျက်သရေဆောင် ဆင်းတုတော်တစ်ဆူ ဖြစ်ပါသည်။

**မြို့သူကြီးဘုရားအနီး တောဆင်ရိုင်းများ**



သီတင်းကျွတ်လပြည့်နေ့ မြို့သူကြီးစေတီတော်ဆီမီးအလှု



မြို့သူကြီးစေတီတော်ရင်ပြင် ဂန္ဓကုဋီတိုက်ကျောင်းဘက်မှ ဩဝါဒပါတိမောက်

**တစ်နာရီခွဲခန့် ပူဇော်ခဲ့**

ပဲခူးရိုးမအတွင်းမှ တောဆင်ရိုင်းလေးကောင်သည် ပေ (၂၀) ခန့်အထိ လူများအကပ်ခံကာ တစ်စုံတစ်ယောက်ကိုမှ ရန်လိုအန္တရာယ်မပြုဘဲ ဟင်္သာတမြို့သူကြီးဘုရားအနီးတွင် တစ်နာရီခွဲခန့် ပူဇော်ပြီး အေးချမ်းစွာ ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း ၁၃၇၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်နေ့ ၂၀၁၀ ခုနှစ်၊ ဇူလိုင်လ (၂၆) ရက်၊ တနင်္လာနေ့၊ အတွဲ (၄၉)၊ အမှတ် (၂၉၄) မြန်မာ့အလင်းသတင်းစာမျက်နှာ (၁၀) ၌ ဖော်ပြခဲ့ပါသည်။

ယခုအခါ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင်၊ သဟ်ာတမြို့၏ ကျက်သရေဆောင်သမိုင်းဝင် ဘိုးတော်မင်းတရားလက်ထက် ဧရာဝတီမြစ်ကမ်းနဖူး ရွှေကူရပ် ကုန်းမြင့်သာ၌ တည်ထားခဲ့သော ရှေးဟောင်းစေတီတော်ဖြစ်သည်။ မြို့သူကြီးစေတီတော်မြတ်ကြီးသည် ဘက်စုံပြုပြင်မွမ်းမံပူဇော်၍ အလွန်ခမ်းနားတင့်တယ်သပ္ပာယ်စွာဖြင့် နေ့၊ ညမပြတ် အနယ်နယ်အရပ်မှ ဗုဒ္ဓဘာသာဝင် ဘုရားဖူးများ လာရောက်ဖူးမြော်ကြလျက် အထူးစည်ကားစွာ မြို့ကျက်သရေကို ဆောင်လျက်ရှိပါတော့သည်။

သစ္စာဝါဒီ-ဦးမြင့်အောင်

**စာညွှန်း-**

၁။ ၁၁၄၈ ခုနှစ်တွင် တည်ထား ကိန်းကွယ်ခဲ့သော မြို့သူကြီးစေတီတော်သမိုင်းအကျဉ်းနှင့် တည်ဆောက်ပြုပြင်မှုများ။

၂။ ဦးပါရဲစေတီကမ်းဆည်းရေး ရှင်းတန်းစာပုဒ်။

၃။ ဟင်္သာတခရိုင် ဒေသန္တရပထဝင် ဦးပိုင်ပြုစုရေးသားသည်



www.burmeseclassic.com

www.burmeseclassic.com

ဘုန်းခေါင်

# ဝိဇ္ဇာဓရဂမ္ဘီရပညာနယ်မှ ရှုပ်စမသူရဿယတီနှင့်လာဘ်ခေါ်ရအောင်



(စာချစ်သူမိတ်ဆွေများကို ဦးစွာ ...ပြောလိုပါသည်။ ကျွန်တော်အနေဖြင့် ...တိသက်သက်အတွက် အင်းများ၊ ...များနှင့် တွဲဖက်ကျင့်ရပုံတို့ကို ရေး ...ခဲ့တာ နှစ် (၂၀) ကျော်လာနေပြီ ...ပါသည်။

ဘာကြောင့် ယခုလို ရေးသားရ ...သလဲဟု မေးသင့်ပါသည်။ ကျွန်တော် ...သားစွာ ဝန်ခံတင်ပြပါမည်။ ကျွန် ...တော်တွင် ရည်ရွယ်ချက်များရှိနေပါ ...သည်။ ထိုရည်ရွယ်ချက်များမှာ -

က။ ကျွန်တော်တို့ လူမျိုးတွင် ...ဦး အတိတေကာလ နှစ်ပေါင်း ...ောင်နှင့်ချီပြီး ကိုယ်ပိုင်ယဉ်ကျေးမှုဖြင့် ...တည်လာခဲ့သော လူယဉ်ကျေးများ ...ခဲ့ကြသည့်အတွက် ထိုစဉ်ကာလ ...သမယက လူသားများအတွက် ...ရှေ့ထားခဲ့ကြသော ကျွန်တော်တို့ ... ဆရာသခင် ကျေးဇူးရှင်ကြီးများ၏ ...အမွေအနှစ်ကို မပျောက်စေလို ... စေတနာတစ်ခု။

ခ။ ယနေ့ ဝိဇ္ဇာဓရဂမ္ဘီရပညာရပ် ...ခေတ်ခဲနက်နဲ သိမ်မွေ့လှသော ပညာ ...လှလာ လိုက်စားလိုကြသော ညီ ...များ၊ ညီမငယ်များအတွက် မပြောပလောက်သောအသိတစ်ခု (အပြောကျယ်လှသော မဟာသမုဒ္ဒရာထက်မှ ရေပွက်ငယ်တစ်ခုလို) ရသွားလျှင်ပင် ကျွန်တော်၏တင်ပြချက်ကို ဝမ်းမြောက်နေခြင်းတစ်ခု။

ဂ။ ငယ်ရွယ်စဉ်ကာလ သားရေး၊ သမီးရေး၊ စီးပွားရေးတို့အတွက် မမောနိုင်မပန်းနိုင် စီးပွားဥစ္စာတို့နောက် လိုက်နေကြရသဖြင့် စာနှင့်ဝေးနေကြသောမိတ်ဆွေများကို အချိန်တိုအတွင်းမှာ အမှတ်အသိအတော်အတန်ရစေရန် စေတနာတစ်ခု။

ဃ။ လောကီနယ်မှ စား၊ ဝတ်၊ နေရေး ပြည့်စုံမှသာလျှင် ကျွန်တော်တို့ ထေရဝါဒ ဗုဒ္ဓဘာသာဝင်များအတွက် ဘဝအတွက် ကျေနပ်နိုင်အောင် သီလ၊ သမာဓိ၊ ပညာ သုံးရပ်သာသနာနယ်သို့ စတင်• ခြေလှမ်းနိုင်စေရန်အတွက် ကျင့်စဉ်အမိဋ္ဌာန်ကို ကျင့်စေလိုသော စေတနာ စသည်တို့အတွက် ယခုလို ရေးသားတင်ပြနေခြင်း ဖြစ်ပါသည်။

စာချစ်သူမိတ်ဆွေများ သိကြပြီးဖြစ်သည့်အတိုင်း ကျွန်တော်တို့၏အထူးအားထား ကိုးကွယ်ရာဖြစ်သော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ သာသနာတော်တွင် လွန်စွာ ဆင်းရဲမွဲတေနေသော သူဆင်းရဲများ၊ နိဗ္ဗာန်ဝင်စံကြသူများကို လက်ချိုးရေတွက်ရနိုင်ပါသည်။များစွာသော နိဗ္ဗာန်ဝင်စံကြသော ပုဂ္ဂိုလ်များမှာ လောကီစီးပွားဥစ္စာပြည့်စုံကုံလုံကြသော သူဌေးသူကြွယ်များနှင့် မင်းညီမင်းသားများသာ ဖြစ်ပါသည်။

ကျွန်တော့်တင်ပြချက်သည် ပညာကြီးရင့်ကြသောသူများ၊ ဆရာကြီးများ၊ သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့အား အလေးဂရုဦးတိုက်ပါသည် မရွယ်ဝံ့ပါ။ အားနည်းကြသူများနှင့် ငယ်ရွယ်ကြသူတို့အတွက်သာ ရွယ်ရည်မှန်း၍ တင်ပြရခြင်းဖြစ်ကြောင်း ပဏာမ တင်ပြ ရေးသားလိုက်ရပါတော့သည်။)

လကွယ်နေ့။

တိတိကျကျဆိုလျှင် ၁၃၇၅ ခုနှစ်၊ နယုန်လကွယ်နေ့ ဖြစ်ပါသည်။ ထိုနေ့က စနေနေ့ ဖြစ်ပါသည်။ သတိတစ်ခု ဦးစွာ ရလိုက်သည်မှာ ဒီနေ့က နယုန်လကုန်နေ့ဖြစ်တော့ နောက်နေ့ဆိုရင် ဝါဆိုလကို ကူးတော့မည်ဟု သတိပေးနေသော နေ့လည်း ဖြစ်နေပါသည်။ ဝါဆိုလဆန်းရောက်လျှင် ကျွန်တော်၏ဝေါဟာရအသက်မှာ တစ်နှစ်တိုးလာပါတော့မည်။ မြတ်စွာဘုရားရှင်၏ အလိုအတိုင်း ဆုံးမ



www.burmeseclassic.com

www.burmeseclassic.com

တော်မူခဲ့ပြီးဖြစ်သည့် သေရွာသို့သွားနေတာ တစ်နှစ်ပိုနီးလာချေပြီ ဖြစ်ပါသည်။ မရဏာနုဿတိကမ္မဋ္ဌာန်းကို အမှတ်မထင်တွေးထင်မိပါတော့သည်။ မသေမီကာလ ယခုပင်လျှင် ဇာတိရပြီး ဒီခန္ဓာရကတည်းက ရောဂါပါလာခဲ့ပြီး ဖြစ်သည့်အတိုင်း ဓာတ်လေးပါး၏ ဖောက်ပြန်မှုကြောင့် ကျွန်တော့်အသက် (၇၀) ကျော်လာသည့်အတိုင်း ဗျာမိပေ့။ မမျှော်လင့်ခဲ့သော ဝေဒနာပါ။ သွေးဒူလာဖြစ်၍ လူလည်း အတော့်ကို ပျော့နေပါသည်။ ဝေဒနာဖိစီးစေကာမူ လက်မလျှော့နိုင်အရှုံးမပေးဘဲ ဆေးဝါးအကူအညီယူပြီး နိစ္စဓူဝကျင့်ဝတ်နှင့် အဓိဋ္ဌာန်ကျင့်စဉ်တို့ကို အပျက်မခံ၊ ဝေဒနာနှင့် ရောဂါအပေါ် အနိုင်ယူနိုင်ခဲ့ပါသည်။

ကံကမဖြတ်သေး၊ မပြတ်သေးတော့ သွေးဆင်းနေသော သွေးဒူလာရောဂါမှ လွတ်မြောက်လာခဲ့ပါပြီ။ ဝေဒနာကာလမှာ (၃)(၄)လလောက်အကြာရှိသွားပြီမို့ မတတ်သာလို့ ငြိမ်ကုပ်ခံနေရတဲ့ဝါသနာနှင့် ဗီဇပိုးကထလာပါတော့သည်။

စာမရေးဖြစ်ခဲ့တာလည်း (၃)၊ (၄) လကြာနေပါပြီ။ ငယ်ရွယ်စဉ်ကာလက တစ်လကို အပုဒ်ရေ (၂၀) ကျော် (၃၀) ကို အလွယ်လေးလို့ မှတ်ထင်ခဲ့တာပါ။ အခုတော့ ပြီးခဲ့တဲ့ (၃)၊ (၄) လကဆိုလျှင် စားပွဲထိုင်ပြီး ဘောလ်ပင်ကိုင်လိုက်သည်နှင့် စိတ်က မကြည်မလင်။ ဘောလ်ပင်ကိုင်ထားသည့် လက်ကလည်း မလှုပ်ရှားခြင်းနှင့်သာ အချိန်ကုန်ခဲ့ရပါသည်။

ဒီနေ့တော့ ကိုယ်လက်ပေါ့ပါးနေပါသည်။ နိစ္စဓူဝကျင့်ဝတ်က ထွက်လာသည့်အချိန်မှာပင် စာရေးရန် လွန်စွာဆန္ဒပြင်းပြနေပြီဖြစ်၍ စာပွဲတွင် ထိုင်လိုက်ပါပြီ။

**တိုက်ဆိုင်လိုက်ပုံက**

ကျွန်တော့အိမ်ရှေ့ ဥပစာမှာ တရုတ်မော်တော်ဆိုင်ကယ်တစ်စီးဝင်လာပြီး အေးအေးလူလူပင် မော်တော်ဆိုင်ကယ်ကို စက်သပ်ပြီး သေသပ်စွာရပ်တန့်ထားလိုက်ပါသည်။ နောက် ရှေ့ခြင်းထဲမှာ ကြွပ်ကြွပ်အိတ်တစ်လုံးကိုဆွဲပြီး ကျွန်တော်ထိုင်နေရာဆီကို ဦးတည်ပြီး ဝင်လာပါတော့သည်။

"လာပဟ့ - မောင်မောင်စိုး၊ မင်းလည်း ပျောက်ချက်သားကောင်းနေလိုက်တာ အတော်ကြာနေပြီနော်"

ဟု ပြောလိုက်သည်နှင့် -

"ဟုတ်ပါတယ ဆရာ။ ပြီးခဲ့တဲ့ (၅) လောက်ကတည်းက ခရီးသွားနေရတာနဲ့ ဆရာဆီမရောက်ဖြစ်ခဲ့တာပါ။ ဒီရက်ပြန်ရောက်တော့ ဆရာ့ဆီ ကန်တော့ဖို့ထွက်လာမှ ဆရာနေမကောင်းတာလည်း သိရတော့တာပါ။ အခုဘယ်လိုနေသေးလဲဆရာ"

ဟု မေးပြောလေသည်။

"အေး -သက်သာရုံတင်မဟုတ်ပါဘူး၊ ပျောက်ပြီလို့ပြောနိုင်ပါပြီ"

ဟု ပြန်ပြောလိုက်ရလေ၏။

တပည့်မောင်မောင်စိုးမှာ ခြေဆုံဦးတိုက်ပြီး ကန်တော့လေသည်။ နောက်ကျွန်တော်နှင့် မျက်နှာချင်းဆိုင် ကုလားထိုင်ခုံတွင် ထိုင်လေ၏။

ကျွန်တော်မှ ဆုပေးချီးမြှင့်ရလေတော့သည်။ နောက်အောက်ပါအတိုင်း စကားလမ်းခင်းရလေတော့သည်။

"ဆရာနေမကောင်းလို့ဆိုပြီး အားနာမနေနဲ့။ ဆရာ နေကောင်းပါပြီ၊ ဘာအကူအညီပေးရမလဲ ပြောပါ"

ဟု ဖွင့်တော့မှ အောက်ပါအတိုင်း ပြောလေ၏။

"ဆရာရေ အခုကာလက အများလည်း ကိုယ့်လိုပါပဲ အရောင်းအဝယ်ဖင့်လေးနေကြတာပါ။ လောဘကြီးတယ်ဆိုတာထက် မိဘ၊ ဆရာနဲ့ သာသနာတော်အတွက် လှူဖို့တန်းဖို့အတွက် လာဘ်လာဘရှင်မှ ပေါ်မှ ဖြစ်မှာမို့ပါဆရာ။

ဆရာ့စကားအတိုင်းပေါ့ တူရင်သာချင်လို့ပါ ဆရာ။ အရင်ဆရာချီးမြှင့်ထားတဲ့ စိမ်မှုနဲ့ အဓိဋ္ဌာန်တွေကို မပျက်အောင်လည်း ကြိုးစားပြီးလုပ်နေပါတယ်။ အဲဒါကြောင့် တခြားသူတွေလောက်တော့ မဆိုးပါဘူးဆရာ"

ဟု ရိုးသားစွာဝန်ခံရင်း သူ့ဆန္ဒကိုဖွင့်ဟပြောပြနေပါတော့သည်။

ကျွန်တော် စာရေးရန် ဆန္ဒကိုတွန်းအားပေးနေပါတော့သည်။ သို့နှင့်ပင် ပညာဉာဏ်ထက်မြက်ခြင်း၊ လူချစ်နတ်ချစ်ဖြစ်ခြင်း၊ အရပ်ရှစ်မျက်နှာမှ လာဘ်တကာတို့ဝင်ရောက်ခြင်း စသည့် သိဒ္ဓိအထူးပေးနိုင်သောဝိဇ္ဇာဓရဂမ္ဘီရနယ် သူရဿတီရုပ်စမ ချီးမြှင့်မည်ဟု ဆုံးဖြတ်လိုက်ပါသည်။

ကျွန်တော်မှာ လွန်ခဲ့သော နှစ်ပေါင်း (၅၀) လောက်က စပြီး အစွဲအမြဲ လေ့လာဆည်းပူးခဲ့သော ဝိဇ္ဇာဓရဂမ္ဘီရပညာထဲတွင် သူရဿတီကိုပင် အင်းမျိုးစုံ၊ စမမျိုးစုံ၊ ရုပ်စမမျိုးစုံနှင့် ဂါထာမျိုးစုံတို့ကို တွေ့ခဲ့ကြုံခဲ့ရပါသည်။

ရှေးရှေးက ဆရာသခင်ကြီးများအနေဖြင့် မိမိတို့ဖြတ်သန်းရာကာလထဲမှာ ကိုယ်တွေ့ကြုံခဲ့ရသော ပညာမှုထုတ်နုတ်မှတ်တမ်းတင်ထားခဲ့ကြသဖြင့် ပုရပိုက်မူများတွင် အင်းများ၊ စမများ၊ ရုပ်စမအင်းများကို အများဆုံး တွေ့ကြုံခဲ့ရပါသည်။ ဂါထာများနှင့် သူရဿတီစီမံခြင်းကို ကူးယူမှတ်သားထားနိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ကျွန်တော့်တပည့် မောင်မောင်စိုးကို သူရဿတီလာဘ်ခေါ် ရုပ်စမချီးမြှင့်မည်ဖြစ်ကြောင်းနှင့် ဝန်ဆောင်မှုကိစ္စတို့ကို ရှင်းလင်း ပြောပြလိုက်ပါသည်။ ဝမ်းမြောက်ဝမ်းသာပြန်သွားခဲ့ပါပြီ။

အထက်တွင် ရေးသားခဲ့ပြီးဖြစ်သည့်အတိုင်း စာမရေးဖြစ်တာ (၃)၊ (၄) လကြာမြင့်နေ၍ ယခု ရေးသားမည့် သူရဿတီလာဘ်ခေါ်တာကို သူရွှေမဂ္ဂဇင်းကြီးကို ပေးပို့ရန် ရည်ရွယ်ပြီး အပြည့်အစုံ ရေးသား ဖော်ပြပေးလိုက်ပါသည်။

**သူရဿတီလာဘ်ခေါ်စမစီမံရပုံ**

၁။ ရက်ရွေးချယ်ခြင်း၊

ရက်ရာဇာရက်၊ အမြိတ္တစုတ်ဝေ[illegible] တစ်ရက်ရက်တွင်စတင်ပါ။

၂။ ကာလသတ်မှတ်ရခြင်း၊

အပါးသုံးဆယ် ပြီးမြောက်[illegible] ကာလကို ရက်(၃၀) သတ်မှတ်ရပါ[illegible] ထိုရက်သုံးဆယ်ကို ကာလ(၃)ခု ပိုင်း[illegible] ထားပါ။

- ပထမ (၁၀) ရက် တစ်ဝါ[illegible]
- ဒုတိယ (၁၀) ရက် တစ်ဝ[illegible]
- တတိယ (၁၀) ရက် တစ်[illegible]

ခွဲပြီး ဆောင်ရွက်ဖြစ်ပါသည်[illegible]

၃။ ကနဦးဖိတ်ကြားရန်များ -

က။ စတုလောကပါလနတ်[illegible] ကြီးလေးပါး၊ နတ်တို့၏ မင်းဖြစ်[illegible] သိကြားမင်း။

ခ။ ဝိဇ္ဇာလေးပါး၊ သူရဿတီ[illegible] ဒေဝီ (၇) ပါး။

ဂ။ ပါရမီဖြည့်ဖက်များ၊ အ[illegible] ညီပေးနေကြသောပုဂ္ဂိုလ်များ၊

၄။ ဒါနမှုများ -

၁။ မြတ်စွာဘုရားရှင်အား -

- ဆွမ်း
- သစ်သီး (၃) မျိုး
- နံ့သာတိုင်
- အလင်းတိုင် ကပ်လှူ[illegible]



www.burmeseclassic.com

www.burmeseclassic.com

၂။ သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင်၊ ဆရာ ...ခင်နှင့် ပေါက်ပုဂ္ဂိုလ်များအား - သစ်သီးကပ်လှူပါ။

၃။ ဝိဇ္ဇာလေးပါးနှင့် သူရဿတီ ...ဒေဝီတို့အား -

- ပန်း (၃) မျိုး
- သစ်သီး (၃) မျိုး
- နံ့သာတိုင်တို့ ဒါနပြုပါ၊ လှူပါ။

၅။ နေ့စဉ်ဆောင်ရွက်ရန် -

က။ အချိန်တိကျရန် -

ခ။ ဘုရားကန်တော့ခြင်း၊ သီလ ...ယူခြင်း၊ ဆုတောင်းခံခြင်း၊ မေတ္တာပို့ ...ခြင်း။

ဂ။ သူရဿတီဂါထာတော် ပုတီး ...စိပ်ရခြင်း။

**သူရဿတီဂါထာ**

*ဥုံ - သူရသာဒီစမေမာတာ၊ မာတာစ သူရဿဒီ အနုကမ္ပဉပါ ဒါယျ၊ လာဘံဒေတု၊ အမေဟိ သူရဿဒီ ဧဟိဧဟိ မြင်ဆရာ မြင်ကပ်ဆရာကပ်'*

ဟု ရွတ်ဆိုပြီး ပုတီးတစ်လုံးချ ...နှုန်းဖြစ် ပုတီးစိပ်ပါရန်။ ပုတီးကို (၁၀၈) ...လုံး ဂုဏ်တော်ပုတီးကို သုံးပါရန်။

၆။ သရချေပါ။

နမ္မနာ -

ကျွန်ုပ်မှ ကာယကံ၊ ဝစီကံ၊ မနော ...ကံသည့် ကံသုံးပါးတို့ဖြင့် ပြစ်မှား ...ကျူးလွန်ခဲ့သူများရှိပါက ခွင့်လွှတ်ပေး ...ကြပါရန် တောင်းပန်ပါ၏။

ကျွန်ုပ်ကိုယ်အားလည်း ကံ(၃)ပါး ...တို့ဖြင့် ပြစ်မှားခဲ့သူများရှိပါက ကျွန်ုပ်က ...ခွင့်လွှတ်ပါ၏ဟု (၃) ကြိမ်တိုင်အောင် ...အေးချမ်းစွာ စိတ်ကိုထားပြီးချေပေးပါ။

၇။ အောက်ပါအတိုင်း ဆောင် ...ရွက်ပါ။

က။ မိမိပြုခဲ့သမျှ သစ္စာပြု၍ ဆု ...တောင်းပါ။

ခ။ မိမိပြုခဲ့သမျှ သစ္စာပြု၍ ...မေတ္တာပို့သပါ။

ဂ။ ဓံဝနေယျများစွာသတ္တဝါအား ...(၃၁) ဘုံသားတို့အား ကုသိုလ်အမျှ ...ဝေပါ။

ဃ။ ဖိတ်ထားသူများကို နေရပ် ...ပြန်ပေးပို့ပါရန်။

ထိုရုပ်စမကို ပုံတူကူးဆွဲခြင်း၊ ...နေ့ခေတ်တွင် ကွန်ပျူတာမိတ္တူများ ...ရှိနေသဖြင့် မိတ္တူကူး၍သုံးနိုင်ပါသည်။ ...အဆောင်သုံးလိုလျှင် ပုံအသေး၊ ချိတ် ...ဆွဲရန်ဆိုလျှင် သင့်လျော်သော (မိမိစိတ် ...ကြိုက်) အရွယ်ကို စီမံပါ။




**သူရဿတီမယ်တော်လာဘ်ခေါ်ရုပ်**

မှတ်ချက် - စမပုံကို မူရင်းကျမ်းပါ အတိုင်း ဖော်ပြပါသည်။

- အဆောင်စီမံလိုသူအနေဖြင့် ပလက်စတစ်လောင်းထားပါ။
- ချိတ်ဆွဲမည့်သူများအနေဖြင့် အလူမီနီယမ်ပေါင်ဖြင့် ထည့်သွင်းထား ပါရန်။

မှတ်ချက် -

သူရဿတီစီမံခြင်းကာလမတိုင် မီပင် ကြိုတင်ပြီး ပုံတော်စမကို ပြုလုပ် ထားပြီး လုပ်ငန်းတွင် ပုံတော်ကိုပါ တစ် ပါတည်း ပါဝင်ရမည်။

ယခု ကျွန်တော် တင်ပြရေးသား သော သူရဿတီလာဘ်ခေါ်စမနှင့် စီမံ မှုများသည် လွန်ခဲ့ပြီးသော နှစ်ပေါင်း (၁၂၀) ကျော်ကာလက ပုရပိုက်မူတစ်ခု ဖြစ်ပါသည်။

ကျွန်တော့်တပည့် မောင်မောင် စိုးတစ်ယောက် လာဘ်လာဘပေါ်များ ပြီး အနန္တငါးပါးနှင့် သာသနာတော် အကျိုးကို စွမ်းစွမ်းတမံ ဆောင်ရွက်နိုင် ကြစေရန်အတွက် လောကီရေးအတွက် ဦးစားပေး ရေးသား တင်ပြလိုက်ပါ သည်။

မူလဆရာ၏ မေတ္တာ၊ စေတနာ အကျဉ်းကို ဖော်ပြလိုက်ပါသည်။

ဆရာ၏ဆန္ဒမှာ ယခု စီမံမှုဖြင့် မိမိ၏စီးပွားရေး၊ ဘဝတိုးတက်ကြီးပွား လာသည်နှင့်အမျှ မိဘ၊ ဆရာနှင့်သာသ နာ့ဝန်ထမ်း ရှင်ရဟန်းတို့အား စေတနာ သုံးတန် ပြတ်သားစွာဖြင့် လှူဒါန်းကြပါ ဟု မိန့်ဆိုထားသည်ကိုလည်း အသိပေး လိုက်ပါသည်။

လောကီအကျိုးစီးပွားတိုးပွားလာ သည်နှင့်အမျှ မိမိတို့ လိုလားတောင့်တ အပ်သော ဆုထူးဆုမြတ်တို့ကို ရရှိပြီး အမတချမ်းသာကို ပိုင်ဆိုင်နိုင်ကြပါ စေဟု မေတ္တာဖြင့် တင်ပြလိုက်ရပါတော့ သည်။

ပညာတိုးပွား၍ အကျိုးများကြပါစေ

ဘုန်းခေါင်



www.burmeseclassic.com

www.burmeseclassic.com

မွန်သမိုင်းတွင် သုဝဏ္ဏဘူမိနှင့် ပတ်သက်၍ ပထမသုဝဏ္ဏဘူမိ၊ ဒုတိယ သုဝဏ္ဏဘူမိ၊ တတိယသုဝဏ္ဏဘူမိ ဟူ၍ အမျိုးမျိုး ပြောင်းလဲခဲ့၏။ ထို့အတူ သုဝဏ္ဏဘူမိ၏မြို့တော်များသည်လည်း အမည်အမျိုးမျိုး၊ နေရာအမျိုးမျိုးသို့ ပြောင်းလဲခဲ့၏။

ဂေါတမဗုဒ္ဓ ဖွင့်တော်မမူမီ နှစ် (၅၀) ခန့်က သုဓမ္မဝတီဟု ထင်ရှားလာမည့်မြို့နေရာတွင် ထိုစဉ်က တံငါရွာ သာသာမျှသာရှိ၏။ တံငါတို့၏ အကြီးအမှူး ဇနီးမောင်နှံတွင် သားယောက်ျား တစ်ယောက် ထွန်းကား၏။ သုဓမနဝ အမည်မှည့်၏။ သုဓမနဝသည် အကျင့်သီလစာဂနှင့် ပြည့်စုံ၏။ အသက် (၂၅) နှစ်အရွယ်သို့ရောက်သော် ရပ်သူရွာသားများက မြို့ပြတည်ထောင်ပြီး သုဓမနဝကို မင်းအဖြစ်တင်မြှောက်၏။ သုဓမနဝကို အစွဲပြု၍ ထိုမြို့ကိုလည်း သုဓမ္မဝတီဟုတွင်၏။ ထိုမြို့တွင် မင်း (၂၄) ဆက်တို့က နှစ်ပေါင်း (၃၂၀) မျှ အုပ်ချုပ်ခဲ့၏။ သုဓမ္မဝတီမြို့သည် မြို့ရိုး (၇) ထပ်၊ ကျုံး (၇) ထပ်ရှိ၏။


ထိုအနီးအနားတွင် ရွာတစ်ရွာရှိ၏။ ယင်းရွာတွင် သီဟရသေ့နှင့် အကိုရရသေ့နှစ်ပါး သီတင်းသုံး၏။ အကိုရရသေ့တွင် သုဓမ္မရာဇာမင်းတို့၏ အဆက်အနွယ် လုလင်တစ်ဦးရှိ၏။ ယင်းလုလင်ကို အကိုရရသေ့က မထင်မရှား မွေးစားထား၏။ လုလင်၏အမည်ကား သီရိယကုမ္မာ ဖြစ်၏။ အရွယ်ရောက်သော် မြို့ကိုတည်ထောင်ပြီး မင်းအဖြစ် တင်မြှောက်၏။ ထိုမြို့သည် ရသေ့နှစ်ပါး၏ ကျောင်းသင်္ခမ်းကြားတွင်ရှိ၏။ မြို့ရိုး (၇) ထပ်ရှိ၏။ ထိုမြို့ကို သုဓမ္မဝတီဟုပင် သမုတ်၏။ သီရိယကုမ္မာကို ဇောတိပါလရာဇာဟုလည်း တွင်၏။

ဇောတိပါလ၏ သား သီရိမာ[illegible] သောကမင်းလက်ထက်တွင် ဂေတ္တာပ[illegible] တောင်၏ မြောက်အရပ်တွင် မြို့သ[illegible] တည်ထောင်၏။ ယင်းမြို့ကို သုဝဏ္ဏဘူမိ[illegible] ဟု သမုတ်၏။ ထိုမြို့ကို သီရိမာသောက မင်းက မိမိ၏ နောင်တော် ဓမ္မဓဇမင်းသားအားပေး၍ မင်းပြုစေ၏။ မိမိမှာ[illegible] သုဓမ္မဝတီမြို့တွင် စိုးစံ၏။ ညီနောင်နှ[illegible] ပါး ထီးပြိုင်နန်းပြိုင်ဖြစ်၏။

မွန်သမိုင်းအရ မြတ်စွာဘုရား ပွင့်တော်မမူမီကပင် ပထမသုဝဏ္ဏဘူ[illegible] သုဓမ္မဝတီဟူသော မြို့ရှိခဲ့၏။ သို့သေ[illegible] အမည်ကား ထိုအမည်မဟုတ်။ ရာမည[illegible] ကရဏ္ဏကတိုင်း သုဘိန္နနဂရဟု ခေါ်၏[illegible] ထိုမြို့ကို တိဿရာဇာ စိုးစံ၏။ ၎င်းတွ[illegible] တိဿကုမာရနှင့် သီဟကုမာရသား[illegible]

# နိုင်ခင်မောင်လေး

## သုဝဏ္ဏဘူမိ ရှေးမြို့တော်ဟောင်းများ၏ ယခုလက်ရှိတည်နေရာများ





www.burmeseclassic.com

www.burmeseclassic.com

...တော်နှစ်ပါးရှိ၏။ အငယ်ရောက်သော် ...တော်နှစ်ပါး တောထွက်၍ ရသေ့ ...န်းပြုကြ၏။ တိသကုမာရရသေ့ ...ည် ဂစ္ဆဂိရိ (ဇင်းကျိုက်တောင်) တွင် ...တင်းသုံး၍ သီဟကုမာရရသေ့မှာ ...ဂိရိ (ဇွဲကပင်တောင်) တွင် သိတင်း ...၏။

တိသရာဇာမင်းကြီး နတ်ရွာစံ ...သော် ဆက်ခံမည့်သူမရှိသဖြင့် တိသ ...သေ့မွေးစားထားသည့် ကိတ္တိမသားကို ...နန်းတင်ကြ၏။ ဘွဲ့တော်ကိုလည်း ...ည်းတော်နှင့် ညီနောင်နှစ်ပါးအမည် ...အောင် တိသသီဟရာဇာဟု သမုတ် ... ထိုသို့ နန်းတင်ရာတွင် ထီးဟောင်း ...ဟောင်းကို ပြုပြင်၍ နန်းတင်ကြ ...ည်ဟု ဆို၏။ သို့သော် အချို့ကမူ ...ကျိုက်တောင်ရသေ့၏ ကျောင်း ...မ်းရှေ့ မနီးမဝေးတွင် မြို့ရိုး (၇) ...ရှိသော မြို့ကိုတည်ထောင်ခဲ့သည် ... ဆို၏။ (ရခိုင်-မြန်မာ-မွန်ရာဇဝင် ...ကျမ်းကြီး စာ-၁၃၁)

သုဓမ္မဝတီပြည့်ရှင် သုဝဏ္ဏရာဇာ ...ဓမ္မရာဇာ နတ်ရွာစံပြီးနောက် ...ရမင်းသားနန်းတက်၏။ အမှန်မှာ ...ရမင်းသားသည် ခမည်းတော်ကို ...င်သွင်းအကျဉ်းချပြီး ခမည်းတော် ...ရွာစံသောအခါ ထီးနန်းကို သိမ်း ...စံခြင်း ဖြစ်၏။ အကုံရမင်းသား ...ည် မင်းကျင့်တရားပျက်ပြားသဖြင့် ...ည်း တဖြည်းဖြည်းဆုတ်ယုတ်လာ ... မြို့သက် (၂၂၉) နှစ် အကြာတွင် ...ဝတီမြို့ကြီး ပျက်စီးသွား၏။

သုဓမ္မဝတီမြို့ကြီး ပျက်စီးပြီး ...တ် သုဝဏ္ဏရာဇာမဟာဓမ္မရာဇာနှင့် ...ဒေဝီမိဖုရားမှဖွားမြင်သော သား ...နှစ်ပါးအနက် နောင်တော်ဥပဒေ ...သံဝေမင်းသားသည် သုဓမ္မဝတီ ...ောင်း၏ တောင်ဘက်ကပ်လျက် ...တွင် မြို့သစ်တစ်ခုတည်ပြီး သုဓမ္မ ... သမုတ်၍ နန်းတက်၏။ ဥပဒေ ...တည်သဖြင့် ဥပဒေဝမြို့ဟုလည်း ... ထိုမြို့သည် မြို့ရိုးသုံးထပ်၊ ကျုံး ... ထပ်ရှိ၏။ (ဥပဒေဝမြို့ကို ယခု ...ရှိ သထုံဟု အချို့ကယူလို၏။) များ ... ဥပဒေဝ(ဝါ)သုဝဏ္ဏဘူမိ-သုဓမ္မ ... သုဓမ္မပူရမြို့လည်း ပျက်စီးရ၏။ ...ကြောင့် အကုံရမင်းသားလက် ...ပျက်စီးသွားသော သုဓမ္မဝတီသည် ...တ်ရှိ သထုံနှင့်ကပ်လျက်တွင် ရှိ ... ကောက်ချက်ချနိုင်၏။

ဥပဒေဝမင်း၏ ညီတော် ဥဒိန္နရာဇာသည် သုဓမ္မဝတီမြို့ပျက်ကြီး၏ အရှေ့ဘက်တောင်ပေါ်တွင် မြို့တည်၍ နန်းစံ၏။ ထိုမြို့ကို ရမ္မာဝတီဟု သမုတ်၏။ ရမ္မာဝတီကား ယခုလဝမြို့ခေါ်သော မြို့ရာဟောင်းပင် ဖြစ်၏။

ဆိုခဲ့သည့်အတိုင်း ဥပဒေဝမြို့ ပျက်စီးပြီးနောက် မြို့သူမြို့သားများသည် တောင်ဘက်သို့တစ်စု၊ မြောက်ဘက်သို့တစ်စု ထွက်ခွာသွားကြ၏။ တောင်ဘက်သို့ ထွက်ခွာသွားသော အုပ်စုသည် မုတ္တမကို တည်ထောင်၏။

မြောက်ဘက်အုပ်စုကို ဥပဒေဝမင်း၏သားတော် ရာဇာစောနီမင်းသားက ဦးဆောင်၏။ ကျေးလက်အိမ်ခြေပေါင်း (၇၆၀၀) ကို စုပေါင်း၍ မူလ သုဝဏ္ဏဘူမိ သုဓမ္မဝတီ၏ အနောက်ဘက် တာပေါင်း (၄၀၀) ခန့်အကွာ ဆိတ်ကျွန်း၊ ကော့သံကျွန်း၊ ကတိုက်ကျွန်းတို့၌ မြို့တည်၍ နန်းစံ၏။ မြို့ကို မရိသဘူမိ သုဓမ္မဝတီဟု တွင်စေ၏။ ယခု ကတိုက်ရွာအနီးတွင်ရှိ၏။ ခုနှစ်နှစ်မျှ နန်းစံပြီးနောက် ရာဇာစောနီမင်း နတ်ရွာစံ၏။

သည့်ကြောင့် သားတော် ရာဇာစောဝေက ဘီးလင်းမြစ်အနီးသို့ ရွှေ့ပြောင်းပြီး ဟရိသဘူမိသုဓမ္မဝတီကို တည်ထောင်၏။ အချို့က ရာဇာစောဝေသည် အိမ်ခြေပေါင်း ခြောက်ထောင်ကျော်ကို စုရုံး၍ အနောက်မြောက်ဘက် ခရီးတာပေါင်း (၁၅၀၀) ကွာဝေးသော ဆောင်ခဲတောင်အနီး ရွှေလောင်းအင်း (ရွှေလှေ) နားသို့ ပြောင်းရွှေ့ပြီး မြန်မာနှစ် ၁၉၆ ခုနှစ်တွင် မြို့သစ်တည်၏။ ထိုမြို့တွင် (၁၂) နှစ်မျှ နန်းစံ၏။

ထိုမြို့၌လည်း အနာရောဂါထူပြောလာသဖြင့် ဆင်းရဲသားတို့ အသေအပျောက်များလာ၏။ သည့်ကြောင့် ပင်လယ်ကမ်းနားတွင် မြို့ပြတည်ထောင်လိုသဖြင့် ကေလာသတောင်ခြေ ကေလာသစေတီ၏ မြေညီတစ်ဝက်အရပ်သို့ ပြောင်း၍ မြို့တည်ထောင်ပြန်၏။ မြို့၏ အကျယ်အဝန်းမှာ ရှေ့-အနောက်တာ (၅၀၀)၊ တောင်-မြောက် (၇၅၀) တာရှိ၏။

ယင်းမြို့သည် မြတ်စွာဘုရားပွင့်တော်မမူမီ နှစ်တစ်ရာခန့်က သီပေါမင်း၏ဘိုးတော် တည်ထားခဲ့သည့် တိုက်ကုလားမြို့ဟောင်းအတွင်း ကျရောက်သဖြင့် တိုက်ကုလားဟူ၍ပင် သမုတ်ခဲ့၏။ တိုက်ကုလားတွင် ပထမတိုက်ကုလားနှင့် ဒုတိယတိုက်ကုလား ဟူ၍ နှစ်ခုရှိ၏။

ဆိုခဲ့သည့်အတိုင်း ပထမတိုက်ကုလားကို သီပေါမင်း၏ ဘိုးတော်က တည်ထားခဲ့၏။ ဒိုးခလွန်းတောင် အနောက်မြောက်ဘက် တောင်တန်း၏ တောင်ခြေရင်းတွင်ရှိ၏။ တောင်ဘက်တွင် ကျောက်ကမ်းပါးကဲ့သို့ရှိသော တောင်နံရံကို မြို့ရိုးအဖြစ် ယူထား၏။ အရှေ့ဘက်နှင့် အနောက်ဘက်မြို့ရိုး အမြင့် တစ်ဝက်အထိ ကျောက်ခဲများ ထပ်၍စီထား၏။ မြောက်ဘက်တွင် ကျောက်နှင့် မြေရောဖို့၍ မြို့ရိုးလုပ်ထား၏။ မြို့၏အရှေ့ဘက်၊ အနောက်ဘက်နှင့် မြောက်ဘက်တို့တွင် မြို့တံခါး သုံးမျက်နှာရှိ၏။

မြို့၏အကျယ်အဝန်းကား အရှေ့၊ အနောက် တာပေါင်း နှစ်ထောင်ရှိ၏။ တောင်၊ မြောက်တာ တစ်ထောင်ရှိ၏။ ဒိုးခလွန်းတောင်ခြေရင်း၌ တည်ထားသောကြောင့် ဒုံးဒိုးခလွန်း (ချင်ဒုံခလောန်) ဟု ခေါ်၏။

တည်နေရာအားဖြင့် ပထမတိုက်ကုလားမြို့ဟောင်းသည် မုတ္တမ-ရန်ကုန် ရထားလမ်းပေါ်ရှိ မရမ်းကုန်းဘူတာရုံ အနီးတွင် တည်ရှိ၏။ မရမ်းကုန်းဘူတာရုံမှ အနောက်တောင်ဘက်သို့ သွားသောလမ်းအတိုင်းသွားလျှင် ပိုင်ဒုံရွာ (ကွာန်ပါင်ချင်) ကို တွေ့ရ၏။ မြို့တံခါးဝရွာဟု အဓိပ္ပာယ်ရ၏။ ပိုင်ဒုံရွာသည် တိုက်ကုလားမြို့ဟောင်း မြောက်ဘက်တံခါးဝတွင်တည်ထားသော ရွာငယ်ဖြစ်၏။ ပိုင်ဒုံရွာ၏ အနောက်ဘက်တွင် ကပ်လျက်ရှိသော မြို့ဟောင်းရာသည် တိုက်ကုလားမြို့ဟောင်းရာ ဖြစ်၏။ အတိအကျဆိုရသော် ပထမတိုက်ကုလားသည် မြောက်လတ္တီတွဒ် (၁၇) ဒီဂရီ (၁၃) မိနစ်၊ အရှေ့လောင်ဂျီတွဒ် (၉၇) ဒီဂရီ (၈၅) မိနစ် ယခု အရက်သယ်မရွာနေရာတွင် တည်ရှိ၏။

အထက်ဖော်ပြပါ ရာဇာစောဝေမင်း တည်ထောင်ခဲ့သည့် ဟရိသဘူမိ သုဓမ္မဝတီသည် ရွှေလောင်းအနားတွင် တည်ရှိ၏။ အနာရောဂါ ထူပြောလာသဖြင့် (၁၂) နှစ်ခန့်အကြာ ၃၃၆ ဘီစီတွင် ကေလာသတောင်အနောက်တောင်ထောင့်နေရာ၌ မြို့သစ်တည်ပြန်၏။ မြို့အခင်းသည် တောင်စောင်းတစ်ဝက်၊ မြေညီတစ်ဝက်ဖြစ်၏။

ထိုမြို့သည် တိသရာဇာမင်း လက်ထက်ကရှိခဲ့သော သုဓမ္မဝတီမြို့နှင့် တောတောင်မြစ်ချောင်းမြေပြင်



www.burmeseclassic.com

www.burmeseclassic.com

အနေအထားကအစတူနေ၏။ သည့်ကြောင့် ယင်းမြို့ကို သုဝဏ္ဏဘူမိ သုဓမ္မဝတီဟု သမုတ်၏။ ၃၃၅ ဘီစီတွင် မြို့တည်ပြီးစီး၏။ ယင်းမြို့ကို ဒုတိယတိုက်တုလားဟု ဆိုနိုင်၏။ ဒုတိယတိုက်ကုလားမြို့ဟောင်းရာသည် ပထမတိုက်ကုလား၏ အရှေ့တောင်ဘက်တွင် တည်ရှိ၏။

အတိအကျဆိုရသော် ဒုတိယတိုက်ကုလားသည် မြောက်လတ္တီတွဒ် (၁၇) ဒီဂရီ (၁၃) မိနစ်၊ အရှေ့လောင်တီတွဒ် (၉၇) ဒီဂရီ (၆၆) မိနစ်ခန့် ဝင်းကရွာ၊ ကျောက်လုံးကြီးရွာ၊ တောင်ကြီးရွာတို့တည်နေရာအရပ်တွင် တည်ရှိ၏။

သာသနာနှစ် ၂၃၅ - ၃၆ တွင် ရှင်သောဏနှင့်ဥတ္တရမထေရ်တို့ သုဝဏ္ဏဘူမိသို့ သာသနာပြု ကြွရောက်ခဲ့၏။ ထိုစဉ်က သုဝဏ္ဏဘူမိဘုရင်မှာ အသောကဓမ္မရာဇာ (သီရိမာသောက) ဖြစ်၍ မိဖုရားကား သုဓမ္မာဒေဝီ ဖြစ်၏။

ကလျာဏီကျောက်စာအရ ထိုမင်း၏ နေပြည်တော်သည် ကေလာသတောင်စေတီ၏ အနောက်မြောက်ထောင့်တွင် တည်ရှိ၏။ ထိုမင်းနေပြည်သည် တောင်ထိပ်တစ်ဝက်၊ မြေညီတစ်ဝက်ဖြစ်သော ဂေါလမတ္တိကနဂရဖြစ်သည်ဟု ဆိုထား၏။ ရှင်သံဝရာဘိဝံ…၏ ဗုဒ္ဓနိုင်ငံတော်စာအုပ် တတိယ…တွင်လည်း ရှင်သောဏနှင့် ဥတ္တရထေ…တို့ ကြွရောက်သည့်နေရာသည် ဂေါ…မတ္တိကနဂရပင် ပြထား၏။

ဆရာကြီး ဒေါက်တာသန်းထွ…ကမူ သုဝဏ္ဏဝဏ္ဏဘူမိသည် ယခုလက်…သထုံမဟုတ်။ သထုံ၏ အနော…မြောက်ဘက် မိုင် (၃၀) ခန့်အကွာတွ…ကေလာသကျောက်တောင်စွန်း ရှိ…ထိုတောင်စွန်း၏ တောင်ပေါ်၊ တော…အောက်တစ်ဝိုက်သာလျှင် သုဝဏ္ဏဘ…မြို့ရာဟောင်းဖြစ်၏။ လတ္တီတွဒ်မြော…

**သုဝဏ္ဏဘူမိ ရှေးဟောင်းမြို့တော်ဟောင်းများ၏ ယခုလက်ရှိတည်နေရာများ**

| စဉ် | မြို့အမည် | တည်ထောင်သည့်မင်း | ယခုလက်ရှိနေရာ | တည်ထောင်သည့်ကာလ | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ | သုဘိန္နနဂရ | တိဿရာဇာ | ယခုသုဓမ္မကုန်း | ဘုရားမပွင့်မီနှစ်ပေါင်း (၅၀) | |
| ၂။ | သုဓမ္မဝတီ | တိဿဓမ္မသီဟရာဇာ (သူရိယစန္ဒာ) | ယခုသုဓမ္မာကုန်း | သက္ကရာဇ် ၁၁၀/၆၀၂. ၅၆၀ ဘီစီ | |
| ၃။ | သုဓမ္မပူရ | ဥပဒေဝရာဇသံဝေ | ယခုသထုံမြို့ | သက္ကရာဇ် ၁၉၁ မှာပျက် | သုဓမ္မဝတီမြို့ဟောင်း တောင်ဘက်ကပ်လျ… |
| ၄။ | ရမ္မာဝတီ | ဥဒိန္နရာဇသံဝေ | ယခုလဝမြို့ | | သုဓမ္မပူရ၏ အရှေ့ဘ… ရှိတောင် |
| ၅။ | သုဝဏ္ဏဘူမိ သုဓမ္မဝတီ | သီရိမာသောကမင်း | ဂေတ္တပလုတောင်၏ မြောက်ဘက် | | |
| ၆။ | မရိဿဘူမိ သုဓမ္မဝတီ | ရာဇာစောနီ | ဆိတ်ကျွန်း၊ ကောသံကျွန်း၊ ကတိုက် | | သုဓမ္မဝတီ၏ အနော… ဘက်တာ ၄၀၀ အ… |
| ၇။ | ဟရိဿဘူမိ သုဓမ္မဝတီ | ရာဇာစောဝေ | ဘီလင်းမြစ်အနီး (ဝါ)ဆောင်ခဲတောင် အနီး ရွှေလောင်းအင်း (ဝါ) ရွှေလှေ | သက္ကရာဇ် ၁၉၆ | ဒနုန်းချောင်း၊ တောင်… ရွာ၊ ကျောက်လုံးကြီး… ဝင်းကရွာ |
| ၈။ | ဒုံးဒိုးခလွန်း(ချင်ဒ်ခလောန်) (ပထမ)တိုက်ကုလား) | သီပေါ်မင်း၏ဘိုးဘေး | အရက်သယ်မရွာ | | |
| ၉။ | ဂေါဠမတ္တိကနာဂရ (ဒုတိယတိုက်ကုလား) | ရာဇာစောဝေ | ဝင်းကရွာ၊ ကျောက်လုံးကြီးရွာ၊ တောင်ကြီးရွာနေရာများ | ၃၃၅-၃၃၆ ဘီစီ | |
| ၁၀။ | သုဓမ္မပူရ (သထုံ) | ယဂန္ဓာမင်း | လက်ရှိသထုံ | | ဥပဒေဝမင်းတည်ထောင်ခဲ့သော သုဓ… ပူရမြို့ဟောင်းနေရာ |



www.burmeseclassic.com

www.burmeseclassic.com

(၁၇) အံသာ၊ (၁၃) လိတ္တာနှင့် လောင်[illegible]တွဒ် အရှေ့ (၉၇) အံသာ၊ (၆) လိတ္တာ [illegible]ရှိသည်ဆို၏။ မည်သို့ပင်ဖြစ်စေ ရှင်[illegible]ဏနှင့် ဥတ္တရထေရ်တို့ ကြွရောက် [illegible]သနာပြုခဲ့သည့် သုဝဏ္ဏဘူမိသည် [illegible]ယတိုက်ကုလား ဖြစ်သည်ဟု [illegible]က်ချက်ချနိုင်၏။

ဒုတိယ တိုက်ကုလား (ဒုတိယ [illegible]ဘူမိ-သုဓမ္မဝတီ) မင်းဆယ်ဆက် [illegible]သက် (၂၄၁)၊ သာသနာနှစ် (၄၅၀) [illegible]ရောက်သော် ကေလာသတောင်ခြေ [illegible]တ်ကိုက်စားသဖြင့် မြို့ပျက်၏။ သည့် [illegible]င့် ဥရုနာဂဘဝရာဇာ၏ သား[illegible] ယုဂန္ဓာကုမ္ဘမင်းလက်ထက် ပထမ [illegible]ဘူမိ - သုဓမ္မဝတီသို့ ပြန်လည် [illegible]င်းရွှေ့သွား၏။ ထိုသို့ ပြောင်းရွှေ့ [illegible]တွင် တိဿဓမ္မသီဟရာဇာ (မဟာ [illegible]မာသောက) တည်ထောင်ခဲ့သော [illegible]ဘူမိ-သုဓမ္မတီမြို့ဟောင်း (သမီး [illegible]တောင်ကုန်းမဟုတ်)၊ ထိုမြို့ပျက်ပြီး [illegible] ဥပဒေဝမင်းတည်ထောင်ခဲ့သော [illegible]ဘူမိ - သုဓမ္မဝတီမြို့ဟောင်း ([illegible]လက်ရှိ သထုံ) သို့ ပြောင်းရခဲ့၏။ [illegible]မင်းမှ မင်းဆက်ပေါင်း (၃၀) စိုးစံ [illegible]က် မနူဟာမင်းလက်ထက် အေဒီ [illegible] တွင် သထုံမြို့ ပျက်စီး၏။

ပထဝီဝင်သဘောအရ သထုံမြို့ [illegible]င်းသည် (၁၆) ဒီဂရီ (၅၀) မိနစ် [illegible]တ် (၉၇) ဒီဂရီ (၂၂) မိနစ် အရှေ့ [illegible] သထုံနေရာတွင် တည်ရှိ၏။ [illegible]အားဖြင့် သထုံမြို့ဟောင်းသည် [illegible] သထုံမြို့အောက်တွင် နစ်မြုပ် [illegible] အရှေ့ဘက်တွင် မြသပိတ် [illegible]တန်း၊ အနောက်ဘက်တွင် မုတ္တမ [illegible]ယ်ကွေ့ ကမ်းရိုးတန်းလွင်ပြင်၊ [illegible]ဘက်တွင် ဒေးဗရိန်းလွင်ပြင်မှ [illegible]ဘက်တွင် မြေနီကုန်းခေါ် ဂဝံ [illegible]တို့ တည်ရှိ၏။ မြို့အလယ်တွင် [illegible]တစ်ခုရှိ၏။

[illegible]၏အလယ်ဗဟိုတွင် နန်းတော် [illegible]၊ နန်းတော်ကုန်းသည် အရှေ့ [illegible] အလျားပေ (၁၁၅၀)၊ တောင် [illegible] အနံ့ပေ (၁၀၈၀) ရှိ လေး [illegible]ပုံနန်းမြို့တစ်ခု ဝန်းရံထား၏။ [illegible]အပြင်ဘက်တွင် ကျုံးတစ်ခု [illegible]တည်ရှိ၏။ ယခုအခါ အရှေ့ [illegible]ရာသာ ထင်ထင်ရှားရှားတွေ့ [illegible]တော်ရာကုန်းသည် ဧက (၃၀) [illegible]ဝန်း၏။

[illegible]ဝဏ္ဏဘူမိ၏ မြို့တော်များ [illegible]ခဲ့သည့် ယခုလက်ရှိနေရာများကို ဇယားကွက်ချ၍ ဖော်ပြနိုင်၏။

အေဒီ ၁၆၅ တွင် ဂရိပထဝီပညာရှင်တော်လမီက ပထဝီဝင်ကျမ်းတစ်ကျမ်း ပြုစုခဲ့၏။ ထိုကျမ်းတွင် ရှေးမွန်ဆိပ်ကမ်းမြို့တစ်မြို့ကို ဗေသိဂ် (Bessynya) ဟု အသံလှယ်ခဲ့၏။ အိန္ဒိယတောင်ပိုင်း ပင်လယ်ခရီးသွားများကမူ ဝေသုင်္ဂ (Vesunga) ဟု ခေါ်၏။ အေဒီ ၁ ရာစုမှ ၈ ရာစု ကာလအတွင်း ထိုဆိပ်ကမ်းမြို့ကို ဝေသိဂ်ဟု ခေါ်ဝေါ်ခဲ့၏။ ဝေ(Ve)နှင့် ဗေ(Be)သည် မွန်ဘာသာ လဗီရန်နှင့် ဗီ (Lbir မှ bi) ကို အသံလှယ်ထားခြင်းဖြစ်၍ သုဂ် (Surga) နှင့် သိဂ် (Synya) သည် မွန် စကား 'စိင်' Cin ကို အသံလှယ်ထားခြင်း ဖြစ်၏။ ဆင်ပင်လယ်ဟု အဓိပ္ပာယ်ရ၏။ တစ်နည်းအားဖြင့် ဗေသုဂ်၊ ဗေသိဂ်တို့သည် မွန်ဘာသာ လဗိန်စိင်ကို အသံလှယ်ခေါ်ဝေါ်ထားခြင်း ဖြစ်၏။

အေဒီ (၃) ရာစု တရုတ်မှတ်တမ်းတွင် ယင်းမွန်ဆိပ်ကမ်းမြို့ကို မီချိန် (michen) ဟု ခေါ်၏။ ပါရှတို့က mu-cha ဟု ခေါ်ဝေါ်ခဲ့၏။ ဖော်ပြပါ ဗေသိဂ်၊ ဗေသုဂ်နှင့် မိချဲန်ကား အခြားမဟုတ်။ ကျိုက်ထိုမြို့ အနောက်ဘက် (၅) မိုင်အကွာ ဝင်းကနှင့် အရက်သယ်မရွာ နှစ်ရွာကြားရှိ တိုက်ကုလားမြို့ဟောင်း ပင်ဖြစ်၏။

တိုက်ကုလား မြို့ဟောင်းသည် သာသနာဝင် ၂၃၅-၃၆ ခန့် ရှင်သောဏနှင့် ဥတ္တရတို့ ကြွရောက်သာသနာပြုခဲ့သည့်နေရာလည်း ဖြစ်၏။

သည့်ကြောင့် တိုက်ကုလားသည် တော်လမီ၏ပထဝီဝင်ကျမ်းအရ လည်းကောင်း၊ တရုတ်မှတ်တမ်း၊ ပါရှမှတ်တမ်းအရ လည်းကောင်း၊ မွန်-မြန်မာသမိုင်းနှင့် သာသနာဝင်ကျမ်းများအရလည်းကောင်း၊ အခြားမြို့နေရာများထက်ပို၍ ခိုင်မာသယောင်ရှိသည်ဟု ယူဆရ၏။

နိုင်ခင်မောင်လေး

**ကျမ်းကိုးစာရင်း -**


၁။ ရှင်သံဝရာဘိဝံသ၊ ဗုဒ္ဓနိုင်ငံတော် (ဒုတိယအတွဲ)။
၂။ ရှင်သံဝရာဘိဝံသ၊ ဗုဒ္ဓနိုင်ငံတော် (တတိယအတွဲ)။
၃။ အမတ်ကြီး မဟာဓမ္မသင်္ကြန်၊ သာသနာလင်္ကာရစာတမ်း (ဒုတိယအကြိမ်) သာသနာရေးဦးစီးဌာန၊ ရန်ကုန်၊ ၂၀၀၈။
၄။ ဦးပညာ၊ သထုံရာဇဝင်ပေါင်းချုပ်ကျမ်းကြီး၊ သုဝဏ္ဏဝတီပုံနှိပ်တိုက်၊ သထုံမြို့။
၅။ ဦးပညာ၊ သထုံရာဇဝင်နှင့် ပြဟ္မဇလသုတ်၊ သုဝဏ္ဏဝတီပုံနှိပ်တိုက်၊ သထုံမြို့။
၆။ မြန်မာရှေးဟောင်းမြို့တော်များ၊ သမိုင်းသုတေသနဦးစီးဌာန၊ ရန်ကုန်၊ ၂၀၀၇။
၇။ နိုင်ခင်မောင်လေး၊ တိမ်မြုပ်ပျောက်ကွယ်နေသည့် မွန်တို့၏ မြို့ပြနိုင်ငံများ၊ ကမ္ဘာလုံးစာပေ၊ ရန်ကုန်၊ ၁၉၉၉။
၈။ စစ်ကဲဦးရွှေနော်၊ မွန်ရာဇဝင်နှင့် စေတီတော်သမိုင်းပေါင်းချုပ်။
၉။ သာသနာလင်္ကာရစာတမ်း၊ ဟံသာဝတီပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၅၆။
၁၀။ ရာရာဖွေဖွေမြန်မာ့သမိုင်း၊ အတွဲ (၂)၊ ဦးကြည်ဝင်း၊ ရန်ကုန်၊ ၁၉၉၉။
၁၁။ မဲထီးဆရာတော်၊ ဝံသဒီပနီ၊ ဟံသာဝတီပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၆၆။
၁၂။ ဦးအာလောက၊ သာသနာဝင်ကျမ်း၊ ဟံသာဝတီသတင်းစာပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၂၆။
၁၃။ အခြေပြ မြန်မာ့နိုင်ငံရေးသမိုင်း (ပထမတွဲ)၊ လမ်းစဉ်ပါတီဌာနချုပ်၊ ရန်ကုန်၊ ၁၉၇၀။
၁၄။ ဒေါက်တာသန်းထွန်း၊ မြန်မာ့သမိုင်းပုံ၊ မုံရွေးစာအုပ်တိုက်၊ ရန်ကုန်။
၁၅။ ဒေါက်တာသန်းထွန်း၊ ခေတ်ဟောင်း မြန်မာရာဇဝင်။
၁၆။ ဦးရည်စိန်၊ လင်ယန် ဟူသော အသံလှယ်အမည်ကို လေ့လာရာမှ တွေ့ရှိရသော မြန်မာ့သမိုင်းဖြစ်စဉ်တစ်ရပ် (လက်ရေးမူ)။

**အင်္ဂလိပ်စာအုပ်**

1. *U Mya, Exploration in Burma*
2. *Aung Thaw, Historical Site in Burma*
3. *Dr. Nai Pan Hla, Arhaelogical Aspect of Pyu Mon Myanmar Thin Sapay, Yangon.*
4. *Traditions of Knowledge in Southeast Asia Part II, Ministery of Education Yangon.*
5. *Bimala Churn Law, The History of Buddha's Religion, Luzac & Co.lt, London, 1952.*




www.burmeseclassic.com

www.burmeseclassic.com

ဝမ်းရေးအတွက်

မသေခင်ကြိုတင်ခြောက်သ

သည် အများအားဖြင့် ပျော်ရွှင်ရယ်
လိုစိတ်ကိုဖန်တီးရန် အပျင်းပြေခြော
ကြခြင်းသာ ကျွန်ုပ်တို့ တွေ့ရတ
သည်။

ကျွန်ုပ်သည်ကား သရဲ
စသည်တို့ကို ကြောက်တတ်သော





www.burmeseclassic.com

www.burmeseclassic.com

ကျိုးသူမဟုတ်ရကား သည်လမ်းသည် ကျွင် မည်မျှသရဲခြောက်သည်ဆိုပါ ရှမ်းစိုက်ဘဲသွားလာတတ်လေ၏။


ထိုသို့သွားလာတတ်သဖြင့်လည်း ညီးမှခြောက်သူ၊ မသေခင်ကြိုတင် ခြောက်တတ်သူတို့ကို တွေ့ကြုံရခြင်းဖြစ် ပါသည်။

မှတ်တားခေါ် ကျွန်ုပ်မောင်သီဟ ညည် ထူးထူးဆန်းဆန်း ဝမ်းရေးအတွက် သေခင် ကြိုတင် ခြောက်လှန့်သူကို

ကြံ့ကြိတ်ခြင်း ဟူသည်မှာ ကြံ့တို့ ကိုကြိတ်၍ (၂၄) နာရီမနားတမ်း ကြံ့ သကာချက်ရသည့်လုပ်ငန်းဖြစ်၏။ ထိုသို့ ကြံ့ကြိတ်ဖိုကြီးတစ်ခုတည်သော် သူ့ အဆိုင်းနှင့်သူ မနားတမ်းလည်ပတ်နေရ လေ၏။ ထို့ကြောင့် ကျွမ်းကျင်လုပ်သား တို့ လိုအပ်လှပါသည်။

ဖိုကြီးတာဝန်ခံ၊ ဖိုလေးတာဝန် ဟူ၍ တာဝန်အသီးသီးယူ၍ချက်ကြရ ပါသည်။ သကာရည်သည် ညောင်စေး ကဲ့သို့ ပျစ်ခဲ့တွဲလာပါက ကြံ့သကာလုပ် ရန် ဖိုလေးထံ လွှဲထည့်ရပါသည်။

ထိုအခါ ဖိုလေးတာဝန်ခံသည် မီး နွေးနွေးဖြင့် သကြားပေါက်အောင် တဖုံ ဖုံဖြင့် ဖုံခတ်ရပါသည်။ ဖုံအကြိမ်ကြိမ် ခတ်၍ သကာကျပါမှ ဖျာပေါ် လောင်း ပြီး အအေးခံရ၏။ ခဲသွားလျှင် ထွန်ခြစ် ဖြင့် မျှဉ်းခြစ်၍ ကြံ့သကာချပ်ပုံဖော်ကာ ဖျာကိုစောင်း၍ ဆွဲလိုက်သည်နှင့် သေတ္တာထဲထည့်ရန် ကြံ့သကာ အသင့် ဖြစ်တော့၏။





ချည်မိုး(ပိုးကုတ်)

သေခင်ကြိုတင်ခြောက်သူများ (၇)

ညြဖွယ် တွေ့ခဲ့ရဖူးလေ၏။ အဖြစ် အပျက်မှာ စိတ်ဝင်စားဖွယ်လည်းဖြစ် သဖြင့် ပြန်လည် တင်ပြလိုက်ခြင်း ဖြစ်ပါ သည်။

## ရလည်အံ့ဖွယ်ရာပေးခြင်း

ကြံ့တောင်သူများကောင်းစားစဉ် ခေတ်ဟု ဆိုရမည်ဖြစ်သော မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တွင် ဖြစ် ပါသည်။ ကျွန်ုပ်၏ဖခင် ဦးစံလှနှင့် ဦးစံ လှ၏ညီ ဦးစံမြတို့သည် ပြန်ကပြေးရွာ ၏ တောင်တည့်တည့်တွင်ရှိသော ဒေါ် ခင်နီးတင်ဥယျာဉ်၏ တောင်ဘက်၌ ကြံ့ ကြိတ်ဖိုကြီးတည်ကာ ကိုယ်ပိုင်ကြံ့များ ကြိတ်ခြင်း၊ အခြားကြံ့များ အငှားကြိတ် ပေးခြင်းကို လုပ်ကိုင်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ လည်ပတ်နေရန် ကြံရိုးထိုးသူ၊ စက်ကိုင်သူ၊ ဖိုသို့ကြံရည်ခပ်ထည့်သူ၊ မီးထိုးသူ၊ ဖိုကြီးတာဝန်ခံ၊ ဖိုလေးတာဝန်ခံ၊ ကြံဖတ်သယ်သူ စသည်ဖြင့် လုပ်သားပေါင်း (၂၀) မျှ လူမ်ရှားလုပ်ကိုင်ပါမှ လုပ်ငန်းလည်ပတ်၍ရသည်။

ရှေးအခါက နွားဖြင့်ကြိတ်ကြသဖြင့် မတွင်ကျယ်ခဲ့ပါ။ တိုးတက်လာသောခေတ်တွင် စက်ဖြင့်ကြိတ်ရာ လွန်စွာခရီးရောက်လျက် လုပ်ငန်းတွင်ကျယ်ကာ အဆင်ပြေလှပေ၏။

ယနေ့သော်မူ အုတ်ကန်မှ အင်ဂျင်သို့ပို့သော ရေလည်အုံပျက်သွားသဖြင့် လုပ်ငန်းခွင်ရပ်ဆိုင်းထားရလေ၏။

**ဖြတ်လမ်းကမသွားနဲ့**

တည်ထောင်ထားသော စက်မှာ အင်္ဂလန်နိုင်ငံလုပ် ဆလားဗီးယားနှစ်လုံးထိုးအင်ဂျင်ဖြစ်သည်။ ယခုခေတ်ကဲ့သို့ တစ်လုံးထိုး တရုတ်အင်ဂျင်စက်များ မပေါ်သေးပါ။

ထိုအင်ဂျင်သည် ဆွဲအားကောင်းလှရာ တစ်နေ့လျှင် ကြံကန် (၅၀) မျှ ပုံမှန်ကြိတ်ပေးနိုင်ခဲ့လေ၏။ ရေလည်အုံပျက်သွားခဲ့သဖြင့် အင်ဂျင်ဆီရေမပို့နိုင်တော့ဘဲ ထိုရေလည်အုံကို ပြင်ဆင်ကြရသည်မှာ ည(၉)နာရီသို့ တိုင်ခဲ့ပါသည်။

ထိုအချိန်တွင် ကျွန်ုပ်ဇနီး မမြမြ ကား သားသမီး (၂) ဦး ပွားစီးပြီးချိန်ဖြစ်ပါသည်။ ပုံမှန်အားဖြင့် အဖေဦးစံလှနှင့် ဘထွေး ဦးစံမြတို့သည် ကြိတ်ဖိုထဲတွင် အမြဲနေကာ အလှည့်ကျ ကြီးကြပ်တာဝန်ကိုယူနေကြသဖြင့် ကျွန်ုပ်သည် နေ့စဉ် နံနက်စာ၊ နေ့လယ်စာ၊ ညစာတို့အား အဖေ့အိမ်မှလည်းကောင်း ဘထွေးအိမ်မှလည်းကောင်း ချိုင့်ဖြင့်ယူပေးနေကျ ဖြစ်၏။

ယခုလည်း ရေလည်အုံပြင်လိုက်စမ်းလိုက်ဖြင့် စိတ်ချရသောအခြေသို့အရောက်ဝယ် ည (၉) နာရီပင်ထိုးခဲ့ပြီဖြစ်၏။ ထိုအခါ ညစာယူရန် ပြင်ဆင်ရပါတော့သည်။ ထမင်းဟင်းထည့်ရန် သံချိုင့် (၂) လုံးကို ဆွဲ၏။ ပြီးလျှင် လွယ်အိတ်ကို စလွယ်သိုင်းလိုက်၏။ ပြီးမှ (၂) ခဲထိုး ဓာတ်မီးနီကြင်ကြင်ကိုထိုးကာ ထွက်ရန်ပြင်လိုက်၏။

ထိုအခါ သရဲကြောက်တတ်သော ဘထွေးဦးစံမြက -

"မွက်တား မိုးချုပ်နေပြီနော်။ အချိန်မတော်ကြီးမှာ မှန်ကျောင်းလမ်းကမသွားနဲ့၊ လမ်းမကြီးအတိုင်း ရွာဦးလမ်းက ပတ်သွားတာ အန္တရာယ်ကင်းတယ်။ မှန်ကျောင်းလမ်းက ဖြတ်လမ်းပေမယ့် အန္တရာယ်မကင်းဘူးကွ"

"အိုဗျာ၊ ဘထွေးလေးကလည်း။ ရွာဦးလမ်းအတိုင်းဆို အဝေးကြီးပတ်နေရမှာ ဖြတ်လမ်းကပဲသွားမယ်"

ရွာဦးလမ်းမကြီးအတိုင်း ပတ်သော် ဂငယ်ကွေ့ကွေ့၍သွားရမည်ဖြစ်ပြီး မှန်ကျောင်းလမ်းမှာ မျဉ်းဖြောင့်ဖြစ်သည်။ သို့သော် မျဉ်းဖြောင့်လမ်းမှာ မှန်ကျောင်းသင်္ချိုင်းမှ သရဲထွက်ထွက်လုံးသဖြင့် လမ်းမှာကန်းလျက်ရှိပြီး လူသွားလမ်းပင်လျှင် ဖုံဖုံမရှိတော့ပါ။

ထိုမှန်ကျောင်းလမ်းသည် ရှေးအခါက ရွာတောင်ဘက်လယ်တောများသို့ ထွက်ရာလမ်း ဖြစ်သည်။ ယခုသော်မူ မှန်ကျောင်းသင်္ချိုင်းမှ သရဲထွက်အလုံးခံရသူ (၃) ဦးရှိသွားပြီဖြစ်ရာ ထိုလမ်းအား ညမဆိုထားဘိ နေ့ပင်သွားလာသူ မရှိအောင်ဖြစ်ခဲ့ရလေ၏။

သရဲအလုံးခံရသူတို့မှာ လိပ်ပြာလွင့်စဉ်လျက် ထိုလမ်းကြားအား စေ့စေ့ပင်မကြည့်ရဲအောင် ကြောက်လန့်ကုန်ကြလေ၏။ နာမည်အရမ်းကြီးသွားကာ လူအသွားအလာလွန်စွာနည်းသွားလေ၏။ ကျွန်ုပ်ကဲ့သို့ မိုက်မိုက်ကန်းကန်း မကြောက်တတ်သူတို့ အနည်းအကျဉ်းသာသွားလာကြပါသည်။

ဘထွေးဦးစံမြက ကျွန်ုပ်အား ထပ်မံတားပြန်ပါသည်။

"ငါကအန္တရာယ်ဖြစ်မှာစိုးလို့တားတာကွ မွတ်တားရ"

ထိုအခါ အဖေက ဝင်ပြီးပြောသည်။

"သူ့ဆန္ဒရှိရင်သွားပါစေကွာ။ ဒီကောင်က ကြောက်မှမကြောက်တတ်တာ"

"အေးလေ၊ ဒါဆိုလည်း ပြီးတာပါပဲ။ ဟေ့ကောင်၊ လက်ဖက်ခြောက်ကုန်နေတယ်နော်။ ပြီးတော့ ငါ့အတွက် ခြူးဆေးလိပ်လည်းယူခဲ့ဦး၊ မမေ့နဲ့ ကြားလား"

"ဟုတ်ကဲ့ ဘထွေး"

ဟု ပြောကာ ကျွန်ုပ် ရွာဘက်သို့ ခြေဦးလှည့်လိုက်လေ၏။

**ခလုတ်မထိဆူးမငြိ**

သည်လမ်းသည်ခရီးသည်သင်္ချိုင်းဟူသည်မှာ ကျွန်ုပ်အတွက် အဆန်းမဟုတ်ချေ။ မည်သူတွေသွားသွားမသွားသွား ကျွန်ုပ်ကား သွားမြဲသွားလေ၏။

အားကုန်စပြုနေပြီဖြစ်သော (၂) ခဲထိုး ဓာတ်မီးလေးမှုန်ဝါးဝါးဖြင့် ကြိတ်ဖိုမှသည် ဒေါ်သိန်းတင်ဥယျာဉ်ကို ကျော်ဖြတ်ကာ တောင်ညိုသွားလမ်းမကြီးဆီရောက်ခဲ့၏။

ကျွန်ုပ်တို့ ငယ်စဉ်က ဤလမ်းမရှိသေးပါ။ တောင်ညိုသွားကားလမ်းသည် ရွာလယ်မှဖြတ်၏။ နောက်ပိုင်း ငလိုက်ချောင်းသည် မြန်ကပြေးလေးနှင့် ညောင်ပင်ဝိုင်းတို့ကို ရေတိုက်စားပစ်ရာ တောင်ညိုသွားကားလမ်းပါ ရေတိုက်စားရာသို့ ပါသွားခဲ့၏။ ထို့ကြောင့် နိုင်ငံတော်မှ မြန်ကပြေးရွာဦးမှ ကွင်းပတ်ကာ သာယာကုန်းရွာသို့ လမ်းပြန်ဖောက်ရပါသည်။ ထို့ကြောင့် လမ်းမကြီးမှာ ရွာ၏ တောင်ဘက်သို့ ရောက်သွားခဲ့ခြင်း ဖြစ်၏။

လမ်းမကြီးမှသည် လှည်းလမ်းအတိုင်း ပြန်ကပြေးသို့လာခဲ့ပါသည်။ လူသူလှည်းသွားလာခြင်းမရှိဘဲ လမ်းကန်းနေပေရာ လမ်းသည် ချုံပင်မြက်ပင်တို့ အတိပြီးလျက်ရှိပြီး ခြေလမ်းလေးမျှသာ ရှိနေပါသည်။

ယခင်နေ့များဆိုလျှင် မှောင်ရီမပျိုးမီ ထမင်းချိုင့်ယူ၍ ကြိတ်ဖိုသို့ သွားရောက်မြဲဖြစ်သော်လည်း ဤနေ့တွင်မူ ရေလည်အုံဒုက္ခပေးသဖြင့် အချိန်မတော်မှ ထမင်းချိုင့်ပြန်ယူရခြင်း ဖြစ်လေ၏။

လမိုက်ညဖြစ်ပေရာ ဓာတ်မီးရောင်သာ အလင်းဟူ၍ရှိလေ၏။ သင်္ချိုင်းနားရောက်သော် သရဲများ နပမ်းထွက်လုံးလေမလားဟူသော အသိဖြင့် သတိကြီးစွာထားရ၏။

မထား၍မရပါ။ တင်အောင်ငတိုး၊ ချက်ဖောင်း ဟူသော အမူးသမားလူမိုက်တို့သည် ဤသင်္ချိုင်းမှ သရဲထွက်၍လုံးသဖြင့် သေမလောက်ကြောက်ကုန်ကြလေ၏။

တစ်ခါမှနှစ်ခါ၊ နှစ်ခါမှသုံးခါ သရဲထွက်လုံးခြင်းခံရသောအခါ တစ်ရွာလုံးဟိုးဟိုးကျော်လျက် သည်လမ်းအား အနိဋ္ဌာရုံလမ်းအဖြစ် စွန့်ပယ်ကြကာ သွားရဲသူမရှိကြတော့ပေ။

သင်္ချိုင်းလွန်သော် ဘုရားတိုက်ကြီးရောက်၏။ ထိုမှလွန်သော် လမ်းမကြီး၏ ဟိုမှာဘက်တွင် ကျွန်ုပ်တို့အိမ်ဖြစ်လေ၏။ ဤခရီးတွင် ခလုတ်မထိဆူးမငြိခဲ့ပေ။ ချွတ်ချွတ်သံမျှပင် မကြားခဲ့ရပေ။

ကျွန်ုပ်၏မျက်နှာမြင်သော် အမေ



www.burmeseclassic.com

www.burmeseclassic.com

မြဝေ၏ စွာလောင်လောင်အသံကို ကြားရ၏။

"ဟဲ့-မွတ်တား၊ ငါ့မှာဖြင့် မျှော် ရတာ။ နင်တို့ဘာတွေများဖြစ်ကုန် လို့။ ထမင်းမေ့ဟင်းမေ့နဲ့ နင်တို့က ဘာတွေအလုပ်များနေကြတာတုံး။ နာရီ ကြည့်စမ်း။ ဘယ်အချိန်ရှိနေပြီလဲ"

"အိုဗျာ - အမေကလည်း စက်ရဲ့ လည်အုံပျက်လို့ ဝိုင်းပြင်နေရင်း မိုး သွားတာဗျ"

"အေးလေ၊ နင်တို့မဆာရင်ပြီး ရော"

ဆိုသည်နှင့် စကားဆက်များနေ ၍ ဘထွေးဦးစံမြ၏ချိုင့်ကိုယူကာ ဘက်ဝိုင်းသို့ လာခဲ့လေ၏။ ညီမ မတင်ဥကို အသင့်တွေ့ရ၏။ အစ်ကို (၂) ယောက်က ညီအစ်မ (၂) ကို ယူထားခြင်းဖြစ်ပြီး မောင်နှမ ခမ်းကွဲတော်စပ်ကြ၏။ ထမင်းချိုင့် အဒေါ်လက်ထဲထည့်ကာ ဆေးလိပ် ပေးရန်လည်း ပြောရ၏။ ဦးစံမြ ခြူးဆေးလိပ်မှတစ်ပါး အခြား လိပ်မသောက်ပေ။

### ကြိုက်တဲ့ဟင်း

"ဟဲ့-မွတ်တား၊ နင့်ဘထွေးအိမ်က ဟင်းတုံး"

"အမဲအူချက်တဲ့ အမေ"

"အောင်မလေး ဖြစ်မှဖြစ်ရလေ ၊ ငါက အမဲသားဟင်းဟဲ့။ ညကြီး ကြီးကျမှ မကောင်းဆိုးဝါးကြိုက်တဲ့ တွေချည်းဖြစ်နေပါလားဟယ်။ ဒါ နင်ဘယ်လမ်းကသွားမှာတုံး"

"ဩော် - အမေကလည်း၊ မှန် လမ်းကသွားမှာပေ့ါဗျ"

"ဟယ်-နင့်ဟာဖြစ်မှဖြစ်ပါ့မလား ၊ တစ်လောလေးကမှ ချက်ဖောင်း မှန်ကျောင်းသချိုင်းက သရဲထွက်ပြီး ခံထားရတာ ရွာအရှေ့လမ်းကနေ သွားပါလားဟဲ့"

"လုံးလုံးဗျာ၊ ကျွန်တော်ကတော့ မှာပဲ။ အဲဒီကသွားရင် ဒီခရီးနှစ်ဆ ၊ သရဲလုံးတော့လည်း ပြန်လုံးရုံ အမေရာ အဆန်းမှတ်လို့။ မွတ် ဒါ အမေရ၊ သရဲမကြောက်တတ် ၊ အဖေသွေးပါတဲ့အဖေ့သားပါဗျ။ ဟဲဟဲ"

ဟု ရယ်သွမ်းသွေးကာ လက်ဖက် ၊ ဆေးလိပ်၊ ပဲကြီးလှော်စသော မိုလီလွယ်အိတ်အား စလွယ်သိုင်း လိုက်၏။ ပြီးမှ သံထမင်းချိုင့်ကြီး (၂) ခုအား ဘယ်၊ ညာဆွဲလိုက်ပြီး ညာ ဘက်လက်တွင် လက်နှိပ်ဓာတ်မီးမှိန်မှိန် ကို ခလုတ်တင်ကာ လမ်းမကြီးကိုဖြတ် ၍ မှန်ကျောင်းလမ်းသို့ ဝင်ခဲ့လေတော့ ၏။ ညကား မည်းမှောင်တိတ်ဆိတ်ငြိမ် သက်နေလေ၏။

### သရဲလုံးပြီ

သရဲနာမည်ကြီးနေချိန်ဖြစ်ရာ ထို သရဲသည် ကျွန်ုပ်ကို စောင့်ကြိုနေမည် လောဟု တွေးမိ၏။ ထို့ကြောင့် မျက်စိ ကိုလျှင်လျှင်ထားကာ ရုပ်ပွားတော်ကြီး စံပယ်ရာ ဘုရားကျောင်းတိုက်ကြီးကို ဖြတ်လိုက်၏။

ထိုမှ တောင်ဘက်တွင် မြေပေါက် စေတီရှိ၏။ ထိုစေတီ၏ တောင်ဘက် တွင် ကျွန်ုပ်တို့ဘိုးဘေးများ လဲလျောင်း ရာ ဆွေတော်မျိုးတော်တို့၏ မှန်ကျောင်း သချိုင်း ဖြစ်သည်။

အစဉ်အလာအားဖြင့် ကလေး ဘဝမှသည် ထိုသချိုင်းနှင့်ယဉ်ပါးခဲ့သော ကျွန်ုပ်သည် ကြောက်ရမှန်း၊ ကြောက်စ ရာကောင်းမှန်းမသိခဲ့ပါ။ ဘယ်သို့သော ပုဂ္ဂိုလ်သေ၍ ထိုဆွေတော်မျိုးတော် သချိုင်းတွင် သရဲလာဖြစ်နေပါသနည်း။ ကျွန်ုပ်တို့၏ဆွေတော်မျိုးတော်တို့တွင် နောက်ဆုံး လဝန်းခင်အထိ မြှုပ်နှံထား သော်လည်း ဘယ်သောအခါမှ ခြောက် သည်ဟူ၍ မကြားခဲ့ရပေ။ အဘယ် သကောင့်သားသေ၍လာခြောက်နေပါ သနည်း။

ကျွန်ုပ်၏မျက်စိသည် ထိုမုခ်ဝသို့ ရောက်သွား၏။ စိတ်ထဲတွင် ထင့်ခနဲဖြစ် သွား၏။ ကြောက်စိတ်ကားမဟုတ်။ ထို အုန်ဆင့်လေးပေါ်တွင် ဆောင့်ကြောင့် ထိုင်နေ၍ ကျွန်ုပ်ကို ကြည့်နေသော မည်းမည်းအရာကို မြင်ရလေ၏။ ကျွန်ုပ် ၏အထင်သည် ပုဆိုးခါးတောင်းကျိုက် လျက် ထက်၊ အောက်ဗလာဖြစ်သည်။ ဓာတ်မီးအားမကောင်း၍ ပီပီပြင်ပြင်မ မြင်ရချေ။



ကျွန်ုပ် တွေခနဲဖြစ်ခိုက်မှာပင် ထို မည်းမည်းအရာသည် ဖတ်ခနဲခုန်ချကာ ကျွန်ုပ်ကို ဝင်လုံးတော့၏။ ထိုအခါ ထမင်းချိုင့်များနှင့် ဓာတ်မီးတို့ ပြုတ်ကျ ကုန်ကာ အမှောင်ထဲတွင် ထိုမည်းမည်း နှင့် ပြန်လုံးရတော့၏။

ကျွန်ုပ်လည်း လူကောင်အတော် တောင့်ပါသည်။ ထိုမည်းမည်းအရာကို မနည်းလုံးထွေးနေရ၏။ အလစ်ကို လက် သီးနှင့်ထိုးရာ သူ့မျက်နှာကို ကာကွယ် ထားပြီးသား ဖြစ်နေတတ်၏။ ထိုအရာ ကား နပန်းလုံးအတော်သန်ပြီး အားအ တော်ကောင်းသူဖြစ်ကြောင်း တွေ့ရ၏။

ထိတွေ့နေရသော အနေအထား မှာ သူလိုကိုယ်လို လူ့အသားသာဖြစ်၏။ သရဲဆိုသော် အမွေးအမှင်များနှင့် ကြမ်း တမ်း၍နေပေမည်။ ရနံ့အားဖြင့်လည်း ဘာမှမထူးခြားလှပေ။ ကျွန်ုပ်သည် လည်း အားသွန်ခွန်စိုက် ပြန်၍လုံးမှု ကြောင့် ကျွန်ုပ်တို့သည် လမ်းအတိုင်း တောင်ဘက်သို့ လိမ့်နေ၏။ သူ၏ချုပ် အား၊ သူ၏လုံးအားကို ကျွန်ုပ်မနိုင်တော့ ဘဲ နောက်ဆုံးမောဟိုက်ကာ အောက်ကို ရောက်ရတော့၏။ သူက ကျွန်တော့ရင် ဘတ်ပေါ် ခွထိုင်ထား၏။ ဒီအတိုင်းဆိုပါ က ကျွန်ုပ်ကံမကောင်းလျှင် သေသွားနိုင် ၏။

ထို့ကြောင့် နောက်ဆုံးလက်နက် အဖြစ် ကျွန်ုပ်ကိုချုပ်ထားသော ညာ လက်အား လျှပ်တစ်ပြက် အားကုန်ကုန်း ၍ ကိုက်လိုက်ရာ 'အား' ဟု အော်လျက် ကျွန်ုပ်ကိုယ်ပေါ်မှ ရုန်းထွက်၏။ ဤ သည်ကို အခွင့်ကောင်းယူ၍ ကျွန်ုပ်သည် ရုတ်တရက်ထကာ ထိုမည်းမည်းအရာ အား တွန်းလှဲပြီး ကြိတ်ဖိုရှိရာသို့ တစ် ဟုန်ထိုး ပြေးထွက်ခဲ့လေတော့၏။ ပုဆိုး လည်း ဘယ်မှာကျွတ်ကျန်သည် မသိ တော့ပြီ။

### အုပ်စုနှင့်လာကြည့်ပြီ

ကျွန်ုပ်သည် ပုဆိုးမပါတော့ဘဲ ဘောင်းဘီတိုဖြင့် ကြံကြိတ်ဖိုဝင်းထဲသို့ ပြေးဝင်လိုက်၏။ ထိုအချိန်သည် ကြံ ကြိတ်ရန် စီစဉ်နေချိန်ဖြစ်ရာ လူ (၁၀) ယောက်ခန့်ရှိ၏။ ကြိတ်ဖိုတွင် လက်ဆွဲ ဓာတ်မီးများချိတ်ဆွဲထားရာ လင်းထိန် ၍နေသဖြင့် ကျွန်ုပ်ကိုမြင်တွေ့ကြရ၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ ကျွန်ုပ်ဆီသို့ လူအုပ်ကြီးရောက်လာ၏။ အဖေက အလောတကြီး မေး၏။

"သား၊ သား ဘာဖြစ်လာတာလဲ"

ကျွန်ုပ်မှာ အမောဆို့နေ၍ ရုတ်တရက် ဘာမှမပြောနိုင်သေးဘဲ နောက်ကြောင်းကို လက်ညှိုးထိုးပြလိုက်၏။

ထိုအခါ ဘထွေးဦးစံမြက -

"ဟော့ကောင်တွေ၊ ရေတစ်ခွက် ခပ်ခဲ့ကွ။ ဒီကောင် လန့်လာတာ။ ရေတိုက်မှ ရမှာ"

ဟု ပြောရာ အလုပ်သမားတစ်ဦးက ရေခပ်လာပြီးတိုက်၏။ ရေဝင်သွားပြီးမှ အမောသက်သာကာ စကားပြောနိုင်လေ၏။ ဒါတောင် အမောကမပြေချင်သေးပေ။

"သားဘာဖြစ်လာတာလဲ ပြောလေ"

"မှန်ကျောင်းသချိုင်းက သရဲထွက်လုံးလို့ဗျ။ အဲဒါ ထမင်းချိုင့်တွေရော လွယ်အိတ်ပါ အဲဒီမှာကျကျန်ခဲ့တယ်"

"ဟုတ်လား။ ဒါဆို ကြိတ်ဖို့မှာ အစောင့် (၂) ယောက်ပဲနေခဲ့ကွ။ ငါတို့ အကုန်သွားမယ်။ လုံးရဲရင် ထွက်လုံးဦးပေါ့ကွာ။ ခွေးသရဲ ငါနဲ့တွေ့မယ်"

ဟု အဖေက ကြိမ်းဝါးကာ တဲထဲမှ ကြံခုတ်ဓားသွားယူလေ၏။ ကျန်လူများလည်း ဓားများ၊ လှံများ ယူလာကြပြီး ဓာတ်မီး (၂) လုံးဖြင့် ချီတက်ခဲ့ကြ၏။ ဘထွေးဦးစံမြနှင့် အလုပ်သမားတစ်ဦး နေခဲ့၏။

ထိုစဉ်က ကျွန်ုပ်ကျောင်းနေသူငယ်ချင်း အောင်မြတ်ထွန်းမှာ လှည်းခေါင်းဖြစ်ရာ အောင်မြတ်ထွန်းက ရှေ့ကဦးဆောင်၍သွားလေ၏။

ကျွန်ုပ်တို့အုပ်စုရောက်သွားသောအခါ သချိုင်းကား ပကတိတိတ်ဆိတ်လျက်ရှိနေပြီး သချိုင်းမုခ်ဝရှေ့တွင် ဖိတ်စဉ်နေသော ထမင်းဟင်းများနှင့် လွယ်အိတ်ကို တွေ့ရ၏။ ဆေးလိပ်များကား ကျိုးကြေ၍နေလေပြီ။ ဓာတ်မီးနှင့်ပုဆိုးကိုလည်း တွေ့ရ၏။

အားလုံးပင် သချိုင်းထဲသို့ မကျေမနပ်ဖြင့် ဆဲရေးတိုင်းထွာကာ ကြံကြိတ်ဖိုသို့ ပြန်ခဲ့ကြလေ၏။ မကျေနပ်ဆုံးမှာ ကျွန်ုပ်ဖြစ်သည်။ ထိုလုံးသူသည် ကျွန်ုပ်ထက် အလုံးအထည် အားခွန်ဗလသာနေ၍ဖြစ်၏။ သရဲအစစ်ဟုတ်ဟန်မတူ။

သူ ကျွန်ုပ်အား လည်ပင်းညှစ်၍ သတ်ခဲ့သော် ကျွန်ုပ်သူ့ခွန်သူ့အားကို မနိုင်သဖြင့် ကျွန်ုပ်သေသွားနိုင်လေ၏။ နောက်နေ့ မြန်မြန်ရောက်ပါစေ ဟူ၍ ကျွန်ုပ် မျှော်လင့်တောင့်တနေမိသည်။

ထိုသရဲခြောက်သောသချိုင်းအား ကလေးဘဝတုန်းကကဲ့သို့ ဝင်၍မွှေနှောက်ရပေဦးတော့မည်။

**ဒုစရိုက်၏သဲလွန်စ**

ကျွန်ုပ်အိပ်ရာထသော် ဘထွေးဦးစံမြက ကျွန်ုပ်ကိုပြော၏။

"မွတ်တား၊ အဲဒီမှန်ကျောင်းလမ်းကို မသွားပါနဲ့လို့ ငါကပြောသားနဲ့ကွာ။ မင်းက လူမိုက်လုပ်ပြီးသွားတာကိုးကွ။ မင်းထက်ပေတဲ့ကောင်တွေတောင် လိပ်ပြာလန့်ကြတဲ့ဟာ။ ခုတော့ တို့ညစာငတ်တာပေါ့ကွာ"

*"အေးဗျာ။ ဘထွေးတို့ ညစာငတ်*တာ ကျွန်တော်စိတ်မကောင်းပါဘူး။ ဒါပေမယ့် ကျွန်တော့်ကို ဒုက္ခပေးတဲ့ကောင်ကို ကျွန်တော်မကျေနပ်ဘူးဗျ။ ဒီကောင် သရဲမဟုတ်ဘူးဗျ။ လူနဲ့ လုံးရသလိုပဲ။ ကျွန်တော် ကုန်းကိုက်တော့ အော်တာလည်း လူလိုပဲ။ ဒီကောင် သရဲယောင်ဆောင်ပြီး ခြောက်တာလို့ ကျွန်တော်ထင်တယ်။ ကျွန်တော်သာ သူ့ထက်အားကောင်းရင် သူ့ကို ကျွန်တော်နိုင်မှာ။ ဒီကောင်က လူကောင်ထွားပြီး အားကောင်းတဲ့ကောင်ပဲ။ ကျွန်တော်သာ သူ့ထက်အားကောင်းရင် သူ့ကိုကျွန်တော်နိုင်မှာ။ ဒီကောင်က လူကောင်ထွားပြီး အားကောင်းတဲ့ကောင်ပဲ။ ဗလအားကိုးနဲ့ သရဲလုပ်နေတာ။ ကျွန်တော့်ဆီမှာသာ ဓားမြှောင်ပါရင် ဒီကောင်သေနေလောက်ပြီ"

"အင်း - မင်းနဲ့တော့ ခက်ပါသေးတယ် မွတ်တားရာ။ ငါတော့ကြောက်တယ်ဟေ့။ မင်းလိုညမှာမသွားရဲဘူးကွ"

ဟု ဆိုလေ၏။

ဦးစံမြကား ဦးစံလှနှင့် သတ္တိတစ်ခြားစီဖြစ်လေ၏။ ကျွန်ုပ်သည် နံနက်စာထမင်းယူရန် ရွာသို့ပြန်ခဲ့ရာ မိုးစင်စင်လင်း၍ နေရောင်ခြည်ပင်ထိန်နေပြီဖြစ်၍ သိချင်လွန်းလှသော သချိုင်းထဲသို့ ဝင်ရန် ဆုံးဖြတ်လိုက်၏။

သချိုင်းမုခ်ဝရောက်သော် မုခ်ဝရှေ့တွင် ညကဖိတ်စဉ်ထားသော ထမင်းဟင်းများ အတိုင်းသားရှိနေသေး၏။ သို့နှင့် သချိုင်းထဲလှမ်းဝင်ကာ သတိကြီးစွာထား၍ အုတ်ဂူကြားများဆီသို့ အသေအချာကြည့်မိရာ ချောင်ကျသော အုတ်ဂူကြားများတွင် ပြောင်ရှင်းနေပြီး ပစ္စည်းများထားသောနေရာဖြစ်ကြောင်း တွေ့ရ၍ အသေအချာကြည့်မိရာ စက်ပစ္စည်းတို့တွင်သုံးသော နတ်ခေါင်းများဖြစ်ကြောင်း တွေ့ရလေ၏။

ထိုလူသည် စက်ရုံတစ်ခုမှ စက်ပစ္စည်းများ ဖြုတ်ယူလာကာ ဤသချိုင်းတွင် လာရောက်စုပုံထားခြင်း ဖြစ်ရပေမည်။ ထိုသို့ ဒုစရိုက်မှုပြုနိုင်အောင် ဤသချိုင်းနှင့် လမ်းအား လူသူမဝင်စေရေးအတွက် သရဲအဖြစ် လူတို့ကိုစောင့်လုံးပြီး ခြောက်လှန့်ခြင်း ဖြစ်ပေမည်ဟု ကျွန်ုပ်အတတ်သိလိုက်၏။

ဒုစရိုက်သမားတို့သည် သူတို့ဒုစရိုက်မှုပြုနိုင်ရန် သချိုင်း၊ ကျောင်းအိမ်၊ အိမ်ပျက် စသည်တို့ကို အမှီပြုလျက် ခြောက်လှန့်မှုပြုတတ်ကြသည်မှာ ဓမ္မတာဖြစ်ချေ၏။ ဝတ္ထုဆောင်းပါးများတွင်လည်း ဖတ်ဖူး၏။

လူတို့မှာမူ ကြောက်စိတ်ကို အခြေခံကာ မျက်စိစုံမှိတ်၍ ယုံတတ်လွန်းချေ၏။ ကျွန်ုပ်သည် တွေ့ရသော သံတိုသံစများအား ခြေရာလက်ရာမပျက်ထားခဲ့ကာ သချိုင်းထဲမှ ပြန်ထွက်ခဲ့လေတော့၏။

"သရဲရေ၊ မွတ်တားကို မင်းထွက်လုံးလိုက်တာ ကံဆိုးပြီဘာမှတ်ပေတော့ပေါ့ကွာ"

ဟု ပြုံးရွှင်စွာ ကြိမ်းဝါးမိလိုက်၏။

ထိုနေ့သည် ပြန်ကပြေးဈေးနေ့ဖြစ်ရာ နံနက်စာအတွက် ထမင်းကြမ်း မုန့်ဟင်းခါးနှင့် တို့ဟူးသုပ်ဖြစ်ရာ ကျွန်ုပ်သည် စက်ဘီးဖြင့်ပို့ပေးခဲ့ပြီး စက်ဘီးအား ပျဉ်းမနား (နေပြည်တော်) ရဲဌာန (စခန်း)ဆီသို့ အသော့နင်းခဲ့တော့၏။ တာဝန်သိပြည်သူသည် ရပ်ရွာအေးချမ်းသာယာရေးနှင့် ငြိမ်ဝပ်ပိပြားရေးအတွက် သတင်းပေးပို့ရမည် မဟုတ်ပါလား။

**သုံးရက်မြောက်သောနေ့တွင်**

ကျွန်ုပ်သည် ညနေစာယူရန် ညနေ (၅) နာရီခန့်တွင် ရွာသို့ပြန်ခဲ့ရာ မိခင်ဒေါ်မြဝေမှ သတင်းထူးတစ်ခု ဆီး၍ ပြော၏။

"ဟဲ့ - မွတ်တား၊ နင်ကြားပြီးပြီလား"

"ဘာကြားရမှာလဲ အမေရ"

"သားတို့ တောထဲမှာ ကြံကြိတ်နေတဲ့ ဥစ္စာ"

"အေး - ဟုတ်တယ်။ နင်တို့က တောထဲမှာဆိုတော့ ဘာမှသိမှာမဟုတ်ဘူး။ တုတ်ကြီးဆိုတဲ့ကောင် နင်သိလား

www.burmeseclassic.com

...တ်လား"

"သိတာပေါ့ အမေရ။ ကျွန်တော် ...မိန့် ဘာဝေးတာမှတ်လို့။ စပ်ရင် ...ောင် ဆွေမျိုးတော်သေးတဲ့ဟာ"

"ဒီနေ့နေ့လယ် ရဲတွေ တုတ်ကြီး ...ကို သာဖမ်းသွားပြီဟဲ့"

"ဟင် - ဘာဖြစ်လို့လဲ အမေ"

"သန်းအောင်ရှိန် ဆန်စက်က ...ည်းတွေခိုးဖြုတ်ပြီးရောင်းစားတဲ့အမှု ...။ ဒီကောင်ဟယ် ဒီလိုလုပ်လိမ့်မယ် ...လုံးဝမထင်ဘူး။ မိဘတွေကလည်း ...ဆံရှိတဲ့မိဘတွေဖြစ်ရဲ့သားနဲ့ဟယ်။ ...မှ မိဘဂုဏ်ညှိုးရတာပေါ့။ သူ့ ...နဲ့ ကလေး (၂) ယောက်တော့ ...ပါရဲ့ဟယ်။

ဒီကောင်က ဆန်စက်ကပစ္စည်း ... ဖြုတ်ဖြုတ်လာပြီး မှန်ကျောင်း ...ချိုင်းထဲမှာ စုပုံထားတာတဲ့ဟဲ့။ ပြီး ...မှ မြို့က သံတိုသံစဝယ်တဲ့ ကုလား ...မှာ ဒိုးလုံးရဲ့မြင်းလှည်းငှားပြီး ညပိုင်း ... သွားသွားရောင်းတယ်ဆိုပဲ။

နေရင်းထိုင်ရင်း သံတိုသံစဝယ်တဲ့ ...လားရော၊ မြင်းလှည်းသမား၊ ဒိုးလုံး ... အဖမ်းခံရတယ်ပြောတယ်။ ပစ္စည်း ... အကုန်ပြန်ရသတဲ့ဟဲ့"

"ဒါထက် သူ့လက်ထဲမှာကော ...ည်းမိသေးလား အမေ"

"သူ့ဆီမှာ ရုပ်ကန်းဘောအိမ်တွေ ... သချိုင်းထဲက သံတိုသံစနည်းနည်းမိ ...တယ်။ ဒီကောင်တော့ ထောင်ကျဦး ...ပဲ။ သချိုင်းဝကနေ သရဲလုပ်ပြီး ...သမ်းကဖြုတ်တဲ့လူတွေကို နပန်းလုံး ... သူပါလို့ ဝန်ခံသတဲ့ဟဲ့။ သချိုင်း ...ကို ဘယ်သူမှ မလာရဲအောင်ကြံ ...လေ။ နင်တောင် ဟိုတစ်နေ့က ခံ ...ရသေးတယ် မဟုတ်လား။ တော် ...တယ် နင်လိပ်ပြာမလွှင့်လို့"

"ပေါက်ပေါက်ရှာရှာ အမေရာ။ ...ဘာလို့လိပ်ပြာလွင့်ရမှာလဲ။ အဲဒီ ...ကို သားပညာပေးလိုက်တာလေ။ ...တဲ့ မွတ်တားပါ အမေရ။ သူများ ...သာ ထိလို့ရမယ်။ မွတ်တားကိုလာထိ ... ကွဲသွားတာပေါ့။ ဒီကောင်ဟာ ...ကြော့ကြော့နေရင်း မြို့ကကောင်နဲ့ ...င်းမှားသွားတာ အမေရ။ သက် ...င့်သက်သာနဲ့ ပိုက်ဆံရှာတဲ့နည်းကို ... ဒီကောင်ဒီလမ်းစဉ်ကိုလိုက်တာ။ ... အားကျောင်းမောင်သန့်ထွားထွား ...ကျိုင်းဆိုတော့ သူ့ကိုမယှဉ်နိုင်ကြ ...။ အဲဒါကြောင့် တွေ့သမျှလူတွေ ... သွက်လုံးပြီးခြောက်နေတာ။ သားကို လုံးတော့ သားသဘောပေါက်သွားပြီး သချိုင်းထဲဝင်ပြီး စစ်ဆေးကြည့်လိုက်တော့ သဲလွန်စရလိုက်တာပဲ။ အဲဒီသဲလွန်စကို အခြေခံပြီး ပစ္စည်းဟောင်း သံတိုသံစဝယ်တဲ့ ကုလားကို ခေါ်စစ်လိုက်ရင် ပြန်ကပြေးက ဘယ်သူဆိုတာပေါ်ပြီပေါ့ အမေရာ"

"ဩော -ဒါဆိုနင့်လက်ချက်ကိုး"

"တုတ်ကြီးက ကျွန်တော့်ကို ထွက်လုံးတာကိုး အမေရ။ နပန်းလုံးလို့ မနိုင်တော့ နိုင်တဲ့နည်းနဲ့ကိုင်ပြီး ထောင်ထဲထည့်လိုက်တာပေါ့။ လုံးဦးလေ ဘယ့်နှယ်ရှိစ ဟီဟိ"

ဟု ကျွန်ုပ်မှ ရယ်သွမ်းသွေးလိုက်တော့၏။

## သန်းအောင်ရှိန်ဆန်စက်

ကျွန်ုပ်တို့ ငယ်စဉ်ကလေးဘဝ၌ ပြန်ကပြေး မဒေါ့ပင်ရပ်မှ သူဌေး ဦးအောင်သောင်း ဦးစီးသော ဦးအောင်သန်း၊ ဦးအောင်သောင်း၊ ဦးကြည်ရှိန်တို့ ညီအစ်ကို(၃)ဦးသည် လေသာကျောင်း အရှေ့ဘက်ကွက်လပ်၌ 'သန်းအောင်ရှိန်ဆန်စက်' ဟူ၍ ဆန်စက်တစ်လုံး တည်လေ၏။ စပါးထွက်အလွန်ကောင်းသော ကျွန်ုပ်တို့ဒေသ၌ ပထမဆုံးတည်သော ဆန်စက်ဖြစ်ပေရာ နေ့မနားညမနား ကြိတ်ရလေ၏။ လူတို့သည်လည်း ကြိတ်ထိုးမောင်းထောင်းဘဝမှ အတော်လေး လွတ်ကုန်ကြလေ၏။

အရှေ့၊ အနောက်၊ တောင်၊ မြောက်ဝဲယာ ဘယ်မှာကြည့်ကြည့် စပါးစိုက်ခင်းများသာရှိပေရာ ဆန်စက်မှာ လွန်စွာ အဆင်ပြေလေ၏။

ကျွန်ုပ်တို့ ကလေးများမှာလည်း ဆန်စက်ကြီး လည်ပတ်နေသည်ကို အထူးအဆန်းပမာ သွားပြီးကြည့်လေ့ရှိကြ၏။ ထိုခေတ်ထိုကာလတွင် စက်ဘီးတွင် စက်တပ်ထားသော စက်ဘီးဆိုင်ကယ်ကို ကိုအောင်သောင်းနှင့် ကိုစံမြတို့သာ စီးနိုင်ကြပါသည်။ ကိုအောင်သောင်းက မမြကြည်နှင့် အိမ်ထောင်ကျကာ ကိုကြည်ရှိန်က မတင်ကြည်နှင့် အိမ်ထောင်ကျ၏။ ကိုအောင်သန်းက လယ်ဝေး (နေပြည်တော်) တွင် အိမ်ထောင်ကျတာ ပျဉ်းမနား (နေပြည်တော်) တွင် တစ်သီးပုဂ္ဂလအမတ်ဝင်၍ ရွေးသေးသည်။ မှတ်မှတ်ရရ ဦးအောင်သန်းသည် (၆၂၄) မဲရကြောင်း မှတ်မိနေ၏။

ထိုခေတ်ထိုအခါသည် လယ်များ မိုးရေသောက်ဖြစ်ရာ တစ်သီးစားခေတ်ဖြစ်၏။ ဆည်မြောင်းများမတည်ဆောက်ရသေးသဖြင့် မိုးကိုမျှော်ရသောခေတ်ဖြစ်၏။

လယ်ဟူသည် မိုးဦး၊ မိုးလယ်၊ မိုးနှောင်း အကြောင်းသုံးပါးညီပါမှ စပါးအောင်ရာ ရံဖန်ရံခါတွင် မိုးလေဝသမညီသဖြင့် စပါးထွက်နည်းပြီး တွက်ခြေမကိုက်ဖြစ်ကြရလေ၏။

ထိုအခါ လူတို့သည် စပါးမှသည် ကြံကို စတင်စိုက်ပျိုးလာကြ၏။ ကြံကား စပါးလောက် မိုးမလို၊ ယုယစရာသိပ်မလိုဘဲ ဖြစ်ထွန်း၏။

ကြံကို ကြံသကာချက်ကာ. ပွဲရုံသွင်းလိုက်သည်နှင့် ငွေရ၏။ စပါးထက်များစွာ တွက်ခြေကိုက်သည်ကို တွေ့ရပြီး လယ်မှန်သမျှ ကြံခင်းတွေချည်း ဖြစ်ကုန်ကြတော့၏။ စပါးခင်းဟူ၍မြင်ချင်၍တောင် မမြင်ကြရတော့ပြီ။ ဘယ်ကိုကြည့်ကြည့် ကြံခင်းတို့ကိုသာ တွေ့နေရသောခေတ်သို့ ရောက်လာခဲ့၏။

ထိုအခါ ကြိတ်စရာစပါးမရှိတော့ပြီဖြစ်၍ သန်းအောင်ရှိန်ဆန်စက်သည် တံခါးသော့ခတ်က ပစ်ထားသော အခြေသို့ရောက်ခဲ့ရလေတော့၏။ သို့နှင့်ပင် ကာလအတန်ကြာခဲ့ပြီ ဖြစ်ပါသည်။

## အင်ဂျင်ကြီးသာကျန်

ကာယကံရှင်တို့ကို ခေါ်၍ ဆန်စက်ကိုဖွင့်၍ စစ်ဆေးရာ ရုပ်တန်းများနှင့်ထမ်း၍ နိုင်သမျှပစ္စည်းများအားလုံး ဘာမှမကျန်တော့ဘဲ အင်ဂျင်ကြီးသာ ငုတ်တုတ်ကျန်ခဲ့သည်ဟုကြားရပါသည်။

ကာယကံရှင်တို့သည် ရုပ်တန်းများဖြင့် ပစ္စည်းအချို့ကို ပြန်ရကြောင်းကြားသိရ၏။ တုတ်ကြီးကား ထိုအမှုဖြင့် ထောင်ကျသွားခဲ့ပြီး ထောင်မှလွတ်သော်လည်း ကောင်းအောင်မနေရာ သက်တမ်းစေ့နေမသွားရဘဲ အရွယ်မတိုင်မီပင် ဆုံးပါးသွားခဲ့ရပါတော့သည်။

■

မသေခင် ကြိုတင်ခြောက်သူတို့တွင် ပျော်ရွှင်ရယ်မောလို၍ ခြောက်ကြသလို ဝမ်းရေးအတွက်လည်း မသေခင်ကြိုတင်ခြောက်သည်ကို ကျွန်ုပ်ကြုံခဲ့ရပါကြောင်း တင်ပြလိုက်ပါသည်။

*ချမ်းမြေ့ကြပါစေ*

ရွှေပြည်စိုး (မိုးကုတ်)



www.burmeseclassic.com

www.burmeseclassic.com

ဟော်လန်ပြည်က ကမ္ဘာကျော် စိတ်စွမ်းအင်စုံထောက်ကြီး ကရာဇက်ဟာ ရဲတွေနဲ့ပူးပေါင်းပြီး ရာဇဝတ်မှုတွေကို စိတ်စွမ်းအင်နဲ့ ဖော်ထုတ်ပေးခဲ့တာတွေကို ဆက်တိုက် တင်ပြခဲ့ပါတယ်။

အမေရိကန် ပါမောက္ခရဲ့ သမီးတစ်ဦးပျောက်ဆုံးမှုကို ဟော်လန်ပြည်ကနေပြီး တယ်လီဖုန်းနဲ့ သူ့အမြင်အာရုံကို ပြောပြနိုင်ခဲ့တယ်။ ဟော်လန်ပြည်က ရေမြောင်းထဲမှာ သေနေတဲ့ကလေးရဲ့ အလောင်းကို ရှာပေးခဲ့တယ်။ ဓာတ်ငွေ့စက်ရုံက ငွေကိုင်စာရေးရဲ့ မသမာမှုကိုလည်း ဖော်ထုတ်ပေးနိုင်ခဲ့တယ်၊ မုဒိမ်းညီနောင်ရဲ့ရာဇဝတ်မှုကိုလည်းဖော်ပေးနိုင်ခဲ့တယ်။ ရှေးဟောင်းကျောက်ဖြစ်ရုပ်ကြွင်းကို အာရုံခံပြီး မရဏလိုဏ်ဂူထဲမှာ လူသတ်ယဇ်ပူဇော်တာကိုလည်း အမြင်အာရုံထူးနဲ့ ကြည့်ပေးခဲ့တယ်။

ဒီလိုရာဇဝတ်မှုတွေကို ရဲတွေကထောက်လှမ်းတဲ့အခါမှာ သဲလွန်စပျောက်နေလို့ ကရာဇက်က သူ့အမြင်အာရုံအစွမ်းနဲ့ ကူညီခဲ့တာပါ။ ဖြစ်ပြီးသားကိစ္စတွေကို ဖော်ထုတ်ပေးတာပါ။ ကရာဇက်ရဲ့ဆရာ ပါမောက္ခ တင်ဟတ်က ကရာဇက်ဟာ ဒီလိုဖြစ်ပြီးသားကိစ္စတွေကို သိနိုင်မြင်နိုင်တာကို သုတေသနနည်းနဲ့ စပ်းသပ်ရာ မှန်ကန်ကြောင်းတွေ့ရတယ်။ အတိတ်က အဖြစ်အပျက်တွေကို ကရာဇက်က သိမြင်နိုင်တယ်ဆိုတာတော့ မငြင်းနိုင်ဘူး။ ဒါဖြင့် မဖြစ်သေးတဲ့ နောင်အနာဂတ်ကိုကော ကရာဇက်က သိမြင်နိုင်သလား ဆိုတာကို စမ်းသပ်ကြည့်ဖို့ ဆုံးဖြတ်လိုက်တယ်။

အခမ်းအနားတစ်ခုကို ကျင်းပတဲ့အခါ နေရာ၊ ကုလားထိုင်တွေကို နံပါတ်စဉ်တပ်ထားတယ်။ အခမ်းအနားမစခင် တက်ရောက်သူများကိုပင် ဖိတ်ကြားခြင်းမပြုမီ ကရာဇက်က သူကြိုက်ရာ



# မနောသုတေသီ

## ကမ္ဘာကျော်စိတ်စွမ်းအင်စုံထောက်ကြီးကရာဇက်၏ အနာဂတ်ကိုကြိုမြင်ခြင်း



www.burmeseclassic.com

www.burmeseclassic.com

…ထိုင်နံပါတ်တစ်ခုကို ရွေးပြီး အဲဒီ …ထိုင်ပေါ်မှာ ထိုင်မယ့်သူဟာ …သူဘယ်ဝါဖြစ်တယ်၊ ပုံပန်းသဏ္ဌာန်၊ …တ်အရွယ်၊ စိတ်နေသဘောထားနဲ့ …ချက်တွေကို တစ်လလောက်ကြို … ဟောကိန်းထုတ်ထားဖို့ပါ။ ဒီ …ကိန်းကို ကက်ဆက်နဲ့ အသံသွင်း … သက်သေတွေက လက်မှတ်ထိုးကာ …သွင်းထားတယ်။

ယူထရက်တက္ကသိုလ်က ပရစိတ် …ဌာနက ကြီးမှူးကျင်းပတာ ဖြစ် …။ ဒါကြောင့် ဒီတက္ကသိုလ်က ရူပ …ပါမောက္ခနဲ့ သတ္တဗေဒပါမောက္ခ …ရယ်၊ ဒေါက်တာတင်ဟတ်နဲ့ သူ့ … လက်ထောက်တွေရယ်၊ မြို့မိ …များရယ် ပူးပေါင်းစီစဉ်တာ ဖြစ် …

ဘယ်နေရာမှာ၊ ဘယ်အချိန်မှာ …ထားတယ်ဆိုတာ ပါမောက္ခတင် …တောင် မသိရဘူး။ နီးကပ်မှသာ …တယ်။ ဒီလိုကုလားထိုင်မှာထိုင်မယ့် …ကို စမ်းသပ်ဖို့ရက်မတိုင်မီက …ကျပြောရရင် ၁၉၅၇ ခုနှစ်၊ …ရီလ ၆ ရက်နေ့မှာ ကရာဇက်က … ထားတဲ့ ပါမောက္ခလူကြီးများ … ကြိုတင်ဟောကိန်းထုတ်ထား … ဖြစ်တယ်။ ကျင်းပမယ့်နေရာဟာ …က မစ္စက်စီဗွီတီရဲ့နေအိမ်မှာ …စ်စီဗွီတီကို ပါမောက္ခတင်ဟတ် … မသိပါဘူး။

အခမ်းအနား ကျင်းပမယ့်နေ့မှာ …ယ့်ကုလားထိုင်တွေကို ရုပ်ရှင်ရုံက …င်းသလို နံပါတ်စဉ်တပ်ပြီး ခင်း …တဲ့ ခုံဇယားကို ကရာဇက်ဆီပေး … ကြိုက်ရာနံပါတ်တစ်ခုကို ရွေး …လို့ ပြောလိုက်တယ်။ ကရာဇက် …ပါတ် (၉) ကုလားထိုင်ကို ရွေးလိုက် …

နောက်တစ်လအကြာ ၁၉၅၇ ခု၊ …ဝါရီလ ၁ ရက်နေ့မှာ ကျင်းပ … အခမ်းအနားမှာ ခင်းထားတဲ့ …ထိုင်နံပါတ် (၉) ကို ဘယ်သူ …ထိုင်မယ်၊ ထိုင်မယ့်လူရဲ့ ပုံ …န်၊ အသက်အရွယ်၊ ဝါသနာ၊ ထူး …ချက်တွေရယ်ကို ကရာဇက် ကြိုတင် … အမြင်အာရုံနဲ့ သူမြင်တာတွေကို …တယ်။ ဒီလို ကြိုတင်ပြောတာတွေ …တ်ဆက်နဲ့ အသံသွင်းထားတယ်။ …ခွေအမှတ်ဘယ်လောက်မှာ ကရာ …ဟောဟိန်းတွေ မှတ်တမ်းတင်ထား …ဆိုတာကို အသိသက်သေ



ပါမောက္ခတွေက လက်မှတ်ထိုးထားတယ်။

ကရာဇက်က ဟောဒီလို ကြိုတင်ပြောထားတယ်။

၁။ ၁၉၅၇ ခုနှစ်၊ ဖေဖော်ဝါရီ ၁ရက်နေ့မှာ ဟိတ်(သ်)မြို့ရှိ ဂုဏ်သရေရှိ အမျိုးသမီးအိမ်မှာ ကျင်းပမယ့် အခမ်းအနားကုလားထိုင်နံပါတ် (၉) မှာ ထိုင်မယ့်သူဟာ သွက်လက်ချက်ချာတဲ့ အမျိုးသမီးတစ်ဦး ဖြစ်မယ်။ သတ်လတ်ပိုင်းဖြစ်ပြီး ကလေးတွေကို စောင့်ရှောက်ဖို့ ဝါသနာပါမယ်။

၂။ ၁၉၂၈ နဲ့ ၁၉၃၀ အတွင်းမှာ ဒီအမျိုးသမီးရဲ့ခြေရာတွေကို စထရပ်ဘတ်ဆက်ကပ်ရုံအနီးမှာ တွေ့ရတယ်။

၃။ ဒီအမျိုးသမီးနဲ့ ပတ်သက်တဲ့ လူငယ် (၃) ဦးတွေ့ရတယ်။ သူတို့ဟာ ရေခြားမြေခြားမှာ အလုပ်လုပ်နေကြတယ်။

၄။ သူမဟာ အိန္ဒိယ မဟာရာဇာ တစ်ပါးပုံကိုကြည့်နေတယ်။ အဲဒီပုဂ္ဂိုလ်ဟာ ရတနာတွေ တပ်ဆင်ထားတဲ့ ဦးပေါင်းထုပ်ကို ဝတ်ဆင်ထားတယ်။

၅။ ငယ်စဉ်ဘဝက တိရစ္ဆာန်လှောင်အိမ်အတွင်းကို လက်ကိုင်ပဝါလေးပစ်ထည့်လိုက်တယ်။ ခြသေ့်နဲ့တူတဲ့ တိရစ္ဆာန်က လက်ကိုင်ပဝါကို အစိတ်စိတ်ဆုတ်ဖြဲလိုက်တယ်။

၆။ ပန်းချီရေးဖို့ ဆေးတွေထည့်ထားတဲ့ သေတ္တာဟောင်းကို သွားကိုင်မိပြီးတော့ လက်ကို ဆေးတွေ ပေကျံသွားတယ်။ သေတ္တာထဲမှာ ဆေးခဲတွေရှိတယ်။ ဒီဆေးသေတ္တာကို ကိုင်မိလို့ ညာဘက်လက်ခလယ်ကို ထိခိုက်မိတယ်။

၇။ မကြာသေးခင်ကပဲ အသက် (၄၀) ကျော် အမျိုးသမီးတစ်ဦး သူမဆီ အလည်အပတ်ရောက်လာတယ်။ အဲဒီဧည့်သည်က ခပ်ဖိုင့်ဖိုင့်၊ အရပ်အမောင်းကောင်းကောင်းဆံပင်က အနက်ရောင်ရှိတယ်။ ဒီဧည့်သည်က သူခံစားနေရတဲ့ လိင်ကိစ္စအဆင်မပြေမှုကို ပြောတော့ အိမ်ရှင်အမျိုးသမီးက စိတ်ရောဂါကုသမားတော်ဆီသွားပြဖို့ အကြံပေးလိုက်တယ်။

၈။ FAL STAFF ပြဇာတ် သွားကြည့်ပြီးတော့ စိတ်တွေအတော်လှုပ်ရှားနေတယ်။

၉။ သူမရဲ့ဖခင်ဟာ သူ့ရဲ့ဆောင်ရွက်မှုတွေကြောင့် ရွှေတံဆိပ်ရထားတယ်။

၁၀။ သူမရဲ့ သမီးငယ်လေးကို သွားစိုက်ဆရာဆီ သွားပြဖူးတယ်။ အဲဒီအခါမှာ စိတ်ရှုပ်စရာတွေတွေ့ရတယ်။ အဲဒီနေ့ဟာ ၁၉၅၇ ခု၊ ဖေဖော်ဝါရီ ၁ ရက်နေ့ ဖြစ်လိမ့်မယ်။

အခမ်းအနားပြင်ဆင်တာရယ်၊ ဖိတ်စာဖိတ်တာရယ်၊ ကုလားထိုင်နံပါတ်တပ်တာရယ်၊ ကုလားထိုင်တွေပေါ်ထိုင်ဖို့ နေရာချထားပေးတာတွေကို အိမ်ရှင်မစ္စက်စီဗွီတီက စီစဉ်ခြင်း ဖြစ်တယ်။ ပါမောက္ခတင်ဟတ်နဲ့ ကရာဇက်တို့ လုံးဝပါဝင်ခြင်းမရှိ၊ အသိပေးထားခြင်းလည်းမရှိ။ ကရာဇက်မှာ ဖိတ်ကြားထားသူများ နေရာယူပြီး ည (၈) နာရီမှာ ကျင်းပမယ့်နေရာကို ရောက်လာတာ ဖြစ်တယ်။ ကရာဇက် တစ်လလောက် ကြိုတင်အမြင်အာရုံရထားတဲ့ တိပ်ခွေထဲကအချက်တွေကို စာနဲ့ ရေးသား လက်နှိပ်စက်ရိုက်ပြီး စာအိတ်ထဲထည့်ပိတ်ထားတယ်။ အဲဒီစာအိတ်ကို ပါမောက္ခ ဒေါက်တာ တင်ဟတ်က ကုလားထိုင်နံပါတ် (၉) မှာ ထိုင်နေတဲ့ အမျိုးသမီးကို ပေးအပ်လိုက်ပြီးတော့ ဒီထဲမှာ ပါတဲ့အချက်တွေ မှန်၊ မမှန် သိရပါစေလို့ မေတ္တာရပ်ခံလိုက်တယ်။

ကုလားထိုင်နံပါတ် (၉) မှာ ထိုင်နေသူကတော့ မစ္စက်အမ်ဂျေဒီလို့ ခေါ်ပါတယ်။ မစ္စက် အမ်ဂျေဒီက စာအိတ်ကို သူတို့ဇနီးမောင်နှံနှစ်ဦးစလုံး ဖောက်ဖတ်ကြည့်ကြပြီးတော့ တစ်ချက်ချင်း ဒီလိုပြန်ဖြေတယ်။ ဇနီးမောင်နှံနှစ်ဦးစလုံး တိုင်ပင်ပြီး အမှတ်စဉ်အလိုက်ဖြေတာ ဖြစ်တယ်။

၁။ မစ္စက် အမ်ဂျေဒီက အသက် (၄၂) နှစ်ရှိပြီး သွက်လက်ချက်ချာသူဖြစ်တယ်။ ကလေးတွေကို ပြုစုစောင့်ရှောက်ဖို့ စိတ်ဝင်စားသူလည်း ဖြစ်တယ်။ ကလေးဘဝတုန်းက ကလေးတွေနဲ့ ပြည့်နေတဲ့ ရဲတိုက်တစ်လုံး လိုချင်တယ်လို့



www.burmeseclassic.com

www.burmeseclassic.com

နတ်မောက်မင်းသန့်ခိုင်

# နွားဦးချိုအနာအတွက် ဆေးတစ်လက်

နွားများတွင် လူတို့လက်သည်းခွံကျွတ်သကဲ့သို့ ဦးချိုအပေါ်ပိုင်းကျွတ်ထွက်ပြီး အတွင်းမှ ဦးချိုနု ပေါ်လာစဉ် ပိုးဝင်ပြီးအနာဖြစ်တတ်သည်။ သို့တည်းမဟုတ် နွားချင်းဝှေ့ရာ၊ ထိခိုက်မိရာမှ ဦးချိုကျိုးပဲ့ပြီးလည်း ဦးချိုနာဖြစ်တတ်ပါသည်။

နွားများ ဦးချိုနာဖြစ်လျှင် သတိထား၍ အမြန်ကုသပါ။ အဘယ်ကြောင့်ဆိုသော် ဦးချိုအနာမှ ဗိုင်းရပ်စ်ပိုးဝင်ကာ ဦးနှောက်သို့ရောက်သွားပြီး 'နွားရူးဆူးတိုး' ဖြစ်တတ်သောကြောင့်ပင်။ ကြုံဖူးသူများ သိမည်ထင်ပါသည်။

နွား သို့မဟုတ် ကျွဲဦးချိုနာဖြစ်လာပါက အောက်ပါဆေးလုပ်ပြီး စည်းပေးထားပါ။ တစ်ကြိမ်ပြုလုပ်စည်းပေးထားလျှင် ပျောက်ကင်းပါသည်။

မြန်မာဆေးရွက်ကြီးကို အမှုန့်ပြုပြီး ကွမ်းစားထုံးနှင့် ဆတူရောမွှေပါ။ ထို့နောက် ထန်းလျက်တစ်လုံး၊ ဆေးပရုတ်တစ်ကျပ်သားစီ ရောထည့်မွှေပါ။ သမပြီဆိုလျှင် နွားဦးချိုပေါ် ထူထူလိမ်းပြီး အဝတ်သန့် သို့မဟုတ် ပတ်တီးစဖြင့် စည်းပေးထားလိုက်ပါ။

ဆယ်ရက်မှ တစ်လခန့်လောက် ရှိလျှင် ပတ်တီးစည်းထားသည်မှာ ခြောက်သွေ့ပြီး အလိုလိုကျွတ်ထွက်သွားပါမည်။ ဦးချိုနာလည်း ပျောက်ကင်း ခြောက်သွေ့ပြီး မည်သည့်ပိုးမျှလည်း မဝင်နိုင်ဘဲ ထိုနွားသည် ကျန်းမာလန်း ဖြာနေပါလိမ့်မည်။

နတ်မောက်မင်းသန့်ခိုင်

ပြောတယ်။

၂။ မစ္စက်အမ်ဂျေဒီရဲ့ဖခင်ဟာ မစ္စက်အမ်ဂျေဒီ ငယ်စဉ်က ဆက်ကပ်ရုံကို မကြာခဏ ခေါ်သွားဖူးတယ်။

၃။ မစ္စက် အမ်ဂျေဒီက လူငယ် (၃) ဦးနဲ့ ပတ်သက်မှုကို အတိအကျမမှတ်မိတော့ဘူးလို့ ဆိုပါတယ်။ သူမ ခင်ပွန်းရဲ့ ညီနှစ်ဦး ဖြစ်တယ်။ ညီတစ်ဦးက စကော့ပူမှာ၊ တစ်ဦးကတော့ ဂျာမန်စစ်သုံ့ပန်းစခန်းမှာ ကွယ်လွန်သွားတယ် လို့ ပြောတယ်။

၄။ ဖေဖော်ဝါရီ ၁ ရက်မတိုင်မီ သုံး၊ လေးရက်လောက်က မစ္စက်အမ်ဂျေဒီဟာ စာအုပ်တစ်အုပ်ထဲမှာ တွေ့ရတဲ့ အိန္ဒိယယောဂီတစ်ဦးရဲ့ပုံကို ကြည့်ခဲ့ကြောင်း ဝန်ခံတယ်။ ခင်ပွန်းကတော့ မစ္စက်အမ်ဂျေဒီဟာ မမြင်ရတဲ့ပုဂ္ဂိုလ်ထူးတွေနဲ့ မကြာခဏ တွေ့ရတယ်။ ဒီလို အစောင့်ပုဂ္ဂိုလ်ဟာ အိန္ဒိယယောဂီတစ်ဦးဖြစ်တယ်လို့ သူ့ကို ဇနီးက ပြောဖူးကြောင်း ဝန်ခံတယ်။

၅။ ခြသေ့်လှောင်အိမ်ထဲကို လက်ကိုင်ပဝါပစ်ချတာကိုတော့ မဖြစ်ခဲ့ဘူးလို့ ထင်တယ်၊ မမှတ်မိဘူး။

၆။ ဇန်နဝါရီလဆန်းလောက်မှာ မစ္စက် အမ်ဂျေဒီရဲ့ကလေးတွေဟာ ပန်းချီဆေးသေတ္တာနဲ့ကစားနေတယ်။ ဒီပန်းချီဆေးသေတ္တာကို ပြန်ယူပြီး သိမ်းထားလိုက်တယ်။ ဒီတော့ ဆေးခဲတွေကလက်ကိုပေကုန်တာပေါ့။ ခဏနေတော့ ဟင်းချက်စရာတွေထည့်တဲ့ သံဘူးကို ဖွင့်လိုက်တာ သူမရဲ့ညာလက်ခလယ်ကို ရှမိတယ်လို့ ဖြေတယ်။

၇။ မစ္စက်အမ်ဂျေဒီရဲ့ အမျိုးသမီးမိတ်ဆွေ သူ့ဆီအလည်လာဖူးတယ်။ သူက ခပ်ဖိုင့်ဖိုင့်၊ ကိုယ်လုံးတောင့်တောင့်၊ အရုပ်ကတော့ သိပ်မရှည်ဘူး။ သူမက သူမမှာ လိင်ကိစ္စအဆင်မပြေလို့ ဘယ်လိုလုပ်သင့်သလဲဆိုတာ အကြံဉာဏ်တောင်းတယ်။ ဒီတော့ မစ္စက်အမ်ဂျေဒီက စိတ်ရောဂါကုသမားတော်နဲ့ ပြသသင့်ကြောင်း အကြံပေးလိုက်တယ်။ ဒါပေမယ့် ဒီမိတ်ဆွေက စိတ်ညှို့ဆရာနဲ့ကုသတယ်လို့ သိရတယ်။ (ကရာဇက်ဟာ ဒီစိတ်ညှို့ဆရာဟာ စိတ်မချရဘူး၊ အမျိုးသမီးကိစ္စတွေမှာ ပွေတယ်၊ သတိထားသင့်တယ်။ အမှတ်စဉ် (၅) မှာပြောတဲ့ ခြသေ့်လှောင်အိမ်ထဲသို့ လက်ကိုင်ပဝါပစ်ချတာဟာ စိတ်ညှို့သမားနဲ့ မတွေ့ရအောင် သတိထားဖို့ သင်္ကေတနိမိတ်ဖြစ်တယ်လို့ ပြောတယ်။)

၈။ မစ္စက်အမ်ဂျေဒီဟာ ပြဇာတ်အဆိုတော်ပါပဲ။ FALSTAFF ပြဇာတ်မှစပြီး အဆိုတော်ဖြစ်ခဲ့တာလို့ မစ္စက်အမ်ဂျေဒီက ပြောတယ်။

၉။ မစ္စက်အမ်ဂျေဒီရဲ့ဖခင်ဟာ အလုပ်က အငြိမ်းစားယူတဲ့အခါ သူ့နာမည်ရေးထိုးထားတဲ့ ရွှေစီးကရက်ဘူးကို အမှတ်တရလက်ဆောင်အဖြစ်ရခဲ့တယ်။ ဒါကလည်း ဆုတစ်မျိုးပေါ့။

၁၀။ ဒီနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့က မစ္စက်အမ်ဂျေဒီရဲ့သမီးလေး သွားကိုက်နေလို့ သွားဆေးခန်းကိုသွားပြရသေးတယ်။ ကလေးက ဆေး[illegible] သွားရတာ ကြောက်နေလို့ တော်[illegible] စိတ်ရှုပ်ခဲ့ရသေးတယ်လို့ ဇနီးမောင်နှံ နှစ်ဦးစလုံးက ဝန်ခံတယ်။

ဒါတွေဟာ ကုလားထိုင် အမှတ် (၉) မှာထိုင်မယ့် အမျိုးသမီးအကြောင်း ကရာဇက်ရဲ့ (၂၆) ရက် ကြိုတင်[illegible] ပြောချက် ဘယ်လောက်ကွက်တိ[illegible] သလဲဆိုတဲ့ သက်သေဖြစ်တယ်။ က[illegible] ဇက်ဟာ ကုလားထိုင်စမ်းသပ်မှုမှာ [illegible] လွန်းလို့ နောင်အခါများမှာ ကုလား[illegible] စမ်းသပ်ပွဲတွေ ထပ်ကာထပ်ကာ အ[illegible] သပ်ခံပြရသေးတယ်။

ကမ္ဘာပေါ်မှာ ယူရီဂဲလားရဲ့[illegible] နဲ့ ဇွန်းတွေကိုကွေးပြတာ ကျော်[illegible] သလိုပဲ ကရာဇက်ရဲ့ ကုလားထိုင်[illegible] တင်ဟောချက်တွေကလည်း မှန်[illegible] လှပါပေတယ်လို့ ကျော်ကြား[illegible] တယ်။

မနောသုဓ[illegible]

ညွှန်း -

*CROIST*



www.burmeseclassic.com

www.burmeseclassic.com

# ဆေးအိုးပုတ် ၏

## ဆေးစွမ်းထက်မြက်မှုများနှင့်ဆေးဝါးအဖြစ်အသုံးပြုနိုင်မှုများ

စွမ်းထက်နောင်

ဆေးအိုးပုတ်ပင်၏ ဆေးစွမ်းထက်မြက်ပုံကို ၂၀၁၁ ခုနှစ်၊ အောက်တိုဘာထုတ် သုရဋ္ဌမဂ္ဂဇင်းတွင် စာရေးဆရာတိုးခ (ပွဲန်တန်ဆာ) ၏ လည်ချောင်းကင်ဆာ သုံးကြည့်ပါ ဆောင်းပါးဖတ်ရှုပြီးနောက် မိမိထံသို့ ဆေးအိုးပုတ်အပင်အကြောင်းကို စုံစမ်းမေးမြန်းများ ကြုံတွေ့ခဲ့ရပါသည်။ လည်ချောင်းကင်ဆာ တကယ်ကောပျောက်ရဲ့လား။ အခြားဘာရောဂါများ ပျောက်သေးလဲ သည်ဖြင့် ဖုန်းဆက်၍သော် လည်းကောင်း၊ ကိုယ်တိုင်မိမိ အလုပ်ဌာနသို့ လာရောက်၍သော်လည်းကောင်း စုံစမ်းမေးမြန်းသူများရှိခဲ့ပါသည်။

ဆောင်းပါးရှင် တိုးခ (ပွဲန်တန်ဆာ) သည် ကျွန်တော်နှင့် တစ်မြို့တည်းသား သူငယ်ချင်း မိတ်ဆွေ ဖြစ်ပါသည်။ စာရေးဖော်ရေးဖက်လည်း ဖြစ်ပါသည်။ သူငယ်ချင်း ပွဲန်တန်ဆာမြို့သို့ ခေတ္တပြန်သွားခဲ့စဉ်က နာရီပြင်သည့် ဆရာကြီးဦးစံလင်း၏ လည်ချောင်းကင်ဆာ ဝေဒနာကို ခံစားနေရာမှ ဆေးအိုးပုတ်အစွမ်းဖြင့် ပျောက်ကင်းပုံကို သိရှိလာခဲ့ရပြီး မိမိအား အကြောင်းစုံ ပြောပြခဲ့ပါသည်။ သူငယ်ချင်းက မိမိသည် ဆေးဖက်ဝင်အပင်များအကြောင်းကို လေ့လာနေ

ကြောင်းသိသဖြင့် ဆေးအိုးပုတ်အပင်သည် မည်ကဲ့သို့သောအပင်ဖြစ်ကြောင်း အချက်အလက်အထောက်အထားများဖြင့် ရှာဖွေပေးရန် ပြောကြားခဲ့ပါသည်။ မိမိလက်လှမ်းမီရာ ဆေးဝါးပင်စာအုပ်များမှ ရှာဖွေခဲ့ရာ ရုက္ခဗေဒအမည် တိတိကျကျသိရှိရပြီး အင်တာနက်မှ နိုင်ငံတကာတွင် ရိုးရာတိုင်းရင်းဆေးများအဖြစ် အသုံးပြုနိုင်မှု၊ ခေတ်မီသိပ္ပံနည်းဖြင့်ဆေး



ဆေးအိုးပုတ်နှင့်ဆင်တူယိုးမှားနိုင်သည့် မျိုးကွဲပန်းပွင့်နှင့်အရွက်ပုံ



ဆေးအိုးပုတ်အပွင့်၊ အဖူး အရွက်ပုံ



ဆေးအိုးပုတ်အသီးပုံ



ဆေးအိုးပုတ်အဖူးပုံ



www.burmeseclassic.com

www.burmeseclassic.com

ဝါးအဖြစ်အသုံးပြုမှု၊ လက်တွေ့သုတေသနပြုမှုများကို ရှာဖွေခဲ့ပါသည်။

ထို့အပြင် စာရေးသူ၏မိတ်ဆွေ ဆေးဖက်ဝင်အပင်များ ရှာဖွေလေ့ရှိသူ တစ်ဦးအား အကူအညီတောင်း၍ ဆေးအိုးပုတ်အပင် ရှာဖွေစေခဲ့ရာ ရရှိခဲ့သဖြင့် အရွက်အသီးများကို ဓာတ်ပုံရိုက်ပြီး ဓာတ်ပုံများနှင့်တကွ ဆေးဝါးအဖြစ် အသုံးပြုနိုင်မှု အချက်အလက်များ၊ အထောက်အထားများကို သူငယ်ချင်း စာရေးနိုင်ရန်ပေးခဲ့ပါသည်။ ဆောင်းပါး၏အဆုံးတွင် ဆေးအိုးပုတ်အချက်အလက်နှင့် ဓာတ်ပုံများကို ရှာဖွေပေးသော သူငယ်ချင်းဖြစ်သူ ဆင်မလိုက်သင်္ဘောကျင်းမှ ဦးဝင်းဆွေ (Safety Engineer) ကို ကျေးဇူးတင်ပါကြောင်း ဖော်ပြထားခဲ့သဖြင့် မိမိထံသို့ စုံစမ်းမေးမြန်းမှုများရှိခဲ့ခြင်း ဖြစ်ပါသည်။

တစ်ဖန် ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလထုတ် သုရဿတီမဂ္ဂဇင်းတွင် ဆရာဇော်လင်းထွန်း၏ ဆေးအိုးပုတ်အပင်အစွမ်းအံ့မခန်း ဆောင်းပါး ထပ်မံ ပါရှိခဲ့သလို ဆရာမ တင်တင်နွဲ့ (ရန်ကုန်တက္ကသိုလ်)၏ ဂီရိပဗ္ဗဇတောင်တော်အလွမ်းနှင့် ဆေးအိုးပုတ်ပန်း ဆောင်းပါးတွင်လည်း ဆေးအိုးပုတ်ပင်အကြောင်း ပါရှိခဲ့ပါသည်။ ထို့အပြင်လည်း ဆရာဗအုပ်ခိုင်၏ ကင်ဆာရေသောက်မြစ်များနှင့် အစွမ်းထက် သဘာဝဆေးပင်များ စာအုပ်တွင်လည်း ဆေးအိုးပုတ်သည် ကင်ဆာရောဂါကို ပျောက်ကင်းသည့် အကြောင်း ရေးသားပြန်ပါသည်။ ထိုသို့ စိတ်ဝင်တစား ရေးသားမှုများနှင့် စုံစမ်းမေးမြန်းမှုများကို ဝမ်းပန်းတသာကြိုဆိုရပါသည်။ ဖော်ပြပေးသော သုရဿတီမဂ္ဂဇင်းကိုလည်း ကျေးဇူးအထူးတင်မိပါသည်။ ထိုမျှတင်မက သုရဿတီမဂ္ဂဇင်းကို ဖတ်ရှုရမှုကြောင့် စာရေးသူထံသို့ ဆေးအိုးပုတ်အပင်အကြောင်း မေးမြန်းခြင်းများနှင့် လည်ချောင်းကင်ဆာ ဖြစ်ပွားနေသူ၏ မိသားစုများမှ ဆက်သွယ်စုံစမ်းခဲ့သည်။

စုံစမ်းမေးမြန်းမှုများအရ အမှတ်ထင်ထင်ရှိခဲ့သူမှာ မှော်ဘီမှ ဒေါ်ကျင်စန်း ဖြစ်ပါသည်။ မိမိ၏ အလုပ်ဌာန မြန်မာ့သင်္ဘောကျင်းသို့ လူကိုယ်တိုင် လာရောက်ပြီး မေးမြန်းခဲ့ခြင်း ဖြစ်ပါသည်။

လည်ချောင်းကင်ဆာရောဂါခံစားနေရသူ ဦးထွန်းသန်း အသက် (၅၀) နှစ်အတွက် ဆေးအိုးပုတ်အား သုံးစွဲကြည့်လိုသဖြင့် လာရောက် စုံစမ်းမေးမြန်းခြင်း ဖြစ်ကြောင်း လည်ချောင်းကင်ဆာရောဂါ ဖြစ်ပွားနေသဖြင့် တောင်ကြီး စဝ်စံထွန်းဆေးရုံကြီးတွင် ဓာတ်ရောင်ခြည်ကင်နေရကြောင်း၊ ဆေးအိုးပုတ်ရရှိရေးအတွက် ၂၀၁၂ ခုနှစ်၊ ဧပြီလ သင်္ကြန်မတိုင်မီက ကူညီပေးရန် ပြောကြားခဲ့ပါသည်။ မိမိက နွေရာသီဖြစ်သဖြင့် အပင်များပေါက်ရောက်မှုနည်းပါးနိုင်ပါကြောင်း၊ စုံစမ်းပေးမည်ဖြစ်ကြောင်း၊ ရရှိပါက ဖုန်းဆက်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ကံအားလျော်စွာပင် ဖောင်ကြီးတောအုပ်အတွင်း စမ်းချောင်းအနီးမှ ရရှိခဲ့ပါသည်။ ဆေးအိုးပုတ်အရွက်၊ ပင်စည်၊ အမြစ်ပါ ဆာလာအိတ်တစ်အိတ် ရရှိခဲ့သည်။ စာရေးသူလည်း ဒေါ်ကျင်စန်းထံ ရရှိပြီဖြစ်ကြောင်း မနက်ဖြန်နံနက်တွင် လာယူရန် ဖုန်းအကြောင်းကြားရာ ယခုလာယူမည်ဖြစ်ကြောင်း ပြောပြီး မှော်ဘီမြို့မှ မိမိနေအိမ်သို့ ညတွင်းချင်းပင် လာရောက် ယူသွားခဲ့ပါသည်။

ဆေးအိုးပုတ်ပင်၏ မိမိလေ့လာတွေ့ရှိသော အချက်အလက်များ၊ တိုးခ (ပြွန်တန်ဆာ) ၏ ဆောင်းပါး မိတ္တူနှင့် အရွက်စိမ်းလတ်လတ်ဆတ်ဆတ် လက်တစ်ဆုပ်စာကို (စစ်သုံးမတ်ခွက်) ရေသုံးခွက်ဖြင့် ရောကျို၍ တစ်ခွက်ကျန်ပါက တစ်ကြိမ်သောက် ရေနွေးကြမ်းတစ်ပန်းကန် တစ်နေ့ (၃) ကြိမ် သောက်သုံးရန် အညွှန်းများကို သေချာစွာ စာရေး၍ ပေးလိုက်ပါသည်။

တစ်ပတ်အကြာ၌ ဖုန်းဆက်မေးမြန်းခဲ့ရာ ၅-၅-၂၀၁၂ နေ့တွင် ဆေးအိုးပုတ်အရွက်များကို စတင်ပြုတ်သောက်ကြောင်း၊ အခြေအနေမထူးခြားသေးကြောင်း၊ သို့သော်လည်း ဆေးအိုးပုတ်ပြုတ်သောက်ပြီးမှ ဝမ်းမှန်လာကြောင်း၊ ယခင်က ဝမ်းချုပ်တတ်ကြောင်း၊ ဆက်လက် သောက်သုံးနေကြောင်း၊ လူနာကိုယ်တိုင်မှ ကျွန်တော်ထံ စကားပြောရန် အာသီသရှိသော်လည်း စကားမပီမသဖြစ်နေသဖြင့် မပြောနိုင်ကြောင်းကို ဒေါ်ကျင်စန်းမှ ပြောကြားခဲ့ပါသည်။ စာရေးသူမှ အခြေအနေထူးခြားပါက ဖုန်းဆက်ပေးရန် မှာကြားခဲ့သဖြင့် -

ရံဖန်ရံခါ ဖုန်းဆက်ပြောကြားရာတွင် ကင်ဆာဆေးများထိုးပြီးပါက လူနာမှာ ဖလက်ပြသွားကြောင်း၊ အကြောသွင်းထိုးဆေးများနှင့် ဆက်လက်ကုသမှု ခံယူသင့်၊ မယူသင့်မေးမြန်းရာ မိမိမှာ ဆေးဆရာ၊ ဆရာဝန်လည်း မဟုတ်သဖြင့် အကြံဉာဏ်မပေးတတ်ကြောင်း၊ ဆေးအိုးပုတ် သောက်သုံးနေသည်မှာ အဆင်ပြေနေပါက ဆက်လက်သုံးစွဲရန် ပြောပြခဲ့ပါသည်။

နှစ်လခန့်အကြာတွင် ဆေးအိုးပုတ်ရည်ကို နေ့စဉ်သုံးစွဲနေကြောင်း အခြေအနေ ကောင်းမွန်လာကြောင်း လူနာကိုယ်တိုင် စကားပီသစွာ ပြောဆိုနိုင်ပြီ ဖြစ်ကြောင်း ဆက်သွယ်ပြောကြားခဲ့ပါသည်။

(၃) လခန့်အကြာတွင် ထပ်မံ၍ ဝမ်းသာစရာသတင်းကြားခဲ့ရပါသည်၊ လည်ချောင်းကြည့်မှန်ပြောင်းဖြင့် စစ်ဆေးရာ ကင်ဆာဆဲလ်များမရှိတော့ကြောင်း၊ ဆရာဝန်များကိုယ်တိုင် အံ့အားသင့် ဝမ်းသာနေကြကုန်ကြောင်း ထိုနောက် (၄) လအကြာတွင် အကြောသွင်းထိုးဆေးကိုလည်း မလိုအပ်တော့၍ ရပ်တန့်လိုက်ကြောင်း၊ (၆) လအကြာတွင် ထပ်မံ ဆေးစစ်ရာ ကင်ဆာရောဂါဆဲလ်များမရှိတော့ကြောင်း၊ ဆေးကုသမှု ဆက်လက် ခံယူရန် မလိုအပ်တော့သောကြောင့် ယခုအခါ ပုံမှန်အလုပ်လုပ်ဆောင်နေပြီဖြစ်ကြောင်း သိရှိရပါသည်။ ထိုစဉ်ကတည်းက ဆေးအိုးပုတ်၏ ဆေးစွမ်းထက်မြက်မှုများ ပြည့်ပြည့်စုံစုံ အသေးစိတ်ကို အများပြည်သူများအား မျှဝေလိုသဖြင့် ထပ်မံ ရှာဖွေ ဆောင်းခဲ့ပါသည်။ ရရှိသော အချက်အလက်များတို့မှာ စိတ်ကျေနပ်စရာ အထောက်အထား ပြည့်စုံသော၊ လက်တွေ့သိပ္ပံနည်းကျ စမ်းသပ်သုတေသနပြုထားသော အချက်အလက်များ မဟုတ်သဖြင့် ရေးသား တင်ပြရန် နှောင့်နှေးခဲ့ရပါသည်။ ဆေးအိုးပုတ်သုတေသနပြုမှုများကို ဆက်လက်ရှာဖွေခဲ့ပါသည်။ အထောက်အထားပြည့်စုံသော လက်တွေ့သုတေသနပြုမှုများကို တွေ့ရှိခဲ့ပါသည်။ မိမိရှာဖွေလေ့လာခဲ့သော သက်သေ အထောက်အထားများဖြင့် လက်တွေ့သုတေသနပြုမှုများကို အကျဉ်းချုပ် ရေးသားအပ်ပါသည်။

**ဆေးအိုးပုတ်ပင်၏ရုက္ခဗေဒအမည်** -

Melastoma Malabathricm Linn.

**မျိုးရင်း (Family)**

Meliacece.

**အင်္ဂလိပ်အမည်** -

Malabar Goose Berry-Blue Tongue.

**မြန်မာအမည်** -



www.burmeseclassic.com

www.burmeseclassic.com

ဆေးအိုးပုတ်၊ ကျပ်ကလေး၊ ...င်ရေအိုး၊ မျက်ပြူ၊ လင်းတပါးပျဉ်း။

ဒေသအလိုက် အခေါ်အဝေါ် ... တွဲပြားခြားနားပါသည်။

သီရိလင်္ကာ၊ တရုတ်၊ ဂျပန်၊ ...သြစတြေးလျ၊ လာအို၊ အိန္ဒိယ၊ နီပေါ၊ ...ရှား၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ အင်ဒို ... ထိုင်း၊ ဗီယက်နမ်၊ မြန်မာနိုင်ငံ ...သည့် နိုင်ငံတကာတွင် တိုင်းရင်းဆေး ...အဖြစ် အသုံးပြုခဲ့ပါသည်။

ဆေးအိုးပုတ်၏ ဆေးဝါးအဖြစ် ...ပြုနိုင်သည့် သက်သေအထောက် ... အပြည့်အစုံကို Evidenence ...ased Complementary And Alterna...tive Medicine Volume 2012 (2012) ...ticle ID 258434, 48 Pages တွင် ...ပြထားပါသည်။ ထို့အပြင် Indian ...urnal of Pharmaceutical Sciences ... ဂျပန်၊ စင်ကာပူနိုင်ငံများမှ ...သုတေသနပြုမှုများကို ခြုံငုံ၍ ...ပြလိုပါသည်။

**...တိုင်းရင်းဆေးများအဖြစ် အသုံးပြုမှုများ**

**(...ETHNOMEDICINAL USES)**

ဆေးအိုးပုတ်ကို မလေးရှား၊ ... တရုတ်၊ အင်ဒိုနီးရှား၊ တိုင်ပေ၊ ...တေးလျ၊ ပစိဖိတ်သမုဒ္ဒရာပတ်ဝန်း... အိန္ဒိယသမုဒ္ဒရာပတ်ဝန်းကျင် ...တောင်အာရှ စသည့် နိုင်ငံများ ... တိုင်းရင်းဆေးအဖြစ် သုံးစွဲခဲ့ကြပါ... အရွက်၊ အမြစ်၊ အစေ့၊ အခေါက်၊ ... ပန်းပွင့်များကို ရောဂါအမျိုးမျိုး ... အသုံးပြုခဲ့ပါသည်။ ဝမ်းလျှော၊ ...ခြင်း (Diarrhoea)၊ ဝမ်းကိုက် (... Dysentery)၊ အဖြူဆင်းခြင်း (Le...rrhoea)၊ လိပ်ခေါင်းရောဂါ (Piles ...morrhoids)၊ ဒဏ်ရာအနာတရဖြစ် ... သွားကိုက်ခြင်း၊ ဝမ်းဗိုက်နာခြင်း၊ ...ခြင်း (Flatulence)၊ ရောင်ရမ်းဖော ...ခြင်း၊ ကင်ဆာအကျိတ်ရောဂါများ ... တိုင်းရင်းဆေးအဖြစ် သုံးစွဲခဲ့ကြ...သည်။

ဆေးအိုးပုတ်အစေ့မှ ထုတ်လုပ် ...သောဆေးသည် ဝမ်းကိုက်၊ ဝမ်း...ခြင်းကို ကုသသည့်ဆေး (Poh Chi) ... တရုတ်ပြည်တွင် ထင်ရှားပါ... ထိခိုက်ဒဏ်ရာရရှိမှုများကို ဆေး...အရွက်ကို ခြေမွပြီး (သို့) ဝါး၍ ...သုံးဆေးအဖြစ် လည်းကောင်း၊ ...အရည်ကိုညှစ်ယူပြီး သွေးထွက်နေမှုကို ရပ်တန့်ရန်သော် လည်းကောင်း လိမ်းကျံနိုင်ပါသည်။ အရွက်များကို ကလေးများတွင်ပေါက်တတ်သည့် ရေကျောက်ကာကွယ်ဆေး၊ အားတိုးဆေး၊ ဝမ်းကိုက်ပျောက်ဆေး၊ လမစေ့ဘဲ မွေးဖွားခြင်းများတွင် အသုံးပြုနိုင်ပြီး အရွက်အနှ၊ အညွန့်များကို အစာကြေဆေး၊ သားအိမ်ရောင်ခြင်း၊ ရောဂါပိုးဝင်ခြင်း၊ ကလေးမွေးဖွားပြီးအဖျားဝင်ခြင်း၊ (Puerperal Infection) ရောဂါပိုးဝင်ခြင်းနှင့် သွေးတိုး၊ ဆီးချိုရောဂါများ ကုသပါသည်။ အညွန့်အရွက်ကို သွားကိုက်ပါက ဆေးရည်ဖြစ်အသုံးပြုသည်။ အရွက်ကို အရေပြားရောဂါများ၊ ဝက်ခြံ၊ သားဖွားပြီးစမိခင်များ သားအိမ်ကျက်ဆေး၊ သားအိမ်ကျုံ့ဆေး၊ သားအိမ်အားဆေးအဖြစ် သုံးစွဲကြ၍ ခြေထောက်များရောင်ရမ်းခြင်း၊ လေးဖက်နာ၊ ဝက်ရူးပြန်ရောဂါ၊ သွက်ချာပါဒရောဂါများကိုပါ ကုသကြ၏။ ကလေးငယ်များပါးစပ်တွင်ဖြစ်တတ်သော မှိုစွဲနာ၊ မှက္ခရုရောဂါ၊ Thrushအတွက် အမြစ်ကို သွေးလိမ်းပေးနိုင်ပါသည်။

ပန်းပွင့်ကို အိန္ဒိယနိုင်ငံတွင် ကင်ဆာရောဂါများ ကုသ၍ အရွက်နှင့် အပွင့်များကို ကာလဝမ်းရောဂါ (Cholera)၊ အဖျားရောဂါ၊ ရာသီသွေးများခြင်း၊ ထိမ်ခြင်း၊ အားအင်ချိနဲ့ခြင်း၊ အာရုံကြောအားနည်းခြင်းများအတွက် ဆေးဝါးအဖြစ် သုံး၏။ အသီးကို နုတ်ခမ်းခြောက်ကွဲခြင်း၊ အသည်းရောင်အသားဝါ၊ ဆီးရောဂါများအတွက် အသုံးပြုကြပြီး အရွက်ပြုတ်ရည်ကို ပလုတ်ကျင်းသည့်ဆေးရည်၊ ပါးစပ်သန့်စင်ဆေးအဖြစ် အသုံးပြုခဲ့ကြပါသည်။ ထိုကဲ့သို့ တိုင်းရင်းဆေးအဖြစ် အလွန်အသုံးဝင်သည့် ဆေးအိုးပုတ်ကို ခေတ်မီသိပ္ပံနည်းဖြင့် ဓာတ်ခွဲစမ်းသပ်သုတေသနပြုသောအခါ ခေတ်မီဆေးဝါးများအဖြစ် အသုံးပြုနိုင်ကြောင်း ဖော်ထုတ်နိုင်ခဲ့ပါသည်။

**ဆေးဝါးအဖြစ်အသုံးပြုနိုင်မှုများ** (Pharmacological- Activity)

သိပ္ပံနည်းကျ ဆေးအိုးပုတ်၏ အရွက်၊ အခေါက်၊ အမြစ်၊ ပန်းပွင့်များ၊ အသီး၊ အစေ့တို့မှ အဆီအနှစ် များကို အီသနောအရက်၊ မက်သနောအရက်၊ ရေစသည့် အရည်တို့ဖြင့် ထုတ်ယူခဲ့ပါသည်။ ထိုအဆီအနှစ်များဖြင့် လက်တွေ့သုတေသန စမ်းသပ်မှုအရ အောက်ပါဖော်ပြအတိုင်း ဆေးဝါးအဖြစ် အသုံးပြုနိုင်ကြောင်း တွေ့ရှိရပါသည်။

**၁။ ဗက်တီးရီးယားရောဂါပိုးများကို သေစေနိုင်ခြင်း** (Antibacterial Activity)

ဆေးအိုးပုတ်၏ အရွက်၊ ပင်စည်၊ ပန်းပွင့်များကို မတ်သနောအရက် ပြင်းအား (၇၀) ရာခိုင်နှုန်းဖြင့်သော် လည်းကောင်း၊ *ရေဖြင့်သော် လည်းကောင်း* ထုတ်ယူရရှိသော အဆီအနှစ်များဖြင့် ဗက်တီးရီးယားရောဂါပိုးများကို စမ်းသပ်ခဲ့ပါသည်။ ဆေးအိုးပုတ်အဆီအနှစ်ကို သတ်မှတ်ထားသည့် (Chlorampheniol) ကလိုရိုဖီနီကော၊ (Tetracycline) တထာဆိုင်ကလင်း စသည့် (Antimicrobial Reference) စံချိန်စံညွှန်းများအတိုင်း အသုံးပြုခဲ့ပါသည်။ ဗက်တီးရီးယား အော်ဂနစ်စင်ရောဂါပိုးများ ဖြစ်သော S.Aureus, S.Cerevisiae, F.Oxysporum တို့ကို သေစေနိုင်ကြောင်းအပြင် မှိုပေါက်ဖွားမှုကို ဆန့်ကျင်နိုင်သော အာနိသင်ရှိကြောင်း တွေ့ရှိခဲ့ရပါသည်။

**၂။ ဗိုင်းရပ်စ်ရောဂါပိုးများကို ဆန့်ကျင်သေစေနိုင်သည့်အရည်အသွေး** (Antiviral- Activity)

မက်သနောအရက်ပြင်းအား(၇၀) ရာခိုင်နှုန်းနှင့် ဆေးအိုးပုတ်မှ ထုတ်ယူရရှိသော အဆီအနှစ်ဖြင့် ဗိုင်းရပ်စ်ရောဂါပိုးများအား စမ်းသပ်သုတေသနပြုခဲ့ရာ (HSV)-1(or) Measles Viruses ဝက်သက်ရောဂါပိုးနှင့် (Polio- v i r u s ) ပိုလီယိုအကြောသေရောဂါပိုးများကို သေစေနိုင်ကြောင်း တွေ့ရှိရပါသည်။

**၃။ ကပ်ပါးရောဂါပိုးများကို ဆန့်ကျင်သေစေနိုင်သည့် အရည်အသွေး** (Antiparasitic Activity)

မက်သနောအရက်ပြင်းအား(၇၀) ရာခိုင်နှုန်းနှင့် ဆေးအိုးပုတ်မှ ထုတ်ယူရရှိသည့် အဆီအနှစ်ဖြင့် ကပ်ပိုးရောဂါပိုးများအား စမ်းသပ်သုတေသနပြုခဲ့ရာ သန်ကောင်၊ တုပ်ကောင်များကို သေစေနိုင်ကြောင်း သိရှိရပါသည်။

**၄။ ဓာတ်တိုးဆန့်ကျင်သည့် အရည်အသွေး** (Antioxidant Activity)

ဆေးအိုးပုတ်မှ အီသနောအရက်နှင့်ထုတ်ယူသော အဆီအနှစ်ဖြင့် ဖရီးရယ်ဒီကယ်များကို သုတေသနပြုရာတွင် ဖရီးရယ်ဒီကယ်များကို ရှင်းလင်းရေးအတွက် အကောင်းဆုံးဖြစ်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com

နှင့် ဆေးအိုးပုတ်တွင် ဓာတ်တိုးဆန့်ကျင်သည့် အရည်အသွေးရှိသည့် (Antioxidant Activity) ဇီတာမင်စီ၊ ဇီတာမင်အီး (Flavonoids Glucoside) များ ပါဝင်ကြောင်း တွေ့ရှိရပါသည်။

**၅။ ကင်ဆာရောဂါဆန့်ကျင်သည့်အရည်အသွေး** (Cytotoxic Activity)

ဆေးအိုးပုတ်မှမက်သနော‌အရက်ဖြင့် ထုတ်ယူရရှိသော အဆီအနှစ်များကို ကင်ဆာဆဲလ်များဖြစ်သော အဆုတ်ကင်ဆာဆဲလ်များ (Lung Carcinoma Cells)၊ သွေးကင်ဆာရောဂါဆဲလ် (Leukaemic Cells)၊ သွေးဥဖြူကင်ဆာ၊ သွေးကင်ဆာ၊ (Chronic Myeloid Leukaemia) ဦးနှောက်အကျိတ်ကင်ဆာဆဲလ်(Glioblstoma)၊ ရင်သားကင်ဆာ (Mammary Carcinoma) စသည့် ကင်ဆာဆဲလ်များဖြင့် စမ်းသပ်ခဲ့ရာ လူအများတွင် ဖြစ်ပွားတတ်သော ကင်ဆာဆဲလ်များကို ဆန့်ကျင်သေစေနိုင်ကြောင်းနှင့် ကင်ဆာအကျိတ်ဆဲလ်များကြီးထွားမှုကို ရပ်တန့်စေနိုင်ကြောင်း တွေ့ရှိရပါသည်။

**၆။ သွေးခဲမှုကို ဆန့်ကျင်သည့် အရည်အသွေး** (Anticogulant Activity)

သွေးကြောအတွင်းသွေးခဲမှုနှင့် သွေးခဲပိတ်ဆို့မှု (Blood Clotting) ကို ဆေးအိုးပုတ်အရွက်များမှ ထုတ်ယူရရှိသော အဆီအနှစ်များနှင့် အသက် (၁၈) နှစ်မှ အသက် (၅၀) နှစ်ရှိ နှလုံးသွေးကြောရောဂါသည်များတို့၏ သွေးနမူနာများဖြင့် စမ်းသပ်ခဲ့ရာတွင် သွေးကြောအတွင်းသွေးခဲခြင်း၊ သွေးခဲပိတ်ဆို့ပိတ်ခြင်းမဖြစ်နိုင်ကြောင်းနှင့် သွေးခဲဖတ်များဖြစ်ပေါ်ခြင်းကိုဆန့်ကျင်နိုင်ကြောင်း တွေ့ရှိရပါသည်။

**၇။ ထိခိုက်အနာများကို ကုသနိုင်သည့် အရည်အသွေး** (Wound Healing Activity)

ဆေးအိုးပုတ်မှထုတ်ယူရရှိသော အဆီအနှစ် (၅) ရာခိုင်နှုန်းပါဝင်သော လိမ်းဆေး (Ointment) သည် (၁၀) ရက်ခန့်တိုင်အောင် အနာမကျက်သော အနာများကို ပျောက်ကင်းစေနိုင်ကြောင်း သိရှိခဲ့ရပါသည်။

**၈။ သွေးယိုစိမ့်မှုအနာကို ကုသနိုင်သည့် အရည်အသွေး** (Antiulcer Activity)

ဆေးအိုးပုတ်မှထုတ်ယူရရှိသော အဆီအနှစ်များသည် အစာအိမ်လမ်းကြောင်းအတွင်း သွေးယိုစိမ့်သည့်အနာ၊ အရက်သောက်သုံးမှုကြောင့်ဖြစ်သော အစာအိမ်နာ စသည့် သွေးယိုစိမ့်သည့် အနာများ ပျောက်ကင်းစေနိုင်ကြောင်း တွေ့ရှိရပါသည်။

**၉။ ဝမ်းလျှော၊ ဝမ်းပျက်ခြင်းကို ကုသနိုင်သည့် အရည်အသွေး** (Antidiarrheal Activity)

ဆေးအိုးပုတ်မှ ထုတ်ယူရရှိသော အဆီအနှစ်သည် ဝမ်းလျှော၊ ဝမ်းသွားခြင်းများ ပျောက်ကင်းစေနိုင်ပါသည်။

**၁၀။ အဆိပ်ပြေစေသည့် အရည်အသွေး** (Anti venom Activity)

ရေဖြင့် ထုတ်ယူထားသော ဆေးအိုးပုတ်အဆီအနှစ်သည် အင်းဆက်ပိုးမွှားများကိုက်ခြင်းနှင့် ကင်းမလက်မည်း အဆိပ်ကို ပြေစေနိုင်ကြောင်း တွေ့ရှိရ၏။

**၁၁။ ရောင်ရမ်းခြင်းကို ကုသနိုင်သည့် အရည်အသွေး** (Anti inflammatory Activi ty)

ဆေးအိုးပုတ်မှ ရေဖြင့်ထုတ်ယူသော အဆီအနှစ်ဆေး၏ (၁၀) ရာခိုင်နှုန်း၊ (၂၀) ရာခိုင်နှုန်း၊ (၅၀) ရာခိုင်နှုန်း၊ (၁၀၀) ရာခိုင်နှုန်း စသည်ဖြင့် (၄၈. ၇ မီလီဂရမ်/ ကီလိုဂရမ်) ကို တိုက်ကျွေးရာ (၁)နာရီအတွင်း ရောင်ရမ်းမှုကျဆင်းစေနိုင်ကြောင်းတွေ့ရှိရ၏။ ခန္ဓာအလေးချိန် (၁) ကီလိုဂရမ်ရှိပါက (၄၈. ၇) မီလီဂရမ်ကို တိုက်ကျွေးရပါမည်။

**၁၂။ အဖျားကျဆေး၊ အပူကျဆေးအဖြစ် အသုံးပြုနိုင်မှု** (Antipyretic Acivity)

သတ်မှတ်ထားသည့် ဆေးအိုးပုတ်အရွက်များ၏ အဆီအနှစ်များကို ဖျားနေသည့် အပူချိန်မြင့်တက်နေသောသူများအား တိုက်ကျွေးရာ (၆) နာရီအတွင်းကိုယ်ပူကျစေကြောင်းတွေ့ရှိရပါသည်။

**၁၃။ အဆိပ်အတောက်ဖြစ်ပေါ်မှု စမ်းသပ်လေ့လာခြင်း** (Toxicity Study)

ဆေးဝါးများထုတ်ရာတွင် အဆိပ်အတောက် ဘေးထွက်ဆိုးကျိုးများရှိတတ်ပါသည်။ရောဂါပျောက်ကင်းသည်ထက် ဘေးထွက်ဆိုးကျိုးများစွာ ပိုမိုများရှိလျှင် ထိုဆေးကို မသုံးသင့်ကြောင်း သိပ္ပံပညာရှင်များကဆိုပါသည်။ အဆိပ်အတောက်ဖြစ်ပေါ်နိုင်မှုကို ဆေးအိုးပုတ်အဆီအနှစ် (Extract) ကို သုံးစွဲ၍ (၆၂. ၅)၊ (၁၂၅)၊ (၁၅၀)၊ (၂၅
(၅၀၀)၊ (၁၀၀၀)၊ (၂၀၀၀) မီလီဂရ
ကီလိုဂရမ် စသည့် ပမာဏများ
ကွက်များကို တိုက်ကျွေးခဲ့ပြီး ပုံ
အစားအစာနှင့် ရေများကို ဂရုတစိ
ကျွေးမွေးစောင့်ကြည့်ခဲ့ပါသည်။ ကြွ
၏ အလေးချိန် (၁) ကီလိုဂရမ်ရှိပ
အများဆုံးပမာဏဖြစ်သော ဆေး
ပုတ်အဆီအနှစ် (၂၀၀၀) မီလီဂ
တိုက်ကျွေးခဲ့ရာ အားနည်းခြင်းအ
အလာ၊ အခြေအနေပြောင်းလဲခြ
အန္တရာယ်လုံးဝမရှိကြောင်း၊ ဘေးထွ
ဆိုးကျိုးလုံးဝမရှိကြောင်း တွေ့ရှိ
သည်။

အထက်ဖော်ပြပါ အချက်
သည် လက်တွေ့သုတေသနလုပ်ဆေ
ချက်များကို အကျဉ်းချုပ် တင်ပြ
ခြင်းသာ ဖြစ်ပါသည်။ ပြည်သူမျ
ကျန်းမာရေးနှင့် မြန်မာတိုင်းရင်းဆေ
အဆင့်အတန်းမြင့်မားလာရေးအတွ
ရည်ရွယ်၍ ဤဆောင်းပါးကို ရေး
ရပါသည်။ လေ့လာသုတေသနပြု
များအတွက် အထောက်အကူဖြစ်
ရန် မူရင်းစမ်းသပ်သုတေသနပြု
တမ်းများ စာရေးသူထံတွင် ရှိပါသ
လေ့လာ သုတေသနပြုလိုပါက သ
မဂ္ဂဇင်းမှတစ်ဆင့် စာရေးသူထံ ဆ
သွယ်တောင်းခံနိုင်ပါသည်။ မြန်မာ
ဖလာ တိုင်းရင်းဆေးဝါးအပင်များ
မှတ်ကျောက်တင်ခံနိုင်သည့် စမ်း
သုတေသနပြုမှုများ လိုအပ်ပါသ
ထိုကဲ့သို့ ပြုလုပ်နိုင်ရန် လိုအပ်သ
အထောက်အပံ့များသာမက ကျွမ်း
သည့် အရည်အချင်းရှိသောသုတေ
ပညာရှင်များကိုလည်း ပြုစုပျိုးထောင်
လိုအပ်လျက်ရှိပါသည်။ အတွေ့အ
အရ (Experience based medic
သုံးစွဲခဲ့သည်ကို အခြေခံပြီး သတ်
အထောက်အထားခိုင်လုံသည့် တိုင်
ဆေးများ (Evidence based medic
အဖြစ် ပြည်သူများ ယုံကြည်စိတ်
ဖြင့် သုံးစွဲနိုင်ရန် သုတေသနပညာ
များမှ သုတေသနပြုမှုများ ပြုလုပ်
ပါကြောင်း တိုက်တွန်း ရေးသားအ
သည်။

စွမ်းထက်

ကိုးကား -

*မြန်မာ့ဆေးဝါးပင်များ*
*(အင်တာနက်)*



www.burmeseclassic.com

www.burmeseclassic.com

ကျော်ကြားသောအင်္ဂလိပ်ပညာရှင်အချို့၏ ၄၁

# အင်္ဂလိပ်ပညာဆိုင်ရာအတွေးအကြံများ

(အာယုဝဍ္ဎ)

ဆရာဦးသက်ထွန်းလင်း

ာကျမ်းလာအင်္ဂလိပ်ပညာနှင့်
်သည့် အရေးကြီးသော ဥပဒေ
ောတရားတို့မှာ အောက်ပါအ
ဖြစ်၏။

■သဘာဝသည် သဘာဝတွင်သာ
၏။

■သဘာဝသည် သဘာဝကိုသာ
င်၏။

■သဘာဝသည် သဘာဝကို
နိုင်၏။

■သဘာဝသည် သဘာဝကို
၏ ဟူ၍ ဖြစ်၏။

အင်္ဂလိပ်ပညာရပ်သည် သဘာဝ
ဆန့်ကျင်ဘက်သဘောတရား
ကူးပြောင်းခြင်း မဟုတ်ပေ။
အင်္ဂလိပ်ပညာ၏ သဘာဝမှာ
တူသည့် တစ်ခုတည်းသော
ဖြင့်သာ ပြောင်းလဲခြင်း ဖြစ်၏။
နည်းလမ်းတို့သည် ကြီးကျယ်
လဝီရိယနှင့် သတိဆင်ခြင်တုံ
၏ ပြောင်းလဲခြင်းသာ ဖြစ်၏။
ကျမ်းသည် ကျွန်ုပ်အား များစွာ
ပေးပြီး ကျွန်ုပ်၏ အမှားအ
ယွင်းကိုလည်း သိမြင်စေခဲ့၏။

အကျိုးမရှိ အရာမထင်စေဘဲ ငွေကုန်ကြေးကျများစေသော ဖြစ်ရပ်များကို နောက်ထပ်မဖြစ်ရလေအောင် ကျွန်ုပ်သည် ဤအချက်များကို ထပ်မံ၍ တွေးခေါ်နေမိပါသည်။ ညပေါင်းများစွာ အိပ်မပျော်ဘဲ ကိုယ့်ကိုယ်ကိုယ် ပြန်လည်ဆန်းစစ်သဖြင့် အောက်ပါကောက်ချက်ကို ချလိုက်ပါသည်။

ဤပညာရပ်နှင့် ပတ်သက်၍ သူတစ်ပါးအား မေးမြန်းခြင်း၏ ရည်ရွယ်ချက်ကား အဘယ်ပါနည်း။ မိမိကိုယ်ကို အဓိပ္ပာယ်မဲ့ နှိပ်စက်ခြင်းလော။ လူတစ်ယောက်သည် ဤပညာကို တတ်မြောက်ပါက ဘယ်နည်းနှင့်မျှ ဤပညာ၏ လျှို့ဝှက်ချက်ကို ပြောပြမည် မဟုတ်ပေ။ သူမသိလျှင်လည်း အကယ်၍လျှို့ဝှက်ချက်ကို အမှန်တကယ်သိသူမဟုတ်ပါက သူနှင့် ရင်းနှီးကျွမ်းဝင်ရန် ငွေကုန်ကြေးကျ





www.burmeseclassic.com

www.burmeseclassic.com

ကျခံခြင်းအတွက်ကော မည်သည့် အကျိုးရှိပါမည်နည်း

ကျွန်ုပ်သည် လေ့လာစဉ်က ထိုအချက်ကို အထူး ဦးစားပေး လေ့လာခဲ့ပြီး ကျမ်းများကလည်း ထိုအချက်ကို ဖော်ပြခဲ့၏။ ဤကျမ်း၌ အမှန်တရားပါရှိသည့် သဘောတူညီမှုရှိသည့်နေရာတွင်သာ အမှန်တရားရှာရမည့် အချေအတင် ငြင်းဆိုခြင်းတွင်လည်း အမှန်တရား (ဝါ) သစ္စာတရား မရှိနိုင်ပါ။ ဆံပင်၊ မွေးညှင်း အစရှိသည်တို့ကို ဖွဲ့နွဲ့၍ ရေးသား ပြောဆိုကြသူများသည် တကယ့်သဘာဝ၏ အမှန်တရားကို မသိနားမလည်သူဖြစ်ကြောင်း ကျွန်ုပ်သဘောပေါက်လာတော့၏။

ဘားနဒ်၏ ဇာတ်လမ်းကလည်း မကြာမီဇာတ်သိမ်းသွားပေတော့မည်။ ဤအမှားအယွင်းပေါင်းစုံတို့ကို သဘောပေါက်သွားသော အဂ္ဂိရတ်ပညာရှင်တို့သည် ကျမ်းကို ဆက်လက် လေ့လာခြင်းဖြင့် အနည်းဆုံးတော့ ဓာတ်လုံးရရှိနည်းကို သိရှိပေလိမ့်မည်။ သို့ရာတွင် သူ၏ ဝေဖန်ချက်ကား ခါးသီးသော ဝေဖန်ချက် ဖြစ်၏။

ပြဒါးရှင်လုံးကို ကျွန်ုပ်ရရှိလာသောအခါတွင်ကား ကျွန်ုပ်၏ အသက်မှာ (၇၄) နှစ်ရှိပြီဖြစ်၏။ ဤလုပ်ငန်းကို စတင် လုပ်ကိုင်စဉ်အခါက ကျွန်ုပ်၏ အသက်မှာ (၁၇)နှစ်သာရှိသေး၏။ မသိနားမလည်မှုတို့၏ ကြီးစိုးခြင်းကိုခံရသော အဂ္ဂိရတ်ပညာရှင်များသည် ရုပ်ဝတ္ထုပေါင်းစုံကို အသုံးပြု၍ ဓာတ်လုံးဖြစ်မြောက်ရန် ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ကြပေ။ ထို့ကြောင့်လည်း ဘားနဒ်က အဂ္ဂိရတ်ပညာကို သာမန်ဓာတုသိပ္ပံ ပညာရပ်တစ်ခုထက်ပို၍ အလေးထား လေ့လာခြင်း ဖြစ်၏။

DE SECRETISSIMO ကျမ်းကို ရေးသားသူကလည်း အဂ္ဂိရတ်ပညာသည် ဓိညာဏဓာတ်ပြောင်းလဲမှုကို ဖြစ်စေသည့် လျှို့ဝှက်နည်းပညာဟု သတ်မှတ်ခဲ့လေသည်။

ဤသို့သော ဘားနဒ်၏အတ္ထုပ္ပတ္တိတစ်ရပ်ကို ဒင်းနစ်ဇာချရီ ဆိုသူက ရေးသားပြုစုပေးရန် အပ်နှံသည့် အထောက်အထားလည်းရှိ၏။ ထိုကျမ်းစာရေးရန် အပ်နှံသူသည် (၁၆) ရာစုနှစ်တွင် နေထိုင်သက်ရှင်ခဲ့သူဖြစ်၏။ သူက သူကိုယ်သူ ရိုင်းနီးမှ လူကြီးလူကောင်းဟု ဖော်ပြခဲ့၏။ သူအသက် (၂၀) မှစ၍ အဂ္ဂိရတ်ပညာကို စိတ်ဝင်စားခဲ့၏။ သူသည် အကြိမ် (၁၀၀) ခန့် အကျိုးမဲ့အချည်းနှီးကြိုးပမ်းမှုကြောင့် ထိုသူသည်လည်း ချမ်းသာသမျှ ကုန်ဆုံးခဲ့ရ၏။ သူ့အား အကြံပေးတိုက်တွန်းသူမှာ ပါရဂူဟုထင်ရသူတစ်ဦး ဖြစ်နေ၏။ သူသည် ရှိသည့်ပစ္စည်းများကုန်ခန်းသွားသောအခါတွင်မှ အသက် (၄၀) အရွယ်တွင် ဒဿနကျမ်းကြီးကျမ်းခိုင်များ ဖတ်ရှုပြီးနောက်တွင်မှ အဂ္ဂိရတ်ပညာကို သဘောပေါက်ပြီး ဓာတ်လုံးအောင်မြင်ခဲ့၏။

သတ္တုဗေဒသဘာဝဒဿနလက်ကမ်းစာစောင်ကျမ်း (PAMPHLET ON THE NATURAL PHILOSOPHY OF METAL) ကျမ်းစာသည် ဘားနဒ် ရေးသားခဲ့သည့်အကြောင်းအရာနှင့် ဆင်တူနေ၏။ သို့သော် ၎င်းကျမ်းကိုပင် ကျမ်းကောင်းတစ်အုပ်အဖြစ် ဖော်ပြထား၏။ ၎င်းကျမ်းတွင် နီကိုလပ်ဖလာမေး၏ ကျမ်းနှစ်စောင်လုံးတွင် ပါရှိနေသည့် သင်္ကေတဝါဒဆိုင်ရာကိုလည်း အဓိကမီးမောင်းထိုးပြထား၏။

သူ၏ ဓာတ်ပိုင်းဆိုင်ရာ ပထမဆင့်၏အောင်မြင်မှုကို အီစတာနေ့တွင် ရရှိသည်ဟူ၍ ဖော်ပြထားခြင်း၏ အဓိပ္ပာယ်မှာ -

အဂ္ဂိရတ်ပညာလမ်းစဉ်၏အဓိကရည်ရွယ်ချက်မှာ သက်မဲ့ရုပ်ဝတ္ထုတစ်ခုကို သေဆုံးနေရာမှ ပြန်လည် ရှင်သန်၍ မြင့်မြတ်သော ပြည့်စုံပြီးမြောက်ခြင်း (divine perfection) သို့ရောက်ရှိအောင် ကြံစည် လုပ်ကိုင်သည့် နည်းပညာဟု အဓိပ္ပာယ်ရှိပါသည်။ ထိုကိုရည်ရွယ်၍ ဆိုလိုရင်း ဖြစ်ပါသည်။ ထို့ကြောင့် ဤပညာရပ်သည် မယုံကြည်နိုင်လောက်အောင် ထူးခြားသော လက်တွေ့ပညာရပ် ဖြစ်ပါသည်။ ထို့ကြောင့် ဤလုပ်ငန်းကိုပြုလုပ်ကြသူများသည် ငွေကြေးချမ်းသာသူများ၊ မထင်ရှားသော အဂ္ဂိရတ်ပညာရှင်များစွာတို့က လုပ်ကိုင်ခဲ့ကြခြင်းဖြစ်၏။ ဘားနဒ်က (၁၅) ရာစု၏ အဂ္ဂိရတ်ပညာတွင် ပညာရပ်၏ အမှန်တရားနှင့် ကိုက်ညီသူများဟု ရည်ညွှန်းထားပါသည်။ အဂ္ဂိရတ်လက်ရေးမူကျမ်းများသည် (၁၅) ရာစုတွင် (၁၄) ရာစုနှင့် နှိုင်းစာပါက ပိုမိုများပြားလှသည်ကို တွေ့ရသဖြင့် အဂ္ဂိရတ်ပညာ၏ ကျယ်ပြန့်လာသည့် လက္ခဏာတစ်ရပ်ဟု ဆိုရမည် ဖြစ်ပေသည်။

ဤရာစုနှစ်တွင် ရေးသားသည့်ကျမ်းများသည် ထင်ရှားသည့် ပညာရှင်အများအပြားကို ဖော်ထုတ်ခဲ့၏။ ၎င်းတို့မှာ Egidius of Vadis, Anthony of
Abbatin, Nicolas of Spain, Nicol[illegible]
of Prcussia, Gerald of Aqutaine နှ[illegible]
ဥရောပတစ်ခွင်ရှိ များပြားစွာသော
ပညာရှင်များ ဖြစ်ကြ၏။

သမိုင်းတွင် နေရာရသင့်သ[illegible]
အဂ္ဂိရတ်ပညာရှင်အနည်းငယ်မှာ ၁၄[illegible]
ပြည့်နှစ်တွင် ပေါ်ပေါက်ခဲ့သည့် ပဲ[illegible]
ခရစ်တိုဖာ၊ ဂျော့ရစ်ပလီနှင့် သော[illegible]
နော်တွန်းတို့ ဖြစ်၏။ ဂျော့ရစ်ပလီ[illegible]
ယောရှိုင်းယားပြည်နယ် ရစ်ပလီရွာ[illegible]
မွေးဖွားခဲ့ပြီး သူ၏ အဂ္ဂိရတ်ကျ[illegible]
၁၄၅၀ ပြည့်နှစ်မှ ၁၄၇၆ ခုနှစ်၏ [illegible]
ကြားကာလတွင် ရေးသား ပြုစုခဲ့၏။ [illegible]
သည် အီတလီတွင် ခရီးသွား[illegible]
လေ့လာခဲ့၏။ သို့ရာတွင် သူသည် [illegible]
ကျွန်း၌နေစဉ်တွင် ဂျေရုဆလင်မှ [illegible]
ဂွန်း၏ သူရဲကောင်း ညွှဲ့သည်[illegible]
အဖြစ်ရှိနေချိန်၌ သူသည် ဤပညာ[illegible]
လေ့လာခဲ့၏။

၁၄၇၁ ခုနှစ်၌ သူသည် အင်[illegible]
သို့ ပြန်လာပြီး ဘရိုက်လင်တန်[illegible]
ဩဂတ်စတင်းဂိုဏ်းကို အခိုင်အမာ[illegible]
ထောင်ခဲ့၏။ လူအများက သိထား[illegible]
မှာ သူသည် အဂ္ဂိရတ်စမ်းသပ်မှု[illegible]
အဆုံးသတ်ခဲ့ပြီဟု သိရှိထားကြ၏။ [illegible]
သည် ၁၄၇၀ ပြည့်နှစ်၌ လက်တင်[illegible]
သာဖြင့် ဂိတ်တံခါး (၁၂) ချပ်[illegible]
(THE BOOK OF TWELVE GA
ကို ထုတ်ဝေခဲ့ရာ နာမည်ကြီးကျော်[illegible]
ခဲ့၏။ အင်္ဂလိပ်ဘာသာဖြင့် အ[illegible]
ဓာတ်ပေါင်းစုကျမ်း (COMPOUN[illegible]
ALCHEMY) ကိုလည်း ပြုစုခဲ့၏။

ထို့နောက် ၁၄၇၆ တွင် အ[illegible]
ပညာ၏အနှစ်သာရကျမ်းကိုမူ [illegible]
ဖေး(ယော့မြို့၏ဂိုဏ်းချုပ်)ကို [illegible]
၍ ရေးသားခဲ့ခြင်း ဖြစ်၏။ [illegible]
ကန်တလီအောတေးသီချင်းကို [illegible]
၏။ ထိုတေးသည် အဂ္ဂိရတ်ပညာ[illegible]
ပါရှိသောအရောင်များ၏ အကြော[illegible]
ဖွဲ့ဆိုထား၏။ ထိုအရောင်မ[illegible]
အနက်ရောင်၊ အဝါရောင်၊ [illegible]
ကွက်ရောင် (စိမ်းပြာ)၊ သက်တံ[illegible]
အစိမ်းရောင်၊ အပြာရောင်၊ အ[illegible]
မီးခိုးရောင်နှင့် အဝါဖျော့ရောင်[illegible]
၏။ ၎င်းတို့သည် အသက်ရှည်[illegible]
နောက်ဆုံးအဆင့်ကိုရောက်ရန် [illegible]
ရောင် အဓိကအဆင့်ဖြစ်ရန်လို[illegible]
သူသည် ရစ်ပရီ၏ အပြင်[illegible]
ပတ်သက်၍ ထူးခြားသူ ဖြစ်[illegible]
ပြည့်နှစ်တွင် ရေးသည့်ကျမ်း၌ [illegible]



www.burmeseclassic.com

www.burmeseclassic.com

တစ်ကောင်သည် ပုတ်သင်ညိုတစ်ကောင်အသွင်ဖြင့် လည်းကောင်း၊ ဖားပြုပ်သည် အိုးပတ်အရောင်ရှိသည့် ပုတ်သင်ညိုတစ်ကောင်ကဲ့သို့ ဖြတ်သန်းသွားသည်ဟု ဖော်ပြထား၏။

သူ့အား သူနှင့် ခေတ်ပြိုင် ပညာရှင် လင်းသွန်းဒိုက်က အလွန်မိုက်မဲပြီး ညံ့ဖျင်းသော စာများ' ဟု သတ်မှတ်ခဲ့၏။ သို့သော် ၎င်းတို့အား အင်္ဂါရိပ်လေ့လာလိုက်စားသူများက လွန်စွာ အလေးထားကြ၏။ ကျမ်းတစ်အုပ်လုံးမှာ ထိုအချက်အလက်များကို ပြည့်စုံစွာ ရှင်းပြထားလေ၏။လွန်ခဲ့သော ၁၂ ရာစု ခေတ်က ဖိုဆီမော့၏ သဘောတရားကို အခြေခံ၍ ရစ်ပလီသည် သူ၏ မှုန်မွှားသော စက္ကူအာရုံအမြင်ဖြင့် ညတစ်ညတွင်တွေ့ရှိရသောသူ၏အမြင်ကို ဖော်ပြခဲ့၏၊

သူသည် အင်္ဂါရိပ်ကျမ်းများကို မွှေနှောက်နေစဉ် အနီရောင်ရှိသည့် ဖားပြုပ်တစ်ကောင်သည် စပျစ်သီးအရည်များထဲသို့ ထိုးဝင်တူးဆွနေ၏။ နောက်ဆုံး ထိုအရည်များ သူ့တစ်ကိုယ်လုံးကို နစ်မြုပ်သွားတော့၏။ ထိုအခါတွင် ဖားပြုပ်သည် သူ၏အဆိပ်ကို ညှစ်ထုတ်ပြီး နောက်တွင် ရွှေရောင်ချွေးများထွက်လာ၏၊ ထိုအခါတွင် သေအံ့မူးမူးဖြစ်နေသော ဖားပြုပ်သည် ကျောက်မီးသွေးကဲ့သို့ မည်းနက်သွား၏။ ၎င်းဖြစ်စဉ်ကို a clear illusion to the nigredo) ဟု ခေါ်၏။ ထို့နောက် ဖားပြုပ်၏ကိုယ်ကို အပုပ်ခံ မီးမှျဉ်းမှျဉ်းဖြင့် အပူပေးလိုက်၏၊ ဤလုပ်ငန်းစဉ်အတွင်း အင်္ဂါရိပ်ဆရာသည် အရောင်မျိုးစုံကို တွေ့ရှိရပြီး နောက်ဆုံးတွင်မှ အနီရောင်ကို တွေ့ရှိရခြင်း ဖြစ်၏။ ဤတွင် တဖြည်းဖြည်းနှင့် ဖားပြုပ်၏အဆိပ်သည် တန်ဖိုးကြီးသော အသက်ရှည်ဆေးဖြစ်လာပြီး ရောဂါမျိုးစုံကိုလည်း ပျောက်ကင်းစေလေ၏။ ဤအမြင်၏သင်္ကေတဗေဒမှာ ရိုးရှင်းစွာဖြင့် ပေါ်လွင်နေ၏။ ဖားပြုပ်သည် သူတော်စင်၏ ဖိုထဲ(လုံထဲ)မှ ဓာတ်လုံးကို ကိုယ်စားပြုလေ၏။ ၎င်းသည် အဆင့်အမျိုးမျိုးကို ကျော်လွန်ပြီးနောက် ဓာတ်သည် သေသွားကာ သန့်စင်ခြင်းနှင့် ပြည့်စုံ၍ အနီရောင်အသက်ရှည်ဆေး ဖြစ်သွားတော့၏။

အတည်မပြုရသေးသော မလေ့ထုံးတမ်းများအရ ရစ်ပလီသည် အခြားကျော်ကြားသော အင်္ဂါရိပ်ပညာရှင် သောမတ်နော်တွန်၏ဆရာဖြစ်သည်ဟု ဆို၏။ နော်တွန်နှင့်ပတ်သက်၍ ဘာမှ မသိရပေ။ တစ်ခုသာ သိရ၏။ ၎င်းမှာ နော်တွန်သည် သာမန်အဆင့်အတန်းမျှသာဖြစ်ပြီး သူ့ဖခင်ကား ၁၄၁၃ ခုနှစ်တွင် မြို့တော်ဝန် ဖြစ်ခဲ့၏။

နော်တွန်သည် စတုတ္ထအက်ဝပ်ဘုရင်ထံ၌ အတိုင်ပင်ခံဖြစ်ခဲ့၏။ ၁၄၇၀ ပြည့်နှစ်တွင် အက်ဝပ်ဘုရင် ဥရောပသို့ ထွက်ပြေးရာ၌ သူလိုက်ပါသွားခဲ့၏။ ၁၄၇၈ ခုနှစ် နောက်ပိုင်းတွင် သူသေဆုံးခဲ့၏။ နော်တွန်နှင့်ပတ်သက်၍ ကျွန်ုပ်တို့ သိရသမျှအချက်မှာ ကဗျာရှည်တစ်ပုဒ်မှ အကြောင်းအရာများ ဖြစ်၏။ ထိုကဗျာ၏အမည်မှာ 'အင်္ဂါရိပ်မူလ' ဟူ၍ဖြစ်၏။ ထိုကဗျာကို BEVEVEME ဟူသည့်အမည်ဖြင့် လက်တင်ဘာသာသို့ ပြန်ဆိုခဲ့၏။

၁၄၇၇ ခုနှစ်တွင် အော်ဒီနေး အမည်ရှိကျမ်းကို မဖော်လိုသူ အင်္ဂါရိပ်ပညာရှင်တစ်ယောက်က ရေးသားခဲ့၏။ ၁၆၅၂ ခုနှစ်သို့ ရောက်သောအခါ အီလီယမ်အက်စမိုးအမည်ရှိ အင်္ဂလိပ်ပညာရှင်က မူရင်းအင်္ဂလိပ်ဘာသာကဗျာကို တွေ့၍ ဖတ်ရှုရာ၌ နိဒါန်း၏ ပထမစကားလုံးနှင့် နောက်မှ အခန်း (၆) ခန်း၏ အတိုကောက်စာလုံးများကို ဘေးတိုက်အစဉ်အတိုင်း ဖတ်လိုက်ပါက စာလုံးတစ်လုံး ပေါ်လာ၏။ ထိုစာလုံးမှာ Tomais Norton of Briseto ဟု တွေ့ရ၏။ ထိုအတွက် သူ့ကို စွယ်စုံပညာရှင်ဟု ခေါ်ဆိုထိုက်၏။

ရစ်ပလီကဲ့သို့ပင် အော်ဒီနေးကျမ်းကလည်း ကဗျာတစ်ပုဒ်ပင် ဖြစ်၏။ စာရေးသူသည် အင်္ဂါရိပ်ပညာကို ငယ်ရွယ်စဉ်အခါကပင် လေ့လာခဲ့ကြောင်း၊ မကြာမီ သူ့ဘဝတစ်ခုလုံးကို သူ့ဘဝစမ်းသပ်မှုများ၌ နှစ်မြှုပ်ခဲ့ကြောင်း၊ သူသည် ပါရဂူမြောက် ကျွမ်းကျင်သူတစ်ဦးအဖြစ် မကျင်လည်ခဲ့ရကြောင်း၊ အချို့က သူ့ကို ဂျော့ရစ်ပလီဟု ထင်ကြ၏။ အကြိမ်ပေါင်းများစွာ မေတ္တာရပ်ခံပြီးနောက် ရစ်ပလီက နော်တွန်ထံ သူနှင့် ယော့ရှိုင်းယားတွင် တွေ့ဆုံ၍ မျက်နှာချင်းဆိုင် ဆွေးနွေးလိုပါကြောင်း ဖိတ်ကြားလိုက်၏။ နော်တွန်က မိုင် (၁၀၀) ခရီးသို့သွားရောက်ပြီး ရစ်ပလီနှင့် တွေ့ခဲ့ရ၏။ ရက်ပေါင်း (၄၀) အကြာတွင် အင်္ဂါရိပ်ပညာ၏ လျှို့ဝှက်ချက်ကို သိရတော့၏။

စိတ်ပျက်စရာ ကြားသိရသည့် သတင်းမှာ အနီရောင် အသက်ရှည်ဆေးကို သူဖော်စပ်၍ရရှိသော်လည်း မရိုးမသား အကြံအစည်သမား အစေခံတစ်ဦးက ခိုးယူသွားခြင်းခံရသည့် အမှုပင် ဖြစ်၏။ ထိုအခါ သူသည် လုပ်ငန်းကြီးတစ်ခုလုံးကို အစမှပြန်စရမည့် အခြေအနေကြောင့် အလွန်အမင်း စိတ်ပျက်ကာ အင်္ဂါရိပ်ပညာကို လုံးဝလျစ်လျူရှုလိုက်တော့၏။ သို့သော် မကြာမီပင် စိတ်ပျက်မှုများ ပြေပျောက်သွားပြီး အသက်ရှည်ဆေးကို ပြန်လည်ဖော်ထုတ်ရန် ကြိုးစားခဲ့၏။ သူ၏ ကြိုးစားမှုသည် အောင်မြင်မှုကို ရရှိသော်လည်း ဤတစ်ကြိမ်တွင်လည်း သူဖော်စပ်ထားသည့် အသက်ရှည်ဆေးကို ခိုးယူခြင်းခံရပြန်လေသည်။ ယခုတစ်ခါ ခိုးယူသူမှာ မိန်းမတစ်ဦးဖြစ်ပြီး ထိုအမျိုးသမီးမှာ ဆရာရှင်၏ ဇနီးဖြစ်နေပါသည်။

အော်ဒီနေးကျမ်း ရေးသားသူက စာဖတ်သူများအား အင်္ဂါရိပ်ပညာ၏ အန္တရာယ်များပုံကို ထုတ်ဖော်ပြောကြားထား၏။ အကြောင်းမှာမူ သူသည် အခြားကာယကံရှင်တစ်ဦး၏အကြောင်းကို ဖော်ပြထားသောကြောင့် ဖြစ်၏။ သောမတ်ဒေါ်တွန်ဆိုသူသည် ဘာသာတရားကိုင်းရှိုင်းသူဖြစ်ပြီး ၎င်းတွင် အနီရောင် အသက်ရှည်ဆေးရှိကာ ထိုဆေးကို သိမ်းဆည်းထား၏။ ထိုသူသည် ရိုးရိုးသားသား နေထိုင်တတ်သူတစ်ဦး ဖြစ်ပြီး ဘုန်းကြီးကျောင်းတွင်နေသူ ဖြစ်၏။ တစ်နေ့တွင် သူ့ဆန္ဒမပါဘဲ သူ့အား အတင်းအကျပ် ခေါ်ဆောင်သွားခဲ့ကြပြီး နည်းမျိုးစုံသုံး၍ ခြိမ်းခြောက်ကာ သူ့တွင်ရှိသော အနီရောင်အသက်ရှည်ဆေးကို သူတို့အား ပေးအပ်ခိုင်း၏။

ဤကဗျာက အနာဂတ်မျိုးဆက်သစ် အင်္ဂါရိပ်ပညာရှင်များကို အကြံပေးထား၏။ လူသစ်သည် ဦးစွာအင်္ဂါရိပ်ပညာတွင် ရှုပ်ထွေးမှုများကိုသာ တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ၎င်းသည် ကျွမ်းကျင်သူ ဆရာသမားဖြင့် သင်ကြားမှသာလျှင် သူ၏သံသယများ၊ သူ၏ အမှားအယွင်းများကို ရှင်းလင်းပြုပြင်နိုင်ပေမည်။ သူတတ်သိသမျှကို သူတစ်ပါးအား တစိုးတစိမျှ မဖော်ပြပါဟု ကျမ်းသစ္စာကတိပြု ကျိန်ဆိုထားသော်လည်း ထိုဆရာသည် တပည့်၏အမှားကို ပြုပြင်ပေးရမည်သာ ဖြစ်၏။ လူသစ်သည် ဆရာတစ်ဦးတည်းကိုသာ ယုံကြည် အားကိုးရမည်။ အကြောင်းမှာမူ လူများစုသည် မသမာသောကြောင့် ဖြစ်၏။ အထူးသဖြင့် ထိုလူသစ်ကာယကံရှင်



www.burmeseclassic.com

www.burmeseclassic.com

သည် အစေခံများအား မယုံကြည်သင့်ပေ။ ၎င်းတို့သည် သစ္စာမဲ့၍ ဉာဏ်ပညာမရှိသူများသာ ဖြစ်ကြ၏။

အခြားသော စာရေးသူများကဲ့သို့ပင် ဤကဗျာရှည်ကို ရေးသူကလည်း အင်္ဂရတ်ပညာ၏ သင်္ကေတဝါဒနှင့် အံဝင်ခွင်ကျဖြစ်မည့် ဇာတ်လမ်းကို ရေးထည့်ထား၏။ ဥပမာ အင်္ဂရတ်ပညာ၏ လျှို့ဝှက်ချက်ကို သူသင်ကြားခဲ့ရသည်မှာ လွန်စွာသင်္ကေတဆန်၏။ သမ္မာကျမ်းစာတွင် (၄၀) ဟူသည့် ကိန်းဂဏန်းသည် ထူးခြားသည့်ဖြစ်ရပ်များကို ရည်ညွှန်း၏။ ရေလွှမ်းမိုးမှုမှာ ရက်ပေါင်း (၄၀) ဟူ၍ ဖော်ပြ၏။ ဂျူးလူမျိုးများသည် ၎င်းတို့၏ မွေးရပ်ဌာနေသို့ ပြန်ရောက်ရန် ကြိုးပမ်းရသည်မှာ နှစ်ပေါင်း (၄၀) ကြာမြင့်၏။ တောင်တန်းများနှင့် သဲကန္တာရများတွင် တမန်တော်မိုးဇက်နေခဲ့ရသည်မှာ ရက်ပေါင်း (၄၀) ဖြစ်၏။

ဤမျှ ဆန်းကြယ်သော ကိန်းဂဏန်းများ၏ သဘောသဘာဝကို သံသယဖြစ်ဖွယ်မရှိပေ။ Theophrastus အမည်ရှိသူသည် ဆေးပညာနှင့် အင်္ဂရတ်လောကတွင် ထင်ပေါ်ကျော်ကြားလာခဲ့သူ ဖြစ်၏။ ဤစာရင်းတွင် နောက်ဆုံးအမည်ရှိသူသည် ပါရာဆဲလ်ဆပ်ဖြစ်၏။ ၎င်းအမည်၏ အဓိပ္ပာယ်မှာ ဆဲလ်ဆပ်ထက်သာလွန်သူဟု အဓိပ္ပာယ်ရ၏။ ၎င်းသည် နာမည်ကျော်ကြားထင်ရှားသည့် ရောမဆေးပညာကျမ်းပြုပညာရှင်တစ်ဦး ဖြစ်၏။ သူ၏ ထင်ပေါ်ကျော်ကြားမှုကို ဖော်ပြသည့်အနေဖြင့် ရေးခဲ့ခြင်း ဖြစ်၏။ ဤထူးဆန်းသည့် အမည်ကို သူ့ကိုယ်သူပေးသည်မဟုတ်။ သူ့တပည့်များက ပေးခဲ့ခြင်း ဖြစ်၏။

ပါရာဆဲလ်ဆပ်ကို ၁၄၉၃ ခု၊ မေ ၁ ရက်နေ့တွင် ဇူးရစ်ဒေသ၏ တောင်တန်းမြို့ဖြစ်သည့် အင်ဆီဒင်၌ မွေးခဲ့၏။ သူသည် ဥရောပသို့ မြောက်မှတောင်စွန်းအထိသွားဖူး၏။ ၎င်းအပြင် အရှေ့ဖျား ရုရှား၊ ဘော်လကန်နိုင်ငံများနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများအထိရောက်ရှိခဲ့ဖူး၏။ သူသည် အင်္ဂရတ်ပညာ၊ သဘာဝမှော်ဝင်ဂမ္ဘီရပညာတို့ကို သင်ယူတတ်မြောက်ခဲ့ပြီး ဆေးပညာဘွဲ့ကိုလည်း ရရှိခဲ့၏။ ၁၅၂၆ ခုနှစ်တွင် ဆေးစားမှုကို ရပ်ဆိုင်းလိုက်ပြီး နောက်တစ်နှစ်တွင် ဘေဆယ်မြို့သို့ ရောက်ရှိကာ ထိုမြို့၏ တက္ကသိုလ်တွင် ဆေးပညာပါမောက္ခရာထူးရရှိခဲ့၏။

ဓာတ်သတ္တုမှ ရရှိသည့် ဆေးဝါးအသစ်များဖြင့် ကုထုံးအသစ်များကို တီထွင်နိုင်ခဲ့၏။ ထိုခေတ်က ခေတ်စားနေသည့် ရှက္ခပရဆေးကုထုံးကို သူက ပွင့်ပွင့်လင်းလင်း ဆန့်ကျင်ရှုတ်ချခဲ့သဖြင့် ထို မြို့ရှိ ပရဆေးဆိုင်များနှင့် ထိုခေတ်သမားတော်များက သူ့ကိုမုန်းတီးကြ၏။ အခြေအနေက ဆိုးလာ၏။ သူ့အား ဝန်ဆောင်ခပေးရန် ပျက်ကွက်မှုဖြင့် အမှုကို ရုံးတင်သောအခါ နှစ်နှစ်မျှသာနေထိုင်ရသေးသော ဘေဆယ်မြို့မှ သူသည် ကမန်းကတန်းတပ်ခေါက်ကာ ထွက်ခွာလာခဲ့ရတော့၏။

ထို့နောက် သူသည် ခရီးလှည့်ခြင်းကိုလုပ်ပြန်လေသည်။ ထိုသို့ လုပ်ရင်း သူ၏အသက်မွေးမှုလုပ်ငန်းကို ပြန်လုပ်၏။ ကျမ်းလည်းပြန်ရေး၏။ ၁၅၄၁ ခုနှစ်၊ စက်တင်ဘာ ၂၄ ရက်တွင် သူကွယ်လွန်သွားခဲ့၏။ ထိုအချိန်က သူ့အသက်မှာ (၄၈) နှစ်သာရှိ၏။ သူမကွယ်လွန်မီ (၃) ရက်အလို၌ သူသည် သူ့ကိုယ်သူ သေဆုံးခါနီးပြီဟု သိရှိသဖြင့် အနည်းငယ်မျှသော သူ၏ပိုင်ဆိုင်မှုအချို့အဝက်ကို ဆင်းရဲသားများအတွက် သေတမ်းစာရေး၍ ပေးကမ်းခဲ့၏။

ပါရာဆဲလ်ဆပ်၏ အင်္ဂရတ်ဆိုင်ရာ ဓာတုသဘောတရားများသည် မိရိုးဖလာအယူအဆများနှင့် လွန်စွာ ခြားနား၏။ သူသည် အခြားသောအင်္ဂရတ်ပညာရှင်များနှင့်အဆက်အသွယ်ရှိသည်မှာ သေချာ၏။ ထိုပညာရှင်များက သူ့အား ဓာတ်ပြောင်းလဲမှု သဘောတရားကို သင်ကြားပေးခဲ့ကြ၏။ သူက ဤသဘောတရားကို မငြင်းသော်လည်း သူကိုယ်တိုင်ကမူ အင်္ဂရတ်သဘောတရားသည် ဆေးဝါးသစ်များကို ဖြစ်ပေါ်စေရန် ဦးတည်ချက်ထားသည်ဟု ယုံကြည်ထား၏။ ဆေးပညာတွင် သူ၏အယူအဆမှာ ဒေါက်တိုင်ကြီး (၃) တိုင်အယူအဆ ဖြစ်၏။ ၎င်းဒေါက်တိုင် (၃) တိုင်မှာ ဒဿနိကဗေဒ၊ နက္ခတ္တဗေဒနှင့် အင်္ဂရတ်ပညာ ဟူသည်တို့ ဖြစ်၏။

ထိုတွင် အင်္ဂရတ်ပညာသည် ဆေးပညာ၏ ဒေါက်တိုင်တစ်ခုလည်း ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် အင်္ဂရတ်ပညာ၏ ရည်ရွယ်ချက်တစ်ခုမှာ ရောဂါများကို ပျောက်ကင်းစေ၍ ကျန်းမာသက်ရှည်စေသော အသက်ရှည်ဆေးတစ်ခု ဖော်ထုတ်ရန်ပင် ဖြစ်လေသည်။

ရောဂါဖြစ်ခြင်းအကြောင်းအရင်းများကို သိရှိရန်အတွက် သမားတော်သည် ဒဿနကိုသိရမည်ဖြစ်၏။ နောက်တစ်ဖန် နက္ခတ္တဗေဒကို သိရှိရမည် ဖြစ်၏။ ထို့နောက် အင်္ဂရတ်ပညာကိုလည်း အသက်ရှည်ဆေး ဖော်ထုတ်ရန်အတွက် တတ်ကျွမ်းရမည် ဖြစ်၏။ ရောဂါတစ်ခုချင်းစီအတွက် ပျောက်ကင်းစေသည့် ဆေးဝါးကို ဖော်စပ်ရာ၌ astrum ကို သိနားလည်ထားရန် လိုအပ်ပေသည်။ ပါရာဆဲလ်ဆပ်က သူ၏အင်္ဂရတ်ဒဿနသည် ရောဂါကုသမှုဆိုင်ရာ ဒဿနပေါ်၌ အခြေခံ၏ဟု ဆိုထား၏။ ၎င်းမှာ ဓာတ်ကိုဖြိုခွဲ၏။ ပြီးမှပြန်စု၏။

၎င်းဓာတ် ပြန်ဖြစ်ပေါ်လာသော ဓာတ်သည် မူလဓာတ်မဟုတ် ဓာတ်အသစ် သတ္တုအသစ်ကို ဆိုခြင်းဖြစ်၏။ အချိန်ကုန်လာသည်နှင့်အမျှ spagyrist ဝေါဟာရကို အဆင့်နိမ့် အင်္ဂရတ်ပညာရှင်များသုံးသည့် စကားလုံးဟု ရှုတ်ချပြောဆိုကြ၏။ နောင်သောအခါတွင် အင်္ဂရတ်ထုံးတမ်းစဉ်လာက ပါရာဆဲလ်ဆပ်ကို မသက်ညှာခဲ့ပေ။

၎င်းအား သူတို့က သတ်မှတ်ကြသည်မှာ ထိပ်ဆုံးရှိ အညံ့စားပုဂ္ဂိုလ် ဟူ၍ ဖြစ်၏။ အမှန်တကယ်အားဖြင့် ဤဆွစ်လူမျိုး အင်္ဂရတ်ပညာရှင်ကလည်း မိရိုးဖလာအင်္ဂရတ်ပညာအတွက် ဘာတစ်ခုမှ ဆောင်ရွက်ခဲ့ခြင်း မရှိပေ။ သူယုံကြည်ခဲ့သည့် ရှေးခေတ် ပြဒါးနှင့် ကန့်သဘောတရားအရ အရာခပ်သိမ်းတွင် ဆားဓာတ်၊ ကန့်ဓာတ်နှင့် ပြဒါးဓာတ် ဟူ၍ ဓာတ် (၃) ပါးတို့ ပါဝင်ကြောင်းကို အများက လက်ခံခဲ့ကြ၏။

အမှန်အားဖြင့် ပါရာဆဲလ်ဆပ်သည် အလယ်ခေတ်အင်္ဂရတ်ကို စွန့်လွှတ်ခြင်း မဟုတ်ပေ။ သူသည် ထိုပညာရပ်၏ ဆေးပညာဆိုင်ရာရှုထောင့်များကို သွတ်သွင်းထားခြင်းသာ ဖြစ်၏။ သူ့အယူအဆများမှာ သူကိုယ်တိုင်တွေ့ရှိသည်ထက် 'လား' နှင့် 'ဗလင်နီဗာ' တို့၏ အယူအဆများက လွှမ်းမိုးနေ၏။

သူသည် လား၊ ဗလင်နီဗာ၊ ရှုပက်ဆက်ဆာတို့ကို အခြေခံ၍ ပါရာဆဲလ်ဆပ်က ဆိုသည်မှာ အာကာသဓာတ်ကို အားလုံးသော အရာဝတ္ထုများမှ ထုတ်နုတ်၍ ဆေးပညာအတွက် အသုံးချနိုင်သည်ဟု ဆိုထား၏။

အင်္ဂရတ်ပညာ၏ အဆင့်များကို ပြဆိုရာတွင် အလယ်ခေတ် အင်္ဂရတ်ပညာသည်လည်း မှန်ကန်ပေသည်။ အဆင့်များကို ဖော်ပြရန်အတွက် အသုံးပြုထားသည့် ဝေါဟာရများမှာ diges- tion, cibation, transudation, men-



www.burmeseclassic.com

www.burmeseclassic.com

ation တို့ဖြစ်၏။ ပါရာဆဲလ်ဆပ်က နှံ့ကျင်ဘက်အမြင်ကို ယူထား၏။ တုဗေဒဖြစ်စဉ်အတွင်း ဇီဝကမ္မဗေဒ လင်းချက်ကို ရှာဖွေသူဖြစ်၏။

ပါရာဆဲလ်ဆပ်သည် သိပ္ပံနည်း အကြားအမြင်ကို ဂျိနိုစတစ်၊ နီရို သတိုနစ် စသည့်သဘောတရားများ နှောထားသည့် အယူအဆတစ်ရပ် တီထွင်ခဲ့၏။ ဂိုလန်၏ စူးစမ်းရှာဖွေ ကို ပါရာဆဲလ်ဆပ်က စိတ်ဝင်စား၏။ ဖြင့် ပုံသွင်းထားသော လူမျက်နှာ ည့် သတ္တဝါတစ်ဦးပုံကို မှော်ပညာ လမ်းဖြင့် အသက်သွင်းနိုင်သည်ဟု ၏။ သူ၏ သဘောတရားကို လူ အတုကိစ္စတွင် ထည့်သွင်းစဉ်းစား င် အလွန်အမင်း လျှို့ဝှက်သောနည်း ပြုလုပ်နိုင်ကြောင်း၊ ဓာတ်ခွဲဓာတ် င်းနည်း၏ ကျေးဇူးကြောင့် လုပ်လျှင် နိုင်သည်ဟု သူကတွက်ထား၏။ သူ့ တွေးအခေါ်အရ သုက်ပိုးကို အလုံ ထားသော လုံထဲတွင် အမြင့်ဆုံး သောအပူချိန်ဖြင့် ရက်ပေါင်း(၄၀)တိတိ ရ၏။ ရက်ပေါင်း (၄၀) ပြည့်သော ခါ သုက်ပိုးများသည် ပုံသံဏ္ဍာန်မဲ့၍ တ်ချင်းပေါက် မြင်ရသော အသွင်သို့ င်းလဲသွား၏။ ရက်သတ္တပတ် (၄၀) အောင် ၎င်းတို့အား လူသား၏သွေး တိုက်ကျွေးထားပါက ပုံသဏ္ဍာန်မဲ့ စုများသည် အလွန်သေးငယ်သော သားပေါက်စများ ဖြစ်သော်လည်း တို့သည် လူသားအတုထက် ပို၍ပို၍ ဘာဝကျသော လူသားအသိဉာဏ် မှော်အတတ်ဖြင့် သွတ်သွင်းထား ကြောင့် ဖြစ်၏။

ထိုထက်စောသည့် ရာစုနှစ်တွင် ညေမသိ အင်္ဂလိပ်ပညာရှင် တစ်ဦး ပေါက်ခဲ့၏။ သူက သူ့ပြောစကား သည် ၁၅ ရာစုအကျော်ပြ ပညာရှင် စီဗလင်တိုင်၏ စကားများဖြစ်သည် ဆို၏။ ဗလင်တိုင်သည် ၁၄၁၃ ခုနှစ် စိန့်ပီတာဘုန်းကြီးကျောင်းတွင် နေ ခဲ့ကြောင်း သိရ၏။ ထိုကျောင်းမှာ သူ၏ အကျော်ကြားဆုံးကျမ်းနှစ် ကို ရေးသား ပြုစုခဲ့၏။ ၎င်း (၂) မ်းမှာ THE TRIUMPHAL CHARIOT OF ANPIMONY နှင့် THE TWELVE KEYS OF PHILOSOPHY တို့ ဖြစ်၏။

သိသည်ဖြစ်စေ၊ မသိသည် ဖြစ် အောစတန်၏ ဇာတ်လမ်းကို ဗလင် က လှုံ့ဆော်ပေးခဲ့၏။ အကျော်ပြ ပညာရှင်က ရေးသားခဲ့သော ကျမ်းများသည် အဆိုပါ အဆောက်အအုံ၏ တိုင်တစ်တိုင်တွင် ထည့်သွင်း သိုဝှက်ထားကြောင်း သိရ၏။ ထိုတိုင်ကို မိုးကြိုးခသောအခါ ထိုတိုင်ပြတ်ပြီး ထိုအထဲတွင် ထည့်သွင်းထားသည့်ကျမ်းတို့ ပေါ်လာ၏။ ထိုအထဲတွင် ရေးသားထားသော စကားလုံးများနှင့် ပတ်သက်၍ ဝေဖန်ရေးဆရာတစ်ဦးက ဖော်ပြရာတွင် ဤစကားလုံးများကို ရေးသားသူသည် ပါရာဆဲလ်ဆပ်၏ စကားလုံးများကို ကျွမ်းကျင်သော အင်္ဂလိပ်ပညာရှင်တစ်ဦးကရေးခဲ့ ခြင်းဖြစ်၏။ ထိုအထဲတွင် ဓာတ်ကြီး (၃) ပါးနှင့် အသက်ရှည်ဆေးသဘောတရားဆိုင်ရာ စကားလုံးများနှင့်အတူ တွေ့မြင်ခဲ့ရ၏။ အခြေအနေအားလုံးတွင် ဤစကားလုံးများသည် ကာယကံရှင်များ ရရှိခံစားနေရသော ဂုဏ်သိက္ခာထက် ပိုမိုထိုက်တန်နေပေသည်။ ၎င်းတို့သည် မှန်းဆအင်္ဂလိပ်နှင့် လက်တွေ့အင်္ဂလိပ် (၂) မျိုးကို ပေါင်းစည်းထားကြောင်း ဖော်ပြနေပေသည်။

ဤစာပိုဒ်တွင် ဂျိနိုစတစ်ဇင် အပိုင်းနှင့် ဓာတုဖြစ်စဉ်အသစ်များသည် တစ်လှည့်စီပါရှိနေ၏။ ဥပမာ အင်တီမိုနီအောက်ဆိုဒ် ပြုလုပ်နည်းနှင့် ဟိုက်ဒရိုကလိုရစ်အက်စစ်ပြုလုပ်နည်းတို့ ဖြစ်၏။ စာအရေးအသားတွင်လည်း ဘုရားဖူးသွားခြင်းမှသည် ကွန်ပိုစလယ်လာအထိ ပါဝင်၏။ ဗာလင်တိုင်အတုနှင့် နီကိုလပ်ဖလာမေးကို တွေ့ရှိကြောင်း ပါရှိ၏။

အင်္ဂလိပ်သမိုင်း၏ သိက္ခာမကြီးသော စာမျက်နှာတွင် ဂျွန်ဒီးနှင့် အက်ဝပ်ကယ်လီအမည်ရှိ အင်္ဂလိပ်ပညာရှင်နှစ်ဦး၏ အမည်ပါရှိလာ၏။ ဂျွန်ဒီးကို ၁၅၂၇ ခုနှစ်၊ ဇူလိုင် ၁၃ ရက်၌ လန်ဒန်တွင် မွေးဖွားခဲ့၏။ ၎င်းသည် ဂျူဒါခေတ်တွင်ထင်ရှားသည့် သိပ္ပံပညာရှင် ဖြစ်၏။ သူသည် ထရီနတီကောလိပ်တွင် ဂရိဘာသာကို ပို့ချခဲ့၏။ သူသည် အားလပ်ချိန်၌ နက္ခတ္တဗေဒ၊ အင်္ဂလိပ်၊ မှော်ပညာတို့ကို လေ့လာခဲ့၏။ ထို့ကြောင့် သူ့အား စုန်း၊ ကဝေပညာကို လေ့လာလိုက်စားသူဟု စွပ်စွဲခံရ၏။ မကြာမီပင် သူသည် စာတတ်ပေတတ် သိပ္ပံပညာရှင်တစ်ဦးထက် ကဝေတစ်ဦးအဖြစ် ပို၍နာမည်ကြီးလာ၏။

၁၅၂၈ ခုနှစ် ပထမအဲလီဇဘက်နန်းတက်သောအခါ ဂျွန်ဒီကို နက္ခတ္တဗေဒပညာရပ်ဆိုင်ရာအတိုင်ပင်ခံအဖြစ် ဘုရင်မကြီးက ဆင့်ခေါ်ခဲ့၏။ တစ်ခါတစ်ရံတွင် သူသည် ဘုရင်မ၏ မျက်နှာသာပေးမခံရသော်လည်း သူနှင့် နန်းတွင်း၏ ဆက်ဆံရေးမှာ အချိန်အတန်ကြာခဲ့၏။ သူသည် သိပ္ပံ၊ ဒဿန အင်္ဂလိပ်ကျမ်းများကို ပြုစုခဲ့၏။

ဂျွန်ဒီးက ဝိညာဉ်နှင့်တွေ့ဆုံခြင်းပညာရပ်ကို ပြသခဲ့ရာ နန်းတွင်းရှိ နာမည်ကြီးလူဆိုး အက်ဝပ် နောင်သောအခါ ကယ်လီအမည်ရှိသူက မျက်စိကျလာခဲ့၏။ ကယ်လီကို ဝေါချက်စတာတွင် ၁၅၅၅ ခုနှစ်၌ မွေးဖွားခဲ့၏။ ၎င်းသည် ပရဆေးဆရာတစ်ဦး၏ တပည့်အဖြစ်လည်း လုပ်ခဲ့ဖူး၏။ အောက်စဖို့ဒ်တက္ကသိုလ်တွင် ပညာသင်ကြားခဲ့ဖူးသော်လည်း ဘွဲ့မရခဲ့ပေ။ ထို့အပြင် သူသည် ငွေဒင်္ဂါးအတုလုပ်မှုဖြင့် ပြဿနာကြုံတွေ့ခဲ့ရဖူး၏။ တစ်ဖန် သူသည် အောက်လမ်းပညာတွင် အသုံးပြုရန် လူသေအလောင်းတစ်ခုကို တူးယူနေစဉ် အဖမ်းခံရပြန်၏။

တစ်နေ့သ၌ သူသည် မောလိတ်ရှိဒီး၏နေအိမ်သို့ သွားရောက်ခဲ့၏။ သူသည် ဂမ္ဘီရပညာတွင် အရေးကြီးသော သင်တန်းသား သို့တည်းမဟုတ် လေ့လာသူဟု ကြွေးကြော်ခဲ့၏။ သူ့ကို သံသယမရှိသဖြင့် ဝိညာဉ်ဆိုင်ရာ ကြားခံနာမ်ချင်းပုဂ္ဂိုလ်အဖြစ် ရွေးချယ်ခဲ့၏။

၁၅၈၄ ခုနှစ်တွင် ဒုတိယမြောက် ဧကရာဇ်ရှုဒေါ်၏ ဖိတ်ကြားချက်အရ ၎င်းတို့ နှစ်ဦးသည် ပရော့မြို့သို့ သွားခဲ့ကြ၏။ ထိုဧကရာဇ်ကိုယ်တိုင်ကလည်း မှော်ပညာ၊ အင်္ဂလိပ်ပညာတို့ကို တတ်ကျွမ်း၏။ ထို့အပြင် သူသည် စိတ်ဓာတ်ကလည်း မကောင်း၊ ဆိုးသွမ်းသူအဖြစ်ကျော်ကြားသူလည်းဖြစ်၏ဟု ကယ်လီက ပြော၏။ သူက ဂလက်စတိုဘယ်ရီအဘေး အဆောက်အအုံပျက်အတွင်း၌ မကောင်းဆိုးဝါးရှိသည်ဟု ဆို၏။ ထိုအဆောက်အအုံကို မူလပထမ တည်ထောင်သူမှာ စိန့်ဒတ်စတန် ကိုယ်တိုင်ပင် ဖြစ်၏။ သူက ဤတန်ခိုးသိဒ္ဓိဖြင့် အပြောင်းအလဲများလုပ်ပြ၏။ အပေါ်ယံကြည့်လျှင် အောင်မြင်ပုံရ၏။ ပထမ၌ သူ၏ လိမ်ကွက်များကို မသိနိုင်ခဲ့ပေ။ သို့သော် နောက်ပိုင်းတွင် သူ၏လုပ်ရပ်တို့ကို ဧကရာဇ်က တဖြည်းဖြည်း သံသယ ဖြစ်လာခဲ့၏။ ထို့ကြောင့် ၁၅၈၈ ခုနှစ်တွင် ဧကရာဇ်သည် ကယ်လီကို ဖမ်းပြီး ထောင်ချလိုက်တော့၏။

ကယ်လီသည် (၄) နှစ်ကြာသော



www.burmeseclassic.com

www.burmeseclassic.com

အခါ ထောင်မှလွတ်လာခဲ့၏။ သို့သော် ဧကရာဇ်က နောက်ထပ် (၁) နှစ်တိုး၍ ထပ်မံ ထောင်ချခဲ့၏။ ထို့ကြောင့် သူသည် ထောင်မှထွက်ပြေးရန် ကြိုးစားခဲ့၏။ ထိုသို့ ကြိုးပမ်းစဉ်တွင် သူအသတ်ခံခဲ့ရ၏။ ဂျွန်ဒီးကမူ ကံကောင်းခဲ့၏။ သူ အင်္ဂလန်ပြည်သို့ ပြန်ရောက်သောအခါ ဘုရင်မက ကောင်းစွာ ကြိုဆိုလက်ခံခဲ့၏။ ထို့နောက် သူ့အား အငြိမ်းစားပေးသည့်အပြင် မန်ချက်စတာကောလိပ်၏ ကျောင်းအုပ်ကြီးအဖြစ် ခန့်အပ်လိုက်၏။ ၁၆၀၄ ပြည့်နှစ်၌ သူသည် မော်လိတ်သို့ ပြန်ခဲ့ပြီး ၁၆၀၈ ခုနှစ်၌ ထိုဒေသတွင်ပင် ကွယ်လွန်ခဲ့၏။

ဂျွန်ဒီးသည် သူ့တပည့် ကယ်လီ၏ မှိုင်းမိထားပုံပေါ်၏။ ကယ်လီက ပိုလန်သို့ဆွယ်ပြီး ခေါ်သွားခဲ့ခြင်း ဖြစ်၏။ သူ့တပည့်က မှော်ပညာအစွမ်းဖြင့် အံ့ဖွယ်များကို ပြုလုပ်နိုင်သည်ဟု ကြွေးကြော်ပြီးလုပ်ခဲ့ခြင်း ဖြစ်၏။ တပည့်ဖြစ်သူ၏ ဖြားယောင်းသွေးဆောင်မှုကြောင့် လူကောင်းဖြစ်သည့် ဒီးမှာ မလှပသော ဇာတ်သိမ်းဖြင့် မွေးရပ်သို့ ပြန်ခဲ့ရခြင်း ဖြစ်၏။ ဒီးနှင့် ကယ်လီတို့ စတင်တွေ့ခဲ့စဉ်က ဒီးမှာ ပထမအိမ်ထောင် သေဆုံး၍ ဒုတိယအိမ်ထောင် ပြုပြီးခါစ ဖြစ်၏။ ဒုတိယဇနီးကမူ အသက်များစွာငယ်၏။ ကယ်လီက ထိုအချိန်မှာပင် ဒီးကိုပြောသည်မှာ သူသည် ဝတ်လစ်စလစ်အမျိုးသမီးဝိညာဉ် တစ်ခုတွေ့ရကြောင်း၊ ထိုအမျိုးသမီးက သူ့အား မြူဆွယ်မည်ဖြစ်ကြောင်း ပြောခဲ့၏။ ထို့ကြောင့် ဒီးသည် ပထမတွင် တွန့်ဆုတ်နေမိ၏။ သို့သော် ၁၅၇၈ ခုနှစ်၊ မေလ ၃ ရက်နေ့၌ နှစ်ဦးနှစ်ဖက် လုပ်ရမည့်လုပ်ငန်းအတွက် သဘောတူကြောင်းစာဖြင့် ရေးသား ပေးပို့လိုက်၏။ ဤသို့ဖြင့် ဒီးသည် ရိုးရိုးအဂ္ဂိရတ်ပညာရှင်မဟုတ်ဘဲ ရိနေးဆန်းခေတ်၏ အရေးပါသော အဂ္ဂိရတ်ပညာရှင် ဖြစ်ကြောင်း သိရ၏။

ဒီးသည် ၁၆၀၄ ခုနှစ်တွင် ပရော့မြို့၌ (A NEW LIGHT OF ALCHAMY) ကျမ်းတစ်စောင် ထုတ်ဝေခဲ့၏။ ၎င်း ကျမ်းကို အမည်ဝှက်ဖြင့် ထုတ်ဝေခဲ့ခြင်း ဖြစ်၏။ ထိုအမည်မဖော်လိုသူပုဂ္ဂိုလ် ဆိုသည်မှာ -

“ကျွန်ုပ်သည် မည်သူမည်ဝါဆိုသည်ကို သင်သိလိုပါက ကျွန်ုပ်သည် cosmopalilite ဖြစ်၏။ ကျွန်ုပ်၏ ဆိုလိုချက်ကို သင်နားလည်လျှင် လူရိုးလူဖြောင့်တစ်ဦးဖြစ်ရန် ဆန္ဒရှိလျှင် သင်သည် ဆိတ်ဆိတ်နေရပေမည်။ သင်သည် ဆိတ်ဆိတ်နေရပေမည်။ သင်သည် ဤအကြောင်းအရာ သဘောတရားကို နားမလည်လျှင် ကျွန်ုပ်ကို မရှာဖွေပါနှင့်။ ကျွန်ုပ် အသက်ရှင်သမျှ ကာလပတ်မလည်လျှင် ကျွန်ုပ်ကို မရှာဖွေပါနှင့်။ ကျွန်ုပ်အသက်ရှင်သမျှ ကာလပတ်လုံး မည်သည့်သခါရလူသားကိုမျှ ဤစာတွင် ပြောထားသည်ထက် ပို၍ ပြောလိမ့်မည် မဟုတ်ပါ။ သူ့ရှေ့မှ ပညာရှင်များကဲ့သို့ပင် ကော်စမိုပိုလိုက်ကလည်း သူ့အမည်ရင်းကို ပဟေဠိနောက်ကွယ်ထားရှိခဲ့၏။ ကျမ်းနှစ်စောင် ထွက်ပြီးနောက် ကော်စမိုပိုလိုက်သည် မိုက်ကယ်စီဆီရို (၁၄၆၆ - ၁၅၄၆) ပုဂ္ဂိုလ်ဟု တွေးထင်ရ၏။ အမှန်ကား နောက် (၂) နှစ်ကြာသောအခါတွင်မှ ပေါ်ခဲ့၏။ ထိုနှစ်တွင် ဆန်ဒီဗိုဂတ် သေဆုံးသွားပြီး ၎င်းသည် (LIBER DUODECIM TRACTATUUM) ကျမ်းကို ပြုစု ခဲ့ကြောင်း သိရ၏။

တကယ့်အစစ် ကော်စမိုပိုလိုက်မှာမူ ရှိမန်ကက်သလစ်ဘာသာဝင် ဖြစ်ပြီး ၎င်းကို ဆန်ဒီဗိုဂတ်က သွေးဆောင်ကာ ထိုသူ၏ လက်ရေးစာမူကို အပိုင်ယူခဲ့ခြင်း ဖြစ်၏။ ၁၇၄၂ ခုနှစ်တွင် နီကိုလပ်လန်ဂရက်၏ စုံစမ်းမှုဖြင့် အမှန်တရားကို တွေ့ရှိခဲ့၏။ အခြေခံအားဖြင့် ဇာတ်လမ်းမှ ဤသို့ဖြစ်၏။ ၁၆၀၁ ခုနှစ်တွင် ဒပ်ချ်သင်္ဘောတစ်စင်းသည် စကော့ကမ်းခြေ ရှက်သွန်ရွာအနီးတွင် ပျက်ခဲ့၏။ သင်္ဘောမာလိန်မှူး ဂျက်ကော့ကို စကော့လူမျိုး အလက်ဇန်းဒါးက ကယ်တင်ခဲ့၏။ သူ့ကို ပျူငှာစွာ ပြုစုခဲ့၏။ ထို့နောက် အလက်ဇန္ဒားက ဂျက်ကော့အား အိမ်ပြန်ရန် ခရီးစရိတ်ကိုထုတ်ပေးသည့်အပြင် နောက်တစ်ကြိမ်ပြန်ပြီးဆုံတွေ့ရဦးမည်ဟု မျှော်လင့်ထား၏။ ၁၆၀၂ ခုနှစ်တွင် အလက်ဇန္ဒားသည် ၎င်း၏ ဒပ်ချ်မိတ်ဆွေကို ဟော်လန်တွင် သွားရောက်တွေ့ဆုံခဲ့၏။

၁၆၀၂ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့ သူပြန်မည့်နေ့တွင် အလက်ဇန္ဒားသည် သူ့မိတ်ဆွေအား ချက်ချင်းလက်ငင်း မျက်စိအောက်မှာပင် တစ်ထိုင်တည်းနှင့် ခဲကို ရွှေဖြစ်အောင် ထိုးပြလိုက်၏။

ထိုအဖြစ်အပျက်ကို မျက်မြင်ကိုယ်တွေ့ဖြစ်ခဲ့သူ ဂျက်ကော့က ထိုဒေသရှိ ဆရာဝန်တစ်ဦးကို ပြောပြခဲ့၏။ ဆရာဝန်၏အမည်မှာ အေဗန်ဒါလင်ဒန် ဖြစ်၏။ ၎င်းဆရာဝန်က စာဖြင့်ရေး၍ မှတ်တမ်းပြုထား၏။ ထိုသို့ အလက်ဇန္ဒားသည် ဟော်လန်မှ ထွက်ခွာပြီးနောက် ဥရောပကို လှည့်လည်ကြည့်ရှု ခဲ့၏။ သူရောက်လေရာအရပ်တွင် မယုံ ကြည်သောပရိသတ်တို့၏ရှေ့၌ ဤလုပ် ရပ်ကို ပြုလုပ်ပြလေ့ရှိ၏။ ၁၆၅၀ တွင် ဝိုဂန်းက ရေးထားသည်မှာ ၁၆၀၂ ခုနှ က သူနှင့် အလက်ဇန္ဒား တွေ့ကြုံခဲ့ပုံပ ဖြစ်၏။ အလက်ဇန္ဒား၏ ရွှေဖြစ်လုပ်ရ ကို သူနှင့် ဂျက်ကော့တို့နှစ်ဦး တွေ့ခဲ့ သည် ဆို၏။

ဂျက်ကော့က ဘေဆယ် ပါမောက္ခ အီမန်နူရယ်ကိုနစ်ထံ ပေး သည့်စာတွင် ဤအကြောင်းကို အခိုင် အမာ ထောက်ခံထား၏။ သို့ဖြစ်လျှ မည်သူက ထုတ်ဝေခဲ့သနည်း။ ၁၆၀ ခုနှစ်တွင် အလက်ဇန္ဒားက နိုင်ငံခြ သားတစ်ဦးဖြစ်နေသည့်အတွက် ဂူစတ ဟိုဗာအမည်ရှိ ပန်းထိမ်ဆရာထံ ပစ္စည်းကရိယာအချို့ကို ငှားရမ်းခဲ့၏ စကားပြောရင်းဆိုရင်းဖြင့် အလက်ဇန္ဒ သည် ပန်းထိမ်ဆရာအား အနီရော အမှုန့်များကို ပေးထားခဲ့၏။ ၎င်း သည် ဓာတ်လုံးပြုလုပ်နိုင်သည့် အမှ များဖြစ်၏။ ထို့ကြောင့် မာနရှိသေ ပန်းထိမ်ဆရာသည် သူ၏ အတတ်ပည ဖြစ်သော အဂ္ဂိရတ်ပညာနှင့် ရွှေသ ပြောင်းလဲမှုအတတ်ပညာတို့ကို ထု ဖော်မပြသဘဲမနေနိုင်တော့ပေ။ သူ အမှုန့်အနည်းငယ်ကို မြို့တော်ကောင် ဝင် (၃) ဦးအားပေးပြီး သုံးစွဲနည်း ပြောပြခဲ့၏။ ထိုပုဂ္ဂိုလ်များက လ တွေ့သုံးကြည့်ရာ အောင်မြင်မှုကို တွေ ၏။ ထို့နောက် ဤသတင်းသ ဧကရာဇ် ဒုတိယ ရူးဒေါ့ဖ်၏ နား ပေါက်ကြားသွားတော့၏။ ထိုအခါ အ ရတ် ဝါသနာရှင် ဧကရာဇ်သည် ဂူစတ ကို နန်းတော်သို့လာရန် ဆင့်ခေါ် လို ၏။ ဧကရာဇ်က ဤအမှုန့်၏ လျှို့ဝှ စွမ်းအင်နှင့် ရွှေလုပ်နည်းကို ဂူစတ အား မေးမြန်းလေတော့၏။

ထိုအခါ ဂူစတန်သည် နော ဆုံး၌ အကျပ်တွေ့လာသဖြင့် ထိုအမှ တို့ကို သူ့အားအလက်ဇန္ဒားက ပေ သွားခြင်းဖြစ်ကြောင်း၊ ထိုအမှုန့်နှင့် ပ သက်၍ လုပ်နည်းလုပ်ဟန်ကို သူ့ဘာ မသိကြောင်း ဖွင့်ဟလျှောက်ထား ၏။ သူ့စကားကို မယုံကြည်သော ဧ ရာဇ်က သူ့အား ဧကရာဇ်၏ ခံတ တွင် ရာသက်ပန် အကျဉ်းချထား



www.burmeseclassic.com

www.burmeseclassic.com

တော့၏။

ထိုအတောအတွင်း အလက်ဇန္ဒားသည် သူ၏ဓာတ်ပြောင်းလဲမှုလုပ်ငန်းများကို ဆက်လက် လုပ်ကိုင်ခဲ့၏။ နိုင်ငံ ဖရင့်ဖတ်မြို့၊ ကိုလုံးမြို့နှင့် ဘတ်မြို့တို့တွင် သွားလာနေခဲ့၏။ တစ်ရံတွင် သူသည် ထိုအမှုန့်နည်းငယ်ကို ဘေးမှရပ်ကြည့်သူအား ခြင်းပြုခဲ့၏။ ထိုအပြင် ဤကိစ္စ စိတ်ဝင်စားသူများအား ထိုအလုပ်ကို ကိုယ်တိုင်လုပ်စေပြီး သူက ညွှန်ကြားခြင်းများ ပြုလုပ်ပေးလေ၏။ ဤ ပြောင်းမှုအများစုကို လုပ်ကိုင်သူများက စာဖြင့်ရေးမှတ်ထားကြ၏။ ၁၆၀၃ ခုနှစ် ဆောင်းဦးအချိန်၌ အလက်ဇန္ဒားသည် မြူးနစ်မြို့မှ အမျိုးသမီးငယ်တစ်ဦးနှင့် လက်ထပ်ခဲ့၏။

သူ၏ ပညာသတင်းကျော်ကြားမှု ကြားသိရသည့် ကော့ဆန်မြို့စားသူအား ၎င်း၏အိမ်တော်သို့ ကြွ ပါရန် ဖိတ်ခေါ်လိုက်၏။ သို့ရာ အလက်ဇန္ဒားသည် ထိုအချိန်၌ ဆမ်းခရီးသွားရောက်ခိုက် ဖြစ် ထို့ကြောင့် အလက်ဇန္ဒားသည် အစေခံအား ဆေးမှုန့်အနည်း ပေးပြီး ကိုယ်စားသွား၍လုပ်ပြရန် လွှတ်လိုက်၏။ ထိုအစေခံ၏ အမည် ဟာမီတန် ဖြစ်၏။ ၎င်းက ဆေးမှုန့် ရွှေအနည်းငယ်ကိုလုပ်ပြရာ ထိုရွှေ စမ်းသပ်မှုအားလုံးကို ခံနိုင်ရည်ရှိ ကြောင်း တွေ့ရ၏။ အလွယ်ဖြင့်ချမ်း နိုင်သည့်နည်းလမ်းကို တွေ့သဖြင့် ကြီးက အလက်ဇန္ဒားအား ဖိတ် ပြန်၏။

ထိုအခါ ဟာမီတန်သည် အလွန် တော်တတ်သည့် မြို့စားကြီး၏ ကြောင်းကို သိသဖြင့် ၎င်းတို့အတွက် ဖြစ်နိုင်သည်ကို ရိပ်စားမိ ၎င်း၏အလုပ်ရှင်ကို အင်္ဂလန်သို့ နှင်းလိုက်တော့၏။ ထို့နောက်တွင် ဘာသတင်းမှမကြားရတော့ပေ။ သော် အလက်ဇန္ဒားသည် ဒုတိယ ဖိတ်ခေါ်မှုကို မငြင်းဆန်နိုင်ဘဲ ကြီးနှင့် သွားတွေ့ခဲ့၏။ အာလာပ ပများပြောဆိုပြီးနောက်တွင်ကား ဖြစ်သူသည် အဆင်သင့် လွယ် တကူရသောရွှေနှင့် မကျေနပ်နိုင် ရွှေလုပ်နည်းကိုပါ သိလိုကြောင်း ရှားစွာ ပြသလာတော့၏။ ထိုအခါ တွင် အလက်ဇန္ဒားက အခိုင်အမာပင် ပြတ်သားသား ငြင်းဆိုလိုက်၏။ ထို

အခါ မူလကတည်းက ရက်စက်တတ်သည့်ညဉ်ရှိသော မြို့စားသည် အလက်ဇန္ဒားအား ထောင်သွင်းအကျဉ်းချထားလိုက်ရုံမျှမက ရက်စက်စွာပင် ညှဉ်းပန်းနှိပ်စက်တော့၏။

အလက်ဇန္ဒားအနေဖြင့်ကား မြို့စား မေးသမျှကို ဘာတစ်ခွန်းမှပြော မပြတော့ဘဲ နှိပ်စက်သမျှကို ခါးစည်းပြီး အသေခံမည်ပုံစံမျိုးသာ ထင်ရှားဖြစ်ပေါ်နေလေတော့၏။

ထိုသို့သော သေရေးရှင်ရေးအခြေအနေမျိုးဖြင့် ကြုံတွေ့နေရစဉ်၌ ဆန်ဒီဗိုဂတ်က သူ့ကို လာရောက်ကယ်ဆယ်ခဲ့၏။ ဆန်ဒီဗိုဂတ်သည် မအောင်မြင်သော သိပ္ပံပညာရှင်ဖြစ်ပြီး သူကိုယ်တိုင်ကလည်း ဆက်ဆွန်နယ်ထဲ၌ ခရီးသွားခိုက်ဖြစ်၍ လာရောက် ကယ်ဆယ်နိုင်ခြင်း ဖြစ်၏။ သူသည် ထိုနယ်တွင် ခရီးသွားနေခိုက် အလက်ဇန္ဒားသတင်းကို ကြားသိပြီးနောက် ထိုဒေသရှိ ဩဇာရှိသူအချို့၏ အကူအညီဖြင့် အကျဉ်းသားအား တွေ့ဆုံခွင့်ရရှိခဲ့၏။ တွေ့ဆုံသည့်အခါ သူက အလက်ဇန္ဒားအား ဖြစ်နိုင်လောက်သည့် လွတ်မြောက်ရေးနည်းလမ်းကို ရှာပေးခဲ့၏။ အလွန်ပင် အားအင်ချို့ယွင်းနေသော အလက်ဇန္ဒားက သူသည် အစွမ်းကုန်ကြိုးစား၍ လွတ်မြောက်ပါက ဆန်ဒီဗိုဂတ်အား ချမ်းသာကြွယ်ဝစေလောက်သော ရွှေဖြစ်မည့် ဆေးမှုန့်ကိုပေးမည်ဖြစ်ကြောင်း ကတိပေးခဲ့၏။

သူသည် အစောင့်နှစ်ဦးကိုလည်း အရက်များ ဖောဖောသီသီတိုက်ပေးခြင်းဖြင့် သူ၏ကြိုးပမ်းမှုကို မသိမမြင်အောင် တားဆီးခဲ့၏။ လွတ်မြောက်လာသောအခါ အလက်ဇန္ဒား၏ဇနီးကို လမ်းတွင်ဝင်ခေါ်ရင်း ၎င်းတို့သည် မရပ်မနားဘဲ တရကြမ်းထွက်ပြေးကြရာ ကရာကောင်းသို့ရောက်သည်အထိ ဖြစ်၏။ ဆန်ဒီဗိုဂတ်အား အလက်ဇန္ဒားထံမှ ရွှေလုပ်နည်းကို တောင်းခံခဲ့သော်လည်း မရရှိခဲ့ပေ။

အလက်ဇန္ဒားက သူ၏ ကတိစကားမှာ ဆန်ဒီဗိုဂတ်အား တစ်သက်စာချမ်းသာလောက်သည့် ရွှေပမာဏကိုဖြစ်စေမည့် ဆေးမှုန့်များကိုသာပေးမည်ဟု ပါရှိကြောင်း ငြင်းဆိုလေသည်။ နောက်ထပ် (၂) နှစ်မျှ ကြာသောအခါ သူကွယ်လွန်ခဲ့၏။ သူမကွယ်လွန်မီ အလက်ဇန္ဒားက ပြောကြားခဲ့သည်မှာ သူ့လက်ထဲတွင်ရှိသော ဆေးမှုန့်သည် သဘာဝရောဂါများကိုသာ ပျောက်စေနိုင်ကြောင်း၊ သဘာဝမဟုတ်သော ညှဉ်းပန်းနှိပ်စက်မှုဒဏ်ကိုမူ မပျောက်စေနိုင်ကြောင်း ဟူ၍ ဖြစ်၏။

ရွှေလုပ်နည်းကိုသိအောင် ကြိုးစားရန် ဆုံးဖြတ်ထားသော ဆန်ဒီဗိုဂတ်သည် အလက်ဇန္ဒား၏ ဇနီးဖြစ်ခဲ့သူ မုဆိုးမကို လက်ထပ်ယူခဲ့၏။ ထိုအမျိုးသမီးသည် ကွယ်လွန်သူ ခင်ပွန်းသည်၏ ပညာရပ်ဆိုင်ရာ လျှို့ဝှက်မှုကို သိရှိထားမည်ဟု သူကထင်နေခဲ့၏။ သို့သော် လက်တွေ့တွင်ကား မှန်းချက်နှင့် နမ်းထွက်မကိုက်ခဲ့ပေ။ ဆန်ဒီဗိုဂတ်အနေဖြင့် တကယ်တမ်း ရရှိခဲ့သည်မှာ အလက်ဇန္ဒား ရေးသားခဲ့သည့် ကျမ်းတစ်ကျမ်းကိုသာ ရရှိခဲ့၏။ ကျမ်း၏ အမည်မှာ **LIBR DUODECIM TRACTAUUM** ကျမ်း ဖြစ်၏။ ထိုကျမ်းကို ဆန်ဒီက အနည်းငယ်ပြုပြင်ဖြည့်စွက်၍ သူရေးသားသည့်ကျမ်းအဖြစ် ထုတ်ဝေခဲ့၏။

သူသည် အလက်ဇန္ဒား၏ ကျန်ခဲ့သော ဆေးမှုန့်ကိုယူပြီး ဥရောပတစ်ခွင် လှည့်လည်သွားလာရင်း နေရာအနှံ့အပြားတွင် ထိုဆေးမှုန့်များဖြင့် ရွှေလုပ်ပြသွား၏။ ထို့နောက် သူသည် အမှုန့်အနည်းငယ်နှင့်အတူ အသုံးပြုနည်းကိုပါ တွဲဖက်၍ ဒုတိယမြောက် ရှုဒေါ့ဖ်ဧကရာဇ်အား ပေးအပ်လိုက်၏။

ဧကရာဇ်ကိုယ်တိုင်က ကျွမ်းကျင်သည့် အဂ္ဂိရတ်ပညာရှင်တစ်ဦးဖြစ်၍ သူပိုင် ဓာတ်ခွဲခန်းတွင် အဆိုပါ အမှုန့်များဖြင့် အံ့ဩဖွယ်ရာ ရွှေကိုဖြစ်စေခဲ့၏။

အဆိုပါ ဓာတုပြောင်းလဲမှုဖြစ်စဉ်၏ အောင်မြင်မှုအတွက် အထိမ်းအမှတ်ကျောက်တုံးတစ်တုံးကို အခန်းနံရံတစ်ဖက်တွင် ထောင်ထား၍ ထိုကျောက်တုံးကို (၁၈) ရာစုအလယ်ပိုင်းတွင် နေရာတကျ ထားရှိခဲ့၏။ အလက်ဇန္ဒား၏ ကြမ္မာဆိုးကို သတိရအောက်မေ့သည့်အနေဖြင့် ဆန်ဒီဗိုဂတ်က ဝန်ခံသည်မှာ သူသည် ထိုအမှုန့်များကို အလက်ဇန္ဒားထံမှ ရရှိသော်လည်း ထိုဆေးမှုန့်လုပ်နည်းကို သူမသိပါဟု ဝန်ခံခဲ့၏။ ထိုဆေးမှုန့်သည် သူ့အတွက် တစ်သက်တာသုံးစွဲရန် မလုံလောက်နိုင်ပေ။ ဤတွင် ဆန်ဒီဗိုဂတ်က သူရရှိလာသော ကျော်ကြားမှုနှင့် ချမ်းသာမှုကို မဆုံးရှုံးစေရန် သမားတုအဖြစ်ခံယူ၍ အသက်ရှည်ဆေးများကို ရောင်းချခဲ့၏။ ထို့ပြင် ရွှေတု၊ ငွေတုများကိုလည်း ပြုလုပ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com

လေ၏။

ထို့နောက် ၁၆၄၆ ခုနှစ် အသက် (၈၀) အရွယ်တွင် သူသည် ဆင်းရဲမွဲတေသောဘဝဖြင့် ဂုဏ်သိက္ခာ ကင်းမဲ့စွာ ကရာကောင်းမြို့၌ ကွယ်လွန်ခဲ့၏။

အဂ္ဂိရတ်ဆိုင်ရာဤစွန့်စားမှုများကို မည်သို့နားလည်သိရှိရမည်နည်း။ အဂ္ဂိရတ်ပညာ လေ့လာသူတိုင်းက အလက်ဇန္ဒားသည် ခါတ်လုံးရရှိထားသူ ဖြစ်ရမည်ဟု အကြွင်းမဲ့ ယုံကြည်ကြ၏။ သဘာဝကျကျ စဉ်းစားသူများ၏ အဆိုအရ အလက်ဇန္ဒားသည် တစ်စုံတစ်ခုသော အတတ်ပညာပရိယာယ်ဖြင့် ဤဖြစ်ရပ်များ ဖြစ်စေခဲ့သည်ဆိုကြ၏။

အလက်ဇန္ဒား၏လုပ်ရပ်ကို မျက်မြင်ကိုယ်တွေ့ကြုံတွေ့ခဲ့ကြရသူများကမူ ထိုကဲ့သို့ဆိုသူများသည် အလက်ဇန္ဒား၏ စည်းစိမ်ချမ်းသာနှင့် ဂုဏ်သိက္ခာကို မတရားခွဲဝေယူလိုကြ၍ ဤသို့ဆိုခြင်းဖြစ်သည်ဟု အခိုင်အမာပြောဆိုကြ၏။

အခြားသော အဖြစ်အပျက်များ ဥပမာ ဧကရာဇ် ရူးဒေါ့ဖ်၏ ရွှေဖြစ်မှုသည်ကား သက်သေအထောက်အထား မခိုင်လုံသော ဒဏ္ဍာရီမျှသာ ဖြစ်သည်ဟု ဆိုကြလည်း ရှိ၏။ ဂမ္ဘီရပညာရပ်၏ ရသကို ဧကရာဇ်ဘုရင်ကိုယ်တိုင် သိရှိခံစားရချိန်တွင် သူ၌ စိတ်ရောဂါစွဲကပ်နေပြီ ဖြစ်၏။ အလားတူ ဇာတ်လမ်းများသည်လည်း ဥရောပတစ်ခွင်တွင် (၁၇) ရာစုအလယ်ပိုင်းအထိ ဖြစ်ပေါ်ခဲ့၏။

၎င်းအဖြစ်အပျက်များအနက် နှစ်ခုလောက်မှာ ဂရုပြုလောက်ပေသည်။ ပထမအဖြစ်အပျက်မှာ အလွန်အရေးပါသည့် သိပ္ပံပညာရှင်တစ်ဦး ပါဝင်နေပေသည်။ ထိုသူမှာ ဂျိုဟန်ဘတ်တီဆာ (၁၅၇၇-၁၆၄၄) ဖြစ်၏။ ၎င်းသည် ဘယ်လ်ဂျီယန်လူမျိုး ဖြစ်၏။ ၎င်းသည် ပါရာဆဲလ်ဆပ်၏ သဘောတရားများကို လွန်စွာ ယုံကြည်လက်ခံသူဖြစ်၏။ ၎င်းသည် သိပ္ပံပညာတွေ့ရှိမှုနှင့် တီထွင်မှုဆိုင်ရာကျမ်းများစွာကို ရေးသားခဲ့သူဖြစ်၏။ ၎င်းသည် သဘာဝလေမဟုတ်သော လေအသွင်တစ်မျိုးဖြင့် အသက်ရှင်နေထိုင်သူလည်း ဖြစ်၏။ ခါတ်ငွေ့ (gas) ဟူသော ဝေါဟာရကို စတင်တီထွင်ခဲ့သူ ဖြစ်၏။

၁၆၁၈ ခုနှစ်၏ တစ်ခုသောနေ့တစ်နေ့တွင် သူ့အိမ်သို့ လူစိမ်းတစ်ဦး ရောက်လာခဲ့၏။ သူတို့နှစ်ဦးသည် အဂ္ဂိရတ်အကြောင်းဆိုင်ရာတို့ကို ပြောဆိုကြစဉ်တွင် လူစိမ်းသည် ဂျိုဟန်၏ အဂ္ဂိရတ်ပညာရပ်အပေါ်၌ အယုံအကြည်မရှိသူဖြစ်ကြောင်း ရိပ်စားမိသဖြင့် ဂျိုဟန်အား ကုံကုမံအဝါရောင်ကဲ့သို့သော အဆင်းမျိုးရှိသည့် အမှုန့်အနည်းငယ်ကို ပေးခဲ့၏။ ရုတ်တရက်ကြည့်လိုက်လျှင် မှန်ကွဲစအမှုန်များနှင့် တူသော်လည်း အမှန်မှာမူ အမှုန့်များသာဖြစ်၏။ ထိုသူက ဤအမှုန့်သည် သာမန်သတ္တုကို ရွှေအဖြစ်သို့ပြောင်းနိုင်သည်ဟု ပြော၏။ ထိုလူစိမ်းပြန်သွားသောအခါ ဂျိုဟန်သည် ထိုသူပြောသွားသည့်အတိုင်း တိကျစွာဖြင့် စမ်းသပ်လုပ်ကိုင်ကြည့်ရာ ထိုအမှုန့်များသည် ပြဒါးကို ရွှေအဖြစ်သို့ ပြောင်းလဲစေကြောင်း ကိုယ်တိုင်ကိုယ်ကျ တွေ့ရှိရတော့၏။

သူသည် ထိုအမှုန့်ကို အသုံးပြုလျက် ထပ်ကာထပ်ကာ စမ်းသပ်ရာတွင်လည်း စမ်းသပ်တိုင်း အောင်မြင်သည်သာ ဖြစ်နေတော့၏။ ဆေးမှုန့်များလည်း များမကြာမီပင် ကုန်သွားတော့၏။ ထို့နောက် ဂျိုဟန်သည် ထိုဖြစ်စဉ်ဖြစ်ရပ်အားလုံးကို စာဖြင့်ရေး၍ မှတ်တမ်းတင်ခဲ့၏။ ထိုစမ်းသပ်မှုကို ပြုလုပ်ခဲ့သည့် အခြေအနေများကို မှတ်သားထားခဲ့၏။

သူ၏ ကြုံတွေ့ခဲ့ရသော အခြေအနေအရပ်ရပ်ကလည်း ဓာတုပညာရှင်တစ်ဦးအနေဖြင့် အတုအယောင်အလိမ်မညာမဟုတ် အစစ်အမှန်ဖြစ်နေ၏။ ထို့ကြောင့် ဤဖြစ်ရပ်၏ရှင်းလင်းချက်ကား အဘယ်နည်း။ ဓာတုသမိုင်းပညာရှင်များက ဂျိုဟန်သည် ပြဒါးကို ရွှေအဖြစ်ပြောင်းလဲစဉ်က ပြဒါးပမာဏ ယုတ်လျော့မှုမရှိဟု ဆို၏။ ပြဒါး၏ သိပ်သည်းမှုသည် ရွှေ၏သိပ်သည်းမှုထက် သုံးပုံတစ်ပုံသာရှိ၏။ ထို့ကြောင့် ပြဒါးမှ ရွှေသို့ပြောင်းရာတွင်ဖြစ်ပေါ်လာသော ရွှေ၏အလေးချိန်သည် ပြဒါးအလေးချိန်၏ သုံးပုံတစ်ပုံသာ ဖြစ်သင့်၏ဟု ဂျိုဟန်က တွက်ဆထား၏။ အချို့ကလည်း ဂျိုဟန်သည် ဤဇာတ်လမ်းကို တီထွင်ထားသည်ဟု ဆိုကြ၏။

သို့တည်းမဟုတ် သူ၏ သားသည် ၁၆၄၈ ခုနှစ်တွင် သူသည် သူ့ဖခင်၏လုပ်ရပ်ကို တည်းဖြတ်၍ ထုတ်ဝေခဲ့သည်ဟု ဆို၏။ ဤအနုမာနများသည် ရုပ်ပိုင်းမျှသာ ဖြစ်ကြ၏။

ဂုဏ်သရေရှိ ဓာတုပညာရှင်တစ်ဦးသည် အဘယ်ကြောင့် ဤသို့သော ဇာတ်လမ်းမျိုးကို တီထွင်၍ အကြိမ်ပေါင်းများစွာ ပြောဆိုရပါသနည်း။ ထို့အပြင် သူ့သားကဲ့သို့သော အဂ္ဂိရတ်ကို မယုံကြည်သူတစ်ဦးကလည်း သူ့ဖခင်၏ဇာတ်လမ်းကို အဘယ့်ကြောင့် တည်းဖြတ်ပြုပြင်၍ထုတ်ဝေရပါသနည်း။

ဟဲဗင်းရှပ် (၁၆၂၅-၁၇၀၉) ၏ ဇာတ်လမ်းက ပို၍ပင်အံ့သြဖွယ်ကောင်း လေသည်။ ၎င်းသည် ဒပ်ချ်လူမျိုး သမား တော်ဖြစ်၏။ ဇာတ်လမ်း၏ အစပိုင်းမှာ ဂျိုဟန်၏ ဇာတ်လမ်းနှင့်တူ၏။ သို့သော် ၎င်းကပို၍အသေးစိတ်ပေသည်။ ၁၆၆ ခုနှစ်၊ ဒီဇင်ဘာ ၂၇ ရက်နေ့တွင် သူ၏ နေအိမ်သို့ လူတစ်ယောက် ရောက်လာ ၏။ ထိုသူသည် စုတ်ပြတ်ပေရေနေ၏။ ထိုသူ့အသက်ကား (၄၃)နှစ်၊ (၄၄)နှစ်ခန့် ရှိမည်ဟု ခန့်မှန်းရ၏။ သူ့မျက်နှာငှ ကျောက်ပေါက်မာသဲ့သဲ့ရှိ၏။ ဝတ်ဆ ထားပုံမှာလည်း ဖရိုဖရဲ ကိုရိုးကားရ ဖြင့် ညစ်ပတ်နေ၏။ ထိုသူက သူသည် အဂ္ဂိရတ်ပညာကို စိတ်ဝင်စားကြော ဟဲဗင်းရှပ် ရေးသားသည့်စာတွင် ခါတ် လုံးနှင့် ၎င်း၏ အာနိသင်ကို မယုံကြ သည့်အချက်များပါရှိနေကြောင်း ပြော ပြလေ၏။

ထို့နောက် ထိုသူသည် သူ့ အင်္ကျီအိတ်ထဲမှ ဆင်စွယ်ဘူးလေး ထုတ်ယူပြီး ဖွင့်ပြ၏။ ထိုဘူးထဲတွင် အဝါရောင် ပစ္စည်း (၃)ခု ပါရှိ၏။ ၎ တို့သည် ဖန်သားကဲ့သို့ ကြည်လင်နေ အရွယ်အစားမှာ သစ်ကြားသီးအရွ ခန့် ရှိ၏။

ထိုပစ္စည်းများသည် တက ခါတ်လုံးအစစ်များဖြစ်သည်ဟုလ ဆို၏။ ဤပစ္စည်းများကို ဘယ် သနည်းဟုမေးသောအခါ သူ့ကို လူ တစ်ဦးကပေးသွားကြောင်း၊ သူက ထို စိမ်းကို ဧည့်ဝတ်ကျေပွန်၍ ထိုလူစိမ်း သူ့အား အဂ္ဂိရတ်ပညာ၏လျှို့ဝှက်ချ ကိုလည်း ပေးသွားသည်ဟု ဆို၏။

ထိုအခါ ဟဲဗင်းရှပ်က ခါတ် များကို ကြည့်ရှုစစ်ဆေးဟန်ဆောင် မသိမသာ ကုတ်ခြစ်လိုက်၏။ ထိုလူ ထွက်သွားသောအခါ သူက ထိုခါတ် များဖြင့် ရွှေဖြစ်အောင် လုပ်ကြည့် သို့သော် မအောင်မြင်ပေ။ နောက် ( ပတ်ကြာသောအခါ ထိုလူစိမ်း ပြန်လ ရောက်လာ၏။

ဟဲဗင်းရှပ်က ထိုသူအား သူ အဆိုခိုင်မာကြောင်းကို လက်တွေ့ ရန် တောင်းဆိုသော်လည်း မရပေ။ သူက ငြင်းမြဲငြင်းဆန်နေ၏။ သို့ နောက်ဆုံးတွင် ဟဲဗင်းရှပ်အား ခါ



www.burmeseclassic.com

www.burmeseclassic.com

အစငယ်တစ်ခုအား ပေးခဲ့ရန် တူ၏။ ၎င်းသည် မုန်ညင်းစေ့ ၏တစ်ဝက်ထက်မပိုသော အစ သော ဖြစ်၏။ ဤအဆင့်တွင် ရှုပ်သည် ယခင်က ရရှိထားသော သည်းကြားမှ အစနှင့်ပေါင်း၍ ရွှေ အောင် ကြိုးစားခဲ့၏။ အောင်မြင်စေ နည်းမှာ ဤခာတ်လုံးကို ဦးစွာ င်းဝါများဖြင့်မံရ၏။ သို့မဟုတ် လုံထဲတွင် အရည်ပျော်နေသောခဲ ခာတ်လုံးကို ပျက်စီးစေမည်ဖြစ် လုပ်ငန်း၏ခက်ခဲမှုကို အကြောင်းပြု ထိုလူစိမ်းက ထွက်သွားပြန်၏။

သို့သော် တစ်နေ့တွင် သူပြန်လာ ခုထက်ပို၍ ရှင်းပြမည်ဟု ပြောဆို ၏၊ သို့သော် ထိုလူစိမ်းသည် ကတိ ည်ပေ။ အကြောင်းမှာ ၎င်းသည် သောအခါတွင်မှ ပြန်မလာတော့ ကြောင့် ဖြစ်၏။

ဟဲဗင်းရှပ်က သူအရှုံးလုပ်ခံရ တု ယူဆပြီး သူ့ဘာသာသူ လုပ် ရန် ကြိုးစားခဲ့၏။ ထိုအချိန်တွင် သည် ခာတ်လုံများကို ဖယောင်း နေ၏။ ဟဲဗင်းရှပ်သည် ခဲ (နာ) င်စတစ်ဝက်ကို လုံထဲသို့ထည့်ပြီး ပေါ်သို့ တင်လိုက်၏။ ချက်ချင်းလို ခဲသည် ပျော်သွား၏။ ထိုအခါတွင် င်းမံထားသော ခာတ်လုံးကို လိုက်၏။ ထိုအခါ စီစီစီဟု မြည်သံ ပြီးနောက် အုံ့ညြဖွယ်ကောင်း မှာ (၁၅) မိနစ်အတွင်း၌ပင် ခံတုံး ရွှေတုံးပကတိဖြစ်သွားလေတော့

အင်္ဂရတ်ပညာတွင် ယခုထက်ပို၍ န်းသော ခာတ်အသွင်ပြောင်းမှု ရေးသားခဲ့၏။ သဘာဝ၏ လုပ် အနက်ကိုမှုလောက် ထူးဆန်း ယ်ကောင်းသည့် ဖြစ်ရပ်ကို ပေါင်း (၁၀၀၀) ဖြင့် ကြည့်လျှင် ပြီးဆုံးနိုင်ဖွယ် မရှိပေ။ ရှေးဦးစွာ ရောင်၊ ထို့နောက် အစိမ်းရောင်၊ တ် ပုံစံခွက်ထဲ လောင်းထည့်စဉ် ရောင်ဖြစ်သွား၏။ ထိုအခါတွင်မှ စင်ဆုံးနှင့် အလှပဆုံး ရွှေရောင် ၏။

သူသည် ထိုရွှေကို ပန်းထိမ်ဆရာ သွားပြီး ပြသရာ ပန်းထိမ်ဆရာက ပေါ်တွင် အကောင်းဆုံးရွှေဟု လိုက်၏။ ထို့အပြင် ၎င်းရွှေကို အောင်စလျှင် ဖလော့ရင့်ရွှေဒင်္ဂါး ရောင်းချပါရန် ကမ်းလှမ်းခဲ့၏။

နောက်နေ့များတွင်လည်း ဟဲဗင်းရှပ်က သူ့စမ်းသပ်ချက်ကို ဆက်ပြီးလုပ်ကိုင်၏။ စမ်းသပ်မှုတစ်ခုတွင် သူက အင်္ဂရတ်ရွှေ (၁) ဆ၊ ငွေ(၃)၊ (၄) ဆကို အကွာမို့ အနည်းငယ်ရောစပ်လိုက်၏။ ရလဒ်မှာ အကောင်းဆုံးရွှေပင် ဖြစ်နေ၏။ အကြိမ်ပေါင်းများစွာ စမ်းသပ်သော်လည်း အဖြေကား မပြောင်းလဲခဲ့ပေ။ ထိုဆေးရည်သည် ခဲ (၆) ဒရမ်နှင့် (၂) စခရူပယ်တို့ကို အကောင်းဆုံး ရွှေသားပကတိသို့ ပြောင်းစေခဲ့ခြင်း ဖြစ်၏။ ဟဲဗင်းရှပ်သည် အင်္ဂရတ်ပညာကို ဖြန့်ဖြူးသူမဟုတ်၊ ကြော်ငြာသူလည်း မဟုတ်ပေ။ ထို့အပြင်လည်း ဟန်ဆောင်မှုဟူ၍ လုံးဝမရှိသူလည်း ဖြစ်၏။ ဤကိစ္စနှင့် ပတ်သက်၍ ဟုမ်းဟတ်ဒ်က ဤသို့ ရေးခဲ့၏။

ယဉ်ကျေးမှု၊ ပညာနှင့် ဂုဏ်သိက္ခာရှိသူတစ်ဦး ဖြစ်၏။ ဤကဲ့သို့သော ပုဂ္ဂိုလ်မျိုးက မုသားစကားဆိုရန်လည်းကောင်း၊ စိတ်ကူးယဉ်၍ အထင်ကိုအမြင်လုပ်ရန် လည်းကောင်း ခဲယဉ်းလှပေသည်။

အင်္ဂရတ်နှင့် ပတ်သက်၍ ဟန်ဆောင်မှုများ၊ ဟာကွက်ပျော့ကွက်များ စိစစ်ရှာဖွေ၍ရနိုင်သော်လည်း ဟဲဗင်းရှပ်၏ ဇာတ်လမ်းတွင်မူ ဤသို့သော ဟာကွက်များကို ယခုတိုင် မတွေ့ရှိရပေ။ (၁၉) ရာစု၏ ဂျာမန်ဓာတုသမိုင်းပညာရှင် ဟာမန်ကော့ကပင်လျှင် ဤကိစ္စနှင့် ပတ်သက်၍ မှန်ကန်သည်ဟု ဆိုလိုပေသည်။

နောက်ထပ်အသေးစိတ်တစ်ခုမှာ ဤလျှို့ဝှက်မှုကို ထပ်လောင်းဖြည့်ဆည်းထား၏။ ဒပ်ချ်လူမျိုး ဒဿနပညာရှင် စပင်နိုဆာ (၁၆၃၂ - ၁၆၇၇) က ထိုဇာတ်လမ်းများကို ကြားသိပြီး ထိုဇာတ်လမ်းများသည် လုံးဝမမှန်ကန်ဟု ယူဆကာ ကာယကံရှင်များဖြစ်သော ဟဲဗင်းရှပ်နှင့် အခြားသောပုဂ္ဂိုလ်များတို့အား တွေ့ဆုံမေးမြန်းခဲ့၏။ ထိုအဖြေမှာ အဆိုပါအကြောင်းအရာကို ပုဂ္ဂိုလ်များအားလုံးက တညီတညွတ်တည်း တစ်ပုံစံတည်း ပြောဆိုကြ၏။

အတည်မပြုသော အစဉ်အလာအရ ဆိုကြသည်မှာ ဟဲဗင်းရှပ်၏ ဂမ္ဘီရဧည့်သည်မှာ အမည်မဖော်လိုသူ အင်္ဂရတ်ပညာရှင်တစ်ဦးဖြစ်ပြီး ၁၆၆၆ ခုနှစ်တွင် အမ်စတာဒမ်မြို့၌ OPEN ENTRACE TO THE LOCKED PALACE OF THE KING) စာမူကို ပေးအပ်ခဲ့သူ ဖြစ်၏။ ၎င်းကို ၁၆၆၇ ခုနှစ်တွင် ပုံနှိပ်ခဲ့၏။ ကျမ်းပြုသူသည် နာမည်ရင်းအစား အမည်ဝှက်ဖြင့် (Lover of the Truth) 'အမှန်တရားလိုလားသူ' ဟု ဖော်ပြထား၏။

ထိုသူမှာ အင်္ဂရတ်ပညာရှင်တစ်ဦးဖြစ်ပြီး အရပ်ဒေသအသီးသီးသို့ သွားလာကာ အင်္ဂရတ်ကို မယုံကြည်သူများအား လက်တွေ့မျက်တွေ့ ဟောပြောပြနေသူဖြစ်၏။ ဟဲဗင်းရှပ်နှင့် ပတ်သက်သည့် ဇာတ်လမ်းများစွာအနက် တစ်ခုက ဤသို့ဆို၏။

'သူသည် နယူးအင်္ဂလန်တွင် တစ်ချိန်တစ်ခါကနေ ထိုင်ခဲ့ပြီး ဂျော့စတာကီအမည်ရှိသူ ဓာတုပညာရှင်တစ်ဦးနှင့် သိကျွမ်းခဲ့ရသည်။ ထိုသူမှာ တာပင်တိုင်ဆီကို တီထွင်သူဖြစ်ပြီး ဓာတ်ပြောင်းလဲသည့်အင်္ဂရတ်ပညာကို စတင်လေ့လာနေသူ ဖြစ်၏။

၁၇ ရာစု၏ နှစ်အလိုက် အစီရင်ခံစာ၌ ဂျိုဟန်နှင့် ဟဲဗင်းရှပ်တို့ ရေးသားသည့် ဇာတ်လမ်းနှင့် ခပ်ဆင်ဆင်တူသောဇာတ်လမ်းများ ပါရှိ၏။ ဘယ်ကပေါ်လာမှန်းမသိသော ဂမ္ဘီရပုဂ္ဂိုလ်ကို သိပ္ပံပညာရှင်တို့က ကိရိယာများဖြင့် ရှာဖွေခဲ့၏။ ထိုပုဂ္ဂိုလ် ဘယ်ကလာသလဲ၊ ထိုပုဂ္ဂိုလ်၏ ခိုင်မာမှု ဘယ်လောက်ရှိသလဲ၊ လုပ်ပိုင်ခွင့်ဘယ်လောက်ရှိသလဲ စသည့်ကိစ္စရပ်များကို စူးစမ်းသုတေသနပြုခဲ့ကြ၏။

များသောအားဖြင့် ၎င်းတို့သည် မသိနားမလည်သူများထံမှ ငွေကြေးကို ရနိုင်သမျှရအောင် ညှစ်ယူကြသည့် သမားတုသမားယောင်များသာ ဖြစ်ကြ၏။ အခြားသော အခြေအနေများတွင် ထိုလူစိမ်းများသည် အင်္ဂရတ်ပညာ၏ တပည့်ရင်းများသဖွယ် ပြုမူတတ်ကြပြီး ဤပညာရပ်၏ ရန်သူများကို ပြုပြင်ပြောင်းလဲရန် ကြိုးစားသူများ ဖြစ်လေသည်။ ထိုသူများသည် လိမ်လည်သူများ သို့မဟုတ် စိတ်ကူးယဉ်သူများ ဖြစ်သည်ကို သိရှိရန်အတွက် ဤသို့ ပြုလုပ်ခြင်း ဖြစ်၏။

သူတို့ပြောစကားကို နားထောင်သူများကလည်း အများအပြားရှိပေသည်။ ရိုစီကရူစီယန်၏ အင်အားများကို စူးစမ်းစစ်ဆေးရန်မှာ နောက်တစ်ဆင့် ဖြစ်၏။

ဆရာဦးဆက်ထွန်းလင်း

(အာယုဗ္ဗေဒ)



www.burmeseclassic.com

www.burmeseclassic.com

ပြီးခဲ့တဲ့ တစ်ခုသောလရဲ့ တစ်ခုသော နံနက်ခင်းမှာ ဆရာဦးတိုး (တက္ကသိုလ်) ကျွန်တော့်ဆီ ရောက်လာခဲ့တယ်။ အကြောင်းကိစ္စ ထွေထွေထူးထူး ရှိလို့တော့ မဟုတ်ဘူး။ သာကေတမြို့နယ်စာရေးဆရာတွေဆီက နှစ်စဉ်ကြေးကောက်ရင်း ရောက်လာခဲ့တာ။

ဒါနဲ့ ကျွန်တော်တို့နှစ်ယောက် စာအကြောင်းပေအကြောင်း ရောက်တတ်ရာရာပြောဆိုကြရင်း -

"ခင်ဗျားအခုဘာတွေရေးနေတာ

"အေးဗျာ၊ ကျွန်တော်နားလည်ပါတယ်။ ကျုပ်တို့၊ ခင်ဗျားတို့ဘဝတွေက ဝါသနာနဲ့ ဝမ်းစာကို ရောသမမွှေနေရသေးတာကိုးဗျ"

ဆရာတိုး ပြောရင်းက အာခြောက်သွားဟန်နဲ့ ရေနွေးတစ်ခွက်ကျိုက်လိုက်တယ်။ ပြီးတော့ ကျွန်တော့် စားပွဲပေါ်မှာထပ်ထားတဲ့ မဂ္ဂဇင်းတစ်အုပ်ကို လှန်လှောကြည့်ပြီး -

"ဒါ ခင်ဗျားလက်ဆောင်ရတဲ့ စာအုပ်တွေလား"

"ဟုတ်တယ် ဆရာတိုး၊ မဂ္ဂဇင်းတိုက်တွေကရတဲ့ စာအုပ်တွေ အကုန်သိမ်းထားတာလေ"

တဲ့။

"အင်း - ကျွန်တော်လည်း အ[illegible]ကြောင်းတိုက်ဆိုင်လို့ ကိုယ်တွေ့[illegible]ရရင်တော့ ရေးဖို့စဉ်းစားထားပါတယ်[illegible]

လို့ ပြောလိုက်တော့ -

"ဟာ - ခင်ဗျားကလည်[illegible]အကြောင်းတိုက်ဆိုင်တာတွေဘာ[illegible]ဘာမှ စောင့်နေစရာမလိုဘူး။ ကျုပ်[illegible]ခင်ဗျားရေးတဲ့ဇာတ်လမ်းနဲ့ အံဝင်ခွင်[illegible]ဖြစ်မယ့် အကြောင်းအရာ အပြည့်အ[illegible]

# မြောင်းမြ - မြင့်လှိုင်

(၃)

## အမှောင်ဘဝမှာ လရောင်ရှာတွေ့ခဲ့သူ



လဲ"

ကျွန်တော့်စားပွဲပေါ်မှာ ပြန့်ကျဲနေတဲ့စာရွက်စာတမ်းတွေကိုကြည့်ပြီး ဆရာတိုး မေးလိုက်တာပါ။ အမှန်တော့ ဒီစာရွက်စာတမ်းတွေက ကျွန်တော် စာရေးထားလို့ ပြန့်ကျဲနေတာမဟုတ်ဘူး။ ကျွန်တော့်သားအငယ်ကောင် တက်မွှေထားတာ။ ကျွန်တော်မအားလို့ ပြန်မသိမ်းဖြစ်သေးတာကို ဆရာတိုးက ကျွန်တော့်ရေးလက်စတွေလို့ ထင်သွားပုံရတယ်။

တကယ်တော့ ကျွန်တော့်အနေနဲ့ ဒီလတွေမှာ စာရေးဖို့ ဘယ်လိုမှ တာစူလို့မရနိုင်ခဲ့ဘူး။ ဝါသနာအရ စာရေးနေပေမယ့် တစ်ဖက်မှာလည်း မိသားစု မန်းမန်းတူတူမပုန်းရအောင် မနည်းရုန်းကန်နေရသေးတာကိုး။ ဒါနဲ့ -

"အခုလောလောဆယ် ဘာမှ မရေးဖြစ်သေးဘူး ဆရာရေ။ ရေးမယ် ကြံလိုက်၊ အလုပ်ပေါ်လာလိုက်ဆိုတော့"

"ဟ - ခင်ဗျား ဒီမှာရေးထားတဲ့ အမှောင်ဘဝမှာလရောင်ရှာတွေ့ခဲ့သူ (၂) ဆိုတော့ ရှေ့မှာ (၁) လရေးပြီးသားပေါ့ ဟုတ်လား"

ဆရာတိုး စင်ပေါ်က ယူဖတ်လိုက်တဲ့စာအုပ်က ၂၀၁၃၊ မေလထုတ် သူရဋ္ဌမဂ္ဂဇင်း စာမျက်နှာ (၂၇၀) မှာ ဖော်ပြခဲ့တဲ့ 'အမှောင်ဘဝမှာ လရောင်ရှာတွေ့သူ (၂)' ဆိုတဲ့စာမူလေးပါ။

"ဟုတ်တယ် ဆရာတိုးရေ၊ အမှောင်ဘဝမှာ လရောင်ရှာတွေ့ခဲ့သူ (၁) ကို ၂၀၁၂၊ ဇူလိုင်လထုတ် သူရဋ္ဌမဂ္ဂဇင်း စာမျက်နှာ (၂၃၂) မှာ ဖော်ပြပြီးပြီလေ"

"ဟာ - ဒါဆိုရင်တော့ ခင်ဗျား အမှောင်ဘဝမှာ လရောင်ရှာတွေ့ခဲ့သူ (၃) ကို ဆက်ရေးဖို့သာ ပြင်ပေတော့"

ရှိတယ်။ ရှိတာမှ ဓာတ်ပုံနဲ့တကွ[illegible]တာ။ ပထမတော့ ဒီအကြောင်း[illegible]ကျုပ်ကိုယ်တိုင်ရေးဖို့ စိတ်ကူးထား[illegible]ဒါပေမယ့် ရေးလက်စရှိတဲ့ ခင်ဗျား[illegible]ပိုကောင်းမယ်လို့ထင်တယ်လေ"



www.burmeseclassic.com

www.burmeseclassic.com

ဆိုတော့ -

ဘာပြောကောင်းမလဲ၊ ကျွန်တော်တော့ ဝမ်းသာအယ်လဲမေ့ပါ။ ရေငတ် ရေအိုးစင်တွေ့ဆိုတာမျိုးကိုး။ ဒါ ကျွန်တော်လည်း 'အမှောင်ဘဝမှာ ရောင်ရှာတွေ့ခဲ့သူ (၃)' ကို ဆက်ရေး ခဲ့တယ်။ အမှန်တော့ ဒီစာမူစာကြမ်း က ရေးပြီးတာကြာပြီ ဖြစ်ပေမယ့် ရာတိုးဆီက မှတ်တမ်းဓာတ်ပုံတွေ စောင့်နေရသလို ကာယကံရှင် မိသားစုတွေလည်း နယ်ခဏထွက်သွားကြတယ်ဆိုတော့ နည်းနည်းအချိန်ယူလိုက်ရတယ်။ အခုတော့ အားလုံးပြည့်စုံသွားပြီမို့ -

ပြောရရင် ဒေါ်သန်းမြတို့မိသားစုတွေက တကယ့်ဗုဒ္ဓဘာသာစစ်စစ်တွေပါ။ ဘိုးဘွားဘီဘင်လက်ထက်တတည်းက ကိုးကွယ်ခဲ့လို့ တို့လည်း ကိုးကွယ်လိုက်တာဆိုတဲ့ မိရိုးဖလာကိုးကွယ်မှုမျိုး မဟုတ်ဘဲ မြတ်စွာဘုရားရှင်ရဲ့စကားတော်၊ တရားတော်တွေကို ရင်ထဲ၊ ဦးနှောက်ထဲက ယုံကြည်မှုသဒ္ဓါတရားအပြည့်နဲ့ ကိုးကွယ်ခဲ့ကြတာ။



www.burmeseclassic.com

www.burmeseclassic.com

ဒါကြောင့်မို့လည်း သားသမီး လေးယောက်စလုံးက မိခင်ဒေါ်သန်းမြ ရဲ့စကားဆို အားလုံး မြေဝယ်မကျ နား ထောင်ခဲ့ကြသူတွေချည်းပဲ။ သားသမီး လေးယောက်မှာ သုံးယောက်က သူ့အိမ် ထောင်နဲ့သူ အသီးသီးဖြစ်နေကြပေမယ့် နို့ညှာဖြစ်တဲ့ ကိုအောင်မြဇော်တစ် ယောက်သာ အသက်သုံးဆယ်အတော် လေးစွန်းတဲ့အထိ အိမ်ထောင်ပြုဖို့ ခေါင်း ထဲမထည့်ဖြစ်သေးဘူး။

ဒါကလည်း ကိုအောင်မြဇော် အနေနဲ့ မိုးလင်း၊ မိုးချုပ် အလုပ်ထဲမှာ စိတ်နှစ်ထားလို့လည်း ဖြစ်ကောင်းဖြစ် မယ်။ သူ့ပတ်ဝန်းကျင်နဲ့ အပေါင်းအ သင်းတွေကတောင် -

"ဒီပုံအတိုင်းဆို အောင်မြဇော် ကြီးက လူပျိုကြီးဘဝနဲ့ အမေနားပဲကပ် နေတော့မယ်နဲ့တူတယ်"

လို့ ပြောကြသေးတာရယ်။

ဒါပေမယ့် လူ့စိတ်ဆိုတာကလည်း ခန့်မှန်းရတော့ခက်သားကလား။ ဒီလို လူရိုး၊ လူအေး ကိုအောင်မြဇော်တစ် ယောက် ပြာသိုလရဲ့ တစ်နေ့သော ဆောင်းတစ်ညမှာ ကောက်ကာငင်ကာ မိန်းမခိုးလာခဲ့တယ်။

အဲဒီနေ့က အလုပ်ပြန်နောက်ကျ နေတဲ့သားတော်မောင်ကို အမေလုပ်သူ ဒေါ်သန်းမြက ထမင်းပွဲပြင်ရင်း စောင့် နေရှာတယ်။ ခဏနေတော့ -

"အမေ၊ သားပြန်လာပြီ"

သားအသံကြားကြားချင်းပဲ ထမင်း ပွဲပြင်နေရင်းက -

"ဟဲ့ - သား၊ အလုပ်ပြန်နောက် ကျလှချေလား"

ဆိုတော့ -

"ဟုတ်တယ် အမေ။ ကိစ္စလေး တစ်ခုရှိလို့ နည်းနည်းနောက်ကျသွား တယ်"

"ဩော် - ဧည့်သည်လည်းပါလာ တာကိုး၊ ဟဲ့-သား၊ ဧည့်သည်ကို ထိုင် ခိုင်းပါဦး"

လို့ ဒေါ်သန်းမြ လောကဝတ်ပြု လိုက်တော့ -

"ရတယ် အမေ၊ သူက ဧည့်သည် မဟုတ်ပါဘူး။ အမေနဲ့အတူတူနေဖို့ သားခေါ်လာတာ။ သားတို့ချင်း မေတ္တာ ရှိနေတာတော့ ကြာပါပြီ။ အခုတော့ ဘဝတစ်လျှောက်လုံး လက်တွဲဖို့ ဆုံး ဖြတ်ခဲ့ကြပြီ အမေ" တဲ့။

ရည်းစားသနရှိတယ်လို့ ဘယ် တုံးကမှ လေသံမဟခဲ့တဲ့သား။ အခု



အလှူရေစက်ချနေသော ကိုအောင်မြဇော်နှင့် မမဥ္ဇူ မိသားစု



အလှူပွဲသို့ ကြွရောက်လာကြသော သာကေတမြို့နယ် စာရေးဆရာများနှင့် မမဥ္ဇူ အမှတ်တရ (ယာထောင့်စွန်း)

တော့လည်း ဖြူန်းစားကြီး မိန်းမခိုးလာ တာကို အံ့ဩစိတ်နဲ့ သူ့ချွေးမလောင်း လေးရဲ့မျက်နှာကို တစ်ချက်လှမ်းအကဲ ခတ်လိုက်မိတော့ -

'အလိုလေး၊ ဘုရားရေ'

လို့ ရင်ထဲမှာ ရေရွတ်မိရင်း စိတ် ထဲ အတော်မကောင်းဖြစ်သွားတယ်။ ဒေါ်သန်းမြအနေနှင့် သူတို့ချင်း မေတ္တာ ရှိလို့ယူလာတာကို ဘာမှအပြစ်မပြော စရာမရှိပါဘူး။ မိန်းကလေးပုံကြည့်ရ တာ တင့်တောင့်တင့်တယ်ထဲကမဟုတ် လောက်ဘူးလို့ သူထင်တယ်။ ဒါလည်း ဘာမှပြဿနာမဟုတ်ဘူး။

လူလူချင်း ဆင်းရဲချမ်းသာအဆင့် ခွဲတတ်တဲ့စိတ် သူ့မှာမရှိဘူး။ ပြီးတော့ သူတို့မိသားစုကိုယ်တိုင်ကလည်း လူချမ်း သာစာရင်းဝင်တွေမှမဟုတ်တာကိုး။

ခက်တာက သူ့သားယူမယ့် မဥ္ဇူ ဆိုတဲ့ မိန်းကလေးက ဘာသာခြားတစ် ယောက်ဖြစ်နေတာပဲ။ ကလေးခေါ်ခေ တောင် ဘာလူမျိုးဆိုတာ ပြောနိုင် လောက်တဲ့ ရုပ်ရည်နဲ့ အသားအရောင် ကရှိနေတာကိုး။

"အေးလေ- သားတို့ချင်းမေတ္တာ ရှိတယ်ဆိုရင် ပြီးတာပဲ။ အမေ့အနေ ဘာမှကန့်ကွက်စရာမရှိပါဘူး။ မင်းတို့ လည်း ငယ်တော့တဲ့အရွယ်တွေမှမဟုတ် ကြတာ"

ဒေါ်သန်းမြအနေနဲ့ ဘာမှထွေ ထွေထူးထူးပြောစရာစကားလည်းရှာမ ဘူးထင်ပါရဲ့။

ဆိုကြပါစို့၊ ဒါနဲ့နှစ်ဖက်မိဘချင်း ညှိနှိုင်းပြီး မင်္ဂလာပွဲကို အကျဉ်းချုံးလုပ် ပေးတယ်။ မမဥ္ဇူကတော့ ကိုအောင်မြ ဇော်တို့အိမ်မှာပဲ လိုက်နေဖြစ်တယ်။ ဒေါ်သန်းမြကိုလည်း ယောက္ခမ ဆိုပေ မယ့် မိခင်ရင်းတစ်ယောက်နဲ့မခြား ပြု ရှာတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်သန်းမြခမျာလည်း မမဥ္စူက တတ်နားလည်လေ သံသယမကင်း လေဆိုတာမျိုးကိုး။ သားတော်မောင် ဘာသာထဲ ဘယ်နေမှုများ စည်းရုံး သွင်းသွားမလဲဆိုတဲ့ စိုးရိမ်စိတ်က ထိပ်ပေါ် ဖွဲမီးဖိုရွက်ထားရသလို ငွေ့ငွေ့နဲ့ တစ်နေ့မှ ရတက်မအေးနိုင် ဘူး။

ကိုယ်ထွက်ရမယ့်ချွေးကို ကူညီ ပေးတယ်ဆိုတဲ့ ချွေးမက အခု တော့ သူ့ကိုဇောချွေးပြန်စေရော့သလား လို့ စိတ်ထဲထင်နေမိတယ်။

သားဖြစ်သူ ကိုအောင်မြဇော်ကို ကိုယ့်ဘာသာကို တန်ဖိုးထားဖို့ ဘာသာအယူမများစေဖို့ နားမယောင်မိ ကို တိုးတိုးတစ်မျိုး၊ ကျယ်ကျယ် သွယ်နဲ့ မမဥ္စူကွယ်ရာမှာ ပြောပြ အမော။

ကိုအောင်မြဇော်အနေနဲ့ကလည်း ကို မသိဘဲနေမလား။ ကိုယ့်ဘာ ကိုယ့်သာသနာကို ကြည်ညိုလွန်း ဒုလ္လဘရဟန်းဘဝကိုတောင် သုံး ကြိမ် ခံယူခဲ့သူပဲ။

အင်းလေ - မိဘဆိုတာတော့ တမ္မတာအတိုင်း စိုးရိမ်တတ်ကြ သဘာဝပဲကိုး။ ဒီကြားထဲ မမဥ္စူ ဝန်ရှိလာတော့ သူ့မိဘဆွေမျိုး ရှိတဲ့ သယ်န်းကျွန်းမှာ ပြန်မွေးချင် ဖြစ်လာရော။ ဒီတော့ ဒေါ်သန်းမြ သူ့သံသယစိတ်နဲ့ စိုးရိမ်နေတဲ့ တွက်တစ်ခုတော့ စရွှေ့နေပြီလို့ လိုက်တာနဲ့ ငယ်ထိပ်မြွေအခဲခံလိုက် လို သွေးက နားထင်တက်ဆောင့် တာပဲ။

သူ့သားကိုလည်း ဘာသာခြား ကြား နားယောင်သွားမှာစိုးတာနဲ့ မီးဖွားဖို့ အတန်တန်ပြောရှာ ကိုအောင်မြဇော်ကလည်း အမေ သူ နားလည်အောင် ရှင်းပြရှာ

“မဥ္စူက အမေထင်သလို မဟုတ် အမေရယ်။ သူမီးဖွားမယ့်အချိန် သူ့မိဘတွေနားမှာနေချင်တာ တည်းပါ။ မီးဖွားပြီးတာနဲ့ သားတို့ မှာပါ”

ဆိုတော့ ဒေါ်သန်းမြခမျာ ဘာမှ နိုင်ရှာဘူး။ သူ့အနေနဲ့ သားဖြစ်သူ ဘာအယူလွဲသွားမှာစိုးရိမ်လို့သာ နေရပေမယ့် သူကိုယ်တိုင်လည်း သားဆိုတော့ ကိုယ်ချင်းတော့စာ မိသား။ သူတုန်းကလည်း ပထမဆုံး သားဦးလေးကို မိုင်ရာချီဝေးတဲ့ မိဘတွေ ရှိတဲ့နေရာမှာ ပြန်မွေးခဲ့သေးတာကိုး။

ထားတော့၊ ကိုအောင်မြဇော်တို့ သယ်န်းကျွန်းကို ပြောင်းသွားပြီးနောက် ပိုင်း သူ့အမေဒေါ်သန်းမြနေတဲ့ သာကေ တဘက်ကို အသွားအလာတော့ နည်း နည်းကျဲသွားတယ်။ ကျဲတယ်ဆိုပေမယ့် ဆယ်ရက်တစ်ခေါက်၊ ဆယ့်ငါးရက်တစ် ခေါက်လောတော့ အလုပ်ကပြန်ရင် ကိုအောင်မြဇော် လှည့်လှည့်ဝင်လာဖြစ် တာပဲ။

တစ်နေ့။ အဲဒီနေ့က ကိုအောင်မြ ဇော်အလုပ်ကပြန်တော့ ဒေါ်သန်းမြဆီ လှည့်ဝင်လာဖြစ်တယ်။ ဝင်လာဖြစ် တိုင်းလည်း ရယ်ရယ်မောမောနဲ့စကား တွေဖောင်နေအောင်ပြောတတ်တဲ့သား၊ ဒီတစ်ခေါက်တော့ မျက်နှာမကြည်မ လင်နဲ့ စိတ်ရှုပ်နေတဲ့ပုံမျိုးဆိုတော့ ဒေါ် သန်းမြအနေနဲ့ စဉ်းစားရပြီပေါ့။ ချွေးမ လုပ်သူက ဘာသာပြောင်းဖို့ပဲ တိုက် တွန်းနေလို့လား။ ဒါမှမဟုတ် အလုပ်ထဲ မှာများ အဆင်မပြေမှုတွေရှိနေလို့လား။ စသည်ဖြင့် တစ်ခုပြီးတစ်ခု လျှောက် စဉ်းစားနေမိတယ်။

မိန်းမခိုးလာတဲ့နေ့ကတည်းက စိုး ရိမ်စိတ်အခံကလည်း ရှိနေသေးတာ ကိုး။ ဒါနဲ့ -

“ဟဲ့သား၊ နေမကောင်းဘူးလား။ မင်းကြည့်ရတာ စိုရွှင်မပျနဲ့။ ဘာဖြစ်လို့ ဆိုတာ အမေ့လည်းပြောပါဦး”

မှိုင်တိမှိုင်တိုင်ဖြစ်နေတဲ့ သားကို ဒေါ်သန်းမြလှမ်းမေးလိုက်တာပါ။

“သားနေကောင်းပါတယ် အမေ၊ အိမ်ကိစ္စစိတ်နည်းနည်းရှုပ်နေလို့ပါ”

“အိမ်က ဘာဖြစ်လို့လဲ သားရဲ့၊ မငှားတော့ဘူးလို့ပြောလို့လား။ အိမ်နီး ချင်းတွေနဲ့ အဆင်မပြေလို့လား”

“ဒီကိစ္စတွေတစ်ခုမှ မဟုတ်ပါဘူး အမေ။ ဒါပေမယ့် . . .”

“ဒါပေမယ့် ဘာဖြစ်လဲ သားရဲ့။ မင်းစကားက မတင်မကျနဲ့”

လို့ ဒေါ်သန်းမြက သိချင်စိတ်ကို စိတ်မရှည်စွာနဲ့ မေးလိုက်တယ်။

ကိုအောင်မြဇော်က ပြောသင့်၊ မပြောသင့်စဉ်းစားရင်း သူ့အမေမျက်နှာ ကို လှမ်းကြည့်တယ်။ ကိုယ့်အပူ မိခင် ကြီးဆီ ကူးစက်သွားမှာလည်း စိုးရိမ်နေ တယ် ထင်ပါရဲ့။

တစ်နေကုန် ပူလောင်ပြင်းပြခဲ့တဲ့ နေအရှိန်က ညရောက်တာတောင် အစွမ်းပြကောင်းတုန်း။ ကိုအောင်မြဇော် နဖူးက ချွေးစက်တွေကို လက်ဖမိုးနဲ့ သုတ်လိုက်ရင်း ရေတစ်ခွက်ထသောက် လိုက်တယ်။ ပြီးတော့မှ စကားပြန်ဆက် တယ်။

“အိမ်က သိပ်မသန့်ဘူးထင်လို့ ပြောင်းချင်တာပါ အမေ”

ဆိုပြီး သူတို့ငှားနေတဲ့ အိမ်ခန်း လေးအကြောင်း ဇာတ်စုံခင်းပြတယ်။

ဒီအိမ်ခန်းလေး သွားငှားစဉ်အခါ တုန်းကတော့ ကိုအောင်မြဇော်ပါတာ မဟုတ်ဘူး။ မမဥ္စူနဲ့ သူ့မိဘတွေစိတ် ကြိုက်ရှာပြီး ငှားခဲ့ကြတာ။ အိမ်ရှင် အဘိုးကြီး၊ အဘွားကြီးလင်မယားသာ အပေါ်ထပ်မှာနေပြီး အောက်ထပ်တစ် ထပ်လုံး ကိုအောင်မြဇော်တို့ကိုပေးထား ဆိုတော့ ကျယ်ကျယ်ဝန်းဝန်းနဲ့နေရတာ အဆင်ပြေတယ်။

အိမ်ရှင် အဘိုးကြီး၊ အဘွားကြီး လင်မယားနဲ့ ပတ်ဝန်းကျင်အသိုင်းအဝိုင်း ကလည်း မမဥ္စူတို့နဲ့ဘာသာတူတွေဆို တော့ မမဥ္စူအတွက် အဆင်ပြေတယ် လေ။ မမဥ္စူမိဘတွေအိမ်နဲ့ကလည်း ကားတစ်မှတ်တိုင်လောက်ပဲ ဝေးတာ ပါ။

တစ်ည။ အဲဒီညက ကိုအောင်မြ ဇော် တစ်ရေးနိုး အပေါ့ထသွားတော့ နာရီပြန်တစ်ချက်ထိုးလောက်ရှိနေပြီ။ တစ်ရေးနိုးထရင်းက မနေ့က အဖြစ် အပျက်ကို စိတ်ထဲကသွားသတိရလိုက် မိတော့ ကျောရိုးထဲနည်းနည်းတော့စိမ့် ခနဲဖြစ်သွားမိတယ်။ ဒါနဲ့ တစ်ဆက် တည်းမှာ မလုံမလဲစိတ်ကြောင့် အိမ်ရှေ့ ပုဏ္ဏားကွယ်ကို လှည့်ကြည့်လိုက်မိ တယ်။

“ဟင်”

သူ မနေ့က မြင်ခဲ့မိတဲ့အတိုင်း အိမ်ရှေ့ ပုဏ္ဏားကွယ်ကို ကျောပေးပြီး ရပ်နေတဲ့ အမျိုးသမီးပုံရိပ်တစ်ခု။ ထင် ထင်ရှားရှားကြီးမဟုတ်ပေမယ့် နီကြင် ကြင်ညအိပ်မီးသီးအလင်းရောင်အောက် မှာ သဲသဲကွဲကွဲတော့မြင်ရတယ်။ ဒီကြား ထဲ အိမ်ရှေ့တာလမ်းဆီက ဆွဲဆွဲငင်ငင် အူလိုက်တဲ့ ခွေးတစ်ကောင်အသံကြောင့် လည်း သူ့ရင်တစ်ခုလုံး အေးခနဲဖြစ်ပြီး တောင့်မတ်သွားတယ်။ ဒါနဲ့ ချက်ချင်း ဆိုသလို အိမ်အလယ်တိုင်က မီးခလုတ် ကိုထဖွင့်ရင်း အိမ်ရှေ့ပုဏ္ဏားကွယ်ကို ပြန်ကြည့်တယ်။ ဒါပေမယ့် စောစော



www.burmeseclassic.com

www.burmeseclassic.com

က အမျိုးသမီးပုံရိပ်ကတော့ ရှိမနေတော့ဘူး။ အိပ်ချင်မူးတူးနဲ့ ထင်ယောင်ထင်မှားမြင်မိတာ မဟုတ်လောက်ဘူးဆိုတာ သူကိုယ်သူ သိတယ်။ မနေ့က ဒီလိုအချိန် အပေ့ါထသွားတုန်းကလည်း အခုလို မြင်ခဲ့မိသေးတာကိုး။

ယောကျ်ားရင့်မာကြီးဖြစ်တဲ့ သူ့အနေနဲ့ ဒီလောက် ကြောက်လန့်စိတ်မဖြစ်ပေါ်မိပေမယ့် ကိုယ်ဝန်အရင့်အမာနဲ့ သူ့ဇနီးသာမြင်ခဲ့ရင် တစ်ခုခုဖြစ်သွားမှာကို စိုးရိမ်ခဲ့မိတာအမှန်။

ဒီကိစ္စ သူ့ဇနီး မမြင်မသိပါစေနဲ့လို့ ဆုတောင်းမိပေမယ့် ဒီဆုတောင်း မပြည့်ဘူးဆိုတာကို နောက်လေး၊ ငါးရက်ကြာပြီး တစ်ညမှာ သိခဲ့ရတယ်။

အဲဒီနေ့ညက မမဥ္ဇူဗိုက်ထဲက သရိုးသရီနဲ့မို့ အိပ်ရာကလန့်နိုးတဲ့အချိန်မှာ ညဥ့်အတော်နက်နေပြီ။ ဒါနဲ့ ရေထသောက်ပြီး ပြန်အိပ်ဖို့ အခန်းထဲ ပြန်အဝင်မှာ အိမ်ရှေ့ကို အမှတ်တမဲ့လှမ်းကြည့်မိတယ်။ ပုဏ္ဏားကွယ်မှာ အိမ်ရှေ့ကို မျက်နှာမူပြီးရပ်နေတဲ့ မိန်းမတစ်ယောက်ကို မှုန်တိမှုန်ဝါးမီးရောင်နဲ့လှမ်းတွေ့လိုက်တယ်။ ပထမတော့ သူလည်း ဇဝေဇဝါနဲ့ကြောင်ပြီးရပ်ကြည့်နေမိတယ်။ နောက်မှ ခြင်ထောင်ထဲ ပြေးဝင်ပြီး ကိုအောင်မြဇော်ကို အတင်းနှိုးပြောတော့တယ်။

ကိုအောင်မြဇော်က ဒီကိစ္စကိုသိပေမယ့် မမဥ္ဇူကြောက်မှာစိုးတာနဲ့ -

"မင်းစိတ်ထင်လို့နေမှာပါကွာ၊ ဘာမှမရှိပါဘူး"

ဆိုတဲ့စကားနဲ့ နှစ်သိမ့်တယ်။ ဒါကို မမဥ္ဇူကလည်း လက်မခံဘူး။ နောက်တစ်နေ့ အားချင်းအိမ်ရှာခိုင်းတော့တာပဲ။ ကိုအောင်မြဇော်ကလည်း သိတယ်။ သွေးနုသားနုအချိန်ဆို ဒီလိုကိစ္စမျိုးတွေဖြစ်လာရင် မကောင်းဘူးဆိုတာ။ ဒါကြောင့်မို့လည်း အိမ်ကို အားချင်းရှာနေတာ။

ခက်တာက အိမ်ငှားတယ်ဆိုတာ ပြောတော့သာလွယ်တာ၊ တကယ်တမ်းကိုယ်တတ်နိုင်တဲ့ ငွေကြေးနဲ့ သဟဇာတဖြစ်မယ့်အိမ်ရဖို့ဆိုတာ ခက်တော့ခက်သားကလား။ ပြီးတော့ ကိုယ်တင်ထားတဲ့စပေါ်ငွေကလည်း အခုဆင်း၊ အခုပြန်ပေးနိုင်မယ့်အိမ်ရှင်ကလည်း ခပ်ရှားရှားရယ်။

ကိုအောင်မြဇော် သူ့စကားကို အဆုံးသတ်ပြီး ခြောက်နေတဲ့အာကို ရေတစ်ခွက်သောက်ရင်း အစိုပြန်စေတယ်။ ဒေါ်သန်းမြကတော့ သူ့သားပြောတာကို ငြိမ်ပြီးနားထောင်နေတယ်။ တစ်ခုခုကို လေးလေးနက်နက် စဉ်းစားနေတာလည်း ဖြစ်ကောင်းဖြစ်မယ်။

"သားတို့ ဒီအိမ်ပြောင်းစက အိမ်တက်ဆွမ်းလေးဘာလေး မကပ်ကြဘူးလား"

ဒေါ်သန်းမြ စဉ်းစားနေရင်းက ကိုအောင်မြဇော်ကို မေးလိုက်တယ်။

"အင်း- အဲဒါတော့မလုပ်ဖြစ်ဘူး အမေ။ မဥ္ဇူမိဘတွေ သူတို့ဘာသာက ဆရာတွေနဲ့တော့ အိမ်သန့်လုပ်ပေးတာတော့တွေ့တယ်"

"အဲဒါခက်တာပေ့ါ။ကဲကဲ - ဒါဆို မနက်ဖြန်လောက် ဘုန်းကြီးငါးပါးပင့်ပြီး လှူဖွယ်ဝတ္ထုလေးကပ်ပြီးတော့ ပရိတ်၊ ပဋ္ဌာန်းလေးရွတ်ဖတ်လိုက်ရင် အားလုံးကောင်းသွားမယ်လို့ အမေထင်တယ်"

"သားလည်း ဒါကို စဉ်းတော့စဉ်းစားမိပါတယ်။ ခက်တာက အိမ်ရှင်တွေက ဘာသာခြားတွေဆိုတော့ ဘုန်းကြီးပင့်လာပြီးမှ ဘာဘာညာညာပြောနေရင်ခက်သား အမေရဲ့"

"ဒီကိစ္စ သားယောက္ခမတွေကို နည်းနည်းပါးပါး တိုင်ပင်မကြည့်ဘူးလား"

"မဥ္ဇူပြောပြလို့ သူတို့လည်း အားလုံးသိသွားတယ်။ ပြီးတော့ သူတို့ ဘာသာက ဘုန်းကြီးဆိုတဲ့သူတွေနဲ့ အိမ်သန့်ထပ်လုပ်ပေးတာပဲ။ ဒါပေမယ့် ဒီကိစ္စက ပျောက်တော့မသွားပါဘူး။ အကောင်းဆုံးကတော့ အိမ်အမြန်ရှာပြီး ပြောင်းလိုက်တာပဲ နားအေးမယ်ထင်တာပဲ"

ဒေါ်သန်းမြက သားဖြစ်သူ၏ မျက်နှာကို အတန်ကြာစိုက်ကြည့်ရင်း စဉ်းစားခန်းဝင်နေတယ်။ ပြီးတော့မှ -

"ကဲ - သား၊ မိုးလည်းအတော်ချုပ်နေပြီ၊ တော်ကြာ မဥ္ဇူစိတ်ပူနေဦးမယ်။ သားပြန်ရင် ပြန်တော့လေ။ မနက်မှ အမေလာခဲ့ဦးမယ်။ သားတို့အိမ်ရှာမရခင်စပ်ကြား မဥ္ဇူလည်း အဖော်ရအောင် အမေခဏလာနေပေးမယ်"

ဒါနဲ့ နောက်တစ်နေ့တော့ ဒေါ်သန်းမြ သူ့သမီးအငယ်မလင်မယားကို အိမ်စောင့်ထားခဲ့ပြီး ကိုအောင်မြဇော်တို့ အိမ်ကိုထွက်လာခဲ့တယ်။

မမဥ္ဇူအနေနဲ့ကလည်း ယောက္ခမတစ်ယောက်လုံးက ညအိပ်ညဥ့်နေလာနေပေးတယ်ဆိုတော့ အတော်လေးစိတ်သက်သာရာရသွားတယ်။ နေ့လယ်နေ့ခင်း သူ့မိဘတွေ လာနေပေးတယ်... ပေမယ့် ညနေ'ကိုအောင်မြဇော်အလု... ကရောက်တာနဲ့ သူတို့လည်း ပြန်ပြေ... ကြတာပဲကိုး။

ထားပါတော့။ ဒေါ်သန်းမြရော... ရောက်ချင်းပဲ အိမ်ရှင်အဘိုးကြီး၊ အဘွား... ကြီးလင်မယားကို နည်းနည်းပါးပါး ... ခေါက်ကြည့်တယ်။

သူတို့ကတော့ မဖြစ်နိုင်ပါဘူး... အထင်မှားအမြင်မှားဖြစ်တာနေပါလိမ့်... မယ်တဲ့။ ဒါနဲ့ ဒေါ်သန်းမြလည်း အ... အနား ပတ်ဝန်းကျင်ကို ထပ်စပ်စုကြ... ပြန်တယ်။ ဒီတော့မှ သိရတဲ့အဖြေ...

ကိုအောင်မြဇော်တို့ ဒီအိမ်... မပြောင်းလာခင် လွန်ခဲ့တဲ့ သုံးနှ... လောက်က အညာကလင်မယား အ... ကိုအောင်မြဇော်တို့နေတဲ့'အောက်ထ... မှာ ငှားနေကြသေးတယ်။ လူငယ်ပို... တွေဖြစ်တဲ့အပြင် သားသမီးလည်းမ... ကြဘူး။ ဒီလိုနဲ့ တစ်နေ့ မိန်းကလေး... အလုပ်ကိစ္စတစ်ခုနဲ့ မြို့ထဲကိုအသွား... ယာဉ် accidentally တစ်ခုမှာ ပွဲချင်း... သေသွားရှာတယ်လို့ သိရတယ်။

ပြောရမယ်ဆိုရင် ဒီမိန်းကလေး... ရုပ်ကြီးချုပ်ငြိမ်းသွားတာ မှန်ပေမယ့်... သူ့ရဲ့စွဲလမ်းစိတ်က သူ့ယောကျ်ားနဲ့အ... နေခဲ့တဲ့ ဒီအခန်းမှာ ငြိတွယ်နေတုန်း... ဆိုပါတော့။

ဒေါ်သန်းမြလည်း အကြောင်း... သိပြီး နောက်တစ်နေ့ပဲ ဟသ်္သာ... အတွင်းပတ္တမြားစာသင်တိုက်က ဘုန်း... ကြီးငါးပါးပင့်၊ နေ့ဆွမ်းဆက်ကပ်... ဒါန်းတယ်။ ပြီးတော့ ဆရာတော်တွေ... ကို အကျိုးအကြောင်းလျှောက်ပြီး... မြတ်စွာဘုရားရှင်ရဲ့ နှုတ်ကပါဌ်တော်... တွေဖြစ်တဲ့ ပရိတ်၊ ပဋ္ဌာန်းတွေ၊ ဒေသနာ... တော်တွေကို ရွတ်ဖတ်ပူဇော်တယ်၊ ပြီး... တော့ ပြုခဲ့သမျှ ကုသိုလ်ကောင်းမှု... တို ဒီအိမ်မှာ တဝဲလည်လည်နဲ့ မကျွတ်... မလွတ်ဖြစ်နေရှာတဲ့ မိန်းကလေး... နာမည်ကို ခေါ်ပြီး အမျှအတန်းပေး... ပေးတယ်။

ပြီးတော့ အိမ်မှာလည်း နေ့တွ... တာနဲ့ ပရိတ်ခွေလေးဖွင့်၊ နေဝင်တာ... ပဋ္ဌာန်းခွေလေးဖွင့်ပြီး နေ့စဉ်လည်း အမျှ... အတန်းပေးဝေပေးတယ်။

ဆိုပါစို့။ ဒီအိမ်ကို ဒေါ်သန်း... ရောက်လာပြီး တစ်လနီးပါးကြာလာ... တစ်ခုသောညတစ်ညမှာ -

အဲဒီညက လဆန်းရက်မို့ ... ရောင်က မဝံ့မရဲနဲ့ အိမ်ရှေ့သံစ...



www.burmeseclassic.com

www.burmeseclassic.com

နေ အိမ်ခန်းလေးအနှံ့ကို ယိုစီးဖိတ်ဝင်ပျံ့နှံ့နေတယ်။ ဒေါ်သန်းမြအနေနဲ့ သူ့ရှေ့မှာ မြင်နေရတဲ့ ညိုညိုညက်ညက် အသားအရေပိုင်ရှင်မိန်းကလေးကို တစ်ခါမှ မမြင်ဘူးတာမှန်ပေမယ့် မိန်းကလေးကတော့ သူ့ကိုဆွေမျိုးရင်းချာတစ်ယောက်လို ပြုံးပြုံးရွှင်ရွှင်နဲ့ ကျေးဇူးတင်ကြောင်းတွေ ထပ်ခါတလဲလဲပြောနေရှာတယ်။ သူဒီကနေသွားရတော့မယ့် အကြောင်းလည်း ပါတယ်။ ပေးဝေတဲ့ အမှုကိုရတဲ့အကြောင်းလည်း ပါတယ်။ သူ့ကို နှုတ်ဆက်ရင်းက အိမ်ထဲကနေ အရွေ့ရွေ့ထွက်သွားတဲ့ မိန်းကလေးရဲ့ ကျောပြင်ကို ငေးကြည့်ရင်း ဒေါ်သန်းမြ ရင်ထဲက ကတုန်ကယင်နဲ့ မောဟိုက်ဟိုက်ခံစားနေရတယ်။ လမ်းမဘက်က ဆွဲဆွဲငင်ငင် သံပြိုင်အူလိုက်တဲ့ ခွေးတစ်အုပ်အသံကြောင့် ဒေါ်သန်းမြအိပ်ရာက ရုတ်ခနဲလန့်နိုးသွားတယ်။ ပြီးတော့ ရေတစ်ခွက်ထသောက်ရင်းက စဉ်းစားမိတယ်။ အိပ်မက်ဆိုပေမယ့် ဝေဝေဝါးဝါး မက်ခဲ့တာ မဟုတ်ဘူး။ သူ့ဘဝမှာ ဒီလောက်ထင်ထင်ရှားရှားအိပ်မက်လည်း တစ်ခါမှ မမက်ခဲ့ဖူးဘူး။ ဒီအကြောင်းကို သူ့သားနဲ့ချွေးမကိုလည်း ပြောပြတယ်။

"အမေ့စိတ်ထင်တော့ ဒီအိမ်မှာ ကျွတ်မလွတ်ဖြစ်နေရှာတဲ့ ကလေးမလေး အမေပြုပေးတဲ့ ကုသိုလ်ကောင်းမှုတွေကို သာဓုခေါ်နိုင်လို့ ကောင်းရာမွန်ရာဘဝရောက်သွားတာ ဖြစ်မယ်လို့ အမေ ယုံတယ် သား။ သမီးမဥ္ဇူလည်း ဘာမှကြောက်စရာမရှိတော့ပါဘူးကွယ်။ ဒီလိုဘဝရောက်နေရှာတဲ့ သူတို့ဘဝတွေဟာ အင်မတန်သနားဖို့ကောင်းပါတယ်။ အမေပြန်သွားရင်လည်း ဒီပရိတ်၊ ပဌာန်းခွေလေးကို နေ့တိုင်းဖွင့်ပေါ့ သမီးရယ်။ ဒါမှလည်း သမီးတို့မိသားစုတွေ အန္တရာယ်ကင်းပြီးအိမ်လေးကလည်း အမြဲတက်သရေရှိနေမှာပေါ့ သမီးရယ်"

ဒေါ်သန်းမြ အခုလိုပြောနေတာဟာ ဘာသာခြားတစ်ယောက် ကိုယ့်ဘက်ပါလာအောင် ဆွယ်တရားဟောနေတာမဟုတ်ဘူး။ တကယ်ဟုတ်တိုင်းမှန်ရာရာတွေကို ပြောပြနေတယ်ဆိုတာ အခုပစ္စက္ခဖြစ်ခဲ့တဲ့ကိစ္စက သက်သေခံနေပြီလေ။

ထားပါတော့။ ဒီနောက်ပိုင်း မမဥ္ဇူလည်း ဒေါ်သန်းမြ မှာခဲ့သလို နံနက်တိုင်းတာနဲ့ သူ့အခန်းကြားရုံလောက် အသံလေးနဲ့ တရားခွေတွေ အမြဲတမ်းဖွင့်ဖြစ်ခဲ့တယ်။ ညအိပ်ရာဝင်လို့ ကိုအောင်မြဇော်ဘုရားဝတ်ပြုရင် သူလည်း လက်အုပ်လေးချီပြီး ဘေးမှာထိုင်တတ်လာခဲ့တယ်။

သူတို့အိမ်မှာလည်း ဘာအနှောင့်အယှက်မှမရှိတော့ဘဲ တကယ့်ကို အေးအေးချမ်းချမ်းလေးဖြစ်သွားတာဆိုတော့ ကိုအောင်မြဇော်လည်း အိမ်မပြောင်းဖြစ်တော့ဘူး။

မမဥ္ဇူလည်း အခုမှ ဗုဒ္ဓဘာသာကို ယုံကြည်သက်ဝင်အားကိုးရကောင်းမှန်းသိလာတယ်။ သူတို့သားဦးလေးမွေးလို့ နာမည်ပေးဖို့တောင် ဟင်္သာတအတွင်းပတ္တမြားက ဆရာတော်ဘုရားဆီမှာ နာမည်သွားတောင်းတာသာကြည့်တော့။

ဒီနေရာမှာ အံ့ဩစရာတစ်ခုရှိတာက မမဥ္ဇူအခုလို ဗုဒ္ဓဘာသာကို ယုံကြည်သက်ဝင်နေတာ သူ့မိဘတွေသိနေပေမယ့် ဆိုးသည်၊ ကောင်းသည် ဘာတစ်ခွန်းမှမပြောတာဘဲ။ ပါးစပ်ကသာဖွင့်မပြောကြပေမယ့် သူတို့မျက်လုံးတွေထဲမှာတော့ ကိုးကွယ်ရာအမှန်တွေ့သွားတဲ့ သမီးအတွက် စိတ်အေးရပြီ ဆိုတဲ့ ပီတိမျိုးတွေ အထင်းသားပေါ်နေကြတယ်။

သူတို့အနေနဲ့ကတော့ တစ်သက်လုံးကိုးကွယ်ခဲ့တဲ့ဘာသာကို ဘဝနေဝင်ချိန်နီးခါမှ မပြောင်းချင်တော့ဘူး ထင်ပါရဲ့။ ဒါမှမဟုတ် အရိုးစွဲနေတာလည်း ဖြစ်ကောင်းဖြစ်မယ်။

ဒါနဲ့ ကိုအောင်မြဇော်တို့ လင်မယား ဒီဆင်ခြေပုံးရပ်ကွက်လေးထဲမှာ သုံးနှစ်နီးလောက်ဆက်နေဖြစ်ကြပြီး စီးပွားရေးလည်း အတော်အသင့် ကောင်းမွန်ခဲ့ကြလို့ သဃ်န်းကျွန်း ဦးဘဟံလမ်းက တိုက်ခန်းတစ်ခန်းဝယ်ပြီး ပြောင်းရွှေ့ခဲ့ကြတယ်။

စီးပွားရေးလေးကောင်းလာတာနဲ့ မမဥ္ဇူလည်း မကြာခဏဆိုသလို အလှူအတန်းတွေလုပ်ဖြစ်ခဲ့တယ်။ ဝါဝင်တာနဲ့ ဝါဆိုသင်္ကန်းကပ်ဖြစ်လို ကထိန်လရာသီဆိုလည်း ကထိန်သင်္ကန်းလက်မလွတ်ခဲ့ကြဘူး။ စာသင်သားရဟန်းသံဃာတွေရှိတဲ့ကျောင်းတွေကို စာရေးကိရိယာတွေ မကြာခဏ ထောက်ပံ့သလို၊ သိမ်ဆောက်၊ ကျောင်းဆောက်တွေမှာလည်း ဘယ်တော့မှ လက်မနှေးခဲ့ကြဘူး။

ထူးခြားတဲ့ အလှူတစ်ခုကို ၂၀-၆-၂၀၁၂ ခုနှစ်မှာ သာကေတမြို့ရဲ့ ကျက်သရေဆောင် (၁၀၈) တောင်စေတီတော်မြတ်ကြီးအတွင်းမှာရှိတဲ့ ဟင်္သာတအတွင်းပတ္တမြားစာသင်တိုက်ကြီးမှာ ခြိမ့်ခြိမ့်သဲ လှူဒါန်းသမှုပြုခဲ့ကြတယ်။

ဒီအလှူကို ကိုအောင်မြဇော်ရဲ့ ဖိတ်ကြားချက်အရ သာကေတမြို့နယ်က စာရေးဆရာ တော်တော်များများ တက်ရောက်ခဲ့ကြတယ်။ ဒီတုန်းက ကျွန်တော်ခရီးလွန်နေတာနဲ့ ဒီအလှူကို မတက်ရောက်နိုင်ခဲ့ဘူး။

ထူးခြားတဲ့အလှူလို့ ပြောရတာလည်း တော်ရုံ အလှူရှင်တွေ သတိမထားမိနိုင်တဲ့အလှူမို့ပါ။ ပိဋကတ်သုံးပုံပါဠိ-မြန်မာနှစ်မျိုး (၈၅) အုပ်ဝယ်လှူတဲ့အပြင် ပိဋကတ်သုံးပုံထည့်ဖို့ စတီး (လ်) ဗီရိုတစ်လုံးလည်း ပါသေးတယ်။ ကျောင်းရှိ သံဃာအပါးနှစ်ရာကျော်ကို နေ့ဆွမ်း ဆက်ကပ် လှူဒါန်းသလို ကြွရောက်တဲ့ လူပရိတ်သတ်သုံးရာနီးပါးကိုလည်း ထမင်းကျွေးဧည့်ခံခဲ့ကြတယ်။

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓဆိုတဲ့ သာသနာတွေသယ်ပိုးထမ်းရွက်နေတဲ့ ကျောင်းတိုက်တွေကို မကြာခဏဆွမ်းပဒေသာပင် စိုက်ထူလှူဒါန်းခဲ့ကြတယ်။

ပြောရမယ်ဆို မမဥ္ဇူအနေနဲ့ ဗုဒ္ဓဘာသာကို ယုံကြည်သက်ဝင်လာတာ မကြာသေးပေမယ့် ဘာသာဖြားဖြစ်နေခဲ့တဲ့အချိန်တွေအတွက်ပါ အတိုးချပြီး လှူဒါန်းသမှုပြုနေတယ်လို့ပဲ ပြောပါတော့။

ကိုအောင်မြဇော်ကတော့ ဘာပြောမလဲ ဝမ်းသာတာပေါ့။ မမဥ္ဇူဘာလှူချင်တယ်ဆိုဘာ၊ ညာလှူချင်တယ်ဆို ညာပဲ ဖြစ်အောင်လည်း လုပ်ပေးတယ်။ ရအောင်လည်း ကြိုးစားရှာတယ်။

အမေဖြစ်တဲ့ ဒေါ်သန်းမြကတော့ ခေါင်းပေါ်ကဖွဲမီး အခုမှငြိမ်းတော့တာဆိုတော့ ခေါင်းတော့အေးသွားရတာပဲ။ ဘာပဲဖြစ်ဖြစ် ဘာသာခြားတစ်ယောက် ကိုယ့်မိသားစုဝင်ဖြစ်လာပြီး ကိုယ့်ဘာသာ၊ သာသနာကို အခုလို ယုံယုံကြည်ကြည်နဲ့ ကိုးကွယ်လာတယ်ဆိုတော့ ဂွမ်းထုပ်ကြီး ဆီနှစ်သလို ခံစားရတာပေါ့။

မမဥ္ဇူကတော့ အမှောင်ဘဝထဲကနေ သူရှာဖွေတွေ့ခဲ့တဲ့လရောင်ရဲ့ လမ်းပြမှုနောက်ကို ဒီဘဝဒီခန္ဓာ မြဲသရွေ့ ထက်ကြပ်မကွာ လျှောက်လှမ်းနေမယ်ဆိုတာကို သူ့မိသားစုနဲ့ထပ်တူ အကြွင်းမဲ့ ယုံကြည်လျက်။

မြောင်းမြ-မြင့်သိုင်း



www.burmeseclassic.com

www.burmeseclassic.com

၁၉၇၅ ခုနှစ်။

"ဪ . . . လုပ်ထားတဲ့သူက တစိမ်းမှမဟုတ်ဘဲ"

"ကဲ - ငါမပြောဘူးလား။ ခုဒီမှာ ပြောနေပြီလေ။ ကြည့်၊ အဲဒါညည်းတို့ နားနဲ့ဆတ်ဆတ်ကြားတာနော်။ဘိုးတော် ဘာမှသိတာမဟုတ်ဘူး"

အသက်ငါးဆယ်သာသာခန့်တော့ ရှိလောက်မည်။ တော်တော်လေးဝတ်နိုင် စားနိုင်သောသူ ဖြစ်၏။ သူမ၏ဘေး တွင် လက်အုပ်ချီရင်း မျက်လုံးမှိတ်ထား သူမှာ အသက်နှစ်ဆယ်ကျော်ခန့်ရှိမည် ထင်ရသော ကလေးမလေး။

ဘေးတွင် ဝိုင်းအုံနေကြသူ အမျိုးသမီးများမှာ (၄၀)၊ (၅၀)ဝန်းကျင်အရွယ် အမျိုးသမီးသုံးဦးနှင့် အမျိုးသားတစ်ဦး ဖြစ်၏။

သူတို့ရှေ့တွင် အခန့်သားထိုင်နေသူမှာ ညို[illegible]င်သော ယောဂီရောင် ခြုံထည်ကြီး[illegible] ခြုံထား၏။ ဆံပင်ကို ဖားလျား[illegible]ထားသောကြောင့် ပုံစံမှာ အတော်[illegible]ကြည့်ကောင်းသလိုရှိလှ၏။နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများနှင့်ဖြစ်ပြီး မျက်ခုံးအလွန်ကောင်း၏။ ထိုသူသည် မျက်လုံးကိုမှိတ်ထားရက်နှင့်ပင် ပုတ်ခတ် ပုတ်ခတ်လုပ်နေ၏။ အသံမှာ အသံဝါကြီးဖြစ်သော်လည်း သူ၏ အသံကို နားထောင်ရသည်မှာ တမင်ဖျစ်ညှစ်ပြောနေသည်သို့နှယ်။

သူနှင့်ခပ်လှမ်းလှမ်းတွင် အသက် လေးဆယ်ခန့် အမျိုးသမီးတစ်ဦးက သူ့ ဘက်လှည့်ပြီး ပုဆစ်တုပ်ထိုင်ရက်မှ ဝ[illegible] နေ၏။

ထိုပုံစံမျိုးကို ဘယ်မှာမြင်ဖူး[illegible] လိမ့်ဟု စဉ်းစားရင်းမှ ရှေးရှေးက ခေတ် ပုံများတွင် တွေ့ရတတ်သည်မှန်း သတိ ရလိုက်၏။

ကျွန်ုပ်သည် ကျွန်ုပ်ကို ခေါ်[illegible] သော အစ်ကိုထွေးကို လှည့်ကြည့်လိုက်[illegible] ပြီးအကဲခတ်လိုက်၊ နောက်ဘက်နားတွင် ထိုင်နေကြသော လူ(၁၀)ဦးခန့်ကို လှည့် ကြည့်အကဲခတ်လိုက်နှင့် တစ်ဦးတည်း ငြိမ်သက်စွာ အလုပ်ရှုပ်နေ၏။

"ဘိုးတော် မိန့်ပါဦး။ တစိမ်း[illegible] မဟုတ်ဘူးဆိုတော့ ဘယ်သူများလဲ[illegible]"

"အင်း- ငါမပြောချင်ပါဘူးကွ[illegible]"

"ပြောပါ။ ကျွန်မတို့ကလည်း စိ[illegible]



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ထဲကထင်နေပြီးသားပါ။ သေချာချင်လို့ပါ"

ဘိုးတော်ဆိုသူသည် မျက်လုံးကို အတန်ကြာ မှိတ်ထားရာမှ -

"အင်း - ပြောခွင့်မရှိဘူးတဲ့။ အထက်ကတားတယ်"

ဘိုးတော်ပြောပြီးသည်နှင့် ကာယကံရှင်အမျိုးသမီးများသည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ခေါင်းတညိတ်ညိတ်လုပ်နေကြ၏။

"အေးပေါ့၊ ဒီလိုပုဂ္ဂိုလ်ကတော့ ဘယ်ပြောပါ့မလဲ။ ဒါလောက်ဆို ကိုယ်တွေက သိပေါ့"

ဟူ၍ ပြောနေကြ၏။

"လူတွေဟာခက်တယ်နော်။ မလုပ်သင့်လား၊ လုပ်သင့်လားတောင် မစဉ်းစားကြတော့ဘူး။ တကယ်ဆို ဒီကလေးမလေးဟာ ဘာအပြစ်ရှိလို့လဲ။ လုပ်တဲ့လူက ဓာတ်သိဖြစ်နေတော့ ခက်တယ်။ မပြောချင်ဘူး"

"ရပါတယ် ဘိုးတော်။ ဒါလောက်ဆို သမီးတို့လည်းသိပါပြီ။ စိတ်ကလည်း ထင်ပြီးသားပါ။ သမီးလေးကိုအပ်ပါတယ်။ သမီးလေးတမှိုင်မှိုင်တတွေတွေဖြစ်နေတာကို ဘိုးတော်ကပဲ ကယ်ပေးပါ"

ဘိုးတော်သည် သူ့ဘေးတွင် ဝပ်နေသူကို တစ်ချက်ကြည့်လိုက်၏။ ထိုအမျိုးသမီးမှာ ဆောက်တည်ရာမရဖြစ်လာပြီး ဆိုးဆိုးဆတ်ဆတ်တုန်ရင်း ဘိုးတော်ကို လက်အုပ်ချီတော့၏။

"ဟော့ - ဘာတုံး ပြော"



(ရှင်ကိုအေးမြဝေအား)

# ဆရာဦးမောင်မောင်သန်း

## သိပြီးရင် လက်ဆင့်ကမ်းပါ

"ဆရာကြီး ခွင့်. . . လွှတ်. . ပါ"

"ဘာကိုတုံး"

"လက်. . လွှန်. . ထား. . ပြီ"

"အေးလေ - ငါမေတ္တာရပ်ခံနေပြီပဲ"

"လက်. . . လွှန်. . ထား. . . လို့. . ပါ"

ပွဲမှာ အတော်ကြည့်ကောင်းနေပြီဖြစ်၏။ ဘိုးတော်အနီးမှ အမျိုးသမီးမှာ တစ်ကိုယ်လုံး ဓာတ်လိုက်သလိုတုန်နေပြီး အဖျားတက်သလို တဟင်းဟင်းဖြစ်နေ၏။ မျက်လုံးမှာမှိတ်လျက်။

"ဟဲ့ - ဒီသမီးလေးကို သူ့မိဘတွေက ငါ့ကိုအပ်ပြီဟဲ့။ ငါ့သမီးဖြစ်သွားပြီ။ နင်တို့လက်လွှန်တာတွေမပြောနဲ့တော့။

www.burmeseclassic.com

နုတ်၊ နုတ် ပညာနုတ်တော့။ ငါ့ပညာစက်ကို မနိုးပါဘူး။ နင်တို့ကို မေတ္တာနဲ့ပဲ ငါပြောနေတာ နုတ်. . . နုတ်"

ထိုအမျိုးသမီးသည် ထိုင်နေသော ကြမ်းပြင်နှင့် တင်ပါးကွဲကွဲသွားသလား မှတ်ရအောင် တဝုန်းဝုန်းနှင့် တုန်ပြီးနေတော့၏။ သူမ၏ဆံပင်မှာ ထုံးထားရာမှ တဖြည်းဖြည်းလျော့ကျလာသောကြောင့် ဆံပင်ဖားလျားကြီးဖြစ်သွား၏။သူမသည် နောက်နားမှ ကာယကံရှင် အမျိုးသမီးကြီးများဘက် အနည်းငယ်ခေါင်းငဲ့လိုက်ပြီး -

"အေး - ဆရာကြီးဟာ နင်တို့ကျေးဇူးရှင်မှတ်ပါ။ ဆရာကြီးကြောင့် နင့်သမီးသက်သာသွားတယ်မှတ်ပါ။ ဆရာကြီးနဲ့သာမတွေ့ရင် ငါ့ပညာကို ဘယ်သူလာဖယ်နိုင်မှာတဲ့တုံး ဟင်း ဟင်း ဟင်း"

"ဟုတ်ကဲ့ပါ၊ ကျေးဇူးတင်ပါတယ် အစ်မ။ အဲအဲ ဘယ်လိုခေါ်ရမလဲမသိဘူး"

ကလေးမလေး၏ မိခင်သည် ပူးနေသူဘက်သို့ ရိုရိုသေသေလှည့်ပြောလိုက်၊ ဘေးမှလူများကိုကြည့်လိုက်၊ ကျွန်ုပ်တို့ထိုင်နေရာဘက်ဆီသို့ လှည့်ကြည့်လိုက်နှင့် ဗျာများနေရှာ၏။

"ဟော့ - ဆရာကြီးကို ရိုရိုသေသေ ကန်တော့ပါ"

"စိတ်ချပါ အစ်မ"

"နင့်ကတိတည်ပစေနော်"

"ဟုတ်ကဲ့"

"နင့်ကတိတည်ပစေနော်"

"ဟုတ်ကဲ့ပါ"

"နင့်ကတိတည်ပစေနော်"

"စိတ်ချပါ အစ်မ"

"အေး - ကတိပျက်ရင်တော့ နင့်သမီး လူ့ပြည်ကပြန်ရပြီမှတ်"

"စိတ်ချပါ အစ်မရယ်။ ကျွန်မ ကတိမပျက်ရဲပါဘူး"

ပူးနေသော အမျိုးသမီးသည် ဘိုးတော်ဘက်လှည့်၍ လက်အုပ်ချီလိုက်ပြီး -

"သမီးပညာတွေ သမီးပြန်သိမ်းသွားပါ့မယ် အဖေကြီး"

"အေးအေး - သာဓုကွယ်၊ တရားထူးတရားမြတ် ပွားများအားထုတ်နိုင်ပါစေ အေး၊ အေး"

ပူးနေသော အမျိုးသမီး ငြိမ်သွားပြီး ဆရာကြီးကို ပြားဝပ်နေအောင် ကန်တော့၏။ ပြီးမှ သူမ၏လည်ပင်းမှ ချွေးများကို ညာဘက်လက်နှင့်တစ်ချက်ပွတ်လိုက်ပြီး ကလေးမလေး၏ အမေဘက်သို့ လှည့်၍ -

"ဘာတဲ့လဲ အစ်မ။ ဘာတွေဖြစ်ကုန်တာလဲ"

"ဩော် - ဆရာမဆီကို ပညာသည်ရောက်လာတာ"

"ဟုတ်လား၊ ဘာတွေပြောသွားလဲ"

"ဘာမှတော့မပြောပါဘူး။ ဆရာကြီးကြောင့် သူ့ပညာတွေကို နုတ်ယူသွားပြီး ဆရာကြီးကို ကန်တော့ဖို့လား အဲဒါပြောသွားတာ ကတိတွေဘာတွေ တောင်းလို့"

"ဩော် - ဟုတ်လား။ အစ်မတို့ ကတိပေးလိုက်လား"

"ဟုတ်ကဲ့၊ ပေးလိုက်တယ်"

"ဩော် - အဲလိုပုဂ္ဂိုလ်တွေကို ကတိပေးရင်တော့ မပျက်စေနဲ့"

"မပျက်စေရပါဘူး၊ ဘယ်လိုကန်တော့ရမယ်သာ"

"ရပါတယ် အစ်မရယ်။ အစ်မသမီးဆီက ပညာတွေပြန်နုတ်သွားပြီပဲ။ ပညာပိုင်းနဲ့ပတ်သက်လို့ကတော့ မပူနဲ့တော့ ပြီးသွားပြီ၊ အောင်သွားပြီ။ ခေါင်းမူးရင်ရိုးရိုးပဲမူးတော့မယ်။ နေမကောင်းရင်လည်းရိုးရိုးဘဲ။ အိပ်မပျော်ရင်လည်း ရိုးရိုးပဲအိပ်မပျော်တော့မှာ။ ပညာစက်တွေ မရှိတော့ဘူး စိတ်ချ။ သမီးလေးကို ပြန်ခေါ်သွားလို့ရပါပြီ။ ဆရာကြီးဆီက သိဒ္ဓိတင်ထားတဲ့ ဖယောင်းတိုင်(၃)တိုင် ယူသွား၊ အိမ်မှာ တစ်နေ့တစ်တိုင်သာ ထွန်းတော့"

"ဟုတ်ကဲ့"

"ဆရာကြီးက တောထဲမှာသွားကျင့်ဖို့ အစီအစဉ်တွေရှိတယ်။ ဆရာကြီးကတော့ ဘာမှပြောမှာမဟုတ်ဘူး။ အစ်မဟာအစ်မကြည့်ပြီး လမ်းစရိတ် ငါးရာ၊ တစ်ထောင်ကန်တော့လိုက်ပေါ့"

ကျွန်တော်သည် ဘေးနားတွင်ထိုင်နေသော ကိုမောင်ထွေးကို ကြည့်လိုက်ပြီး ဘယ်ဘက်နောက်ဘက်နားတွင်ထိုင်နေသော ကိုမျိုးမြင့်နှင့် ဘိုစိန်ကြီးကို လှည့်ကြည့်လိုက်၏။

"ကိုမျိုး"

"ဟေ"

"ကောင်မလေး ဝတ်ထားတာ အပြာနုရောင်လေး တွေ့လား"

"အေးလေ"

"သူတို့ပြောနေသံတွေ ကျွန်တော်ကြားတာ တစ်မျိုးဖြစ်နေတယ်"

"ဘယ်လိုတစ်မျိုးလဲ ညီလေး"

"ဩော် - ကလေးမလေးက ငုတ်တုတ်ငေါင်တောင်တောင်ဖြစ်နေတယ်ခ... တာ ကျွန်တော့်အထင်တော့ ဒီကလေး... လေး စုတ်ကီစွဖြစ်နေတာနဲ့ တူတယ်... ရည်းစားကြောင့်များ စိတ်တွေကယောက်... ကယက်ဖြစ်နေတာလားမသိဘူး။ အခို... က သောရီအခါလေ။ ကြာသပတေး... စုတ်အိမ်မှာ သူဝတ်ထားတာ ကြာသ... တေးအရောင်"

၄
၁
ဆပွတ် - ၅ စုတ်ကီစွ-အရောင်ဖျော
သောရီ ၀
၃
၆
၂

(ရှေ့တွင်မြင်နေရသော အဖြစ်... ပျက်များကြောင့် အင်္ဂဝိဇ္ဇာအခါပိုင်း... လေ့လာကြည့်ရာ စုတ်ကီစွကိုသာ သွ... တွေ့ခဲ့၏။)

"မောင်ရင်သိချင်ရင် နည်းနည်း... ကပ်မေးကြည့်ပါလား၊ သူ့အဒေါ်... ယောက်ယောက်ကို"

"အိုး-ဘိုစိန်ကလည်း၊ သွားမေး... ဘယ်ကောင်းပါမလဲ။ ဒါတို့အချင်းချင်း... ပြောတာ"

ကိုမျိုးမြင့်သည် သွက်သွက်လ... လက်ရှိပြီး စပ်စပ်စုစုလည်းမေးတတ်... ရှေ့တွင်ထိုင်နေသောအုပ်စုများ ဘိုးတော်... နှင့် စကားပြောနေကြချိန်တွင် ကလေး... မလေးနှင့် ပါလာသည့် အမျိုးသား... နားကပ်ပြီး မီးခြစ်ခဏတောင်းရင်း ... လိပ်မီးညှိ၍ စကားပြော၏။ ခပ်တိုး... ကပ်ပြောနေကြသောကြောင့် ကျွ... လည်း ဘာမှမကြားရ။

ငါးမိနစ်မျှပင်မကြာ ကိုမျိုး ... လှည့်လာပြီး -

"ညီလေး၊ သူပြောတာ ... ကောင်မလေးက သူ့တူမ။ ကောင်... တစ်ယောက်နဲ့ ခိုးပြေးကြတာ။ အဲဒါ... ထောက်ကြံ့ဘက်မှာလိုက်ခေါ်ပြီးခဲ့... လာတာပေါ့ကွာ။ မင်းပြောတာ ... တောင်နည်းသေးတယ်။ ရည်း... တာ မဟုတ်ဘူး။ ခိုးရာကိုလိုက်ပြော... လူချင်းခွဲလာရတာ"

"အေးလေ၊ အဲဒါနဲ့ ဟိုပညာ... တွေနဲ့ဘာဆိုင်လို့လဲလို့"

"ဩော် - မောင်ရင်ကလည်း... တို့အလုပ်သူတို့လုပ်နေတာလေ၊ ... အလုပ်မှမဟုတ်ဘဲ"

"မဟုတ်ပါဘူး ဘိုစိန်က...



www.burmeseclassic.com

www.burmeseclassic.com

ပြောတာ ခုလို ရည်းစားကိစ္စဖြစ်နေရင် တမိုင်မိုင်နဲ့ မစားနိုင်မအိပ်နိုင် စကားမပြောနိုင်ဖြစ်ကြမှာပဲလေ။ ဒီလိုဖြစ်တိုင်း ယောဂ. . ."

"ဩော် - မောင်ရင် တော်တော်ခက်တာပဲ။ တို့မယုံဘူးမို့လား၊ တို့မယုံရင် ဒီဟာတို့ အသာထိုင်ကြည့်နေကြတာ ဘာဖြစ်လဲ၊ ဗဟုသုတပေါ့"

ဘိုစိန့်စကားကြောင့် ကိုမောင်ထွေးကို လှည့်ပြုံးပြပြီး ငြိမ်ထိုင်ကြည့်နေလိုက်၏။ ဘိုးတော်နှင့် ဘယ်လိုအပေးအယူတည့်သွားမှန်းမသိသော ထိုလူအုပ်စုလည်း ပြန်ကြပြီ ဖြစ်၏။ နောက်ထပ် ဘိုးတော်ရှေ့ ထိုင်လိုက်ကြသူများမှာ အသက်ငါးဆယ်ခန့် လင်မယားနှစ်ယောက်ဖြစ်၏။ သူတို့သည် ဘိုးတော်ကို တန်တော့လိုက်ပြီး -

"အဘ သမီးတို့ လာဘ်တွေပိတ်လွန်းနေလို့"

BURMESE CLASSIC .com

"အေး - မှန်း"

မျက်လုံးမှိတ်၍ ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း နှုတ်မှ အင်းအင်းဟုလုပ်လိုက်၊ ခေါင်းညိတ်လိုက်လုပ်နေပြန်၏။

"လူများနော်၊ ကိုယ့်ထက်သာရင် နောလိုတတ်လိုက်တာ"

လင်မယားနှစ်ယောက်တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကြ၏။

"မင်းတို့ကစေတနာကောင်းတယ်။ သူများကိုကျွေးချင်တယ်၊ ပေးချင်တယ်၊ ကူညီချင်တယ်။ လက်ထဲများ တစ်သိန်းနှစ်သိန်းပေါက်လို့ကတော့ မင်းတို့တကယ့်ကို လှူမယ့်စေတနာရှင်တွေပဲ"

တစ်ယောက်မျက်နှာတစ်ယောက် လှည့်ကြည့်ပြီး သဘောတွေကျနေရင်းမှ အမျိုးသမီးက ကျွန်ုပ်တို့ဘက်ပါ လှည့်ကြည့်လိုက်၏။ ဟိုဆရာကြီးပြောသော စိတ်ထားကို ကျွန်ုပ်တို့အား အသံထိတ်ကြွေးကြော်လိုက်သည်သို့နှယ်။

"ဒီလိုလူမျိုးတွေများကွာ။ သူတို့မှာ တစ်ဆယ်ရှိရင် ကိုးကျပ်လောက်လှူချင်စိတ် သဒ္ဓါတတ်ခံကောင်းတဲ့လူတွေ။ ဒီလိုလူမျိုးတွေကိုများ လုပ်ရက်လိုက်ကြတာ။ လုပ်တဲ့သူတွေ ဩော်-အင်း၊ အင်း ကျွေးခဲ့ပေးခဲ့ဖူးတဲ့ ကျေးဇူးကိုတောင် မထောက်"

လင်မယားနှစ်ယောက် တစ်ယောက်လှည့်ကြည့်နေကြပြီး ဘယ်သူများဖြစ်နိုင်ပါလိမ့်ဟူသော အမူအရာဖြင့်နေကြ၏။

"လုပ်ရက်လိုက်တာ၊ ဘယ့်နှယ် ကိုယ့်အချင်းချင်းတွေပဲ။ စီးပွားပျက်အောင်လုပ်တဲ့အဆင့်လောက်ဆို တော်ပြီပေါ့။ ခုတော့ လာဘ်လည်းပိတ်၊ တဖြည်းဖြည်းနဲ့ ရောဂါပါစွဲပြီး လူကိုပါ အသေလုပ်ထားတာကိုး။ ရက်စက်လိုက်ကြတာ။ ကျုပ်ဆီသာ ရောက်မလာရင်တော့ ဒီနှစ်မကုန်တော့ဘူး၊ သွားရတော့မယ်"

တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြပြန်၏။ဒီတစ်ကြိမ်အကြည့်တွင် အမျိုးသမီးမှာ အတော်တုန်လှုပ်နေပုံရပြီး အမျိုးသား၏အမူအရာတွင် တွေဝေစဉ်းစားနေပုံရ၏။ ဤသည်ကို ဘိုးတော် ရိပ်မိပုံရ၏။ အမျိုးသားကို မျက်လုံးမပွင့်တပွင့်လုပ်၍ စွေကြည့်လိုက်ပြီး -

"ဒီက ငါ့သားကြီးက ဘာကိုမဆို သိပ်မယုံတတ်ဘူးကွ။ လက်တွေ့သမား။ ကျုပ်ကလည်း အဲဒါမျိုးမှကြိုက်တာ။ မယုံနဲ့ဦး တစ်လ၊ နှစ်လစောင့်ကြည့်လိုက်။ ဒါပေမယ့် သမီးလေးအတွက်တော့ အချိန်ကျန်ပစေနော်။ လွန်မှတော့ မလာနဲ့တော့။ ကျုပ်မတတ်နိုင်၊ မကယ်နိုင်မှတော့ မလာနဲ့တော့"

ထိုစဉ် တဝုန်းဝုန်းနှင့် ကြမ်းပြင်ဆောင့်ခါသွားပြီး ဘိုးတော်၏ မလှမ်းမကမ်းမှ အမျိုသမီးမှာ လှုပ်လှုပ်ရွရွဖြစ်လာပြန်၏။

"ဟဲ့ - ဘာတုံး"

"သူ့ကိုတော့ ဆရာကြီးလွှတ်ပေးပါ"

"ဟ - ဘာပြုလို့တုံး"

"နောက်သုံးလ၊ သုံးလ"

ပြောရင်း ညာဘက်လက်နှင့်လက်(၃)ချောင်းထောင်ပြပြီး ဒူးများမှာ တဝုန်းဝုန်းတုန်နေ၏။ ခေါင်းမှာငုံ့လျက်။

"ဩော်- ဒီလိုတော့မလုပ်နဲ့လေ။ သုံးလအတွင်း အသေတော့ ငါခွင့်မပြုနိုင်ဘူး။ ဘယ့်နှယ် ငါ့ရှေ့ရောက်နေတာတောင် ငါ့ကိုမလေးမစားနဲ့။ နှုတ်ဖွင့်စမ်း နင်ဘယ်သူလဲ"

ဘိုးတော်၏စားကြောင့် ဘိုးတော်ရှေ့မှာ လင်မယားနှစ်ယောက်သာမက ကျွန်ုပ်တို့ပါ စိတ်ဝင်တစားကြည့်နေမိ၏။ ကျွန်ုပ်စိတ်ထဲတွင်တော့ ဥပမိကောင်း ကောင်းနှင့် ဘိုးတော်၏ စတိုင်လ်မှာ ဂျပန်ရုပ်ရှင်ကားများထဲမှ ဂျူဒိုဆရာကြီးများနှင့်တူပြီး ကြည့်ကောင်းလှသည်ဟု တွေးလိုက်၊ ဘုရားဆောင်ရှေ့တွင် ဘယ်လိုဟာတွေကများ လာပူးရဲ့ဝင်ရဲ့ထွက်ရဲ့ ဖြစ်နေပါလိမ့် ထပူးတည်းပူးနေပါလား ဟု တွေးလိုက်နှင့် အလုပ်ရှုပ်နေ၏။ ဤတစ်ကြိမ်တွင် ဘိုးတော်၏စကားသံ မာလာပြီး ညာဘက်လက်မှလည်း ကြမ်းပြင်ကို နှစ်ချက်၊ သုံးချက် တဖြန်းဖြန်းရိုက်နေ၏။

"ငွေပေးပြီးလုပ်ခိုင်းလို့လုပ်ရတာပါ"

"ဟဲ့ - ငွေပေးပြီး အလုပ်ခိုင်းတိုင်းလုပ်ရလား။ လုပ်မယ့်လုပ်တော့ တစ်ဆုံးတစ်စကြီးပါလား။ နင်မို့လုပ်ရက်တယ်"

"ပညာလွှန်ထားပါပြီ ဆရာကြီး"

"လွှန်ထားပေမယ့် ငါ့လူဖြစ်နေပြီ။ ငါခွင့်မပြုဘူး။ ဘာလဲ၊ မီးစက်နဲ့တွေ့ချင်လို့လား"

"မ. . . မလုပ်ပါနဲ့ ဆရာကြီး"

"အေး - ငါကလည်း မလုပ်ချင်ပါဘူး။ နင်တို့လို ကဝေတွေဟာ စည်းမစောင့်ရင် ငါ့အကြောင်းသိတယ်မို့လား"

"သိ. . . သိပါတယ် ဆရာကြီး"

"ဒါပါရမို့ရှင်။ နင်တို့သိရက်နဲ့လုပ်တယ်။ သူ့ကို အလှူကြီးအတန်းကြီးကြီး ကျယ်ကျယ် ထမင်းရေချောင်းစီးမလှူရသေးဘဲနဲ့၊ ငါ့မှာ စောင့်ရှောက်ရမယ့် ဝတ္တရားရှိတယ်"

"ဟုတ်. . . ဟုတ်ကဲ့ပါ"

"ဒါဆို နုတ် ပညာနုတ်၊ အကုန်နုတ်"

ပူးနေသော အမျိုးသမီးကြီးမှာ ဘာစကားမှန်းမသိရသောစကားများကို မေးချင်းရိုက်၍ တဂွပ်ဂွပ်လုပ်ရင်းပြောနေရင်း လက်က လေထဲမှာ တဖြည်းဖြည်းချင်းဝှေ့နေ၏။ ကြည့်လို့တော့ ကောင်းသား။

"နုတ်. . . နုတ်. . . . နုတ်. . . ကုန်ပစေ၊ ကုန်ပစေ။ ကျန်ခဲ့လို့ကတော့ တာတေနဲ့တွေ့ပြီသာမှတ် တောက်"

ပညာနုတ်သူက လေထဲမှာ ဝှေ့ယမ်းပြီး နုတ်နေ၏။ အမိန့်ပေးသူက မာန်ပါပါနှင့် တောက်ခေါက်လိုက်၊ ဟောက်လိုက်နှင့်လုပ်နေ၏။ ကာယကံရှင်လင်မယားမှာ ငုတ်တုတ်။

တစ်ချိန်လုံး စကားမပြောဘဲထိုင်နေသော ကိုမောင်ထွေးသည် ကျွန်ုပ်အနီးသို့ကပ်၍ -

"ဘိုးတော်က အဲဒါမျိုးတွေကျွပိုင်တယ်ကွ"

"ဘာကိုလဲ"

"သူ့ခေါ်စရာမလိုဘူး။ မင်းကြည့်လေ၊ လုပ်ထားတဲ့သူက တန်းဝင်ပူးပြီးပြေးလာရတာ"

ကျွန်ုပ်လည်း စိတ်ထဲတွင် တစ်ခုခု ဘဝင်မကျသလိုကြီးခံစားရပြီး -



www.burmeseclassic.com

www.burmeseclassic.com

"ကိုမျိုး"

"ဟေ - ညီလေး"

"စကားများများပြောရင် လိမ်တတ်တဲ့ သောရီအခါက ကုန်ကိုမကုန်နိုင်ဘူး။ ခုလည်း (၁၅) မိနစ်လောက်လိုသေးတယ်"

"ဟုတ်လား"

"ဟုတ်တယ်"

"အေးပေါ့ ညီလေးရာ။ ဗဟုသုတပေါ့"

ဘာကိုမှ မယုံတတ်သော ကျွန်ုပ်၏အကြောင်းကို သိနေသည့် ကိုမျိုးမြင့် နှစ်သိမ့်၍ ဆက်ထိုင်ကြည့်နေလိုက်၏။ ဘေးနားမှ ကိုမောင်ထွေးကတော့ ပါးစပ်ကြီးဖြဲ၍ သဘောတွေကျမှကျ။

"ဝင်. . . ဝင်သွားပါပြီ ဆရာကြီး"

"သေချာရဲ့လား"

"သေ. . . သေချာပါတယ်"

"အေး - နင့်ကိုပြန်ချုပ်ထားလိုက်မယ်။ ဒီကာယကံရှင်နဲ့ ပတ်သက်လာရင် နင်ကတောင် ပြန်ပြီးခေါင်းရှောင်ပေးရမယ်။ စည်းဖောက်လို့ကတော့ ငါ့အကြောင်းသိတယ်နော်"

"သိ. . . သိပါတယ် ဆရာကြီး။ စောင့်လည်းစောင့်ရှောက်ပေးပါမယ်"

"ဒါဆိုသွားတော့"

ပူးနေသော အမျိုးသမီးမှာ ဘိုးတော်ဘက်သို့လှည့်၍ လက်အုပ်ချီ ကန်တော့ရင်း ငြိမ်သွား၏။ ပြီးမှ လင်မယားနှစ်ယောက်ဘက်သို့လှည့်ကြည့်ပြီး -

"ဘာတွေပြောသွားတာလဲ"

"ဩော်. . . အစ်မ၊ လုပ်ထားတဲ့ပညာသည်ကိုယ်တိုင်ဝင်လာတာ"

"ဟယ် - ဟုတ်လား အမလေး"

"ဟုတ်တယ် အစ်မ။ အဘကိုကျတော့တော်တော်ကြောက်ကြတယ်နော်။ ငြင်းကိုမငြင်းရဲဘူး"

"ဟာ - ငြင်းရင် သူတို့သေကုန်မှာပေါ့။ ဆရာကြီးက နှယ်နှယ်ရရမှမဟုတ်တာ။ ဒီလိုပညာသည်လောက်တော့ နှစ်ခါမပြောဘူး"

"ဟုတ်တယ်၊ ဟုတ်တယ် အစ်မ။ တော်တော်ကြောက်တယ်။ အဲဒါ ညီမတို့ ဘာဆက်လုပ်ရမလဲ"

"ပြီးပြီလေ၊ မငြင်းဘူးဆိုမှတော့ပြီးပြီ။ သူတို့လုပ်ထားတာတွေဖယ်လိုက်ပြီ။ ညီမတို့လာဘ်တွေပြန်ပွင့်ပြီ၊ ဆရာကြီးကိုသာ ကန်တော့လိုက်"

"လာဘ်က ဘယ်လိုပွင့်မှာလဲ အစ်မ"

"အို - ဘယ်လိုပဲပွင့်ပွင့် ပွင့်သွားမှာ"

ကာယကံရှင် အမျိုးသမီးသည် သူမ၏ ညာဘက်တွင် ထိုင်နေသော ယောကျ်ားအား လှည့်ကြည့်၍ အတန်ငယ်ငြိမ်သွားပြီး -

"ဘယ်သူပွင့်မှာလဲအစ်မ"

"ညည်းပေါ့ ညီမရဲ့။ ညည်းကို လုပ်ထားတာပဲဟာ။ အခု ညည်းကိုပဲဦးတည်ပြီးဖယ်လိုက်ရတာ"

"ညီမက ဘာမှမလုပ်ဘူး အစ်မ။ ထိုင်စားတာ အိမ်အလုပ်ပဲလုပ်တာ။ လုပ်တာက ညီမယောကျ်ား သူကလုပ်တာ"

ပူးခဲ့သောအမျိုးသမီးမှာ ပြေးနေသောမြင်းအား ဇက်ကြိုးဆွဲလိုက်သည့်နှယ် တုံ့ခနဲအမူအရာဖြစ်သွားပြီး ချက်ချင်း ဟန်မပျက် -

"ဆရာကြီးက သိပါတယ်။ ညီမက သူ့မိန်းမလေ။ ညီမကို လာဘ်ဖွင့်မှ သူလည်း ပွင့်မှာပေါ့"

ကာယကံရှင်အမျိုးသမီး ပြုံးရွှင်စွာနှင့် ခေါင်းတညိတ်ညိတ်လုပ်နေ၏။ ပြီးမှ သူမ၏လက်ထဲမှသည် ဘိုးတော်ဆီသို့ ငွေက္ကူအနည်းငယ်ရောက်ရှိသွားပြန် တော့သည်။

နောက်ထပ် ထိုင်လိုက်သူမှာ အသက် (၃၀) သာသာခန့် အမျိုးသမီးတစ်ဦးနှင့် ငါးဆယ်ကျော်အရွယ် အမျိုးသမီးတစ်ဦး ဖြစ်၏။ သားအမိဖြစ်ပုံရ၏။

"အဘ၊ သမီးလေးဘာဖြစ်နေမှန်းမသိဘူး။ အဲဒါ အဘဆီကိုခေါ်လာတာ"

အချိန်မှာ သောရီအခါကုန်သွားပြီဖြစ်၍ အင်္ဂဝိဇ္ဇာပညာအရ ဂုရု တည်းဟူသော ကြာသပတေးအခါသို့ရောက်ပြီ ဖြစ်၏။ ဘိုးတော်သည် ခေါင်းမိုးမျက်နှာကြက်ကိုမော့ကြည့်လိုက်သောကြောင့် ကျွန်ုပ်လည်း လိုက်မော့ကြည့်၏။ ဘာမှမတွေ့။

"သမီးကို အိပ်မက်ထဲမှာ မိန်းမကြီးတစ်ယောက် လာလာခေါ်နေတာကိုး"

ကလေးကလေးက သူ့မိခင်ဘက်လှည့်ကြည့်ပြီး ကြိုးတိုးကြောင်တောင်ဖြစ်နေ၏။

"ပြောစမ်းသမီး။ နှစ်ခါ၊သုံးခါမကတော့ဘူးမို့လား"

ကလေးမလေး ဘာမှမပြော။

"ဟုတ်တယ်၊ အနည်းဆုံးသုံးခါရှိပြီ ဒီမှာပြောနေတယ်၊ နင် ခေါင်းထဲမှာမကောင်းဘူးဖြစ်နေပြီ"

ကလေးမလေးက ဘာမှမပြော။

"ခေါင်းထဲမှာ တော်တော်ဆိုးနေတယ်။ ဆိုးမှာပေါ့၊ ပညာစက်တွေမိထားပြီကိုး"

"သမီးဖြစ်တာက ရင်တုန်တာ"

အင်္ဂဝိဇ္ဇာပညာသည် အလွန်မှတိကျလွန်းလှပါ၏။ ဂုရုအခါ၏ သတ္တ ဖြစ်သော ဗုဒ္ဓဟူး ခိုက်နေခြင်းကို တန်းပြော၏။ နံတော်စဉ်ပညာခန်းအရလည်း ဘုရားရှင်ပဋိသန္ဓေစံယူတော်မူသောအခါ ဖြစ်သောကြောင့် မယ်တော်မာယာ၏ ရင်၊ ဝမ်းကို အကြောင်းပြုပြီး ရင်၊ ဝမ်း ဥပဒ်ပေးတတ်သောအခါအဖြစ် ဖွင့်ဆိုထား၏။

၂
၆

၃
ဂုရု - ၅
၁
ခိုက် - ၄ - ရင်/ဝမ်း
၀

ကျွန်ုပ်၏ စိတ်ထဲ၌ ဒီကလေးမ အား ငါသာပြောလိုက်ရရင် ရင်၊ ဝမ်း ဥပါဒ်ပေးတတ်တယ်ဆိုပြီး တန်းနေမှာပဲ ဟု စဉ်းစားနေလိုက်၏။

"အေးလေ၊ ရင်တုန်ပြီပေါ့။ ရောဂါ ပြန့်အောင် ပညာစက်ကဖြန့်ထားပြီး လုပ် ထားတဲ့လူက အပြင်လူမဟုတ်ဘူး"

ကလေးမလေး၏ မိခင်က -

"ထင်သားပဲ။ အိမ်ကသားရဲ့မိန်းမ လေ။ သူက မနက်လည်း ဘုရားရှိခိုး ညလည်းဘုရားရှိခိုးဆိုတော့ ကိုယ်တွေ က မထင်ဘူးလေ"

"ဟဲ့ - သမီးကြီး နင်တို့အဲဒါခက် တာပေါ့။ ကိုယ့်ဝမ်းထဲကိုယ်ထားရတယ် လုပ်တဲ့သူက သူလုပ်ပါတယ်လို့ ဘယ် တော့မှမပြောဘူး။ မှတ်ထား၊ မေးလိုက် ရင် ဘာမှမတတ်ဘူး၊ မသိဘူးဘဲ။ အဲဒါ သူတို့ရဲ့ ပရိယာယ်ပဲ"

"တော်ပြီ တော်ပြီ။ ဒီကောင်မ ဆက်မထားတော့ဘူး။ နှင်ချမှပဲ ဖြစ် တော့မယ်"

"မေမေကလည်း၊ အစ်မက အေး လွန်းလို့ ဘာစကားမှတောင်လည်လည် ပတ်ပတ်မပြောတတ်ဘူး။ သမီးသွားခဲ့ တဲ့ နေရာမှန်သမျှ သူ့ကိုခေါ်ပြီးသွား ရတာပဲဥစ္စာ။ အစ်မကသမီးကိုချစ်လို့ တာမှ"

ကလေးမလေး ရုတ်တရက်ပြော လိုက်သောစကားကို သူ့အမေက ခေါ တစ်ချက်ခါလိုက်ပြီး -

"လူဆိုတာ ဘယ်သိရမလဲ အ



www.burmeseclassic.com

www.burmeseclassic.com

ခုပဲကြည့်၊ ဆရာကြီးပြောပြီ။ အပြင်လူမဟုတ်ဘူး၊ သူပဲရှိတာ"

ဘိုးတော်သည် ပြုံးရင်း ညာဘက်လက်တစ်ဖက်ဆန့်ထုတ်လိုက်ပြီး -

"မလိုဘူး သမီးကြီး။ သူ့ပညာလောက်တော့ ခုငါရှင်းလိုက်မယ်။ နင်အိမ်ပြန်ရောက်လည်း သူကတော့ သူမဟုတ်သလိုဘဲနေမှာပဲ။ ဘာမှမသိသလိုဘဲနေမှာ"

"အမေ၊ အစ်မက ပညာတတ်နော်။ ဘုရား၊ တရားကလွဲရင် သူကျန်တာတွေ စိတ်မဝင်စားတာ အမေလည်းသိသားနဲ့"

"မဟုတ်ဘူးသမီးလေး။ ဒါမျိုးတွေက ဒီလိုပဲ ကလီကူမာများတယ်။ ကြည့်သိက်ရင် သူတို့ဘာမှမသိသလိုဘဲ။ မပူပါနဲ့ အဘဖယ်လိုက်ပါ့မယ်"

ဘိုးတော်သည် ပြောပြောဆိုဆိုနှင့် သူ၏ဘေးနားရှိ ရေပုလင်းထဲမှ ရေအနည်းငယ်ကို ဖန်ခွက်ထဲထည့်လိုက်၏။ ကျွန်ုပ်က မျက်တော်လုံးဝမခတ်ဘဲကြည့်နေသောကြောင့် ကိုမောင်ထွေးက သက်ကုတ်၏။

"ဘယ့်နှယ် သွားပြီးပြုံးတူးပြတဲ့ကြီး"

"စိတ်ဝင်စားလို့ပါ"

ဖန်ခွက်ကို လက်ကကိုင်ရင်း ကလေးမလေးကို မျက်လုံးကြီးက စိုက်ကြည့်၍ဘာတွေရွတ်နေသည်မသိ။ ရွတ်ပြီးမှ -

"ရော့သမီး သောက်လိုက်။ သမီးကို လုပ်ထားတဲ့ ပညာစက်တွေ အပိုင်းပိုင်းပြတ်သွားလိမ့်မယ်"

ဟု ပြော၏။

"သမီးမသောက်ချင်ဘူး။ ဘာမှမဖြစ်တာ"

"ကဲပါ သောက်လိုက်စမ်းပါအေ။ ရေမန်းပဲဟာ"

ထိုစဉ် ဘေးနားမှ မိန်းမမှာ ရှေ့မူလျက် တဝုန်းဝုန်းထလာပြန်တော့၏။ ဘယ်သူလာလာ ပူးသူမှာ သူတစ်ယောက်တည်း ဒိုင်ခံ။

"ဒီ. . ဒီလိုတော့မလုပ်ပါနဲ့ ဆရာကြီး။ ကျွန်မပညာကျွန်မပြန်နုတ်ပါ့မယ်"

ကလေးကလေးသည် ထိုအမျိုးသမီးအား ကြည့်လိုက်ပြီး-

"ဘယ်သူလဲဆိုတာ ကျွန်မသိချင်တယ်။ ကျွန်မကိုပြောပါလား"

"နင်သိစရာမလိုဘူးဟေ့၊ သိစရာမလိုဘူး"

ပြောရင်းနှင့် ပူးနေသော အမျိုးသမီးမှာ အတော့်ကို ဝုန်းဒိုင်းကြဲနေတော့၏။

"ကဲကဲ - နင့်ပညာနင်ပြန်နုတ်မယ်ဆိုရင်လည်း နုတ်လိုက်တော့။ ဒါငါ့လူဖြစ်သွားပြီ"

"ဟုတ်၊ ဟုတ်ကဲ့ပါ ဆရာကြီး"

တအောင့်လောက်အကြာတွင် ပူးနေသော အမျိုးသမီး ငြိမ်သွားပြီဖြစ်၏။ ကလေးမလေးလည်း ဘေးဘီသို့ဟိုကြည့်ဒီကြည့်ရင်း ဘိုးတော်ပေးသော ရေမန်းကို မသောက်ချင်သောက်ချင်နှင့်သောက်လိုက်ရပြီ ဖြစ်၏။

"ကြမ်းတယ်ဟ။ ငါတောထဲမှာ (၉) ရက်လောက်ကို သစ်သီးစားပြီး သွားကျင့်ရင်း ထပ်ပြီး မေတ္တာရပ်ခံမှရမယ့် သဘောရှိတယ်။ တောထဲမှာက ရှေးဟောင်းဘုရားတွေ ရှိတယ်လေ။ အဓိဋ္ဌာန်ဝင်ရမှာ"

မျက်နှာမသာမယာမကျေမလည်နှင့် ပိုက်ဆံပေးပြီး ပြန်သွားကြသောသားအမိနှစ်ယောက်အပြီး ကိုမောင်ထွေးအလှည့်ရောက်ဖြစ်၏။

"အဘ၊ ကျွန်တော့်မိန်းမမှာ မပေါ့မပါးကြီးနဲ့"

"ငါသိပြီးပြီ။ ငါ့မနေ့မှာလာပေါ်ပြီးပြီ။ မင်းမိန်းမကို ကလေးမမွေးနိုင်အောင်လုပ်ထားတာ မင်းသိနေပြီပဲ"

"ဟုတ်ကဲ့"

ကျွန်ုပ်သည် ကိုမောင်ထွေးကို အံ့အားသင့်စွာနှင့် လှည့်ကြည့်လိုက်၏။ ဤသည်ကို ဘိုးတော် ရိပ်မိသွားပြီး -

"ကလေး၊ မင်းနည်းနည်းနောက်ဆုတ်ထိုင် ရှေ့သိပ်မတိုးနဲ့။ ဒီမှာ အလုပ်လုပ်နေတယ်"

ကျွန်ုပ်လည်း နောက်နားရွှေ့ပေးလိုက်ပါ၏။

"အေး - မင်းမိန်းမကိုလုပ်ထားတဲ့ ကိစ္စကတော့ ငါ ဟိုရောက်မှပဲ အဓိဋ္ဌာန်ဝင်ရင်း လှမ်းကုပေးလိုက်မယ်။ မင်းမပူနဲ့တော့"

"ဟုတ်ကဲ့"

"မင်းမိန်းမ အေးအေးဆေးဆေး မွေးသွားလိမ့်မယ် သိလား"

"ဟုတ်ကဲ့"

"လုပ်ထားတဲ့လူက တစိမ်းမဟုတ်ဘူး။မင်းမှတ်ထား၊ ကိုယ့်လူသူ့ဘက်သားဖြစ်သွားပြီးလုပ်လိုက်တာ"

ကိုမောင်ထွေးတွေဝေနေ၏။

"အေးလေ၊ ဘယ်သူလုပ်လုပ် သူတို့ကလည်းဟန်မပျက်နေနေတော့ ကိုယ်ကလည်း ဟန်မပျက်နေပေါ့။ တစိမ်းမဟုတ်ဘူး"

"ဟာ - အိမ်မှာ ကျွန်တော့်မိန်းမရယ်၊ ကျွန်တော့်အမေရယ်၊ ကျွန်တော့်ညီမရယ်ပဲရှိတာ"

"ဒါတွေငါ့လာမပြောနဲ့လေ။ မင်းယုံရင်ကု၊ မယုံရင် မကုနဲ့။ အသက်ကနှစ်သက်နော်။ အပြင်မှာတစ်သက်၊ ဗိုက်ထဲမှာတစ်သက်"

"မဟုတ်ပါဘူး အဘ၊ ကုပါ့မယ်"

"ဒီမှာပြနေတယ်။ တစ်လမကျော်ဘူးတဲ့။ အချိန်တောင်မရှိတော့ဘူး။ ငါကုတော့ ကုမပေးချင်ဘူး"

"ဒီ. . . ဒီလိုတော့ မလုပ်ပါနဲ့ အဘကြီးခင်ဗျား"

■

ဤစာမူသည် ထိုနေရာတွင် ခေတ္တရပ်ထားခဲ့ပြီး ဆက်မရေးဖြစ်တော့။ မရေးဖြစ်၍ ဘယ်မှလဲမထည့်ဖြစ်တော့။

ဤစာမူကို ရေးထားသည်မှာ ၁၉၉၀ ပြည့်နှစ်က ဖြစ်၏။

ထိုစဉ်က စာရေးနေပါပြီ။

သို့သော် အကြောင်းအမျိုးမျိုးကြောင့် ထိုစာမူကို ဆက်မရေးဖြစ်ခဲ့။ ရေးထားသည့်အတိုင်း သိမ်းထားခဲ့သည်မှာ စာရွက်များပင် ဝါကြင့်ကြင့်ဖြစ်နေပြီ ဖြစ်၏။

မကြာသေးခင်က -

ရန်ကုန်မြို့တွင်းရှိ မြို့နယ်တစ်ခုမှ ရပ်ကွက်တစ်ခုတွင်နေထိုင်သော သူငယ်ချင်းကပြော၍ ဗဟုသုတအလို့ငှာ လိုက်သွားခဲ့ပါသည်။

ထိုနေရာတွင် အတွေ့အကြုံလေးတစ်ခုကို မမျှော်လင့်ဘဲ တွေ့ကြုံခဲ့ရလေရာ ကျွန်ုပ်အတော်လေးစိတ်မကောင်းဖြစ်ခဲ့ရပါသည်။

စိတ်မကောင်းသည်မှာ ဘာသာရေးကို ကာဗာတစ်ခုလိုကာထားပြီး မပြောရဲမဆိုရဲဖြစ်အောင် အဟန့်အတားထား၍ လူများကို ခြိမ်းခြောက် ငွေတောင်းတတ်သူများနှင့် ကြုံခဲ့ရသောကြောင့် ဖြစ်ပါသည်။

ကျွန်ုပ်သည် -

အသက် (၂၁) နှစ်သားအရွယ်ခန့်မှစ၍ (၉) နှစ်တိုင်တိုင် (နှစ်စဉ် ၉ ရက်သင်္ကြန်မတိုင်ခင် ငါးရက်ခန့်မှ သင်္ကြန်ပြီးအထိ) နဝင်္ဂသီလတော်ကြီးကိုစောင့်ထိန်းပြီး မီးလွတ်အဓိဋ္ဌာန်အဖြစ် သစ်သီးများစားကာ ကျင့်ကြံလာသူ ဖြစ်၏။ နေ့စဉ်နှင့်အမျှ နဝင်္ဂသီလတော်ကြီးကို တစ်ထိုင်ဆောက်တည်ပြီး ပဋ္ဌာန်းဥဒ္ဒေသ



www.burmeseclassic.com

နိဒ္ဒေသတော်ကြီးကို ရွတ်ဖတ်သရဇ္ဈာယ် ပူဇော်လာခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ချေပြီ။

သက်သတ်လွတ်စားခဲ့သည်မှာ နှစ်ပေါင်း (၄၂) နှစ်ပင်ကျော်ပြီ ဖြစ်၏။ ရာသက်ပန်စားတော့မည်ဟု ဆုံးဖြတ်ထားသူလည်း ဖြစ်၏။

မည်သည့် အကြောင်းကြောင့်မျှ မဟုတ်။ သူတစ်ပါး၏ အသားနှင့် ကိုယ့်အသွေးအသားကို မတည်ဆောက်လိုတော့သောစိတ်၊ သတ္တဝါလေးများကို အမြဲမေတ္တာပို့သနေသောကြောင့် ကိုယ်ချင်းစာသောစိတ် ထိုစိတ်များနှင့် မစားတော့ခြင်းသာ ဖြစ်ပါသည်။

ယခုနောက်ပိုင်း ပဋ္ဌာန်းဒေသနာတော်ကြီးသာမက ဓမ္မစကြာသုတ်တော်ကြီးကိုပါ နေ့စဉ်ပူဇော်နေသူ ဖြစ်၏။

နေ့စဉ်နှင့်အမျှ အကြိမ် (၁၀၀၀) ရွတ်သောဂါထာ၊ (၁၀၈) ခေါက်ရွတ်သော ဂါထာများနှင့် ကျွန်ုပ်၏ နှုတ်မှာ မအားရ။

နေ့စဉ် ရွတ်နေသော ဂါထာများကို တစ်ထိုင်တည်းရွတ်လျှင် (၃) နာရီခန့် ကြာမှပြီးနိုင်၏။

ကျန်သောအချိန်တွင် ဝင်လေ၊ ထွက်လေကို အာနာပါန ဗုဒ္ဓါနုဿတိ ဘာဝနာအဖြစ် သတိရတိုင်း သတိထားမိတိုင်း အရဟံဗုဒ္ဓေါမှတ်၏။

ရေသောက်လျှင်ပင် တစ်ကျိုက်သောက်သည်နှင့် ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ နောက်တစ်ကျိုက်သောက်လျှင် ဓမ္မံသရဏံဂစ္ဆာမိဟု သရဏဂုံ (၃) ပါးနှင့် သောက်သူစားသူ ဖြစ်၏။

ဟိုးငယ်စဉ်ဘဝ ပညာများစသင်ကတည်းက အဘဘိုးမင်းခေါင် အရှင်သူမြတ်ကို အလွန်ရိုသေ၊ အလွန်ချစ်၊ အလွန်ကြည်ညိုခဲ့သောကြောင့် အဘ၏ နှုတ်အမိန့်များအတိုင်း လိုက်နာခဲ့သူ ဖြစ်၏။

နံနက် (၃)နာရီနှင့် (၄)နာရီကြားတွင် အသံအောင်အောင်ကြီးနှင့် အင်္ဂဝိဇ္ဇာပညာခန်းများ မကြာခဏကြားခဲ့ရဖူးသူ ဖြစ်၏။ ထိုအချိန်သည် အိပ်မပျော်နှင့် အိပ်ပျော်ကြားမှာ ဖြစ်လေ့ရှိ၏။

အဘဓာတ်ရှိသောနေရာများတွင် စစ်မှန်သောပုဂ္ဂိုလ်များ၏ လွှတ်ခနဲ တစ်ခွန်းတလေပြောလိုက်သည်များမှာ အဘ ကျွန်ုပ်ကို လမ်းညွှန်နေသည်ဟု ယုံကြည်စွာ လိုက်နာသူ ဖြစ်၏။ ပူးသူများကို ကျွန်ုပ် လက်မခံပါ။

ထိုသို့ စစ်မှန်လှသော၊ ရိုးသားစွာနေကြသည့် ပုဂ္ဂိုလ်များ နှုတ်မှလွှတ်ခနဲ ပြောကြသည်များကို ကျွန်ုပ်ယုံ၏။

ခပ်ငယ်ငယ်က ကျွန်ုပ်သည် အလွန် ကျော်ကြားချင်သောစိတ်ရှိရာ တစ်နေ့ အဘဓာတ်ခန်းတစ်နေရာတွင် ဘကြီးတစ်ဦးမှ 'အဘက ကျော်အောင် မနေရဘူး။ ကျော်အောင်နေရင် ကျော်ရင် အညော်မိပြီး ငန်းမန်းလိုက်တတ်တယ်။ တော်အောင်လည်း ကြိုးစားရမယ်လို့ပြောတယ်' ဟူသော စကားမှာ ကျွန်ုပ်၏ရင်ထဲ စူးနစ်ဝင်ရောက်သွားပြီး ကျွန်ုပ်ကို တိုက်ရိုက်ပြောနေသလို ခံစားရရင်း ထိုအတိုင်းနေခဲ့ပါသည်။

ထို့ကြောင့် ကျွန်ုပ်ကို တော်ရုံနှင့် လူမသိကြပါ။

ယခု -

ကမ္ဘာအေးဘုရားစေတီတော်မြတ်ကြီးဝင်းရှိ အဘဓာတ်ခန်းမှ အစ်ကိုကြီး၏နှုတ်မှ ဤစကားကို ထပ်ပြောပြန်၏။ လွန်ခဲ့သော နှစ်ပေါင်း (၄၀)ခန့်က ကြားခဲ့ရသော စကားနှင့်ထပ်တူပင်ဖြစ်၍ ကျွန်ုပ်မှာ စကားပင်မပြောနိုင်လောက်အောင် အံ့အားကြီးသင့်ပြီး ထိုအစ်ကိုကြီးကို ငေးကြည့်နေမိ၏။

အဘဓာတ်ခန်းများ ထိန်းသိမ်း၍ ဝေယျာဝစ္စကုသိုလ်ပြုကြသူ တော်တော်များများနှင့် ကြုံခဲ့ဖူးပါသည်။ ယခု ဘုရားဝင်းရှိ အဘဓာတ်ခန်းမှ အစ်ကိုကြီးကို ကျွန်ုပ် အလွန် လေးစား၏။ သူသည် တန်ဖိုးရှိသောစကားများကိုသာ ပြောလေ့ရှိပြီး အဘ၏ဓာတ်စစ်မှန်စကားများဟု ကျွန်ုပ် လုံးဝယုံ၏။ ငွေကြေးခြိမ်းခြောက်မှု၊ ဖန်တီးမှု ဘာမှမရှိ။ အလွန်ဖြူစင်၏။ ထို့ကြောင့် ထိုဓာတ်ခန်းသို့ ကျွန်ုပ်အမြဲလိုလိုရောက်ပြီး အဘကို သွားကန်တော့လေ့ရှိ၏။ အစ်ကိုကြီးနှင့် အာလာပသလ္လာပပြော၏။

ဤမှ -

ကိုယ်ကျင့်တရားထိန်းပြီး နေ့စဉ်အမျှ (၇) ရက်သားသမီးများကို အကြံပေးခြင်း၊ ကုသိုလ်ပေးခြင်း -

စာပေရေးသား၍ ပညာပေးခြင်း၊ ကုသိုလ်ပေးခြင်းများကို ကျွန်ုပ်နှင့်ဆုံခဲ့သူများ မသိကြသည်မှာ အလွန်အံ့သြခဲ့ရပါသည်။

ကျွန်ုပ် မည်သူဆိုသည်ကို သူတို့ မသိခဲ့ပါ။

သူတို့ကိုယ်သူတို့ ဝိဇ္ဇာများ၊တန်ခိုးရှင်များအဖြစ်သာ ပြောဆိုနေကြပြီး ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကြီးများ၏ နာမည်များကို တွင်တွင်သုံး၏။ ကျွန်ုပ်နေသော အိမ်ခြံထဲတွင် အင်းမြှုပ်ထားပြီး ထိုအင်းမှာ မှွေနေကြောင်း၊ ထို့ကြောင့် ထိုအင်းကို ဖယ်ရမည် ဖြစ်ကြောင်း၊ ဖယ်လျှင်လည်း ညသန်းခေါင်ကျော် ကောင်းကင်မှ လာခဲ့မည်ဖြစ်ပြီး တရားထိုင်ရင်းနှင့် လာဖယ်သွားမည်ဖြစ်ကြောင်း၊ သို့သော် ထိုသို့ဖယ်ရန် ငွေတစ်သိန်းပေးရမည်ဖြစ်ကြောင်း၊လက်ငင်းပေးရမည်ဖြစ်ကြောင်း ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကြီးများက ဒီငွေတစ်သိန်းမရရင် ဒီကောင့်ကို လုံးဝမကယ်ရဘူးဟု ပြောနေကြောင်း ပြောလေတော့၏။

ဤစကားကို (၄)၊ (၅) ခွန်းဆက်ပြောပြီး ဒီအင်းမှမဖယ်ရင်၊ ဒီပညာစက်တွေမှ မဖယ်ရင် သေမှာပဲဟု ပြောလေတော့၏။ သေမှာပဲကိုလည်း (၄)၊ (၅)ခွန်းမက ပြော၏။

လူသည် -

မွေးခြင်းနှင့် သေခြင်းကြားတွင် ဘဝကို ဖြတ်သန်းနေခြင်းပင် ဖြစ်၏။ ကျွန်ုပ်မှာ ပြုံးနေလိုက်၏။

ထိုစဉ် -

သူ၏ဘေးနားမှ ပုဂ္ဂိုလ်က -

“စိတ်စေတနာမယုတ်နဲ့။ ပြောတဲ့အတိုင်းပေးလိုက်။ သဒ္ဓါမယုတ်နဲ့”

ဟူသောအဓိပ္ပာယ်ရသည့်စကားကို ကျယ်လောင်စွာဖြင့် (၁၀) ခွန်းခန့် ဓာတ်စီးသလိုလို၊ ပုဂ္ဂိုလ်ကြွလာသလိုလို ပုံစံနှင့် ခပ်မာမာပြောနေပြန်တော့၏။

တစ်ဦးက ခြိမ်းခြောက်လိုက်၊ ငွေတောင်းလိုက် -

တစ်ဦးက ထိုငွေကို မပေးဘဲမနေရဲအောင်၊ ကြောက်လန့်ပြီးထွက်လာအောင်၊ ကြောက်ပြီးပေးအောင် တစ်ဖက်လှည့် ခြိမ်းခြောက်လိုက်နှင့် ထိုနေရာတွင် ကျွန်ုပ်သာမဟုတ်ပါက လန့်ဖျပ်ပြီး ပေးကြတော့မှာ သေချာ၏။

ကျွန်ုပ်စိတ်မကောင်းသည်မှာ သိဒ္ဓိရှင်ကဒ္ဓိရှင်ကြီးများက လူတစ်ယောက်ကို (၇)ရက်သားသမီးကို ငွေမရရင် သေပစေဟု ပြောသည်ဆိုသော ထိုပုဂ္ဂိုလ်တို့၏စကားများကို ဖြစ်၏။

အတိတ်ဆက်၊ ပဋ္ဌာန်းဆက်ရှိကြသူများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ကယ်ဆယ်နေကြသော၊ သတ္တဝါများကိုကယ်နေကြသည့် ထွက်ရပ်ပေါက် သခင်ကျေးဇူးရှင်များကို ပြောလိုက်သည်မှာ တော်ရုံလူများကြားလျှင် သိဒ္ဓိရှင် ဆရာတော်ဘုရားကြီးများကို ငွေမက်သည်ဟု ထင်သွားတော့မှာ သေချာ၏။

www.burmeseclassic.com

…အရှင်သူမြတ်များကို ငွေစကား …ည်ဟု ကြားခဲ့ပြောသော ပုဂ္ဂိုလ် … ကျွန်ုပ်အလွန်အံ့သြနေမိ၏။ ငွေ …ရင် ဒီကောင်သေပစေ။ ဒီကောင့် …သုံမပေးနဲ့လို့ ပြောနေတယ်၊ အမိန့် …တယ်'ဟူသော စကားမှာ ထွက်ရပ် … သိဒ္ဓိရှင်ကြီးများအား ကြားရသူ … အထင်မသေးသေးအောင် ပြော …ည်နှင့်တူ၏။ ဘာသာမတူသူများ၊ …နာရီလမ်းစဉ်ကို ကျင့်ကြံအား …လိုသူများသာကြားပါက မည်သို့ရှိ …နည်း။

ကျွန်ုပ်၏ ခြံမှာ အင်းမြှုပ်ထား …ဟုဆိုရာ၌ မြေတစ်ကွက်လုံး သမံ …ခင်းထားသည်ဖြစ်သောကြောင့် …နေရာမှာများ မြှုပ်ထားပါလိမ့်ဟု …ဆန်ဆန် တွေးနေမိ၏။

ကျွန်ုပ်နှင့်အတူ ကာဝေမကြီးပါ …ည်ဟုလည်း ပြော၏။

အမှန်က ထိုပုဂ္ဂိုလ်ပြောသလို …သာ ပါလာလျှင် အလွန်ကောင်း … ကျွန်ုပ်၏အစောင့်အဖြစ် ကာဝေမ …ပါနေသည်ကိုက ကျွန်ုပ်အတွက် …ယ်ကင်းပါပေ့ဟု ဟာသဆန်ဆန် …နေမိ၏။

ကျွန်ုပ်သည် -

ထိုပုဂ္ဂိုလ်များ ရိုးရိုးတောင်းလျှင် …သိန်းမက နှစ်သိန်း၊ သုံးသိန်းပါ ပေး …ခန်မလေးပါ။ ထိုသို့ ခြိမ်းခြောက် …ပြီး ထွက်ရပ်ပေါက်ဆရာတော် …နှင့် သွေးခွဲသူတို့အား မပေးချင် …

ထို့ကြောင့် -

ခပ်ပေါ့လျှော့လျှော့အသံနှင့် ငွေကိုသာ …င်တောင်းပြီး ခြိမ်းခြောက်နေကြ …ကိုကြည့်၍ ထွက်ရပ်ပေါက်ဆရာ …ရားကြီးများကို အားနာနေမိ၏။ …လေးလည်းစိတ်ပျက်သွားမိ၏။

ထိုပုဂ္ဂိုလ်တို့သည် ကျွန်ုပ်အား ဝေ့ …ကြည့်လိုက်၊ ဟိုကြည့်ဒီကြည့်လိုက် … ဘိုးဘိုးအောင်သိလား၊ ဘိုးမင်း …ကြားဖူးလား၊ ဘိုးပေါက်ဆိန်ကော …လား၊ ယက္ကန်းစင်တောင်ဆရာ …ဆိုတာကော ကြားဖူးလားဟု လူ …မေးကြ၏။ ကျွန်ုပ်က ကြားဖူး …ည်ဟု ခေါင်းညိတ်ပြီး ပြန်ဖြေ၏။

ကျွန်ုပ်၏ အကြောင်းကို သိထား …တ်ဆွေက လွန်စွာ မြန်ဆန်လှ … ၍အဖြစ်အပျက် အပြုအမူအ …ဆိုများကို အံ့အားသင့်သွား၏။ …မထားသော စကားများဖြစ်ပြီး ကျွန်ုပ် မည်သူဆိုသည်ကိုပြောရန် တာစူလိုက်ချိန်တွင် ကျွန်ုပ်ကခေါင်းခါပြလိုက်၏။

ကျွန်ုပ်ကို သူတို့သိရန်မလိုအပ်ဟု စဉ်းစားလိုက်၏။

အာစရိယဆရာသခင် ကျေးဇူးတော်ရှင်ဖြစ်တော်မူသော -

(ကေလာသ)အရှင်အရိယဓမ္မသိဒ္ဓိ ဆရာတော်ဘုရားကြီးအား ချက်ချင်း သတိရသွားပြီး ချက်ချင်းအာရုံပြု၍ ရှိခိုးလိုက်၏။

ဘဘုန်းဘုရားသည် ကျွန်ုပ်ပညာများ စသင်ချိန် စတင်ပေးရန် ဖွင့်ပေးချိန်မှစ၍ (၇) ရက်သားသမီးတို့ထံမှ ငွေကြေးကို ခြိမ်းခြောက်မတောင်းရန်၊ ငွေမျက်နှာမကြည့်ရန်၊ မေတ္တာဖြင့်သာ ပြုလုပ်ပေးရမည်ဖြစ်ပြီး သတ်မှတ်မှုသာ ပြုလုပ်ထားရန်၊ ထိုသတ်မှတ်မှုထက် ပိုမယူရန် ဆုံးမခဲ့သော ဆရာသခင်ကျေးဇူးရှင် ဖြစ်၏။

ဤသို့ ကြုံတွေ့ချိန်တွင် ဘဘုန်းဘုရားကို ချက်ချင်း သတိတရ ရှိခိုးမိ၏။

သြော်- တပည့်ကို (၇) ရက်သားသမီးတွေရဲ့ မေတ္တာရအောင် ဆုံးမခဲ့ရှံ့မက ဘယ်နေရာသွားသွား ပရိသတ်ဝိုင်းဝိုင်းလည်ပြီး အောင်မြင်နေရတာ ဘဘုန်းဘုရားရဲ့ကျေးဇူးကြောင့်ပါလား-

ဟု တွေးရင်း ဘဘုန်းဘုရား သာသနာပြုနေရာ ကျွန်းကလေးတောင် အရိယဓမ္မစခန်းသို့အာရုံပြုပြီး အကြိမ်ကြိမ် ရှိခိုးနေလိုက်၏။

ရိုးရိုးသားသားငွေတောင်းချင်လျှင် တောင်း၍ရပါသည်။

ဘယ်လောက်တောင်းတောင်းရနိုင်ပါသည်။

အကြောင်းတစ်ခုကို မူတည်ရာကြံပြီး 'ဝိဇ္ဇာတွေက ပြောနေတယ်။ တစ်သိန်းမရရင် သေပစေ။ ဒီကောင့်ကို လုပ်မပေးနဲ့။ မင်းတို့လက်ထဲ တစ်သိန်းရမှ လုပ်ပေးရမယ်' ဟူသော စကားများမှာ ထွက်ရပ်ပေါက် ဆရာတော်ကြီးများ၊ ဝိဇ္ဇာများနှင့်ကင်းကွာသူ၊ အလုမ်းဝေးသူ၊ ဗဟုသုတနည်းပါးသူမျိုးတွေသာဆိုလျှင် ဝိဇ္ဇာကြီးများကို ငွေစကားပြောသည်ဟု ထင်သွားပေရှောမည်။ (၇) ရက်သားသမီးများကို အမျိုးမျိုးနည်းနှင့် ကယ်မနေကြသော အရိယာဝိဇ္ဇာကြီးများသည် လူကိုမကြည့်ဘဲ ငွေစကားပြောပါလားဟု အထင်တွေလွဲကြပေရှောမည်။

မပြောကောင်းမပြောအပ်မပြောသင့်သော လူပြိန်းစကားများသာ ဖြစ်၏။

ကျွန်ုပ်က မည်သို့မျှ မခံစားရပါ။

သြော် - သူတို့ပြောချင်ရာပြောတာပဲလေ၊ သူတို့အလုပ်သူတို့လုပ်တာပဲဟုတွေးရင်း အသိမိတ်ဆွေကို လက်ကုတ်၍ ပြန်လာခဲ့ကြတော့၏။

အသံကြားလျှင် သွားရောက်လေ့လာချင်လွန်းလှသော ကျွန်ုပ်၏ အပြစ်သာလျှင် ဖြစ်၏။ မည်သူ့ကိုမျှ အပြစ် မမြင်ပါ။

ဤသို့အဖြစ်မျိုးတွေ များစွာရှိခဲ့ပါသည်။

ရှိနေကြပါသေးသည်။

BURMESE CLASSIC .com

ရွှေမှာထိုင်လိုက်သည်နှင့် -

'အင်း- မင်းတို့မိသားစုထဲက တစ်ယောက်ယောက်ထွက်လိမ့်မယ်။ မထွက်ချင်ရင် ငါသွားပြီးသာသနာပြုမယ့်နေရာမှာ ရေတွင်းတူးဖို့ လှူလိုက်' ဟု ဆိုသူတွေ -

"မင်းတို့မိသားစုကို တောင်စဉ်ခုနစ်ထပ်နဲ့ တိုက်ထားတယ်။ အဲဒီအတွက် ငါသွားပြီးအလုပ်လုပ်ပေးရမယ်။ ဟိုးတောကြီးမျက်မည်းထဲမှာ မီးလွတ်အခိဋ္ဌာန်ဝင်ပြီး လုပ်ပေးရမှာ။ ဒါမှ မင်းတို့မိသားစုလွတ်မှာ။ ဒီတော့ ငါသွားတဲ့နောက်ကိုလိုက်ချင်တဲ့သူရှိရင် လက်တွေ့လိုက်ကြည့်။ ငါဘယ်လိုကျင့်ရတယ် ဆိုတာ။ နှစ်ရက်နဲ့တစ်ည ခပ်ပြင်းပြင်းလျှောက်ရတယ်။ လျှိုကြီးတွေထဲမှာ အဆိပ်ပြင်းတဲ့ မြွေတွေလည်း အားကြီးပဲ။ ဒါပေမယ့် မွဲတစ်ပေါက်မှ မစွန်းစေရဘူး။ ငါတာဝန်ယူတယ်"

ဟု ပြောလိုက်သည်နှင့် မည်သူမျှ လိုက်ရဲမည်မဟုတ်တော့။ တောင်းသလောက်ကိုသာ ကြံဖန်ရှာဖွေပေးလိုက်မည်သာ ဖြစ်၏။

ဤသို့ကြောက်တတ်သူများကြောင့် ဘိုးတော်တဘိုးတော်ယောင်များ ရှိနေခြင်းပင် ဖြစ်၏။

ကျွန်ုပ်နှင့် အတော်လေးခင်ခဲ့ဖူးသော သူငယ်ချင်းတစ်ယောက်ကို ရန်ကုန်မြို့ရှိ နေရာတစ်နေရာတွင် အမှတ်မထင် သွားတွေ့ဖူး၏။ သူက သူ့အလုပ်သူလုပ်နေပြီး အစွမ်းများပြနေသောကြောင့် ပရိသတ်နှစ်ဆယ်ခန့်မှာ အုတ်အော်သောင်းတင်းဖြစ်နေကြ၏။ ကျွန်ုပ်ပင်လျှင် ငါ့သူငယ်ချင်း တယ်စွမ်းလှသကိုးဟု ရိုန်သွား၏။

စိတ်ထဲတွင်ရှိသည်များကို ပြောနိုင်သည်နှင့် လူသည် အလိုလိုရှိန်သွားမည် ဖြစ်၏။

နှစ်ကြိမ်၊ သုံးကြိမ်ခန့် သူ့အိမ်သွား



www.burmeseclassic.com

www.burmeseclassic.com

သည့်အခါ သူလုပ်ရပ်များကိုသူ တစ်စွန်းတစ်စပြောပြတော့၏။ သူသည် မျက်လှည့်ပညာကို သင်ခဲ့သူလည်း ဖြစ်၏။ လူယုံများလည်း မွေးထား၏။ ရပ်ကွက်တိုင်းလိုလိုမှာ သူ့လူယုံများရှိနေပြီး ထိုလူယုံများက သူ့အကြောင်းကို ဖြန့်ကာ စိတ်ဝင်စားသည်နှင့် သူ့ဆီခေါ်လာတော့၏။ သူက ထိုသူများအကြောင်းကို သိနေပြီဖြစ်၍ ကျန်သောအပိုင်းမှာ သူ့အပိုင်းပင်ဖြစ်တော့၏။

သူကိုယ်တိုင်ကြုံခဲ့ခံခဲ့ရသောလိမ်နည်းများကိုလည်း ပြောပြ၏။

"ကဲ- ပန်းသီးရယ်၊ ငှက်ပျောသီးရယ်၊ လိမ္မော်သီးရယ် (၃) မျိုးထဲက မင်းကြိုက်တဲ့အသီးကိုပြော"

ဟု မေးလိုက်ပြီး -

"ပန်းသီး"

ဟု ဖြေလိုက်သည်နှင့် -

"မင်းပန်းသီးကြိုက်တာ ငါသိပြီးသား။ ဟောဒီမှာ"

ဟု စာရွက်တစ်ရွက်ပြ၏။ စာရွက်မှာ ပန်းသီးဟု ရေးထား၏။

ထို့အတူ 'လိမ္မော်သီး'ဟု ဆိုလိုက်လျှင် လိမ္မော်သီးနှင့်ဆိုင်သော စာရွက်ကို ထုတ်ပြ၏။

ရိုးသားလွန်းသူများ မည်မျှတုန်လှုပ်သွားမည်ကို စဉ်စားကြည့်ပါလေ။

ချဉ်းကပ်ပေါင်းကြည့်ခဲ့သည့်အခါ ပန်းသီးစာရွက်က ညာဘက်တိုက်ပုံအိတ်ထဲထည့်ထား။ လိမ္မော်သီးက ဘယ်ဘက်အင်္ကျီအိတ်ထဲထည့်ထား။ ငှက်ပျောသီးက ညာဘက်တိုက်ပုံအတွင်းဘက်အိတ်မှာထည့်ထားပြီး စာရွက်(၃)ရွက်အမှတ်အသားပြုထား၍ ပြပုံပင် ဖြစ်တော့၏။ မည်သူကမျှ အဘတိုက်ပုံထဲ ရှာကြည့်မည်ဟု ပြောမည်မဟုတ်။ ထိုအဆင့်ထိ လက်တွေ့တွေးမည်လည်းမဟုတ်။

'မင်းအိမ်ကို သန်းခေါင်ယံမှာ ငါကိုယ်တိုင်တိုက်လာရှင်းမယ်။ မင်းမှာ သမာဓိရှိရင် မြင်အောင် စောင့်ကြည့်ကွာ'

ဟုဆိုလိုက်သည်နှင့် အဟုတ်ထင်ပြီး သွားများဖြီးကာ အဓိပ္ပာယ်မရှိ အထင်ကြီးနေတတ်တော့၏။

မမြင်လျှင်၊ မတွေ့လိုက်လျှင် သမာဓိမရှိသူအဖြစ်သို့ ရောက်သွားမည်သာ ဖြစ်၏။

ထိုလူမျိုးကြုံဖူး၍ နောက်နေ့တွင်-

'ဘကြီး ညသန်းခေါင်လာမယ်ဆိုလို့ ကျွန်တော် မအိပ်ဘဲ စောင့်နေတာ ဘာမှလဲမတွေ့ရဘူး'

ဟု ပြောလိုက်မိသောကြောင့် -

'မင်းလိုကောင်က ငါလိုပုဂ္ဂိုလ်ကို မြင်နိုင်စွမ်းမတဲ့လား'

ဟူသော အဖြေသာ ပြန်ကြားခဲ့ရဖူး၏။

ထိုအဘိုးကြီးသည် အသက် (၇၀) ကျော် (၈၀) နားနီးမှ အသက်အစိတ်အရွယ်လေးနှင့် အကြောင်းပါသွားပြီဖြစ်၏။

မည်သည့်လိမ်နည်းမဆို လိမ်တော့မည်ဆိုလျှင် ပုဂ္ဂိုလ်ပိုင်းမပါသင့်ပါ။

'အေး- ဒုက္ခရောက်ပြီမို့လား။ နင်တို့ ဒါလောက်မေ့နေမှတော့ နတ်ကကိုင်ပြီပေါ့။ ဘယ်နတ်'

ဟုဆိုလိုက်သည်နှင့် သူနာမည်တပ်လိုက်သော ထိုနတ်ကို လူကမုန်းသွားနိုင်၏။

'ဘယ်ပုဂ္ဂိုလ်က ပြောနေတယ်၊ နတ်ပွဲပေးရမယ်လို့။ မပေးရင်တော့ သိတယ်မို့လား'

ဟူသော စကားသည် နေရင်းထိုင်ရင်း လူနှင့် နတ်ကို သွေးခွဲလိုက်ခြင်းသာ ဖြစ်၏။

နတ်က သူ့ဟာသူနေပါသည်။

ဘယ်နတ်မှ လူလိုမပြောပါ။

လူသာ လုပ်ကြံဖန်တီး ပူးပြောနေခြင်းသာ ဖြစ်ပါသည်။

ပူးပြန်လျှင်လည်း လူပူးတွေချည်း တွေ့နေရပါသည်။

ပါးစပ်က ထင်ရာပြောနေကြခြင်းသာ ဖြစ်ပါသည်။

လူတွေမဟုတ်တာ ပြောလွန်း၍ သူ့ဟာသူနေသော နတ်ဒေဝါများကို လူများသာ အကြောင်းမဲ့ အထင်သေးနေကြခြင်းသာ ဖြစ်ပါသည်။

ထင်ရှား ကျော်ကြားလှသော သာသနာပြု ဆရာတော်ဘုရားကြီးများ မေတ္တာပို့သကြသည့်အခါ နတ်အပေါင်းပါလေ့ရှိပါသည်။ မေတ္တာပို့လေ့ရှိပါသည်။

လူတွေပါးစပ်မှာသာ အမျိုးမျိုးဖြစ်နေကြသောကြောင့် နတ်အထင်သေးခံနေရခြင်း ဖြစ်ပါသည်။ ဆက်တဲ့ပဝါပင်လျှင် ဘာရောင်၊ ဘာရောင်ဟု ချဲ့ထွင်နေသည်မှာ လူပင်ဖြစ်ပါသည်။ သူတို့အား လူသားပကတိလာပြောနေသည့်နှယ် အမျိုးမျိုးပြောနေကြသည်မှာ စိတ်မကောင်းစရာပါပေ။

ထို့အတူပင် -

လူလူချင်းမုန်းအောင် ဖန်တီးနေကြသူများမှာလည်း သူတို့ပင်ဖြစ်၏။ လူပင် ဖြစ်၏။

ရပ်ကွက်ထဲတွင်ပင် အကော
သားနေရင်းမှ ဘေးအိမ်၊ ရှေ့အိမ်၊ ခေါ
ရင်းအိမ်၊ ခြေရင်းအိမ် မခေါ်နိုင်မပြေ
နိုင်ဖြစ်ကုန်ကြရသည့်မှာလည်း ထို
သပ်လျှိုသွေးခွဲတတ်သော အတု
ယောင်များကြောင့်ပင် ဖြစ်၏။

ရက်ကွက်တွင်း နေထိုင်ကြသ
မှာ ဆွေရင်းမျိုးချာထက်ပင် ချစ်ကြ
သည်။ အကြောင်းကြီးငယ်ရှိလျှင် တ
ဦးနှင့်တစ်ဦး စောင့်ရှောက်ကြခြင်း၊ ကူ
ကြခြင်းမှာ မြန်မာလူမျိုးတို့၏ အလ
ချစ်စရာကောင်းလှသော၊ ကြည်နူးစ
ကောင်းလှသော၊ သိမ်မွေ့လှသည့် 
ကျေးမှုဓလေ့လေးပင် ဖြစ်၏။ အလွ
စင်လှသော စိတ်ဓာတ်ပိုင်ရှင်များပင်
၏။ ထိုသို့ ဖြူစင်စွာ ချစ်ကြခင်ကြသေ
ရပ်ဆွေရပ်မျိုးများကို မခေါ်နိုင်မပြေ
နိုင်ဖြစ်သွားအောင်၊ ရန်လိုသွားအော
သွေးခွဲသွေးထိုးကြသူတို့မှာ အလွန်
မာကြသော အတုအယောင်များပင် 
၏။

'ဟိုဘက်အိမ်ကလုပ်ထားတာ

ဟုဆိုလိုက်သည်နှင့် အကော
သား နေရင်းကနေ တစ်ဖက်အိ
မခေါ်နိုင်မပြောနိုင် ဖြစ်ကုန်တော
အကြောင်းပြချက်လည်း ဘာမှမရှိ

လက်တွေ့ပြစရာ၊ သက်သေ
စရာလည်း ဘာမှမရှိ။ အခြေအမြစ်
လျှာအရိုးမရှိတိုင်း လျှောက်ပြော
သည့် စကားဆိုးများသာ ဖြစ်၏။

တစ်ခါက ကျွန်ုပ်၏ မိခင်
ဟိုအိမ်ကလုပ်ထားသည်ဟုဆိုပြီး 
တစ်အိမ်ကို လက်ညှိုးညွှန်ပြ၏။ 
သောအိမ်မှ အိမ်ရှင်သည် အလွ
ဘုရား၊ တရားကြည်ညိုပြီး နံနက်အ
တက်ကြွလာသော သံဃာတော် 
သူမြတ်များကို အမြဲလိုလို ဆွမ်းေ
သူ ဖြစ်၏။

ကျွန်ုပ်က -

"ဘယ်လိုတိုက်တာလဲ၊ 
တိုက်တာလဲ။ အင်းဆိုရင်လည်း 
အင်းကို အခုလက်တွေ့ယူပြပါ။ 
ထားတယ်ဆိုရင် အဲဒီနေရာကို 
တော်တူးမယ်။ ငါးပေလောက်
အောင်တူးမယ်။ ဒါမှမဟုတ် အရိုး
နဲ့ တိုက်ထားရင်လည်း နေရာပြ။ 
တော်တူးမယ်"

ဟု ပြောသောအခါ ယောဂီ
ပုဂ္ဂိုလ်သည် ကျွန်ုပ်အား -

"မင်းတို့ကောင်တွေကြော



www.burmeseclassic.com

www.burmeseclassic.com

အတိုက်ခံရတာကွ။ တိုက်မှတော့
တတ်တဲ့လူက ဟိုကလှမ်းလုပ်ရုံနဲ့
ပြောင်းဆန်နေပြီသာမှတ်"

ဟု ပြောတော့၏။ စကားရှုး
၏ လက်တွေ့ဘာမှပြစရာမရှိ။

"ဘယ်လိုထိတာလဲ။ ထိပုံထိနည်း
ပြီး ခံစားချက်"

ဟု မေးသောအခါ စိတ်ဆိုးပြီး
ကို စကားမပြောတော့။

ထိုသို့ ဘာနဲ့တိုက်ထားတယ်၊ ညာ
ထားတယ်ဟူသောစကားကိုကြား
လျှင် အလွန်မှ မရယ်ရသော ပြက်လုံး
ခုကိုကြားရဘိသကဲ့သို့ စိတ်ပျက်
ပါသည်။

သွေးခွဲခြင်းကို ကျေနပ်စွာခံယူနေ
များကလည်း မစဉ်းစားတော့၊
တော့ ရမ်းသန်းယုံတော့၏။
ကိုယ်လမ်းလျှောက်၍ ခလုတ်
လျှင်ပင် တွေ့လား၊ တိုက်ထားမှ
ဖြစ်ပြီပေါ့ဟု ဆိုတတ်၏။ ကိုယ်
ကိုယ် အိပ်မပျော်၍ ခေါင်းနောက်
သည်း ဒါလောက်တိုက်ထားမှတော့
ပြီပေါ့ဟု လုပ်ကြပြန်၏။ မိသား
တွင်း စိတ်အခန့်မသင့်၍ စကား
မ်ဖြစ်လျှင် အင်းအတိုက်တွေက
ပြင်းထန်ပါ့ဟုလုပ်ပြန်၏။

ထိုသို့ ချစ်ကြခင်ကြသူချင်းကို
ကြောင်းမဲ့ သပ်လျှိုသွေးခွဲစကားဆို
များမှာ အလွန်စက်ဆုပ်ရွံရှာဖွယ်
ဖြစ်၏။

လက်တွေ့မရှိသော ကိစ္စဖြစ်၍
အနှိုမရှိတိုင်းလျှောက်ပြောရန်လွယ်
လှ၏။

ကျွန်ုပ်အား မည်သူက မည်သို့
ထားသည်ဟု လာပြောသူတိုင်း
-

"ကျွန်တော်က အဲဒါမျိုးဆို အယုံ
ကြည်ကိုမရှိဘူး။ ပြ လက်တွေ့။ လက်
လုံးဝဘာမှမပြနိုင်ဘဲ ဟိုခြံထောင့်
တို့ ဒီမြေကြီးထဲမှာပါတို့ မလုပ်နဲ့။
ဖော်နိုင်တဲ့ အိမ်အောက်တည့်
လက်ညှိုးထိုးပြတာမျိုး လာမလုပ်
မြေကြီးထဲတို့ဘာတို့မှာ မြှုပ်ထားတဲ့
ကို သိနေရင် မြေပေါ်မှာရှိတဲ့ မြင်
ကို ခင်ဗျားပိုသိမှာပေါ့။ သိရင် ကျွန်
အကျီအိတ်ထဲမှာ ပိုက်ဆံဘယ်
တ်ပါလဲ။ ဘယ်လောက်တန်က
နှရွက်လဲ မှန်အောင်ပြော။ မမှန်
ပြောနိုင်ရင် အပိုတွေလာမပြောနဲ့။
အယုံအကြည်မရှိဘူး"

ဟု ပြန်ပြောလိုက်သည်သာ များ
၏။

ထိုသူတို့သည် ယောင်ချာချာနှင့်
စကားများလွဲကာ ပြန်သွားရသည်သာ
များ၏။

ထိုသို့ ပေါကြောင်ကြောင်စကား
များကို ယုံကြည်ကြသူများ များပြားလာ
လျှင် မကောင်းပါ။ စိတ်ဓာတ်ချောက်
ချားပျက်ပြားတတ်ပါသည်။

သူတို့သည် အလံရှူးများမွေးထား
ပြီး ရိုက်စားလုပ်နေကြသူများသာ ဖြစ်
၏။ ဘာမှ ယုံနိုင်စရာအကြောင်းမရှိ။
သူများကာမပိုင် လင်ရှိမယားကိုပင်
မရှောင်သာသူများဖြစ်၏။

ပူးလာပြီဆိုလျှင် ပိုဆိုးပါသည်။

ကျွန်ုပ်သည် ငယ်စဉ်က ကျွန်ုပ်၏
ရှေ့တွင်ပူးလျှင် အတင်းချုပ်၍ မျက်လုံး
ထဲသို့ ငရုတ်သီးဖျော်ထည့်တတ်၏။

ပူးသူမှာ လူသာမန်မဟုတ်တော့
ဟု ဆိုလျှင် ခံနိုင်ရမည်ဆိုပြီး ရေနွေး
ဓာတ်ဘူးထဲမှ ရေနွေးကို ပန်းကန်လုံး
ထဲထည့်၍ ပူးနေသူ၏ ကုပ်ပိုးထဲ
လောင်းထည့်ဖူး၏။ အမလေး - ပူလိုက်
တာဟု အထိတ်တလန့် ထအော်ပြီး
ထွန့်ထွန့်လူးသွား၏။ သူ့အား ပူးနေသည်
ဆိုသည်မှာ ဘယ်ရောက်သွားမှန်းပင်
မသိပါချေ။

တစ်ခါတစ်ရံ ပင်အပ်နှင့်ထိုးကြည့်
၏။ အား-စူးလိုက်တာဟု တွန့်သွားပြီး
ပူးနေခြင်းများ ဘယ်ရောက်သွားသည်
မသိ။

တစ်ခါက တော်တော်လေး အပူး
ကြမ်းလှသော လူတစ်ယောက်နှင့် ဆုံဖူး
ပါသည်။ သူငယ်ချင်း ကိုမျိုးမြင့်လည်း
ပါ၏။ ထိုသူက ငါက ဘယ်သူ့ကို ဘယ်
လိုရိုက်လိုက်တာ ဘာဖြစ်သွားတယ် ဟူ
သော စကားကို ကျွန်ုပ်တို့ရှေ့တွင် ပူးရင်း
ပြောနေ၏။

ဘေးမှ သူ့ကိုယုံကြသူများက -

"သူက ပူလာရင် မလွယ်ဘူး။
ကလေး သူပြောရင် အလိုက်အထိုက်
ပြောနော်"

ဟု ကျွန်ုပ်ကို လာညို၏။

ကျွန်ုပ်က -

"ကျွန်တော်က ကရာတေးသင်
တန်းတွေဖွင့်နေတဲ့ ကရာတေးဆရာဗျ။
သူလာလုပ်ကြည့်ပါလား။ အဲဒီလူ ဒီနား
တင် ထိုင်ရာမထ သွေးပါ ဗွက်ခနဲအန်
သွားစေရမယ်။ သတ္တိရှိရင် လာထိပစေ။
ခင်ဗျားတို့ကို လက်တွေ့လုပ်ပြမယ်။
ကြည့်နေ"

ဟု ခပ်ကျယ်ကျယ်ပြောလိုက်၏။

ပူးနေသူသည် ကျွန်ုပ်နှင့် ခြောက်
ပေခန့်သာ ကွာ၏။ ကျွန်ုပ်က ခပ်ကျယ်
ကျယ်ပြောလိုက်သည်ကို ကြားသွားလား
မသိ။ လှည့်ပင်မကြည့်တော့။ နောက်
ပိုင်း ကျွန်ုပ်ရှိလျှင် လုပ်လိုက်မယ်တို့၊ ထိုး
လိုက်မယ်တို့ဆိုသောစကားများ မကြား
ရတော့။ ကျွန်ုပ်ကို မြင်လျှင် ဖော်ရွေစွာ
နှင့် ဧည့်ခံတော့၏။

တွေ့နေရသည်မှာ လူပူးများသာ
များ၏။ ကျွန်ုပ်၏ရှေ့တွင် တကယ်ပူး
ပါသည်ဆိုလျှင် ကျွန်ုပ်က ဓာတ်ဘူးထဲမှ
ရေနွေးနှင့်လောင်းမည်သာ ဖြစ်၏။
အလျှော့ပေးမည်တော့ မဟုတ်။ လူလိမ်
များကို စိတ်ပျက်လွန်း၍ဖြစ်ပါသည်။

ထိုသူလိမ်များအကြောင်းကို 'မျက်
ဖြူဆိုက်ခြင်းကင်းပါစေ' ဟူသောဆောင်း
ပါများ (၁၀) ပုဒ်မက ရေးသားဖွင့်ဆို
ပြခဲ့ပြီးပြီလည်း ဖြစ်၏။ လိမ်သူများလိမ်
နေဆဲပင် ဖြစ်၏။ အလိမ်ခံနေရသူများ
သည်လည်း ကျေနပ်စွာ အလိမ်ခံနေ
ဆဲပင် ဖြစ်၏။

လိမ်ရုံမက ခင်မင်နေကြသူ
အချင်းချင်းကို စိတ်ဝမ်းမကွဲကွဲအောင်၊
မခေါ်နိုင်မပြောနိုင်အောင်လုပ်ကြခြင်း
မှာ အတော်ပင် စက်ဆုပ်ရွံရှာဖွယ်ဖြစ်
သောကြောင့် လွန်ခဲ့သော နှစ်ပေါင်းများ
စွာက ရေးသားခဲ့ပြီး စက်မတင်ခဲ့ရသေး
သော ဆောင်းပါးနှင့် အစပျိုးလိုက်ရခြင်း
ဖြစ်ပါသည်။ မည်မျှစိတ်ဝမ်းကွဲအောင်
ခွဲကြသောလူစားများ ဖြစ်ကြသည်ကို
ဖတ်ရှုပြီး သတိပြုကြပါလေ။ ချစ်ခြင်းမှ
မုန်းခြင်းကို အကြောင်းမဲ့ဖြစ်စေသူများ
ဖြစ်၍ ထိုသို့ သွေးခွဲသူများဘေးမှ ကင်း
ဝေးကြစေရန် မေတ္တာဖြင့် ဤဆောင်း
ပါး ဖြစ်ပေါ်လာခဲ့ရခြင်း ဖြစ်ပါသည်။

မည်သည့်ကိစ္စကိုမျှ အကြောင်းမဲ့
ယုံပြီး တစ်ဖက်သားအပေါ် အမြင်
မစောင်းဖို့လိုပါသည်။

ချစ်ခင်ခြင်းသည် ကောင်းခြင်းဖြစ်
၍ မုန်းခြင်းသည် မကောင်းခြင်း ဖြစ်ပါ
သည်။

ကောင်းခြင်းများသာ မင်္ဂလာရှိပါ
သည်။

ထို့ကြောင့် -

အဓိပ္ပာယ်ကင်းမဲ့လှသော သွေးခွဲ
ဟောကိန်းများကို ဟောတတ်သည့်
ငှက်ဆိုးများဘေးမှ ကင်းဝေးကြပါစေဟု
မေတ္တာစကားဆိုရင်း။

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)



www.burmeseclassic.com

www.burmeseclassic.com

အောင်သန်းချစ်

# ပဟေဠိကိုအဖြေထုတ်ပေးခဲ့တဲ့ အဘဘိုးမင်းခေါင်

ဦးချစ်လှိုင် (ကိုကိုမောင်ကြီး) မန္တလေးမှာ နေထိုင်စဉ် ၁၉၈၉ ခုနှစ်တုန်းက နံနက်တိုင်း တရုတ်တန်းကနေ ကျုံးနံဘေး လမ်းလျှောက်ရင်း လက်ရွေးစင်လက်ဖက်ရည် သောက်လေ့ရှိခဲ့တယ်။ တစ်ခါတစ်ရံမှာ နှင်းဆီခြံက ခေါင်ပရမေဓာတ်နန်းရှိတဲ့ ကျွန်တော့်အိမ်ကို ဝင်လာလေ့ရှိတယ်။

တစ်နေ့မှာတော့ အဘဘိုးမင်းခေါင် နာမ်ကိန်းနေခိုက်မှာ ဦးချစ်လှိုင်က ကျွန်တော့်အိမ်ဝရှိ လူခေါ် ခေါင်းလောင်းနှိပ်ရင်း ရပ်စောင့်နေတယ်။ ကျွန်တော်လည်း တံခါးပြေးဖွင့်ပေးရင်း -

"လာ လာ - ဆရာဦးချစ်လှိုင်၊ အဘကြွနေတယ်"

ဦးချစ်လှိုင်က -

"ဟန်ကျတာပဲ။ ကျွန်တော့်မှာလည်း မေးစရာလေးရှိနေတယ်"

အဘဘိုးမင်းခေါင်ရှေ့မှာထိုင်ပြီးတာနဲ့ ဦးချစ်လှိုင်က -

"ကျွန်တော်သိချင်တာလေးတစ်ခုရှိလို့ မေးခွင့်ပြုပါ"

အဘကလည်း -

"မေးပါ မောင်ချစ်လှိုင်"

"လူ့ပြည်ကကိစ္စတော့ မဟုတ်ပါဘူး။ နတ်ကို့သနင်း သိကြားမင်းနဲ့ ပတ်သက်ပါတယ်"

"ဩော် - မောင်ချစ်လှိုင်က သိကြားမင်းကိစ္စကို သိချင်နေတယ်ပေါ့"

"ဟုတ်ပါတယ်။ သိကြားမင်းကြီးက နတ်တို့သနင်းမို့ အချိန်ပြည့် တာဝန်တွေရှိတာ သိရပါတယ်။ အကယ်၍များ သိကြားမင်းမအားလပ်ရင် ဘယ်နတ်မင်းတွေကို တာဝန်ခွဲဝေပေးထားပါသလဲ"

"မင်းတို့လူသားတွေလို ဝန်ကြီးမအားရင် ဒုဝန်ကြီးက ဆောင်ရွက်ရမယ်ဆိုပြီး တာဝန်ခွဲဝေပေးထားတာမျိုး နတ်ပြည်မှာဘယ်ရှိပါ့မလဲ မောင်ချစ်လှိုင်"

"ဒါကြောင့် ကျွန်တော်သိချင်တာ အဲဒါနဲ့ ပတ်သက်နေပါတယ်။ လူ့ရွာ… ရွာပိုင်မြို့ပိုင်တွေလူတွေကို စိုးမိုးအုပ်… ချုပ်သလို သိကြားမင်းကလည်း ဒ… မဟာရာဇ်နတ်ပြည်နဲ့ တာဝတိံသာနတ်… ပြည်ကို စိုးမိုးအုပ်ချုပ်ရပြီး နတ်ရေးနတ်… ရာအပြင် လူ့ရေးလူ့ရာတွေကိုလည်း… သိကြားမင်းက ဂရုစိုက်ရသေးတယ်… ဆိုထားတယ်။ ပဏ္ဍုကမ္ဗလာ မြကျောက်… ဖျာ ပူပြင်းခက်မာလာရင် လူ့ပြည်က… ကိစ္စတွေကို သိကြားမင်းကိုယ်တိုင် … ရှင်းပေးရတယ် မဟုတ်ပါလား။ ဥ… ဗုဒ္ဓဂေါတမဘုရားအဖြစ်ရောက်ပြီး သ… လွန်းပင်ရင်းမှာ ဖလသမာပတ် ဝ… လို့ (၇) ရက်မြောက်တဲ့နေ့မှာ မျ… တော်သစ်ချင်တော့ သိကြားမင်း လ… ဆင်းပြီး ကြစုသီး၊ ကွမ်းရိုးဒန်ပူနဲ့ … တတ်ရေစတာတွေကို ဆက်ကပ်ရ… မဟုတ်ပါလား။ ဒီလောက် များမြေ… တဲ့တာဝန်တွေနဲ့ မအားမလပ်ဖြစ်နေ… သိကြားမင်းကြီးက မြန်မာတို့ရဲ့ နှ… ကူးသကြန်အခါသမယမှာ (၅) ရ… များတောင် လူ့ပြည်ကြွနေတယ်ဆို… နတ်ရေးနတ်ရာတွေကို ဘယ်… ဆောင်ရွက်မလဲ။ လူ့ပြည်မှာ ဒီလော… အကြာကြီး သိကြားမင်းရောက်နေ… ဆိုတာကတော့ ဖြစ်နိုင်ပါ့မလား"

"ဟုတ်တယ်လေ"

"ဒီလောက် မအားမလ…



ဆိုဗီယက်ယူနီယမ်ဝန်ကြီးချုပ် ခရုးရှော့(ဗ်)နှင့် မော်စကိုမှာ ဆွေးနွေးစဉ်ကာပုံ ဦးချစ်လှိုင် (ဝဲဘက်တတိယလူ)

www.burmeseclassic.com

ကြားမင်းက မြန်မာနိုင်ငံ နှစ်သစ်ကူး ကြိန်အခါရောက်တိုင်း (၅) ရက်ကြာ အောင် လူ့ပြည်မှာ ရောက်နေတယ် တပ်ပါလား။ အဲဒီ (၅) ရက်လုံးလုံး ကြားမင်းတာဝန်တွေ လစ်ဟင်းမနေ ဘူးလား။ ဒါမှမဟုတ် နတ်တစ်ပါး များ သိကြားမင်းအစား တာဝန်ယူ နေသလားလို့ တွေးနေမိခဲ့တယ်။ တော့ သိကြားမင်းကိုယ်စား ဘယ် မင်းကိုမှလည်း တာဝန်မယူခိုင်း ဆို တော့ နတ်ပြည်မှာ (၅) ရက်လုံး ဝန်ပျက်ကွက်နေတော့မှာပေါ့"

"အေးကွ၊ မောင်ချစ်လှိုင်တွေးတာ ပါဘူး။ နတ်ပြည်နဲ့ လူ့ပြည်အချိန် တာတော့ရှိတယ်။ ဒါ့အပြင် မင်းတို့ ကြိန်အခါသမယမှာ သိကြားမင်း လူ့ ကို ဘာစီးပြီးဘာတွေကိုင်ဆင်းလာ တိုင်းရေးပြည်ရာ ဘယ်လိုရှိမယ်၊ သရာသီဥတု ဘယ်လိုဖြစ်မယ်၊ နှုန်သွယ် ကျန်းမာရေးစတဲ့ ဘက် စုံကို တစ်နှစ်စာ ကြိုတင်ဟော ထုတ်နေတဲ့ သင်္ကြန်စာကိုလည်း သူလယ်သမားအများစုက အား ကြီးဝယ်ပြီး ဖတ်ကြရတယ် မဟုတ် တို့နိုင်ငံမှာ အများစုက တောင် ယ်သမားတွေမဟုတ်လား။သင်္ကြန် သူတို့က သိပ်အားထားကြတာ တဲ့ - ဒါဆို သိကြားမင်းကြီး လူ့ ကို (၅) ရက်ကြာ ဆင်းလာတာကို ချစ်လှိုင် လက်ခံတယ်ပေါ့"

"လက်ခံပါတယ်။ ဒါပေမယ့် နတ် မှာ တာဝန်တွေ (၅) ရက်ကြာကြာ ဟင်းနေလို့ဖြစ်ပါ့မလား"

"ကဲပါ၊ သေသေချာချာ နား မောင်ချစ်လှိုင်"

"ဟုတ်ကဲ့"

"တစ်ခါက ဘုရင်ကြီးတစ်ပါး တော်မူမယ့်ရက် ကြိုတင်ကြေညာ ယ်၊ ဒါကြောင့် ရွှေမြို့တော်သူ ရွှေ တော်သားအားလုံးကလည်း ဘုရင် ရားကြီး ကြွလာမယ့် လမ်းတစ် လျှောက်ကို ထုံးစံအတိုင်း သဲဖြူခင်း၊ ရာ တာ စတဲ့လုပ်ငန်းတွေလုပ်ခဲ့ကြတဲ့ အမှုတော်ထမ်းတွေကလည်း ကြီးလုံခြုံရေးအတွက် ခရီးစဉ်တစ် လုံးမှာ အစောင့်အရှောက်တွေ ကြရတယ်။ ဒါပေမယ့် ဘုရင်ကြီး တော်က ထွက်ခါနီး အဆင်သင့်ဖြစ် စီးတော်ဆင်ပေါ် တက်ခါနီးမှာ သီခေါင်တဲ့ နယ်စပ်မြို့လေးတစ် နယ်စားမင်း ရုတ်တရက် နန်းတော် ထဲဝင်လာပြီး ဘုရင်မင်းတရားကြီးကို အရေးတကြီး လာလျှောက်တယ်။

"အရှင်ဘုရား၊ ကျွန်တော်မျိုး ဒေသဆီ သူပုန်သူကန်တပ်တွေချီတက် လာနေပါပြီ။ ကျွန်တော်မျိုးရဲ့ အင်အား လေးနဲ့ မမျှတဲ့ သူပုန်တပ်ကြီးကို ခုခံတွန်း လှန်ဖို့ နေပြည်တော်က တပ်တွေနဲ့ ကူ ပေးပါ ဘုရား"

ဘုရင်ကြီးလည်း တစ်မိနစ် တောင် အချိန်ဆိုင်းမနေဘဲ ခေါင်း ဆောင်ကောင်းပီပီ -

"ကဲကဲ - ဆင်တော်ပေါ်မှာ တင်း ထိမ်တွေ လုံလုံခြုံခြုံကာ၊ ဘယ်သူမှ အထဲကိုမမြင်စေနဲ့။ ခြေနင်းနှစ်ဖက်ကို သာ တင်းထိမ်အပြင်မှာ ပြည်သူတွေမြင် အောင် ထုတ်ပြထားပြီး ရွှေနန်းတော် ကနေထုတ်ပြီး ထွက်တော်မူစေ။ ဒီ သတင်းပေါက်ကြားရင် သေဒဏ်"

ဆိုပြီး ဘုရင်ကြီးက နေပြည်တော် တပ်ကြီးကို ဦးစီးပြီး နယ်စားနဲ့အတူ အမြန်ဆုံး ခရီးပြင်းနှင်သွားတယ်။ ဒါ ကြောင့်လည်း သူပုန်တပ်ကြီးကို အချိန်မီ ချေမှုန်းနိုင်ခဲ့တယ်။

အဘဘိုးမင်းခေါင်က ခေတ္တ စကားဖြတ်ထားပြီးမှ -

"သိကြားမင်းကြီးလည်း အဲဒီ ဘုရင်ကြီးလိုပဲ တစ်ခုခုစီမံခဲ့တာပေါ့ မောင်ချစ်လှိုင်။ သဘောပေါက်တယ် မဟုတ်လား"

လူနဲ့ဝန်းကျင် အညမညသဘော တရားကျမ်းကို ပြုစုခဲ့တဲ့ မြန်မာ့ဆိုရှယ် လစ်လမ်းစဉ်ပါတီ ဗဟိုနိုင်ငံရေးသိပ္ပံ ကျောင်းအုပ်ဟောင်း သဘောတရား ရေးရာ စာရေးဆရာကြီးပီပီ ဦးချစ်လှိုင် က ခေါင်းတညိတ်ညိတ်နဲ့ သူမသိတဲ့ ပဟေဠိအဖြေကို ထုတ်ပေးလိုက်တာ ကြောင့် သဘောတွေ့နေပါတော့တယ်။

အဘနာမ်ကိန်းပြီးမှ ဦးချစ်လှိုင် ပြန်တာကြောင့် ကျွန်တော်လည်း ကျေး နံဘေးထိ လိုက်ပို့ခဲ့တယ်။ ဦးချစ်လှိုင်က ထူးထူးခြားခြား စကားတစ်ခွန်းကို ဆို သွားခဲ့တယ်။

"ခင်ဗျားကုလားလေးကို (၅) မိနစ် လောက် အဘဘိုးမင်းခေါင် မဟာမြိုင် ခေါ်သွားခဲ့တယ်ဆိုတုန်းက ကျွန်တော့် ကို ပြန်ပြောခဲ့တာ မှတ်မိသေလား"

"မှတ်မိပါတယ်။ သူ့ကို ပက်လက် အိပ်နေစေပြီး အသက်ပြန်မဝင်လာ မချင်း ဘယ်သူမှ မထိမတို့စေဘဲ မိုး ကောင်းဘုရားထဲမှာ သိပ်ထားပြီး အဘ ဘိုးမင်းခေါင်က မဟာမြိုင်ကို ခေါ်သွား ခဲ့တယ်ဆိုတာလေ။ ဒီလူ့ပြည်မှာ (၁၃) နာရီ ကျော်ကျော်လောက်တောင်ကြာ နေပေမယ့် သူကတော့ (၅)မိနစ်လောက် ပဲ မဟာမြိုင်မှာ အဘက လျှောက်ပြခဲ့ တယ်လေ"

ဦးချစ်လှိုင်က -

"အေးဗျ၊ ဒါက လူ့ပြည်နဲ့ မဟာ မြိုင်ရဲ့ အချိန်ကွာခြားချက်ပါ။ အဲဒီတုန်း က သူပြောပြခဲ့တဲ့ထဲမှာ ပန်းပွင့်ကြီးတွေ၊ ရေတသွင်သွင်စီးနေတဲ့ စမ်းချောင်းတွေ တွေ့သမျှ ပုဂ္ဂိုလ်တွေကလည်း လူမျိုး ပေါင်းစုံ၊ အခုခေတ် တပ်မတော်မှာ မဝတ်တော့တဲ့ လက်ရှည်နဲ့ ဘောင်းဘီ အပြင် ဖက်ထုတ်ဝတ်ထားတဲ့ အရာရှိ စစ်ဝတ်စုံနဲ့ပုဂ္ဂိုလ်တွေ၊ တွေ့သမျှပုဂ္ဂိုလ် တွေအားလုံး မိမိဘာသာ တရားကျင့်ကြံ အားထုတ်နေကြတာချည်း ဖြစ်တယ်ဆို တာတွေက သူ့လိုပဲ ပုဂ္ဂိုလ်တွေက နာမ် ကို ခေါ်သွားလို့ မဟာမြိုင် ရောက်ဖူး တယ်ဆိုတဲ့ နာမ်ကိန်းရှင်တွေ ပြောတာနဲ့ အတူတူပဲ ဖြစ်နေတယ်။ ဒီကုလားလေး နာမ်ကိန်းပြီး ပြောတာတွေ အသေအ ချာမှတ်ထား"

လို့ ကျွန်တော့်ကို သတိပေးပြော ခဲ့တဲ့အပြင် ဦးချစ်လှိုင်က ခေတ်သစ် အာကာသသိပ္ပံသုတနဲ့ ယှဉ်ပြီး-

"ကုလားလေး ဇက်ပိုးကိုဆွဲပြီး မိုး ကောင်းဘုရားထဲမှာ ပက်လက်လှန်ထား ခဲ့တဲ့ သူ့ခန္ဓာကိုယ်ထဲ ပြန်ထည့်ဖို့ ဘိုးမင်း ခေါင် ခပ်ကြာကြာ အချိန်ယူကြိုးစားခဲ့ ရတယ်ဆိုတာ မှတ်မိလား။ အဲဒါဟာ ကမ္ဘာ့အပြင်ဘက်မှာ ဂြိုဟ်တုတွေ လှည့် ပတ်ပြီး ကမ္ဘာပတ်လမ်းကြောင်းထဲ ဝင် ကြတဲ့အခါမှာ ကမ္ဘာလမ်းလည်ပတ်နှုန်း နဲ့ မတူရင် ဟင်းလင်းပြင်ထဲ လွင့်စဉ် ပျောက်ပျက်ကုန်ကြရတယ်။ ဒါကြောင့် ကမ္ဘာပတ်နှုန်းအတိုင်း လိုက်လျောညီ ထွေ ဝင်လာကြရတယ်။ အဲဒီလို ကမ္ဘာ ထဲအဝင်မှာ အခက်အခဲရှိနေသလိုပဲ ကုလားလေးခန္ဓာထဲ ပြန်သွင်းရာမှာ လည်း ကြုံခဲ့ရတာကို ပြောပြတာပါ"

ဦးချစ်လှိုင်လို ဒဿနိကဗေဒ ကော ခေတ်သစ်သိပ္ပံကိုပါ ထဲထဲဝင်ဝင် လေ့လာခဲ့တဲ့ သဘောတရားရေးရာ ဆရာကြီးတစ်ဦးရဲ့ ကောက်ချက်ကြောင့် အဘဘိုးမင်းခေါင် နာမ်ကိန်းနေစဉ် ပြောပြခဲ့သမျှတွေကို တတ်နိုင်သလောက် ကျွန်တော် စုဆောင်းထားခဲ့ပါတော့ တယ်။

အောင်သန်းချစ်



www.burmeseclassic.com

ဤလောက၌ 'အသက်တစ်ရာမနေရ အမှုတစ်ရာပွေရ၊ ဘယ်သူမပြုမိမိမှု၊ ကိုယ်ကောင်းရင် ခေါင်းဘယ်မရွှေ့' ဟူ၍ ပြောဆိုလေ့ရှိကြရာ ထိုစကားများမှာ မူခင်းတစ်ခုကို ကာယကံရှင်ကိုယ်တိုင် မကျူးလွန်ဘဲ ပြဿနာမပေါ်နိုင်ဟု ဆိုလိုဟန်ရှိ၏။ အမှန်တကယ်ဆိုလျှင်လည်း ဤလူ့ရွာတွင် အကြောင်းတရားကင်းမဲ့သော အကျိုးတရား ဟူသည် မရှိစကောင်းသော နိယာမတစ်ခုပါပေ။

သို့တစေ တစ်ခါတစ်ရံ၌ ထန်းသီးကြွေခိုက် ကျီးနင်းခိုက်ဆိုသလို ကာယကံရှင်ကိုယ်တိုင် မသိလိုက်သော ပြဿနာတစ်ခု ရုတ်တရက် အိမ်ပေါ်တက်လာတတ်သည်မျိုးရှိတတ်ရာ ထိုအခါမျိုးတွင် အဆိုး၊ အကောင်း ဟူသည် အကျိုးကြောင်းကြောင့် ဖြစ်ရသည် ဆိုသော နိယာမတရားသည် မှန်ကန်မှုရှိနိုင်ပါတော့မည်လား။

ယခု တင်ပြမည့် ဇနီးမောင်နှံမှာ ခေတ်ပညာတတ် ကုမ္ပဏီဝန်ထမ်းများဖြစ်ကြ၏။ သူတို့သည် ဤအမှုပါ သေသူ၏အကြောင်း ထဲထဲဝင်ဝင် မသိရှိကြသည့်အပြင် သေသူအား သတ်ပစ်စေနိုင်လောက်သောအကြောင်းနောက်ခံ (Motive) လည်း မည်မည်ရရ မရှိကြသူများ ဖြစ်၏။

သို့ပါလျက် သူတို့မှာ ကံဇာတ်ဆရာ သူလှည့်ဖြား၍ မမျှော်လင့်ဘဲ လူသတ်တရားခံများအဖြစ် အဖမ်းအဆီး အချုပ်အနှောင်ခံကြရ၏။ ထို့ထက်မှာမူ ဘဝတွင် ယောင်၍ပင် စိတ်ကူးမကြည့်ခဲ့ဘူးသော တရားခွင်ရှေ့ ဝက်ခြံထဲဝယ် အစစ်ဆေး အမေးအမြန်းခံခဲ့ရရှာ၏။ ထို့ထက်ထို့ထက်မှာမူ အိပ်မက်မျှပင် မမက်ဝံ့ခဲ့ဘူးသော အကျဉ်းထောင်တွင်းသို့ ရင်နာနာဖြင့် ဝင်ရောက်ခဲ့ကြရ၏။

လုပ်ငန်းခွင်၌ လည်းကောင်း၊ လူ့ပတ်ဝန်းကျင်၌ လည်းကောင်း အခါခပ်သိမ်း ဥပဒေစည်းမျဉ်းစည်းကမ်းနှင့်အညီ ပြောဆိုပြုမူ နေထိုင်ဆက်ဆံခဲ့ကြသော ဇနီးမောင်နှံတို့၏ ကံကြမ္မာအလှည့်အပြောင်းဝယ် ဂမ္ဘီရဆန်လှသော ရေစက်ဆိုးနှင့် ကြုံတွေ့ခဲ့ရပုံများမှာ -

■

"ဟ-ခင်မမပါလားဟေ့။ စောစောစီးစီး ဘာအကြောင်းထူးရှိလာပြန်တာလဲကွယ့်"

ကျွန်ုပ်သည် နိစ္စဓူဝ ဆောင်ရွက်နေကျအတိုင်း ထိုနေ့နံနက်တွင် လွတ်ရက်စေ့မြောက်သော အကျဉ်းသားများအား စိစစ်လွှတ်ပေးပြီးချိန်၌ ထောင်ဘူးရုံးခန်းတွင်းသို့ အလေးပြု၍ ဝင်လာသော ထောင်မှူး ဒေါ်ခင်မမအား လှမ်းမေးလိုက်ခြင်း ဖြစ်၏။

"ဆရာ့ကို တင်ပြစရာတစ်ခုရှိလို့ပါရှင့်"

ဒေါ်ခင်မမက လေသံအေးအေးဖြင့် ဖြေ၏။

"ဟုတ်လား၊ ဒါဆိုလည်း ထိုင်ပြီးပြောလေ ခင်မမ"

ကျွန်ုပ်က စားပွဲရှေ့ရှိ ကုလားထိုင်ဆီ လက်ညွှန်ပြလိုက်သည်။

ဒေါ်ခင်မမက ဝင်ထိုင်ရင်း -

"တစ်လောကလူသတ်မှုနဲ့ရောက်လာတဲ့ ကုမ္ပဏီဝန်ထမ်းဇနီးမောင်နှံကို ဆရာမှတ်မိမယ်ထင်တယ်"

အကျဉ်းထောင်လောကမှ ဂမ္ဘီရဆန်သော ဖြစ်ရပ်ဆန်းများ

# ပီတာမြဦး

## စီစီတီပီတရားခွင်



www.burmeseclassic.com

"အင်း- ယောက်ျားက မန်နေဂျင်း ဒါရိုက်တာ၊ ဇနီးသည်က မားကတ်တင်း မန်နေဂျာတို့ကိုပြောတာ မဟုတ်လား ကွယ့်"

"အစစ်ပေါ့ဆရာ"

"အဲဒါဘာအကြောင်းထူးရှိလို့လဲ"

"သူတို့က အတွင်းထောင်ဝင်စာ တွေ့ချင်လို့တဲ့ ဆရာ"

"အာ-ဒါများခင်မမရယ်။ ထောင်မှူးကြီး ဦးစိုးလှိုင်ကို ပြောလိုက်ရင်ပြီးတဲ့ ဥစ္စာ"

"ဟုတ်ကဲ့ - ထောင်ကျအကျဉ်း သားတွေဆိုရင်တော့ ဟုတ်ပါတယ်။ ခု ဟာက အချုပ်တရားခံတွေဖြစ်နေလို့ပါ။ ထောင်မှူးကြီးကလည်း ဆရာ့ကို တင်ပြဖို့မှာလိုက်တယ်လေ"

"အင်း- ဟုတ်ပါရဲ့၊ အဲ- သူတို့လင် မယားက အချုပ်တရားခံတွေဆိုပေမယ့် တရားရုံးကနေ သီးခြားခွဲချုပ်ထားဖို့ မှတ်ချက်မှမပါတာဘဲ။ အတွင်းထောင်ဝင်စာ တွေပေးလို့ရပါတယ်"

"ဟုတ်ကဲ့ - ဒါဆို ကျွန်မကိုခွင့်ပြုပါဦး"

ဒေါ်ခင်မမက နေရာမှထဟန်ပြုသည်။

ကျွန်ုပ်က လက်တားကာ -

"ဒါနဲ့ခင်မမ၊ သူတို့အမှုကဘယ်လိုဖြစ်ရတာလဲ။ တကယ်ကော ပြစ်မှုကျူးလွန်ခဲ့ကြတာလား။ ဆရာလည်း လူသစ်ကြည့်တုန်းက အချိန်မရလို့ သေချာ





www.burmeseclassic.com

www.burmeseclassic.com

မမေးလိုက်ရဘူး"

"ဟုတ်ကဲ့ - ပြောရမှာတော့နည်းနည်းရှည်တယ်။ ဆရာအချိန်ရပါ့မလား"

"အင်း - လောလောဆယ်တော့ရပါတယ်၊ ပြောပါ ခင်မမ"

"ဟုတ်ကဲ့ - ခင်ပွန်းသည် မန်နေဂျင်းဒါရိုက်တာ ဦးကျော်ထွဋ်တင်ရဲ့ ဇမ္ဗူတလူကုမ္ပဏီမှာ မနှင်းအဥ္ဇလီ ဆိုတဲ့ ဝန်ထမ်းမလေးတစ်ယောက်ရှိတယ်။ သူက အသက် (၁၉) နှစ်လောက်ပဲရှိသေးတဲ့ မိန်းမချောလေးတစ်ယောက်ဖြစ်ပြီး မကြာသေးခင်ကမှ အင်တာဗျူးမှာ ရွေးချယ်ခန့်ထားခဲ့တဲ့ ဝန်ထမ်းအသစ်လေးလည်းဖြစ်တယ်တဲ့။ သူဟာ ရုပ်ချောတဲ့အပြင် ဆက်ဆံရေးပါ ပြေပြစ်သွက်လက်တာကြောင့်မို့ အလုပ်ဝင်ပြီး သိပ်မကြာခင်မှာပဲ ဝန်ထမ်းတော်တော်များများနဲ့ ရင်းနှီးကျွမ်းဝင်သွားတယ်တဲ့ ဆရာ"

"အင်း"

"အဲဒါ တစ်နေ့ ညနေရုံးဆင်းချိန်မှာ ဦးကျော်ထွဋ်တင် ကုမ္ပဏီအောက်ထပ် ကားပါကင်က ကားထုတ်ပြီးမောင်းထွက်မယ်အလုပ်မှာ ကားဘေးမှာ နှင်းအဥ္ဇလီ ရုတ်တရက်ပေါ်လာပြီး ကားကြုံလိုက်စီးခွင့်တောင်းတယ်တဲ့။ ဦးကျော်ထွဋ်တင်က ဝန်ထမ်းတွေအတွက် ဖယ်ရီရှိတယ်လေလို့ပြောတော့ နှင်းအဥ္ဇလီက ရုံးဖယ်ရီက ကမ္ဘာပတ်နေတာနဲ့ သူ့အိမ်ကို ည (၇) နာရီလောက်မှရောက်တယ်။ အိမ်မှာက လေဖြတ်ထားတဲ့ အမေအိုကြီးတစ်ယောက်တည်းစောင့်နေလို့ပါလို့ အသနားခံသတဲ့။ ဒီတော့ ကိုယ်ချင်းစာစိတ်ရှိတဲ့ ဦးကျော်ထွဋ်တင်က သူနဲ့တစ်ရပ်ကွက်တည်းဖြစ်နေတဲ့ နှင်းအဥ္ဇလီကို ခေါင်းညိတ်ပြပြီး ကားနောက်ခန်းက လိုက်ဖို့မေးဆတ်ပြတယ်။ ဒါပေမယ့် နှင်းအဥ္ဇလီက ကားရှေ့ခန်းတံခါးဆွဲဖွင့်ပြီး ဦးကျော်ထွဋ်တင်နံဘေးမှာ ရဲရဲတင်းတင်းတက်ထိုင်လိုက်သတဲ့ ဆရာ"

"ဪ၊ အင်း - တကယ့်မိန်းကလေးပါလား"

"အဲလို ညနေရုံးဆင်းချိန် ကားကြုံစီးတာဟာ တစ်ရက်လည်းမဟုတ်၊ နှစ်ရက်လည်းမဟုတ်တော့ဘဲ နေ့စဉ်ရက်ဆက်လိုလိုဖြစ်လာတယ်တဲ့။ ဦးကျော်ထွဋ်တင်အနေနဲ့ ငြင်းမယ်လုပ်တိုင်း နှင်းအဥ္ဇလီရဲ့ လေဖြတ်နေတဲ့အမေအိုကြီးကို တွေးမိပြီး အားနာနာနဲ့ပဲ နေ့စဉ် ကားကြုံစီးခွင့်ပေးနေမိခဲ့သတဲ့ ဆရာ"

"အင်း"

"ဒီလိုနဲ့ သောကြာနေ့မနက်ပိုင်းမှာတော့ ဦးကျော်ထွဋ်တင်တို့လင်မယားနှစ်ယောက် ပဲခူးမှာနေတဲ့ အမေ့ဘက်က အကြီးရဲ့ နာရေးကိစ္စတစ်ခုသွားသတင်းမေးရဖို့ဖြစ်လာသတဲ့။ အဲဒါနဲ့ နေ့လယ်ဘက်ရောက်တော့ သူ့ဇနီးသည်ဆီ ဖုန်းဆက်ပြီး ညနေ ရုံးဆင်းရင် ပဲခူးသွားမှာမို့လို့ အိမ်မပြန်ဘဲ ကုမ္ပဏီကစောင့်နေဖို့မှာလိုက်တယ်"

"ဒါနဲ့ လင်မယားနှစ်ယောက်က ကုမ္ပဏီချင်းမတူကြဘူးလားကွယ့်"

"ဟုတ်ကဲ့ - ဦးကျော်ထွဋ်တင်က စမ်းချောင်းထဲက ဇမ္ဗူတလူကုမ္ပဏီမှာဖြစ်ပြီး ဒေါ်တင်တင်ကတော့ ဆယ်မိုင်ကုန်းမှာရှိတဲ့ ရတနာစိန်ကုမ္ပဏီမှာတဲ့ ဆရာ"

"ခါတိုင်း ညနေကော ဦးကျော်ထွဋ်တင်က မိန်းမကို ဝင်မကြိုဘူးလားကွယ့်"

"ဟုတ်ကဲ့၊ ကုမ္ပဏီချင်းကလည်း တောင်နဲ့ မြောက်လို အတော်လေးအလှမ်းဝေးနေတော့ သွားကြိုမနေတော့ဘဲ ဒေါ်တင်တင်က ရုံးဖယ်ရီနဲ့ပဲလိုက်နေကျလေ။ သူတို့နေတာကလည်း ကန်တော်လေးမှာ နှစ်ယောက်တည်းနေတာဆိုတော့ အိမ်သော့ခတ်ထားပြီး အရင်ရောက်တဲ့သူကတော့ ဖွင့်ဝင်နေကျတဲ့ ဆရာ"

"ဪ"

"အဲဒါကြောင့် နှင်းအဥ္ဇလီကိုလည်း ညနေပိုင်းသွားစရာရှိလို့ သူ့ကားနဲ့မလိုက်ဖို့ကို ကြိုတင်ပြီးခေါ်ပြောထားလိုက်တယ်တဲ့။ သူက ရိုးရိုးသားသား ပြောလိုက်ပေမယ့် ကောင်မလေးက အတော်လေး မျက်နှာပျက်သွားတာတွေ့ရတယ်တဲ့။ ကြည့်ရတာ သူ့ကားကြုံလိုက်စီးတာကို မကြိုက်လို့ တစ်ဖက်လှည့်နဲ့ ပထုတ်လိုက်တာလို့များထင်နေသလား မသိဘူး ဆရာ"

"အင်း- ကိုယ့်အတွေးနဲ့ကိုယ်ပေါ့လေ"

"အဲဒါနဲ့ သောကြာနေ့ ရုံးဆင်းချိန်မှာ ဦးကျော်ထွဋ်တင်က သူ့ရဲ့မတ်တူးကားဖြူလေးနဲ့ ဆယ်မိုင်ကုန်းကုမ္ပဏီက ဇနီးသည် ဒေါ်တင်တင်ကို ဝင်ခေါ်တယ်။ ပြီးတော့ ထောက်ကြန့်အဝင် စားသောက်တစ်ခုမှာ အဆာပြေ မုန့်နဲ့ လက်ဖက်ရည်သောက်ခဲ့ကြသေးတယ်။ အဲဒီကမှတစ်ဆင့် ပဲခူးကို ခရီးဆက်ခဲ့ကြတယ်တဲ့ ဆရာ"

"အင်း - ပြောပါဦး"

"အဲဒါ လှည်းကူးကို လွန်လာပြီး ပဲခူးရောက်ဖို့ (၁၀) မိုင်လောက် အလိုကျမှ ကားက ဆီပိတ်သလို တွန့်ဆုတ်တွန့်ဆုတ်ဖြစ်ပြီး ထိုးရပ်သွားတယ်တဲ့။ ကားပျက်တဲ့နေရာက လူသူမနီးတဲ့ လယ်ကွင်းဘေးမှာဖြစ်ပြီး အချိန်ကလည်း နေဝင်ဖျိုးဖျဖြစ်နေတယ်တဲ့။ အဲဒါကြောင့် ဦးကျော်ထွဋ်တင်က သူတတ်သမျှမှတ်သမျှ ပြင်ကြည့်ဖို့ ဒက်ရှ်ဘုတ်ထဲက လက်နှိပ်ဓာတ်မီးကိုယူပြီး ကားနောက်ဘက်ကို လျှောက်လာခဲ့တယ်။ ကားနောက်ပိုင်းပစ္စည်းထည့်ခန်းထဲက ကိရိယာထည့်သေတ္တာ (Tool Box) ယူဖို့ နောက်ခန်းကို သော့ဖွင့်ပြီး လက်နှိပ်ဓာတ်မီးနဲ့ထိုးလိုက်တယ်။ အဲဒီမှာ ပြဿနာအကြီးအကျယ်စတော့တာပဲတဲ့ ဆရာ"

"ဟုတ်လား၊ ဘာဖြစ်လို့လဲကွယ့်"

"နောက်ဘက် ပစ္စည်းထည့်ခန်းထဲမှာ ခွေခွေလေးအိပ်ပျော်နေတဲ့ အမျိုးသမီးတစ်ယောက်ကို တွေ့လိုက်ရလို့တဲ့"

"ဟေ. . . ဘယ့်နှယ်၊ ဘယ့်နှယ်၊ ဘယ်ကအမျိုးသမီးက ကားနောက်ခန်းထဲပါလာရတာတုံးကွယ့်"

ကျွန်ုပ် တအံ့တဩမေးမိသည်။

ဒေါ်ခင်မမကလည်း အံ့အားသင့်ဟန် သူ့နှုတ်ခမ်းကို လက်ချောင်းများဖြင့် အုပ်လိုက်သည်။

"ပထမတော့ ဘယ်သူမှန်းမသိဘူးတဲ့။ ရုတ်တရက်ဆိုတော့ ဦးကျော်ထွဋ်တင် လန့်ဖျန့်ပြီး အော်လိုက်မိတာကို ကားရှေ့ခန်းက ဒေါ်တင်တင်ကြားသွားလို့ ဆင်းလိုက်လာတယ်။ ဒီတော့မှ လင်မယားနှစ်ယောက် ဓာတ်မီးနဲ့ သေချာထိုးကြည့်တော့မှ ကားနောက်ခန်းထဲ ခွေခွေလေးအိပ်ပါလာသူ မိန်းကလေးက နှင်းအဥ္ဇလီဖြစ်နေသတဲ့ ဆရာ"

"ဘယ်လို ဘယ်လို၊ ကြံကြံဖန်ဖန် ဘာဖြစ်လို့ နှင်းအဥ္ဇလီလာဖြစ်နေရတာလဲ အံ့ဩစရာ"

ကျွန်ုပ်မှာ အံ့ဩပြီးရင်းအံ့ဩမိတော့သည်။

ဒေါ်ခင်မမက ဆက်ပြောသည်။

"ဒါထက် အံ့ဩဖို့ကောင်းတာက နှင်းအဥ္ဇလီကို ဒေါ်တင်တင်ကိုယ်တိုင် အကြိမ်ကြိမ်နာမည်ခေါ်ပြီး လှုပ်နှိုး မယ့်မရဘူးတဲ့။ ဒါနဲ့ သေချာစစ်ဆေး ကြည့်ကြတော့မှ နှင်းအဥ္ဇလီရဲ့ ကိုယ်လုံး အေးစက်တောင့်တင်း အသက်မရှိတော့တာ တွေ့ကြရ



www.burmeseclassic.com

www.burmeseclassic.com

ဆရာ"

"ဘာ"

ကျွန်ုပ်နှုတ်မှ အာမေဋိတ်သံ ကျယ်လောင်စွာ ထွက်သွားမိသည်။ ခု တစ်ခေါက်ဝယ် အံ့သြခြင်းထက် ဆန်း ကြယ်လွန်းသောဖြစ်ရပ်အပေါ် မယုံ ကြည် လက်မခံနိုင်လောက်အောင် မှင်တက်မိသွားမိ၍ဖြစ်၏။

"နေပါဦး၊ ဒီမိန်းကလေးက သူ များကားနောက်ခန်းက စတိုခန်းထဲ ဘာ လို့ရောက်နေရတာလဲ။ ပြီးတော့ ဘယ် အချိန်ကတည်းကရောက်နေပြီး ဘာ ကြောင့်သေဆုံးနေရတာလဲကွယ့်"

ကျွန်ုပ်က ပဟေဠိဆန်လှသော ဖြစ်ရပ်အပေါ် မကျေမချမ်း မေးမိ သည်။

ဒေါ်ခင်မမက ခေါင်းခါပြလျက်-

"သူတို့ လင်မယားလည်း အဲဒီ ကိစ္စနဲ့က ဘာတွေဘယ်လိုဖြစ်တာမှန်း မသိကြသေးဘူး။ ရင်တွေပူ၊ ဦးနှောက် တွေခြောက်ပြီး ဘာဆက်လုပ်ရမှန်းမသိ အောင် ဖြစ်နေကြတာပေါ့။ သူတို့တွေး မိတာက နှင်းအဥ္ဇလီကို အကြောင်းတစ် ခုခုကြောင့် တစ်ယောက်ယောက်က သတ်ပြီးမှ အလောင်းကို ကားနောက် ခန်းထဲ လာဝှက်ထားတာလား။ ဘာ ကြောင့် ဒီလိုဖြစ်ရတာလဲ။ ဒါဟာ တိုက် ဆိုင်မှု သက်သက်ပဲလား။ ဒီလိုမှမဟုတ် ရင် ဦးကျော်ထွန်းတင်ကို မလိုလားသူက ရည်ရွယ်ချက်ရှိရှိ သက်သက် ပြဿနာတက်အောင် ကြံစည်လုပ်ထားတာလား။ ဒါဆိုရင် ဒီလူ သတ်သမားက နှင်းအဥ္ဇလီ ညနေတိုင်း ကားကြုံလိုက်စီးနေတာကို သိနေတဲ့ အကျွမ်းဝင်လူဖြစ်ရမယ်။ ဒါဆို ကုမ္ပဏီက ဝန်ထမ်းတစ်ယောက်ယောက်များလား။ ဒါမှမဟုတ် ဒုက္ခဖြစ်စေချင်တဲ့ ဝန်ထမ်းဟာ ရန်သူများဖြစ်နိုင်မလဲနဲ့ပေါ့လေ။အမျိုး မျိုးတွေးကြည့်တယ်တဲ့ ဆရာ"

"အင်း - ဆက်ပါဦး"

"ဒေါ်တင်တင် ပြောတာကတော့ လူသတ်သမားဟာ ဝန်ထမ်းယောကျ်ား တွေပဲ ဖြစ်နိုင်ဘူး။ နှင်းအဥ္ဇလီ ဦးကျော် ထွန်းတင်ဆီမှာ ကားကြုံလိုက်စီးတာကို မနာလိုဝန်တိုနေတဲ့ ဝန်ထမ်းအမျိုးသမီး တွေလည်း ဖြစ်နိုင်တယ်။ ပြီးတော့ အဲဒီအမျိုး သမီးကိုယ်တိုင် ဦးကျော်ထွန်းတင်ကို သဘောကျိတ်ပြီး သဘောကျနေတဲ့သူ လည်း ဖြစ်မယ်တဲ့ ဆရာ"

"အင်း - ဒီမိန်းမတွေးပုံကြီးက တော့"

ဒေါ်ခင်မမက ခေါင်းညိတ်ပြ သည်။

"ဟုတ်တယ် ဆရာ။ အဲဒီစကား ကြောင့် အလောင်းရှေ့ထားပြီး လင်မ ယားနှစ်ယောက် စကားများရန်ဖြစ်လာ မှာစိုးတာနဲ့ ဦးကျော်ထွန်းတင်က စကား ဖြတ်ပြီး အကောင်းဆုံးကတော့ ပြဿ နာတွေ အားလုံးရှင်းသွားအောင် ဒီအ လောင်းကို လမ်းဘေးက ချုံပုတ်ထဲစွန့် ပစ်ထားခဲ့ကြမလားလို့ မေးတယ်။ ဒါကို ဒေါ်တင်တင်က သဘောမတူဘူး။ တကယ်လို့ ဒီကိစ္စပေါ်သွားရင် လူသတ် မှုနဲ့ အဖမ်းမခံရရင်တောင်မှ အလောင်း ဖျောက်ဖျက်မှုနဲ့ အရေးယူခံရနိုင်တယ်လို့ ပြောတယ်။ ဦးကျော်ထွန်းတင်က ပတ် ဝန်းကျင်ကို လှည့်ပတ်ကြည့်ရင်း ဒီလို လူပြတ်ပြီး အမှောင်ဖုံးနေတဲ့နေရာမှာ စွန့်ပစ်တာပဲ။ ဘယ်သူကသိနိုင်မှာလဲလို့ ပြောတယ်။ ဒေါ်တင်တင်က မှောင်နေ ပေမယ့် တစ်ယောက်ယောက်မမြင်ဘူး လို့ မပြောနိုင်ဘူးလေ။ တော်ကြာ ရှင့် ဝန်ထမ်းမပြဿနာမှာ သူပါ ကြံရာပါနဲ့ အရေးယူခံနေရပါဦးမယ်လို့ စောဒက တက်တယ်တဲ့"

"အင်း - ကြည့်ရတာ သူတို့လင် မယားကြားမှာ အရင်ကတည်းက မကျေ လည်တာလေးတွေရှိတယ်ထင်ပါရဲ့"

ကျွန်ုပ်က ထင်မြင်ချက်ပေးမိ သည်။

"ဒါတော့ မပြောတတ်ဘူးရှင့်။ ဒါ ပေမယ့် သူတို့လင်မယား အချေအတင် ပြောနေကြတဲ့အချိန်မှာပဲ ဓာတ်မီးတဝင်း ဝင်းနဲ့ လူတစ်စုရောက်လာတယ်။ အနီး ရောက်တော့မှ နယ်မြေလုံခြုံရေးလှည့် နေတဲ့ ရဲနဲ့ ရပ်ကွက်လူကြီးတွေဖြစ်နေ တယ်။ ရဲတွေမှန်းသိတာနဲ့ ဦးကျော်ထွန်း တင်က ကားနောက်က စတိုခန်းတံခါးကို အသာပြန်ပိတ်ထားလိုက်တယ်။ ဒါပေ မယ့် ရဲတွေက စစ်ဆေးမေးမြန်းရင်း တစ်ကားလုံးကို ရှာဖွေကြတော့ နောက် ဆုံးမှာ လူသေအလောင်းကို တွေ့သွား ကြတယ်တဲ့ ဆရာ"

"အင်း - ပြဿနာအိမ်ပေါ်တက် လာတယ်ဆိုတာမျိုးပေါ့လေ"

"ဟုတ်ကဲ့ - နောက်တော့ ရဲတွေ က ကားကိုပြင်ပြီး သူတို့လင်မယားကို ပါ အနီးဆုံးရဲစခန်းခေါ်သွားကြတယ်။ ဟိုကျတော့ ဦးကျော်ထွန်းတင်ရော ဒေါ်တင်တင်ပါ လူသေအလောင်းနဲ့ ပတ်သက်ပြီး ရဲတွေကျေနပ်အောင် ပြည့် ပြည့်စုံစုံ မဖြေနိုင်ကြဘူးတဲ့။ နောက်ဆုံး တော့ သူတို့နှစ်ယောက်အပေါ် သက်ာ မကင်းဖြစ်လာပြီး လူသတ်မှုနဲ့ အမှုဖွင့် အရေးယူတာခံလိုက်ရတာတဲ့ ဆရာ"

"ဒါဆို ဒီလင်မယားဆွမ်းခံရင်း ငှက်သင့်ဆိုသလို ဘုမသိဘမသိနဲ့ အချုပ်ခံနေကြရတာပေါ့"

"ဟုတ်ကဲ့ - ကျွန်မလည်း အဲလိုပဲ ထင်ပါတယ်"

"ဒါနဲ့ အမှုအခြေအနေကကော ဘယ်အဆင့်ရောက်နေပြီတဲ့လဲ"

"တရားလိုပြသက်သေတွေတော့ အားလုံးစစ်ပြီးကုန်ပြီတဲ့ ဆရာ"

"အေးကွယ်၊ တကယ်ပြစ်မှုကျူး လွန်သူတွေ မဟုတ်ရင်တော့ လွတ်နိုင် ကြမှာပါ"

"ဟုတ်ကဲ့၊ ဒါဆို ကျွန်မအဆောင် ပြန်လိုက်ဦးမယ်"

"ကောင်းပြီ ခင်မမ"

■

ထိုနေ့မှ ရက်သတ္တတစ်ပတ်မျှ အကြာ တစ်ခုသော နေ့လယ်ခင်းတွင် ကျွန်ုပ်အား တွေ့လိုသော ဧည့်သည်လာ သည်ဆို၍ ဝင်ခွင့်ပေးလိုက်ရာ မိတ်ဆွေ ကြီး တရားရုံးချုပ်ရှေ့နေ ဦးမြသိန်း ဖြစ် နေပါလေတော့၏။

"ဟ - မပေါ်လာ အတော်ကြာ အောင် ပျောက်ချက်သားကောင်းလှ ချေလားဗျာ"

အကျဉ်းထောင်ဘူးဝရှိ ရုံးခန်းဆင် နားရွက်တံခါးကို ကျိုခနဲ တွန်းဝင်လာ သော ဦးမြသိန်းအား ကျွန်ုပ်ခရီးဦးကြိုပြု နှုတ်ဆက်လိုက်သည်။

"အာ - အာစရိကလည်း၊ ရှေ့နေ ဆိုတော့လည်း အမှုပင်လယ်ကြောမှာ နစ်မျောနေလို့ ဆိုပါတော့ဗျာ ဟဲဟဲ"

ဦးမြသိန်းက ကျွန်ုပ်စားပွဲရှေ့ ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်ရင်း ရယ်ကျဲကျဲဖြေသည်။

"တော်သေးတာပေါ့ဗျာ။ အမှုပင် လယ်ကြောမှာမို့လို့ အမှုသမုဒ္ဒရာဆိုရင် တော့ စုံးစုံးမြုပ်ပြီး ဒီတစ်သက်ပေါ်လာ မှာတောင် မဟုတ်ဘူးထင်ပါရဲ့ ဟား ဟား ဟား"

"ဟား. . . ဟား. . . ဟား. . . ဟား. . ."

ကိုယ့်စကားနှင့်ကိုယ် ပြိုင်တူရယ် မောလိုက်မိကြ၏။

"ဒါနဲ့ အခုလာတဲ့ကိစ္စကကောဗျ"

ကျွန်ုပ်က မေးလိုက်သည်။

"ဇမ္ဗူတလူကုမ္ပဏီက မန်နေးဂျင်း ဒါရိုက်တာ ဦးကျော်ထွန်းတင်တို့ လင်

www.burmeseclassic.com

မယားအမှုအတွက် လိုတာလေးတွေလာမေးတာပါ"

"ဩော် - သူတို့အမှုကို ခင်ဗျား လိုက်နေတာကိုး"

"အာစရိက ဦးကျော်ထွဋ်တင်တို့ကို သိလို့လားဗျ"

"အဲ- အမှုအကြောင်း နည်းနည်း ပါးပါးလောက်ပါ။ ဒါနဲ့ သူတို့အမှုအခြေအနေကကော ကောင်းရဲ့လားဗျ"

"အင်း- လာမယ့်အပတ်ထဲမှာ စွဲချက်တင်သင့်၊ မတင်သင့် လျှောက်လဲချက်ပေးရတော့မယ်လေ။ သူတို့ခမျာ ဘာမှမသိဘဲ လူသတ်မှုတရားခံတွေ ဖြစ်နေရတာဆိုတော့ ကျွန်တော်လည်း လွတ်ပေါက်မှန်သမျှ နည်းနည်းအားစိုက်ပြီး ရှာနေရတာပေါ့ဗျာ"

"ဒါနဲ့ အဲဒီကုမ္ပဏီက ဝန်ထမ်းမလေးက ဘယ်လိုလက်နက်မျိုးနဲ့ အသတ်ခံခဲ့ရတာတဲ့လဲ ဦးမြသိန်း"

"မှုခင်းဆရာဝန်ရဲ့ ဆေးစာအရတော့ ဘာလက်နက်ကြောင့်မှ မဟုတ်ဘူး။ ကားနောက်ခန်းထဲမှာ အချိန်ကြာကြာလေးပိတ်မိလို့ အသက်ရှူကျပ်ပြီး သေဆုံးရတာတဲ့"

"ဒါနဲ့များ ရဲကဘာလို့လူသတ်မှုနဲ့ စွဲတင်ရတာလဲဗျာ"

"ရဲက ဦးကျော်ထွဋ်တင်တို့ လင်မယားပူးပေါင်းပြီး ကောင်မလေးကို ကားနောက်ဘက် စတိုခန်းထဲမှာ အသက်ရှူကျပ်ပြီး သေအောင် ပိတ်လှောင်ထားခဲ့တာလို့ ယူဆတာလေ"

"ဟ-သူတို့လင်မယားက ကောင်မလေးကို သတ်ရအောင်က ဘာအကြောင်းနောက်ခံ (Motive) မှ မရှိတာဘဲဟာ"

"အင်း- Motive မရှိပေမယ့် လူဆေအလောင်းတစ်လောင်းနဲ့လင်မယားနှစ်ယောက်ကို လက်ပူးလက်ကြပ်ဖမ်းမိနေတာဆိုတော့လည်း"

ကျွန်ုပ် ခေါင်းဆတ်ခနဲညိတ်လိုက်ကာ -

"ဟုတ်ပြီ၊ ဦးမြသိန်း။ သူတို့လင်မယားနဲ့တွေ့ပေးဖို့ ကျွန်တော် ထောင်မှူးကြီးကို မှာခဲ့မယ်။ ခုတော့ ရုံးချုပ်အစည်းအဝေးရှိလို့ ပြေးလိုက်ဦးမယ်ဗျို့"

"ကောင်းပါပြီ ဆရာ။ ကျေးဇူးပါပဲ"

■

"ကလင်၊ ကလင်"

တစ်နေ့နံနက်စောစော အကျဉ်းထောင်ဘူးဝပေါ်ရှိ ကျွန်ုပ်နေအိမ်မှ တယ်လီဖုန်း ရုတ်တရက် ထမြည်သဖြင့် ကောက်ကိုင်လိုက်ရသည်။

"ဟယ်လို"

"ဟာ - အာစရိ၊ ကျွန်တော် ဦးမြသိန်းပါ"

"အလို - ဦးမြသိန်း၊ စောလှချေလားဗျာ။ ဘာထူးလို့လဲ"

"ထူးဆို ကျွန်တော် ဒီနေ့တရားခွင်မှာ စွဲချက်တင်သင့်၊ မတင်သင့် လျှောက်လဲချက်ပေးမယ်လေ ဆရာ"

"ဦးကျော်ထွဋ်တင်တို့အမှုအတွက်လား"

"အစစ်ပေါ့ ဆရာ"

"အာ - ဒါကတော့ ရှေ့နေကြီး လုပ်နေကျတွေပဲလေ။ ဘာထူးမှာမို့လို့လဲ"

"ဒီတစ်ခါတော့ ထူးရုံထူးတာ မဟုတ်ဘူး။ အင်မတန်ကို ဆန်းကြယ်တဲ့ သက်သေခံချက်ပါ ရှာတွေ့ထားလို့ပါ အာစရိ"

"ဟ - တယ်ဆိုတဲ့စာပါလားဗျ။ ခင်ဗျားဟာ ဘယ်လောက်အထိထူးပြီး ဆန်းကြယ်နေလို့လဲ"

"ဘယ်လောက်အထိထူးလဲဆိုရင် ကျွန်တော့်တစ်သက်တာမှာ ဒီလောက်ထူးခြားပြီး ခိုင်လုံတဲ့ သက်သေခံချက်မျိုး တစ်ခါမှမရခဲ့ဘူးလို့ပါ ဆရာ"

"တယ်လည်းညွှန်းနေပါလား"

"ပြီးတော့ ကျွန်တော်က ခါတိုင်းလိုလို သမားရိုးကျ လျှောက်လဲချက်ပေးမှာ မဟုတ်ဘူး။ အိုင်တီခေတ်ရဲ့ ဆန်းသစ်တဲ့ နည်းပညာတွေနဲ့ Demonstration လုပ်ပြီး သက်သေပြမှာဗျ"

"ဟ- ခင်ဗျားအပြောကောင်းတာနဲ့ ကျွန်တော်တောင်စိတ်ဝင်စားလာပြီ။ ဒါနဲ့ နေပါဦး၊ ဘယ်လို Demonstration လုပ်ပြမှာလဲဗျ"

"အာ - ဒါတော့ ထိပ်တန်းလျှို့ဝှက်ပဲ။ ဖုန်းထဲကပြောပြလို့လည်းမသင့်တော်ဘူး။ ဒါကြောင့် အာစရိကိုယ်တိုင် ကြွရောက်ရှုစားဖို့ ဖိတ်ခေါ်လိုက်ပါရစေဗျာ"

"ကျွန်တော်ကိုယ်တိုင် လာကြည့်လောက်အောင်လိုလို့လားဗျာ။ နောက်မှ ရှေ့နေကြီး ပြန်ပြောပြရင်လည်း ရတာပဲဟာ"

"နိုး နိုး၊ ဒါက တစ်ဆင့်နားထောင်ရမယ့် Case မျိုး မဟုတ်ဘူး။ ကိုယ့်မျက်စိနဲ့မြင်မှ ရင်သိမ့်တုန်အောင် ခံစားရမယ့် Demonstration မျိုးဗျ အာစရိရဲ့"

"ဟား ဟား ဟား - -ရှေ့နေကြီးတို့ကတော့ လုပ်ချလိုက်ပြန်ပြီ"

"ကဲ - ဒီတော့ ရုံးချိန်းက နံနက် (၁၀) နာရီ၊ နေရာက ကျောက်တံတားမြို့နယ်တရားရုံး။ နောက်မှ နောင်တမရအောင် အချိန်မီလေး ကြွရောက်ရှုစား ထပ်ဆင့်ဖိတ်ခေါ်လိုက်ပါတယ်နော်"

"ကောင်းပါပြီဗျာ၊ ကောင်းပါပြီ"

■

ကျွန်ုပ် တရားရုံးတော်သို့ရောက် သွားချိန်ဝယ် နံနက်(၁၀)နာရီပင် ကျေ လွန်နေလေပြီ။ ဦးမြသိန်း အပါအဝ နှစ်ဖက်သော ရှေ့နေရှေ့ရပ်များနှ ပရိသတ်အချို့ရောက်နေသည်ကို တွေ့ ရ၏။ ထူးခြားသည်မှာ ရုံးတော်ရှေ့တွ Projector ခေါ် ရုပ်ရှင်ပြစက်နှင့် အဖြ ရောင်ပိတ်ကားတစ်ချပ် အသင့်ပြင်ဆ ထားခြင်းပင်။

ထိုပစ္စည်းများကြောင့် ကျွန်ုပ်၏ အမြင်တွင် ထူးခြားနေသော်လည်း ထ စဉ်က ဘာကြောင့် ထိုသို့ ပြင်ဆင်ထာ သည်ကိုကား စဉ်းစား၍မရခဲ့ပေ။ ကျွန် က ဦးမြသိန်းအား လှမ်းပြုံးပြကာ သ တော်သော တစ်နေရာတွင် ထိုင်လို စဉ် တရားသူကြီး တရားခွင်ပေါ် တက်လာလေသည်။

ထိုနေ့တွင် အစီအစဉ်အရ တရာ လိုအကျိုးဆောင်မှ စွဲချက်တင်သင့် မတင်သင့် ဦးစွာလျှောက်လဲချက်ပေ သည်ကို တွေ့ရ၏။ သူ၏ လျှောက်လ ချက်တွင် အမှုဖြစ်စဉ်၊ တရားလိုသ သေများ၏ ထွက်ဆိုချက်၊ သုံးသပ်ချ များကို ဥပဒေပြဋ္ဌာန်းချက်များ၊ တရာ စီရင်ထုံး အကိုးအကားတို့ဖြင့် အကျ တဝင့် လျှောက်လဲတင်ပြသွားသည်။

သူအဓိကထား၍ အားပြုတင် ထားသောအချက်မှာ -

"တရားခံ ဦးကျော်ထွဋ်တင် တရားခံ ဒေါ်တင်တင်တို့က သေသူ အဥ္စလီသည် ကားနောက်စတိုခန်းထဲ မည်သည့်အချိန်က မည်သည့်အကြော ဖြင့် ရောက်ရှိနေသည်ကို မသိရှိကြ ကြောင်း တညီတညွတ်တည်း ငြင်းဆ ထွက်ဆိုကြမှာ သဘာဝယုတ္တိမတန် မည်သည့်ကားပိုင်ရှင်မျှ လူ အလောင်းကို မိမိ၏ကားနောက် ခန်းထဲ၌ ထည့်သွင်း၍ ခရီးဝေးသို့ ကြမည် မဟုတ်ပေ။ ၎င်းတရား မောင်နှံတို့ လှည်းကူးမြို့နှင့် ခူးမြို



www.burmeseclassic.com

www.burmeseclassic.com

ကြား လူသူကင်းမဲ့သော တောစပ်အနီး နေဝင်မိုးချုပ်မှ ကားကို ရပ်တန့်ခဲ့ခြင်းမှာ လည်း အဆိုပါလူသေလောင်းကို စွန့်ပစ် ခဲ့ရန်မှတစ်ပါး အခြားမရှိနိုင်ပေ။ တာဝန် ရှိသူများ အချိန်မီ ရောက်ရှိလာသဖြင့် သာ တရားခံတို့၏ အကြံအစည် အထမ မြောက်ခဲ့ခြင်းသာ ဖြစ်ပေသည်။ သို့ဖြစ် ရာ တရားခံများအား စွဲဆိုထားသော ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂(၁)/၃၄ ဖြင့် စွဲချက်တင် စစ်ဆေးသင့်ပါ ကြောင်း'

ဟူ၍ ဖြစ်၏။

တရားခံအကျိုးဆောင် ဦးမြသိန်း ၏အလှည့်တွင်လည်း အလားတူအချက် အလက်၊ ဥပဒေပြဋ္ဌာန်းချက်နှင့် တရား စီရင်ထုံးများစွာ ကိုးကား၍ ရှည်လျားစွာ တင်ပြလျှောက်လဲနေသည် ကြားရ၏။

ဦးမြသိန်းအဓိကထားတင်ပြသွား သည်မှာ-

"ဤအမှုတွင် တရားလိုဘက်က ရော တရားခံဘက်ကပါ သက်သေမ တင်ပြနိုင်ဘဲ ကွင်းဆက်ပြတ်နေသော အချက်မှာ သေသူ နှင်းအဥ္စလီ ကား နောက် စတိုခန်းထဲသို့ မည်သည့်အချိန် က မည်သို့သော အကြောင်းကြောင့် ရောက်ရှိနေသည်ကို မသိရှိကြရခြင်း ဖြစ်၏။ တရားလို အကျိုးဆောင်က လည်း ထိုအချက်ကိုပင် ထောက်ပြ၍ တရားခံများအား စွဲချက်တင်သင့် ကြောင်း လျှောက်လဲတင်ပြသွားသည်ကို တွေ့ရ၏။ သို့ဖြစ်ရာ ယခု တရားခံ အကျိုးဆောင်အနေဖြင့် ထိုပြတ်နေ သောကွင်းဆက်ကို Projector အကူ အညီဖြင့် ထင်ရှားစွာ သက်သေပြပါ မည်"

ဦးမြသိန်းက ပြောပြောဆိုဆို ရုပ် ရှင်ပြစက်ခလုတ်ကို နှိပ်လိုက်ရာ ပိတ် ကားပေါ်တွင် ဦးကျော်ထွဋ်တင်၏ မတ် တူအဖြူရောင်ကားနောက်ပိုင်း ကား နံပါတ်နှင့်တကွ ပေါ်လာသည်ကို တွေ့ ကြရ၏။

ဦးမြသိန်းက -

"ရုံးတော်ခင်ဗျား၊ အခုရှုစားနေကြ တာက ဇမ္ဗူတလူကုမ္ပဏီ အဆောက် အအုံမြေအောက်ခန်း ကားပါကင်မှာ ရပ်ထားတဲ့ တရားခံဦးကျော်ထွဋ်တင်ရဲ့ မတ်တူးကားနောက်ဘက်ခြမ်းကို CCTV ရိုက်ကူးထားတာကို မြင်ကြရတာ ဖြစ်ပါ တယ်။ မြင်ကွင်းရဲ့အောက်ခြေညာဘက် ထောင့်မှာ အချင်းဖြစ် နိုဝင်ဘာလ ၄ ရက်၊ ညနေ (၃) နာရီ၊ (၅၅) မိနစ်ကို ပြသထားတာ တွေ့မြင်နိုင်ပါတယ်"

တရားသူကြီး နှစ်ဖက်ရှေ့နေရှေ့ ရပ်နှင့်တကွ ပရိသတ်များ ပိတ်ကားဆီ သို့ စိတ်ဝင်တစား ကြည့်ရှုနေကြသည်။ ယင်းသို့ ပြသနေရာမှ မြင်ကွင်းထက်မှ ညနေ (၄း၀၅) နာရီအရောက်တွင် ကုမ္ပဏီယူနီဖောင်းဝတ်ထားသော ဝန်ထမ်း မိန်းကလေးတစ်ဦး ကားနောက်ပိုင်းအနီး ရောက်လာသည်ကို တွေ့ကြရ၏။ မိန်း ကလေးက ဘေးပတ်ဝန်းကျင်ကို လှည့် ပတ် အကဲခတ်လိုက်ကာ ကားနောက် စတိုခန်းတံခါးကို အသာဆွဲမ၍ အပေါ် သို့ ပင့်တင်ကာ ဖွင့်လိုက်သည်။

ဦးမြသိန်းက -

"ရုံးတော်ခင်ဗျား၊ ဒါဟာ သေသူ နှင်းအဥ္စလီပါပဲ။ ဆက်လက်ရှုစားတော် မူကြပါ"

မြင်ကွင်းပေါ်တွင် နှင်းအဥ္စလီက ကားနောက်စတိုခန်းထဲဝင်ပြီးလှဲကာ ဖွင့် ထားသောအဖုံးကို လှမ်းဆွဲပိတ်လိုက်ရာ ဒုတ်ခနဲ ကြားလိုက်ရ၏။ မြင်ကွင်းက အတန်ငယ်ကြာအောင် ငြိမ်သက်နေပြီး ညနေ (၄း၁၅) နာရီခန့်တွင် နောက်ခန်း အဖုံးကို အတွင်းဘက်မှ တဒုန်းဒုန်းထု နှက်ဖွင့်သံနှင့် နှင်းအဥ္စလီ၏ ဗလုံးဗထွေး အော်ဟစ်သံများကိုပါ ကြားလာရလေ သည်။

ဦးမြသိန်းက -

"ရုံးတော်ခင်ဗျား။ ဒါက နှင်းအဥ္စ လီနောက်ခန်းထဲ နေရတာကြာတော့ အသက်ရှူကျပ်လာလို့ အထဲကနေ တံခါးကိုတွန်းဖွင့်ပေမယ့် တံခါးချက်ကျ လို့ ဖွင့်မရတာနဲ့ အော်ဟစ်အကူအညီ တောင်းနေသံပါ။ ဒါပေမယ့် ရုံးမဆင်း သေးလို့ ကားပါကင်မှာဘယ်သူမှရောက် မလာသေးပါဘူး"

တရားသူကြီး၊ ရှေ့နေနှင့်ပရိသတ် များ ပိတ်ကားကို မျက်တောင်မခတ်နိုင် အောင် အာရုံစူးစိုက်ကြည့်နေကြသည်။ ဤသို့ (၁၀) မိနစ်နီးပါးခန့် အော်ဟစ် ထုနှက်နေပြီးမှ အသံများ တစ်စတစ်စ ငြိမ်သက်သွားပါလေတော့၏။ ညနေ (၄း၃၅) နာရီတွင် ဦးကျော်ထွဋ်တင် ရောက်လာပြီး ကားကိုမောင်းထွက်သွား ရာ CCTV မြင်ကွင်းမှ ပျောက်ကွယ် သွားလေတော့၏။

ဦးမြသိန်းက-

"ရုံးတော်ခင်ဗျား။ အခု CCTV မြင် ကွင်းအရ သေသူ နှင်းအဥ္စလီဟာ သူ့ သဘောနဲ့သူ ကားနောက်စတိုခန်းထဲဝင် လှဲနေရာက အသက်ရှူကျပ်ပြီး သေဆုံး ခဲ့ခြင်းသာ ဖြစ်ပါတယ်။ အဲဒါကြောင့် တရားခံဦးကျော်ထွဋ်တင်တို့ ဇနီးမောင်နှံ အနေနဲ့ သေသူကို သတ်ဖို့မဆိုထားနှင့် ကားနောက်ခန်းထဲပါလာတာကိုတောင် လုံးဝမသိရှိကြကြောင်း ပေါ်လွင်ထင်ရှား နေပါတယ်။ ဒါကြောင့်မို့ တရားခံများကို စွဲချက်မတင်မီ တရားရှင်လွှတ်ပေးပါ မည့်အကြောင်း ရိုသေလေးစားစွာ လျှောက်ထား တင်ပြအပ်ပါသည် ခင်ဗျား"

တရားသူကြီးက လက်ကာပြ လျက်-

"ဒါနဲ့ ရှေ့နေကြီး၊ ကျုပ်နားမလည် နိုင်တာတစ်ခုက သေသူမိန်းကလေးက ဘာလို့ကားနောက်ခန်းထဲကနေဝင်လိုက် ဖို့ကြိုးစားရတာလဲကွယ့်"

ဦးမြသိန်းက -

"ဦးကျော်ထွဋ်တင်က သေသူကို နေ့စဉ် ရုံးဆင်းချိန်တိုင်း ကားကြုံစီးခွင့် ပေးခဲ့ပြီး ဒီနေ့မှ ငြင်းပယ်ခဲ့တာကို နှင်း အဥ္စလီက မကျေမနပ်ဖြစ်ပြီး လူငယ်ပီပီ မခံချင်စိတ်နဲ့ ဘယ်သူမှမသိအောင် တိတ်တိတ်ကလေး လိုက်ပါသွားချင်လို့ ကြိုးစားတာ ဖြစ်နိုင်ပါတယ်။ သူတို့က တစ်ရပ်ကွက်တည်းနေတာ ဆိုတော့ ဦးကျော်ထွဋ်တင်အိမ်ရောက်မှ အသာ ပြန်ဆင်းပြီး သူ့အိမ်သူပြန်ဖို့ စိတ်ကူး လည်းပါပါလိမ့်မယ်။ ဒါပေမယ့် ကံဆိုး ချင်တော့. . ."

တရားသူကြီးက လက်ဝါးဖြန့်ပြ ကာ -

"ရပါပြီ ရှေ့နေကြီး၊ ရပါပြီ။ အင်း အတော်ကို မိုက်မဲတဲ့မိန်းကလေးပါလား ကွယ်"

ထိုနေ့ညနေ ရုံးပြန်ကားပြာကြီး များ ထောင်ဘူးဝသို့ ပြန်ရောက်ချိန်တွင် ဦးကျော်ထွဋ်တင်တို့ ဇနီးမောင်နှံပြန်ပါ မလာတော့ချေ။ ထိုအစား မင်္ဂလာ သတင်းသာ ရောက်လာ၏။

"ဦးကျော်ထွဋ်တင်နဲ့ ဒေါ်တင်တင် ကို ပြစ်မှုမထင်ရှားလို့ တရားရှင်လွှတ်ပေး လိုက်ပြီ"

ဟူသော စကား။

ကျွန်ုပ်၏ မျက်စိထဲ၌မူ ဦးမြသိန်း ရှာရှာဖွေဖွေ သက်သေတင်ပြခဲ့သော CCTV မြင်ကွင်းထဲမှ သေသူနှင်းအဥ္စလီ ၏ လှုပ်ရှားမှုပုံရိပ်များကိုသာ ပြန်လည် မြင်ယောင်နေမိပါတော့သတည်း။

ပီတာမြဦး



www.burmeseclassic.com

www.burmeseclassic.com

# အင်းကောင်းတစ်ကွက်နှင့်

# ၇ မာရဝိဇယရတနာစကြာအင်းသိုက်

ဆရာတေ(အင်းတစ်ထောင်)



စကြာအင်းသိုက်များဆီသို့ရောက် ရှိလာပါပြီ။

တစ်နေရာကည်း၌ တစုတဝေး တည်းတည်ရှိနေကြသော ရတနာများ အစုအဝေးကို ရတနာသိုက်ဟု ခေါ်ကြ သည်။ ထို့အတူ အသွားတစ်မျိုးတည်း၊ ဂါထာတစ်ပုဒ်တည်းဖြင့် တစုတဝေး တည်း ဖြစ်တည်နေကြသော စကြာ အင်းများအစုဝေးကို စကြာအင်းသိုက် ဟု ခေါ်ဆိုနိုင်ပါသည်။

ယခုဖော်ပြမည့် 'မာရဝိဇယရတ နာ စကြာအင်းသိုက်' သည် ဤကဲ့သို့ သော အသွားတစ်မျိုးတည်း၊ ဂါထာတစ် ပုဒ်တည်းဖြင့် အင်းကွက်ပေါင်းများစွာ စုဝေးပေါ်ထွန်းလာရသည့် အင်းသိုက် အမျိုးအစားဖြစ်ပါသည်။ သိဒ္ဓိမြောက် အစွမ်းထက် အစီအရင်များ အင်းတက် စဉ်များ ဆောင်ရွက်နိုင်ပြီး 'ဒါမျိုးမှ တကယ့်အင်းသိုက်ကွ' ဟု ဂုဏ်ယူကြွေး ကြော်နိုင်လောက်သည့် အင်းသိုက်မျိုး လည်း ဖြစ်ပါသည်။

ဤအင်းသိုက်သည် အင်းဆန်ပြ စက်များ၊ နေရာပြစက်များနှင့် စကြာ အသွားတို့ စနစ်တကျ ပေါင်းဆုံဖွဲ့စည်း ရာမှ ဖြစ်ထွန်းပေါ်ပေါက်လာရပါသည်။

**အင်းဆန်ဂါထာနှင့်အင်းဆန်ပြစက်များ**

ဤအင်းသိုက်အတွက် အသုံးပြု ထားသော ဂါထာတော်များ ဘုရင့်နောင် ကျော်ထင်နော်ရထာမင်းကြီး၏ ဆင တော်ဦးကင်း၌ ပဒုမ္မာကြာချပ်ပုံ အင်းချ ၍ မင်းကြီးကိုလည်း ဤဂါထာတော်ဖြင့် ပင် ရွတ်ဖတ်ကာ ရေစင်သွန်းစေပြီး စီးချင်းထိုးလာသော သမိန်ထောရာမကို အနိုင်တိုက်ရာ၌ ဂါထာတော်ဟု ထင် ရှားပါသည်။ မာန်အောင်မြင် ရွှေကြာ ဂါထာတော် (ဝါ) မာရဝိဇယ ပဒုမ ဂါထာတော်ဟု အမည်ရပါသည်။

*ဇိနာဝတိ မာရာရိ ဇိနော ဒယာလ*
*ယော၊*
*ဇိနတ္တာမမ္မောစ ဇိနေန ပူဇတော၊*
*ဇိနောရသော နန္တ ဇိနပ္ပသံသိ*
*တော၊*
*ဇိနာဒယောတေရိ ဇိတေနမာ*
*မဟာ။*

မူရင်းဂါထာ၏ဒုတိယပါဒအဲဆုံး တွင် 'ပူဇိတော' ဖြစ်ပါသည်။ ယခု ဂါထာ၌ 'ပူဇတော' ဟု ပြောင်းဖွဲ့ထားပါ သည်။ 'ဇိန' ပုဒ်မှလာသော 'ဇိ' များနှင့် 'ပူဇ' ပုဒ်မှလာသော 'ဇိ' တို့အား ကွဲပြား စေရန် စက်ကိုင်၍ ပြောင်းဖွဲ့ပါသည်။ ဤသို့ပြောင်းဖွဲ့သဖြင့် မူလအဓိပ္ပာယ် မပြောင်းသလို ဆန်းဂိုဏ်းဖွဲ့စည်းပုံလည်း မပြောင်းပါ။ ထို့အပြင် ယခုဖော်ပြမည့် စကြာအင်းသိုက်များအတွက်သာပြောင်း ဖွဲ့ထားခြင်းဖြစ်သောကြောင့် မူရင်း ဂါထာတော်အား ပြုပြင်ပြောင်းလဲခြင်း ဟုလည်း မမည်ပါ။

ဤဂါထာ၌ အင်းဆန် (အက္ခရာ) (၄၈) လုံးပါသည်။ 'ဇိ' များသည် စက် များဖြစ်ကြကာ (၈) လုံး ပါရှိ၏။ 'ဇိ' တစ်ခုနှင့်တစ်ခု အင်းဆန် (၆) လုံး ကွာ ဝေး၏။ အလှည့်မှန်၊ စည်းဝါးမှန်၏။ ထို 'ဇိ' ရှစ်လုံးကို တစ်လုံးကျော်စီယူ၍ တွဲ သော် (၄) လုံးစီပါသော အုပ်စု(၂)ခုရ သည်။ ထို (၄) လုံးစီပါသော အုပ်စု နှစ်ခု၌လည်း 'ဇိ' များသည် တစ်လုံးနှင့် တစ်လုံးအင်းဆန် (၁၂) လုံးကွာဝေးကြ ကာ အလှည့်မှန်၊ စည်းဝါးမှန်ကြ၏။

ဤဂါထာတော်ကို ဆရာကြီး သခင်ကိုယ်တော်မှိုင်း အနက်ဖွင့်ပေး ထားသည်အား ဆရာလှမြင့် (ရန်ကုန် တက္ကသိုလ်) က သုရဇ္ဇ အတွဲ (၈)၊ အမှတ် (၃)၊ စာ-၁၀၄ ၌ ဖော်ပြပေးခဲ့ပါ သည်။ ဂါထာ၏အနက်ကို အလိုရှိသူ များကို ဆောင်းပါး၌ ရယူကြပါ။ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးတို့ အား ပူဇော်ကန်တော့ထားသော ဂါထာ တော် ဖြစ်ပါသည်။

**စကြာအသွား**


စကြာအင်းသိုက်များကို ဖော် ထုတ်ရာ၌ စကြာအသွားသည် အဓိက ကျသောနေရာမှ ပါဝင်နေပါသည်။ စကြာအသွားမပါဘဲ အင်းသိုက်များကို ဖော်ထုတ်၍ မရပါ။

အောက်တွင် ယခုအင်းသိုက်၌ အသုံးပြုထားသော စကြာအသွားများ ကို ဖော်ပြပေးထားသည်။ အလယ်ဗ

ပုံ (၁) မူလ-စကြာအသွား



ပုံ (၂) မှန်ထောင်-စကြာအသွား





www.burmeseclassic.com

www.burmeseclassic.com

ကွက်သည် အစီအရင်ပြုသူ၏ နေ့နံသင့် ...ဘန်းကို ထည့်သွင်းရန် ဖြစ်ပါသည်။

ပုံ(၁)နှင့် ပုံ(၂) နှစ်ပုံစလုံးသည် ...ကြာအသွားများဖြစ်ကြပြီး ထောင့်စွန်း ...များဆီမှ ဗဟိုများဆီသို့ ကြက်ခြေခတ်ပုံ (...ကြာပုံ) အားဆောင်နေကြပါသည်။

ပုံ (၁) မှ မူလအသွားအား ဘေး ...တိုက်မှန်ထောင်သည် ဖြစ်စေ၊ ထက်၊ အောက်မှန်ထောင်သည် ဖြစ်စေ ရလာ သော ပုံရိပ်နှစ်ခုတို့သည် တူညီနေကြပါ သည်။ (တကယ့်မှန်ကိုသုံးပြီး တကယ် ...ဆောင်ကြည့်ပါ) ပုံ (၂) ရလာသော ...မှန်ထောင်ပုံရိပ်ပင် ဖြစ်ပါသည်။


ထိုအသွားနှစ်ခုစလုံးကို ထောင့် ...တော့လှည့်ကြည့်ပါ။ ဘယ်နှကြိမ်လှည့် ...ည့် နဂိုအသွားအတိုင်းရပါသည်။ ထို့ ...ကြောင့် လေးချိုးညီနေ၏။ နှစ်ချိုးညီ ...ပင် စကြာအသွားဖြစ်နေပြီ။ လေး ...ညီလျှင်တော့ ပြောပြဖို့မလိုတော့ပါ။ ...အသွားမျိုး ရရှိရန် အလွန်ခက်ပါ ...သည်။)

**...ရာပြစက်များ**

ဗဟိုမှ အကွာအဝေးတူကြသော ...ဆစ်ကွက်များသည် စွမ်းအားတူကြ ...ကြောင်းနှင့် ဗဟိုနှင့် အနီးဆုံး ပဆစ် ...များသည် စွမ်းအားအကြီးဆုံးဖြစ် ...ကြောင်းတို့အား အခြေခံအယူအဆ ...၍ ဖော်ပြခဲ့ပြီး ဖြစ်၏။

ဗဟိုမှ တူညီစွာ ကွာဝေးနေကြ ...သော စွမ်းအားတူ ပဆစ်ကွက်များ အစု ...တို့ စက်များဟုခေါ်ပြီး ပဆစ် ...နေရာများကပြသောစက်များဖြစ် ...ကြောင့် နေရာပြစက်များဟုလည်း ...ပါသည်။

**...(၃) အင်းသိုက်တစ်ခုလုံးအတွက် နေရာပြစက်များ**




...(၃) A လေးလုံးသည် ဗဟိုမှ ...ကွာဝေးနေကြသော စွမ်းအား ...ဆစ်ကွက်များဖြစ်သကဲ့သို့ B လေး လုံးသည် လည်းကောင်း၊ C လေးလုံး သည် လည်းကောင်း၊ D ရှစ်လုံးသည် လည်းကောင်း၊ ဗဟိုမှတူညီစွာကွာဝေး နေကြသော စွမ်းအားတူ ပဆစ်ကွက် များ (စက်များ) ဖြစ်ကြသည်။

အစွမ်းထက် အစီအရင်များပြုရန် အတွက် စွမ်းအားအကြီးဆုံး၊ ဗဟိုနှင့် အနီးဆုံး ပဆစ်ကွက်များကို သုံးရပါ သည်။ A လေးလုံးနှင့် B လေးလုံးတို့ သည် စွမ်းအားအကြီးဆုံး ပဆစ်ကွက် များ ဖြစ်ကြပါသည်။

A များဖြင့် စက်ဖွဲ့သောအခါ D များပါလာကြပြီး၊ B များဖြင့် စက်ဖွဲ့ သောအခါ C များပါလာကြပါသည်။

**စကြာအင်းသိုက်ဖော်ထုတ်ပုံ**

လက်ယာရစ်အင်းများနှင့် လက် ဝဲရစ်အင်းများသည် အဖို၊ အမ သဘာ ဝအားဖြင့် ပါရမီဖြည့်ဖက်များ ဖြစ်ကြ ကြောင်းနှင့် မှန်ထောင်ခြင်းသည် အ စွမ်းသတ္တိများကို ဆပွားတိုးစေကြောင်း တို့အား ရှေ့ဆောင်းပါးများတွင် ဖော်ပြ ခဲ့ပြီးပါပြီ။ ယခုလပြနေသည့် အင်းသိုက် များသည် သိဒ္ဓိမြောက် အစွမ်းထက် အစီအရင်တစ်ခုခုအဖြစ် ဆောင်ရွက် နိုင်သောကြောင့် မူလအသွားမှန်ထောင် အသွား၊ လက်ယာရစ်၊ အားလုံးကို ကုန် စင်အောင် အသုံးပြုရပါမည်။

စကြာအသွားနေရာပြစက်များ နှင့် အင်းဆန်ပြစက်များ။ ထို (၃) မျိုးကို ပေါင်းဆုံဖွဲ့စည်းလိုက်သောအခါ စကြာ အင်းသိုက်များ ဖြစ်ထွန်းပေါ်ပေါက်လာ တော့၏။

မူလ စကြာအသွားနှင့် မှန်ထောင် စကြာအသွားတို့ကို အသုံးပြုလျက် အင်းဆန် စတင် ရေးသွင်းရမည့်နေရာ အစီအစဉ်များကို ဇယားများဖြင့်ဖော်ပြ ပေးလိုက်ပါသည်။

ဇယား(၁)

| မူလအသွား- ပုံ (၁) | | | | | | | |
|---|---|---|---|---|---|---|---|
| B.1 | B.2 | B.3 | B.4 | C.1 | C.2 | C.3 | C.4 |

ဇယား(၂)

| မှန်ထောင်အသွား- ပုံ (၂) | | | | | | | |
|---|---|---|---|---|---|---|---|
| B.1 | B.2 | B.3 | B.4 | C.1 | C.2 | C.3 | C.4 |

ဇယား(၃)

| မူလအသွား- ပုံ (၁) | | | | | | | |
|---|---|---|---|---|---|---|---|
| A.1 | A.2 | A.3 | A.4 | D.2 | D.4 | D.6 | D.8 |

ဇယား(၄)

| မှန်ထောင်အသွား- ပုံ (၂) | | | | | | | |
|---|---|---|---|---|---|---|---|
| A.1 | A.2 | A.3 | A.4 | D.1 | D.3 | D.5 | D.7 |

ဇယားတိုင်းတွင် အတန်း (၂) တန်းစီ ပါရှိသည်။

အပေါ်တန်းသည် အသုံးပြုရ မည့်အသွားကို ဖော်ပြထားခြင်းဖြစ်ပြီး အောက်တန်းသည် အင်းဆန်စတင်ရ မည့်နေရာများကို အစီအစဉ်အလိုက် ဖော်ပြထားခြင်း ဖြစ်ပါသည်။

ဖော်ပြပေးထားသည့်နေရာ (၈) နာရီစီမှ ဖော်ပြပေးထားသည့်အသွား များအတိုင်း လက်ယာရစ်ဖြင့်တစ်အင်း၊ လက်ဝဲရစ်ဖြင့်တစ်အင်း ဖော်ထုတ်ယူရန် ဖြစ်ပါသည်။

အင်းဆန်ပြစက် 'ဇိ' များသည် ဇယားတွင်ပြထားသည့်နေရာများအတိုင်း အံဝင်ခွင်ကျရရှိပါသည်။

ဇယားတစ်ခုလျှင် အင်းကွက် (၁၆) ကွက်ရပြီး ဇယား (၄) ခုအတွက် အင်းကွက် (၆၄) ကွက်ရပါသည်။ ထို (၆၄) ကွက်ကို ဆောင်းပါးနောက်ပိုင်း၌ အမှတ်စဉ်တပ်၍ ဖော်ပြပေးထားပါ သည်။

အမှတ်စဉ် (၁) မှ (၁၆) အထိ သည် ဇယား (၁) မှ။

အမှတ်စဉ် (၁၇) မှ (၃၂) အထိ သည် ဇယား (၂) မှ။

အမှတ်စဉ် (၃၃) မှ (၄၈) အထိ သည် ဇယား (၃) မှ။

အမှတ်စဉ် (၄၉) မှ (၆၄) အထိ ဇယား (၄) မှ ရရှိလာသော အင်းကွက် များ ဖြစ်ကြသည်။

**ဆောင်ရွက်နိုင်သည့်အဆင့်များ**

အင်းကွက်အားလုံး (၆၄ ကွက်) ပြီးဆုံးမှ အဆင့်တစ်ဆင့် ပြီးပါသည်။ တစ်ရက်လျှင် (၁) အင်းကျဖြင့်လည်း ကောင်း၊ တစ်ရက်လျှင် (၂)အင်း၊ (၈) အင်း၊ (၁၆) အင်း စသည်ဖြင့်လည်း ကောင်း မိမိနိုင်သလောက် အဓိဋ္ဌာန်ပြု ၍ ဆောင်ရွက်နိုင်ပါသည်။

**နက္ခတ်**

အစီအရင် စတင်ရမည့်နေ့သည် စန်းယှဉ်နက္ခတ်၊ သိဒ္ဓိစုတ် သို့မဟုတ် ဝရစုတ်တစ်ခုခုကြုံရပါမည်။ ထိုနက္ခတ် များနှင့်အတူ လပြည့်နေ့တို့ကြုံပါက အတိုင်းထက်အလွန်ဖြစ်ပါသည်။ အဆင့် တစ်ဆင့်ဆောင်ရွက်တိုင်း နက္ခတ်တစ်



www.burmeseclassic.com

www.burmeseclassic.com

အညွှန်းများ

မူ = မူလအသွားပုံ (၁)
မှန် = မှန်ထောင်အသွားပုံ (၁)
ဥ = အင်းဆန့်စတင်သည့်နေရာ

ယာ = လက်ယာရစ်
ဝဲ = လက်ဝဲရစ်

(၁) မူ + ယာ

| | | | | | | |
|---|---|---|---|---|---|---|
| ဒ | ဏ္ဍ | နု | ယော | တေ | နု | တိ |
| နေ | လ | ယော | ဦ | နာ | ဇ | ရှိ |
| နု | နာ | *ဦ | ပူ | ဦ | မာ | ပွ |
| ဟံ | ဦ | ယာ | | သံ | ဦ | တော |
| ဒ | သော | ဦ | မာ | ဦ | နု | ရာ |
| စ | မ | နော | ဦ | ဓ | သိ | တေ |
| ရ | နော | မွော | တော | နု | ရှိ | ဆွ |

(၂) မူ + ဝဲ

| | | | | | | |
|---|---|---|---|---|---|---|
| လ | နေ | နု | နာ | ဒ | စ | ဓ |
| ဏ္ဍ | ဒ | ယာ | ဦ | ဟံ | ရ | နော |
| နု | ယော | *ဦ | သော | ဦ | မာ | မွော |
| နာ | ဦ | ယော | | ဓ | ဦ | နော |
| တေ | ပူ | ဦ | မာ | ဦ | တော | နု |
| နု | တိ | တော | ဦ | သံ | ဆွ | ရှိ |
| ဇ | ရှိ | ပွ | နု | ရာ | တေ | [illegible] |

(၃) မူ + ယာ

| | | | | | | |
|---|---|---|---|---|---|---|
| ရ | စ | ဒ | ဟံ | နု | နေ | ဒ |
| နော | မ | သော | ဦ | နာ | လ | ဏ္ဍ |
| မွော | နော | ဦ | ယာ | *ဦ | ယော | နု |
| တော | ဦ | မာ | | ပူ | ဦ | ယော |
| နု | ဓ | ဦ | သံ | ဦ | နာ | တေ |
| ရှိ | သိ | နု | ဦ | မာ | ဇ | နု |
| ဆွ | တေ | ရာ | တော | ပွ | ရှိ | တိ |

(၄) မူ + ဝဲ

| | | | | | | |
|---|---|---|---|---|---|---|
| ဇ | နု | တေ | နာ | နု | ဏ္ဍ | [illegible] |
| ရှိ | တိ | ပူ | ဦ | ယော | ဒ | [illegible] |
| ပွ | တော | ဦ | ယော | *ဦ | ယာ | [illegible] |
| နု | ဦ | မာ | | သော | ဦ | [illegible] |
| ရာ | သံ | ဦ | ဓ | ဦ | ဟံ | [illegible] |
| တေ | ဆွ | တော | ဦ | မာ | ရ | [illegible] |
| သိ | ရှိ | နု | နှော | မွှော | နော | [illegible] |



www.burmeseclassic.com

www.burmeseclassic.com

(၅) မူ + ယာ

| | | | | | | |
|---|---|---|---|---|---|---|
| ဍွ | ရှိ | နု | တော | မွှော | နော | ရ |
| တော | သိ | ဓ | ဇိ | နော | မ | ဓ |
| ရာ | နု | ဇိ | မာ | ဇိ | သော | ဒ |
| သော | ဇိ | သံ | | ယာ | ဇိ | ဟံ |
| [illegible] | မာ | ဇိ | ပူ | *ဇိ | နာ | နု |
| ရှိ | ဇ | နာ | ဇိ | ယော | လ | နေ |
| တိ | နု | တေ | ယော | နု | တ္တိ | ဒ |

(၆) မူ + ဝဲ

| | | | | | | |
|---|---|---|---|---|---|---|
| မ | နော | မွှော | နော | နု | ရှိ | သိ |
| စ | ရ | မာ | ဇိ | တော | ဍွ | တေ |
| ဒ | ဟံ | ဇိ | ဓ | ဇိ | သံ | ရာ |
| နာ | ဇိ | သော | | မာ | ဇိ | နု |
| နု | ယာ | ဇိ | ယော | *ဇိ | တော | ပွ |
| နေ | ဒ | ယော | ဇိ | ပူ | တိ | ရှိ |
| လ | တ္တိ | နု | နာ | တေ | နု | ဇ |

(၇) မူ + ယာ

| | | | | | | |
|---|---|---|---|---|---|---|
| တိ | ရှိ | ပွ | တော | ရာ | တေ | ဍွ |
| နု | ဇ | မာ | ဇိ | နု | သိ | ရှိ |
| သော | နာ | ဇိ | သံ | ဇိ | ဓ | နု |
| ယော | ဇိ | ပု | | မာ | ဇိ | တော |
| နု | ယော | *ဇိ | ယာ | ဇိ | နော | မွှော |
| တ္တိ | လ | နာ | ဇိ | သော | မ | နော |
| ဒ | နေ | နု | ဟံ | ဒ | ဓ | ရ |

(၈) မူ + ဝဲ

| | | | | | | |
|---|---|---|---|---|---|---|
| မ | နော | မွှော | နော | နု | ရှိ | သိ |
| စ | ရ | မာ | ဇိ | တော | ဍွ | တေ |
| ဒ | ဟံ | ဇိ | ဓ | ဇိ | သံ | ရာ |
| နာ | ဇိ | သော | | မာ | ဇိ | နု |
| နု | ယာ | *ဇိ | ယော | ဇိ | တော | ပွ |
| နေ | ဒ | ယော | ဇိ | ပူ | တိ | ရှိ |
| လ | တ္တိ | နု | နာ | တေ | နု | ဇ |

(၉) မူ + ယာ

| | | | | | | |
|---|---|---|---|---|---|---|
| [illegible] | ယော | တိ | ရှိ | ဇ | နု | ပွ |
| [illegible] | တေ | ပူ | ဇိ | နု | ရာ | တော |
| [illegible] | နေ | ဇိ | မာ | ဇိ | သံ | ဍွ |
| [illegible] | *ဇိ | ယော | | ဓ | ဇိ | ရှိ |
| [illegible] | ယာ | ဇိ | သော | ဇိ | တေ | သိ |
| [illegible] | နု | နော | ဇိ | မာ | မွှော | နော |
| [illegible] | နာ | မ | ဓ | ရ | တော | နု |

(၁၀) မူ + ဝဲ

| | | | | | | |
|---|---|---|---|---|---|---|
| နု | နာ | မ | နော | ရ | တော | မွှော |
| ဟံ | ဒ | သော | ဇိ | စ | နု | နော |
| ဒ | တ္တိ | ဇိ | မာ | ဇိ | ဓ | သိ |
| နေ | *ဇိ | ယာ | | သံ | ဇိ | တေ |
| လ | ယော | ဇိ | ပူ | ဇိ | ရှိ | ဍွ |
| နာ | နု | ရှိ | ဇိ | မာ | ပွ | တော |
| တေ | ယော | တိ | နု | ဇ | နု | ရာ |



www.burmeseclassic.com

www.burmeseclassic.com

(၁၁) မှူ + ယာ

| | | | | | | |
|---|---|---|---|---|---|---|
| ဒ | ဟ | ဒ | ဏ္ဍ | လ | နာ | နု |
| နာ | နု | ယာ | *ဇိ | နေ | တော | ယော |
| မ | နော | ဇိ | ယော | ဇိ | ပူ | တိ |
| စ | ဇိ | သော | | မာ | ဇိ | ရိ |
| ရ | မာ | ဇိ | ဓ | ဇိ | နု | ဇ |
| တော | မွော | တေ | ဇိ | သံ | ရာ | နု |
| နု | နော | သိ | ရိ | ဋ္ဌ | တော | ပွ |

(၁၂) မှူ + ဝဲ

| | | | | | | |
|---|---|---|---|---|---|---|
| တေ | နာ | လ | နေ | ဒ | ဟံ | နံ |
| ယော | နု | ယော | *ဇိ | ဏ္ဍ | ဒ | နာ |
| တိ | ရိ | ဇိ | ယာ | ဇိ | သော | မ |
| နု | ဇိ | ပူ | | မာ | ဇိ | နော |
| ဇ | မာ | ဇိ | သံ | ဇိ | စ | ရ |
| နု | ပွ | ရိ | ဇိ | ဓ | နု | တော |
| ရာ | တော | ဋ္ဌ | တေ | သိ | နော | မွော |

(၁၃) မှူ + ယာ

| | | | | | | |
|---|---|---|---|---|---|---|
| နော | တော | ရ | စ | မ | နာ | ဒ |
| နော | မွော | မာ | ဇိ | နော | နု | ဟံ |
| သိ | တေ | ဇိ | သော | ဇိ | ယာ | ဒ |
| ရိ | ဇိ | ဓ | | ယော | *ဇိ | ဏ္ဍ |
| ဋ္ဌ | သံ | ဇိ | မာ | ဇိ | နေ | လ |
| တော | ရာ | နု | ဇိ | ပူ | တေ | နာ |
| ပွ | နု | ဇ | ရိ | တိ | ယော | နု |

(၁၄) မှူ + ဝဲ

| | | | | | | |
|---|---|---|---|---|---|---|
| ရာ | နု | ဇ | နု | တိ | ယော | [illegible] |
| တော | ပွ | မာ | ဇိ | ရိ | နု | နာ |
| ဋ္ဌ | ရိ | ဇိ | ပူ | ဇိ | ယော | လ |
| တေ | ဇိ | သံ | | ယာ | *ဇိ | [illegible] |
| သိ | ဓ | ဇိ | မာ | ဇိ | ဏ္ဍ | ဒ |
| နော | နု | စ | ဇိ | သော | ဒ | [illegible] |
| မွော | တော | ရ | နော | မ | နာ | [illegible] |

(၁၅) မှူ + ယာ

| | | | | | | |
|---|---|---|---|---|---|---|
| ပွ | တော | ရ | စ | မ | နာ | ဒ |
| နော | မွော | မာ | ဇိ | နော | နု | ဟံ |
| သိ | တေ | ဇိ | သော | ဇိ | ယာ | ဒ |
| ရိ | ဇိ | ဓ | | ယော | ဇိ | ဏ္ဍ |
| ဋ္ဌ | သံ | ဇိ | မာ | ဇိ | နေ | လ |
| တော | ရာ | နု | *ဇိ | ပူ | တေ | နာ |
| ပွ | နု | ဇ | ရိ | တိ | ယော | နု |

(၁၆) မှူ + ဝဲ

| | | | | | | |
|---|---|---|---|---|---|---|
| မ | နော | မွော | နော | နု | ရိ | [illegible] |
| စ | ရ | မာ | ဇိ | တော | ဋ္ဌ | [illegible] |
| ဒ | ဟံ | ဇိ | ဓ | ဇိ | သံ | [illegible] |
| နာ | ဇိ | သော | | မာ | ဇိ | [illegible] |
| နု | ယာ | ဇိ | ယော | ဇိ | တော | [illegible] |
| နေ | ဒ | ယော | *ဇိ | ပူ | တိ | [illegible] |
| လ | ဏ္ဍ | နု | နာ | တေ | နု | [illegible] |



www.burmeseclassic.com

www.burmeseclassic.com

([illegible]) မှု + ယာ

| | | | | | | |
|---|---|---|---|---|---|---|
| [illegible] | ဏ္ဍ | န | နာ | တော | န | ဇ |
| နေ | ဒ | ယော | ဦ | ပူ | တိ | ရိ |
| န | ယာ | *ဦ | ယော | ဦ | တော | ပွ |
| နာ | ဦ | သော | | မာ | ဦ | န |
| န | တော | ဦ | မာ | ဦ | ပူ | တေ |
| ရ | ဣ | သံ | ဦ | တော | တိ | န |
| ဒီ | တေ | ရာ | န | ပွ | ရိ | ဇ |

(၁၈) မှု + ဝဲ

| | | | | | | |
|---|---|---|---|---|---|---|
| ဒ | နေ | န | ဟံ | ဒ | စ | ရ |
| ဏ္ဍ | လ | နာ | ဦ | သော | မ | နော |
| န | ယော | *ဦ | ယာ | ဦ | နော | မွော |
| ယော | ဦ | ပူ | | မာ | ဦ | တော |
| တေ | နာ | ဦ | သံ | ဦ | ခ | န |
| န | ဇ | မာ | ဦ | န | သိ | ရိ |
| တိ | ရိ | ပွ | တော | ရာ | တေ | ဣ |

([illegible]) မှု + ယာ

| | | | | | | |
|---|---|---|---|---|---|---|
| ဒီ | ရိ | န | နော | မွော | နော | မ |
| နော | ရ | ဟံ | ဦ | ယာ | ဒ. | ဏ္ဍ |
| မွော | မာ | ဦ | သော | *ဦ | ယော | န |
| နော | ဦ | ခ. | | ယော | ဦ | နာ |
| န | တော | ဦ | မာ | ဦ | ပူ | တေ |
| ရ | ဣ | သံ | ဦ | တော | တိ | န |
| ဒီ | တေ | ရာ | န | ပွ | ရိ | ဇ |

(၂၀) မှု + ဝဲ

| | | | | | | |
|---|---|---|---|---|---|---|
| တိ | န | တေ | ယော | န | ဏ္ဍ | ဒ |
| ရိ | ဇ | နာ | ဦ | ယော | လ | နေ |
| ပွ | မာ | ဦ | ပူ | *ဦ | နာ | န |
| တော | ဦ | သံ | | ယာ | ဦ | ဟံ |
| ရာ | န | ဦ | မာ | ဦ | သော | ဒ |
| တေ | သိ | ခ | ဦ | နော | မ | စ |
| ဣ | ရိ | န | တော | မွော | နော | ရ |

([illegible]) မှု + ယာ

| | | | | | | |
|---|---|---|---|---|---|---|
| ဒီ | ရိ | န | နော | မွော | နော | မ |
| [illegible] | ဣ | တော | ဦ | မာ | ရ | စ |
| [illegible] | သံ | ဦ | ခ | ဦ | ဟံ | ဒ |
| န | ဦ | မာ | | သော | ဦ | နာ |
| [illegible] | တော | ဦ | ယော | *ဦ | ယာ | န |
| [illegible] | တိ | ပူ | ဦ | ယော | ဒ | န |
| [illegible] | န | တေ | နာ | န | ဏ္ဍ | လ |

(၂၂) မှု + ဝဲ

| | | | | | | |
|---|---|---|---|---|---|---|
| ဣ | တေ | ရာ | တော | ပွ | ရိ | တိ |
| ရိ | သိ | န | ဦ | မာ | ဇ | န |
| န | ခ | ဦ | သံ | ဦ | နာ | တေ |
| တော | ဦ | မာ | | ပူ | ဦ | ယော |
| မွော | နော | ဦ | ယာ | *ဦ | ယော | န |
| နော | မ | သော | ဦ | နာ | လ | ဏ္ဍ |
| ရ | စ | ဒ | ဟံ | န | နေ | ဒ |



www.burmeseclassic.com

www.burmeseclassic.com

(၂၃) မှူ + ယာ

| | | | | | | |
|---|---|---|---|---|---|---|
| ဇ | ရှိ | ပွ | နှ | ရာ | တေ | သိ |
| နှာ | တိ | တော | ဇီ | သံ | ထွ | ရှိ |
| တေ | ပူ | ဇီ | မာ | ဇီ | တော | နှ |
| နှာ | ဇီ | ယော | | ဓ | ဇီ | နော |
| နှ | ယော | *ဇီ | သော | ဇီ | မာ | မွော |
| ကွ | ဒ | ယာ | ဇီ | ဟံ | ရ | နော |
| လ | နေ | နှ | နှာ | ဒ | စ | မ |

(၂၄) မှူ + ဝဲ

| | | | | | | |
|---|---|---|---|---|---|---|
| ရ | နော | မွော | တော | နှ | ရှိ | ထွ |
| စ | မ | နော | ဇီ | ဓ | သိ | တေ |
| ဒ | သော | ဇီ | မာ | ဇီ | နှ | ရာ |
| ဟံ | ဇီ | ယာ | | သံ | ဇီ | တော |
| နှ | နှာ | *ဇီ | ပူ | ဇီ | မာ | ပွ |
| နေ | နှာ | ယော | ဇီ | နှာ | ဇ | ရှိ |
| ဒ | ကွ | နှ | ယော | တေ | နှ | တိ |

(၂၅) မှန် + ယာ

| | | | | | | |
|---|---|---|---|---|---|---|
| တေ | ယော | တိ | နှ | ဇ | နှ | ရာ |
| နှာ | နှ | ရှိ | ဇီ | မာ | ပွ | တော |
| လ | ယော | ဇီ | ပူ | ဇီ | ရှိ | ထွ |
| နေ | *ဇီ | ယာ | | သံ | ဇီ | တေ |
| ဒ | ကွ | ဇီ | မာ | ဇီ | ဓ | သိ |
| ဟံ | ဒ | သော | ဇီ | စ | နှ | နော |
| နှ | နှာ | မ | နော | ရ | တော | မွော |

(၂၆) မှန် + ဝဲ

| | | | | | | |
|---|---|---|---|---|---|---|
| ဒ | နှာ | မ | စ | ရ | တော | နှ |
| ဟံ | နှ | နော | ဇီ | မာ | မွော | နော |
| ဒ | ယာ | ဇီ | သော | ဇီ | တေ | သိ |
| ကွ | *ဇီ | ယော | | မ | ဇီ | ရှိ |
| လ | နေ | ဇီ | မာ | ဇီ | သံ | ထွ |
| နှာ | ဈော | ပူ | ဇီ | နှ | ရာ | တော |
| နှ | ယော | တိ | ရှိ | ဇ | နှ | ပွ |

(၂၇) မှန် + ယာ

| | | | | | | |
|---|---|---|---|---|---|---|
| နှ | ဟံ | ဒ | နေ | လ | နှာ | တေ |
| နှာ | ဒ | ကွ | *ဇီ | ယော | နှ | ယော |
| မ | သော | ဇီ | ယာ | ဇီ | ရှိ | တိ |
| နော | ဇီ | မာ | | ပူ | ဇီ | နှ |
| ရ | စ | ဇီ | သံ | ဇီ | မာ | ဇ |
| တော | နှ | ဓ | ဇီ | ရှိ | ပွ | နှ |
| မွော | နော | သိ | တေ | ထွ | တော | ရာ |

(၂၈) မှန် + ဝဲ

| | | | | | | |
|---|---|---|---|---|---|---|
| နှ | နှာ | လ | ကွ | ဒ | ဟံ | ဒ |
| ယော | တေ | နေ | *ဇီ | ယာ | နှ | နှာ |
| တိ | ပူ | နေ | ဇီ | ယာ | နှ | နှာ |
| ရှိ | ဇီ | မာ | | သော | ဇီ | စ |
| ဇ | နှ | ဇီ | ဓ | ဇီ | မာ | ရ |
| နှ | ရာ | သံ | ဇီ | တေ | မွော | တော |
| ပွ | တော | ထွ | ရှိ | သိ | နော | [illegible] |



www.burmeseclassic.com

www.burmeseclassic.com

(၂၉) မှန် + ယာ

| | | | | | | |
|---|---|---|---|---|---|---|
| မွှာ | တော | ရ | နော | မ | နာ | န |
| နော | န | စ | ဇိ | သော | ဒ | ဟံ |
| သိ | ဓ | ဇိ | မာ | ဇိ | န္တ | ဒ |
| [illegible] | ဇိ | သံ | | ယာ | *ဇိ | နေ |
| [illegible] | ရိ | ဇိ | ပူ | ဇိ | ယော | လ |
| [illegible] | ပွ | မာ | ဇိ | ရိ | န | နာ |
| [illegible] | န | ဇ | န | တိ | ယော | တေ |

(၃၀) မှန် + ဝဲ

| | | | | | | |
|---|---|---|---|---|---|---|
| ပွ | န | ဇ | ရိ | တိ | ယော | န |
| တော | ရာ | န | ဇိ | ပူ | တေ | နာ |
| ဏ္ဍ | သံ | ဇိ | မာ | ဇိ | နေ | လ |
| ရိ | ဇိ | ဓ | | ယော | *ဇိ | န္တ |
| သိ | တေ | ဇိ | သော | ဇိ | ယာ | ဒ |
| နော | မွှာ | မာ | ဇိ | နော | န | ဟံ |
| န | တော | ရ | စ | မ | နာ | ဒ |

(၃၁) မှန် + ယာ

| | | | | | | |
|---|---|---|---|---|---|---|
| ရာ | တော | ဏ္ဍ | တေ | သိ | နော | မွှာ |
| [illegible] | ပွ | ရိ | ဇိ | ဓ | န | တော |
| [illegible] | မာ | ဇိ | သံ | ဇိ | စ | ရ |
| [illegible] | ဇိ | ပူ | | မာ | ဇိ | နော |
| တိ | ရိ | ဇိ | ယာ | ဇိ | သော | မ |
| [illegible] | န | ယော | *ဇိ | န္တ | ဒ | နာ |
| [illegible] | နာ | လ | နေ | ဒ | ဟံ | န |

(၃၂) မှန် + ဝဲ

| | | | | | | |
|---|---|---|---|---|---|---|
| န | နော | သိ | ရိ | ဏ္ဍ | တော | ပွ |
| တော | မွှာ | တေ | ဇိ | သံ | ရာ | န |
| ရ | မာ | ဇိ | ဓ | ဇိ | န | ဇ |
| စ | ဇိ | သော | | မာ | ဇိ | ရိ |
| မ | နော | ဇိ | ယော | ဇိ | ပူ | တိ |
| နာ | န | ယာ | *ဇိ | နေ | တေ | ယော |
| ဒ | ဟံ | ဒ | န္တ | လ | နာ | န |

(၃၃) မူ + ယာ

| | | | | | | |
|---|---|---|---|---|---|---|
| [illegible] | န | ယော | တိ | န | ဇ | ရိ |
| [illegible] | နာ | ဇိ | ပူ | တေ | န | ပွ |
| နေ | န | ယော | ဇိ | မာ | ဇိ | တော |
| [illegible] | ယာ | *ဇိ | | ဇိ | သံ | ဏ္ဍ |
| ဟံ | ဇိ | သော | ဇိ | ဓ | ရာ | တေ |
| [illegible] | နာ | မွှာ | မာ | ဇိ | နော | သိ |
| [illegible] | မ | နော | ရ | တော | န | ရိ |

(၃၄) မူ + ဝဲ

| | | | | | | |
|---|---|---|---|---|---|---|
| နေ | န | နာ | မ | စ | ရ | နော |
| ဒ | ဟံ | ဇိ | သော | ဒ | တော | မွှာ |
| န္တ | န | ယာ | ဇိ | မာ | ဇိ | နော |
| လ | ယော | *ဇိ | | ဇိ | ဓ | သိ |
| နာ | ဇိ | ပူ | ဇိ | သံ | န | ရိ |
| တေ | ယော | ပွ | မာ | ဇိ | တော | ဏ္ဍ |
| န | တိ | ရိ | ဇ | န | ရာ | တေ |



www.burmeseclassic.com

www.burmeseclassic.com

(၃၅) မူ + ယာ

| | | | | | | |
|---|---|---|---|---|---|---|
| စ | ဒ | ဟံ | ဒ | နေ | လ | ဏ္ဍ |
| မ | နာ | ဇီ | ယာ | န | နာ | န |
| နော | မွော | သော | *ဇီ | ယော | ဇီ | ယော |
| ရ | မာ | ဇီ | | ဇီ | ပူ | တိ |
| တော | ဇီ | ဓ | ဇီ | မာ | တေ | န |
| န | နော | ရာ | သံ | ဇီ | န | ဇ |
| ရိ | သိ | တေ | ဿ | တော | ပွ | ရိ |

(၃၆) မူ + ဝဲ

| | | | | | | |
|---|---|---|---|---|---|---|
| န | တေ | နာ | လ | ဏ္ဍ | ဒ | နေ |
| တိ | ယော | ဇီ | ယော | န | ဟံ | န |
| ရိ | ပွ | ပူ | *ဇီ | ယာ | ဇီ | နာ |
| ဇ | မာ | ဇီ | | ဇီ | သော | မ |
| န | ဇီ | သံ | ဇီ | မာ | ဒ | [illegible] |
| ရာ | တော | န | ဓ | ဇီ | တော | ရ |
| တေ | ဿ | ရိ | သိ | နော | မွော | နော |

(၃၇) မူ + ယာ

| | | | | | | |
|---|---|---|---|---|---|---|
| ရိ | န | တော | ရ | နော | မ | စ |
| သိ | နော | ဇီ | မာ | မွော | နာ | ဒ |
| တေ | ရာ | ဓ | ဇီ | သော | ဇီ | ဟံ |
| ဿ | သံ | ဇီ | | *ဇီ | ယာ | ဒ |
| တော | ဇီ | မာ | ဇီ | ယော | န | နေ |
| ပွ | န | တေ | ပူ | ဇီ | နာ | လ |
| ရိ | ဇ | န | တိ | ယော | န | ဏ္ဍ |

(၃၈) မူ + ဝဲ

| | | | | | | |
|---|---|---|---|---|---|---|
| တေ | ရာ | န | ဇ | ရိ | တ | န |
| ဿ | ယော | ဇီ | မာ | ပွ | ယော | [illegible] |
| ရိ | န | သံ | ဇီ | ပူ | ဇီ | နာ |
| သိ | ဓ | ဇီ | | *ဇီ | ယော | [illegible] |
| နော | ဇီ | မာ | ဇီ | ယာ | န | [illegible] |
| မွော | တော | ဒ | သော | ဇီ | ဟံ | [illegible] |
| နော | ရ | စ | မ | နာ | န | [illegible] |

(၃၉) မူ + ယာ

| | | | | | | |
|---|---|---|---|---|---|---|
| ရိ | ပွ | တော | ဿ | တေ | သိ | ရိ |
| ဇ | န | ဇီ | သံ | ရာ | နော | န |
| န | တေ | မာ | ဇီ | ဓ | ဇီ | တော |
| တိ | ဇီ | ဇီ | | ဇီ | မာ | ရ |
| ယော | ဇီ | ယော | *ဇီ | သော | မွော | နော |
| န | နာ | န | ယာ | ဇီ | နာ | မ |
| ဏ္ဍ | လ | နေ | ဒ | ဟံ | ဒ | စ |

(၄၀) မူ + ဝဲ

| | | | | | | |
|---|---|---|---|---|---|---|
| နော | မွော | နော | သိ | ရိ | ဿ | [illegible] |
| ရ | တော | ဇီ | ဓ | န | တော | [illegible] |
| စ | ဒ | မာ | ဇီ | သံ | ဇီ | [illegible] |
| မ | သော | ဇီ | | ဇီ | မာ | [illegible] |
| နာ | ဇီ | ယာ | *ဇီ | ပူ | ပွ | [illegible] |
| န | ဟံ | န | ယော | ဇီ | ယော | [illegible] |
| နေ | ဒ | ဏ္ဍ | လ | နာ့ | တေ | [illegible] |



www.burmeseclassic.com

www.burmeseclassic.com

(၄၁) မှူ + ယာ

| | | | | | | |
|---|---|---|---|---|---|---|
| တံ | ဒ | တ္တ | န | နာ | တေ | ယော |
| န | နေ | *ဦ | ယော | လ | န | တိ |
| နာ | မ | ယာ | ဦ | ပူ | ဦ | ရိ |
| ဒ | သော | ဦ | | ဦ | မာ | ပွ |
| စ | ဦ | မာ | ဦ | သံ | ဇ | န |
| ရ | နော | သိ | ဓ | ဦ | တေ | ရာ |
| တော | မွော | နော | န | ရိ | ဿ | တော |

(၄၂) မှူ + ဝဲ

| | | | | | | |
|---|---|---|---|---|---|---|
| နာ | လ | နေ | န | ဟံ | ဒ | နာ |
| န | တ္တ | *ဦ | ယာ | ဒ | စ | မ |
| ယော | တိ | ယော | ဦ | သော | ဦ | နော |
| တေ | ပူ | ဦ | | ဦ | မာ | မွော |
| န | ဦ | မာ | ဦ | ဓ | ရ | တော |
| ဇ | ရိ | ဿ | သံ | ဦ | ရိ | န |
| န | ပွ | တော | ရာ | တေ | သိ | နော |

(၄၃) မှူ + ယာ

| | | | | | | |
|---|---|---|---|---|---|---|
| တော | ရ | စ | ဒ | နာ | န | ဟံ |
| မွော | နော | ဦ | သော | မ | နေ | ဒ |
| နော | သိ | မာ | ဦ | ယာ | *ဦ | တ္တ |
| န | ဓ | ဦ | | ဦ | ယော | န |
| ရိ | ဦ | သံ | ဦ | ပူ | လ | နာ |
| ဿ | တေ | ဇ | မာ | ဦ | န | တေ |
| တော | ရာ | န | ပွ | ရိ | တိ | ယော |

(၄၄) မှူ + ဝဲ

| | | | | | | |
|---|---|---|---|---|---|---|
| န | ဇ | န | တေ | ယော | န | နာ |
| ပွ | ရိ | ဦ | ပူ | တိ | တ္တ | လ |
| တော | ဿ | မာ | ဦ | ယော | *ဦ | နေ |
| ရာ | သံ | ဦ | | ဦ | ယာ | န |
| တေ | ဦ | ဓ | ဦ | သော | ဒ | ဟံ |
| သိ | ရိ | ရ | မာ | ဦ | စ | ဒ |
| နော | န | တော | မွော | နော | မ | နာ |

(၄၅) မှူ + ယာ

| | | | | | | |
|---|---|---|---|---|---|---|
| တော | ဿ | ရိ | န | နော | မွော | တော |
| ရာ | တေ | ဦ | ဓ | သိ | နော | ရ |
| န | ဇ | သံ | ဦ | မာ | ဦ | စ |
| ပွ | မာ | ဦ | | ဦ | သော | ဒ |
| ရိ | ဦ | ပူ | ဦ | ယာ | မ | နာ |
| တိ | န | လ | ယော | *ဦ | နေ | န |
| ယော | တေ | နာ | န | တ္တ | ဒ | ဟံ |

(၄၆) မှူ + ဝဲ

| | | | | | | |
|---|---|---|---|---|---|---|
| နော | သိ | တေ | ရာ | တော | ပွ | န |
| န | ရိ | ဦ | သံ | ဿ | ရိ | ဇ |
| တော | ရ | ဓ | ဦ | မာ | ဦ | န |
| မွော | မာ | ဦ | | ဦ | ပူ | တေ |
| နော | ဦ | သော | ဦ | ယော | တိ | ယော |
| မ | ဓ | ဒ | ယာ | *ဦ | တ္တ | န |
| နာ | ဒ | ဟံ | န | နေ | လ | နာ |



www.burmeseclassic.com

www.burmeseclassic.com

(၄၇) မှူ + ယာ

| | | | | | | |
|---|---|---|---|---|---|---|
| ဟံ | ဒ | ဏ္ဍ | န | နာ | တေ | ယော |
| န | နေ | ဇိ | ယော | လ | န | တိ |
| နာ | မ | ယာ | ဇိ | ပူ | ဇိ | ရိ |
| ဒ | သော | ဇိ | | ဇိ | မာ | ပွ |
| စ | *ဇိ | မာ | ဇိ | သံ | ဇ | န |
| ရ | နော | သိ | ဓ | ဇိ | တေ | ရာ |
| တော | မွှော | နော | န | ရိ | ဍ္ဍ | တော |

(၄၈) မှူ + ဝဲ

| | | | | | | |
|---|---|---|---|---|---|---|
| နော | လ | နေ | န | ဟံ | ဒ | နာ |
| န | ဏ္ဍ | ဇိ | ယာ | ဒ | စ | မ |
| ယော | တိ | ယော | ဇိ | သော | ဇိ | နော |
| တေ | ပူ | ဇိ | | ဇိ | မာ | မွှော |
| န | *ဇိ | မာ | ဇိ | ဓ | ရ | တော |
| ဇ | ရိ | ဍ္ဍ | သံ | ဇိ | ရိ | န |
| န | ပွ | တော | ရာ | တေ | သိ | နော |

(၄၉) မှန် + ယာ

| | | | | | | |
|---|---|---|---|---|---|---|
| န | တိ | ရိ | ဇ | န | ရာ | တေ |
| တေ | ယော | ပွ | မာ | ဇိ | တော | ဍ္ဍ |
| နာ | ဇိ | ပူ | ဇိ | သံ | န | ရိ |
| လ | ယော | *ဇိ | | ဇိ | ဓ | သိ |
| ဏ္ဍ | န | ယာ | ဇိ | မာ | ဇိ | နော |
| ဒ | ဟံ | ဇိ | သော | ဒ | တော | မွှော |
| နေ | န | နာ | မ | စ | ရ | နော |

(၅၀) မှန် + ဝဲ

| | | | | | | |
|---|---|---|---|---|---|---|
| စ | မ | နော | ရ | တော | န | ရိ |
| ဒ | နာ | မွှော | မာ | ဇိ | နော | သိ |
| ဟံ | ဇိ | သော | ဇိ | ဓ | ရာ | တေ |
| ဒ | ယာ | *ဇိ | | ဇိ | သံ | ဍ္ဍ |
| နေ | န | ယော | ဇိ | မာ | ဇိ | တော |
| လ | နာ | ဇိ | ပူ | တေ | န | ပွ |
| ဏ္ဍ | န | ယော | တိ | န | ဇ | ရိ |

(၅၁) မှန် + ယာ

| | | | | | | |
|---|---|---|---|---|---|---|
| နေ | ဒ | ဏ္ဍ | လ | န | တေ | န |
| န | ဟံ | န | ယော | ဇိ | ယော | တိ |
| နာ | ဇိ | ယာ | *ဇိ | ပူ | ပွ | ရိ |
| မ | သော | ဇိ | | ဇိ | မာ | ဇ |
| စ | ဒ | မာ | ဇိ | သံ | ဇိ | န |
| ရ | တော | ဇိ | ဓ | န | တော | ရာ |
| နော | မွှော | နော | သိ | ရိ | ဍ္ဍ | တေ |

(၅၂) မှန် + ဝဲ

| | | | | | | |
|---|---|---|---|---|---|---|
| ဏ္ဍ | လ | နေ | ဒ | ဟံ | ဒ | စ |
| န | နာ | န | ယာ | ဇိ | နာ | မ |
| ယော | ဇိ | ယော | *ဇိ | သော | မွှော | နော |
| တိ | ပူ | ဇိ | | ဇိ | မာ | ရ |
| န | တေ | မာ | ဇိ | ဓ | ဇိ | တော |
| ဇ | န | ဇိ | သံ | ရာ | နော | န |
| ရိ | ပွ | တော | ဍ္ဍ | တေ | သိ | ရိ |



www.burmeseclassic.com

www.burmeseclassic.com

(၅၃) မုန် + ယာ

| | | | | | | |
|---|---|---|---|---|---|---|
| နော | ရ | စ | မ | နာ | န | နေ |
| မွှော | တော | ဒ | သော | ဇီ | ဟံ | ဒ |
| နော | ဇီ | မာ | ဇီ | ယာ | န | တ္တိ |
| သိ | ဓ | ဇီ | | *ဇီ | ယော | လ |
| ရှိ | န | သံ | ဇီ | ပူ | ဇီ | နာ |
| ဏ္ဍ | တော | ဇီ | မာ | ပွ | ယော | တေ |
| တေ | ရာ | န | ဇ | ရှိ | တိ | န |

(၅၄) မုန် + ဝဲ

| | | | | | | |
|---|---|---|---|---|---|---|
| ရှိ | ဇ | န | တိ | ယော | န | တ္တိ |
| ပွ | န | တေ | ပူ | ဇီ | နာ | လ |
| တော | ဇီ | မာ | ဇီ | ယော | န | နေ |
| ဏ္ဍ | သံ | ဇီ | | *ဦ | ယာ | ဒ |
| တေ | ရာ | ဓ | ဇီ | သော | ဇီ | ဟံ |
| သိ | နော | ဇီ | မာ | မွှော | နာ | ဒ |
| ရှိ | န | တော | ရ | နော | မ | စ |

(၅၅) မုန် + ယာ

| | | | | | | |
|---|---|---|---|---|---|---|
| တေ | ဏ္ဍ | ရှိ | သိ | နော | မွှော | နော |
| ရာ | တော | န | ဓ | ဇီ | တော | ရ |
| န | ဇီ | သံ | ဇီ | မာ | ဒ | စ |
| ဇ | မာ | ဇီ | | ဇီ | သော | မ |
| ရှိ | ပွ | ပူ | *ဇီ | ယာ | ဇီ | နာ |
| တိ | ယော | ဇီ | ယော | န | ဟံ | န |
| န | တေ | နာ | လ | တ္တိ | ဒ | န |

(၅၆) မုန် + ဝဲ

| | | | | | | |
|---|---|---|---|---|---|---|
| ရှိ | သိ | တေ | ဏ္ဍ | တော | ပွ | ရှိ |
| န | နော | ရာ | သံ | ဇီ | န | ဇ |
| တော | ဇီ | ဓ | ဇီ | မာ | တေ | န |
| ရ | မာ | ဇီ | | ဇီ | ပူ | တိ |
| နော | မွှော | သော | *ဦ | ယော | ဇီ | ယော |
| မ | နာ | ဇီ | ယာ | န | နာ | န |
| စ | ဒ | ဟံ | ဒ | နေ | လ | တ္တိ |

(၅၇) မုန် + ယာ

| | | | | | | |
|---|---|---|---|---|---|---|
| နာ | န | ယော | တေ | န | ဇ | န |
| [illegible] | တ္တိ | တိ | ပူ | ဇီ | ရှိ | ပွ |
| [illegible] | *ဦ | ယေယာ | ဇီ | မာ | ဏ္ဍ | တော |
| [illegible] | ယာ | ဇီ | | ဇီ | သံ | ရာ |
| [illegible] | ဒ | သော | ဇီ | ဓ | ဇီ | တေ |
| [illegible] | စ | ဇီ | မာ | ရ | ရှိ | သိ |
| နာ | မ | နော | မွှော | တော | န | နော |

(၅၈) မုန် + ဝဲ

| | | | | | | |
|---|---|---|---|---|---|---|
| ဟံ | န | နာ | ဒ | စ | ရ | တော |
| ဒ | နေ | မ | သော | ဇီ | နော | မွှော |
| တ္တိ | *ဇီ | ယာ | ဇီ | မာ | သိ | နော |
| န | ယော | ဇီ | | ဇီ | ဓ | န |
| နာ | လ | ပူ | ဇီ | သံ | ဇီ | ရှိ |
| တေ | န | ဇီ | မာ | ဇ | တေ | ဏ္ဍ |
| ယော | တိ | ရှိ | ပွ | န | ရာ | တော |



www.burmeseclassic.com

www.burmeseclassic.com

(၅၉) မှန် + ယာ

| | | | | | | |
|---|---|---|---|---|---|---|
| နာ | ဒ | ဟံ | န | နေ | လ | နာ |
| မ | စ | ဒ | ယာ | *ဣ | တ္တ | န |
| နော | ဣ | သော | ဣ | ယော | တိ | ယော |
| မွော | မာ | ဣ | | ဣ | ပူ | တေ |
| တော | ရ | ခ | ဣ | မာ | ဣ | န |
| န | ရိ | ဣ | သံ | ဿ | ရိ | ဇ |
| နော | သိ | တေ | ရာ | တော | ပွ | န |

(၆၀) မှန် + ဝဲ

| | | | | | | |
|---|---|---|---|---|---|---|
| ယော | တေ | နာ | န | တ္တ | ဒ | ဟံ |
| တိ | န | လ | ယော | *ဣ | နေ | န |
| ရိ | ဣ | ပူ | ဣ | ယာ | မ | နာ |
| ပွ | မာ | ဣ | | ဣ | သော | ဒ |
| န | ဇ | သံ | ဣ | မာ | ဣ | စ |
| ရာ | တော | ဣ | ခ | သိ | နော | ရ |
| တော | ဿ | ရိ | န | နော | မွော | တော |

(၆၁) မှန် + ယာ

| | | | | | | |
|---|---|---|---|---|---|---|
| နော | န | တော | မွော | နော | မ | နာ |
| သိ | ရိ | ရ | မာ | ဣ | စ | ဒ |
| တေ | ဣ | ခ | ဣ | သော | ဒ | ဟံ |
| ရာ | သံ | ဣ | | ဣ | ယာ | န |
| တော | ဿ | မာ | ဣ | ယော | *ဣ | နေ |
| ပွ | ရိ | ဣ | ပူ | တိ | တ္တ | လ |
| န | ဇ | န | တေ | ယော | န | နာ |

(၆၂) မှန် + ဝဲ

| | | | | | | |
|---|---|---|---|---|---|---|
| တော | ရာ | န | ပွ | ရိ | တိ | ယော |
| ဿ | တေ | ဇ | မာ | ဣ | န | တော |
| ရိ | ဣ | သံ | ဣ | ပူ | လ | နာ |
| န | ခ | ဣ | | ဣ | ယော | န |
| နော | သိ | မာ | ဣ | ယာ | *ဣ | တ္တ |
| မွော | နော | ဣ | သော | မ | နေ | ဒ |
| တော | ရ | စ | ဒ | နာ | န | ဟံ |

(၆၃) မှန် + ယာ

| | | | | | | |
|---|---|---|---|---|---|---|
| န | ပွ | တော | ရာ | တေ | သိ | နော |
| ဇ | ရိ | ဿ | သံ | ဣ | ရိ | န |
| န | ဣ | မာ | ဣ | ခ | ရ | တော |
| တေ | ပူ | ဣ | | ဣ | မာ | မွော |
| ယော | တိ | ယော | ဣ | သော | ဣ | နော |
| န | တ္တ | *ဣ | ယာ | ဒ | စ | မ |
| နာ | လ | နေ | န | ဟံ | ဒ | နာ |

(၆၄) မှန် + ဝဲ

| | | | | | | |
|---|---|---|---|---|---|---|
| တော | မွော | နော | န | ရိ | ဿ | တော |
| ရ | နော | သိ | ခ | ဣ | တေ | ရာ |
| စ | ဣ | မာ | ဣ | သံ | ဇ | န |
| ဒ | သော | ဣ | | ဣ | မာ | ပွ |
| နာ | မ | ယာ | ဣ | ပူ | ဣ | ရိ |
| န | နေ | *ဣ | ယော | လ | န | တိ |
| ဟံ | ဒ | တ္တ | န | နာ | တော | ယော |



www.burmeseclassic.com

www.burmeseclassic.com

ကြိမ်ရွေးချယ်ရပါမည်။

**အစီအရင်**

သာမန်အင်းတစ်ကွက်၏ အစီအရင်မျိုးမဟုတ်ဘဲ အစွမ်းထက် သိဒ္ဓိမြောက် အစီအရင် ဖြစ်သောကြောင့် ဤစာမျက်ထက်၌ အသေးစိတ်ဖော်ပြပေးရန်မှာ တာဝန်ကြီးလှပါသည်။

ဘုရား၊ တရား၊ သံဃာ၊ ရတနာမြတ်သုံးပါးတို့၏ ဂုဏ်တော်စက်ဝန်းများ၊ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တို့၏ အာဏာစက်ဝန်းများ၊ မိမိကိုယ်တိုင်၏ မေတ္တာစက်ဝန်း၊ သစ္စာစက်ဝန်း၊ အဓိဋ္ဌာန်စက်ဝန်းများ လွှမ်းခြုံလျက် ထိုစက်ဝန်းများအောက်၌သာ ဤအစီအရင်ကို ပြုလုပ်ပါဟု လမ်းညွှန်အပ်ပါသည်။

**အသုံး**

အင်းတစ်ကွက်ချင်းကိုအကြောင်းကိစ္စအားလျော်စွာ မိမိဉာဏ်နှင့် ယှဉ်၍ အသုံးပြုနိုင်ပါသည်။ အင်းပေါင်းပြာပြု၍လည်း ဆင်းတုတော်များ၌ ဌာပနာဖော်ခြင်း၊ ဆေးဓား၊ ဆေးကြိမ်လုံးများ၌ အရိုးကိုင်စီရင်ခြင်း၊ ရောဂါကြီးများအတွက် ပျားရည်ဖြင့်တိုက်ကျွေးကုသခြင်းများ၌ အသုံးပြုနိုင်ပါသည်။ ထို့ပြင် အင်္ဂရုပ်အသုံး၌လည်း ငွေယားသတ်ခြင်းကဲ့သို့သော ဂမ္ဘီရအဆောင်အရွက်များ၌ အဖို-အမအင်းတစ်စုံဖြင့်ဖြစ်စေ၊ အင်းပေါင်းပြာဖြင့်ဖြစ်စေ အစွမ်းထက်မြက်စွာ အသုံးပြုနိုင်ပါသည်။ ကြေးပြားများ၌ အင်းပေါင်းဘုရားအဖြစ် သွန်းလုပ် ပူဇော်နိုင်ပါသည်။

အသုံးများမှာ မိမိဉာဏ်ရှိသလောက် ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနိုင်ကြသလို အသေးစိတ်ဆောင်ရွက်ရသည့် အဆောင်အရွက်များလည်းများစွာရှိနေပါမည်။ ပညာရပ်ထဲ ထဲထဲဝင်ဝင်ရှိသာသည်နှင့်အမျှ အသုံးများကို သိရှိလာပါလိမ့်မည်။

**အကျိုးကျေးဇူး**

သာမန်အင်းတစ်ကွက်သည်ပင် ထိုက်သင့်သလောက် အစွမ်းသတ္တိကို ဖြစ်စေ၏။ စကြာအင်းတစ်ကွက်မှာမူ ယာယီပြီးစီးခြင်း (ဇင်္ဂမသိဒ္ဓိ) အထိ အစွမ်းသတ္တိကိုဖြစ်စေ၏။ (စကြာအင်းတစ်ကွက်ဖြင့် နှလုံးရောဂါ ပျောက်ကင်းခြင်းသည် ကိုယ်တွေ့ဖြစ်၏)

တစ်ဆင့်ထက်တစ်ဆင့် မြင့်တက်လာသောအကျိုးရလဒ်များကြောင့် ရှေ့ဆက်လာမည့် အကျိုးကျေးဇူးများကိုလည်း ကြိုတင်၍ မှန်းဆနိုင်၏။ ယာယီပြီးစီးခြင်းပြီးလျှင် ထာဝရပြီးစီးခြင်း (ထာဝရသိဒ္ဓိ) သာ ဖြစ်ချေ၏။

ထို့ကြောင့် စကြာအင်းသိုက်များ၏ အကျိုးကျေးဇူးသည် ထာဝရသိဒ္ဓိအထိ အစွမ်းသတ္တိကို ဖြစ်စေမည်ဟု မှန်းဆနိုင်ပါသည်။

အစွမ်းထက် အစီအရင်ဖြစ်သည်နှင့်အညီ ပလိဗေဓဖြတ်ခြင်း၊ ပရိက်ကောင်းစွာပြုခြင်းတို့နှင့်အတူ စရဏအားမှာလည်း ပညာနှင့်လူ လိုက်ဖက်ညီအောင် ဟန်ချက်ညီပါက ဤအစီအရင်သည် မအောင်မြင်စရာမရှိပါ။

ကျွန်ုပ်သည် အစွမ်းထက် သိဒ္ဓိမဟိဒ္ဓိနယ်ပယ်သို့ အရောက်သွားနိုင်သော လမ်းကြောင်းတစ်ခုအား ပညာမျက်စိဖြင့် ကြည်လင်စွာ မြင်ထားမိသူသာ ဖြစ်ပါသည်။ ပညာနှင့်လူ ဟန်ချက်ညီအောင်ကြိုးစားနေဆဲမို့ ဤခရီးအားအရောက်သွားပြီးသူ မဟုတ်သေးပါ။ ခေတ်နှင့်အညီ ပြောရသော် ချဉ်းကပ်လမ်းဘေးမှသာရှိသေး၏။ ထိုလမ်းဘေးမှာပင် ထုံ့ပိုင်းထုံးပိုင်းလျှောက်မိသမျှလေးမှ ဝဲ၊ ယာမြင်ကွင်းများကို ပြန်လည်ပြောပြသူ၊ ခူးဆွတ်ခွင့်ကြုံလာသည့် အသီးအပွင့်အချို့မျှကိုသာ သုံးဆောင်ဖူးသူ ဖြစ်ပါသည်။ သို့အတွက် ရရှိလာမည့်အကျိုးကျေးဇူးများကို အနုမာနလုပ်ပြီးမပြောလို။

မိမိတို့၏လောဘ၊ဒေါသ၊မောဟစရိုက်များအရ၊ မိမိတို့၏ သီလအား၊ သမာဓိအားများအရ တစ်ဦးနှင့် တစ်ဦးခံစားရရှိလာမည့် အကျိုးရလဒ်များ မတူနိုင်သော်လည်း ချိုမြိန်သော၊ အကျိုးကျေးဇူးကြီးမားသော အသီးအပွင့်တစ်မျိုးမျိုးကို ရရှိခံစားကြရမည်ကား မလွဲပါ။ လမ်းကားရှိနေပါ၏။ လျှောက်ကြည့်ပါ။ လမ်းဆုံးလျှင် ရှာတွေ့ပါမည်။

■

အင်းကောင်းတစ်ကွက်၏ ဂုဏ်အင်္ဂါရပ်များကို 'စက်များ' ဖြင့် စခဲ့ရာယခုဆိုလျှင် စကြာအင်းသိုက်များအကြောင်းပင် ဖော်ပြလိုပြီးပါပြီ။ ဆောင်းပါး (၇) ပုဒ်ဖြင့် အဆင့်မြင့်အင်းများအား စာဖတ်သူများထံသို့ အရောက်ပို့ပေးနိုင်ခဲ့ပါပြီ။

အမှန်ဆိုရသော် အင်းသိုက်များကို ဤမျှအထိ မဖော်ပြလိုပါ။ အပတ်တကုတ် ကြိုးစားအားထုတ်ပြီးမှ ရလာသော အသီးအပွင့်များဖြစ်သဖြင့် ဖောဖောသီသီပေးရမှာ နှမြော၏။ မှန်တာပြောသစ္စာပါ။ သို့သော် မြန်မာ့အင်းပညာရပ်ကြီး ဖွံ့ဖြိုးစည်ပင်ဖို့ရာ အသွားများ၏အခန်းကဏ္ဍသည် ဤသို့ဤနှယ်ဖြစ်သည်ဟု ထင်ရှားစေလိုသည်ကတစ်ကြောင်း၊ မြန်မာ့အင်းပညာရပ်၏ အထုအထည်ကို တစ်စိတ်တစ်ပိုင်းမျှဖြစ်ဖြစ် မြင်ကြစေလိုသည်က တစ်ကြောင်း၊ ထို့ပြင်လည်း အဖိုးတန် ပညာရပ်များကို သေရွာသို့ ယူမသွားလိုသည်ကတစ်ကြောင်း၊ ထိုအကြောင်းများကြောင့် နှမြောသော်လည်း အင်းသိုက်တစ်ခုလုံးအား ဖော်ပြပေးလိုက်ပါသည်။

ဤဆောင်ပါးအစုဖြင့် မြန်မာ့အင်းပညာရပ်တစ်ခုလုံး၌ အမှန်တကယ်လိုအပ်နေသော အသွားကွက်လပ်တစ်ခုအား ပြည့်ပြည့်ဝဝ ဖြည့်ဆည်းပေးလိုက်နိုင်ပြီး အုတ်တစ်ချပ် သဲတစ်ပွင့် ပမာဏထက် ပိုမိုစွာ အထောက်အကူပေးလိုက်နိုင်ပြီဟု ယုံကြည်ပါသည်။

ထို့အပြင် -

ပညာထုပ်တစ်ထုပ်အား နှောင်းလူတို့အတွက်ချန်ထားပေးခဲ့သော အဘဘားမဲ့ဆရာတော်ဘုရားကြီးနှင့် ထိုပညာထုပ်အား လူအများမြင်ကွင်းရှေ့မှောက်သို့ ရှာဖွေ၊ စုဆောင်း၊ ပို့ဆောင်ပေးခဲ့သော မန္တလေးမြို့ အနောက်ပြင် သံလျက်မော်ဆရာတော်တို့၏ကျေးဇူးတော်များအား အတိုင်းအတာတစ်ခုအားဖြင့် ကျေးဇူးဆပ်နိုင်လိုက်ပြီဟု ပီတိဖြစ်ရပါ၏။

အခြေခံအသိသညာ အယူအဆများကပင် စွမ်းအားကြီးသော၊ ထက်မြက်သောအင်းများကို ပေါ်ထွန်းလာစေပါသည်။

စာဖတ်သူအပေါင်း စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများဖြင့် တစ်လုံးတစ်ဝတည်း ထာဝရပြည့်စုံနိုင်ကြပါစေ။

*အနန္တငါးပါးနှင့်တကွ၊ အင်းပညာရှင်တို့၏ ဖခင်ကြီး ဘားမဲ့ဆရာတော်အား ဦးထိပ်ထားလျက်။*

ဆရာဇော (အင်းတစ်ထောင်)



www.burmeseclassic.com

www.burmeseclassic.com



(မန္တလေး)

# ခင်မောင်အေး

## မုဆိုးတစ်ဦး၏ဒိုင်ယာရီ(၂)

ကျွန်တော်၏ အသက်မွေးဝမ်းကျောင်းက မုဆိုးဖြစ်လာဖို့ ကံဇာတာပါသည်ဟု ဆိုရချိမ့်မည်။ ဘာကြောင့်ဆိုလျှင် ကနဦးရင်ဆိုင်ရသည့်အမဲက သတ္တဝါထဲတွင် အကြီးဆုံးဖြစ်သည့် စွယ်စုံဆင်ကြီးတစ်ကောင် ဖြစ်နေခြင်းပင်။ သည့်နောက် ကျွန်တော်သည် သက်စွန့်ဆံဖျား သည်းထိတ်ရင်ဖိုရင်သိမ့်တုန်ကာ လှုပ်ရှားရသည့် စိတ်ဝင်စားဖွယ်ရာ မုဆိုးလုပ်ငန်းကို တစိုက်မက်မက် နှစ်ခြိုက်စွဲလမ်းစွာ လုပ်ကိုင်ခဲ့မိပါတော့သည်။

ကျွန်တော်၏ မုဆိုးဒိုင်ယာရီကို ခြသေ့်ပစ်ခတ်ခြင်းမှ စတင်ခဲ့ပါသည်။ မွန်ဘာဆာတွင် ခြသေ့်သားရေတစ်ချပ်ကို တစ်ပေါင်၊ ကျားသစ်ရေတစ်ချပ်ကိုလည်း တစ်ပေါင်နီးပါးခန့်နှင့် ရောင်းချနိုင်သည်။ ထိုအချိန်က နိုင်ရိုဘီ၏အရှေ့တောင်ဘက် မိုင်နှစ်ရာခန့်အကွာ ဆာဗိုဒေသတစ်ဝိုက်၌ ခြသေ့်တွေ ထောင်ချီလျက် ပေါများနေသောကာလ ဖြစ်၏။ ခြသေ့်တွေက ဌာနေတိုင်းရင်းသားများအား အင်မတန်အနှောင့်အယှက်ပေးပြီး လူတွေစိတ်ချောက်ချားကာ အစဉ်အမြဲ ထိတ်လန့်ကြောက်ရွံ့နေရအောင် ခြိမ်းခြောက်လျက်ရှိနေသည်။ လွန်ခဲ့သည့်နှစ်အတွင်းက မီးရထားလမ်း စတင်ဖောက်လုပ်ခဲ့သည်တွင် လမ်းလုပ်ငန်းလုပ်ဆော[...] ကြသည့် ဌာနေတိုင်းရင်းသား အ[...] သမားများအား လုပ်ငန်းခွင်အတွင်း[...] ပင် သတ်ဖြတ်ကိုက်ခဲစားသောက်[...] ရာ မီးရထားလမ်းဖောက်ခြင်းလုပ်[...] ကြီးပင် ရပ်ဆိုင်းလုမတတ်ဖြစ်ခဲ့ရသ[...] သည့်နောက် လူဖြူမုဆိုးအချို့ ရော[...] လာကာ ခြသေ့်များကို ပစ်ခတ်သ[...] ဖြတ် ချေမှုန်းသုတ်သင်လိုက်သည့်[...] မှပင် လမ်းလုပ်ငန်းကိုသာ ဆက်[...] လုပ်ကိုင်နိုင်ခဲ့ပေသည်။

ကျွန်တော်က ယင်ဖြစ်[...]



www.burmeseclassic.com

www.burmeseclassic.com



…နှင့်သုံးသပ်ကြည့်သည့်အခါ လမ်း …ပ်သမားများ၏ နမော်နမဲ့နိုင်မှု၊ …လက်ခတ်လုပ်ကိုင်ဆောင်ရွက်မှု …ကြောင့်ဖြစ်ကြောင်း တွေ့ရှိရ၏။ …န်ရှိသော မီးရထားကုမ္ပဏီက …င်န်းခွင်အတွင်း ခြင်္သေ့သတ်၍ …ဆုံးသော လမ်းလုပ်သားများ၏ …ောင်းကို မြေမြှုပ်ဖို့ အခကြေးငွေ …ထားခဲ့သည့်တိုင် သေဆုံးသူတွေ …ပ်နှံခြင်းမပြုဘဲ ခွေးအများ၊ ခြင်္သေ့များစားရန် ချုံပုတ်များအတွင်းပစ်ထားလိုက်ကြသည်။ သည်တွင် ခြင်္သေ့ဆိုသောသတ္တဝါတွေက လူအသေကောင်များ၏အသွေးကို လျှာနှင့်လျက် အသားပုပ်ကိုစားသောက်ကာ လူသားကို နှစ်ခြိုက်ခုံမင်သွားခဲ့ခြင်း ဖြစ်သည်။

ခြင်္သေ့အား အမဲလိုက်သည့်ကစားနည်းသည် စင်စစ် အလွန်တရာအန္တရာယ်များလှပါသည်။ နိုင်ရိုဘီဒေသတစ်ခွင်မှာ ခြင်္သေ့ကို သတ်သော မုဆိုးလေးဆယ်ကျော်ရှိပါသည်။ သို့ပင်ဖြစ်စေကာမူ ခြင်္သေ့ကို တစ်ခါတည်းမသတ်နိုင်ဘဲ ဒဏ်ရာအနာတရသာဖြစ်စေခဲ့ခြင်းကြောင့် သည်မျှဆိုးရွားသောဖြစ်ရပ်များဖြစ်ပေါ်စေခဲ့ခြင်း ဖြစ်၏။ ကျွန်တော်သည်လည်း သည်မျှအန္တရာယ်ကြီးလှသော ကြောင်ကြီးများ၏စရိုက်၊ အလေ့အထနှင့် အမူအကျင့်များအား နကန်းတစ်လုံးမျှပင်မသိရှိဘဲ ဟန်တစ်လုံးပန်တစ်လုံးနှင့်ထွက်လာခဲ့ပါသည်။ ခြင်္သေ့ကို ပစ်မည်ဆိုပါလျှင် သည်တောကောင်ကြီး၏အတွေး၊ အလေ့အထနှင့် လုပ်ရပ်ကို ကြိုင်တင်သိရှိထားရန် လိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ခွေးတစ်ကောင်၏ စဉ်းစားတွေးခေါ်ပုံက လူနှင့်များစွာနီးစပ်သည်။ သို့ရာတွင် ကြောင်တစ်ကောင်၏အတွေးက လူ့စရိုက်နှင့်မတူ ကွဲပြားခြားနားလှပါသည်။ ကြောင်သည် ရုတ်တရက်ချက်ချင်း စိတ်နေစိတ်ထားပြောင်းလဲတတ်သည်။ ရာသီဥတုက သည်တိရစ္ဆာန်၏ လုပ်ရပ်ကို ပြောင်းလဲစေနိုင်ပါသည်။ မိုးရွာ၍ စိုထိုင်းသောအချိန်မျိုးတွင် ကြောင်သည် သွက်သွက်လက်လက် ထက်ထက်မြက်မြက်ရှိပြီး ပူပြင်းခြောက်သွေ့သောအချိန်ကာလမျိုး၌မူ လေးလံထိုင်းမှိုင်းပြီး ပျင်းရိငြီးငွေ့နေတတ်သည်။

ခြင်္သေ့တွေက ညဥ့်အမှောင်ကိုနှစ်သက်သည်။ သည်သတ္တဝါတွေက အမှောင်ထဲမှာဆိုလျှင် စွမ်းအင်တက်ကြွဖျတ်လတ်ထက်မြက်နေတတ်၏။ ခြင်္သေ့တွေ လပြည့်ညများတွင် လှုပ်ရှားသည်ကို ကျွန်တော် တစ်ကြိမ်တစ်ခါမျှ မကြုံဘူးခဲ့။ လူက ချုံပုတ်အတွင်းမှာရှိနေသည့် ခြင်္သေ့ကို အော်ဟစ်ခြောက်လှန့်လိုက်သဖြင့် ခြင်္သေ့ထွက်ပြေးသွားရသောဖြစ်ရပ်၊ မောင်းသွားသော ထရပ်ကားတစ်စီးကို ခြင်္သေ့က တရကြမ်းဝင်ရောက်တိုက်ခိုက်သဖြင့် မော်တော်ယာဉ်တုံးလုံးလဲကျသွားသည့်ဖြစ်ရပ်များ ကျွန်တော်ကြားရ၊ မြင်ရဖူးပါသည်။

ခြင်္သေ့များသည် ယေဘုယျအားဖြင့် စိတ်တူကိုယ်တူ ညီညီညွတ်ညွတ် အုပ်စုဖွဲ့လျက် နေထိုင်ကျက်စားတတ်ကြသည်။ သည့်အပြင် တစ်ကိုယ်တော်စွန့်စားခြင်းများလည်း ပြုလုပ်ခြင်းမရှိချေ။ အုပ်စုဖွဲ့လျက် လှုပ်ရှားကြသော ခြင်္သေ့အုပ်တစ်ခု ကျွန်တော်မြင်ဖူးသည်။ စုစုပေါင်း (၁၈) ကောင်ရှိသည်။ အုပ်စုခေါင်းဆောင်ခြင်္သေ့ကြီး၏ခေါင်းဆောင်မှုကို တစ်သဝေမတိမ်း လိုက်နာ နားထောင်ကြ၏။လသားခြင်္သေ့ပေါက်လေးက သူ့မိခင် ခြင်္သေ့မကြီး၏ အမြီးကိုပုတ်ခတ်ဆော့ကစားနေတတ်သည်။ ခြင်္သေ့တို့သည် အဖော်မင်သည့်သတ္တဝါများ ဖြစ်ကြပါသည်။ ခြင်္သေ့အုပ်တွင်းမှ ခြင်္သေ့မတစ်ကောင်ကောင် မိတ်လိုက်ချိန်မှာ ရာသီချိန်ဖြစ်သောကြောင့် မိတ်မလိုက်နိုင်ခဲ့လျှင် ခြင်္သေ့ထီးကြီးက အခြားခြင်္သေ့မများထံ ချည်းကပ်သွားပြီး အုပ်ထဲသို့ ခြင်္သေ့မ ပြန်လည်ရောက်ရှိလာမှသာ ယခင်အတိုင်း နေမြဲပြန်ဖြစ်သွားလေသည်။ အုပ်စုဖွဲ့အမဲလိုက်သည့်အခါ ငယ်ရွယ်သန်စွမ်းသော ခြင်္သေ့ပေါက်များက သားကောင်ကို လိုက်လံဖမ်းဆီးကိုက်ခဲသတ်ဖြတ်သည်။ ခြင်္သေ့အိုကြီးများက ဘေးမှနေ၍ အကြံပေးလမ်းညွှန်သည်။ ရံဖန်ရံခါ သူတို့အခန်းကဏ္ဍကို တစ်တပ်တစ်အား လိုအပ်လာသည့်အခါမျိုး၌ ကြီးမားလေးလံသည့် သူတို့၏ ကိုယ်လုံးကို အသုံးပြုလျက် သားကောင်ကို လှဲချသတ်ဖြတ်ပေး၏။ သည့်အပြင် ကေသရာဇာခြင်္သေ့မင်းဖြစ်သည့်အားလျော်စွာ မြေတုန်ခမန်းကျယ်လောင် ပြင်းထန်လှသည့် ဟိန်းဟောက်သံပေးကာ သားကောင်အားအခိုက်အတန့်မျှ မလှုပ်နိုင်မရှားနိုင်ဖြစ်သွားစေပါသည်။

သူတို့၏ ထူးခြားချက်တစ်ခုက ခြင်္သေ့ဟောက်သံကို တစ်နေရာမှကြားရပြီး တမုဟုတ်ချင်း နေရာတစ်ခုသို့ ပြောင်းသွားခြင်း ဖြစ်သည်။ နောက်ထူးခြားချက်တစ်ခုက ညဥ့်အမှောင်အတွင်းကောင်းစွာမြင်နိုင်ခြင်းပင်။ အမြင်အာရုံကောင်းမွန်သော်လည်း အကြားအာရုံညံ့သည်။ သားကောင်ရှိရာဆီသို့ တိတ်ဆိတ်စွာ ချဉ်းကပ်လျက် အနားသို့ရောက်မှသာ ခုန်အုပ်ကိုက်ခဲသတ်ဖြတ်သည်။ ခြင်္သေ့တို့က ညစဉ်ညတိုင်း သားကောင်လိုက်ခြင်းမရှိချေ။ အမဲကိုလှဲချပြီး အုပ်စုလိုက်ဝိုင်းအုံစားသောက်ကြသည်။ အမဲတစ်ကောင်လုံး ချိုနှင့်သားရေသာ ကျန်တော့လောက်အောင် စားပစ်လိုက်ကြ၏။ အရိုးနှင့် သားရေကို ဟာရီနာခေါ် ခွေးအများအုပ်စုလိုက်လာရောက်စားသောက်ကြသည်။ ခြင်္သေ့များကမူ အဝအပြ စားသောက်ပြီးကြပြီမို့ အရိပ်ကောင်းသည့်နေရာတစ်ခုမှာ သွားရောက်အိပ်စက်နေတော့သည်။ သူတို့၏ စားကြွင်းက ကျန်နေသေးလျှင် ခြင်္သေ့တွေက နောက်တစ်ညတွင် ပြန်လည် လာရောက် စားသောက်တတ်လေသည်။ တတိယညဥ့်တွင် ခြင်္သေ့အုပ်စုက သားကောင်ရှာဖွေရန် လှုပ်ရှားပြန်လေသည်။

■

ဆာပိုအရပ်ဒေသတွင် ခြင်္သေ့များကို ရှာဖွေရန် မလွယ်လှပေ။ ဌာနေတိုင်းရင်းသားများကမူ ကျွန်တော်တို့ကဲ့သို့ မုဆိုးများကို ကူညီဖို့ အစဉ်အသင့်ရှိနေတတ်ကြပါသည်။ မိုးရာသီကာလတွင် ခြင်္သေ့တို့တောပြောင်းကြ၏။ ရေကြည်ရာ မြက်နုရာနေရာရှာခြင်း ဖြစ်ပါသည်။ ခြင်္သေ့အုပ်တွင်းမှ တစ်ခါတစ်ရံ သင်းခွဲထွက်လာတတ်သော ခြင်္သေ့ကြီးများရှိတတ်၏။ ယခင်အခါများက ကျက်စားခဲ့သော စားကျက်မဟုတ်သည့်နယ်သ... ဖြစ်သည်။ သို့စေကာမူ နယ်သစ်တ... သူ့အတွက် သားကောင်ရှာဖွေဖို့ မလွ... ကူတော့သည့်အခါ ရွာသားတို့ မွေး... လွတ်ကျောင်းထားသောနွားများကို ... တို့၏သားကောင်အဖြစ် သတ်မှတ်လျ... ဇွတ်တင်း ဖမ်းဆီးကိုက်ခဲစားသောက်... တတ်သည်။ရွာသားများက သူတို့၏ ... မွေးတိရစ္ဆာန်များလုံခြုံမှုရှိစေရန် စည်း... ပိုင်းတန်းများ ခိုင်ခိုင်ခံ့ခံ့ကာရန်၍လှော... ထားကြ၏။ သို့ရာတွင် ခြင်္သေ့တွေ... နည်းပရိယာယ်တစ်မျိုးသုံးပြန်လေသ... ခြင်္သေ့တို့၏ နည်းပရိယာယ်ကား ... တင်မှနေလျက် ပုပ်ဟောင်ညှီနံသည့် ... တို့၏အနံ့ကိုပေးသည်။ သားစိမ်းကို... စားတတ်သောသတ္တဝါဖြစ်ရကား ခြ... တို့၏အနံ့က မခံမရပ်နိုင်အောင် ညှီ... နံလှသောကြောင့် ရွာသားများခြံလှော... မွေးမြူထားသည့်နွားတွေ ရုန်းရင်း... ခတ်ဖြစ်ကုန်ပြီး ခြံကို တရကြမ်းတိုးထွ... ပြေးသွားကုန်သည်။ တကွဲတပြား... လွှားသွားကြသောနွားများ ဦးတည်... သို့ ပြေးလွှားရင်း ချုံကြိုချုံကြားတို... မိကြသည်တွင် သင်းကွဲတိရစ္ဆာန်များ... သားရဲကောင်ကြီးများ၏အစာ ဖြစ်... ကြရလေသည်။စင်စစ် တောကောင်... များ၏ ကျင်ငယ်ရေသည် အလွန်မ... ဆိုးရွားသောအနံ့ဖြစ်လေသည်။

ရွာသားတစ်ဦး၏သတင်းပေးချ... အရ စားကျက်တွင် လွှတ်ကျောင်းထ... ရာမှ ရွာသို့ပြန်အလာတွင် သူ၏နွား... တစ်ကောင်ကို ခြင်္သေ့တစ်ကောင်... ကိုက်ချီသွားကြောင်း သိရှိရလေသည်။

သို့နှင့် ကျွန်တော်သည် တပ... တိုင်းရင်းသားကလေးနှင့်အတူ ... ကောင်ကြီး၏ ခြေရာခြေကြောင်းခံ... လိုက်သွားကြ၏။ ရွှံ့ပျော့ပျော့များဖြ... နေသည့်မြေပြင်တွင် ခြေရာခြေကြေ... ခံလျက် တောင်ကောင်ကြီးနောက်... လိုက်ရခြင်းမှာ အခက်အခဲမရှိလှပါ... တောကောင်ကြီးက အစာဝသည့်အ... အရိပ်ကောင်းသည့် ချုံတစ်ချုံအော... တွင် စိတ်အေးလက်အေး အိပ်စက်... လိမ့်မည်ကို ယုံမှားသံသယရှိစရာမ... ပေ။ ကျွန်တော်တို့အား တောကော... ကြီး၏ မာန်ဖီဟိန်းဟောက်သံကပင် ... အိပ်စက်နေသောနေရာကို ပြသနေ... သည့်အလားဖြစ်ပါသည်။

ချုံကြီးတစ်ချုံအနီးသို့ ကျွန်တေ... တို့ ချဉ်းကပ်မိသည်နှင့် တပည့်... ကျောက်ခဲတစ်လုံးကို ကောက်ယူပြီး ...



www.burmeseclassic.com

www.burmeseclassic.com

# ဆီပူလောင်နေသူများအတွက်

**နေပြည်တော်ကျော်ကျော်စိုး**

'သမုဒ္ဒရာ ဝမ်းတစ်ထွာ' ဆိုတဲ့ တိုင်း လူတွေဟာ ဝမ်းရေးအတွက် ရှာဖွေရသလို အဲဒီဝမ်းကို ဖြည့်တင်းဖို့ ချက်ရပြုတ်ရကြော်ရလှော်ရပါတယ်။ က နိစ္စဓူဝလုပ်နေကြရတဲ့အလုပ်တွေ မြတ်စွာဘုရားကလည်း သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ - သတ္တဝါ တွေ အားလုံးဟာ အာဟာရအပေါ်မှာ တည်ပြီးနေကြရတယ်လို့ ဆိုထားပါ တယ်။ ဒီတော့ နေ့စဉ် နံနက်စာ၊ နေ့ လယ်စာ၊ ညစာဆိုတာတွေ စားသုံးနိုင် အောင် မီးဖိုချောင်မှာ ချက်ကြပြုတ်ကြ ရတာပါပဲ။

အဲဒီမှာ မီးဖိုချောင်ရဲ့အန္တရာယ်ကို မီးဖိုတာဝန်ယူရတဲ့သူမှန်သမျှ အနည်းနဲ့ အများ ခံစားကြရတတ်ပါတယ်။ ရေနွေး ငွေ့ဟပ်တာတို့၊ ထမင်းရည်ပူလောင်တာ တို့၊ ဆီပူလောင်တာတို့၊ ဆီပေါက်တာ တို့၊ ရေနွေးလောင်တာတို့ စသည်ဖြင့် ပေါ့လေ။ တစ်မျိုးမဟုတ်တစ်မျိုးတော့ ခံရတတ်ပါတယ်။

မေ့တတ်တဲ့လူဆိုရင်တော့ ပိုဆိုး ပါတယ်။ ဆီအိုးတည်ထားပြီး ကျန်တဲ့ အလုပ်တွေလုပ်နေတော့ ဆီအိုးက အကျက်လွန်ပြီး အငွေ့တထောင်းထောင်း နဲ့ မီးထတောက်လုနီးနီးဖြစ်ပါပြီ။ ဒီအခါ ဆီနဲ့ရတော့ သတိဝင်ပြီး ကြော်စရာ ကြက်သားတို့၊ ငါးတို့ ရုတ်တရက်ထည့် လိုက်တဲ့အခါ အသားမှုန့်ပါတဲ့ရေခါတ် ကြောင့် ဆီထပေါက်တတ်ပါတယ်။ ဆီ ပေါက်တာဟာ လျှပ်တစ်ပြက်ဆိုတော့ ရှောင်တိမ်းချိန်မရဘဲ ဆီပူလောင်တတ် တာပါပဲ။

ဒီလို ဆီပူဒီဂရီလွန်နေရင် ကံမ ကောင်းပါက မီးထတောက်တတ်ပါ တယ်။ ကြော်စရာထည့်ရင်လည်း ရေ ငွေ့ကြောင့် မီးထတောက်နိုင်ပါတယ်။ ဒီလိုဖြစ်တဲ့အခါ လန့်ဖျပ်ပြီး ဆီအိုးကို ခွင်ပေါ်က ရုတ်တရက်ဆွဲချတဲ့အခါ ဆီ ဖိတ်စဉ်ပြီး လူကိုလောင်စေနိုင်ပါတယ်။

ပြီးတော့ နမော်နမဲ့နိုင်မှုတွေ ကြောင့်လည်း ရေနွေးပူ၊ ဆီပူလောင် တတ်ပါသေးတယ်။ ကိုယ်ချထားတဲ့ အရာကိုယ်မေ့နေပြီး ခလုတ်တိုက်တာ

---

အတွင်းသို့ ပစ်ထည့်လိုက်လေသည်။ ကျောက်ခဲနှင့်ပစ်လိုက်သဖြင့် ချုံအတွင်း စက်နေသောခြင်္သေ့က ဒေါမာန်ထ ပြေးလွှားခုန်အုပ်လိုက်မည်ဆိုပါမူ မြန်လွန်းသောအရှိန်အဟုန်ကြောင့် ရှောင်ချိန်တိမ်းချိန်မရှိဘဲ မုဆိုးအတွက် သေနတ်တစ်ချက်မျှသာ ပစ်ခတ်နိုင်မည် ဖြစ်ပါသည်။

မုဆိုးက တောကောင်နှင့် ကိုက် ဆယ်မျှသာ ကွာတော့သည်မို့ ခုန် အုပ်လိုက်သည့် သားကောင်ကို တစ် ချက်တည်းနှင့် ထိမှန်အောင် ပစ်ခတ် လိုပေသည်။ အကယ်၍များ လွဲ ချော်သွားခဲ့ပါမူ ပေါင်လေးရာ့ငါးဆယ် လေးသည့် ခြင်္သေ့၏ကိုယ်လုံးကြီးက ၏ကိုယ်ပေါ်သို့ မုချမလွဲ ရောက်ရှိ ည် သေချာလှပါသည်။ မုဆိုးခမျာ ဥတစ်လုံးအလား ပြားပြားဝပ်လျက် သွားမည်မုချ။ ထို့ကြောင့် သတိ ကြီးထားလျက် ချုံပုတ်ကို မမှိတ် စောင့်ကြည့်နေရပေသည်။

တပည့်လေး ပစ်ခတ်လိုက်သော က်ခဲက ခြင်္သေ့၏ဒေါသကိုဆွပေး သည့်နှယ်ပင်။ သည့်နောက် ညိုဝါ ဒြပ်ထည်ကြီးတစ်ခုက ချုံအတွင်းမှ ပြင်းစွာ ဝုန်းခနဲ ခုန်ထွက်လာလေ ။ ကျွန်တော့်အဖို့ စကော့တလန် နယ် လိုချားမော့စ် ရေအိုင်ကြီးတစ် နှံ့တောများအတွင်း ပြောင်းတို တ်တစ်လက်နှင့် ရေပျော်ငှက်များ ခနဲထအပျံ လျှပ်တစ်ပြက် ပစ်ခတ် သည့် အလေ့အကျင့်က အမဲကြီး ပစ်သည့်အချိန်၌ ကောင်းစွာ အထောက် အကူပြုခဲ့ပါ၏။ ကျွန်တော်က အချိန် မဆိုင်းဘဲ လက်တွင်းမှာ အသင့်ကိုင်စွဲ ထားသော သေနတ်နှင့် လျှပ်တစ်ပြက် ပြောင်းထိုးချိန်လျက် ပစ်လိုက်၏။ တော ကောင်ကြီးသည် သစ်ပင်တစ်ပင်ကို အမြစ်မှလှန်ကာလှဲချလိုက်သည့်အလား ဝုန်းခနဲ ပစ်ကျသွား၏။ တစ်ချက်မျှပင် လူးလွန့်ခြင်းမပြုနိုင်။ သစ်တုံးတစ်တုံးလို ငြိမ်သက်သွားသည်။

မုဆိုးတစ်ယောက်က မိမိသေနတ် အပေါ် မိမိ ကောင်းစွာ ယုံကြည်မှုရှိဖို့ လိုပါသည်။ သည့်အပြင် မိမိကိုယ်မိမိ ယုံကြည်ရန်လည်းလိုပေသည်။ သည်လို ယုံကြည်ချက်မျိုးရှိနေမည်ဆိုပါမူ မည်မျှ ပင် အန္တရာယ်ကြီးသည့်သားကောင်များ ကိုမဆို ရဲရဲဝံ့ဝံ့ ရင်ဆိုင်နိုင်ပေသည်။ သည်ကဲ့သို့သော အမဲကြီးများ လိုက်လံ ပစ်ခတ်ရန်အတွက် အဖော်များများမလို ပါ။ တစ်ယောက်ဆိုလျှင် လုံလောက် သည်။ ချုံတွင်းသို့ ကျောက်ခဲတစ်လုံး ပစ်သွင်းဖို့နှင့် ခြင်္သေ့သားရေကိုခွာဖို့ နှစ် ယောက်တည်းနှင့် ပွဲစည်ပါသည်။ သည် နည်းသည်ပုံဖြင့် လပေါင်းအတော်ကြာ ကြာမျှ ကျွန်တော်တို့ လှုပ်ရှားခဲ့ကြ၏။ ကင်းယားပြည်နယ်တစ်ခွင် ပြုပြုစင် အောင် ကျွန်တော်တို့ ခြေဆန့်ခဲ့ကြ သည်။ အာဖရိကတိုက်တွင် ကျွန်တော် အမဲကြီးမုဆိုးအဖြစ် လှည့်လည်လှုပ်ရှား နေစဉ်ကာလတစ်လျှောက် ရင်ဆိုင်နေ တွေ့ကြုံပစ်ခတ်ခဲ့ရသော သားကောင် ကြီးများအနက် အန္တရာယ်အကြီးဆုံး သော တိရစ္ဆာန်သည် ဆင်လည်း ဖြစ် ပါသည်။ ခြင်္သေ့ဟုလည်း ပြောနိုင်ပါ သည်။ ကျွန်တော်အကောင်ရေအတော် များများ ပစ်ခတ်ခဲ့သောကျွဲလည်းဖြစ်ပါ သည်ဟု ပြောလို့ရပါသေးသည်။ ခြင်္သေ့ ကဲ့သို့သော တောကောင်ကြီးများသည် အိမ်မွေးကြောင်တစ်ကောင်နှယ် အကင်း ပါးသည်။ ခြေသည်းကောင်းစွာဝှက် တတ်သည်။ ချုံကလေးပါးပါးတစ်ခု အတွင်းမှာ မုဆိုးမမြင်အောင် ပုန်းနေနိုင် သည်။ အလွန်လျင်မြန်လှသည့် အရှိန် အဟုန်ဖြင့် ပြေးဝင်ခုန်အုပ်နိုင်လေသည်။ လူကိုကြောက်ရွံ့ခြင်းလုံးဝမရှိ၊ မျက်နှာ ချင်းဆိုင်တွေ့သည်တိုင် နောက်ကြောင်း မပြန်ရဲရဲဝံ့ဝံ့ရင်ဆိုင်တတ်သည်။ အသက် ကိုအသက်ချင်းလဲဝံ့သောသတ္တိရှိသော သားကောင်ဖြစ်ပေသည်။ ကျွန်တော်က အာဖရိကတိုက်အတွင်း နေရာဒေသ အတော်များများ ရောက်ရှိသွားလာခဲ့ပြီး မုဆိုးတစ်ဦးအဖြစ် လူသိများသော ကြောင့် အာဖရိကလူဖြူမုဆိုးဟု နာမည် ထင်ရှားကျော်ကြားခဲ့သည်ကို ဝမ်းမြောက် ဂုဏ်ယူနေမိပါကြောင်း မကွယ်မဝှက် စတမ်း ပြောကြားချင်ပါသေးသည်။

ခင်မောင်အေး (မန္တလေး)

**ကျမ်းကိုး -**

*J.A Hunter ၏ ScotLand- John Hunter ကို ဆီလျော်အောင် ပြန်ဆိုပါသည်။*



www.burmeseclassic.com

www.burmeseclassic.com

တို့၊ ယောင်ပြီး ကိုင်မိဆွဲမိတာတို့ဆိုတာ မီးဖိုချောင်တာဝန်ယူတဲ့အခါ အထူး သတိထားရမယ့်အရာတွေပါ။ ထမင်းအိုး ပူပူကိုမေ့ပြီး ရုတ်တရက် အဖုံးဖွင့်လိုက် ရင်၊ ရေနွေးအိုးပူပူ၊ ဟင်းအိုးပူပူကိုမေ့ပြီး အဖုံးဖွင့်လိုက်ရင် အပူငွေ့ဟပ်ကာ အပူ ငွေ့လောင်တာတွေလည်း ကြုံကြရပါ တယ်။

တောရွာတွေမှာဆိုရင် ထင်းသုံး ကြတော့ကာ မတော်တဆ မီးခဲကိုင်မိ ပြီး မီးခဲပူလောင်တာတွေရှိသေးတယ်။ ဒီလို မီးဖိုတာဝန်ကိုယူနေရတာက အ များအားဖြင့် မိန်းမသားများသာ ဖြစ်ကြ ပါတယ်။ယောကျ်ားစားဖိုဆိုတာရှိတော့ ရှိတယ်၊ ရှားပါတယ်။ စားသောက်ဆိုင် ကြီးတွေမှာကျတော့ ယောကျ်ားစားဖိုမှူး သာ များပါတယ်။ ယောကျ်ား ဖြစ်စေ၊ မိန်းမ ဖြစ်စေ စားဖိုလုပ်ပြီဆိုရင်တော့ လျှပ်စစ်မီး၊ ဂက်(စ်)မီး၊ မီးသွေးမီး၊ ထင်း မီး၊ လောင်စာတောင့်မီး ဆိုတာတွေနဲ့ လုပ်ကိုင်ရတဲ့အခါ ဘယ်မီးမဆို ပူတာ ချည်းပါပဲ။ အဲဒီအပူစွမ်းအင်တွေကြောင့် အပူလောင်ခြင်းဝေဒနာကို ခံစားကြရပါ တယ်။

ရေနွေးပူ၊ ဆီပူ၊ အပူငွေ့လောင် တာခံရပြီဆိုတာနဲ့ အဲဒီနေရာဟာ ပူ လောင်နေပါတယ်။ မကြာမီ အရည် ကြည်ဖုတွေ ထွက်လာတတ်တာပါပဲ။ အများအားဖြင့် အရည်ကြည်ဖုတွေ မထွက်အောင် မင်ပြာလိမ်းခြင်း၊ ငံပြာ ရည်လိမ်းခြင်း ဆိုတာတွေ လုပ်တတ်ကြ ပါတယ်။ ပဋိဇီဝဆေးတွေနဲ့ တိုင်းရင်း ဆေးတွေ မျိုးစုံရှိကြပါတယ်။

အချို့ကျတော့ ရှားစောင်းလက် ပပ်ကိုခွာပြီး စည်းထားလိုက်တဲ့အခါ အပူလောင်အရည်ကြည်ဖုတွေမထွက် တော့ပါဘူး။ ဒီလိုပဲ နည်းမျိုးစုံနဲ့ လက် လှမ်းမီရာ ပြုလုပ်တတ်ကြပါတယ်။

၂၀၁၃၊ ဝါတွင်းကာလမှာ ကျွန် တော် မန္တလေးက သမီးထံ ရောက်နေ ပါတယ်။ သမီးနဲ့အတူ မိသားစုစုံစုံလင် လင်ရှိနေပါတယ်။ အဲဒီမှာ သမီးတို့အိမ် အရှေ့ဘက်က မိသားစုများနဲ့လည်း ခင် မင်ရင်းနှီးနေပါတယ်။ သူတို့က မောင် နှမ (၁၀) ယောက်ရှိပြီး မိန်းကလေး (၆) ယောက်၊ ယောကျ်ားလေး (၄) ယောက် ပါ။ မိန်းကလေးတစ်ဦးသာ အိမ်ထောင် ကျပြီး ကျန်တာက လူပျို၊ အပျိုတွေပါ။ မိခင်ကြီးနဲ့အတူ အိမ်ထောင်ကျတဲ့မိသား စုပါ တစ်မြုံတစ်မကြီး နေထိုင်ကြတော့ ကာ ပျော်စရာကြီးဆိုပါတော့။

ညနေဆိုရင် အဲဒီမိသားစုတွေနဲ့ စကားစမြည်ပြောဖြစ်ပါတယ်။ တစ်နေ့ မှာ မအေးအေးမော် ဆိုတဲ့အမျိုးသမီးရဲ့ ညာလက်မမှာ အမည်းရောင်ဆေးတွေ လိမ်းထားတာတွေ့တာနဲ့ မေးကြည့်ဖြစ် ပါတယ်။

"မင်းလက်ကဘာဖြစ်တာလဲ"

"ဆီပူလောင်တာ ဦးလေးရေ။ ဆီ တွေတအားပူနေတော့ မီးထတောက်မှာ စိုးလို့ အတင်းချလိုက်တာ အိုးစောင်းပြီး ဆီပူတွေဖိတ်ကျတော့ လက်မကိုလောင် သွားတာလေ။ အဲဒါ ဖြစ်ဖြစ်ချင်း ငံပြာ ရည်လိမ်းလိုက်ပါတယ်။ ပြီးတော့မှ မြောက်ဘက်အိမ်က အဒေါ် ဖော်ပေး ထားတဲ့ဆေးကို လိမ်းထားတာပါ"

"အပူလောင်ရင် လိမ်းတဲ့ ဆေး လား"

"ဟုတ်တယ် ဦးလေးရဲ့။ အရင် တစ်ခါ သမီးတို့ရွာ ဘုံဆွမ်းလောင်းရှိ တော့ ချက်ကြပြုတ်ကြပါတယ်။ အဲဒီမှာ ကျွန်မက ဝက်သားနှပ်အိုးကို အမှတ် တမဲ့ လှပ်ကြည့်လိုက်တဲ့အခါ အထဲက အပူငွေ့က ကျွန်မရဲ့ညာဘက်တစ်ခုလုံး ကို လောင်တာပါ။ အခု ဆီပူလောင် တာထက် အများကြီး ပိုဆိုးပါတယ် ဦး လေးရယ်။ လက်တစ်ခုလုံး ပူနေတာ အကြာကြီးပါပဲ။ အဲဒီအပူငွေ့ဟပ်တာ ဘယ်လောက်ပြင်းလဲဆိုရင် အရည်ကြည် ဖုတွေ ပြင်လိုက်ဖြစ်လာတာပါပဲ။ ဒါနဲ့ မြောက်ဘက်အိမ်ကအဒေါ်ပေးတဲ့ဆေး နဲ့လိမ်းပြီး ပျောက်ခဲ့တာပါ"

"အခုလည်း အဲဒီဆေးပဲပေါ့"

"ဟုတ်တယ်။ အဲဒီဆေးပဲ လိမ်း ထားတာပါ။ အရင်တစ်ခါဖြစ်တုန်းက လက်တွေ့ပျောက်ပြီးပြီလေ။ ဆေးလိမ်း ပြီး နောက်ရက်ဆို အပေါ်ယံအရေခွံ ခြောက်သွားတယ်။ နောက်နေ့တွေမှာ ကွာကျကုန်ပြီး ပျောက်သွားတယ်။ တကယ်ပျောက်လို့ လိမ်းတာပါ"

"အဲဒီဆေးနည်းကိုကော မင်းမသိ ဘူးလား"

"သိတာပေါ့။ ဦးလေး လက်ပံပင် သိတယ် မဟုတ်လား"

"သိတာပေါ့ကွာ။ လက်ပံပင် ဆို တာ တစ်တိုင်းပြည်လုံးမှာရှိတဲ့ဟာ"

"အဲဒီလက်ပံပင်ရဲ့အစေးကို ခွာ ယူရပါတယ်။ ပြီးတော့ အဲဒီ လက်ပံစေး ကို ကျွမ်းအောင်လှော်ရပါတယ်။ လှော် လိုက်ရင် မီးသွေးလို မည်းသွားရော။ အဲဒါကို ညက်နေအောင် ထောင်းပြီး အုန်းဆီနဲ့ ဖျော်လိမ်းတာပဲလေ ဦးလေး ရဲ့။ ဘာမှမခက်ပါဘူး"

"အေးကွာ - ဟန်ကျလိုက်[illegible] အပူလောင်သူတွေအတွက် ဆေး[illegible] တစ်ခုရတာပေါ့"

"မသိသူကျော်သွား၊ သိသူ[illegible] စား ဆိုတာ ဒါမျိုးပါပဲ"

ချမ်းမြေ့ကြ[illegible]

နေပြည်တော်ကျော်ကျော်[illegible]

**စာကြွင်း -**

အပူလောင်ပျောက်ဆေးဖော်[illegible] မှာ လက်ပံစေးဟာ အဓိကပါ။ လက်[illegible] စေး ဆိုတာတို့၊ တမာစေး ဆိုတာ[illegible] ရော်ဘာစေး ဆိုတာတို့တွေဟာ အ[illegible] အစေးမျိုးမဆိုပေါ့လေ။ အပင်က [illegible] အလိုလိုထွက်မပေးတတ်ပါဘူး။ အ[illegible] ကို နာအောင်လုပ်ပေးမှ အဲဒီဒဏ်ရာ[illegible] နေ အပင်ရဲ့သွေးအဖြစ် ထွက်ပေး[illegible] အစေးပါ။ သွေးစေး ဆိုပါတော့။

အပင်က သူ့ရဲ့သွေးဖြစ်တဲ့အစေး[illegible] ကို ဘာလို့ထုတ်ပေးသလဲဆိုတော့ အ[illegible] အနာကို အစေးနဲ့ဖုံးအုပ်ပြီးကျက်အော[illegible] ပြန်လုပ်တာပါ။ လူတွေ အဲဒီအစေး[illegible] မခွာရင် အပင်ရဲ့အခေါက်ဟာ အသ[illegible] နုပြန်တက်လာတာပါပဲ။ နောက်ထော[illegible] ပင်စည်ခွံတစ်သားတည်းပြန်ဖြစ်သွား[illegible] တယ်။

ဒီတော့ အစေးလိုချင်ရင် အ[illegible] ရဲ့အခေါက်ကို အတွင်းသားပေါ်[illegible] အောင်ခုတ်ထစ်ရပါတယ်။ ဒါဆို အစေး[illegible] ထွက်တဲ့အပင်တိုင်း အစေးထွက်လာ[illegible] လိမ့်မယ်။ မခုတ်မထစ် အဲဒီအတိုင်း[illegible] ပြောင်ချောနေတဲ့အပင်က သူ့အလို[illegible] အစေးထွက်လေ့ မရှိပါဘူး။ တစ်ခါ[illegible] တယ်။ သစ်ထိုးပိုးဖောက်ရင်တော့ အ[illegible] ပိုးပေါက်က ထွက်တတ်ပါတယ်။

အပူလောင်ပျောက်တဲ့ဆေး[illegible] ချင်တယ်ဆိုရင်တော့ လက်ပံပင်ကို [illegible] နဲ့ ခပ်များများခုတ်ထစ်ထားပါ။ [illegible] ငါးရက်ဆိုရင် စေးပျစ်ခဲနေတဲ့အစေး[illegible] လေးတွေကို ရမှာပါ။ အဲဒီအစေးကို [illegible] ကင်းနဲ့ကျွမ်းအောင်လှော်ပြီး အမှုန့်[illegible] ပါပဲ။

သူများတွေ ခုတ်ထစ်ထား[illegible] လက်ပံစေးအသင့်ရတယ်ဆိုရင်တော့ [illegible] ကောင်းတာပေါ့လေ။ ပုပ်သိုးသွား[illegible] အရာ၊ဒိတ်အောက်သွားတဲ့အရာ မဟု[illegible] လေတော့ လက်ပံစေးအသင့်ဆော[illegible] ထားနိုင်ရင်အကောင်းဆုံးလို့ဆိုပါ[illegible]



www.burmeseclassic.com

www.burmeseclassic.com



## ကျော်မသိမ်းနိုင်သော

# နာဇီမနုဿမုဆိုးများ

လှမိုး(ပညာရေး)

ကျွန်တော် မြန်မာဘာသာ ပြန်ဆို ရေးသားသော 'ဟစ်တလာ ဖန်တီးခဲ့သော ဂမ္ဘီရဖြစ်ရပ်ဆန်းများ' စာအုပ်အား ပညာရွှေတောင်စာအုပ်တိုက်မှ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လတွင် ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ တိုက်ဆိုင်ဆိုင်ဟု ဆိုရပေတော့မည်။ ထိုဩဂုတ်လ ပထမပတ်အတွင်း အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့မှ စောင်ရေအများဆုံးနှင့် ဩဇာတိက္ကမ အကြီးမားဆုံး သတင်းစာတစ်စောင် ဖြစ်သော (Jakarta Globe) 'ဂျာကာတာကမ္ဘာလုံး' သတင်းစာကြီးမျက်နှာဖုံးတွင် အောက်ဖော်ပြပါ စိတ်ဝင်စားဖွယ်ခေါင်းစဉ်ဖြင့် ဖော်ပြထားသော သတင်းတစ်ပုဒ်ကို ဖတ်ရှုခဲ့ကြရသော သတင်းစာဖတ် ပရိသတ်များ တအံ့တဩဖြစ်ကြရသည်။

### နာဇီကော်ဖီဆိုင်ဖွင့်လှစ်

*ဘန်ဒေါင်း-*

*၂၀၁၃ ခုနှစ်၊ ဩဂုတ်လ၊ (၈) ရက်။*

ယမြန်နေ့မွန်းလွဲပိုင်းက အနောက်ဂျာဗားရှိ နာမည်ကျော် ဘန်ဒေါင်းမြို့ လူစည်ကားရာရပ်ကွက်တွင် The Soldaten Kaffe. (The Solder cafe) နာဇီကော်ဖီဆိုင်ကို စတင် ဖွင့်လှစ် ရောင်းချခဲ့သည်ဟု သတင်းရရှိကြောင်း။ မှတ်တမ်းများအရ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ပါရီမြို့ ရှောင်အလေလေ့စေ့လမ်းမကြီးလူစည်ရာနေရာတွင် အထက်ဖော်ပြပါ နာဇီကော်ဖီဆိုင်ကို စတင်ဖွင့်လှစ်ခဲ့သည်။ ထိုအချိန်က ပါရီမြို့တော်ရှိ နာဇီဂျာမန်တပ်များမှ အရာရှိအရာခံ၊ အကြပ်တပ်သားများ အမြဲတစေသွားရောက်၍ ကော်ဖီ၊ ဂျာမန်ဘီယာ၊ ပြင်သစ်ဘီယာများသောက်လေ့ရှိသဖြင့် နာမည်ကျော်ကြား လူသိများခဲ့သည်ဟု ဆိုသည်။

ယခု ဘန်ဒေါင်းမြို့တွင် ဖွင့်လှစ်သော နာဇီကော်ဖီဆိုင်မှာ အထက်ဖော်ပြပါ ဒုတိယကမ္ဘာစစ်ကြီးအတွင်း နာဇီတို့ ပါရီမြို့တော်အား သိမ်းပိုက်ထားစဉ်က ဖွင့်လှစ်ခဲ့သော နာဇီကော်ဖီဆိုင်ကို အစွဲပြုပြီး ဘန်ဒေါင်းမြို့တွင် ဤနာမည်ဖြင့် ဖွင့်လှစ်ခြင်း ဖြစ်သည်ဟု သိရ၏။ ယင်း နာဇီကော်ဖီဆိုင်နံရံတွင် နာဇီခေါင်းဆောင်ကြီး ဟစ်တလာ၏ ဓာတ်ပုံများ၊ ပန်းချီကားများ ချိတ်ဆွဲထားပြီး နံရံအား သွေးရောင်ခြယ်ထားသည်ဟု ဆိုသည်။ ထိုဆိုင်ဖွင့်ပွဲတွင် ဖိတ်ကြားထားသူများသည် နာဇီစစ်သားဝတ်စုံများဝတ်၍တက်ရောက်ကြသည်ဟု သတင်းများက ဖော်ပြခဲ့၏။

ဆိုင်ဖွင့်ပွဲအကြောင်းကို အေအက်(ဖ်)ပီသတင်းကိုယ်စားလှယ်၊ ရိုက်တာသတင်းကိုယ်စားလှယ်များက ကမ္ဘာ့နိုင်ငံအသီးသီးသို့ဖြန့်ဝေခဲ့ရာ နိုင်ငံတကာမှ ထုတ်ဝေသော သတင်းစာများ၊ ဂျာနယ်များတွင် ကျယ်ကျယ်ပြန့်ပြန့် ရေးသားဖော်ပြခဲ့ရာ ယင်းသတင်းမှာ နိုင်ငံတကာသို့ ထူးထူးခြားခြား ရိုက်ခတ်ခဲ့၏။ ဂျာမနီနိုင်ငံမှာ ထုတ်ဝေသော ဒိုင်စတာန်မဂ္ဂဇင်းကြီးတွင် ဆောင်းပါးရှင်တစ်ဦးကမူ အင်ဒိုနီးရှားနိုင်ငံတွင် ဤကဲ့သို့ နာဇီကော်ဖီဆိုင်ဖွင့်နိုင်ခဲ့သည်မှာ အံ့ဩဖွယ်ဖြစ်ရာ နာဇီစတုတ္ထနိုင်ငံတော်တည်






www.burmeseclassic.com

www.burmeseclassic.com



ထောင်လိုကြသော နာဇီမျိုးဆက်သစ်များ ပေါ်ပေါက်လာခဲ့ပြီလောဟု ရေးသား ဖော်ပြခဲ့သည်။

(ခရစ်နှစ် ၇၆၈ မှ ၈၁၄ နှစ်အထိ ချာ(လ်)မိန်းဘုရင်ကြီး၏လက်ထက်ကို ပထမဂျာမနီနိုင်ငံတော်ဟု သမိုင်းပညာရှင်များကသတ်မှတ်ခဲ့ပြီး ခရစ်နှစ် ၁၈၇၁ မှ ၁၉၁၉ ခုနှစ်အထိ ကာလအပိုင်းအခြားကို ဒုတိယဂျာမနီနိုင်ငံတော်ဟု သတ်မှတ်ထားခဲ့၏။ ၁၉၃၃ ခုနှစ်မှ ၁၉၄၅ ခုနှစ် ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးသည့် ကာလအပိုင်းအခြားကို နာဇီတို့ တည်ထောင်ခဲ့သော တတိယဂျာမနီနိုင်ငံတော်ဟု သတ်မှတ်ထားခဲ့သည်။)

အထက်ဖော်ပြပါ သတင်းကိုပင် ဘီဘီစီရုပ်သံလွှင့်အစီအစဉ် စီအင်အင်ရုပ်သံလွှင့်အစီအစဉ်များကလည်း ထပ်ဆင့်ထုတ်လွှင့်ခဲ့သဖြင့် ထိုသတင်းမှ ထူးထူးခြားခြား ဂယက်ထခဲ့ရသည်။ အင်တာနက်သတင်းများတွင်လည်း အထက်ဖော်ပြပါ နာဇီကော်ဖီဆိုင်ဖွင့်ပွဲသတင်းကို ဓာတ်ပုံသာဓကအထောက်အထားများနှင့် ဖော်ပြခဲ့ရာ အွန်လိုင်းတွင် ပြင်းပြင်းထန်ထန် ဝေဖန်မှုများထွက်ပေါ်လာခဲ့၏။

ဤတွင် ဘန်ဒေါင်းမြို့ ဒုတိယမြို့တော်ဝင်ဖြစ်သူ ဗိဇန်နန္ဒာကလည်း နာဇီကော်ဖီဆိုင်အမည်ဖြင့် ဖွင့်လှစ်ထားသော ဆိုင်ပိုင်ရှင်အား ခေါ်ယူ၍ စုံစမ်းမေးမြန်းခြင်းများ ပြုလုပ်ခဲ့ပြီး လူမျိုးရေးမုန်းတီးမှုများ ဖြစ်ပွားလာစေနိုင်သော မည်သည့်လှုံ့ဆော်ချက်ကိုမျှ ခွင့်ပြုမည်မဟုတ်ကြောင်းကို တင်းတင်းမာမာ ပြောဆိုခဲ့သည်ဟု ဒေသခံသတင်းစာများတွင် လည်းကောင်း၊ အင်တာနက်သတင်းများ လည်းကောင်း ဖော်ပြခဲ့သည်။

ဤနာဇီကော်ဖီဆိုင်ပိုင်ရှင်ဖြစ်သူ ဟင်နရီမူယာနာကမူ နာဇီကော်ဖီဆိုင်ဟု အမည်ဖြင့် ကော်ဖီဆိုင်ဖွင့်ခြင်းသည် ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ပိုလန်နိုင်ငံ အပါအဝင် အခြားဥရောပတိုက်နိုင်ငံအသီးသီးရှိ ချွေးတပ်စခန်းများဟု၍ နာမည်ခပ်ယဉ်ယဉ်ပေးထားသော အကျဉ်းစခန်းများတွင် ဂျူးလူမျိုးများအား ဖမ်းဆီးထားပြီး ဂျူးလူမျိုးများ၏ ပြဿနာကို အပြီးတိုင် ဖြေရှင်းမည်ဟုဆိုကာ နာဇီဂျာမန်တို့သည် နာဇီခေတ်တစ်ခေတ်လုံး လူလူချင်း ရက်ရက်စက်စက် ညှဉ်းပန်းသတ်ဖြတ်ခဲ့သည်သာမက အစုလိုက်အပြုံလိုက် ဓာတ်ငွေ့လွှတ်၍ သတ်ဖြတ်ခဲ့ရာ ဂျူးလူမျိုး (၁၁) သန်းကျော်သေဆုံးခဲ့ရသည်ဟုသိရှိပါကြောင်း၊ ဤစိတ်မချမ်းမြေ့ဖွယ်ရာ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုကို အမှတ်တရဖြစ်စေရန် ရည်ရွယ်ခြင်း မဟုတ်ပါကြောင်း၊ ဒုတိယကမ္ဘာစစ်မီးကြီး ပြီးဆုံးချိန်တွင် မိမိကိုယ်မိမိ အဆုံးစီရင်သွားသော နာဇီထိပ်သီးခေါင်းဆောင်ကြီး ဟစ်တလာကို လေးစားကြည်ညိုခြင်းကြောင့်လည်း ဤကော်ဖီဆိုင်အမည်အား 'နာဇီကော်ဖီဆိုင်' ဟူ၍ အမည်ပေးခြင်း မဟုတ်ပါကြောင်း။

သူသည် စစ်သားအသုံးအဆောင်ပစ္စည်းများကို ငယ်စဉ်ကပင် အလွန်နှစ်သက်ပါကြောင်း၊ သို့ဖြစ်၍ သူ့ကော်ဖီဆိုင်နာမည်ကို 'နာဇီကော်ဖီဆိုင်' ဟု အမည်ပေးခဲ့ပြီး သူသည် နာဇီဝါဒကိုလည်း မလိုလား၊ နာဇီလက်သစ်လည်း မဟုတ်ပါကြောင်းဟု သတင်းမီဒီယာများကို ရှင်းပြခဲ့သည်။

သို့သော် ယင်းကော်ဖီဆိုင်ဖွ... လှစ်မှုနှင့် ပတ်သက်၍ ကမ္ဘာ့နိုင်ငံအ... သီးရှိ ဂျူးလူမျိုးများ၏ပြင်းပြင်းထန်... ကန့်ကွက်ဝေဖန်မှုများ ထွက်ပေါ်လာ... သည်။ အမေရိကန်ပြည်ထောင်စု လော... (စ်)အိန်ဂျလိ(စ်) အခြေစိုက် ဂျူးအမျိုး... သား အခွင့်အရေး လှုံ့ဆော်ရေးအ... (Simon Wiesenthal Centre) မှ ... ရေးဆိုခွင့်ရှိသူ ရက်ဘီအေဘရာဟမ်... ပါက မိမိတို့အဖွဲ့သည် ဒုတိယကမ္ဘာ... ကြီးအတွင်း နာဇီအက်(စ်)အက်(စ်) ... သတ်သမားများ ရက်ရက်စက်စက်သ... ဖြတ်ခြင်းခံခဲ့ရသည့် ဂျူးလူမျိုးများ... စား အင်ဒိုနီးရှားနိုင်ငံသံရုံးမှ တာ... ရှိသူများကို တွေ့ဆုံ၍ အထက်ဖော်ပြ... နာဇီကော်ဖီဆိုင်ဖွင့်လှစ်သည့်ကိစ္စရပ်... ပတ်သက်၍ ကန့်ကွက်ပြောဆိုခဲ့သည်... သတင်းမီဒီယာများကို ထုတ်ဖော် ... ဆိုခဲ့၏။

ဤကဲ့သို့ နာဇီကော်ဖီဆိုင် အ... အခင်းဖြစ်ပွားနေစဉ်မှာပင် ထိုင်းနိုင်... အစဉ်အလာ ကြီးမားခဲ့သော ချ... လောင်ကွန်တက္ကသိုလ် ဘွဲ့နှင်းသ... ကျင်းပစဉ်အတွင်း ကျောင်းသားအ... က ထိုင်းနိုင်ငံမှ ထုတ်ဝေသော (Su... Hero) အာဂလူများ ရုပ်ပြဇာတ်... စာအုပ်များတွင် နာဇီထိပ်သီးခေါ... ဆောင်ကြီး ဟစ်တလာ အကြောင်... ထည့်သွင်း ဖော်ပြခဲ့သည့်အ... တောင်းပန်မှုပြုရန် သက်ဆိုင်ရာ... တောင်းဆိုခဲ့သည်ဟူသော သတင်း... လည်း ထွက်ပေါ်လာခဲ့၏။ ယင်းကိစ္စ... များနှင့် ပတ်သက်၍ အစ္စရေးအင်... မှ တစ်စုံတစ်ရာ ဝေဖန်ပြောဆိုခြင်း... ခဲ့သည်သာမက အစ္စရေးနိုင်ငံမှ ထုတ်... သောသတင်းစာကြီးများကလည်း ... နှုတ်ပိတ်နေခဲ့ကြသည်။

ဤနာဇီကော်ဖီဆိုင်ဖွင့်လှစ်သည့်... ကိစ္စသည် ရုတ်တရက် ပေါ်လာသော... ရှေးကြာပင်ဖြစ်ရပ်တစ်ရပ် မဟုတ်... ၂၀၀၆ ခုနှစ်ကလည်း အိန္ဒိယနိုင်ငံ ... ကြီးတစ်မြို့တွင် (Hitler's Cross) ... ခေါင်းဆောင်ကြီး 'ဟစ်တလာ၏သံ... ကြက်ခြေ' ဟူသော စားသောက်ဆိုင်... တစ်ဆိုင် ဖွင့်လှစ်ခဲ့ရာ အိန္ဒိယနိုင်ငံ... အခြေချနေထိုင်ကြသော ဂျူးလူမျိုး... များနှင့် နိုင်ငံတကာမှဂျူးလူမျိုးများ... အစည်း၊ မမေ့နိုင်သော ဂျူးလူမျိုး... အဖွဲ့အစည်းနှင့် ဝီဆင်သော်စင်တာ... ကန့်ကွက်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ်က ဝီဆင်သော်စင်တာမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးကမူ ဂျူးလူမျိုး (၆)သန်းအား မျိုးတုံးပျောက်ကွယ်စေရန် အစုလိုက်အပြုံလိုက် သတ်ဖြတ်ရာတွင် တာဝန်ရှိသူ နာဇီဂျာမန်စစ်တရားခံများအား လက်စားချေလိုခြင်း မရှိကြောင်း၊ သို့သော် တရားဥပဒေအရ အရေးယူခံရမည်ဟု ခံယူထားပါကြောင်း ပြောဆိုခဲ့သည်။ ဤတွင် အထက်ဖော်ပြပါ စားသောက်ဆိုင်ဖွင့်သူများသည် ဆိုင်နာမည်ကို ပြောင်းလဲပေးခဲ့ရသည်ဟုဆိုသည်။

အင်ဒိုနီးရှားနိုင်ငံ သိပ္ပံတက္ကသိုလ်ကျောင်းတိုက် (Indonesian Institute of Science) မှ နာမည်ကျော် သမိုင်းပညာရှင်နှင့် ပြောရေးဆိုခွင့်ရှိသူ ဒေါက်တာ အက်(စ်)ဗီဝါမန်းအဒမ်ကမူ အင်ဒိုနီးရှားနိုင်ငံတွင် ဒုတိယကမ္ဘာစစ်ကြီးအကြောင်း သမိုင်းအသေးစိတ်နှင့် နာဇီဂျာမန် အက်(စ်)အက်(စ်)တပ်သားများ (နောင်အခါ ဂက်စတာပိုဟု အမည်ပြောင်း ခေါ်ခဲ့သူများ) က ဂျူးလူမျိုးများအား ချွေးတပ်စခန်းဟု ကင်ပွန်းတပ်ထားသော ငရဲခန်းများတွင် အစုလိုက်အပြုံလိုက် မျိုးတုံးအောင် ဓာတ်ငွေ့လွှတ်၍ သတ်ဖြတ်ခဲ့မှု အကြောင်းများကိုလည်း အင်ဒိုနီးရှားလူငယ်မျိုးဆက်သစ်များက သေသေချာချာ သိရှိခဲ့ကြခြင်းမရှိကြ၍ 'နာဇီကော်ဖီဆိုင်' အမည်ဖြင့် ဆိုင်ဖွင့်ဖြစ်ခြင်းဖြစ်နိုင်သည်ဟု ပြောကြားခဲ့သည်။

သို့သော် သတင်းမီဒီယာများကမူ ဥရောပတိုက်နိုင်ငံအချို့တွင် နာဇီခေါင်းဆောင်ကြီး ဟစ်တလာ ရေးသားခဲ့သော (Man Kamp) 'ကျွန်ုပ်၏စွန့်စားခန်း' စာအုပ်အား တိုင်းရင်းဘာသာဖြင့် ပြန်ဆိုခြင်းကို ပိတ်ပင်တားမြစ်ခဲ့သော်လည်း အင်ဒိုနီးရှားနိုင်ငံတွင်မူ အင်ဒိုနီးရှားဘာသာဖြင့် လုံးစေ့ပတ်စေ့ ဘာသာပြန်ဆိုပြီး လွတ်လွတ်လပ်လပ် ဖြန့်ချိခွင့်ပြုခဲ့သောကြောင့် ဤသို့အငြင်းပွားဖွယ် မလိုလားအပ်သော ပြဿနာဖြစ်ရသည်ဟုဆိုသည်။ အမှန်အားဖြင့် အင်ဒိုနီးရှားနိုင်ငံသည် အင်ဒိုနီးရှားလူမျိုးများ၊ တရုတ်လူမျိုးများ၊ မလေးရှားလူမျိုးများသာ အများဆုံးနေထိုင်သော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ဂျူးအမျိုးသား အနည်းငယ်သာ နေထိုင်သော နိုင်ငံတစ်နိုင်ငံတွင် ဤကဲ့သို့ ပြဿနာဖြစ်ရသည်မှာ အံ့ဖွယ်သူရဲဖြစ်ရသည်ဟု နိုင်ငံတကာမှ ထိုကိစ္စအား စောင့်ကြည့်လေ့လာသူများက ပြောဆိုခဲ့ကြ၏။




အမှန်စင်စစ် ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးခဲ့သည်မှာ နှစ်ပေါင်း (၆၀) ကျော် (၇၀) နီးပါး ကြာညောင်းခဲ့ပြီဖြစ်ရာ ယနေ့ ကျွန်တော်တို့သက်တမ်းနှင့်ကြည့်လျှင် မျိုးဆက်သစ်နှစ်ဆက်ပြောင်းခဲ့ပြီဖြစ်သည်ဟု ဆိုနိုင်ပါသည်။ သို့သော် ကမ္ဘာ့သက်တမ်းအားဖြင့်ဆိုရသော် နှစ်ပေါင်း (၇၀) ဆိုသည်မှာ ခဏတ္တခဏမျှသာဟု ဆိုနိုင်ပါသည်။

မှန်ပါသည်။ ဒုတိယကမ္ဘာစစ်ကြီးသည် ၁၉၄၅ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့ ညနေ (၃) နာရီ (၃၀) မိနစ်အချိန်တွင် နာဇီခေါင်းဆောင်ကြီး ဟစ်တလာနှင့် ဇနီး အီဗာဟစ်တလာတို့သည် မိမိကိုယ်မိမိအဆုံးစီရင်ခဲ့ကြခြင်းဖြင့် အဆုံးသတ်ခဲ့၏။

စစ်ရှုံးသူ နာဇီထိပ်သီးခေါင်းဆောင်အချို့နှင့် နာဇီငရဲခန်းများတွင် ဂျူးလူမျိုးသန်းပေါင်းများစွာကို ရက်ရက်စက်စက် ကွပ်မျက်ခဲ့ကြသော နာဇီဂက်စတာပိုအရာရှိများသည် နည်းလမ်းအမျိုးမျိုးဖြင့် ကိုယ်ရောင်ဖျောက်ကာ ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်။ စစ်နိုင်မဟာမိတ်နိုင်ငံများကလည်း နာဇီစစ်ပြေးတရားခံများကို တတ်နိုင်သလောက် ဖမ်းဆီး၍ နိုင်ငံတကာတွင် ဖွင့်လှစ်ထားသော စစ်ရာဇဝတ်ခုံရုံးများတွင် နိုင်ငံတကာ ဥပဒေနှင့်အညီ စစ်ဆေး၍ တရားဥပဒေအတိုင်း အရေးယူအပြစ်ပေးခဲ့ကြ၏။ ဒုတိယကမ္ဘာစစ်ကြီးအတွင်း နာဇီဂျာမန်ဂက်စတာပိုအဖွဲ့ဝင်များသည် ဥရောပနိုင်ငံအသီးသီးမှ ဂျူးလူမျိုးများ၊ နာဇီဝါဒကိုဆန့်ကျင်သူများ၊ အပြစ်မဲ့ပြည်သူများ၊ မဟာမိတ်စစ်အကျဉ်းသားများကို ထိုစဉ်ကာလက နာမည်ဆိုးဖြင့် ကျော်ကြားသော ချွေးတပ်စခန်းများဖြစ်သည့် ပိုလန်နိုင်ငံမှ အော့(စ်)ဝစ်၊ ဩစတြေးလျနိုင်ငံမှ မော်သော်ဆင်း စသော စခန်းများ၊ ဒါချော်၊ သူကင်ဝေါ၊ တရီဘလင်ကာ၊ ဆိုဘာနာ၊ မေဒါနက် စသော ချွေးတပ်စခန်းများတွင် စစ်အကျဉ်းသားများ အပါအဝင် ဂျူးလူမျိုးသန်းပေါင်းများစွာ၏ ကိုယ်ပိုင်ပစ္စည်းများကို အဓမ္မသိမ်းပိုက်ခဲ့ပြီး ဂျူးလူမျိုးအများကိုမူ အပြီးသတ်မျိုးတုံးရေးစီမံချက်အရ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့ကြသည်။

ဤသူရဲကောင်းတို့သည် အထက်ဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သည့်အတိုင်း စစ်ပြီးကာလမတိုင်မီက ကြိုတင် ဖွဲ့စည်းထားသော နာဇီပင့်ကူနက်ဂိုဏ်း (နောင်အခါ အိုဒက်ဆာဟု အမည်ပြောင်းခဲ့သည်။) အကူအညီနှင့် တောင်အမေရိကတိုက်ရှိ အာဂျင်တီနား၊ ဘရာဇီး (လ်)၊ ကိုလံဘီယာ၊ ပီရူးစသော နိုင်ငံများသို့ လည်းကောင်း၊ စပိန်နိုင်ငံ အပါအဝင် အခြားဥရောပနိုင်ငံအများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြပြီး ပုန်းလျှိုးနေကြသည်။ အထက်ဖော်ပြပါ ပင့်ကူနက်ဂိုဏ်းသည် ဂျာမနီနိုင်ငံမှ စစ်ရာဇဝတ်သားများကို လွတ်မြောက်ထွက်ပြေးစေခဲ့ပါသည်။ ထိုရာဇဝတ်သား နာဇီလက်ဟောင်းများနောက်သို့ နိုင်ငံတကာမှ ရဲနှင့် စုံထောက်အဖွဲ့များ၊ အစ္စရေးနိုင်ငံမှ မော့ဆက်ထောက်လှမ်းရေးအဖွဲ့ဝင်များ တကောက်ကောက်ခြေရာခံလိုက်၍ ဖမ်းဆီးနိုင်ခဲ့ကြပြီး နိုင်ငံတကာ စစ်ရာဇဝတ်ရုံးများတွင် စွဲချက်တင် စစ်ဆေး အရေးယူမှုများ ပြုခဲ့ကြပါသည်။

ဤသို့ စစ်ရာဇဝတ်သားများနောက်သို့ အနံ့ခံရှာဖွေကြသော အဖွဲ့အစည်းများအနက် မိမိအစီအစဉ်ဖြင့် လိုက်လံဖမ်းဆီးခဲ့သော အဖွဲ့အစည်းများတွင် ထူးထူးခြားခြားဟိုးဟိုးကျော်သော အဖွဲ့အစည်းများမှာ ဂျူးအမျိုးသား နာဇီငရဲခန်းမှ သေရွာပြန် ဆိုင်မွန်ဝီဆင်သော် တည်ထောင်သောအဖွဲ့အစည်းဖြစ်ပါသည်။ သူ့အား ကမ္ဘာ့နိုင်ငံအသီးသီးမှ သတင်းမီဒီယာများက နာဇီမုဆိုးကြီးဟု ကင်ပွန်းတပ်ခဲ့ကြပါသည်။

ဝီဆင်သော်သည် ဩစတြေးလျနိုင်ငံ ဗီယင်နာမြို့တွင် ရုံးခန်းဖွင့်၍ နာဇီ



www.burmeseclassic.com

www.burmeseclassic.com

# ဆေးဖက်ဝင်
# ရှားစောင်းလက်ပပ်မြန်မာ့တိုင်းရင်းဆေး

## ကြည်ကြည်ကျော်(ရင်တွင်းပုံရိပ်)

ဆေးဖက်ဝင် ရှားစောင်းလက်ပပ်သည် စိုက်ပျိုးရာတွင် ကရိကထမများသလို ဖြစ်လွယ်၊ သန့်စွမ်းလွယ်ပါသည်။ မျက်စိဝေဒနာရှိသူများ (မျက်စိပူခြင်း၊ ကြည့်ရတာ ဝေတေတေဖြစ်ခြင်း) ရှားစောင်းလက်ပပ်ဆို အမင်မှ အနေတော်လှီးဖြတ်ပြီး ရေစင်အောင်ဆေးပါ။ ဘေးစောင်းမှ လွှသွားကဲ့သို့ ဆူးအတက်လေးများကို နှစ်ဖက်စလုံး ဖယ်ထုတ်ပစ်ပါ။ အပေါ်ရှံအကာသားကို ဓားဖြင့် အခွံခွာချပါ။ ကျောက်ကျောကဲ့သို့ အတွင်းသားဖြူဖြူတုံတုံလေးများ (ဂျယ်ရီကဲ့သို့) ကို ရရှိမှာဖြစ်ပါသည်။ ၎င်းအတွင်းသားလေးကို လက်ညှိုးတစ်ဆစ်စာခန့် ပါးပါးလှီးပြီး ညအိပ်ရာဝင်ချိန်တွင် မျက်လုံးအိမ်ပေါ်ကပ်ထားလျှင် အေးမြသွားပြီး တဖြည်းဖြည်း သူ့ရဲ့အစေးနှင့်ကပ်သွားမှာပါ။ နံနက်အိပ်ရာထလျှင် မျက်ခွံပေါ်က ရှားစောင်းလက်ပပ်အဖတ်လေးက ခြောက်သွေ့နေမှာပါ။ ယင်းကဲ့သို့ စိတ်ရှည်ရှည်ထား နေ့စဉ်ပြုလုပ်ပေးလျှင် မျက်စိမှ အပူအခိုးတွေထွက်သွားပြီး မျက်စိလည်းအေး၊ ကြည်လင်မှုလည်းရလာမှာပါ။

ခြေဖဝါးပူတတ်သူများ အထက်ပါနည်းအတိုင်း အပေါ်ယံခွာချထားသော အကာသားလေးများကို နေ့စဉ် ညအိပ်ရာဝင်ချိန်တွင် ခြေဖဝါးအနှံ့ ပွတ်ပေးပါက တဖြည်းဖြည်း အပူသက်သာသွားတာမို့ အကာသားရော အတွင်းသားပါ ဆေးဖက်ဝင်တဲ့ ရှားစောင်းလက်ပပ်ဖြစ်ပါတယ်။

နောက်တစ်နည်းမှာ အချို့အမျိုးသမီးများ အဖြူဆင်း အားအင်ကုန်ခမ်းဝေဒနာများဖြစ်လျှင် ဤရှားစောင်းလက်ပပ်ကိုပဲ အထက်ပါနည်းအတိုင်း သန့်စင်အောင်ပြုလုပ်ပြီး အခွံပါးခွာချ၊ အတွင်းမှ ကျောက်ကျောကဲ့သို့ အနှစ်သားဖြူဖြူလေးများကို လက်သည်းခွံခန့် အတုံးသေးသေးလေးတွေ လှီးဖြတ်ပြီး သကြားနှင့် နေ့စဉ် ပေါက်စား (မွှေစား) လျှင် အဖြူဆင်းတာ တဖြည်းဖြည်းသက်သာသွားပြီး လုံးဝပျောက်ကင်းချမ်းသာ... အသားအရေတွေ စိုပြည်လာတာ လ... တွေ့ပါ။

တစ်နည်းရှိပါသေးသည်။ ဆေး... ဖက်ဝင် ရှားစောင်းလက်ပပ်ကိုပဲ အထ... ပါနည်းအတိုင်း သန့်စင်၊ အခွံပါးခွာ... အနှစ်သားဖြူဖြူတုံတုံလေးတွေကို အ... တုံးသေးသေးလှီးဖြတ်ပြီး သံပရာ... ရှောက်ရည်တို့တွင် ထည့်ဖျော်သော... ပါက ခေါင်းမူးသက်သာ၊ မျက်စိကြည်... သည်။ နွယ်မြက်သစ်ပင် ဆေးဖက်... ဟူသော စာဆိုစကားနှင့်အညီ တစ်... လုံး အသုံးဝင် ဆေးနည်းစုံသည့် 'ရှား... စောင်းလက်ပပ်' မြန်မာ့တိုင်းရင်းဆေး... များကို စာရေးသူ သိသမျှလေး မေ... ဖြင့် မျှဝေလိုက်ပါသည်။

ကြည်ကြည်ကျော်(ရင်တွင်းပုံ...)

ပျဉ်းမ...

ဝရမ်းပြေး စစ်တရားခံများနောက်သို့ သဲလွန်စများ၊ ခိုင်မာသော သက်သေသာဓက အထောက်အထားများ စနစ်တကျ စုဆောင်းကာ ခြေရာခံလိုက်ခဲ့ရာသူ ဗီယာနာမြို့တွင် ဖွင့်ထားသော ရုံးခန်း၌ နာဇီစစ်တရားခံ (၂၂၅၀၀) တို့၏ ကိုယ်ရေးရာဇဝင်အချက်အလက်များကို စုဆောင်းနိုင်ခဲ့ပြီး တရားခံ (၁၀၀၀) ကျော်ကို သက်ဆိုင်ရာ နိုင်ငံအသီးသီး နာဇီစစ်ခုံရုံးများတွင် တရားစွဲဆိုနိုင်ခဲ့ပါသည်။

မှတ်တမ်းများအရ ဂျူးလူမျိုးနွယ်များကို မျိုးတုံးစေရန် အစုလိုက်အပြုံလိုက် သန်းချီသတ်ခဲ့သော နာဇီစစ်တရားခံ အိုက်(ခ်)မန်း ဖမ်းဆီးနိုင်ရေးအတွက် အစ္စရေးမော့ဆက်ထောက်လှမ်းရေးအဖွဲ့အား သတင်းအချက်အလက်များပေးခဲ့သည်ဟု ဆိုသည်။

ကမ္ဘာ့သမိုင်းတွင် နာဇီခြေနှစ်ချောင်းသားကောင်းများသို့ တကောက်ကောက်အနံ့ခံလိုက်ခဲ့သော နာဇီမုဆိုးကြီး ဆိုင်မွန်ဝီဆင်သော်သည် ၂၀၀၅ ခု၊ စက်တင်ဘာလ ၂၀ ရက်နေ့တွင် ဗီယင်နာမြို့တော်ရှိ သူ့ရုံးခန်းဖွင့်ထားသောနေအိမ်တွင်ကွယ်လွန်ခဲ့သည်။ ထိုအချိန်တွင် ဝီဆင်သော်မှာ (၉၃) နှစအရွယ် ရှိခဲ့ပြီ ဖြစ်သည်။ သူကွယ်လွန်ခါနီးအချိန်ထိ နာဇီဝရမ်းပြေးများအား ဖမ်းဆီးရမိရေးကို ကြိုးစားခဲ့သည်။

သူတည်ထောင်ခဲ့သော ဆိုင်မွန်ဝီဆင်သော်စင်တာမှ တာဝန်ရှိသူများသည် ဤဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သည့်အတိုင်း အင်ဒိုနီးရှား... ဘန်ဒေါင်းမြို့တွင် နာဇီကော်ဖီဆိုင်... လုပ်မှုကို ပြင်းပြင်းထန်ထန် ကန့်ကွ... ကြသည်။ ၂၀၀၈ ခုနှစ်၊ ဇူလိုင်လ... လည်း နာဇီမုဆိုးများသည် ... ယကမ္ဘာစစ်ကြီးအတွင်းက နာမည်... ဖြင့် ကျော်ကြားသော မော်သော်... အကျဉ်းထောင်မှ နာဇီအက်(စ်)အ... (စ်) ဆရာဝန် ဒေါက်တာအရိဘတ်... ဆိုသူနောက်သို့ အနံ့ခံလိုက်ခဲ့ကြသ... သို့သော် ထိုလူသတ်သမားဆရာဝ... ၁၉၉၂ ခုနှစ်ကပင် အီဂျစ်နိုင်ငံ ... တွင် ကွယ်လွန်ခဲ့သည်ဟု ဆို... ကြောင်း။

လှမိုး (ပညာ...



www.burmeseclassic.com

ဆောင်းဦး တစ်ညနေခင်းတွင် ကျွန်တော့်တပည့်တစ်ဦး ရောက်လာသဖြင့် ကျွန်တော်နှင့် ကျွန်တော့်တပည့်တို့သည် အချိန်အတော်ကြာအောင် စကားပြောဖြစ်ခဲ့ကြပါသည်။

ကျွန်တော်တို့ ပြောခဲ့ကြသော အကြောင်းအရာများတွင် မေတ္တာပို့ခြင်းနှင့်စပ်လျဉ်းသော အကြောင်းအရာများလည်း ပါရှိပါသည်။

ကျွန်တော့်တပည့်က ဤသို့ စကားစပါသည်။

"ကျွန်တော်ဝါတွင်းသုံးလပတ်လုံး မေတ္တာပို့တဲ့အလုပ်ကို အဓိကထားပြီး လုပ်ခဲ့ပါတယ်။ နေ့စဉ် မေတ္တာသုတ်ကို သတ်စေ့ရွတ်ဆိုပြီး မေတ္တာသုတ်မှာလာတဲ့ မေတ္တာပို့နည်းနဲ့လည်း မေတ္တာပို့ခဲ့ပါတယ်။ ဆရာတော်ဘုရားကြီးများ ဟောကြားထားတဲ့ မေတ္တာပို့နည်းများနဲ့လည်း မေတ္တာပို့ခဲ့ပါတယ်။ အဲဒီမှာ ကျွန်တော် သွားမိတာက ကျွန်တော်ကသာမေတ္တာပို့နေတာ။ ပို့တဲ့သူထံ တကယ်မှရောက်ရဲ့လားဆိုတဲ့ အချက်ပါဆရာ။ တစ်ခါက စာစောင်တစ်ခုမှာ မေတ္တာကို ဘယ်လိုစူးရှအောင်ပို့ရမလဲ ဆိုတဲ့ အကြောင်း ဆရာရေးတာ ဖတ်ခဲ့ရဖူးပါတယ်။ ကျွန်တော် မေ့တေ့တေ့ဖြစ်နေလို့ အဲဒါဆရာကို ပြန်မေးဦးမှပဲဆိုပြီး လာခဲ့တာပါ"

"ဟုတ်တယ်၊ ဆရာရေးခဲ့ဖူးတယ်။ မြဝတီဆရာတော်ဘုရားကြီး စီရင်တဲ့ ဓမ္မစကြာမဟာဋီကာသစ်ကျမ်းမှာပါတဲ့ ရေးသားချက်ကို ကိုးကားပြီး ရေးခဲ့တာပါ။ အဲဒီစာအုပ်ထဲမှာ မြဝတီဆရာတော်ဘုရားကြီးက မေတ္တာပို့ပုံ၊ မေတ္တာဓာတ်ရိုက်ပုံအကြောင်းကို အတော်ကျယ်ကျယ်ပြန့်ပြန့်ရေးခဲ့ပါတယ်။ အဲဒီရေးသားချက်တွေထဲမှာ မေတ္တာကိုဘယ်လိုစူးရှအောင်ပို့ရမလဲ၊ ဆရာတော်ဘုရားကြီးရဲ့ စကားနဲ့ပြောရရင် မေတ္တာကိုဘယ်လိုဖြန့်ရမလဲ ဆိုတာလည်း ပါပါတယ်"

"အဲဒီအချက်ကို ကျွန်တော်သိချင်နေတာပါ ဆရာ"

"ဆရာ့ဆီမှာ ဓမ္မစကြာမဟာဋီကာသစ်ကျမ်းရှိပါတယ်။ စာအုပ်ယူပြီး ဆရာဖတ်ပြပါ့မယ်။

(ကျွန်တော်သည် ပြောပြောဆိုဆို ကျွန်တော့် စာကြည့်ခန်းအတွင်းရှိ စာအုပ်ဗီရိုသို့သွား၍ ဓမ္မစကြာမဟာဋီကာသစ်ကျမ်းကို ယူပြီးလျှင် ကျွန်တော့်တပည့်သိချင်နေသောအချက်ကို ဖတ်ပြပါသည်။)

# မြဝင်း(ဒဿန)

## မေတ္တာပို့သ ဦးရှုလေအောင်





www.burmeseclassic.com

www.burmeseclassic.com

မေတ္တာဖြန့်ရာတွင် ရည်ညွှန်းသော ဩဒိဿမေတ္တာ၊ မရည်ညွှန်းသော အနောဒိဿ မေတ္တာ (၂) မျိုးရှိရာ အနောဒိဿမေတ္တာထက် ဩဒိဿ မေတ္တာစူးရှသည်။ ဩဒိဿမေတ္တာတွင်လည်း မြင်ဖူးသူ၊ မမြင်ဘူးသူ (၂)မျိုးရှိရာ မမြင်ဘူးသူထက် မြင်ဖူးသူကို စူးရှသည်။ မြင်ဖူးသူတွင်လည်း အမြင်နည်းသူထက် အမြင်များသူက စူးရှသည်။ အမြင်များသူတွင်လည်း အကျွမ်းမဝင်သူထက် အကျွမ်းဝင်သူကို စူးရှသည်။ အကျွမ်းဝင်သူတွင်လည်း နေ့အခါထက် ညအခါ စူးရှသည်။ ညဥ့်အခါတွင်လည်း မေတ္တာအပို့ခံသူက လှုပ်ရှားနေသူထက် ငြိမ်နေနေသူကိုစူးရှသည်။ ငြိမ်နေသူတွင်လည်း အမှတ်တမဲ့ဖြန့်ခြင်းထက် ချိန်၍ဖြန့်ခြင်းက စူးရှသည်။ သို့ဖြစ်လေရကား မကျန်းမာ၍ဖြစ်စေ၊ တစ်စုံတစ်ခုကြောင့်ဖြစ်စေ၊ ဆင်းရဲဒုက္ခတွေ့နေရသူအား နေ့ရက်၊ အချိန်၊ မျက်နှာမူပုံ၊ နေထိုင်ပုံ စသည်တို့ကို သိအောင် ချိန်းဆိုပြီး ထိုသူ၏ နှလုံးအိမ်ကိုဖြစ်စေ၊ ခံတွင်းပေါက်ကိုဖြစ်စေ သေသေချာချာချိန်လျက် မည်သူ ချမ်းသာပါစေ၊ မည်သူချမ်းသာပါစေ၊ မည်သူချမ်းသာပါစေဟု မေတ္တာဓာတ်မေတ္တာကလာပ်တို့ကို ထပ်တလဲလဲ စွဲစွဲမြဲမြဲ ဖွဲ့သန်သန်နှင့် ဖြန့်ဖြူးသွန်းလောင်းနိုင်ပါမူ သိသိသာသာစူးရှသည်ကို တွေ့မြင်ရပါလိမ့်မည်တဲ့"

"ကျေးဇူးပါဆရာ၊ ဆရာ အခုလို ဖတ်ပြတော့ ကျွန်တော် အမှတ်ရလာပါပြီ။ ဆရာ့ဆောင်းပါးကိုဖတ်ရစဉ်က အဲဒီအချက်ကို သဘောကျလို့ ကျွန်တော် မှတ်မှတ်ရရ ကူးထားခဲ့ပါသေးတယ်။ အခု ကူးထားတာ ရှာမရဖြစ်နေလို့ ဆရာ့ကို မေးရတာပါ။ အဲဒီရေးသားချက်ထဲမှာ ပါတဲ့အတိုင်း မေတ္တာပို့တဲ့အခါ နေ့မှာထက် ညမှာ အလေးအနက်ထားပြီး ပို့ပါတယ် ဆရာ"

"ညမှာ အလေးအနက် ထားပြီး ပို့တယ်ဆိုတော့ မေတ္တာက ပိုပြီးစူးရှမှာပေါ့။ အကြောင်းတိုက်ဆိုင်တုန်း မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီးရဲ့ မေတ္တာပို့တာနဲ့ ပတ်သက်တဲ့ ရေးသားချက်ကို ဆရာဖတ်ပြပါဦးမယ်"

"မဟာဗောဓိမြိုင်ဆရာတော်ကြီးက မေတ္တာပို့တာနဲ့ ပတ်သက်တဲ့ ရေးသားချက်ကို ဘယ်မှာရေးခဲ့တာလဲ ဆရာ"

**"ပီတိ၊ ဂါရဝ၊ မြတ်သီလနှင့် ဘဝသန္တာဆိုတဲ့ စာအုပ်မှာရေးခဲ့တာပါ"**

"အဲဒီစာအုပ်ကိုတော့ ကျွန်တော် မဖတ်ဖူးဘူး ဆရာ။ အဲဒီစာအုပ်ထဲမှာ မဟာဗောမြိုင်ဆရာတော်ဘုရားကြီးက မေတ္တာပို့တာနဲ့ ပတ်သက်လို့ ဘယ်လို ရေးခဲ့သလဲ ဆရာ"

"ဆရာဖတ်ပြပါ့မယ်၊ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးရဲ့ ရေးသားချက်ကို ဆရာသဘောကျလွန်းလို့ ဆရာ့တရားမှတ်စုစာအုပ်ထဲမှာ ကူးထည့်ထားပါတယ်။ ဆရာတရားမှတ်စုစာအုပ်သွားယူလိုက်ပါဦးမယ်။

(ကျွန်တော်သည် ကျွန်တော့်စာကြည့်ခန်းသို့သွား၍ စာအုပ်စင်မှ တရား မှတ်စုစာအုပ်ကို ထုတ်ယူခဲ့ပြီးလျှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး၏ရေးသားချက်ကို ဖတ်ပြပါသည်)

နေ့ပိုင်းတွင် မေတ္တာဓာတ်ပို့လွှတ်ရန် အာရုံယူကြည့်ပြန်ပါကလည်း လူတို့သည် ဝမ်းစာစီးပွားရှာဖွေကြရင်းက မာန်မျက်တင်း၊ မနောခိုအိမ်နှလုံးသားအတွင်းနှလုံးသွေးများ ပျက်ယွင်းနေသဖြင့် မပို့သာကြပြီ။

တစ်ဖန် ညဦးပိုင်းတွင် မေတ္တာဓာတ်ပို့လွှတ်ရန် အာရုံယူကြည့်သော အခါတွင်လည်း နှလုံးမငြိမ်၊ စိတ်ဘောင်ဘင်ခတ်၊ မနောသွေးများ ညစ်ပတ်ဆဲ ဖြစ်နေသဖြင့် မပို့သာကြပြီ။

တစ်ဖန် မိုးသောက်ပိုင်းပို့လွှတ်ရန် အာရုံယူကြည့်ရာတွင်လည်း စိတ်ထစပြုနှလုံးသွေးစုများ လှုပ်ရှလှုပ်ရှဖြစ်လျှင်ဖြစ်၊ မဖြစ် မွဲညစ်ညစ်ဖြစ်ဆဲကြောင့် မပို့သာကြပြီ။

ထိုအချိန်များမှအလွတ်ဖြစ်သော ညဥ့်လယ်ယံ၏အဖျား ညဥ့် (၂)ချက်တီးမှ (၄) နာရီအတွင်း ယင်းအချိန်သည် ဘုရားရှင်ထံသို့ အရိယာဗြဟ္မာကြီးများ ချဉ်းကပ်ချိန်၊ ဘုရားရှင်ကိုယ်တော်တိုင် ကျွတ်ထိုက်သူများကြည့်ရှုချိန်၊ ထိုအချိန်ပိုင်းသည် ယမန်နေ့က အပူအားကြောင့် နှလုံးသွေးလည်း မညစ်မွဲသေး၊ စိတ်ချလက်ချအိမ်မောကျနေသဖြင့် မာန်လည်း ကင်းနေဆဲ၊ သို့ဖြစ်ရာ ထိုသက်ဆိုင်သူကြီးများထံမှ ဤသက်ဆိုင်သူကလေးများထံသို့ ပြင်ပအကြည်ဓာတ်၊ အတွင်းအကြည်ဓာတ် (မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တို့၏ အကြည်တတ်များ) များဆီသို့ တစ်ပေါက်ချင်း မနောဓာတ်ရိုက်သွင်းကာ မေတ္တာပို့ပေးကြသည်။

ထို့ကြောင့် -

ထိုအချိန် အိပ်မက်မတ် ထူးခြားချက်ကို ဖြစ်စေတော့သည်။ အိပ်မက်ကြား စကားပြောခွင့်ရ၊ ဒိဋ္ဌဓမ္မအကျိုး... ပေးရတော့သည်သာ။

ဤ၌ ဆိုလိုသည်မှာ မာန်ကင်း... ချိန်ဖြစ်က တစ်ဖက်က ဖြန့်သွင်း... သမျှ မေတ္တာဓာတ် မိမိသို့ ထိဟပ်လာ... ခြင်းများပင် ဖြစ်၏"

"ကျေးဇူးပါ ဆရာ၊ ဆရာတော်... ဘုရားကြီးရေးသားထားသလိုဆိုတော့... မေတ္တာကို စူးရှအောင်ပို့မယ်ဆိုရင် ည... (၂) ချက်တီးက (၄) နာရီအချိန်အတွင်း... ပို့ရမှာပေါ့နော်"

"ဟုတ်တာပေါ့ တပည့်ရယ်။ ည... (၂) ချက်တီးကနေ (၄) နာရီအတွင်း... တာ မေတ္တာပို့သူရော မေတ္တာအပို့ခံ... ပါ မာန်ကင်းပြီး နှလုံးသွေးကြည်နေ... မဟုတ်လား"

"ဟုတ်တော့ဟုတ်ပါတယ် ဆ... ဒါပေမယ့် အဲဒီအချိန်ထဖို့ဆို... မလွယ်ဘူး ဆရာ"

"ဒါပေမယ့် တကယ်လုပ်ချင်... ဆိုရင်တော့ မဖြစ်မနေထရမှာပဲ။ နှိုး... ပေးထားပြီးထရမှာပဲ။ တို့ကသာ ည... မှာမက်မက်မောမောအိပ်ကြတာ၊ ... ဆရာတော်ဘုရားကြီး မိန့်ကြား... တာရှိတယ်။ ညဆိုတာ သူတော်ကောင်း... တွေအတွက်တဲ့"

"တစ်ပတ်တန်သည်၊ နှစ်ပတ်... သည် ကျွန်တော် ကြိုးစားကြည့်ပါ့မ... ဆရာ။ မြဝတီဆရာတော်ဘုရားကြီး... လည်း နေ့အခါမှာထက် ညအခါမှာ... ပိုစူးရှတယ်လို့ ဆိုထားပါတယ်"

"ကြိုးစားကြည့်ပါ တပည့်... ဓမ္မောဟဝေ ရက္ခတိ ဓမ္မစာရီတဲ့၊ ... ကျင့်တဲ့သူကို တရားက စောင့်ရှောက်... မှာပါ"

"ဒါထက်ဆရာ၊ မဟာဗော... ဆရာတော်ဘုရားကြီးရဲ့ရေးသား... တဲ့ စာအုပ်ကို ငှားပါဦး ဆရာ၊ ... ဖတ်ပြတဲ့ရေးချက်ကို ကျွန်တော်... ထားချင်လို့ပါ"

"ငှားပါ့မယ်ဗျာ၊ ဆရာ... လိုက်ပါ့မယ်။ တပည့်နောက်တစ်ခါ... တော့ ယူပေါ့"

"ကျွန်တော် မကြာခင် ပြန်... မယ်ဆရာ"

ထို့နောက် ကျွန်တော့်တပည့်... ကျွန်တော့်ကို ကန်တော့ပြီး ပြန်... သတည်း။

မြဝင်း (...



www.burmeseclassic.com

www.burmeseclassic.com

ပညာကျော်

# သွားဖုံးဝက်ခြံဝေဒနာ ကုချမခက်ပါ

တစ်နေ့က ကျွန်ုပ်ထံသို့ မိတ်ဆွေ ယောက်ရောက်လာခဲ့ပါသည်။ ထို ဆွေမှာ လွန်ခဲ့သော နှစ် (၅၀) က ကယားပြည်နယ် လွိုင်ကော် အတူနေထိုင်ခဲ့ကြဖူးသော ဆွေဖြစ်ပါသည်။

"ကိုအောင်ရေ၊ ကျွန်တော်တို့ ကော်မှာနေတုန်းက ဒေါ်လေးမှာ ဝက်ခြံပေါက်ဖူးတယ်နော်။ ဘာ နဲ့ ပျောက်ခဲ့တာလဲ"

ဟု မေးပါတော့သည်။

"ဟုတ်တယ်ဗျ။ လွိုင်ကော်မှာနေ က သွားဖုံးဝက်ခြံပေါက်တော့ ရိကန်သာသနာပြုမာသားကြီးက တော်တို့နဲ့ ရင်းနှီးခင်မင်ကြတော့ ကိုခေါ်ပြီး ဆေးထိုးပေးခဲ့တာဗျ။ ချင်းဆိုသလို သွားဖုံးဝက်ခြံရောဂါ သာလာခဲ့ပြီး ပျောက်သွားခဲ့တယ်

ဖေဖေပင်စင်ယူပြီး ကိုယ့်ဇာတိ ရောက်ပြီး (၃) နှစ်လောက်အကြာ သွားဖုံးဝက်ခြံရောဂါပြန်ပေါ်လာခဲ့ တယ်ဗျ။ ဒါနဲ့ပဲ ဆေးရုံသွားပြရသေး ဆေးထိုးဆေးစားလုပ်ရပေမယ့် သက်သာတာပါ။ ပြန်ပြီးရောဂါ ပေါ်လာမြဲဖြစ်နေတာဆိုတော့ မေမေ ကျွန်တော်တို့မိသားစုပါ စိတ် တော်ဆင်းရဲခဲ့ကြရတယ်"

ဟု ပြောစဉ်မှာပင် မိတ်ဆွေက အောက်ပါအတိုင်း စကားစကိုဖြတ်ပြီး ပါတော့သည်။

"ဒါနဲ့ နေပါဦးဗျ။ ဒေါ်လေးမှာဖြစ် တဲ့ သွားဖုံးဝက်ခြံရောဂါ မပျောက် လား၊ ပျောက်ရဲ့လား၊ ဆေးကော လားဆိုတာ ပြောပါဦး"

ဟု ဆန္ဒပြင်းပြစွာ မေးပါတော့ သည်။

"ဟုတ်ကဲ့ပါ။ ကျွန်တော်ပြောပြ ပါ။ အထက်ကပြောခဲ့တဲ့အတိုင်းပေါ့။ ဆေးရုံသွားရတဲ့အခါမှာ အနာဖြစ်နေတဲ့ ကို (၁၀- စီစီ) စလင်းနဲ့ သွေးပြည် တို့ စုပ်ထုတ်ရတယ်လေ။ နောက် ထိုးပေးတာတို့၊ စားဆေးတို့ပေးတာ ဒီလိုနဲ့ပဲ (၂) လတစ်ခါ၊ (၃) လ တစ်ခါ သွားသွားပြီးပြရ၊ ဆေးကုနေခဲ့ရ တာဗျ။

ကံကောင်းထောက်မလာတော့ ကျွန်တော်တို့မိတ်ဆွေတစ်ယောက် ခရီး ကြုံလို့ဆိုပြီး အိမ်ကို အလည်အပတ် ရောက်လာတယ်ဗျ။ မွေးချင်းသားချင်း အရင်းအချာလို ခင်မင်ကြတာ။ ရောက် တုန်းရောက်ခိုက်မှာ နေပါဦးဆိုပြီး တား တားကြတာဗျ။

ဒီလိုနဲ့ တစ်ညအိပ်ပြီး နောက်နေ့ မနက်စာကျွေးဖို့ မေမေကဈေးသွားပြီး ဟင်းကျွေးဟင်းလျာတွေဝယ်ပြီး ချက် ပြုတ်လို့ပေါ့။ ထမင်းကျွေးမွေးပြီးတဲ့ အချိန်ရောက်တော့ မမျှော်လင့်ဘဲ မေမေ့သွားဖုံးဝက်ခြံ ပြန်ပေါ်လာခဲ့ပါ တော့ တယ်။

မေမေလည်း ညည်းတွားပြီး ဝေဒ နာခံစားနေရတော့ ဧည့်သည်က အ ကြောင်းအကျိုးမေးလေတော့မှ ဖြစ်စဉ် ကို ပြောပြလိုက်တာပေါ့။

ဧည့်သည်မိတ်ဆွေက သွားဖုံး ဝက်ခြံရောဂါဆိုရင် ဘာမှမပူပါနဲ့တော့ ဗျာ။ ဆေးရှိပါတယ်။ တကယ်ကို အစွမ်း ထက်တဲ့ဆေးပါ ဆိုပြီးတော့ ဆေးမည် များပြောပြီး ချက်ချင်းလုပ်ရပါတယ်။

ဆေးကို သွေးပြီးတော့ သွားဖုံး ဝက်ခြံအနာနေရာကို သိပ်လူးပေးရပါ တယ်။ သွားဖုံးပေါ်ကနေလိမ်းပေးရတာ ပါ။ အချိန်သိပ်မကြာလိုက်ပါဘူး။ တစ် နာရီခွဲနှစ်နာရီလောက်ပဲကြာမယ်ထင် ပါတယ်။ နာကျင်ကိုက်ခဲမှုသက်သာ သွားခဲ့ပါတော့တယ်။

နောက်နေ့မှာ သွားဖုံးထဲမှ သွေး ပုပ်များနဲ့ ပြည်များ ပေါက်ထွက်လာပါ တော့တယ်။ ထိုဆေးကိုပင် ဆက်သိပ် ပေးခဲ့ရတာပါ။ နောက်တော့ သွားဖုံး ဝက်ခြံရောဂါလုံးဝပျောက်ကင်းသွားပါ တော့တယ်။ အမြစ်ပြတ်သွားတယ်လို့ ပြောရမှာပေါ့။ မြန်မာ့ဆေးမြီးတိုလို့ ဆို ပေမယ်လို့ အမှန်တကယ်အစွမ်းထက်တဲ့ ဆေးနည်းပါ။

ခင်ဗျား လိုချင်နေတာ မဟုတ် လား၊ ပေးမှာပါ။ ဆေးနည်းမှာ ဆေး မည်က (၂) မျိုးတည်းပါ။ တစ်နှစ်လုံး ရှာရလွယ်တူပါတယ်။ ရာသီမရွေးရနိုင် တဲ့ ဆေးမို့လည်း ပိုကောင်းတာဗျ။

ဆေးမည်များမှာ -

၁။ ခုံညင်းဆန်

၂။ ရှိန်းခိုတို့ပဲ ဖြစ်ပါတယ်။

ဆေးကိုသုံးစွဲရန် နည်းလမ်းအ ပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါ တယ်။

ကျောက်ပျဉ်တစ်ချပ်ကို သန့်ရှင်း သန့်ပြန့်အောင်ဆေးကြောပါ။ နောက် ကျောက်ပျဉ်ပေါ်မှာ ခုံညင်းအဆန်ကို ရေနဲ့ပျစ်ပျစ်ကလေးရအောင်သွေးပေး ပါ။

နောက် ရှိန်းခိုကို ထိုကျောက်ပျဉ် မှာပင် ပျစ်နေအောင်ရောသွေးလိုက်ပါ။ ဆတူမျှလောက် ရောသွေးရန် ဖြစ်ပါ တယ်။

လက်ကော်ရ ပျစ်ပျစ်ကလေးဖြစ် နေသောဆေးကိုယူပြီး သွားဖုံးဝက်ခြံ ပေါက်ရာ သွားဖုံးပေါ်သို့ လိမ်းပေးရပါ မယ်။ သွားဖုံးအတွင်း၊ အပြင်လိမ်းရမှာ ဖြစ်ပါတယ်။

အဖုအကျိတ်ဖြစ်နေစေကာမူ နှ ရင် ပိန်သွားမှာဖြစ်ပြီး ရင့်နေရင် ပြည် ပေါက်ကာ သွားဖုံးဝက်ခြံရောဂါ အမြစ် ပြတ် ပျောက်ကင်းပါတယ်"

ဟု ရှည်လျားစွာ ပြောပြလိုက်ရပါ တော့သည်။

သွားဖုံးဝက်ခြံရောဂါ ကုသသည့် ဆေးနည်းကို ရသွားသော မိတ်ဆွေ လည်း ဝမ်းမြောက်စွာပြန်သွားခဲ့ပါတော့ သည်။

ကျွန်ုပ်အနေဖြင့် ဖြစ်ခဲလှသော ရောဂါဖြစ်သည့် သွားဖုံးဝက်ခြံရောဂါကို စာချစ်သူမိတ်ဆွေနှင့် မိသားစုဖြစ်စေ၊ အခြားသော သင်၏မိတ်ဆွေများတွင် ဖြစ်စေ၊ ထိုဝေဒနာရရှိခံစားနေရပါက အဖိုးတန် မြန်မာ့ဆေးမြီးတိုဆေးနည်း ကိုပေးပြီး ရောဂါပျောက်ကင်းအောင် ကူညီပေးစေလိုပါသည်။

ယခုဖော်ပြသည့် ဆေးနည်းမှာ သူပြောလူပြောမဟုတ်ပါ။ ကျွန်ုပ်မိသားစု ၏လက်ကိုင်ဆေးတစ်လက်ဖြစ်ပါသည်။ ပညာဒါနအလို့ငှာ ဤစာစုကို ရေးသား လိုက်ရခြင်း ဖြစ်ပါသည်။

*ရောဂါကင်းကွာ၍*
*စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာကြပါစေ။*

ပညာကျော်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် ကလေးသူငယ်များအား နှုတ်ဝှက်ခြင်းကိုသာ မြင်တွေ့ကြားသိခဲ့ရဖူးပြီး လူကြီးသူများကိုတော့ဖြင့် နှုတ်ဝှက်ခြင်းခံရသည်ဟူ၍ တစ်ကြိမ်တစ်ခါမှ မတွေ့မကြုံ မကြားဘူးပါ။ ဗဟုသုတခေါင်းပါးသည်ဟု ပြောကြလျှင်လည်း ဝန်ခံပါသည်။ သို့သော် ကျွန်ုပ်ယခုတင်ပြမည့် နှုတ်ဝှက်ခြင်းခံရသောသူမှာ ကလေးသူငယ်မဟုတ်ဘဲ လူကြီးဖြစ်နေသည်။ လူကြီးထဲကမှ ယောက်ျား၊ ယောက်ျားထဲကမှ စစ်သား၊ စစ်သားထဲကမှ လက်နက်ခဲယမ်းအပြည့်အစုံဖြင့် ဝတ်ဆင်ထားသောစစ်သား။ ထိုစစ်သားကြီးကနှုတ်ဝှက်ခြင်းခံရသည့် ဖြစ်ရပ်။ ထိုဖြစ်ရပ်ကြီးကို တစ်သက်နှင့်တစ်ကိုယ် ဒီတစ်ခါသာ ကြုံခဲ့ရဖူးသည်။ အဆိုပါ တွေ့ကြုံခဲ့ရသော သည်းထိတ်ရင်ဖိုဖွယ်ရာကောင်းလှသည့် ဖြစ်ရပ်ဆန်းကြယ်ကြီးကို ရေးသား တင်ပြရသော် -

■

ကရင်ပြည်နယ် ရွှေကျင်ကျော[…] ကြီးဒေသ စစ်ဆင်ရေးနယ်မြေတွင် ဖြ[…] သည်။

ကျွန်ုပ်သည် မှူးသဲတပ်စခန်းတွ[…] ရိက္ခာတစ်ပတ်စာထုတ်ယူပြီးကြောင်း[…]



# ချစ်ဆိုင်
# နှုတ်ဝှက်တောင်



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

မောလောစခန်းတွင်အခြေပြုထားသော နည်းဗျူဟာသို့ ဆက်သွယ်ရေးစက်မှ တစ်ဆင့်သတင်းပို့လိုက်သောအခါ နည်းဗျူဟာက ကျွန်ုပ်အား ဘောဂထရွာဘက်တွင်ရှိနေသော တပ်ရင်းမှူး ဦးစီးသည့် စစ်ကြောင်း(၁)ရှိရာဆီသို့ သွားရောက် ပူးပေါင်းရန် ညွှန်ကြားလာခဲ့ပါတော့သည်။

သို့ဖြစ်၍ ကျွန်ုပ်သည် တပ်ခွဲအား ဦးဆောင်ကာ ဘောဂထရှိရာဘက်ဆီသို့ ဦးတည်ပြီး ထွက်ခွာခဲ့ရပါတော့သည်။ ယခု ရိက္ခာထုတ်ယူခဲ့သော မူသဲတပ်စခန်းနှင့် ဘောဂထရွာ ဆိုသည်မှာ နီးသည့်ခရီး မဟုတ်ပါ။ အနည်းဆုံး လေးညအိပ်ပြီး ငါးရက်လောက်ချီတက်ရမည့် တောလမ်းခရီးစဉ်ကြီး ဖြစ်ပါသည်။ လမ်းခရီးတစ်လျှောက်တွင်ကား သာမန်လူကောင်းသူကောင်းတို့ နေထိုင်ရာကျေးရွာမရှိသလို ဥဒဟိုသွားလာလျက်ရှိကြသည့် ပင်မလမ်းကြောင်းကြီးမျိုးလည်း မရှိပေ။ သံလိုက်အိမ်မြှောင်နှင့် စစ်သုံးမြေပုံတို့သာ အသုံးပြု၍ တောတိုးတောင်တက်၊ ချောင်းဖြတ်၊ မြောင်းဖြတ်ဖြင့် ချီတက်သွားရမည့် ခရီးစဉ်ကြီးသာ ဖြစ်သည်။

လမ်းခရီးတစ်လျှောက် အခက်အခဲတစ်စုံတစ်ရာတွေ့ရှိခဲ့ရပါက ကျွန်ုပ်အား ကူညီဖေးမမည့်သူကားမရှိ။ လမ်းများ၍ မေးမြန်းရန် အရပ်သူအရပ်သားများ၊ သာမန်လူကောင်းသူကောင်းများဟူ၍မရှိ။ ရှိနေနိုင်သည်က ကျွန်ုပ်တို့၏ တပ်ခွဲအား ချောင်းမြောင်း၍တစ်နည်း၊ ရင်ဆိုင်၍တစ်ဖုံ ပစ်ခတ်တိုက်ခိုက်ကြမည့်သူများနှင့် အခါအခွင့်ရလျှင် မိုင်းထောင်ပြီး ကြိုဆိုကြမည့်သူများသာ ရှိသည်။

သည်ကြားထဲ မိုးရာသီဖြစ်နေ၍ တစ်နေကုန်တစ်နေခန်းဆိုသလို မိုးများအဆက်မပြတ် ရွာသွန်းလျက်ရှိလေရာ သံလိုက်အိမ်မြှောင်နှင့် စစ်သုံးမြေပုံကိုသာ အားကိုးပြီး တောတိုးကာသွားရမည့် ကျွန်ုပ်အတွက်မှာလည်း မလွယ်ကူပါ။ သဘာဝသစ်တောသစ်ပင်ကြီးများ၊ ဝါးရုံနွယ်တောများဖြင့် ဖုံးအုပ်လျက်ရှိလေရာ မြင်ကွင်းကန့်သတ်ချက်များစွာရှိနေလေသည်။ နွေရာသီတွင် အလွယ်တကူကူး၍ရနိုင်သော ချောင်းများမှာလည်း ယခုအခါမှာတော့ တောင်ကျချောင်းကဲ့သို့ ဝါးလုံးထိုးစီးဆင်းလျက်နေပါတော့သည်။

အချို့သော နေရာများတွင် လူသွားလမ်းဟောင်းများကို တစ်ခါတစ်ရံ တွေ့ရတတ်ပါသည်။ သို့သော်လည်း ကျွန်ုပ်တို့က အသုံးမပြုရဲပါ။ အကြမ်းဖက်သောင်းကျန်းသူတို့၏ နင်းမိုင်းအန္တရာယ်ကြောင့် ရှောင်ကွင်းပြီးချီတက်ခဲ့ကြရသည်။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်၏ မြေပုံနှင့် မြေပြင်ကို မကြာခဏတိုက်ဆိုင်စစ်ဆေးပြီ မိမိ၏ တပ်ခွဲအား ဦးတည်ချက်လမ်းကြောင်းမှားမသွားနိုင်စေရန် ခက်ခက်ခဲခဲဖြင့်ခေါ်ဆောင်ခဲ့ရပါတော့သည်။

လေးညအိပ်ပြီး ငါးရက်မြောက်သော ညနေ (၄) နာရီလောက်တွင် ဘောဂထရွာနှင့် သိပ်မဝေးလှတော့သော ဝါးပိုးတောင်တောင်ကြောတစ်လျှောက်ဆီသို့ ရောက်ရှိခဲ့ပါသည်။ ဝါးပိုးတောင်ထိပ်နှင့်ကား အနည်းငယ်မျှ အလှမ်းဝေးပါသေးသည်။ ထိုနေရာတွင် ကျွန်ုပ်က ဆက်သွယ်ရေးစက်ထောင်ပြီး တပ်ရင်းမှူးအား ယခုရောက်ရှိနေသော တောင်ကုန်းငယ်နေရာ (မြေပုံညွှန်ပေးကာ) အား ညအိပ်ရပ်နားခွင့်ပြုပါရန် တင်ပြလိုက်သောအခါ တပ်ရင်းမှူးက ခွင့်ပြုခဲ့ပါသည်။ ပြီးသောအခါ ကင်းများကိုလည်း စနစ်တကျချထားပေးစေပါသည်။ ပြီးသောအခါမှ ညအိပ်ရန် တဲထိုးခြင်း၊ ထမင်းချက်ပြုတ်ခြင်းများတို့ စနစ်တကျပြုလုပ်စေပါသည်။

အကြောင်းမူ ယခုရောက်ရှိနေသော နေရာမှာလည်း ကောင်းလှသည့် နေရာမဟုတ်ပါ။ KNU အကြမ်းဖက်သောင်းကျန်းသူတို့၏နင်းမိုင်းအန္တရာယ်ကြောင့် တပ်မတော်စစ်ကြောင်းများ အပါအဝင် အပြစ်မဲ့သော ကျေးရွာသူကျေးရွာသားများပါ မိုင်းနင်းခဲ့ကြဖူးသော နေရာတစ်ပိုက်ဖြစ်သည်။ သောင်းကျန်းသူများအနေဖြင့်လည်း ယခုလက်ရှိနေရာတစ်လျှောက်သို့ မကြာခဏဆိုသလို ရောက်ရှိလာတတ်ပြီး ရွာစပ်နားအထိတိုးကပ်က မှိုရှာ၊ မျှစ်ရှာ၊ ဖားလာရှာသူများ၊ မီးသွေးဖုတ်၊ သစ်ခုတ်၊ ဝါးခုတ်လုပ်သူများထံ ရိက္ခာနှင့် ငွေကြေးများတောင်းခံတတ်ကြသည်။ သို့ဖြစ်၍ မိမိတို့နှင့် အချိန်မရွေးတိုက်ပွဲဖြစ်နိုင်ပါသည်။

ကျွန်ုပ်သည် စစ်သည်များ ကူညီ၍ထိုးပေးသောတဲအတွင်းထိုင်ပြီး ရေနွေးကြမ်းသောက်လျက်ရှိနေစဉ် စစ်သည်များကတော့ ညစာနှင့်နောက်တစ်နေ့နံနက်စာကိုပေါင်းပြီး ချက်ပြုနေကြသည်။ မျှစ်အလွန်ပေါလှပါသဖြင့် မျှစ်ပြုတ်၊ မျှစ်သုပ်၊ မျှစ်ကြော်၊ မျှစ်ချ... မျှစ်တာလပေါဟင်းချို အစရှိသဖြင့် ... တစ်မျိုးတည်းကိုပင် ထည်လဲသုံး... ချက်ပြုတ်နေကြစဉ် တပ်စုတပ်ကြ... မောင်ထွန်းနှင့် တပ်စိတ်မှူးတာဝန်... ဆောင်သူ ဆရာအောင်နိုင်တို့ ... ယောက် ကျွန်ုပ်ဆီသို့ ရောက်လာ...

"ဗိုလ်ကြီးရေ၊ ကင်းတာဝန်... တဲ့ တပ်သား မောင်မျိုး မရှိတော့...

ဟု ဆိုပြီး သတင်းပို့လေ... သည်။

ထိုအခါ ကျွန်ုပ်က -

"မောင်မျိုး၊ မောင်မျိုးမရှိရ... ဘယ်သွားနေလို့လဲ"

"ဗိုလ်ကြီးကလည်း၊ ဘယ်ကို... စရာရှိမှာလဲ။ ကင်းစောင့်နေရင်း... သွားတာပေါ့"

ဟု ပြောလေတော့သည်။

ထိုအခါ ကျွန်ုပ်က သ... ယောက်ကိုပါခေါ်ပြီး မောင်မျိုး... စောင့်သောနေရာအား သွား... ကြည့်ရှုရာ တစ်စုံတစ်ရာသော ... မှုကို မတွေ့ရ။ ဆိုချင်သည်မှာ စစ်... ကင်းအိပ်နေ၍ ရန်သူမှ အလစ်အ... လာရောက်ပြီး သတ်ဖြတ်သွားခြင်း... မရှိပါ။ ထိုကဲ့သို့ဖြစ်သွားလျှင် အ... ဆုံး မြေပြင်တွင် ရုန်းရင်းဆန်ခတ်... ကာ သစ်ပင်ချုံနွယ်များ တစ်နည်း... ဖြစ်ကာ ယိမ်းယိုင်ပြိုလဲခြင်းများ ... နိုင်ပါသည်။ ယခုမူ သဘာဝအ... ရှိနေကြသည်။

သို့ဆိုလျှင် သားကောင်... ကောင်ကောင်နောက်လိုက်ကာ ... လည် လမ်းမှားသွားခြင်းလေ... ဒါပဲဖြစ်နိုင်သည်။ ထွက်ပြေးခြင်း ... ခိုခြင်းကတော့ လုံးဝမဖြစ်နိုင်ပါ။ ... တို့၏ စစ်သည်အကြောင်းကို ကျွ... အသိဆုံးဟုဆိုလျှင် မမှားပါ။ မည်... အခါမျှ တောခိုနိုင်စရာအကြော... နိုင်ခြင်းကိုပါ။

သို့ဖြစ်၍ ကျွန်ုပ်က ထုတ်နုတ်... စိတ်တစ်စိတ်ကို အမြန်ဆုံး စုဖွဲ့... ကင်းစောင့်နေရာ၏ အရှေ့တည့်... တောင်အောက်အတိုင်း လိုက်ဆ... ကာ အရှာထွက်ခိုင်းလိုက်ရပါ... သည်။ မိုးတွင်းကာလဖြစ်၍ နေမ... ကပင် အမှောင်ထုက ဝါးမျိုချင်စ... ပြီမို့ သွားရှာသောအဖွဲ့များသည် ... ခင် ပြန်ရောက်လာခဲ့ပါတော့သည်... သား မောင်မျိုးကိုကား မတွေ့ခဲ့...

ဗင်းနောက် ကျွန်ုပ်က ...



www.burmeseclassic.com

www.burmeseclassic.com

တစ်ချက်ချင်း ပစ်ဖောက်စေကာ ...သွယ်မှုယူစေပြန်ပါသည်။ သို့သော် ...မျိုးဘက်ဆီကတော့ ပြန်လည်ပစ် ...သံများကို မကြားရပါ။ သူ့ဘက် ...ည်း ပစ်ဖောက်ကောင်းပစ်ဖောက် ...သေးသည်။ သို့သော်လည်း မိုးသံ ...သံတောသံတောင်သံတို့က သော ...ညံလျက်ရှိလေရာ ကြားရဖို့က ...ကလှပါ။ တစ်နေကုန် ပင်ပန်း ...ရပြီး စိတ်အေးလက်အေးနှင့် ...သူမည်ဟုကြံကာရှိသေး ပြဿနာ ...တ်နေရပြီ။

ကျွန်ုပ်က အဆိုပါဖြစ်စဉ်အား ...ရင်မှူးထံသို့ တင်ပြလိုက်ရာ တပ် ...မှူးက နောက်တစ်နေ့တွင် မရရ ...င်ပြန်ရှာရန် ညွှန်ကြားလာသည့် ...င် အဆိုပါ စစ်သည်ပျောက်ဆုံး ...ခြင်းနှင့် ပတ်သက်ပြီး ကျွန်ုပ်၏ ...မြင်ယူဆချက်ကိုပါ ပြန်လည်တင်ပြ ...ညွှန်ကြားလာခဲ့ပါတော့သည်။

ကျွန်ုပ်အနေဖြင့်လည်း အဆိုပါ ...သည်မှာ ကင်းစောင့်နေရင်း သူ၏ ...တွင် သားကောင်တစ်ကောင်ကောင် ...မြင်တွေ့သွားပြီး ပစ်ခတ်ရန် လိုက် ...ရာက မျက်စိလည်လမ်းမှားသွား ...ဟု ထင်မိပါကြောင်းနှင့် ထွက်ပြေး ...ခြင်း မဖြစ်နိုင်ပါကြောင်းကို ပြန် ...ည် တင်ပြလိုက်ပါသည်။

■

နောက်တစ်နေ့ မိုးလင်းလာသော ...ါ ကျွန်ုပ်တို့ တပ်ခွဲတစ်ခွဲလုံးသည် ... အခြေပြုထားခဲ့သော တောင်ကုန်း ...သည်တစ်လျှောက် အခေါက်ခေါက် ...ါ လှည့်ပတ်ပြီး ရှာပုံတော်ဖွင့်ကြ ...တော့သည်။ မိုင်းအန္တရာယ်အလွန်ပေါ ...သော အဆိုပါ နေရာတစ်လျှောက် ... ကျွန်ုပ်၏တပ်ခွဲရှိ စစ်သည်များက ...တစ်ရံ လူစုခွဲ၍ရှာခြင်း၊ တစ်ခါ ... ရင်ပေါင်တန်း၍ ရှာဖွေခြင်းများ ... နာမည်တပ်ပြီး အော်ဟစ်ခေါ် ...င်း၊ သေနတ်ဖြင့်ပစ်ဖောက်ပြခြင်း ...ဖြင့် တစ်နေကုန်အောင် ပိုက်စိပ် ... ရှာဖွေခဲ့ပါသည်။

ခေါင်း၌ဆောင်းထားသော တော ...င်းဦးထုပ်မှတစ်ဆင့် စီးဆင်းလာ ... မိုးရေစက်တို့သည် နဖူးမှတစ်ဆင့် ...နှင့် ပါးပြင်ဆီသို့ ထိုမှတစ်ဆင့် ...ပေါက်သို့ ဝင်ရောက်လာသည်။ ...ါ မိုးရေစက်များအား လျှာဖြင့်တို့ ...သောအခါ ငန်ကျိကျိအရသာများ ကိုသာ ခံစားနေရသည်။ မိုးရေစက်ထက် ချွေးရေစက်တို့က များနေလေသလား ထင်မှတ်မှားရတော့သည်။ ထိုမျှအထိ ပင်ပန်းလွန်းလှပါသည်။

ဆက်သွယ်ရေးစက်မှလည်း တစ်နာရီလျှင် တစ်ကြိမ်ကျ တပ်ရင်းမှူးစစ်ကြောင်းနှင့်ဆက်သွယ်ပြီး သတင်းပို့နေရသည်။ သတင်းပို့နေရတိုင်း စစ်သည်ပျောက်ဆုံးမှု၏ ရှာပုံတော်အနေအထားမှာ တိုးတက်မှုကမရှိ၊ တပ်ရင်းမှူးဆီက တိုးတက်မှုမရှိတော့ တုံ့ပြန်သံမှာလည်း ကျွန်ုပ်အတွက် အမင်္ဂလာပါ။ ထိုအခါ သတင်းမပို့ချင်တော့။ မပို့ချင်လည်းနေ၍မရ။ ကြာတော့ ဆက်သွယ်ရေးစက်ဖွင့်မှာကိုပင် ကြောက်လန့်နေရသလိုဖြစ်နေရတော့သည်။

စစ်သည်များကလည်း မိုးတောလေတောထဲတွင် ပင်ပန်းနေကြပါပြီ။ သို့သော်လည်း ပင်ပန်းနေသည့်ကြားက မိမိတို့၏ ရဲဘော်ရဲဘက်တစ်ယောက်ကို တွေ့ဖြင့် ဒီတောဒီတောင်ထဲမှာ ဒုက္ခရောက်ပြီး မကျန်ခဲ့ကြစေလိုပါ။ သို့ဖြစ်၍လည်း အားတင်းပြီး အော်ကာဟစ်ကာဖြင့် ရှာဖွေကြပါသည်။ မရမကရှာဖွေရမည်က ကျွန်ုပ်တို့၏ တာဝန်သာဖြစ်ပြီး ပြန်တွေ့ခြင်း၊ မတွေ့ခြင်းဆိုသည်မှာ သူ့ကံကိုယ့်ကံများနှင့်သာ သက်ဆိုင်နိုင်ပါမည်။ မလျှော့သော ဇွဲလုံ့လတို့ဖြင့် တစ်နေကုန်အောင် ရှာဖွေခဲ့ကြသော်လည်း မတွေ့နိုင်ဘဲရှိခဲ့ရာမှ မှောင်ရီစပျိုးလာသောအခါ ရောက်သည့်နေရာတွင် ဖြစ်သလို စခန်းချပြီး ညအိပ်ရပ်နားခဲ့ရပါတော့သည်။

နောက်တစ်နေ့တွင် တပ်ရင်းမှူးစစ်ကြောင်းထဲက စစ်သည်အချို့ပါ ကျွန်ုပ်တို့နှင့်လာရောက်ပူးပေါင်းပြီး ရှာဖွေပေးကြပြန်ပါသည်။ သူတို့နှင့်အတူပါလာသော ဒုအရာခံဗိုလ် ကျော်သိန်းဆိုသူက ကျွန်ုပ်အား ရွာထဲတွင် သူကြားခဲ့သမျှကို ပြန်ပြောင်းပြောပြပေးပါသည်။

"ဗိုလ်ကြီးရေ၊ ခုရက်ပိုင်းလေးမှာပဲ ဟောဒီတောထဲမှာ ကျားပေါက်စကလေးနှစ်ကောင်ကို ရွာသားတစ်ယောက်က လာဖမ်းသွားတယ်ဗျ။ အဲဒါကို တောပိုင်တောင်ပိုင်တွေက မကျေနပ်ဘူးလို့ နတ်ကတော်တစ်ယောက်ကပြောတယ်။ သူတို့ကျေနပ်အောင် ဒီကျားနှစ်ကောင်ကို တောထဲပြန်ပို့ပါ ဆိုတော့လည်း ဖမ်းယူသွားတဲ့သူက ပြန်မပို့ချင်ဘူး။ ငှက်ပျောပွဲ၊ အုန်းပွဲတွေနဲ့ ပြီးတော့ သူတို့ရိုးရာအရ လိုအပ်တဲ့ပစ္စည်းပစ္စယအစားအသောက်တွေနဲ့တော့ တောင်းပန်တယ်လို့ဆိုတယ်။ ဒါပေမယ့်ဗျာ တောင်းပန်တိုင်းလည်း ကျေနပ်ချင်မှ ကျေနပ်ကြမှာပါ။ ဘာပဲဖြစ်ဖြစ်ပါ။ ခုလောလောဆယ်မှာတော့ ဟောဒီတစ်လျှောက်မှာ ရှိနေကြတဲ့ အစောင့်အရှောက်တွေကတော့ လူလိုပြောရရင် ဒေါသပုန်ထနေတဲ့အချိန်ပဲပေါ့။ ဒီအခါမှာ ကိုယ့်ဘက်က လုပ်မှားကိုင်မှား၊ ပြောမှားဆိုမှား မဖြစ်စေဖို့တော့လိုတယ်ဗျ။ စိတ်ကောင်းဝင်နေချိန်မှာ အတော်အတန်ကိစ္စတွေကို ခွင့်လွှတ်ကောင်းခွင့်လွှတ်ခဲ့ကြပေမယ့် စိတ်ကောင်းနှလုံးကောင်းဝင်မနေတဲ့ အခုလိုအခါမျိုးမှာဆိုရင်တော့ ဓားခုတ်ရာလက်ဝင်လျှိုသလိုဖြစ်သွားမှာစိုးလို့ပါ။

ကျွန်တော် အခုပြောတာက ကျားနှစ်ကောင်ကြောင့် ဒီရဲဘော်ပျောက်သွားရတာပါလို့ သေချာပေါက်စွပ်စွဲနေတာမျိုးတော့ မဟုတ်ပါဘူး။ ဆင်ခြင်နိုင်အောင်လို့ပါ။ ပြီးတော့ နတ်ဆရာတစ်ယောက်ဆီမှာ ကျွန်တော် ကြားခဲ့တာလည်းရှိသေးတယ်။ အဲဒါကတော့ ဓမ္မိုးနဲ့ တိုက်ရိုက်သက်ဆိုင်တယ်။ အဲဒီနတ်ဆရာက ဘာပြောသလဲဆိုတော့ ဒီရဲဘော် ကင်းစောင့်နေတဲ့အချိန်မှာ မြွေတစ်ကောင်ကိုတွေ့ပြီး လိုက်ရိုက်သတ်ရာကနေ မျက်စိလည်လမ်းမှားသွားတာပါတဲ့။ ဒါပေမယ့် မပူပါနဲ့တဲ့။ အသက်မသေဘဲ ပြန်တွေ့ရမှာပါတဲ့။ ဟုတ်၊ မဟုတ်ဆိုတာကတော့ ဘယ်သိမှာလဲ ဗိုလ်ကြီးရယ်။ ကျွန်တော်လည်း ကြားမိခဲ့သမျှ ပြန်ပြောရတာပါ"

ဟု ရှည်လျားစွာဖြင့် ရှင်းပြခဲ့ပါသည်။

ကျွန်ုပ်တို့သည် ထိုနေ့တွင်လည်း တစ်နေကုန်သာ ရှာဖွေခဲ့ရသည်။ ပြန်တွေ့ရဖို့ သဲလွန်စကလေးပင် မရခဲ့ကြပါ။ သို့ဖြင့် စစ်ကြောင်းမှ လာရောက်ပူးပေါင်းသောအဖွဲ့များကို ညနေ(၃)နာရီလောက်တွင် ပြန်လွှတ်လိုက်ရပါတော့သည်။ ထိုနေ့တွင် ကျွန်ုပ်တို့အဖွဲ့ကတော့ ဝါးပိုးတောင်ထိပ်ပေါ်တွင်တက်ပြီး ညအိပ်အခြေပြုဖြစ်ခဲ့ကြပါတော့သည်။

ညရောက်သောအခါ မောလေတွင် နည်းဗျူဟာ၏ ဆက်သွယ်ရေးစက်သမားကလည်း ကျွန်ုပ်တို့တပ်ခွဲ ဆက်သွယ်ရေးလိုင်းပေါ်တွင် တစ်ချက်တစ်ချက်ဝင်လာပြီး ဟိုမေးဒီမေးမေးလာတော့သည်။ ကျွန်ုပ်တို့ကလည်း အတတ်နိုင်ဆုံးပြေလည်အောင် ပြန်လည်ရှင်းပြ

www.burmeseclassic.com

www.burmeseclassic.com

ခဲ့သည့်ကြားက ထိုစစ်သည်ပြန်မတွေ့ပါက အရေယူမည်၊ အဖတ်ယူမည်၊ ဖြုတ်မည်၊ သတ်မည်၊ ဖြတ်မည် အစရှိသည်ဖြင့် မားကြိမ်းကြိမ်းခြင်းကိုပါခံရလေသည်။ ကျွန်ုပ်မှာမူ စိတ်မောလူမောဖြစ်နေရသည့်ကြားက ထိုအရာရှိမဟုတ်သော ဆက်သွယ်ရေးတပ်သားက သူ့ဘေးတွင်ထိုင်နေသော ဦးစီးအရာရှိ၏ ကိုယ်စား သူကပြောပေးနေသယောင်ဖြင့် ခြောက်လှန့်ပြောဆိုနေလေရာ ကျွန်ုပ်က ပိုပြီးရင်တုန်ပန်းတုန်ဖြစ်နေရပါတော့သည်။

နောက်တစ်နေ့ မိုးလင်းသောအခါ သုံးရက်မြောက် ဆက်လက်ရှာဖွေရန် တပ်ရင်းမှူးစစ်ကြောင်းမှစေလွှတ်လိုက်သော စစ်သည်များရောက်ရှိခဲ့ကြပြန်ပါသည်။ အရှေ့ဘက်တွင် ကွီးလားချောင်း၊ အနောက်ဘက်တွင် ဘောဂထချောင်းတို့ရှိသည်။ ထိုချောင်းနှစ်ခုသည် ရေစီးသန်ပြီး ဝါးတစ်ပျံခန့်နက်သည်။ သို့ဖြစ်၍ ထိုချောင်းကို ကျော်လွန်ပြီး ထွက်သွားနိုင်စရာမရှိပါ။ တောင်ဘက်တွင် ကွီးလားစခန်းနှင့် ဘောဂထရွာတို့ကိုဆက်သွယ်ထားသော လူသွားလမ်းကြောင်းကြီးရှိသည်။ ထိုလမ်းကြောင်းကို သူတွေ့၍လိုက်မိလျှင် ကွီးလားတပ်စခန်း သို့မဟုတ် ဘောဂထရွာတစ်နေရာသို့ သူရောက်သွားပေမည်။ မြောက်ဘက်သို့ ဆက်သွားလျှင်ကား ကျွန်ုပ်တို့ချီတက်လာခဲ့စဉ်အခါက ဆင်းလာခဲ့သော ကျောက်တောင်ကြောကြီးရှိပါသည်။ ထိုနေရာရောက်လျှင် သူမမှတ်မိစရာမရှိပါ။

ကျွန်ုပ်တို့သည် အဆိုပါ အရှေ့ဘက်တွင် ကွီးလားချောင်း၊ အနောက်ဘက်တွင် ဘောဂထချောင်း၊ တောင်ဘက်တွင် လူသွားလမ်းကျယ်၊ မြောက်ဘက်တွင် ကျောက်တောင်တို့အတွင်းတွင် ပိုက်စိပ်တိုက်ပြီး တစ်နေကုန်ရှာကြပါသည်။

တပ်ရင်းမှူးစစ်ကြောင်းမှလည်း တစ်နာရီတစ်ကြိမ် ဆက်သွယ်ရေးစက်ဖြင့်အခြေအနေကိုမေးနေသည်။ ကျွန်ုပ်မှာတော့ ကျောပူနားပူပြီးရင်တွေပါဆူနေရပါသည်။ ဘယ်သူကကော ကိုယ့်ရဲ့စစ်သည်တစ်ယောက် အခုလိုပျောက်ဆုံးသွားရခြင်းကိုခံချင်ကြမှာလဲ။ မလွှဲမရှောင်သာ၍သာ အကြောင်းအမျိုးမျိုးကြောင့် ပျောက်ဆုံးခဲ့ရခြင်းပေပဲ မဟုတ်လား။ ခုလည်း အားသွန်ခွန်စိုက်ရှာနေကြဆဲပါ။ ပြန်မတွေ့တာကတော့ ကံတရားနှင့်ပဲ သက်ဆိုင်တယ်လို့ ပြောရမလားမဆိုနိုင်ပါ။ ဒီကြားထဲမှာ တစ်ခါတစ်ရံ ကျားခြေရာတွေကိုလည်း တွေ့မိရသေးသည်။ ကျားများ ကိုက်ဆွဲသွားပြီလား။ အဲဒီလို မဖြစ်ပါစေနှင့်။ ဘုရား၊ တရား၊ သံဃာနှင့် နတ်ဒေဝတာများ ကူညီ၍ စောင့်ရှောက်ပေးတော်မူပါ။ စိတ်ထဲကလည်းဆုတောင်းသည်။ လက်တွေ့မှာလည်း မဖြစ်စေလိုပါ။

ဒီလိုနှင့် တစ်နေကုန် အော်ဟစ်ရှာကြသည်။ သေနတ်သံပေးပြီး ဆက်သွယ်မှုရယူသည်။ အခြေအနေကတော့ ထူးမလာ။ ထိုအခါ တပ်ရင်းမှူးက ဒီနေ့မှ ရှာမတွေ့လျှင် မိမိတပ်ခွဲကိုပါ ဘောဂထရွာထဲသို့ဝင်လာရန် ညွှန်ကြားလာပါတော့သည်။ သို့ဖြင့် ညနေ(၄)နာရီထိုးသောအခါ ဆက်သွယ်မှုရယူပြီး ဘောဂထရွာထဲသို့ ဝင်ရောက်ခဲ့ကြပါတော့သည်။

စစ်သည်မောင်မျိုး ပျောက်ဆုံးမှုရှာပုံတော်ခရီးကား ဒီလိုနှင့် ပြီးဆုံးခဲ့ရပါတော့သည်။ ရွာထဲသို့ ညနေ(၆)နာရီကျော်မှ ရောက်ခဲ့သည်။ ရောက်လျှင်ရောက်ချင်း ကျွန်ုပ်က ရေမိုးချိုး၊ ထမင်းစားပြီးသောအခါ ရွာထဲက ဖမ်းမိထားသည်ဟု ပြောကြသော ကျားပေါက်စကလေးနှစ်ကောင်ကို ကြည့်ဖြစ်အောင်သွားကြည့်မိခဲ့ပါသေးသည်။ နို့မပြတ်သေး၍ နို့ဆီတိုက်ပြီး မွေးထားရကြောင်းပြောကြသည်။ ကျားပေါက်နှစ်ကောင်စလုံးမှာ ပိန်ညောင်၍နေလေပါသည်။ ကျွန်ုပ်၏စစ်သည်ပျောက်ဆုံးခဲ့ရမှုနှင့်ပတ်သက်ပြီး အဆိုပါ ကျားပေါက်နှစ်ကောင်တို့သည် ဆက်စပ်မှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ မှတ်မှတ်ရရဖြစ်အောင်ဆိုပြီး ကျားနှုတ်ခမ်းမွေးနှစ်ချောင်းကိုလည်း တောင်းဖြစ်အောင်တောင်းခံခဲ့ပါသေးသည်။

■

နောက်တစ်နေ့ မိုးလာလာသောအခါ ဘောဂထစခန်းမှာ ရိက္ခာတစ်ပတ်စာထုတ်ကြရသည်။ ရိက္ခာထုတ်ပြီးသောအခါ နည်းဗျူဟာမှူး အခြေပြုထားသော မောလောစခန်းသို့ ဦးတည်ပြီး ချီတက်ခဲ့ကြရတော့သည်။ ယခုခရီးစဉ်ကား ကောင်းသောခရီးစဉ် မဟုတ်ပါ။ စစ်သည်မောင်မျိုး ပျောက်ဆုံးခဲ့ရခြင်းနှင့်ပတ်သက်ပြီး ကျွန်ုပ်တို့အား စုံစမ်းစစ်ဆေးရေးခုံရုံးပြုလုပ်ရန်အတွက် ခေါ်ယူခြင်းသာ ဖြစ်တော့သည်။

ကျွန်ုပ်အနေဖြင့်လည်း တင်[illegible] သည့်အတိုင်းပါပဲ။ မိမိ၏ သားတ[illegible] ဆိုလည်းဟုတ်၊ သေဖော်ရှင်ဖက်[illegible] ပြောလျှင်လည်း မမှားသော အ[illegible] စစ်သည်အား ဘယ်လိုလုပ်ပြီး ပျော[illegible] ဆုံးစေခဲ့ချင်မှာလဲဗျာ။ ဒါကြောင့်[illegible] ကိုယ်ရဲ့ သားသမီးလို သဘောထား[illegible] တကယ့် မိုင်းတောတွေကြီးထဲမှာ [illegible] ပြတ်လက်ပြတ်ဖြစ်ဖြစ်ကာမှ ဖြစ်[illegible] တော့ မရရအောင်၊ မတွေ့တွေ့အော[illegible] ရှာမယ်ဆိုတဲ့ စိတ်ဓာတ်နှင့် ဖွတ်[illegible] ညက်ညက်ကြေအောင်ရှာခဲ့တာပဲ[illegible]

စစ်သည်မောင်မျိုးကို ကျွန်ုပ်[illegible] လိုတစ်မျိုး၊ တပည့်လိုတစ်ဖုံ၊ ရဲဘေ[illegible] ဘက်လိုတစ်နည်း ချစ်ခင်ခဲ့ရတာ[illegible] ကျွန်ုပ်တစ်ဦးတည်းကသာ သူ့ကိုချ[illegible] ခဲ့သည်မဟုတ်။ တပ်ခွဲတစ်ခွဲလုံးက[illegible] သူ့ကို ချစ်ခင်ကြပါသည်။ သို့သော် [illegible] မှာ ဉာဉ်တစ်မျိုးတော့ရှိသည်။ ထို[illegible] မှာ ပြန်မပြောနားမထောင်တတ်[illegible] ပင်။

ဆိုပါစို့။ ဒီစစ်ဆင်ရေးခရီး[illegible] လျှောက်တွင် လိပ်၊ ဖား၊ ဒေါင်း [illegible] မျောက် အစရှိသော သတ္တဝါငါ[illegible] မသတ်ဖြတ်ရ။ သတ်ဖြတ်မိလျှင် [illegible] စောင့်တောင်စောင့်နတ်တို့က မ[illegible] ဘူးဆိုလျှင် သူက ဟုတ်ကဲ့။ [illegible] ပြီးတော့လည်း ကွယ်ရင်ကွယ်သလို [illegible] လျှင်လစ်သလို သတ်ဖြတ်စားသော[illegible] ခဲ့စမြဲပါ။

(မှတ်ချက် - ဒေါင်းတစ်[illegible] တော့ ကျွန်ုပ် တစ်ခါမှမတွေ့ခဲ့[illegible] ကျန်သော သတ္တဝါလေးမျိုးတေ[illegible] တော့ တွေ့ခဲ့ဖူးပါသည် - စာရေး[illegible]

ထိုကဲ့သို့ သတ်ဖြတ်စားသော[illegible] မိ၍ ဆရာ၊ ဆရာကြီးများက [illegible] ထိုး ကြိတ်ရိုက်နှက်ဆုံးမပြန်တော့[illegible] သူ ကဘာမှပြန်မပြောပါ။ ဒီအ[illegible] ခံပြန်ပါသည်။ ဆရာများ၊ ဆရာ[illegible] တလည်း သူတစ်ယောက်၏ [illegible] ကြောင့် စစ်သည်အများဒုက္ခရော[illegible] ကို မလိုလား၍ပြောဆိုဆုံးမကြ[illegible] ဖြစ်ပါသည်။

သို့သော် သူက ထိုကဲ့သို့ အ[illegible] အဆို အထိုးအကြိတ်ခံရပြီးသော[illegible] တွင်လည်း အမှတ်ကမရှိ။ ရေး[illegible] အတိုင်း ရှောင်လျှင်ရှောင်သလို [illegible] လျှင်လစ်သလို သတ်ဖြတ်လုပ်[illegible] သောက်စမြဲပါ။ ပြီးတော့ ဆရာ[illegible] မှာ ဘာမှပြန်မပြောရဲခဲ့သမျှ [illegible] ယောက်တည်းထိုင်နေစဉ် ပါး[illegible]



www.burmeseclassic.com

www.burmeseclassic.com

တဗျစ်တောက်တောက်ပြောတတ်သည်။

"အဲဒီနတ်တွေကလည်း နတ်ကလိုမနေဘူး။ ဘာကြောင့်များ လူသတ်စားနေတဲ့အလုပ်တွေကိုဝင်ပြီး ချင်ရတာလဲ မဆိုနိုင်ပါဘူး။ အဲဒီ တွေ၊ ဖားတွေ၊ ဒေါင်းတွေ၊ မြွေတွေ၊ တွေဟာ သူတို့အမျိုးတွေလား။ နဲ့ ဘာတွေတော်စပ်ခဲ့လို့ သူတို့ကို ချင်လိုက်ပြီးနာနေရတာလဲ။ သူတို့ တိုင်ကတော့ လူ့ဘဝတုန်းက အယူ ခဲ့လို့ အခုလိုနတ်စိမ်းဘဝကိုရောက် ရတာပဲ မဟုတ်လား။ နတ်စိမ်းဘဝ ရောက်လာခါမှပဲ ဘုရားဖြစ်မယ့်အုတ် တွေလိုလာပြီးလုပ်ပြနေလဲ အလကား လူတွေစားဖို့ သဘာဝတရားကြီးက ထားတဲ့ အဲဒီအကောင်တွေကို တွေကမစားရင် ဘာအဓိပ္ပာယ်ရှိ မှာလဲ။ သဘာဝတရားကြီးကို ယ်ကင်းမဲ့သွားအောင်လုပ်ချင်နေ တဲ့ နတ်စုတ်နတ်ပလုတ်တို့ရေ၊ မင်း လည်း မင်းတို့ကြိုက်သလိုလုပ်ကြ ငါလည်းငါကြိုက်တာငါလုပ်မှာပဲ။

လူ့ဘဝကြီးဟာ ရခဲတယ်လို့ပြော။ အဲဒီရခဲတဲ့ လူ့ဘဝကြီးထဲကို ခါတစ်ရံမှရောက်လာတဲ့ ငါက ဒီ စုတ်နတ်ယုတ်တွေကိုကြောက်နေရ လူသားအဖြစ်မျိုးကြီးတော့ ခံယူ နိုင်ပါဘူး။ ဘာပဲဖြစ်ဖြစ် ငါက လုပ်မှာပဲ၊ သတ်မှာပဲ"

စသည်ဖြင့် မြည်တွန်တောက်တီး ပါသေးသည်။ မြည်တွန်တောက် သည့်အတိုင်းလည်း သူလုပ်သည်။ သို့ပင်ဆိုစေကာမူ ကျွန်ုပ်တို့ကတော့ ပေါ် ကလေးဆိုးကြီးတစ်ယောက် သဘောထားပြီး ချစ်ခင်ခဲ့ရသည်သာ တော့သည်။

■

သုံးညအိပ်ပြီး လေးရက်မြောက် ညနေ (၆)နာရီလောက်တွင် မော စခန်းကိုရောက်ခဲ့ကြပါတော့သည်။ ပ်တို့အား စုံစမ်းစစ်ဆေးရေးခုံရုံးဖွဲ့ တွက် စောင့်ကြိုနေသူများကလည်း င်သင့်ပါပဲ။ ကျွန်ုပ်က သူတို့ကို မချို လေးနှင့် ကြည့်ဖြစ်ပါသည်။ သူတို့ လည်း မချိုမချဉ်မျက်နှာနှင့် ပြန်ကြည့် တော့ ရခဲ့ပါ၏။ အဲဒီအဖွဲ့က ပြော သည်။

"ဒီညတော့ အေးအေးဆေးဆေး ညအိပ်လိုက်ပါ။ မနက်မိုးလင်းမှပဲ တွေ့ကြတာပေါ့" တဲ့။

နောက်တစ်နေ့ မိုးလင်းလာသည့်အခါ ကျွန်ုပ်တို့အဖွဲ့အား ခေါ်ယူပြီး စုံစမ်းစစ်ဆေးရေး ခုံရုံးဖွဲ့ပါတော့သည်။ ဝါးကလေးတွေနှင့်ဆောက်ထားတဲ့ ဧည့်ရိပ်သာကြီးမှာပါ။ တစ်ယောက်ပြီးတစ်ယောက်ခေါ်ယူမေးမြန်းပြီး ရေးမှတ်ယူကြပါတော့သည်။ တပ်ရင်းမှူးကတော့ ဗျူဟာမှူးနှင့် စကားသွားပြောနေပါသည်။

နေ့ခင်း(၁၂)နာရီလောက်မှ စုံစမ်းစစ်ဆေးရေးကိစ္စများ ပြီးဆုံးသွားလေတော့သည်။ ဒီကြားထဲမှာတော့ ထမင်းကို ကိုယ့်အစီအစဉ်နှင့်ကိုယ် တစ်ယောက်ပြီးတစ်ယောက်သွားစားကြရပါသည်။

၎င်းနောက် ထိုစခန်းမှာပင် ရိက္ခာတစ်ပတ်စာ ထပ်ထုတ်ရပြန်ပါသည်။ ရိက္ခာထုတ်ပြီးသောအခါ ထုံးစံအတိုင်း တောထဲသို့ ပြန်ဝင်ရပေဦးမည်။ မောင်မျိုးကိစ္စကတော့ပြီးခဲ့ပါပြီ။ စုံစမ်းစစ်ဆေးရေးခုံရုံး၏ ထင်မြင်ယူဆချက်နှင့်အတူ အထက်ဌာနမှ မည်ကဲ့သို့အမိန့်ချမှတ်ခဲ့မည်ဆိုခြင်းကိုမူ ကျွန်ုပ်တို့ မသိနိုင်ပါ။

'ဆင်ဆယ်ကောင်နှင့် ကြွက်တစ်ကောင်' ဆိုသော စကားပုံအတိုင်း ဆင်ဆယ်ကောင်ဖမ်းပေးခဲ့တုန်းက အသိအမှတ်ပြုခြင်းခံချင်မှခံခဲ့ရပေမည်။ သို့သော် ဘာမှမဟုတ်သည့် ကြွက်တစ်ကောင်လွတ်သွားလျှင်ကား ကြီးမားသော ပြဿနာနှင့် ရင်မဆိုင်ရနိုင်ပါဘူးဟု မည်သူကမျှ အာမမခံနိုင်ပါ။

မည်သို့ဆိုစေကာမူ ကျွန်ုပ်တို့အားလုံး ရိက္ခာထုတ်ယူမှုပြီး၍ တောထဲသို့ပြန်ဝင်ရန် စီစဉ်နေဆဲမှာပင် စစ်ဦးစီးအရာရှိ (စစ်ဆင်ရေးတတိယတန်း) ဗိုလ်ကြီးတစ်ယောက်ထွက်လာပြီး ကျွန်ုပ်တို့ တပ်ရင်းမှူးအား -

"အဘရေ မောင်မျိုးက ဘောဂထစခန်းကို ရောက်နေပါပြီ။ တောတက်လာတဲ့ လူတစ်ယောက်က ဝါးပိုးတောင်ရဲ့ အောက်ခြေမှာ ရဲဘော်တစ်ယောက်ကို တွေ့တာနဲ့ သူက ဘောဂထစခန်းကို ပြေးအကြောင်းကြားတာပေါ့။ ဘောဂထစခန်းကလည်း ဒီကရဲဘော်တစ်ယောက်ပျောက်နေတယ်ဆိုတာသိနေတယ်လေ။ ဒါကြောင့် သူတို့က တပ်စိတ်တစ်စိတ်နဲ့ စေလွှတ်ပြီး ခေါ်ခိုင်းကြတာပေါ့။ လက်နက်ခဲယမ်းတွေလည်း အားလုံးအပြည့်အစုံပါပဲတဲ့။ လူကတော့ ငှက်ဖျားရောဂါရနေတယ်လို့ ထင်ရပါသတဲ့။ ဒါပေမယ့် စိုးရိမ်စရာမရှိပါဘူးတဲ့။ လက်နက်ခဲယမ်းတွေကို သူတို့သိမ်းပေးထားမှာဖြစ်ပြီး လူကိုတော့ သူတို့ကပဲ ဆေးရုံကိုပို့ပေးကြမှာဖြစ်ပါတယ်။ အခုလုပ်ခဲ့ပြီးတဲ့ စုံစမ်းစစ်ဆေးရေးခုံရုံးကိုလည်း အထက်ဌာနကို တင်မနေတော့ပါဘူး။ အဘတို့ စိတ်ချမ်းချမ်းသာသာနဲ့ တောထဲကို ပြန်ဝင်နိုင်ပါပြီ"

ဟု ရှည်လျားစွာဖြင့် ရှင်းပြပြောဆိုပါတော့သည်။ ကျွန်ုပ်မှာလည်း တစ်လောကလုံး လူလုံးမလှအပူလုံးကြွခဲ့ရသမျှ ယခုမှပဲသက်ပြင်းချနိုင်ပါတော့သည်။ မည်သို့ပင်ဖြစ်ခဲ့စေကာမူ ကျွန်ုပ်၏စစ်သည်မှာ ယခုကဲ့သို့ ဘေးမသီရန်မခ အသက်ရှင်လျက်ရှိနေသေးကြောင်းကို ကြားသိရသောအခါ တစ်လောကလုံး မောခဲ့ရသမျှ ဘဝအမောတို့သည် နေလာနှင်းပျောက်သကဲ့သို့ လွင့်စဉ်ပယ်ဖျောက်သွားရပြီး နောက်တစ်ဖန် တိုက်ပွဲပြန်ဝင်ရန်အတွက် တက်ကြွရွှင်လန်းသွားခဲ့ပါတော့သည်။

■

တပ်ရင်းသို့ ပြန်ရောက်ခဲ့သည့်အခါ တပ်ရင်းသို့ ကြိုတင်ပြီးရောက်နှင့်နေသော တပ်သား မောင်မျိုးအား ကျန်းမာရွှင်လန်းစွာနှင့် တွေ့ရပါတော့သည်။ ကျွန်ုပ်က သူ့အားခေါ်ယူပြီး တောထဲသို့ ပျောက်ဆုံးသွားခဲ့ရပုံနှင့် တောထဲတွင် သူတွေ့ကြုံခဲ့ရသော အတွေ့အကြုံများကို မေးမြန်းလေရာ သူက စိတ်ရှည်လက်ရှည်ဖြင့် ပြောပြခဲ့ပါသည်။

စစ်သည်မောင်မျိုး ပြောပြခဲ့သည်ကို ကျွန်ုပ်က အဆင်ပြေအောင် ခံစားရေးဖွဲ့ပြီး အောက်ပါအတိုင်း တင်ပြလိုက်ရပါတော့သည်။

■

မောင်မျိုး ကင်းစောင့်နေရင်း သူ့ရှေ့တွင် လူ့ခြေသလုံးလောက်ကြီးသော မြွေတစ်ကောင်တက်လာနေတာကိုလှမ်းပြီးတွေ့လိုက်ရပါတော့တယ်။ အဆိုပါမြွေဟာ စပါးကြီးမြွေဖြစ်ပြီး အဆိပ်မရှိသလို အခြားမြွေများကဲ့သို့ သွက်လက်ဖျတ်လတ်စွာနဲ့ ပြေးလွှားနိုင်တဲ့ သတ္တဝါမျိုးလည်း မဟုတ်ပါ။ အနည်းငယ်မျှ လက်ရဲဇက်ရဲရှိရုံနဲ့ အလွယ်တကူ ဖမ်းယူရနိုင်တဲ့မြွေမျိုးဖြစ်ကြောင်း သူကောင်းစွာ သိထားပြီးလည်း ဖြစ်တယ်။

စားရက်ကြုံတော့ မှတ်ဆိတ်ပျားစွဲဆိုတာ ဒါမျိုးပဲနေမှာပါ။ ဆရာတွေ မသိအောင်တော့ လုပ်ရှားရမှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com

ဆရာလုပ်တဲ့သူကို စပါးကြီးသည်းခြေ တစ်ခြမ်းပေးလိုက်ရင်ပဲ ငြိမ်ကျသွားနိုင်မှာပါ။ မသကာ ထိုးကြိတ်ရိုက်နှက်တော့ကော ဘာဖြစ်လဲ။ ကျိုးပဲ့သွားအောင် ရိုက်နှက် ဆုံးမတာမှ မဟုတ်တာ။ ဒီကောင်သာ ရလိုက်လို့ကတော့ တို့တပ်စိတ်တစ်စိတ်လုံးအတွက် အသားဟင်း တစ်ပတ်စာတော့ ဖူလုံသွားပြီပေါ့။

မြွေကြီးက မောင်မျိုးကိုမြင်တွေ့သွားသောအခါ အနည်းငယ်မျှ သူ့ခန္ဓာကိုယ်အား တွန့်သွားပြီး နောက်သို့ပြန်လှည့်ရန် ကြိုးစားတော့ မောင်မျိုးက နီးစပ်ရာ တုတ်တစ်ချောင်းကိုကိုင်ပြီး သူ့အနားသို့ တိုးသွားသောအခါ သူက တောင်အောက်ကို တဖြည်းဖြည်းချင်း လျှောဆင်းနေတယ်။ မောင်မျိုးအတွက်ကတော့ ဒီလိုပက်ကျိသွားသွားနေတဲ့ မြွေမျိုးလောက်ကတော့ ပျင်းတောင်ပျင်းပါသေး။ သူ့ထက် အဆပေါင်းများစွာ လျင်မြန်ဖျတ်လတ်တဲ့ လင်းမြွေ၊ ငန်းမြွေများကိုပင် မရအရ လိုက်လံသတ်ဖြတ်ခဲ့ဖူးတယ်မဟုတ်ပါလား။

မောင်မျိုးက မြွေကြီးနောက်လိုက်သွားပြီး တုတ်ဖြင့် တစ်ချက်ရိုက်လိုက်တယ်။ ခန္ဓာကိုယ်အနည်းငယ်မျှ တွန့်သွားရုံသာရှိပြီး ရှေ့ကိုတိုးမြဲတိုးနေတယ်။ မောင်မျိုးမှာ ဆွေးနေတဲ့ တုတ်ချောင်းနဲ့ရိုက်ရသည်ဖြစ်လို့ မြွေက အထိမနာ။ သို့ဖြင့် နောက်ထပ်တစ်ချောင်းရှာပြီး ထပ်ရိုက်ပြန်တယ်။ မြွေကတော့သွားနေမြဲပါ။ ဒီလိုနဲ့ တုတ်ချောင်း သုံး၊ လေးချောင်းလောက်ကုန်တဲ့အခါ သူဆင်းလာခဲ့သည်မှာလည်း ကိုက်လေး၊ ငါးဆယ်လောက်ရှိပြီထင်လို့ နောက်ကိုပြန်လှည့်ကြည့်မိတော့ သူကင်းစောင့်နေခဲ့တဲ့နေရာကို ပြန်မမြင်တွေ့ရတော့။ ဒီထက်ဆိုးတာက ကင်းစောင့်ခဲ့တဲ့နေရာကို မပြောနဲ့၊ အခြေပြုခဲ့တဲ့တောင်ကုန်းကြီး တစ်ခုလုံးကို ပြန်မမြင်ရတော့ခြင်းပါတည်း။

ဒါဆိုရင် သူဆင်းလာခဲ့တာ အဝေးကြီးဝေးခဲ့ပြီပေါ့။ သူဆင်းလာခဲ့သည်မှာ စိတ်အထင် လေး၊ ငါးမိနစ်လောက်သာရှိဦးမယ်လို့ ထင်ထားတာ။ ခုတော့ နာရီဝက်မက တစ်နာရီကျော် နှစ်နာရီတောင်ရှိပြီလားမသိတော့ဘူး။ နောက်တော့ ရှေ့မှာရှိနေတဲ့ မြွေကြီးနေရာကိုလှမ်းကြည့်လိုက်တယ်ဆိုရင်ပဲ မြွေကိုလည်း မတွေ့ရပြန်တော့ဘူး။ မြွေရောက်နေတဲ့နေရာမှာ ဘယ်ကနေရောက်လာမှန်းမသိရတဲ့အဘွားကြီးတစ်ယောက်က ရပ်ပြီး သူ့ကိုကြည့်နေလေရဲ့။

မိုးကတဖွဲဖွဲရွာနေပြီး အမှောင်ထုက တစ်စစစိုးမိုးလာပေမယ့် သူက အဘွားကြီးကိုတော့ ကောင်းစွာမြင်တွေ့နေရဆဲပါ။ ပြီးတော့ ဘေးဘီကို လှည့်ပတ်ပြီးကြည့်လိုက်ပြန်တော့ အဘွားကြီးနှင့် မလှမ်းမကမ်းမှာ ကျားကြီးက တစ်ကောင်ရပ်နေလေရဲ့။

အဲဒီလိုဖြစ်နေဆဲမှာပဲ တပ်ခွဲက အခြေပြုထားတဲ့ တောင်ကုန်းဘက်ဆီကထင်ပါရဲ့။ သေနတ်သံတွေတစ်ချက်ချင်း ပစ်ခတ်နေတာကို သဲ့သဲ့ကလေး ကြားလိုက်ရတယ်။ ဒါဟာ သူပျောက်သွားလို့ သူ့ကို သေနတ်နဲ့ပစ်ပြီးအချက်ပြနေတာပဲနေမှာပါဆိုပြီး သူလည်းပြန်လည် ပစ်ခတ်အချက်ပြဖို့ သေနတ်ကို အားယူပြီး မ,လိုက်တယ်ဆိုရင်ပဲ မြေကြီးပေါ် ခွေခေါက်ပြီးပုံကျသွားတယ်။

အဘွားကြီးနဲ့ ကျားကြီးကို လှမ်းကြည့်လိုက်တော့ သူတို့ကလည်း သူ့ကိုကြည့်နေဆဲပါ။ အဘွားကြီးက ဘာမှမပြောသလို ကျားကြီးကလည်း သူ့ကိုလာပြီး ရန်မူခြင်း၊ ပြုခြင်းမရှိပါဘူး။ ဒီအခါ သူက အဘွားကြီးကို အားကိုးတကြီးနဲ့ လှမ်းပြီးခေါ်ကြည့်တယ်။ ဒါပေမယ့် အသံကလုံးဝထွက်မလာဘူး။ သွားပြီ။ ခန္ဓာကိုယ်ကသာ လှုပ်ရှားလို့မရတာမဟုတ်ဘူး။ ပါးစပ်ကပါဘာမှပြောလို့မရတော့ပါလား။ ဒါဟာ အိပ်မက်လား၊ တကယ်လား။ ထူးခြားဆန်းပြားနေတာကတော့ အမှန်ပါပဲ။ ကြောက်လိုက်ရတာကလည်း ကမ်းကုန်နေတာပါပဲ။ ဒါပေမယ့် ဘယ်ကိုမှလဲ ထွက်ပြေးလို့မရပါဘူး။

တပ်အခြေပြုထားတယ်လို့ထင်ရတဲ့ဘက်ဆီမှာတော့ သေနတ်သံတွေက တစ်ချက်၊ တစ်ချက်ကြားနေရဆဲပါ။ ဒီမှာကတော့ မြေကြီးပေါ်မှာ အရုပ်ကြိုးပြတ်သလိုဖြစ်နေရတယ်။ ဘာတစ်ခုမှ ပြန်ပြီးမဆက်သွယ်နိုင်တော့။အသက်ရှင်ရင်း သေနေတယ်ဆိုတာ ဒါမျိုးလား။

မြွေကြီးကတော့ ဘယ်ဆီရောက်သွားပြီလဲ မသိတော့ဘူး။ တော်ပါပြီ၊ အဲဒီမြွေကြီးကို မရချင်လည်းနေပါစေ။ လောလောဆယ် တပ်ခွဲအခြေပြုထားတဲ့ တောင်ကုန်းလေးကိုသာ ပြန်ရောက်ရင်ပဲ တော်ပါပြီ။ ပြီးတော့ ဒီကျားကြီးနဲ့ ဒီအဘွားကြီးလည်း ငါ့အနားမှာ မရှိပါစေနဲ့တော့။

အဲဒီနောက်မှာတော့ အဘွားကြီးက တစ်နေရာကိုထွက်သွားပြီး မကြာခင်ပြန်ရောက်လာခဲ့တယ်။ သူ့လက်ထဲ
တော့ ငှက်ပျောဖက်နဲ့ ထုပ်ထားတဲ့
အထုပ်တစ်ထုပ်ပါလာခဲ့တယ်။ စကား
မပြောဘဲ သူ့ဆီကို ခြေဟန်လက်ဟန်နဲ့
ဒီအထုပ်ကိုဖြေပြီးစားပါဆိုတဲ့ သဘော
မျိုးနဲ့လုပ်ပြတယ်။ မကြာခင် အထုပ်ထား
ပြီး ထွက်သွားတယ်။ အဲဒီအထုပ်ကို သူ
ဖြေပြီးမကြည့်ဖြစ်ပါဘူး။ အရာအား
ဟာ အကြောက်တရားတွေကပဲ စိုး
ထားလေတော့ ထမင်းဆိုတာလည်း
ရကောင်းမှန်းမသိတော့ပါဘူး။

ဒီလိုနဲ့ မိုးက တအားရွာချလာ
လေတော့ ကျားက သူ့ဆီတဖြည်းဖြည်း
ချဉ်းကပ်လာပြီး သူရဲ့ကိုယ်ပေါ်ကို
အုပ်မိုးပေးထားတယ်။ ကြောက်ရလွန်း
လို့ သေတော့မယ်။ ဒါပေမယ့် ပြော
တဲ့အတိုင်းပါပဲ။ ခန္ဓာကိုယ်တစ်ခုလုံး
ဘာမှလှုပ်ရှားလို့မရဘူးဖြစ်နေတယ်။
လိုနဲ့ ထိတ်လန့်တုန်လှုပ်ချောက်ချား
နဲ့ပဲ မိုးလင်းခဲ့ရတော့တယ်။

မိုးလင်းလာတော့ ကျားကတစ်
နေရာကိုထွက်သွားပြီး အဘွားကြီး
အထုပ်တစ်ထုပ်နဲ့ရောက်လာပြန်တယ်။
ထမင်းထုပ်ဖြစ်ဟန်တူပါတယ်။ မနေ့
ညလိုပါပဲ ခြေဟန်လက်ဟန်နဲ့ပြပြီး
သွားတယ်။

နံနက်(၇)နာရီ၊ (၈)နာရီလော
မှာတော့ တပ်ခွဲက ရဲဘော်တွေ သူ့
အရှာထွက်ခဲ့ကြတယ်ထင်ပါရဲ့။
ညံညံအသံတွေကို ကြားနေရတယ်။
အသံတွေကသူရှိရာဘက်ဆီကိုတဖြည်း
ဖြည်းချင်းနီးလာနေကြတယ်။ မကြာ
မှာပဲ-

"ငမျိုးရေ၊ ငမျိုး။ မင်းကို
လိုက်ရှာနေတယ်။ မင်းကြားရင်ပြန်
ပါ။ ငါတို့မင်းကိုဘာမှမလုပ်ဘူး"

တဖြည်းဖြည်းချင်း နီးလာပြီး
အနားဆီရောက်လာတော့-

"ဆရာရေ၊ ကျွန်တော် ဒီမှာ
ကျွန်တော်ကို လာခေါ်ပါဦး"

ခေါ်တော့ခေါ်လိုက်တာပါ
ပေမယ့် သူ့အသံက လုံးဝထွက်မလာ
လေတော့ ဘယ်သူကမှလဲ မကြား
ပါဘူး။ မကြားမိလို့ မြင်ကြသလား
ပြန်တော့လည်း သူ့ကို ဘယ်သူက
ကြပုံမပေါ်ပါဘူး။ ကိုယ်ကတော့
ကိုမြင်နေရပြီး သူတို့က ကိုယ့်ကို
ကြဘူး။ မမြင်လို့လည်း သူနဲ့ ဝါး
အကွာလောက်က ကပ်ပြီးဖြတ်သွား
တာပဲ။

ဒီတော့ ကိုယ့်ကိုသူမမြင်



www.burmeseclassic.com

www.burmeseclassic.com

အသံသူမကြား။ ကိုယ်ကသာ သူ့အသံကြားရပြီး သူ့ကိုသာမြင်နေရတဲ့ဘဝနဲ့ တောထဲမှာ ကျန်ခဲ့ရပြန်ပြီ။ ဒီလိုမျိုးဘဝ ကတော့ သေတာကမှ ကောင်းဦးမှာပါ။ ခုလည်း မထူးပါဘူး။ ရှင်နေလျက်က သေနေရတဲ့ ဘဝမျိုးပါပဲ။ တစ်ခါတစ်ရံ မှာတော့ သူ့ကိုလိုက်ရှာနေကြတဲ့ စစ်သည်တွေဆီက သေနတ်ပစ်ဖောက်သံတွေ ကြားနေရပါတယ်။ ခပ်ဝေးဝေးဆီ ကပေါ့။

ဟော - ဆူဆူညံညံအသံတွေက ကြားလာရပြန်ပြီ။ သူရှိတဲ့ဘက်ဆီကို တဖြည်းဖြည်းချင်းနီးလာပြန်ပြီ။

"ငမျိုးရေ ငမျိုး။ မင်း ငါတို့အသံ ကြားရင် ပြန်ထူးပါ။ ငါတို့မင်းကိုဘာမှ မလုပ်ပါဘူး"

သူနဲ့ ဝါးတစ်ပြန်အကွာကနေပြီး သူ့ရဲ့ ဘေးဘယ်၊ညာဘက်နေကျော်ခွပြီး ဖြတ်ထွက်သွားကြပြန်လေရဲ့။ သူက လည်း ပြန်ခေါ်ပြန်အော်တာပါပဲ။ ဒါ ပေမယ့် အသံကထွက်မလာလို့ ဘယ်သူ ကမှ သူ့အသံကိုမကြားကြသလို သူ့ကို လည်း ဘယ်သူမှမမြင်မိကြလို့ သူရှိရာ အရပ်ဆီကနေ ထွက်ခွာသွားကြပြန် တယ်။

ဒီလိုနဲ့ တစ်နေကုန်ခဲ့ရပြန်ပြီပေါ့။

ညနေပိုင်းကျတော့ အဘွားကြီး က အထုပ်တစ်ထုပ်နဲ့ မိုးတောလေတော ထဲမှာ ရောက်လာပြန်တယ်။ အံ့ဩစရာ ကောင်းတာက အဘွားကြီးရဲ့ ခန္ဓာကိုယ် အဝတ်အစားတွေမှာ မိုးစိုထားခြင်းမရှိ တာပါပဲ။ ဘာပဲဖြစ်ဖြစ် သူပေးတဲ့ ထမင်းထုပ်ကတော့ဖြင့် အဆိပ်အ တောက်ပါမယ်မထင်ပါဘူး။ ဒါကြောင့် လည်း ထမင်းထုပ်ကို ဖြေပြီးစားဖြစ် သွားခဲ့တော့တယ်။ ညရောက်တဲ့အခါ မိုး အားရွာတော့ ကျားက သူ့ကိုလာပြီး အပ်မိုးပေးထားပြန်တယ်။ မိုးလင်းလာ ရင် ပြန်ထွက်သွားဦးမယ်ထင်ပါတယ်။

စိတ်သွားတိုင်းကိုယ်မပါနိုင်လေ တော့ ကြောက်လည်း ဒီလိုပဲ ငုတ်တုတ် ထိုင်နေရတယ်။ သူတို့ ပြုသမျှနုနေရပြီ ကျားသနားမှ နွားချမ်းသာဆိုတာ ဘဝမျိုးပဲဖြစ်မယ်ထင်ပါရဲ့။ ဒီအချိန် ဒီကျားကြီး ပြေးကိုက်လိုက်လို့က တော့ သူ့အနေနဲ့ ဘာမှမတတ်နိုင်ပါ။ သမျှအကြောင်းအကောင်းတွေချည်း မှတ်ယူရပါတော့မယ်။

နောက်တစ်နေ့ မိုးလင်းလာတော့ ထုံးစံအတိုင်းပါပဲ သူ့ကို လာရှာကြပြန်တာ သူတွေ့နေရတယ်။ စစ်ကြောင်းမှာ ရှိတဲ့ ရဲဘော်တွေပါ ပါလာကြတာကို သူ တွေ့နေရတယ်။ ဒါပေမယ့် သူ့ဘက် ကိုယ့်ဘက်ကတော့ မနေ့ကလိုပါပဲ။ ကိုယ်ကသာ သူ့ကိုမြင်ပြီး သူတို့ကတော့ ကိုယ့်ကိုလည်းမမြင်၊ကိုယ့်အသံကိုလည်း မကြားကြနဲ့ တစ်နေ့တာအတွက် ပြီးဆုံး ခဲ့ရပြန်တယ်။

ကျားကြီးတစ်ကောင်နဲ့ အဘွား ကြီးတစ်ယောက်ကလည်း မနေ့ကအ တိုင်းပါပဲ ဝတ္တရားမပျက်လာနေကြ ပေးပါတယ်။ ခက်တာက ဒီအဘွားကြီး နဲ့က စကားပြောလို့ မရခဲ့ဘူး။ ဒီအခါ သူက ဘယ်သူလဲ၊ ဘယ်ကလဲ၊ ဘာအ ကြောင်းကြောင့် သူ့ကို ဒီလိုလုပ်ထားရ တာလဲ စသည်ဖြင့် မေးခွင့်မရခဲ့ဘူးဆိုပါ တော့။ ပြီးတော့ ဒီအဘွားကြီးရယ်၊ မြွေ ကြီးရယ်၊ ကျားကြီးရယ်တို့ဟာ ဘယ်လို အဆက်အစပ်တွေရှိနေကြသလဲ။ သိ ချင်ပေမယ့် သိခွင့်မရခဲ့ပါဘူး။

နောက်တစ်နေ့ သုံးရက်မြောက် ဆက်ပြီး လာရှာကြပြန်တယ်။ အရင်နေ့ တွေလိုပါပဲ။ သူ့ကို တွေ့မသွားခြင်းနဲ့ဘဲ ပြီးဆုံးခဲ့ရတယ်ဆိုပါတော့။

အဲဒီနောက်မှာတော့ ဘယ်သူက မှ သူ့ကိုလာမရှာကြတော့ပါဘူး။ လာရှာ တဲ့သူတွေ သူ့ဆီရောက်မလာလည်း အဘွားကြီးနဲ့ ကျားကြီးကတော့ နေ့စဉ် ရောက်လာကြတယ်။ သူတို့လုပ်နေကြ အလုပ်တွေလုပ်ပြီး ပြန်ပြန်သွားကြလေ ရဲ့။

ဒီလိုနဲ့ နောက်ထပ်သုံး၊ လေးရက် လောက် အရောက်မှာတော့ လူတစ် ယောက်က သူ့အနားဆီရောက်လာပါ တယ်။ အဘွားကြီးတော့ မဟုတ်ပါဘူး။ ဒါကြောင့် သူက ရှိသမျှ ခွန်အားကို စု စည်းပြီး -

"ဦးလေး၊ ဦးလေး။ ကျွန်တော့်ကို လာကယ်ပါဦး"

လို့ လှမ်းခေါ်လိုက်တယ်။

အဲဒီအခါ အဲဒီလူကြီးက သူ့ကို စေ့စေ့ကြည့်ပြီး ထွက်ပြေးသွားတာကို တွေ့လိုက်ရတယ်။ သူ့ကို တောတွင်း သောင်းကျန်းသူ ဒါမှမဟုတ် အစိမ်းသရဲ အဲဒီလိုမျိုးမြင်သွားသလား၊ ထင်သွား သလားတော့ မဆိုနိုင်ပါဘူး။ ဘာပဲဖြစ် ဖြစ် သူ့အဖို့မှာတော့ ကယ်မယ့်သူ ဖော် ကွာဝေးဖြစ်သွားရပြန်ပြီပေါ့။ ဒီလိုနဲ့ သူ စိတ်လျှော့ပြီး အိပ်ပျော်သွားတာလား၊ သတိမေ့သွားတာလား မဆိုနိုင်ပါဘူး။ သတိပြန်ရလာတဲ့အခါမှာတော့ ဘောဂ ထစခန်းထဲကို ရောက်ရှိနေတာကို တွေ့ လိုက်ရတယ်။

■

"ကျွန်တော့်အဖြစ်ကတော့ အဲဒါ ပါပဲ ဗိုလ်ကြီး။ နောက်တော့ ကျွန်တော့် ကို ဆေးရုံပို့ပေးကြတာပေါ့။ ဆေးရုံမှာ ဆေးကုနေရင်းက အခြားလူတွေက တော့ ကျွန်တော့်ကို ပြောကြပါတယ်။ မင်းမှာ ငှက်ဖျားပိုး ဦးနှောက်ထဲဝင်နေ ပြီတဲ့။ တွေ့ကရာ၊ မြင်ကရာတွေကို လျှောက်မပြောပါနဲ့တဲ့။ စိတ်ကိုငြိမ် အောင် ထားပါတဲ့။ တပ်ရင်းပြန်ရောက် သွားတဲ့အခါမှာလည်း အပြောအဆိုကို ဆင်ခြင်ပါတဲ့။ ရူးနေပြီဆိုပြီး စိတ်ကျန်း မာရေးဆေးရုံကို အပို့ခံရနိုင်တယ်တဲ့။

တကယ်တော့ဗျာ၊ စစ်သားနဲ့ ငှက်ဖျား ဆိုတာ လင်မယားလို့ပြောရင် တောင်ရပါတယ်။ ငှက်ဖျားပိုး ခန္ဓာကိုယ် ထဲရောက်လာရုံနဲ့ ရူးသွားရတော့မှာပဲ လားဗျာ။ မရူးလို့လည်း အခု ဗိုလ်ကြီးကို ကျွန်တော့်ရဲ့ တောတွင်းကအတွေ့အ ကြုံတွေကို လုံးစေ့ပတ်စေ့ပြန်ပြောနိုင် တာပဲ မဟုတ်လား။

အခုလည်း ကျွန်တော်က ဆေး အဆင့်ချပြီး တပ်ရင်းကိုပြန်ခဲ့ရတာပါ။ မကြာခင် ဆေးရုံကိုပြန်သွားပြရဦးမှာပါ။ သူတို့ပေးလိုက်တဲ့ ဆေးတွေကိုတော့ နေ့စဉ်ပုံမှန်သောက်နေရပါတယ်။ ဟော- ပြောရင်းနဲ့ ဒီနေ့သောက်ရမယ့် ဆေး တွေတောင်မသောက်ရသေးဘူး။ သွား ပြန်သောက်လိုက်ပါဦးမယ်။ ခွင့်ပြုပါဦး ဗိုလ်ကြီး"

ဟု ဆိုကာ ကျွန်ုပ်အား အလေးပြု ပြီး ပြန်လည် ထွက်ခွာသွားခဲ့ပါတော့ သည်။

■

လူ့အကြိုက်လူ့စရိုက်နှင့် တော အကြိုက်တောစရိုက်တို့မှာ တစ်ရွာတစ် ပုဒ်ဆန်း၊ တစ်တောတစ်ကြက်တွန် ဆို သကဲ့သို့ တစ်မျိုးတစ်ဘာသာစီတော့ ဖြင့် တစ်နေရာနှင့်တစ်နေရာ မတူညီကြ ဘဲ ကွဲပြားခြားနားကောင်းခြားနားနေ ကြပေမည်။ သို့သော်လည်း သူ့နေရာနှင့် သူကတော့ဖြင့် သူ့နည်းနဲ့သူဟန်ဆိုသလို ရှိနေကြမည်သာဖြစ်ပါသည်။

ယခုဖြစ်စဉ်ကိုကြည့်လျှင်ပင် -

တပ်သား မောင်မျိုးအား အဘွား ကြီးထံသို့ရောက်ရှိလာအောင် မြွေတစ် ကောင်နှင့်မျှား၍ခေါ်ယူခဲ့ခြင်းပေပဲလား။ သို့မဟုတ် ဤကဲ့သို့ ခေါ်ယူထိန်းသိမ်း

www.burmeseclassic.com

# ဂမ္ဘီရနည်းနှင့် ကလေးများကို သန်ချကြပါစို့

မျိုးတင့်(ညောင်လေးပင်)

ကလေးမိခင်၊ ဖခင်တိုင်းလိုလို စိတ်မအေးရသော ကလေးရောဂါတစ်မျိုးရှိသည်။ ထိုရောဂါမှာ ကလေးများ သန်ထခြင်းပင် ဖြစ်သည်။ ကလေးတို့သည် သဘာဝအလျောက် မသန့်ရှင်းသည်၊ သန့်ရှင်းသည် မသိပါဘဲ တွေ့ရာရာကို ပါးစပ်ထဲသို့ ကောက်ထည့်တတ်ကြသည်။ ထိုမှ သန်ကောင်မျိုးများ ဝမ်းဗိုက်ထဲသို့ ရောက်ရှိကြပြီး သန်ကောင်များ ပေါက်ဖွားလာကြသည်။ သန်ထလာသော ကလေးငယ်တို့မှာ ပိန်ချုံးချည့်နဲ့လာပြီး ဗိုက်လေးပူပူ၊ မျက်လုံးစိမ်းကလေးနှင့်ဖြစ်နေတတ်သည်။ အလွန်သနားစရာကောင်းသည်။

စာရေးသူတွင် သားကလေး (၃) ယောက်ရှိသည်။သူတို့လည်း သန်ရောဂါနှင့်ကြုံခဲ့ကြသည်။ ဆရာဝန်ရှိရာ ဆေးခန်းများသို့ တပင်တပန်း သွားရောက်ပြသ၍ ငွေကုန်ကြေးကျများစွာဖြင့် သန်ချဆေး တိုက်ကျွေးကုသခဲ့ရသည်။

တစ်နေ့ စာရေးသူနှင့် မိတ်ဆွေကြီး ဦးတင်အေးတို့သည် သူရဋ္ဌမဂ္ဂဇင်း၌ ပါဝင်သော ဂမ္ဘီရပညာရပ်ဆိုင်ရာ လျှို့ဝှက်ဆန်းကြယ်သော ဝိဇ္ဇာခရပညာရပ်များအကြောင်းကို ဆွေးနွေးပြောဆိုခဲ့ကြသည်။ ထိုစကားဝိုင်းတွင် မိတ်ဆွေကြီး ဦးတင်အေးက အမှတ်မထင်ဘဲ သူသိရှိထားသော သန်ချနည်းတစ်ခုကို စာရေးသူအား ပြောပြခဲ့လေသည်။ ထိုနည်းမှာ လွယ်ကူပြီး ငွေကုန်ကြေးကျမရှိဘဲ ကလေးများ၏ သန်ရောဂါကို ပျောက်ကင်း ချမ်းသာစေသော နည်းကောင်းတစ်ခုဖြစ်၍ စာရေးသူသည် ဆောင်းပါးအဖြစ် ရေးသား တင်ပြရန် စိတ်ကူးမိပါသည်။

ဂမ္ဘီရနည်းနှင့် ကလေးများကို သန်ချကြပါစို့ ဟူသော ခေါင်းစဉ်ပါအတိုင်း ကလေးများကို မပင်မပန်း သက်သာ လွယ်ကူစွာ သန်ချပေးခြင်းဖြင့်ချမ်းသာကျန်းမာကြစေရန် မိတ်ဆွေကြီးပြောပြသော သန်ချနည်းကို တင်ပြလိုက်ပါသည်။

■

"ကျွန်တော့်သားသမီးတွေသန်ထတိုင်း ဆရာကြီးဦးစောမောင်(မှော်စရိယ) ထံသွားပြီးတော့ သန်ချပေးဖို့ အကူအညီတောင်းရပါတယ်။ သားသမီးတိုင်းလိုလို သန်ရောဂါရကြတာမို့ ဆရာကြီး ဦးစောမောင်က 'မင်းမလည်း၊ ငါ့ဆီကို ခဏခဏလာနေရတာ ပင်ပန်းလှပါတယ်ကွာ။ လွယ်လွယ်ကူကူနဲ့ မင်းရဲ့ ကလေးတွေကို သန်ချပေးဖို့ နည်းပေးလိုက်မယ်' ဆိုပြီး သန်ချနည်းကို ပြောပြတယ်ဗျ။ ဒီနည်းက တော်တော်လေး အံ့ဩစရာကောင်းတယ်။ ငွေကုန်ကြေးကျမရှိဘူး။ ထုံးဘူးထဲက ထုံးနဲ့ ပိန်းပင်တစ်ပင်ပဲ ကုန်တယ်လေ"

"လုပ်စမ်းပါဦး ဆရာသမားရဲ့ ခင်ဗျားနည်းက အဆန်းပါလား"

စာရေးသူက ပိန်းပင်တစ်ပင်၊ ထုံးတို့နှင့် သန်ရောဂါကို ကုသမည်ဆိုသော ဦးတင်အေး၏ကုထုံးကို များစွာစိတ်ဝင်စားမိလေသည်။

"ဒီလိုပါ ဆရာ၊ ပိန်းပင်တစ်ပင်ကို အလွယ် ခူးဖြတ်လိုက်၊ ကွမ်းအစ်ထဲမှာ အသင့်ရှိနေတဲ့ ထုံးဘူးထဲကထုံးကို သင့်တော်ရုံ ကော်ယူလိုက်၊ ပြီးတော့ ထုံးထဲကို ရေနည်းနည်းရောပြီး မပျစ်မကျဲ အနေတော်ဖြစ်အောင်ပြုပြီး ခူးထားတဲ့ ပိန်းရွက်ထဲမှာထည့်လို့ ခူးဖြတ်ထားတဲ့ ပိန်းရိုးတံနဲ့ မွှေရတယ်။ မွှေပြီးလို့ အသင့်

---

ထားခဲ့သည်မှာ ဘောဂထရွာက ကျားပေါက်စနှစ်ကောင် ပြန်လည်ရရှိရေးအတွက် လူနှင့်ကျား အလဲအလှယ်လုပ်လို၍ ပြန်ပေးဆွဲထားခဲ့များလေလား။

နောက်တစ်ခုမှာ မောင်မျိုးအား မိုးမစိုအောင် လာပြီးအုပ်မိုးပေးထားသော ကျားကြီးမှာ ကျားပေါက်နှစ်ကောင်၏ မိခင်ကျားမကြီးများ ဖြစ်လေမလား။ အဆိုပါ ကျားကြီးနှင့် အဘွားကြီးကကော မည်ကဲ့သို့ အဆက်အစပ်ရှိနေပါသနည်း။ အဘွားကြီးကကော ထိုတောတစ်လျှောက်တွင် အပိုင်စားရထားပြီး မြွေတွေကို လိုက်လံ သတ်ဖြတ်သည့် စစ်သည်မောင်မျိုးကို နောင်ကြဉ်သွားအောင် ယခုကဲ့သို့ ဒုက္ခပေးဆုံးမနေခြင်း ပေပဲလား။

ကျားပေါက်စနှစ်ကောင်နှင့် ပတ်သက်ပြီး ယခင်က တောစောင့်နတ်၊ တောင်စောင့်နတ်တွေက မကျေမနပ်ရှိခဲ့ရာမှ ယခုအခါ အဆင်ပြေမှုတွေရသွားကြပြီဖြစ်၍ မောင်မျိုးအား အခြားသူတစ်ဦးဦးနှင့် တွေ့ဆုံခွင့်ပေးလိုက်ခြင်းများလား ကျွန်ုပ် မသိနိုင်ခဲ့ပါ။ ကျွန်ုပ်၏ စစ်သည် မသေမပျောက်ဘဲ ပြန်ရောက်ခဲ့ရသည်ကိုပင် ကျေးဇူးတင်ရမလိုဖြစ်နေသည်။

မည်သို့ပင်ဖြစ်ခဲ့စေကာမူ ကျွန်ုပ်၏ စစ်သည်တစ်ယောက် အဆိုပါ ဝါးပိုးတောင်တစ်လျှောက်တွင် ပျောက်ဆုံးခဲ့ဖူးပါ၏။ ထိုတောင်သည် တစ်ချိန်သော အခါက ဝါးပိုးဝါးများ လွန်စွာမှ ပေါက်ခဲ့၍ ဒေသခံပြည်သူများက ဝါးပိုးဝါးများ ပေါများသည်ကို အစွဲပြုပြီး ထိုတောင်ကိုလည်း ဝါးပိုးတောင်ဟု ခေါ်ခဲ့ဟန်တူပါသည်။ တကယ်တော့ အမည်နာမ[...]သည်မှာ ပညတ်ချက်တစ်ခုပါပဲ။ သူ[...]ကလည်း သူတို့ခေါ်ချင်သလို ခေါ်[...]ကြပါသည်။ ကျွန်ုပ်ကလည်း ခေါ်ချင်သလို ခေါ်ခွင့်ရနေသည်သာ။ သို့ဖြစ်၍ ကျွန်ုပ်ကလည်း ကျွန်ုပ်၏ စစ်သည်တစ်ယောက် ပျောက်ဆုံးခဲ့ရဖူးခြင်း[...]အကြောင်းပြုပြီး အမည်နာမတစ်ခု[...]ပေးလိုက်ချင်ပါသည်။ ထိုတောင်သည် 'နတ်ဝှက်တတ်သည့်တောင်' သို့မဟုတ် 'နတ်ဝှက်တောင်' ဟူ၍။

ရွှင်လန်းချမ်းမြေ့ကြပါ[...]

ချစ်[...]



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပြီဆိုရင် အဲဒီပိန်းရွက်ကိုကိုင်ပြီး မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး သီတင်းသုံးရာ ဘုရားဆောင်ထဲကိုဝင်၊ ဘုရားရှင်ကို ရိုသေစွာ ကန်တော့ပြီး ငါးပါးသီလ ခံယူဆောက်တည်ရတယ်။ ပြီးတော့မှ ကျွန်တော်တို့မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်တိုင်းရကြတဲ့ သရဏဂုံသုံးပါး သို့မဟုတ် အရဟံအစ ဘဂဝါအဆုံး ဂုဏ်တော်ကိုးပါးတစ်ခုကို (၇) အုပ် ရွတ်ဆိုပူဇော်ရပါတယ်။

ပြီးတော့မှ ကလေးငယ်ရဲ့ဝမ်းဗိုက်နေရာကို လှန်လိုက်ပြီး (၆) ကွက်အင်းကို ထုံးဖျော်ရည်နဲ့ဆွဲရပါတယ်။ 'ဉုံ - သသ၊ သ၊ သံ၊ သေ' ဆိုတဲ့အက္ခရာတွေကို အင်းကွက်ထဲမှာ ရေးရပါတယ်။ မြင်းသွားအင်းချတဲ့ပုံစံပေါ့။ ကျန်နေတဲ့တစ်ကွက်မှာတော့ ရောဂါရှင်ကလေးရဲ့ မွေးနေ့မွေးနံဂဏန်းကို ရေးရပါတယ်။ ဥပမာ တနင်္ဂနွေ-၁၊ တနင်္လာ-၂ စသည်ပေါ့ဗျာ။

သတိပြုရမှာက အင်းကွက်ကို စာ တွေသွင်းတဲ့အခါမှာ ပိန်းရိုးတံကိုပဲ အသုံးပြုရပါမယ်။ အခြားတစ်စုံတစ်ရာနဲ့ ရေးရဘူးနော်၊ အဲဒါလေးတော့ သတိပြုပေါ့"

"အင်း - ပုံစံကလေးဆွဲပြပါဦး"

ဟု စာရေးသူက ပညာလိုလားသူပီပီ မိတ်ဆွေကြီးကို တောင်းဆိုလိုက်သည်။

ဦးတင်အေးက အောက်ဖော်ပြပါ အင်းပုံစံကို ရေးဆွဲပြပါသည်။

| | | |
|---|---|---|
| ဉုံ | သသ | သ |
| * | သေ | သံ |

(* ပြထားသော အကွက်တွင် ကလေး၏ မွေးနေ့မွေးနံဂဏန်းကို ရေးသွင်းရန်)

"ဒါပဲဗျ၊ ဘာမှမခက်ဘူး။ ကျွန်တော့်ကလေးတွေတော့ အဲဒီအင်းကွက်နဲ့ သန်ရောဂါဘေးကင်းဝေးခဲ့ကြတာ"

စာရေးသူသည် ဦးတင်အေး ပြောသော သန်ချနည်းကို များစွာနှစ်သက်သည်နှင့် -

"ဟုတ်တယ်ဗျ၊ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ရှေးအစဉ်အလာကထား အသုံးပြုခဲ့တဲ့ ဂမ္ဘီရပညာရပ်တွေဟာ ကလေးသန်ချတာမျိုးကစပြီး ဘဝတာ တစ်လျှောက်လုံး အကောင်းဘက်ကို ဦးတည်ပြောင်းလဲသွားအောင် စွမ်းအင်ထူးတွေရှိကြတာပါ။ မသိတော့ တစ်သက်၊ သိတော့တစ်မနက် ဆိုသလိုပဲဗျာ။ သိတဲ့လူတွေကတော့ လွယ်လွယ်လေးနဲ့အသုံးပြုနိုင်တာပေါ့"

ဟု ပြောလိုက်လေသည်။

ဦးတင်အေးက -

"မသိသူကျော်သွား၊ သိသူဖော်စားလို့ဆိုတယ်မဟုတ်လားဗျာ"

ဟု ပြောရင်းဆိုရင်း ရေနွေးကြမ်းတစ်ခွက်ကို မော့သောက်လိုက်သည်။ ပြီးမှ စကားဆက်လေသည်။

"ဒီသန်ချနည်းနဲ့ပတ်သက်ပြီး ကျွန်တော်လက်တွေ့ကုညီကုသပျောက်ကင်းသွားတဲ့ကလေးတစ်ယောက်အကြောင်း ပြောပြဦးမယ်။

၁၉၇၅-၇၆ ခုနှစ်လောက်ကပေါ့။ ကျွန်တော်ဟာ ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်ထဲက ထောင်လောင် ဆိုတဲ့ ရွာကြီးမှာ ကျေးရွာပြည်သူ့ကောင်စီ စာရေးလုပ်ခဲ့တုန်းကပေါ့

အဲဒီတုန်းက ကျွန်တော်တို့ရဲ့ နယ်မြေတာဝန်ခံက ဦးမြင့်သောင်း။ မြို့နယ်ပြည်သူ့ကောင်စီ အီးစီ (အလုပ်အမှုဆောင်) ပေါ့ဗျာ။ သူ့အိမ်ကို ရုံးကိစ္စနဲ့ ကျွန်တော်ရောက်သွားတော့ ဦးမြင့်သောင်းရော သူ့ရဲ့ဇနီးပါ မျက်နှာမကောင်းကြဘူး။ မကောင်းဆို သူတို့ရဲ့သား (၃) နှစ်သားလေးဟာ အိပ်ရာထဲမှာ သန်ထပြီး လူးလိမ့်အော်ဟစ်နေတယ်။ အဖျော့လည်းမရ၊ အမေချော့လည်းမရပေါ့။

ကျွန်တော်က ကလေးကိုကြည့်တော့ ကလေးဟာ မျက်လုံးစိမ်းစိမ်း၊ ကိုယ်ကပူပူ၊ အသားအရောင်က ဖျော့တော့အားနည်းပြီး ဖြူရော်ရော်ဖြစ်နေရှာတယ်။

'ဦးမြင့်သောင်း ကျွန်တော်ကလေးကို ကုပေးကြည့်မယ်နော်'

လို့ ကလေးကို သနားတာနဲ့ ခွင့်တောင်းလိုက်ပါတယ်။ ဦးမြင့်သောင်းက ကြည်ကြည်ဖြူဖြူခွင့်ပြုတော့ ပိန်းရိုးကိုခူး၊ ထုံးမန်းပြီးတော့ ဆရာ့ကိုပြောပြတဲ့အတိုင်း ကလေးဗိုက်ကိုလှန်ပြီး အင်းကွက်ဆွဲပေးလိုက်တာပေါ့။

အင်းဆွဲပြီးတယ်ဆိုရင်ပဲ။ ငိုနေတဲ့ကလေးဟာ အငိုတိတ်ပြီး မျက်စိကလေးအဝိုင်းသားနဲ့ ငြိမ်ကျသွားတယ်။ (၅) မိနစ်လောက်နေတော့ ကလေးက မတ်တပ်ထရပ်တယ်။ ပြီးတော့ ရှူးရှူးပန်းတယ်။ ဘေးနားမှာရှိနေတဲ့ ဘောလုံးလေးကိုယူပြီး ဘာမှမဖြစ်သလို တန်းကန်တော့တာပဲ။ ဦးမြင့်သောင်းတို့ မိသားစုလည်း ဝမ်းသာလွန်းလို့ ကျွန်တော့်ကို ကျေးဇူးစကားတွေ အထပ်ထပ်ပြောကြပါတယ်"

ဦးတင်အေးသည် သူကုညီကုသပေးခဲ့ဖူးသော ကလေးသန်ချနည်းအကြောင်းကို ဝမ်းမြောက်ပီတိဖြစ်စွာအားပါးတရ ပြောပြနေသည်ကို စာရေးသူ ကြည်နူးစွာ နားထောင်နေခဲ့ပါသည်။

ဆေးကောင်းတော့တစ်ခွက်၊ အင်းကောင်းတော့တစ်ကွက် ဆိုသောစကားကို ရှေးလူကြီးများဆိုထုံးပြုကြသည်။ မြန်မာတို့၏ ဂမ္ဘီရပညာစွမ်းများသည် အသေးအဖွဲ့မှ အလွန်ကြီးကျယ်နက်နဲသော လောကသဘောများတိုင်အောင် ပြီးမြောက် အောင်မြင် ခမ်းနားထည်ဝါလှပါသည်။

တင်ပြခဲ့သော သန်ကျစေသည့် အင်းနှင့်ပတ်သက်၍ ဦးတင်အေး၏ အတွေ့အကြုံနှင့် ပြောပြချက်အရဆိုသော် သန်ကောင်များသည် ဝမ်းဗိုက်ထဲ၌ သေကျေပျက်စီးကုန်ကြသည်ဟု ဆိုပါသည်။ သို့ဖြစ်၍ စာရေးသူ ဆက်လက်စဉ်းစားမိသည်မှာ သန်ကျစေသော အင်းအစီအရင်ကို ပြုလုပ်ပြီးသောအခါများတွင် ဝမ်းပျော့ပျောင်းသွားစေသော ဝမ်းနုတ်ဆေးကို ကလေးနှင့် ချင့်ချိန်တိုက်ကျွေးသင့်သည်။ ဝမ်းပျော့ပျော့သွားစေသောဖျော်ရည် သို့မဟုတ် နွားနို့စစ်စစ်အစိမ်းကို ဆားသင့်တော်ရုံခတ်ပြီးတိုက်ကျွေးနိုင်လျှင် ပို၍အဆင်ပြေမည်ဟု ထင်မြင်မိပါသည်။

အချုပ်ဆိုသော် ကလေးတိုင်းဖြစ်တတ်သော သန်ရောဂါဘေးကင်းဝေးကြစေရန် အန္တရာယ်ကင်း ဘေးရှင်းပြီး ငွေကုန်ကြေးကျမရှိသည့် ဂမ္ဘီရနည်းနှင့် ကလေးများကိုသန်ချကြပါစို့ဟု စေတနာကောင်းနှင့် နှိုးဆော်လိုက်ရပေသည်။

မေတ္တာရည်လျက်

မျိုးတင့် (ညောင်လေးပင်)

*ဤဆောင်းပါးအတွက် ဦးစွာဒါနပြုနည်းလမ်းပေးခဲ့သော ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မဒေါက်မြို့မှ ကွယ်လွန်သူ ဆရာကြီး ဦးစောမောင်(မဇ္စာစရိယ)နှင့် နည်းလမ်းပြောပြသူ ဦးတင်အေး (မဒေါက်) တို့ကို ကျေးဇူးမှတ်တမ်းတင်အပ်ပါသည်။*



www.burmeseclassic.com

www.burmeseclassic.com

ထုပ်ကြီးကို ပစ်ချလိုက်ပြီး အိပ်ရာပေါ်
ဟန်မပျက်ရှိနေခဲ့ပါသည်။ လုပ်သေန
များ၊ ဓားရှည်များ ကိုင်ဆောင်ထား
၍ အဘွားကိုယ်တိုင် ခေါင်းအုံးအော
မှ သော့တွဲကို ယူပေးလိုက်ပါ၏။

"အဲဒီဗီရိုထဲမှာ ငွေငါးသောင်း
ပစ္စည်းတွေရှိပါတယ်ကွယ်။ အဘွားတို့
နာမည်သာကြီးနေတာပါ။ လူလေး
သိတဲ့အတိုင်း ကုန်စုံဆိုင်ထဲမှာ အရင်း
မြုပ်နေတာကလား။ ရတာလေး အရ
ပြန်လုပ်။ ရရစားစားနဲ့ ဒါနလေးတ
လုပ်ရပါရဲ့။ ထင်သလောက် မစုဆော
မိပါဘူးကွယ်။ ပစ္စည်းတွေလည်းယူ
အဘွားမိသားစုကို ဘာမှမလုပ်ကြပ
သားတို့"



# ရတနာဒေဝီ

## ကံကြမ္မာလား ဝဋ်ကြွေးလေလား

'ဝဋ်မှာအမြဲ ငရဲမှာအပ' ဟု မြန်မာတို့ ဆိုကြပါသည်။ ဝဋ်ရှိသူသည် ထိုဝဋ်ကြွေးကျေအောင်ပြေအောင်ဆပ်ကိုဆပ်ရပါမည်။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတိုင်း ဝဋ်လိုက်မှာ၊ ဝဋ်ကြွေးဆပ်ရမှာကို အလွန်ကြောက်တတ်ကြသူများပါ။ ကံဆိုသည့် မိမိကမ္မကထပြုဖူးခဲ့သမျှ ထိုကံကြမ္မာသည် ပြုခဲ့ဖူးသူထံ မလွဲမသွေ ရောက်ရှိလာမှာ အနေးနှင့်အမြန်ပါပဲ။ ထွက်ပြေးတိမ်းရှောင်၍မရ၊ ပုန်းအောင်ခိုဝင်နေ၍မရနိုင်ပါ။ တည့်တည့်ကြီးကိုရောက်ရှိလာမှာကို ယုံကြည်ကြစေလိုပါသည်။

ကံသာမြို့လေး၌ ချမ်းသာကြွယ်ဝသည့် မိသားစုကြီးရှိခဲ့ပါ၏။ အဘွားဒေါ်မြတ်လှစိန်၏ ဆုံးမသွန်သင်မှုအောက်၌ သားမြေးများ ယဉ်ကျေးလိမ္မာစွာနေထိုင်ခဲ့ကြပါသည်။ သမီး ဒေါ်ပြုံးယဉ်၊ သမက် ဦးမြသောင်းနှင့် မြေးမကြီး မအေးအေးစိန်၊ မမြတ်မြတ်စိန်၊ မကြည်ကြည်စိန်၊ မသီသီစိန်၊ မောင်ငွေးသောင်း၊ မောင်မြတ်သောင်း ဆိုသည့် မြေးများရှိခဲ့သည်။ မိသားစုတစ်ခုလုံး ရတနာသုံးပါးကို သက်ဝင်ယုံကြည်ကြပြီး အလှူအတန်းရက်ရောကြသူများဖြစ်ခဲ့ကြပါ၏။ နံနက်စောစောတွင် အရဏ်ဆွမ်းလောင်း၊ နေ့ဆွမ်းပို့ပြီး သက်ကြီးရွယ်အိုများရောက်လာလျှင် အဝတ်အထည်၊ ငွေနှင့် စားစရာများ လှူဒါန်းတတ်ပါသေးသည်။

စေတနာသည် ကံ၊ ကံသည် စေတနာဟု ဆိုရလောက်အောင်ပင် စေတနာမွန်မြတ်လွန်းကြ၍ ကံကလည်း ကောင်းလှပါပေ၏။ မစားဘူးတာမရှိ၊ မဝတ်ရတာမရှိ မလှူဘူးတာမရှိအောင်၊ အများသူငါ အားကျရအောင် ကံကောင်းခဲ့ကြခြင်းပါ။ တစ်ညဉ့် ဓားပြတိုက်သွားတာတောင် ကင်းခြေများ ခြေကျိုး၍ အသွားမပျက်သလိုပင် အပြုံးမပျက်ခဲ့ကြပါ။ အဘွားက ဓားပြဟု သိလိုက်သည်နှင့် အပေါ့စွန့်ရာအပေါက်မှ စိန်

အဘွားဒေါ်မြတ်လှစိန်၏ တည်
ငြိမ်မှုကြောင့် ဓားပြများ ငွေနှင့်ပစ္စည်း
ယူကာ ပြန်ထွက်သွားကြပါပြီ။ ဉ
ဖရားနှင့်လုပ်ထားသည့် ရွှေတစ်ဆင်
ဆွဲကြိုးသုံးကုံး၊ လက်ကောက်ငါးကွ
နှင့် ငွေငါးသောင်းသာ ဆုံးရှုံးသွားခဲ့
၏။ မိသားစုကတော့ အရောင်းအဝ
အလှူအတန်း မပျက်ကြပါ။ ည
နာရီထိုးသည်နှင့် ဆိုင်ကိုခပ်စော
ပိတ်လိုက်ကြခြင်းပါပဲ။ ခါတိုင်း ကိုး
အထိ ဈေးရောင်းတုန်းမို့ ဓားပြတိုက်
ခံရသည်ဟု ယုံကြည်ကာ ဆိုင်ကို
စောပိတ်လိုက်ကြခြင်းပါ။ အရဏ်တ
သည်နှင့် ဘုရားရှိခိုးသံ၊ ပရိတ်ရွတ်သံ
နှင့် ကျက်သရေမင်္ဂလာအတိပြီးသ
အိမ်ကြီးဖြစ်မြဲဖြစ်နေပါသည်။

လှုံထမ်းလာသည်ကိုမြင်ရသ
ကံထမ်းလာသည်ကို မမြင်နိုင်ပါ။ ဟ
ပါသည်။ လူရော လှုံပါ ရုပ်ရှိ၍ မျ
ဖြင့်မြင်နိုင်ခြင်းပါ။ ကံသည် ရုပ်တ
မဟုတ်၍ မျက်စိဖြင့်မြင်နိုင်စွမ်းမရှိ
လက်ဖြင့်စမ်းသပ်၍လည်းရခြင်းမ
ကံသည်ရှိနေ၊ တည်နေသည်ကို



www.burmeseclassic.com

www.burmeseclassic.com

...၍ မြင်တွေ့နိုင်ခြင်း မရှိခဲ့ပါ။ သို့ခြား ...သည်း 'ကံကွက်ကြားကျသည်၊ ကံဆိုးမိုး ...ောင်ကျသည်' ဟူ၍ ကံနိမ့်လာလျှင် ...ကျိုးပေးပါညှ့်၍ ကယ်မမည့်သူမရှိ၊ ...သရာအဆက်ဆက်က ပြုပြုခဲ့သမျှ ...ကြောင်းတရားများ အကျိုးခံစားလာ ...ခြင်း ဖြစ်ပါ၏။ အဘွားဒေါ်မြတ်လှစိန် ...ယ်လွန်ပြီး မကြာလှပါ။ သမီးရော ...မက်ပါ ရှေ့ဆင့်နောက်ဆင့် ဆုံးပါး ...သွားခဲ့ကြပါ၏။

ချမ်းသာကြွယ်ဝမှုသည် လူအများ ...အားကျအောင်ဖြစ်စေရုံသာမက လူဆိုး ...ဘို့ကို ဖိတ်ခေါ်နေခဲ့သည်ကဲ့သို့ဖြစ် ...သည်။

မူလကပင် ကြမ်းတမ်းရက်စက် ... လူသတ်၊ ဓားပြတိုက်ခဲ့သူသည် ...က်ဘေးကြောင့် ထွက်ပြေးရင်း ...ာတော်တစ်ပါးက တွေ့ရှိ၍ ကယ် ...င်ပေးခဲ့ပါ၏။ ဆရာတော်၏ အဆုံး ...ကြောင့်သာမက ရာဇဝတ်ဘေး ...ကြောက်ရွံ့မှုကြောင့် ရဟန်းဝတ်ကာ ...ရာအရှင်၏ ပညာများတတ်ပွန်လာခဲ့ ...သည်။ ဆေးဝါးကုသပေးပြီး ဗေဒင် ...ာကို ပေါက်မြောက်စွာ တတ်ကျွမ်း ...၍ ရဟန်းဘဝဖြင့် လူအများကြားပေါ် ...ထွက်လာခဲ့ပါတော့သည်။ ရုပ်ရည်ချော ...ပြီး ကြွယ်ဝမှုကို သိရှိလာချိန်တွင် ...ရှုပ်ပေါ်လာပြီး ပစ္စည်းမက်၍ လူကို ...ယူနိုင်ရန် ကြိုးစားလာပါ၏။ စိတ် ...ပျစင်သူတို့က ငြင်းကြ၍ ငံ့နက် ...စော အိမ်ကို ကြွရောက်လာကာ ...တရက် ညီအစ်မနှစ်ယောက်ကို ...တ်သွားပါတော့သည်။ (မှုခင်း၌ အ ...မှန်ပါရှိခဲ့ပြီး)။ ညီမအကြီးက အစိုးရ ...ရာရှိကြီးနှင့်လက်ဆက်၍ သျှောင် ...က်ဆံထုံးပါခဲ့ရာ ညီမငယ် မသီသီ ...သာ စီးပွားရေးလုပ်ရင်း ကျန်ခဲ့ပါ ...သည်၊ မောင်နှစ်ယောက်ကလည်း ...ိုးရအလုပ်ဖြင့် နယ်ဘက်ပြောင်းရွှေ့ ...သွားပါ သည်။

မောင်နှစ်ယောက်ပါ အိမ်ထောင် ...ကြ၍ မသီသီစိန်သာ လူယုံအနည်း ...နှင့် ကျန်ရစ်ရှာပါ၏။ အစ်မဖြစ်သူ ...င်ပွန်းက သောက်သောက်စားစား ...င်းသားမို့ အသက်မရှည်ပါ။ ကွယ် ...သွား၍ ကလေးများနှင့် မိဘအိမ် ...ရောက်လာခဲ့ပြီး ညီမရှာဖွေကျွေး ...၍ အဆင်ပြေခဲ့ပါ၏။ နှစ်ပင်မကြာ ... သားအကြီးနှစ်ယောက်သည် ဆေး ...၍ ဘိုးဘွားပစ္စည်းများခိုးယူကာ သုံး ...းခဲ့ကြပါ၏။ ဆေးကြောင့် အသက်ဆုံးပါးသွားခဲ့ကြသော်လည်း အလတ်မိန်းကလေးမှာ မွေးရာပါ စကားမပြောတတ်။ ကျန်းမာရေးချို့တဲ့၍ ဒုက္ခကြီးစွာ ရောက်ခဲ့ရပါပြီ။ အစ်မလတ်လည်း စိတ်ထောင်း၍လူပါကြေရုံမက သေခြင်းနှင့် ကြုံခဲ့ရပါတော့သည်။ ညီမကသာ တူမလေးနှစ်ယောက်ကို စောင့်ရှောက်ရပါတော့၏။

မောင်ငယ်က နိုင်ငံခြားအပြီးထွက်သွား၍ မောင်အကြီးသာ ကျန်တော့သော်လည်း မောင်၏ ဇနီးနှင့် အသွင်မတူကြ၍ အဆင်မပြေခဲ့ကြပါ။ ကံဆိုးစွာ သားလေးက ကားမှောက်၍ ဆုံးသွားပြန်ရာ မယားက မကြည်ဖြူတော့၊ လောကကို စိတ်အနာကြီးနာပြီး လူဝတ်ကြောင်စွန့်ကာ ရဟန်းဘဝကူးခဲ့ပါတော့သည်။ အသက်ကရလာပါပြီ။ (၇၅) နှစ်ကျော်။ ပင်ပန်းခြင်းဆိုသည်ကို မသိခဲ့သူဖြစ်ရာ လေဖြန်းပြီး ခြေလှမ်းပင် ကောင်းစွာ မလှမ်းနိုင်တော့။ ခြေတစ်ဖက်ဆွဲနှင့် ဆွမ်းခံ၍စားရပါတော့၏။ အစ်မငယ်ကပါ မကျန်းမာ၍ ဈေးမရောင်းနိုင်တော့။ မိဘ၏နှစ်ထပ်တိုက်ကို ရောင်းချ၍ အိမ်ငယ်လေးဖြင့် တူမလေးများနှင့်နေရပါလေသည်။ နောက်ဆုံး ငွေများပါကုန်သွား၍ အသိမိတ်ဆွေများအိမ်၌ ကူညီလုပ်ကိုင်ပေးရင်း ဝမ်းရေးကိုဖြေရှင်းခဲ့ရပါ၏။ အစ်မကဖျားနာ၍ အိပ်ရာထဲတုံးလုံးလဲတော့ မောင်ပဥ္စင်းနေ၍မရတော့ပါ။ ဆွမ်းခံ၍ရလာသည့် သပိတ်ထဲမှာ ဆွမ်းတစ်ဝက်ကို အစ်မကို ခွဲဝေပေးရသည်အထိပင် ဖြစ်ခဲ့ပါ၏။ အမိသဖွယ်အစ်မဖြစ်ခဲ့၍ ပြုစုလုပ်ကျွေး၍မှ မကြာလှ။ ကံတရားက ဆိုးဝါးလှစွာ အစ်မကို တမလွန်သို့ခေါ်ဆောင်ခဲ့ပါတော့သည်။

ရတနာသုံးပါးကို ယုံကြည်ကြသူများ၊ အနန္တောအနန္တငါးပါးကို ပူဇော်ကြသူများ၊ ရတနာသုံးပါးဝေယျာဝစ္စလုပ်ကာ လက်မတွန့်ဘဲ လှူဒါန်းကြသူများ ဖြစ်ခဲ့ကြပါသည်။ ရုပ်ဆင်းသဏ္ဌာန်ကလည်း လူချမ်းသာတို့၏ ရုပ်အင်္ဂါများရှိကြ၍ မည်သူကမျှ ထိုသို့ဆင်းရဲဒုက္ခတွေ့ကြမည်ဟု ထင်မှတ်မထားခဲ့ကြ။ စိန်စီ၍နေပြီး အလှူရေစက်လက်နှင့်မကွာ လှူဒါန်းတတ်ကြသူတို့ကို အပြစ်ဟူ၍ ပြောလိုက်စရာ ဆံခြည်မျှင်လေးမျှလောက်ပင် မရှိခဲ့ပါ။

မြတ်သောမိဘမျိုးရိုးမှ ဆင်းသက်လာခဲ့ကြပါ၏။ မရှိ၍မလှူ၊ မလှူ၍မရှိမဟုတ်ခဲ့ကြ။ ရှိလည်းရှိခဲ့သလို လှူလည်းလှူခဲ့ကြသူများ ဖြစ်ခဲ့ကြပါသည်။ နှမြောတွန့်တိုခြင်းမရှိ သူတစ်ပါးအပေါ် အကောင်းမြင်တတ်ကြသလို သမ္မာအာဇီဝဖြင့် အသက်မွေးခဲ့ကြပါသည်။ ရလာသည့်ဥစ္စာကို ရတနာသုံးပါးနှင့် သက်ဆိုင်ရာ သိမ်၊ ကျောင်း၊ ဆွမ်း၊ သင်္ကန်းများ လှူဒါန်းခဲ့သလို သက်ကြီးရွယ်အိုတို့အား ဆန်ပါမကျန် ထောက်ပံ့ပေးခဲ့ကြပါသေးသည်။ ကလေးများပင် မလွတ်ပါ။ ဈေးရောင်းသည့်အထဲမှ ပဲလှော်၊ သကြား လုံး၊ မုန့်မျိုးစုံကို စေတနာဖြင့် ဝေငှတတ်ပါ၏။

ထိုမိသားစု၏ ဘဝပေးအကျိုးဆက်မှာ မယုံနိုင်စရာဖြစ်ရပ်။ မြင်သူတိုင်း စိတ်မကောင်းကြီးစွာ မြင်ရပါသည်။ သည်ဘဝ၌ အပြစ်မရှိခဲ့ကြသော်လည်း လွန်ခဲ့သည့် ဘဝများစွာက ပြုမိမှားအကြောင်းတရားတို့သည် ယခုဘဝ၌ အတိုးရော အရင်းပါယူကြပြီး ဆိုးကျိုးကို ရက်စက်စွာပေးခဲ့ခြင်း ဖြစ်ပေလိမ့်မည်။ မည်သူမျှ ဆုတောင်းပေး၍မရ၊ ကိုယ်တိုင်လည်း ဆုတောင်း၍ မပြည့်စုံပါ။ ပြုခဲ့မိသမျှကို ရင်စည်း၍ ကျေကျေနပ်နပ်ကြီးဆပ်မှသာ ဖြစ်ပါတော့မည်။

'အစွယ်လိုသူမိဖုရား၊ အသွားစေခိုင်းသူမင်းကေရာဇ်၊ လေပစ်သူဘုရားကျွန်တော်၊ ကြံဖော်ကြံဖက်သုံးယောက်သားအနက်တွင်မှ ငမိုက်သားမုဆိုးလေနင်ချည်းပင် သေစေတော့' ဟု သောနုတ္တိုရ်မုဆိုးကဲ့သို့ အပြစ်ထောက်ပြစရာမရှိ။ အပြစ်ဟူ၍ မြူမှုန်မျှပင်မရှိဟု ထင်ရသူတို့သည် အတိတ်ဝဋ်ကြွေးများကို ပြေးမလွတ်တမ်းပေးဆပ်သွားခဲ့ကြရပါပြီ။ ဘုရားဟောနိပါတ်တို့၌ သံသရာကမသိမှား၊ ပြုမိမှားတို့သည် အရိပ်ပမာဖဝါးခြေထပ် ဘဝများစွာအထိ လိုက်ပါခဲ့ကြပြီး အကုသိုလ်ကံအဆိုးအား ပေးဆပ်ခဲ့ကြရခြင်းသာ ဖြစ်ပါလိမ့်မည်။ ကံကြမ္မာသည် လည်းကောင်း၊ ဝဋ်သည်လည်းကောင်း မြေနိမ့်မှ လှံစိုက်တတ်သလို အထိမနာကြရလေအောင် ဝဋ်ဒုက္ခအပေါင်းမှ ကင်းဝေးရာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရန်အတွက် စိတ်ရောကိုယ်ပါနှစ်၍ ကြိုးစားအားထုတ်ကြပါမှ ဘဝနွံတွင်းမှ လွတ်ကင်းကြပါလိမ့်မည်။

*ရတနာသုံးပါး အရိပ်ကိုခို၍*
*ဒုက္ခအပေါင်းမှ ကင်းဝေးနိုင်ကြပါစေ*

ရတနာဒေဝီ



www.burmeseclassic.com

www.burmeseclassic.com

"ခုပေးတဲ့ ညကြေးက ကျေနပ်လောက်စရာပါ။ ဒါပေမယ့် ခရီးဝေးလွန်းတော့ ကျွန်တော်တစ်ယောက်တည်းနဲ့ ဆုံးဖြတ်လို့မရဘူး။ ဇာတ်ပိုင်ရှင်နဲ့ တိုင်ပင်ရဦးမယ်"

"ကျုပ်တို့ရွာသားတွေကလည်း ဒီဇာတ်မှဒီဇာတ်ဖြစ်နေတယ်။ ဒီဇာတ်ကို ကြိုက်တဲ့ဈေးပေးပြီး ရအောင်ငှားခဲ့ပါ ဆိုလို့ လာခဲ့တာ။ အသွားအပြန်ခရီးကုန်ကျစရိတ်၊ ရွာမှာလမ်းမှာ စားသောက်စရိတ်အားလုံး ကျုပ်တို့ တာဝန်ယူပါတယ်"

"စရိတ်တွေတာဝန်ယူတာကတော့ ဟုတ်ပါပြီ။ လမ်းခရီးလုံခြုံရေးကလည်း ရှိသေးတယ်"

"ဒီအတွက်လည်း ကျုပ်တို့ တာဝန်ယူတယ်။ တစ်ခုခုဖြစ်ခဲ့ရင် ပစ္စည်းအားလုံးအတွက် တန်ရာတန်ကြေးလျော်ပေးပါ့မယ်။ စာချုပ်ထဲထည့်လိုက်ပေါ့"

"ကောင်းပြီလေ။ ဇာတ်ပိုင်ရှင်နဲ့ တိုင်ပင်ပြီး အကြောင်းပြန်ပါ့မယ်။ ဒါနဲ့ ဆရာတို့ ဘယ်မှာတည်းကြလဲ။ ဆက်သွယ်ရလွယ်အောင်မေးထားတာပါ"

"ကျုပ်တို့တည်းခိုတဲ့နေရာ ...
မလိုပါဘူး။ ဘယ်နေ့ ပြန်လာရမလဲ ...
တာသာ ပြောပါ"

"ဒါဆို သန်ဘက်ခါလောက် ...
လာခဲ့ပါ"

"ကောင်းပြီ၊ ပြန်လာခဲ့မယ်"

မြန်မာပြည် လွတ်လပ်ရေး ...
(၁၀) ကျော်အချိန်ခန့် ဖြစ်သည်။ ၁၉ ...
ခုနှစ်ဝန်းကျင်ကာလ ဖြစ်သည်။ ဇာ ...



www.burmeseclassic.com

www.burmeseclassic.com

# မောင်မောင်မိုးအောင်

## ပွဲကြိုက်သည့် ကျတ်တစ္ဆေများ

သဘင်အဖွဲ့များ အပြိုင်အဆိုင် တည်ထောင်ကပြနေသောကာလလည်း ဖြစ်သည်။ မော်လမြိုင်မြို့တွင် ဇာတ်သဘင်အဖွဲ့များစွာရှိသည့်အနက် 'စက္ကင်းစိန်' ဇာတ်သဘင်အဖွဲ့သည် နာမည်ကျော်ဇာတ်အဖွဲ့တစ်ဖွဲ့ ဖြစ်သည်။ ကျွန်တော်က ဇာတ်စီး ဖြစ်သည်။ တက္ကသိုလ်ဦးပါဆိုလျှင် ကျွန်တော့်နာမည်ကို လူတိုင်းသိကြပြီး ဖြစ်သည်။ ကျွန်တော့်ဇာတ်တွင် နာမည်ကျော် လူရွှင်တော်များဖြစ်သည့် လိပ်ဖူး၊ ကျောက်စိမ်း၊ တရုတ်ဖြူစသည့် လူရွှင်တော်များ ပါဝင်သည်။

လူရွှင်တော်တရုတ်ဖြူမှာ နာမည်နှင့်ဆန့်ကျင်ဘက် အသားမည်းနက်နေသူ ဖြစ်သည်။ လူရွှင်တော်များမှာ မွန်-ဗမာနှစ်ဘာသာ ပြက်လုံးထုတ်နိုင်သူများဖြစ်သည်။ မွန်ရွာရောက်လျှင် မွန်ဘာသာဖြင့် ပြက်လုံးထုတ်နိုင်ကြသည်။ ခေါင်းဆောင်မင်းသမီး ရွှေမြိုင်ကျင်သန်းမှာလည်း ရုပ်ရည်ချောမောလှပ၍ အဆိုကောင်း၊ အငိုကောင်း ဖြစ်သည်။ ရှေ့ပိုင်းပြဇာတ်တွင်သာမက နောက်ပိုင်းဇာတ်ထုပ်လည်းပိုင်နိုင်သူ ဖြစ်သည်။ ခေါင်းဆောင်မင်းသား စက္ကင်းစိန်မှာလည်း အဆိုကောင်း၊ အငိုကောင်း၊အကကောင်း၊ အသံကောင်း၊ရုပ်ချောမင်းသားဖြစ်သည်။ ထိုအကြောင်းများကြောင့်ပင်





www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် တက္ကသိုလ်ဦးပါ ဦးစီးသော စက္ကင်းစိန် ဇာတ်အဖွဲ့ ထင်ပေါ် ကျော်ကြားနေခြင်း ဖြစ်သည်။ မော်လမြိုင် ပတ်ဝန်းကျင်သာမက ရေး၊ မြိတ်၊ ထားဝယ်မြို့များအထိ နာမည်ထင်ရှားနေသည်။

ယခုလည်း ထားဝယ်မြို့အလွန် ကန်ပေါက်အနီး ကုက္ကိုရွာမှ လူကြီးနှစ်ဦး မော်လမြိုင်သို့ရောက်လာပြီး ကျွန်တော်တို့ စက္ကင်းစိန်ဇာတ်အဖွဲ့ကို ကြိုက်ဈေးပေး၍ လာရောက် ငှားရမ်းကြခြင်း ဖြစ်သည်။ နှစ်ညပွဲခွင်ဖြစ်ပြီး ညကြေးကို ပေါက်ဈေးထက် သုံးဆပို၍ပေးခဲ့ကြသည်။ စားသောက်စရိတ်၊ ခရီးစရိတ်ကိုလည်း တာဝန်ယူကြသည့်အပြင် လမ်းခရီးလုံခြုံရေးအတွက်လည်း တာဝန်ယူမည်ဟုဆိုကြသည်။ ကျွန်တော်ဇာတ်ပိုင်ရှင်ထံ သွားရောက် တင်ပြလိုက်သည်။ ယခင်က ပွဲငှားလျှင် ဇာတ်စီးဖြစ်သော ကျွန်တော့်သဘောပင် ဖြစ်သည်။ ငွေရေးကြေးရေးစာချုပ်စာတမ်းမှအစ ကျွန်တော်ကပင်စီမံဆောင်ရွက်ခဲ့သည်။ ယခု ညကြေးသုံးဆရမည်ဖြစ်သော်လည်း ခရီးဝေးလွန်းသဖြင့် ကျွန်တော်တစ်ဦးတည်း မဆုံးဖြတ်တော့ဘဲ ဇာတ်ပိုင်ရှင်ထံ တင်ပြလိုက်ရခြင်း ဖြစ်သည်။ ကုက္ကိုရွာကိုလည်း မရောက်ဘူးပါ။ ကန်ပေါက်မှ တစ်ဆင့် သွားရမည်ဟုသာ သိရသည်။ စရိတ်ငြိမ်း ညကြေးသုံးဆရရှိမည်ဖြစ်၍ ဇာတ်ပိုင်ရှင်နှင့် မင်းသားစက္ကင်းစိန်တို့ကလည်းသဘောတူခဲ့ကြသည်။

ချိန်းဆိုထားသောနေ့ရက်တွင် ပွဲငှားသူများ ထပ်မံ ရောက်လာကြသည်။ ဇာတ်ပိုင်ရှင်က သဘောတူညီကြောင်း ကျွန်တော်ပြောလိုက်သည်။

"ကျုပ်တို့ ကုက္ကိုရွာသားတွေက ဒီဇာတ်မှဒီဇာတ်ဖြစ်နေကြတာ။ ကျုပ်တို့ပေးတဲ့ညကြေးသဘောတူရင် စာချုပ်သာလုပ်ပေတော့"

ဤသို့ဖြင့် ကျွန်တော်တို့ ဇာတ်အဖွဲ့ မော်လမြိုင်မှ ထားဝယ်သို့ မော်တော်ယာဉ်ကြီးလေးစီးဖြင့် ခရီးထွက်လာကြသည်။ ခေတ်ကာလအခြေအနေအရ လမ်းတွင် တစ်ခုခုဖြစ်လေမလား စိုးထိတ်မိခဲ့သော်လည်း မည်သည့်ပြဿနာမှမဖြစ်ခဲ့ပေ။ ထားဝယ်ရောက်ပြီး ခေတ္တနားကာ ကန်ပေါက်ဘက်သို့ ခရီးဆက်ခဲ့ကြပြန်သည်။ ကန်ပေါက်လမ်းမကြီးဘေးတစ်နေရာတွင် ကားများရပ်တန့်လိုက်သည်။ ကားလမ်းဘေးတွင် နွားလှည်းအစီး (၂၀) ကျော်ခန့် ကျွန်တော်တို့ဇာတ်အဖွဲ့အား လာရောက်ကြိုဆိုနေသည်ကို တွေ့ရသည်။ ပွဲငှားသူများ သူတို့ရွာနှင့် မည်ကဲ့သို့ အဆက်အသွယ်လုပ်ထား၍ ယခုကဲ့သို့ လာရောက်ကြိုဆိုနေသည်ကို မတွေးတတ်တော့ပေ။ လှည်းများကိုတွေ့၍ အံ့ဩနေမိသည်။ ကားပေါ်မှ ဇာတ်သေတ္တာနှင့် ပစ္စည်းများ၊ လှည်းများပေါ် ပြောင်းတင်ကြသည်။ ကန်ပေါက်မှ ကုက္ကိုရွာသို့ လှည်းလမ်းသာပေါက်သည်ဟု သိရ၏။ ဖုန်တထောင်းထောင်းဖြင့် ခရီးဆက်ခဲ့ကြသည်။ ကန်ပေါက်မှ ကုက္ကိုရွာသို့ တစ်မနက်ခရီးဖြစ်သည်။

ကျွန်တော်တို့ ကုက္ကိုရွာရောက်ချိန်သည် နေမွန်းတိမ်းစအချိန်ဖြစ်သည်။ ရွာပတ်လည်တွင် ကုက္ကိုပင်ကြီးများပတ်ဝိုင်းအုပ်မိုးနေသည်ကို တွေ့ရသည်။ ကျွန်တော်တို့ရောက်ချိန်တွင် ကပြမည့် ဇာတ်စင်တည်ဆောက်နေဆဲ ဖြစ်သည်။ မနက်ဖြန်ညမှစတင်ကပြရမည်ဖြစ်သည်။ ယနေ့ညတစ်ညနားရမည် ဖြစ်သည်။

အမျိုးသမီးများကို စာသင်ကျောင်းတွင် လည်းကောင်း၊ အမျိုးသားများကို ဘုန်းကြီးကျောင်းတွင် လည်းကောင်း နေရာချထားပေးသည်။ ကျွန်တော်က ပင် စီစဉ်ပေးရသည်။ ဘုန်းတော်ကြီးကျောင်းမှာ ရွာစွန်တွင်ရှိသည်။ ကြီးမားသောဘုန်းတော်ကြီးကျောင်း ဖြစ်သည်။ ကျောင်းရှေ့တွင် ကြီးမားသော ကုက္ကိုပင်ကြီးနှစ်ပင်ကို တွေ့ရသည်။ ပင်ပန်းခဲ့သဖြင့် ထိုညက ကျွန်တော်တို့ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားခဲ့သည်။ နောက်တစ်နေ့နံနက်စောစောမှစ၍ ဇာတ်စင်ကိုပြင်ဆင်ရသည်။ ကျွန်တော့်မှာ ဇာတ်စီးဖြစ်၍ ကိစ္စအားလုံး တာဝန်ရှိသူ ဖြစ်သည်။ ညနေစောင်းတော့မှ အားလုံးပြင်ဆင်ပြီးသွားတော့သည်။ ပွဲကရန်အဆင်သင့် ပြင်ဆင်ပြီးမှ စိတ်ထဲအေးသွားရသည်။ ယနေ့ညနေ ရွာမှ ချက်ကျွေးသောဟင်းကို မင်းသားက မကြိုက်သဖြင့် ဟင်းဝယ်ရန် ပွဲဈေးတန်းဘက်သို့ ထွက်လာကြသည်။ ပွဲဈေးတန်းမှာ ရှည်လျားစည်ကားလှသည်။ ဇာတ်စင်ပတ်ပတ်လည် လှည်းတန်းကြီးများဖြင့် ဝိုင်းရံနေသည်ကို တွေ့ရသည်။ ရွာနီးချုပ်စပ်မှ ပွဲလာကြည့်ကြသည်ထင်သည်။ ဇာတ်စင်နှင့် မလှမ်းမကမ်းတွင် ရောင်းချပေးနေသော ထမင်းဆိုင်ထဲ ဝင်ခဲ့ကြသည်။ ပြောင်လက်နေသောဒန်အိုးများ အစီအရီတင်ထားသည်ကိုလည်း တွေ့ရသည်။

"ကြက်သားဟင်းရှိလား"

"ကြက်သားဟင်းတော့ မရှိဘူး ... ဝက်သားဟင်းပဲရှိတယ်"

ဇာတ်က ထွက်လာစဉ် ဇာတ် ... ဖွဲ့သားများ ဝက်သားမစားရပေ၊ ... လည်းမချက်ရပေ။

"ဟိုဘက်ဆိုင်တွေ လိုက်ကြည့် ... မလား"

"လာပါကွာ၊ ပြန်ကြမယ်။ ဇာတ် ... စင်မှာ တို့နှစ်ယောက်စလုံး မရှိလို့ ... ဘူး။ တစ်ယောက်ယောက်ရှိနေမှ ... မယ်"

မင်းသားကို လက်ဆွဲပြီး ဇာတ် ... ရှိရာသို့ ပြန်လာခဲ့ကြသည်။ မင်းသား ... စက္ကင်းစိန်မှာ ကြက်သားဟင်းကြိုက် ... ဖြစ်သည်။ ဟင်းမကောင်း၍ ထမင်း ... မစားနိုင်ပါ။ မင်းသားအကြောင်း ကျွန် ... တော်ကောင်းကောင်းသိသည်။ မင်းသား ... နှင့်ကျွန်တော်မှာ ညီအစ်ကိုဝမ်းကွဲ ... စပ်သူများလည်း ဖြစ်သည်။ ကျွန်တော် ... မကြည့်ရက်တော့ပါ။

"မင်းဒီလောက်ကြက်သားဟင်း ... စားချင်ရင် ငါသွားဝယ်ပေးမယ်"

ချိုင့်ဆွဲပြီး ကျွန်တော် ပွဲဈေး ... တန်းဘက်သို့ ထွက်လာခဲ့သည်၊ ... စောက ကျွန်တော်တို့ကြက်သားဟင်း ... မရှိ မေးခဲ့သော ဆိုင်ရှေ့မှာ ဖြတ် ... စဉ်-

"ဒီမှာ စောစောက ကြက်သား ... ဟင်းလာမေးတာ ခင်ဗျားမဟုတ်လား ... ကြက်သားဟင်း ရပြီ"

ကြက်သားဟင်းရမည်ဆို၍ ကျွန် ... တော်ဆိုင်ထဲဝင်သွားသည်။ လွန်ခဲ့သော ... မိနစ်အနည်းငယ်က ကြက်သားဟင်း ... ဟု ပြောခဲ့သည့်ဆိုင် ဖြစ်သည်။ ... အိုးများကို ကျွန်တော် ဖွင့်ကြည့်လိုက် ... သည်။ ဟင်းအိုးအားလုံး ကြက်သား ... ဟင်းများအပြည့်ရှိနေသည်ကို ... လိုက်ရသည်။ ကျွန်တော် အံ့ဩ ... မိသည်။ ဤမျှ မြန်မြန်ဆန်ဆန် ... အိုးများ ကြက်သားဟင်းများပြည့် ... သည်ကို မတွေးတော့ပေ။ ကျွန်တော် ... ကြက်သားဟင်းနှစ်ပွဲဝယ်ပြီး ပြန် ... သည်။ မင်းသားမှာ ထမင်းစားလ ... ပင်ရှိနေသည်။

"ဟင် အပါ၊ မင်းပြန်လာတာ ... လှချေလား။ ကြက်သားဟင်းရခဲ့လား"

"စောစောက တို့နှစ်ယောက် ... မေးခဲ့တဲ့ဆိုင်ကပဲ ဝယ်လာတာ။ တို့ ... မေးတုန်းက ကြက်သားဟင်းမရှိ ... ပြောခဲ့ပေမယ့် ငါထပ်ရောက် ... ကြက်သားဟင်းတွေ ဒန်အိုးအား ...



www.burmeseclassic.com

www.burmeseclassic.com

...ည့်ပဲ"

"ဘာ-ဘယ်လို၊ စောစောကဆိုင်ပဲ ...တ်လား၊ ဝက်သားဟင်းတွေပဲရှိခဲ့တာ။ ...တော်တော်ထူးနေပါလား"

"စားမှုသာစားစမ်းပါကွာ၊ စားပြီး ...တို့နှစ်ယောက် ပွဲဈေးဘက်ခဏသွား ...အောင်။ ဒီမှာအားလုံးအဆင်သင့်ဖြစ် ...ပြီပဲ။ ပွဲဈေးကနည်းနည်းထူးနေသလို"

"မင်းပြောတာနဲ့ ဒီကြက်သား ...င်း ငါမစားတော့ဘူး။ ငါလည်း စိတ် ...သေန့်တော့ဘူး"

"မစားချင်လည်း မစားနဲ့တော့။ ...ာ ပွဲဈေးတန်းဘက်သွားကြစို့"

မင်းသားနှင့် ကျွန်တော် ပွဲဈေး ...န်းဘက် ထွက်လာကြသည်။ တိုးမ ...က်အောင် စည်ကားနေသည်ကိုတွေ့ ...သည်။

"မင်းသား၊ ဒီမှာ ခဏနေဦး။ ငါ ...ကြက်သားဟင်းဝယ်တဲ့ဆိုင် ဒီနေရာမှာ ...တာ၊ ခုတော့ မတွေ့တော့ဘူး၊ မေး ...ကြည့်လိုက်ဦးမယ်"

"အေး- ဟုတ်တယ်၊ စောစောက ...င်းဆိုင် မတွေ့တော့ဘူး"

ကျွန်တော် ကြက်သားဟင်းဝယ်ခဲ့ ...ည့်ဆိုင်ကို မတွေ့ရတော့သဖြင့် ဘေး ...မှကပ်လျက်ဆိုင်ကို မေးကြည့်လိုက် ...သည်။

"စောစောက ဒီနေရာမှာ ထမင်း ...ရောင်းတဲ့ဆိုင် ဘယ်ရောက်သွားလဲ"

"ခင်ဗျားတို့ ဒီရွာသားတွေ ...တ်ဘူးထင်တယ်။ ဒီနေရာမှာထမင်း ...ဆိုင်မရှိခဲ့ပါဘူး"

"မဟုတ်သေးပါဘူး၊ ခုနလေးတင် ...ကြက်သားဟင်းဝယ်သွားခဲ့သေးတာ"

"မြင်တဲ့အတိုင်းပဲလေ၊ ထမင်းဆိုင် ...ရှိရင်တွေ့ရမှာပေါ့။ မရှိလို့ မတွေ့တာ ...ပဲ"

ပြောဆိုပြီး သူတို့တဟားဟားနှင့် ...ယ်မောနေကြသည်။ ကျွန်တော် ...လွန်အံ့ဩသွားမိသည်။ စိတ်ထဲတွင် ...ည်း ထူးဆန်းသလို ခံစားလိုက်ရ ...သည်။

"ကဲ - အပါ၊ ပြန်ကြစို့၊ ဒီပွဲဈေးက ...နေတာတော့ အမှန်ပဲ"

ကျွန်တော်တို့နှစ်ယောက် ရှေ့ ...က်မသွားတော့ဘဲ ဇာတ်စင်ရှိရာသို့ ...ပ်လာခဲ့ကြသည်။

"တို့ ကြက်သားဟင်း မစားတာ ...ကောင်းတယ်"

"သွန်ပစ်လိုက်တော့ကွာ၊ မစားနဲ့တော့"

ဇာတ်စင်ပြန်ရောက်ပြီး ကြက်သားဟင်းချိုင့်ယူလိုက်သည်။ သွန်ပစ်လိုက်မည်ဟု ဆုံးဖြတ်ကာ ဟင်းချိုင့်ဖွင့်လိုက်သည်။

"ဟာ-ဟင်းတွေမရှိတော့ဘူးကွ"

"ဟင်-ဟုတ်လား၊ တစ်ယောက်ယူစားလိုက်လို့ ထင်ပါရဲ့"

"မဖြစ်နိုင်တာကွာ၊ တို့ထမင်းချိုင့် ခွင့်ပြုချက်မရဘဲ ဘယ်သူကိုင်ရဲလို့လဲ"

"အေးကွာ - ထမင်းဆိုင်လည်း ပျောက်၊ ဟင်းတွေလည်းပျောက်နဲ့ ထူးဆန်းလိုက်တာ"

"ဒီကိစ္စ ဘယ်သူ့မှမပြောပါနဲ့"

ထိုညက ဇာတ်ကနေရသော်လည်း ကျွန်တော့်စိတ်က ထမင်းဆိုင်နှင့် ကြက်သားဟင်းအဖြစ်အပျက်များဆီ ရောက်နေသည်။ ပွဲခွင် ပထမည အေးအေးချမ်းချမ်းနှင့်ပင် ပြီးဆုံးခဲ့သည်။

နောက်တစ်နေ့ညနေစောင်းတွင် မင်းသားနှင့် ကျွန်တော် ပွဲဈေးတန်းဘက် ထွက်လာကြလေသည်။ တစ်နေရာအရောက်တွင် လူများဝိုင်းအုံကြည့်ရှုနေသော မျက်လှည့်ပြပွဲတစ်ခုတွေ့လိုက်ရသည်။ ကျွန်တော်နှင့် မင်းသားတို့ရောက်ချိန်တွင် မျက်လှည့်ပြပွဲပြကွက်အသစ်တစ်ခု ပြသည့်အချိန် ဖြစ်နေသည်။ မျက်လှည့်ဆရာရှေ့တွင် လုံးပတ်နှစ်ဆယ်လက်မခန့်ရှိ နိုင်လွန်ကြိုးခွေတစ်ခွေကို အခွေလိုက်ပုံထားသည်ကို တွေ့ရသည်။ အသက်ရှစ်နှစ်၊ ကိုးနှစ်ခန့်အရွယ်ရှိ ယောကျ်ားလေးတစ်ယောက်က ကျားရုပ်တစ်ခုဘေးတွင် ထိုင်နေသည်ကိုလည်း တွေ့ရသည်။

မျက်လှည့်ဆရာက -

"ကဲ-ငါ့သား၊ ဧည့်သည်အသစ်တွေရောက်နေတယ်။ တို့ရဲ့ထူးခြားဆန်းပြားတဲ့ ရင်သပ်ရှုမောဖွယ်ပြကွက်စလိုက်ရအောင်။ သားဘေးနားက ကျားရုပ် ဒီအနားကိုရွှေ့ထားလိုက်"

ထိုသို့ပြောပြီးသည်နှင့် မျက်လှည့်ဆရာက အသင့်ရှိနေသော ပလွေတစ်ချောင်းကို ကောက်ယူကာ သံစဉ်တစ်ခုကို ပလွေမှုတ်လိုက်သည်။ ကျွန်တော်မှာ ဂီတနှင့်စိမ်းသက်သူမဟုတ်ပါ။ သို့သော် ယခုသံစဉ်မှာ ကျွန်တော်မကြားဘူးသောသံစဉ် ဖြစ်နေသည်။ ပလွေစမှုတ်လိုက်သည်နှင့် ရှေ့တွင်အခွေလိုက်ရှိနေသော နိုင်လွန်ကြိုးခွေမှ အစတစ်စ ထောင်တက်လာသည်။ ကြိုးစမှာ ကောင်းကင်ထက်သို့ တရွေ့ရွေ့ထောင်မတ်လျက်တက်သွားသည်။ မျက်လှည့်ဆရာက ပလွေကို ဆက်မှုတ်နေဆဲ ဖြစ်သည်။ ကြိုးစမှာ ကောင်းကင်ထက်သို့ မြင့်၍မြင့်၍ ထောင်တက်နေသည်။ မျက်စိတစ်ဆုံးပင် ဆက်တက်နေသည်။ ကြိုးစ မျက်စိတစ်ဆုံး ကောင်းကင်ထဲရောက်သွားမှ သူ့ပလွေသံတိတ်သွားတော့သည်။ ထို့နောက် လက်ထဲမှ ပလွေဖြင့် ကျားရုပ်ဦးခေါင်းကိုခေါက်လိုက်သည်။ ပြီးနောက် ပလွေကို ဆက်မှုတ်ပြန်သည်။ စောစောက သံစဉ်နှင့်မတူတော့ပါ။ ထူးဆန်းသော သံစဉ်တစ်မျိုးပင် ဖြစ်သည်။ ချက်ချင်းပင် အံ့ဩဖွယ်ရာ ကျားရုပ်ထဲမှ ဝေါင်းခနဲ ဟိန်းသံပေါ်ထွက်လာကာ အသက်ဝင်လာပြီး သက်ရှိကျားကြီးတစ်ကောင်အဖြစ်သို့ ပြောင်းလဲသွားတော့သည်။ ကြောက်ရွံ့စိတ်ဖြင့် ကျွန်တော်နှင့် မင်းသားတို့နောက်ဆုတ်မိလျက်သား ဖြစ်သွားတော့သည်။ ကျွန်တော်တို့နှစ်ယောက်သာ ကြောက်လန့်နေသော်လည်း ကျန်ပရိသတ်များတသောသောနှင့် လက်ခုပ်တီးကာ ရယ်မောနေကြသည်။ သူတို့မျက်နှာတွင် အံ့ဩကြောက်ရွံ့သည့်ပုံစံလုံးဝမတွေ့ရပေ။ မျက်လှည့်ဆရာက အသက်ဝင်နေသော ကျားကြီးကို အမိန့်ပေးလိုက်သည်။

"ဒီကြိုးအတိုင်း တက်သွားစမ်း"

မျက်လှည့်ဆရာ အမိန့်ပေးလိုက်သည်နှင့် ကျားကြီးမှာ ဝေါင်းခနဲတစ်ချက်ဟိန်းဟောက်အသံပြုပြီး ကြိုးစအတိုင်း အပေါ်သို့ တွယ်ဖက်တက်သွားပါတော့သည်။ မျက်လှည့်ဆရာက ပလွေကို ဆက်မှုတ်သည်။ ကျားကြီးမှာ ဟိန်းဟောက်သံပေးရင်း တဖြည်းဖြည်းတက်သွားရာ မြင်ကွင်းထဲမှ ပျောက်သွားသည်အထိပင် ဖြစ်သည်။ ကျားကြီးမြင်ကွင်းထဲက ပျောက်သွားတော့မှ ပလွေသံလည်းရပ်သွားတော့သည်။ မျက်လှည့်ဆရာက သူ့သားကို ပြောလိုက်သည်။

"ငါ့သားရဲ့ကစားစရာ ကျားအရုပ်က အသက်ဝင်လာပြီး ကောင်းကင်ပေါ်တက်သွားပြီ။ သားရဲ့ကျားကို ပြန်လိုချင်ရင် ဒီကြိုးပေါ် တက်လိုက်သွားပြီး ပြန်ဖမ်းလာခဲ့။ ဘယ်လိုလဲ သားလုပ်ရဲရဲ့လား"

"လုပ်ရဲပါတယ်။ သားလိုက်တက်သွားပြီး ကျားကိုပြန်ဖမ်းလာခဲ့မယ်"

ပြောပြောဆိုဆို မျက်လှည့်ဆရာ၏သားက ထောင်တက်နေသော နိုင်လွန်ကြိုးပေါ် မျောက်တစ်ကောင်အလား သွက်လက်ကျွမ်းကျင်စွာတွယ်တက်သွား



www.burmeseclassic.com

www.burmeseclassic.com

သည်။ တဖြည်းဖြည်း ကောင်းကင်ထဲ ရောက်သွားပြီး မြင်ကွင်းမှပျောက်သွား သည်။ ထိုအခိုက် ကောင်းကင်ထက်မှ ကျားမာန်ဖီသံ၊ ကျားဟိန်းသံများ ကြား လာရသည်။ ပရိသတ်အားလုံး ကောင်း ကင်ထက်သို့ မော့ကြည့်လိုက်ကြသည်။ ကလေးငယ်၏ အော်ဟစ်ငိုယိုသံလည်း သဲ့သဲ့ကြားရသည်။ မကြာမီ ထောင်မတ် နေသော ကြိုးပေါ်မှ သွေးများ စီးကျ လာသည်။

"အပေါ်မှာ ကျွန်တော့်သား ကျား ကိုက်ခံရပြီနဲ့တူတယ်။ ဒီမှာသွေးတွေ စီးကျလာနေတယ်"

ထိုအခိုက်မှာပင် ကလေးငယ်၏ လက်ပြတ်တစ်ဖက် သွေးသံရဲရဲဖြင့် အ ထက်မှ ပြုတ်ကျလာသည်။ 'ဟာ' ဟုဆို ကာ ကျွန်တော်နှင့် မင်းသားတို့ နောက် ဆုတ်လိုက်မိကြသည်။ ထို့နောက် မကြာ မီကလေးငယ်၏ ခြေပြတ်တစ်ဖက်သွေး သံရဲရဲဖြင့် ပြုတ်ကျလာပြန်သည်။ ကျွန် တော်တို့နှစ်ယောက်မှအပ ဝိုင်းအုံကြည့် ရှုနေကြသူများ တဟားဟားနှင့် ရယ်နေ ကြသည်။ ကျွန်တော်တို့ ကြောက်ရွံ့နေ စဉ်မှာပင် ကလေးငယ်၏ အတွင်းက ကလီစာများ တစ်ခုပြီးတစ်ခုပြုတ်ကျ လာပြန်သည်။ လက်ခုပ်သံများလည်း တဖြောင်းဖြောင်းကြားနေရသည်။

"ကျွန်တော့် ပြကွက်ကိုကြည့်ပြီး အားလုံးရယ်မောပျော်ရွှင်နေတာတွေ့ရ လို့ ကျွန်တော် ကျေနပ်ပါတယ်။ ကျွန် တော့်ပြကွက် အဆုံးသတ်ပါတော့မယ်"

လက်ခုပ်သံများပေါ် လာပြန်သည်။ မျက်လှည့်ဆရာက ပလွေကို မှုတ်လိုက် သည်။ ထိုအခါ ကောင်းကင်ထက် ထောင်မတ်နေသောကြိုးစမှာ တဖြည်း ဖြည်းပြန်ကျလာ၏။ အလိုအလျောက် ရစ်ခွေပြီးသားပုံစံအတိုင်းပြန်ကျလာခြင်း ဖြစ်သည်။ ကြိုးခွေအနီးတွင် ကလေး ငယ်၏ လက်ပြတ်ခြေပြတ်၊ ကလီစာများ ပြန့်ကျဲနေတော့သည်။ ကျွန်တော်နှင့် မင်းသားတို့ တအံ့တဩဖြစ်နေစဉ်မှာပင် ကလေးငယ်တစ်ဦး လူအုပ်ကြားမှ တိုး ဝင်ရောက်ရှိလာသည်။ ထိုကလေးငယ် မှာ စောစောက ကြိုးပေါ်တွယ်တက် သွားသော မျက်လှည့်ဆရာ၏သားဖြစ် နေသည်ကို အံ့ဩဖွယ်ရာတွေ့လိုက်ရ သည်။ သူ့ခြေလက်အစိတ်အပိုင်းများက မြေပြင်တွင် ပြန့်ကျဲနေဆဲ ဖြစ်သည်။

"ဩော် - သား ပြန်လာပြီလား။ သားရဲ့ ကိုယ်အင်္ဂါအစိတ်အပိုင်းတွေ သားပဲ ပြန်သိမ်းလိုက်ပါတော့"

ဟုတ်ကဲ့ဟုဆိုကာ ကလေးငယ်က ပြန့်ကျဲနေသော ခြေပြတ်၊ လက်ပြတ် ကလီစာများကို ပုဆိုးတစ်ထည်ထဲသို့ ကောက်ထည့်၍ ထုပ်ပိုးလိုက်သည်။ ပုဆိုးထဲမှ သွေးစက်များပင်ကျနေသည်။ ကလေးက ပုဆိုးကို ပခုံးထက်လွယ် လိုက်သည်။ အဖေဖြစ်သူက ကြိုးခွေကို ပခုံးထမ်းလိုက်သည်။ မင်းသားစက္ကင်းစိန် က မနေနိုင်တော့ဘဲ လှမ်းပြောလိုက် သည်။

"ဒီမျက်လှည့်သိပ်ဆန်းတာ၊ ကျွန် တော့်ပွဲခွင်တွေမှာ ရှုံးသွင်းပြီးလိုက်ပြပါ လား။ ဒါမှမဟုတ် မြို့မှာလာပြပါလား၊ သူဌေးဖြစ်မှာသေချာတယ်"

"ကျွန်တော်တို့ ဒီရွာက ဘယ်ကိုမှ သွားခွင့်မရှိပါဘူး"

ပြောပြောဆိုဆို မျက်လှည့်ဆရာ က ပစ္စည်းများသိမ်းလိုက်သည်။ ကလေး က သူ့ကိုယ်အင်္ဂါအစိတ်အပိုင်းများ ထုပ် ပိုးထားသည့်ပုဆိုးကို လွယ်ထားသည်။ မင်းသားက စကားပြောနိုင်သော်လည်း ကျွန်တော် စကားပင်မပြောနိုင်ခဲ့ပါ။ မျက်လှည့်ဆရာတို့သားအဖ ထွက်သွား ကြသည်။ အံ့ဩစိတ်နှင့်အတူ တစ်စုံတစ် ခုကို ကြောက်ရွံ့နေမိသည်။ ဤမျှဆန်း ပြားထူးဆန်းသော မျက်လှည့်ပြကွက်မျိုး ကျွန်တော့်တစ်သက် မတွေ့ဘူးခဲ့ပါ။ ပွဲ ကချိန်နီးလာသဖြင့် ကျွန်တော်တို့ဇာတ် စင်ရှိရာ ပြန်လာကြသည်။

ကျွန်တော်တို့ဇာတ်စင်ပြန်ရောက် ပြီး မကြာမီပွဲစထွက်သည်။ ပွဲခင်းမှာ ထင် ထားသည်ထက် ပိုမိုစည်ကားနေသည်။ ပွဲခင်းဆိုင်ပျောက်သွားသည်နှင့် ဝယ် ထားသောဟင်းများလည်း ပျောက်သွား ပုံ၊ ထူးဆန်းလွန်းသောမျက်လှည့်ပြကွက် များအကြောင်း ကျွန်တော်နှင့် မင်းသား တို့သာ သိကြသည်။ ကျန်ဇာတ်အဖွဲ့ သားများ မသိကြပေ။ ပြောလည်းမ ပြောခဲ့ပေ။

ထိုညက အစီအစဉ်အတိုင်း အော်ပရာ၊ ရွှေပိုင်းပြဇာတ်၊ နှစ်ပါးခွင်၊ နောက်ပိုင်းဇာတ်ထုပ်များကို အဆင်ပြေ ပြေကပြနိုင်ခဲ့သည်။ နောက်ပိုင်းဇာတ် ထုပ်မပြီးမီမှာပင် သိမ်းဆည်းသင့်သည့် ပစ္စည်းများ သိမ်းဆည်းရန် လောဆော် လိုက်သည်။ နောက်ပိုင်း ဇာတ်ထုပ်ပြီး၍ နှုတ်ဆက်အကပြီးသည်နှင့် ကျွန်တော် နှင့် မင်းသားတို့ရောက်စညက တည်းခိုး ခဲ့သည့် ဘုန်းတော်ကြီးကျောင်းဘက်သို့ ထွက်လာကြသည်။ ဆရာတော်အား လှူဖွယ်ပစ္စည်းနှင့် ဝတ္ထုငွေများ ဆက်

ကပ်လှူဒါန်း နှုတ်ဆက် ကန်တော့
ဖြစ်သည်။ ရောက်လေရာအရပ်
ကျွန်တော်တို့ပြုလုပ်နေကျ အစီအ
ဖြစ်သည်။ ပွဲဈေးတန်းလွန်သည်
ကျောင်းထိပ်ရှိ ကြီးမားသော ကုက္ကို
ကြီးနှစ်ပင်ကို တွေ့ရသည်။ ကျွန်
မှတ်မိနေသည်။ ထိုကုက္ကိုပင်ကြီးအ
တွင် ဘုန်းတော်ကြီးကျောင်းရှိသ
ကျွန်တော်တို့ကျောင်းရှိရာဘက်
ကြည့်လိုက်သည်။ ဘုန်းတော်
ကျောင်းကို မတွေ့ရတော့ပေ။

"ဟာ - ဘယ်လိုဖြစ်တာလဲ
ကြီးကျောင်းမရှိတော့ပါလား"

"အေးကွ၊ တို့တည်းခဲ့တာ ဒီ
အမှန်ပဲ။ ဒီလောက်ကြီးတဲ့ကျောင်
မတွေ့တော့တာ ထူးဆန်းလိုက်တာ

ကျွန်တော်တို့နှစ်ယောက် အာ
ဒိုတ်သံတစ်ပြိုင်တည်း နှုတ်မှထွက်
ကြသည်။ ကျွန်တော်တို့တည်းခိုခဲ့
ဘုန်းတော်ကြီးကျောင်းကို အစအန
မတွေ့ရတော့ပါ။ ထူးဆန်းလွန်း၍
တရက် စကားပင်မပြောနိုင်ပါ။ မှင်
မိနေခဲ့သည်။

"ဘယ်လိုဖြစ်လဲဆိုတာ ငါ
မပြောတတ်တော့ဘူး မင်းသား
ဘယ်လိုဖြစ်ပြီး ကျောင်းကြီးပျောက်
ရတာလဲ။ အင်း - တစ်ခုခုတော့လွဲ
ထင်တယ်"

"လာ-အပါ ပြန်ကြမယ်၊ ငါ
မသန့်တော့ဘူး။ ဒီရွာက အမြန်ဆုံး
သွားနိုင်လေကောင်းလေပဲ။ ကြုံခဲ့
တွေအားလုံး အထူးအဆန်းတွေချ

ကျွန်တော်နှင့် မင်းသား ဇာတ်
ပြန်ရောက်ချိန်တွင် ဇာတ်ပစ္စည်း
သိမ်းဆည်းပြီးစီးပြီးဖြစ်နေသည်။
များလည်း အဆင်သင့်တွေ့ရ
လှည်းများပေါ်သို့ ပစ္စည်းများအ
တင်ကြသည်။ ပစ္စည်းများတင်ပြီး
နှင့် ကုက္ကိုရွာမှ ထွက်လာကြသည်။
လင်းလင်းချင်း ထွက်လာသဖြင့်
နာရီသာသာတွင် ကန်ပေါက်သို့
လာသည်။ ကားလေးစီး အဆင်
စောင့်နေသည်ကို တွေ့ရသည်။
ပေါ်မှ ပစ္စည်းများ ကားပေါ်သို့
တင်ကြသည်။ လိုက်ပို့သူများက
ပေါက်အထိသာ လိုက်ပို့ကြသည်။
ပေါက်မှ ထားဝယ်ဘက်သို့ ခရီးဆ
ကြသည်။ ထားဝယ်မြို့ထဲအရောက်
လူနှစ်ဦး ကျွန်တော်တို့ကားရပ်ရန်
တားနေသည်ကို တွေ့ရသည်။
တော်နှင့် မင်းသားမှာ ရှေ့ဆုံး



www.burmeseclassic.com

www.burmeseclassic.com

အတူစီးလာကြသည်။ ကျွန်တော်
ားရပ်ပေးလိုက်သည်။

"ကျွန်တော် ဟိန်းဇံသတ္တုတူးဖော်
ရာရှိပါ။ သူက ကျွန်တော့် တပည့်
ချုပ်က ထားဝယ်မှာပါ။ ကျွန်တော့်
အသည်းအသန်ဖြစ်နေလို့ ကား
တ်ပါရစေ"

"ဘယ်ကိုသွားချင်လို့လဲ"

"ရန်ကုန်ဆက်သွားရမယ်"

"ဒီကားက မော်လမြိုင်ပဲရောက်
ဒီဇာတ်အဖွဲ့က မော်လမြိုင်က
အဖွဲ့ပါ"

"ကားပေါ်က ဆိုင်းဘုတ်တွေ့ပါ
မော်လမြိုင်အထိရောက်ရင် ရပါ
မော်လမြိုင်ရောက်ရင် ရန်ကုန်ဆက်
လွယ်ပါပြီ"

"ဒါဆိုလည်း လိုက်ခဲ့ပေါ့။ ကားဦး
တစ်ယောက်ပဲရတော့မယ်။ တစ်
တ်ကတော့ ကားနောက်က လိုက်

"ကျေးဇူးပါပဲ။ ကဲ-မောင်တင့်ရေ
ားနောက်ခန်းကလိုက်ခဲ့တော့"

အရာရှိဆိုသူကို ကားဦးခန်းတွင်
တော်တို့နှင့်အတူ ထိုင်ခွင့်ပေးလိုက်
ကျွန်တော်တို့ကား ဆက်လက်
လာခဲ့သည်။

"ကျွန်တော့်နာမည် ငွေလှိုင်လို့
တယ်။ ဘူမိဗေဒအရာရှိပါ။
န်မှာနေတဲ့ ကျွန်တော့်အမေ
ည်းအသန်ဖြစ်လို့တဲ့။ ကြေးနန်းရ
တုန်အမြန်ပြန်ချင်လို့ပါ"

"ခင်ဗျားကြည့်ရတာ ကျန်းမာရေး
ာင်းတဲ့ပုံဘဲ။ ဖျားနေလို့လား"

"ကျွန်တော်က ငှက်ဖျားရောဂါအ
ားတယ်။ တောထဲတောင်ထဲသွား
မိတိုင်းတာစမ်းသပ်ရေးအလုပ်တွေ
နေရတာ။ တောတောင်ထဲအနေ
ာကြောင့် ငှက်ဖျားရောဂါရခဲ့တာ။
ဆရာတို့ဇာတ်အဖွဲ့ဘယ်မှာကပြီး
ာတာလဲ"

"ကန်ပေါင်ဘက်က ကုက္ကိုဆိုတဲ့
ပွဲကပြီးပြန်လာတာ"

"ဘာ - ကုက္ကိုရွာဟုတ်လား။ ကန်
က်ကနေတစ်ဆင့်သွားရတဲ့ ကုက္ကို
ား"

ကုက္ကိုရွာဟု ဆိုလိုက်သဖြင့် ဘူမိ
အရာရှိဆိုသူက မယုံကြည်သော
ဖြင့် ကျွန်တော့်ကို ပြန်မေးသည်။

"ဟုတ်တယ်လေ၊ ကန်ပေါက်က
သည်းနဲ့တစ်မနက်ခရီးလောက်သွား
တစ်ခါမှမရောက်ဘူးတဲ့ရွာပေါ့။
ရွာဆိုပေမယ့် တော်တော်စည်တာ။ ဒီ
လိုတောတောင်ထဲမှာ ဒီလောက်စည်တဲ့
ရွာကြီးရှိမယ်မထင်ခဲ့ဘူး"

"အဲဒီရွာက တောင်နှစ်လုံးကြား
မှာရှိပြီး ကုက္ကိုပင်ကြီးတွေ တွေ့ခဲ့တယ်
မဟုတ်လား"

"ခင်ဗျားက ကုက္ကိုရွာအကြောင်း
တော်တော်သိနေပါလား၊ ရောက်ဖူးလို့
လား"

"သိဆို အဲဒီဒေသဟာ ကျွန်တော်
တို့ရဲ့ ရှေ့တန်းစခန်းလေးပဲ။ တဲလေး၊ ငါး
လုံးလောက်သာရှိတာ။ သုံးလေးလတစ်
ခေါက်ရောက်နေကြပါ။ ရွာလို့ကောင်
ခေါ်လို့မရပါဘူး"

"ဟာ - မဟုတ်တာ၊ တော်တော်
စည်တဲ့ရွာကြီးပါ။ စည်လိုက်တဲ့ပွဲဈေး၊
ပွဲလာကြည့်တဲ့လူည်းတွေကလည်း နည်း
နည်းမှမဟုတ်တာ။ ပွဲဈေးတန်းကအရှည်
ကြီးပါ"

"မဖြစ်နိုင်ဘူး၊ ဆရာတို့တစ်ခုခု
မှားခဲ့ပြီထင်တယ်။ အဲဒီရွာမှာ ဆရာတို့
ထူးဆန်းတာတွေကြုံခဲ့ကြသေးလား"

"ဟာ - သိပ်ကြုံခဲ့တာပေါ့၊ ကျုပ်နဲ့
မင်းသားကြုံခဲ့တာ ကျုပ်တို့တောင် အဲဒီ
ရွာက လူတွေကို မသင်္ကာဖြစ်ခဲ့သေး
တယ်"

"ကျွန်တော့်ကို ပြောပြပါလား။
ဆရာတို့ကြုံခဲ့ရတဲ့ အထူးအဆန်းဖြစ်ရပ်
တွေဆိုတာ"

ကျွန်တော်တို့က ပွဲဈေးတန်းတွင်
ကြုံတွေ့ခဲ့ရသော မျက်လှည့်ပွဲထူးဆန်း
ပုံ၊ ဝက်သားဟင်းမှ ကြက်သားဟင်းဖြစ်
သွားပုံ၊ ဈေးဆိုင်ပျောက်သွားသည်နှင့်
ဝယ်ထားသောဟင်းများလည်း ပျောက်
သွားပုံ၊ နောက်ဆုံး ကြီးမားသောဘုန်း
ကြီးကျောင်းကြီးတစ်ကျောင်းလုံးနေရာမှ
ပျောက်ကွယ်သွားပုံများ ပြောပြလိုက်
သည်။ ကျောင်းရှေ့ရှိ ကုက္ကိုပင်ကြီးနှစ်
ပင်သာ ထီးထီးမားမားကျန်ရစ်ခဲ့ပုံများ
ကို ပြောပြလိုက်သည်။

"အင်း - ဟုတ်ပါပြီ၊ အဲဒီကုက္ကိုပင်
ကြီးနှစ်ပင်ဟာ နှစ်ချို့အပင်ကြီးနှစ်ပင်
ပါ။ အဲဒီအပင်ကြီးနှစ်ပင်ရှိတဲ့ အနီးက
ဘုန်းကြီးကျောင်းတွေ့ခဲ့တယ်ဆိုတဲ့ နေ
ရာဟာ သင်္ချိုင်းဟောင်းကြီးပါ။ လွတ်
လပ်ရေးမရမီကတည်းက အဲဒီမှာရွာရှိ
ခဲ့ဖူးတာတဲ့။ နောက်တော့ ရွာပျက်သွား
တယ်လို့ ပြောကြတယ်။ ပြီးတော့ အဲဒီ
နေရာကို ကျွတ်ကုန်းလို့ ခေါ်ကြတာ။
အဲဒီမှာ ကျွတ်တစ္ဆေတွေရှိတယ်တဲ့"

"ဘာ-ကျွတ်ကုန်းဟုတ်လား၊ ဒါဆို
ကျုပ်တို့ဇာတ်ပွဲကခဲ့တဲ့နေရာမှာ ရွာမရှိ
ဘူးပေါ့"

"အဲဒီနေရာဟာ ကျွန်တော်တို့
ကုက္ကိုစခန်းအဝင်ဝနေရာပါ။ ဘာရွာမှ
မရှိပါဘူး။ ကျွန်တော်တို့ ဝန်ထမ်းတွေ
တောင် ကျွတ်တွေလှည့်စားတာနဲ့ ကြုံ
ခဲ့ရသေးတယ်။ အစက ကုက္ကိုစခန်းမှာရှိ
တဲ့ တဲတွေတစ်လုံးနဲ့တစ်လုံး တစ်ခေါ်
သာသာ ခပ်လှမ်းလှမ်းမှာရှိကြတာ။
ကျွတ်တစ္ဆေတွေနဲ့ ကြုံခဲ့ဖူးလို့ ခုတော့
စုပြီးနေကြတာ။ တဲလေး၊ငါး၊ခြောက်လုံး
လောက်သာရှိတာ။ အင်း - မဟုတ်မှလွဲ
ရော ဇာတ်ဆရာတို့ ကျွတ်တွေလှည့်စား
တာခံခဲ့ရပြီထင်တယ်"

"ဟာ - ခင်ဗျားပြောမှာပဲ ကြက်
သီးတောင်ထလာမိတယ်။ ကြက်သား
ဟင်းဝယ်လာပြီးကတည်းက စိတ်ထဲတ
ထင့်ထင့်ဖြစ်ခဲ့သေးတယ်"

"ဆရာတို့ဇာတ်ပွဲဘာမှမဖြစ်ခဲ့တာ
ကံကောင်းတယ်လို့ ပြောရမယ်။ အဲဒီ
ကျွတ်တွေက ပွဲကြိုက်တဲ့ကျွတ်တွေထင်
ပါရဲ့။ ခုနက ဆရာပြောတဲ့ကိစ္စ ကျန်တဲ့
ဇာတ်အဖွဲ့သားတွေကော မသိကြဘူး
လား"

"ကျန်တဲ့သူတွေမသိပါဘူး။ ကျုပ်
က ဇာတ်စီးပါ။ စိတ်ထဲ မသင်္ကာဖြစ်နေ
လို့အဖွဲ့သားတွေကို ရွာထဲသွားခွင့်မပြု
ခဲ့ဘူး။ ဒီကိစ္စကျုပ်နဲ့မင်းသားနှစ်ယောက်
ပဲသိတာ"

"ကျွန်တော်ပြောတာတွေ ယုံရဲ့
လား။ ကျွန်တော်တို့ဆီကလူတွေ ကိုယ်
တိုင်ကြုံခဲ့ရတာတွေရှိတယ်"

"ယုံပါတယ်၊ ကျုပ်နဲ့ မင်းသား
ကိုယ်တိုင် လက်တွေ့ကြုံခဲ့ရတာပဲ"

"ကဲ- မင်းသားရေ၊ နောက်ဆို ညှ
ကြေးဘယ်လောက်ပေးပေး မရောက်
ဘူးတဲ့ဒေသဆို မလိုက်တော့ဘူး။ မော်
လမြိုင်ရောက်မှ ဇာတ်အဖွဲ့သားတွေကို
ပြန်ပြောပြရမယ်"

ကျွန်တော်က တစ်ချိန်လုံးငြိမ်ပြီး
မှိန်းလျက်လိုက်ပါလာသော မင်းသားကို
ပြောလိုက်သည်။ ကျွန်တော် ဇာတ်ကခဲ့
သည်မှာ နှစ်များစွာကြာခဲ့ပြီ ဖြစ်သည်။
ပထမဆုံး အတွေ့အကြုံလည်း ဖြစ်
သည်။ မော်လမြိုင်ပြန်ရောက်သည်နှင့်
ဇာတ်ပိုင်ရှင် ဦးကျင်ခဲအား လှည့်စား
တတ်သော ကျွတ်များအကြောင်း ပြော
ပြရပေဦးမည်။

မောင်မောင်မိုးအောင်



www.burmeseclassic.com

www.burmeseclassic.com

နေဝင်သွားပြီ။ ထို့ကြောင့် အနောက်ဘက်တစ်ခိုတွင် တိမ်ရောင်များ တောက်ပလျက်ရှိသည်။ အိပ်တန်းဝင် ငှက်ကလေးများသည်လည်း တောအုပ်ရှိရာဘက်သို့ ပြန်သွားနေကြသည်။ နွားကျောင်းသားများလည်း ခလောက်သံ တဒေါင်ဒေါင်ဖြင့် ရွာထဲသို့ ဝင်လာနေကြသည်။ မကြာမီ အမှောင်လွှမ်းပေတော့မည်။

ဖိုးပြည့်မောင်နှင့် သံချောင်းတို့သည် ဘုန်းကြီးကျောင်းဘက်ကို ဦးတည်ပြီး သွက်သွက်လှမ်းနေကြသည်။ ဖိုးပြည့်မောင်သည် အိတ်ထဲက သံမှိုကို ခဏခဏကိုင်စမ်းကြည့်နေမိသည်။ ဤသံမှိုကား နှယ်နှယ်ရရ မဟုတ်ပေ။ ပီယဆေး ဖော်စပ်ရာတွင် အဓိကကျသည့် လူသေအလောင်းကို မီးသင်္ဂြိုဟ်ရာတွင် ကြွင်းကျန်ရစ်သော သချိုင်းကုန်းမှ သံမှိုဖြစ်သည်။


ဖိုးပြည့်မောင်နှင့် သံချောင်းတို့သည် နေ့လယ်က လေးခွဖြင့် ငှက်ချောင်းရင်း သချိုင်းကုန်းသို့ ရောက်သွားကြရာ သရက်သီးမှည့်ကောက်စားရင်း လူသေကောင်ကို မီးဖုတ်သည့်နေရာတွင် သံမှိုလိုက်ရှာ၍ ရလျှင် ပီယဆေးဖော်ပေးမည်ဟု ပြောထားဖူးသည်။

ထိုအချိန်က ဖိုးပြည့်မောင်နှင့် သံချောင်းတို့သည် ဘုန်းကြီးကျောင်းသား ဖြစ်၏။ ဘုန်းကြီးကျောင်းမှာနေ... အတန်းကျောင်းကို တက်ကြသည်။ (... တန်းကျောင်းသားအရွယ်တွင် လူ... ပေါက်များဖြစ်လာကြ၍ ကွမ်းတော... ကိုင်မလေး စောခင်ကြည်ကို ပိုးပန်း... သည်။ စောခင်ကြည်သည်ကား ဖိုးပြ... မောင်တို့ကို ဂရုမစိုက်ပေ။

စာလိုက်ပေးလည်းမယူ၊ ရည်း... စကားလိုက်ပြောလျှင်လည်း မတုံ့ပြ... ထို့နောက် အကြိမ်ကြိမ်ရည်းစားစ... လိုက်ပြော၊ စာလည်းပေးနှင့်ရှိလာခဲ့... တစ်ကြိမ်တွင် စောခင်ကြည်၏မျက်... တင်းသွားပြီး လက်ဝါးကိုသာ ထော... လေသည်။ ထို့ကြောင့် မစားသာဟု...

# မင်းဟိန်းခိုင်

## ပီယဆေးကိုလိုက်စားခဲ့စဉ်က



www.burmeseclassic.com

www.burmeseclassic.com

ပြီး ရှေ့ကိုတိုးမလိုက်ရဲတော့ဘဲ အကြံ ကုန်၍ စိတ်ပျက်ပျက်နှင့် ငိုင်နေကြစဉ် အခင် ကိုရင်ကြီးက အကြံပြုသည်။

"အဲဒါဘာခက်လဲကွ၊ အလွယ်လေး။ ငါလုပ်ပေးလိုက်ရင် မင်းကောင်လေး တမ်းတမ်းစွဲစွဲဖြစ်သွားပြီး မင်းနောက်က တကောက်ကောက်လိုက်လာရမယ်"

"ဟာ - ကိုရင်ကြီး၊ တကယ်လား။ လုပ်စမ်းပါဗျာ၊ ဘယ်လိုများလုပ်ရမလဲ။ အကြံလေးဘာလေးပြုစမ်းပါဦး"

ဟု ဖိုးပြည့်မောင်က ခြေထောက်ကိုကိုင်ပြီး ပြောလိုက်၏။ ကိုရင်ကြီးကိုလည်း လျှော့တွက်၍ မရပေ။ ဗေဒင်၊ ယတြာ၊ ဓာတ်ရိုက်ဓာတ်ဆင်၊ အထက်လမ်း၊ အောက်လမ်း အကုန်တတ်သည်ဟု ဆိုသည်။

ကိုရင်ကြီးသည်ကား ဖိုးပြည့်မောင်တို့ရွာသား မဟုတ်ပေ။ ကျောင်းထိုင်ဆရာတော်၏ ဇာတိရွာကဖြစ်ပြီး ကျောင်းထိုင်ဆရာတော်နှင့်လည်း ဆွေမျိုးတော်စပ်ကြောင်း သိရသည်။ ထို့ကြောင့် ဖိုးပြည့်မောင်တို့၏ရွာကို လာနေခြင်း ဖြစ်သည်။

သို့သော်လည်း ဆရာတော်က ကိုရင်ကြီး မှော်ကု၊ သရဲချွတ်လုပ်သည်ကို မကြိုက်ပေ။ ထို့ကြောင့် ကိုရင်ကြီးမှာ မှော်ကု၊ သရဲချွတ်လုပ်ချင်လျှင် ဇရပ်မှာ မှော်ကု၊ သရဲချွတ်လုပ်နေသည်ကိုလည်း မသိမသာဖြင့် ဖိုးပြည့်မောင်တို့ ခိုးကြည့်ဖူးသည်။ ပူးလိုက်ကပ်လိုက်နှင့် တစ်အောင့်လုပ်ပြီးနောက် ရောဂါပျောက်သွားသည်ကို တွေ့ရသည်။

"ကိုရင်ကြီး"

ဖိုးပြည့်မောင်က ကိုရင်ကြီး စကားမဆိုဘဲ အိုက်တင်လုပ်နေသည်ကို စိတ်မရှည်၍ ခြေထောက်ကိုလှုပ်ပြီး သတိဖော်ပေးလိုက်၏။ ကိုရင်ကြီးက သူ့ခြေထောက်များကို လှုပ်ပြသည်။ ထို့ကြောင့် ဖိုးပြည့်မောင် နားမလည်ဘဲ ကြောင်နေမိ။ ကိုရင်ကြီးက နောက်တစ်ကြိမ် သူ့ခြေထောက်များကို လှုပ်ပြပြန်သည်။ ဤအကြိမ်တွင်လည်း ဖိုးပြည့်မောင် နားမလည်ဘဲ ကြောင်၍သာနေသည်။ ထို့ကြောင့် ကိုရင်ကြီးက စိတ်မရှည်ဟန်ဖြင့် အော်ပြော၏။

"နှိပ်၊ ငါ့ခြေထောက်တွေကို။ မင်းလိုချင်တဲ့ ပီယဆေးအကြောင်းကို ပြောပြမယ်"

"ပီယဆေး၊ ပီယဆေးဆိုတာ ဘာတုံး ကိုရင်ကြီးရဲ့"

ဟု ဖိုးပြည့်မောင်က နားမလည်၍ ပြန်မေးလိုက်သည်။

"ပီယ ဆိုတာ ပါဠိဘာသာပြန်လိုက်ရင် ချစ်တယ်လို့ အဓိပ္ပာယ်ရတယ်။ ဆေးကတော့ ဆေးပဲပေါ့။ အဲဒီနာမည်နှစ်ခုကိုပေါင်းလိုက်တဲ့အခါ အချစ်ဆေး။ အဲဒီအချစ်ဆေးကိုပင် နာမည်ခံ့ခံ့လေးဖြစ်သွားအောင်ဆိုပြီး ပီယဆေးလို့ ခေါ်တာကွ"

"ဒါဆိုရင် အဲဒီဆေး ကိုရင်ကြီးမှာ ရှိသလား။ ရှိရင်ပေးစမ်းပါ၊ ပိုက်ဆံပေးဆိုလည်း ပေးပါ့မယ်"

ဟု ဖိုးပြည့်မောင်က ကိုရင်ကြီး၏ ခြေသလုံးကို နှိပ်ပေးရင်းဖြင့် ပြောလိုက်၏။





www.burmeseclassic.com

www.burmeseclassic.com

"အဖော်ပြီးသားတော့မရှိဘူးကွ။ ဒါပေမယ့် ဘာမှမခက်ဘူး။ ဆေးပေါင်းရှာပြီးဖော်စပ်လိုက်ရင် ခဏလေးပဲ"

ဖိုးပြည့်မောင်နှင့် ကိုရင်ကြီးတို့ ပီယဆေးအကြောင်း ပြောဆိုနေကြသည်ကိုကြားလျှင် သံချောင်းလည်း အနားသို့ ရောက်လာပြီး ကိုရင်ကြီး၏ ခြေသလုံးကို နှိပ်နယ်ပေးရင်းက နားထောင်နေ၏။

"ဒါဆိုရင် ကိုရင်ကြီး၊ ဆေးပေါင်းရှာပေးပါဆိုရင် တပည့်တော်တို့ ရှာပေးပါ့မယ်။ ဘယ်လိုဆေးပေါင်းတွေလဲ"

ဟု သံချောင်းက ဝင်ပြော၏။

"ဟေ - မင်းလည်း ပီယဆေးလိုချင်သလား၊ ရတယ်။ နှစ်ယောက်လုံးကို ဖော်ပေးမယ်။ မင်းတို့က လူသေကောင်ကို မီးသင်္ဂြိုဟ်တဲ့အခါ ခေါင်းမှာရိုက်ထားတဲ့ မီးမလောင်ဘဲကျန်ခဲ့တဲ့ မီးကြွင်းသံမှိုတစ်ချောင်းပဲ ရှာပေးကြ။ အဲဒီသံမှိုတစ်ချောင်းရရင် မင်းတို့လိုချင်တဲ့ ပီယဆေးရပြီလို့သာမှတ်ကြပေရော့"

"အဲဒီဆေးကိုရရင် ဘယ်လိုလုပ်ပြီး မိန်းကလေးတွေကို ဘယ်ကစလို့ ဘယ်လိုပြောရမလဲ။ အဲဒါလည်း ခုကတည်းက သင်ပေးထားပါဦး"

ဟု ဖိုးပြည့်မောင်က ပြောလိုက်သည်။

"ဟ - ဘာလိုသေးလဲကွ။ ကိုယ့်မှာ ပီယဆေးရှိနေမှတော့ အဲဒီပီယဆေးကို ဆောင်ထားပြီး ကိုယ်ကြိုက်တဲ့ မိန်းကလေးကို လိုက်စရုံပဲရှိတော့တာပေါ့"

"ပီယဆေးကို ဆောင်ထားပြီး ကိုယ်ကြိုက်တဲ့ မိန်းကလေးကို ငါနင့်ကိုကြိုက်တယ်။ နင်ငါ့နောက်လိုက်ခဲ့ပါဆိုလိုက်ရောလား"

ဟု ဖိုးပြည့်မောင်က မေး၏။

"အင်းပေါ့၊ ကြိုးနဲ့ချည်ဆွဲရင်တောင်မှ ယက်ကန်ယက်ကန်နဲ့ကြာနေဦးမယ်။ ပီယဆေးနဲ့သာသွားခေါ် လိုက်၊ တန်းနေတာပဲ"

"ဟေး. . . ဟေး. . . ဟေး"

ဟု အော်ပြီး ဝမ်းသာအားရဖြင့် ကိုရင်ကြီး၏ ခြေသလုံးနှင့်ပေါင်တွေကို စိတ်ပါလက်ပါ တအားနှိပ်လိုက်ကြရာ လက်တွေ့ အပေါ်တက်သွား၍ ကိုရင်ကြီးဆီမှာ ဆောင့်ကန်ခံလိုက်ကြရ၏။ ကိုရင်ကြီးကလည်း စိတ်တို၊ ဖိုးပြည့်မောင်နှင့် သံချောင်းတို့ကလည်း ပျော်၊ ဆောင့်ကန်ခံရသည်က သိပ်ပြီးမဆန်းပေ။

"ဟိုက်ကောင်တွေ၊ ငါမင်းတို့ကို ပီယဆေးတော့ ဒီအတိုင်း အလကားဖော်မပေးဘူးနော်။ ဒီနေ့ကစပြီး ငါချိုးဖို့ရေကို ခပ်သယ်ပေးရမယ်။ ငါ့သင်္ကန်းတွေကိုလည်း အမြဲတမ်း ဖွပ်လျှော်ပေးရမယ်၊ ဒါမှရမယ်ကွ။ မင်းတို့လုပ်နိုင်ရင် လုပ်ကြ။ မလုပ်နိုင်ဘူးဆိုရင့်လည်း မင်းတို့သဘောပဲ"

"အာ - ကိုရင်ကြီး၊ သိပ်ကိုလုပ်နိုင်တာပေါ့ဗျာ။ ကိုရင်ကြီး တစ်နေ့ကို ရေဘယ်နှကြိမ်ချိုးမလဲ။ ကြိုက်သလောက်ချိုး။ အအေးပတ်သွားစေရမယ်။ အရင်ကသာ ရေထမ်းရတာ နှစ်မိုင်ကျော်ဝေးနေလို့ ပျင်းပေမယ့် အခု ကိုရင်ကြီးအတွက်ဆို တစ်နေ့ကို ဆယ်ကြိမ်ထမ်းရမလား၊ အကြိမ်တစ်ရာထမ်းရမလား လုံးဝအားမနာနဲ့။ ချိုးသာချိုး။ သင်္ကန်းလည်း ကိုရင်ကြီး လဲမပေးအားရင် တပည့်တော်ကိုယ်တိုင် လာချွတ်ယူမယ်။ ပီယဆေးရတဲ့နေ့မှာလည်း မာနခဲလေး စောခင်ကြည် သေပြီလို့သာမှတ်ပေရော့"

ဟု ပြောပြီး ဖိုးပြည့်မောင်သည် လက်နှစ်ဖက်ကိုအပေါ်မြှောက်ကာ သုံး၊ လေးကြိမ် ထခုန်လိုက်လေ၏။

သံချောင်းကလည်း အားကျမခံဘဲ ဆတ်ခနဲ ထရပ်ပြီး ပြော၏။

"မင်းက စောခင်ကြည်ကိုကြဲရင် ငါက မကြည်တင်တို့၊ မြထွေးရီတို့၊ မသန်းနုတို့ကို ကြဲမယ်ကွာ။ အမ်းမြို့နယ်မှာ တို့ကျွဲကူးတောင်ရွာက မိန်းမချောလေးတွေ အထွက်ဆုံးပဲ။ တို့လက်ထဲ ပီယဆေးရောက်တဲ့နေ့ အဲဒီမချောလေးတွေအားလုံး မျက်ခုံးသာလှုပ်ကြပေရော့"

ဟု ပြောပြီး သံချောင်းနှင့် ဖိုးပြည့်မောင်တို့သည် တဖြောင်းဖြောင်းနှင့် ထခုန်လိုက်ကြသဖြင့် ဥပုသ်ဇရပ်ကြီး တုန်လှုပ်သွားလေသည်။

သို့သော်လည်း ဖိုးပြည့်မောင်တို့အရပ်တွင် လူသေအလောင်းများကို မီးသင်္ဂြိုဟ်ခဲ၏။ မြေမြှုပ်ပြီးသင်္ဂြိုဟ်ကြသည်ကသာ များ၏။ ထို့ကြောင့် ဖိုးပြည့်မောင်နှင့် သံချောင်းတို့မှာ ကိုရင်ကြီး၏ သင်္ကန်းနှင့် သင်းပိုင်များကို ဖွပ်လျှော်ပေးရင်း၊ ရေထမ်းပေးရင်း၊ ညနေတိုင်း နှိပ်နယ်ပေးရင်းဖြင့် အလောင်းမီးရှို့သင်္ဂြိုဟ်သောသတင်းကိုသာ နားစွင့်စုံစမ်းနေကြလေသည်။ ကိုယ့်ရွာမှာဖြစ်စေ၊ အခြားတစ်ရွာမှာဖြစ်စေ မီးရှို့သင်္ဂြိုဟ်သောသတင်းကိုကြားလျှင် မီးကြွင်းသံမှို ကို အလွယ်တကူသွားယူ၍ပင် ရနိုင်သည်။

နောက်တစ်လနီးအကြာတွင် ဖိုး ပြည့်မောင်နှင့် သံချောင်းတို့သည် စာ မေးပွဲဖြေဆိုရန်အတွက် အမ်းမြို့ကို သွား ကြရ၏။ အလယ်တန်းတုန်းက မြစ်တ ဖက်ကမ်း မင်းတက်ရွာကြီးမှာ ဖြေဆို ရသော်လည်း ရှစ်တန်းကျောင်းစာမေး ပွဲကိုမူ မြို့မှာသာ သွားဖြေကြရသည်။ ထို့ကြောင့် စာမေးပွဲဖြေဆိုပြီးသည်အထိ မြို့မှာ တစ်လကျော်ကြာခဲ့ပြီးမှ ရွာ ပြန်ရောက်လာကြသည်။

ထိုအချိန်မှာပင် ရွာထဲက လူသေ ဆုံး၍ မီးသင်္ဂြိုဟ်သောရက်နှင့် ကွက် ကျလေ၏။ ထို့ကြောင့် သည်နေ့မနက် မှာပင် ဖိုးပြည့်မောင်နှင့် သံချောင်း မယောင်မလည်နှင့် သင်္ချိုင်းကုန်းဘက် ကို လျှောက်သွားကြပြီး မီးကြွင်းပြာ ပုံထဲက သံမှိုတစ်ချောင်းကို ရအောင်ရှာ ကြသည်။ မီးကြွင်းသံမှိုကို ရရှိပြီးနောက် သင်္ချိုင်းထဲတွင် ရဲရဲနီ၍မှည့်နေသော တောသရက်သီးများ တဖြုတ်ဖြုတ်ကြွေ နေသည်ကို ကောက်စားပြီးပြန်လာကြ ၏။ အချိန်ကြာမြင့်စွာ စောင့်ဆိုင်းပြီး ရလာသော မီးကြွင်းသံမှိုလေးကို ကြည့် ပြီးလည်း အတိုင်းမသိဝမ်းသာနေကြ သည်။ ပီယဆေးရရှိရေးသည်လည်း ကျိန်းသေသွားလေပြီ။

"ဟိုက်ကောင်၊ ဘာတွေတွေးနေ တုံး။ မင်းစိတ်တွေ စောခင်ကြည်ဆီ ရောက်နေပြီလား"

ဟု သံချောင်းက ကျောကုန်း ထုပြီးပြောလိုက်မှ ဖိုးပြည့်မောင် အတွေး မှ လန့်နိုးသွား၏။ တစ်ချက်မျှလည်း ပြုံး လိုက်မိ၏။

"ငါ့စိတ်တွေ စောခင်ကြည်ဆီ ရောက်နေတာမဟုတ်ဘူးကွ။ စောခင် ကြည်ဆီကို နောက်မှ။ အခုတွေးနေ တာက မင်းနဲ့ ငါ ပီယဆေးအစကနေ ဒီမီးကြွင်းသံမှိုလေးရတဲ့အထိ ဖြတ်သန်း လာခဲ့ကြရတဲ့အကြောင်းတွေကိုလျှောက် တွေးနေမိတာ"

"မတွေးနဲ့၊ မီးကြွင်းသံမှိုလေး လက်ထဲရောက်နေမှတော့ တွေးနေစရာ လည်း မလိုတော့ဘူး။ လာ၊ ကျောင်း ထဲဝင်မယ်။ အဲဒီ မီးကြွင်းသံမှိုလေး ကိုရင်ကြီး သွားအပ်ရအောင်"

သို့သော် ကျောင်းပေါ်ရောက်၍ ကိုရင်ကြီးကို မတွေ့သဖြင့် မေးမြန်း ကြည့်ကြရာ ကိုရင်ကြီးသည် ရွာ စတုဒိသာအလှူပွဲကို ကြွသွားသည်



www.burmeseclassic.com

www.burmeseclassic.com

သာ ပြောပြကြ၏။ ထို့ကြောင့် ဖိုးပြည့်မောင်နှင့် သံချောင်းတို့မှာ အားခဲလာကြသည့် ပီယဆေးကိစ္စကြီးသည် ချက်ချင်း အဆင်မပြေနိုင်တော့ဘူး ဟူသော အသိစိတ်နှင့်အတူ 'ဟာ' ဟူ၍ပင် ဖြစ်သွားမိကြလေသည်။

ထိုအချိန်၌ မိုးလည်းချုပ်သွားလေပြီ။ ထို့ကြောင့် ရွာသို့ပြန်မဆင်းကြတော့ဘဲ ဘုန်းကြီးကျောင်းမှာ ညအိပ်ရန် ဆုံးဖြတ်ပြီး မိတ်ဆွေကျောင်းသားများနှင့်အတူ ရေနွေးသောက်ရင်း မြို့မှာစာမေးပွဲဖြေရင်းတွေ့ခဲ့ကြသော မချောလေးများအကြောင်း၊ မိမိတို့ရွာထဲက ချာတားမလေးများအကြောင်းတွေကိုသာ အတော်ညဉ့်နက်သည်အထိ ပြောဆိုဆွေးနွေးရင်း အိပ်ပျော်သွားကြလေသည်။

■

ဦးမှုံကြီးသည် ဖိုးပြည့်မောင်၏ရှေ့မှ ဖျတ်ခနဲပေါ်လာ၏။ (ဦးမှုံကြီးမှာ နာမည်ရင်း မဟုတ်ပေ။) ထို့ကြောင့် ဖိုးပြည့်မောင် လန့်သွားသည်။ တစ်နေ့ကမှ သေဆုံးသွား၍ မီးရှို့သင်္ဂြိုဟ်လိုက်ကြသော လူမိုက်ကြီး ဦးမှုံ ယခု ဖိုးပြည့်မောင်၏ရှေ့မှာ လာရပ်နေလေပြီ။ နဂိုအရုပ်ဆိုးပြီး အသားမည်းရသည့်အထဲ ယခုအခါ မျက်နှာကြီးတင်းပြီး မျက်လုံးပါပြူးကျယ်နေသဖြင့် ဦးမှုံကြီး၏ရုပ်သွင်မှာ ကြည့်ရက်စရာမရှိလောက်အောင် ကြောက်စရာကောင်းနေလေသည်။

"ဟိုက်ကောင် ဝေထွန်းဦးသား။ မင်းတို့ ငါ့သံမှိုကို ဘာလို့ကောက်သွားကြသလဲ၊ ပြန်ပေး"

"ဟာ"

ဖိုးပြည့်မောင် အံ့သြသွားသည်။ ဦးမှုံကြီး၏စကားကိုလည်း အပြည့်အစုံ နားလည်ဖြစ်နေ၏။ ထို့ကြောင့် မေးကြည့်လိုက်သည်။

"ကျွန်တော် ဦးမှုံကြီးရဲ့သံမှိုကို ဘယ်မှာကောက်လို့လဲ"

"ဘာကွ၊ မနေ့က ငါ့အလောင်း မီးရှို့တဲ့နေရာက သံမှိုကို မင်းနဲ့သံချောင်း ကောက်သွားတာလေ။ မင်းဘာငြင်းချင်သေးသလဲ၊ တောက်. . ."

ဦးမှုံကြီး၏ တက်ခေါက်သံသည် ကျယ်လောင်သွား၏။

"ဪ ဪ - အဲဒါလား။ အလောင်းမီးရှို့လို့ မီးမလောင်ဘဲ ကျန်ခဲ့တဲ့ သံမှိုတောင် မကောက်ရဘူးလား"

"မကောက်ရဘူးကွ။ မင်းတို့ တောင်းလည်း မတောင်း၊ အသိလည်း မပေးဘဲနဲ့ ကောက်သွားကြတာဟာ ခိုးတာပဲ မဟုတ်လား၊ သူခိုးလေးတွေ"

"ဟာ"

ဦးမှုံကြီးက လက်ညှိုးငေါက်ငေါက်ထိုးပြီး ပြောဆဲဆဲလိုက်သဖြင့် ဖိုးပြည့်မောင်သည် စိတ်မဆိုးသည့်အပြင် ရယ်ချင်သွားမိ၏။ ထို့နောက် ပြောလိုက်သည်။

"ဒီလိုဆိုလည်း ဦးမှုံကြီးရယ်။ ကောက်ကတည်းကပင် မကောက်နဲ့လို့ ပြောဦးမှပေါ့။ အဲဒီအချိန်ကတော့ ဘာမှမပြောဘဲ အခုမှလာပြောနေရသလား"

"အဲဒီအချိန်က ငါ မဲရွာက စတုဒိသာအလှူကိုသွားနေလို့ မရှိဘူးကွ။ ငါသာရှိနေရင် မင်းတို့နှစ်ကောင်ကို အဲဒီနေရာမှာတင် အပြီးလုပ်ပစ်လိုက်မှာ"

"ဪဪ - စတုဒိသာအလှူက ရဟန်းရှင်လူများသာမကဘဲ ဦးမှုံကြီးတို့လို သရဲတစ္ဆေတွေကိုပါ ဖိတ်သလား"

"ငါတယ် - တောက်၊ ဒီကောင် တော်တော်စကားရှည်တာပဲ"

ဟု ဆိုကာ ဦးမှုံကြီးသည် အတော်လေးပင် ဒေါသထွက်သွားလေ၏။ သူ့အား သရဲတစ္ဆေဟုပြောသည်ကို ဦးမှုံကြီး ကြိုက်ပုံမရပေ။

"စကားရှည်တာမဟုတ်ပါဘူးဗျာ၊ မသိလို့ မေးကြည့်တာပါ"

"ဟိုက်ကောင်၊ ဝေထွန်းဦးသား။ မင်း ငါ့အကြောင်းကို သိတယ်မဟုတ်လား"

"ဟုတ်ကဲ့၊ သိပါတယ်။ ဦးမှုံကြီး ဓားပြတိုက်လိုက်၊ ခိုးလိုက်၊ လုလိုက်၊ လူသတ်လိုက်နဲ့ တစ်သက်ပတ်လုံး မကောင်းတာတွေ စုံအောင်လုပ်သွားတယ်ဆိုတာကိုလေ"

ဖိုးပြည့်မောင်က ယခု ဦးမှုံကြီးမှာ လူစင်စစ်မဟုတ်တော့ဘဲ သရဲဘဝရောက်သွားပြီဟု သိနေသောကြောင့် ပြောရဲနေခြင်းဖြစ်၏။ ယခုအခါ ဖိုးပြည့်မောင်သည် ဘုန်းကြီးကျောင်းကိုရောက်နေ၏။ ထို့ကြောင့်လည်း သာ၍ပင်ပြောရဲနေ၏။ လူတုန်းကသာဆိုပါမူ ဤကဲ့သို့ ပြောရဲမည်ကို မဆိုထားနှင့်၊ ရှေ့ကပင် ဖြတ်သွားရဲခြင်းပင်မရှိပေ။ ဦးမှုံကြီးသည်ကား ဆိုခဲ့သည့်အတိုင်း တကယ့်နာမည်ကျော် လူဆိုးလူမိုက်ကြီးတစ်ယောက်သာ ဖြစ်သည်။

ဦးမှုံကြီးသည် အတော်လေးပင် ဒေါသဆူလာလေ၏။ သူ၏ကွက်ကျယ်ကွက်ကျားပုဆိုးကြီးကို ပြင်ဝတ်လိုက်ပြီး လက်မောင်းလက်ရင်းများတန်းကာ ချွေးများပြန်လျက် အရောင်ပင်တောက်လာလေသည်။ ထို့နောက် လက်ညှိုးငေါက်ငေါက်ထိုးပြီး လည်ချောင်းသံကြီးနှင့် ပြော၏။

"ဟိုက်ကောင်၊ မင်း ငါ့သံမှိုကို ပြန်ပေးမလား၊ မပေးဘူးလား ဒါပဲပြော"

ဖိုးပြည့်မောင် သက်မတစ်ချက်ကို ချလိုက်၏။ ထို့နောက် ရယ်ချင်နေသောမျက်နှာဖြင့် ဦးမှုံကြီးအား ကြည့်ပြီးပြောလိုက်သည်။

"ဦးမှုံကြီးရယ်၊ သေပြီးလို့ သရဲဖြစ်နေတာတောင် သံမှိုလေးတစ်ချောင်းကို နှမြောနေသေးတယ်။ အဲဒီသံမှိုဟာ သရဲဘဝမှာ သုံးလို့ရတာလည်း မဟုတ်ဘဲနဲ့။ သုံးလို့ရတဲ့လူ ကောက်သွားတာလည်း ရန်လုပ်ပြီး လိုက်တောင်းနေသေးတယ်။ သံမှိုကို ပြန်ရရင်ကော ဦးမှုံကြီး ဘယ်နေရာမှာသုံးမှာလဲ။ အလကားပဲ"

"ဟိုက်ကောင်၊ တောက်. . ."

ဦးမှုံကြီး၏ အသံသည် သာ၍ ကျယ်လောင်လာ၏။ မျက်လုံးကြီးများလည်း သာ၍ပင် ပြူးကျယ်လာလေ၏။ ဒေါသထွက်နေသည်မှာကား ပြောစရာမရှိတော့ပေ။

"အဲ့လောက်တောင်မှ ပြန်လိုချင်တယ်ဆိုရင်လည်း ပေးပါ့မယ်ဗျာ။ ကျောင်းပေါ်ပဲ လာတက်ယူလှည့်။ ရော့ ရော့"

"ဟိုက်ကောင်၊ ငါ ကျောင်းပေါ်တက်ခွင့်မရလို့ အခုလို တောင်းနေတာကွ။ ငါသာ ကျောင်းပေါ်ကို တက်ခွင့်ရရင် ငါ့သံမှိုကို ပြန်ယူရုံသာမကဘူး။ မင်းကိုပါ အပြတ်ရှင်းသွားမှာ နားလည်လား။ အခု ဆင်းလာပြီး ပေးလှည့်ကွ"

ဤတွင် ဖိုးပြည့်မောင် စဉ်းစား၏။ လူမိုက်ကဖြစ်သွားသော သရဲကြီးဦးမှုံသည် အတော်လေးပင် ဖိုးပြည့်မောင်အား ဒေါသထွက်နေလေ၏။ ထို့ကြောင့် ကျောင်းအောက်ကိုသာ ဆင်းလိုက်သွားလျှင် တစ်ခုခုမလုပ်ဟု မပြောနိုင်ပေ။ ဘဝပျက်အောင်လည်းလုပ်နိုင်သည်။ အသက်ကိုလည်း သေအောင်သတ်နိုင်၏။ ထို့ကြောင့် မည်သည့်နည်းနှင့်မျှ ကျောင်းအောက်ကို ဆင်းလိုက်သွား၍ ဖြစ်မည် မဟုတ်ပေ။

"ဦးမှုံကြီးရဲ့သံမှိုကို လိုချင်ရင် ကျောင်းပေါ်ပဲတက်လာပြီးယူဗျာ။ ကျွန်တော်ကတော့ ဆင်းမပေးနိုင်ဘူး။ ကဲ-



www.burmeseclassic.com

www.burmeseclassic.com

ဘယ်လိုလဲ"

သရဲကြီးဦးမှံ့သည် မျက်နှာကြီး တင်းလျက်က ဖိုးပြည့်မောင်အား တစ်အောင့်ကြာအောင် စိုက်ကြည့်နေပြီး လက်ညှိုးငေါက်ငေါက်ထိုးလျက် အာခေါင်ခြစ်အော်ပြီး ထပ်ပြောပြန်သည်။

"ငါ့သံမှိုကိုယူတုန်းလာယူပြီး အခုပြန်ပေးဆိုတော့မှ ဘာလေးညာလေးနဲ့ လူကငယ်ငယ်နဲ့ စကားမျိုးတစ်ရာပြောနေတယ်။ မနက်ဖြန် သချိုင်းကုန်းကို လာပို့ရင်ပို့၊ လာမပို့ရင်တော့ သေပြီလို့သာမှတ်ပေရော့။ ဒါပဲ"

■

ဖိုးပြည့်မောင် ဖျတ်ခနဲ လန့်နိုးသွား၏။ အမှောင်ထဲတွင် ဟိုဟိုသည်သည်ကြည့်၏။ ဦးမှံ့ကြီးကို မတွေ့ရတော့ဘဲ အတုံးအရုံး အိပ်ပျော်နေကြသော ကျောင်းသားများကိုသာ တွေ့နေရ၏။ ထိုအထဲတွင် သံချောင်းသည်လည်း ထထိုင်နေသည်ကို တွေ့ရ၏။ ယခု ဦးမှံ့ကြီးကို မတွေ့ရတော့သော်လည်း အိပ်မက်ထဲတွင် ဦးမှံ့ကြီး သံမှိုလာတောင်းသည်မှာ အမှန်ပင် ဖြစ်၏။ ဦးမှံ့ကြီး နောက်ဆုံး ကျိန်းသွားသည့် စကားများတွင် 'ဒါပဲ' ဟူသောအသံကြီးကို ဖိုးပြည့်မောင်နိုးပြီးမှာ ပြတ်ပြတ်သားသား ကြားလိုက်ရ၏။

"ဟိုက်ကောင် သံချောင်း"

ဖိုးပြည့်မောင်က တိုးတိုးလေးခေါ်လိုက်သော်လည်း သံချောင်း ကွက်ခနဲ လှည့်ကြည့်၏။ ထို့ကြောင့် ဖိုးပြည့်မောင်လေးဖက်ထောက်ပြီး သံချောင်း၏ အနားသို့လျှောက်သွားကာ အိပ်မက်အကြောင်းကို တိုးတိုးလေးပြောပြလိုက်ရာ သံချောင်းကလည်း တအံ့တဩဖြင့် သူလည်း ဖိုးပြည့်မောင်ကဲ့သို့ အိပ်မက်ထဲတွင် ဦးမှံ့ကြီး သံမှိုလာတောင်းသည့်အကြောင်းကို ပြောပြလေ၏။ အိပ်မက်ချင်းလည်း တစ်ထပ်တည်းတူနေလေသည်။ ထို့ကြောင့် ဖိုးပြည့်မောင်က သက်မတစ်ချက်ကိုချပြီး ပြောလိုက်၏။

"ဒုက္ခပါပဲကွာ၊ ဒါဆိုရင်တော့ ဦးမှံ့ကြီး သူ့သံမှိုကို လာတောင်းတာ သေချာနေပြီ။ မင်းနဲ့ငါ အိပ်မက်ချင်းကလည်း တူနေတော့ မှားစရာမရှိဘူး။ သူ့သံမှိုကို ပြန်ပေးရင်ပေး၊ မပေးရင်လည်း သတ်မှာတဲ့။ တို့ပီယဆေးရရှိရေးကိစ္စကြီးတော့ ပျက်ပြီထင်ပါရဲ့ကွာ"

"ဘာလို့ပျက်မှာလဲကွ၊ လုံးဝပြန်မပို့နိုင်ဘူး။ ဒါမျိုး နောက်ရဖို့လည်း မလွယ်တော့ဘူး။ ဒါကြောင့် ကိုရင်ကြီးပဲ အပ်လိုက်မှာပေါ့"

"မင်းကိုရင်ကြီးက ဘယ်မှာလဲ။ အလှူသွားတဲ့ဥစ္စာ။ ဘယ်နေ့ပြန်လာမယ်ဆိုတာလည်းမသိနိုင်ဘူး။ မင်းပြောသလို ကိုရင်ကြီးကို အပ်လိုက်ပြီတဲ့။ ကိုရင်ကြီးကတော့ သရဲကြီး ဦးမှံ့ကို နိုင်မတဲ့လား။ သရဲကြီးဦးမှံ့က တော်တော်ကြမ်းမယ့်သဘောပဲနော။ မင်းအဲဒါလည်း ထည့်ထွက်ဦး"

"ဘာလို့မနိုင်ရမှာလဲကွ။ ကိုရင်ကြီးက မော်ဆရာပဲ။ အခြားသရဲတွေကိုနိုင်တာပဲ၊ သရဲကြီးဦးမှံ့ကို မနိုင်ဘဲနေမလားကွ။ မင်းအပိုတွေတွေးပြီး ကြောက်မနေပါနဲ့။ အဲလောက်ထိအချိန်ကြာကြာစောင့်ပြီး ပီယဆေးရဖို့ နှုတ်ခမ်းတေ့လေးရောက်နေတော့မှ ဘယ်တော့မှ အပျက်မခံနိုင်ဘူး"

သံချောင်းက အားတတ်သရောပြောနေသော်လည်း ဖိုးပြည့်မောင်က စိုးရိမ်နေ၏။ ထို့ကြောင့် တစ်စုံတစ်ခုကို စဉ်းစားမိပြီး ပြောလိုက်ပြန်သည်။

"မနက် ကိုရင်ကြီး ရောက်မလာဘဲ မိုးချုပ်တာနဲ့ သရဲကြီးဦးမှံ့ရောက်လာရင်ကော"

"ဟိုက်ကောင်၊ဘာမှတွေးကြောက်မနေနဲ့။ မနက်နေ့ဆွမ်းစားပြီးတဲ့အထိ စောင့်ကြည့်လို့မှ ကိုရင်ကြီးရောက်မလာရင် မင်းနဲ့ငါ မဲရွာအထိ လိုက်သွားပြီး သံမှိုကို ကိုရင်ကြီးလက်ထဲပေးအပ်လိုက်ရုံပဲ။ ကိုရင်ကြီးလက်ထဲ သံမှိုရောက်သွားရင် မင်းသရဲကြီးဦးမှံ့ ဘာတတ်နိုင်တော့မှာလဲ၊ ဘာမှတွေးကြောက်မနေနဲ့ ဆက်သာအိပ်"

ဟုပြောပြီး သံချောင်းပြန်လှဲအိပ်လိုက်၏။

"ဟိုက်ကောင် သံချောင်း၊ ပြန်မအိပ်နဲ့လေကွာ။ နောက်တစ်ကြိမ်သာ သရဲကြီးဦးမှံ့ ပြန်ရောက်လာရင် အဆင်ပြေမှာ မဟုတ်ဘူးနော်။ အဲဒါလည်း ထည့်တွက်ဦး"

"ဟ-ဖိုးပြည့်မောင်၊ မင်းသရဲကြီး ဦးမှံ့ဟာ ကျောင်းပေါ်ကို မတက်ရဲလို့သာ သံမှိုကို ပြန်ပို့ခိုင်းနေတာပဲကွ။ ကျောင်းပေါ်ကိုသာ တက်ရဲရင် မင်းနဲ့ငါ့ကိုတောင် သတ်သွားဦးမယ်ဘာညာနဲ့ပြောသွားတာကို မင်းလည်းအသိ၊ ငါလည်းအကြားပဲ။ အဲဒါ သိသိကြီးနဲ့ မင်းဘာတွေကိုတွေးကြောက်နေတာလဲ"

"အဲလိုလည်း မဟုတ်သေးဘူးလေ သူငယ်ချင်းရာ။ မဖြစ်ရင်တော်...
ဖြစ်လာရင် ဘယ်လိုလုပ်မှာလဲ။ ငါလည်း...
သရဲကို အဲလောက်ထိ ကြောက်တ...
တဲ့အကောင်တော့ မဟုတ်ပါဘူး။ ဒါ...
မယ့် ဒီသံမှိုလေးပြန်ပါသွားမှာကို ...
အရမ်းစိုးရိမ်နေတယ် ဒါကြောင့်...
မင်းနဲ့ငါ တစ်ညလေးမအိပ်ရလို့လည်း...
ဘာမှဖြစ်မသွားပါဘူး။ ထပါ၊ လာ- ...
စကားပြောနေရအောင်"

"ရှုပ်တယ်ကွာ၊ အရမ်းနားငြီး...
ပဲ။ ဟိုက်ကောင် မင်းမအိပ်ချင်...
နောက် ငါ့ကိုဘာမှမပြောနဲ့တော့"

ဟု ဆိုကာ သံချောင်းသ...
စောင်ကို ခေါင်းမြီးခြုံပြီး အိပ်သွား...
သည်။ ထို့ကြောင့် ဖိုးပြည့်မောင်သ...
သံချောင်းအား တစ်အောင့်ကြည့်...
သက်မတစ်ချက်ချလိုက်၏။ စိတ်တ...
နေပြီဖြစ်၍ နောက်လည်း ဘာမှမ...
ချင်တော့။

ဖိုးပြည့်မောင် လက်ပတ်နာရီ...
ဓာတ်မီးဖြင့်ထိုးကြည့်သည်။ ည...
တစ်နာရီ။ ယခုမှ ဆယ့်တစ်နာရီသာ...
သေးသဖြင့် ဖိုးပြည့်မောင်တို့ အိပ်...
စကပင် သရဲကြီးဦးမှံ့ ရောက်လာ...
ဖြစ်ပေလိမ့်မည်။ တွေးရင်းက ဖိုးပြ...
မောင် စိတ်ပျက်နေမိသည်။ သရဲ...
ဦးမှံ့ နောက်တစ်ကြိမ်ပြန်ရောက်လာ...
စိုး၍လည်း မကြာခဏ ဟိုဟိုသည်သ...
ဓာတ်မီးနှင့်ထိုးကြည့်နေမိသည်။

ထို့နောက် သံချောင်းကိုလည်း...
ဓာတ်မီးဖြင့် ထိုးကြည့်ပြန်သည်၊ ...
ချောင်းသည် စောင်ကို ခေါင်းမြီး...
တူခွေခွေနှင့် အိပ်၍ကောင်းတုန်း၊ ...
ကြောင့် ဘာမပြောညာမပြော ထလို...
သွားပြီး ခေါင်းကို ဖနောင့်နှင့် ...
ပေါက်ချင်သည်။ သံချောင်းလန့်...
၍ တစ်ကျောင်းလုံး ပွက်ပွက်ဆူသွာ...
ကိုယ်မဟုတ်သလို လှဲအိပ်ပြီး မ...
မှိတ်နေလိုက်မည်ဟု။

ထို့နောက် ဓာတ်မီးဖြင့် လက်...
နာရီကိုထိုးကြည့်ပြန်သည်။ ညနှစ်နာ...
စိုးရိမ်စိတ်၊ ဒေါသထွက်စိတ်များကြော...
ပြန်အိပ်ချင်စိတ်မရှိသော်လည်း မိုးလ...
သည်အထိ ထိုင်စောင့်နေရမည်ကို ...
ပြီး ဖိုးပြည့်မောင်သည် စိတ်ပျက်...
နှင့် ပို၍ပင်ဒေါသထွက်နေမိသည်။

ဖိုးပြည့်မောင် ငိုက်မျဉ်းလာသ...
အချိန်မှာပင် ဆူဆူညံညံဖြင့် ခွေးဟော...
သံများကို နားစွင့်ကြည့်လိုက်ရာ ...
ပို့သမများ၏အသံကို ကြားလိုက်...
ခွေးတွေကလည်း ဆွမ်းပို့သမ...



www.burmeseclassic.com

www.burmeseclassic.com

…ဆောင်သည်။ သရဲကြီး ဦးမှုံကို …ဆောင်။

ဖိုးပြည့်မောင် ကျောင်းသားများ …ပြီး တံခါးဖွင့်ပေးလိုက်၏။ ကျောင်း …များအားလုံး နိုးထလာကြပြီး မျက် …သစ်တာ ကျောင်းမှုပန်းကန်များဖြင့် … ဆွမ်းဟင်းများကို လှယ်ထည့်ကြ … ကျောင်းထိုင်ဆရာတော်ရော ကိုရင် …ပါ မဲရွာက စတုဒိသာအလှူကိုကြွ …ကြ၍ ကျောင်းသားများချည်းသက် … ကျန်နေခဲ့ကြသဖြင့် ဘုရားကို …တင်ပြီးနောက် ကျောင်းသားများ …သောက်ကြ၏။ ဆွမ်းစားပြီးနောက် …ည်းကောင်းစွာလင်းလေသည်။

ထို့နောက် ကစ်အောင့်ကြာမှာပင် …ရင်ကြီးရောက်လာ၏။ ထို့ကြောင့် …ည့်မောင်နှင့် သံချောင်းတို့မှာ ထခုန် …မတတ် ဝမ်းသာသွားကြ၏။ ကိုရင် …က ဘုရားကို ဦးချရှိခိုးလိုက်ပြီး …တ်ပြော၏။

"ငါခဏပြန်လာတာကွ။ တို့မှာ …ယောဂရှိတဲ့ လူတစ်ယောက်အတွက် …တာလေးတွေ ယူပြီးရင် ပြန်သွားရဦး …"

ဟု ဆို၍ ဖိုးပြည့်မောင်သည် …တ်ထဲက သံချောင်းလေးကို လက်နှင့် …စမ်းရင်း ကိုရင်ကြီး၏အနားသို့သွား … တိုးတိုးလေးပြောပြလိုက်၏။

"ကိုရင်ကြီး၊ ဒီမှာ အသုဘမီး …ဂြိုဟ်တဲ့နေရာက မီးကြွင်းသံမှိုလေး …ားပြီဗျ။ ဦးမှုံကြီးကို မီးသဂြိုဟ်တဲ့ …ရာကလေ။ အဲဒါ ညကတောင် သရဲ …ကြီး သူ့သံမှိုလာတောင်းပြီးကြမ်းလို့ …ည့်တော် တစ်ညလုံးမအိပ်ရဘဲ ထိုင် …တ်နဲ့မိုးလင်းသွားတယ်"

ဟု ပြောပြလိုက်ရာ ကိုရင်ကြီး …က်လုံးပြူးသွားလေ၏။

"ဟာ - ဒုက္ခပဲ၊ ဓာကယ်များလား"

"တကယ်ပေါ့၊ ရော့ - ဒီမှာမီး …ကြွင်းသံမှိုလေး"

ကိုရင်ကြီးသည် ဖိုးပြည့်မောင် …တ်ပေးလိုက်သော သံမှိုလေးကို မယူ … ဖိုးပြည့်မောင်ကိုကြည့်လိုက်၊ သံမှို …လေးကို ကြည့်လိုက်နှင့်ဖြော၏။

"မင်းတို့ တကယ်လုပ်ကြတာပဲ။ …မလုပ်ကောင်းဘူးကွ။ သူ့နေရာကို …ပို့ကြ"

ဟု ပြောပြီး တွန်းလွှတ်၏။

"ကိုရင်ကြီးက ပီယဆေးဖော်ပေး …ယ်ဆိုလို့ တပည့်တော်ကို သင်္ချိုင်းကုန်း …သွားကောက်ကြတာလေ"

ဟု သံချောင်းက ဝင်ပြော၏။

"အဲဒါ ငါ မင်းတို့ကို တမင်နောက်ပြောတာကွ။ ပီယဆေးနဲ့ ဒီလူသေကို မီးသဂြိုဟ်ရာက သံမှိုနဲ့လည်း ဘာမှမဆိုင်လိမ့်မယ်လို့ မထင်ဘူး။ တကယ်တော့ ငါလည်း ပီယဆေးနဲ့ ပတ်သက်ပြီး တိတိကျကျ မလေ့လာရသေးပါဘူး။ သွား၊ သူ့နေရာကို ပြန်ပို့လိုက်ကြ။ ပြန်မပို့ရင် မင်းတို့ရော ရွာသားတွေပါ ဒုက္ခရောက်လိမ့်မယ်"

ဟု ကိုရင်ကြီးက မျက်လုံးပြူးပြူးနှင့်ပြော၏။

"ဒါဆိုရင် တပည့်တော်ကို ပီယဆေးမရတော့ဘူးလား"

ဟု ဖိုးပြည့်မောင်က မကျေနပ်သံနှင့် ပြော၏။

"အေးလေ၊ ငါမှ တကယ် ပီယဆေးအကြောင်းကို သိပ်ပြီးနားမလည်တဲ့ဥစ္စာ။ ဒါကြောင့် ငါမင်းတို့ကို စပြီးပြောပြောတာလို့ ပြောပြီးပြီပဲ။ မင်းတို့ ဒီလောက်ထိလည်း သတ္တိရှိကြလိမ့်မယ်လို့ မထင်ခဲ့ဘူး။ ဒါကြောင့်လည်း လွှတ်ခနဲပြောလိုက်မိတာပေါ့ကွ"

ဖိုးပြည့်မောင်သည် ကိုရင်ကြီးအား စိုက်ကြည့်ရင်းက သက်မတစ်ချက်ကိုချလိုက်သည်။ ကိုရင်ကြီးကိုလည်း အတော်လေးပင် မကျေမနပ်ဖြစ်သွားမိသည်။ ထို့ကြောင့် -

"ဒါနဲ့များ ကိုရင်ကြီးရယ်။ လေး၊ ငါး၊ ခြောက်လကြီးတောင် စပြောပြောပြီး တပည့်တို့ကို ချိုးရေခပ်ခိုင်း၊ သက်န်းလျှော်ခိုင်းလုပ်နေရသလားဗျာ"

"အဲဒါဘာဖြစ်လဲ။ မင်းတို့ကုသိုလ်ရတာပဲ မဟုတ်လား။ အခု ဒီသံမှိုကို သူ့နေရာပြန်ပို့လိုက်ကြ။ ဒီနေ့ကစပြီး မင်းတို့လည်း ငါ့ကိုရေခပ်ပေး၊ သက်န်းလျှော်ပေးလုပ်ပေးစရာလိုတော့ပါဘူး"

ဖိုးပြည့်မောင်နှင့် သံချောင်းတို့ ကိုရင်ကြီး၏အနားမှ ချာခနဲလှည့်ထွက်လာကြ၏။ ကိုရင်ကြီးကိုလည်း အတော်လေးပင် မကျေမနပ်ဖြစ်သွားကြသည်။ လူအချင်းချင်းသာဆိုလျှင် ရှပ်ပျက်ဆင်းပျက်အထိပင် လုပ်မိကြပေလိမ့်မည်။ မဟုတ်မဟတ် ပြောဆိုလိမ်ညာပြီး ချိုးရေခပ်ခိုင်းခြင်း၊ သက်န်းလျှော်ခိုင်းလုပ်သည်များကို တွေးပြီးလည်း ဒေါသထွက်၍မဆုံးဖြစ်နေကြသည်။

သင်္ချိုင်းကုန်းတောင်ခြေသို့ရောက်လျှင် ရပ်ပြီးစဉ်းစားကြသည်။ သံမှိုကို သွားကောက်တုန်းက တစ်စုံတစ်ရာကြောက်လန့်ခြင်းမရှိသလို ကောက်ယူနိုင်ခဲ့ကြသော်လည်း ယခု ပြန်ပို့ရန်လာကြသောအခါ သင်္ချိုင်းကုန်းထဲဝင်ရန်ကြောက်နေမိကြသည်။ ကုန်ခဲ့သည့်ညက သံမှိုပိုင်ရှင် သရဲကြီးဦးမှုံကိုယ်တိုင်ရောက်လာပြီး ကျိန်းသွားသည်ကိုလည်း ကြောက်ကြောက်နှင့် ပြန်လည်အမှတ်ရမိကြသည်။

ထို့ကြောင့် တွန့်ဆုတ်ဆုတ်ဖြစ်နေကြသည့် အချိန်မှာပင် ကိုချစ်လှလျှောက်လာနေသည်ကို တွေ့လိုက်ကြသည်။ ထို့ကြောင့် ဖိုးပြည့်မောင်က သံချောင်းအား ပြောလိုက်၏။

"ဟိုက်ကောင် သံချောင်း၊ ငါ့အကြံရလာပြီကွ။ မင်းနဲ့ငါ သင်္ချိုင်းထဲကို သွားစရာမလိုဘဲ ကိုချစ်လှကြီးကိုသွားခိုင်းလိုက်ရင် ပြီးမယ်ထင်တယ်"

"ကိုချစ်လှကြီးကို ဘယ်လိုပြောပြီးသွားခိုင်းမှာလဲ"

"အသာနေစမ်းပါ၊ မင်းကို ရှင်းပြနေဖို့ အချိန်မရဘူး။ ဟိုမှာ ကိုချစ်လှကြီးနီးလာပြီ။ ငါဘာလုပ်တယ်ဆိုတာပဲကြည့်နေ။ ဟိုက်ကောင်၊ ဒါပေမယ့် မင်းမရယ်နဲ့နော်"

သံချောင်းက ဆတ်ခနဲ ခေါင်းညိတ်၏။

ကိုချစ်လှကြီး အနားသို့ ရောက်လာသည်နှင့် သံချောင်းထဲက လက်ယက်တွင်းကလေးဆီ တန်းသွားပြီး လက်ခုပ်နှင့် ရေခပ်သောက်နေသည်။

"ကိုချစ်လှ၊ တောသရက်သီးမစားချင်ဘူးလားဗျ"

ဖိုးပြည့်မောင်က စကားစလိုက်၏။ တောသရက်သီးသည် အိမ်သရက်သီးလောက်မကြီးပေ။ ကြက်ဥအောက်အနည်းငယ်မျှငယ်ပြီး ယခုလို တာပေါင်းတာကူးလများတွင် စတင်၍ မှည့်လေ့ရှိသည်။

"စားချင်တာပေါ့ကွ၊ သရက်သီးကို မစားချင်သူရှိမလား"

ဟု ကိုချစ်လှက နှုတ်ခမ်းရေကျန်များကို လက်နှင့်သုတ်သပ်ရင်း ပြောသည်။

"စားချင် သင်္ချိုင်းကုန်းထဲကတော သရက်ပင်မှည့်ပြီဗျ။ မနေ့က ကျွန်တော်နဲ့ သံချောင်းတောင် သွားကောက်ပြီး စားကြသေးတယ်။ ဒါကြောင့် ကိုချစ်လှလည်း စားချင်ရင် သွားကောက်လိုက်"

ဟုပြောပြီး ဖိုးပြည့်မောင်သည် သံမှိုလေးကို ကိုချစ်လှ၏ လောက်လေးအိတ်ထဲသို့ အသာထည့်လိုက်၏။ ဤ



www.burmeseclassic.com

www.burmeseclassic.com

## လိုသူများသုံးစေဖို့

# ရှားပါး ဂါထာ မန္တန်တော်များ

မုဒိတာ(ကျိုက်လတ်)

ကျွန်ုပ်တို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့သည် ရတနာမြတ်သုံးပါးနှင့်တကွ မိဘ၊ဆရာသမားတို့အား အလေးဂရုဂါရဝပြုလျက် အစဉ်အမြဲ ဦးထိပ်ထားပြီး ဘုရားရှင် ဟောကြားတော်မူခဲ့သောတရားတော်များကို ကြားနာ ဖတ်ရှု လေ့လာ ကျင့်ကြံ ပွားများ အားထုတ်လာခဲ့ကြသည်။ ပုထုဇဉ်လူသားများပီပီ မိမိတို့၏ မိသားစုအတွက် ဆောင်ရွက်ရန်ဝတ္တရားရှိသည့် စား၊ ဝတ်၊ နေရေး ကိစ္စများကို ကြိုးပမ်းအားထုတ်လုပ်ကိုင်ဆောင်ရွက်ကြရသည်။ စီးပွားရေး၊ ကျန်းမာရေး၊ နေထိုင်ရေး၊ လူမှုရေးကိစ္စအဝဝတို့ကို လုပ်ကိုင်ဆောင်ရွက်ကြရာတွင် အသက်ရှည်ကျန်းမာကြစေရန်၊ ဘေးဥပဒ်အန္တရာယ်ကင်းဝေးကြစေရန်နှင့် စီးပွားဥစ္စာများ စည်းစိမ်ဓန လာဘ်လာဘများ ပေါများရရှိစေရန်အလို့ငှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ ပရိတ်တော်များ၊ သုတ္တန်ဒေသနာတော်များနှင့် ဂါထာတော်များကို ရှာဖွေကျက်မှတ် ရွတ်ဖတ် သရဇ္ဈာယ် ပွားများအားထုတ်ကြရသူများရှိပါသည်။

ယနေ့ခေတ် ဗုဒ္ဓဘာသာ လူငယ်လူရွယ် တော်တော်များများတို့သည် ရတနာသုံးပါး အပါအဝင် အနန္တောအနန္တငါးပါးကို သေချာစွာသိရှိသူ နည်းပါသည်။

ရတနာမြတ်သုံးပါးနှင့်တကွ သာသနာတော် တည်တံ့ခိုင်မြဲကြီးပွားတိုးတက်အောင် သယ်ပိုးဆောင်ရွက်တော်မူနေကြသော ရဟန်းသံဃာဆရာတော်ကြီးများ ပြုစုရေးသား စီကုံးထားခဲ့သည့် ရတနာသုံးပါးနှင့်သက်ဆိုင်သော ဂါထာမန္တန်တော်များ အများအပြားရှိခဲ့ပါသည်။ အချို့ဂါထာတော်များမှာ ရွတ်ဆိုသူများ နည်းပါးခြင်းကြောင့် တိမ်ကောပပျောက်သွားသည့် ဂါထာတော်များလည်းရှိပါ၏။အချို့မှာ ရသင့်သလောက်ဂါထာမန္တန်များကို ရရှိသူများလည်း ရှိပါသည်။ မကြားဘူး၊ မတွေ့ဘူး၊ မရသူများလည်း ရှိနိုင်ပါသည်။ လိုသူများအသုံးပြု ရွတ်ဖတ်ပူဇော်နိုင်ရန်အတွက် ရှားပါးဂါထာတော်များအား ဂါထာတော်များ၏ အနက်အဓိပ္ပာယ် အကျိုးအာနိသင်နှင့်တကွ ရေးသား ဖော်ပြပေးလိုက်ပါသည်။ လိုသူများရယူ၍ အကျိုးတရားများ ရရှိခံစားနိုင်ကြပါစေ

---

တွင် သံချောင်းရယ်ချင်နေသည်ကို မြင်သွား၍ ကိုချစ်လှ ဆတ်ခနဲ လှည့်ကြည့်၏။

"ဟိုက်ကောင်၊ မင်းဘာလုပ်တာလဲ"

ဟု လည်းမေးသည်။

ထို့ကြောင့် ဖိုးပြည့်မောင်လည်း အလိမ်ပေါ် မည်စိုး၍ ပါးစပ်မှာတွေ့သည်ကို ကောက်ပြောလိုက်၏။

"ဘာမှမဟုတ်ပါဘူးဗျာ။ ကိုချစ်လှရဲ့လောက်လေးအိတ်ထဲမှာ ဖက်ဆေးလိပ်များပါသလားလို့ပါ

"မပါဘူးကွ။ ငါမှ ဖက်ဆေးလိပ်မသောက်တာ။ ဘယ်ကလာ ဖက်ဆေးလိပ်ပါမှာလဲ"

ဟု ဆို၏။ နောက် ဘာမှမပြောပေ။ လွယ်အိတ်ကိုလည်းစစ်၍မကြည့်။ ထို့ကြောင့် ဖိုးပြည့်မောင် အသက်ရှူချောင်သွားပြီး ကိုချစ်လှကြီးအား မြန်မြန်တွန်းပို့ပေးလိုက်၏။

"ကိုချစ်လှ မြန်မြန်သွားလေဗျာ။ တော်ကြာ သူများဦးသွားလို့ ငတ်တော့မှာပဲ။ ဘာလဲ၊ သချိုင်းကုန်းကို မသွားရဲဘူးလား"

"သွားရဲပါတယ်။ နေ့ခင်းကြီးဘာလို့ သရဲကြောက်မှာလဲ"

ဟု ပြောပြီး ကိုချစ်လှ ထွက်သွားလေ၏။

ကိုချစ်လှသည်ကား ကြံခင်းနှင့် ဆေးရွက်ကြီးခင်းများကို လုပ်ကိုင်၏။ သူ့လုပ်ခင်းများကိုလည်း သည်အနားမှာပင် ဖြတ်သွားလေ့ရှိ၏။ ထို့ကြောင့် ဖိုးပြည့်မောင်တို့နှင့် ယခုကိစ္စ အဆင်ပြေသွားခြင်း ဖြစ်၏။

ဖိုးပြည့်မောင်နှင့် သံချောင်းတို့ ကိုချစ်လှ၏အခြေအနေကို စောင့်ကြည့်နေကြ၏။ လက်ယက်တွင်းလေးနားမှ သုံး၊ လေးကွက်မျှရှိသော လယ်ကွင်းလေးကိုဖြတ်ပြီးနောက် သချိုင်းကုန်းကစတက်ရသည်။ ထိုနေရာသည် နွားစာကျက်ကုန်းလေးဖြစ်၏။ နွားစားကျက်ကုန်းနှင့် တစ်စပ်တည်းမှာပင် လူသေကောင်ကို မြေမြှုပ်သော သချိုင်းကုန်းကြီး ဖြစ်၏။

သချိုင်းကုန်းနေရာသည် နွားစားကျက်မဟုတ်တော့ဘဲ သစ်တောကြီးဖြင့် အုပ်ဆိုင်းလျက်သာရှိသည်။ ထို့ကြောင့် တော်ရုံတန်ရုံလူများပင် တစ်ယောက်တည်း မဝင်ရဲကြပေ။ ယခု ကိုချစ်လှကြီးသည် တန်းပြီးဝင်သွားလေ၏။ ထို့ကြောင့် ဖိုးပြည့်မောင်နှင့် သံချောင်းတို့လည်း မျက်တောင်မခတ်စတမ်း စိုက်ကြည့်နေကြသည်။ ထို့နောက် ကိုချစ်လှ၏အော်သံကို ပွက်ပွက်ဆူ၍ကြားလိုက်ရလေသည်။

"အောင်မယ်လေး ကယ်ကြပါဦး... သေပါပြီဗျ"

ကိုချစ်လှကြီးသည် မျက်လုံးများပြူး၊ ပါးစပ်ကြီးပြဲပြီး အူရားဖားရား... သချိုင်းကုန်းမှ ပြေးဆင်းလာလေသည်... ထို့ကြောင့် ဖိုးပြည့်မောင်နှင့် သံချော... တို့လည်း အခြေအနေမဟန်သည်ကို... ၍ ထွက်ပြေးကြလေ၏။

"ဟိုကောင်လေး ငါ့အိတ်ထဲ... ဘာတွေထည့်ပေးလိုက်လဲ မသိ... လက်မည်းကြီး ငါ့အိတ်ကို နှိုက်ရင်း... အိတ်ကိုပါ လုထားလိုက်ပြီ။ မပြေး... မင်းတို့ကို ဓားနဲ့ ခုတ်သတ်မယ်"

ဖိုးပြည့်မောင်နှင့် သံချောင်းတို့... နောက်ကိုပင် လှည့်မကြည့်ရဲတော့... ကျောင်းဘက်ကို ဦးတည်ပြီး အား... သုတ်လာကြလေသည်။

"ဟိုဟာလေးတွေမပြေးနဲ့။ မင်း... ကို ငါဓားနဲ့ခုတ်သတ်မယ်။ တော... မပြေးနဲ့"

မင်း...



www.burmeseclassic.com

www.burmeseclassic.com

သတည်း။

**ထိုရာဂုဏ် ပြည့်စုံစေသော ဂါထာတော်**

*ကွစ္စိတာ ကွစ္စိတံ နာထံ၊ ကွဒ္ဒီ*
*တိတ္ထေဖာ် သေဝီဟံ၊ ကွဒ္ဒီ တတ္ထာ*
*ယ ဝန္ဒာမိ၊*
*ကွဒ္ဒီ တတ္ထံ ဒဒါတု မေ။ 'နမော*
*ဗုဒ္ဓသ' အဂ္ဂေါဟ မသ္မိ လောက*
*သာ၊*
*ဇေဋ္ဌောဟ မသ္မိ လောကဿ၊*
*သေဋ္ဌောဟ မသ္မိ လောကဿ၊*
*အယမန္တိမာဇာတိ၊ နတ္ထိဒါနိ ပုန*
*ဗ္ဘဝေါတိ။*

(အဆင့်မြင့်ရွတ်ဖွယ်)

'ဤလောကတွင် ငါသည်သာ အမြတ်ဆုံး၊ ဤလောကတွင် ငါသည်သာ အကြီးဆုံး၊ ဤလောကတွင် ငါသည်သာ အချီးမွမ်းထိုက်ဆုံး' ဟူ၍ စိတ်တွင် ယုံမှတ်ပြီး စိတ်ချစွာ ခိုင်ခိုင်မာမာ ရွတ်ဆိုပါ။

**ရွတ်ဆိုမှု၏အကျိုး**

မိမိအာရုံတွင် ဤအနက်ကို သိရှိထားပြီး အထက်ပါဂါထာကို ဌာနဆိုင်ရာကိစ္စများ၊ ကိုယ်ရေးကိုယ်တာကိစ္စများနှင့် အမှုအခင်းကိစ္စများ၊ စကားအပြိုင်အဆိုင်၊ ခပ်သိမ်းသောကိစ္စများ၊ စကားပြောပွဲများတွင် စိတ်နှင့်ရွတ်ဆို၍ ဆိုင်ဆိုင်ပါ။ အောင်မြင်မည်၊ အနိုင်ရမည်၊ တစ်ပန်းသာမည်၊ အခြေအနေသာမည်၊ အဆင့်မြင့်အောင်မြင်မည်ဖြစ်ပါသည်။

**ရှစ်ချက် (သို့) လိုရာရ လက်ရုံးကြီးဂါထာ**

**သံ**သာရ *စက္ကဝိဒ္ဓံ***သံ**၊
**သံ** *သုဒ္ဓ မသ* *ဩရ***သံ**၊
**သံ**ဆိန္နကံ *ဘဝေအာ***သံ**၊
**သံ**ယံ *အပိ သုမာန* **သံ**။

သံသရာ ကိလေသာ တဏှာတို့ကို တင်းကွာပြတ်ပြတ် ပယ်ဖြတ်ငြိမ်းသတ်တော်မူပြီး ကောင်းမြတ်လွန်းမကကောင်းမြတ်လှစွာသော မြတ်စွာဘုရားရှင်အား လည်းကောင်း။

သံသရာ ကိလေသာ တဏှာတို့ကို ပယ်ဖြတ်တော်မူသော မြတ်စွာဘုရားရှင်၏ မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်ပရိယတ်တရား မြတ်ဆယ်ပါးကို လည်းကောင်း။

သံသရာ ကိလေသာ တဏှာတို့ကို ပယ်ဖြတ်တော်မူသော မြတ်စွာဘုရားရှင်၏ အရိယာသံဃာတော်သူမြတ်တို့ဖြစ်သော မဂ်၌တည်သော ပုဂ္ဂိုလ်လေးယောက်၊ ဖိုလ်၌တည်သော ပုဂ္ဂိုလ်လေးယောက် ဤရှစ်ယောက်သော အရိယာသံဃာတော်တို့ကို လည်းကောင်း ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

၎င်းဂါထာ (၃) ကြိမ် ရွတ်ဆိုပြီး (၉) ကြိမ်ဦးချပါ။ ဦးချပြီး လက်ရုံးဆန့်တန်း၍ လိုရာတမ်းတ ဆုတောင်းပါက လိုရာဆန္ဒပြည့်ဝစေနိုင်၏။

**အာယုခက်သဗ္ဗဇယမင်္ဂလာဂါထာ**

*စိရံ တိဋ္ဌတု မေ အာယု၊ လာဘံ လဘတု သဗ္ဗဒါ၊ ဇယော ဘဝတု သဒါ မေ၊ သောက ရောဂါ ဝိနသန်။*

**မေ** - ငါ၏၊ **အာယု** - အသက်သည်၊ **စိရံ** - ကြာရှည်စွာ၊ **တိဋ္ဌတု** - တည်ပါစေသတည်း။

**သဗ္ဗဒါ**- အချင်းခပ်သိမ်း၊ **လာဘံ**- လာဘ်သည်၊ **ဘဝတု**- စင်စစ်မသွေဖြစ်ပါစေသတည်း။

**သောကရောဂါ**- စိုးရိမ်ခြင်း၊ ပူပန်ခြင်း ဟူသော အနာရောဂါတို့သည်၊ **ဝိနာသန်** - ကင်းငြိမ်းလွင့်ပျောက်ခြင်းသို့၊ **ပါပုဏန္တု** - ရောက်ကြပါစေကုန်သတည်း။

**လူမိုက်ကိုရှောင်ကွင်းနိုင်သောမန္တန်**

*ဗာလံ န ပဿေ နသုဏေ၊ နစ ဗာလေန သံဝသေ၊*
*ဗာလေ နာလာပ သလ္လပံ၊ န ကရေ နစ ရောစယေ။*

**ဗာလံ** - လူမိုက်ကို၊ **နပဿေ** - မမြင်ရလို။

**န သုဏေ** - လူမိုက် ဘယ်မှာရှိသည်ဟူသောသတင်းစကားကို မကြားလို။

**ဗလေန** - လူမိုက်နှင့်၊ **န သံဝသေ**- အပေါင်းအသင်းမလုပ်လို။ **ဗလေန** - လူမိုက်နှင့်၊ **အာလာပသလ္လာပ** - စကားစမြည်ပြောဆိုရန်ကိုပင်၊ **နကရေ** - မပြုလုပ်လို။

**ဗာလံ** - လူမိုက်ကို၊ **နစ ရောစယေ**- မကြည်ဖြူ မနှစ်ခြိုက် မကြိုက်ရလိုပါ။

**သဗ္ဗသိဒ္ဓိဂါထာတော်**

*သဗ္ဗေ ဒေဝါစ ယက္ခာစ၊ ဘူတာ ပေတာစ ဇောဂနီ၊ ရာဇမေတ္တာ မနုဿာစ၊ သဗ္ဗေဒေဝါ ဝိနာ မေန္တု။*
*ဒိသွာဝ ပိယာတော စိတ္တံ၊ ပုတ္တောဝ သိနေဟံ မမ၊ ဗုဒ္ဓဿအာနုဘာဝေန၊ သဒါ ဟောန္တု ပိယံ မမ။*

**သဗ္ဗေ** - ခပ်သိမ်းကုန်သော၊ **ဒေဝါစ** - နတ်တို့သည်လည်းကောင်း၊ **ယက္ခာ**- ဘီလူးတို့သည်လည်းကောင်း၊ **ဘူတာပေတာစ** - ဖုတ်၊ ပြိတ္တာတို့သည်လည်းကောင်း၊ **ဇော်ဂနီ**- စုန်းကြမ်းကဝေ ထွေထွေတည်တည် ဇော်ဂနီတို့သည်လည်းကောင်း၊ **ရာဇမေတ္တာစ**- မင်းတို့၏အမတ်တို့သည်လည်းကောင်း၊ **မနုဿာစ**- လူတို့သည်လည်းကောင်း၊ **မမ**- ကျွန်ုပ်ထံသို့၊ **ဝိနာမေန္တု**- ညွတ်ကြစေကုန်သတည်း။

**တေသံ** - ထိုပုဂ္ဂိုလ်တို့၏၊ **စိတ္တံ** - စိတ်သည်၊ **ပိယတော** - ချစ်သောအားဖြင့်၊ **ဒိသွာဝ** - ကြည့်၍သာလျှင်၊ **မမ** - ကျွန်ုပ်အား၊ **ပုတ္တောဝ** - သားကဲ့သို့၊ **သိနေဟံ** - ချစ်ခြင်းကို၊ **ကရောန္တု** - ပြုကြပါစေ၊ **ဗုဒ္ဓဿ** - သစ္စာသိမြင် ဘုရားရှင်၏၊ **အာနုဘာဝေန** - တန်ခိုးတေဇော်အာနုဘော်တော်ကြောင့်၊ **မမ** - ကျွန်ုပ်အား၊ **သဒါ** - အခါခပ်သိမ်း၊ **ပိယာ** - မြတ်နိုးကြကုန်သည်၊ **ဟောန္တု**- ဖြစ်ကြပါစေကုန်သတည်း။

**နှစ်ကျိပ်ရှစ်ဆူ**
**အတိုကောက်ဘုရားရှိခိုးဂါထာ**

*တံ မေ သ ဒီ၊ ကော မင် သု ရေ၊ သော အ ပ နာ၊ ပ သု သု ပိ၊ အ ဓမ် သိ တိ၊ ဖု ဝိ သိ ဝေ၊ က ကော က ဂေါ၊ နမာမဟံ။*
*တေသံဓမ္မဥ္စ၊ သံဃဥ္စ အာဒရေန နမာမဟံ၊ နမက္ကာရာ နုဘာဝေန၊ သဗ္ဗေ ပူရေန္တု သင်္ကပ္ပာ။*

■ တဏှင်္ကရာအစ ဂေါတမ မြတ်စွာဘုရားရှင်အဆုံး နှစ်ကျိပ်ရှစ်ဆူကုန်သော ဘုရားမြတ်အပေါင်းတို့အား ရှိခိုးပါ၏။

■ ထိုဘုရားရှင်၏ တရားတော်မြတ်အပေါင်းနှင့် သံဃာတော်အရှင်မြတ်အပေါင်းတို့အားလည်း ရိုသေစွာ ရှိခိုးပါ၏။

■ ဤသို့ ရွတ်ဆို မြတ်ကုသိုလ်ကြောင့် အလုံးစုံသော လိုအင်ဆန္ဒ ကြံစည်သမျှတို့သည် ပြီးပြည့်စုံပါစေသတည်း။

*အားလုံးပြည့်ဝကုံလုံ ကြွယ်ဝချမ်းသာ တိုးတက်ကြီးပွားဖွံ့ဖြိုးကြပါစေ*

မုဒိတာ (ကျိုက်လတ်)

www.burmeseclassic.com

ဝက်မစွတ်ဝန်ထောက်မင်းသည် ကုန်းဘောင်ခေတ်နှောင်းတွင် မင်းတုန်းမင်းနှင့် သီပေါမင်းလက်ထက် မင်းနှစ်ဆက်တိုင်တိုင် အမှုထမ်းဆောင်ခဲ့ရသော မင်းမှုထမ်းကောင်းတစ်ဦး ဖြစ်သည်။ ဝက်မစွတ်ဝန်ထောက် ဦးလတ်ဟု ထင်ရှားသည်။ ဝက်မစွတ်ဝန်ထောက်၏မိဘများမှာ ဦးမှုံနှင့် ဒေါ်ဗိုင်းတို့ ဖြစ်သည်။ ဒုတိယသားဖြစ်သည်ဟု သိရှိရသည်။ ဖွားမြင်ရာအရပ်မှာ အမရပူရမြို့ဖြစ်သည်။ အကြီးတော်ဦးမှုံနှင့် ဒေါ်ဗိုင်းတို့တွင် သားသမီးလေးဦး ထွန်းကားခဲ့သည်။ အကြီးဆုံးသားမှာ ဦးဘား (နောင်ခါ တောင်ငူ ၉ - ခရိုင်ဝန်) ဖြစ်သည်။ ဒုတိယသားမှာ နောင်ခါ ဝက်မစွတ်ဝန်ထောက်ဖြစ်လာမည့် ဦးလတ်

# ကျော်ဝင်း (ရန်ကုန်တက္ကသိုလ်)

# အမိန့်တော်ထဲက ဝက်မစွတ်ဝန်မင်း၏မင်းမှုထမ်းဘဝ

ဖြစ်သည်။ တတိယမှာ သမီးဖြစ်၍ ခင်မိမိ (သံတော်ဆင့် ဦးဘိုးသွယ်၏ ဇနီး) နှင့် စတုတ္ထသားမှာ မောင်ရှင်ကလေးခေါ် (စာရေးတော်ကြီး) ဖြစ်သည်။

ဦးလတ်သည် ငယ်စဉ်ခါက အမရပူရမြို့ အရှေ့ပြင်မိုးထိတိုက်ဆရာတော် ဦးသုတထံတွင် ပညာသင်ကြားခဲ့သည်။ ဆရာတော် ဦးသုတထံတွင် ပညာမသင်ကြားမီကပင် ဦးလတ်အား ဖခင်ဖြစ်သူ အကြီးတော်ဦးမှုံ (နေမျိုးမင်းလှစည်သူ) သည် ဦးလတ်နှင့် အစ်ကိုဖြစ်သူ ဦးဘားတို့အား ငါးရာ့ငါးဆယ်ဇာတ်တော်များနှင့်တကွ ဝတ္ထုနိပါတ်၊ ရာဇဝင်ပုံပြင်၊ ပျို့၊ လင်္ကာ၊ ဧချင်း၊ မော်ကွန်း၊ ရတုရကန်၊ သတ်ပုံ၊ စာပေစီကုံးရေးသားနည်း၊ စာဖတ်နည်း၊ စာရွတ်နည်းကို ပို့ချသင်ကြားပေးခဲ့သည်ဟု သိရှိရသည်။

ဖခင်သာမက မိခင်ဖြစ်သူ အကြီးတော် ဒေါ်ဗိုင်းကိုယ်တိုင်ကလည်း ဝတ္ထုနိပါတ်၊ ပျို့ကဗျာ၊ လင်္ကာ၊ ဧချင်း၊ ရတုစသည်တို့ကို သားများအား သင်ကြားပေးခဲ့သည်။ ဤသို့ လက်ဦးဆရာ မည်ထိုက်စွာသော ပုဗ္ဗာစရိယ မိဘတို့၏ သင်ကြားမှုကို ခံယူရသဖြင့်လည်း သားကောင်းရတနာများ ဖြစ်ခဲ့ကြသည်။ ဆရာတော်ဦးသုတကျောင်းသို့ ရောက်ရှိသွားသောအခါတွင်လည်း ဆရာတော်သည် ဦးလတ်နှင့် အစ်ကိုဖြစ်သူ ဦးဘားတို့အား စာပေရွတ်ဖတ်မှု၌ ကောင်းမွန်လိမ္မာခြင်း၊ လက်ရေးလက်သားလှပကောင်းမွန်ခြင်းတို့နှင့် ပြည့်စုံစေရန် လေ့ကျင့်သင်ကြားပေးခြင်းတို့ကို ခံယူရပြန်သည်။

အထူးသဖြင့် ဝက်မစွတ်ဝန်ထောက်ဖြစ်လာမည့် ဦးလတ်သည် ငယ်ရွယ်စဉ်ကပင် နိပါတ်တော်များ၊ ဇာတ်ကြီးဆယ်ဘွဲ့ဝတ္ထုများကို နှုတ်စလျှာစနှင့် သံနေသံထားကျနစွာ ရွတ်ဖတ်တတ်သဖြင့် . နားထောင်ရသူတိုင်း၏ ချီးကျူးခြင်းကိုခံရသည်။ အသက် (၁၂) နှစ်အရွယ်တွင် တရားသူကြီး မင်းကြီးမင်းလှကျော်သူက အရေးအဖတ်တော်သည့် ဦးလတ်ကို တရားရုံးတွင် ရှေ့ဖတ်





www.burmeseclassic.com

www.burmeseclassic.com

မှုလုပ်စေခဲ့သည်ဟု သိရှိရသည်။

ဝန်ထောက်တော် အသည်ဝန်တိုင်တားမြို့ကလည်း ဦးလတ်၏အရေးအသား၊ အရွတ်အဖတ်ကို နှစ်သက်သဘောကျ၍ သားအဖြစ် မွေးစားခဲ့သည်။ တိုင်တားမြို့စား ကွယ်လွန်သွားသောအခါ လယ်ကိုင်းမြို့စား ကင်းဝန်မင်းကြီးဖြစ်လာမည့်' စာရေးတော်ကြီး သပြေငါးရွာစား မဟာမင်းကျော်စည်သူက ဦးလတ်အား သူနှင့်အတူနေစေခဲ့သည်။ ဦးလတ်အသက် (၁၅) နှစ်အရောက်တွင် မင်းတုန်းမင်းတရားကြီး၏စာတော်ဖတ်အဖြစ် ခန့်အပ်ခံရသည်။ ဦးလတ်သည် မင်းတုန်းမင်းလက်ထက်နှင့် သီပေါမင်းလက်ထက်တော်များတွင် ရာထူးအဆင့်ဆင့် တိုးမြှင့်ခံထား သူကောင်းပြုခြင်းခံရပုံကို အမိန့်တော်များတွင် တွေ့ရှိရပါသည်။

ပထမဦးစွာ ဦးလတ်အား အဝမြို့စာရေးခန့်တော်မူသည့် 'အမိန့်ပြန်တမ်းတစ်ကြောင်းစာချွန်' ကို အောက်ပါအတိုင်းတွေ့ရှိရသည်။

*ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ရေမြေအသျှင် ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများရှင်၊ လက်နက်စကြာသခင် အသျှင်ဘဝရှင်မင်းတရားကြီးဘုရား။ သက္ကရာဇ် ၁၂၂၉ ခု၊ ကဆုန်လဆန်း ၃ ရက်နေ့။ စာတော်ဘတ်နေမျိုးမင်းလှသိခ်သူကို အောင်မြေသာစည်မြို့စာရေး ခန့်တော်မူသည်။*

အမိန့်တော်ပါ အောင်မြေသာစည်မြို့ဆိုသည်မှာ ရတနာပူရအင်းဝမြို့တော်ဟောင်းကြီးပင် ဖြစ်သည်။ မင်းတုန်းမင်းတရားကြီးသည် ရတနာပုံမြို့၌ ထီးနန်းစိုက်တော်မူသောအခါ အင်းဝမြို့ကို အောင်မြေသာစည် ဟူသောအမည်သမုတ်တော်မူထားခြင်း ဖြစ်သည်ဟု သိရှိရသည်။

အင်းဝခေါ် အဝမြို့ (အောင်မြေသာစည်)မြို့တွင် မြို့ဝန်လစ်လပ်နေခိုက်တွင် စာတော်ဖတ် ဦးလတ်အား မြို့စာရေးကြီးအဖြစ် ခန့်တော်မူခြင်းဖြစ်သည်။ ထိုအချိန်တွင် ဦးလတ်သည် အသက် (၂၂)နှစ် မျှသာ ရှိသေးသည်။ မြို့စာရေးဦးလတ်သည် မိမိကိုပေးအပ်သော တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့သည်။ မြို့ရေးမြို့ရွာမှုရှိသည်များကို မြို့ရုံးအရာရှိများနှင့် ညှိနှိုင်းတိုင်ပင်၍ မြို့ရွာသာယာငြိမ်ဝပ်ပိပြားအောင် ထိန်းအုပ်ခဲ့သည်။ သို့ဖြစ်၍ အောင်မြေသာစည်မြို့ အဝမြို့ဟောင်းသည် ရှေးကထက် အခြေအနေ တိုးတက်ကောင်းမွန်လာသည်။

ဦးလတ်သည် အဝမြို့စာရေးအဖြစ် ထမ်းဆောင်ခဲ့ပြီးနောက် မင်းတုန်းမင်းက သူ့အား ဖြတိုက်သံတော်ဆင့်ရာထူးဖြင့် တိုးမြှင့်ခန့်ထားခြင်းခံရပြန်သည်။ ဤအကြောင်းနှင့် စပ်လျဉ်း၍ အမိန့်တော်တွင် အောက်ပါအတိုင်း တွေ့ရှိရသည်။

**ဖြတိုက်သံတော်ဆင့် ခန့်တော်မူသည့် အမိန့်တော်**

*ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော ရေမြေအသျှင် ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများရှင်၊ လက်နက် စကြာသခင် အသျှင်ဘဝရှင်မင်းတရားကြီးဘုရား။ သက္ကရာဇ် ၁၂၃၁ ခု၊ နယုန်လပြည့်ကျော် ၆ ရက်နေ့ စာတော်ဘတ် အောင်မြေသာစည် မြို့စာရေး နေမျိုးမင်းလှသိခ်သူကို ဖြတိုက်သံဆင့် ခန့်တော်မူသည်။*

ဦးလတ်သည် ၁၈၆၈ - ၆၉ တွင် ပိဋကတ်သုံးပုံပါ ပါဠိတော်များကို ပုံနှိပ်ရန် ရတနာပုံနေပြည်တော်သို့ ပြန်လာရသည်။ မင်းတုန်းမင်းတရားကြီးဟာ ပိဋကတ်တော်ကို လက်တွေ့ပုံနှိပ်ပြသရာတွင် အလွန်နှစ်သက်သဘောကျသဖြင့် ဦးလတ်ကို ဖြတိုက်သံတော်ဆင့်အဖြစ် ခန့်အပ်ခဲ့ခြင်း ဖြစ်သည်။ ဖြတိုက်သံတော်ဆင့်ရာထူးအပြင် နေမျိုးမင်းထင်ဘွဲ့ကိုပါ ထပ်မံချီးမြှင့်ခြင်းခံရသည်။ ဦးလတ် ထမ်းဆောင်ရသော အမှုတော်များလည်းတိုး၍လာသည်။ ပုံနှိပ်လုပ်ငန်းကို ကြီးကြပ်ရခြင်း၊ ရှား၊ နှမ်းတို့ကို ခံဝန်သည့်အတိုင်သွင်းရန် မြို့ရွာအကြီးအအုပ်များထံ ဆင့်ဆိုရခြင်း၊ ရန်ကုန်မြို့များသို့ မှာကြားထားသည့် ပစ္စည်းများ မကြန့်ကြာစေရန် ကိုယ်စားလှယ်များသို့ဆင့်ဆိုရသည့် တာဝန်များကို ထမ်းဆောင်ရသည်။ ဦးလတ်သည် မိမိအားပေးအပ်ထားသော အမှုတော်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့သည်။ သို့ဖြစ်၍လည်း ထပ်မံသူကောင်းပြုခြင်းခံရသည်။ ၁၈၇၁-၇၂ ခုနှစ်တွင် ဦးလတ်သည် သံတော်ဆင့်ရာထူးကို ရရှိခဲ့ပြန်သည်။ ဤအကြောင်းနှင့် စပ်လျဉ်း အမိန့်တော်တွင် -

*ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ရေမြေအသျှင် ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများရှင်၊ လက်နက်စကြာသခင် အသျှင်ဘဝရှင် မင်းတရားကြီးဘုရား။ သက္ကရာဇ် ၁၂၃၃ ခု၊ တန်ဆောင်မုန်းလဆန်း ၁၅ ရက်နေ့။ စာတော်ဘတ် နေမျိုးမင်းလှကျော်သူကို သံတော်ဆင့်ခန့်တော်မူသည်။*

ဟု ဖော်ပြပါရှိသည်။

ထို့အပြင် တစ်နှစ်လျှင် ရန်ပုံတော်ငွေ (၁၂၀၀) လည်း သနားတော်မြတ်ခံရသည်။ သံတော်ဆင့်ရာထူးနှင့်အတူ ကျိုဝန်စာရေးရာထူးကိုလည်း တွဲဖက်ခန့်ထားခြင်း ခံရသည်။ ကျိုဝန်စာရေးခန့်တော်မူသည့်အမိန့်တော်တွင်-

*ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော ရေမြေအသျှင် ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများရှင် လက်နက်စကြာသခင် အသျှင်ဘဝရှင်မင်းတရားကြီးဘုရား။ သံတော်ဆင့်နေမျိုး မင်းလှကျော်သူကို ကျိုဝန်စာရေးခန့်တော်မူသည်။*

ဟု တွေ့ရှိရသည်။

မူလသံတော်ဆင့်ရာထူးအတွက် လစာတော်ငွေ (၁၂၀၀) အပြင် ကျိုဝန်စာရေးတော်အတွက် (၁၂၀၀) ထပ်မံရရှိ၍ နှစ်ရပ်ပေါင်းလစာငွေ (၂၄၀၀ိ) ကို သနားတော်မြတ်ခံရသည်။ ထိုစဉ်က ကျိုဝန်စာရေးရာထူးသည် တံစိုးလက်ဆောင်ရသောရာထူးဖြစ်သဖြင့် တစ်သက်စားမကုန်နိုင်သောဌာနမျိုး ဖြစ်သည်ဟု သိရှိရသည်။

ဦးလတ်သည် အထက်ပါရာထူးများအပြင် ထပ်မံ၍ လှေတော်အုပ်အရာ၊ ဝယ်တော်အုပ်ရာထူးများကိုလည်း ထပ်မံ ရရှိပြန်ကြောင်း အမိန့်တော်များအရ သိရှိရသည်။ မင်းတုန်းမင်းသည် ဦးလတ် ထမ်းရည်ရွက်ရည်ပြည့်စုံမှုကို နှစ်သက်သဘောကျသောကြောင့် ရွှေစလွယ် (၉) သွယ်ကို လက်တော်ကိုင်၍ သနားတော်မူသည်ဟုလည်း မှတ်သားရသည်။

ဝက်မစွတ် ဝန်ထောက် ဦးလတ်သည် မင်းတုန်းမင်းလက်ထက်တွင် သာမက မန္တလေးရတနာပုံ ဒုတိယနန်းစံ အရှင်ဘဝရှင်မင်းတရားကြီးလက်ထက်တော်တွင်လည်း သူကောင်းပြုခြင်းကိုခံခဲ့ရသည်။ သီပေါမင်းလက်ထက် ၂၁၊ ဇူလိုင်၊ ၁၈၈၀ ပြည့်နှစ်တွင် ဝန်ထောက်ရာထူးကို တိုးမြှင့်ခန့်ထားခဲ့သည်။ ဤအကြောင်းနှင့်စပ်လျဉ်း၍ အမိန့်တော်တွင် -



www.burmeseclassic.com

www.burmeseclassic.com

သုခစုစ်

# နေ့အလိုက် ကံကြမ္မာ အဖြေရှာ

လွန်ခဲ့သော (၁၅) နှစ်ခန့်က တစ်ခုသောလတစ်လ၏နေ့တစ်နေ့ နေ့လယ်ခင်းအချိန်တွင် ကျွန်ုပ်သည် ကျိုက်လတ်မြို့ (၉) ဖြတ်လမ်းရှိ ဆရာ၏အိမ်သို့ စီးတော်မြဲ စက်ဘီးလေးဖြင့် ရောက်ရှိသွားပါသည်။ ကျွန်ုပ် ရောက်ရှိသွားချိန်တွင် ဆရာသည် ဌာနတစ်ခုမှ ရုံးဝန်ထမ်းမိန်းကလေးတစ်ဦးအား ဗေဒင်ဟောပြောနေသဖြင့် ခေတ္တစောင့်ဆိုင်းနေလိုက်ပါသည်။ မကြာမီတွင် ဗေဒင်မေးပြီးသွား၍ ထိုမိန်းကလေးသည် ဆရာ့ကို ဦးချကာ နှုတ်ဆက်ပြီး ပြန်သွားပါသည်။ ကျွန်ုပ်လည်း ပါလာသော မုန့်ထုပ်ကို ဆရာ့အား ရိုရိုသေသေဖြင့် သွားပေးလိုက်ပါသည်။

ဆရာက-

"မင်းသားသမီးတွေ နေထိုင်ကောင်းကြတယ်မလား"

"ဟုတ်ကဲ့၊ ကောင်းပါတယ် ဆရာ"

"အေးအေး - ကျန်းမာရေးတော့ ဂရုစိုက်ကြကွာ။ ကျန်းမာရေးက အရေးကြီးတယ်"

"ဟုတ်ကဲ့ပါ ဆရာ"

ထို့နောက် ဆရာသည် တစ်စုံတစ်ခုကို စဉ်းစားနေဟန်ပြုကာ ခေတ္တငြိမ်သွား၏။ ထို့နောက် ကျွန်ုပ်အား ဘောလ်ပင်နှင့် စာရွက်ပိုင်းလေးကို ခပ်လေးလေးဖြင့် လှမ်းပေးလိုက်ကာ -

"အခုရောက်ရှိနေတဲ့ ခုနှစ်သက္က ရာဇ်၊ လ၊ ရက်ကနေ မင်းရဲ့ မွေးခုနှ သက္ကရာဇ်၊ လ၊ ရက်ကို နုတ်၊ အဖြေ ကို တစ်လုံးတည်းကျန်အောင်ပေါင်း နောက်ဆုံးရတဲ့ ဂဏန်းကို ငါ့ကိုပြော"

ဟု ဆိုလေရာ ကျွန်ုပ်သည် ဆရာ ပြောသည့်အတိုင်း စာရွက်ပေါ်တွင် ဘောလ်ပင်ဖြင့် ချရေးကာ တွက်ချက် လိုက်ပါသည်။

"(၅) ဂဏန်းရပါတယ် ဆရာ"

"အေး - (၅) ဂဏန်းရတဲ့နေ့ဆို တော့ ဒီနေ့ မင်းဆီကို မင်းလုံးဝမျှော်လင့် မထားတဲ့ဆီကနေ လာဘ်လာဘဝင်လာ တတ်တယ်တဲ့။ ဟုတ်လား"

"ဟာ - ဟုတ်တယ်ဆရာ။ မနက် က စာတိုက်ကနေ ပါဆယ်တစ်ထုပ် ရောက်လာတယ်၊ ကျိုင်းတုံက အဒေါ်

၁၉၉၈ - ၆ - ၁၈ (ရောက်ရှိနေသော ခုနှစ်၊ လ၊ ရက်)
- ၁၉၇၂ - ၁၀ - ၁၀ (မွေးသက္ကရာဇ်၊ လ၊ ရက်)
၂၅ - ၈ - ၈

၂ + ၅ + ၈ + ၈ = ၂၃ = ၅

---

*. . . မင်းကြီးမင်းထင်မဟာစည်သူသည် ကျေးဇူးသစ္စာတော် (၂) ပါးကို စောင့်သိစွာ အမှုတော်ကို ဖြောင့်ဖြောင့်ရိုးရိုး ကြိုးစားအားထုတ် ထမ်းရွက်မည့်သူ ယုံမှတ်သနားတော်မူသည့် ရောင်းရင်းဘက် ကျွန်တော်မျိုး ဖြစ်သောကြောင့် ဝန်တို့ကို ထော်မလှူံဆော်စိမ့်မည်။ ဝန်ထော်ခန့်တော်မူသည်။*

အမိန့်တော်အရ မင်းကြီးမင်းထင်စည်သူဘွဲ့ခံ ဦးလတ်သည် ကျေးဇူးသစ္စာသိတတ်ခြင်း၊ အမှုတော်ကို ဖြောင့်ဖြောင့်မှန်မှန် ကြိုးစားအားထုတ် ထမ်းရွက်ခြင်းတို့ကြောင့် သီပေါမင်းက ဝန်ထောက်အရာခန့်ထားခြင်း ဖြစ်ကြောင်း ထင်ရှားပါသည်။

၂၃ ဩဂုတ်၊ ၁၈၈၀ ပြည့်တွင်မူ ဦးလတ်အား ဝက်မစွတ်မြို့ကို ပေးသနားသည်။ အမိန့်တော်တွင် -

*. . . သက္ကရာဇ် ၁၂၄၂ ခု၊ ဝါခေါင်လပြည့်ကျော် ၃ ရက်နေ့။ ဝန်ထောက် မင်းကြီးမင်းထင်မဟာစည်သူကို ဝက်မစွတ်မြို့စားသနားတော်မူသည်။ အခွန်အတုပ်ကို ရှေးအစဉ်ထုံးစံရှိသည့်အတိုင်း မှန်ကန်အောင် စစ်ကြော၍စား။ မြို့ရွာကို စည်ပင်အောင် ပြုစု။ အစဉ်အလာကို မ,စ သိမ်းပိုက်။*

ဟူ၍ တွေ့ရှိရသည်။

ထိုအချိန်မှစ၍ ဝက်မစွတ်ဝန်ထောက်ဟုလူသိများခဲ့သည့် ဝက်မစွတ်ဝန်ထောက်မင်း မဟာမင်းထင်စည်သူသည် ဝန်ထောက်မြို့သာမြို့ဝန် ပဌနဂိုရ်မြို့စားမင်းကြီး မဟာမင်းကျော်ရာဇာနည်းတူ ဘွဲ့အစီးအနင်းအဆောင်အရွက်များနှင့် တစ်နှစ်လျှင် ရန်ပုံငွေ (၆၀၀၀) သနားတော်မြတ်ခံရသည်ဟုလည်း အမိန့်တော်အရ သိရှိရသည်။ ဝက်မစွတ်ဝန်ထောက်အဖြစ် အမှုတော်ကို ကျေပွန်စွာထမ်းဆောင်နေစဉ်မှာပင် တဘီယ-မြန်မာစစ် ပေါ်ပေါက်လာခဲ့သည်။ မြန်မာတို့အရေးနိမ့်ပြီး အရှင်နှစ်ပါးလည်း အိန္ဒိယနိုင်ငံသို့ ခေါ်ဆောင်သွားခြင်းခံရသည်။ သီပေါမင်းနှင့် မိဖုရားကို ဂေါဝိန်ဆိပ်ကမ်းသို့ ခေါ်ဆောင်သွားရာတွင် ဝက်မစွတ်ဝန်ထောက်သည် ပင်းတလဲဝန်ထောက်နှင့်အတူ ထီးဖြူမိုးပြီးလိုက်ပို့ခဲ့ကြောင်း သိရှိရသည်။

ဝက်မစွတ်ဝန်ထောက်မင်းဦးလတ်သည် သံတော်ဆင့် မိုင်းခိုင်မြို့စား ဒိ ကတ်တော်အုပ် မဟာမင်းလှဇေယ သ ဘွဲ့ခံ ဦးယံ၏ သမီးလတ် မှန်းနန်းအ တော် သုနိမ္မာခင်လေးလတ်နှင့် အိ ထောင်ကျခဲ့သည်။ သားသမီးငါးဦးထ ကားခဲ့သည်။ အမိန့်တော်များအရ ဝ မစွတ်ဝန်ထောက်ဦးလတ်သည် စာ ဗဟုသုတနှင့်ပြည့်စုံပြီး ထူးချွန်ထက်မြ သူဖြစ်ကြောင်း၊ ပေးအပ်သော တာ များကို မလစ်လပ်ရအောင် သစ္စာ အမှုထမ်းသဖြင့် မင်းတုန်းမင်းနှင့် သီ မင်းတို့၏ ချီးမြှင့်သူကောင်းပြုခြင်းကို ကြောင်း တင်ပြလိုက်ပါသည်။

ကျော်ဝင်း (ရန်ကုန်တက္ကသိုလ်

ကျမ်းကိုး -


၁။ ဝက်မစွတ်ဝန်ထောက်၏ နေ့ မှတ်တမ်း (ပထမတွဲ)၊ ၁၈၈ ၁၈၈၈၊ ဒေါက်တာ သန်းထွ (တည်း)၊ Yangon Myanm Historieal Commission.

၂။ ဒဂုန်ခင်ခင်လေး၊ ဝက်မ အတ္ထုပ္ပတ္တိနှင့်စာပေများ၊ ဒဂုန်ခင်ခင်လေး စာ ပုံတိုက်၊

၃။ ဝက်မစွတ်ဝန်မင်းဘိုး။




www.burmeseclassic.com

www.burmeseclassic.com

ဆီက ချုပ်ဝတ်ဖို့ပိတ်စတွေရယ်၊ မိုးကာအင်္ကျီတစ်ထည်ရယ်၊ ကောက်ညှင်းမွှေး လက်ဖက်ခြောက်တစ်ထုပ်ရယ်၊ ပဲပုပ်တွေရယ်ပို့လိုက်ပါတယ် ဆရာ။ ဆရာပြောတာ မှန်ပါတယ်"

ကျွန်ုပ်သည် အားရဝမ်းသာ အံ့သြစွာဖြင့်ပြန်ဖြေလိုက်ရာ ဆရာက-

"အေး - အဲဒီနူမရယ်လော်ဂျီ ညာခန်းကို အခု မင်းကို ငါတစ်ခါတည်း သင်ပေးလိုက်မယ်။ တစ်ခါတည်းကူးသွား"

"ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်တော်ကူးသွားပါ့မယ်"

ထို့နောက် ဆရာသည် (၁) ဂဏန်းရသောနေ့မှ (၉) ဂဏန်းရသောနေ့အထိ ဟောချက်များကို ခေါ်ပေးပါသည်။ ကျွန်ုပ်လည်း ဆရာ့ဆီမှ A4 စာရွက်တစ်ရွက်တောင်းကာ ဝမ်းသာပျော်ရွှင် စိတ်အားထက်သန်စွာဖြင့် လိုက်လံ ရေးမှတ်ကာ ကူးယူလာခဲ့ပါတော့သည်။

**(၁) ဂဏန်းရတဲ့နေ့**

ဒီနေ့မှာ အကြံအစည်အသစ်တွေ၊ လုပ်ငန်းအသစ်တွေ၊ အတွေ့အကြုံအသစ်တွေ ရောက်လာလိမ့်မယ်။ အိပ်ရာကနိုးပြီး မျက်လုံးပွင့်ကတည်းက ဒီနေ့တော့ ငါတစ်ခုခုရတော့မှာပဲလို့ စိတ်မှာပိုက်ထားပါ။ မုချတစ်စုံတစ်ခုရရှိမယ့်နေ့ပဲ။

**(၂) ဂဏန်းရတဲ့နေ့**

ဘယ်သူတွေဘာပဲဖြစ်ဖြစ် ကိုယ်က ကြားဝင်ပြီးဖျန်ဖြေပေးရတတ်တယ်။ …ကွာနေတဲ့ လူနှစ်ယောက်အတွက် ကိုယ်က ဆက်သွယ်ပေးရတတ်တယ်။ ဒီနေ့ဟာ ဘယ်လိုအကြောင်းအရာကိုပဲ ပြောပြော ကိုယ်ပြောသမျှကို ဘယ်သူမှ မဟုတ်ဘူးလို့မပြောဘဲ လက်ခံမယ့်နေ့ဖြစ်တယ်။ အမှန်တော့ ဒီနေ့ဟာ …နှစ်ဖက် အုပ်စုနှစ်ခု ပြေပြေလည်လည်ဖြစ်သွားအောင် ဖျန်ဖြေပေးရတတ်တဲ့နေ့မျိုးပဲ။ ပြီးတော့ ဘာကိုပဲလုပ်လုပ် …ရားက ကိုယ့်ကို မျက်နှာသာပေးမယ့်နေ့မျိုးပဲ။

**(၃) ဂဏန်းရတဲ့နေ့**

ဒီနေ့ဟာ အူမြူးရမယ့်နေ့ ဖြစ်တယ်။ ဘေးက ကိုယ့်ကိုကြည့်နေတဲ့သူတွေတောင် အူမြူးလှချေလားလို့ ထင်ရလောက်အောင် အူမြူးနေတတ်တယ်။ ပွဲလမ်းသဘင်၊ ရုပ်ရှင်ကြည့်ဖြစ်တတ်တယ်။ ပျော်ပွဲစားထွက်တဲ့အဖွဲ့နဲ့ ပါသွားတတ်တယ်။ အပျော်ကြူးတဲ့နေ့တစ်နေ့ပဲ။ ပြီးတော့ ဘာကိုပဲလုပ်လုပ် ကံကောင်းတဲ့နေ့ဖြစ်တဲ့အတွက် ရဲရဲသာလုပ်ပါ။

**(၄) ဂဏန်းရတဲ့နေ့**

ဒီနေ့တော့ လေးထောင့်ခြံခတ်ထားတဲ့အထဲမှာ ပိတ်မိနေသလိုပဲ။ စိတ်အိုက်လူအိုက်ဖြစ်တတ်တယ်။ အလုပ်တွေပိနေတတ်တယ်။ ထွက်ပေါက်မရှိဘဲဖြစ်နေတတ်တယ်။ စိတ်အိုက်စရာတွေနဲ့ ကြုံတွေ့ရတတ်တယ်။ (အဲဒါတွေ လွှန်မြောက်လိုပါက တစ်နေ့လုံး အားတိုင်း သတိရတိုင်း အရဟံသိဒ္ဓိကို အကြိမ်များစွာ ရွတ်ဖတ် ပူဇော်နေပါ။)

**(၅) ဂဏန်းရတဲ့နေ့**

ဘာပဲလုပ်လုပ် ရည်ရွယ်ချက်မထားဘဲ လုပ်စရာရှိတာတွေကိုလုပ်ပါ။ ရည်ရွယ်ချက်တွေထားပြီး ငါဘာလုပ်မယ်ဆိုရင် ပျက်သွားမှာသေချာတယ်။ ခရီးထွက်ချင်ထွက်ပစ်လိုက်ပါ။ ဝယ်စရာရှိရင်လည်း ဝယ်ပစ်လိုက်ပါ။ ဘာကိုမှစိမ်ကိန်းချပြီးမလုပ်နဲ့။ လုပ်ရင်လွဲကုန်မှာပဲ။ ပြီးတော့ ဒီနေ့ဟာ မျှော်လင့်ချက်မထားတဲ့ဆီက လာဘ်လာဘဝင်လာတတ်တယ်။

**(၆) ဂဏန်းရတဲ့နေ့**

ဒီနေ့ဟာ ကိုယ့်အတွက် အလုပ်လုပ်ရတာနည်းတယ်။ သူတစ်ပါးကို ကူညီရတာများတယ်။ သူတစ်ပါးအတွက် အချိန်ယူပြီး ကူညီလုပ်ကိုင်ရတာများတယ်။ ဒီအတွက်လည်း ကိုယ့်ကိုယ်ကိုယ် ပီတိဖြစ်နေတတ်တယ်။ ပြီးတော့ လူငယ်လူရွယ်ဆိုရင်လည်း အချစ်ရေးကိစ္စတွေ ပေါ်ပေါက်လာတတ်တယ်။ ကိုယ်က သူတစ်ပါးကို ကူညီသလို ကိုယ့်ကို သူတစ်ပါးက ဒီနေ့မှာ ထိုက်ထိုက်တန်တန်ကူညီကြပါလိမ့်မယ်။ ဒါကြောင့် ဒီနေ့ရတဲ့ရလဒ်ဟာ နောင်အခါမှာ ကိုယ့်ကို ဘယ်လိုအကူအညီတောင်းတောင်း ကူညီဖြစ်အောင် ကူညီလိုက်ပါ။ အရေးကြီးတဲ့ စာချုပ်စာတမ်းတွေချုပ်မယ်ဆိုရင် ဒီနေ့ဟာ အကောင်းဆုံးပါပဲ။

**(၇) ဂဏန်းရတဲ့နေ့**

ဒီနေ့ဟာ ကိုယ့်ဟာကိုယ် တစ်ယောက်တည်း အေးအေးဆေးဆေးထိုင်နေပြီး ပုတီးစိပ်ရတတ်တယ်။ တရားထိုင်နေမိတတ်တယ်။ ဒါမှမဟုတ် ကိုယ့်ခေါင်းထဲကို မမျှော်လင့်ဘဲ လေးနက်တဲ့အတွေးအခေါ်တွေ ရောက်လာတတ်တယ်။ ပြီးတော့ ထူးထူးဆန်းဆန်းစကားတွေ၊ သတင်းတွေရောက်လာတတ်တယ်။ အံ့သြစရာကောင်းတဲ့အဖြစ်အပျက်မျိုးတွေ ဖြစ်ပျက်ကြုံတွေ့ရတတ်သည်။ ပြီးတော့ သွားလေ့သွားထမရှိတဲ့နေရာကို အမှတ်မထင်ရောက်သွားတတ်တယ်။ ဥပမာ တစ်နှစ်မှာ တစ်ခါ၊ နှစ်ခါလောက်သာသွားလေ့ရှိတဲ့ မိတ်ဆွေအိမ်ကို အမှတ်မထင်ရောက်သွားတတ်တယ်။ အဲဒီလိုပဲ မိတ်ဆွေတွေကိုယ့်ဆီ ရောက်လာတတ်တာမျိုးတွေ ကြုံရတတ်တယ်။ ထူးထူးဆန်းဆန်းအစားအသောက်တွေ ဒီနေ့မှာ စားဖြစ်တတ်တယ်။

**(၈) ဂဏန်းရတဲ့နေ့**

စိတ်ညစ်စရာတွေ၊ ကြေကွဲစရာတွေရောက်လာတတ်တယ်။ ဘဝမှာ အရေးကြီးတဲ့ အပြောင်းအလဲမျိုးတွေဟာ ဒီလိုနေ့မျိုးမှာဖြစ်တတ်တယ်။ ထူးခြားတဲ့ လောကီပညာတွေ၊ ဂန္ဓာရီအတတ်တွေ စပြီးသင်ဖြစ်တတ်တယ်။ မိုးလင်း အိပ်ရာကနိုးကတည်းက စိတ်မှာလေးသလိုလိုထင်နေတတ်တယ်။ ကံကောင်းတဲ့နေ့လို့မဆိုနိုင်ဘူး။ အရေးကြီးတဲ့အလုပ်တွေ မလုပ်ဖြစ်ဖို့ သိထားရမယ်။ (တစ်နေ့လုံး အားတိုင်း၊ သတိရတိုင်း ဘုရားဂုဏ်တော်ကိုးပါးကို စိတ်ထဲမှ တတွတ်တွတ်ရွတ်ဖတ်ပူဇော်နေပါ)

**(၉) ဂဏန်းရတဲ့နေ့**

ဒီနေ့ဟာ အကောင်းဆုံးနေ့လည်း ဖြစ်နိုင်တယ်။ အဆိုးဆုံးနေ့လည်း ဖြစ်နိုင်တယ်။ ဆုံးဖြတ်ရခက်တဲ့နေ့ပဲ။ ဘာပဲဖြစ်ဖြစ် ဘာသာရေးအကြောင်းတွေ စကားစပ်မိပြီးပြောဖြစ်ကြတယ်။ ဘာသာရေးနဲ့ပတ်သက်တဲ့ကိစ္စတွေ ဆောင်ရွက်မိမယ်။ ကိုယ့်အိမ်ကို ဘုရားဆင်းတုတွေ၊ ရဟန္တာပုံတော်တွေရောက်လာတတ်တယ်။ ဒီနေ့မှာ တခြားအလုပ်တွေ လုပ်မယ့်အစား တန်ခိုးကြီးဘုရားဆီကို သွားပြီး ပုတီးစိပ်နေတာ အကောင်းဆုံးပဲ။ အိမ်ကိုလည်း ဘုန်းကြီးရဟန်းတွေ၊ သီလရှင်တွေ၊ သူတော်ကောင်းတွေ ရောက်လာတတ်တယ်။ ဂန္ဓာရီဆရာတွေ၊ လောကီပညာရှင်တွေနဲ့ တွေ့ကြုံတတ်တယ်။

ကောင်းမှုအကြောင်းပြု
တောင်းဆုပြည့်ပါစေ

သုခစုစ်




www.burmeseclassic.com

www.burmeseclassic.com

စာရေးသူတို့မိသားစု ကိုယ်တွေ့ကြုံခဲ့ရတဲ့ အဖြစ်ပျက်လေးတစ်ခုပါ။ လွန်ခဲ့သော (၁၂) နှစ်၊ (၁၃) နှစ်လောက်တော့ရှိမယ်လို့ ခန့်မှန်းရပါတယ်။ စာရေးသူတို့ မိသားစုဟာ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကျောက်ရေတွင်း (၅) ရပ်ကွက်၊ အာဇာနည်လမ်း စည်ပင်အိမ်ရာ- လိုင်း (၉)၊ အခန်း (၃) မှာ မိသားစု (၃) ယောက် အတူနေထိုင်ပါတယ်။

စာရေးသူတို့ နေထိုင်တဲ့နေရာက အရင်တုန်းက သချိုင်းဟောင်းတစ်ခုပါ။ သချိုင်းဟောင်းကိုဖျက်ပြီး စည်ပင်ဝန်ထမ်းမိသားစုများအား နေရာချထားပေးခြင်း ဖြစ်ပါတယ်။ စာရေးသူအမျိုးသမီးကတော့ စည်ပင်က စာရေးမလေးတစ်ယောက်ဖြစ်ပြီး သားလေးတစ်ယောက်ရှိပါတယ်။ သားလေးကတော့ အဲဒီအချိန်တုန်းက တစ်နှစ်ဝန်းကျင်လောက်တော့ရှိမယ်ထင်ပါတယ်။

စာရေးသူဟာ အလုပ်သွားတိုင်း အိမ်မှာရှိတဲ့ဘုရားကို ရှိခိုးကန်တော့ပြီးမှ သွားလေ့ရှိပါတယ်။ တစ်နေ့ အလုပ်သွားဖို့ ဘုရားရှိခိုးမယ်ဆိုပြီး ဘုရားကျောင်းဆောင်ရှေ့ လက်အုပ်ချီကာ ဘုရားကို မော့ကြည့်လိုက်တော့ ပလ္လင်ပေါ်မှ ဘုရားဆင်းတုတော်ဟာ အိမ်အပြင်ဘက်ကို လှည့်နေတာ ဖူးတွေ့လိုက်ရပါတယ်။ စာရေးသူလည်း ပထမတော့ ကြောင်ပြီးကြည့်နေမိပါတယ်၊ နောက်မှ သတိဝင်လာပြီး ဘုရားကို နဂိုမျက်နှာမူတဲ့အတိုင်းပဲ ပြန်လှည့်ထားလိုက်ရပါတယ်။ စိတ်ထဲမှာလည်း ဒါဟာ အိမ်မြှောင်တို့၊ ကြွက်တို့ ပလ္လင်ပေါ် တက်လို့ တိုက်မိပြီး လှည့်သွားတယ်လို့




www.burmeseclassic.com

www.burmeseclassic.com

မှတ်ယူလိုက်ပါတယ်။

ဘုရားကျောင်းဆောင်ဟာ အိမ်ခေါင်းရင်း အရှေ့ဘက်နံရံမှာ ကပ်ရိုက်ထားတဲ့အတွက်ကြောင့် ဘုရားဟာ အရှေ့ဘက်ကို ကျောခိုင်းပြီး အနောက်ဘက်ကို မျက်နှာမူထားခြင်း ဖြစ်ပါတယ်။ ဘုရားတော် (၆) လက်မလောက်ရှိပြီး ရွှေချထားတဲ့ ကျွန်းသားမုနိရုပ်ပွားတော်ပါ။ အောက်ခံပလ္လင်ကလည်း မှန်စီရွှေချထားတဲ့ (၅) လက်မလောက်ရှိတဲ့ ပလ္လင်လေးပါ။ ထိုဘုရားလေးအား ယနေ့ထိ ကိုးကွယ်လာတာ (၁၅) နှစ်လောက်ကြာခဲ့ပါပြီ။ ဒီနေ့အထိ စာရေးသူအိမ်မှာ ကိုးကွယ်ထားလျက်ပါ။

ဒီလိုနဲ့ နှစ်ရက်လောက်ကြာတော့ ထုံးစံအတိုင်း အလုပ်သွားခါနီး ဘုရားကန်တော့မယ်ဆိုပြီး လက်အုပ်လေးချီပြီး ဘုရားကို မော့ကြည့်တော့ တစ်နေ့တုန်းကအတိုင်း ရုပ်ပွားတော်ဟာ ပလ္လင်ပေါ်ကနေ အနောက်ဘက်ကို မျက်နှာမူရာကနေ အိမ်ရဲ့တောင်ဘက် (အိမ်အပြင်ပြတင်းပေါက်) ဘက် မျက်နှာမူနေတာကို တွေ့ရပြန်ပါတယ်။ ဒါနဲ့ စာရေးသူဟာ အမျိုးသမီးကိုခေါ်ပြီး ပြောပြတော့ သူလည်း အဲဒါသတိထားမိနေတာ ကြာလှပြီတဲ့။ ကြွက်တွေ၊ အိမ်မြှောင်တွေကြောင့်ပဲလို့ ထင်ပြီး မူလရှိတဲ့အတိုင်းပဲ ပြန်ပြီးလှည့်ပေးထားလိုက်တယ်လို့ ပြောပါတယ်။

စာရေးသူ စဉ်းစားကြည့်မိတယ်။ စာရေးသူတို့ နေထိုင်ရာ အိမ်တွေက ချင်းတွေ မဟုတ်ပါဘူး။ အခန်း (၆) ခန်းကို တစ်လိုင်းဆိုပြီး အတွဲလိုက်နေကြတော့ တစ်ခန်းနဲ့တစ်ခန်း နံရံတစ်ချပ်စီခြားပြီး ဘုရားကျောင်းဆောင်တွေကိုတော့ အခန်းတိုင်းက ခေါင်းရင်းနံရံမှာကပ်ပြီး ရိုက်ထားကြတာတွေပါတယ်။ ဒါကြောင့် ခေါင်းရင်းခန်းက တစ်ခုခု ကြမ်းကြမ်းတမ်းတမ်း တာတို့၊ တူထုတာတို့၊ ကလေးတွေ တစားတာတို့ရှိခဲ့ရင်တော့ ဘုရားကျောင်းဆောင်ကဘုရားလည်း လှုပ်ချင်လှုပ်မယ်၊ ရွေ့ချင်လည်း ရွေ့နိုင်ပါတယ်။ ဒါပေမယ့် စာရေးသူ ခေါင်းရင်း လင်မယားနှစ်ယောက်တည်း ပြီး တစ်လမှ တစ်ခေါက်၊ နှစ်ခေါက်လောက်ပဲ အိမ်ကိုလာပြန်ကြည့်တဲ့သူ ပါ။ အလုပ်ထဲနေတာ များကြပါတယ်။

သည်လိုနဲ့ပဲ အကြိမ်အရေအတွက်တလည်း ခဏခဏဖြစ်လာပြီး တစ်ကြိမ်နဲ့တစ်ကြိမ် ထူးခြားမှုကလည်း တစ်ပုံစံတည်းဖြစ်နေတော့ စာရေးသူဟာ စိတ်ထဲမှာ မတင်မကျလေးဖြစ်နေမိပါတယ်။ ဒါနဲ့ပဲ စာရေးသူဟာ သည်ကိစ္စကို တိတိကျကျအဖြေရှာမှုဖြစ်တော့မယ်ဆိုပြီး တစ်ညမှာ စာရေးသူရဲ့ဇနီးနဲ့ သားလေးအိပ်ပျော်နေတုန်း အိပ်ခန်းထဲကထွက်ပြီး အိမ်ရဲ့ခြေရင်းဘက်နံရံမှာ ကပ်ထိုင်ကာ ခေါင်းရင်းဘက် ဘုရားကျောင်းဆောင်ကဘုရားကို မျက်နှာချင်းဆိုင်ပြီး တစ်ညလုံး စောင့်ကြည့်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ တစ်အိမ်လုံးလည်း လျှပ်စစ်မီးတွေပိတ်ပြီး အမှောင်ချထားပါတယ်။ မီးပိတ်ခါစမို့ ဘာမှရှင်းရှင်းလင်းလင်း မမြင်ရပေမယ့် ကြာကြာလေး အမှောင်ထဲမှာ နေလာမိတော့ သူနေရာနှင့်သူတော့ အရာအားလုံးကို ဝေဝေဝါးဝါးမြင်နေရပါတယ်။

ဒီလိုနဲ့ ညတစ်နာရီထိုးလည်း မထူးခြား၊ နှစ်နာရီထိုးလည်း မထူးခြား စာရေးသူလည်း ဘယ်ချိန်အိပ်ပျော်သွားမှန်း မသိလိုက်ပါဘူး။ အိပ်ပျော်ရာက ပြန်နိုးတော့ နံနက် (၅) နာရီထိုးပါပြီ။ ဒီတော့မှ သတိဝင်ပြီး ဘုရားကို အပြေးအလွှားကြည့်တော့ ထုံးစံအတိုင်း အိမ်အပြင်ဘက်ကို မျက်နှာမူနေတာ ဖူးတွေ့လိုက်ရပြန်ပါတယ်။

တစ်နေ့တော့ အိမ်က အမျိုးသမီးနဲ့တိုင်ပင်ပြီး အိမ်ကိုဆွမ်းခံကြွတဲ့ သက်တော်ကြီးဘုန်းကြီးတစ်ပါးကို ဒီကိစ္စနဲ့ ပတ်သက်ပြီး မေးမြန်းပြောဆို ဆွေးနွေးမိပါတယ်။

ဘုန်းကြီးကတော့ ဒါဟာအတိတ်နိမိတ်တွေပဲ။ ဘုရား၊ တရားမမေ့ဖို့၊ စိတ်ကောင်းကောင်းထားဖို့၊ စိုးရိမ်စိတ်တွေမဝင်ဖို့ သတိပေးပြောကြားသွားပါတယ်။ ဘုန်းတော်ကြီးဟာ စာရေးသူတို့ မိသားစုကို စိတ်မကောင်းဖြစ်မှာစိုးရိမ်တဲ့အတွက် ထွေထွေထူးထူး သိပ်ပြောမသွားပေမယ့် တစ်ခုခုဖြစ်လာတော့မယ်ဆိုတာကိုတော့ သိနေပုံရပါတယ်။

ဒီလိုနဲ့ နောက်နှစ်ရက်လောက်ကြာတော့ အလုပ်ကပြန်လာလာချင်း ဇနီးသည်ရဲ့ ပြောစကားကြောင့် အရမ်းစိတ်မကောင်းဖြစ်သွားမိပါတယ်။ စာရေးသူတို့ နေထိုင်တဲ့ အာဇာနည်လမ်း (၅) ရပ်ကွက် ကျောက်ရေတွင်း မရမ်းကုန်းမြို့နယ်မှာရှိတဲ့ စည်ပင်သာယာဝန်ထမ်းအိမ်ရာဝင်းကြီးတစ်ခုလုံး ပြောင်းရွှေ့ပေးရတော့မယ်ဆိုတဲ့ သတင်းပါပဲ။ အဓိကအကြောင်းရင်းကတော့ စာရေးသူတို့ စည်ပင်ဝင်းနဲ့ ကပ်လျက်ရှိတဲ့ သီလရှင်ကျောင်းမှ သီလရှင်ကြီး ဒေါ်မမြသီမှ ဘုရားတည်မှာ ဖြစ်သောကြောင့် စည်ပင်ဝင်းမြေနေရာအား လှူဒါန်းလိုက်တာလို့ သိရပါတယ်။ တချို့ကျတော့လည်း ရောင်းလိုက်တယ်လို့လည်း ပြောကြပါတယ်။ သေချာတော့လည်း မစုံစမ်းကြည့်ပါဘူး။

စာရေးသူတို့ကတော့ ထိုနေရာကနေ အပြီးပိုင် ပြောင်းရွှေ့ပြီး အထက်ကလူကြီးတွေ စီစဉ်တဲ့အတိုင်း နောက်နေရာသစ်တစ်ခု ရောက်ရှိလို့နေပါပြီ။ ဝန်ထမ်းဘဝဆိုတာကတော့ ရာထူးကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ မမြဲတဲ့ တရား လက်ကိုင်ထားရစမြဲပါ။

အခုဆိုရင် စာရေးသူတို့ အရင်နေခဲ့တဲ့နေရာမှာ ဘုရားလည်းတည်ပြီးသွားပါပြီ။ မြောက်ဥက္ကလာဘက်ခြမ်းကသွားရင် ကျောက်ရေတွင်းဘူတာ၊ ကျောက်ရေတွင်းကားမှတ်တိုင်၊ ဘုန်းကြီးလမ်းမှတ်တိုင်တွေကနေ လှမ်းကြည့်ရင် ဘုရားကြီးကို သပ္ပာယ်စွာ ဖူးမြော်နိုင်ပါတယ်။ စာရေးသူဟာ ထိုဘုရားကြီးကို အနီးကပ် သွားရောက် မဖူးမြော်ဘူးပေမယ့်လည်း မြောက်ဥက္ကလာဘက်ရောက်တိုင်း ကားပေါ်မှနေ ဖူးမြော်ခွင့်ရပါတယ်။ ကားပေါ်ပါလာတဲ့ ခရီးသည်တစ်ဦးကို မေးကြည့်သောအခါ -

"ကျွန်တော် ဒီရပ်ကွက်မှာနေတာတော့ မဟုတ်ပါဘူး။ ဒါပေမယ့် ဖြတ်သွားဖြတ်သွားရှိတော့ သူများတွေပြောတာ ကြားနေရပါတယ်။ ပုဂံက သဗ္ဗညုဘုရားပုံစံအတိုင်း ပြန်တည်တာမို့လို့ 'သဗ္ဗညု' ဘုရားလို့တော့ ပြောသံကြားပါတယ်"

ဟု ခရီးသွားတစ်ဦးမှ စာရေးသူအား ရှင်းပြခဲ့ဖူးပါသည်။

စာရေးသူ အဓိကပြောချင်တာကတော့ ဘယ်အရာမဆို အတိတ်နိမိတ်တွေဟာ သူနေရာနဲ့သူ အနည်းနဲ့အများတော့ရှိတတ်ကြပါတယ်။ အမှုမဲ့အမှတ်မဲ့နေကြလို့သာ မမြင်ရ၊ မတွေ့ရ၊ မကြုံရခြင်းဘဲဖြစ်ပါတယ်လို့ စာရေးသူရဲ့ ကိုယ်တွေ့အဖြစ်ပျက်လေးနဲ့ ယှဉ်ပြီး ရေးသား တင်ပြလိုက်ပါတယ်။

*အတိတ်ကောင်း၊ နိမိတ်ကောင်းများနဲ့ တွေ့ကြုံကြပြီး အကျိုးထူးများ ရရှိခံစားနိုင်ကြပါစေ။*

နေဦး (အ-စ အောင်ဆန်း)



www.burmeseclassic.com

www.burmeseclassic.com

ဒီနှစ် သကြံန်ရက်တစ်တွင်းလုံး ကျွန်တော် အပြင်မထွက်ဖြစ်ပါ။ ဂျာနယ်ဖတ်ရင်း၊ မဂ္ဂဇင်းဖတ်ရင်းနှင့် ပင် အချိန်တွေကို ကုန်လွန်စေခဲ့သည်။ ကျွန်တော်ဖတ်ဖြစ်ခဲ့သော မဂ္ဂဇင်းမှာ သုရဿမဂ္ဂဇင်းဖြစ်သည်။ မဂ္ဂဇင်းကတော့ အသစ်မဟုတ်။ ပြီးခဲ့တဲ့နှစ် ဖေဖော်ဝါရီလထုတ်ဆိုတော့ သိပ်အဟောင်းကြီး မဟုတ်သလို မဖတ်ရသေးတော့လည်း ကျွန်တော့်အတွက်ကတော့ အသစ်ဟု ဆိုချင်ပါသည်။

ကျွန်တော်ဖတ်နေသော မဂ္ဂဇင်းတွင် စာရေးဆရာ မောင်မင်းယဉ်(ကူမဲ) ရေးသားသော 'ပရလောကသားများနှင့် တွေ့ဆုံခြင်း' ဝတ္ထုတိုလေးကို ဖတ်ခဲ့ရသည်။ ကျွန်တော့်အနေနှင့် ပရလောကသားများနှင့် ပတ်သက်လျှင် စိတ်ဝင်စားတတ်သည်မို့ ဆရာ့ဝတ္ထုကို စိတ်ဝင်တစားဖတ်ဖြစ်ခဲ့သည်။


ဆရာ ရေးသားထားသော ပရလောကသားများအကြောင်းဖတ်ရင်းမှပင် ပရလောကသားများနှင့် ပတ်သက်၍ မြို့ဦးစာသင်တိုက် ဆရာတော်ကြီး ပြောပြခဲ့ဖူးသော စကားများကို သတိရလိုက်မိသည်။

"ဒီလိုရှိတယ် ဒကာကြီး။ ကျုပ်တို့ ဗုဒ္ဓဘုရားရှင် ဟောကြားခဲ့တဲ့ တရားဒေသနာတွေထဲမှာ ကုသိုလ်ကောင်းမှု

(မြိုင်သား)

# စနေထွန်း

## ကျွန်တော်တွေ့မြင်ခဲ့ရဖူးသော ပရလောကသားတစ်ဦး





www.burmeseclassic.com

www.burmeseclassic.com

ပြုခွင့်မရတဲ့အရပ်ကို ပါဠိလို 'အပါယ' မြန်မာလို 'အပါယ်'လို့ ဖွင့်ဆိုထားတာဗျ။

အပါယ်ဆိုတာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ဆိုတာကို ကျုပ်တို့ ဗုဒ္ဓဘာသာဝင်တိုင်း သိကြပြီးသားလေဗျာ။ ကျုပ်ပြောချင်တာက အဲဒီ အပါယ်လေးဘုံထဲက ပြိတ္တာတို့ရဲ့ အကြောင်းပဲဗျ။ ပြိတ္တာဆိုတာ ခင်ဗျားတို့၊ ကျုပ်တို့တစ်တွေ အမြဲတမ်းပြောနေကြတဲ့ တစ္ဆေ၊ မှင်စာ၊ သရဲစတဲ့ ပရလောကသားတွေပဲပေါ့ဗျာ။

အဲဒီလိုနေတဲ့အထဲမှာ လူတွေနဲ့နီး



www.burmeseclassic.com

www.burmeseclassic.com

စပ်တဲ့ အိမ်ကြို့အိမ်ကြားတို့၊ ကျောင်းကြို့ ကျောင်းကြားတို့၊ တောင်ကြို့တောင်ကြားတွေထဲမှာနေကြတဲ့ ပြိတ္တာလို အကောင်မျိုးတွေက လူတွေကံနိမ့်တတ်တဲ့အခါမျိုးမှာပဲဖြစ်ဖြစ်၊ လူကိုချစ်ခင်ပြီး နောက်ပြောင်ကျီစယ်ချင်လို့ပဲဖြစ်ဖြစ်၊ သူတို့တစ်တွေ စားချင်သောက်ချင်လို့၊ ဒါမှမဟုတ် လူကိုနှုတ်ဆက်ချင်လို့၊ ဒုက္ခပေးချင်လို့ဆိုတဲ့အခါမျိုးတွေမှာ လူတွေကို ခြောက်လှန့်ပြတတ်ကြတယ် ဒကာကြီးရဲ့။

အဲဒီလို သူတို့က ခြောက်လှန့်တဲ့အခါမှာ ကိုယ်ထင်ပြတာတို့၊ ညည်းညူသံပေးတာတို့၊ အနံ့ပေးတာတို့၊ အိမ်မက်ပေးတာတို့၊ ပူးဝင်တာတို့၊ ပူးဝင်ပြီးပြောတာတို့ စတဲ့နည်းတွေကိုသုံးပြီး သူတို့ရှိတယ်ဆိုတာကို အသိပေးကြတာလေဗျာ" တဲ့။

ခုလည်း ကျွန်တော်ဖတ်နေသော ဆရာ၏ စာထဲမှ ပရလောကသားများသည် ဆရာတော်ပြောခဲ့ဖူးသလိုပင် ဆရာ၏မိတ်ဆွေများကို ကျီစယ်ချင်လို့ပဲလား ဒါမှမဟုတ် စားချင်သောက်ချင်ရှာလို့လားဆိုတာ စဉ်းစားဖွယ်ရာ ဖြစ်နေပါသည်။

ဆရာရေးသားသောစာကို ဆုံးအောင်ဖတ်ပြီးချိန်တွင် 'ငါလည်း တစ်ခါတုန်းက ဒီလိုပရလောကသားဖြစ်တဲ့ တစ္ဆေသရဲနဲ့ ထိပ်တိုက်တွေ့ဖူးခဲ့တာပဲလေ' ဆိုသောအတွေးကို အမှတ်မထင် တွေးလိုက်မိသည်။

ဆရာရေးတာက သူ့အတွေ့အကြုံမဟုတ်သေးဘဲ။ ဆရာ၏မိတ်ဆွေအချို့ကပြန်ပြောပြသည်ကို ရေးပြထားခြင်းသာ ဖြစ်သည်။ ကျွန်တော်ကတော့ ကျွန်တော်ကိုယ်တိုင် မျက်ဝါးထင်ထင်မြင်တွေ့ခဲ့ရသော အတွေ့အကြုံကို ပြန်လည် တင်ပြလိုပါသည်။

အဖြစ်အပျက်ကတော့ လွန်ခဲ့သော နှစ်ပေါင်းငါးဆယ်ကျော်ခန့်ကဟု ဆိုရမည် ဖြစ်သည်။ ကျွန်တော်ကျောင်းသားအရွယ် (၇) တန်း၊ (၈) တန်းနှစ်လောက်ကဟု ထင်ပါသည်။ အဖေနှင့်အတူ တောင်ခြေကို ထင်းခွေလိုက်ရင်းက ကြုံတွေ့ခဲ့ရခြင်း ဖြစ်သည်။

ကျွန်တော်တို့မိဘများမှာ တောင်သူလယ်သမားများ ဖြစ်သည်။ တောင်သူလုပ်ငန်းခွင်ဖြစ်သော စပါးရိတ်သိမ်းခြင်း လုပ်ငန်းပြီးချိန်သည် အများအားဖြင့် မိုးလေဝသကင်းချိန်ဖြစ်၍ ကျွန်တော်၏ရပ်ရွာထုံးစံအတိုင်း တောင်ခြေကိုတက်၍ နွားလှည်းဖြင့် ထင်းခွေသွားကြလေ့ရှိသည်။

နွားလှည်းနှင့် တောင်ခြေတက်ရာတွင် နွားလှည်း (၅)စီးမှ (၁၀)စီးထိ စုပေါင်း၍တက်ကြရသည်။ ရက်အားဖြင့် (၅)ရက်ခန့် ကြာတတ်သည်ဖြစ်၍ မိမိတို့နေအိမ်မှ ထွက်လျှင် (၅) ရက်စာ ဆန်၊ ဆီ၊ ဆားနှင့် ဟင်းချက်စရာ ငါးခြောက်ငါးခြမ်းတို့ကို စုံလင်စွာထည့်ပြီး ယူဆောင်သွားကြရသည်။

တစ်ခါတစ်ရံတွင် နွားလှည်းအစုအဖွဲ့ဖြင့်မသွားဘဲ တစ်ဦးတည်း လှည်းတစ်စီးတွင် အဖော်တစ်ယောက်ခေါ်၍ နေ့ချင်းပြန်သွားတတ်ကြသည်။ ကျွန်တော်တို့ ထင်းခွေထွက်သော နောင်ခြေဆိုသည်မှာ ကျွန်တော်တို့ မြစ်သားမြို့နယ်တွင် အပါအဝင်ဖြစ်သော ရွာခိုင်ကြီးကျေးရွာ၏ အရှေ့ဘက်ရှိ ရှမ်းရိုးမ တောင်တန်းကြီးရှိရာဖြစ်သည်။

တောင်တန်းကြီး ဆိုသော်လည်း တောင်တန်းကြီးအထိ မရောက်ပါ။ တောင်ကြီး၏ အဆွယ်အပွားဖြစ်သော တောင်ကုန်းကမူများတွင် ပေါက်ရောက်နသည့် သန်းပင်၊ ဒဟတ်ပင်၊ သစ်ကြီးပင်များရှိရာ တောင်ခြေသာ ဖြစ်သည်။ ကျွန်တော်တို့ နေအိမ်မှ နံနက်(၄)နာရီ အုန်းမောင်းခေါက်ချိန် စထွက်လျှင် တောင်ခြေကို (၉) နာရီလောက်ဆို ရောက်ပြီ ဖြစ်သည်။

ကျွန်တော်နှင့် ကျွန်တော့်အဖေတို့ တောင်ခြေကို ထင်းခွေထွက်စဉ်က အခြားလှည်းအဖော်များမပါပါ။ သားအဖနှစ်ယောက် နေ့ချင်းပြန်ခရီး ထင်းခွေထွက်လာခြင်း ဖြစ်သည်။ အိမ်ကစထွက်တော့ မြို့ဦးဘုန်းတော်ကြီးကျောင်းက အုန်းမောင်းခါက်ပြီးချိန် ဖြစ်သည်။ နေ့ချင်းပြန်ခရီးမို့ ကျွန်တော်တို့အနေနှင့် ဆန်၊ ဆီ၊ ဆားဟင်းချက်စရာတွေ သယ်ရန်မလိုပါ။ အမေကိုယ်တိုင် အစောထပြီး ချက်၍ထည့်ပေးလိုက်သော ထမင်းနှင့် ကြက်ဥချက်၊ ပြီးတော့ ငရုတ်သီးတောင့်ပွကြော်အပြင် သရက်ချဉ်ပါသော ထမင်းဟင်းကို ဒန်အိုးကြီးတစ်လုံးတွင် အပြည့်အစုံထည့်၍ ယူလာခဲ့ကြသည်။

နံနက် ဝေလီဝေလင်း နေမထွက်ခင်မို့ နွားနှစ်ကောင်ကလည်း ခြေလှမ်းသွက်ကြသည်။ တောင်ခြေရောက်တော့ မနက် (၉)နာရီလောက်ရှိပြီ ဖြစ်သည်။ အဖေက အရိပ်ကောင်းသောသစ်ပင်ကြီးအောက်တွင် လှည်းကိုရပ်သည်။ နွား(၂)ကောင်ကို လှည်းကဖြုတ်ပြီးသည်န… မြက်ပေါသော စားကျက်နေရာတွင် ကြ… ရှည်ရှည်ဖြင့် နွားများကိုလံထားလိုက… သည်။

ပြီးသည်နှင့် အဖေက ဓားဆွဲပြ… ထင်းပင်များရှိရာဘက်ကို ထင်းရှာထွ… သည်။ ကျွန်တော်ကား လှည်းတ… အသင့်ပါလာသော ငါးမန်းလွှကို ထ… ၍ အဖေနောက်ကလိုက်ရသည်။ ကျွ… တော်တို့လာသည်က နေ့ချင်းပြန်ခရီး… အချိန်ပေးပြီး သန်း၊ ဒဟတ်လို ထ… ကောင်းကောင်းကို မရွေးနိုင်ပါ။ နီး… တောစပ်က သစ်ကြီးပင်ပေါက်… ခြောက်များကိုသာ ခုတ်လှဲပြီး လ… မောင်းလောက်၊ ပေါင်လုံးလော… အချောင်းများကို အနေတော်ဖြတ်… ကြရသည်။

သားအဖနှစ်ယောက် လှည်းတ… စီးစာတင်နိုင်လောက်အောင် ထင်းရ… ချိန်တွင် နေ့လယ် (၂) နာရီခန့်အင်… ရောက်ပြီ ဖြစ်လေသည်။ သားအဖ… ယောက် လှည်းရှိရာကို ပြန်လာ… အမေ ချက်ထည့်ပေးလိုက်သော ထမ… နှင့် ဟင်းကို မောမောနှင့်ပင် မြိန်… ရှက်ရှက်စားဖြစ်ခဲ့ကြသည်။ ထမင်း… ပြီးသည်နှင့် အဖေက လူကြီးပီပီ တစ်… တစ်မောအိပ်ရင်း အနားယူပါသည်။

ကျွန်တော်ကတော့ လူငယ်… လေးခွတစ်ချောင်းနှင့် ငှက်ပစ်ထွ… တော့သည်။ ညနေ (၄) နာရီလော… တွင် စောစောက ခုတ်ဖြတ်ထားသေ… ထင်းခြောက်များကို သားအဖ… ယောက် လှည်းပေါ်သို့ ဝိုင်းတင်သည်… ထင်းများတင်ပြီးသည်နှင့် အဖေက နွ… နှစ်ကောင်ကို ရေတိုက်ရန် ဆွဲသွ… သည်။

ကျွန်တော်တို့ ထင်းတောရှိ… တောင်ခြေက ထွက်လာတော့ ည… (၄)နာရီကျော်ပြီ ဖြစ်သည်။ ရာသီ… မိုးအကုန်ဆောင်းအကူးဆိုတော့ နေ… တိုလွယ်ပြီး ညအမှောင်ရောက်တာ… မြန်လွန်းသည်။ အပြန်ခရီးမို့ထင်သည်… နွားနှစ်ကောင်မှာ ခြေလှမ်းသွက်လွ… နေသဖြင့် အဖေက နွားကြိုးကို မနည်… ဆွဲထိန်းနေပြီးမောင်းနေရသည်။

အပြန်ခရီးမှာ မှောင်လွန်းသ… လို့တော့ ပြောလို့မရပါ။ ဝိုးတဝါးထွ… နေသော လရောင်ကြောင့် လှည်းလ… ကြောင်းကို အထင်းသားမြင်နေရသ… လမ်းဘေးတစ်လျှောက်ရှိ ရွာတင်… များဆီမှ ခွေးဟောင်သံများမှအပ လူ…



www.burmeseclassic.com

www.burmeseclassic.com

သူသံဆိုလို့ ဘာသံမှမကြားရပါ။ ညသည် တိတ်ဆိတ်လွန်းလှသည်။

တိတ်ဆိတ်ငြိမ်သက်နေသောညတစ်ည၏ ဝိုးတဝါးလရောင်အောက်က လှည်းလမ်းပေါ်မှာ ကျွန်တော်တို့ သွားအဖမောင်းလာသော ထင်းလှည်းမှအပ အခြားသော သက်ရှိလူသားမပြောနှင့် သက်ရှိတိရစ္ဆာန်တို့၏ လှုပ်ရှားသွားလာမှုကို လုံးဝမမြင်မတွေ့ရပါ။ အသံဗလံဆို၍လည်း တစ်ခါတစ်ခါ အဖေ၏ နွားပေါက်သံပဲကြားနေရသည်။ အပြန်ခရီးတစ်လျှောက်လုံး လှည်းကို မရပ်မနားမောင်းလာလို့လားတော့ မသိပါ။ နွားနှစ်ကောင်၏နှုတ်သီးမှ အမြှုပ်ဖြူဖြူဖွေးဖွေးတွေသီးနေတာ မြင်ရသည်။

အဖေက သူ့နွားတွေ၏ အခြေအနေကို မြင်၍လားတော့မသိ။ နွားလှည်းကို ခေတ္တရပ်နားရန်အတွက် သူ့ပါးစပ်က တကျွတ်ကျွတ်နှင့်အသံပေးပြီး နွားကြိုးတွေကို မသိမသာနောက်သို့ဆွဲ၍တင်းလိုက်သည်။ နွားနှစ်ကောင်ကလည်း သခင့်အလိုကို သိဟန်တူသည်။ နှာခေါင်းကြိုးတင်းသွားသည်နှင့် လှမ်းလက်စခြေလှမ်းကို ရပ်လိုက်ကြသည်။ ပြီးသည်နှင့် နွားနှစ်ကောင်၏ သေးပေါက်သံက လှည်းလမ်းပေါ်သို့ တဗျောဗျောနှင့် ကျလာသည်ကိုကြားရသည်။

နွားနှစ်ကောင်၏သေးပေါက်သံ ကြောင့်ထင်သည်။ တစ်လမ်းလုံး လှည်းပေါ်မှာထိုင်၍လိုက်လာရသော ကျွန်တော်လည်း ဆီးသွားချင်လာသည်။ ကျွန်တော်က လှည်းပေါ်မှနေ၍ လှည်းအောက်သို့ ဆင်းရန်အတွက် လှည်းနောက်မြီးဘက်ဆီသို့ ဖင်ဒရွတ်တွန်းသွားလိုက်သည်။ လှည်းနောက်မြီးရောက်၍ အောက်သို့ခုန်ချရန်အတွက် မြေပြင်ရှိရာသို့ လှမ်းကြည့်လိုက်သည်။

"ဟာ"

ကျွန်တော်၏ နှုတ်မှ 'ဟာ' ဆိုသော အာမေဋိတ်သံက မထင်မှတ်ဘဲ ထွက်ပေါက်သွားခြင်း ဖြစ်သည်။ လှည်းလမ်းပေါ်တွင် ခွေးမည်းမည်းပုပုလေးတစ်ကောင် ငုတ်တုတ်ထိုင်နေတာကို ရုတ်တရက် တွေ့မြင်လိုက်ရ၍ ဖြစ်သည်။ ခွေးလေးမှာ ဝဝကစ်ကစ်လေးဖြစ်ပြီး ဘယ်အချိန်ကတည်းက ကျွန်တော်တို့လှည်းနောက်က ပါလာသည် မသိပါ။ သူကြည့်ရတာ မောနေပုံရသည်။ သူ့ပါးစပ်မှ လျှာလေးတွဲလောင်းကျနေတာ မြင်ရသည်။

ကျွန်တော်ဆိုတဲ့ကောင်က ခွေးချစ်တတ်သည်။ ခွေးချောချောလှလှလေးမြင်လျှင် ငမ်းငမ်းတက်အောင် လိုချင်စိတ်က ကြီးလွန်းသည်။ ခုလည်း မမျှော်လင့်ဘဲနှင့် ချစ်စရာဝဝကစ်ကစ်နှင့် မည်းမည်း၊ ပုပု ခွေးလေးကို မြင်တော့ ကျွန်တော် ဟန်မဆောင်နိုင်တော့ပါ။

"အဖေ၊ အဖေ ဟိုမှာ ခွေးပေါက်စလေးတစ်ကောင်ဗျ၊ ချစ်စရာဝဝတုတ်တုတ်လေးဗျ။ ကျုပ် ဆင်းဖမ်းလိုက်ဦးမယ်၊ လှည်းရပ်ထားဦးဗျ"

ကျွန်တော်က ပြောပြောဆိုဆိုနှင့် လှည်းပေါ်မှ အောက်သို့ခုန်ချရန် ပြင်လိုက်သည်။

"တယ်-ဒီအကောင်၊ ဇောက်မှန်းကမ်းမှန်းနားမလည်ဘဲနဲ့ သေချင်လို့နဲ့တူတယ်"

အဖေက ပါးစပ်ကလည်းဆူရင်း ကျွန်တော့်ပခုံးကို သူ၏လက်နှင့်အတင်းဖိချနေသည်။ ကျွန်တော်မှာ ထိုင်မရထမရနှင့် ကုန်းကွကွကြီးဖြစ်နေတော့သည်။ ကျွန်တော့်စိတ်ထဲ အဖေ့လုပ်ပုံကို မကျေမနပ်ဖြစ်သွားသည်။

"ဟာဗျာ၊ အဖေကလည်း။ အဖေလုပ်တာနဲ့ ခွေးကထွက်ပြေးသွားလိမ့်မယ်။ ကျုပ်တို့အိမ်မှာ မွေးရအောင်လို့ ဖမ်းပါမယ်ဆိုနေမှဗျာ"

ကျွန်တော်က အဖေ့လက်ကို တွန်းဖယ်ပြီး လှည်းအောက်သို့ ဆင်းဖို့ အတင်းကုန်းရုန်းထလိုက်သည်။ အဖေက စိတ်တိုသွားပုံရသည်။

"ဟာ-ဒီကောင်၊ ပြောလေကဲလေပါလား။ ဒါ မင်းအဖေအိမ်မဟုတ်ဘူး။



တောကွ တော။ တောထဲရောက်နေတာ ရောက်နေတာမှ နေ့တောင်မဟုတ်ဘူး၊ ညကြီးဆိုတာ မင်းသိရဲ့လား။ ရော့-ဒီနွားကြိုးကိုင်ထား၊ ငါကြည့်မယ်"

အဖေက ပြောပြောဆိုဆိုနှင့် နွားကြိုးနှစ်စကို ကျွန်တော်လက်ထဲ ထည့်သည်။ ကျွန်တော်က မကျေမနပ်နှင့်ပင် ဆောင့်ဆောင့်အောင့်အောင့်လုပ်၍ နွားကြိုးကို ကိုင်ထားလိုက်သည်။ အဖေက လှည်းအောက်ဆီမှ ခွေးမည်းလေးကို သေချာကြည့်နေသည်။ ဒီမှာတင် အဖေက ဘာစိတ်ကူးပေါက်သွားသည် မသိပါ။ သူ၏ ပုဆိုးခါးပုံစထဲတွင် အသင့်ဆောင်ထားသော လေးခွနှင့် လောက်စာလုံးကို ထုတ်၍ ခွေးကလေးကို ပစ်ရန်ချိန်ရွယ်နေသည်ကို မြင်လိုက်ရသဖြင့် ကျွန်တော် စိတ်မထိန်းနိုင်အောင် ဖြစ်သွားသည်။

"ဟာ-မလုပ်ပါနဲ့ အဖေရ။ ကျုပ်တို့နဲ့မြေပါလို့၊ ကျုပ်တို့နဲ့ နေချင်လို့ ဟိုးအဝေးကြီးကတည်းက လှည်းနောက်က လိုက်လာတာနေမှာပါဗျ။ ဖယ်ဖယ် - ကျုပ်ဆင်းဖမ်းမယ်"

"တယ်-ဒီအကောင်၊ ငါနားရင်းကျင်းလိုက်မိတော့မယ်"

ပြောပြောဆိုဆိုနှင့် အဖေ့လက်ဖဝါးကြီးက ကျွန်တော့်ဇက်ပိုးနားဝဲလာသည်ကို မြင်လိုက်ရ၍ ကျွန်တော်မျက်စိကို စုံမှိတ်ထားလိုက်ရသည်။ အဖေက ကျွန်တော့်ဘက်ကိုလည်း လှည့်၍ ကြိမ်းမောင်းနေရင်းမှ ခွေးလေရှိရာသို့ လေးခွနှင့်ချိန်ပြီး ပစ်လိုက်ဟန်တူသည်။

လေးခွ၏ သားရေကြိုးမှ 'ဖတ်'ခနဲ မြည်သံနှင့်အတူ ခွေးလေး၏ ခေါင်းတည့်တည့်ကြီးထိမှန်သွားဟန်တူသော လောက်စာလုံး၏အသံကလည်း 'ဒေါင်' ခနဲနေအောင် ကြားလိုက်ရသည်။

"ဝါး ဝါး ဝါး ဝါး"

ဒေါင်ခနဲ မြည်သွားသောအသံနှင့်အတူ ခွေးလေးဆီမှ နာကျင်လွန်း၍ အော်လိုက်သောအသံက တစ်တောလုံးကို ဆူညံသွားသလားလို့ ထင်ရသည်။ ကျွန်တော်က အလန့်တကြားနှင့် မျက်လုံးကိုဖွင့်ပြီး ခွေးလေးရှိရာသို့ ကြည့်လိုက်သည်။

"ဟာ"

ကျွန်တော်အနေနှင့် ဒုတိယအကြိမ် 'ဟာ'ဆိုသော အာမေဋိတ်အသံကို မထင်မှတ်ဘဲ လုပ်မိလိုက်ပြန်သည်။ ပထမတစ်ကြိမ် ကျွန်တော်၏ နှုတ်မှ ထွက်ကျလာသော 'ဟာ' ဆိုသည့်



www.burmeseclassic.com

www.burmeseclassic.com

အာမေဋိတ်သံမှာ မမျှော်လင့်ဘဲ ခွေးလေးကို တွေ့လိုက်ရ၍ ဝမ်းသာပြီးထွက်ကျလာသောအသံ ဖြစ်သည်။ ယခု ဒုတိယအကြိမ် ထွက်ကျသွားသော အာမေဋိတ်သံမှာ ခွေးလေးကိုကြည့်ပြီး အံ့ဩထိတ်လန့်သွားမှုကြောင့် ရုတ်တရက် ခုန်ထွက်သွားသော အသံဖြစ်မှန်း ကိုယ့်ဟာကိုယ်သိလိုက်သည်။

ကျွန်တော့်အနေနှင့် အံ့ဩခြင်းနှင့် ထိတ်လန့်ခြင်းကို တစ်ပြိုင်နက်တည်း ခံစားလိုက်ရသည်။ စောစောက ကျွန်တော်မြင်တွေ့ခဲ့ရသော ခွေးမည်းမည်း ပုပုနှင့်ဝဝကစ်ကစ်ခွေးလေးသည် ယခုတော့ နွားမတမ်းသာသာ ခွေးနက်ကြီးတစ်ကောင်အဖြစ်နှင့် တွေ့မြင်နေရ၍ ဖြစ်သည်။

အဖေက ခွေးနက်ကြီးကို တစ်ချက်ပြီးတစ်ချက် မနားတမ်းပင် လေးခွနှင့်ထုနေသည်။ အနီးကပ်ပစ်နေသည်က တစ်ကြောင်း၊ နဂိုကပင် အဖေကဘာကောင်ပဲပစ်ပစ်တည့်သည်က တစ်ကြောင်းမို့ အဖေလက်က ပစ်လိုက်သမျှသော လောက်စာလုံးတို့သည် ခွေးနက်ကြီး၏ ခေါင်းကို တဒေါင်ဒေါင်နှင့်နေအောင် ထိမှန်နေတော့သည်။ ခွေးနက်ကြီးကလည်း တဝါးဝါးနှင့် မနားတမ်း အော်ရင်းမှပင် လှည်းပေါ်သို့ ခုန်တက်ဖို့ပင် ကြိုးစားနေသည်ကို မြင်ရသည်။

လှည်းနောက်မြီးမှနေ၍ ပါးစပ်ကြီးဖြဲကာ တဟဲဟဲလုပ်ရင်း မာန်ဖီနေသော ခွေးနက်ကြီးကို အဖေက လေးခွနှင့် အားရပါးရကြီး ပစ်ထုနေသည်။ ထိုစဉ်မှာပင် မမျှော်လင့်သော ဖြစ်ရပ်တစ်ခုကြောင့် ကျွန်တော် မျက်လုံးပြူးသွားရသည်။ အကြောင်းမှာ အဖေပစ်နေသော လေးခွမှာ သားရေကြိုးတစ်ချောင်းက ဖြောင်းခနဲမြည်ကာ ပြတ်ထွက်သွား၍ဖြစ်သည်။

ဒီကြားထဲ ခွေးနက်ကြီး၏ တဝါးဝါးနှင့် ငယ်သံပါအောင် အော်နေသံကြောင့် နွားနှစ်ကောင်မှာ လန့်ဖျပ်ပြီး အတင်းရုန်းနေသဖြင့် ကျွန်တော်မှာ နွားကြိုးနှစ်ချောင်းကို မနည်းကြီးကို ဆွဲပြီး ထိန်းနေရသည်။

"အဖေ၊ အဖေ ဓားနဲ့ခုတ်ဗျာ"

ကျွန်တော်က လှည်းရန်မတိုင်မှ ထိုးထားတဲ့ ဓားမကို လှမ်းယူလိုက်ပြီး အဖေ့ကို ပေးလိုက်သည်။

"နေ၊ နေ ဒီနေရာမှာ မင်းဓားက ဘာမှသုံးလို့ရမှာမဟုတ်ဘူး။ ပြန်ခါနီးတုန်းက ငါခုတ်ပြီးတင်လာတဲ့ သစ်ကိုင်းတွေ့တယ်မဟုတ်လား။ အဲဒါ မြန်မြန်ယူပြီး ငါ့ကိုပေးစမ်း"

ကျွန်တော်တို့ ထင်းလှည်း တောင်ခြေဆီကထွက်အလာတွင် လမ်းတစ်နေရာအရောက်၌ အဖေက လှည်းပေါ်မှ ဆင်းသွားပြီး လမ်းဘေးသစ်ပင်မှ သစ်ကိုင်းတစ်ကိုင်းကို ခုတ်တင်လာတာကို ကျွန်တော် သတိထားမိသည်။ ၎င်းသစ်ကိုင်းကို အဖေက လှည်းဦးမှာ တင်ထားသည်ကိုသိနေသော ကျွန်တော်က ကမန်းကတန်းနှင့်ပင် လှည်းဦးဆီက သစ်ကိုင်းကို လှမ်းဆွဲပြီး ယူလိုက်သည်။

"အား"

"ဟော့ကောင် ဘာဖြစ်တာလဲ"

"အဖေ့သစ်ကိုင်းက စူးတယ်ဗျ"

"ဆူးကိုင်းပဲ ဆူးပါနေမှတော့ စူးမှာပေါ့ကွ။ ဆူးစူးလို့မသေနိုင်ပါဘူးကွ။ ပေးစမ်းပါ မြန်မြန်"

ကျွန်တော်က သုံးတောင်ခန့်အရှည်တဲ့ ဆူးကိုင်းသားကို သေချာကိုင်ပြီး အဖေ့လက်ထဲ ထည့်ပေးလိုက်သည်။ အဖေက လက်ထဲရောက်လာသော သစ်ကိုင်းကို လက်နှစ်ဖက်နှင့် စုံကိုင်ပြီး ခွေးနက်ကြီး၏ မျက်နှာကို တဗုန်းဗုန်းနှင့်နေအောင် အားရပါးရကြီးရိုက်ချနေတော့သည်။

"ဗုန်း ဗုန်း ဗုန်း ဗုန်း"

"ဝါး ဝါး ဝါး ဝါး"

အဖေ၏ ရိုက်ချက်က တဗုန်းဗုန်းနှင့်မြည်နေသလို ခွေးနက်ကြီးဆီမှ မခံမရပ်နိုင်လွန်း၍ စူးစူးဝါးဝါးနှင့် အော်သံကြီးကလည်း တစ်တောလုံးကို ဆူညံနေတော့သည်။

"ကဲကွာ၊ ကဲကွာ"

"ဗုန်း ဗုန်း ဗုန်း ဗုန်း"

အဖေက ရိုက်ရင်းရိုက်ရင်းနှင့် စိတ်မရှည်ဖြစ်လာဟန်တူသည်။ လက်ထဲတွင် ကိုင်ထားသော ဆူးခက်နှင့် ခွေးနက်ကြီး၏ နှုတ်သီးထက်ကို အားရပါးရကြီး ရိုက်ချလိုက်သည်။

"ဝါး ဝါး ဝါး ဝါး ဝါး"

ဒီတစ်ခါတော့ ခွေးနက်ကြီးမှာ အထိနာသွားဟန်တူသည်။ တဝါးဝါးနှင့် အော်ရင်း နောက်ကြောင်းလှည့်ကာပြန်ပြေးပါတော့သည်။ အဖေလည်း တော်ငတက်လေးကို စိတ်မောလူမောဖြစ်သွားဟန်တူသည်။ သူ့တစ်ကိုယ်လုံးလည်း ချွေးတွေနဲ့ ရွှဲရွှဲစိုနေတော့သည်။

"ရော့ အဖေ၊ ဒီပုဆိုးနဲ့ အဖေ့ချွေးတွေပြောင်အောင်သုတ်လိုက်ဦး။ အဖေ ရေသောက်ဦးမှာလား"

ကျွန်တော်က ထန်းခေါက်တောင်းထဲမှ ပုဆိုးဟောင်းကို ဆွဲထုတ်ပေးရင်းက တောင်းထဲက အသင့်တွေ့ရသော ရေ ပုလင်းကို အဖေ့ဆီသို့ လှမ်းပေးလိုက်သည်။ အဖေက ပုဆိုးဟောင်းနှင့် သူ့ ကိုယ်ပေါ်ကချွေးတွေကို သုတ်ပြီးသည် နှင့် ပုလင်းထဲမှရေကို မနားတမ်းပင် မော့သောက်နေသည်။

"ကဲ - ဟော့ကောင် နွားတွေကို မောင်းတော့"

အဖေ့ပြောစကားကြောင့် ဘေ... စောက တင်းနေအောင်ဆွဲထားရသော နွားကြိုးကို လျှော့တဲ့ပြီး နွားနှစ်ကော... ၏ ကျောပြင်ကို နွားကြိုးနှင့်ခါ၍ စုံရိုက်... ချလိုက်သည်။ နွားကျောပြင်နှင့်ကြိုး... သံက ဖြောင်းခနဲ အသံထွက်သွားသည်...

"ကဲ-ငါ့သားတွေသွားလိုက်စမ်း..."

စောစောကတည်းက သွားဖို့ပ... တပြင်ပြင်လုပ်နေသော နွားနှစ်ကော... မှာ ကြိုးရိုက်သံကြောင့်ပဲလား ဒါ... ဟုတ် ကျွန်တော့်အသံကြောင့်လားတော့... မသိ ဝေါခနဲနေအောင် ခြေစုံပစ်ပြီး ... ကို တစ်ရှိန်ထိုး ပြေးထွက်သွားတော့... သည်။

"ဟော့ကောင် အရမ်းမောင်းမ... နဲ့။ မမြင်မကန်းနဲ့ လူရော နွား... ချောက်ထဲကျမှ ဟုတ်ပေ့ဖြစ်နေဦးမ...

လမ်းဘေး တစ်ဖက်တစ်ချ... ညောင်ပင်ကြီးများ၏အရိပ်က လမ်း... ကိုအုပ်မိုးပြီးကျနေသဖြင့် လမ်းမှာမှေ... နေပြီး ဘာမှမမြင်ရပါ။ ညောင်ပင်... များမှာ တစ်ပင်နှင့်တပင် ကိုင်းချ... ယှက်နေသည့်အပြင် ပေါက်နေသ... အပင်တွေက လမ်းတစ်ဖက်လျှင် ဆ... ပင်၊ ဆယ့်ငါးပင်မက ဖြစ်နေ... တော်ရုံတန်ရုံ လရောင်လောက်နှင့်... ဒီညောင်ပင်တောကြီးထဲကို ထိုးဖော... ပြီး လင်းလက်နိုင်ဖို့ဆိုတာ မလွယ်... မလွယ်ပင်။

ညောင်ပင်တန်းကို ကျော်... လိုက်သည်နှင့် လရောင်အော... လမ်းသည် ထင်းခနဲ ပေါ်လာသ... ကျွန်တော်က နွားလှည်းကို ဖြည်း... မှန်မှန်နှင့် ထိန်း၍မောင်းလိုက်သ...

"ထန်းခေါက်တောင်းထဲက ဆေး... လိပ်နဲ့ မီးခြစ်ယူလိုက်စမ်းကွာ"

အဖေက အမောပြေသွား... ဟန်တူသည်။ အေးအေးဆေးဆေး... ဆေးလိပ်ဖွာရန်အတွက် ဆေးလိပ်... ခြစ်လှမ်းတောင်းနေသည်။ ကျွန်... ရှေ့တည့်တည့်ရှိ ထန်းခေါက်...



www.burmeseclassic.com

www.burmeseclassic.com

မှ မီးခြစ်နှင့်ဆေးလိပ်ကို ယူပေးရင်း ကျွန်တော့်စိတ်ထဲ သိချင်တာကို အဖေ့အား မေးလိုက်သည်။

"ဒါနဲ့ အဖေ စောစောက ခွေးနက်ကြီးကို လေးခွနဲ့ ထုတော့လေ ခွေးနက်ကြီးအော်တဲ့အသံက တစ်မျိုးဖြစ်နေလားလို့။ အဲဒါစဉ်းစားပြီး ကျုပ်စိတ်ထဲမှာ မတင်မကျကြီးဖြစ်နေတာဗျ"

"ခွေးအော်တာပဲ ဆန်းသလားကွ။ ခွေးပဲ၊ ခွေးလိုအော်မှာပဲပေါ့"

"မဟုတ်ဘူး အဖေရဲ့ ခွေးဆိုတာ သူတို့ကို ထုလို့ရိုက်လို့ နာသွားရင် ဂိန်၊ ဂိန်၊ ဂိန် ဒါမှမဟုတ် အိုင် အိုင် အိုင်နဲ့ အော်နေကျလေဗျာ၊ ခုဟာက ခွေးအော်တာကြီးက ဝါး ဝါး ဝါးနဲ့ ကြောင်တွေ မိတ်လိုက်ချိန်မှာ အော်သံမျိုးကြီးဗျ"

"အေး- အဲဒါကြောင့် မင်းကိုပြောတာပေါ့ကွ။ အောက်ကို အရမ်းမဆင်းနဲ့လို့။ အခုလိုတောထဲတောထဲညအချိန် သွားတဲ့လာတဲ့အခါမှာ အစစအရာရာ သတိရှိရတယ်ကွ။ အေး-မင်းကံကောင်းလို့မသေတာမှတ်။ မင်းသာအောက်ဆင်းကြည့်ပါလား၊ မင်းကို ခွေးသရဲက ကုပ်ခွပြီးကိုက်လို့ ခုလောက်ဆိုသေလောက်ရောမယ်"

အဖေ၏ ပြောစကားကြောင့် ကျွန်တော်၏ နောက်ကျောဘက်ဆီမှ အေးခနဲဖြစ်သွားသလို ဇက်ကလည်း အလိုလိုပုဝင်သွား၏။ အဖေပြောလိုက်မှ ကြောက်သွားသလိုဖြစ်သွားသည်။ ခွေးသရဲဆိုပါလား။ လူကြီးတွေ စကားဝိုင်းတွင်ထိုင်သည့်အခါ၌ မီးသရဲတို့၊ ကျက်သရဲတို့တော့ တစ်ခါတစ်ခါကြားခဲ့ရ၏။ ခွေးသရဲဆိုတာတော့ မကြားဘူး။ ခုတော့ ကြားဖူးရုံတွင် မဟုတ်တော့ မျက်ဝါးထင်ထင်ပင် မြင်လိုက်ရပြီ ဖြစ်၏။

အံ့သြဖို့ကောင်းသည်။ ခွေးသေးသေးလေးတစ်ကောင်ကနေ မျက်စိတစ်မှိတ်အတွင်းမှာပင် နွားမတမ်းငယ်အရွယ်သို့ရောက်သွားသည်မှာ ထူးဆန်းလှ၏။ ပရလောကသား ဆိုတာ အသွင်သဏ္ဌာန်အမျိုးမျိုး ဖန်ဆင်းနိုင်စွမ်းရှိမှန်း ယခု သိရတော့၏။

"ဒါနဲ့ အဖေ ကျုပ်မေးပါဦးမယ်။ အဖေစောစောက ခွေးနက်ကြီးကို လေးခွနဲ့ ပစ်ရင်းက လေးခွက သားရေပင်ပြတ်သွားတော့လေ။ ကျုပ်က ဓာတ်နဲ့ခုတ်ရအောင်ဆိုပြီ ဓားကို ပေးတာမယူဘဲနဲ့ မဟုတ်တဲ့ ဆူးခက်ကိုပဲ တောင်းပြီး ခွေးနက်ကြီးကို ရိုက်တာက ဘာကြောင့်တုံးဗျ"

အဖေက ကျွန်တော့်မျက်နှာကို သေချာစိုက်ကြည့်နေ၏။ အဖေ့မျက်နှာက ကျွန်တော့်ကို 'ဒီကောင်တော်တော်နုံသေးတဲ့ကောင်ပါလား' ဟု ပြောနေဟန်ဖြစ်သည်။

"အေး - နောက်ဆို မင်းမြဲမြဲမှတ်ထား။ ခုလိုညဉ့်နက်သန်းခေါင်အချိန်မှာ ခရီးထွက်တော့မယ်ဆိုရင် ခုနက မင်းပြောတဲ့ ဆူးခက်ကို သွားလေရာကို ဆောင်သွားရတယ်။ အေး-မင်းပြောသလို အဲဒါ ဆူးခက်မဟုတ်ဘူး။ ဆီးပင်က ခုတ်ယူလာတဲ့ ဆီးကိုင်းကွ။ ဆီးကိုင်းက သရဲ၊ တစ္ဆေ၊ မှင်စာ၊ ပြိတ္တာမှန်သမျှကို နိုင်တယ်။ ဒါက တို့တောသူတောင်သားတွေ ဘိုးစဉ်ဘောင်ဆက် အသုံးပြုလာတဲ့ လောကီနည်းတစ်ခုပဲ"

ဒီတစ်ခါ အဖေနှင့်ထင်းခွေလိုက်ရတာ မမြင်ဘူးသော ခွေးသရဲဆိုတာကိုလည်း မြင်းဖူးခဲ့၏။ နောက်ပြီး တစ္ဆေသရဲကိုနိုင်သော နည်းကောင်းတစ်ခုကို ရလိုက်၏။ ကျွန်တော့်အတွက် ပင်ပန်းရကျိုးနပ်သည်ဟု ဆိုချင်ပါသည်။

ကျွန်တော့်တစ်သက်တွင် တစ်ခါသာ ကြုံခဲ့ဖူးသော ဤအဖြစ်အပျက်သည် ကျွန်တော့်အတွက်တော့ မေ့မရနိုင်လောက်အောင် အမှတ်တရဖြစ်ခဲ့သည်ဟုသာ ဆိုချင်ပါသည်။ စဉ်းစားကြည့်ရင်တော့ ရက်တွေ၊ လတွေ နှစ်တွေအားဖြင့် တော်တော်ကြီးကို ကြာညောင်းခဲ့လာပြီ ဆိုပေမယ့် ကျွန်တော့်အတွက်တော့ မဟောင်းသေးတဲ့ မနေ့တစ်နေ့က အဖြစ်အပျက်လေးသာ ဖြစ်ချေတော့သည်။

*(ကွယ်လွန်ခဲ့ပြီဖြစ်သော အဖေအား သတိရလွမ်းဆွတ်စွာဖြင့်)*

# ကျွဲ၊ နွားချောင်းဆိုးရောဂါ ပျောက်စေရာ

မြန်မာ့လယ်ယာမြေတွင် ယနေ့တိုင် လက်လွှတ်မရသေးသည့် ကျွဲ၊ နွားများသည် သခင်နှင့်အတူ နေပူမရှောင်၊ မိုးရွာမရှောင် နှင်းခါးကိုတိုး၍ အလုပ်ခွင်တွင် ထမ်းပိုးထမ်းလျက် နေ့ရက်ဆက်နေပါသည်။

ကျွဲ၊ နွားတို့သည်လည်း တိရစ္ဆာန်ပင်ဖြစ်လင့်ကစား သွေးနှင့်ကိုယ်သားနှင့်ကိုယ်ဖြစ်ရာ တစ်ခါတစ်ရံတွင် နှာစေး၊ ချောင်းဆိုးရောဂါအမျိုးမျိုးတို့ပေါ် ပေါက်နိုင်ပါသည်။

ကျွဲ၊ နွားတို့ နှာစေး၊ ချောင်းဆိုးဖြစ်ရခြင်းမှာ အပူ-အအေးမမျှတခြင်း၊ ရာသီဥတု ရုတ်တရက် အပြောင်းအလဲတို့ကြောင့် လည်းကောင်း၊ မှိုတက်နှမ်းဖတ်၊ ပဲဖတ်၊ အောက်နေသော မှိုတက်ပဲရိုး၊ ကောက်ရိုး၊ ပြောင်းရိုး၊ ဖွဲနုတို့ကို ကျွေးသဖြင့် စားသောက်မိခြင်း၊ လေကောင်းလေသန့်မရခြင်းတို့ကြောင့် ကျွဲ၊ နွားတို့တွင် နှာစေး၊ ချောင်းဆိုးခြင်း ဖြစ်ရပါသည်။

ကျွဲ၊ နွားတို့ နှာစေး၊ ချောင်းဆိုးဖြစ်လျှင် အောက်ပါအတိုင်း ကုသပေးပါ။

- လေကောင်းလေသန့်ရ၍ ခြောက်သွေ့နွေးထွေးသောနေရာ (အရိပ်) တွင်ထားပါ။
- လတ်ဆတ်သောအစာ (နမ်းကြည့်ပြီး) ကျွေးပါ။
- ရေကြည်ရေသန့် ရေကောင်းတိုက်ပါ။
- မုရိုးဖြူ (၁) ဖြုကြီးအရွက် ဆယ်ရွက်ခန့်နှင့် မီးဖိုချောင်သုံး ရိုးရိုးဆား ဟင်းသောက်ဇွန်း (၃) ဇွန်း ရောထောင်းပြီး တိုက်ကျွေးပါ။

အထက်ပါအတိုင်း သုံးရက်မှ တစ်ပတ်ခန့် ဂရုတစိုက် ကုသပေးလျှင် အမြန်ပျောက်ကင်းပါကြောင်း ကိုယ်တွေ့ လက်တွေ့ ကုသနည်းတို့ကို တင်ပြအပ်ပါသည်။

နတ်မောက်မင်းချစ်နော်

www.burmeseclassic.com

တင်တင်ဦး(ပေါင်းတည်)

# မူလဥက္ကလာဦးစေတီအကြောင်း သိကောင်းစရာများ

ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မင်္ဂလာမည်ပါသည်။ ထို့အတူ ကျေးဇူးတင်ထိုက်သူများကို ကျေးဇူးတင်ခြင်းသည်လည်း မင်္ဂလာမည်ပါသည်။

ယခုအချိန်တွင် ကျေးဇူးတင်ရမည့်ပုဂ္ဂိုလ်များကို တွေ့ရပါပြီ။ တစ်ဦးမှာ သုရဿမဂ္ဂဇင်းကြီး၏ တာဝန်ခံ အယ်ဒီတာပုဂ္ဂိုလ်ကြီးများနှင့် ၂၀၁၃၊ စက်တင်ဘာလထုတ် သုရဿမဂ္ဂဇင်းတွင် **'အဘအောင်မင်းခေါင်ကြီး၏ ကုသိုလ်တော်·သာသနာ့အလင်းရောင် ဥက္ကလာဦးစေတီ'** ဟူသော ခေါင်းစဉ်ဖြင့် စေတီကြီး၏ သမိုင်းကြောင်းကို ဓာတ်ပုံများဖြင့် ဝေဝေဆာဆာ ရေးဖွဲ့လိုက်သော 'ရွှေစိုး' ကလောင်အမည်ခံ စာရေးသူ တစ်ဦး ဖြစ်ပါသည်။

ကျွန်မနှင့် ခင်ပွန်းဖြစ်သူတို့မှာ သုရဿလစဉ်ထုတ်မဂ္ဂဇင်းကြီးအား ထုတ်ဝေသည့်အချိန်မှစ၍ ယခုအချိန်အထိ လစဉ် မပျက်မကွက် ဝယ်ယူ ဖတ်ရှု စုဆောင်း သိမ်းဆည်းထားကြသူများ ဖြစ်ပါသည်။ လောကီ၊ လောကုတ္တရာကိစ္စရပ်များကို ဖတ်ချင့်စဖွယ် ဗဟုသုတဖြစ်စရာ မှတ်သားစရာများဖြင့် ထုတ်ဝေသည့် မဂ္ဂဇင်းဖြစ်သည့်အတွက် ကျွန်မတို့ နှစ်သက်စွာဖတ်ရှုရသည့်မဂ္ဂဇင်းဖြစ်ပါသည်။

ဆရာရွှေစိုး၏ ဘာသာရေးဆောင်းပါးကို ဖတ်လိုက်ရသောအခါ ကျွန်မ၏ အစ်ကိုကြီးဖြစ်သူ ဦးမောင်မောင်သန်း (စာရေးဆရာ မိုးနတ်သျှင်) ပြောပြခဲ့သည့်အကြောင်းအချက်များကို သတိရလိုက်မိပါသည်။

ဥက္ကလာဦးဘုရားအကြောင်းကို ပြောပြစဉ်က ဟုတ်ကဲ့၊ ဟုတ်ကဲ့ဟု ခေါင်းညိတ်နားထောင်ခဲ့သော်လည်း ပြန်လည် စဉ်းစားကြည့်ရာတွင် လုံးစေ့ပတ်စေ့ မမှတ်မိတော့ပါ။ လက်ရှိ တောင်ဥက္ကလာပမြို့ မြို့ဦးစေတီ မဟုတ်ပါ။ ယခုဖော်ပြသည့် ဥက္ကလာဦးစေတီမှာ ၁၉၅၂ ခုနှစ်တွင် တည်ထား ကိုးကွယ်သော စေတီ ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်မတို့နေထိုင်ရာ သမ္မတကမ်းခြေ ဒလမြို့နယ်မှ လှေဖြင့် ဗိုလ်တထောင် သမ္ဗာန်ဆိပ်ကမ်းသို့ကူး ပြီး အစ်ကိုကြီးနေထိုင်ရာ ကျောက်မြောင်းသို့ သွားရောက် တွေ့ဆုံမေးမြန်းခဲ့ရပါသည်။

တိုက်ဆိုင်မှုတစ်ခုမှာ အမိဗြာန်ရှင် ဒေါ်တင်တင်ဦး ဆိုသည့် သူတော်စင်နှင့် ကျွန်မအမည်မှာတူနေပါသည်။

ယခင်က ကျောက်မြောင်းတွင် နေထိုင်ခဲ့ပြီး အ-ထ-က (၄) တာမွေတွင် နှစ်ပေါင်း (၃၀) ခန့် အထက်တန်းပြ



၁၉၅၂ ခုတွင် အဘဘိုးမင်းခေါင်၏အမိန့်အရ တည်ထားသော ဥက္ကလာဦးဘုရားဒါယကာ ဦးဘဦး (ဆန်စက်ပိုင်ရှင်)



www.burmeseclassic.com

www.burmeseclassic.com

ဆရာမအနေဖြင့် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၆ ခုနှစ်တွင် သက်ပြည့်ပင်စင်ခံစားခဲ့ပါသည်။

အစ်ကိုကြီးအား ဥက္ကလာဦးစေတီအကြောင်း သုရဋ္ဌမဂ္ဂဇင်းမှာပါလာကြောင်းပြောပြရာ ဝမ်းသာစွာဖြင့် သူ့ကိုယ်တွေ့များ၊ မိဘများပြောကြားချက်များကို ရှင်းပြပါသည်။

ဤနေရာတွင် စာရေးသူ ရွှေစိုး၏ ဆောင်းပါးတွင် ပါဝင်သည့်အချက်အချို့ကို ထပ်ဆင့်ဖော်ပြလိုပါသည်။

တစ်နိုင်ငံလုံး ဟိုးဟိုးကျော်သည့် အဘအောင်မင်းခေါင်လို ပုဂ္ဂိုလ်မျိုးက တစ်ပြည်လုံး ဗုဒ္ဓဘာသာဝင်အားလုံးနီးပါးမျှ ယုံကြည် ကိုးကွယ် ပူဇော်သည့် ဥက္ကလာဦးစေတီမျိုးကို ဓာတ်သဘောဓာတ်အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ရည်ရွယ်ချက်မရှိဘဲ တည်ထားမည် မဟုတ်ပါ။ ထိုစေတီတော်နှင့် ပတ်သက်၍ အစအဆုံးဖြစ်စေ၊ တစ်စွန်းတစ်စဖြစ်စေ၊ ကိုယ်ပိုင်ဉာဏ်စွမ်းအား၊ လုပ်အားစသည်ဖြင့် ပါဝင်ဖူးသူများဖြစ်စေ သုရဋ္ဌမဂ္ဂဇင်းကြီးမှတစ်ဆင့်မှ မှတ်တမ်းတင်စေလိုသော ဆန္ဒဖြင့် ဖိတ်မန္တကပြုထားပါသည်။

ထို့ကြောင့် ကျွန်မအနေဖြင့် ထိုစေတီကြီးကို ၁၉၅၂ ခုနှစ်တွင် မြေနေရာရှာသည့်အချိန် အတူပါဝင်ခဲ့သော အစ်ကိုကြီး၏ပြောပြချက်များကို ဖော်ပြလိုက်ပါသည်။

ဆောင်းပါးတွင်ပါဝင်သော အဘအပ်ကြီးကို ကျွန်မ (၇) နှစ်သမီးအရွယ်က သိခဲ့ပါသည်။ ကျွန်မတို့မိသားစုက အဘအပ်ကြီးဟုခေါ်ခဲ့သည်။ အဘပွားတို့လည်း ငယ်စဉ်က ထိုအမည်ကိုကြားဖူးပါသည်။

■

လွတ်လပ်ရေးရပြီးနောက် ၁၉၅၂ ခုနှစ်ခန့်က အယူအဆမတူညီကြသူများ အဖွဲ့များဖွဲ့ပြီး အစိုးရကို ဆန့်ကျင်နေကြသည့်အချိန်ကာလရှိခဲ့ပါသည်။

တစ်နေ့သောနေ့လယ်အချိန်ခန့်တွင် ကျွန်မဖေဖေ ဦးဘဦး (ဆန်စက်များပိုင်ရှင်)၊ မိခင်ကြီး ဒေါ်တင်လှနှင့် ကျွန်မတို့မောင်နှမ (၉) ယောက်နေထိုင်ရာ ကရိလမ်း (ယခုဗိုလ်မြတ်ထွန်းလမ်း) အမှတ် (၂၈၁/၂၈၃) ရန်ကုန်နေအိမ်သို့ ဖေဖေ၏မိတ်ဆွေများ ရောက်လာကြပါသည်။

ခါတိုင်းလို အလည်သက်သက် မဟုတ်ပါ။ အဘဘိုးမင်းခေါင်က မှာလိုက်သည့်အတွက် ပုပ္ပားသို့ သွားရန် လာခေါ်ကြခြင်း ဖြစ်ပါသည်။ ပုပ္ပားသို့ သွားကြမည့်အဖွဲ့မှာ -

- ■ ပထမံ ဦးစိန်ခန့်၊
- ■ ပန်းဆိုးတန်း မြို့မဓာတ်ပုံတိုက်ပိုင်ရှင် ဦးမောင်မောင်ကြီး၊
- ■ ဘန္ဓစ်အင်ဆန်းဘလောက်တိုက်မှ ဦးဘန္ဓစ်၊
- ■ အရီးမို (ယောဂီဝတ်)
- ■ ဖခင်ဦးဘဦး အပါအဝင် (၅)ဦး

ဖြစ်ပါသည်။

■

ခေါ် သို့သာသွားရမည်။ ပြည်တွင်းရေးမငြိမ်သက်မှုကြောင့် ခက်ခက်ခဲခဲ သွားရမည့်ခရီးဖြစ်ကြောင်း အားလုံးသဘောပေါက်ကြပါသည်။ အမျိုးသမီးဆို၍ အရီးမိုတစ်ယောက်သာပါပါသည်။

သို့နှင့် သွားမည့်လမ်းခရီးစဉ်ကို စဉ်းစားကြည့်ရာတွင် ပေါင်းတည်မြို့အထိသာ ရထားစီးနိုင်ပြီး ပြည်မြို့သို့ ကားဖြင့် သွားရမည် ဖြစ်ပါသည်။

ခရီးသွားအုပ်စုသည် ပြည်မြို့သို့ရောက်ပြီး ရေနံချောင်းကို လှေစင်းလုံးငှားသွားရပါသည်။ ပြည်မြို့မှစ၍ ခရီးလမ်းတစ်လျှောက်လုံးနီးပါး ရောင်စုံသူပုန်များက ခြေကုပ်ယူထားကြသည်။

ခရီးစဉ်တစ်လျှောက်တွင် ဖေဖေတို့အဖွဲ့သည် အားလုံး ယောဂီဝတ်ဖြင့် သာသွားခဲ့ကြောင်း အစ်ကိုကြီးက ထပ်မံပြောပြပါသည်။

အဘဦးစိန်ခန့်က ခေါင်းဆောင်ပြီး ခေါ်သွားရာ အဘသည် အသက်ငါးဆယ်ကျော်ခန့်ဖြစ်ပြီး ဖခင်ဦးဘဦးမှာ အသက် (၄၀) ပတ်ဝန်းကျင်ခန့်သာရှိပါသည်။

လှေဖြင့် ခရီးသွားရာတွင် အချို့သောနေရာမှာ သူပုန်များက လှေကိုကမ်းကပ်ခိုင်းတတ်ပါသည်။

"ဘယ်ကိုသွားမလို့လဲ"

ဟု မေးရာ

"ပုပ္ပားကိုဘုရားဖူးသွားမလို့ပါ"

ဟု ဖြေရပါသည်။

"ဒီလိုဆိုရင် ကျုပ်တို့ကို ရန်ပုံငွေလေးထည့်သွားပါဦး"

ဟု ဆိုသော် အလှူငွေထည့်ပြီး ခရီးဆက်လက်ထွက်ခဲ့ရပါသည်။

ကျောက်ပန်းတောင်းမြို့ကိုရောက်အောင် ဘတ်(စ်)ကားကြုံရာနှင့်သွားရပြီး ပုပ္ပားတောင်ကလပ်ခြေရင်းသို့ နွားလှည်းဖြင့် ဆက်သွားရပါသည်။

ရောက်ပါပြီ။ ပုပ္ပားတောင်ကလပ်ရှိ အဘ၏ဓာတ်ခန်းသို့ ရောက်ပါပြီ။

ဖေဖေတို့အဖွဲ့သည် အဘဘိုးမင်းခေါင်၏ ဓာတ်ခန်းပေါ်သို့ ကျောက်လှေကားထစ်လေးများဖြင့် တက်လိုက်သောအခါ အခန်းထဲရှိ ကွပ်ပျစ်ကြီးပေါ်မှာ အဘကို လဲလျောင်းနေသည့် အနေအထားဖြင့် တွေ့ရပါသည်။

ဓာတ်ခန်းမှာ ပေငါးဆယ်ပတ်လည်ခန့် ကျယ်ဝန်းပြီး သမံတလင်းခင်းထားပါသည်။ နံရံမှာ ပျဉ်ကာပြီး အမိုးမှာ သွပ်မိုး ဖြစ်ပါသည်။ ဘေးပတ်ဝန်းကျင်မှာ လှပသော အဝါရောင်ပွင့်သည့် အပင်များ၊ စံကားဝါပင်ကြီးများဖြင့် အလွန်သာယာအေးချမ်းသည့်နေရာဖြစ်ပါသည်။

ခေါင်းရင်းဘက်မှာ ဘုရားကျောင်းဆောင်ရှိပြီး ရေအိုးစင်တစ်ခုလည်း ရှိပါသည်။ ဝတ်စားထားပုံမှာ ပင်နီတိုက်ပုံအပေါ်တစ်ထည်သာ ဝတ်ထားပါသည်။ စွပ်ကျယ်မပါပါ။ ပလေကပ်လုံချည်အဖြူမှာ အပြာရောင်အကွက်ကျဲကျဲပုဆိုးဝတ်ထားပါသည်။

ဖေဖေတို့ ဝတ်ပြုပြီးသောအခါ အဘက 'သိကြားမြေးအဘိုး၊ သိကြားသားအဖ' ဟု ထပ်ကာထပ်ကာ ရေရွတ်နေပါသည်။

အောက်ပိုင်းရှိ တည်းခိုမည့်ဇရပ်ကိုရောက်သော် ဖေဖေက ဦးစိန်ခန့်ကို အဓိပ္ပာယ်ရှင်းပြရန် မေးပါ၏။

ဦးစိန်ခန့်က ဦးဘဦးသည် 'တစ်ဘဝမှာ ဥက္ကလာပမင်းကြီးရဲ့သား မင်းနန္ဒာဘဝဖြစ်ခဲ့တယ်လို့ဆိုချင်တာပါ'ဟု ဖြေပါ၏။

အဘဘိုးမင်းခေါင်မှာ တစ်ဘဝက ဥက္ကလာပမင်းကြီးဖြစ်ခဲ့ဖူးကြောင်း ရှင်းပြပါသည်။

တည်းခိုဇရပ်မှာ ခဏနားပြီး အဘဆီသို့ ပြန်သွားကြသည်။ အဘကမှာ ကြားရသည့်ကိစ္စကို ရှင်းပြကာ တာဝန်လည်းပေးလိုက်ပါသည်။

"မောင်ဘဦး အမှူးပြုပြီး ဘုရားတစ်ဆူတည်ရမယ်။ အဲဒီဘုရားဘွဲ့တော်ကိုလည်း ဥက္ကလာဦးလို့ခေါ်ရမယ်။ ရည်ရွယ်ချက်ကတော့ (၇) ရက်သားသမီးများ အသက်ကယ်ဖို့ ကပ်ကျော်နိုင်ဖို့ ဖြစ်တယ်"

ဟု မိန့်ပါသည်။

ဦးစိန်ခန့်နှင့် ဖေဖေတို့အဖွဲ့မှာ စဉ်းစားစရာဖြစ်လာပေပြီ။ လွယ်တော့ လွယ်သည့်ကိစ္စမဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com

အဘက ဆက်လက် မိန့်ကြားပါသည်။

"မင်းတို့ ရန်ကုန်ရောက်ရင် ဘောက်ထော်ဘက်မှာ မြေရှာပါ။ ပြီးတော့ ဗဟာဒီယွန်းအုပ်ကိုလည်း ငုံပြီး ဌာပနာလိုက်ပါ"

ဟုဆိုကာ ယွန်းအုပ်တစ်ခုကိုယူ၍ ဖေဖေတို့ကို လှမ်းပေးလိုက်သည်။

ယွန်းအုပ်မှာ ယောဂီရောင်ဖြစ်ပြီး အရွယ်အစားမှာ ယောကျ်ားလက်တစ်ဖက်စာကျယ်၍ အမြင့်နှစ်ပေခွဲခန့်ရှိပါသည်။ (ခန့်မှန်းချက်ဖြစ်ပါသည်။)

ခေတ်ကာလ မငြိမ်သက်သည့် အချိန်မှာ ဆွမ်းအုပ်တစ်ခုဖြင့် ရန်ကုန်ပြန်ရမည့်ကိစ္စမှာ အမှန်မလွယ်ကူပါ။

ထို့ကြောင့် ဖေဖေက မနော(စိတ်ထဲက) ဖြင့် အဘကိုလျှောက်တင်လိုက်သည်။

"သားတို့ အပြန်ခရီးမှာလည်း တိုက်ပွဲတွေရှိနိုင်ပါတယ်။ ဘယ်လိုပြန်ရမလဲ အဘ"

အံ့သြစရာတစ်ခုကိုကြုံတွေ့လိုက်ရသည်။ မနောဖြင့်လျှောက်ထားသည်ကို အဘက နှုတ်ဖြင့် ပြန်ဖြေပါသည်။

"■ ငွေးချို ငွေးချို ချိုသထက်ချို

■ ကြောက်တတ်ရင် ထန်းလက်ကာထား

■ ရတနာသုံးပါး ဂုဏ်ကျေးဇူးနဲ့ ဘေးအန္တရာယ်မရှိ

■ ရေနံချောင်းက ဖေက်ကောင်း

■ ဂျိန်းဂျိန်းကုတ်ကုတ် ဂျိန်းဂျိန်းကုတ်ကုတ်

■ အင်္ဂလန်ကို ရောက်သွားရော"

ထုံးစံအတိုင်း ဦးစိန်ခန့်ကို မေးရာ လာသည့်လမ်းအတိုင်း ပြန်ဖို့မိန့်ကြောင်း ရှင်းပြပါသည်။

ပြန်ခါနီးအချိန်တွင် အဘက ထပ်မံမိန့်ကြားသည်မှာ ဘုရားတည်ရာတွင် ဖေဖေက ဦးဆောင်ပြီး ကျန်သောအပိုင်းမှာ (၇) ရက်သားသမီးများ အလှူဖြစ်ပါစေဟု မိန့်ပါသည်။

ယွန်းအုပ်နှင့်အတူ တစ်မိုက်ခန့်အရှည်ရှိပြီး လက်ညှိုးအရွယ်အထူရှိသည့် တစ်ဖက်ချွန်ပန္နက်လေးများကိုပါ အဘက ထည့်ပေးလိုက်ပါသည်။ အဲဒီပန္နက်များ၏အရင်းပိုင်းတွင် စ-မ-ဗ-ဝ များကို အဘကိုယ်တိုင်ရေးပေးပါသည်။ သက်နှင်းတစ်စုံလည်းပေးလိုက်ပါသည်။

ပုပ္ပားပြန်အဖွဲ့ ငွေးချိုသို့သွားရောက်သည့်အချိန်မှာ ည (၇) နာရီခန့် ရှိပါပြီ။ အဝေးမှ သေနတ်သံ၊ စိန်ပြောင်းသံများကို ကြားနေရသည်။ ထမင်းဆိုင်တစ်ဆိုင်ကို တွေ့ရ၍ ဝင်လိုက်ရာ ပိုင်ရှင်များက အထုပ်အပိုးကိုယ်စီနှင့် ခရီးထွက်မည့်ပုံပေါ်နေသည်။ အနီးအနားရှိလူများလည်း အထုပ်အပိုးကိုယ်စီ၊ လှည်းကိုယ်စီဖြင့် ဘေးလွတ်မည်ထင်ရသည့် နေရာများသို့ သွားလာရန်ပြင်ဆင်နေကြပါသည်။

ထမင်းဆိုင်ပိုင်ရှင်အမျိုးသမီးကြီးက ဖေဖေတို့အဖွဲ့ကို မြင်သောအခါ -

"ကျွန်မတို့တောကိုသွားကြတော့မလို့ပါ။ ထမင်း၊ ဟင်းတွေလည်း ကိုယ်တိုင်ခူးခပ်ပြီးသုံးဆောင်ကြပါ။ တကယ်လို့ ကျွန်မတို့နဲ့ လိုက်မယ်ဆိုရင်လည်း လိုက်ခဲ့ပါ"

ဟု ဖိတ်ခေါ်ပါသည်။

ဖေဖေတို့က ကြောက်တော့ကြောက်သည်။ သို့ရာတွင် အဘမှာလိုက်သည့်ခရီးစဉ်မဟုတ်သဖြင့် ငွေးချို ထမင်းဆိုင်မှာပင် နေခဲ့ကြပါသည်။

ညမိုးချုပ်သောအခါ တိုက်ပွဲမှာ ပစ်ခတ်သံများက ပိုမိုကျယ်လောင်လာသည်။ အားလုံး ကြောက်စိတ်ကြောင့် မအိပ်နိုင်ကြပါ။ ယွန်းအုပ်ကို စားပွဲတစ်လုံးပေါ်တင်ပြီးထိုင်နေကြသည်။ ဂါထာများလည်းရွတ်၊ အဘကိုလည်း တမ်းတရင်းနေကြရသည်။

အချို့ကျည်ဆန်များ အမိုးကိုလာထိရာ၊ အမိုးအကာများ လွင့်ထွက်ကုန်သည်။

ဦးစိန်ခန့်က -

"ဦးဘဦး၊ ဘိုးတော်မှာလိုက်တယ် မဟုတ်လား။ 'ကြောက်တတ်ရင် ထန်းလက်ကာထား' ဆိုတာလေ။ အခုထမင်းဆိုင်ကလည်း ထန်းလက်နဲ့ခနိကာထားတယ်။ မတိုက်ဆိုင်ဘူးလား"

ဟု ပြောပါသည်။

ထိုအချိန်မှာ မိုးက သဲသဲမဲမဲရွာချလိုက်ရာ နှစ်ဖက်စလုံးမှ တိုက်ခိုက်မှုများ ရပ်ဆိုင်းသွားပါသည်။ ဘာသံမှ မကြားရတော့ပါ။

မိုးလင်းသောအခါ ကားသံကြား၍ ဖေဖေတို့ တဲထဲမှ ထွက်ကြည့်ကြသည်။ ချက်ပလက်ခေါင်းတိုကားတစ်စင်း ဆိုင်ရှေ့သို့လာရပ်ပြီး ကားသမားနှင့် နောက်လိုက်များ ဆင်းလာကြ၏။

ကားသမားက -

"ဆရာကြီးတို့၊ ကျွန်တော်တို့က ရေနံချောင်းကို ဆက်သွားမလို့ပါ။ ဒီမှာ ထမင်းလာစားတာပါ"

ဟု ပြောသည်။

ဖေဖေတို့က အကျိုးအကြောင်းရှင်းပြရာ -

"ဒီလိုဆိုရင် ရေနံချောင်းအထိ လမ်းကြုံလိုက်ခဲ့ပါလား"

ဆိုသဖြင့် ရေနံချောင်းမြို့သို့ ရောက်ခဲ့ရပြန်ပါသည်။ ထိုမှတစ်ဆင့် ပြည်မြို့သို့ရောက်သော် ပြည် - ရန်ကုန် ရထားလမ်းအတိုင်း လမ်းလျှောက်လာကြ၏။ ထိုမှတစ်ဖန် ကြုံရာကားစီးမည် ဖြစ်၏။

ဖေဖေက မာဖလာတဘက်လေးကို စလွယ်သိုင်းပြီး အဝတ်ထည့်သည့် သားရေအိတ်ကို တွဲချည်ကာ လမ်းလျှောက်လာသည်။ ယွန်းအုပ်ကိုတော တစ်ယောက်တစ်လှည့်စီပိုက်လာကြ၏

"ဆရာကြီးတို့ ခဏနေပါဦး။ ကျွန်တော်တို့ ဗိုလ်ကြီးက တွေ့ချင်လို့ပါတဲ့"

အနောက်မှအသံကြား၍ လှည့်ကြည့်ကြရာ သောင်းကျန်းသူတစ်ဦးက မြင်လိုက်ရ၏။ သူတို့နယ်မြေဖြစ်၍ ကြောက်သော်လည်းလိုက်သွားရသည်

မလှမ်းမကမ်းရှိ ဗိုလ်တဲတစ်ခု ခြံဝသို့ရောက်သောအခါ ရဲဘော်များ ဗိုလ်ကွန်းဇော်ကို တွေ့လိုက်ရသည် ယခင်တစ်ချိန်က ဖခင်ဦးဘဦးသည် ဗိုလ်ကွန်းဇော်၏အသက်ကို ကယ်တင်ဖူးသည်ဟု သိရပါသည်။ လက်ဖက်ရည်များ၊ မုန့်များဖြင့် ဧည့်ခံပြီး အပြန် ကားဂိတ်ကို သူ့လူများအား ပို့ခိုင်းလိုက်ပါသည်။

သို့နှင့် ရန်ကုန်မြို့သို့ ရောက်ရှိကြပါသည်။ ကရိလမ်း ယခု (ဗိုလ်မြတ်ထွန်းလမ်း) နေအိမ် (ယခု အ-ထ-က ၃ ဗိုလ်တထောင်) တိုက်ကျောင်းနှင့် ကပ်လျက် အိမ်သို့ ရောက်သောအခါ ယွန်းအုပ်ကို ဘုရားကျောင်းဆောင်မှာတင်ပြီး ဝတ်ရွတ်အဖွဲ့များဖြင့် ပရိတ်များ၊ ပဋ္ဌာန်းများ နေ့စဉ် ရွတ်ကြပါသည်။

ဤအပိုင်းသည် ဥက္ကလာပ စေတီတည်ရန်အတွက် ပထမပိုင်းတာဝန်ပြီးပါပြီ။

ဒုတိယတာဝန်မှာ မြေနေရာရှာရန်ကိစ္စပါ။ 'ဘောက်ထော်မှာရှာ'ဆိုသည့် အတိုင်း ဘောက်ထော်ဘက်မှာ စုံစမ်းရပါမည်။ ယင်းအချိန်ကာလ တောင်ဥက္ကလာပမြို့ မပေါ်သေးပါ။ သာကေတလည်း မပေါ်သေးပါ။ တောင်ဥက္ကလာပမြို့မှာ ၁၉၅၉ ခုနှစ်တွင်မှ မြို့သစ်အဖြစ် ပေါ်ခဲ့ပါသည်။

■



www.burmeseclassic.com



ကျွန်မက အစ်ကိုကြီးကို မေးခွန်း တစ်ခုမေးလိုက်မိပါသည်။

"ဘောက်ထော်ဆိုတာ လူအများ သိတဲ့ စစ်မှတ်တမ်းရုံးအနားကနေရာ လား"

ဟု မေးရာ အစ်ကိုကြီးက -

"မဟုတ်ဘူး၊ အခုမှတ်တမ်းရုံးရှိ တဲ့နေရာက စာရေးတန်းဘောက်ထော် ဖြစ်တယ်။ ဥက္ကလာဦးရှိတဲ့ဘက်က နတ် စင်ဘောက်ထော်ဖြစ်တယ်"

ဟု ဖြေပါသည်။

မြေနေရာရှာသည့်အခါ ဖေဖေ၏ ကား RC - ၇၂၇၂ နီညိုရောင် ဆလွန်း ကားဖြင့် သွားပါသည်။ ကားနံပါတ်ကို ဖော်ပြခြင်းမှာ ထူးခြားမှုတစ်ခုကို တင်ပြ လို၍ ဖြစ်ပါသည်။

ဖေဖေ ဦးဘဦးနှင့် အစ်ကိုကြီး၊ ကျန်သော အစ်ကိုသုံးယောက် လိုက်ပါ သွားကြရာ ထိုခရီးစဉ်အား အစ်ကိုကြီး က ကောင်းစွာ မှတ်မိနေခြင်း ဖြစ်ပါ သည်။

ကားမောင်းသူမှာ အိန္ဒိယလူမျိုး ဖြစ်ပြီး ကားကိုအလွန်သန့်အောင်ထား တတ်သူတစ်ဦး ဖြစ်ပါသည်။ ရွှေသွား များတပ်ထားသောကြောင့် ရယ် လိုက်လျှင် သွားများကိုသာ မြင်ရတော့ သည်။ အလွန်သဘောကောင်းသူ ဖြစ် သော်လည်း ဘောက်ထော်သို့ခရီးမှာ မိုး၍ ရွှံ့ဗွက်လမ်းများလှသဖြင့် ကား ကို ရွှံ့စဉ်ရာတွင် ကား သမား သိပ်ကြိုက်ဟန် မတူပါ။

ယခု သာစုရပ်ရှင် ခြံ(သယ်န်းကျွန်းမြို့နယ်) အကျော်တွင် ဘယ် ဘက်ကို မောင်းခိုင်းပါ သည်။ ထို့နောက် လက် ယာဘက်သို့ဆက်လက် မောင်းသွားရာ ကျယ် ဝန်းလှသည့် သီဟိုဠ်ခြံ ကြီးရှေ့ ရောက်သွား တော့သည်။

ကားသွား၍ မရ တော့သဖြင့် လမ်း လျှောက်သွားကြရာ မ လှမ်းမကမ်းမှာ ပျဉ်ခင်း သွပ်မိုးအိမ်တစ်လုံးကို တွေ့လိုက်ကြသည်။အိမ် ပေါ်မှ အသက်ငါးဆယ် ကျော် အသားဖြူဖြူ၊ မျက်နှာဝိုင်းဝိုင်း၊ မျက်ခုံး ကောင်းသည့် ယောဂီအမျိုးသမီး ထိုအိမ် ထဲမှ ဆင်းလာ၏။

"ဆရာကြီးတို့ ဘာကိစ္စအတွက် လာပါသလဲ"

"ဘုရားတည်ဖို့မြေလာကြည့်တာ ပါ၊ ဝယ်ပါ့မယ်"

ဟု ဖေဖေက ဖြေသည်။

ထိုအမျိုးသမီးကြီးက အိမ်ပေါ်သို့ ခေါ်ပြီး ကော်ဖီနှင့် မုန့်များဖြင့် ဧည့်ခံပါ သည်။

"ကျွန်မကို ဒီခြံတစ်ဝိုက်ကလူ တွေက မယ်တော်ကြီးလို့ ခေါ်ပါတယ်။ ဒီခြံမြေတွေကိုလည်း ကျွန်မပိုင်ပါတယ်။ အခု ဆရာကြီးတို့တည်မယ့် ဘုရားဘွဲ့ တော်က ဥက္ကလာဦး မဟုတ်လား။ စီး လာတဲ့ကားက RC- ၇၂၇၂ မဟုတ်လား"

ဖေဖေတို့ အံ့သြသွားကြ၏။ ဘုရားတည်မည်ဟုသာ ပြောရသေး သည်။ ကားကိုလည်း လှမ်းကြည့်၍ မြင် နိုင်သည် မဟုတ်ပါ။

"အံ့သြသွားသလား။ ညက အဘ ဘိုးမင်းခေါင်နဲ့ အဘဘိုးဘိုးအောင်တို့ လာပြောသွားတယ်"

"မယ်တော်ကြီး၊ အခုဆယ်တောင် ပြည့်စေတီမြေနေရာကိုလည်း မယ်တော် ကြီး လှူပြီးပြီ။ အခု ဥက္ကလာဦးဘုရား အတွက် လှူပါဦးလို့ မိန့်သွားကြပါ တယ်။ ကျွန်မလှူပါ့မယ်။

ဦးဘဦးဆိုတာ ဘယ်သူပါလဲ"

ဟု မေးရာ ဖေဖေကို ဦးစိန်ခန့် က ညွှန်ပြပါသည်။ အဘတို့ပြောသွား မည် ထင်ပါသည်။

မြေနေရာ လျှောက်ကြည့်သော အခါ မလှမ်းမကမ်း၌ အဘဘိုးမင်းခေါင် ညွှန်ကြားချက်အရ အဖေကြီး ဦးအောင် ချမ်းသာ အမှူးပြုသော ဆယ်တောင် ပြည့်ဘုရား တည်လက်စကို လမ်းမြင်ရ ပါသည်။ မြန်မာနှစ် ၁၃၀၉ ခုနှစ်ဟု ကျောက်စာတွင် ရေးထိုးထားပါသည်။ အေဝမ်းရုပ်ရှင်အဖွဲ့မှ ဦးတင်နွယ်နှင့် အေဝမ်းဦးတင်မောင်တို့ ဦးစီး တည်ထား ကြောင်း သိရပါသည်။

သို့နှင့် ယခုလက်ရှိ ဘုရားအ ကျယ်အဝန်းကို မယ်တော်ကြီးလှူလိုက် ပါသည်။ အဘ၏ညွှန်ကြားချက်အတိုင်း သတ္တဝါများ ကပ်ကျော်နိုင်ရန် (၇) ရက် သားသမီးများ အလှူပါဝင်စေပါသည်။

စေတီတော်၏ ပုံတော်မှာ မဟာ ဗောဓိစေတီပုံစံမျိုး ဖြစ်ပါသည်။ လေး မျက်နှာရှိပြီး နှစ်ကိုပ်ရှစ်ဆူကျောင်းဆင်း တုတော်များမှာ အမြင့်တစ်ပေခန့်ရှိပြီး တင်ပျဉ်ခွေပုံဖြစ်ပါသည်။ ကျောက်သား ကို ထွင်းထားပြီး အပြင်မှ မှန်များ ကာရံ ထားပါသည်။

အေဝမ်းရုပ်ရှင်အဖွဲ့ ဘုရားဒါယ ကာများကလည်း ဥက္ကလာဦးစေတီတည် ရာတွင် လာရောက် ကူညီဆောင်ရွက် အားပေးခဲ့ကြပါသည်။

အနေကဇာတင်သောနေ့တွင် (၇) ရက်သားသမီး အလှူရှင်များအပြင် ဖေဖေတို့နှင့်ရင်းနှီးသော မိတ်ဆွေကြီး များဖြစ်ကြသည့် အတွန်းဝန်ချုပ် အိုင်စီ အက် ဦးကာစီနှင့် ဇနီး၊ ဝန်ကြီးဟောင်း ဟသ်ာတဦးမြ၊ ဝန်ကြီးသခင်တင်မောင်၊ စုံထောက်မင်းကြီး ဦးလှတောနှင့် ဇနီး ဒေါ်မာရီလှတော စသည့် ပုဂ္ဂိုလ်များက လည်း လာရောက် ကုသိုလ်ယူကြပါ သည်။

အဘဘိုးမင်းခေါင် လွှဲအပ်လိုက် သည့် ယွန်းအုပ်ကိုမူ ယခုဖူးမြင်ရသည့် အတိုင်း ထိပ်ဆုံးတွင် ငုံပြီး ဌာပနာလိုက် ပါသည်။

*(ဖြစ်ရပ်မှန်များကို ဖော်ပြနိုင်သည့် အခွင့်အရေးကိုပေးပါလေသော သူရဇ္ဇ မဂ္ဂဇင်းကြီးသည် ယခုထက်ပို၍ စာပေ လောကရှုထောင့်မှ ဗုဒ္ဓသာသနာ ပိုမိုပွင့် လန်းအောင် ဆောင်ရွက်နိုင်ပါစေ)*

ကျေးဇူးတင်လျက် -

တင်တင်ဦး (ပေါင်းတည်)

www.burmeseclassic.com

ဉာဏ်မြင့်

# အုန်းမောင်းလုပ်နည်းလင်္ကာ

■ ထိပ်ဝတစ်ပြန်
အနားချန်
အလယ်လေးပြန်ထား။

■ ထိပ်ဝခြောက်ချိုး
ပယ်ငါးချိုး
တစ်ချိုးအပေါက်ထား။

■ လက်လေးသစ်အောက်
ကား၍ဖောက်
ဝေးရောက်တိုင်ကကြား။

အုန်းမောင်းလုပ်နည်းသံပေါက်လင်္ကာကို မန္တလေးတိုင်းဒေသကြီး အမရပူရမြို့ မှန်တန်းရပ် ရွှေဂူကြီးဘုရားနှင့် ရွှေဂူကြီးကျောင်းတိုက်တွင် သီတင်းသုံးတော်မူသွားသည့် ပျံလွန်တော်မူပြီး ဆရာတော်ကြီး ဦးအာဒိစ္စထံမှ ရရှိခဲ့ပါသည်။ ဆရာတော်ကြီးသည် ၁၉၇၈ ခုနှစ်တွင် သက်တော် (၉၀) ခန့်အရောက်၌ နာမကျန်းဖြစ်၍ ဒကာရင်းတစ်ဦးအနေဖြင့် အနီးကပ် ပြုစုလုပ်ကျွေးခဲ့ရစဉ်က ဝတ်ကြီးဝတ်ငယ်ပြုရင်း ရရှိခဲ့ခြင်းဖြစ်ပါသည်။


ဤရွှေဂူကြီးဘုရားနှင့် ရွှေဂူကြီးကျောင်းတိုက်မှာ ပါတော်မူပြီးစ အင်္ဂလိပ်မင်းတို့လက်ထက်၌ မြန်မာသာသနာပိုင်ဆရာတော်ကြီး သီတင်းသုံးတော်မူခဲ့သည့် သမိုင်းဝင်ကျောင်းနှင့် ဘုရားဖြစ်ပါသည်။ ရွှေဂူကြီးဘုရားမှာ ပုဂံခေတ် နရပတိစည်သူမင်း တည်ထားကိုးကွယ်သည့် သမိုင်းဝင် ရှေးဟောင်းဘုရားတစ်ဆူ ဖြစ်ပါသည်။ အမရပူရမြို့ မဟာဝိဇယရံသီပုထိုးတော်ကြီးဘုရားနှင့် အရှေ့ဘက်၊ အနောက်ဘက် မီးရထားသံလမ်းခြားပြီး တည်ရှိပါသည်။

သူရဿမဂ္ဂဇင်း ၂၀၁၃ ခု၊ စက်တင်ဘာလထုတ် စာမျက်နှာ (၂၁၂) ၌ ပါရှိသော အုန်းမောင်းလုပ်နည်းဆောင်းပါးကို ဖတ်ရှုရသဖြင့် ဤစာကို ကျွန်တော် ရေးလိုက်ခြင်း ဖြစ်ပါသည်။ ယင်းဆောင်းပါး၌ပါရှိသည့် အုန်းမောင်းပြုလုပ်နည်းမှာ အဓိပ္ပာယ်ပြည့်ပြည့်ဝဝ ဖော်ဆောင်ခြင်းမရှိဘဲ တစ်ဝက်တစ်ပျက်မျှ ဖြစ်နေသောကြောင့် ဖြစ်ပါသည်။ အခြားအကြောင်းမရှိပါ။ စာဖတ်သူများ အကျိုးရှိစေလိုသည့် ရည်ရွယ်ချက်သာရှိပါကြောင်း ဝန်ခံပါသည်။

အုန်းမောင်းလုပ်နည်းလင်္ကာအရ အုန်းမောင်းလုပ်ရန်အတွက် ဝါးတောက်သားတုံး (၇) ပေခန့် လိုအပ်မည် ဖြစ်ပါသည်။ ဥပမာ အုန်းမောင်းလုပ်မည့်သစ်တုံးသည် အလျား (၇)ပေ၊ လုံးပတ်(၁) ပေရှိသည်ဆိုအံ့။ လုံးပတ်(၁)ပေရှိလျှင် ထိပ်ဝလည်း (၁)ပေရှိမည်ဖြစ်၏။ 'ထိပ်ဝတစ်ပြန် အနားချန်' ဆိုသည့်အတိုင်း ထိပ် (၂) ဖက်ကို (၁) ပေထားရမည်ဖြစ်၍ (၂) ပေကုန်သွားမည် ဖြစ်ပါသည်။ ထိုသို့ (၂) ပေကို အသုံးပြုလိုက်လျှင် သစ်တုံးမှာ (၅) ပေကျန်ဦးမည်။ ခေါင်းပိုင်း၌ အုန်းမောင်းချိတ်ဆွဲရန်ရှိနေ၍ (၁) ပေကို အသုံးပြုမည်ဖြစ်ရာ သစ်တုံးသည် (၄) ပေသာကျန်တော့မည် ဖြစ်သည်။ ထို (၄) ပေကို အုန်းမောင်းလုပ်မည် ဖြစ်ပါသည်။

တစ်ဖန် 'အလယ်လေး ပြန်ထား' ဆိုသည့်အတိုင်း ယခုကျန်ရှိနေသည့် (၄) ပေကို အုန်းမောင်းလုပ်ရန် ဖြစ်၏။ 'ထိပ်ဝခြောက်ချိုး၊ ပယ်ငါးချိုး၊ တစ်ချိုးအပေါက်ထား' ဟု ဆိုသဖြင့် ထိပ်ဝ (၁) ပေရှိသဖြင့် ၎င်း၏ခြောက်ချိုးတစ်ချိုးမှာ (၁၂) လက်မ ÷ (၆) ဖြစ်၍ (၂) လက်မဖြစ်ပါသည်။ ၎င်း (၂) လက်မကို အုန်းမောင်းအပေါက်ဖောက်ရန် ဖြစ်ပါသည်။ ကျန်ပယ်ငါးချိုး (၁၀) လက်မကို ပယ်လိုက်ရန် ဖြစ်ပါသည်။ 'လက်လေးသစ်အောက်၊ ကား၍ဖောက်' ဆိုသည့်အတိုင်း လက်လေးသစ်အထိ ဖောက်ပြီးလျှင် အတွင်းရောက်သည့်အခါ ကား၍ဖောက်ရန် ဖြစ်သည်။ သို့မှအတွင်း၌ လိုဏ်ခေါင်းဖြစ်မှ လိုဏ်ခေါင်းသံထွက်ပါမည်။ သို့ဖြစ်၍ အတွင်းရောက်သည့်အခါ ကား၍ဖောက်ရန် ညွှန်ကြားထားခြင်းဖြစ်သည်ကို သဘောပေါက်သင့်ပါသည်။ ယင်းသို့ ညွှန်ကြားထားသည့်အတိုင်း လိုက်နာဆောင်ရွက်ခြင်းဖြင့် အဝေးရပ် (၁) တိုင်၊ (၂) တိုင်က ကြားရသည့် အုန်းမောင်းတစ်လုံး ဖြစ်သွားမည် ဖြစ်ပါသည်။

ဤအုန်းမောင်းနှင့် နှီးနွယ်ပတ်သက်ပြီး ကျေးလက်တောရွာ၏ မိုးသောက်ချိန်ကို ဤစာရေးသူ ငယ်စဉ်အသက် (၂၈) နှစ်က ရေးထားသည့် ကဗျာကလေးတစ်ပုဒ်ရှိခဲ့ဖူးသည်။ ယခုဆိုလျှင် နှစ်ပေါင်း (၄၉) နှစ်ပင် ဖြစ်ပါသည်။ ဇာတိချက်ကြွေ မွေးရပ်မြေ




ကျေးလက်ဒေသ၏ မိုးသောက်ချိန်ကို ရေးထားခြင်းဖြင့်ပါသည်။ အုန်းမော[င်း] နှင့် အလျဉ်းသင့်နေသဖြင့် သူရဿမဂ္ဂဇင်း ပရိသတ်အား စာပေမေတ္တာဆော[င်] အဖြစ် မျှဝေခံစားလိုသည့် ဆန္ဒဖြင့် အောက်တွင် ဖော်ပြလိုက်ပါသည်။

**မိုးသောက်ချိန်**

■ ရွာဦးကျောင်းမှ
ကိုရင်ထ၍
လက်ဆည်းညီ
တုံးခေါက်ပြီတည့်။

■ အိမ်ခေါင်မိုးမှ
ကြက်တစ်ဖလည်း
ထကြွေတော့ရန်
နှိုးဆော်ဟန်နှင့်
တွန်သံပေး၍နေပြီတည်း။

■ ချိုကုပ်၊ ချိုထောင့်
နွားညီနောင်ကို
ဘမောင်၊ သုတ်သုတ်
ချီတိုင်ငုတ်က
ကြိုးဖြုတ်ပြီးလျှင်
ယာတောဝင်ပြီး၊
နှမ်းယဉ်ကြဖို့သွားပြီတည်း။

■ အိမ်ဦးခန်းမှ
အိပ်နိုးထ၍
အဖ ဘိုးချက်
ဆီမီးလက်ကာ
ဝတ်တက်ဆုခြွေ
နေခြည်ဦးလည်းမြူးပြီတည်း။

ဉာဏ်မြင့်

www.burmeseclassic.com

www.burmeseclassic.com



ရောမနှင့်မန္တလေးရွှေမြို့တော်များမှ


# အိမ်တော်ရာစေတီများ

ကိုအေးမြင့် (မဟာဝိဇ္ဇာ ရှေး-သု)

အီတလီနိုင်ငံ ရောမမြို့မှာ တွေ့ဆုံခင်မင်ခဲ့ရသော မသီသီဝင်းက မန္တလေးရောက်လျှင် ဝင်လည်ပါဟု လိပ်စာပေးသွားသဖြင့် သူပေးထားသော လိပ်စာကတ်ကိုကိုင်ကာ တည်းခိုရာ 'ဟိုတယ် မန္တလေး' မှ ထွက်လာခဲ့သည်။ ဖြောင့်စင်းအကွက်ကျလှသော မန္တလေးမြို့ကြီး၏လမ်းများမှာ လိပ်စာရှာဖို့အလွန်လွယ်သည်။ လမ်းနံပါတ်စဉ်



အိမ်တော်ရာဘုရားသို့ အဝင်လမ်းနှင့် မုခ်ဦး



အိမ်တော်ရာစေတီဝရပ်တစ်ဆောင်မှ မကိုင့်ဆောင်း ဆင်းတုတော်များ




www.burmeseclassic.com

www.burmeseclassic.com

အလိုက် ရှေ့တိုးနောက်ဆုတ်လုပ်ကာ လျှောက်သွားလိုက်ရုံပင်။ သို့ဖြင့် ဘာ ယာဉ်မှမစီးတော့ဘဲ ဟိုမေးသည်စမ်း ဖြင့် လျှောက်လာခဲ့သည်။ လမ်းကျယ် ကြီးတွေကလည်း လျှောက်လို့ကောင်းလှ သည်။ မိုးကုန်လုလု ဆောင်းသို့ ခြေ လှမ်းစအဝင်မို့ သိပ်လည်းမပူလှသေး။ တန်ဆောင်းမုန်းလပြည့်နေ့မို့ ဈေးဆိုင် တွေ အတော်များများပိတ်ကာ လမ်း ပေါ်မှာလည်း လူရှင်းလှသည်။

လမ်းညွှန်သူတွေ၏ 'ရှေ့တစ်ပြ လောက်' ဟူသော အကွာအဝေးအတိုင်း လျှောက်ခဲ့ရာ ခမ်းနားထည်ဝါလှသော ကုန်တိုက်သစ်ကြီးတွေ၊ ဘူးသီးငပေါင်း ကြော်ဆိုင်းဘုတ်တွေကို ကျော်ဖြတ်ရင်း မန္တလေးဘူတာကြီးကိုလည်းကျော်ခဲ့ပေ့ါ။



ယနေ့ အိမ်တော်ရာဘုရား၏ ရှုထောင့်အစွေစွေ



ဗုဒ္ဓဝင်နှင့် ဘုရားသမိုင်းကို ပုံဖော်ထားသော ပန်းချီကားများ



www.burmeseclassic.com

www.burmeseclassic.com

ဈေးချိုနာရီစင်ကြီးကိုလည်းဖြတ်ခဲ့ပေ့ါ။ မကြာမီမှာ (၂၇)လမ်းကိုရောက်လာသည်။ (၈၇) လမ်းနှင့် (၈၈) လမ်းကြားဆိုတော့ သိပ်ခဲခဲယဉ်းယဉ်းလည်းရှာစရာမလို။ တည့်တည့်ကိုရောက်သွားပါတော့သည်။ လပြည့်နေ့ ဈေးပိတ်တတ်သော မန်းမလေ့အတိုင်း မသီ၏ 'စင်ကြယ်'တောင်ကြီးဆီဆိုင်လည်း ပိတ်နေပေ့ါ။ သော့တန်းလန်းကို ငေးကြည့်ရင်း နောက်ဘက်ကို ပြန်အလှည့်တွင် အုတ်တံတိုင်း ထူထူထဲထဲခိုင်ခိုင်ခံ့ခံ့ကြီးကို လှမ်းမြင်လိုက်ရသည်။ ဘာပါလိမ့်ပေ့ါ။

သို့ဖြင့် ငါးမရလည်း ရေချိုးပြန်မည်ဟုစိတ်ကူးရင်း အုတ်ရိုးနားချည်းကပ်လိုက်တော့ မှုခ်ဦးကြီးကို တွေ့လိုက်ရ၏။ 'မဟာလောကရံသီ၊ အိမ်တော်ရာစေတီတော်' (Mahalawkayanthe Ein Daw Yar Pagoda) ဆိုပါလား။ သည်တွင် လွန်ခဲ့သော (၂) နှစ်လောက်ကကိုယ်ရေးခဲ့တဲ့ စေတီတစ်ဆူအကြောင်းကို ဖျတ်ခနဲ သတိရလိုက်မိသည်။

'နီးနီးနားနား ခရီးသွား' ဆိုသည့်ခေါင်းစဉ်လေးနှင့် သူရဋ္ဌမှာ အမှတ်မထင်ရေးလိုက်မိရင်း ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်မှ ရေးစရာများကို အတော်များများရေးဖြစ်ခဲ့သည်။ တကယ့်ကိုပင်နီးနီးနားနားတွင် လေ့လာစရာများတစ်ပုံတစ်ပင်ရှိနေလေ၏။ ထိုစဉ်ကရန်ကုန်မြို့ ပြည်လမ်း အမျိုးသားပြတိုက်အပေါ်ထပ်မှ စီးမြင်နေရသည့် စေတီလေးတစ်ဆူအကြောင်းရေးလိုက်မိသည်။ ကျွန်တော်တို့ အမျိုးသားပြတိုက်အပေါ်ဆုံးထပ်မှာ ဘွဲ့လွန်ပြတိုက်ပညာသင်တန်းတက်စဉ်က အမြလိုလို ဖူးတွေ့ရသော စေတီလေးပင်။ နီးလျက်နှင့်ဝေးဆိုသလို ထိုသင်တန်းမှ ဘွဲ့သာရခဲ့သည်၊ တစ်ခေါက်မှ မဖူးရောက်ဖြစ်ခဲ့ပေ။ ရောက်ခဲ့ပေမည့် စေတီ၏ ဘွဲ့တော်ကိုမူ ကွယ်လွန်သူ ပန်းချီဆရာကြီးဦးခင်းနိုင် ပြောပြခဲ့သဖြင့် သိခဲ့ရသည်။ 'အိမ်တော်ရာစေတီ' ဟူ၏။



အိမ်တော်ရာဘုရား



အိမ်တော်ရာဘုရားစောင်းတန်းမှ ဇရဲခန်းပန်းချီကားများ

**မြန်မာပြည်တစ်လွှား**
**အိမ်တော်ရာစေတီများ**

ဆက်လက် လေ့လာ စုံစမ်းသောအခါ မြန်မာပြည်တွင် အိမ်တော်ရာစေတီ (၃) ဆူရှိကြောင်း သိလာရသည်။ အမည်တော်တူ အိမ်တော်ရာစေတီ(၃)ဆူရှိသည့်အနက် အိမ်တော်ရာစေတီတစ်ဆူမှာ စစ်ကိုင်းတောင်တော်ပေါ်ရှိ ဘိုးတော်ဘုရားတည်ထားခဲ့သော စေတီ ဖြစ်သည်။ နောက်တစ်ဆူကား မန္တလေးမြို့ သီရိဟေမာအရှေ့ရပ်ရှိ ပုဂံမင်း တည်ခဲ့သော မဟာလောကရံသီ စေတီ ဖြစ်ပါ၏။ ကျန်တတိယတစ်ဆူကား ရန်ကုန်မြို့ ဒဂုန်မြို့နယ်တွင် တည်ရှိသော မဟာဓမ္မရံသီ အိမ်တော်ရာစေတီပင်ဖြစ်ပြီး ပုဂံမင်းပင် တည်ထားကိုးကွယ်ခဲ့ခြင်း ဖြစ်ပေသည်။

ပုဂံမင်းတည်ခဲ့သည့် အိမ်တော်ရာစေတီများ၏ ဘွဲ့မည်များဖြစ်သော 'လောကရံသီ' နှင့် 'ဓမ္မရံသီ'တို့မှာ ပါဠိအမည်များဖြစ်ပြီး 'လောကရံသီ' မှာ လောက၏ ရောင်ခြည်တော်နှင့် 'ဓမ္မရံသီ' က တရားတော်မြတ်၏ ရောင်ခြည်တော်ဟု အသီးသီး အဓိပ္ပာယ်ရကြပါသည်။ သို့ဖြင့် ထို (၃) ဆူအနက် ရန်ကုန်မြို့တော်မှာရှိနေသည့် အိမ်တော်ရာစေတီတစ်ဆူအကြောင်းကို 'နီးနီးနား




www.burmeseclassic.com

www.burmeseclassic.com





အိမ်တော်ရာဘုရားဘေးက ရွှေပေါင်းသစ်သားဘုံမြင့်နှင့် ဇရပ်



အိမ်တော်ရာဘုရားဝင်းမှ သာသနိကအဆောက်အအုံများ

နား ခရီးသွား' အစီအစဉ်မှ စတင်ဖေ
ခဲ့မိသည်။ ရန်ကုန်မှ အိမ်တော်ရာစေတီ
ကိုကား ထိုစေတီအနီးအနားမှ မကြာ
ခဏဖြတ်သွားနေရသော်လည်း ကပ်
ကပ်ပြီးကျော်နေသဖြင့် ကပ်ကျော်စေတီ
ဟုပင် ခေါ်ရမည်။ နီးနီးနားနား ခရီး
သွားအစီအစဉ်လေးစ,မိမှ ကိုယ်တိုင်
လည်း မရောက်မနေ သွားဖြစ်အောင်
သွားမှဖြစ်တော့မည်ဟု ဆုံးဖြတ်ကာ
အချိန်ယူပြီးသွားလိုက်ရသည်။

**ရန်ကုန်မြို့ ဒဂုံမြို့နယ်မှ မဟာဓမ္မရံသီ အိမ်တော်ရာစေတီတော်သို့**

သွားလိုက်တော့လည်း အဘော်
ပင် သွားရလာရလွယ်ကူသောနေရာ
ဖြစ်နေ၏။ ပြည်လမ်း ပဲခူးကလပ်မှတ်
တိုင်တွင်ဆင်းကာ ရုရှားသံရုံးဘေးက
လမ်းကို ဖြတ်လိုက်သော် ပဒုမ္မာလမ်း
(ယခင် - ဘဒ်လမ်း) ကို ရောက်သည်။
လက်ဝဲဘက်သို့ အနည်းငယ် ချိုးကွေ့
လိုက်သည်နှင့် ပဲခူးကလပ်အရှေ့ဘက်
တွင်ရှိသော မဟာဓမ္မရံသီအိမ်တော်ရာ
စေတီ ဟူသော မုခ်ဦးနီနီကြီးကို တွေ့
လိုက်ရသည်။ 'ပုဂံမင်း တည်ထား ကိုး
ကွယ်သော' ဟူသည့် ကျောက်သားကွင်
ထွင်းထုထားသောစာသားလေးလည်း
မုခ်ဦးတိုင်တွင် ပါရှိနေ၏။ မြို့မကောင်း
လမ်းဘက်မှဝင်လျှင်လည်း (ယခင်
ဂေါ်ဒွင်လမ်း၏ အနောက်ဘက်တွင်ရှိ
သော) အိမ်တော်ရာစေတီသို့ ရောက်
နိုင်ပါသည်။ ဒင်ဆမ်းနာမည်ကြီးသော
Oriental House စားသောက်ဆိုင်နှင့်
ဓား လွယ်ခုတ်လောက်မှာပေါ့။

ကျောက်ပြားများခင်းထားသည့်
ဘုရားပရဝဏ်အတွင်းဝင်လိုက်သည်နှင့်
သစ်လွင်တောက်ပသော ဆေးရောင်
များလွင်နေသည့်စေတီ၊ တန်ဆောင်း
များ၊ နဂါးရုံဘုရား၊ ထီးတော်စေတီ၊ ခြင်
တော်ရာ၊ တံခွန်တိုင်ဘုရားနှင့် အ
ဆောက်အအုံများစွာကို တွေ့ရပေမည်။
မြက်ခင်းအလှဆင်ယင်မှုများနှင့်ဒေ
ပန်းအလှပင်များကိုလည်း ကြည်နူးဖွယ်
မြင်ရ၏။ စေတီတော်မှာ ထင်ထားသလို
ရှေးကျကာ ဟောင်းအိုနေသည့်အသွင်
သဏ္ဌာန်နှင့်တော့ မဟုတ်ပါ။

**သမိုင်းကြောင်းရှိသည့်စေတီတော်**

ဘကြီးတော်မင်းတရားသည် ညီ
တော် သာယာဝတီမင်းအား မြန်မာနှ
၁၁၉၉ ခုနှစ်တွင် ထီးနန်းလွှဲအပ်လိုက်
သည်။ ၁၂၀၃ ခုနှစ်တွင်ကား သာယာ
ဝတီမင်းသည် မိဖုရား၊ သားတော်သ



www.burmeseclassic.com

www.burmeseclassic.com

တော်များနှင့် အမတ်ဗိုလ်ပါများစွာ ခြံရံ ၍ အင်္ဂလိပ်အစိုးရအား အင်အားပြ သည့်အနေဖြင့် ရန်ကုန်မြို့သို့ ရေ ကြောင်းခရီးမှ စုန်ဆင်းလာခဲ့၏။ ထို့ နောက် လမ်းမတော်ဆိပ်ကမ်းမှတက် ကာ မြို့မကျောင်းရှေ့တည့်တည့်လောက် ရှိ မိုင်ဒါကွင်းဟောင်းမြောက်ဘက်တွင် 'အောင်မြေရန်နှင်မြို့တော်' ဟူသော မြို့ သစ် တည်ထောင်ကာ နှစ်ဝက်ခန့်ကြာ အောင် စံမြန်းနေထိုင်တော်မူခဲ့၏။ ထို အခိုက်တွင် 'မြနန်းအောင်ချာနန်းတော်' ကို ဆောက်လုပ်နေထိုင်ခဲ့ပြီး သားတော် များကိုလည်း အသီးသီးနေရာချထားပေး ကာ ယာယီစံနန်းတော်များ ဆောက်စေ သည်။ယင်းတို့အနက် မြနန်းအောင်ချာ နန်းတော်၏ အနောက်မြောက်ထောင့် အရပ်တွင် ပုဂံမင်းသား၏ အိမ်တော် သည်ရှိပါသည်။ ထိုကာလများအတွင်း သာယာဝတီမင်းသည် ရွှေတိဂုံစေတီ တော်ကို ရွှေသင်္ကန်းကပ်ပြီး ကြေးခေါင်း လောင်းကြီးကိုလည်း သွန်းလုပ်လှူဒါန်း ခဲ့၏။

၁၂၀၈ ခုနှစ်၊ တပေါင်းလဆန်း ... ရက်နေ့တွင်ကား ပုဂံမင်းသားသည် ခမည်းတော် သာယာဝတီမင်း၏ အမိုက်အရာကိုဆက်ခံကာ မင်းဖြစ်လာ တော့သည်။ မင်းဖြစ်လာသောအခါ မင်းသားဘဝက အိမ်တော်ဆောက် ၍ နေထိုင်ခဲ့သော မန္တလေးမြို့နှင့် ရန်ကုန်မြို့တို့မှနေရာများကို နောင်အခါ များ အိမ်ရာဆောက်လုပ်နေထိုင်ခြင်း မပြုရန်ကိုစိုးတော်မူသဖြင့် ဘုရားတစ်ဆူ တည်ထားစေခဲ့လေသည်။ ၁၂၁၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ... ရက်နေ့တွင် မန္တလေးမြို့တော်မှ အိမ် တော်ရာစေတီကို ထီးတော်တင်လှူခဲ့ပြီး နောက် ရန်ကုန်မြို့ရှိ အိမ်တော်ရာတွင် လည်း စေတီတစ်ဆူတည်ရန် ပဲခူးမြို့စား ... မင်းခေါင်ကျော်ထင်ကို ငွေသား ... သောင်းပေးကာ စစ်သည်ပေါင်း (...၀) နှင့်တကွ စေလွှတ်တာဝန်ပေး တော်မူလေ၏။

သို့ဖြင့် ၁၂၁၀ ပြည့်နှစ်၊ ပြာသိုလ ... နေ့တွင် အိမ်တော်ရာစေတီတော် ကို တင်တည်ထားခဲ့ပါသည်။

ပုဂံမင်း၏ အမိန့်တော်အတိုင်း ... ရေဝန်တော်မင်းကြီးလည်း ဖိနပ် ... (၆၆) တောင်၊ သံတောင် (၄၀)၊ ... တော် (၄၅) တောင်ရှိသော မဟာ ... သီစေတီတော်ကိုတည်ခဲ့လေသည်။ ... အဖြစ် ပုဂံမင်း၏ ဆန္ဒအရ





ဘိုးတော်၊ ဘွားတော်၊ မယ်တော်၊ ခမည်း တော်တို့၏ရွှေကိုယ်လေး၊ ငွေကိုယ်လေး များ၊ ဥဒ္ဒိဿကစေတီ (နန်းဦးတွင်တည် ထားမြဲဖြစ်သော မာရဇိန်ရုပ်ပွားတော်)၊ ဓာတုစေတီ၊ ပရိဘောဂစေတီ၊ ဓမ္မစေတီ စသော စေတီလေးပါး၊ ရွှေကြုတ်၊ ငွေ ကြုတ်၊ ပတ္တမြားကြုတ်များ၊ ရွှေအုပ်၊ ငွေ အုပ်၊ ပတ္တမြားအုပ်များ၊ ရွှေကလပ်၊ ငွေကလပ်၊ ရွှေပြား၊ ငွေပြားများကို ဌာပနာတိုက်ခန်းတော်အတွင်း၌ ထည့် သွင်း ဌာပနာခဲ့၏။

ဗုဒ္ဓဘာသာ စေတီဘုရားပုထိုး များ တည်ဆောက်မှုဗိသုကာပညာရပ် တွင် မြေစိုက်စေတီလုံးနှင့် လိုဏ်ပါသော ဂူဘုရားဟု အကြမ်းအားဖြင့် နှစ်မျိုးရှိရာ အိမ်တော်ရာစေတီသည်ကား မြေစိုက် စေတီမျိုးပင် ဖြစ်သည်။ မြေစိုက်စေတီ ဟူသည့်အတိုင်း ပစ္စယာအဆင့်ဆင့်၊ ခေါင်းလောင်းခါးပတ်၊ ဘီလူးပန်းဆွဲ၊ ဖောင်းရစ်၊ ကြာမှောက်ကြာလန်၊ ထုပိ ကာ၊ နတ်လေ့ကား၊ ထောင့်စိုက်စေတီ၊ ကလသာပန်းအိုးများဖြင့် တန်ဆာဆင် ထားပါသည်။ ယခု အိမ်တော်ရာစေတီ တော်သည် လိုဏ်ပါသော ဂူဘုရားမျိုး မဟုတ်ပါ။ လိုဏ်ပါသော ဂူဘုရားမျိုး တွင် ရုပ်ပွားတော်ကို လိုဏ်ဂူအတွင်း ထည့်သွင်း၍ တည်ထားတတ်၏။ ဂူဘုရား၏ ပန္နက်ပုံစံတိုက်မကိုလည်း လေးထောင့်ပုံတည်ထားလေ့ရှိပါသည်။ အာရုံခံမုခ်များဖြင့်လည်း တန်ဆာဆင် ထားလေ့ရှိသည်။ ယင်းကား ကုလား ကျောင်းခံဂူဘုရားများ၏တည်ဆောက် ပုံပင် ဖြစ်သည်။ အလယ်မဏ္ဍိုင် (ပိန္န တိုင်၊ ကုံကူဆံထုံး) နှင့် အာရုံခံအထက် တွင် အမိုးဆင်ခြေလျှောပစ္စယာအဆင့် ဆင့် ကွမ်းတောင် သို့မဟုတ် ခေါင်း လောင်းပုံစေတီငယ်များဖြင့်လည်း ပူးတွဲ တန်ဆာဆင်လျက် တည်ဆောက်ထား လေ့ရှိပါသည်။

အိမ်တော်ရာစေတီ၏ လေးမျက် နှာတွင် မုခ်ပေါက်လေးခုပါသော မဟာ ရံတံတိုင်းကိုလည်း ကာရံခဲ့သည်။

မဟာရံတံတိုင်းအပြင်ဘက်တွင် တောင်ဘက်၌ အုတ်ဇရပ်ကြီး (ယခု ပျက်စီးသွားပြီး)၊ အရှေ့ဘက်၌ အုတ်စီ ရေကန်ကြီး၊ မြောက်ဘက်၌ မတ္တရာ ဆရာတော်ကျောင်း၊ အရှေ့မြောက် ထောင့်၌ သိမ်တော်ကြီးတို့ကိုလည်း ပဲခူး မြို့စားကပင် ဆက်လက်တည်ထားခဲ့၏။

ထီးတော်မတင်ရသေးမီ မြန်မာ နှစ် ၁၂၁၄ ခု၊ တန်ခူးလတွင် အင်္ဂလိပ် တို့၏ ဂျင်နရယ်ဂေါ်ဒွင် အုပ်ချုပ်သော ကြည်းကြောင်းနှင့် အက်ဒမစ်ရယ်အော် စတင် အုပ်ချုပ်သော ရေကြောင်းတပ် များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာ ကြသည်။ ပဲခူးမြို့စားလည်း ကြားသိ သည်နှင့် ထီးတော်ကို အမြန်တင်လှူပြီး ကျန်သောငွေများ၊ ဝတ္ထုပစ္စည်းများကို စေတီ၏ အနောက်တောင်ထောင့်တွင် မြှုပ်နှံကာ အပေါ်မှ ထီးတော်တင်သော ကြိုးများကို ရစ်ခွေလိုက်ဟာ ထပ်မံ၍ စေတီငယ်တစ်ဆူအုပ်ပြီး တည်လိုက် သည်။ ပြီးသောအခါ ပဲခူးမြို့စားသည် ရွှေတိဂုံစေတီသို့ အနောက်ဘက်မုခ်မှ တက်ကာ မြန်မာစစ်သည်တော်များနှင့် ပူးပေါင်းပြီး အင်္ဂလိပ်တပ်များကို ခုခံ တိုက်ခိုက်သော်လည်း မြန်မာတို့ဘက်မှ စစ်ရေးနိမ့်ခဲ့သည်။

ထို့နောက် ရန်ကုန်မြို့သည် တိုင်း တစ်ပါးသားတို့လက်သို့ ရောက်ရှိသွား သောကြောင့် မဟာရံသီစေတီတော် လည်း ကုသိုလ်ရှင် ပုဂံမင်းပင် ကြာရှည် စွာ စောင့်ရှောက်ခွင့်၊ မွမ်းမံခွင့်မရဘဲ စည်ကားသင့်သလောက် မစည်ကားခဲ့



www.burmeseclassic.com

www.burmeseclassic.com

ဝါး အမရပူရ စေတုတ္တနန်းစံပုဂံမင်းတရားသည် မန္တလေးအိမ်တော်ရာဘုရားကို ကိုယ်တိုင် ထီးတင်ပွဲကို တခမ်းတနား ဆင်နွှဲနိုင်ခဲ့သော်လည်း ရန်ကုန် အိမ်တော်ရာဘုရားထီးတင်ပွဲကိုမူ မဆင်နွှဲနိုင်တော့ချေ။

**ခေတ်အဆက်ဆက်မှ ရန်ကုန်အိမ်တော်ရာစေတီ**

မူလဘွဲ့မည် 'မဟာဓမ္မရံသီအိမ်တော်ရာစေတီ' ဖြစ်သော ပုဂံမင်း၏ ကုသိုလ်တော် အိမ်တော်ရာစေတီ၏ သက်တမ်းသည်ကား နှစ်ပေါင်း (၁၅၀) ကျော်ခဲ့ပြီ ဖြစ်လေ၏။

၁၉၄၇ ခုနှစ်တွင် ဟိုက်ကုတ်မှာ (၆)၊ စုံဂဏန်းဖြစ်သဖြင့် နတ်ပြည် (၆) ထပ်မှ နတ်များပင် လာရောက်ပူဇော်မည်ဟူသော ရှေးဟောင်းကျမ်းလာအတိုင်း ဖြစ်လာ၏။

၁၉၈၄ ခုနှစ် သာသနာ့လက်ာရကျောင်းတိုက် ပြန်လည် ပြုပြင်တည်ဆောက်ရာတွင် ရှေးဟောင်း ဆင်းတုတော်တစ်ဆူ၊ ကြွေပန်းကန်လုံး (၆) လုံး၊ ကွမ်းကလပ်တစ်ခုနှင့် ရှေးဟောင်းရာဝင်စဉ်အိုးကြီးတစ်လုံးတို့ကို တူးဖော်ရာမှ တွေ့ရှိခဲ့ပါသည်။ မူလစေတီတော်တည်စဉ်က အင်္ဂလိပ်တပ်များရန်ကြောင့် ထီးတော်ကို အလျင်စလို တင်လှူခဲ့ပြီး ကျန်ပစ္စည်းများကို မြှုပ်နှံကာထားခဲ့သည် ဟူသော ဆိုစကားအတွက် သက်



**အိမ်တော်ရာစေတီအဝင်လမ်းမှ ရုပ်တုများ**

သေပင် ဖြစ်တော့သည်။

အိမ်တော်ရာစေတီ၏အရှေ့ဘက်နှင့် တောင်ဘက် အာရုံခံတန်ဆောင်းများအတွင်းတွင် ကြေးဆင်းတုတော်ကြီးနှစ်ဆူစီ၊ အနောက်ဘက်နှင့် မြောက်ဘက် အာရုံခံတန်ဆောင်းများအတွင်းတွင် ကြေးဆင်းတုတော်ကြီးတစ်ဆူစီရှိကြသဖြင့် စုစုပေါင်း(၆)ဆူရှိနေပါသည်။ ၁၂၉၄ ခုနှစ်တွင် ကျုံးကြီးလမ်းမှ ဦးဘလှိုင်၊ မြန်မာအမျိုးသမီးခေါင်းဆောင် ဒေါ်မိမိကြီးမိသားစု လှူဒါန်းထားခြင်း ဖြစ်ကြောင်း အောက်ခံပလ္လင်များတွင် ကမ္ပည်းရှိနေပါသည်။

၁၉၉၆၊ ၁၉၉၈ ခုနှစ်များတွင် စေတီတော်မြတ်ကြီး၏ဖောင်းရစ် (၉) ရစ်မှ (၆) ရစ်အထိကို ရွှေသင်္ကန်းများ ကပ်လှူနိုင်ခဲ့ပါသည်။ ထို့နောက် တန်ဆောင်းများပြင်ခြင်း၊ တံခွန်တိုင်များ၊ ဇရပ်များ၊ နဂါးရုံဘုရား၊ ခြေတော်ရာ ထီးတော်စေတီများတည်ဆောက်ခြင်း၊ သမံတလင်းခင်းခြင်း၊ ဂေါပကရုံး တည်ဆောက်ခြင်း၊ မုခ်ဦးတည်ဆောက်ခြင်း၊ အဝင်လမ်းများ ပြုပြင်ခင်းကျင်းခြင်း၊ မဟာရံတံတိုင်းများ ဆောက်လုပ်ခြင်း၊ ဂြိုလ်တိုင်များအသစ်ပြုလုပ်ခြင်း၊ ဝံ... တိုင် ပြုလုပ်စိုက်ထူခြင်း၊ ရင်ပြင်... ကျောက်ပြားခင်းခြင်း၊ ထီးတော်... အသစ်ပြန်လည်တင်ခြင်းများကို ဆ... လက် ပြုလုပ်ခဲ့ကြ၏။

ဘုံကိုးဆင့်ပါထီးတော်ဆက်... လှူဒါန်းနိုင်ရန်အတွက် မူလထီးတော်... ၁၉၉၈ ခု၊ ဇန်နဝါရီလတွင်ချခဲ့သည်...

၂၀၀၂ ခုနှစ်တွင် စေတီတော်... ငှက်ပျောဖူးနေရာမှစပြီး သံကိုယ်ထ... ဖြင့် ခေါင်းပွပြုလုပ်ကာ သံကူသ... ကွန်ကရစ်လောင်းခဲ့ခြင်းဖြင့် မူလအ... အစားထက် အနည်းငယ်ကြီးကာ ... ဆင်ခဲ့ရာ ယခုလက်ရှိအနေအထား... ရောက်ရှိလာသည်။ ကာလသာအိုး... အရံစေတီငယ်များကိုမူ ယခင်အတ... ပင် ထားရှိခဲ့သည်။ ခေါင်းပွပြုလုပ်... ဖြင့် စေတီတော်၏အလေးချိန်ကို လျှော့... ချနိုင်ခြင်း၊ ဌာပနာ၍ရလာခြင်း အ... ကျေးဇူးများ ရရှိလာသည်ဟု ဂေါပ... အဖွဲ့ဝင် ဗိသုကာ ဦးခင်မောင်သန်း... ပြောပြပါသည်။ ထီးတော်ဟောင်း... နှင့် စေတီအနီးအနားမှ ထွက်ပေါ်... သော ရှေးဟောင်းပစ္စည်းများကိုမူ စေ... တော်တွင်ပင် ဌာပနာအဖြစ်ထည့်လို... ကြသည်ဟုလည်း ဂေါပကအဖွဲ့... ဦးအောင်မြိုင်ကပြောပြသေးသည်။

လွှတ်တော်မှ တရားမကြီးမှု (၁၀၂) အရ စေတီတော်ကြီးကို အုပ်ထိန်းရန် အပ်နှံသည့် စည်းကမ်းဥပဒေကို ထုတ်ပြန်ကာ ဂေါပကအဖွဲ့ကို ဖွဲ့စည်းခဲ့ပါသည်။

၁၉၈၂ ခုနှစ်တွင်မူ ဒဂုန်မြို့နယ်ပြည်သူ့ကောင်စီမှ ရန်ကုန်တိုင်းပြည်သူ့ကောင်စီသို့တင်ပြကာ ယာယီဂေါပကအဖွဲ့ ဖွဲ့စည်းခဲ့သည်။ ၁၉၈၃ ခုနှစ်၊ ဇန်နဝါရီလတွင် ဂေါပကအဖွဲ့ပြန်ဖွဲ့နိုင်ခဲ့သည်။ ဂေါပကအဖွဲ့မှ ဆုတောင်းပြည့်ဟူသော စာလုံးများကို ရှေ့မှထပ်တိုးခဲ့ရာ ဆုတောင်းပြည့် မဟာဓမ္မရံသီအိမ်တော်ရာစေတီဖြစ်လာခဲ့သည်။

၁၉၈၃ - ၈၄ ခုတွင် ထီးတော်ကို ပြုပြင် မွမ်းမံခဲ့ပြီး မူလဉာဏ်တော်ကိုလည်း ငှက်ပျောဖူးထိပ်ကို တစ်တောင်တိုးလိုက်ခြင်းဖြင့် ဉာဏ်တော် (၄၆) တောင်ရှိလာခဲ့ကာ ဉာဏ်တော်အကြွင်း

ပုဂံမင်းစေတီတည်စဉ်ကရှိခဲ့သော... သိမ်တော်၊ ဇရပ်တော်၊ ကျောင်းတော်... ကြီးများမရှိကြတော့သောကြောင့် လ... ရှိဂေါပကအဖွဲ့မှ ကုသိုလ်တော်သိမ်... ပြန်လည်တည်ဆောက်ခဲ့သည်။ အ... ပူရ ကျောက်တော်ကြီးဘုရားနံရံဆေး... ရေးပန်းချီများမှ မူလကုသိုလ်တော်သိ... ကို ပုံစံကူးယူကာ ဆောက်လုပ်ခဲ့ခြင်းဖြ... ပါသည်။

တနင်္ဂနွေထောင့်ရှိ ကိုးနဝင်းစေ... ငယ်ကိုလည်း ပြန်လည်ပြုပြင်ခဲ့ပါသည်... စေတီတော်ပရဝဏ်သာမက စေတီ... လည်ရှိ အိမ်တော်ရာတိုက်ဟု ခြုံ... ခေါ်နေကြသော ကျောင်းတိုက်ပေါ... (၂၃) ခုမှာလည်း အသစ်ပြုပြင်မွမ်းမံ... များဖြင့် သပ်ရပ် တင့်တယ်နေပေ... ဂေါပကအဖွဲ့မှလည်း ရာသီအလိုက်... တော်များကို ဦးစီးကျင်းပပေးလျက်...

www.burmeseclassic.com

www.burmeseclassic.com

ချန်မာနှစ်ဆန်းတစ်ရက်နေ့တွင် အန္တ ရာယ်ကင်းပရိတ်ရွတ်ခြင်း၊ ကဆုန်လ တွင် ညောင်ရေသွန်းခြင်း၊ သီတင်းကျွတ် နှင့် တန်ဆောင်မုန်းလများတွင် ဆီမီး ထွန်းခြင်းများကို ပုံမှန်ကျင်းပခဲ့ပါသည်။

ယခုအခါ ရန်ကုန်မြို့တွင် ရွှေတိဂုံ စေတီတော်ပြီးလျှင် အိမ်တော်ရာဘုရား င်းမှာ အသန့်ရှင်းဆုံး စေတီတော်ဝင်း ဖြစ်နေသည်။ တိတ်ဆိတ်ခြင်း၊ သန့်ရှင်း ခြင်း၊ အနှောင့်အယှက်ကင်းခြင်း၊ ဘုရား င်းလုပ်သပ်ရပ်ခြင်းတို့ကြောင့် ရုပ်ရှင်၊ ဒီယိုများ၊ ကြော်ငြာများလည်း အိမ် တော်ရာစေတီတစ်ဝိုက်တွင် လာရောက် ရိုက်လေ့ရှိသည်။

အိမ်ထောင်ရေးမပြေလည်မှုများ၊ အိုးအိမ်အိမ်ခန်းတိုက်ခန်းပိုင်ဆိုင်ကာ အိုးပိုင်အိမ်ပိုင်ဖြစ်လိုသူ၊ ရောင်းဝယ်လို သူများလည်း အိမ်တော်ရာဘုရား၏ အိမ်-ရာ ဟူသော ပညတ်ကိုယူကာ နှင်းနွေထောင့်ဂြိုဟ်တိုင်တွင် အုန်းပွဲ၊ ငှက်ပျောပွဲများဖြင့် ပွဲထိုးခြင်း၊ ဆုတောင်း ဆယူခြင်းများကို ဘုရားဖူးများက လာ ရောက် လုပ်ကိုင်နေကြသည်။ အိုးအိမ် ကိစ္စအခက်အခဲများသည် ထိုသို့ပြုလုပ် ခြင်းဖြင့် ပြေလည်သွားသည်ဟုလည်း သတင်းထွက်ကာ ကျော်ကြားလျက်ရှိ သည်။

**မန္တလေး သီရိဟေမာအရှေ့ရပ်ရှိ ပုဂံမင်း တည်ခဲ့သော မဟာလောကရံသီစေတီသို့**

ခုတော့ တိုက်တိုက်ဆိုင်ဆိုင်ပင် မန္တလေးအိမ်တော်ရာစေတီကို ရောက် ခဲ့ပါ၊ မသိကလည်း လမ်းညွှန်တုန်းက အိမ်ဟာ အိမ်တော်ရာစေတီနားမှာ တစ်ခါမှမပြောဖူးခဲ့ပါလား။

သို့ဖြင့် -

*"အိမ်တော်ရာစေတီထူးဆီ××× ချည်ဦးလို့ ရောက်ခဲ့ရသည်××× ဦး တောင်ပေါ်စေတီ ××× မြေကြီးနှစ် တောင်ထူးစွာလည်း×××ရှိလာခဲ့တဲ့××× ဝင်အတည်××××"*

ဆိုသည့် သီချင်းတစ်စကို နှုတ် မှ တီးတိုးညည်းဆိုရင်း ဘုရားဝင်း သို့ ဝင်ရောက်လာခဲ့သည်။ သီချင်းက သာမြေ မန္တလေးမြို့ဝန်းကျင်အတွက် ဆိုသည့် မန်းကေသီသီချင်းမို့ မန္တလေး ရောက်ခိုက်ဆိုရတာ အံ့ဝင်ခွင်ကျရှိလှ သည်။

မန္တလေး အိမ်တော်ရာစေတီ၏ တတ်လည်ရှိ အုတ်တံတိုင်းကြီးကား ခေတ်၌ ဘယ်လိုမှတည်ဆောက် တော့မည်မဟုတ်သည့် ထူထဲကြီးမား လှသောတံတိုင်းကြီး ဖြစ်သည်။ တံတိုင်း ထောင့်ရှိအုတ်တိုင်သည်ပင် စေတီငယ် တစ်ဆူလောက်ကြီးမားပြီး အုတ်သားဘုံ အဆင့်ဆင့်နှင့်ဖြစ်လေသည်။ တံတိုင်း များ၏အလယ် အရပ်လေးမျက်နှာတွင် လည်း မုခ်ပေါက်လေးခု အသီးသီးရှိကြ ၏။ အဝင်မုခ်ပေါက်မှ စေတီတော်သို့ အဝင်တစ်လျှောက်တွင်လည်း စောင်း တန်းများရှိနေကြသည်။ ထိုစောင်းတန်း တိုင်းတွင်လည်း ဘုရားနိပါတ်တော်လာ ဇာတ်လမ်းဇာတ်ကွက်များမှ မြင်ကွင်း များ၊ အိမ်တော်ရာဘုရားသမိုင်း၊ သီဟိုဠ် သာသနာ၊ ဗုဒ္ဓဝင်နှင့်ငရဲခန်း၊ ဘုံခန်းများ ကို ပန်းချီများ၊ ရုပ်တုများ၊ ပန်းချီနှင့် ရုပ်တုအရောများဖြင့် တန်ဆာဆင်ထား ပြန်ပါသည်။ နဂါးရုံဘုရားကလည်း အတော်လက်ရာမြောက်လှ၏။ သစ် သားထည် ဘုံအဆင့်ဆင့်နှင့် အဝင်မုခ် ပေါက်အထက်က အမိုးတစ်ခုကိုတော့ ရှေးမူမပျက် ရေနံချေးရောင်ဝလျက်တွေ့ ရသည်။ တကယ့်ရှေးလက်ရာအစစ်မို့ အလွန်မြန်မာ့ဗိသုကာလက်ရာဆန်ပြီး ကြည့်ကောင်းလှသည်။ ရှေးကလူများ အတော်လုပ်နိုင်ကြသည်ဟု ကိုယ့်စိတ် ထဲက တွေးမိ၏။

ဝိစုရအမတ်ကြီး နဂါးပြည်၌ တရားဟောတော်မူနေဟန်၊ ငရဲခန်းများ အပြင် သီရိဓမ္မာအသောကမင်းကြီး၏ ဗုဒ္ဓသာသနာတော်အတွက် ကြိုးပမ်းပုံ များကိုပြသည့် 'ဇမ္ဗူဒိပ်ကျွန်းအပြင်ဝယ် တည်ထားသော (၈၄၀၀၀)သော စေတီ ပူဇော်ပွဲပြီးသောအခါ အရှင်ဥပဂုတ်က တောင်းပန်သဖြင့် မာရ်နတ်သားက ရှစ်ကျိပ်သောသာဝကအစုံ ခြံရံလျက် ဂေါတမဘုရား၏ သဏ္ဌာန်တော်ကို ဖန်ဆင်း၍ပြရာ အရှင်ဥပဂုတ်နှင့်တကွ မင်းမှူးမတ်ပရိသတ်တို့ ရှိခိုးပူဇော်ကြ ဟန်၊ ဓမ္မာသောကမင်းတရား၏ (၈၄၀၀၀) သော စေတီတော်တို့ကို မင်းမှူးမတ် ပရိသတ်နှင့် မောင်းမမိဿံအပေါင်းတို့ အား ထင်ရှားအောင် ဖူးမြင်ကြစေရန် ရဟန္တာအရှင်မြတ်တို့က အဘိညာဉ်တန် ခိုးဖြင့်ပြတော်မူခန်း၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် တတိယ သာဝကကြီးဖြစ်သော အရှင်မဟာ ကဿပမထေရ်နှင့် အဇာတသတ်မင်းတို့ တိုင်ပင်၍ ဘုရားရှင်၏ သရီရဓာတ် တော်များကို တန်ခိုးတော်ဖြင့် ပေါင်းစု ပြီးလျှင် ရာဇဂြိုဟ်ပြည်၏အရှေ့တောင် အရပ်၌မြှုပ်နှံထားခဲ့သည်များကို သာသ နာတော် ၂၃၅ ခု ရောက်သောအခါ သီရိဓမ္မာသောကမင်းတရားက တူးဖော် မည်ပြုရာ ဘိကျွန်ုမိတစ်ယောက်က ညွှန်ပြနေဟန်ပန်းချီကားများ။

သီရိလင်္ကာကျွန်းသို့ ဗုဒ္ဓသာသနာ တော်ရောက်ရှိပုံကို သရုပ်ဖော်ထား သည့် ပါတလိပုတ်ပြည် သီရိဓမ္မာ သောကမင်းကြီး၏ သမီးတော် သင်္ ဃမိတ္တာထေရီမသည် သီဟိုဠ်ကျွန်းရှင် ဒေဝါနံပိယတိဿမင်းအား ဆက်သရန် မဟာဗောဓိပင်ကို သင်္ဘောနှင့် တင် ဆောင်ယူလာရာ ဇမ္ဗုကောလသင်္ဘော ဆိပ်သို့ရောက်၍ ဒေဝါနံပိယတိဿမင်း သည် လည်ပင်းတိုင်အောင် ရေသို့ဆင်း ၍ ကြိုဆိုတော်မူသောအခန်း၊ ပါတ လိပုတ်ပြည် သီရိဓမ္မာသောကမင်းကြီး သည် သီဟိုဠ်ကျွန်း ဒေဝါနံပိယတိဿ မင်းအား ကိုးကွယ်စေရန် မဟာဗောဓိ ပင်၏ ဒက္ခိဏသာခါကို ဆေးဒန်း မြင်း သီလာနှင့်တားရုံမှုဖြင့် ရဟန္တာများ၏ အာနုဘော်တို့ကြောင့် အလိုလိုပြတ်ရ သောအခန်း စသည့် ပန်းချီ သရုပ်ဖော် ကားများလည်းရှိနေသည်။

ပန်းချီဆရာများ၏လက်မှတ်များ ကို လိုက်ဖတ်ကြည့်တော့ အံ့ဩစရာ ကောင်းလောက်အောင်ပင် မြန်မာ့ရှေး ရိုးပန်းချီကျော်ကြီးများ၏လက်ရာများ ဖြစ်နေတော့သည်။ မောင်ဘရှင်၊ မောင် ချစ်မြ၊ (ရဟိုင်းဈေးအရှေ့ မန္တလေးက) ဆရာစောတို့ပါလား။ သူတို့ သရုပ်ဖော် ရေးဆွဲထားသော ယောကျ်ား၊ မိန်းမများ ၏အဆင်တန်ဆာ၊ အဝတ်အထည်များ သည် ဟိုလွန်ခဲ့သည့် နှစ် (၂၀၀)နီးပါးက ခေတ်ပြိုင် မန္တလေးသားများ၏ ဝတ် စားဆင်ယင်ပုံများပင် ဖြစ်ပေလိမ့်မည်။ ဆရာတော်ရွှေကိုင်းသား၏ မြန်မာဝတ် စားဆင်ယင်မှုဓလေ့စာအုပ်၏ နောက် ဆက်တွဲစာမျက်နှာများပါပဲလား။ အများ ကြီးမပျက်စီးမီ နိုင်ငံတော်က ထိန်းသိမ်း စောင့်ရှောက်ဖို့ကောင်းလှရဲ့။

ပန်းချီကားများ ချိတ်ဆွဲထားရာ စောင်းတန်းအမိုးမှာလည်း သစ်သားထုပ် တန်းများ၊ ရွှေဇဝါယွန်းဖြင့် ဆေးခြယ် ထားသော မျက်နှာကြက်များကိုလည်း တွေ့လိုက်ရသည်။ သည်အဖိုးတန်ရှေး ဟောင်းအမွေအနှစ်များကို ဘယ်သူက ထိန်းသိမ်းကြမှာပါလဲ။ တော်ပါသေးရဲ့ ဘက်စုံပြုပြင်မွမ်းမံမှုခေါင်းစဉ်အောက် က ထုံးသုတ်ပစ်သည့် ယဉ်ကျေးမှုတော် လှန်ရေးအတွင်းမှာ ပါမသွားသေးလို့။ အ-ဂါရဝမှ ဂါရဝဖြစ်ရေးယဉ်ကျေးမှု တော်လှန်ရေးအတွင်းမှာ ဖြုတ်ထုတ်-စွန့်



www.burmeseclassic.com

www.burmeseclassic.com

ပစ်-ချောင်ထိုး-ယူချင်သူယူသွားတာ မခံခဲ့ရလို့။ မည်သို့ပင်ဖြစ်စေ မြန်မာ့သမိုင်း၌ အထင်ကရရှိခဲ့သော၊ အမှန်တကယ်လည်း သမိုင်းဝင်ဖြစ်ပျက်ခဲ့သော အိမ်တော်ရာစေတီများကို ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်နေသည်ကမူ သေချာလှပေသည်။

စောင်းတန်းများ၏အဆုံးမှာတော့ စေတီတော်ကြီးကို ဘွားခနဲဖူးတွေ့လိုက်ရသည်။ ရွှေရောင်တဝင်းဝင်းဖြင့် အတော်အသင့်ကြီးမားသော စေတီတော်ကြီး ဖြစ်ပေသည်။ စေတီတော်ကြီးပတ်လည်တွင် ကျောက်ပြားများအကွက်ဖော်လျက် အရောင်အသွေးပြေပြစ်စွာခင်းထား၏။ ကျောက်ပြားလမ်းရင်ပြင်အနားသတ်ကိုလည်း ပန်းပင်၊ ပန်းစည်းရိုးများ၊ တည်ပင်များဖြင့် စိုစိုပြည်ပြည်အုပ်အုပ်ဆိုင်းဆိုင်း တွေ့ရသည်။ ယင်းတို့ကိုလွန်လျှင်ကား ခေတ်သစ်ဇရပ်များ၊ အုတ်ထူထူ၊ သံရက်မတန်းများ ခိုင်ခိုင်ခံ့ခံ့ဖြင့် ဆောက်ထားခဲ့သော ရှေးဇရပ်များ စသဖြင့်လည်း အဆောက်အအုံကောင်းများကို တွေ့နိုင်ပါသည်။ ရှေးကရေးထိုးထားသည့် အလှူကမ္ပည်းစာများမှ အရေးအသားအရဆိုလျှင်တော့ 'အုဋ်စောင်းတန်း ၁၈ ခန်း' နှင့် 'အုဋ်အာရုံခံ' များပေါ့။

ဤမန္တလေး သီရိဟေမာအရှေ့ရပ်ရှိ ပုဂံမင်းတည်ခဲ့သော အိမ်တော်ရာစေတီသည်ကား 'မဟာလောကရံသီ'ဘွဲ့မည်ဖြင့် စေတီတော်ဖြစ်ပါ၏။

(The Eindawya Pagoda built by Pagan Min marks the site where he resided before he ascended the throne. It is of fine proportion and gilt from top to bottom.)

ထိုအိမ်တော်ရာစေတီကို ပုဂံမင်းတည်ခဲ့ပြီး ပုဂံမင်း မင်းမဖြစ်ခင် အိမ်ရှေ့မင်းသားဘဝက စံမြန်းခဲ့သော အိမ်တော်နေရာတွင် အမှတ်တရတည်ခဲ့ခြင်းဖြစ်သည်။ စေတီတော်မှာ အချိုးအစားကျနပြေပြစ်ပြီး အောက်ခြေမှ အထက်ဖျားအထိ ရွှေချထားသည်ဟု 'မြန်မာ့သမိုင်းဝင်နေရာများ' စာအုပ်တွင် ဖော်ပြထားသည်ကို တွေ့ရသည်။

ပုဂံမင်းသားသည် ဖခမည်းတော်သာယာဝတီမင်း၏ အရိုက်အရာကိုဆက်ခံကာ မင်းဖြစ်လာသောအခါ မိမိမင်းသားဘဝက အိမ်တော်ဆောက်လုပ်နေထိုင်ခဲ့သောနေရာများကို နောင်အခါလူများ အိမ်ရာဆောက်လုပ်နေထိုင်ခြင်းပြုမည်ကိုစိုးတော်မူသဖြင့် ဘုရားတစ်ဆူစီ တည်ထားစေခဲ့ခြင်း ဖြစ်သတဲ့။

၁၂၁၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်တွင် ဤမန္တလေးအိမ်တော်ရာစေတီကို ထီးတော်တင်လှူခဲ့ခြင်းဖြစ်ရာ ယနေ့သည်ကား ၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့် ၁၅ ရက်နေ့ဖြစ်ရာ စေတီတော်ကြီး၏သက်တမ်းမှာ နှစ်ပေါင်း (၁၆၅) နှစ်ရှိခဲ့ပေပြီကော။ သို့သော် ပြန်လည် ပြုပြင်မွမ်းမံမှုများ၊ ထိန်းသိမ်း စောင့်ရှောက်ထားခြင်းများကြောင့် စေတီတော်ကြီးမှာ မကြာခင်ကမှ တည်ထားသော စေတီအသစ်ကြီးလိုလတ်ဆတ်ကောင်းမွန်စွာဖြင့် တင့်တယ်လှသည်။ ပြာလွင်လွင်တိမ်ရောင်နောက်ခံတွင် ရွှေတုံးကြီးလို ဝင်းထိန်နေသော စေတီတော်ကြီးကို ဖူးမြော်ပြီးနောက် ကြည့်ကောင်းကောင်းနှင့် အတန်ကြာငေးကြည့်နေမိ၏။ အိမ်တော်ရာစေတီသည်ကား မြေစိုက်စေတီမျိုးပင် ဖြစ်သည်။ မြေစိုက်စေတီဖြစ်ရာ ထုံးစံအတိုင်းပင် ပစ္စယာအဆင့်ဆင့်၊ ခေါင်းလောင်းခါးပတ်၊ ဘီလူးပန်းဆွဲ၊ ဖောင်းရစ်၊ ကြာမှောက်ကြာလန်၊ ထုပ်ကာ၊ နတ်လေှကား၊ ထောင့်စိုက်စေတီ၊ ကလသာပန်းအိုးများဖြင့် တန်ဆာဆင်ထားပါသည်။ ထို့ပြင် အရပ်လေးမျက်နှာရှိ နတ်လှေကားများ၏ တစ်ဖက်တစ်ချက်တွင်လည်း စကျင်ကျောက်သားအစောင့်ဘီလူးရုပ်များကို တန်းစီချထားရာ ရွှေသားရောင်ဝင်းလက်လက်အကြားတွင် အဖြူရောင်ဘီလူးရုပ်များသည်ထင်းနေလေသည်။ ဘီလူးပန်းဆွဲများမှာလည်း ကြွကြွရွရွဖြင့် အတော်လက်ရာကောင်းလှပါသည်။ စေတီပတ်လည်တွင်တော့ ယခုခေတ်လက်ရာဂြိုဟ်တိုင်များကို နေ့နံအညွှန်းစာများနှင့်တကွ သေသေသပ်သပ်တွေ့ရ၏။

ထိုစဉ်ခိုက်တွင် ဤစေတီကြီး၏ကုသိုလ်ရှင် ပုဂံမင်းအကြောင်းကိုလည်း တွေးနေမိပြန်ပါသည်။ သူကား မန္တလေးမြို့ကြီးကို တည်ထောင်ခဲ့သူ မင်းတုန်းမင်းကြီး၏ အစ်ကိုတော်၊ မန္တလေးနေပြည်တော်မှာ နောက်ဆုံး စံမြန်းသွားသော မြန်မာ့နောက်ဆုံးဘုရင် သီပေါမင်း၏ဘကြီးတော်ပေတကား။

**ဘုရားဒါယကာ ပုဂံမင်း**

မြန်မာနှစ် ၁၁၁၅ ခုနှစ် (ဦးအောင်ဇေယျ ကုန်းဘောင်တည်) မှ ၁၂၄၇ ခုနှစ် (ဦးခေါင်းလိမ်ထုတ် မင်းဆက်ပြုတ်) အထိ ကာလများအတွင်းတွင် ကုန်းဘောင်ခေတ်မှာ နှစ်ပေါင်း (... နှစ်ရှည်ကြာခဲ့ပေသည်။ ထိုခေတ်... များကို ကုန်းဘောင်ဆက် (မုဆိုး... မင်း (၁၁) ပါးမျှ အုပ်စိုးခဲ့ပါသည်။

၁။ အလောင်းဘုရား (ဦးအော... ဇေယျ) = ရွှေဘိုတွင် နန်းစံသ...

၂။ အလောင်းဘုရား၏သားအ... ဆုံး နောင်တော်ကြီး (တပ... မင်း) = ရွှေဘိုနှင့် စစ်ကိုင်း... နန်းစံသည်။

၃။ အလောင်းဘုရား၏သား၊ နေ... တော်ကြီး၏ညီ ဆင်ဖြူရှင် (... ဒူးမင်း) = အင်းဝတွင် တ... အကြိမ် မြို့နန်းသစ်တည်။

၄။ ဆင်ဖြူရှင်၏သား-(စဉ့်ကူးမင်း)... အင်းဝတွင် နန်းစံသည်။

၅။ အလောင်းဘုရား၏မြေး၊ နေ... တော်ကြီး၏သား (ဖောင်းက... စားမောင်မောင်) = အင်းဝ... ၇ ရက်သာ နန်းစံသည်။

၆။ အလောင်းဘုရား၏ သား ... မည် မောင်ဝိုင်း(ဗဒုံမင်း)= အင်း... တွင် နန်းစံပြီး အမရပူရမြို့... အသစ်တည်ကာ ထီးနန်းစံသ...

၇။ ဘိုးတော်ဘုရား၏မြေး ဘ... တော်(စစ်ကိုင်းမင်း) = အမရ... တွင် နန်းစံပြီး အင်းဝကို စတ... မြောက် အသစ်တည်သည်။ (... မင်း၏ဘကြီးတော် ဖြစ်သည်။

၈။ ဘိုးတော်ဘုရား၏မြေး၊ ဘ... တော်၏ညီ- (ရွှေဘိုမင်း) (... ယာဝတီမင်း) (ကုန်းဘောင်မ... = အမရပူရကို ဒုတိယအကြိ... အသစ်တည်သည်။ (ပုဂံမင်း... ခမည်းတော်ဖြစ်သည်။)

၉။ ရွှေဘိုမင်း၏သား- ဘကြီးတော်၏တူ-(ပုဂံမင်း) = မန္တလေးမြို့... ရန်ကုန်မြို့ရှိ အိမ်တော်ရာစေ... နှစ်ဆူ၏ဒါယကာတော်ဖြစ်သ...

၁၀။ ရွှေဘိုမင်း၏သား၊ ပုဂံမင်း၏... ငယ်- (မင်းတုန်းမင်း) = အမရ... တွင် နန်းစံပြီးနောက် မန္တလေး... ကိုတည်သည်။ ထိုမင်းသည် ... သင်္ဂါယနာတင်သာသနာပြုမ... ဖြစ်သည်။

၁၁။ မင်းတုန်းမင်း၏သား - (သီပေါ... မင်း) = အင်္ဂလိပ်များက အိန္ဒိ... နိုင်ငံ၊ ရတနာဂီရိအရပ်သို့ အ... ရသူ၊ မြန်မာ့နောက်ဆုံးမင်း ... သည်။

သို့ဖြစ်ရာ အိမ်တော်ရာဘု...



www.burmeseclassic.com

www.burmeseclassic.com

၏ဒါယကာ ပုဂံမင်းသည် ကုန်းဘောင်ဆက်၏ နဝမမြောက်မင်းတစ်ပါး ဖြစ်ပါသည်။ ဘိုးတော်၊ ဘကြီးတော်၊ ခမည်းတော်တို့မှထောက်၍ လေးကြိမ်မြောက် အမရပူရမြို့နန်းကို စံမြန်းရသူလည်းဖြစ်ပေရာ 'အမရပူရ၊ စတုတ္ထနန်းစံ ပုဂံမင်းတရား' ဟုလည်း ခေါ်ဝေါ်ရေးသားကြပါသည်။ အမှတ်စဉ် (၆) မှ ဘိုးတော်ကား ဘကြီးတော် (စစ်ကိုင်းမင်း) နှင့် ပုဂံမင်း၏ဖခမည်းတော် ရွှေဘိုမင်းတို့ကခေါ်သောအမည်ဖြစ်ပြီး အမှတ်စဉ် (၇) မှ ဘကြီးတော်ကား ပုဂံမင်းနှင့် မင်းတုန်းမင်းတို့ကခေါ်သည့်အမည် ဖြစ်ပါသည်။

ပုဂံမင်းကို ရွှေဘိုမင်း (သာယာဝတီမင်း) နှင့် မိဖုရားခေါင်ကြီးတို့မှ အမရပူရမင်းနေပြည်တွင် ကောဇာနှစ် ၁၁၇၃ ခုတွင် ဖွားမြင်ပါသည်။ ဘကြီးတော်မင်းတရားလက်ထက် ၁၁၉၇ ခုနှစ်တွင် တောင်တွင်းချောင်မြို့ကို ပေးစားတော်မူခြင်းခံရသည်။ ခမည်းတော် ရွှေဘိုမင်း အထွတ်အထိပ်သို့ရောက်ရှိသော် စဉ့်ကူးမြို့ကိုပါ ထပ်မံစားရပြန်သည်။

ထို့နောက် ၁၁၉၉ ခုနှစ်တွင် ရွှေတောင်မြို့ကို လဲလှယ်စားရသဖြင့် ရွှေတောင်မင်းသားဟု ခေါ်ဝေါ်လာကြပြန်သည်။ ထိုနှစ်အတွင်းမှာပင် ခမည်းတော်က အစီးအနင်း အဆောင်အရွက်ပေးတော်မူသောအခမ်းအနား၌ သီရိမဟာသုဓမ္မရာဇာဘွဲ့အမည်ကို ပေးတော်မူသည်။

၁၂၀၄ ခု၊ ဝါခေါင်လတွင် သားတော် ရွှေတောင်မင်းသားကို ရွှေတောင်မြို့နှင့် လဲလှယ်၍ ပုဂံမြို့ကို မြို့စားပေးတော်မူရာ ထိုနေ့မှစ၍ ယခုထက်တိုင် 'ပုဂံမင်းသား' အမည်ဖြင့် ထင်ရှားကျော်စောလေတော့သည်။

၁၂၀၆ ခု၊ နတ်တော်လတွင် ပုဂံမင်းသားကို တိုင်းရေးပြည်မှုရှိသည်များကို တရားဓမ္မသတ်နှင့်အညီ လွှတ်တော်ထက်၍ စီရင်ဆုံးဖြတ်နိုင်စေရန် လွှတ်ထက်မင်းသားကြီးအဖြစ် ချီးမြှင့်ခန့်အပ်တော်မူပြန်လေ၏။

၁၂၀၇ ခု၊ တန်ဆောင်မုန်းလဆန်းတွင် ခမည်းတော်သည် အိမ်ရှေ့အိမ်တော် ဆောက်လုပ်ပြီးသဖြင့် အိမ်ရှေ့မင်းတို့၏ အစီးအနင်း အဆောင်အရွက်ဖြင့် ပုဂံမင်းသားအား အိမ်ရှေ့မင်းအဖြစ် ပြောင်းရွှေ့ စံနေတော်မူစေသည်။

၁၂၀၈ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်တွင် ခမည်းတော်ရွှေဘိုမင်း (သာယာဝတီမင်း) နတ်ရွာစံလေသော် အိမ်ရှေ့မင်းသားလည်း သက်တော် (၃၅) နှစ်ကျော်တွင် အရိုက်အရာတော်ကို ဆက်ခံကာ မင်းဖြစ်လာလေတော့သည်။ ဤကား ယခုအိမ်တော်ရာစေတီတော်ကြီး၏ဒါယကာ ပုဂံမင်းအကြောင်းပင် ဖြစ်ပါသည်။ သည်အိမ်တော်ရာစေတီဝင်းတွင် ပုဂံမင်းသည် အိမ်ရှေ့စံဘဝက ကျင်လည်ကျက်စား နေထိုင်တော်မူခဲ့ပေမည်ဟုလည်း မှန်းဆကြည့်နေမိလိုက်သည်။ ပြီးတော့ အိမ်တော်ရာစေတီတော်တည်ထားစဉ်ကာလအတွင်းမှ ပုံရိပ်များလည်း တဖျတ်ဖျတ်ပေါ်လာပြန်သည်။ သည်အတွက် အထူးတလည်ပင် စဉ်းစားကြည့်နေရန် မလို။ အစောကပင် ဘုရားစောင်းတန်း မျက်နှာကြက်အောက်တွင် ရေးသားချိတ်ဆွဲထားသည့် ပန်းချီကားများကို မြင်ကြည့်လိုက်ရုံသာ။

'အမရပူရ စတုတ္ထနန်းစံ ပုဂံမင်းတရားကြီးသည် မင်းသားဘဝကစံနေတော်မူခဲ့သောအိမ်တော်နေရာကို မဟာလောကရံသီစေတီတော်တည်ရန် မှူးတော်မတ်တော်တို့နှင့် တိုင်ပင်တော်မူသော အခန်း'၊

'မန္တလေးအရပ်ရှိ ပုဂံမင်းတရားကြီး၏အိမ်တော်နေရာကို မှူးတော်မတ်တော်တို့ကြီးကြပ်၍ မဟာလောကရံသီစေတီတော်ကြီး တည်လုပ်တော်မူနေကြသောအခန်း'၊

'မဟာလောကရံသီအိမ်တော်ရာစေတီတော်ကြီး ပြီးမြောက်သဖြင့် အမရပူရ စတုတ္ထနန်းစံ ပုဂံမင်းတရားကြီးသည် ရေစက်သွန်းချ လှူဒါန်းတော်မူရန်၊ အမရပူရရွှေနန်းတော်ကြီး အရှေ့စမုခ်မှဆင်းသက်၍ထွက်တော်မူခန်း'၊

'ပုဂံမင်းတရားကြီးသည် အမရပူရရွှေနန်းတော်ကြီးပေါ်မှဆင်းသက်၍ မန္တလေးအရပ်ရှိ အိမ်တော်ရာ မဟာလောကရံသီစေတီတော်သို့ ယာဉ်ပြာသာဒ်စီး၍ထွက်တော်မူသောအခန်း'၊

'အမရပူရ စတုတ္ထနန်းစံ ပုဂံမင်းတရားကြီးဘုရားသည် အိမ်တော်ရာ မဟာလောကရံသီ စေတီတော်ကြီးကို ရေစက်သွန်းချ လှူဒါန်းတော်မူသောအခန်း' စသဖြင့် ဖြစ်ပေသည်။

အတွေးကောင်းနေဆဲမှာ မသီသီဝင်းလည်း ဖုန်းဆက်ထားသဖြင့် ကိုယ်ရှိနေသည်ဆိုသော အိမ်တော်ရာဘုရားဝင်းအတွင်းသို့ လိုက်လာခဲ့၏။ မဂ္ဂဇင်းတွင် တင်ပြနိုင်ဖို့ ဓာတ်ပုံတွေလျှောက်ရိုက်ကြသည်။

"ကျွန်မဖြင့် ဒီဘုရားတံတိုင်းနားမှာနေပြီး တစ်ခါမှ ဒါတွေကို စေ့စေ့မကြည့်မိဘူး။ လှူစရာရှိလှူ၊ ဘုရားရှိခိုးစရာ ရှိခိုးနဲ့လေ"

ဟု ပြောသေးသည်။

စေတီတော်ဘေးရှိ ရှေးဟောင်းဇရပ်တစ်ခုအတွင်းမှာတော့ မကိုဋ်တော်တင် ဘုရားဆင်းတုတော်များကို တန်းစီလျက် ဖူးတွေ့လိုက်ရသေးသည်။ သံတိုင်တွေနောက်မှာရောက်နေသည့် ထိုထိုင်ကိုယ်တော်ဆင်းတုတော်များကား သာမန်မြင်နေကျဆင်းတုတော်များ ဖြစ်သော်လည်း ဦးခေါင်းတော်ထက်တွင် စေတီတော်၏ ထီးတော်လို အဆင့်ဆင့်ပါသည့် မကိုဋ်တော်များကို တင်ရုံသာ တင်ထားခြင်းပင်။ ကိုယ်ခန္ဓာတော်မှာတော့ သာမန်သင်္ကန်းတော်ကိုသာ ရိုးရိုးရုံထား၏။

မြန်မာချည်ထည်ဝတ်စုံလေးကို မြတ်မြတ်နိုးနိုး ဝတ်ဆင်ထားသော နိုင်ငံခြားသူတစ်ယောက်ကိုလည်း ဘုရားပရဝဏ်မှာ တစ်ယောက်တည်း လျှောက်သွားရင်း လေ့လာနေတာ တွေ့လိုက်ရသည်။

အိမ်တော်ရာစေတီတော်မှအပြန်တွင်တော့ အုတ်ရိုးအပြင်ဘက်ရှိ ဧကရာဇ်ပင်ကြီးမှ ပွင့်ကြွေများကို မသီကလိုက်ကောက်ကာ နားမှာ ညှပ်ပန်လိုက်သေးသည်။

"အနံ့လည်းမွှေးတယ်၊ မြင်ဖူးလား"

ဟုမေးတော့ ကိုယ်က ယူမကြည့်ဘဲနှင့် -

"ပွင့်ဖက်လေးခုရှိပြီး ဆင်စွယ်ရောင်ရှည်သွယ်သွယ် မဟုတ်လား"

ဟု ပြောလိုက်မိသည်။

ကိုယ်တို့ငယ်ငယ်က ကျောင်းမှာ ဧကရာဇ်ပင်တွေ အများကြီးလေ။ လူသိပ်မသိပေမယ့် လှပတဲ့၊ မွှေးမြတဲ့ ပန်းတွေအများကြီး ကိုယ်တို့နိုင်ငံမှာ သဘာဝအလျောက် ပေါက်ရောက်နေပါရဲ့။ မြန်မာ့အလှအပနဲ့ ယဉ်ကျေးမှုတွေ၊ သဘာဝတရားတွေကို ကမ္ဘာတစ်ဝန်းကလူတွေသိအောင်၊ တန်ဖိုးထားတတ်အောင်လုပ်တတ်ဖို့ကလည်း ကိုယ်တို့ ဖွံ့ဖြိုးဆဲနိုင်ငံလေးတွေမှာ အတတ်ပညာတစ်ရပ်အဖြစ်လိုနေသေးတာပါပဲ။

ကိုအေးမြင့်

(မဟာဝိဇ္ဇာ၊ ရှေး-သု)

**စာကိုး-**

- ဆုတောင်းပြည့် မဟာဓမ္မရံသီ အိမ်တော်ရာစေတီတော်သမိုင်း

- တွေ့ဆုံမေးမြန်းချက်များ



www.burmeseclassic.com

www.burmeseclassic.com

ဘဝသံသရာ ခရီးတစ်လျှောက်တွင် ဘဝပေါင်းများစွာ ဖြစ်ပျက်ခဲ့ရပြီး ဆက်လက်၍လည်း ဖြစ်ပျက်နေဦးမည်။ နိဗ္ဗာန်ကို မျက်မှောက်ပြုရောက်ရှိမှသာ သံသရာကပြတ်ပါမည်။ ဘဝအမျိုးမျိုးရှိရာတွင် လူ့ဘဝက အခြားဘဝများထက် ထူးခြား၏။ ကောင်းမွန်မြင့်မြတ်သောဘုံဘဝကိုလည်း ရောက်နိုင်၏။ နိမ့်ကျဆင်းရဲသောဘုံကိုလည်း ရောက်ရှိနိုင်၏။ လူ့ဘဝတွင် ကံ၊ ကံ၏အကျိုးရှိပါသည်။ ဘာသာတိုင်း ကံ၊ကံ၏အကျိုးကို ယုံကြည်ကြသော်လည်း ဗုဒ္ဓဘာသာက ကံ၊ ကံ၏အကျိုးကို ပိုမို၍ ယုံကြည်ပါသည်။

ကံနှင့်ပတ်သက်၍လည်း အဆိုအမိန့်အမျိုးမျိုးရှိပါသည်။ 'ကံသာလျှင်အမိ၊ ကံသာလျှင်အဖ'၊ 'ကံပြုသမျှနံ့ရသည်'၊ 'ဝဋ်နှင့် ကြွမ်း (ကံ) မပြေးသာ'၊ 'ကံဆိုးမသွားရာ မိုးလိုက်လို့ရွာ'၊ 'ကိုယ့်ကာယကံသည် ကိုယ့်ထံကို ပြန်သည် (ဝစီကံ၊ မနောကံများပါပြန်၏။) ထို့ကြောင့် ကံတို့၏ထုံးစံက မည်သူ့ကိုမျှ မချန်။ ပြုပြုခဲ့သမျှ ကောင်းကံ၊မကောင်းကံတို့က အရိပ်သဏ္ဍာန်လိုက်နေသည်။ ကံကိုယုံသည်ဖြစ်စေ၊ မယုံသည်ဖြစ်စေ ပြုခဲ့သောကံအတိုင်းကတော့ အကျိုးပေးနေပါမည်။

သို့သော် ယခုဘဝတွင်ပြုသောကံကား ချက်ချင်းလက်ငင်း အကျိုးပေးသည်လည်း ရှိ၏။ အကျိုးမပေးသည်လည်းရှိ၏။ အကုသိုလ်အလုပ်ဖြင့် ကြွားချမ်းသာနေသူလည်း ရှိ၏။ အကုသိုလ်ကံကြောင့် ဆင်းရဲသွားသူလည်း ရှိ၏။အချို့မှာလည်း ပြုသောကံအလိုက် ယခုဘဝမှပင် အကျိုးခံစားရသူများလည်းရှိပါသည်။ ထိုသူများအား 'ငရဲလိုက်သည်'၊ 'ဝဋ်လည်ပြီ' ဟု ဆိုကြသည်။ 'ဝဋ်မှာအမြဲ၊ ငရဲမှာအပ' ဟု ဆိုထားပါသေးသည်။


ယခုဘဝမှာပင် မကောင်းမှုများ ပြုသဖြင့် မသေဆုံးမီပင် ဝဋ်ခံရသော လူတစ်ယောက်အကြောင်း ဖော်ပြပါမည်။ အဖြစ်မှန်သမျှ ယခုသက်ရှိထင် ရှားရှိနေသဖြင့် ရွာအမည်၊ လူအမည်





www.burmeseclassic.com

www.burmeseclassic.com




များကို ပြောင်းလဲ၍ ဖော်ပြထားပါသည်။

**ယုံကြည်မှုဘာသာမရှိ**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကုက္ကိုလှအုပ်စု မကျည်းကုန်းကျေးရွာတွင် ဦးဘိုနီ ဆိုသော လယ်သမားတစ်ယောက်ရှိသည်။ ဇနီးမယား သမီးသားများနှင့်အတူ လယ်မြေဧက(၅)ဧကခန့်တွင် စပါးသီးနှံစိုက်ကာ အေးအေးဆေးဆေးလုပ်ကိုင်စားနေကြပါသည်။ ဦးဘိုနီကား ဘယ်ဘာသာကို ကိုးကွယ် ယုံကြည်သည်ဟူ၍ မရှိပါ။ လူအများနှင့်လည်း မဆက်ဆံ မပေါင်းသင်း။ ဘာသာရေးစကားလည်း မပြောပါ။ လယ်တောနှင့်အိမ်၊ အိမ်နှင့် လယ်တောမှာသာ အချိန်ကုန်၏။ ဇနီးဖြစ်သူ ဒေါ်ခင်စိန်ကတော့ ဗုဒ္ဓဘာသာပါ။ ဘုရားဆွမ်းတော်တင်၏။ ပန်းရေချမ်းကပ်၏။ဘုရားရှိခိုး၏။ ဥပုသ်သီတင်းသီလစောင့်၏။ သူတို့တွင် သားနှစ်ယောက်၊ သမီးနှစ်ယောက် ရှိသည်။ ဦးဘိုနီတို့ခေတ်က ကျောင်းမရှိ၊ စာမတတ်ခဲ့သော်လည်း ယခုခေတ်တွင် ကျောင်းများရှိနေပြီဖြစ်၍ သားသမီးများက အလယ်တန်းအထိရောက်ရှိကြကာ စာဖတ်တတ်ရေးတတ်ကြပါသည်။

ဦးသန်းစိုး (ချောင်းနက်)

ဝင့်မှာအမြဲပါ



www.burmeseclassic.com

www.burmeseclassic.com

သားသမီးများမှာ ဖခင်ကြီး သဘောအတိုင်း ကျောင်းကထွက်ကာ အလုပ်လုပ်ကြရပါသည်။ ဖခင်ကြီးခိုင်းသည့်အတိုင်း အလုပ်လုပ်ကြရသည်။ ဖခင်စိတ်တိုင်းမကျပါက ယခုအထိ နှင်တံ (နံကန်) နှင့် အရိုက်ခံရတုန်း ဖြစ်ပါသည်။ ဦးဘိုနီက သားသမီးများ အပေါ်တွင်သာမက ဇနီးအပေါ်တွင် လည်းကောင်း၊ အိမ်မွေးတိရစ္ဆာန်များ အပေါ်တွင် လည်းကောင်း ရက်ရက်စက်စက်ရိုက်နှက်တတ်ပါသည်။ ဦးဘိုနီမှာ သူ့စရိုက်အားလျော့စွာပင် ဘေးလူများက ပြောဆိုအကြံပေးဆုံးမခြင်းမရှိပါ။ အပေါင်းအသင်းမရှိလေ ရိုင်းစိုင်းလေ ဖြစ်နေလေသည်။ ထို့ကြောင့်လည်း ဦးဘိုနီမှာ ထင်ရာလုပ်ထင်ရာပြောဖြင့် လူရိုင်းကြီးဖြစ်နေခဲ့သည်။

**ကြီးလေချဉ်လေ**

ဦးဘိုနီ အသက် (၅၀) ကျော်လာပါပြီ။ အသက်ပင်ကြီးလာသော်လည်း တရားကျသည်၊ တရားရသည် ဟူ၍ မရှိပါ။ သဘောထားကလည်း အလွန်နုပါသည်။ ဒေါ်ခင်စိန်မှာ အသက်ကြီးလှပြီဖြစ်သော်လည်း သနပ်ခါးမလိမ်းရ၊ ပန်းမပန်ရပါ။ အဝတ်အစားအသစ်လှလှပပမဝတ်ဝံ့ပါ။ ထိုသို့ သနပ်ခါးလိမ်း၊ ပန်းပန်၊ အဝတ်သစ်ဝတ်ပါက 'လင်ငယ်နေချင်လို့လား' ဟု ရိုက်နှက်တတ်သည်။ သူ့ရှေ့၊ သူ့ကွယ်ရာတွင် အခြားယောကျ်ားများဖြင့် စကားမပြောဝံ့။ အတူမနေထိုင်ဝံ့ပါ။ ဦးဘိုနီသိပါက ဒေါ်ခင်စိန်အရိုက်ခံရပါသည်။ နှင်တံနှင့် အညိုအမည်းအရှိုးရှိုးထင်အောင် ရိုက်ပါသည်။ နောက်ဆုံး ဘုန်းကြီးကျောင်းသို့ပင် ဥပုသ်စောင့်မသွားရတော့ပါ။

**တိရစ္ဆာန်များအပေါ်ရက်စက်**

ဦးဘိုနီ၏ သားသမီးများက ခွေးချစ်တတ်၏။ အိမ်တွင် ခွေးကလေးများ မွေးမွေးထား၏။ ဦးဘိုနီက စိတ်တိုင်းမကျ သဘောမတွေ့လျှင် ခွေးများကို ရိုက်သတ်၏။ နောက်တော့ အိမ်တွင်ခွေး မမွေးတော့ပါ။

တစ်နှစ်တုန်းက လယ်စပါးစိုက်ချိန်တွင် ထွန်ယက်နေလေ၏။ အချိန်က 'တော်သလင်းနေ၊ ပုစွန်သေ'တဲ့။ အလွန်ပူပြင်းသောအချိန်ဖြစ်ပါသည်။ ကျွဲမများနှင့် လယ်ထွန်သည်။ ကျွဲ၏သဘာဝက နံနက်စောစော နေမမြင့်ခင် ထွန်ယက်နိုင်၏။ ကျွဲက နေပူမခံနိုင်ပါ။ နေပူလာလျှင် ထွန်၍မသွားတော့ပါ။ အရိပ်ကောင်းအောက် ဆွဲဆွဲသွားပါသည်။ ဦးဘိုနီ၏ ကျွဲမကြီးတစ်ကောင်မှာ နေပူမခံနိုင်ပါ။ အရိပ်ထဲ ဆွဲဆွဲသွားပါသည်။ ဒါကို ဦးဘိုနီစိတ်တိုပြီး ကျွဲမကြီးကိုရိုက်၏။ ကျွဲမကြီးက အရိုက်ခံ၏။ ဦးဘိုနီ အရိုက်ရပ်ကာ ထွန်ဖြုတ်လိုက်သည်။ ပြီး ကျွဲများမောင်းကာ အိမ်ပြန်ခဲ့သည်။ ဦးဘိုနီကို အကဲခတ်ကာ ဇနီးနှင့် သားသမီးများ မလှုပ်ဝံ့ကြပါ။

ဦးဘိုနီက အရိုက်ခံလှသော ကျွဲမကြီးကို နွားခေါင်းကြိုးအသစ်လဲ၏။ ပြီးလျှင် အိမ်အောက်ရက်မတွင် ကျွဲမကြီးကို နွားခေါင်းတင်းတင်းမော့ကာ ချည်ထားပါသည်။ ကျွဲမကြီးက နွားခေါင်းလှန်ချည်ထား၍ မလှုပ်ရှားနိုင်ပါ။ တစ်ရက်နှင့်မလွတ်၊ နှစ်ရက်နှင့်မလွတ်မို့ ကျွဲမကြီးအစာရေစာဆာပါပြီ။ ကျွဲမကြီးက တညွှယ်ညွှယ်အော်လေရာ သားသမီးများက ဦးဘိုနီမသိခိုက် ကျွဲမကြီးကို ရေတိုက်အစာခွံကျွေး၏။ ဦးဘိုနီသိတော့ 'ရိုက်ပြန်ပါသည်။ သားသမီး၊ ဇနီးမယားတို့ မပြောဝံ့ကြတော့ပါ။ ကျွဲမကြီးလည်း အစာငတ်ရေငတ်ဖြင့် သေဆုံးသွားပါတော့သည်။ သားသမီးများမှာ ကျွဲမကြီးကို သနားလွန်းရကား ဖခင်ကြီးကို မုန်းတီးလာပါတော့သည်။

**နွားမကြီးအလှည့်**

ဦးဘိုနီတို့ရွာနှင့် ပဲခူးရိုးမ မြစိမ်းတောင်ကား (၁၅) မိုင်ခန့် ဝေးပါသည်။ ဦးဘိုနီက နွေရာသီတစ်နေ့တွင် အိမ်မိုးရန် သက်ငယ်အလို့ငှာ မြစိမ်းတောင်တောသို့ သက်ငယ်ရိတ်တက်ခဲ့ပါသည်။ တောမှ သက်ငယ်ရိတ်နေခိုက် နွားမကြီးတစ်ကောင်မှာ ရက်မစေ့လမစေ့ဘဲနှင့် သားမွေး (သားလျှောကျ) ခဲ့ပါသည်။ ဒီအဖြစ်ကို ဦးဘိုနီစိတ်အလွန်တိုနေလေ၏။ ဦးဘိုနီက ရသမျှ သက်ငယ်ထုံးများတင်ကာ လှည်းပြန်မောင်းလာပါသည်။ သားမွေးပြီး နှစ်ရက်သာရှိသေးတဲ့ သွေးနုသားနုနွားမကြီးမှာ လှည်းမရုန်းနိုင်ပါ။ ခဏခဏလှဲအိပ်ပါသည်။ ဦးဘိုနီက တအားရိုက်၏။ နွားမကြီးကထရုန်း၏။ ခဏနေ လှဲပြန်၏။ ရိုက်ပြန်၏။ ရုန်းပြန်၏။

ဒီလိုနှင့် အိမ်ပြန်ရောက်လာပါသည်။ ဦးဘိုနီက စိတ်မကျေနပ်သေးပါ။ နွားမကြီးကို နှိပ်စက်ပြန်ပါသည်။ နွားမကြီးကို အိမ်အနီးရှိ မန်ကျည်းပင်တွင် ချည်ကာ နွားမကြီးဗိုက်အောက်တွင် အမှိုက်များပုံကာ မီးရှို့ပါသည်။ နွား ကြီးက မီးပူလှသဖြင့်ရုန်း၏။ အော် ဝမ်းဗိုက်ပတ်လည်အရေပြားများမှာ မီး လောင်ကာ အက်ကွဲကုန်၏။ သားသ များကလည်း မတားရဲကြပါ။ နွားမ ကို သနားရုံမျှသာ သနားနိုင်ပါသည် ရဲစခန်းမှရဲများ ရောက်လာပါသည် တိရစ္ဆာန်ညှဉ်းပန်းမှုဖြင့် ဦးဘိုနီအ ဖမ်းမည်ပြုကြပါသည်။ သားသမ မောင်ဝင်းဆန်း၏ ကောင်းမှုကြောင် ရဲများဖမ်းမသွားပါ။ ဤမျှရက်စက်သော ဦးဘိုနီပါ။

**သူ့အလှည့်ဝင့်လည်ပြီ**

ဇနီးဒေါ်ခင်စိန်မှာ စိတ်ဆင်းရဲ နှင့် သေဆုံးသွားပါပြီ။ ဦးဘိုနီက အထီးကျန်ဖြစ်နေပါပြီ။ သားသမီးမ ကလည်း မချစ်ကြတော့ပါ။ ကြောက် ၏။ ဦးဘိုနီခိုင်းသမျှ လုပ်ပေးကြရ ဦးဘိုနီ ဖျားရာမှ လေဖြတ်ကာ မလှု ရှားနိုင်တော့ပါ။ အိပ်ရာထက်တွင် လ နေပါပြီ။ ထမင်း၊ ဟင်းအစာကိုခွံကျွေ ရ၏။ ဆီး၊ ဝမ်းများသုတ်သင်ပေးရ ဆေးဆရာများနှင့် ဆေးကုပေး၏။ ငွေ သိန်းပေါင်းများစွာကုန်၏။ ရောဂါ မပျောက်ပါ။ အားလုံးက ဝဋ်နာ၊ ဝဋ် လိုက်တာ ကုမရဟု ဆိုကြပါသည်။ ကြာ လာတော့ အစကတည်းက မချစ်ကြ တော့သော သားသမီးများ ပြုစုလာ တာ ငြီးငွေ့လာကြပါပြီ။ အစားအချိန် မှန်မှန်မကျွေးနိုင်ကြပါ။ ဆီး၊ ဝမ်းပင် အချိန်မှန်မသန့်ရှင်းနိုင်တော့ပါ။ ဦးဘိုနီ မှာလည်း အော်ညည်းရုံမျှအပ ဘာမှ မတတ်နိုင်ပါ။ ဦးဘိုနီပြောသော မှတ် စရာစကားမှာ -

"ငါတော့ ကျွဲမကြီး၊ နွားမကြီးတို့ ကို ရက်စက်ခဲ့တာပြန်ခံရပြီဟေ့"တဲ့ဗျား။

သားသမီးများနှင့် မန်ကျည်းကုန်း ရွာသူရွာသားများကလည်း-

"ဦးဘိုနီကြီးက ဝဋ်ခံရတာ၊ ဝဋ် လည်နေတာ။ ဘယ်လောက်ကြာကြာ ခံရမယ် မသိဘူး"

ဟု ပြောကြပါသည်။

ဦးဘိုနီ၏ ယခုဘဝ လွန်ကျူးခဲ့ သောအမှုကား ယခုဘဝမှာပင် ခံရချေ ပြီ။ 'ဝဋ်မှာအမြဲ၊ ငရဲမှာအပ' ပါတကား။

*အားလုံးကျန်းမာချမ်းသာကြပါစေ*

ဦးသန်းစိုး (ရွှေပင်းနက်)



www.burmeseclassic.com

www.burmeseclassic.com

နေပြည်တော်ကျော်ကျော်စိုး

# ဒူးနာသူများအတွက်

ဒူးနာဝေဒနာဆိုတာ အများအားဖြင့် လူကြီးတွေမှာ ဖြစ်ကြပါတယ်။ လူကြီးတွေအဖြစ်များသလို လူငယ်အချို့လည်း ဒူးနာဝေဒနာ ခံစားရတတ်ကြပါတယ်။

ဒူးနာဝေဒနာဖြစ်ပြီဆိုလို့ကတော့ ထခက်၊ ထိုင်ခက်၊ အတက်ခက်၊ အဆင်းခက်၊ အသွားခက်၊ အလာခက်နဲ့ အလွန်ကို ဒုက္ခကြီးတဲ့ ဝေဒနာပါ။ အဲဒီလိုကြီးနာနေတော့ကာ စိတ်သွားတိုင်းကိုယ်မပါချင်တော့ပါဘူး။ သွားလာရာမှာ အသုံးပြုရတဲ့ ဒူးဆစ်ကွေးကနာနေပြီကိုး။

ဒူးနာလာပြီဆိုရင် သိပ္ပံနည်းကျကုကြတာတွေလည်းရှိတယ်။ မြန်မာ့နည်းမြန်မာ့ဟန်လိမ်းဆေး လိမ်းကြတာတွေလည်းရှိတယ်။ အချို့ တရုတ်အပ်စိုက်တယ်။ အချို့က မြန်မာဆေးနဲ့ စုတ်ပေါက်ပြီး ကုတာလည်းရှိတယ်။ ဆေးမြီးတို၊ ဆေးမြီးရှည်တွေကလည်း အများအပြားရှိပါတယ်။ အချို့ကျတော့ အကြောနှိပ်ကြတာတွေလည်းရှိပါတယ်။

အဲဒီ ဒူးနာဝေဒနာပတ်သက်လို့ ဒူးနာဝေဒနာနှစ်ရှည်ခံစားနေရပြီး သူတစ်ပါးပြောသံကြားနဲ့ ကုကြည့်ရာမှာ တစ်ခါသာ ကုလိုက်ရတယ်။ ဝေဒနာရှင်းသွားခဲ့တဲ့အကြောင်းကို မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျောင်းတော်ရာအနီးက မုံတောကြီးရွာရောက်နေစဉ်မှာ ဒူးနာဝေဒနာသည်လူကြီးတစ်ဦးကို အကြောင်းပြုပြီး ညီဖြစ်သူ တင်မောင်လတ်က ပြောပြနေခြင်းပါ။

"ကျွန်တော်လည်း ဦးလေးလိုပဲ ဒူးနာဝေဒနာကို အကြာကြီး ခံစားနေရတာပေါ့ဗျာ။ ဒူးနာဆိုတာ မတ်တတ်နာဆိုတော့ လူတွေ သိပ်မသိကြပါဘူး။ သွားလို့လာလို့ကတော့ အဆင်ပြေပါရဲ့။ အိမ်ပေါ်တက်ပြီဆိုလို့ကတော့ ခြေကိုင်မြှောက်ရတာ အတော်နာပါတယ်။ အဲဒီတော့ လက်နဲ့ယူပြီး မြှောက်ပေးရတာပေါ့။ ဆင်းလည်းနာတာပါပဲ။ အဆင်းဆိုလက်ကိုင်ကို အားပြုလွှဲပြီး ဆင်းရတာမျိုး၊ ဒါနဲ့ တစ်နေ့တော့ ပြန်ကပြေးဘောစည်ရိပ်သာမှာ အလှူဖိတ်တာနဲ့ရောက်သွားပါတယ်။ အဲဒီမှာ ထမင်းစားကြတဲ့အခါ အဘိုးကြီးတစ်ဦးက အာပေါင်အာရင်းသန်သန်နဲ့ အားလုံးကိုပြောနေတာဗျ။

'ခင်ဗျားတို့တွေ ဒူးနာဝေဒနာများခံစားနေကြရရင် ကြက်ခြေထောက်၊ ကြက်ခေါင်း၊ ကြက်လည်ချောင်းရိုးငါးရာဖိုးဝယ်လောက်ဝယ်ပြီး နူးနေအောင်ပြုတ်ပါ။ ခင်ဗျားတို့ ကြိုက်တတ်တဲ့ ဟင်းခတ်အမွှေးအကြိုင်တွေဘာတွေခတ်လို့ရတယ်။ စားကောင်းအောင်ပြုတ်ပါ။ စားခါနီးရင် ပဲပင်ပေါက်လက်တစ်ဆုပ်လောက်ထည့်ပြီး ပဲပင်ပေါက်နွမ်းသွားရင် အဲဒီကြက်ရိုးဟင်းကို အဝထိုင်စားပစ်ပါ။ တစ်ခါစားရုံနဲ့ ခင်ဗျားတို့ ဒူးနာဝေဒနာ အမြစ်ပြတ်ပျောက်ပါတယ်"

လို့ ပြောနေတာကိုးဗျ။

"ကျွန်တော်လည်း ဒူးနာနေသူဆိုတော့ ငါ့ကိုများပြောနေသလားမသိဘူးလို့တောင်ထင်မိပါတယ်။ တိုက်ဆိုင်နေတာကိုး။ အလှူမှာ စားနေသူတွေဟာများတော့ ဘယ်အရပ်ကရယ်လို့ မသိပါဘူး။ သူ့ရဲ့အသံကျယ်ကြီးနဲ့ ပြောနေတာဆိုတော့ ကျွန်တော်လည်း ဒူးနာပျောက်ဆေးနည်းရခဲ့တာပေါ့ဗျာ။ ကျွန်တော်နောက်နေ့မနက်နရောက်တာနဲ့ ရွာလည်ဈေးက ကြက်သားဆိုင်မှာ ကြက်ရိုးငါးရာဖိုးဝယ်ခဲ့ပြီး ကျွန်တော့်ဇနီးကို ပြုတ်ခိုင်းပါတယ်။ ပဲပင်ပေါက်တစ်ရာဖိုးလည်းဝယ်ခဲ့ပါတယ်။ ကြက်ရိုးငါးရာဖိုးက တစ်ဇလုံရပါတယ်။ စားခါနီးမှ ပဲပင်ပေါက်ထည့်ပြီး ကျွန်တော်အဝတွယ်ထည့်လိုက်တာ အဲဒီဒူးနာဝေဒနာဟာ နောက်နေ့ကနေပြီး ယနေ့ထိတိုင်အောင် ပျောက်သွားတော့တာပဲဗျာ။

ဦးလေးလည်း ယုံယုံကြည်ကြည်နဲ့ ကြက်ရိုးစွပ်ပြုတ်လုပ်စားကြည့်ပါ။ ဦးလေးရဲ့ ဒူးနာပျောက်သွားပါလိမ့်မယ်"

လို့ မင်္ဂလာဆောင်ရဲ့ လူပုံအလယ်မှာ ပြောပြနေခြင်းပါ။ ဒီရဲ့ ဒူးနာကုနည်းကျတော့ အစာလည်းဆေး၊ ဆေးလည်းအစာဆိုတာလို ဓာတ်စာကျွေးပြီးကုတဲ့နည်းပါပဲ။ ခက်တာက ဒီဆေးနည်းဟာ သက်သတ်လွတ်စားနေကြတဲ့ လူတွေအတွက်ကျတော့ အခက်အခဲဖြစ်နေပြန်ပါတယ်။ အချို့က အသက်သာ အသေခံမယ်၊ သူတစ်ပါးရဲ့ အသားတော့ မစားဘူးဆိုတဲ့လူမျိုးတွေရှိနေသေးတာကိုး။

ဒီအခါမှာ ကျွန်တော်ရဲ့ကိုယ်တွေ့လေး ဖြည့်စွက်တင်ပြချင်ပါတယ်။

ကျွန်တော်ဟာ နေ့စဉ်နံနက် (၅) နာရီဝန်းကျင်ကစပြီး လမ်းလျှောက်ထွက်ပါတယ်။ အဲဒီလို ထွက်ရင်းကနေပြီး ၂၀၁၁ ရဲ့ ဆောင်းရာသီမှာ ဒူးခေါက်ကြောတွေတင်းနေပါတယ်။ တင်းပြီးလမ်းလျှောက်ရင် နာတာပါ။ ဒါနဲ့ ဒူးခေါက်ခွက်ထဲကို အသာအယာနှိပ်ပါတယ်။ အဲဒီကျမှ လမ်းလုံးဝလျှောက်မရအောင်ဖြစ်ပြီး အိမ်ကိုပြန်ခဲ့ရပါတယ်။ နာလိုက်ချက်ကတော့ လမ်းတောင်လျှောက်မရအောင်ဖြစ်ခဲ့ပါတယ်။ ညာဘက်ဒူးခေါက်ခွက်ပါ။ ရှင်းရှင်းဆိုရရင် ဒူးနာတာပါပဲ။ အိမ်သာတက်ရင် အကြီးအကျယ်ဒုက္ခရောက်ပါတယ်။ ညာဒူးကကွေးမရဆန့်မရဖြစ်ပြီး အရမ်းကိုနာတာပါ။

ဒါနဲ့ ဆေးတွေဝယ်သောက်ပါတယ်၊ မရပါဘူး။ နောက်ဆုံး မြန်မာ့နည်းမြန်မာ့ဟန်နဲ့ ညီမမဌေးညွှန့်အိမ်က မိဿလင်ဥတွေသွားတောင်းပြီး အရက်နဲ့ထုထောင်းပြီး စည်းပေးပါတယ်။ မိဿလင်ကို ထောင်းထု၊ အရက်လောင်း၊ ပလတ်စတစ်ထဲ ဖြန့်ထည့်ပြီးရင် ဒူးခေါက်ကို ပတ်စည်းထားတာပါ။

တစ်ရက်စည်းလိုက်တာနဲ့ အတော်သက်သာတာတွေ့ရတယ်။ လေး၊ ငါးရက်ဆက်စည်းတော့ ပျောက်သွားပြီး လမ်းပုံမှန်ပြန်လျှောက်နိုင်ခဲ့ပါတယ်။ အမှန်တော့ ကျွန်တော့်ဒူးခေါက်ခွက်ထဲက အကြောတွေ ရောင်တာပါ။ ဒဏ်ကြေတဲ့ မိဿလင်ကို ပြေးမြင်ပြီးစည်းပေးလိုက်ခြင်းပါပဲ။

အဲဒီတုန်းက တင်မောင်လတ်ရဲ့ ဓာတ်စာနဲ့ ကုတဲ့နည်းကို မသိသေးပါဘူး။ သိရင်တော့ အဲဒီနည်းနဲ့ ကုမှာအမှန်ပါပဲ။

*တင်မောင်လတ်သို့ ကျေးဇူးတင်လျက်*

*ချမ်းမြေ့ကြပါစေ*

နေပြည်တော်ကျော်ကျော်စိုး



www.burmeseclassic.com

www.burmeseclassic.com

၁၉၈၇ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့က မကွေးတိုင်းဒေသကြီး မင်းဘူး၊ မန်းရွှေစက်တော် မန်းချောင်းရေများ ရုတ်တရက် အရှိန်အဟုန်နှင့် ကျဆင်းလာ၍ လူများသေကျေပျက်စီးခဲ့ရသော သတင်းသည် တစ်နိုင်ငံလုံး တုန်လှုပ်ချောက်ချားစရာ သတင်းဆိုးကြီး တစ်ခုဖြစ်ခဲ့သည်။ ရှေးသက်ကြီးရွယ်အိုများ၏ စကားအရ ထိုသို့ ရုတ်တရက်ချောင်းရေများ ကျဆင်းလာသော ဖြစ်ရပ်မျိုးကို ရှေးအခါက မကြုံကြ၊ မကြားကြစဖူးဟု ဆိုသည်။ သဘာဝ၏အန္တရာယ်ဘေးဆိုးတစ်ခုဟုတော့ ဆိုနိုင်သည်။ သို့ပါသော်လည်း မိမိတို့မသိနိုင်၊ မမြင်နိုင်သော ဉာဏ်မမီနိုင်သောအချက်များလည်း ရှိနိုင်ပါသည်။

မန်းရွှေစက်တော်နှင့် ကျွန်ုပ်သည် အကြောင်းရေစက်တစ်ခုဆက်စပ်မှုရှိခဲ့သည်။ ထိုဘေးဆိုးကြီးကြုံတွေ့ရသော ၁၉၈၇ ခုနှစ်က ကျွန်ုပ်သည် သူငယ်ချင်းတစ်စုနှင့် မန်းရွှေစက်တော်တွင် ဒုလ္လဘရဟန်းပြုခဲ့သည်။ ထိုသို့ရဟန်းပြုရသည်မှာလည်း ယခုအခါတွင် ကွယ်လွန်သွားခဲ့ပြီ ဖြစ်သော ကျွန်ုပ်၏ဖခင်ကြီးအမွေခံဟု ဆိုနိုင်သည်။ ဖခင်ကြီးသည် လွတ်လပ်ရေးတိုက်ပွဲဝင် စစ်သားဟောင်းကြီးတစ်ဦး ဖြစ်သည်။ လွတ်လပ်ရေးရပြီးကာလ အောင်ဆန်းသူရိယ လှသောင်းတို့ ကျဆုံးခဲ့ရသော ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ် ဖော်တော်သီမြို့လေး အနီးတိုက်ပွဲတွင် ဖခင်ကြီး ပါဝင် ဆင်နွှဲခဲ့သည်။

၁၉၄၉ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့ညပိုင်းတွင် ဖော်တော်သီနှင့် ရှမ်းစုရွာလယ်ကွင်းပြင်တွင် ပြင်းထန်သော တိုက်ပွဲတစ်ခုဖြစ်ခဲ့သည်။ ကေအင်ဒီအို (ခေါ်) ကရင်တပ်များနှင့် ရင်ဆိုင်ခဲ့ရသော မျိုးချစ်တပ်မတော်မှာ သေနတ်ကိုင်တပ်ရင်း (၃) ဖြစ်သည်။ နှစ်ဖက်စလုံး အတုံးအရုံးကျဆုံးခဲ့ရသော ရင်ဆိုင်တိုက်ပွဲဖြစ်သည်။ တပ်မတော်ဘ[...] မှ သူရဲကောင်း (၃၆) ယောက်တို့ နိ[...] အတွက် အသက်ပေးလှူခဲ့ရသည်။ [...] သူတို့တွင် ရဲဘော်လှသောင်းသည် [...] မတူအောင် စွန့်လွှတ်စွန့်စား၍ ရန်[...] များကို အသက်ကို ပမာမပြု ခုခံ[...] ကျဆုံးခဲ့ရသော သူရဲကောင်းတစ်ဦး[...] ၍ နောင်အခါတွင် အောင်ဆန်းသူ[...] လှ သောင်း ဟူ၍ နိုင်ငံတော်က ဂုဏ်[...] ခဲ့သည်။

ထိုသမိုင်းဝင်တိုက်ပွဲကြီးပြီး[...] တပ်မတော်မှ စစ်သည်တော်များကို [...] ဘမဲဖြင့် ရဟန်းခံစေခဲ့သည်။ ဖခင်[...] သည် ထိုစဉ်က တပ်ကြပ်ကြီးတစ်ဦး [...] သည်။ ဒုလ္လဘမဲပေါက်သောကြေ[...] ဖခင်ကြီးနှင့် သူ၏တပည့်ရဲဘော်တ[...] သည် ရဟန်းပြု၍ မန်းရွှေစက်တော်[...] ဘုရားဖူးထွက်ခဲ့ကြသည်။

ထိုအချိန်ကာလတွင် မန်း[...] တော်ရာသို့ သွားရောက်ရန်ခရီး[...] ခက်ခဲလှသည်။ လူသူအရောက်[...] ပေါက်လည်းမများချေ။ မန်းစက်[...] ရာဇရိယာသည် တောတောင်ထူထ[...] သောင်းကျန်းသူတို့ ခိုအောင်းရာ[...]



www.burmeseclassic.com

www.burmeseclassic.com

ကြီး ဖြစ်သည်။ ဗမာပြည်ကွန်မြူနစ်ပါတီမှ အခြေချလွှမ်းမိုးထားသည်။ ဖခင်ကြီးနှင့် သူ၏တပည့်ရဲဘော်တို့မှာ ရောက်ပြီးမကြာမီပင် ရဟန်းဝတ်နှင့်ဖမ်းဆီးခြင်းခံခဲ့ရသည်။ ထုံးစံအတိုင်း ထောက်လှမ်းရေးများဟု စွပ်စွဲပြီး သတ်မိန့်ပေးခြင်းခံရသည်။ နိုင်ငံရေးခေါင်းဆောင်တစ်ဦး၏ အကူအညီနှင့် သေကံမရောက်သက်မပျောက်ဘဲ လွတ်ငြိမ်းခွင့်ရခဲ့သော်လည်း အပြန်လမ်းတွင် သူတို့နှစ်ဦးကို ရှင်းပစ်ရန် ရည်ရွယ်ထားပုံကိုဖခင်ကြီးက တွက်ဆမိသည်။

သူတို့ ရဟန်းတော်နှစ်ပါးသည် ကွန်မြူနစ်တပ်များစခန်းချရာနှင့်နီးသော ဘုန်းကြီးကျောင်းတစ်ကျောင်းတွင် ဝါဆိုကြရင်း တစ်မိုးခိုအောင်းပြီးမှ မထင်မှတ်ဘဲ ပြန်ကြရန် စီစဉ်ခဲ့ကြသည်။ သို့ပါသော်လည်း ကံဆိုးရှာသော ဖခင်ကြီး၏တပည့် ရဟန်းတော်ရဲဘော် ဖိုးနောင်သည် ငှက်ဖျားရောဂါနှင့် ထိုအရပ်၌ပင် ပျံလွန်တော်မူရှာသည်။ ဖခင်ကြီး၏ပြောပြချက်အရ ရဲဘော်ဖိုးနောင်သည် ဖခင်ကြီးကို ချစ်ခင်လေးစားပြီး မိဘမဲ့တစ်ဦးဖြစ်၍ ဖခင်ကြီးသွားရာနောက်တကောက်ကောက်လိုက်ပါခဲ့သူ ဖြစ်သည်။ ကျွန်ုပ်သည် ထိုစဉ်ကာလက ကလေးငယ်တစ်ဦးမျှသာဖြစ်၍ ဘာမှမမှတ်မိသော်လည်း ရဲဘော်ဖိုးနောင်သည် ကျွန်ုပ်ကို ချစ်ခင်ကြင်နာစွာ ထိန်းကျောင်းခဲ့ပါသည်။ ဖခင်ကြီးက သူ၏ရဲဘော်ဖိုးနောင်အကြောင်းကို မကြာခဏပြောဆိုတတ်သောကြောင့် ကျွန်ုပ်ကောင်းစွာ မှတ်မိနေခဲ့သည်။

■

ကျွန်ုပ်သည် ၁၉၈၇ ခုနှစ်၊ မေလ ၉ ရက်နေ့ညက တစ်ညလုံး မိုးဖွဲဖွဲရွာနေသည်။ တဖြည်းဖြည်းမိုးဖွဲရာမှ မိုးသည်းလာသည်။ မိုးသည်းရာမှ မိုးကြီးရွာခြင်းသို့ပြောင်းလာသည်။ မကြုံစဖူးအောင် သဲသဲမဲမဲရွာသည်။ ဘယ်အခါနှင့်မှမတူဘဲ ခြေဖျားလက်ဖျားများထုံကျဉ်ကိုက်ခဲလာအောင် အေးစိမ့်လာသည်။ ကျွန်ုပ်သည် အေးလွန်းသောကြောင့် နှစ်ထပ်သက္ကန်းတော်ကြီးကို ခြုံရင်း ကွေးနေခဲ့သည်။

တစ်ညလုံးရွာသော မိုးကြောင့် သဲမွေ့ရာခင်းထားသကဲ့သို့ရှိသော မန်းစက်တော်ရာသောင်ခုံများသည် အသွင်ပြောင်းသွားသည်။ ခြောက်ရာမှစို၊ စိုရာမှရေများ တစိမ့်စိမ့်တက်လာသည်။ ညကရွာသောမိုးကို ခါတိုင်းနှယ်ပင် ထင်

မျိုးတင့်

မန်းစက်တော်ရာ၌ အေးဆိုးကြီးကြုံခဲ့စဉ်က





www.burmeseclassic.com

www.burmeseclassic.com

မှတ်ပြီး ကားများကို သောင်ခုံတွင်ရပ်ထားမြဲရပ်ထားကြသည်။ အချို့လည်း သောင်ပြင်ဧပါတွင် ရွက်ဖျင်တဲငယ်လေးများနှင့် နားနားနေနေ အပန်းဖြေရင်း ကွေးအိပ်နေကြသည်။ အလွန်ပူအိုက်သော တန်ခူးနေပူကို လေညင်းခံရင်းနှင့် နှစ်စဉ် အချိန်ဖြုန်းခဲ့ကြသည် မဟုတ်ပါလော။

ရာသီဥတုမှာ ထူးခြားအံ့ဖွယ် ပြောင်းလဲသွားသည်။ ပထမ ရေစပ်စပ်ကလေးတက်လာသည် နံနက်ခင်းအစတွင် တက်လာသောရေကို မမှုကြ။ ရေစပ်စပ်တွင် မေ့လျော့ ပျော်ပါးစွာ လှုပ်ရှားသွားလာနေကြသည်။ အောက်စက်တော်ရာအနီးတွင် ပွဲဈေးတန်းကြီးရှိသည်။ ဈေးသည်များက ရေတက်လာသည်ကို အမှုမဲ့အမှတ်မဲ့နှင့် မိမိတို့ကုန်ပစ္စည်းများကို မိုးအေးအေးမှာ နေရာရွှေ့ကြသည်။ နိမ့်ရာမှ အနည်းငယ်ပိုမြင့်ရာသို့ ပြောင်းရွှေ့ကြသည်။

ဈေးရောင်းသူက ဈေးရောင်းမပျက်၊ ဈေးဝယ်သူက ဈေးမပျက်ပင်ရှိသည်။ စားသောက်ဆိုင်များ၊ အလှကုန်ဆိုင်များ၊ လောင်းကစားဝိုင်းများလည်း ပုံစံမပျက်ဝင်ထွက်သွားလာနေကြဆဲ ဖြစ်သည်။ စားသူစား၊ သောက်သူသောက်၊ ပျော်သူပျော်၊ အော်သူအော်နှင့် ပုံမှန်အတိုင်း ရှုပ်ယှက်ခတ်လျက်ပင်။

ထိုအချိန်က တောင်ပေါ်မှရေများ အလုံးအရင်းနှင့် အရှိန်ပြင်းစွာ ထိုးကျစီးဆင်းလာလိမ့်မည်ဟူ၍ မည်သူမျှ မထင်မှတ်ထားခဲ့ကြ၊ နှစ်ပေါင်းများစွာကလည်း တစ်ကြိမ်မှ မကြုံခဲ့ဘူးကြ။

နံနက်ခင်း (၉) နာရီနှင့် (၁၀) နာရီကြားကာလတွင် ဝုန်းဒိုင်းကြဲနေသော ရေစီးသံကြီးကို အလန့်တကြားကြားကြရသည့်အသံနှင့်အတူ ရေများသည် ဆင်ကောင်ပေါလောမျောမတတ် မြစ်ကမ်းတစ်ခုလုံး လျှံတက်မို့မောက်ဖိတ်လျှံကျလာသည်။ ရေတွေ ရေတွေ တဒီးဒီး၊ တဟီးဟီးနှင့် မြင်မြင်ရာကို ဖြိုဖျက်ဝါးမျိုသွားသည်။

အောင်မယ်လေး ဟူ၍ လည်းကောင်း၊ ကယ်ကြပါဦးဟူ၍ပင် မအော်နိုင်ကြတော့ဘဲ အသံတိတ်အငိုက်မိခြင်းခံရသည်။ မန်းချောင်းရေသည် ဒေါသကြီးစွာ ပါးပျဉ်းထောင်နေသော မြွေဖြူကြီးတစ်ကောင်အလား လူးလူးလွန့်လွန့် လှိုင်းလုံးကြီးများ အလိပ်လိုက်ထ၍ စီးဆင်းနေသည်။

အနိမ့်ပိုင်းနှင့် သောင်ခုံရှိ တဲငယ်လေးများ၊ ရွက်ဖျင်အဆောက်အအုံများ၊ ဈေးတန်း၊ ဈေးဆိုင်များ၊ ရပ်ထားသော ကားကြီး၊ ကားငယ်များ သွားလာလှုပ်ရှားနေသောလူများ၊ နေ့ခင်းကြောင်တောင် ဖရိုဖရဲရေထဲ၌ အလိမ့်လိမ့် အလူးလူး ပါသွားကြသည်။ လူဘယ်နှယောက် အသက်ပျောက်၍ ဘယ်လောက် ပျောက်ဆုံးသွားသည် မသိရ။ ကားကြီး၊ ကားငယ် (၁၇) စီးခန့် မျောပါပျက်စီးသွားခဲ့သည်။

ကျွန်ုပ် သီတင်းသုံးရာ အထက်စက်တော်ရာရှိ ရဟန်းတော်များမှာ ရေဘေးမှ လွတ်ကင်းခွင့်ရကြပါ၏။ သို့ပါသော်လည်း သဘာဝဘေးဆိုးကြီးကြောင့် ခြေမကိုင်မိလက်မကိုင်မိဖြစ်ကြရသည်။ မမှာရုံကြီးအတွင်း ရဟန်းတော်များကို သံပြိုင်ရွတ်ဖတ်သရဇ္ဈာယ်ခြင်းတို့ဖြင့် တားဆီးဟန့်တားရန် ကြိုးစားတော်မူခဲ့ကြသည်။ ကျွန်ုပ်က ရဟန်းတော်များကို လျှောက်ထားမိသည်။

"အရှင်ဘုရားတို့ အခုလိုအချိန်မျိုးမှာ တပည့်တော်တို့ မေတ္တာပို့၊ ပရိတ်ရွတ်ရင်း ကူညီရတာထက် ကိုယ်တိုင်ဆင်းပြီး ရေထဲမှာမျောပါလာတဲ့လူတွေကို ဖြစ်သလို ကယ်တင်မှရမယ်လို့ တပည့်တော်ထင်ပါတယ်ဘုရား။ တပည့်တော်တော့ သွားကယ်တော့မယ်ဘုရား၊ လိုက်နိုင်တဲ့အရှင်မြတ်တို့လိုက်ခဲ့ကြပါဘုရား"

ကျွန်ုပ်က ဒုလ္လဘရဟန်းတော်၊ ထိုစဉ်က အသက်မှာ (၄၅) နှစ်လောက်သာရှိဦးမည်မို့ သန်မာဖျတ်လတ်ဆဲ ဖြစ်သည်။ ထို့ကြောင့်ပင် ကျွန်ုပ်က ငယ်ရွယ်သူ ရဟန်းတော်များကို အဖော်ညှိမိခြင်းဖြစ်သည်။ သက်တော်ရွယ်တော်ကြီးသော ရဟန်းတော်များက မစွမ်းနိုင်ကြပါသော်လည်း၊ ငယ်ရွယ်သော ရဟန်းတော်များမှာ စွမ်းနိုင်ကြမည်ဟု ကျွန်ုပ်ယူဆမိသည်။ သို့ပါသော်လည်း ရဟန်းငယ်များပါ ကြောက်ရွံ့တုန်လှုပ်နေကြသည်။ အဖော်ညှိ၍ မရခဲ့ပါ။ ကျွန်ုပ်နှင့်အတူတကွ ရဟန်းပြုခဲ့သော ဒုလ္လဘရဟန်းတော်များပင် တုတ်တုတ်မလှုပ်ဘဲရှိကြသည်။ ကျွန်ုပ်သည် သူတို့ကိုတော့ အပြစ်မတင်ချင်ပါ။ သို့ပါသော်လည်း ကျွန်ုပ်၏ဆုံးဖြတ်ချက်ကိုတော့ မပြင်ဆင်ခဲ့ပါလေ။

ကျွန်ုပ်သည် ခါးဝတ်သင်းပိုင်းကို တိုတိုဝတ်၍ ခါးပန်းကြိုးကို ခိုင်ခိုင်ပ[...] ချည်လိုက်သည်။ ပလတ်စတစ်ကြိုး[...] ချောင်းကိုလည်း လိုရမည်ရ အသုံး[...] နိုင်ရန် ခါးတွင်ပတ်ချည်လျက် ကမ်း[...] ထိပ်သို့ ဆင်းခဲ့သည်။ မိုးကား ရွာ[...] မြစ်ရေများက ဟူးဟူးထလျက် ဝါး[...] ထိုးစီးဆင်းနေဆဲ။ ကျွန်ုပ်နှင့်အတူ (၁[...]) နှစ်သားအရွယ် ကိုရင်လေးရှင်သုခသ[...] တစ်ပါးတည်းသောအဖော်အဖြစ် သ[...] ရှိစွာလိုက်ပါလာသည်။

ကျွန်ုပ်သည် သတ္တိကောင်းလှ[...] တစ်ယောက် မဟုတ်ပါ။ ကျွန်ုပ်နေထိုင်[...] ရာ မကွေးမြို့တွင် ဝန်ထမ်းအဖြစ်တာ[...] ထမ်းဆောင်ရင်း အရန်မီးသတ်တပ်[...] တွင် စေတနာ့ဝန်ထမ်းတာဝန်ယူခဲ့[...] သည်။ လူမှုရေးလုပ်ငန်းများ၌ တက်[ကြွ]စွာပါဝင်ကူညီခဲ့သည့် မီးသတ်ရဲဘေ[...] တစ်ဦးဖြစ်၍ မီးငြိမ်းသတ်ခြင်း၊ မီးထဲ[...] လူ့အသက်များကို ရဲရဲဝံ့ဝံ့ ကူညီက[...] တင်ခြင်းများကို ဆောင်ရွက်ခဲ့ဖူးသည[...] ထိုအချက်များကြောင့်ပင် ကျွန်ုပ်၏[...] ကိုဗီဇအရ စွန့်စားမှုကို ဝါသနာထုံ[...] ခဲ့ခြင်းဟု ဆိုနိုင်ပါသည်။

ကျွန်ုပ်တို့သီတင်းသုံးရာ ဘုန်းကြီး[...] ကျောင်းသည် မန်းချောင်း၏ အထ[...] ပိုင်းရေထိပ်မှာရှိ၏။ဆင်းလိုက်သည်နှ[...] ဒေါသပါးပျဉ်းထောင်နေသော မန်း[...] ချောင်းကို ထိပ်တိုက်တိုးတော့သည်[...] မိမိတို့အထက်မှ ကယ်ဆယ်သူတို့သည်[...] ကားကျွတ်ဘီးများကို ဘောကွင်းမျ[...] အဖြစ် အသုံးပြုနိုင်ရန် ချောင်းထဲ[...] ပစ်ချပေးကြသည်။ အချို့သောလူ[...] သည် ဘောကွင်းတစ်ခုကို တွယ်ဖက်[...] သွား၍ အသက်ရှင်ရန် အခွင့်အလ[...] ရခဲ့ကြသည်။

ကျွန်ုပ်သည် လှိုင်းလုံးကြီးမျ[...] ဟီးထနေသည့်ကြားမှ မြုပ်ချည်ပေ[...] ချည်နှင့် ဘောကွင်းတစ်ခုကို တွယ်ဖ[...] ရင်း လိုက်ပါလာသော လူသဏ္ဌာန်နှစ်[...] ကို တွေ့ရသည်။ ဘောကွင်းကိုကြော[...] လန့်တရား တွယ်ဖက်လာသူများမှ[...] မိန်းမသားနှစ်ဦးဖြစ်ကြောင်း သဲကွဲ[...] မြင်ရချိန်တွင် ကျွန်ုပ်သည် ခုန်ချ၍က[...] ရမည်လောဟု လျင်မြန်စွာ တွေးလ[...] ထုတ်လိုက်သည်။ ထိုရေစီးအရှိန်တွ[...] ကျွန်ုပ်ခါးမှချည်နှောင်ထားသော ကြိုး[...] ကို ပြန်ဆွဲတင်ပေးနိုင်သူ မရှိပါ။ ကိုရ[င်] သုခမှာ သတ္တိသာရှိ၍ ခွန်အားမရှိမ[...] ကျွန်ုပ်သိပါသည်။ ထိုစဉ်တွင် မ[...] လင့်ပဲ ကံကောင်းထောက်မစွာ အသ[...]



www.burmeseclassic.com

www.burmeseclassic.com

အရွယ် (၂၀) ဝန်းကျင်လောက်ရှိသော လူငယ်သည် ကျွန်ုပ်မြင်ကွင်း၌ ဘွားခနဲပေါ်လာသည်။ ကျွန်ုပ်အားတက်မိသည်။ ထိုလူငယ်ကို အမိန့်ပေးမိရက်သား ဖြစ်သွားသည်။

"ဟေ့-ဒကာလေး၊ မင်း ရေထဲကို ခုန်ဆင်းပြီး တို့ရှေ့ကို ရောက်လာတော့မယ့် ဒကာမလေး(၂)ယောက်ကို ဆယ်ပါ။ မင်းအသက်အတွက် ဘာမှမပူနဲ့။ ငါတာဝန်ယူတယ်ကွ။ ငါက မင်းကို ဒီဝါးလုံးရှည်ကို တိုးပေးပြီး ဆယ်မယ်"

ကျွန်ုပ်သည် သောင်ခုံထိပ်၌ အသင့်တွေ့ရသော ဝါးလုံးရှည်ကို အားကိုးတကြီး ကောက်ယူရင်း လူငယ်ကိုပြောလိုက်သည်။ လူငယ်သည် ကျွန်ုပ်ကို မျက်လုံးစိမ်းကြီးနှင့် တွေခနဲတစ်ချက်ကြည့်သည်။ လူငယ်သည် အလွန်လျင်မြန်စွာ သူ၏အင်္ကျီကို ချွတ်ပြီး ခါးဝတ်ပုဆိုးကိုပါ ကွင်းလိုက်ချွတ်ချလိုက်တော့သည်။ ပုဆိုးချွတ်ချလိုက်သော လူငယ်၏ကိုယ်ခန္ဓာသည် ကိုယ်လုံးတီးဖြစ်သွားသည်။ ခါးဝတ်ဘောင်းဘီတိုပင်မပါတော့။ ကျွန်ုပ်သည် လူငယ်၏ ပါးပြင်၌ ထင်ရှားသော အမှတ်အသားတစ်ခုကိုတော့ သတိပြုလိုက်မိသည်။ ညာဘက်ပါးပြင်ပေါ်မှာ အလွန်ထင်ရှားသော မှဲ့ကြီးတစ်လုံးရှိနေခြင်းပင်။

လူငယ်သည် ချောင်းထဲသို့ မပြောမဆိုဘဲ ဝုန်းခနဲ ခုန်ချလိုက်သည်။ ငါးတစ်ကောင်နှယ် လှိုင်းခေါင်းဖြူတို့ပေါ်မှ ကူးခပ်သွားပြီး မျောပါလာသော မိန်းမပျိုနှစ်ဦး၏ဘောကွင်းကို တွန်းဆွဲရင်း ကူးရန် ကြိုးစားသည်။ လူငယ်သည် ဘတစ်ပြန်ကျားတစ်ပြန် ရေလှိုင်းတို့နှင့် အားပြိုင်ကူးခပ်နေသည်။ ကျွန်ုပ်က ဝါးလုံးရှည်ကို လှမ်းပေးလိုက်ရာ လက်တစ်ဖက်နှင့် ဝါးလုံးကို ဆုပ်ကိုင်လိုက်သည်။ ကျွန်ုပ်က ဝါးလုံးကို တဖြည်းဖြည်းဆွဲယူသည်။ လူငယ်သည် မောပန်းစွာ ဝါးလုံးကို အားပြုရင်း ခဲရာခဲဆစ် ဘောကွင်းကို ကမ်းခြေအရောက်ပို့ပေးနိုင်ခဲ့သည်။

ကမ်းခြေသောင်စပ်သို့ ရောက်သည်နှင့် မိန်းကလေးနှစ်ဦးမှာ ရေနစ်မွန်းခြင်း၊ ထိတ်လန့်တုန်လှုပ်နေခြင်းတို့ကြောင့် အေးစက်တောင့်တင်း သတိတင်းလွတ်သွားသည်။ မောပန်းနေသော လူငယ်လေးသည် သူ၏အဝတ်အစားများကို ကောက်ယူဝတ်ဆင်ပြီး ဘယ်ကိုထွက်သွားသည်မသိ။ ကျွန်ုပ်က မိန်းကလေးများ၏အသက်ကို ကယ်ရန်ကြိုးစားနေစဉ်ပင် ပျောက်ခြင်းမလှ ပျောက်သွားတော့သည်။

ကျွန်ုပ်သည် မီးသတ်၊ ကြက်ခြေနီစသောလူမှုရေးသင်တန်းများကို တက်ရောက်သင်ကြားခဲ့ဖူးသူ ဖြစ်ပါ၏။ ထိုမိန်းကလေးများကို ကျွန်ုပ်နှင့် ကိုရင်လေးသုခတို့ ဘာလုပ်ပေးရမည်မသိအောင် ရှိနေသည်။ မိန်းမပျိုတစ်ဦးမှာ ခါးဝတ်ထဘီမပါတော့။ တစ်ဦးမှာ ထဘီကို ဝတ်လျက်သား။ ခါးအထက်ပိုင်းတွင်မူ ဘော်လီအင်္ကျီကိုသာ တွေ့ရတော့သည်။ ကျွန်ုပ်နှင့် ကိုရင်လေး ရှင်သုခတို့သည် အမျိုးသမီးနှစ်ဦး၏ရင်ကို တင်းကျပ်စွာ စည်းနှောင်ထားသော ဘော်လီအင်္ကျီများကို ချွတ်သည်။ ဝတ်ထားသောထဘီကိုလည်း ချွတ်လိုက်ပြီး ရေညှစ်၍ ပြန်ဝတ်ပေးကြသည်။ သူတို့ကိုယ်မှရေများကို ကိုရင်လေး ရှင်သုခသည် သူ၏အပေါ်ရုံသင်္ကန်းနှင့်သုတ်၍ ခြောက်သွေ့စေသည်။ ပြီးလျှင် သူ၏သင်္ကန်းကို ထဘီမပါသူ မိန်းကလေးပေါ် ခြုံလွှမ်းပေးလိုက်သည်။ မလုပ်ကောင်းသည်၊ ဝိနည်းတော်တို့ကို သတိမရတော့ဘဲ တတ်စွမ်းသမျှ ပြုစုကြရာ မိန်းမပျိုနှစ်ဦးစလုံး သတိပြန်ဝင်လာကြသည်။ သူတို့နှစ်ဦးသည် အသက် (၂၀) နှင့် (၂၅) နှစ်အရွယ်များ ဖြစ်ကြသည်။ သူတို့သည် မျက်လုံးဖွင့်ကြည့်ပြီး ကျွန်ုပ်တို့ကို မြင်သောအခါ လက်အုပ်ကလေးများချီကြသည်။ ပြီးသော် ဘာမှစကားမဆိုနိုင်ကြရှာဘဲ တောင်ကုန်းမြင့်များဆီသို့ ကြောက်လန့်တကြားပြေးတက်သွားကြလေသည်။

■

ကျွန်ုပ်သည် ရဟန်းဝိနည်းတော်နှင့်ညီသည်၊ မညီသည်ကို လုံးဝမစဉ်းစားဘဲ လူ့အသက်ကို ဖြူစင်သန့်ရှင်းသောစိတ်နှင့် ကယ်ဆယ်ခဲ့ပါ၏။ ထိုဖြစ်ရပ်တို့ကို ကျွန်ုပ်သည် ယနေ့တိုင် မမေ့နိုင်ဘဲရှိခဲ့သည်။ မိမိကိုယ်တိုင် သရုပ်ဆောင်ခဲ့ရသောဖြစ်ရပ်မို့လည်း မမေ့နိုင်ရခြင်း ဖြစ်ပါ၏။

ထိုအဖြစ်အပျက်များသည် ယနေ့ကာလတွင် နှစ်ပေါင်း (၂၅) နှစ်ပင် ကြာမြင့်ခဲ့ပါပြီ။ ကျွန်ုပ်ပင် အသက် (၇၀) ရှိပြီဖြစ်၍ မန်းစက်တော်ရာတွင် သကြန်ကာလ၌ သတ်စေ့အံဖြစ် ရက်ပေါင်း (၇၀) ရဟန်းဝတ်ဖြစ်ခဲ့သည်။ ကျွန်ုပ်ကယ်တင်ခဲ့ဖူးသော မိန်းမပျိုနှစ်ဦးမှာ မည်သူမည်ဝါဟူ၍ မသိပါ။ သိစရာလည်း မလိုပါ။ သို့ပါသော်လည်း ကျွန်ုပ်စိတ်ဝင်စားခဲ့သောသူတစ်ယောက်တော့ ရှိပါသည်။ မန်းချောင်းကြီးအတွင်းသို့ အသက်ကို ပဓာနမထားဘဲ ခုန်ချခဲ့သော လူငယ်ကလေးတစ်ယောက်အကြောင်းပင် ဖြစ်သည်။ သူနှင့်ပတ်သက်၍ မှတ်မှတ်သားသားရှိနေသည်မှာ ညာဘက်ပါးမှ မှဲ့နက်ကြီးဖြစ်သည်။ မန်းရွှေစက်တော်၌ ဒုလ္လဘရဟန်းခံတိုင်း မှဲ့နက်ရှင်ကို စုံစမ်းလေ့လာကြည့်မိသည်။ ထိုလူငယ်ကို မည်သို့မျှ စုံစမ်း၍ မရခဲ့ပါ။

တစ်ခုတော့ရှိပါသည်။ ဟုတ်လေသည်၊ မဟုတ်လေသည်တော့ သေချာစွာမဆိုနိုင်ပါ။ ကျွန်ုပ်၏ဖခင်ကြီး သက်ရှိထင်ရှားရှိစဉ်အခါက ကျွန်ုပ်ဖြစ်ပုံပျက်ပုံများကို ပြောပြခဲ့ဖူးသည်။

ဖခင်ကြီးက ပြောပြသည်မှာ -

သူ၏ တပည့် ရဲဘော်လေး ဖိုးနောင်၏ ညာဘက်ပါးတွင် မှဲ့နက်ကြီးတစ်လုံးပါသည်ဟု ဆိုပါ၏။

လောကကြီးတွင် ကျွန်ုပ်တို့လိုက်မမီနိုင်သော အကြောင်းအကျိုး ဆက်နွယ်သော ဖြစ်စဉ်များက များလှပါသည်။ ကျွန်ုပ်က ကျွန်ုပ်တို့ရွှေစက်တော်တွင် ဘေးဆိုးကြီးကြုံခဲ့စဉ်က တွေ့ကြုံခဲ့ရသူမှာ မောင်ဖိုးနောင်ဟု တထစ်ချယူဆ၍ မရနိုင်ပါသော်လည်း ဖြစ်တန်ကောင်းသည်ဟုတော့ တွေးမိသည်။

ကျွန်ုပ်တွင် လောကကြီး၌ မမေ့နိုင်သော မိခင်၊ ဖခင်ကျေးဇူးရှင်ကြီးများ ရှိခဲ့ပါ၏။ ထိုသူတို့သည် ဘဝဟောင်းကို စွန့်၍ဘဝခန္ဓာသစ်များဆီသို့ရောက်ကုန်ကြပါပြီ။ ကျွန်ုပ်၏အသက် (၇၀) နှစ်မြောက် သင်္ကန်းဝတ်ချိန်၌ မိမိပြုခဲ့သမျှ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်အဖို့ အစုစုတို့ကို ကျေးဇူးရှင်မိဘ၊ ဆရာသမားများကို ရွှေစက်တော်ရာမြတ်ထံပါးမှ အမျှပေးဝေခဲ့ပါသည်။ ထိုသို့ အမျှပေးဝေသောအခါတိုင်းတွင် မေ့ချန်မထားရစ်ဘဲ ရဲဘော်မောင်ဖိုးနောင်ကိုလည်း အမျှပေးဝေတတ်သည်မှာ ကျွန်ုပ်၏အလေ့အထတစ်ခုပင် ဖြစ်နေပါတော့သည်။

*သတ္တဝါဟူသရွေ့ တရားတွေ့ချမ်းမြေ့ကြပါစေ*


*မေတ္တာရှည်လျက်*

မြို့တင့် (ညောင်လေးပင်)



www.burmeseclassic.com

www.burmeseclassic.com




The major lines.

ဆရာသိန်းသန်းအောင်

# ချစ်ခြင်းတရားနှင့်လက္ခဏာ

**ဆက်ဆံရေး၌ အံဝင်ခွင်ကျဖြစ်စေခြင်းကို ကိုယ်စားပြုသည့် အဓိကလမ်းကြောင်းများ**

ဆက်ဆံရေး၌ အပြုသဘောဆောင်စွာ တိုးတက်မှု ရှိ၊ မရှိ အဓိကလမ်းကြောင်း တည်ဆောက်ပုံအမျိုးမျိုးက ကိုယ်စားပြု ဖော်ပြပေးသည်။

**ဦးခေါင်းလမ်းကြောင်းနှင့် အသက်လမ်းကြောင်း**



The head line joined to the life line indicates an extremely sensitive nature.

ဦးခေါင်းလမ်းကြောင်းအနေဖြင့် ခနေ့စဉ် အပြုအမူအမျိုးမျိုးဖြင့် ကျိုးကြောင်းဆီလျော်အောင် ဆက်ဆံရတတ်သည့်သဘောကို ဖော်ပြသည်။ အသက်လမ်းကြောင်းကမူ ဘဝရည်မှန်းချက်များ အကောင်အထည်ဖော်ရန် ချဉ်းကပ်ကြိုးစားခြင်းနှင့် ကျန်းမာရေးကောင်းမွန်အောင် ထိန်းသိမ်းနိုင်ခြင်းတို့ကို ရည်ညွှန်းဖော်ပြသည်။ အကောင်းဆုံးအနေအထားဖြစ်ရန် ဦးခေါင်းလမ်းကြောင်းနှင့် အသက်လမ်းကြောင်းတို့ အစပြုရာ နေရာတစ်ခုနှင့်တစ်ခု အနည်းငယ်မျှသာ ကွာဟသင့်ပါသည်။ ထိုအခါမှသာ စဉ်းစားတွေးခေါ်ခြင်းနှင့် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ဟူသည့် သဘောနှစ်ရပ် သင့်တင့် လိုက်ဖက်မှုရှိနေပါမည်။

**ဦးခေါင်းလမ်းကြောင်းနှင့် အသက်လမ်းကြောင်း ချိတ်ဆက်နေခြင်း**


ဦးခေါင်းလမ်းကြောင်းနှင့် အသက်လမ်းကြောင်းတို့က ၎င်းတို့အစပြုရာနေရာ၌ ချိတ်ဆက်နေလျှင် ထိုအနေအထားကို ပညာရှိလက္ခဏာအဖြစ် သတ်မှတ်နိုင်ပါသည်။ ထို့ပြင် အဆိုပါ လက္ခဏာပိုင်ရှင်သည် အာရုံခံစားသိရှိမှု၌ (သူတကာထက်) အဆုံးစွန် ခံစားသိမြင်နားလည်နိုင်ခြင်းရှိတတ်သည်။ ဦးခေါင်းလမ်းကြောင်းနှင့် အသက်လမ်းကြောင်း ချိတ်ဆက်နေသမျှ တစ်သက်တာအ တွင်း ရဲရဲတောက်နေသည့် မီးခဲအပေါ် လမ်းလျှောက်နေရသလို ခံစားမှုတစ်ခု ရှိနေတတ်ပြီး အမြဲတစေ မိမိကိုယ်မိမိ ဝေဖန်ဆန်းစစ်နေတတ်ခြင်း၊ မိမိအလို ဆန္ဒများ ထုတ်ဖော်မပြောမိရန် သတိဖြင့် ထိန်းချုပ်တတ်ခြင်း၊ မိမိအလိုဆန္ဒများ ထုတ်ဖော်မပြောမိရန် သတိဖြင့်ထိန်းချုပ် တတ်ခြင်းရှိနေပါမည်။

အကယ်၍ ဦးခေါင်းလမ်းကြောင်းနှင့် အသက်လမ်းကြောင်း သီးခြား ဝေးကွာနေပါက ဆေးကုသခြင်းဆိုင်ရာ လုပ်ငန်းများနှင့် အကျိုးပေးတတ်သူ များအပေါ် စာနာထောက်ထားတတ် သူ၊ သူတစ်ပါး လိုအပ်ချက်ကို ကူညီ ဖြည့်ဆည်းပေးသူဖြစ်ကြောင်း ဖော်ပြ သည်။

**အသက်လမ်းကြောင်းမှ ဝေးကွာနေသော ဦးခေါင်းလမ်းကြောင်း**

ဦးခေါင်းလမ်းကြောင်းနှင့် အသက်လမ်းကြောင်းတို့ အစပြုရာနေရာ ဝေးကွာနေပါက စွန့်စားတွေးခေါ်မှုနှင့် လက်တွေ့ စီမံလုပ်ကိုင်ခြင်းတို့အကြား (သဟဇာတမဖြစ်ခြင်းကြောင့်) အခက်အခဲရှိနေပါမည်။

ဦးခေါင်းလမ်းကြောင်းသည် နှလုံးလမ်းကြောင်းနှင့် နီးကပ်စွာရှိနေပါက လွတ်လပ်စွာ တွေးခေါ် စဉ်းစားမှုမပြုနိုင်ခြင်း၊ နှလုံးသားရေးအတွက် ဦး နှောက်နှင့် ဆုံးဖြတ်ရန် ခက်ခဲနေတတ် ခြင်း ရှိပါမည်။




The separation of the head and life lines indicates possible difficulty in finding balance between thoughts and actions.

**Carlo နှင့် Pan တို့၏ အဓိက လမ်းကြောင်းများ (ခံစားသိမြင်မှုနှင့် လွတ်လပ်မှုတို့ တွေ့ဆုံခြင်း**

မိမိလက်ဝါးပြင်ရှိ ဦးခေါင်းလမ်း ကြောင်း အစပြုရာနေရာသည် မိမိချစ် သူနှင့်သက်ဆိုင်သော လမ်းကြောင်းအ ဖြစ် ကိုယ်စားပြုပြီး ချစ်သူနှစ်ဦး တစ် ဦးနှင့်တစ်ဦး ရှုထောင့်အမြင်များ



www.burmeseclassic.com

www.burmeseclassic.com




Carlo centers and calms Pam and helps her focus her energies, while she encourages him to try new things.

အလွယ်တကူ ခွဲခြားပေးနိုင်ပါသည်။ Carlo နှင့် Pan တို့သည် နှစ်ပေါင်း (၁၀) ကြာ မိတ်ဆွေအဖြစ် ဆက်ဆံရပ်တည်ခဲ့သူများ ဖြစ်သည်။ ၎င်းတို့နှစ်ဦး၏ ကွာခြားချက်မှာ တစ်ဦးက ဦးခေါင်းနှင့် အသက်လမ်းကြောင်း အစပြုရာနေရာ ချိတ်ဆက်နေပြီး ကျန်တစ်ဦးက ၎င်းလမ်းကြောင်း အစပြုရာ နေရာနှစ်ခုဝေးကွာစွာ ပါရှိပါသည်။ ထိုသို့သော မညီမျှမှုက ၎င်းတို့၏ ဆက်ဆံရေး၌ ခလုတ်တံသင်းဖြစ်ခဲ့သည်။ သို့သော်လည်း တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ဖြည့်ဆည်း ကူညီမှုဖြင့် နှစ်ဦးစလုံးအတွက် ပြည့်စုံကောင်းမွန်သောဘဝကို တည်ဆောက်နိုင်ခဲ့ကြသည်။

**Neil နှင့် Chris အမြွှာညီနောင်၏လက်ဝါးပြင်ပုံ)**

Neil နှင့် Chris အမြွှာညီနောင်လည်းဖြစ်၊ အကောင်းဆုံးမိတ်ဆွေများလည်း ဖြစ်သည်။ ၎င်းညီနောင်နှစ်ဦး၏ ဦးခေါင်းလမ်းကြောင်း အစပြုနေရာတူသလို ကွန်ပျူတာလုပ်ငန်း၌ တာဝန်ယူဆောင်ရွက်ပုံခြင်းလည်း တူညီကြသည်။

**ဦးခေါင်းလမ်းကြောင်းတိုတောင်းခြင်း**




A short head line indicates that focus may be limited to immediate concerns.

ဦးခေါင်းလမ်းကြောင်းသည် ရာဟုဂြိုဟ်ခုံပေါ်၌ အဆုံးသတ်ပါက လက်ရှိ ကြုံတွေ့နေရသော စိုးရိမ်သောကများအား ဖော်ပြ၏။ ရာဟုဂြိုဟ်ခုံသည် လက်ရှိကာလ ပတ်ဝန်းကျင်နှင့် ဆိုင်သော အခြေအနေအရပ်ရပ်တို ဖော်ပြသည်။ လက္ခဏာရှင်အနေဖြင့် မိမိလိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်သည့်သူ (လက်တွဲဖော်) ကို ရှာဖွေသင့်ပါသည်။

**ရှည်လျားဖြောင့်တန်းသော ဦးခေါင်းလမ်းကြောင်းက အင်္ဂါဂြိုဟ်ခုံ (အဖို) ပေါ်သို့ ရောက်ရှိနေခြင်း**



A long, straight head line to Mars positive reveals an overly intellectual attitude toward life.

ဦးခေါင်းလမ်းကြောင်း၏ အဆုံးသတ်သည် အင်္ဂါဂြိုဟ်ခုံ (အဖို) နှင့် တနင်္လာဂြိုဟ်ခုံတို့၏ (နယ်စပ်) နေရာတွင်ရှိနေပါက အနေအထားမှန်သော ဦးခေါင်းလမ်းကြောင်းအဆုံးသတ်အဖြစ် မှတ်ယူနိုင်ပါသည်။ ထိုအခါ အင်္ဂါဂြိုဟ်ခုံ (အဖို)၏ချစ်ခြင်း၊ မုန်းခြင်းဆိုင်ရာ ပြင်းပြသောစိတ်နှင့် ခွန်အားကြီးခြင်းသဘောတို့အပြင် တနင်္လာဂြိုဟ်ခုံ၏ အာရုံခံစားသိမြင်နိုင်မှုအားကောင်းခြင်းနှင့် ဖန်တီးနိုင်စွမ်းရှိခြင်းတို့ ပေါင်းစပ်ပါဝင်လျက် အံ့ဩဖွယ်ရာအဖြစ်အပျက်များစွာနှင့် ကြုံတွေ့ရပါမည်။

အကယ်၍ ရှည်လျားဖြောင့်တန်းသော ဦးခေါင်းလမ်းကြောင်းသည် အင်္ဂါဂြိုဟ်ခုံ (အဖို) ပေါ်၌ အဆုံးသတ်ပါက အသိဉာဏ်လွန်ကဲစွာ ထက်မြက်နေမှုကြောင့် အလွယ်တကူ အလျှော့မပေးတတ်ခြင်း၊ ခေါင်းမာတတ်ခြင်းသဘော ရှိနေပါမည်။ အဆိုပါ လက္ခဏာရှင်အနေဖြင့် မိမိ၏ လွန်ကဲသော စွမ်းရည်ထက်မြက်မှုများကို ထိန်းချုပ်၍ ချစ်သူ (လက်တွဲဖော်) ၏ ခံစားချက်များအပေါ် နားလည်ပေးနိုင်ရန် ကြိုးစားသင့်ပါသည်။

**Derek နှင့် Elsie (သို့)** Shiva နှင့် Shakti

Derel ၏ ဖြောင့်တန်းသော ဦးခေါင်းလမ်းကြောင်းက အင်္ဂါဂြိုဟ်ခုံအဖိုထိ ရောက်ရှိနေခြင်းကြောင့် ရုတ်တရက် အပြုအမူ အပြောအဆို ပြင်းထန်တတ်သည့်သဘောရှိကြောင်း ဖော်ပြပါသည်။



Similar head-line origins in twin brothers Neil and Chris.

www.burmeseclassic.com




Derek



Before



After

In these prints. Sarah's head line has gone from straight to curved.




Elsie

Elsie's aesthetic temperament complements Derek's passionate nature.

Elsies ၏ ဦးခေါင်းလမ်းကြောင်းသည် တနလ်ာဂြိုဟ်ခုံထိ ဦးတည်နေခြင်းကြောင့် ဆတ်ဆတ်ထိမခံတတ်သည့် သဘော၊ အတွေးအမြင်ဝါဒ ပဓာနထားသည့်သဘောကို ဖော်ပြပါသည်။

**Sarah ၏ လက်ဝါးပုံစံ**

Jerry ၏ ဇနီးဖြစ်သူ အိပ်ရာထဲ၌ နှစ်အတော်ကြာ မေ့မြောနေချိန်၌ Sarah က Jerry အပေါ် ချစ်ခင်တွယ်တာလျက်ရှိသည်။ Sarah က Jerry အား လက်ထပ်ရန် တောင်းဆိုသော်လည်း ဇနီးဖြစ်သူအား ပြုစုစောင့်ရှောက်ရန် ဆုံးဖြတ်ထားပြီးသောကြောင့် မအောင်မြင်ခဲ့ပေ။ Sarah အနေဖြင့် Jerry ၏ ဇနီးသည်အပေါ် သစ္စာစောင့်သိမှုကို နားမလည်နိုင်ဖြစ်ခဲ့ပါသည်။ Sarah ၏ အလျှော့မပေးတတ်သော၊ ခေါင်းမာတတ်သော ပင်ကိုစရိုက်အား သူမ၏ ဖြောင့်တန်းသောဦးခေါင်းလမ်းကြောင်းက ကိုယ်စားပြု ဖော်ပြသည်။ Jerry သည် ဇနီးသည် ကွယ်လွန်ပြီး မကြာမီမှာပင် ကွယ်လွန်ခဲ့သူဖြစ်သည်။ Sarch အနေဖြင့် ထိုအချိန်မှစ၍ အစစပြုပြင်လိုက်ခြင်းကြောင့် စိတ်နေစိတ်ထားနူးညံ့လာခဲ့ပြီး ဦးခေါင်းလမ်းကြောင်း တည်ဆောက်ပုံလည်း စတင်ကွေးညွတ်လာခဲ့သည်။

**အသက်လမ်းကြောင်းဖွဲ့စည်းပုံ**


အသက်လမ်းကြောင်း ဖွဲ့စည်းပုံသည် အသက်ရှင်ရပ်တည်မှုအတွက် တိုက်တွန်းလှုံ့ဆော်မှုအားနှင့် လက်တွေ့ကျကျ လုပ်ကိုင်နိုင်ခြင်းတို့ သဟဇာတဖြစ်သည့်သဘောကိုယ်စားပြုနေပါသည်။ အသက်လမ်းကြောင်းသည် သက်တမ်းမည်မျှတာရှည်စွာ ရှင်သန်နိုင်မည်ကို ဖော်ပြရုံမက အသက်ရှင်နေစဉ်ကာလအတွင်း ရုပ်ဝအခြေအနေအဆင့်အတန်းမည်မျှရှိသည်ကိုပါ ကိုယ်စားပြု ဖော်ပြပေးသည်။

**Sabrina ၏ အသက်လမ်းကြောင်း**

Sabrina ၏ ယခင်လက်ဝါးပြင်ပုံစံကိုလေ့လာပါက အိမ်ထောင်ပြိုကွဲခဲ့ရခြင်းကြောင့် စိတ်ကယောက်ကယက်ဖြစ်ပြီး အာရုံထွေပြားခဲ့ရသည်။ ထိုကာ လနောက်ပိုင်း (၂ နှစ်သာကြာ) ဒုတိယ မြောက်လက်ထပ်အဖြစ် ကူးယူလေ့လာ ရာ၌ သူမ၏ ဘဝသစ်တစ်ခု ပြောင်း မှုပုံစံကို တွေ့ရပါသည်။ Sabrina အနေ ဖြင့် စာသင်ခြင်းအလုပ်ဖြင့် ဘဝ တည်ငြိမ်စွာ ပြန်လည်စတင်နိုင်ခဲ့သည်။

**Jeff နှင့် Tracy တို့၏ လက်ဝါးပုံစံ**

Jeff ၏ ဝဲဘက် (active hand) ၌ အသက်လမ်းကျောင်းတည်ဆောက် ကောင်းမွန်စွာပါရှိခြင်းကြောင့် အရာ သဟဇာတဖြစ်လိုသည့်ဆန္ဒကို ဖော်ပြ သည်။ သူ၏ယာဘက် (inactive hand ၌ အသက်လမ်းကြောင်း ဖြောင့်တန်း စွာ ပါရှိခြင်းကြောင့် မသိစိတ်နယ်ပယ အတွင်း ပြဿနာအခက်အခဲများစွာ နေကြောင်း ဖော်ပြသည်။ သူ၏သမီး ဖြစ်သူ Tracy ၏ ယာဘက် (active hand) ၌ အသက်လမ်းကြောင်း ဖြောင့် တန်းစွာ ပါရှိခြင်းကြောင့် သိစိတ်နယ ပယ်၌ ပြဿနာများဖန်တီးရန် အနေ




Before





After

A comparison between these two prints shows that Sabrina's life line has grown.



www.burmeseclassic.com

www.burmeseclassic.com




**Althought Jeff desires hamony,**
**he has a subconscious tendency to attract difficult circunstances.**

အထားရှိကြောင်း ဖော်ပြနေသည်။ Jeff အနေဖြင့် သူ၏အသက်လမ်းကြောင်းနှင့် သမီးဖြစ်သူ၏အသက်လမ်းကြောင်းမှ ဖော်ပြသတိပေးနေသောအချက်များအား ကြိုတင်သိမြင် ဖြေရှင်းနိုင်ခဲ့၏။

**အသက်လမ်းကြောင်းမျှတခြင်း**



**ဝိုင်းဝန်းသော အသက်လမ်းကြောင်း**

သောကြာဂြိုဟ်ခုံပေါ်သို့ ဝန်းဝိုင်းစွာ ကွေးဆင်းသွားသော အသက်လမ်းကြောင်းအား ဘဝတစ်သက်ကြောင်းအား ဘဝတစ်သက်တာ အခက်အခဲနည်းပါးသော ကျန်းမာရေးနှင့်ပြည့်စုံသော ဆက်ဆံရေး၌ သဟဇာတဖြစ်စေသော တည်ဆောက်ပုံမှန်ကန်၍ သဘာဝကျသော အသက်လမ်းကြောင်းအဖြစ် ဖော်ယူနိုင်ပါသည်။

**တနင်္လာဂြိုဟ်ခုံသို့ ဦးတည်သွားသော အသက်လမ်းကြောင်း**

တနင်္လာဂြိုဟ်ခုံအထိ ခရီးဆက်သော အသက်လမ်းကြောင်း ဖြစ်ပါက စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာစွမ်းအင်များ လျော့ပါးနေကြောင်း ဖော်ပြပါသည်။ ထိုအခါ အလွယ်တကူ စိတ်ပျက်အားလျှော့တတ်ခြင်း၊ လောကဓံအား ရင်



**တနင်္လာဂြိုဟ်နယ်ထိရောက်နေသော အသက်လမ်းကြောင်း**


ဆိုင်ရန် အားနည်းနေခြင်း၊ အရာရာ စိတ်တိုင်းမကျခြင်း ဖြစ်နေပါမည်။

**ဝဲ၊ ယာ လက်ဝါးပြင် နှစ်ဖက်စလုံးအား စစ်ဆေးခြင်း**


မိမိ၏မသိစိတ်နယ်ပယ်အတွင်းမှ မျှော်လင့်တောင့်တချက်များ မည်သို့ရှိသည်ကို မိမိချစ်သူ (လက်တွဲဖော်) ၏ သိစိတ်နယ်ပယ်အတွင်း ရှာဖွေတွေ့ရှိနိုင်ပါသည်။ လက်ဝါးပြင်နှစ်ဖက်စလုံးအား သေချာစွာ စစ်ဆေးခြင်းမပြုမိခဲ့ပါက အိမ်ထောင်ရေး၊ အချစ်ရေးနှင့် အခြား ဆက်ဆံရေးပုံစံများ၌ ကြိုတင်ပြုပြင် ပြင်ဆင်ခြင်းမရှိခဲ့ခြင်းကြောင့် အခက်အခဲတွေ့နိုင်ပါသည်။

**Ernst ၏ လက်ဝါးပြင်ပုံစံ**

Ernst ၏ နှလုံးလမ်းကြောင်းနှင့် ဦးခေါင်းလမ်းကြောင်း တည်ဆောက်ပုံသည် ၎င်းလမ်းကြောင်းနှစ်ခုကြားနေရာ၌ လှပသော quadrangle တစ်ခုအဖြစ် တည်ရှိစေပြီး ကံလမ်းကြောင်းက တနင်္လာဂြိုဟ်ခုံပေါ်မှ အစပြုထားခြင်းကြောင်း သက်ဆိုင်ရာ လုပ်ငန်းနယ်ပယ်၌ စွမ်းဆောင်ရည်မြင့်မားသူ ဖြစ်ကြောင်း ဖော်ပြနေပါသည်။ Ernst ၏ ဇနီးဖြစ်သူ Nina ၏ active hand ၌ ဦးခေါင်းလမ်းကြောင်း တိုတောင်းစွာ ပါရှိခြင်းကြောင့် ငွေကြေးလုံခြုံမှုပြဿနာရှိနေကြောင်း ဖော်ပြပါသည်။ သို့သော် သူမ၏ ဝဲဘက်လက်ရှိ ဦးခေါင်းလမ်း




**Ernst's (left) inactive and (right) active hands.**




**Nina's (left) inactive and (right) active hands.**



www.burmeseclassic.com

www.burmeseclassic.com

ကြောင်း တည်ဆောက်ပုံက မှန်ကန်ကောင်းမွန်ပါသည်။ Ernst ၏ inactive hand ရှိ တိုတောင်းသော ဦးခေါင်းလမ်းကြောင်းက မိမိကိုယ်ကျိုးမငဲ့ကွက်ဘဲ သူတစ်ပါးအတွက် ထည့်သွင်းစဉ်းစားတတ်သူအဖြစ် ဖော်ပြပါသည်။

**အကောင်းဆုံးသော ဘဝရပ်တည်မှုပုံစံဖြစ်အောင် ပြန်လည် ဖန်တီးပြုပြင်ပေးခြင်း**

လူတိုင်းအဖို့ ဘဝတစ်သက်တာအတွင်း အဆင်မပြေမှုများစွာရှိတတ်ပါသည်။ အဆင်မပြေမှုများအနက် လုပ်ငန်းခွင်အတွင်း မကျေနပ်မှုများ၊ ဆက်ဆံရေးတင်းမာမှုများကြောင့် အဆိုးမြင်ဝါဒီဖြစ်လာအောင် တဖြည်းဖြည်း ဖန်တီးလာစေပါသည်။ တစ်ခါတစ်ရံ ထိုအခြေအနေများအပေါ် ဘဝပေးအခြေအနေမကောင်းခြင်းကြောင့် ကံအကြောင်းမလှခြင်းဟု သဘောပိုက်နိုင်သော်လည်း



Love in the making.

တစ်ခါတစ်ရံ၌ အဆိုပါ မကောင်းသောလက္ခဏာများအား မဖြစ်မနေနည်းနှင့် လုံးဝဥဿုံ ပြုပြင်ပြောင်းလဲပစ်လိုစိတ်ရှိတတ်သည်။ ထိုသို့ မကောင်းသောအနေအထားကို ကုစားနိုင်ရန် အောက်ပါ အဆင့် (၇) ဆင့် အတိုင်းလိုက်နာ၍ သဟဇာတဖြစ်သော ဘဝရပ်တည်မှုပုံစံဖြစ်အောင် ကြိုးစားသွားရပါမည်။

**သဟဇာတဖြစ်စေသော ဘဝရပ်တည်မှုအတွက် အဆင့် (၇) ဆင့်**

၁။ အသက်ရှုခြင်း၊
၂။ တွေးတောဆင်ခြင်ခြင်း၊
၃။ ဆောင်ရွက်ခြင်း၊
၄။ အလေ့အထဖြစ်စေခြင်း၊
၅။ စရိုက်လက္ခဏာကောင်းစေခြင်း၊
၆။ အပြုအမူ၊ အပြောအဆို သတိပြုခြင်း၊
၇။ ရင်ဆိုင်ရမည့်အခြေအနေများ။

**၁။ အသက်ရှုခြင်း**


အသက်ရှုခြင်းကိစ္စ မရှိပါက အသက်ရှင်ရပ်တည်နိုင်မည့် အခွင့်အရေးလုံးဝ မရှိနိုင်ပါ။ အသက်ရှုခြင်းမှတစ်ဆင့် တွေးတောဆင်ခြင်မှုများကို မွေးဖွားပေးပြီး လက်တွေ့ ဘဝရပ်တည်မှုအတွက် ပြုပြင်ပြောင်းလဲပေးနိုင်သည်။ အသက်ပြင်းပြင်းရှုနိုင်ခြင်းသည် ကျန်းမာရေးအရ အဆုတ်အားကောင်းခြင်းနှင့် လိုအပ်သော စွမ်းအင်ခွန်အားများကို ရစေပါသည်။

**၂။ တွေးတောဆင်ခြင်ခြင်း**

ဝင်သက်နှင့်ထွက်သက် မျှတစွာရှိစေခြင်းဖြင့် ကိုယ်၊ စိတ်နှစ်ပါး တည်ငြိမ်အေးဆေးလျက် ဦးနှောက်ကြည်လင်စေသောကြောင့် တွေးတောဆင်ခြင်နိုင်စွမ်းကို မြှင့်တင်ပေးပါသည်။

**၃။ လုပ်ကိုင်ဆောင်ရွက်ခြင်း**

ပြဿနာအခြေအနေအရပ်ရပ်နှင့် ပတ်သက်၍ ခေါင်းအေးအေးနှင့် စဉ်းစားပြီးမှ လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည့်သဘောကို ဆိုလိုပါသည်။ လက်တွေ့ဆောင်ရွက်ရန်ကိစ္စများ၌ မိမိအလိုရှိသောအရာထက် မိမိလိုအပ်နေသောအရာကို ဦးစားပေး ရွေးချယ်လုပ်ကိုင်ရန်လိုပါသည်။ တစ်နည်းအားဖြင့် အဓိကနှင့် သာမညကောင်းစွာ ခွဲခြားနိုင်ခြင်းပင် ဖြစ်သည်။




The seven steps to harmoni

**၄။ အလေ့အထဖြစ်စေခြင်း**

သင့်တင့်ကောင်းမွန်သောဆော ရွက်မှုများက ကောင်းသော အလေ့ အထကိုဖြစ်စေပါသည်။ အစပထမ ၌ သိစိတ်အားဖြင့် ကြိုးစားအားထ ရန်လိုသော်လည်း ကာလကြာသည် အမျှ ပင်ကိုစရိုက်သဖွယ် အလ အကျင့်သားရလာပါမည်။

**၅။ စရိုက်လက္ခဏာကောင်းစေခြင်း**

အလေ့အကျင့်တစ်ခုလုပ်ရာမှ အလေ့အထဖြစ်လာပြီး ၎င်းအလေ့အ စရိုက်လက္ခဏာအဖြစ် ရုပ်လုံးပေါ် ပါမည်။ မိမိအနေဖြင့် အမှုမဲ့အမှ သဘောအရ အပြုအမူအဖြစ်ကူးပြော သွားခြင်း ဖြစ်သည်။

**၆။ အပြုမူ၊ အပြောဆို သတိပြုခြင်း**

မိမိ၏ အပြုအမူ၊ အပြောအ များက ပင်ကိုစရိုက်လက္ခဏာကို တို ရိုက် ဖော်ပြတတ်ပါသည်။ ထို့ကြော လိမ္မာယဉ်ကျေးသော ပြောဆိုပြုမူမှု ဖြင့် (ပညာရှိဆန်ဆန်) နေထိုင်ရပ်တ နိုင်အောင် ကြိုးစားပေးရပါမည်။

**၇။ ရင်ဆိုင်ကြုံတွေ့ရမည့်အခြေအနေ**

အထက်ဖော်ပြပါ အဆင့် ဆင့်၏ တစ်ဆင့်ချင်းစီအလို ကော



www.burmeseclassic.com

www.burmeseclassic.com

မှန်နေပါက အဆိုးဆုံးအခြေအနေနှင့် ရင်ဆိုင်ရသည့်တိုင် အကောင်းဆုံးသော အနေအထားဖြင့် ရင်ဆိုင်ဖြေရှင်းနိုင်စွမ်း ရှိနေပါမည်။

**ဘဝရှင်သန်ရပ်တည်မှုပုံစံ အကောင်းဆုံး ပြောင်းလဲနိုင်မည့်နည်းလမ်းများ**

သင့်တင့်သော အသက်ရှူမှုပုံစံသည် ပင်ကိုစိတ်နေစိတ်ထားနှင့် အပြုအမူများအား အခြေခံကျကျ ပြောင်းလဲပေးနိုင်ပြီး အပြုသဘောဆောင် ကောင်းသောအခြေအနေများကိုသာ ဘဝအတွင်း ဝင်ရောက်လာစေပါသည်။

**ယောဂကျင့်စဉ်အရ အသက်ရှူခြင်း**


လူတိုင်း အသက်ပြင်းပြင်းရှူတတ်သည့် အလေ့အထမရှိတတ်ပေ။ သို့သော်လည်း မိမိဘဝတစ်သက်တာ အသက်ရှင်စဉ်ကာလအတွင်း ကောင်းခြင်းများဖြင့် ပြည့်စုံရန် (လိုအပ်ချက်အရ) လေ့ကျင့်ပေးသင့်ပါသည်။ အသက် စတင်ရှူရာ၌ ဝမ်းဗိုက်အတွင်း ထိရောက်ရှိအောင် (တစ်နည်းအားဖြင့်) ရင်ခေါင်းနှင့် အဆုတ်အတွင်းသို့ လေ အပြည့်ဝင်သွားအောင် တဖြည်းဖြည်း ရှူသွင်းပေးပါ။ ပြီးနောက် ထွက်သက်အဖြစ် လေကို တဖြည်းဖြည်းပြန်ထုတ်ပေးပါ။ ထိုသို့သော ယောဂကျင့်စဉ်အရအခြေခံ အသက်ရှူခြင်း၊ ပုံမှန်လေ့ကျင့်ပေးခြင်းဖြင့် ကျန်းမာရေးအတွက် ကောင်းစေရုံသာမက နောက်ဆက်တွဲ ကောင်းကျိုးချမ်းသာများပါ ရရှိလာပါသည်။

**ခန္ဓာကိုယ်အား ဆီလိမ်းကျံ၍ နှိပ်နယ်ပေးခြင်း**

ခန္ဓာကိုယ်တစ်ခုလုံးအား မုန်ညင်းဆီနှင့် စန္ဒကူးဆီများ လိမ်းကျံ၍ နှိပ်နယ်ပေးခြင်းဖြင့် သွေးလည်ပတ်မှုအား ကောင်းစေပြီး စိတ်၏တင်းမာမှု၊ အကြောအခြင် တင်းမာမှုများအား ပြေလျော့စေပါသည်။

**တရားထိုင်ခြင်း**

တရားထိုင်သည့် အလေ့အကျင့်သည်လည်း အသက်ရှူလေ့ကျင့်ခန်းအထိ ပါဝင်စေပြီး ထိုင်နေသည့် ကိုယ်ဟန်အနေအထား မှန်ကန်ခြင်း၊ ကျောရိုးဖြောင့်မတ်ခြင်း၊ ခန္ဓာကိုယ်အတွင်း ကောင်းသောစွမ်းအင်များ ဝင်ရောက်လာစေခြင်း၊ ကိုယ်,စိတ်နှစ်ပါး တည်ငြိမ်အေးချမ်း၍ အာရုံစူးစိုက်အား (သမာဓိ) ကောင်းလာစေခြင်းတို့ဖြင့် ကောင်းကျိုးပြုနေပါမည်။ တရားထိုင်ခြင်းအရှိန် တဖြည်းဖြည်း မြင့်တက်လာပြီး သမာဓိအား အလွန်ကောင်းလာပါက မျက်စိစုံမှိတ်ထားသည့်တိုင် အဖြူရောင်အလင်းတန်းကိုမြင်ရခြင်းရှိလာပါမည်။




**The seven spinal centers or chakras.**

**ကျောရိုးနှာပ်ကြောတစ်ခုနှင့်တစ်ခု ဆက်နေသည့် အလယ်နေရာ**

ကျောရိုးနာဗ့်ကြော တစ်ခုနှင့်တစ်ခု ဆက်နေသည့် အလယ်နေရာကို Chakra ဟု ခေါ်ပြီး ၎င်း Chakra က သက်တံ၏ ရောင်စဉ် (၇) သွယ်အား ကိုယ်စားပြုထားသည်။ တရားထိုင်၍ အာရုံစူးစိုက်မှု အားကောင်းခြင်းဖြင့် ပေါ်လာသောအဖြူရောင်အလင်းတတ်အား အောက်ခြေ Chakra မှ ထိပ်ဆုံး Chakra အထိ စီးဝင်စေလျက် ပင်ကိုရှိပြီးသော ရောင်စဉ်(၇)သွယ်အား အစွမ်းသတ္တိ မြင့်တင်ပေးနိုင်သည်။ ထိုအခါ Chakra ၏ စွမ်းဆောင်မှုဖြင့် ဝိညာဉ်စိတ်နှင့် ထိတွေ့ဆက်သွယ်နိုင်ပါသည်။

**စိတ်အာရုံ၌ထင်မြင်လာစေခြင်း**

နံနက်အိပ်ရာထသည်နှင့် မိမိ၏ ဝဲ၊ ယာ လက်ဝါးပြင် နှစ်ဖက်အား သေချာစွာ ကြည့်ရှုလေ့လာပါက ပထမဦးစွာ ဝဲဘက်လက်ကို လေ့လာပြီးမှ ယာဘက်လက်ကို လေ့လာပါ။ လက်ဝါးပြင်ပါ အဓိကလမ်းကြောင်းများအား အကောင်းဆုံး တည်ဆောက်ပုံအနေအထားဖြင့် မြင်လာအောင် စိတ်အတွင်းမှ ကြိုးစား ပုံဖြင် ကြည့်ရှုပေးပါ။ ထိုသို့ လေ့ကျင့်ခြင်းမပြုမီ လက်ဝါးနှစ်ဖက်အား သေချာစွာပွတ်တိုက်ပေးရပါမည်။ အက်ပါ လေ့ကျင့်မှုအားဖြင့် အချိန်ကာလ ကြာလာပါက မိမိလက်အတွင်းရှိ လက္ခဏာအရေးအကြောင်းများအားလုံး အကောင်းဆုံးပုံစံ ဖြစ်လာစေပါမည်။

ဆရာသိန်းသန်းအောင်



www.burmeseclassic.com

www.burmeseclassic.com

ဆလိုင်းငွန်သိန်း (ရမည်းသင်း)

# ကျွဲနွားများ မြွေကိုက်ခံရလျှင်

ကျွန်တော်သည် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတွင် တိရစ္ဆာန်ဆေးကု လက်ထောက်ဆရာဝန်အဖြစ် ၁၉၇၀ ပြည့်နှစ်တွင် စတင် တာဝန်ထမ်းဆောင် ရပါသည်။ ပထမဆုံး တာဝန်ကျရာ ဒေသကတော့ သာစည်မြို့နယ် ယင်းမာပင်မြို့နယ်ခွဲမှာ ဖြစ်ပါတယ်။ အဲဒီမှာ (၃) နှစ်လောက် တာဝန်ထမ်း ဆောင်ပြီး မြင်းခြံမြို့နယ် ဆီးမီးခုံမြို့ နယ်ခွဲကို ပြောင်းရွှေ့ တာဝန်ထမ်း ဆောင်ရပါတယ်။ ဆီးမီးခုံရွာကြီးဟာ ဧရာဝတီမြစ်ကမ်းဘေးမှာ တည်ရှိပြီး အင်မတန် သာယာတဲ့ ရွာကြီးတစ်ရွာ ဖြစ်ပါတယ်။ မြင်းခြံမြို့နဲ့လည်း တော် တော်လေး ဝေးပါတယ်။ နံနက် (၄) နာရီမှာ ကားစီးရင်း မြင်းခြံကို နံနက် (၇) နာရီခွဲလောက်မှ ရောက်ပါတယ်။

၁၉၇၃ ခုနှစ်ကပေါ့။ လမ်းတွေ ကလည်းကြမ်းတယ်။ လမ်းပန်းဆက် သွယ်ရေး ခက်ခဲတယ်ပေါ့။ လူတွေအ တွက်ပဲဖြစ်ဖြစ်၊ တိရစ္ဆာန်တွေအတွက် ပဲဖြစ်ဖြစ် ဆေးလိုရင် မြင်းခြံသွားဝယ်ဖို့ မလွယ်ကူပါဘူး။ ဆီးမီးခုံမှာ တစ်ဦး တည်း၊ တစ်ဆိုင်တည်းရှိတဲ့ ဒေါ်စိန်မှုန် ဆေးဆိုင်ကိုပဲ အားကိုးရပါတယ်။ သိတဲ့ အတိုင်းပဲ အညာဒေသ ဆိုတော့ ပူ သလားမမေးနဲ့။ နွေရာသီရောက်ပြီ ဆို ရင် ယပ်တောင်တဖျတ်ဖျတ်နဲ့နေရတဲ့ အရပ်၊ အပူပိုင်းဒေသဆိုတော့ မြွေတွေ ပေါတာပေါ့။ မြွေပွေး၊ မြွေဟောက်၊ ငန်းတော်ကျား၊ လင်းမြွေစတဲ့ မြွေတွေ ရှိပါတယ်။ မြွေပွေးအများဆုံးရှိတဲ့ အရပ် ဒေသပါပဲ။ ဘယ်ရွာမှာမဆို မြွေပွေးတွေ ရှိတယ်။ ဘယ်ရွာကိုပဲသွားသွား လမ်းမှာ မြွေပွေးမတွေ့တဲ့နေ့ မရှိသလောက်ပါ ဘဲ။ ဒီလောက် မြွေပေါမှတော့ လူတွေ ရော တိရစ္ဆာန်တွေပါ မြွေကိုက်ခံရပြီ ပေါ့။

သတိရလို့ပြောရဦးမယ်။ ဆီးမီးခုံ နားက ငါ့နန်း ဆိုတဲ့ရွာမှာ ကိုဖူး ဆိုတဲ့ ကျွန်တော့်မိတ်ဆွေတစ်ဦးရှိတယ်။ အင် မတန်သဘောကောင်းတယ်။ သူ့အလုပ် က သူပိုင်တဲ့နွားတွေကိုကျောင်းတယ်။ နွားကျောင်းသားကြီးပေါ့။ သနားစရာ ကောင်းတာက သူက ကိုယ်ရေပြား ရောဂါသည်တစ်ယောက်ပါ။ သူ့နွားတွေ ရောဂါဖြစ်ရင် ကျွန်တော်နဲ့ကုနေတာဆို တော့ ကျွန်တော်နဲ့ ရင်းနှီးတယ်။ သူက တောထဲမှာနေတာ၊ သူ့တဲဘေးနားမှာ စက်ဘီးလမ်းရှိတယ်။ တစ်နေ့မှာ ကျွန် တော့် ငါ့နန်းအသွား သူ့တဲနားကဖြတ် သွားတော့ ကိုဖူးတစ်ယောက် အိုးတစ် လုံးနဲ့ အလုပ်ရှုပ်နေတာကို တွေ့ရတယ်။ အိုးထဲကို လက်နှိုက်ပြီး ဒေါသတကြီး ပြောနေတာ။ ဒါနဲ့ ကျွန်တော်က ကိုဖူး ဘာတွေအလုပ်ရှုပ်နေတာလဲလို့ ပြော ပြောဆိုဆို စက်ဘီးနဲ့ ဝင်လိုက်တယ်။ အလားလား- ကိုဖူးလက်နှိုက်နေတဲ့အိုး ထဲမှာ မြွေပွေးကြီး၊ ကြီးမှကြီးပဲ။ ဒါနဲ့ ကျွန်တော်က-

"ကိုဖူး သေချင်လို့လုပ်နေတာ လား။ ကိုယ့်ကိုယ်ကိုယ်သေကြောင်းကြံ နေတာလား"

လို့ ပြောလိုက်တယ်။

"မဟုတ်ဘူး၊ ဆရာရဲ့။ မြွေပွေး ကိုက်ရင် ကိုယ်ရေပြားရောဂါပျောက် တယ်ဆိုလို့ မြွေကိုက်ခံပြီး ဆေးကုနေ တာ။ အိုးထဲကို လက်နှိုက်ပြီး သူ့ကို စလည်း သူကကျွန်တော့်ကိုမကိုက်ဘူး။ ခေါင်းရှောင်နေတယ်"

"ဟုတ်ရဲ့လား ကိုဖူးရာ။ ဘယ်သူ့ ကိုပဲ မြွေကိုက်မြွေကိုက်၊ မြွေကိုက်ခံရတဲ့ သူကတော့ အချိန်မီ ဆေးမကုရင် သေ မှာပေါ့"

"ဘာကြောင့်လဲမသိဘူး ဆရာရဲ့။ ကျွန်တော့်ကို မြွေကမကိုက်ဘူး"

ပြောပြောဆိုဆိုပဲ အိုးထဲကမြွေ ကိုဖမ်းပြီး မျက်နှာတွေ၊ လည်ပင်းတွေကို တို့တယ်။ မြွေပွေးကြီးက ခေါင်းနောက် ဆုတ်ပြီး မကိုက်ဘူး။ ဒီအဖြစ်အပျက် ဟာ ကိုယ်တွေ့ပဲ။ အပိုတစ်ခုမှမပါဘူး။ ဒါကတော့ ကျွန်တော့်ရဲ့ မြွေပွေးနဲ့ပတ် သက်တဲ့ အတွေ့အကြုံတစ်ခုပေါ့။

၁၉၇၃ ခု နှစ်ဝန်းကျင်က မြွေဆိပ် ဖြေဆေးတစ်လုံးကို အပြင်ဈေးက (၈၀) ကနေ (၁၀၀) အထိရှိတယ်။ ဆန်တစ် ပြည်ကို ပြားငါးဆယ်ကနေ တစ်ကျပ်အ တွင်း အမျိုးအစားလိုက်လို့ ဈေးအမျိုး မျိုးပေါ့။ အဲဒီခေတ်ကတော့ ဘီပီအိုင် လုပ်ပေါ့ဗျာ။ ဆိုလိုတာက ဈေးကြီးတယ် ပေါ့။ အခုခေတ်လိုပါပဲ၊ မြွေဆိပ်ဖြေ ဆေးမထိုးနိုင်လို့ သေရတဲ့လူတွေအများ ကြီးရှိတယ်။ ချမ်းသာမှ ကျန်းမာ... ခေတ်ကြီးနဲ့တူပါရဲ့။ တစ်နေ့တော့ ကျွန် တော့်ကို ဆီးမီးခုံနားက ကတောဆို... က နွားမြွေကိုက်လို့ဆိုပြီးလာခေါ်တ... ကျွန်တော် စက်ဘီးလေးစီးပြီးလိုက်... ပါတယ်။ နွားက တောထဲမှာဖြစ်နေ... ကတော ဆိုတဲ့ရွာက ကြက်သွန်အ... အကျယ်စိုက်တဲ့ရွာ၊ နွေကြက်သွန်... နွေကြက်သွန်ဆိုတာက ရေတွင်းတူ... ရေလောင်းစိုက်ရတယ်။ အခုမြွေကို... ရတဲ့ နွားမက ရေတွင်းအဟောင်းထဲ... ကျသွားတာ။ ရေတွင်းအဟောင်းထဲ... မြွေပွေးရှိနေတယ်။ မြွေက သူ့ကိုထိ... ကိုက်တော့တာပဲ။ မြွေပွေး... အကောင်မျိုးက သူ့ကိုမထိရင် မ... ဘူး။ တွေ့ရင်ကျော်သွား ဘာမှမ... ဘူး။ သူ့ကိုထိလိုက်တာနဲ့ ပေါက်... ပြီ၊ ကိုက်လိုက်ပြီပဲ။ ဒါနဲ့ လူတွေ... နွားမကြီးကို အပေါ်ရောက်အောင်... ကြတယ်။ အပေါ်ရောက်လို့ ကျွန်... စမ်းသပ်ကြည့်လိုက်တော့ အခြေအ... တော်တော်ဆိုးနေပြီ။ ဆီးသွား... ကြည့်လိုက်တော့ ဆီးထဲမှာ သွေး... ပါနေပြီ။ အခြေအနေမကောင်းဘူး... နွားပိုင်ရှင်ကို ပြောပြလိုက်တယ်။ နွား... ပိုင်ရှင်က မုဆိုးမ၊ အင်မတန် ဆ... တယ်။

ကျွန်တော်က -

"မြွေဆိပ်ဖြေဆေးသွားဝယ်... ပါ။ ဆီးမီးခုံက ဒေါ်စိန်မှုန်ဆိုင်မှာရှိ... တစ်လုံး (၈၀)၊ အနည်းဆုံး (၃) လုံး... ရမယ်"

ဆိုတော့ မဝယ်နိုင်ကြောင်း ... ပြောပါတယ်။

ဒါနဲ့ ကျွန်တော်က တခြား... တော်မယ့်ဆေးတွေထိုးပြီး ဆီးမီးခုံ... တစ်ဝိုက်မှာတော့ ပင့်ကူထိတ်ပိ... ခေါ်တယ်။ တချို့နယ်တွေမှာ ဖော်... ထုပ်လို့ခေါ်တယ်။ တချို့နယ်တွေ... ပန်းသုံးဆင့်လို့ခေါ်ကြတယ်။ အ... ဒေသတိုင်းမှာရှိပါတယ်။ ပေါပါတ... အပင်က အပင်ပုမျိုး၊ ပန်းပုံစံအကုံး... တွေ (၃) ဆင့်၊ (၂) ဆင့်၊ (၄) ဆင့်... ရှိတယ်။ ဒါကြောင့် ပန်းသုံးဆင့်လို့... ကြတာ။ အလုံးလေးတွေက ... ဦးထုပ်ပုံလေး။ ဒါကြောင့် ...



www.burmeseclassic.com

www.burmeseclassic.com

လို့ ခေါ်ကြတာ။ အဲဒီအပင်တွေကို နုတ်ပြီးရေဆေးရတယ်၊ ပြီးတော့ ပဥ္စငါးပါး အကုန်ထောင်းပေါ့။ ထောင်းပြီးရင် လက်သီးဆုပ်လောက် နွားမကြီးပါးစပ်ထဲ ခွံ့ပေးတယ်။ တစ်နေ့ (၃) ကြိမ်ခွံ့ပေးတယ်။ တစ်ခါခွံ့ရင် လက်သီးဆုပ်လောက်နော်။ ကျွန်တော် ရွာကိုရောက်တော့ ညနေ (၃) နာရီထိုးပြီ။ သက်သာရင် နံနက်ဖြန်မနက်စောစော လာခေါ်လှည့်လို့ပြောပြီး ကျွန်တော် ပြန်လာခဲ့တယ်။ နောက်တစ်နေ့ နံနက် (၅) နာရီလောက်မှာ ကျွန်တော့်အိမ်ရှေ့ကနေ ဆရာ၊ဆရာလို့ခေါ်သံကြားလို့ ထကြည့်တော့ မနေ့က ကတောရွာက နွားပိုင်ရှင်ရဲ့သားက ဆီးနဲ့ ဝမ်းထဲမှာ သွေးမပါတော့ကြောင်း အားရဝမ်းသာပြောပြပါတယ်။ ကျွန်တော်တစ်ခါတည်းလိုက်သွားပြီး သင့်တော်မယ့်ထိုးဆေးတွေထိုးပြီး ပန်းသုံးဆင့်ကို ငါးရက်ဆက်တိုက်ဖို့ ပြောပြပါတယ်။ ဘီပီအိုင်ကထုတ်တဲ့ မွေ့ဆိပ်ဖြေဆေး တစ်လုံးမှမထိုးလိုက်ရဘူး။ ကျွန်တော် မပြန်ခင်မှာဘဲ နွားမကြီး စားမြုံ့ပြန်နေတာ တွေ့လိုက်ရပါတယ်။ နွားမကြီးရဲ့ ကုသိုလ်ကံ၊ နွားပိုင်ရှင်ရဲ့ ကုသိုလ်ကံ၊ ကျွန်တော့်ရဲ့ ကုသိုလ်ကံတွေ တိုက်တိုက်ဆိုင်ဆိုင် ကောင်းသွားတာထင်ပါရဲ့။ အဓိကတော့ နွားမကြီး မြွေပွေးအကိုက်ခံရပေမယ့် ပန်းသုံးဆင့်ရဲ့ အစွမ်းထက်မြတ်မှုကြောင့် သေတံမရောက် အသက်မပျောက်တာပါ။

ဆေးနည်းကို ကျောက်တိုင်ဆရာတော်ဘုရားဆီက ရခဲ့တာပါ။ နွားကြီးတွေဆိုရင် ပန်းသုံးဆင့်ပင်ကို ပဥ္စငါးပါး ထောင်းပြီး လက်သီးဆုပ်ခန့် ခွံ့ပေးရပါတယ်။ နံနက်တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ်၊ ညနေတစ်ကြိမ်ပေါ့။ နွားငယ်ဆိုရင်တော့ နွားကြီးရဲ့ တစ်ဝက်တိုက်ပေးပါ။ ဒီဆေးဟာ ကျွန်တော်ရဲ့ ပွဲ့တွေ့ဆေးပါပဲ။ ဒီနေ့အချိန်ထိ ကျွန်တော်သုံးနေတုန်းပါ။ ယနေ့ မြွေဆိပ်ဖြေဆေးရဲ့ ဈေးကွက်ဈေးက ကျပ်ခုနစ်သောင်း ဖြစ်ပါတယ်၊ ဒါကြောင့် ကျွန်တော်ကတော့ ကျွဲ နွားတွေ မြွေကိုက်ခံရရင် ကျွန်တော်တို့ရဲ့ တိုင်းရင်းဆေးဖြစ်တဲ့ ပန်းသုံးဆင့်အပင်ကိုပဲ အဓိကထားပြီး အသုံးပြုဆေးကုပါတယ်။

တောင်သူလယ်သမား၊ မွေးမြူရေးသမားများ အသုံးပြုနိုင်ရန် စေတနာရှေ့ထားပြီး ရေးသားလိုက်ရပါတယ်။

*ကျွဲ၊ နွား ကျန်းမာ ပြည်ချမ်းသာ*

ဆလိုင်းငွန်သီးန်း (ရမည်းသင်း)

# နားဆူအူလေထွက် နားပြည်ယိုသော်

တချို့သော လူကြီး၊ လူငယ်များနှင့် ကလေးသူငယ်များတွင် အခန့်မသင့်ပါက နားဆူ၊ နားအူ၊ နားလေထွက်ခြင်းနှင့် နားပြည်ယိုရောဂါများ ဖြစ်တတ်ကြပါသည်။ ထိုသို့သော ရောဂါများဖြစ်ခဲ့ပါက နားလေးခြင်း၊ နားကောင်းစွာမကြားခြင်းများ ကြုံရပါသည်။ အချို့သူများ ရေချိုး၊ ခေါင်းလျှော်ရင်း နားထဲရေဝင်၍၊ ရေမသန့်၍ နားထဲတွင် အနာဖြစ်ကာ နားပြည်ယိုကြပါသည်။ အချို့ကလေးများ နားပြည်ယိုပါက ပါးပြင်ပေါ်အထိ ပြည်များစီးကျပြီး လွန်စွာမှ အနံ့ဆိုးပါသည်။ ငွေကြေးတတ်နိုင်သူများအဖို့ နား၊ နှာခေါင်း၊ လည်ချောင်း၊ အထူးကုများထံ သွားရောက်ပြသပြီး လိုအပ်သလို ဆေးကုသကြပါသည်။ ငွေကြေးမတတ်နိုင်သူများမှာ နီးစပ်ရာ၊ ကြားရာ ဆေးမြီးတိုဖြင့် ကုသကြသည်။

ယခုဖော်ပြမည့် နားဆူအူလေထွက် နားပြည်ယိုပျောက်ဆေးနည်းမှာ မကွေးမြို့နယ်၊ မယ်လှတောင်အုပ်စု၊ မြင်းကင်းကျေးရွာ ကျောင်းသစ်ကျောင်း ဆရာတော်ကြီး ဘဒ္ဒန္တဦးသာသန ငယ်ရွယ်စဉ် ဦးပဥ္စင်းဘဝတုန်းက မန္တလေး ကျောင်းတိုက်ကြီးတစ်ခုတွင် ဂန္ထဓူရ၊ ဝိပဿနာဓူရနှစ်ဖြာတို့ကို သင်ယူတော်မူခဲ့သည်။

ကျောင်းတိုက်၌ အတူနေဦးပဥ္စင်းကြီးတစ်ပါးက ဒကာ၊ ဒကာမများ၏ နားရောဂါကို ကုသပေးရာ နားဝေဒနာရှင်များ လက်တွေ့နားရောဂါပျောက်ကင်း၍ လှူဖွယ်ပစ္စည်းများကို စေတနာ သဒ္ဓါတရားထက်သန်စွာ ဦးပဥ္စင်းကြီးအား ဆက်ကပ် လှူဒါန်းကြသည်။

အထက်ဖော်ပြပါ နားရောဂါများ ပျောက်အောင်ကုသည့် ဆေးနည်းကို ရရန်အတွက် ဦးပဥ္စင်းကြီးအား သုံးနှစ်တာမျှ အန္တေဝါသိကအဖြစ် ခစားဆည်းကပ်၍ ဆေးနည်းယူခဲ့ရကြောင်း စာရေးသူတို့ကို ပြန်လည်မိန့်ကြားခဲ့ပါသည်။ ဆရာတော်ကြီးက နားဝေဒနာရှင်များ သက်သာ ပျောက်ကင်းရန်အတွက်ကို ဆေးနည်းတိုလက်ဆင့်ကမ်းကုသရန် မိန့်ကြားခဲ့ပါသည်။ မည်သူမဆို အခက်အခဲမရှိ ကုသနိုင်သည့် နည်းလည်း ဖြစ်ပါသည်။

ထိုဆေးနည်းမှာ နှမ်းဆီစစ်စစ်ကို ဟင်းစားဇွန်း (ကြေးဇွန်း) တွင်ထည့်၍ ကြေးဇွန်းကို ဖယောင်းတိုင်မီးဖြင့် အပူပေးရပါမည်။ ဆီငွေ့တန်းလာပါက မီးငြိမ်းပြီး နှမ်းဆီ မပူလွန်း၊ မအေးလွန်းအချိန်တွင် နားဆူ၊ အူ၊ လေထွက်၊ နားပြည်ယိုနေသည့် နားထဲသို့ ဆီလောင်းထည့်ရပါမည်။ နူတ်မှလည်း ကမ္မအအထိ ဖြည်းဖြည်းချင်း ရွတ်ဆိုရပါမည်။ ကမ္မအ အထိမဆိုတတ်ပါက အမှတ်စဉ်တစ်မှ သုံးဆယ့်သုံးအထိ ဖြည်းဖြည်းမှန်မှန်ရွတ်ဆိုပြီးမှ နှမ်းဆီထည့်ထားသော နားကို တစ်ဖက်သို့ စောင်း၍ ဆီကို နားထဲမှထုတ်ပစ်ရပါသည်။ တစ်နေ့လျှင် နံနက်တစ်ကြိမ်၊ ည အိပ်ရာဝင် တစ်ကြိမ် အထက်ဖော်ပြပါနည်းအတိုင်း တစ်သဝေမတိမ်း လုပ်ဆောင်ရပါမည်။ အထက်ဖော်ပြပါ နားရောဂါခံစားသူတိုင်း နားရောဂါများ သက်သာပျောက်ကင်းသောနည်း ဖြစ်ပါသည်။

ဆရာတော်ကြီး အထူးသတိပေးမိန့်ကြားသည်မှာ ဆီသည် နှမ်းဆီစစ်စစ်ဖြစ်ရပါမည်။ ဇွန်းသည် ကြေးဇွန်းစစ်စစ်ဖြစ်ရပါမည်။ ဖယောင်းတိုင်မီးဖြင့်သာ အမျှင်တန်းသည်အထိ အပူပေးရပါမည်။ ဆီကို ကြေးဓာတ်ဝင်အောင် ပြုခြင်း ဖြစ်ပါသည်။ ဆရာတော်ကြီး မိန့်ကြားသည့်နည်းအတိုင်း တစ်သဝေမတိမ်း နည်းမှန်လမ်းမှန်လုပ်ဆောင်ပါက နားအူခြင်း နားလေထွက်ခြင်း၊ နားပြည်ယိုခြင်းများကြောင့် နားလေးခြင်း၊ နားမကြားခြင်းများ သက်သာပျောက်ကင်းပါကြောင်း သုရဋ္ဌမဂ္ဂဇင်းမှတစ်ဆင့် ရေးသားတင်ပြလိုက်ပါ သည်။

ဤဆောင်းပါးဖြင့် ဝေနေယျသတ္တဝါများကောင်းကျိုးနှင့် ဗုဒ္ဓသာသနာအကျိုး အဘက်ဘက်မှ ဆောင်ရွက်တော်မူခဲ့သည့် မြင်းကင်းကျောင်းသစ် ဆရာတော်ကြီး ဦးသာသန (ပျံလွန်) အား ရိုသေးမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ကန်တော့ပါသည်။

မကွေးမြင့်သန်း



www.burmeseclassic.com

www.burmeseclassic.com

"ဆရာ၊ ဆရာ ဟိုမှာကြည့်စမ်း"

ပြောပြောဆိုဆို တဲနံရံတွင်ထော
ထားတဲ့ တူမီးသေနတ်ကို ပြေးဆွဲသော
ဖိုးနောင်ကြောင့် ဆင်တဲအပြင်ဘက်
ဦးမောင် ခေါင်းထောင်ကြည့်လိုက်သည်
နီရွှေရောင်အောက်ခံတွင် အနက်ရော
အကွက်များပါသော တောခွေးတ
ကောင်ကို ဦးမောင် တွေ့ရ၏။ တော
ခွေးသည် ဦးမောင်တို့ ဆင်တဲစခန်း
မလှမ်းမကမ်းတွင် စားကြွင်းစား
များ ရှာဖွေစားသောက်နေဟန်ရှိသည်

"ဟေ့ဟေ့ - ဖိုးနောင်၊ မင်းလ
ထဲက တူမီးကိုချလိုက်စမ်း။ သေန
ဆိုတာ နတ်ကြီးတယ်ကွ။ ခွေးတို့
တို့ကို မပစ်ရဘူးဟ"

ဦးမောင်၏ စကားကြောင့် ဆ



www.burmeseclassic.com

www.burmeseclassic.com

ခေါင်းကြီးကလည်း ဖိုးနောင်အား -

"ဟုတ်တယ် ဖိုးနောင်ရေ။ ခွေးတို့ မြွေတို့ကိုပစ်တဲ့သေနတ်က လမိုင်းပျက်ပြီး လူကိုပါအန္တရာယ်ဖြစ်တတ်တယ်"

ဆရာသမားဖြစ်သူ ဦးမောင်နှင့် ဆင်ခေါင်းကြီးတို့ ဝိုင်းတားသောကြောင့် လက်လျှော့လိုက်ရသော်လည်း သေနတ်အလွန်ပစ်ချင်သော ဖိုးနောင်၏စိတ်က ဘအုံနွေးနွေးဖြစ်နေ၏။

ဖိုးနောင်၏ အမည်အရင်းမှာ ရန်နောင်စိုး ဖြစ်သည်။ ဒီဆင်စခန်းမှာ အသက်အငယ်ဆုံး ဖြစ်၏။ အားလုံးက ဖိုးနောင်ဟုသာ ခေါ်ကြ၏။ ယခင်က မြို့ပေါ်ဌာနတွင်သာတာဝန်ထမ်းဆောင်ခဲ့ရသူ ဖြစ်သည်။ တောစခန်းသို့ရောက်ဖူးသည်မှာ ပထမဆုံးဖြစ်သည်။ တောခန်း၌ တူမီးသေနတ်ကိုတွေ့သောအခါ ဖိုးနောင်၏စိတ်က မရိုးမရွဖြစ်လာသည်။

လူငယ်ပီပီ လက်တည့်စမ်းချင်သောစိတ်ကြောင့် ဆင်ခေါင်းကြီးအား သေနတ်ပစ်သင်ခိုင်းပြီး အမဲလိုက်သွားလျှင်ခေါ်ဖို့ပူဆာ၏။ ဆင်ခေါင်းကြီးက သေနတ်ပစ်သင်ပေးပြီး အမဲလိုက်သွားလျှင် ဖိုးနောင်အား ခေါ်သွားသော်လည်း သေနတ်ကိုင်ခွင့်မပေးပေ။ ထိုအခါ ဖိုးနောင်၏ သားကောင်ပစ်ချင်စိတ်တို့က ပိုမိုကြီးထွားလာ၏။ ဒါကိုသိသော ဦးမောင်က -

"ဒီမှာ ဖိုးနောင်၊ သေနတ်ဆိုတာ မည်းမည်းမြင်တိုင်းလျှောက်ပစ်နေလို့ မရဘူးကွ။ မြို့ပေါ်မှာ မြို့ရဲ့စည်းကမ်းရှိသလို တောထဲမှာလည်း တောစည်းကမ်းဆိုတာ ရှိတယ်။

ခုနက တောခွေးဟာ လူနားအထိ အစာလာရှာတယ်ဆိုတော့ သားပေါက်ထားတဲ့ တောခွေးမပဲဖြစ်လိမ့်မယ်။ သူတို့အသိုက်ဟာလည်း ဒီနားမှာပဲရှိလိမ့်မယ်။ မလုပ်ပါနဲ့ ဖိုးနောင်ရယ်၊ မင်းသတ်တာ တစ်သက်မဟုတ်ဘဲ တစ်သက်ထက် ပိုသွားလိမ့်မယ်"

■

နံနက်ခင်းနေရောင်က ပဲခူးရိုးမကြီးကို စိမ်းဖန့်ဖန့်ဆေးခြယ်ထား၏။ သစ်ပင်မြင့်ဖျားဆီမှ ကျေးငှက်သီကျူးသံက နံနက်ခင်းနှင့် လိုက်ဖက်နေ၏။ တစ်ညလုံးတစိမ့်စိမ့်ရွာခဲ့သောမိုးကြောင့် ချောင်းရိုးတစ်ခွင်လုံး မြူငွေ့တို့ဖြင့်မှိုင်းမှုန်ရီနေ၏။ မုတ်သုံဆုတ်လေပြီ။ နှုတ်ဆက်မိုးတို့က ရိုးမကြီးကို ညစဉ် ကျီစယ်လျက်ရှိနေသည်။ ဦးမောင်အထင် နောက်ထပ် မိုးတစ်မ၊ နှစ်မလောက်ကောင်းကောင်းရွာပြီးလျှင် ဆောင်းဦးပေါက်ပေတော့မည်။

မြူငွေ့တို့ဆိုင်းဝေနေသောချောင်းရိုးထဲတွင် မှုန်ဝါးဝါးအရိပ်တစ်ခု လှုပ်ရှားသွားသည်ကို ဦးမောင်တွေ့ရ၏။ မနေ့ကတွေ့ခဲ့သော တောခွေးမပင် ဖြစ်၏။ တောခွေးမသည် ပတ်ဝန်းကျင်ကို ဂရုမစိုက်နိုင်ဘဲ ချောင်းရိုးအတွင်း အိုးခွက်ပန်းကန်များဆေးကြောရာမှ ကျန်ရစ်သော စားကြွင်းစားကျန်တို့ကိုရှာဖွေနေ၏။ ဦးမောင်သည် တောခွေးမ၏ လှုပ်ရှားမှုကို ငြိမ်သက်စွာ စောင့်ကြည့်နေလိုက်၏။ သားပေါက်စောသော တောခွေးမအဖို့ မိုးမကုန်ခင်အထိ အစာပေါပေါများများရရန် ခက်ခဲပေလိမ့်မည်။ တောခွေးမသည် ချောင်းရိုးအတွင်းရှိ စားကြွင်းစားကျန်များကို အငမ်းမရ ရှာဖွေစားသောက်ပြီးနောက် ချောင်းဖျားဘက်သို့ အလောတကြီးပြေးထွက်သွားသည်ကို တွေ့ရ၏။

ဦးမောင်က တောခွေးမသွားရာနောက်သို့ ခြေသံလုံလုံဖြင့်လိုက်ပါလာခဲ့သည်။ ချောင်းရိုးကွေ့အလွန်သို့ရောက်သောအခါ တောခွေးမသည် ချောင်းရိုးတစ်ဖက်ရှိ ကမ်းပါးအောက်သို့ဝင်သွားသည်ကို တွေ့လိုက်ရ၏။ ချောင်းကမ်းပါးအောက်၌ မြေကျင်းတစ်ကျင်းရှိနေ၏။ ထိုမြေကျင်းက တောခွေးမိသားစု၏ အသိုက်ပင် ဖြစ်ပေသည်။

# သတုံ-ယေယေ

## လွဲမှားသွားသောနေ့ဝင်ချိန်





www.burmeseclassic.com

www.burmeseclassic.com

မြေကျင်းအဝတွင် အစာရှာရာမှ ပြန်လာသော မိခင်တောခွေးမကြီးအား ဆီးကြိုရင်း ပြေးလွှားကစားနေကြသော တောခွေးပေါက်ကလေး သုံးကောင်ကို တွေ့ရသည်။ တောခွေးမကြီးက မိမိရှာဖွေစားသောက်လာသမျှကို ခွေးပေါက်ကလေးများရှေ့သို့ အန်ချလိုက်သည်။ တောခွေးပေါက်လေးများက မိခင် တောခွေးမကြီး အန်ကျွေးသမျှကို တိုးခွေ့လု ယက်စားသောက်နေကြ၏။

"ငါအန်ကျွေးလို့ရရင် နင်တို့ကို အန်ကျွေးလိုက်ချင်တယ်"

ဦးမောင်တို့ လူ့ပတ်ဝန်းကျင်တွင် မိခင်များက သားသမီးများကိုပြောတတ်သောစကားဖြစ်သည်။ လူသားမိခင်များက သားသမီးများကို အန်ကျွေးမည်ဆိုသည်မှာ သားသမီးများအပေါ်ထားသော သူတို့၏မေတ္တာကို တင်စားပြောဆိုခြင်းပင် ဖြစ်လိမ့်မည်။ တောခွေးမများကတော့ တောတောင်အနှံ့ သူတို့ရှာဖွေစားသောက်ခဲ့သမျှကို သူတို့သားသမီးများကို တကယ်ပင် အန်ကျွေးကြခြင်းဖြစ်၏။ အရိုင်းအစိုင်းတိရစ္ဆာန်တစ်ကောင်၏ သားသမီးအပေါ်ထားသော မေတ္တာတရားက ဦးမောင်ကို အံ့ဩမှင်တက်သွားစေ၏။ မည်မျှကြာအောင်ငေးမောကြည့်ရှုနေမိသည်မသိ တောခွေးမကြီး ပြန်လည်ထွက်ခွာသွားသည်ကိုတွေ့မှ ဦးမောင် သက်ပြင်းလေးချရင်း ဆင်တဲစခန်းဆီသို့ ပြန်လာခဲ့၏။ တောခွေးမကြီးသည် တောခွေးပေါက်လေးများကို ညနေစာကျွေးမွေးနိုင်ရန် အဖော်မပါဘဲ တောတောင်အနှံ့ အစာရှာရပေဦးတော့မည်။

တောခွေးတို့သဘာဝက အုပ်စုဖွဲ့နေတတ်သောတိရစ္ဆာန်မျိုး ဖြစ်သည်။ သစ်ထုတ်လုပ်ငန်းလုပ်ကိုင်ရန်ရောက်လာသောလူများကြောင့် တောခွေးအုပ်တစ်အုပ်လုံး နေရာပြောင်းရွှေ့သွားကြခြင်း ဖြစ်ပေမည်။ သားပေါက်ငယ်များရှိနေသော တောခွေးမမှာ တောခွေးအုပ်နှင့် လိုက်မသွားနိုင်ဘဲ ကျန်နေခဲ့ခြင်းပင် ဖြစ်၏။ တောခွေးမိသားစု၏ အသိုက်သည် ဦးမောင်တို့ဆင်တဲနှင့် မဝေးလှပေ။ တစ်ခါသာသာပင်ရှိမည် မထင်။ မကြာမီ ရိုးမ၏နှုတ်ဆက်မိုးက သဲသဲမဲမဲရွာပေဦးမည်။

'တောင်ရေကျလာရင် တောခွေးအသိုက် ချောင်းရေနဲ့လွတ်နိုင်ပါ့မလား'

ဦးမောင်၏အတွေးတို့က ဆင်ခေါင်းကြီးအသံကြောင့် တစ်ပိုင်းတစဖြင့် ရပ်သွားရသည်။

"ဟော-ပြန်လာပြီလား။ အခုပဲ ဆင်ခေါင်းလေးကို ဆရာ့နောက်လိုက်ခိုင်းမလို့ဘဲ။ ချောင်းထဲမျက်နှာသစ်သွားတာ ကြာလှတယ်နော်။ ဧကန္တ - တို့ဆရာ ဥစ္စာစောင့်မလေးတွေနဲ့ တွေ့နေပြီ မှတ်တယ်"

"ဟား ဟား ဟား မဟုတ်ပါဘူး ဖထီးရာ။ မနက်ခင်းလေးက သာယာလွန်းလို့ ဟိုနားဒီနားလျှောက်ကြည့်နေမိတာပါ"

"အေး - ဆရာသမားရဲ့မနက်ခင်းက သာယာပေမယ့် ဆရာ့တပည့်ကျော်ဖိုးနောင်ရဲ့ မနက်ခင်းကတော့ မသာယာဘူးဆရာရေ့။ ဖျားနေလို့ သစ်ကွက်ထဲမလိုက်နိုင်တော့ဘူးတဲ့"

"ဟေ - တော်တော်ဆိုးလား ဖထီး"

"သိပ်အဆိုးကြီးတော့မဟုတ်ပါဘူး။ တောထဲတောင်ထဲ အခုမှရောက်ဖူးတဲ့သူတွေဖြစ်နေကျ ရိုးမရဲ့နှုတ်ခွန်းဆက်အနမ်းပေါ့"

"ဩော်ဩော် - ဒါဆိုလည်း ဆေးသောက်ပြီးတော့ တဲမှာပဲနားနေပါစေ။ ဖထီးက သစ်ကွက်ထဲသွားဖို့စီစဉ်လိုက်တော့"

■

ဖိုးနောင် အိပ်ရာနိုးလာတော့ ချွေးစေးတို့ဖြင့် တစ်ကိုယ်လုံး စိုစွတ်သည်။ အပေါ်မှလွှမ်းခြုံထားသော စောင်ကို အသာဖယ်ချလိုက်၏။ တဲစခန်းတစ်ခုလုံးက တိတ်ဆိတ်ငြိမ်သက်နေသည်။ ချွေးစေးများထွက်လာပြီး အဖျားကျသွားပြီဖြစ်သဖြင့် ဝမ်းဗိုက်အတွင်းမှဆာလောင်မှုကို ဖိုးနောင်ခံစားရ၏။ မျက်နှာချင်းဆိုင် တဲနံရံတွင် တူမီးသေနတ်တစ်လက်ထောင်ထားသည်ကို ဖိုးနောင် တွေ့ရသည်။ ဖိုးနောင်သည် အိပ်ရာပေါ်မှထကာ တူမီးသေနတ်ကို ကောက်ကိုင်လိုက်၏။ သေနတ်ထောင်ထားသောနံရံတွင် ယမ်းမှုန့်၊ ကာပတ် (မီးကူးယမ်း)၊ ခဲသီးတို့ထည့်ထားသော အိတ်ကို အခန့်သင့် တွေ့ရ၏။ ဖိုးနောင်သည် တူမီးသေနတ်ကို ပွတ်သပ်ကိုင်တွယ်လိုက်ရင်း တဲအဝဘက်သို့ထိုးချိန်လိုက်၏။

"ဟ၊ ဟ - ဖိုးနောင်ဘာလုပ်တာလဲ"

ရေပုံးနှစ်ပုံးဆွဲပြီး တဲဝမှပေါ်လာသောအိုးသူကြီး(ဆင်စခန်းထမင်းချက်) အထိတ်တလန့်အသံကြောင့် ဖိုးနော ကချိန်ထားသော သေနတ်ကို ပြန်ခ လိုက်ရင်း -

"ယမ်းမထိုးထားပါဘူးဗျာ၊ အိ ရာနိုးလာတော့ တဲပေါ်မှာဘယ်သူ မတွေ့တာနဲ့ ကိုင်ကြည့်တာပါ။ ဒါနဲ့ ဗိုက် ဆာတယ်ဗျာ၊ ဘာဟင်းချက်လဲ"

"နင်နိုးလာရင် ထမင်းမကျွေးဘဲ ခေါက်ဆွဲခြောက်ပြုတ်ကျွေးဖို့ ဆ ခေါင်းကြီးကမှာသွားတယ်။ ခဏစော လိုက်၊ ငါခေါက်ဆွဲခြောက်ပြုတ်ပေး မယ်"

ခေါက်ဆွဲပြုတ်ပူပူလေးစားလိုက် သောကြောင့် ချွေးများထွက်လာပြီး ဖို နောင်တစ်ယောက် လန်းဆန်းလာသ ခံစားရသည်။ စားပြီးသား ခေါက်ဆွ ပြုတ်ပန်းကန်ကို ချောင်းစပ်မှာထိုင်ဆေး ရင်း ပတ်ဝန်းကျင်ကို သတိထားကြည့ မိတော့ ချောင်းစပ်၌ထိုင်နေသော မိ ကို မြင်သွားသဖြင့် ချောင်းဖျားဆီသို ပြန်လှည့်တက်သွားသောတောခွေးမ ဖိုးနောင် တွေ့လိုက်ရသည်။ ဒီနေရာ တောခွေးမအတွက် အစာအလွယ်တကူ ရနိုင်သောနေရာ ဖြစ်သောကြော မကြာမီ တောခွေးမ ပြန်လှည့်လာလိ မည်ကို ဖိုးနောင်စိတ်က အလိုလိုသိနေ ၏။ ဖိုးနောင်က ကျေနပ်စွာပြုံးလိုက်ပြီ ဆေးပြီးသားပန်းကန်ကိုကိုင်ကာ တဲပေ သို့ပြန်တက်လိုက်သည်။

ဖိုးနောင်က လက်ထဲတွင် တူမီး သေနတ်ကိုကိုင်ကာ ခဲသီး၊ ယမ်းနှင့်ကာ ပတ်ထည့်ထားသောအိတ်ကို ဝလွယ် သိုင်းလွယ်လိုက်ပြီး တဲပေါ်က အသာ ဆင်းလိုက်သည်။ နံနက်နှစ်နာရီလောက် ကတည်းက ဆင်စခန်းရှိအလုပ်သမား များအတွက် ထမင်းထချက်ရသော အိုးသူကြီးက တဲပေါ်တွင် အိပ်ပျော် လျက်ကျန်ခဲ့၏။ ဖိုးနောင်က ချောင်းမြ အတိုင်း အနည်းအငယ် ဆန်တက်လိုက် ပြီး ချောင်းကမ်းပါးပေါ်သို့ တက်လိုက် ၏။ ကမ်းပါးပေါ်ရှိ ချုံထဲသို့ အသာ ခေါင်းလျှိုဝင်လိုက်ပြီး ချောင်းရိုးထဲသို ရှင်းရှင်းလင်းလင်းမြင်နိုင်သောနေရာ ရွေးချယ်ကာ မုဆိုးထိုင်ထိုင်ချလိုက် သည်။ ပခုံးတွင်လွယ်ထားသော လွယ် အိတ်ကို ဖြုတ်ယူလိုက်ပြီး လွယ်အိတ် ထဲမှာ ယမ်းဘူးကိုယူကာ တူမီးသေနတ် ယမ်းထိုးလိုက်သည်။ မီးကူးယမ် မောင်းရိုက်ပြွန်ပေါ်သို့ အနေအထာ ကပ်လိုက်ပြီး ချောင်းရိုးသို့ စော ကြည့်နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"တုံ. . . တုံ. . . တုံ. . ."

တတုံတုံဖြင့် အဆက်မပြတ်အော်မြည်နေသော တောလုံငှက်၏ အော်မြည်သံကိုကြားရသည်။ ညကရွာထားသောမိုးကြောင့် ဖိုးနောင်ခိုဝင်နေသော ချုံတစ်လုံးက စိုစွတ်နေသည်။ ဖိုးနောင်အောက်ရှိ စိုထိုင်းထိုင်းမြေကြီးကြောင့် တစ်ကိုယ်လုံးအေးစက်လာသလိုခံစားရသည်။ အချိန်တွေတရွေ့ရွေ့ကုန်ဆုံးလာသော်လည်း တောခွေးမ၏ အရိပ်အယောင်ကို မမြင်ရသေးပေ။

"မုဆိုးကောင်းရဲ့ အဓိကအရည်အချင်းကဇွဲပဲ"

ဆင်ခေါင်းကြီး၏ စကားသံကို နားထဲတွင် ပြန်လည်ကြားယောင်လာမိသည်။

"ငါယောက်ျားပဲ၊ ဇွဲမလျှော့ဘူး"

ဟု အားတင်းလိုက်ပြီး ချောင်းရိုးထဲသို့ စောင့်ကြည့်နေလိုက်သည်။ ရုတ်တရက် တောလုံငှက်၏ အော်မြည်သံ 'တုံတုံတုံတုံ'မှ 'ဂစ်ဂီး'ဟုပြောင်းသွားပြီး တောတောင်တစ်ခုလုံးတိတ်ဆိတ်သွား၏။

မကြာမီ ချောင်းရိုးတစ်လျှောက် ပြေးလာသော တောခွေးမကို ဖိုးနောင်တွေ့ရသည်။ တောခွေးမသည် ဖိုးနောင်ရှေ့တည့်တည့်ရှိ ချောင်းရိုးအတွင်းသို့ ရောက်လာပြီး ခဏရပ်ကာ ချောင်းအောက်ပိုင်းသို့ စူးစမ်းသလို ခေါင်းထောင်ကြည့်လိုက်သည်။ ဖိုးနောင်အတွက် ငြိမ်သက်စွာရပ်နေသောတောခွေးမ၏အနေအထားက အကောင်းဆုံးအကွင်း ဖြစ်နေ၏။ ဖိုးနောင်က တဒုန်းဒုန်းခုန်နေသောရင်ကိုထိန်းကာ တူမီးသေနတ်ကို တောခွေးမရှိရာသို့ အသာလှမ်းချိန်လိုက်သည်။ သေနတ်လှမ်းချိန်လိုက်သော ဖိုးနောင်၏တံတောင်ဆစ်က ချုံကိုင်းကိုတိုက်မိသွားသောကြောင့် ချုံပေါ်ရှိရေစက်တို့က တဖျောက်ဖျောက်ကျဆင်းလာ၏။ ရုတ်တရက် ထွက်ပေါ်လာသောအသံကြောင့် တောခွေးမက ဖိုးနောင်ရှိရာသို့ လှမ်းကြည့်လိုက်ရင်း ချောင်းဖျားဘက်သို့ လှည့်ပြေးလိုက်၏။

"ဒိန်း"

ကျယ်လောင်သော ယမ်းပေါက်သံနှင့်အတူ တောခွေးသည် ချောင်းရိုးအစပ်သို့ လဲကျသွားသည်ကို ဖိုးနောင်တွေ့ရသည်။ တောခွေးမသည် နာကျင်စွာ ညည်းညူလိုက်ပြီး လဲနေရာမှ အတင်းကုန်းထကာ ချောင်းဖျားဘက်သို့ ပြေးသွားလေသည်။ ဖိုးနောင်က ကမ်းပါးပေါ်မှပြေးဆင်းကာ တောခွေးမ၏နောက်သို့အပြေးလိုက်ခဲ့သည်။ တောခွေးမ၏ အနောက်ပိုင်းတစ်ခြမ်းလုံးက သွေးများဖြင့် ရဲရဲနီနေ၏။ ချောင်းရိုးစပ်ရှိ ချောင်းရေသည် တောခွေးမ၏ သွေးများဖြင့် နီမြန်းလျက်ရှိနေ၏။ ရေစီးနှင့်ပါလာသော သွေးများက ဖိုးနောင်ရှိရာသို့ ရောက်လာကြသည်။ မိုးရွာမှသာ ရေများတတ်သော ရိုးမချောင်းတို့၏ သဘာဝအတိုင်း ချောင်းရိုးက ရေစပ်စပ်သာရှိနေ၏။

တောခွေးမသည် ချောင်းရိုးအတိုင်း ဆန်တက်သွားပြီး ချောင်းအကွေ့လွန်သည်နှင့် ချောင်းကိုဖြတ်ကူးကာ ကမ်းပါးအောက်သို့ဝင်လိုက်သည်။ ကမ်းပါးအောက်တွင် အစာရှာရာမှပြန်လာသော တောခွေးမကြီးကို တောခွေးပေါက်လေးများက အသင့်စောင့်ကြိုနေကြ၏။ တောခွေးမကြီးက တစ်မနက်လုံးရှာဖွေစားသောက်လာသမျှ အစာတို့ကို တောခွေးပေါက်လေးများရှေ့သို့ အန်ချပေးလိုက်သည်။ တောခွေးမကြီးအန်ချပေးသောအစာများတွင် တောခွေးမကြီး၏ သွေးတို့က စွန်းထင်းပါလာကြ၏။ သေနတ်ဒဏ်ရာမှထွက်လာသောသွေးတို့က မြေပြင်တစ်ခုလုံးကို ရဲရဲနီသွားစေ၏။ မိခင်တောခွေးမကြီး၏ အဖြစ်ကို မသိရှာကြသော တောခွေးပေါက်လေးများက တောခွေးမကြီးအန်ချပေးသော အစာများကို ပျော်ရွှင်စွာလုယက်စားနေကြ၏။ တောခွေးမကြီးက ပျော်ရွှင်စွာ အစာစားနေသော တောခွေးပေါက်လေးများကို ကြင်နာစွာ လျှာနှင့်လျက်ပေးနေရင်းက မြေပြင်ပေါ်သို့ တအိအိပြိုဆင်းသွားသည်ကို ဖိုးနောင် တွေ့ရသည်။ မြေပြင်ပေါ်တွင် စန့်စန့်ကြီးလဲလျောင်းနေသော တောခွေးမကြီး၏ ဦးခေါင်းက ဖိုးနောင်ရှိရာဘက်သို့ ဖြည်းညင်းစွာ လှည့်လာ၏။ ရီဝေနေသော တောခွေးမကြီး၏မျက်ဝန်းအစုံက မိမိအား တစ်စုံတစ်ခုပြောနေသလို ဖိုးနောင် ခံစားရသည်။ တောခွေးမကြီးပါးစပ်မှ သွေးတို့ပွက်ပွက်အန်ထွက်နေပြီး အသံတစ်စွန်းတစ်စမှထွက်မလာသော်လည်း တောခွေးမကြီး၏ စကားသံတို့ကို ဖိုးနောင်ရင်ဘတ်ထဲမှ အလိုလိုနားလည်နေမိသည်။

ဖိုးနောင်က တောခွေးမကြီးအနားသို့လျှောက်သွားပြီး မြေပြင်ပေါ်သို့ ဒူးထောက်ချလိုက်သည်။ တောခွေးမကြီးက သူ့ချစ်သော တောခွေးပေါက်များနှင့် ရိုးမကြီးကို နှုတ်ဆက်ထွက်ခွာသွားခဲ့ပြီဖြစ်သည်။ မြေပြင်ပေါ်၌ ငြိမ်သက်စွာလဲလျောင်းနေသော မိခင်ကြီးကို နားမလည်နိုင်သလိုဖြစ်နေသော တောခွေးပေါက်လေးများက တောခွေးမကြီးကို ပတ်ချာလည်ဝိုင်းရင်း တဝုတ်ဝုတ်ဟောင်နေကြ၏။

'ထပါတော့ အမေ၊ ကျွန်တော်တို့နဲ့ ထကစားပါဦး'

ဟု ပြောနေသယောင်ထင်ရသည်။

ဖိုးနောင်၏ မျက်ဝန်းအိမ်မှ မျက်ရည်ပူတို့က ဖိုးနောင်ကိုယ်တိုင် သတိမထားမိခင်မှာ တလိမ့်လိမ့်ကျဆင်းလာကြသည်။ ဦးခေါင်းတစ်ခုလုံး ချာချာလည်လာပြီး ဖိုးနောင်တစ်ကိုယ်လုံး လေထဲသို့ လွင့်မျောသွားသလိုခံစားရသည်။ ဖိုးနောင်မျက်လုံးထဲတွင် သွေးအလိမ်းလိမ်းဖြင့် သူ့ကိုကြည့်နေသော တောခွေးမကြီး၏ပုံရိပ်တို့ ဝိုးတဝါးပေါ်လာပြန်သည်။ မျက်ရည်ပူတို့ဖြင့် စိုစွတ်နေသောဖိုးနောင်၏ အမြင်အာရုံတို့သည် တဖြည်းဖြည်းဝေဝါးလာပြီး အမှောင်အတိကျသွားလေတော့သည်။

■

ဖိုးနောင်က ထမင်းဝိုင်းရှိ စားကြွင်းစားကျန်နှင့် အရိုးများကို ထမင်းပန်းကန်ထဲသို့ကောက်ထည့်ကာ ထမင်းဝိုင်းမှ ထလိုက်သည်။

"ဖိုးနောင်၊ နင်ထမင်းစားတာနည်းလှတယ်၊ တော်ပြီလားကွ"

ဆင်ခေါင်းကြီးအမေးကို ဖိုးနောင်က ပါးစပ်မှပြန်မဖြေဘဲ ဦးခေါင်းကိုအသာညိတ်ပြရင်း ထမင်းပန်းကန်ကိုကိုင်ကာ တဲအောက်သို့ ဆင်းသွားလိုက်သည်။

"ဖိုးနောင် ဒီနေ့မသွားပါနဲ့လား။ ချောင်းဖျားမှာ မိုးရိပ်တွေအရမ်းတက်နေတယ်။ မိုးကုန်ခါနီးရွာတဲ့မိုးက တောင်ကျရေပါတတ်တယ်။ အန္တရာယ်များတယ်ကွာ"

ဦးမောင်စကားကြောင့် ဖိုးနောင်က ခြောက်ကပ်ကပ်ရယ်မောလိုက်ပြီး-

"အန္တရာယ်များတယ် ဟုတ်လား ဆရာ။ ဒါဆိုရင် ကျွန်တော့်ကြောင့် မိဘမဲ့သွားတဲ့ တောခွေးလေးတွေအတွက်ရော အန္တရာယ်မရှိဘူးလား ဆရာရယ်"

ပြောပြောဆိုဆို တဲအောက်ရှိ ဝါးဆစ်ခွက်ထဲသို့ ထမင်းပန်းကန်ထဲမှ စားကြွင်းစားကျန်များကိုပြောင်းထည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com

ပြီး ချောင်းဖျားဘက်သို့တက်သွားသော တပည့်ကျော် ဖိုးနောင်ကိုကြည့်ရင်း ဦးမောင်သက်ပြင်းချလိုက်မိသည်။

■

ဖိုးနောင်ကို တောခွေးအသိုက်နားတွင် မေ့မြောလျက် ဦးမောင်တို့တွေ့ခဲ့ကြခြင်း ဖြစ်သည်။ ဖိုးနောင်အနားတွင် တောခွေးမကြီးက သေနတ်ဒဏ်ရာကြောင့် သေဆုံးနေပြီး တောခွေးပေါက်လေးများက တောခွေးမကြီးဘေးတွင် ပြေးလွှားအော်မြည်နေကြသည်။ နံနက်ပိုင်း အဖျားတက်ထားသောအခြေအနေနှင့် တောခွေးသားအမိတို့၏အဖြစ်ကို ကြည့်ရင်း 'ငါ့ကြောင့်' ဟု အတွေးက ဖိုးနောင်ကို မေ့မြောသွားသည်အထိ စိတ်ထိခိုက်သွားစေခဲ့ခြင်း ဖြစ်သည်။ ဆင်စခန်းသို့ ပြန်ရောက်လာပြီး မကြာမီ သတိရလာသော်လည်း ဖိုးနောင်တစ်ယောက် လုံးဝ ပြောင်းလဲသွားသည်။ မည်သူ့ကိုမျှ စကားဟက်ဟက်ပက်ပက် မပြောတော့။ ဆင်တဲရှိ ထမင်းကျန်ဟင်းကျန်များယူကာ တောခွေးပေါက်လေးများကို မနက်တစ်ကြိမ်၊ ညတစ်ကြိမ် သွားရောက် ကျွေးမွေးလေ့ရှိသည်။ တောခွေးပေါက်ကလေးများကလည်း ဖိုးနောင်လာလျှင် အစာစားရမှန်းသိနေပြီဖြစ်၍ ဆူညံစွာ အော်ဟစ်ကြိုဆိုကြသည်။ တောခွေးပေါက်လေးတွေက ဖိုးနောင်အပေါ် သံယောဇဉ်တွယ်နေပြီဖြစ်သလို ဖိုးနောင်ကလည်း မိမိအမှားအတွက် အစွမ်းကုန် ပြန်လည်ပေးဆပ်ရန် ရည်ရွယ်ထားပုံရသည်။

"ကဲ - ဆင်ခေါင်းကြီးရေ။ ချောင်းဖျားဘက်မှာ မိုးကမည်းနေပြီ။ ကျွန်တော့်တပည့်ကို ကျွန်တော်စိတ်မချလို့ တော်ကြာ ချောင်းရေလိမ့်လာရင် ဒုက္ခရောက်ကုန်လိမ့်မယ်၊ ဖိုးနောင်နောက်လိုက်သွားအောင်ဗျာ"

ဦးမောင်တို့ ဆင်စခန်းက စထွက်သည်နှင့် မိုးကဖွဲဖွဲရွာလာသည်။ ချောင်းဖျားဘက်သို့မျှော်ကြည့်လိုက်တော့ မှိုင်းဝေအုပ်ဆိုင်းနေသည်။ တဖြည်းဖြည်း နောက်လာသော ချောင်းရေကြောင့် ချောင်းဖျားတွင် မိုးရွာနေပြီဖြစ်ကြောင်း ဦးမောင်သိလိုက်သည်။ တဖွဲဖွဲရွာနေသောမိုးက ပိုမိုသည်းလာသည်။ ပတ်ဝန်းကျင်တစ်ခုလုံးအုပ်ဆိုင်းလာလျက် မြင်ကွင်းက ဝေဝါးလာ၏။ ချောင်းရေကလည်း တဟီးဟီးမြည်သံနှင့်အတူ အရှိန်ပြင်းစွာစီးဆင်းလာသည်။ ချောင်းကွေ့နားအရောက်တွင် ချောင်းရိုးကို ဖြတ်ကူးနေသော ဖိုးနောင်ကို ခပ်လှမ်းလှမ်း၌ မှုန်ဝါးဝါးမြင်ရသည်။

"ဖိုးနောင်မကူးနဲ့တော့၊ ပြန်လာခဲ့။ တောင်ရေလိမ့်လာပြီ"

ဆင်ခေါင်းကြီး၏ အော်သံကြောင့် ဖိုးနောင်က ဦးမောင်တို့ဘက်သို့ တစ်ချက်လှည့်ကြည့်လိုက်သော်လည်း ချောင်းကို ဖြတ်ကူးမြဲကူးနေ၏။ ချောင်းရေနှင့်ပါလာသော သစ်ကိုင်းတစ်ခုက ဖိုးနောင်အား တိုက်ချသွားသည်ကို ဦးမောင်တို့ တွေ့ရသည်။ လဲကျသွားသော ဖိုးနောင်က လူးလဲထလိုက်ပြီး ချောင်းတစ်ဖက်ကမ်းသို့ ဆက်ကူးလိုက်သည်။ ချောင်းတစ်ဖက်ကမ်းသို့ ရောက်သည်နှင့် တောခွေးအသိုက်ထဲရှိ တောခွေးပေါက်လေးများကို ကောက်ယူကာ ရင်ခွင်ထဲတွင် ပိုက်လိုက်ပြီး ချောင်းကို ပြန်ကူးရန် ပြင်လိုက်သည်။ ချောင်းရေက ချောင်းအနီးဝန်းကျင်ရှိ သစ်လုံးဟောင်းများ၊ သစ်ကိုင်းများ၊ ဝါးကိုင်းများကို သယ်ဆောင်ကာ အရှိန်အဟုန်ပြင်းစွာ စီးဆင်းလာပြီ ဖြစ်၏။

"ဖိုးနောင်၊ ဒီဘက်ကိုပြန်မကူးနဲ့တော့။ ကမ်းပါးပေါ်ကို အမြန်တက်၊ တောင်ရေလိမ့်လာပြီ"

ဖိုးနောင်ကို လှမ်းအော်ရင်း ဦးမောင်တို့ကိုယ်တိုင်လည်း ချောင်းရေလွတ်ရာ ကမ်းပါးပေါ်သို့ အလုအယက်တက်လိုက်ကြသည်။ ဖိုးနောင်က ဦးမောင်တို့၏အော်သံကြောင့် ချောင်းကမ်းပါးကိုတက်ရန် ကြိုးစားသော်လည်း စိုစွတ်သောမိုးရေကြောင့် ကမ်းပါးပေါ်သို့ တက်၍မရဘဲဖြစ်နေသည်။

"ဖိုးနောင်၊ လက်ထဲက ခွေးပေါက်လေးတွေကိုချထားလိုက်။ ကမ်းပါးပေါ်က ဝါးကိုင်းကိုဆွဲပြီး အမြန်တက် လိုက်"

ဦးမောင်အော်သံက မိုးသံလေသံတို့နှင့်လုံးထွေးနေ၏။ ချောင်းဖျားဘက်မှ ကြောက်မက်ဖွယ်အသံကြီးဖြင့် အရှိန်အဟုန်ပြင်းစွာ စီးဆင်းလာသော ချောင်းကျရေလုံးကြီးကိုကြည့်ကာ ဖိုးနောင်တစ်ယောက် ဆုံးဖြတ်ချက်တစ်ခုကို ခိုင်ခိုင်မာမာချလိုက်ပုံရသည်။ ဖိုးနောင်က လက်ထဲတွင် ပွေ့ပိုက်ထားသော တောခွေးပေါက်လေးနှစ်ကောင်အား ကမ်းပါးအပေါ်သို့ ပစ်တင်လိုက်သည်။ တောခွေးပေါက်လေးနှစ်ကောင် ကမ်းပါးပေါ်ရှိ ချုံပေါ်သို့ရောက်သွားသောအခါ ခြေရင်းတွင် တအီအီအော်နေရှာသော တောခွေးပေါက်လေးကို ကောက်ကိုင်လိုက်ပြန်သည်။ နောက်ဆုံး ကျန်ရှိသော တောခွေးပေါက်လေးကို ကမ်းပါးပေ ပစ်တင်ရန် အားယူလိုက်စဉ်မှာပ တောင်ကျရေလုံးကြီးက ဖိုးနောင်နှ အတူ တောခွေးပေါက်လေးကိုပါ ဆွဲယ ခေါ်ဆောင်သွားလေတော့သည်။

"ဖိုးနောင်"

ကြေကွဲစွာ အော်လိုက်သော ဦးမောင်၏အသံက မိုးသံလေသံတို့ ဖောက်ထွင်းကာ ရိုးမတစ်ခွင် ပျံ့နှံ့သွာ လေတော့သည်။

■

ချောင်းရေက တသွင်သွင်စီးဆင် နေသည်။ ကြည်လင်သော ချောင်းရေ အောက်တွင် ငါးကလေးများ ကူးခ နေသည်ကိုပင် တွေ့ရ၏။ လွန်ခဲ့သော အချိန်ကာလဆီက လူသားတစ်ယော ၏အသက်ကို ဒေါသတကြီးနှင့် ဝါးမျို သော ချောင်းရေက သူမဟုတ်သလိုပ ချောင်းရေစီးဆင်းသံက ဂီတတေး သွားတစ်ပုဒ်ကို ညည်းဆိုနေသလို ငြိ ညောင်းစွာ ထွက်ပေါ်နေ၏။

နောက်တစ်နေ့ ချောင်းရေကျချိန် တွင် ချောင်းရိုးလေးနှင့် ချောင်းမကြီး ဆုံရာ ချောင်းခွဆုံအနီး ချောင်းရိုးထဲ သစ်ကိုင်းဝါးကိုင်းများနှင့် ငြိနေသော ဖိုးနောင်ကို ပြန်တွေ့ရသည်။ ဖိုးနော နှင့် မလှမ်းမကမ်း ချုံစပ်တွင် တောခွေ ပေါက်လေးတစ်ကောင်ကို တွေ့ရသည် ဖိုးနောင် နောက်ဆုံးအချိန်အထိ တော ခွေးပေါက်လေးများကို ထွေးပိုက်ထား ဟန်ရှိသည်။

တောခွေးပေါက်ကလေးများ လွှတ်၍ ဝါးကိုင်းကိုဆွဲပြီး ကမ်းပါးပေါ တက်ရန် ဦးမောင် သတိပေးခဲ့သည် ဖိုးနောင် မကြားခဲ့တာလား၊ ကြားလျ နှင့် တောခွေးပေါက်လေးတွေကိုမလွှ ခဲ့တာလားဆိုတာကို ဖိုးနောင်ကိုယ်တို သာ သိပေလိမ့်မည်။

ရိုးမကတဖြည်းဖြည်းမှုန်ဝါးလာ သည်။ ဖျော့တော့တော့ နေမင်းကြီး တောင်ရိုးအောက်သို့ ခေါင်းတိုးဝင်လျ လင်းလက်တောက်ပသော ဘဝသစ် တစ်ဖန်မွေးဖွားရန် လောကကြီးကို နှု ဆက်နေပေပြီ။ တစ်နေ့ကွယ်ပြီးလျှ တစ်မိုးသောက်ပေဦးမည်။ တစ်နေ့ကွယ ခြင်းနှင့်အတူ ဖိုးနောင်ဟူသော လူသာ တစ်ယောက်သည်လည်း. . .။

သဂိုဏ်ငယ်ငယ်



www.burmeseclassic.com

www.burmeseclassic.com

ဦးအောင်လှိုင်(သုဝဏ္ဏ)

# သင့်စွမ်းအင်သင့်ကိုယ်ခံအားကောင်းစေမည့် ဖုန်းရွှေမျူဟော(၁၆၈)


## Chapter Four

**၆၉။ အတွင်းစိတ်သဘာဝအား စွမ်းအင်မြှင့်တင်ပေးခြင်း**

မိမိ၏ အတွင်းစိတ်သဘာဝစွမ်းအင် မြင့်တက်လာစေရန် နေ့စဉ် တရားထိုင်လေ့ကျင့်ခန်းလုပ်ပေးရန်လိုပါသည်။ (အောက်ပါအတိုင်း လေ့ကျင့်ပေးပါ။) မျက်လုံးအစုံမှိတ်၍ စိတ်ပျံ့လွင့်မှုမရှိအောင် တဖြည်းဖြည်းချင်း အာရုံပြုထိန်းချုပ်ပါ။ အသက်ပုံမှန်ရှူပေးပါ။ ကိုယ်၊ စိတ်နှစ်ပါးစလုံး ဖြေလျှော့ပေးထားပါ။ ပြီးနောက် မိမိစိတ်အတွင်းသို့ အာရုံပေါ်အောင် စူးစိုက်ကြည့်ပါ။ စိတ်တည်ငြိမ်စွာဖြင့် သမာဓိအားကောင်းလာသည်အထိ နေ့စဉ် ပုံမှန်လေ့ကျင့်ပါ။ သမာဓိအားကောင်းလာသည်နှင့် စိတ်အတွင်း တဖြည်းဖြည်း ရှင်းလင်း(ကြည်လင်)လာပါမည်။ စိတ်ကြည်လင်လာပြီးနောက် မိမိတွေးခေါ် ကြံစည်မှုများ မှန်ကန်ခိုင်မာ ပြတ်သားမှုရှိလာပါမည်။

**စိတ်အတွင်း တူးဆွ၍ လျှို့ဝှက်ချက်ကိုရှာဖွေခြင်း**

လူတိုင်း၏လျှို့ဝှက်ချက်များအားလုံးက အတွင်းစိတ်သဘောထားအောက်၌သိုသိပ်စွာရှိနေတတ်သည်။ မိမိအတွင်းစိတ်၏လျှို့ဝှက်ချက်များကို တရားထိုင်၍ သမာဓိအားကောင်းခြင်းဖြင့်သာ အစစ်အမှန်၊ အကောင်း-အဆိုး ခွဲခြားဖော်ထုတ်နိုင်ပါမည်။ နေ့စဉ် ပုံမှန်တရားထိုင်ခြင်းအကျိုးကြောင့် ခန္ဓာကိုယ်အတွင်းသို့ ချီဓာတ်များ ဝင်ရောက် စီးဆင်းလာပါမည်။




**၇၀။ စိတ်၏ သက်ဝင်လှုပ်ရှားမှုကို နားလည်ရန် ကြိုးစားခြင်း**



စိတ်တည်ငြိမ်အောင် တရားထိုင်နိုင်ခြင်း၏သက်ဝင်လှုပ်ရှားမှုကြောင့်ဖြစ်ပေါ်လာသော အပြောအဆို၊ အပြုအမူ၊ လှုပ်ရှားမှုဟန်ပန်၊ ဓလေ့စရိုက်နှင့် တုံ့ပြန်မှုတို့အား နားလည်အောင် ကြိုးစားသိရှိ၍ လိုသလို ထိန်းချုပ်လာနိုင်ပါမည်။ တိတ်ဆိတ်ငြိမ်းချမ်းခြင်းသဘောပါသည့် ယင်မာတ်၏စွမ်းအင်ဖြင့်အတွင်းသဘောကို နက်ရှိုင်းစွာ သိမြင်လာပါမည်။ လူတိုင်းအဖို့ စိတ်ကြည်လင်လန်းဆန်းနေချိန်၌ အရာရာတိုးတက်ကောင်းမွန်သောအခြေအနေတွင် ရှိနေပါမည်။ ထိုသို့ကောင်းမွန်သော အနေအထား အမြဲတစေရင်ဆိုင်ထားရန် အစဉ်အမြဲ စိတ်ကြည်လင်နေရန်သာ အရေးကြီးသည်။ ရုပ်ဝတ္ထုပစ္စည်းများအား ဖုန်းရွှေပညာနှင့်အညီ (သူ့နေရာနှင့်သူ) စီစဉ်ထားရှိအပ်သည်ကို စိတ်ပိုင်းဆိုင်ရာ၌လည်း စိတ်သဘောထားထားရှိမှုအပေါ် မူတည်၍ ချီဓာတ်အကောင်း၊ အဆိုးကို ဖြစ်ပေါ်စေပါသည်။ မိမိ၏ ပတ်ဝန်းကျင်၌ ဖုန်းရွှေအဆောင်ရှုထောင့်အရ ကောင်းသောချီဓာတ်များ ဝင်ရောက်နိုင်ရန် အခြေအနေမပေးပါက မိမိ ကိုယ်၊ စိတ်နှလုံးအတွင်း ကောင်းသောချီဓာတ်များ စီးဆင်းနေရန် ကြိုးစားရပါမည်။ ဖုန်းရွှေပညာရပ်အား ရုပ်ပိုင်းရော စိတ်ပိုင်းပါ စည်းမျဉ်းများနှင့်အညီ လိုက်နာအသုံးပြုနိုင်သည်။

**၇၁။ သန့်ရှင်း စင်ကြယ်သောစိတ်၏ လှုံ့ဆော်မှုဖြင့် စိတ်အတွင်း ဉာဏ်တံခါးကို ဖွင့်လှစ်ခြင်း**

စိတ်အတွင်းဉာဏ်တံခါးကို ဖွင့်လှစ်နိုင်ရန် ကောင်းကင်ဘုံမှ စွမ်းအင်များက စိတ်ဝိညာဉ်အား ကူညီပေးနိုင်ပါသည်။ စိတ်အတွင်းဉာဏ်တံခါးဖွင့်နိုင်ခြင်းဖြင့် အလိုလိုသိသောစိတ် (သို့) ထိုးထွင်းသိမြင်သည့်စိတ်ပေါ်လာပါမည်။ မိမိတို့ ကျင့်ကြံအားထုတ်မှုကြောင့်ရရှိသောစိတ် အတွင်းချီဓာတ်သည် စကြဝဠာ၏ချီဓာတ်ကဲ့သို့ စွမ်းအင်မြင့်မားခြင်း မရှိပေ။ ထို့အတွက် စကြဝဠာ၏ချီဓာတ်





www.burmeseclassic.com

www.burmeseclassic.com



ကိုပါ ရယူနိုင်ရန် စိတ်ကြည်လင်သန့်စင်မှု ဦးစွာရှိထားရန် ပြင်ဆင်ထားရပါမည်။ စကြဝဠာ၏ ကောင်းသော ချီဓာတ်များကိုယ်ခန္ဓာအတွင်း ဝင်ရောက်စီးဆင်းနိုင်ရန် မိမိ၏မူလအတွင်းစိတ်ဖြင့် မကောင်းသောချီဓာတ်များအား ဖယ်ထုတ်ထားရမည် ဖြစ်သည်။ စကြဝဠာ၏ချီဓာတ်များ ပံ့ပိုးမှုနှင့် မိမိ၏သန့်ရှင်းစင်ကြယ်သောစိတ်ဝိညာဉ်တို့ ပေါင်းစပ်၍ စိတ်အတွင်းဘဏ်တံခါးကို အောင်မြင်စွာဖွင့်လှစ်နိုင်ပါမည်။

**၇၂။ စိတ်အတွင်းရှိ မကောင်းသောအကြံအစည်၊ အတွေးအခေါ်များကို ရှင်းလင်းခြင်း**

မိမိစိတ်အတွင်းရှိ မကောင်းသောအတွေးအခေါ်၊ အကြံအစည်များအားတစ်ခုပြီးတစ်ခု ဆက်တိုက် ရှင်းလင်း၍ အမြဲတစေ သန့်ရှင်းအောင် ကျင့်ကြံနေထိုင်ရပါမည်။ လူတစ်ဦးအတွက် အောင်မြင်မှုရရှိခြင်း၊ ချမ်းသာကြွယ်ဝခြင်း၊ ချစ်သူကောင်းရခြင်းတို့မှာ စိတ်၏ကောင်းသောလှုံ့ဆော်မှု (သို့) မကောင်းသောလှုံ့ဆော်မှုတစ်ခုခုကြောင့်သာဖြစ်ခြင်းကြောင့် ကောင်းသော လှုံ့ဆော်မှုပုံတစ်မျိုးတည်းကိုသာ လက်ခံသင့်ပါသည်။ ကောင်းသောရည်ရွယ်ချက်၊ စိတ်ကူးကြံစည်မှုအားဖြင့် အများအပေါ် ဆွဲဆောင်စည်းရုံးနိုင်မှသာ မိမိအတွက်သာမက အများအဖို့ပါ စိတ်ပျော်ရွှင်လန်းဆန်းမှုရှိစေပါမည်။ ဖုန်းရွှေပညာရပ်များကို လေ့လာရာတွင်လည်း အများအား ဒုက္ခပေးရန်၊ ကလိမ်စားချေရန်၊ မနာလိုစိတ်ဖြင့် နှောင့်ယှက်ရန် ရည်ရွယ်ချက်မထားမိအောင် သတိပြုရပါမည်။ မိမိ၏အတွင်းစိတ်စွမ်းအင်များ အစဉ်ထက်မြက်နေစေရန် စိတ်၏အညစ်အကြေးမှန်သမျှအား အချိန်နှင့်အမျှ ဂရုတစိုက် သန့်စင်ပေးနေသင့်ပါသည်။


**၇၃။ မိမိ၏သဘောထား အပြုအမူများကို လိုသလို ထိန်းချုပ်ခြင်း**


သင်၏ ထိုးထွင်းသိမြင်နိုင်မှုစွမ်းရည် မြင့်တက်လာစေရန် မိမိပတ်ဝန်းကျင်ရှိ ကောင်းသော ချီဓာတ်များနှင့် နေသားတကျဖြစ်ရန် လိုပါသည်။ ထို့မှတစ်ဆင့် လူအများအား ညင်သာနူးညံ့သော သဘောထားဖြင့် မိမိဘက်ပါအောင် ဆွဲဆောင်စည်းရုံးနိုင်ရပါမည်။ မိမိ၏အပြုအမူနှင့် အပြောအဆိုများကိုလည်း တစ်ပါးသူ မထိခိုက်အောင် ထိန်းချုပ်နိုင်ရပါမည်။ ဖုန်းရွှေပညာရှင်ထော... အရ လောကအား အဆင့် (၃) ဆင့်ဖြ... ပိုင်းဖြတ်သတ်မှတ်ထားသည်။ ယင်းမှ... ကောင်းကင်ဘုံ၊ မြေကြီးနှင့် လူသား ဟူ၍ ဖြစ်သည်။ ကျွန်ုပ်တို့လူသားအားလုံးက အထက်ပါ (၃) ခုပေါင်းတစ်... အတွင်းပါဝင် ရှင်သန် ရပ်တည်နေ... သည်။ ကောင်းကင်ဘုံ၊ မြေကြီး၊ လူသား ဟူ၍ တစ်ခုနှင့်တစ်ခုဆက်သွယ်မှုအခြေ... အနေအရ ၎င်းတို့ထံမှ အကောင်းဆုံး... စွမ်းအင်များ ရရှိအောင် ကြိုးစားကျင့်ကြံရပါမည်။



**၇၄။ ဦးနှောက်၏ဝဲ-ယာနစ်ခြမ်းနှင့် ယင်... ယန်ဓာတ်တို့ ဆက်နွယ်နေပုံ**

ဦးနှောက်၏ဝဲဘက်အခြမ်းသည် ခွဲခြမ်းစိတ်ဖြာ အဖြေရှာနိုင်ခြင်း၊ ကိန်းဂဏန်းများအား တွက်ချက်နိုင်ခြင်း၊ ကျိုးကြောင်းဆင်ခြင်နိုင်ခြင်း၊ ကောက်ချက်ချနိုင်ခြင်း ဟူသည့် စွမ်းရည်များကို ပိုင်ဆိုင်ထားသည်။ ဝဲဘက်ဦးနှောက်စွမ်းရည်အားကောင်းသူများသည် အရာရာ စနစ်တကျ လုပ်ကိုင်တတ်ပြီး သိပ္ပံနှင့် သင်္ချာဆိုင်ရာအတွေးအခေါ်များကို ပိုင်ဆိုင်ထားသည်။ ဦးနှောက်၏ ယာဘက်အခြမ်းသည် မိမိကိုယ်မိမိယုံကြည်စိတ်ရှိစေခြင်း၊ စိတ်ခံစားချက်အပေါ် ...စားပေးခြင်း၊ ဆဋ္ဌမအာရုံအားကောင်းအောင် မြှင့်တင်ပေးနိုင်ခြင်း ဟူသည့် စွမ်းဆောင်ရည်များကိုပိုင်ဆိုင်ထားသည်။ ၎င်းပြင် ယာဘက်ဦးနှောက်သည် စိတ်ကူးစိတ်သန်းအားကောင်းခြင်း၊ ဖန်တီး








www.burmeseclassic.com


www.burmeseclassic.com

နိုင်စွမ်းရှိခြင်း၊ တီထွင်ဉာဏ်အားကောင်းခြင်းတို့ကို ကိုယ်စားပြုထားသည်။ ဖုန်းရွှေပညာအရ ဝဲနှင့်ယာတစ်ခြမ်းချင်းစီ၌ စွမ်းရည်တစ်မျိုးစီ ပိုင်ဆိုင်ထားသော ဦးနှောက်သည် ယင်နှင့်ယန် (အအေးနှင့်အနွေး) ဓာတ်နှစ်မျိုးကိုပါ ကိုယ်စားပြုထားခြင်းဖြင့် အတွေးအခေါ်နှင့် လက်တွေ့ နှစ်ရပ်စလုံး၌ ထူးချွန်ထက်မြက်သူဖြစ်လာပါမည်။ ဦးနှောက်၏ဝဲဘက်ခြမ်းတစ်ခုတည်း (သို့) ယာဘက်ခြမ်းတစ်ခုတည်းကိုသာ အားမကိုးဘဲ ဝဲ-ယာနှစ်ဖက် မျှတစွာ အတူတကွ အလုပ်လုပ်စေခြင်းဖြင့် လိုအပ်ချက်မရှိအောင် စွမ်းဆောင်နိုင်သူ ဖြစ်ပါမည်။

**၇၅။ အဆုံးစွန် တွေးတော ဆင်ခြင်သည့် အကျင့်ကို ဖျောက်ဖျက်ခြင်း**



တစ်ခါတစ်ရံ အဆုံးစွန်တွေးတောခြင်း (အစွန်းရောက်အောင်တွေးခြင်း) ကြောင့် ဘဝ၏တိုးတက်ရာလမ်းကြောင်းများ ပိတ်ဆို့တားဆီးခံနေရပါမည်။ ထို့ကြောင့် ကြီးကျယ်ခမ်းနားစွာ တွေးခေါ်ကြံစည်မှု ရဲတင်းရပါမည်။ မြင့်မြင့်မားမားတွေးခေါ်ကြံစည်နိုင်မှ ထိပ်တန်းသို့ ရောက်ရှိနိုင်ပါမည်။ အောင်မြင်မှုရရန် အထောက်အကူဖြစ်သည့် စွမ်းအင်ကောင်းများ ဝင်ရောက်စီးဆင်းလာစေရန် ရုပ်ပိုင်းဆိုင်ရာအတားအဆီးရော စိတ်ပိုင်းဆိုင်ရာ အချုပ်အထွေးများကိုပါ ရှင်းလင်းဖယ်ရှားထားနိုင်ရန် လိုပါသည်။




ရုပ်ပိုင်းဆိုင်ရာအရ မျက်စိဖြင့် မမြင်ရသော ကောင်းသောချီဓာတ်များ အတားအဆီးမရှိ ဝင်ရောက်နိုင်ရန် (ပုံပါအတိုင်း) ပြတင်းတံခါးကိုဖွင့်၍ အခန်းအတွင်း ချီဓာတ်ဝင်ရာလမ်းကြောင်းရှင်းပေးထားရပါမည်။ အိမ်၌ အနည်းဆုံး ပြတင်းပေါက်တံခါး (၂) ပေါက်ဖွင့်ထားခြင်းအပြင် (ဖြစ်နိုင်ပါက) ကျန်သော ဝင်ပေါက်တံခါးများကိုပါ ဖွင့်ထားပေးသင့်သည်။ ချီဓာတ်ဝင်ရာလမ်းကြောင်း၌ အတားအဆီးရှိနေပါက ချီဓာတ်အတွက် အကန့်အသတ်သဘော သက်ဝင်သွားပြီး မိမိတိုးတက်ရာအကြောင်းများလည်း အကန့်အသတ်ရှိသည့်သဘော ဆောင်သွားပါမည်။

**၇၆။ ဆင်းရဲတွင်းနက်စေမည့်အခြေအနေများကို စွန့်လွှတ်၍ ကြီးပွားတိုးတက်ရေးကိုသာ စိတ်ကူးခြင်း**

ဘဝတစ်သက်တာအတွင်း ရှင်သန်ရပ်တည်ရာ၌ ဆင်းရဲတွင်းနက်စရာ အတိတ်နိမိတ်ဟူသမျှအား ချေဖျက်၍ ကြီးပွားချမ်းသာမှု နိမိတ်ဆောင်သည့် နေထိုင်ပြုမူမှုများဖြင့် ရပ်တည်နိုင်မှသာ အမှန်တကယ် ကြီးပွားချမ်းသာသည့် ဘဝကို ပိုင်ဆိုင်နိုင်ပါမည်။



ကြီးပွားချမ်းသာခြင်းနိမိတ်ပိုင်ဆိုင်နိုင်ရန် သင့်အိမ်၏ထမင်းစားခန်းအတွင်း စားပွဲပေါ်၌ သင်သုံးဆောင်ရန် လိုအပ်သည်ထက် စားသောက်ဖွယ်ရာများအား တင်ထားပေးရပါမည်။ စားပွဲပေါ်ရှိသမျှ အကုန်စားခြင်းမရှိသော်လည်း တိုးတက်ကြီးပွားမည့်နိမိတ်၊ အစာရေစာအမြဲ



ပိုလျှံစွာ ရှိနေသည့်နိမိတ်ကို ဖြစ်စေပါသည်။ အထူးသဖြင့် ဧည့်သည်များလာသည့်အချိန်၌ အဆိုပါ စားပွဲပေါ် စားသောက်ဖွယ်ရာအပြည့်ဖြင့် စကားစမြည်ပြောဆိုစားသောက်ခြင်းအားဖြင့် ထမင်းစားခန်းအတွင်း ယန်စွမ်းအင်စီးဆင်းမှုအချိန် ပိုမိုကြာရှည်စေပါသည်။ ချမ်းသာနိုင်မည့် အတိတ်နိမိတ်ကို ဖုန်းရွှေပညာရပ်နှင့်အညီ ခွဲခြားနားလည်စွာ ရယူနိုင်သလို ဆင်းရဲတွင်းနက်စေမည့် အပြောအဆို၊ အပြုအမူ၊ အနေအထိုင်များကိုလည်း သတိပြု ဆင်ခြင်နိုင်ရပါမည်။ ဆင်းရဲခြင်းလမ်းကြောင်းပေါ်သို့ ဦးတည်နေသည့်အနေအထားမှာ တစ်ပါးသူအပေါ် ပေးကမ်းစွန့်ကြဲရန် နှမြောတွန့်တိုခြင်း၊ သူတစ်ပါးဆီမှ အလကားရယူလိုခြင်း ဟူသည့် စိတ်သဘောထားများပင် ဖြစ်သည်။ ထို့ကြောင့် ဆင်းရဲခြင်းအတွက် အခြေခံသည့် ကပ်စေးနှဲတတ်သူများမဖြစ်ရန်၊ အလှူအတန်း ရက်ရောရန်နှင့် ချမ်းသာခြင်း အတိတ်နိမိတ်များကို ဖုန်းရွှေနည်းအရ ဖိတ်ခေါ်တတ်ရန် ကြိုးစားသင့်ပါသည်။

**၇၇။ အတွင်းရန်သူဖြစ်သော မကောင်းသောစိတ်ထားများကို လျှော့ကျပျက်ပြယ်စေခြင်း**

မိမိဘဝတိုးတက်မှုအတွက်နှောင့်နှေးကြန့်ကြာစေသည့် အကြီးမားဆုံးရန်သူမှာ ရန်လိုဘက်ပြိုင်ခြင်း၊ သံသယများ တတ်ခြင်းနှင့် အလျှော့မပေးတတ်ခြင်း



www.burmeseclassic.com

www.burmeseclassic.com




ဟူသည့် မကောင်းသောစိတ်ထားများ ပင် ဖြစ်သည်။ အဆိုပါ မကောင်းသော စိတ်ထားများရှိနေသရွေ့ မိမိ၏အလုပ် အကိုင်၊ ပြောဆိုဆက်ဆံမှု၊ လူမှုအသိုင်း အဝိုင်းအတွင်း ရပ်တည်နိုင်မှု၊ စိတ်ချမ်း မြေ့ပျော်ရွှင်နိုင်မှုတို့အတွက် အမြဲတစေ အနှောင့်အယှက်ဖြစ်နေပါမည်။ အထူး သဖြင့် မိမိကိုယ်မိမိ မယုံကြည်ဘဲ ယုံ မှားသံသယရှိနေခြင်းက အဆိုးဆုံးဖြစ် သည်။ မိမိစိတ်အတွင်း ကိန်းအောင်းနေ သည့် အထက်ပါ မကောင်းသောစိတ် ထားများအား လျှော့ချပျက်ပြယ်အောင် ကြိုးစားနိုင်ခြင်းဖြင့် မိမိနှင့် ထိုက်တန် သော မြင့်မြတ်သည့်နေရာသို့ ရောက်ရှိ နိုင်ပါမည်။

**၇၇။ မသိစိတ်အတွင်းရှိနေသည့်အလိုဆန္ဒ များကို လက်တွေ့အကောင်အထည်ဖော် ခြင်း**

မသိစိတ်အတွင်းကိန်းအောင်းနေ သည့် အလိုဆန္ဒများအား လက်တွေ့အ ကောင်အထည်ဖော်နိုင်ရန် မိမိနေထိုင် ရာအခန်းအတွင်း ပရိဘောဂများအား ဖုန်းရွှေနှင့်အညီ နေရာရွှေ့ပြောင်းပေး ခြင်း၊ ထိုင်နေစဉ်အချိန်နှင့် အိပ်စက်နေ စဉ်အတွင်း မိမိမျက်နှာမူရာအရပ် မှန် ကန်မှုရှိစေခြင်း၊ အခန်းအတွင်းရှိထောင့် အားလုံးက ကောင်းသော ချီဓာတ်များ ဝင်ရောက်နိုင်ရန် ရှင်းလင်းမှုရှိခြင်းတို့နှင့် ပြည့်စုံရပါမည်။ မိမိနှင့်သက်ဆိုင်သော (မိမိအား နှစ်အလိုက် ကောင်းကျိုးပြု သော) အရပ်ထောင့်အား မှန်ကန်စွာ သိနိုင်ရန် ဖုန်းရွှေအိမ်မြှောင်စက်ဝိုင်းကို အသုံးပြုပါ။

**၇၉။ ခန္ဓာကိုယ်အတွင်းချီဓာတ်ဝင်ရောက် လမ်းကြောင်းများ ရှင်းလင်းနေခြင်း**

ခန္ဓာကိုယ်အတွင်း၌ စိတ်ပိုင်းဆိုင် ရာအညစ်အကြေးများ၏ တားဆီးပိတ် ဆို့မှုကြောင့် ကောင်းသောချီဓာတ်များ ဝင်ရောက်နိုင်ခြင်းမရှိဘဲ အရာရာအောင်



မြင်မှုအတွက် နောက်ကျကျန်နေတ ပါသည်။ ခန္ဓာကိုယ်အတွင်း ဝင်ရော တည်ရှိနေသည့် ချီဓာတ်က ပြင်ပပေ ကမှချီဓာတ်ထက် ပိုမိုအစွမ်းထက်မြ မှုရှိသည်။ ထို့ကြောင့် ခန္ဓာကိုယ်အတွ ချီဓာတ်ဝင်ရာ လမ်းကြောင်းများ ရှ လင်းနေစေရန်၊ စိတ်ပိုင်းဆိုင်ရာအည အကြေးများကို ဖယ်ရှားရန်အတွက် ၏တိတ်ဆိတ်ငြိမ်သက်ရာအခန်းအတွ နေ့စဉ် (၁၀) မိနစ်ခန့် တရားထိုင်ပေး တရားထိုင်နေစဉ် စိတ်အာရုံထဲမှ ပင့် မှျင်များအား လေတိုက်၍ လွင့်ပါးသ စေသည့်ပုံပေါ်အောင် ကြည့်ရှုပေး စိတ်အာရုံအတွင်း တိုက်သောလေသ မိမိရှူသွင်းလိုက်သောလေဖြစ်ပြီး ပင့် မှျင်များသည် စိတ်၏ အညစ်အကြေ (အတားအဆီး)များပင်ဖြစ်သည်။အခ (၁၀) မိနစ်အတွင်း ကြိမ်ဖန်များ အသက်ရှူသွင်း၊ ထုတ်လုပ်ပေးခြင်း သန့်စင်သောလေနှင့် တစ်သားတည ကျအောင် စိတ်ကြည်လင် လန်းဆ လာပါမည်။ စိတ်ကြည်လင်လန်းဆ လာသည်နှင့် ခန္ဓာကိုယ်အတွင်း ချီဓာ ဝင်ရောက်ရန် အခွင့်အလမ်းများစွာ လာပြီ ဖြစ်သည်။

**၈၀။ ကံကောင်းခြင်းသဘော၏အနှစ်သာ ကို ပြုစုပျိုးထောင်ခြင်း**

လူတစ်ဦးအတွက်ကံကောင်းခြ သဘောများ တာရှည်မြဲအောင် ထိ သိမ်းနိုင်သလို ကံဆိုးခြင်းများ မဝ ရောက်နိုင်အောင်လည်း ရေရှည်တာ ဆီးနိုင်ရန် လိုပါသည်။ စိတ်ကြည်လ လန်းဆန်းနေချိန်များ၌ ခန္ဓာကိုယ်တွင်း ချီဓာတ်များက ကောင်းသော စိတ် အတွေးအခေါ်၊ အကြံအစည်များကို ကောင်အထည်ဖော်စေပြီး ဒေါသထွ နေချိန်၊ စိတ်သောကဖိစီးနေချိန်များ မကောင်းသော ချီဓာတ်တို့၏ ထုံးစံ တိုင်း အရာရာ အနုတ်လက္ခဏာပြစေ သည်။ စိတ်ပိုင်းဆိုင်ရာ အခြေအနေ အတွက် မည်သို့သောအဆိုးများနှင့်ကြ ကြုံ ကောင်းသော ချီဓာတ်များအား ရာပေးရန်အတွက် စိတ်၏ အညစ်အ ကြေးများအား အလျင်အမြန် ဖယ်ရှ ပစ်ရန် လိုပါသည်။ သို့မှသာ မည်သ အခြေအနေမှာဖြစ်စေ ကံကောင်းခြင် သဘော၏အနှစ်သာရများ တစ်စတစ် မြှင့်တင်ပေးနိုင်ပါမည်။

ဦးအောင်လှိုင်(သ



www.burmeseclassic.com

www.burmeseclassic.com



(ထားဝယ်)

# မောင်သန်းဆွေ
# အမေရေယဉ်

**နတ်ဖြစ်စဉ်သမိုင်း**

ပုဂံပြည့်ရှင် မဏိစည်သူဘုရင်၏ မြောက်နန်းမိဖုရား နာဂသိန်မှာ စုန်း ဖြစ်သည်။ ညဘက်တွင် စုန်းမမိဖုရား နာဂသိန်သည် ကောင်းကင်သို့တက်၍ စုန်းတောက်စားသည်။

ကဒူးကနန်းဒေသမှ တောင်ဦး နယ်စား ပဗ္ဗဘရာဇာတွင် နှမ (၄) ယောက်ရှိသည်။ ရှင်ဦး၊ ရှင်ဖြူ၊ ရှင်ကြူ နှင့် အငယ်ဆုံးမှာ ရှင်ထူး ဖြစ်သည်။ ညီမ(၄)ယောက်လုံးသည် စုန်းအတတ် တတ်ကြသည်။ အစ်မကြီး ရှင်ဦးမှာ ယောကတော် ဖြစ်သည်။ ရှင်ဖြူမှာ မြောက်ဘက်ရှင့်မဖြစ်၍ ရှင်ကြူမှာ ဆည်ကတော် ဖြစ်သည်။ ကောင်းကင် တွင် စုန်းတောက်စားနေချိန် မိဖုရား နာဂသိန်နှင့် တွေ့ကြရာ အပြောအဆို မောက်မာသည့်အတွက် စိတ်မြန်သော ညီမအငယ်ဆုံး ရှင်ထူးက စက်(စုန်းကြိုး) ကို ဖြတ်လိုက်သဖြင့် မိဖုရားနာဂသိန် ကျသွားသည်။

ထို့ကြောင့် မိဖုရားနာဂသိန်သည် အကောက်ကြံကာ တောင်ဦးနယ်စား ပဗ္ဗဘရာဇာနှင့် နှမများ ပုန်ကန်သည်ဟု မမှန်မက်ကြောင်း လျှောက်ထားသဖြင့် ပုဂံသို့ မောင်နှမများ ကန်တော့လက် ဆောင်ဖြင့် လာရောက် ဆက်သကြရ မည်ဟု ဘုရင်ကအမိန့်တော်ထုတ်သည်။

အမိန့်တော်အတိုင်း မောင်နှမ(၅) ယောက် ပုဂံပြည်သို့ လာရောက်ကြရ သည်။ ညီမအငယ်ဆုံး ရှင်ထူးခေါ် စော နန်းမွန်မှာ စိတ်ဆတ်သည်။ ဒေသထွက် ကုန်ပစ္စည်းများနှင့် ဆက်သရန် လာကြ ရာ မြို့အဝင်ဝ၌ စစ်ဆေးခြင်းခံရသည်။ ဒေသထွက်ကုန် ဆီအိုးများကို-

"ဘာအိုးတွေလဲ"

ဟု မေးသဖြင့် ရှင်ထူးခေါ် စော နန်းမွန်က -

"မြွေတွေ"

ဟု ပြောလိုက်ရာ အဖုံးဖွင့်ကြည့် သည့်အခါ တကယ်ပင် မြွေများဖြစ်နေ ၍ အစောင့်စစ်သားများ ထွက်ပြေးကြရ သည်။ ထိုအဖြစ်ကြောင့် တောင်ဦးနယ် စားကို ညီမဖြစ်သူ ရှင်ထူးခေါ် စောနန်း မွန်အား ကိုယ်တိုင်သတ်ရမည်ဟု ဘုရင် က စီရင်ချက်ချသည်။ တောင်ဦးနယ် စားက မသတ်နိုင်ဟု ငြင်းသဖြင့် မောင် နှမ (၂) ယောက်လုံးအား ကွပ်မျက်စေ ရန် အမိန့်တော်ချမှတ်ပြန်သည်။

မောင်နှမ(၂)ယောက်ကို ဆင်ဖြင့် နင်းသတ်သည်။ စောနန်းမွန်သည် စုန်း စိတ်ဝင်လာကာ ဆင်ကို အစွယ်ချိုးလိုက် သည်။ တစ်ဖန် ကျားဆိုးများကိုလွှတ်၍ စားစေပြန်သည်။ စောနန်းမွန်က စုန်း စိတ်ဖြင့် ကျားကို စေလိုက်သဖြင့် ကျား က အစောင့်နှင့် အာဏာသားတို့ကို လိုက်လံ ကိုက်သတ်ပြန်သည်။

စောနန်းမွန်သည် ပြေးရင်း ပုံတောင်၊ ပုံညာဒေသသို့ ရောက်သွား သည်။ သူ့အား လိုက်သတ်စေသည့် နောင်တော် တောင်ဦးနယ်စားနှင့် တွေ့ ပြီး အကြောင်းစုံသိရသဖြင့် ဒေါသအ လွန်ထွက်ပြီး ပုဂံပြည်ကြီးအား ဖျက်ဆီး ပစ်မည်ဟု ကြိမ်းဝါးလေသည်။

သာသနာထွန်းကားသည့် ပုဂံ ပြည်ကြီးအား ဖျက်ဆီးမပစ်ရန် သိကြား မင်းက ဝင်၍တားဆီးသည်။ တားဆီးရုံ





www.burmeseclassic.com


www.burmeseclassic.com

မက စုန်းပညာကို အလျှုံခံ့ကာ စောနန်းမွန်အား ဝိဇ္ဇာမယသိဒ္ဓိရှင်အဖြစ် ပြောင်းလဲပစ်လိုက်သည်။ စောနန်းမွန်ထံမှ အသက်ဘူးကို နှုတ်ထားလိုက်သည် ဆိုသည်။ ‌စောနန်းမွန်သည် မခံချင်စိတ်ဖြင့် မြေကိုဖနောင့်နှင့်ပေါက်လိုက်ရာ ဖနောင့်အရာမှ ရေများထွက်လာသည်။ ထိုရေဖြင့် လူများကို တိုက်ကျွေးပါက ရောဂါပျောက်ကင်းသည်။ ထို့ကြောင့် စောနန်းမွန်ကို အမေရေယဉ် သို့မဟုတ် ရေယဉ်ကတော်ဟု ခေါ်ကြသည်။

မကြာမီ ထိုအရပ်သို့ မဏိစည်သူမင်းကြီး ဖောင်စကြာဖြင့် ရောက်လာသည်။ အမေရေယဉ်ရှိသည့်နေရာသို့ ရောက်သော်အခါ ဖောင်စကြာသည် အလိုအလျောက် ရပ်တန့်သွားသည်။ ကြိမ်စကြာဖြင့် ရိုက်လိုက်သောအခါ သာမန်ပုဂ္ဂိုလ်ဆိုပါက ဖောင်တော်ဦးကို ဦးခိုက်ပြီး ရှေ့တော်ရောက်ရသည်။ အမေရေယဉ်ကမူ ဤသို့မဟုတ်ပေ။ ထဘီကို စွန်တောင်ဆွဲပြီး ရေပေါ် ဖိနပ်စီး၍ ဖောင်စကြာရှိရာသို့ လမ်းလျှောက်လာသည်။ အကြောင်းစုံကို မဏိစည်သူမင်းကြီး သိရှိသွားသောအခါ ထိုနေရာ၌ ဖောင်တော်ဦးဘုရားဟု စေတီတစ်ဆူတည်ပေးပြီး သစ်ကနက် (သက်န်းနက်) ရုပ်ပွားတော်တစ်ဆူကိုလည်းပေးခဲ့သည်။ အမေရေယဉ်ကိုလည်း ဇီးတောမောင်းတုံတစ်ဝိုက်ကို အပိုင်စား ပေးသနားတော်မူသည်။

တကောင်းဘုရင် ဗေဟိန္ဒသည် ကာမဒေဝီမယ်တော်၏သား ဖြစ်သည်။ ဗေဟိန္ဒသည် ကဝေသာရဘိုးဘိုးကြီး ဖြစ်၏။ တောင်ဦးနယ်စားနှင့် အမေရေယဉ်ဖြစ်နေသော စောနန်းမွန်ကို တွေ့သောအခါ အံသံနယ် အာသနတိုင်းရှိ မယ်တော် ကာမဒေဝီထံ ခေါ်သွားပြီး ကဝေသာရဘူတဝါဟနပညာ သင်ယူစေသည်။ ထို့ကြောင့် အမေရေယဉ်သည် သိကြားမင်းအား လျှုလိုက်ရသောပညာထက်စွမ်းသည့်ပညာကို သင်ယူရရှိသည်။ နောင်တော် တောင်ဦးနယ်စားနှင့်အတူ အစ်မတော် (၃) ပါး အကြောင်းစုံစမ်းရာ ပုဂံတွင် အကျဉ်းကျနေသည်ဟု သိရသည်။ ပုဂံမိဖုရား နာဂသိန်က နှိပ်စက်လွန်းသဖြင့် ယင်းမာပင်နယ်သားများ လာရောက် ကယ်တင်သွားကြသည်။ ညီအစ်မ (၃) ယောက်သည် နေ့ဘက်တွင် ပုန်းနေပြီး ညဘက်တွင်သာ ခရီးသွားရသည်။ ယောနယ်၊ ဆောနယ်သို့ သွားကြခြင်း ဖြစ်၏။ ထို


အမေရေယဉ်၏အသက်ဘူးထည့်ထားသည့်ကြုတ်


အမေရေယဉ်၏အသက်ဘူးအားဖွင့်၍ပြသထားပုံ

အခိုက် ရှင်ဖြူးမှာ ကျန်ညီအစ်မများနှင့် ကွဲသွားလေသည်။ ပုဂံမိဖုရား နာဂသိန်သည် ညီအစ်မ (၃) ဖော် လွတ်မြောက်သွားသဖြင့် ဇီးတောမောင်းတုံဘက်သို့ လိုက်လာသည်။ ထိုအချိန်တွင် ရေယဉ်ကတော်ရောက်လာပြီး စုန်းတလင်းတွင် ပညာပြိုင်ကြရာ နာဂသိန် ရှုံးပြီး ထွက်ပြေးရသည်။ ကွဲသွားသော ရှင်ဖြူးက ညီအစ်မများ ပြန်တွေ့မည်ဆိုပါက သူရောက်ရှိသည့် မြစ်သာမြစ်ရေသည် တောင်အရပ်မှ မြောက်အရပ်သို့ ပြန်စီးပါစေဟု အဓိဋ္ဌာန်လိုက်ရာ မြစ်သည် တောင်အရပ်မှ မြောက်အရပ်သို့ စီးဆင်းသွားရသည်။ ရှင်ဖြူးသည် ထီးလင်းမြို့စား၏သား ကျော်စွာနှင့်တွေ့ပြီး ဖူးစာဆုံရသည်။ ကျော်စွာ ခရီးထွက်နေခိုက် ယောကျ်ားမများဖြူစူ၍ နှင်ချသဖြင့် တောနက်အတွင်း ကလေးမျက်နှာမြင်ရသည်။ ဤသို့ ရှင်ဖြူးဒုက္ခရောက်နေခိုက် ကဝေ

သာရဘိုးဘိုးကြီးက တောင်ဦးနယ်စား အား ရှင်ဖြူးထံ ပို့ပေးသည်။ တောင်ဦး နယ်စားလက်ပေါ်တွင် ရှင်ဖြူး မီးဖွား ရင်း ခန္ဓာစဲသဖြင့် သားပိုက်မယ်တော် ခေါ်သည်။ ထို့ကြောင့် မြောက်ဘက် ရှင်မ ရှင်ဖြူးကို သားပိုက်မယ်တော် ခေါ်ခြင်း ဖြစ်သည်။ အမေရေယဉ်၏ နတ်နန်းဘေးတွင် နေခွင့်ပေးပြီး မီးယ သည်များအား စောင့်ရှောက်စေသည် ရှင်ဖြူးကို နှောဲကတော်ဟုလည်း ခေါ် ကြသည်။

နောက်ဆုံး၌ ပညာသည် ယော ကတော်ရှင်ဦး၊ မြောက်ဘက်ရှင်မခေါ် သားပိုက်မယ်တော် ခေါ် နှောကတော် ရှင်ဖြူး၊ ဆည်ကတော် ရှင်ကြူး၊ အငယ် ဆုံးညီမ ရေယဉ်ကတော် ရှင်ထူးခေါ် စောနန်းမွန်တို့ညီအစ်မ(၄)ပါး ပြန်လည် ဆုံကြသည်။

အမေရေယဉ်ပွဲသို့ လာ



www.burmeseclassic.com

www.burmeseclassic.com

ပူဇော်ပသ စားတော်ခ ရေစင်သောက်ကြရသောသူများသည် နွားလှည်းဖြင့် လာရောက်ကြသောသူများဖြစ်ပါက ပွဲတော်သို့ရောက်လျှင် အမေရေယဉ်ရောက်ပါပြီ ဆိုကာ လှည်းဦးကိုလွှတ်ချရ၏။ ထိုသို့ လွှတ်ချသော်လည်း အမေရေယဉ်အတွက် စားတော်ခယရန် ပါလာသော စားတော်စာများမှာ ဖိတ်စဉ်ခြင်း လုံးဝမရှိဟု ဆိုကြသည်။

ဝါဆိုလဆန်း ၁၀ ရက်နေ့တွင် အမေရေယဉ်သည် နှစ်စဉ် ဥပုသ်ဆောင်ဝင်သည်။ ထိုနေ့တွင် ဝါဆိုကနားကျင်းပကြသည်။ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့တွင်မူ အမေ ဥပုသ်ဆောင်မှထွက်သည့်အထိမ်းအမှတ်အဖြစ် အမေရေယဉ်ဘုရားအား ဆွမ်းကပ်လှူဒါန်းကြသည်။

အမေရေယဉ်နန်းသို့ သွားလိုလျှင် မုံရွာတစ်ဖက်ကမ်း ချင်းတွင်းမြစ်ကိုကူး၍ ညောင်ပင်ကြီးရွာသို့ သွားရသည်။ ညောင်ပင်ကြီးမှ ယင်းမာပင်မြို့ကို ဖြတ်ကာ (၅) မိုင်ခွဲသွားလျှင် လယ်ငေါက်လမ်းခွဲမှ ပုလဲသို့မသွားဘဲ မောင်းတုံသို့သွားသောလမ်းအတိုင်း လိုက်သွားပါက (၉) မိုင်ခွဲမျှသွားလျှင် အမေရေယဉ်၏မောင်းတုံနန်းသို့ရောက်သည်။ မောင်းတုံနန်းသည် အတွင်းနန်းဖြစ်၍ အပြင်နန်းမှာ ဇီးတောရွာ၌ရှိသည်။

**ပွဲတော်ရက်နှင့်အခမ်းအနားများ**

အမေရေယဉ်ပွဲတော်ကို တပေါင်းလ၌ ပြုလုပ်သည်။ တပေါင်းလပြည့်ကျော် ၄ ရက်နေ့သည် အတွင်းနန်းမောင်းတုံရွာတွင် အပူဇော်ခံပြီး ချိုးရေတော်သုံးသည်။

၅ ရက်နေ့တွင် ဇီးတောရွာအနီးရှိ သက်ပျောက်နန်းသို့ နံနက် နေတက်ချိန်တွင်အပူဇော်ခံထွက်သည်။ ရှေ့ဆုံးမှ ဆုကြားမင်းပေးသည်ဆိုသော သစ်ကတော်(သက်နှင်းနက်)သားဗုဒ္ဓဆင်းတုတော်ကို ရွာသူရွာသားများက ပင့်ဆောင်လာသည်။ ၎င်းနောက်မှ အမေရေယဉ်စီးတော်ပါသောလှည်းလိုက်လာရသည်။ ထိုလှည်းနောက်တွင် ကျားထမ်း၊ ဓားထမ်း လှိုင်းထမ်း၊ သိုင်းထမ်းလိုက်ပါလာပြီးနောက် အမျိုးသမီးများက ပန်းအိုးကိုယ်စီနှင့် လိုက်ပါလာကြသည်။ ထိုနေ့မှစ၍ တပေါင်းလပြည့်ကျော် ၈ ရက်နေ့အထိ ဇီးတောရှိ အပြင်နန်း၌ အပူဇော်ခံသည်။ ထိုနန်းတွင် အမေရေယဉ်ကို ပူဇော်ကြရသည်။



လပြည့်ကျော် ၆ ရက်နေ့တွင် ဖောင်တော်ဦးဘုရား ဆွမ်းကြီးလောင်းပွဲကျင်းပသည်။ လပြည့်ကျော် ၈ ရက်နေ့တွင် အမေရေယဉ်သည် အပြင်နန်းမှ မောင်းတုံရွာရှိ အတွင်းနန်းသို့ ပြန်လည်ကြွချီတော်မူသည်။ ထိုနေ့တွင် ကနားသိမ်း၊ ကျားသိမ်းကို ရိုးရာမပျက် ဆောင်ရွက်ကြရသည်။ ညတွင် မောင်းတုံရွာနှင့် အနီးတစ်ဝိုက်ရှိ ကျေးရွာများမှ ရွာသူရွာသားများသည် အောင်မြင်မှုရရန်အတွက် ဓားသွေးကြရသည်။ ကနားသိမ်း၊ ကျားသိမ်းပြီးသည့်အခါ ရွှေမိုးငွေမိုးရွာပေးကြသည်။

**အမေရေယဉ်စံနန်းမှ တွေ့ရှိမှုများ**

စာရေးသူတို့ အမေရေယဉ်နန်းသို့သွားစဉ်က အပြင်နန်းတွင် အမေရေယဉ်ပုံတော်မှာ ပြာသာဒ်ငယ်နှင့် ဖြစ်သည်။ ဘေးတွင် အမေရေယဉ်၏ အသက်ဘူးကိန်းအောင်းရာ ငွေထုံးဘူးကြီးရှိသည်။ နန်းထိန်းက ဖွင့်ပြပါသည်။ ထုံးဘူးအတွင်းမှ အသက်ဘူးအနီးရှိ ဂွမ်းစများကို အနည်းငယ်စီ ဝေငှပေးသည်။

မောင်းတုံရွာရှိ အတွင်းစံနန်းတွင် ရှေးအစဉ်လာ မောင်းတစ်လုံး ချိတ်ဆွဲထားသည်ကို တွေ့ရသည်။ အမေရေယဉ်အား ပူဇော်ပသပြီး မိမိလိုအပ်သည်များကို အဓိဋ္ဌာန်ကာ မောင်းတီးပြီး ဆုတောင်းရသည်။ အမေရေယဉ်အား စားတော်စာဆက်ပြီးသည့်အခါတွင်လည်း ထိုမောင်းကြီးအား တီးလေ့ရှိကြသည်။ အမေရေယဉ်နန်းသို့ ရောက်လာသူများက မောင်းတီး၍ ရောက်ကြောင်း သံတော်ဦးတင်သကဲ့သို့ ပြန်မည်ဆိုလျှင်လည်း မောင်းတီး၍ အမေကြီးအား လျှောက်ထားကြသည်။

အမေရေယဉ်တွင် ရှေးအစဉ်အဆက်ကတည်းက လက်သုံးတော်ဓားများ ရှိသည်။ ထိုဓားများသည် အစွမ်းထက်သည်ဟု ယုံကြည်ကြသည်။ အတိုက်အခိုက် အပြိုင်အဆိုင်ရှိလျှင် ဦးခေါင်းပေါ်မှာ အမေကြီးဓားမိုး၍ ဖယ်ရှားရုံနှင့် အန္တရာယ်ကင်းရှင်းသည်ဟု ပြောကြ၏။ အိမ်ကနားများတွင်သော်လည်းကောင်း၊ အမေရေယဉ်၏နန်းတွင်သော် လည်းကောင်း နတ်ချော့ကြသောအခါ သုံးကြိမ်သုံးခါဓားသွေးကြရသည်။ ပထမအကြိမ်ဓားသွေးခြင်းမှာ ဘေးရန်ကင်း၍ လူတကာနှင့်ယှဉ်ပြိုင်လျှင် နိုင်စေရန် ဖြစ်သည်။ ဒုတိယအကြိမ် ဓားသွေးခြင်းမှာ ဥစ္စာရွှေငွေပေါများစေရန်ဖြစ်သည်။ တတိယအကြိမ် ဓားသွေးခြင်းမှာ စိတ္တသုခနှင့် ကာယသုခ ပြည့်စုံစေရန်ဖြစ်သည်ဟု ပြောကြသည်။ အိမ်ကနားများတွင် ဓားသုံးကြိမ်သုံးခါသွေးသော်လည်း ဓားသွေးကြေးကို ဆိုင်းဆရာ ရွာစားကိုသာ ပေးသနားရသည်။

**အမေရေယဉ်နှင့် အပေါင်းအသင်းနတ်တို့အတွက် နတ်ပင့်**

*အနောက်ပိုင်းတစ်ခွင်၌ အစိုးရသော အမေဆည်ကတော်၊ အမေကင်းကတော်၊ မြောက်ဘက်ရှင်မ၊ ကတူးမယ်တော်၊ ကျောက်စီဓားနှင့် အနောက်မိဖုရား၊ စေတနာမခန်းတဲ့ အောင်ချမ်းသာအမေဂျမ်း၊ ဆပ်သွားဖူးနှင့်ရေဦးသူ၊ ဆပ်သွားပင်နှင့် ရေယဉ်သူ၊ ကြိမ်ပိုက်တောနှင့် မျှော့တောသူ၊ အကြောင်းဆုံလို့၊ မောင်းတုံကနေ၊ ဖင်အောက်မှာကျား၊ လက်မှာဓားနှင့်၊ မြွေပွေး မြွေဟောက်၊ ငန်းခြောက်တစ်သွယ်၊ လူကိုပင်လဲ၊ လူသည်းစား၍၊ ကျားကိုပင်လဲ၊ ကျားသည်းစား၍၊ မြွေရဲ့အရိုး၊ ဆံထိုးထိုးပြီး၊ စပါးကြီးစပါးအုံး၊ ခေါင်းအုံးလုပ်ပြီး၊ အပြိုင်နှင့်အဆိုင်၊ အနိုင်ကို ပေးစွမ်းနိုင်တဲ့၊ ပညာသီးချ၊ ကြိုးခေါင်းရပ်က အုပ်စိုး၍ အတောမသတ်နိုင်သော ပယောဂအားလုံးတို့နှင့်၊ မကောင်းသည့်ဘက်၊ ကြိုးစက်ကွင်းတွေ၊ ဖယ်ရှင်း ဖယ်ရှားပေးနိုင်သော၊ သမြေတင်ပါတဲ့၊ ဟော်နန်းထိပ်တင်၊ အမေရေယဉ်နှင့် မယ်တော်အပေါင်း၊ ကြွစေကြောင်းဖြင့်၊ မေတ္တာရေလောင်း၊ ဆုတောင်းပတ္ထနာ၊ ပြုကာသဖြင့်၊ ပင့်ဆောင်ပါသည်၊ မယ်တော်မြတ်အပေါင်းတို့ဘုရား။*

မောင်သန်းဆွေ (ထားဝယ်)



www.burmeseclassic.com

www.burmeseclassic.com

အရှေ့ဘက်ကောင်းကင်မှ မိုး သောက်ကြယ်ကြီးထွက်လာနေလေပြီ။ မိုးသောက်ကြယ်ကြီးကို သစ်ခြောက်ပင်တို့အကြားမှ ဖွေးဖွေးမှုမြင်နေရသည်။ မိုးသောက်ကြယ်ကြီးထွက်လျှင် အရုဏ်တက်ပြီဟု သိနိုင်သည်။ ထို့ကြောင့် မိုးသောက်ကြယ်ကြီးမှာ နာရီမဆောင်နိုင်ကြသော တောသူတောင်သားများအဖို့ အရုဏ်တက်နာရီကြီးပင် ဖြစ်လေသည်။

နေ့ခင်းအချိန်များမှာမူ သဲနာရီ၊ ရေနာရီ၊ နေနာရီ စသည်များကို အသုံးပြု၍ရသော်လည်း အရုဏ်တက်အချိန်ကိုမူ ဤမိုးသောက်ကြယ်ကြီးကိုပင် အမှတ်အသားပြုကြရသည်။ မိုးသောက်ကြယ်ကြီးထွက်လျှင် အရုဏ်တက်သည်ဟု တောသူတောင်သားတိုင်း သိထားနားလည်ကြသည်။

"ထွန်းမြအောင်၊ တို့မြန်မြန်လှမ်းမှဖြစ်တော့မှာကွ။ အခု မိုးသောက်ကြယ်ကြီးတောင် သစ်ရိပ်လွတ်လာနေပြီဆိုတော့ ဖြည်းဖြည်းမှန်မှန်သွားနေလို့ ဘိုးသြဘာရဲ့ ဖိုရုံကျောင်းလေးကို အရုဏ်ဆွမ်းမီမယ်မထင်ဘူး"

ဟု ဦးမောင်ပုချေက ပြော၏။

ကိုထွန်းမြအောင်က မိုးသောက်ကြယ်ကြီးကို တစ်ချက်မော့ကြည့်လိုက်ပြီး -

"မီပါတယ် ဘေးဘေးရဲ့။ မှန်မှန်ပဲလျှောက်စမ်းပါ။ ဘိုးသြဘာရဲ့ ဖိုရုံကျောင်းလေးက ဘယ်လောက်ဝေးလို့လဲ"

ဘေးဘေးမှာ အဖေ၏ညီဟူ၍ဖြစ်သည်။


"မီတယ်မလုပ်နဲ့ကွ။ တော်ကြာ မိုးလင်းမှ သူ့ကို အရုဏ်ဆွမ်းလာပို့ရကောင်းလားဆိုပြီး ကြိမ်နဲ့လိုက်နေပါ့မယ်။ ဖိုးစိတ်တိုကြီးအကြောင်းကို မင်းလည်းသိသားနဲ့"

"အဲလောက်မှ ဘေးဘေးစိတ်မချရင် ဂျပန်လမ်းဟောင်းအတိုင်းမသွားဘဲ တောလမ်းဘက်က သွားရအောင်"

"ဟာ- သိပ်ကိုကောင်းတာပေါ့ကွ။ တောလမ်းဆိုတာ ဖြတ်လမ်းချည်း

# မင်းဟိန်းထိုက်

## ဘိုးသြဘာနှင့်ကျားဆိုးကြီး





www.burmeseclassic.com

www.burmeseclassic.com

ဖြစ်တော့ ပိုမြန်တာပေါ့။ ဒါပေမယ့် တောလမ်းကသွားမယ်ဆိုရင်တော့ ဟို ဝက်ဆရာကိုလည်း သတိထားမှဖြစ်မှ နော်"

"စိတ်ချပါ။ ကျွန်တော့်မှာ တူမီးကြီးပါတာပဲ၊ ဘေးဘေရဲ့ ဝက်ဆရာ လောက်တော့ မမှုပါဘူး။ ယီးတီးယားတားလာလုပ်ရင် ထွက်ပေါက်ကျယ်သွားမှာပေါ့"

ဟု ပြောပြီး ကိုထွန်းမြအောင်က သူ့တူမီးသေနတ်ကြီးကို ကိုင်မြှောက်ပြ၏။

"အေး- မင်းတူမီးသေနတ်က ဝက်ဆရာအတွက် အသုံးတည့်ပေမယ့် ဖိုးစိတ်တိုကြီးကိုလည်းထည့်တွက်ဦးနော်။





www.burmeseclassic.com

www.burmeseclassic.com

တော်ကြာ သူ့ကျောင်းထဲ သေနတ်ကြီး ကားရားကားရားနဲ့ ဝင်လာရကောင်း လားဆိုပြီး ကြိမ်စာမိနေဦးမယ်"

"အဲတာလည်း စိတ်ချ။ သူ့ဖိုရုံ ကျောင်းလေး မရောက်ခင် ချုံထဲထိုးထား ခဲ့မှာပေါ့"

ဦးမောင်ပုချေနှင့် ကိုထွန်းမြ အောင်တို့ ပြောနေကြသည့် ဝက်ဆရာ ဟူသည်မှာ ကျားဆိုးကြီးတစ်ကောင်၏ အကြောင်းပင် ဖြစ်သည်။ သည်တစ် လောတွင် ကျားဆိုးကြီးတစ်ကောင် သောင်းကျန်းနေသည်။ ရခိုင်ရိုးမကြီး ထဲမှ ရေငန်သောက်ရန် ဆင်းလာသော ကျားကြီးတစ်ကောင်သည် ရေငန်သောက် ပြီး အပြန်တွင် ကိုင်းတဲက ဝက်ကြီးတစ် ကောင်ကို ကိုက်သတ်ပြီးစား၏။

ထို့နောက် အိမ်ဝက်သားကိုပါးစပ် တွေ့သွားပြီး တစ်ကောင်ပြီးတစ်ကောင် ကိုက်သတ်လာ၍ ကိုင်းတဲအုပ်စုပြိုပြေး ကြရသည်အထိ ဖြစ်သွား၏။ ကိုင်းတဲ သမားများ ပြိုပြေးသွားကြလျှင် တောင် ယာတဲသမား၊ လယ်တဲသမား၊ ဥယျာဉ် တဲသမား စသည်ဖြင့် ဝက်မွေး၍ရှိကြ သော တဲအားလုံးကိုပင် ဆက်ကာဆက် ကာ ဒုက္ခပေးလေသည်။ထို့ကြောင့် ကျား ဆိုးကြီးဟူသောအမည်လည်းတွင်သွား လေသည်။ သို့သော်လည်း လူများကို အန္တရာယ်မပြု၍တော်သေးသည်။

ကျားဆိုးကြီးကလည်း ကျားအို ကြီးဖြစ်နေ၍ ပိုဆိုးသည်။ ကျားအိုကြီး များမှာ အသက်အရွယ်အရ ခါးကိုင်း၊ နားထိုင်း၊ မျက်စိမှိုင်းတည်းဟူသော ဇရာ ပိုင်းသို့ ရောက်လာနေ၍ တောထဲက အမဲသားကောင်များကို လိုက်ဖမ်းရန် မလွယ်ကူတော့ပေ။ ထို့ကြောင့် လွယ်ကူ သော အိမ်မွေးတိရစ္ဆာန်များကိုသာ အကြိုက်တွေ့သွားခြင်း ဖြစ်သည်။

အိမ်မွေးတိရစ္ဆာန်များတွင်လည်း အဓိက ဝက်များကိုသာကိုက်စားနေခြင်း ဖြစ်၏။ အိမ်မွေးတိရစ္ဆာန်များတွင် ဝက် များသည် နပ်ရည်ပါးရည်အနည်းဆုံးဖြစ် ၏။ ကွဲ၊ နွား စသော အိမ်မွေးတိရစ္ဆာန် များကိုမူ တောထဲတောင်ထဲသို့ လွှတ် ကျောင်းလေ့ရှိ၍ ကျားတို့၏အကြောင်း ကို သိကြသောကြောင့် နပ်ရည်ပါးရည်ရှိ ကြ၏။

ဝက်များကိုမူ ခြံလှောင်ခြင်း၊ ကြိုး ချည်ခြင်း၊ အပြင်ကိုလွှတ်ပေးလျှင်လည်း ခဏတစ်ဖြုတ်သာရှိခြင်းကြောင့် ဝက် များသည် တောအကြောင်းတောင်အ ကြောင်း၊ ကျားတို့၏အကြောင်း စသည် ဖြင့် မသိသောကြောင့် အလွန်မှန့်၏။ အစာစားပြီးလျှင် တအင်းအင်းဖြင့်ကျင်း ထိုးပြီး အိပ်နေလေ့ရှိ၏။ ထို့ကြောင့် လည်း ကျားဆိုးကျားအိုကြီးအတွက် စားသောက်စရာ အစာပရဘုတ် ဟင်း လက်သုပ်ဖြစ်ရလေ၏။

ကျားအိုကြီး ဖြစ်သောကြောင့် အလွန်မှုလည်း ပါးနပ်၏။ ရွာမှဆိုးများ လည်း ဝက်သေ (စားကြွင်း) ကို လင့်ထိုး ပြီးစောင့်ခြင်း၊ သတ်ကိုင်းထောင်ခြင်း၊ ကျော့ကွင်းထောင်ခြင်း၊ ရင်သတ်ဆူး၊ မောင်းပြန်ဆူး၊ အာကာဆူးထောင်ခြင်း စသည်ဖြင့် နည်းမျိုးစုံကိုသုံးပြီး ကြံစည် ကြ၏။ အစွမ်းရှိသမျှ ကြိုးစားကြ၏။ သို့ သော်လည်း အချည်းအနှီးသာ။ ကျား ဆိုး၊ ကျားအိုကြီးသည်ကား ပန်းပန် လျက်ပင်ဖြစ်၏။ လူ၊ ကွဲ၊ နွားစသည် များကို အန္တရာယ်မပြုဘဲ ဝက်များကို ချည်းသာ ပါးစပ်တွေ့နေလေ၏။ ထို့ ကြောင့် ရွာဝက်များသည်လည်း ပြုတ် မည့်အခါသို့ပင် ဆိုက်ရောက်လာလေ သည်။

"ဟိုက်ကောင် မင်းတူမီးသေနတ် ကြီးကိုထားခဲ့မယ်ဆိုရင် ဒီပေါက်ချုံထဲ ထိုးပြီး ရွက်ခြောက်တွေနဲ့ အုပ်ထားခဲ့ကွ"

ဦးမောင်ပုချေက ကိုထွန်းမြ အောင်အား သတိဖော်ပေးလိုက်၏။ ဘိုးဩဘာ၏ဖိုရုံကျောင်းလေးကိုလည်း လှမ်းမြင်နေရလေပြီ။ ထို့ကြောင့် ဝက် ဆရာ၏ရန်ကိုလည်း ကြောက်ရန်လိုအံ့ မထင်တော့။ ကိုထွန်းမြအောင်သည် ဦးမောင်ပုချေပြောသည့်အတိုင်း သူ၏ တူမီးသေနတ်ကြီးကို ပေါက်ချုံထဲသို့ ထိုး ထည့်ပြီး ဖက်ရွက်ခြောက်များဖြင့် ဖုံးအုပ် ထားခဲ့လေသည်။

ထိုနေရာမှ တောင်ကျသဲချောင်း လေးတစ်ချောင်းကိုဖြတ်ပြီး ညောင်ပင် ကြီးအောက်တွင်ရှိသော ဘိုးဩဘာဖိုရုံ ကျောင်းလေးကို လှမ်းကြည့်လိုက်ရာ ဘိုးဩဘာ၏ ဖိုရုံလေးနားတွင် ရဲရဲနီနေ သော မျက်လုံးကြီးနှစ်လုံးကို တွေ့လိုက် ကြလေသည်။ မိုးမလင်းသေးသဖြင့် အကောင်အထည်ကို ကောင်းစွာ မမြင် နိုင်သေးသော်လည်း ဤသည်မှာ ကျား မျက်လုံးကြီးနှစ်လုံးသာဖြစ်မည်ဟု သိ လိုက်ကြသည်နှင့်တစ်ပြိုင်နက် ဦးမောင် ပုချေနှင့် ကိုထွန်းမြအောင်တို့လည်း နောက်ကြောင်းခေါက်ပြီး သုတ်ခြေတင် လာကြလေသည်။

ပေဟဲဟဲဆိုက်ပြီးပြေးလာရင်းက သဲချောင်းလေး၏ သည်ဘက်ကမ်းကို ရောက်လျှင် ရပ်လိုက်ကြပြီး ကိုထွန်းမြ အောင်က ပေါက်ချုံအောက်က တူမီး သေနတ်ကြီးကို ဆွဲထုတ်ကာပြော၏။

"ဘိုးဩဘာမရှိလို့ ဖိုရုံထဲ ကျား ဝင်အိပ်နေတာဖြစ်မယ်ထင်တယ် ဘေး ဘေ"

"ဟုတ်မှာပေါ့ကွ။ ကျားဆိုတာ ... က ကြောင်လိုပဲ။ အင်မတန် အ... အကောင်းကြိုက်တယ်။ နွေးနွေးထွေး ထွေးလည်း နေတတ်တယ်။ ဒါကြောင့် လူနဲ့ဝေးလံပြီး လူမနေတော့တဲ့ တော ယာတဲတို့၊ လယ်တဲတို့ကို အရမ်းမ... သင့်ဘူး။ အဝေးကပင် အသံဗလံပြု... မှ သွားသင့်တယ်လို့ ပြောကြတာ... ငိုက်ဆိုက်ငိုက်ဆိုက်နဲ့ လျှောက်သွား... တဲထဲကို ခေါင်းလျှိုပြီးဝင်လိုက်တော့... တဲထဲမှာ ကျားဝင်အိပ်နေတာနဲ့တိုး... ဘာမှလုပ်ချိန်ရမှာမဟုတ်တော့ဘူး"

နစ်နေသည့်ကိုယ်ကချွေးကို ပု... စွန်းဖြင့်ဆွဲသုတ်ရင်း တစ်ယောက်င... ပေါက် စကားဆိုကြ၏။ တူမီးသေန... ကြီးလည်း လက်ထဲရောက်နေပြီး ... လင်းစလည်းပြုလာနေပြီဖြစ်၍ သိပ်... ကြောက်စိတ်မရှိကြတော့ပေ။

"ဘေးဘေးမှာဆွမ်းအုပ်ကော"

ဟု ကိုထွန်းမြအောင်ကမေး၏။

"ဟ - အဲလောက်ထိ ကျားနဲ့... လို့ပြေးလာရမှတော့ ဆွမ်းအုပ်ကို ... စိုက်နိုင်ဦးမလားကွ။ ဟိုသဲချောင်းမှာ... ချထားခဲ့ပြီ"

ကိုထွန်းမြအောင်က လေသံ... တိုးဖြင့်ရယ်၏။

"ဒီလိုဆိုရင် ဘေးဘေးရဲ့ ဆွမ်း... ကို သွားကောက်ကြဦးမလား"

"တော်တော် ဟိုက်ကောင်၊ ... ကြာ အန္တရာယ်ဖြစ်နေလိမ့်မယ်။ ... ဆွမ်းအုပ်ကို ဘိုးဩဘာရှိနေတဲ့အ... ဘယ်အချိန်သွားပြီးကောက်ကောက်... တယ်။ ကဲ- ပြန်မယ်။ မိုးမသောက်... ကုသိုလ်မရ၊ အကုသိုလ်ရတယ်ဆို... ဒါမျိုးပဲ"

ကိုထွန်းမြအောင်က တွေ၍... ချက်စဉ်းစားလိုက်ပြီး -

"နောက်တစ်ခေါက် ပြန်သွား... အဲဒီကျားကြီးကို တူမီးနဲ့ ဆော်ထည့်... မကောင်းဘူးလား ဘေးဘေ"

ဟု မကျေမနပ်စိတ်နှင့်ပြော၏

"ဟ - မင်းဘာလို့အကုသိုလ်ပွ... နေတာလဲ။ အဲဒီကျားကြီးကို မင်း... နတ်နဲ့ ပစ်လို့ သေပြီဆိုပါတော့။ မင်း... ရမှာလဲ၊ သွေးသံရဲရဲနဲ့ မြေမြှုပ်ရတာ...



www.burmeseclassic.com

www.burmeseclassic.com

အဖတ်မတင်ဘူးလား။ မတော်လို့ ထင်သလိုဖြစ်မလာခဲ့ဘဲ ကျားကိုက်ရင်ကော မင်းမသေဘူးလား။ ဘိုးသြဘာ ခရီးက ပြန်ရောက်လာတဲ့အခါ သူ့ကျောင်းမှာ မင်းကျားသတ်တာကို သိသွားရင်ကော မင်းသက်သာမယ်ထင်လား။ သွားကွာ ဘာမှလုပ်မနေနဲ့။ ဘိုးသြဘာပြန်ရောက်မှ အဲဒီဆွမ်းအုပ်ကိုသွားကောက်မယ်"

ဟု ဦးမောင်ပုချေက ရင်ဘတ်ကို တွန်းလွှတ်ပြီး ပြောလိုက်၍ ကိုထွန်းမြအောင်လည်း ဘာမှမပြောတော့။

မိုးလည်းလင်းလာလေပြီ။ ကျေးငှက်များလည်း နိုးထလာကြပြီး ကျီကျီကျာကျာဖြင့် စကားဆိုကုန်ကြပြီ။ ဟိုတောင်သည်တောင်မှ တောကြက်ဖများလည်း တွန်ကုန်ကြပြီ။

"ဘေးဘေး၊ အဲဒီကျားကြီးဟာ ဝက်ဆရာများ ဖြစ်လေမလားဗျာ"

"ဖြစ်ချင်လည်းဖြစ်မှာပေါ့။ မင်းတို့ဝက်ဆရာက ရွာနားကောင်းမှန်းသိနေတော့ လယ်နားတစ်ခိုလျှောက်ပတ်သွားရင်း ဘိုးသြဘာမရှိတုန်း ဖိုရုံထဲဝင်အိပ်နေတာဖြစ်မှာပေါ့"

■

ဦးမောင်ပုချေနှင့်ကိုထွန်းမြအောင်တို့ ဘိုးသြဘာအား အရုဏ်ဆွမ်းပို့ရန် သွားကြရာ ဖိုရုံကျောင်းကလေးရှေ့တွင် ကျားကြီးတစ်ကောင်နှင့်တွေ့၍ ပြန်ပြေးလာကြရသည့်သတင်းသည် ကြော်ငြာမလိုဘဲ တစ်မှုဟုတ်ချင်း ပြန့်လွင့်သွားလေ၏။ ထို့ကြောင့် ရွာသူရွာသားများ တစ်သုတ်ပြီးတစ်သုတ်ရောက်လာကြပြီး မေးမြန်းပြောဆိုရင်းဖြင့် တဟားဟား ရယ်ကြလေသည်။

ထိုအချိန်မှာပင် ဘိုးသြဘာကြီး ခါးတိုင်းကိုင်းဖြင့်လျှောက်လာနေသည်ကို တွေ့လိုက်ရ၍ မီးကို ရေနှင့်သတ်လိုက်သကဲ့သို့ အသံများဆိတ်သွားကြ၏။

"ဒီကောင်တွေ တဟားဟားနဲ့ ဘာတွေသဘောကျနေကြတုံး"

ဟု ဘိုးသြဘာက မေးသည်။ ထို့ကြောင့် ကိုထွန်းမြအောင် အိမ်ရှေ့သို့ ထွက်လိုက်သွားပြီး ဘိုးသြဘာအား ဆီးကြိုစကားဆိုလိုက်သည်။

"ဘိုးဒီတစ်လောဘယ်ကိုများသွားနေတုံး။ ပြန်ရောက်တာ ကြာပြီလား"

"ငါဘယ်ကိုမှမသွားပါဘူး။ ကိုယ့်ကျောင်းလေးမှာဖိုထိုးနေတာပဲ"

"ဟာ"

ကိုထွန်းမြအောင် အံ့သြသွား၏။ ထို့ကြောင့် ပါးစပ်အဟောင်းသားဖြင့် စိုက်ကြည့်နေ၍ ဘိုးသြဘာက ပြန်မေးသည်။

"ဘာဖြစ်လို့တုံး"

"ဘာဖြစ်ရမှာလဲ ဘိုးရဲ့။ ဒီမနက် အရုဏ်တက်က ဘေးမောင်ပုချေ အရုဏ်ဆွမ်းပို့ချင်တယ် လိုက်ခဲ့စမ်းပါဆိုလို့ လိုက်သွားတော့ ကျောင်းရှေ့ဖိုရုံအဝင်ဝမှာ မျက်လုံးရဲရဲကြီးနဲ့ ကျားကြီးတစ်ကောင်ကိုတွေ့လို့ ကျွန်တော်တို့ ပြန်ပြေးလာကြတာလေ"

"ဪ - အဲဒါမင်းတို့လား။ အသံတော့ကြားလိုက်ရဲ့"

"ဟာ - ဒါဆို အဲဒီအချိန်မှာ ဘိုးကျောင်းပေါ်မှာရှိနေသလား"

"ရှိနေတာပေါ့။ ငါဘယ်မှမသွားပါဘူးဆိုမှ။ မင်းတို့ပြန်ပြေးသွားတဲ့အချိန်က ငါပုတီးစိပ်နေတုန်းပဲ"

ကိုထွန်းမြအောင်ပါးစပ်အဟောင်းသားဖြစ်သွားပြီး ရွာသားများဘက်ကို လှည့်ကြည့်၏။ ရွာသားများလည်း ကိုထွန်းမြအောင်တူပင် အံ့သြသောအမူအရာဖြင့် ဘိုးသြဘာကိုသာ စိုက်ကြည့်နေကြသည်။ ဘိုးသြဘာသည်ကား မည်သို့မျှ အမူအရာမပြောင်းပေ။ ထို့ကြောင့် ကိုထွန်းမြအောင်က ဘိုးသြဘာအား မေးကြည့်လိုက်သည်။

"ဒီတော့ဘိုး ကျွန်တော်တို့ တွေ့ခဲ့တဲ့ ကျားကြီးက"

"အဲဒါ မင်းတို့ပြောပြောနေကြတဲ့ ဝက်ဆရာပေါ့"

"ဪ၊ ဪ - လက်စသတ်တော့ ဝက်ဆရာက ဘိုးဆီရောက်နေတာကိုး"

"ရောက်မှာပေါ့။ မင်းတို့ ဝက်



ဆရာက အိမ်ဝက်တွေကိုချည်း တစ်ကောင်ပြီးတစ်ကောင် ကိုက်သတ်စားသောက်နေတော့ တစ်ကိုယ်လုံးက အမွှေးအမှင်တွေကျွတ်ပြီး ဝဲတွေစားကုန်ပြီလေ။ နူနာတွေလည်းစွဲကုန်ပြီ။ ဒါကြောင့် ငါကိုယ်တိုင် ဖန်ရည်ဆေးပြီး ဆေးကုပေးနေရတယ်"

ကိုထွန်းမြအောင် ယခုမှနားလည်သွား၏။ ခွေး၊ ကျား၊ ကြောင် စသော သားရဲများသည် အဆီများသော ဝက်သားကို ကြာကြာစားလျှင် အမွှေးကျွတ်တတ်သည်ဟု ကြားဖူးသည်။ ထို့နောက် ဝဲစားတတ်သည်ဟုလည်း ဆိုကြ၏။ ယခု ဘိုးသြဘာပြောလိုက်တော့ သာ၍ပင် ရှင်းသွားလေသည်။

"ကဲ - ငါ မင်းတို့နဲ့စကားပြောဖို့ လာတာ မဟုတ်ဘူး။ ဟို - အနူကောင် ထွန်းအောင်ကို သွားခေါ် လိုက်ကြစမ်း"

"ထွန်းအောင် အခု ရွာထဲမှာ မရှိတော့ဘူး ဘိုး။ အစကတော့ သူ့ဆွေမျိုးတွေကကြိမ်ဖုတ်တောင်မှာထားကြတယ်။ နောက်တော့ အဲဒီမှာလည်း လယ်ရှင်တွေက မကြိုက်ကြဘူးဆိုလို့ အနောက်ဘက်တောကိုပဲ ပို့ထားလိုက်ကြတယ်"

"ဒါဆိုရင် ငါအနောက်ဘက်တောကို မသွားနိုင်တော့ဘူး။ မင်းပဲ ထွန်းအောင်ကို သွားကြိုပြီး ညနေ ငါ့ဆီကို ခေါ်လာခဲ့"

ကိုထွန်းအောင်၏မျက်နှာကြီးမဲ့ရွဲ့သွားလေ၏။ အခြားလူများကလည်း ကိုထွန်းမြအောင်ကိုကြည့်ပြီး ရယ်ကြသည်။

"ထွန်းအောင်ကို ဘာလုပ်ဖို့ခေါ်မှာလဲ ဘိုးရဲ့။ ကိစ္စများရှိလို့လား"

"အဲဒီကျားကြီးကို ဖန်ရည်ဆေးပြီး ဆေးလူးခိုင်းမလို့ပေါ့ကွ"

"ဟာ"

ကိုထွန်းမြအောင်မှာ အလွန်အမင်း အံ့သြသွားလေ၏။ အခြားလူများလည်း မျက်လုံးပြူးသွားကြလေသည်။ ထို့ကြောင့် ကိုထွန်းမြအောင်က ပြောလိုက်သည်။

"ဖြစ်နိုင်ပါ့မလား ဘိုးရဲ့"

"ဘာလို့မဖြစ်နိုင်ရမှာလဲ။ အဲလိုသာလုပ်မခိုင်းရင် အဲဒီအကောင်ရဲ့ ကိုယ်က အနူဟာလည်း ဘယ်တော့မှပျောက်မှာ မဟုတ်တော့ဘူး"

ကိုထွန်းမြအောင် တစ်ချက်၊ နှစ်ချက် ခေါင်းညိတ်လိုက်၏။ ဂမ္ဘီရကြီးဖြစ်သော ဘိုးသြဘာ၏ သဘောကိုလည်း နားမလည်နိုင်ပေ။ ထို့နောက် ပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com

၏။

"ဘိုးက စေတနာထားပြီး ထွန်းအောင်ကို ကျားဆိုးကြီး ရေချိုးခိုင်းမယ်ဆိုတာတော့ ဟုတ်ပါပြီ။ ဒါပေမယ့် ထွန်းအောင်က လုပ်ရဲပါ့မလား။ အဲလောက် ကျားဆိုးကြီးတစ်ကောင်ကို ရေချိုးလိုက်၊ ဖန်ရည်ဆေးလိုက်၊ ဆေးလူးပေးလိုက်ဆိုတာမျိုးကိုလေ"

"ငါခိုင်းတာကို မလုပ်ရင်သေမှာ။ သေအောင်ရိုက်သတ်ပစ်မှာ။ သူ့အတွက် ခိုင်းတာကိုမှ မလုပ်တဲ့အကောင်မျိုးကို ဘာလုပ်ထားမှာလဲ"

ကိုထွန်းမြအောင် တစ်ချက်ရယ်၏။

"ဟုတ်ပါပြီ။ ဒီနေ့ခင်းပဲ ကျွန်တော် ထွန်းအောင် သွားကြိုပြီး ဘိုးကျောင်းကို ပို့ပေးပါ့မယ်"

ကိုထွန်းမြအောင်သည် ဘိုးသြဘာကို ကြောက်၍သာ ထွန်းအောင်အား ကြိုလိုက်၊ ပို့ပေးလိုက်လုပ်ပေးမည်ဖြစ်၏။ စင်စစ်တွင် ကိုထွန်းမြအောင် ထိုသို့လုပ်မပေးလိုပေ။ ထွန်းအောင်ကို စေတနာမရှိ၍ မသနား၍မဟုတ်။ ထွန်းအောင်၏ကိုယ်မှ ကူးစက်တတ်သော အနာကြီးရောဂါကို ကြောက်၍သာဖြစ်၏။

ထို့ကြောင့် ဖြစ်နိုင်လျှင် ထွန်းအောင်၏ဆွေမျိုးသားချင်းတစ်ယောက်ယောက်ကိုသာခိုင်းစေလိုသည်။ ထိုသို့လည်းသင့်သည်။ သို့သော်လည်း ယခု ဘိုးသြဘာက ကိုယ်တိုင်စေခိုင်းနေသဖြင့် မငြင်းသာတော့၊ ငြင်းလည်း မငြင်းဝံ့တော့။ ချက်ချင်းပင် အနောက်ဘက်တောမှ ထွန်းအောင်အား သွားကြိုပြီး ဘိုးသြဘာ၏ကျောင်းသို့ ပို့ပေးလိုက်ရလေသည်။

■

ထွန်းအောင် ဘိုးသြဘာကျောင်းကို ရောက်သည့်နေ့မှစ၍ ထွန်းအောင်၏ကိုယ်မှ အနာကြီးရောဂါကူးစက်မည်ကို ကြောက်၍ လည်းကောင်း၊ ကျားဆိုးကြီးကိုကြောက်၍လည်းကောင်း ရွာသူရွာသားများ ဘိုးသြဘာကျောင်းသို့ တစ်ယောက်မျှ မသွားရဲကြတော့ပေ။ သို့သော်လည်း ရွာသူရွာသားများသည် ထွန်းအောင်၏ အခြေအနေကို သိချင်နေကြ၏။ သိချင်နေကြ၍လည်း စောင့်မျှော်နေကြ၏။ သို့သော်လည်း ထွန်းအောင်ကား တော်တော်နှင့်ပေါ်၍မလာပေ။

ထို့နောက် တစ်လခန့်ကြာသွား၏။ သို့မှ ပြုံးပြုံးရွှင်ရွှင် ကြည်ကြည်လင်လင်ဖြင့် ရွာသို့ ထွန်းအောင် ပြန်ရောက်လာသည်။ ကိုယ်မှအနာကြီးရောဂါများလည်း အကုန်အစင် ပျောက်ကင်းပြီး တစ်သွေးတစ်မွေးကြီးလည်းဖြစ်လာလေသည်။ ထို့ကြောင့် ရွာသားများက အကြောင်းစုံကို သိလိုသောကြောင့် ဝိုင်းမေးကြ၍ ထွန်းအောင်က ပြောပြ၏။

"ဘိုးသြဘာက ကျွန်တော်ရောက်သွားတဲ့ညနေမှာပဲ ကျားဆိုးကြီးကို ရေချိုးခိုင်းတော့တယ်။ ကျွန်တော်လည်း ကြောက်တာပေါ့ဗျာ။ ကျားတော့ မကြောက်ဘဲနေမလား။ ဒါပေမယ့် ဘိုးသြဘာကြီး ကြိမ်တုတ်ကိုကိုင်ပြီး အနားက ရပ်ကြည့်နေတော့ အရဲစွန့်ပြီး လုပ်ရတော့တာပဲ။ ကျွန်တော်က ကျားဆိုးကြီးကို ကြောက်သလို ကျားဆိုးကြီးကလည်း ကျွန်တော့်ကို ကြောက်နေတယ်လို့ထင်ရတယ်ဗျ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် ဖန်ရည်ဆေးပေးနေတုန်း ကျားဆိုးကြီး တုန်နေတာပဲ"

ကိုထွန်းမြအောင်က တစ်ချက်ပြုံးလိုက်ပြီး -

"ကျားဆိုးကြီးတုန်တာက မင်းကို ကြောက်လို့ဟုတ်ပါ့မလား။ သူ့ကိုယ်က သဲဝဲနူနာတွေကို မင်းဖန်ဆေးလို့ နာကျင်ပြီး တုန်နေတာပဲဖြစ်မှာပေါ့"

ဟု ပြောလိုက်သည်။

"အဲ့လိုလားတော့ မသိဘူး။ ကျားဆိုးကြီးဟာ တုန်နေရုံသာမကဘဲ ညည်းသံတွေတောင်ထွက်လာနေသေးတယ်။ ကျားဆိုးကြီးဟာ တော်တော့်ကို အခြေအနေဆိုးနေတာပဲဗျ။ အမွေးတွေဟာလည်း ကျွတ်ကုန်ပြီး နည်းနည်းကြဲကြဲလေးပဲ ကျန်တော့တယ်။ တစ်ကိုယ်လုံးမှာလည်း ပွေးဝဲတင်မကဘဲ နူနာကြီးစွဲပြီး အရည်တွေတောင် တရွဲရွဲကျနေတာတွေ့ရတယ်"

"ဘိုးသြဘာကြီးပြောသလို အဆီများတဲ့ အိမ်ဝက်တွေကိုချည်း ကိုက်သတ်စားသောက်နေလို့ဖြစ်မှာပေါ့ကွ"

"ဖြစ်နိုင်ပါတယ်။ ဒါကြောင့် အိမ်ခွေး အိမ်ကြောင်တွေကိုတောင်မှ အမွေးကျွတ်ပြီး ဝဲစားမှာစိုးလို့ဆိုပြီး အိမ်ဝက်သားကို မကျွေးဘဲထားကြတာပေါ့"

"ဒီတော့ အခု မင်းကိုယ်ကရောဂါ (အနာကြီးရောဂါ) တွေလည်း ချက်ချင်း ပျောက်သွားပြီလား"

"ဟုတ်ကဲ့၊ အဲဒါကိုလည်း ပြောပြချင်တယ်ဗျ။ ဘိုးသြဘာကြီးရဲ့ အမြော်အမြင်ကြီးပုံ၊ အစွမ်းထက်ပုံနဲ့ ဆေး… တဲ့နေရာမှာ ကျွမ်းကျင်လိမ္မာပုံ၊ ဂမ္ဘီ… တဲ့ ကုသပုံ စတာတွေကိုပေါ့။ ကျွန်… ဘိုးသြဘာ ညွှန်ကြားတဲ့အတိုင်း … ဆိုးကြီးကို စတင် ရေချိုး၊ ဖန်ရည်… ဆေးလူးကုသပေးတဲ့အချိန်ကစပြီး … တော့်ရောဂါတွေလည်း တဖြည်းဖြည်း… ခြောက်ကပ်လာပါတယ်။ ကျားဆိုး… ရဲ့ရောဂါနဲ့ ထပ်တူထပ်မျှ သက်သာ… ရာကနေပြီး ကျားဆိုးကြီးရဲ့ရော… ပျောက်သွားတာနဲ့ ကျွန်တော့်ရောဂါ… လည်း အားလုံးချောချောစင်ပျော… ကင်းသွားတော့တာပါပဲ"

"ဘိုးသြဘာက မင်းရောဂါကို … သန့်ကုသပေးတာမျိုးမဟုတ်ဘူးလား"

"ဟင့်အင်း၊ အဲလို ကုသပေး… မျိုးမဟုတ်ဘဲ ကျားဆိုးကြီးရဲ့ရောဂါ… ဖန်ဆေးကုသလို့ သက်သာပျောက်ကင်း… သွားတာနဲ့ ကျွန်တော့်ကိုယ်က ရော… ဟာလည်း ကျားဆိုးကြီးရဲ့ရောဂါ နည်း… တူ သက်သာရာက ပျောက်ကင်းသွား… တော့တာပဲ"

"ကျားဆိုးကြီးက တစ်ခါမှ မင်း… ရန်မလုပ်ဘူးလား"

"မလုပ်ပါဘူး။ အစကတော့… ကျားဆိုးကြီးရဲ့မျက်နှာကြီးဟာ စိမ်း… တင်းနေပေမယ့် ဘိုးသြဘာရဲ့ ကြိမ်… စကြောကိုကြောက်လို့လားတော့မသိဘူး… ဘာမှပြန်မလုပ်ရဲဘဲ ငြိမ်ခံနေတယ်… နောက်တော့ တဖြည်းဖြည်း ကျွန်တော်… နဲ့သင့်လာပြီး အိမ်မွေးခွေးတစ်ကောင်… ဖြစ်သွားတော့တာပါပဲ။ ရောဂါတွေ… အားလုံးကောင်း ပျောက်သွားပြီးနောက်… ဘိုးသြဘာက ကျားဆိုးကြီးကို တရား… ဟောတယ်။ နောက်ရွာနားကိုမလာနဲ့… အန္တရာယ်များတယ်။ အသက်နဲ့လည်း… တယ်။ ဒါကြောင့် တောနက်ရိုးနက်ထဲ… မှာ သဘာဝအတိုင်း ကိုယ့်ရဲ့မျိုးတူသား… ရဲတွေနဲ့ပဲ ပျော်ပျော်ပါးပါး ကျင်လည်… ကျက်စားလို့နေပါလေဆိုတော့ ကျားဆိုး… ကြီးဟာ ခေါင်းကိုငိုက်ဆိုက်ချလို့ ငြိမ်ပြီး… နားထောင်နေတယ်။ ပြီးတော့ ကျောင်း… ခြံထဲကထွက်သွားတယ်။ ခပ်လှမ်းလှမ်း… ကို ရောက်သွားပြီးမှတောင် နောက်… ဘက် ပြန်လှည့်ပြီး ဘိုးသြဘာနဲ့ ကျွန်… တော့်ကိုအကြာကြီးကြည့်နေသေးတယ်… ပြီးမှ ခပ်ယို့ယို့အမူအရာနဲ့ တောထဲကို… ဝင်သွားတယ်"

မင်းဟိန်း…



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ

# အထွက်၊ အဝင်၊ ခပါဒ်နက္ခတ်ဇယား

အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ ဆေးဝါး၊ မန္တန်၊ မန္တရားပညာရပ်များကိုသုံးလျက် အစွမ်းထက် အစီအရင်များနှင့် သိဒ္ဓိပေါက်ဖွင့်စဉ်များအား စီရင်ဆောင်ရွက်ကြရာ၌ ထွက်၊ ဝင်၊ ခပါဒ်နက္ခတ်များရွေးချယ်ခြင်းသည် အရေးကြီးသော အခန်းကဏ္ဍတစ်ခုဖြစ်ပါသည်။ မိမိတို့ ဆောင်ရွက်ရမည့် အကြောင်းအရာအလိုက် လိုအပ်သောနက္ခတ်များအား အစင်အကြယ်ရွေးချယ်ဆောင်ရွက်ကြခြင်းဖြင့် မိမိတို့၏လိုရာပန်းတိုင်သို့ အရောက်လှမ်းနိုင်ကြစေရန် ရည်ရွယ်၍ ဤထွက်၊ ဝင်၊ ခပါဒ်နက္ခတ်ဇယားကို မျှဝေ ဖော်ပြပေးလိုက်ပါသည်။

| ခရစ်ရက် | မြန်မာရက် | နေ့ | နက္ခတ် | နက္ခတ်ပြောင်းချိန် | နက္ခတ်အမျိုးအစား |
|---|---|---|---|---|---|
| ၁ | တပို့တွဲ ၂ လဆန်း | စနေ | ၂၃<br>၂၄ | ၁၄း၀၀း၀၀ | * သိဒ္ဓိ<br>□ ဝရ |
| ၂ | ၃ | ၁နွေ | ၂၄<br>၂၅ | ၁၃း၂၀း၀၀ | △ ကာဏ<br>* အမြိတ္တ |
| ၃ | ၄ | ၂လာ | ၂၅<br>၂၆ | ၁၂း၁၁း၂၆ | □ ဝရ<br>△ ဥပါဒ် |
| ၄ | ၅ | ၃ဂါ | ၂၆<br>၂၇ | ၁၁း၂၄း၃၅ | * အမြိတ္တ<br>* လာဘ |
| ၅ | ၆ | ၄ဟူး | ၂၇<br>၁ | ၁၁း၁၂း၀၀ | △ ဥပါဒ်<br>△ မိတ္တ |
| ၆ | ၇ | ၅တေး | ၁<br>၂ | ၁၁း၂၃း၂၃ | * လာဘ<br>* သိဒ္ဓိ |
| ၇ | ၈ | ၆ကြာ | ၂<br>၃ | ၁၂း၀၀း၀၀ | △ မိတ္တ<br>△ ကာဏ |
| ၈ | ၉ | စနေ | ၃<br>၄ | ၁၃း၁၇း၀၉ | * သိဒ္ဓိ<br>□ ဝရ |
| ၉ | ၁၀ | ၁နွေ | ၄<br>၅ | ၁၅း၀၀း၀၀ | △ ကာဏ<br>* အမြိတ္တ |
| ၁၀ | ၁၁ | ၂လာ | ၅<br>၆ | ၁၇း၀၁း၀၅ | □ ဝရ<br>△ ဥပါဒ် |
| ၁၁ | ၁၂ | ၃ဂါ | ၆<br>၇ | ၁၉း၃၃း၂၀ | * အမြိတ္တ<br>* လာဘ |
| ၁၂ | ၁၃ | ၄ဟူး | ၇<br>၈ | ၂၁း၄၉း၀၅ | △ ဥပါဒ်<br>△ မိတ္တ |
| ၁၃ | ၁၄ | ၅တေး | ၈ | မပြောင်း | * လာဘ |
| ၁၄ | ○ | ၆ကြာ | ၈<br>၉ | ၀း၂၆း၄၀ | △ ဥပါဒ်<br>△ မိတ္တ |

| ခရစ်ရက် | မြန်မာရက် | နေ့ | နက္ခတ် | နက္ခတ်ပြောင်းချိန် | နက္ခတ်အမျိုးအစား |
|---|---|---|---|---|---|
| ၁၅ | တပို့တွဲ ၁ လဆုတ် | စနေ | ၉<br>၁၀ | ၃း၀၃း၁၆ | * လာဘ<br>* သိဒ္ဓိ |
| ၁၆ | ၂ | ၁နွေ | ၁၀<br>၁၁ | ၅း၀၈း၃၄ | △ မိတ္တ<br>△ ကာဏ |
| ၁၇ | ၃ | ၂လာ | ၁၁<br>၁၂ | ၆း၅၁း၂၆ | * သိဒ္ဓိ<br>□ ဝရ |
| ၁၈ | ၄ | ၃ဂါ | ၁၂<br>၁၃ | ၈း၁၆း၃၃ | △ ကာဏ<br>* အမြိတ္တ |
| ၁၉ | ၅ | ၄ဟူး | ၁၃<br>၁၄ | ၈း၅၆း၅၇ | □ ဝရ<br>△ ဥပါဒ် |
| ၂၀ | ၆ | ၅တေး | ၁၄<br>၁၅ | ၉း၁၂း၀၀ | * အမြိတ္တ<br>* လာဘ |
| ၂၁ | ၇ | ၆ကြာ | ၁၅<br>၁၆ | ၉း၀၂း၅၇ | △ ဥပါဒ်<br>△ မိတ္တ |
| ၂၂ | ၈ | စနေ | ၁၆<br>၁၇ | ၈း၃၀း၅၈ | * လာဘ<br>* သိဒ္ဓိ |
| ၂၃ | ၉ | ၁နွေ | ၁၇<br>၁၈ | ၇း၃၇း၀၉ | △ မိတ္တ<br>△ ကာဏ |
| ၂၄ | ၁၀ | ၂လာ | ၁၈<br>၁၉ | ၆း၂၂း၃၀ | * သိဒ္ဓိ<br>□ ဝရ |
| ၂၅ | ၁၁ | ၃ဂါ | ၁၉<br>၂၀<br>× | ၄း၅၂း၃၀<br>၂၁း၄၅း၀၀ | △ ကာဏ<br>* အမြိတ္တ<br>* လာဘ |
| ၂၆ | ၁၂ | ၄ဟူး | ×<br>၂၁ | ၉း၀၀း၀၀ | △ ဥပါဒ်<br>△ မိတ္တ |
| ၂၇ | ၁၃ | ၅တေး | ၂၁<br>၂၂ | ၁း၅၀း၄၆ | * လာဘ<br>* သိဒ္ဓိ |
| ၂၈ | ● | ၆ကြာ | ၂၃<br>၂၄ | ၂၂း၃၀း၀၀ | △ ကာဏ<br>* အမြိတ္တ |

၂၀-နက္ခတ် = ၄၅ ယဋ္ဌိ<br>
×- နက္ခတ် = ၃၀ ယဋ္ဌိ<br>
၂၁ -နက္ခတ် = ၄၅ ယဋ္ဌိ<br>
ဖြင့် တွက်သည်

* = အဝင်နက္ခတ်　○ = လပြည့်နေ့<br>
□ = ခပါဒ်နက္ခတ်　● = လကွယ်နေ့<br>
△ = အထွက်နက္ခတ်

၁၅-၂-၂၀၁၄ ရက်နေ့ မွန်းလွဲ ၁၅း၅၁း၂၆ နာရီ၌ လပြည့်သည်။

*အသုံးတည့်နိုင်ကြပါစေ*

ဦးအောင်စောလှိုင် (ဂုဏ်ပြ)



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့နေသည့် ရပ်ကွက်လေးမှာ မြန်မာရပ်ကွက်လေးတစ်ခုဖြစ်ပြီး ရပ်ကွက်ဈေးလေးနှင့် ဈေးထောင့်တွင် လက်ဖက်ရည်ဆိုင်လေးတစ်ခုရှိပါသည်။ ကျွန်တော် မောင်ဖိုးထောင်မှာ သဘော်မထွက်ဖြစ်ဘဲ ရန်ကုန်တွင် နားနေသည့်အခါ ၎င်းလက်ဖက်ရည်ဆိုင်လေးတွင် အပျင်းပြေ ထိုင်ဖြစ်ပါသည်။ ဆိုင်ကလေးမှာ ရပ်ကွက်ဆိုင်လေးဖြစ်သည့်အတွက် နံနက်ဘက်တွင် အီကြာကွေး၊ ပဲနံပြား၊ ပလာတာ၊ နန်းကြီးသုပ်နှင့် မုန့်အနည်းငယ်ရှိပါသည်။ လက်ဖက်ရည်မှာ အထူးကောင်းမွန်လှသဖြင့် လူကြီး၊ လူငယ်အများပင် လာရောက်အားပေးကြပါသည်။ ဆိုင်ရှင်မောင်ကျော်မှာ အသက် (၃၀)ကျော်လူငယ်တစ်ဦး ဖြစ်သော်လည်း ပေါင်းသင်းဆက်ဆံ... ကောင်းသလို စိတ်ရင်းလည်းဖြူစင်... အတွက် ဆိုင်မှာ အထိုက်အလျော... အောင်မြင်လှသည်။

ယနေ့မနက်လည်း အညောင်း... လမ်းလျှောက်ပြီး အပြန်တွင် ပဲနံပြား... လက်ဖက်ရည်ချိုကျလေး သောက်... မောင်ကျော် ဆိုင်တွင် ထိုင်ဖြစ်သည်...





www.burmeseclassic.com

www.burmeseclassic.com

ဆိုင်ထဲတွင် ကျွန်တော်အပြင် စားပွဲလေး၊ ငါးဝိုင်းမျှ လူရှိနေပြီး ကျွန်တော်နှင့်အနီးဆုံးဝိုင်းတွင် အသက် (၂၀) ကျော် လူငယ် လေး၊ ငါး ဦးဝိုင်းထိုင်ပြီး အကြိတ်အနယ် စကားပြောနေကြပါသည်။

"ဟိတ်ကောင်၊ လူမင်းနဲ့ အိချော ပိုပါတဲ့ 'ကား'ဆိုတဲ့ ဗီဒီယိုကားကြည့်ပြီးပြီလား"

ဖြူဖြူသွယ်သွယ်ကောင်လေး၏ အမေးကို -

"ကားဝယ်လို့ ဒါမျိုးလေးပါ အဆစ်ပါရင်· တို့ကတော့ထောပြီ ကိုယ့်လူရေ"

ဟု အာလုတ်သံကြီးနှင့် ဖြေသံကြား၍ ကြည့်လိုက်မိပါသည်။

"ဒီကောင်တော့ သရဲတောင်ချမ်းသာမပေးပါလားဟ"

"နားလည်ပေးလိုက်ပါကွာ၊ သူ့ခမှာ ရှုရာကြဲနေရလို့ပါ"

အားလုံး ပြောသမျှ ပြုံးပြုံးကြီးခံရင်း -

"သနားကြပါ ခင်ညာ၊ နှမလေးများရှိရင် စွန့်ကြကြပါ ယောက်ဖတို့ခင်ညာ"

အားရပါးရ ပြောလိုက်သော အရပ်ရှည်ရှည်၊ အသားမည်းမည်းကောင်လေးကို တဟားဟားရယ်ရင်း ဝိုင်း၍ထုရိုက်နေကြသည့် လူငယ်လေးများကိုကြည့်ရင်း ကျွန်တော့်စိတ်အစဉ်သည် ဟိုးအတိတ်ဆီသို့ ရောက်သွားခဲ့ပါတော့သည်။

၁၉၇၅ - ၇၆ စာသင်နှစ်။ မောင်ဖိုးထောင်တို့ ပထမနှစ်တက္ကသိုလ်ကျောင်းသားအဖြစ် ခံယူလိုက်ရသည့် အချိန်။ မောင်ဖိုးထောင် တက္ကသိုလ်ကျောင်းသားဘဝမှာ ဖြစ်ချင်တာတွေ အများကြီးရှိခဲ့ပါသည်။ ရန်ကုန် ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ် အဓိပတိလမ်းမကြီးကို ဝံ့ဝံ့ကြွားကြွားလျှောက်လှမ်းရင်း တောင်ငူဆောင်၊ ဦးချစ်လက်ဖက်ရည်ဆိုင်မှာထိုင်ရင်း၊ Eco Canteen မှ ဦးယမ်းဘီလူးဆိုင်ထိုင်ရင်း ချစ်စရာကောင်းပြီး နားလည်မှုရှိတဲ့ ကောင်မလေးချောချောလေးရဲ့ လက်ကလေးကိုတွဲလို့ Eco Building ရှေ့က ချစ်သူတို့လျှောက်သောလမ်းကလေးမှာ ဘိသိက်ခံလိုက်မယ်လို့ စိတ်ကူးတွေယဉ်ခဲ့ဖူးပါသည်။

စိတ်ကူးယဉ်ခဲ့သော်လည်း လက်တွေ့တွင်တော့ တကယ်ဖြစ်မလာခဲ့ပါ။ မောင်ဖိုးထောင်တို့ တက္ကသိုလ်ဝင်တန်းအောင်သည့်နှစ်တွင် နယ်မြေအလိုက် ကျောင်းသားများကို နှစ်စုခွဲလိုက်ပါသည်။ ဗိုလ်တထောင်စေတီအနီးရှိ လုပ်သားများကောလိပ်တွင် မနက်ပိုင်းတစ်စုတက်ရပြီး လှိုင်အင်းယားလေးစခန်းအနီးတွင် သဘာဝသိပ္ပံတက္ကသိုလ်ဟူ၍ တစ်စုကို ညနေပိုင်းတွင်တက်ရပါသည်။ သို့သော် လူငယ်ကျောင်းသားသစ်များမှာ လုပ်သားများကောလိပ်တွင်တက်ကြသလို သဘာဝသိပ္ပံတက္ကသိုလ်တွင်လည်း တက်ကြသဖြင့် ပိုမို၍ စည်းလုံးညီညွတ်ကြပါသည်။ သူ့ကျောင်း၊ ကိုယ်ကျောင်းမခွဲကြပါ။ တက္ကသိုလ်ပထမနှစ်ကျောင်းသားများ ဖြစ်သည့်အတွက် လူကြီးလူကောင်းစိတ်မွေးကြပါသည်။ ကျောင်းသားအချင်းချင်း ရန်ဖြစ်သည့်ကိစ္စမရှိခဲ့။ ထိုစဉ်က အုပ်ချုပ်ရေးပိုင်းမှ လူကြီးများသည် ကျောင်းသားများစည်းလုံးမှာ အလွန်စိုးရိမ်ပုံရသည်။ ပရိယာယ်မျိုးစုံနှင့် ကျောင်းသားများ လှုံ့မစုမိစေရန် စီစဉ်ကြပါသည်။ တစ်ဖက်ကလည်း လူထုအမြင်တွင် သိက္ခာရှိသော တိုင်း






www.burmeseclassic.com

www.burmeseclassic.com

ပြည်ချစ်ပုဂ္ဂိုလ်ကြီးများဟု အထင်ခံချင်ကြပုံရပါသည်။ ကျွန်တော်တို့ ပထမနှစ်ကျောင်းသားများမှာ လက်တွေ့လေ့ကျင့်ခန်းများလုပ်ရန်သာ တစ်ပတ်လျှင်တစ်ရက် ရန်ကုန်ပင်မဝိဇ္ဇာသိပ္ပံတက္ကသိုလ်သို့ လာခွင့်ရပါသည်။

မည်သို့ပင်ဆိုစေ ကျွန်တော် မောင်ဖိုးထောင် တက္ကသိုလ်ရောက်ပြီးမှ ချစ်စရာကောင်းသော သူငယ်ချင်းတစ်ယောက် ရရှိခဲ့ပါသည်။ မောင်ဖိုးထောင်တို့ ချစ်စနိုးပေးထားသောအမည်မှာ မောင်တာတေဖြစ်ပါသည်။ မောင်တာတေသည် အမည်နှင့်လိုက်အောင် အတော်တေသည့်ငနဲ ဖြစ်သည်။ ဆံပင်ရှည်ရှည်၊ အသားမည်းမည်း၊ ပိန်ပိန်ရှည်ရှည် ကိုယ်လုံးပိုင်ရှင်ဖြစ်ပါသည်။ စိတ်ရင်းကောင်းပုံရသော်လည်း တစ်ခါတလေ အတော်ဆိုးသည့် အလွဲများကိုလုပ်တတ်ပါသည်။ မောင်တာတေ့အဖေမှာ အရာရှိကြီးတစ်ဦးဖြစ်ပြီး အမေမှာမောင်တာတေ တက္ကသိုလ်ဝင်တန်း ဖြေရမည့်နှစ် (၁၉၇၃-၇၄ စာသင်နှစ်) ဖေဖော်ဝါရီလတွင် နှလုံးရောဂါနှင့်ဆုံးသွားပါသည်။

"အဲဒီနေ့ကကွာ၊ အမေမရှိတော့ဘူးဆိုတာ သိရတော့ ဧည့်ခန်းထဲကအမေ့အလောင်းဘေးမှာထိုင်လိုက်၊ ခြံထဲဆင်းပြီးရှာလိုက်နဲ့ အရူးတစ်ယောက်လိုပါပဲကွာ"

လို့ သူအမြဲပြောတတ်ပါသည်။ ထို့ကြောင့် မောင်တာတေမှာ တက္ကသိုလ်ဝင်တန်းကို ပထမနှစ် (ခ)နှင့်အောင်ပြီး ဒုတိယနှစ်တွင်မှ (က)နှင့်အောင်၍ မောင်ဖိုးထောင်တို့နှင့်အတူ တစ်နှစ်တည်း တက်ဖြစ်ခဲ့ရပါသည်။ မောင်တာတေမှာ သရဲအလွန်ကြောက်တတ်သော်လည်း အမေဆုံးသည့်အခါ အမေကို တွေ့လိုဇောနှင့် မှောင်နှင့်မည်းမည်း ခြံဝင်းကျယ်ကြီးထဲတွင်ရှာခဲ့ပုံ၊ မတွေ့သည့်အဆုံး သစ်ပင်အောက်တွင် ချုံးပွဲချငိုခဲ့ပုံများကို ပြောပြပါသည်။

"သူငယ်ချင်းရာ၊ အမေကို ရှိစဉ်က မင်းစိတ်ချမ်းချမ်းသာသာထားခဲ့တာပဲကွာ။ ဖြေသာပါတယ်"

ဟု ပြောမိမှ ပိုဆိုးသွားပါတော့သည်။

"ဟ- ဖိုးထောင်ရ၊ ငါက မောင်နှမတွေထဲမှာ အငယ်ဆုံးကွ။ ပြီး - ငါထင်တာငါလုပ်တာ။ ငါမှန်တယ်ထင်လို့ကတော့ နောက်ကိုမဆုတ်ဘူးတောင်ရ။ ငါနဲ့ ငါ့အစ်ကိုအလတ်နဲ့က (၄)နှစ်ပဲကွာတာကွ။ ဒီကောင်နဲ့ငါနဲ့က မဟုတ်တာလုပ်ရင် လက်တွဲမဖြုတ်ဘူး။ ဒါကြောင့် အမေ့မှာ ငါတို့နှစ်ကောင် မွေ့သမျှရှင်းနေရတာ။ ဘယ်လာစိတ်ချမ်းသာမှာလဲကွာ"

ဒီတော့မှ ဒီရှည်ရှည်၊ မည်းမည်းအကောင်က လင်းမြွေ မဟုတ်ဘဲ မြွေပောက်ဖြစ်နေမှန်း သိရတော့သည်။ ကျွန်တော် မောင်ဖိုးထောင် ဆိုသည့်တောသားကလည်း အတော်အတွေးအခေါ်ညံ့ခဲ့ပါသည်။ တာတေ့အဖေသည် အရာရှိကြီးတစ်ဦးဖြစ်ပြီး တာတေနေသည့် ရပ်ကွက်မှာ ရန်ကုန်မြို့လူချမ်းသာရပ်ကွက်ဖြစ်ကာ တာတေသည် တက္ကသိုလ်ပထမနှစ်တွင် ကိုယ်ပိုင်ကားနှင့် ကျောင်းတက်သော ကျောင်းသားတစ်ယောက်ဖြစ်သဖြင့် သင်းသည်အတော်မွေသည့် အကောင်တစ်ကောင်ဖြစ်မှန်း မခန့်မှန်းမိခဲ့ပါ။

"တစ်ခုတော့ရှိတာပေါ့။ အမေမရှိတော့ ငါစိတ်လေပြီး လမ်းမမှားအောင် အစ်ကိုကြီးက သူနဲ့အတူဘုရား၊ တရားလုပ်ခိုင်းတယ်။ အစ်ကိုကြီးက စစ်သားဆိုပေမယ့် သူလည်း အမေမဆုံးခင်လပိုင်းမှာ ညဘက်တာဝန်တွဲကျတဲ့ တပ်ကြပ်ကြီးတစ်ယောက်နဲ့ တွဲမိပြီး ဘုရား၊ တရားလုပ်ဖြစ်သွားတာ။ သူ့အတွက်တော့ အမေ အရမ်းဝမ်းသာသွားခဲ့ရတယ်။ မဟုတ်ရင် အစ်ကိုကြီးက အရာရှိသာဖြစ်တာ ခပ်ရမ်းရမ်းကွ"

"ဒါဆို မင်းအစ်ကိုကြီးနဲ့ ဘယ်တွေသွားပြီးဘာတွေလုပ်ကြလဲကွ"

ဟုတ်တယ်လေ။ ဒါမျိုးကတော့ ဖိုးထောင်က အရမ်းဝါသနာပါတာကလား။

"အမေဆုံးပြီးတော့ အစ်ကိုကြီးနဲ့ ရွှေတိဂုံစေတီ စနေထောင့်မှာ လူသူတော်တစ်ယောက်ရှိတယ်ကွာ။ အဲဒီပုဂ္ဂိုလ်ဆီမှာ အဓိဋ္ဌာန်ပုတီးတွေစိပ်၊ ဘုရားဂုဏ်တော်တွေ သက်စေ့ရွတ်စသဖြင့် ညွှန်ကြားတဲ့အတိုင်းလုပ်ရတာပေါ့"

"မင်းတို့အိမ်မှာပဲ လုပ်ကြတာလား"

"ဘယ်ဟုတ်မလဲကွာ။ ဘုရားတွေသွားပြီးစိပ်ရသလို လိုဏ်ဂူတွေထဲလည်းဝင်ရတာပဲ။ မှတ်မှတ်ရရကွာ တောင်ဥက္ကလာပငမိုးရိပ်ချောင်းအစပ်က ဘုရားမှာ ညသွားစိပ်ဖူးတယ်။ အောက်ကတရားထိုင်တဲ့ဂူကွ။ အပေါ်ကစေတီတည်ထားတာ။ ဂူထဲဝင်၊ ဖယောင်းတိုင်ထွန်း။ လူကြီးတွေကတော့ အလင်းတိုင်ခေါ်တာပေါ့ကွာ။ ပြီးမှ ဘုရားကန်တော့မြတ်စွာဘုရားကို ခန္ဓာကိုယ်လှူပြီးအဓိဋ္ဌာန်ပုတီးစိပ်ရတာ"

"အဲတော့ ဘာထူးလဲကွ လုပ်ပါဦး"

"ဟ- ထူးတာပေါ့ ငါလူရာ၊ မင်းသိချင်ရင် ပြောပြမယ်။ ဒါပေမယ့် မင်းအရမ်းကြောက်သွားမှာစိုးလို့ပါကွာ။ မတော် Heart ထိပြီး ဂိသွားလို့ ငါ့တာဝန်ဖြစ်နေဦးမယ်"

"ဟိတ်ကောင်ပြောမယ့်ဟာပြောကွာ။ ဒီကောင့်ကိစ္စ ငါတို့တာဝန်ထားအလကားနေ ဈေးကိုင်နေပြန်ပြီ"

ပြောနေတဲ့နေရာက အင်းယားကန်စောင်း ဘူးသီးကြော်ဆိုင်မှာလေ။ ကြော်ငြာဝင်ရရင်တော့ တစ်ပတ်မှာတစ်ရက်ပဲလာရတဲ့ တက္ကသိုလ်လက်တွေ့ခန်းမှာ သင်ခန်းစာအပြီး အဖွဲ့လိုက်အင်းယားကန်ပေါင်မှာ ထိုင်ကြရသည့်အရသာမှာ ဘာနှင့်မှလဲ၍မရနိုင်မှန်း တက္ကသိုလ်ကျောင်းသားကျောင်းသူတိုင်း ခံစားသိရှိကြပါသည်။ တက္ကသိုလ်ဖြစ်သည့်အတိုင်း ယောက်ျား၊ မိန်းမအတူစုဖွဲ့ထားသည့် Team အနေနှင့် ပညာရေးလုပ်ငန်းများ လုပ်ကြသလိုဘယ်သွားသွားလည်း အားလုံးတိုင်ပင်ဆုံးဖြတ်၍ Team Work ထုတ်တတ်လာကြပါသည်။ အလွန်တရာမှ တန်ဖိုးရှိလှသော လူငယ်ဘဝ၊ နုပျိုသစ်လွင်သောအတွေးအခေါ်များ ဖော်ဆောင်ပေးရာတက္ကသိုလ်မြေ၊ တိုင်းပြည်ကို ချစ်တတ်သော စိတ်ဓာတ်၊ မှန်ကန်မှုကို မြတ်နိုးသောစိတ်ဓာတ်တို့ လေ့ကျင့်မွေးထုတ်ပေးရာ အမိတက္ကသိုလ်။ ကျွန်တော်တို့၏ရင်ထဲတွင် အမြဲသာနေသည့် လပြည့်ဝန်းသည် တက္ကသိုလ်မြေတွင် အပြည့်အဝသာ၍ မျိုးဆက်သစ် သားငယ်၊ သမီးငယ်တို့အား မှန်ကန်သော အတွေးအခေါ်ပညာအားမာန်တို့ ပေးဝေနိုင်ပါစေသတည်း။

ပြောရလျှင် ကျွန်တော်ရင်ထဲ၌ တက္ကသိုလ်နှင့်ပတ်သက်သည့် အမှတ်တရများ များစွာရှိခဲ့ပါသည်။ ပထမနှစ်ကျောင်းသားဘဝမှစ၍ တက္ကသိုလ်အရန်တပ်ရင်းတွင် စစ်ပညာသင်ကြသည့် သူငယ်ချင်းများကိုလည်း အမှတ်ရနေမိပါသည်။ ဘာသာ၊ သာသနာအတွက် လွတ်လပ်စွာလုပ်ကိုင်နေကြသည့် သူငယ်ချင်းများသည်လည်း တက္ကသိုလ်မမှာရုံတွင် အမြဲရှိနေတတ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

အဆို၊ အက၊ အတီးများကို ဝါသနာပါသည်။ စာပေ စသည်ဖြင့် လေ့လာနိုင်ရန် တက္ကသိုလ်စာတိုက်ကြီးများသည် ခံ့ညားထည်ဝါစွာရှိခဲ့သည်။ ကျွန်တော်တို့လို လက်ဆော့တတ်သော ပုံဆွဲဆရာလေးများအတွက် ပန်းချီခန်းရှိပြီး ဆရာဦးသိန်းဟန်၊ ဆရာဦးလွန်းကြွယ်တို့မှ သင်ကြားပေးခဲ့သည်။ တက္ကသိုလ်သည် အရာရာပြည့်စုံသော လူငယ်တို့၏ ဧဒင်ဥယျာဉ်ကြီးတစ်ခုဖြစ်ခဲ့ဖူးသည်။ ယခုအခါ တိုင်းပြည်ကို အမှန်တကယ်ချစ်သော ကိုယ်ကျိုးထက် တိုင်းပြည်အကျိုးကိုသာကြည့်လာကြသည့် အုပ်ချုပ်သူများ၊ မျိုးချစ်ပုဂ္ဂိုလ်များကြောင့် မကြာသောကာလတွင် စစ်မှန်သော တက္ကသိုလ်များကို ကျွန်တော်တို့ မြင်လာရတော့မည်ဟု ယုံကြည်မိပါသည်။

အင်းယားရေပြင်ကို ဖြတ်တိုက်လာသည့် လေနုအေးလေးကိုခံရင်း ဘူးသီးကြော်ဝါးရင်း စု၍စကားပြောနေကြသည့် ကျွန်တော်တို့တစ်တွေမှာ မည်းမည်းရှည်ရှည် မောင်တာတေ၏အပြောတွင် မျောနေကြပါသည်။ မောင်တာတေက တကယ်ကျတော့လည်း အပြောတော့ကောင်းလှသည် မဆိုသာသော်လည်း သူပြောနေသည့် ကိစ္စကတော့ အတော်စိတ်ဝင်စားစရာကောင်းနေပါသည်။

"မင်းတို့ကွာ တောင်ဥက္ကလာမြို့ပတ်လမ်းကို ရောက်ရင် လမ်းအရှေ့ဘက် ငမိုးရိပ်ချောင်းနဲ့ ကားလမ်းကြားမှာ လယ်ကွင်းတွေပဲ ရှိတယ်ကွ။ မြင်သာဘက်ပေါ့ကွာ။ ဘွဲ့တော့ ငါလည်း မမှတ်မိတော့ဘူး။ အာရုံခံတန်ဆောင်းဘေးမှာမှ ငါ အဓိဋ္ဌာန်ဝင်မယ့် ကမ္မဋ္ဌာန်းဂူလေးရှိတာကွ။ တို့ညီအစ်ကို ရောက်သွားတော့ ည (၈)နာရီလောက် ရှိနေပြီ။ ဘုရားလူကြီးတွေတော့ရှိတယ်။ သူတို့ကလည်း အဲဒီနားရွာက လူကြီးတွေပေါ့ကွာ"

ည (၈)နာရီဆိုသည်မှာ ဆောင်းကာလအတွက်တော့ အတော်မှောင်နေပြီ ဖြစ်သည်။ တောင်ဥက္ကလာမြို့ပတ်လမ်းမှ ကန်သင်းရိုးလမ်းအတိုင်း ဂျစ်ကားကို ဖြည်းဖြည်းမောင်းရင်း အာရုံခံတန်ဆောင်းရှေ့တွင် ရပ်လိုက်ပြီး ကားမီးများကို ငြိမ်းလိုက်သည်။ အာရုံခံတန်ဆောင်းတွင်းမှလွဲလျှင် ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ဖုံးနေပါသည်။ ရွာလူကြီးများစု၍ ဘုရားတွင်ထိုင်နေကြစဉ် နှင်းမြူတို့ကြားမှ လူရိပ်နှစ်ခု တဖြည်းဖြည်းပေါ်လာပါသည်။ ငမိုးရိပ်ချောင်းကမ်းပါးကို ကျော်ပေး၍လာနေသူနှစ်ဦးကို အားလုံး စိတ်ဝင်တစား စောင့်ကြည့်နေမိသည်။

"ဒီအချိန်ကြီးဘယ်သူတွေများလဲဗျာ"

တအံ့တသြကြည့်နေစဉ် မီးရောင်အောက်သို့ ရောက်လာသူနှစ်ဦးလုံးမှာ ရုပ်ရည်သန့်ပြန့်သောကြောင့် အနီးအနားမှ မဟုတ်ကြောင်း သိသာလှသည်။ ပြောရလျှင် လှုပ်ရှားပုံ၊ ပြောဆိုပုံမှာ ထီးဟန်နန်းဟန်ဆန်လှသည်။ ဘုရားမှာ ရှေးမင်းတို့ တည်ထား ကိုးကွယ်ခဲ့သော ရှေးဘုရားတစ်ဆူဖြစ်ကြောင်းနှင့် ဘုရားရာဇဝင်၊ ဘုရားကိုတည်ထားကိုးကွယ်ခဲ့သော မင်းအမည်များကို ပြောပြပြီး ဘုရားစေတီတွက် ပူဇော်စေလိုသည်များကို အတန်ကြာပြောပြီး နှင်းမြူများထဲသို့ ပြန်ဝင်သွားကြပါတော့သည်။ အံ့သြမှင်တက်မိနေသော လူကြီးများမှာ ခုမှ သတိရပြီး ၎င်းတို့နှစ်ယောက်ဆင်းသွားသည့်ဘက်သို့ အပြေးအလွှားသွားကြရန် စီစဉ်ရပါသည်။ ပြောရလျှင် လက်နှိပ်ဓာတ်မီးသည် လည်းကောင်း၊ ဓာတ်မီးတွင်သုံးသည့် ဓာတ်ခဲသည်လည်းကောင်း အလွန်ရှားပါးလှပါသည်။ သမဝါယမဆိုင်တွင် မဲနှိုက်၍ မဟာကံထူးရှင်မှ ဓာတ်ခဲ၊ ဓာတ်မီးတို့ ပေါက်ကြသည့်အချိန်အခါ ဖြစ်ပါသည်။ ထို့ကြောင့် ရှိစုမဲ့စု ဓာတ်မီးတစ်ခုကို ကိုင်၍ ဓာတ်ခဲကို ချွေတာသောအားဖြင့် လိုအပ်မှ ထွန်းပြီး လရောင်ကို အားပြု၍ လိုက်ကြရပါသည်။ သို့သော် ကမ်းပါးတစ်ခုလုံးမှာ ကမ်းပါးပြတ်ဖြစ်နေသည့်တွက် ချောင်းရေစပ်သို့ ဆင်းရန် အလွန်ခက်ခဲပါသည်။ နံနက်လင်းသည့်အချိန်တွင် ထပ်မံစစ်ကြသောအခါ ညကလာသွားသူနှစ်ဦးသွားသည့်ဘက်မှာ ကမ်းပါးပြိုထားပြီး ရေစပ်ရောက်ရန် မလွယ်ကြောင်း တွေ့ရှိရ၍ ၎င်းပုဂ္ဂိုလ်တို့မှာ ဘုရားနှင့်ပတ်သက်သည့် အစောင့်အရှောက်များဖြစ်မည်ဟု ရပ်သူရွာသားတို့က သတ်မှတ်ထားကြပါသည်။ ၎င်းတို့လာစဉ်ရော ပြန်သွားစဉ်ပါ အလွန်မွှေးပျံ့သော ပန်းရနံ့များ ရရှိသည်ဟု တညီတညွတ်တည်း ပြောကြပါသည်။ ဤကဲ့သို့ ထူးခြားခြင်းနှင့် ပြည့်စုံသော ဘုရားသို့ ကျွန်တော်တို့ ညီအစ်ကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိခဲ့ပါပြီ။

"ရောက်တော့ကွာ၊ အစ်ကိုကြီးက ဘုရားလူကြီးတွေနဲ့ စကားပြောနေတုန်း ငါလည်း တစ်ယောက်တည်းပဲ လိုဏ်ဂူထဲကို ဝင်ခဲ့တာပေါ့။ လိုဏ်ဂူလေးက သိပ်ကြီးမကျယ်လှပေမယ့်လည်း တစ်ယောက် ကောင်းကောင်းနေနိုင်လောက်အောင်တော့နေရာရှိပါတယ်။ အထဲမှာ ဆင်းတုတော်တစ်ဆူလည်း ရှိတယ်ကွ။ ဆင်းတုတော်ရှေ့မှာ ပါလာတဲ့ အလင်းတိုင် (၉)တိုင်ကိုထွန်း။ အမွှေးတိုင် (၉)တိုင်ကိုလည်း မီးညှိလိုက်တယ်။ ဖယောင်းတိုင်အလင်းရောင်အောက်မှာ ဆင်းတုတော်မျက်နှာတော်က သပ္ပာယ်ကြည်ညိုဖို့ကောင်းလိုက်တာကွာ။ ငါလည်း ဘုရားဆင်းတုတော်ရဲ့ မျက်နှာကို စေ့စေ့ဖူးရင်း ရသမျှ ဘုရားရှိခိုးတွေရွတ်ပြီး ပူဇော်၊ မေတ္တာပို့ပြီး တရားထိုင်ဖို့ လုပ်တော့တာပေါ့။ တင်ပျဉ်ခွေချိတ်ထိုင်အပြီး လက်ထဲက ပုတီးကို ဂါထာတစ်ပုဒ်တစ်လုံးချလို့ စိပ်လိုက်တယ်။ မျက်စိမှိတ်ထားလို့ ဘာမှမမြင်ရပေမယ့် နားထဲမှာတော့ ချိုးချိုးချွတ်ချွတ်အသံတွေကြားနေရတယ်။ ပုတီးစိပ်အပတ်ရေမပြည့်မချင်း မျက်စိမဖွင့်ဘူးလို့ အဓိဋ္ဌာန်ထားပေမယ့် မသိစိတ်ထဲမှာတော့ တစ်ယောက်ယောက်က ငါ့ကိုစောင့်ကြည့်နေတာ သိနေတယ်။ ကြောက်လာရင် ပုတီးစိပ်ခဏရပ်ပြီး မေတ္တာပို့ပြီးမှ ပြန်စိပ်လုပ်ရတာပေါ့"

"ဟိတ်ကောင်၊ မင်း မကြောက်ဘူးလား"

"ကြောက်တာပေါ့ကွ။ ပိုဆိုးတာက ပုတီးစိပ်ရပ်ပြီး မေတ္တာပို့နေရင် အသံက ငါနဲ့ပိုနီးလာပြီး ပုတီးပြန်စိပ်တော့မှ အသံကဝေးသွားတာကွ။ ဒီထဲ ခြင်ကလည်း ဘာကိုက်သလဲမမေးနဲ့ အစွပ်စွပ်နဲ့ နေတာပဲ။ (၄၅) မိနစ်လောက်နေမှ အဓိဋ္ဌာန်ပုတီးပတ်ရေပြည့်သွားပြီး မျက်လုံးဖွင့်လိုက်တဲ့အခါမှာတော့ ငါနဲ့တည့်တည့်မှာ မျက်လုံးလက်လက်လေး နှစ်စုံသုံးစုံကို တွေ့ရတယ်။ မင်းတို့ သိတဲ့အတိုင်း မျက်စိကို အကြာကြီးမှိတ်ပြီး ပြန်ဖွင့်တဲ့အချိန်လည်းဖြစ်၊ သူရသတ္တိ ပြည့်စုံတဲ့ငါကလည်းဖြစ်ဆိုတော့ လန့်အော်မိတော့မလိုပေါ့ကွာ။ နောက်သေချာကြည့်မှ ဘယ်ဟုတ်မလဲကွာ။ ဘုရားဆွမ်းအကျန်လာစားတဲ့ ကြွက်ကလေးတွေဖြစ်နေတာကိုး"

"ခွေးကောင်၊ ငါတို့ကတော့ ဘိုးတော်နဲ့ပဲ တွေ့မလား၊ ဥစ္စာစောင့်နဲ့ပဲ အဆင်ပြေပြီး အာရကေလေးဘာလေး ရမလား အောက်မေ့နေတာ"

"ငါ့လို (၁၂)ရာသီမကောင်းတဲ့



www.burmeseclassic.com

www.burmeseclassic.com

လုပ်ဖို့ကြံနေတဲ့ကောင်ကို ဘယ်နတ်၊ ဘယ်ဘီးတော်ကလာမ,မလဲကွာ။ ဉစ္စာစောင့်ဆို သူ့အန္တရာယ်သူသဘောပေါက်လို့ လာဖို့နေနေသာသာ လှုပ်တောင်လှုပ်ရဲမှာ မဟုတ်ဘူး"

"ဟုတ်မယ်၊ ဟိုနားက ဗယာကြော်ရောင်းတဲ့ကုလားမတောင် ဒီကောင့် Eye Contact ကို မခံနိုင်လို့ ထပြေးပြီ"

တစ်ယောက်ကို တစ်ယောက် အားရပါးရဖွဲ့ပြီး လူစုခွဲခဲ့ကြသည်။ ကျွန်တော် မောင်ဖိုးထောင်ကတော့ ဘတ်စ်ကားခသက်သာအောင် မောင်တာတေ့ကားအဖြူလေးနဲ့ လိုက်ခဲ့ဖြစ်သည်။ နှစ်ယောက်သား ထွေရာလေးပါးပြောရင်း အင်းယားကန်စောင်းမှနေ ပြည်လမ်းအတိုင်း ထွက်လာခဲ့ကြသည်။ ဘေးမှ ကျော်သွားသမျှ ကားများက တစ်ခုခုအော်ပြောသွားကြသည်။ ပထမတော့ သတိမထားမိကြသေးပါ။ မြန်မာ့အသံရှေ့အရောက်တွင် နောက်မှ လိုက်လာသော ကားတစ်စီးက ဘေးချင်းယှဉ်ခိုက် 'ဟိတ် မင်းတို့ ကားဘီးအရမ်းခါနေပြီ' လို့ အော်သွား၏။ ခဏရပ်ပြီး တတ်သလောက်မှတ်သလောက်လုပ်ကြည့်ကြသည်။ ကျွန်တော်လည်း လမ်းတွင်မဆင်းတော့ဘဲ မောင်တာတေအဖေရုံးရောက်သည်အထိ လိုက်ရန် ဆုံးဖြတ်လိုက်သည်။ မောင်တာတေသည် ကားတော့ တော်တော်ကျွမ်းပုံရသည်။ ဖြည်းဖြည်းချင်း လမ်းဘေးကပ်မောင်းပြီး သူ့အဖေရုံးရှိသည့် ဘုရားလမ်း ဂျူဗလီဟောလ်ရှေ့ ရောက်လာခဲ့သည်။

မောင်တာတေက ပလက်ဖောင်းဘေး ကားရပ်ကာ သူ့အဖေရုံးထဲဝင်သွားပြီး သူနှင့်အတူ ကားပြင်သည့် ဦးလေးကြီးပါ ပြန်ထွက်လာသည်။ ထို့နောက် ကားပြင်သည့်အဖွဲ့က ကားဂျိတ်ထောက်လိုက်သည့်အခါ လှုပ်နေသော ကားရှေ့ဘီးမှာ လမ်းပေါ်သို့ ပြုတ်ထွက်လာတော့သည်။ ဘီးကိုထိန်းသည့် နတ်ခေါင်းများပြုတ်နေကြောင်း တွေ့ရသည်။ ဤခရီးကို ခလုတ်မထိဆူးမငြိဘဲရောက်လာသည့်အတွက် အားလုံးအံ့သြနေကြပါသည်။ ဆိုင်ဆိုင်မဆိုင်ဆိုင် ကျွန်တော် မောင်ဖိုးထောင်ခမျာ အသံလွှင့်ရုံရှေ့မှစထွက်ကတည်းက 'မေတ္တာသုတ်' ရွတ်လာသည့်အတွက် အန္တရာယ်ကင်းခဲ့သည်ဟု ယုံကြည်မိပါသည်။

နောက်တစ်ခါက အဆောင်သူလေးတွေနှင့် ပတ်သက်ပါသည်။ ကျွန်တော်တို့ သူငယ်ချင်းတွေမှာ စီးတော်ယာဉ်ရှိသည့်အတွက် သူများထက် ခြေသွက်ကြပါသည်။ ယနေ့ညနေလည်း စုထိုင်စကားပြောရင်း အဆောင်ရှေ့သီချင်းဆိုမည့်အဖွဲ့များနှင့် ပေါင်းပြီး သီချင်းသွားဆိုကြရန် ကြံစည်ကြပါသည်။ ညနေစောင်း (၆)နာရီကျော်သည်နှင့် အဆောင်ရှေ့ ချီတက်ရန် တာစူနေကြပါပြီ။

တက္ကသိုလ်၏ ယဉ်ကျေးမှုတစ်ခုကို ပြောပါဆိုလျှင် အဆောင်ရှေ့သီချင်းဆိုကြခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ အဆောင်ရှေ့တွင် ကိုယ့်အဖွဲ့နှင့်ကိုယ် သီချင်းဆိုကြရန် တက္ကသိုလ်ကျောင်းတော်သားကြီးများရောက်ရှိနေကြပါပြီ။ အဖွဲ့ကများသော်လည်း တစ်ဖွဲ့ပြီးမှ တစ်ဖွဲ့ဆိုတတ်ကြပါသည်။ အဆောင်သူမမများကလည်း အချဉ်ထုပ်၊ လက်ဖက်သုပ်များနှင့် ဧည့်ခံတတ်ပါသည်။ အဆောင်သူများမှာ အဆောင်ဝရန်တာမှသာ အားပေးရသလို အဆိုတော်များမှာလည်း အဆောင်ပြင်ပမြက်ခင်းပေါ်မှသာ ဖျော်ဖြေခွင့်ရပါသည်။ အဆောင်သူများနှင့် ကျွန်တော်တို့ကြားဆက်သားမှာ အဆောင်စောင့်ဦးလေးကြီးဖြစ်ပါသည်။ သူများ တီးတာဆိုတာတွေမှာကိုယ်ရတဲ့အပိုဒ်လိုက်အော်လိုက်၊ ကျွေးတာတွေ တဝတပြစားလိုက်နှင့် အဆောင်မီးပိတ်မှ လူစုခွဲကြရသည်။

ညကမှောင်ပေမယ့် လမ်းမီးများကတော့လင်းနေသေးသည်။ နှစ်ယောက်သား ကားမောင်းလာရင်း ကလေးရယ်သံလေး ကြားလိုက်မိ၍ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိသည်။ ကြားတာကတော့ တကယ်ကြားတာပါ။ နေရာက ကြံတောသုသာန်နားမှအဖြတ်ဖြစ်၍ နည်းနည်းတော့ ကြက်သီးထမိပါသည်။ သို့သော် ငကြောက်ဟုအပြောခံရမည်စိုး၍ မသိယောင်ဆောင်နေ



လိုက်ပါသည်။

■

ယနေ့ သူငယ်ချင်းတွေ စုစားကြမည်ဟုချိန်းပြီး အင်းယားကန်တွင် စုဝေးရောက်ရှိနေသော်လည်း မောင်တာတေတစ်ယောက် ရောက်မလာသေးပါ။ နာရီဝက်လောက်ကြာမှ ရောက်လာပြီး မျက်နှာတစ်ခုလုံးလည်း ဖြူဖပ်ဖြူရော်နှင့် ချွေးများရွှဲနစ်နေသည်ကိုတွေ့ရပါသည်။

"ဘာဖြစ်လာလဲ သူငယ်ချင်း၊ ရေလေးသောက်ပြီး ခဏနားလိုက်ဦး"

ဟု ဆိုမှ ရေကို အငမ်းမရ မော့သောက်ပြီး ငူငူကြီးထိုင်နေပါသည်။ ခဏနေမှ သူ့အဖြစ်ကိုပြောပြပါသည်။ မနက်ဘက် အလုပ်ကိစ္စရှိ၍ အဖေခိုင်းလူတစ်ယောက်ကိုခေါ်ပြီး အဖေခိုင်းသည့်ကိစ္စကိုသွားလုပ်ပါသည်။ အလုပ်ကိစ္စများပြီးမှ ထိုသူကို အဖေ့ရုံးသို့ ပြန်ပို့ရန် သွားကြပါသည်။ ကားပေါ်တွင် သူငယ်ချင်းတွေနှင့် စုစားရန် တရုတ်တန်းမှ ဝက်သားပေါက်စီ၊ ဝက်သားပေါင်း၊ ကော်ပြန့်ကြော်များ ဝယ်တင်လာပါသည်။ အစားအသောက်များဝယ်ပြီး ပြန်ထွက်လာရာ လမ်းမကြီးတွေ့လမ်း၌ ဂီယာဖြုတ်ပြီး ဖြည်းဖြည်းလေးကွေ့လိုက်မိပါသည်။ ထိုအချိန်တွင် ကားမှတ်တိုင်တွင်ရပ်နေသော ဘတ်စ်ကားကြီးမှာ ရှေ့သို့ရွေ့လာပြီး ကားဘေးနားသို့ ရောက်လာပါသည်။ ဘေးတွင်ထိုင်လိုက်လာသောရုံးဝန်ထမ်းမှာ ကားတံခါးဖွင့်၍ ဆင်းပြေးသွားနိုင်သော်လည်း မောင်တာတေမှာ သူ့ဘေးတိဝင်တိုက်တော့မည့် ဘတ်စ်ကားခေါင်းကိုကြောင်ပြီး ကြည့်နေမိပါသည်။ ပါးစပ်မှလည်း အသိမဲ့စွာ ဂုဏ်တော်များရွတ်လိုက်မိပါသည်။ ဘတ်စ်ကားကြီးမှာ တို့ခနဲရပ်သွားပြီး

"ဟိတ်ကောင်လေး၊ သေချင်လို့လား"

ဟု လှမ်းအော်တာခံလိုက်ရသော်လည်း စိတ်မဆိုးနိုင်ဘဲ ဂီယာဖရီးမှာ မည်သို့မျှ ဂီယာပြန်ထိုးမရသည်ကို ကြောင်ကြည့်နေမိပါသည်။ ကားလေးမှာ တဖြည်းဖြည်း လမ်းဘေးပလက်ဖောင်းကိုကပ်ပြီးရပ်သွားပါတော့သည်။ လူတစ်ကိုယ်လုံးတုန်ပြီး ရေငတ်သလို အာခေါင်တွေ ခြောက်နေသည့် အရသာကို ခံစားရပါသည်။ မည်မျှကြာသွားသည်မသိ ကားပြင်သည့် ဦးလေး

www.burmeseclassic.com

www.burmeseclassic.com

အဖေ့ရုံးမှ ဝန်ထမ်းအစ်ကိုကြီးရောက်လာမှ သတိပြန်ရလာသလို ဖြစ်ပါသည်။ ကားပေါ်မှ စားစရာများကိုယူဆောင်ပြီး သူငယ်ချင်းတွေစောင့်နေသည့်နေရာကို ကားငှား၍လာခဲ့ရပါသည်။

"ဒါဆို မင်းကားကို ဆွဲသွားရမှာပေါ့"

"မဟုတ်ဘူးကွ၊ ကားပြင်တဲ့ ဦးလေးကြီး ကားပေါ်တက် စက်နှိုး၊ ဂီယာထိုးလိုက်တော့ သူမဟုတ်သလိုဘဲ။ ဒါပေမယ့် အဖေက မှာလိုက်တယ်။ ကားပြန်ယူလာပြီး ပြင်ဖို့ဆိုတာနဲ့ ငါလည်း ကားငှားပြီး မင်းတို့ဆီ ပြန်လာတာပဲ"

ဒီနောက်ပိုင်းတွင်တော့ မောင်တာတေ ကားအဖြူလေးကို ရောင်းလိုက်သည်ဟု သိရပါသည်။ ကျွန်တော်တို့လည်း ခြေစကြာမရှိလို့ အရင်လောက် မလှုပ်ရှားနိုင်တော့ပါ။

တစ်နေ့ထိုင်စကားပြောနေတုန်း -

"ဟိတ်ကောင် တာတေ၊ မင်းကားအကြောင်း ငါကြားတယ်ကွ"

"ဟုတ်လား၊ ဘာတဲ့လဲ"

"အေး - ဝယ်သွားတဲ့လူက ငါတို့နားမှာနေတဲ့လူကွာ။ သူပြောပြတာတော့ ဘျတ်စိန်ကြီး ကိုယ့်လူ"

"ဘာလဲဟ"

ကားလေးက အဖြူရောင်သန့်သန့်လေး၊ ဈေးလည်းတော်၍ ဝယ်လိုက်မိသည်။ ရောက်စကတော့ ဘာမှမထူးလှပါ။ တစ်ည ညေ့ခံပွဲမှအပြန် ကားမှာထိန်းမရဘဲ ပြည်လမ်းမကျယ်ကြီးတွင် ဒယိမ်းဒယိုင်သွားနေသလို၊ နားထဲတွင်လည်း ရယ်သံသဲ့သဲ့ကြားမိ၍ အမှတ်တမဲ့ နောက်ကြည့်မှန်ကို ကြည့်လိုက်မိပါသည်။ မှန်ထဲတွင် ကလေးငယ်တစ်ယောက် ရယ်မောပျော်ရွှင်နေသည်ကို အမှတ်မထင် တွေ့လိုက်ရ၍ အံ့သြတကြီး နောက်လှည့်ကြည့်မိပါသည်။ ညစာစားပွဲတွင် အမူးလွန်သွား၍ မြင်ချင်ရာမြင်တာဖြစ်မည်ဟု ထင်မိပါသည်။ အိမ်ရောက်သည့်အခါ မွေးထားသည့် ခွေးနှစ်ကောင်မှ ကားကိုပတ်၍ မာန်ဖီနေသလို တစ်ခါတရံ ကားနားမှ ထွက်ပြေးသလိုလုပ်နေသည်ကို အမှတ်မထင်တွေ့မိလိုက်သည်။

တစ်ရက်တွင် မိတ်ဆွေများနှင့် စကားပြောရင်း ၎င်းညကကိစ္စကိုပြောပြမိရာ ၎င်းတို့ကိုးကွယ်သော ဆရာတော်တစ်ပါးထံ ခေါ်သွားခဲ့ပါသည်။ ကားမှာ ဆရာတော်ကျောင်းဝင်းအဝတွင် စက်သေသွားပြီး ပြန်နှိုး၍ မရပါ။ သို့နှင့် ကားကို ခြံဝတွင်ထားခဲ့ပြီး ဆရာတော်ကို ဖူးတွေ့ပြီး အကျိုးအကြောင်း လျှောက်ထားသည့်အခါ -

"ဒကာကြီး၊ ကားထဲကလေးအတွက် ကုသိုလ်လုပ်ပေးလိုက်ပါ။ သူလည်း ဘဝကူးချင်နေပါပြီ"

ဟု ဆရာတော်၏ ပြောဆိုချက်ကြောင့် ကားပေါ်ပြန်တက်ရန် တွန့်နေမိပါသည်။ ပါလာသော သူငယ်ချင်း၏ အကြံပေးချက်အရ ဆရာတော်ကျောင်းမှာပင် အလှူငယ်လေး တစ်ခုလုပ်ပြီး အမျှဝေပေးသလို ကားကိုလည်း ပရိတ်ရေ၊ ရေမန်းများနှင့် ပက်ဖျန်းလိုက်ပါသည်။ ထိုသည်မှစ၍ မည်သည့်ပြဿနာမှ မဖြစ်တော့ကြောင်း သိရပါသည်။

ကျွန်တော် မောင်ဖိုးထောင်မှာ နာမည်နှင့်လူ အလွန်လိုက်ပါသည်။ ပြဿနာကို အစမဆွဲရလျှင် ကျေနပ်တတ်သည့် လူမျိုးမဟုတ်သည့်အတွက် မောင်တာတေနှင့်ပေါင်းပြီး ကားပြင်သည့် ဦးလေးကြီးထံ ချီတက်ခဲ့ပါသည်။ အတန်တန်မေးမှ ဦးလေးကြီးက ပြောပြပါသည်။

"သားငယ်၊ မင်းအဖေက မင်းကို ဆယ်တန်းအောင်ရင် ကားဝယ်ပေးမယ်လို့ ပြောခဲ့တယ်မဟုတ်လား။ တကယ်ကျတော့ ဆရာ့မှာ ကားဝယ်ပေးနိုင်လောက်အောင် ငွေမရှိဘူးလေကွာ။ ဒါနဲ့ရုံးကားလေလံတွေထဲက ဘယ်သူမှမယူတဲ့ ဒီကားကိုယူပြီး စိတ်တိုင်းကျပြင်ပြီး မင်းအတွက်လုပ်ပေးတာပဲ"

"ဘာလို့ သူများတွေက ဒီကားကို မယူတာလဲ ဦးလေးရ"

"ဒီကားက လွန်ခဲ့တဲ့ (၃)နှစ်ကျော်က ကလေးတစ်ယောက်ကို တိုက်မိပြီး ကတည်းက ခဏခဏ accident ဖြစ်လို့ တို့ပြင်ထိန်းရုံးမှာ ဘက်ထရီဖြုတ်ထားတာကွ။ ကလေးဆိုတော့လည်း သူ့ဟာသူပျော်သလို နေတယ်ထင်ပါတယ်ကွာ။ ငါအကုန်ပြောပြပေမယ့် ဆရာက အယုံအကြည်မရှိဘူးလေ။ မင်းဂီယာထိုးမရဘူးဖြစ်တဲ့နေ့ကမှ ကားကို ရောင်းပစ်ဖို့ လုပ်လိုက်တာ"

- "ဩ၊ ဒါကြောင့်ကိုး"

မောင်တာတေတစ်ယောက် တော်တော် heart ထိသွားလေသည်။ အချစ်ဆုံး သူငယ်ချင်း မောင်ဖိုးထောင် သူ့အကြောင်းပြောပြမှ ဘဝမှာ ငါမသိသေးတာတွေ အများကြီးပဲဆိုတာ မောင်ဖိုးထောင် လက်ခံမိပါတော့သည်။

"ငါတော်တော်စိတ်မကောင်းဖြစ်ရတယ် ဖိုးထောင်ရာ။ ငါက အငယ်ဆုံးဆိုတော့ ဆိုးတယ်ကွ။ ဒါကြောင့် အမေက ဆယ်တန်းအောင်ရင် ကားဝယ်ပေးမယ်လို့ ကတိပေးခဲ့တယ်။ ငါ စာမေးပွဲမဖြေခင်လပိုင်းမှာ အမေ ဆုံးခဲ့တယ်။ အမေဆုံးတဲ့ စိတ်နဲ့ ငါဟာအရာရာကို အဆိုးမြင်၊ အရွဲ့တိုက်လာတယ်။ အစ်ကိုကြီးက ဘုရား၊ တရားဘက်ဆွယ်ပေမယ့် သိပ်တော့မထူးလှပါဘူး။ နောက်တော့ အဖေက အမေ့ကိုချစ်ရင် ဖြစ်စေချင်တဲ့ တက္ကသိုလ်ကျောင်းသားကြီး ဖြစ်အောင်လုပ်။ အဖေကလည်း အမေ့ကို ကတိပေးခဲ့သလိုပဲ ကားဝယ်ပေးမယ်လို့ ကတိပေးလာတယ်။ ဆွေမျိုးကြားမှာ အမေမရှိလို့ သားဆိုးသွားတယ်လို့ မဖြစ်စေချင်ဘူးတစ်လုံးနဲ့တင် ငါစာပြန်လုပ်ခဲ့တယ်။ အောင်ပြီး အဖေ့ကတိအတိုင်း ကားဝယ်ပေးခဲ့တာပဲ။ အဲဒီတုန်းကတောင် အဖေက ငါ့ကို သရဲကြောက်သေးလားမေးလို့ ငါကဟားလိုက်သေးတယ်။ ခုတော့ ငါက ကားပေါ်မှာ သရဲလေးနဲ့အတူတူ စီးနေမိတာကိုး။ ဒီကောင်ကလည်း ငါ့လိုငပေငတေထင်ပါတယ်ကွာ။ ကားကို ဟိုယမ်းဒီယမ်းသိပ်ကလိတာပဲ။ အေးလေ၊ ခုတော့ အားလုံးပြီးသွားပါပြီ။ ငါလည်း အဖေ့ကို ငါ့အတွက် ကားထပ်မရှာဖို့ပြောရဦးမယ်။ အဖေက အမေမရှိတည်းက ငါတို့ကို အဖေလိုရော အမေလိုပါ စောင့်ရှောက်ခဲ့တာကွာ။ ထပ်ပြီး ဝန်ထုပ်ဝန်ပိုးမဖြစ်စေချင်တော့ဘူး"

ကျွန်တော်လည်း သူငယ်ချင်းကို လေးစားသွားမိပါတော့သည်။ တက္ကသိုလ် လေးနှစ်သာ ပြီးသွားသည်။ ကျွန်တော့်သူငယ်ချင်း မောင်တာတေတစ်ယောက် ကားထပ်ဝယ်တာ မတွေ့ရတော့ပါ။

"ဦးလေး၊ လက်ဖက်ရည်တွေ အေးကုန်ပြီ။ ဘာတွေစဉ်းစားနေလို့လဲ ခင်ဗျာ"

"ဩ၊ ကားအကြောင်းပါကွာ"

"မစဉ်းစားနဲ့ ဦးလေးရေ။ ခုအချိန် ကားတွေက ဒီမှာသာအသစ်၊ သူများဆီမှာ အစုတ်၊ ရေမြုပ်တွေကို နားလှည့်ပါးရိုက်ခံရတာ။ ဒီထဲ လမ်းကကျပ်၊ အမိပတိတွေ၊ အထူးတွေကလည်း ဖိုက်နဲ့"

ဇော် (ပင်လယ်ပျော်)



www.burmeseclassic.com

www.burmeseclassic.com

# မိုးကျော့

## မုန်တိုင်းကြီးထဲကရွာ

ကျွန်တော်တို့မှာ ပင်လယ်နားမွေး
ပင်လယ်နားကြီး၊ ပင်လယ်နားနေ
ပင်လယ်ပြင်ထွက်ပြီး အသက်မွေးကြသူ
တွေဖြစ်သဖြင့် လေမုန်တိုင်းကို များစွာ
မကြောက်ကြ။

မိုင်(၅၀)၊(၆၀)လောက်ပြင်းသော
လေမုန်တိုင်းတွေမှာ မိုးတွင်းဆိုလျှင်
နှစ်စဉ်နှစ်တိုင်း တိုက်နေကျမို့ ရိုးနေသေ
ပြီ။ ကျွန်တော်တို့ရွာမှာ ဘင်္ဂလားအော်



www.burmeseclassic.com

www.burmeseclassic.com

ပင်လယ်ကြီးနှင့်ကပ်လျက်ဖြစ်၏။ လေမုန်တိုင်းကျပြီဆိုလျှင် နှစ်စဉ်နှစ်တိုင်း လေပြင်းမုန်တိုင်းဒဏ်ကိုခံရကြသည်မှာလည်း သဘာဝတစ်ခုလိုပင် ဖြစ်၏။

သို့သော် ဤနှစ် တိုက်ခတ်လာသော မုန်တိုင်းမှာ ယခင့်ယခင်နှစ်များတနှင့်စာလျှင် ပြင်းထန်လွန်းလှ၏။ တခြားတခြားနှစ်တွေမှာ မုန်တိုင်းဒဏ်ခံကြရသည်ဆိုသော်လည်း အိမ်ပြိုရုံ၊ အမိုးလန်ရုံ၊ ကွမ်းသီးပင်၊ အုန်းပင်များလဲရုံသာ။

ဤနှစ်တိုက်သော မုန်တိုင်းကြီးမှာတော့ အိမ်ပြိုရုံ၊ အမိုးအကာများလန်ရုံမက လေပြင်းဒဏ်ကြောင့် ပြိုကျသွားသော အိမ်များ၊ သစ်ပင်များကိုပါ သဲဖုံးသွား၏။ စပါးတို့ စပါးစင်များပင် သဲထဲရောက်ကုန်သည်။

ပင်လယ်မှ လှိုမ့်တက်ပြေးဆောင့်လာကြသော လူတစ်ရပ်၊ နှစ်ရပ်မြင့် လှိုင်းလုံးကြီးများသည် အိမ်ငယ်၊ သစ်ပင်ငယ်များကို ပင်လယ်ထဲ ဆွဲချယူငင်သွားကြသည်။ ရေအားလှိုင်းအားနှင့် ဆွဲနုတ်၍မရသောအိမ်များ၊ စပါးကျီ၊ စပါးစင်များကိုလည်း လှိုင်းလုံးကြီးများသယ်ဆောင်လာသော ပင်လယ်ကသဲများနှင့် ဖုံးအုပ်ထားခဲ့ကြသည်။

လေပြင်းမုန်တိုင်းတိုက်ခတ်နေချိန်တွင် ပင်လယ်ထဲမှလှိုင်းလုံးကြီးများသည် ရွာကိုတစ်လုံးပြီးတစ်လုံး ပြေးတက်လာသည်။ လူတွေမှာ အိုးပစ်အိမ်ပစ် လက်







www.burmeseclassic.com

www.burmeseclassic.com

လွှတ်ထွက်ပြေးကြရသည်။ ကလေးသူငယ်များကို လှိုင်းရေလွှတ်ရာသို့ ထမ်းပိုးပြေးကြရသည်။

လေပြင်းမုန်တိုင်းတိုက်သံ၊ လှိုင်းလုံးကြီးများအော်မြည်ပြေးတက်လာသံ၊ သစ်ပင်များ၊အိမ်များပြိုလဲကျသံ၊ ကလေးငယ်များ အော်ဟစ်ငိုယိုသံ၊ လူကြီးများ အော်ဟစ်သံတို့နှင့် တစ်ရွာလုံးမှာ ကမ္ဘာပျက်သလို ပွက်လောရိုက်သွားသည်။

ကျွန်တော်တို့ မိသားစုမှာလည်း အများနည်းတူ လှိုင်းလွှတ်ရာ၊ ရေလွှတ်ရာ တောင်ခြေဘက်ကို ပြေးခဲ့ကြရ၏။ မုန်တိုင်းကြီးသည် တစ်ရက်နှင့် တစ်ညအပြင်းအထန် တိုက်ခတ်သွားသည်။

ထို့ကြောင့် တောင်ခြေရှိ လေကွယ်သော ကျောက်ဆောင်ကြီးအောက်တွင် တစ်ရက်နှင့်တစ်ညနေခဲ့ကြရသည်။ ထိုတစ်ရက်တစ်ညတွင် လေပြင်းထဲက မိုးရေကိုခံသောက်ရုံကလွဲပြီး ဘာအစားအစာမှ မစားခဲ့ကြရပေ။

အမှန်မှာ ကျွန်တော်တို့ မိသားစုသာ ထမင်းနှစ်နပ်ငတ်ခဲ့ကြရသည်မဟုတ်။ ရွာကို ပင်လယ်ထဲက လှိုင်းလုံးကြီးတွေ ပြေးတက်လာကတည်းက ရွာကို စွန့်ပြေးလာကြသော ရွာသူရွာသားအားလုံးပင် ထမင်းနှစ်နပ်ငတ်ခဲ့ကြရ၏။

မုန်တိုင်းကြီးစဲ၍ ပင်လယ်လှိုင်းလုံးကြီးများ ငြိမ်သက်သွားချိန်တွင် နေဝန်းကြီး ပေါ်ထွက်လာ၏။ ထိုအချိန်မှာ ကျွန်တော်တို့မိသားစု ရွာပြန်ရန် ကျောက်ဆောင်ပြီးအောက်က ထွက်လာကြသည်။

မုန်တိုင်းဒဏ်၊ လှိုင်းလုံးကြီးတွေဒဏ်ကြောင့် ရွာကထွက်ပြေးလာကြစဉ်က တောင်မင်းမြောက်မင်းမကယ်နိုင်ရှန်းရင်းဆန်ခတ် ထွက်ပြေးလာကြရသော်လည်း ယခုတော့ ဟိုတစ်စုသည်တစ်စု မိမိရွာသူရွာသားများကို လမ်း၌တွေ့ကြရ၏။ လူကြီးများက အသေအပျောက်သတင်းမေးကြသည်။

သေသူများရှိသလို၊ သေလား ရှင်သလား မသိရသေးသော ပျောက်နေသူများသတင်းကိုလည်း ဝမ်းနည်းဖွယ်ရာကြားရ၏။ လမ်းတစ်လျှောက်တွင် ဆာလောင်မွတ်သိပ်၍ ငိုယိုလာကြသော ကလေးငယ်များ၊ သားပျောက်၊ လင်ပျောက်၊ မယားပျောက်၊ မိဘပျောက်သူတို့၏ ငိုယိုအော်ဟစ်လာကြသံများနှင့် တစ်လမ်းလုံး ဆူညံလာကြသည်။

ထိုသို့ ရွာသူရွာသားများ အော်ဟစ်ငိုယိုလာနေချိန်တွင် လူသားများ၏ အသက်အိုးအိမ်စည်းစိမ်များကို ချေဖျက်သွားကြသော လေလှိုင်းမုန်တိုင်းကြီးကား ပကတိ ငြိမ်သက်တိတ်ဆိတ်သွားကြလေပြီ။

■

ရွာသူရွာသားအားလုံးတို့မှာ မိမိရွာကို မိမိတို့ မမှတ်မိလောက်အောင်ဖြစ်ပြီး ရင်ဆို့သွားကြသည်။ အိမ်များအားလုံးနှင့် သစ်ပင်များအားလုံးမှာ သဲပြင်ထဲပိပြားလဲဝပ်နေကြ၏။ အချို့အိမ်များနှင့် သစ်ပင်များမှာ သဲထဲမြုပ်တစ်ဝက် ပေါ်တစ်ဝက်နှင့် မြင်မကောင်းရှုမကောင်းဖြစ်ကာ ထိုးထိုးထောင်ထောင်သာ ကျန်နေကြတော့သည်။

လောလောဆယ်တွင် ထမင်းနှစ်နပ်ငတ်လာကြရာ ဆန်များကို အိမ်ပြိုအိမ်အောက်ထဲ ဝင်ယက်တူးရှာကြရ၏။ ဆန်အားလုံးမှာ သဲတွေနှင့် ရောကုန်သဖြင့် ဆန်ဆေးရန်ရေရှာကြရသည်။ သို့သော် ရေချိုတွင်းအားလုံးကို ပင်လယ်လှိုင်းလုံးကြီးတွေက သဲနှင့် ဖုံးထားခဲ့ရာ သောက်ရေချိုမှာ ဘယ်မှာမှမရှိတော့၊ ရေချိုတွင်းတွေ၏နေရာကိုပင် ဇဝေဇဝါဖြစ်ကုန်ကြသည်။

ထိုအခါ မုန်တိုင်းကြီးကျစဉ်က ပင်လယ်လှိုင်းလုံးကြီးများ သဲထဲမြုပ်ထားခဲ့သော အုန်းပင်များမှ အုန်းသီးတွေကို တူးဖော်ယက်ယူကြရ၏။ ထိုအုန်းသီးရည်နှင့် ဆန်ဆေး၊ ထမင်းချက်ကြရသည်။

ဆာလွန်း၍ ငိုကြွေးနေကြသော ကလေးများကို လောလောဆယ် အုန်းဆန်ကျွေး၊ အုန်းသီးရည်တိုက်ထားကြရသည်။ ထိုအခါ အစာငတ်လာကြသော ဒုတ္ထိကန္တရကပ်ကြီးထဲတွင် ရောဂန္တရကပ်ကြီးက ပါလာပြန်သည်။ ရေချိုမရသဖြင့် ဆားငန်ရေနှင့် ဆန်ဆေးထမင်းချက်ကြပြီး အုန်းသီးစား၊ အုန်းရေသောက်ကလေးများသည် မုန်တိုင်းကျစဉ်က မသေခဲ့ကြဘဲ ရွာပြန်ရောက်မှဝမ်းလျှောဝမ်းသွား၍ သေကြရပြန်သည်။

ထိုအခါ လူကြီးတွေက ဝမ်းလျှောဝမ်းသွားသော ကလေးများကို ဆန်လှော်နှင့် နနွင်းတိုက်ပြီး ရေချိုတွင်းများကို အပူတပြင်း တူးဖော်ကြရ၏။ ပြီးတော့ ပြိုပျက်သွားသော အိမ်များကို တည့်မတ်ကာရံကြရ၏။

ရေချိုးတွင်းလည်း ရပြီးဖြစ်သဖြင့် အများနည်းတူ မိမိတို့၏ အိမ်ပျက်ကို ပြုပြင်နေကြစဉ် ရွာမြောက်ဖျားက ဦးလေးထွန်းပေါ် ရောက်လာ၏။

ရွာက လူသေလူပျောက်တစ်ယောက်ယောက်၏သတင်းကို လ[illegible]ပြန်ပြီအထင်နှင့် အဖေ့မှာ ဦးလေးထွ[illegible]ပေါ်ကို စကားစမေးရမှာပင် နှုတ်ငု[illegible]၏။

ထိုအခါ ဦးလေးထွန်းပေါ်က -

"အစ်ကိုကြီး၊ ဟိုသတင်းက[illegible]ပြီလား"

စမေး၏။

"မောင်အောင်ပွင့် ပျောက်နေ[illegible]သတင်းလား။ ကြားပြီကော"

"မဟုတ်ဘူး အစ်ကိုကြီး။ က[illegible]ရွာအောက်မှာ စက်လှေကြီးတစ်စီး [illegible]ကျိုးပြီး ပျက်နေတယ်တဲ့။ အဲဒါ တ[illegible]တွေသွားကြည့်နေကြတယ်ပြော[illegible]"

အဖေ၏ စကားအဆုံး[illegible]မစောင့်ဘဲ ဦးလေးက ပြော၏။

"ဟေ - ငါတော့မကြားမိသေး[illegible]ကွ။ ခု မင်းလာပြောမှသိရတာ"

"တချို့ကတော့ မုန်တိုင်းကြီး[illegible]တုန်းကပင် လာပျက်နေတာလို့[illegible]ပြောကြတယ်။ ပစ္စည်းတွေလည်း အ[illegible]ကြီးပဲတဲ့။ ခုသွားယူတဲ့လူတွေကသ[illegible]နေကြပြီ"

"ဟင် - အဲဒီစက်လှေက လ[illegible]ကော"

"လူတွေသေကုန်ကြလို့နေမှာ[illegible]အဲဒါဘာပစ္စည်းများရဦးမလဲ သွားကြ[illegible]ကြရအောင်ဗျာ"

"အေး - ဒါဆို သွားကြတာ[illegible]ကဲ - သားတို့လည်း လိုက်ခဲ့ကြ[illegible]သွားကြမယ်"

အဖေက ခေါ်သဖြင့် ညီအ[illegible]နှစ်ယောက် အဖေနှင့် ဦးလေးထွန်း[illegible]တို့နောက် လိုက်လာကြသည်။

ဦးလေးထွန်းပေါ် ပြောသည့်မှာ အမှန်ပင်။

ကျွန်တော်တို့ ပင်လယ်ကမ်း[illegible]နား ရောက်လာကြချိန်မှာ ရွာသူရွာသား အတော်များများသည် စက်လှေကြီး[illegible]တွင် ဖွေးဖွေးလှုပ်နေကြ၏။ ယော[illegible]ကြီးများသာမက မိန်းမသူများ[illegible]ကလေးများကိုပါ ပစ္စည်းရှာ၍ ပ[illegible]ကောက်၍တွေ့ကြရသည်။

ကျွန်တော်တို့လည်း အများန[illegible]တူ ရေသူမချိုင့်နားရှိ စက်လှေပျက်[illegible]နားတွင် ရရာတွေ့ရာပစ္စည်းများ[illegible]အလုအယက် ကောက်ယူစုပုံကြ[illegible]စက်လှေကြီးမှာ သုံး၊ လေးပိုင်းကျိုးပြ[illegible]နေသဖြင့် တောင်တစ်ပိုင်း၊ မြောက်[illegible]ပိုင်း၊ မှောက်တစ်ပိုင်း၊ လန်တစ်[illegible]ကစဉ့်ကလျားဖြစ်နေသည်။

သုံးထပ်သားသေ[illegible]ကြီးတွေ [illegible]



www.burmeseclassic.com

www.burmeseclassic.com

စိုနေသော စက္ကူသေတ္တာကြီးတွေ၊ သံပုံးတွေ၊ ပုလင်းဘူးတွေ၊ အဝတ်ထုပ်ကြီးတွေ၊ အပ်ချုပ်စက်ခေါင်းတွေ၊ ဘာမှန်းမသိသောဘူးကြီး၊ ဘူးလေးများ၊ ပုလင်းများ၊ စည်ပုံးများ ရသမျှကို ကျွန်တော်တို့ ကောက်ယူစုကြ၏။

ရှာဖွေစုကောက်သူတွေ များလာ၍ စက်လှေပျက်နားတွင် ပစ္စည်းများ ရှာရသောအခါ ပတ်ဝန်းကျင်တစ်ဝိုက်တွင် လိုက်ရှာကြ၏။ ထို့နောက် ကမ်းစပ်ဘက် အတော်ဝေးဝေးကိုလည်း သွားရှာကြ၏။ ရသမျှပစ္စည်းများကို စုပုံထားကြရာ ကျွန်တော်တို့အထဲမှာ ကျွန်တော်က အငယ်ဆုံးဖြစ်၍ ပစ္စည်းစုပုံကို စောင့်နေရသည်။

အဖေ၊ ဦးလေးထွန်းပေါ်၊ အစ်ကိုကြီးတို့က ရသမျှပစ္စည်းတွေကို ကျွန်တော့်အနားလာလာပုံထားကြ၏။ ရေသူမချိုင့်တွင် ပစ္စည်းရှာသူများမှာလည်း များသထက်များလာ၏။ ပစ္စည်းရှာရင်း အဖေနှင့် ဦးလေးထွန်းပေါ်တို့က လူသေအလောင်းတစ်လောင်းကို တွေ့သဖြင့် သဲထဲယက်ပြီး မြှုပ်ပစ်ခဲ့ကြရသည်ကိုတော့ အိမ်ရောက်မှပြောသည်။ အဖေတို့၊ ဦးလေးတို့လို နောက်တစ်ဖွဲ့ကလည်း လူသေအလောင်းနှစ်ယောက်ကိုပင် တွေ့ခဲ့ မြှုပ်ပစ်ခဲ့ကြရသည် ဆို၏။ လူသေအလောင်းတွေမှာ ဘောင်းဘီဝတ်တွေဆိုသဖြင့် ကျွန်တော်တို့ရွာသားတစ်ယောက်ယောက်တော့ မဖြစ်နိုင်။ စက်လှေကလူများဟုပြောကြ၏။

သည်လိုနှင့် ရသမျှပစ္စည်းများကို ရွာသို့သယ်ကြသည်။ ရှာလိုက်၊ သယ်လိုက်ကြသည်မှာ တစ်နေကုန်သွားလေသည်။

■

ကျွန်တော်တို့ ရွာသူရွာသားများ အသုံးဝင်သည်ဟု သိကြသော ပစ္စည်းများမှာ အထည်အလိပ်၊ အကျီ၊ လုံချည်၊ အပ်ချုပ်စက်ခေါင်း၊ ထီး၊ ဖိနပ်လောက်သာရှိ၏။ နောက်အကြီး၊အသေးတွေနှင့် အနီ၊ အပြာ၊ အဝါ၊ အစိမ်းအလုံးအပြားတွေကို ဆေးဟုထင်ကြသော်လည်း ဘာဆေးမှန်းမသိသဖြင့် တချို့ကလေးငယ်လေးတွေက ဘူးပုလင်းတွေကိုဖောက်၍ ယူတောက်ကစားကြသည်။

ဤသို့ စက်လှေကရသောပစ္စည်းများနှင့် ကလေး၊ လူကြီးတွေ အလုပ်ရှုပ်နေကြစဉ် ကျွန်တော်တို့ ပင်လယ်ကမ်းစပ်ရွာသတင်းနှင့် စက်လှေပျက်သတင်းကို ကြားကြရသော ရွာနီးချုပ်စပ်ရွာများကလူများလည်း ✓အုပ်နှင့်အုံနှင့်လာပြီး ပစ္စည်းရှာကြ၏။ သို့သော် သူတို့ကား တစ်နေကုန်ရှာကြသော်လည်း ပုလင်းတစ်လုံး၊ ဘူးတစ်ဘူးပင် မရသူများက ဒုနှင့်ဒေးပင်။ စက်လှေပျက်ကာ ပစ္စည်းမှန်သမျှ ကျွန်တော်တို့ ရွာသူရွာသားများဆီ ရောက်နေကြပြီ။

လေး၊ ငါးရက်ကြာသောအခါ ရွာနီးချုပ်စပ်က လူများသာမဟုတ်၊ ဟိုဘက်လမ်းမှ မြို့ညှော်သည်လူစိမ်းများလည်း ရောက်လာကြသည်။ အဝတ်ထုပ်၊ စက်ခေါင်း၊ ဆေးပုလင်းများကို သူတို့က ဈေးဖြတ်ဝယ်ကြ၏။ ပထမအဖွဲ့နှင့် ဒုတိယရောက်လာသောအဖွဲ့တို့က ဈေးအပြိုင်ပေး၍ ဝယ်ကြ၏။

ကျွန်တော်တို့ ရွာသူရွာသားတွေမှာ တစ်ကြိမ်တစ်ခါမှ မကိုင်ဘူး၊ မမြင်ဘူးသောငွေတွေကိုရကြ၍ အပျော်ကြီးပျော်နေကြ၏။ မည်သူကိုကြည့်လိုက်လိုက် စက်လှေပျက်မှရသော ထီး၊ ဖိနပ်၊ အကျီ၊ လုံချည်၊ ထဘီတွေနှင့်။ ထိုတစ်စိမ်းများ လိုသမျှပစ္စည်းဝယ်ပြီး ပြန်သွားကြသည်မှာ တစ်ပတ်ပင်မရှိသေး၊ ကျွန်တော်တို့ရွာကို လက်နက်ကိုင်ဓားပြဆယ်ယောက်က ညကြီးမင်းကြီးဝင်လာပြီး သေနတ်ပြ ဓားပြတိုက်သည်။

သူတို့တွင် မည်သူသည် ပစ္စည်းမည်မျှရောင်းရ၍ ငွေမည်မျှရှိသည်ကို စာရင်းနှင့်တောင်းသည်။ လိမ်ညာပြော၍မရ၊ ရှိသမျှထုတ်ပေးကြရ၏။ မထုတ်ပေးလျှင် သတ်ပစ်မည်ဟု သေနတ်ဖောက်ပြသည်။ ကျွန်တော်တို့ရွာသူရွာသားတွေမှာ ပစ္စည်းရောင်း၍ ရထားသမျှသောငွေများကို ပေးလိုက်ကြရသည်။

■

စက်လှေပျက်မှ ပစ္စည်းတွေရကြ၊ ပစ္စည်းတွေရောင်း၍ ငွေတွေရကြတုန်းက မိမိတို့၏ မိသားစုထဲမှ မုန်တိုင်းကျစဉ် သေသူများကိုပင် မေ့သွားကြသူများမှာ ယခု သူတို့ရသမျှ ဓားပြတိုက်၍ ပြောင်တော့မှ သေသူကို တ,၍ ငိုကြရတော့သည်။

ဗိုးကျော

# သမုတ်သစ်ဆူး (ဝါ) သစ်ကျွတ်အစွမ်း

နတ်မောက်မင်းသန့်ခိုင်

သမုတ်သစ်ဆူး (ဝါ) သစ်ကျွတ်ဆိုသည်မှာ သစ်ပင်ကြီးတစ်ပင် ခုတ်လှဲရာတွင် ၎င်းသစ်ပင်ပင်စည်အလယ်မှ သစ်သား စသည် သစ်ငုတ်တွင် ကျွတ်ကျန်ရစ်သော သစ်စပင် ဖြစ်ပါသည်။ သိသူတိုင်း ထိုသစ်စ (ဝါ) သမုတ်သစ်ဆူး (ဝါ) သစ်ကျွတ်ကို ရယူဆောင်ထားတတ်ကြပါသည်။ ကျေးလက်တောရွာအိမ်တော်တော်များများတွင် ဆောင်ထား၊ ရှိထားတတ်သည်ကို တွေ့ကြုံသိရပါသည်။

သားဦးမိခင်များ၊ အသက်လေးဆယ်ကျော်မှပေါ်သည့် မိခင်လောင်းများသည် မွေးဖွားရာတွင် ခက်ခဲကြန့်ကြာတတ်ပါသည်။ ထိုအချိန်တွင် သစ်ကျွတ်သည် သဘာဝဂမ္ဘီရစွမ်းအင်ကို ပြသပါသည်။

၎င်းသစ်ကျွတ်ကို မီးဖွားရန် ခက်ခဲနေသော မိခင်လောင်း၏ ခေါင်းအုံးအောက်တွင် ထားပေးလိုက်ပါ။ မိခင်လောင်းသည် နာရီဝက်၊ တစ်နာရီအတွင်း အလွယ်အသာ မွေးဖွားနိုင်ပါလိမ့်မည်။ အကယ်၍ ဝမ်းထဲမှ သန္ဓေသားသည် ကန့်လန့်ဖြစ်နေခြင်း၊ သေနေခြင်းဆိုလျှင်တော့ ဆေးရုံသို့သာ သွားပါ။ သစ်ကျွတ်က စွမ်းနိုင်မည် မဟုတ်ပါ။

သားမွေးသည်၊ ဝမ်းတွင်းမှ သားကျွတ်သည်ဟုယူခြင်း ဖြစ်ပါသည်။

သစ် + ကျွတ် = သား + ကျွတ်
၆ + ၂ = ၆ + ၂

သားကျွတ်မွေးဖွားပြီး သားချင်းကျွတ်အောင်စောင့်ပါ။ သားချင်းကျွတ်ပြီးလျှင် သစ်ကျွတ်ကို မေ့မထားဘဲ ခေါင်းအုံးအောက်မှ အမြန်ဖယ်ယူပါ။ သားအိမ်ပါကျွတ်ထွက်လာတတ်သည်။ သားချင်း ဆိုသည်မှာ မွေးဖွားပြီးအချင်း (ဝါ) နောက်လိုက်ကို ဆိုခြင်း ဖြစ်ပါသည်။

သစ် + ကျွတ် = သား + ချင်း
၆ + ၂ = ၆ + ၂

သို့အတွက် သစ်ကျွတ်သည် သားကျွတ်နိုင်ခြင်း၊ သားချင်းလိုက်လာစေခြင်းဂမ္ဘီရအစွမ်းရှိသဖြင့် ဆောင်ထားသင့်ကြောင်း ဗဟုသုတအဖြစ် တင်ပြအပ်ပါသည်။

နတ်မောက်မင်းသန့်ခိုင်



www.burmeseclassic.com

www.burmeseclassic.com

ကျုပ်က ပဋ္ဌာန်းကျမ်းကို သိပ်သဘောကျတာဗျ။ ရတနာဃရ သတ္တာဟလို့ ခေါ်တဲ့ ဇောဓိပင်ရဲ့ အနောက်မြောက်ဘက် အတောင် (၄၀) ကွာဝေးတဲ့နေရာမှာ နတ်တွေဖန်ဆင်းတဲ့ ရတနာရွှေအိမ်ရှိတယ် မဟုတ်လား။ အဲဒီရတနာရွှေအိမ်မှာစံနေရင်း အဘိဓမ္မာကျမ်းတွေကို (၇) ရက်တိတိ ဆင်ခြင်နေတယ်လေ။ ကျုပ်တို့ ဘုရားရှိခိုးတဲ့စာထဲမှာ 'ရတနာဃရ သတ္တာဟ' လို့ ပါနေလို့ မှတ်မိနေတာပါ။ အဲဒီစံအိမ်မှာ ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက်ကျမ်းတွေ ဆင်ခြင်တော်မူပေမယ့် ရောင်ခြည်တော်တွေ မကွန့်မြူးသေးပါဘူး။

ပဋ္ဌာန်းကျမ်းကြီးကို ဆင်ခြင်သုံးသပ်မှသာ ဘုရားရှင်မှာ ရောင်ခြည်တော်တွေ ကွန့်မြူးလာတယ် မဟုတ်လား။ဒါကြောင့် ကျမ်းတကာကျမ်းထဲမှာ ပဋ္ဌာန်းကျမ်းက အထက်မြက်ဆုံးပါပဲ။ ဘုရားရှင်ရဲ့ ရောင်ခြည်တော်တွေဟာ အနန္တစကြာဝဠာထိ ပျံ့နှံ့ထွန်းလင်းသွားခဲ့တယ်လေ။ ဒါကြောင့် အလွန် အစွမ်းထက်တဲ့ကျမ်းကြီးဖြစ်လို့ ကျုပ်ကတော့ လွတ်သဘောကျဗျား။ ဒါပေမယ့် ကျုပ်ကိုယ်တိုင် ပဋ္ဌာန်းပစ္စယနိဒ္ဒေသပါဠိတော်ကို မရပါဘူး။ အရှည်ဆိုချင်ရင် စာအုပ်ကိုကြည့်ဆိုမှ ရပါတယ်။ ကျုပ်တကယ်ရတာက ပဋ္ဌာန်း-၂၄ပစ္စည်းရဲ့ ခေါင်းစီးလေးတွေလောက်သာအလွတ်ရတာပါ။

လွန်ခဲ့တဲ့ (၃၈) နှစ်ကျော်က ဒီပဋ္ဌာန်း-၂၄ ပစ္စည်းကို ကျုပ်က အနုလုံ၊ ပဋိလုံ အကြိမ်ကြိမ်ဆိုတယ်လေ။ အားတိုင်းဆိုတယ်။ သတိရတိုင်း 'ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော'နေတာပါပဲ။ ဘာအကျိုးမှမျှော်ကိုးပြီးဆိုတာမျိုးမဟုတ်ဘူး။ နှစ်သက်လို့ဆိုနေတာမျိုးပါ။ အခုအသက်အရွယ်ရောက်မှ ဆန်းအလင်္ကာပညာနဲ့ ဆင်ခြင်ကြည့်လိုက်တော့ ဘုမ္မိနှစ်ထပ်ကွမ်း၊ သုံးထပ်ကွမ်းနှစ်တွေပါလား။ တကယ်ကို သေလောက်တဲ့နှစ်တွေမှာ ဘာဖြစ်လို့ မသေခဲ့တာလဲလို့ တွေးလိုက်တဲ့အခါမှာ ပဋ္ဌာန်းကို တင် လုံးလိုလိုရွတ်ခဲ့တဲ့ကျေးဇူးက အသ ကို ကယ်လိုက်တာပါလားလို့ သွ မြင်လိုက်တာပါ။ ဒါကြောင့် အသ ကယ်ပဋ္ဌာန်းခေါင်းစီးနဲ့ ကျုပ်အဖြ အဖြစ်မှန်အတိုင်း ပြန်ပြီးပြောပြပါ မယ်။

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ ဆင်ရှာချောင်းကနေ စစ်တောင်း ရောက်အောင်ဖောက်ထားတဲ့တူးမြေ တစ်ခုရှိတယ်။ အသစ်ဖောက်တဲ့ မြောင်းဆိုတော့ ရေကျပြီဆိုရင် ရေ ကြမ်းသလားမမေးနဲ့။ ဝါးလုံးထိုးစီး ပါပဲ။ ကျုပ်တို့က အဲဒီချောင်းထဲက စစ်တောင်းမြစ်ကို ထွက်ရမယ့်ခရီးစ ကျုပ်စက်လှေက စပါး (၈၀) က တယ်။ အခုတော့ စပါး မပါပါဘူး။ တွေ တင်လာတာပါ။ ဘယ်လေ အထိတင်သလဲဆိုရင် စက်လှေဖော ရေကတိုက်တဲ့အထိ ဝက်ကများပါတ

# ပေါင်ပေါင်သန်းထွန်း



## အသက်ကယ်ပဋ္ဌာန်း

www.burmeseclassic.com

www.burmeseclassic.com

နှစ်ခေါက်သွားရမယ့်ခရီးကို ဆီသက်သာအောင် တစ်ခေါက်တည်းနဲ့ ကိစ္စပြီးအောင်တင်လာတဲ့သဘောပါပဲ။ အဲဒီအချိန်မှာ စက်လှေရဲ့ရုပ်ပြတ်ပါလေရော။

ကျုပ်က ရေလည်း မကူးတတ်ပါဘူး။ အကြောင်းရှိရင် ဘောကွင်းရှိတယ်ဆိုတဲ့အားကိုးနဲ့ စက်လှေထဲဆင်းတဲ့သူပါ။ အခုလို အထိန်းမရှိဘဲ စစ်တောင်းမြစ်ထဲ မျောမယ်ဆိုရင် မြစ်ဝမှာ ခလရ (၁၁) ဂိတ်ကင်းက 'ရပ်' လို့ဆိုတာကို ဘယ်လိုမှ ရပ်မပေးနိုင်ရင် ရန်သူအမှတ်နဲ့ ပစ်မှာအသေအချာပါပဲ။ အဲဒီအချိန်က ဒီနေရာဒီဒေသကို အစိုးရက အညိုရောင်နယ်မြေအဖြစ် သတ်မှတ်ထားတဲ့ကာလလေးပေါ့။

ကဲ - အဲဒီဂိတ်ကို ကျော်လာပါပြီတဲ့။ စစ်တောင်းတံတားကြီးဘက်ကို ကျုပ်စက်လှေက အရှိန်ပြင်းပြင်းနဲ့ မျောပါလိမ့်မယ်။ တံတားကြီးကို ဖြတ်သန်းမယ်ဆိုရင် အလယ်ပေါက်တစ်ပေါက်ပဲ ခွင့်ပြုထားပါတယ်။ အထိန်းမရှိတဲ့ စက်လှေဟာ ထိန်းလို့သိမ်းလို့မရဘဲ ဘေးပေါက်တွေ ဝင်မိရင်တော့ တံတားကင်းက စည်းကမ်းဖောက်တဲ့စက်လှေဆိုပြီး စက်သေနတ်နဲ့ ဆွဲမှာအသေအချာပဲ။ ပစ်ခွင့်လည်း ပေးထားပါတယ်။

ဒီလိုမပစ်ဘူးဘဲထားပါဦး။ အရှိန်အဟုန်ပြင်းပြင်းနဲ့ ရေစီးနောက်ပါနေလို့ တံတားကြီးတိုင်နဲ့ထိမိတာနဲ့ တစ်စစီဖြစ်သွားပါလိမ့်မယ်၊ ဒီလိုဖြစ်လို့ကတော့ လူတွေလည်း ပွဲခြင်းပြီးပါပဲ။ ပြောရမယ်ဆိုရင် သေလမ်းနဲ့ တစ်ချက်မှမလွတ်ပါဘူး။ ကိုယ်အသက်ဘေးအတွက် စက်လှေပေါ်ကခုန်ချဖို့ လူတိုင်းအသင့်ဖြစ်နေပါပြီ၊ ကျုပ်တို့စက်လှေက ရုပ်ပြတ်ပြီး ရေစီးအရှိန်ကြောင့် တစ်ပတ်လည်တာနဲ့ ကမ်းကို ထိုးစိုက်သလို ဖြစ်သွားတယ်။ ကျုပ်တို့ စက်လှေကလူတွေ လျှပ်တစ်ပြက်ခုန်ဆင်းပြီး ဦးကကြိုးကို သစ်ပင်မှာ ပြေးပြီးချည်လိုက်ရတာပေါ့။ အခုလိုသေကံမရောက် အသက်မပျောက်ခဲ့တာ အချိန်ရှိသမျှ ပဋ္ဌာန်းကိုရွတ်နေတဲ့ အကျီးကျေးဇူးက ကယ်လိုက်တာကလွဲပြီး အခြားအကြောင်းဘာမှမရှိပါဘူး။

ဒုတိယသေဘေးကြုံခဲ့တာလည်း ရေလမ်းခရီးပါပဲ။ ကျုပ်တို့ ပကိုင်ကွင်းမှာ မြစ်ကျိုး၊ ကပင်၊ အင်တိုင်းစု၊ ပြင်ပုံကြီး၊ ဘုရားကြီး၊ ဘုရားလေး၊ ဖောင်တော်သီဒေသတွေဟာ ရေလွှမ်းဒေသတွေပါပဲ။ မြန်မာပြည်မှာ ဒုတိယအင်းလေးလို့ တင်စားခေါ်ကြတယ်လေ။ အဲဒီဒေသရဲ့ ဝါထပ်နှစ်မိုးတွင်းမှာ ရေဘယ်လောက်ကြီးမားလဲဆိုတာ မေးစရာတောင် မလိုပါဘူး။ ကျုပ်က စက်လှေနဲ့ စီးပွားရှာတဲ့သူ ဆိုတော့ တစ်နေရာကတစ်နေရာပြောင်းမလား။ အော်ဒါရရင် အကုန်လုပ်တယ်လေ။ အဲဒီဒေသမှာ ဘဲမွေးသူတွေလည်း ပေါမှပေါ။ ဘဲရောင်းသူနဲ့ဝယ်သူ ဈေးတည့်သွားရင် ကျုပ်တို့က အခကြေးငွေနဲ့ လိုက်ပို့တဲ့အလုပ်ကိုလုပ်ပါတယ်။

စပါး (၈၀) ပါ စက်လှေထဲကို ဘဲတင်မယ်ဆိုရင် ဝမ်းဗိုက်မှာ ယိုင်ခင်းပြီးတော့ ဘဲတွေထည့်။ ပြွတ်သိပ်ညပ်ကျပ်အောင်တော့ထည့်လို့မရဘူး။ ဘဲက အပူငွေ့အားကြီးတယ်။ အကောင်ချင်းထိနေရင် အငွေ့တွေတောင်ထွက်တတ်ပါတယ်။ ဘဲချင်းညပ်ပြီး သေလည်းသေတတ်တာပေါ့။ ဒါကြောင့် အောက်ဆုံးလွှာမှာ ခပ်ကျဲကျဲပဲထည့်မှ အဆင်ပြေပါတယ်။

နောက်အဲဒီဘဲတွေအပေါ်က ဝါးတန်းပျစ်၊အပေါ်ကယိုင်ခင်း၊နောက်ထပ်ဘဲတွေ တင်ပြန်တယ်။ စက်လှေတစ်စီးလုံး တဂတ်ဂတ်အသံတွေက စက်မောင်းထားသလို ညံမှညံ။ ကျုပ်တို့က ဝယ်သူ့ဒေသရောက်အောင် ဘဲစက်လှေကို မောင်းပို့ရမယ်လေ။ စက်လှေထွက်လာချိန်မှာ အောက်ဆုံးဘဲတွေက ခပ်ချောင်ချောင်ထည့်ထားတော့ လန်းပြီးဘယ်ပြေးလိုက်၊ ညာပြေးလိုက်နဲ့ စက်လှေကြီးယိမ်းထိုးလာပါလေရော။

သူတို့အပေါ်က ဘဲတွေဟာ





www.burmeseclassic.com

www.burmeseclassic.com

အောက်ကဘဲတွေထက် ပိုပြီးယိမ်းမှာပေါ့။ အပေါ်ကလန့် ၊အောက်ကလန့်နဲ့ စက်လှေကြီးကို ထိန်းလို့မရတော့ဘဲ မှောက်တော့တာပါပဲ။ ကျုပ်ဆိုတာ ဘောကွင်းပြေးယူချိန်တောင်မရှိပါဘူး။ ရေထဲကို တွန်းလွှတ်လိုက်သလို ဝုန်းခနဲ ကျသွားတယ်။ ရေကလည်း အနက်ကြီး။ ရေကို ကျွမ်းကျွမ်းကျင်ကျင်လည်း မကူးတတ်။ ခွေးကူးလို ဟိုယက်ဒီယက်နေတုန်း စက်လှေကြီးက မှောက်ခုံကြီးပြန်ပေါ်လာတယ်။ ကျုပ်က လှေဗိုက်ပေါ် ဝမ်းလျားမှောက်နေရတာပေါ့။ ဒီလိုသေကံမရောက်ခဲ့တာလည်း အချိန်ရှိသရွေ့ ပဋ္ဌာန်း-၂၄ ပစ္စည်းကို ရွတ်နေလို့ ဆိုတာကို ကျုပ်ကအလိုလိုသိနေတယ်။ ပဋ္ဌာန်းကယ်လို့ မသေခဲ့တာပါ။ ကျုပ်နဲ့ပါတဲ့လူတွေက ရေကူးက ကျွမ်းမှကျွမ်း။ သူတို့ကောင်းလို့ ဘဲတွေလည်း ပြန်ရပါတယ်။ ဆယ်ကောင်လောက်ပဲ အသေအပျောက်ရှိတယ်ဗျ။

အင်း - နောက်ဆုံးကြုံတွေ့မှုကို ပြောပါတော့မယ်။ ဘုရားကြီးနဲ့ ဝေါကြားမှာ လွန်ခဲ့တဲ့ (၃၈) နှစ်ကျော်က ကားလမ်းဓားပြတွေ တယ်ပြီးသောင်းကျန်းတာကလား။ ဒီဒေသမှာ ဇရပ်ကလေးက နာမည်အကြီးဆုံးပဲ။ ကျုပ်က ရန်ကုန်ကနေ ပြန်လာတဲ့လူ။ ကားထဲမှာ ခရီးသည်ဆိုလို့ ကျုပ်ရယ်၊ စောသာထွေးရယ်၊ ဒေါ်နော်လေးရယ် (၃) ဦးတည်း ရှိပါတယ်။ (၃) ယောက်ပေါင်းကုန်တွေကို ကားတစ်စီးစုပြီးငှားလာတဲ့သဘောပဲ။ ကျုပ်တို့ တွက်ထားတာက ခရီးသည်တင်ကားမဟုတ်လို့ ဓားပြမတိုက်နိုင်ဘူးလို့ ထင်တာပေါ့။ ဒီအတွေးကြောင့် ကားနဲ့ ပြန်လာရဲတာပါ။

အဲ - ဒီလိုနဲ့ ကားကို မောင်းလာလိုက်တာ ဇရပ်ကလေးနားလည်းရောက်ရော လမ်းဓားပြတွေက ပြင်ပုံကြီးရွာကို ဓားပြတိုက်ဖို့ ထွက်လာတာတဲ့။ နောက်ကျုပ်တို့ကားလာတာကိုလည်းတွေ့ရော ရွာကို မီးရှို့ဖို့ ဓာတ်ဆီလိုတယ်ဆိုပြီး သစ်တုံးနဲ့ပိတ်လို့ ကားကို တားပါလေရော။ ဓားပြခေါင်းဆောင်က ဒရိုက်ဘာနားထင်ကို သေနတ်နဲ့ထောက်ပြီး သေနတ်မောင်းပါ ညှစ်ထားတယ်။ ကျန်တဲ့ဓားပြတစ်ယောက်က ကားခေါင်းမှာရပ်ပြီး အောက်ကိုဆင်းလို့ သေနတ်နဲ့ ယိမ်းပြတယ်။

ကားထဲမှာပါတဲ့ လူ (၃) ယောက်ထဲမှာ ကျုပ်တစ်ယောက်သာ အရပ်အမောင်းရှော ခန္ဓာကိုယ်ပါ တောင့်တင်းတယ်လို့ ဓားပြတွေက တွက်ထားတဲ့ပုံပဲ။ အောက်ရောက်တာနဲ့ ကျုပ်ခေါင်းကို သေနတ်ဒင်နဲ့ဆောင့်လိုက်တာ မျက်စိထဲ ဝင်းဝင်းတောက်သွားပြီး လောကကြီးနဲ့ အဆက်အသွယ် ခေတ္တပြတ်သွားတယ်။ ကျုပ်ပြန်သတိရတော့ မြေကြီးပေါ်မှာ ဝမ်းလျားမှောက်ရက်ဗျ။ သွေးတွေကလည်း ပါးကိုဖြတ်စီးပြီး မြေပေါ်ကို တစ်စက်တစ်စက်ကျတာ မြင်နေတယ်။ ဒီတစ်ချီတော့ သေပြီလို့ ကိုယ့်ကိုယ်ကိုယ် တွက်ထားပါတယ်။ အားလည်း ငယ်သွားတာပေါ့။

ကားပေါ်က လိုချင်တာတွေ အကုန်ယူသလို ကျုပ်တို့ (၃) ယောက်ဆီကလည်း စိတ်ကြိုက်ယူပြီးချိန်မှာ ကားပေါ် ပြန်တက်လို့ အမိန့်ပေးလိုက်တယ်။ ကျုပ်က ခေါင်းမှာဒဏ်ရာရထားလို့ မတ်မတ်တောင် မရပ်နိုင်ပါဘူး။ မျက်စိထဲမှာ ဝေဝေဝါးဝါးဖြစ်နေလို့ တစ်လှမ်းချင်း လှမ်းဖို့တောင် တော်တော်ခက်နေတဲ့အချိန်ပါ။ ကျုပ်ရဲ့အမူအရာကို ဓားပြတစ်ယောက်က စိတ်မရှည်ဘူး၊ ခါးကို သေနတ်ပြောင်းနဲ့ထောက်ပြီး 'တက်စမ်း၊ မြန်မြန်' လို့ ဟောက်တယ်ဗျ။ ကားပေါ် အတက်နှေးရင် တကယ်ပစ်တော့မှာကို သိနေတော့ အားတင်းပြီး အတင်းတက်လိုက်ရတာပေါ့။

ခေါင်းမှာထိထားတဲ့ ဒဏ်ရာက မူးနောက်မူးနောက်ဖြစ်လာတော့ ကားလှေကားဒုတိယထစ်မှာ ခြေချော်ပြီး မှောက်လဲသွားပါလေရော။ ဓားပြက သူ့ကို ရန်မူတယ်ထင်တာလား၊ သတိတွေ တအားထားလို့ပဲလား မသိဘူး။ ကျုပ် လူပ်ရှားလိုက်တာနဲ့ ထောက်ထားတဲ့ သေနတ်ကလည်း 'ဒိုင်း' ဆိုပြီး ကျည်ထွက်သွားတယ်။ ဒါပေမယ့် ချော်လဲချိန်မှာ ကျုပ်ခန္ဓာကိုယ်က အောက်ကို ရုတ်ခြည်းနိမ့်သွားလို့ သေနတ်ကျည်က လမ်းကြောင်းပြောင်းသွားတယ်။ ကားပေါ်မှာ ထိုင်နေတဲ့ စောသာထွေးပေါင်ကို ကျည်ကရှပ်ပြီးမှန်သွားတာဗျ။ ကျုပ်ဆိုတာ လန့်သွားလို့ လေးဖက်ထောက်ပြီး ကားပေါ်တက်ရတော့တာပေါ့။ ကျုပ်ကားပေါ်ရောက်ချိန်မှာ ဓားပြတစ်ယောက်က-

"ဟေ့ - ဒါတွေရှင်းလိုက်မှ ရန်အေးမယ်ကွ"

လို့ ပြောတော့ ခေါင်းဆောင်ဖြစ်တဲ့လူက တွေးတွေးဆဆနဲ့ -

"တို့လိုချင်တာတွေ ရပြီးပြီလေ။ ဒီကောင်တွေကားမှာ ဓာတ်ဆီမှမရှိတာ တို့တွေ ပြင်ပုံကြီးရောက်တဲ့အထိ ဓာ ဆီရှာလို့ မရနိုင်သေးဘူး။ ပြင်ပုံကြီးမှ ခုခံရင်သုံးဖို့ ကျည်ကိုချန်ထားရဦးမယ် ဒီအတိုင်းထားခဲ့၊ သွားမယ်"

ဆိုပြီး ဓားပြခေါင်းဆောင်ကောင် လို့ မသေတာပါ။ ကုန်ပစ္စည်းတွေကြ ထဲမှာ ဓာတ်ဆီနှစ်ဂါလန်ရှိတာကို တွေ့ မသွားလို့ တော်ပါသေးရဲ့။ ကျုပ်တို့ကား ကိုတောင် ဓားပြတွေထွက်သွားပြီ နာ ဝက်လောက်ကြာမှ မောင်းရဲပါတယ် ကျုပ်နဲ့ စောသာထွေးကို ကားဆရာ ဆေးရုံကိုအချိန်မီပို့ပေးလို့မသေတာပါ အချိန်သာ နောက်ကျရင် သွေးထွ လွန်တာနဲ့ ကိစ္စချောနိုင်ပါတယ်။

ဒီလို သေကံမရောက်ခဲ့တာလည် ပဋ္ဌာန်းတန်ခိုးပါပဲ။ ကျုပ်က အဲဒီအချိ ကာလတွေမှာ ဘာဖြစ်လို့ အချိန်ရတိုင် ပဋ္ဌာန်း -၂၄ ပစ္စည်းကို ရွတ်နေသလ မသိဘူး။ ဒီလို အကြိမ်ကြိမ် ရွတ်ဖ ပူဇော်နေလို့လည်း ပထမ စက်လှေရှ ပြတ်ချိန်မှာ ဝါးလုံးထိုးစီးတဲ့ရေထဲ မသွားဘူး။ ဝဲအရှိန်နဲ့ ကမ်းကို ပြေးကပ် တယ်။ဒုတိယစက်လှေကတော့ လှေကြီး မှောက်ခုံပြန်ပေါ်ချိန်မှာ အပေါ်တက်နေ လို့ မသေခဲ့တာပါ။ တတိယအဖြစ်က တော့ သေကွင်းသေကွက်နဲ့ တော်တော် နီးစပ်နေပါတယ်။ ပဋ္ဌာန်းကယ်လို့ မသေ တာပါ။

ဒီဖြစ်ရပ်အားလုံးမှာ ကျုပ်အသက် ကို ကယ်တင်ခဲ့တာ ပဋ္ဌာန်းပါပဲ။ ဒ ကြောင့် ရေဘေး၊ မီးဘေး၊ လက်နက် ဘေး၊ အသက်အန္တရာယ်ဘေး၊ အခက် အခဲအကျပ်အတည်းတွေ တွေ့လာချိန် မှာ ပဋ္ဌာန်းကို တစ်နေ့လုံး သတိရတိုင်း ဆင်ခြင်နေလိုက်ပါ။ အကြောင်းအမျိုး မျိုးနဲ့ အန္တရာယ်ကြားကနေ ပွတ်ကာသီ ကာ လွတ်သွားပါလိမ့်မယ်။ ကျုပ်မှာ ဒီပြင်ကြုံတာတွေ အများကြီးရှိပါသေး တယ်။ ဒီသုံးမျိုးက အထူးခြားဆုံး ဖြစ် ရပ်အဖြစ် သတ်မှတ်ပြီး တင်ပြလိုက်တာ ပါ။

ဒါကြောင့် ကျုပ်လိုပဲ သတိရတိုင်း ပဋ္ဌာန်းကို ဆင်ခြင်နေမယ်ဆိုရင် အခုလို ကမ္ဘာကြီးမှာ ဘယ်လိုအန္တရာယ်တွေရှိရှိ မိမိတစ်ကိုယ်စာ အမြဲအန္တရာယ်ကင်းနေ တာကို လက်တွေ့မြင်ကြရမှာ အမှန်ပါ ပဲ။

*(ဆရာ ဦးမြဝင်း၏ ဖြစ်ရပ်မှန်ကို စာပန်းချီခြယ်မှုန်းခြင်း ဖြစ်ပါသည်။)*

မောင်မောင်သင်္ချိုင်း



www.burmeseclassic.com

www.burmeseclassic.com

ငြိမ်းအောင်(ဂမ္ဘီရ)

# မုန့်လုံးရေပေါ်၏ လျှို့ဝှက်ချက်

မဟာသင်္ကြန်ပွဲတော်ဟု ဆိုလိုက်လျှင် မြန်မာ့ရိုးရာ နှစ်သစ်ကူးပွဲတော်၊ မြန်မာ့ရိုးရာ ရေသဘင်ပွဲတော်ကို ပြေးမြင်ကြမည်မှာ ဧကန်ဖြစ်သည်။ ပူအိုက်သော ဂိမှာန ခွေဥတုရာသီတွင် အေးမြကြည်သန့်သောရေကို တစ်ဦးကိုတစ်ဦး ကြည်နူးရွှင်ပျစွာ သွန်းလောင်း ပက်ဖျန်းဆင်နွှဲရသောပွဲသဘင်ဖြစ်သည့်အတွက် ဗုဒ္ဓဘာသာ မြန်မာတိုင်းရင်းသားများသာမက လူမျိုးခြားဘာသာခြားများကပင် အထူးတလည် နှစ်ခြိုက်သဘောကျကြသည်။ သို့ကလို ရေသဘင်ပွဲတော်ကို တရှင်မြူးမြူးဆင်နွှဲရင်းဖြင့် စတုဒိသာ ကျွေးမွေး လှူဒါန်းသော ထမင်း အပါအဝင် မုန့်ပဲသရေစာသုံးဆောင်ရသည်မှာလည်း အချိန်ကာလနှင့် လိုက်ဖက်စွာ တမက်ရှိုက်ရှိုက် အကြိုက်တွေ့လှပေသည်။

ထိုအထဲတွင် မုန့်လုံးရေပေါ်သည် သင်္ကြန်ခါတ်စာအဖြစ် သရဖူဆောင်းဆင်ရှားလှပေသည်။ ဤနေရာတွင် မုန့်လုံးရေပေါ်နှင့်ပတ်သက်၍ အနည်းငယ်မီးမောင်းထိုး ဖော်ကျူးပြဆိုချင်ပါသည်။

အမှန်တော့ မြန်မာ့နှစ်သစ်ကူးမဟာသင်္ကြန် ရေသဘင်ပွဲတော်မှာ ထမင်းအပါအဝင် မုန့်ပဲသရေစာမျိုးစုံကို စတုဒိသာ အလှူဒါနပြု သုံးဆောင်ကြသည်ဟုဆိုသည့်တိုင် ထိုအထဲမှာ မုန့်လုံးရေပေါ်မုန့်သည်သာ အဓိကကျသည်။ မုန့်လုံးရေပေါ်မုန့်သည်သာ ပျိုတိုင်းကြိုက်တဲ့နှင်းဆီခိုင် ဖြစ်သည်။ မုန့်လုံးရေပေါ်သည်သာလျှင် မဟာသင်္ကြန်ရေသဘင်ပွဲတော်၏ ပဓာနကျသော သင်္ကြန်ခါတ်စာ ဖြစ်သည်။

သို့ဆိုလျှင် မုန့်လုံးရေပေါ်မုန့်ဟူသည် အဘယ်နည်း။

မုန့်လုံးရေပေါ်ဟူသည်မှာ တခြားမဟုတ်။ ကောက်ညှင်းမုန့်ညက်လုံးထဲ ထန်းညက် (ထန်းလျက်) ခဲကို ဌာပနာသွင်းပြီး ရေနွေးကျွက်ကျွက်ဆူထဲတွင် ထည့်ပြုတ် ဆယ်ယူပြီး အုန်းသီးမှုန့် (အုန်းသီးစာ) ဖြူးထည့်ပြီး ဝါးစူးချွန်လေးများဖြင့်ထိုးစိုက်ယူငင်သုံးဆောင်ရသော မြန်မာ့ရိုးရာစစ်စစ် စားဖွယ်တစ်မျိုး ဖြစ်ပါသည်။

ရှေးမြန်မာကြီးတို့သည် နှစ်သစ်ကူး သင်္ကြန်ရေသဘင်ပွဲတော်သို့ရောက်ရှိလေတိုင်း၊ မိသားစုတိုင်း၊ အိမ်ခြေတိုင်းသာ မုန့်လုံးရေပေါ်ကို ပြုလုပ်ကာ မိမိကိုးကွယ်သော ဘုန်းကြီးကျောင်းသို့ ပို့လှူပြီးလျှင် အရပ်ထဲလှည့်ကာ အိမ်ပေါက်စေ့ သွားရောက် လှူဒါန်းလေ့ရှိကြသည်မှာ ရိုးတွင်းခြင်ဆီစွဲ ခေါက်ရိုးကျိုးနေသော မိဘရိုးရာ အစဉ်အလာယဉ်ကျေးမှုဓလေ့တစ်ရပ် ဖြစ်နေသည်မှာ ရှေးပဝေသဏီကပင် ဖြစ်သည်။

နောက်မပြောမဖြစ်ပြောချင်စရာလေးတစ်ခုကတော့ ကျေးရွာအလိုက်၊ ရပ်ကွက်အလိုက်၊ လမ်းအလိုက်၊ အုပ်စုအလိုက် သင့်တော်ရာများတွင် စတုဒိသာမဏ္ဍပ်ကြီးများ ဆောက်လုပ်ပြီး မုန့်လုံးရေပေါ်မုန့်များကို တပျော်တပါးစုပေါင်းပြုလုပ်ပြီး လာလာသမျှ မျက်နှာစိမ်းမျက်နှာကျက်မရွေး ဧည့်ပရိသတ်များကို ဖိတ်ခေါ်ပြီး ဤမုန့်လုံးရေပေါ်မုန့်များကို လှူဒါန်းကျွေးမွေးလေ့ရှိကြသည်။ ဖိတ်ခေါ်ခံရသော ဧည့်ပရိသတ်တို့ကလည်း မငြင်းမပယ် တကူးတကလာရောက် သုံးဆောင်လေ့ရှိကြသည်။

နောက် မှတ်သားစရာတစ်ခုကတော့ ဤသို့ မုန့်လုံးရေပေါ်မုန့်ကို စတုဒိသာကျွေးမွေးလှူဒါန်းနေသည်ကို တွေ့မြင်လျှင် မည်သူမဆို မဖိတ်မခေါ်သည့်တိုင် ဝင်ရောက် သုံးဆောင်လေ့ရှိကြသည်မှာလည်း မကွယ်မပျောက်နိုင်သော ရိုးရာဓလေ့တစ်ရပ်လိုပင် ဖြစ်သည်။ ထို့ကြောင့် မုန့်လုံးရေပေါ်မုန့်ကို တချို့အရပ်၌ 'မခေါ်မုန့်' ဟုပင် အမည်သညာချည်နှောင်ပေးထားကြပေသည်။ အဘယ်ကြောင့်ဆိုသော် ထိုကဲ့သို့သော မုန့်လုံးရေပေါ်မုန့်ကို သုံးဆောင်ရလျှင် တစ်ခဏအတွင်း၌ အနာရောဂါကင်းရှင်းပြီး ကျန်းမာသန်စွမ်း ဘေးအန္တရာယ်ကင်းရှင်းကာ အကြံကောင်းဉာဏ်ကောင်း ပွင့်လန်းကြီးပွားချမ်းသာစေသည်ဟု ယုံကြည် စွဲလမ်းမှုကြောင့် ဖြစ်ပါသည်။



www.burmeseclassic.com

ဤနေရာမှာ ချန်ရစ်မထားချင်တာလေးတစ်ခုကတော့ စတုဒိသာ မုန့်လုံးရေပေါ်မုန့် လှူဒါန်းသောအခါတွင် မုန့်လုံးရေပေါ်မုန့် ပြုလုပ်ရန်အတွက် စုပေါင်း၍ ကောက်ညှင်းဆန်များအား ရေစိမ်ခြင်း၊ ရေစိမ်ထားသော ကောက်ညှင်းဆန်များအား လက်ဆုံဖြင့်ထောင်းလျက် မုန့်ညက်ပြုလုပ်ခြင်း၊ ထိုမုန့်ညက်များကို ရေနွေးဖြင့် စေးထန်းစေကာ ထန်းညက်(ထန်းလျက်)ခဲများ၊ ကြံသကာခဲများ ဌာပနာ၍ ဂေါ်လီလုံးအရွယ် မုန့်လုံးလေးများ ပြုလုပ်ခြင်းများကို တပျော်တပါး ပြုလုပ်ကြမြဲ ဖြစ်သည်။ သို့ကလို မုန့်လုံးသူကလုံး၊ မုန့်လုံးတွေကို ကျွက်ကျွက်ဆူရေနွေးအိုးထဲ ထည့်ပြုတ်သူကပြုတ်၊ အုန်းသီးခွဲသူကခွဲ၊ အုန်းသားခြစ်သူကခြစ်၊ မုန့်လုံးရေပေါ်မုန့်ကို ထိုးစားဖို့အတွက် ဝါးလုံးစိမ်းခြမ်းများကို ဝါးစူးချွန်လေးပြုလုပ်သူကပြုလုပ်၊ ပန်းကန်ခွက်ယောက် ဆေးကြောသူဆေးကြောနှင့် တေးတကြော်ကြော်နှင့်၊ အပျော်အနောက်အရွှန်းအဖောက်တွေနှင့် သောသောညံနေကြခြင်းရှိသည်။ ထိုအထဲတွင် အကျီစားသန်သူတချို့က မုန့်လုံးရေပေါ်ထဲတွင် ထန်းညက်(ထန်းလျက်)ခဲမထည့်ပေးဘဲ ငရုတ်သီးများ ထည့်ပေးထားကြသည်။ စတုဒိသာဧည့်သည်များကို မုန့်လုံးရေပေါ်မုန့်များ ပေးလှူဒါန်းသောအခါတွင် ထိုငရုတ်သီးပါ မုန့်လုံးရေပေါ်မုန့်ကို ရင်းနှီးသူများလာလျှင် ရောနှောကျွေးသောအခါ ငရုတ်သီးပူစပ်မှုကြောင့် အမူအရာကိုးရိုးကားယားဖြစ်သွားသည်ကိုကြည့်၍ လှူရှင်တော်များ ပြက်လုံးထုတ်၍ ရယ်မောသလို ရယ်မောကြလေ့ရှိပါသေးသည်။

ဤနေရာတွင် မေးစရာ၊တွေးစရာဖြစ်လာသည်က ဤသို့ မုန့်လုံးရေပေါ်မုန့်ကို တခုတ်တရ ပြုလုပ်လှူဒါန်းသုံးဆောင်ကြပါသနည်း။ အဘယ်သို့သော စွမ်းရည်ဂုဏ်ရည်များရှိနေပါသနည်း။

အတွေးနယ်ချဲ့စရာတစ်ခုကတော့ ပွက်ပွက်ဆူနေသော ရေပူအိုးထဲကို မုန့်လုံးရေပေါ် လောင်းလျှာ မုန့်လုံးစိမ်းများကို တစ်လုံးချင်းစီ ထည့်ကြသောအခါ အစကနဦးတွင် ထိုမုန့်လုံးစိမ်းလေးတို့သည် ရေထဲကို စုတ်ခနဲ မြုပ်ဝင်သွားကြသော်လည်း အတန်ကြာသောအခါတွင် ထိုမုန့်လုံးလေးတို့သည် ရေပေါ်သို့ တစ်လုံးချင်းစီ ဖြုတ်ခနဲ ဘွားခနဲ ပေါ်လာခဲ့သည်မှာ 'ဝ'လုံးလေးများ ဘိုးဘိုးအောင် 'ဝ'လုံးလေးများ ပေါ်လာသလို ဖျတ်ခနဲဆတ်ခနဲပေါ်ထွက်လာသည်နှင့် ထပ်တူထပ်မျှ ဖြစ်ပွားနေသည်ကိုပင် ဖြစ်၏။

ဤတွင် -

'ဝ,ဗျည်းနက်ကျယ်၊ သုညငယ်ကို အလွယ်မမှတ်၊ ဆင်ခြင်တတ်လျှင်၊ ဉာဏ်မြတ်ပိုင်းခြား၊ ဘုရားအတူ၊ ဤဇမ္ဗူတွင် လူရှင်အံ့ဩ၊ လွန်ကျော်စေလိမ့်'

ဟု ရှေးမြန်မာ အင်္ဂိရတ်ကျမ်းတစ်ခုလာ အဆိုအမိန့်တစ်ခု ဖော်ပြပါရေပေါ်သို့ 'ဝ'လုံးနှင့်တူစွာ ပေါ်ထွက်လာသော မုန့်လုံးရေပေါ်မုန့်နှင့် ပတ်သက်၍ တစ်စုံတစ်ရာ အတိတ်စိမ်းတစ်ခုကို ညွှန်ပြနေသည်ဟု ရှေးမြန်မာကြီးတို့က ယူထားခဲ့ကြသည်။ ထို့ကြောင့် မုန့်လုံးရေပေါ်မုန့်သည် သာမန်မဟုတ်သော ထူးခြားသည့် စွမ်းရည်သတ္တိများရှိသည်ဟု ယုံစွဲမှုများရှိခဲ့ကြသည်။

ဤနေရာမှာ ခိုင်းနှိုင်းဝေဖန်စောကြောစရာလေးတစ်ခုကို ထည့်သွင်း ဖော်ပြချင်ပါသည်။ ၎င်းမှာ ဟိန္ဒူဗြာဟ္မဏဝါဒီတို့၏ နတ်ဘုရားတစ်ဆူဖြစ်သော ဂဏေရှ်ခေါ် ဂနပတိနတ်ဘုရားနှင့် နီးနွှယ်နေမှုကိုပင် ဖြစ်သည်။ ထိုဂနပတိနတ်ဘုရားကို ရှေးမြန်မာတို့က မဟာပိန္နဲနတ်ကြီးဟု သိရှိထားကြသည်။ ဟိန္ဒူဗြာဟ္မဏဝါဒီတို့က ထိုဂနပတိနတ်သည် သိဝနတ်ဘုရားကြီးနှင့် ပါရာဝတီနတ်မိဖုရားကြီးတို့၏ သားတော်တစ်ပါးဟု ယုံကြည်လက်ခံကြသည်။ ရှေးမြန်မာကြီးတို့က ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်များတွင် ထိုဂနပတိနတ်ဘုရားကို မဟာပိန္နဲနတ်ကြီးအဖြစ် ဆည်းကပ်ကြည်ညိုခဲ့ကြသည်။ ထိုဂနပတိနတ်ခေါ် မဟာပိန္နဲနတ်သည် ဆင်ဦးခေါင်းနှင့် လူခန္ဓာရှိသောနတ်ကြီး ဖြစ်သည်။ ထို၌ စိတ်ဝင်စားစရာတစ်ခုက ဟိန္ဒူဗြာဟ္မဏဝါဒီတို့က ဂဏေရှ်ခေါ် ဂနပတိ ဟူသော ဝေါဟာရသည် 'ဥံ'ဟူသော မန္တန်၊ မန္တရား၊ နိမိတ်ပုံ၊ အနန္တ၏သင်္ကေတဟု ဖော်ကျူးကြပြီးလျှင် 'မုဒက' ခေါ် မုန့်လုံးချိုသည်သည်ဂဏေရှ်ခေါ် ဂနပတိနတ်ဘုရား၏ သရုပ်လက္ခဏာဟု ဖော်ညွှန်းကြသည်ဟူ၏။ ထိုမုဒကမုန့်လုံးချိုမှာ တခြားမဟုတ်။ အများသိနေကြသော မုန့်လုံးရေပေါ်မုန့်ပင် ဖြစ်သည်။

ထို့ပြင်တစ်ဝ ဂနပတိနတ်ဘုရား၏ အတွင်းအဖွဲ့တွသန္တာန်တွင် ကိန်းဝပ်နေသော အန္တမာတ် (အတိုင်းမသိအနှိုင်းမဲ့မာတ်) ကို စွဲယူပြီး မုန့်ညက်လုံးထဲတွင် အုန်းသီးစာနှင့် ထန်းညက် (ထန်းလျက်)ခဲကို ဌာပနာပြီး ပွက်ပွက်ဆူ ... ထဲသို့ ပစ်ထည့်လိုက်သောအခါ ... အတော်ကြာ ရေထဲမြုပ်နေပြီးမှ ... ဘွားခနဲဘွားခနဲပေါ်ထွက်လာပုံ ... တတ်မြင်တတ် နှလုံးသွင်းစွာ ... ပွားများအားထုတ်နိုင်လျှင် အနန္တ ... အသိအမြင်ကို ရရှိနိုင်သည်ဟု ... ဗြာဟ္မဏဝါဒီတို့က ယူစွဲကြ ... ဤမုဒကမုန့်လုံးချိုခေါ် မုန့်လုံး ... မုန့်သည် ဂဏေရှ်ခေါ်၊ ဂနပ ... မဟာပိန္နဲနတ်ကြီးအား ပူဇော်ဆ ... ရသော အဓိကဘောဇဉ်အာဟာ ... ပေသည်။

တစ်ခါ ဤနေရာမှာ ... ဝေဖန်စောကြောစရာလေးတစ်ခု ... ပြချင်ပါသည်။ ယင်းမှာ မြန်မာ ... မဟာသကြိန်ကျမ်းရင်းထဲမှ အကြော ... အရာတစ်ခုပင် ဖြစ်သည်။

လွန်လေပြီးသောအခါက ... ဗြဟ္မာမင်းနှင့် သိကြားမင်းတို့ ... ဆိုင်ရာအချက်တစ်ခုကို သူ ... အကျောက်အကန် ငြင်းခုံကြ ... နောက်ဆုံး၌ လူ့ဘုံတွင်သာမက ... ဘုံနှင့် ဗြဟ္မာဘုံတို့၌ပါ အကျော် ... ရှိလှသော လူသားဝေဒပညာရှင် ... လမိုင်းဆရာကြီးထံ ရှုံးသူ ခေါင်း ... ကြေးကတိလောင်းကြေးဖြင့် အဆုံး ... ခံရန် ရောက်ရှိသွားကြသည်။ ... ဆုံးတွင် အာသီဗြဟ္မာကြီး ရှုံးနိမ့် ... ဦးခေါင်းဖြတ်ခံရလေသည်။

သိကြားမင်းသည် အာသီဗြ ... ကြီး ခေါင်းဖြတ်ခံရသည်နှင့် ချ ... မှာပင် ကြွင်းကျန်ရစ်သော ဗြဟ္မာ ... ခန္ဓာတွင် ပိင်္ဂလဆင်ပြောင်ကြီး၏ ... ခေါင်းကို ဖြတ်တပ်လိုက်ပြီးလျှင် ... ပိန္နဲနတ်ကြီးအဖြစ် ပြောင်းလဲခံယူ ... စေခဲ့သည်ဟူ၏။ ကြွင်းကျန်သော အာ ... ဗြဟ္မာကြီး၏ ဦးခေါင်းကို နန္ဒာ ... ကညာဒေဝီ အစရှိသော နတ်သမီး ... ပါးကို တစ်နှစ်ကျစီ အလှည့်ကျ ... ဆောင်စေပြီး တစ်နှစ်စေ့ရောက် ... ဗြဟ္မာဦးခေါင်းကို ကိုင်ဆောင် ... သောနတ်သမီးမှ တခြားအလှည့် ... နတ်သမီးထဲသို့ ထိုဗြဟ္မာဦးခေါင်း ... လွှဲပြောင်းပေးရလေ့ရှိသည်ဆို၏။

ဤနေရာတွင် အထူးတလည် ... ခြင်းသည် မြန်မာ့ရိုးရာ နှစ်သစ်ကူး ... သင်္ကြန်ရေသဘင်ပွဲတော်နှင့် မဟာ ... နတ်ကြီးတို့နီးနွှယ်မှုရှိသည်ဟူခြင်း ... ဖြစ်၏။ တစ်နွှယ်ငင်တစ်စင်ပါ ဆို ... ပင် မုဒကမုန့်လုံးချိုခေါ် မုန့်... ရေ...



www.burmeseclassic.com

www.burmeseclassic.com

...င် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်၊ ...ဘိန္နနတ်ကြီးတို့ ယှက်နွယ်မှုရှိသည် ...မြင်းသည်လည်း ထင်းခနဲ လင်းခနဲ ...ပွင့်လာသည် ဖြစ်၏။

ဤနေရာမှာ မေးစရာ၊ တွေးစရာ ...လာသည်။ မြန်မာ့သင်္ကြန်ကျမ်းကြီး ...မဟာပိန္နနတ်ကြီးနှင့် ဟိန္ဒူဗြာဟ္မဏ ...တို့၏ ဂနေ့ရှ်ခေါ် ဂနပတိနတ်ဘုရား ...တို့ တတူတညီတည်းပဲလား ဆိုခြင်း ...ဖြစ်၏။

တစ်ဖန် လေ့လာ သုတေသနပြု ...တစ်ခုက မြန်မာ့ရိုးရာ နှစ်သစ်ကူး ...သင်္ကြန်ပွဲတော်တွင် မုန့်လုံးရေပေါ် ...ကို စတုဒိသာ ကျွေးမွေးလှူဒါန်းကြ ...သို့ပင် ကိုရီးယားလူမျိုးတို့ တိုင်းပြည် ...တွင်လည်း သူတို့၏ရိုးရာနှစ်သစ်ကူး ...တော်တွင်လည်း မုန့်လုံးရေပေါ် မုန့်ကို ...ဒိသာကျွေးမွေးလှူဒါန်းခြင်းရှိသည် ...ခြင်းကိုပင် ဖြစ်၏။ ကိုရီးယားတို့သည် ...တို့၏ရိုးရာ စန္ဒြမာသနှစ်၏ ပထမလ ...) ရက်နေ့တွင် သူတို့၏ နှစ်သစ်ကူး ...တော်ကို ကျင်းပလေ့ရှိသည် ဆို၏။

မှတ်သားစရာက ကိုရီးယားတို့ ...သည် သူတို့၏ နှစ်သစ်ကူးပွဲတော်၌ ...ကောက်သစ်ဦးကောက်ညှင်းဆန်များနှင့် ...လုံးရေပေါ် မုန့်များပြုလုပ်ကာ သူတို့ ...ရိုးရာနတ်ကြီးများကို ဆက်ကပ်ပူဇော် ...ာ ဆုတောင်းပတ္ထနာများ တောင်းခံ ...လေ့ရှိကြသည်။ ပြီးနောက် ရပ်ရွာ ...လိုက် စုပေါင်းကာ မုန့်လုံးရေပေါ် မုန့် ...များ ပြုလုပ်လျက် စတုဒိသာကျွေးမွေး ...ဒါန်းကြပုံမှာ မြန်မာတို့၏ ရိုးရာနှစ် ...သစ်ကူး မဟာသင်္ကြန်ပွဲတော်၌ စတုဒိ ...ာမုန့်လုံးရေပေါ် မုန့် ပြုလုပ် လှူဒါန်း ...ကြပုံနှင့် ထပ်တူရိုးစွဲဖြစ်နေကြပုံမှာ ...အမှန်မဟုတ်သောတိုက်ဆိုင်မှုပင် ဖြစ် ...သည်။ သုတေသနပြုစရာအမှန်ကောင်း ...ပေသည်။

စိတ်ဝင်စားစရာကောင်းသည်က ...ကိုရီးယားတို့၏ မုန့်လုံးရေပေါ် မုန့်သည် ...မြန်မာတို့၏ မုန့်လုံးရေပေါ် မုန့်လို အဝိုင်း ...ဟုတ်ဘဲ ရှစ်မြှောင့်ရှစ်ထောင့်ပုံဟု ဆို ...၏၊ ၎င်းမှာ တာအိုဝါဒ၏ အခြေခံဖြစ် ...သော စွန်၊ လီ၊ ခုန်၊ ထွေ၊ ချီယမ်၊ ခန်း၊ ...ကိန်း၊ ချိန်း ဟု ဆိုသော မဟာဘုတ် ...ဓာတ်ကြီးရှစ်ပါးဖြင့် အရပ်ရှစ်မျက်နှာကို ...ညွှန်းထားသော ယန်ဓာတ်၊ ယင် ...ဓာတ်တို့၏ နိမိတ်ပုံဟု ဆိုပြီး လောကဓံ ...ရှစ်ပါးတို့၏ သရုပ်ပုံဟု ဆို၏။ နောက် ...ကိုရီးယားတို့က ရေအောက်သို့ရောက် ...နေသော မုန့်လုံးရေပေါ် တို့ ရေပေါ်ပြန်

တက်လာခြင်း၏ အနှစ်သဘောသည် လောကမှာ ဒွန်နှစ်၍ ကြီးစားရင်းဖြင့် အချိန်တန်လာလျှင် အောင်မြင်မှုရယူနိုင်သည်ဟု ကောက်ယူချက်ပင် ဖြစ်သည်။

တစ်နည်းဆိုရလျှင် ကိုရီးယားတို့သည် မုန့်လုံးရေပေါ် မုန့်ကို အကြမ်းပြု၍ အပူ၊ အအေး၊ ပျော့ခြင်း၊ မာခြင်း၊ စေးထန်းခြင်း၊ လေးခြင်း၊ ပေါ့ခြင်း၊ မြုပ်ခြင်း၊ ပေါ်ခြင်း စသော သဘာဝနိယာမများကို တရားသဘောအားဖြင့် (ဝါ) လောကဓံသဘောအားဖြင့် နှလုံးသွင်း ပွားများနိုင်သည်ဟု ယုံကြည်ကြသည် ဖြစ်၏။

ဆိုခဲ့သမျှ အနှစ်ချုပ်လိုက်လျှင် အဆိုပါ မုန့်လုံးရေပေါ် မုန့်သည် ဂမ္ဘီရဝေဆာ ပွေလီနေသော လျှို့ဝှက်နက်နဲသည့် သဲလွန်စအတိတ်စိမ်းတစ်ခုခုများဖြစ်နေလေသလော။ သို့ဆိုလျှင် မုန့်လုံးရေပေါ် ကို ရှေးမြန်မာကြီးတို့၏ အတွေ့အကြုံကို အမှီသဟဲပြု၍ လက်လှမ်းမီသလောက်၊ ဉာဏ်မီသလောက် ဝေဖန်စောကြောကြည့်ကြပါမည်။

ရှေးမြန်မာကြီးတို့က မုန့်လုံးရေပေါ် မုန့်ကို မြန်မာရိုးရာ ဝေဒနည်းပညာများကို အသုံးပြု၍ ဖွင့်ဆိုသမှု ဤသို့ ပြုခဲ့ကြပါသည်။

မုန်လုံး + ရေပေါ်
(၅+၄=၉) + (၄+၅=၉)
= ၁၈ အင္ဂါရသကိန်း
ထိုအင္ဂရသကိန်း (၁+၈)=၉ နဝင်း ဖြစ်၏။

ထိုမုန့်လုံးရေပေါ် ကို ဂြိုဟ်သက်နံ အရကောက်လျှင် -

မုန့် + လုံး
(၁၉ + ၁၇)
= ၃၆ ဆတ္တိံသင်း ဖြစ်၏။
(၃+၆) = ၉ နဝင်းရ၏။
ရေ + ပေါ်
(၁၇ + ၁၉) = ၃၆
ဆတ္တိံသင်း ဖြစ်၏။
(၃ + ၆) = ၉ နဝင်းရ၏။

တစ်ခါ မုန့်လုံး + ရေပေါ် သည် (၅+၄)နှင့် (၄+၅) ဖြစ်နေ၍ ကက်ကင်းဓာတ်မိသည်။ ထို့ပြင် မုန့်လုံးရေပေါ်ပြုလုပ်ရာတွင် အဓိကဖြစ်သော ကောက်ညှင်း (၂+၃) နှင့် ဆန်းကြမ်း (၃+၂)တို့မှာလည်း ကက်ကင်းဓာတ်မိနေသည်ပင် ဖြစ်၏။ ပြီး မုန့်လုံးရေပေါ်ပြုလုပ်ရာတွင် မုန့်လုံးစိမ်းကိုသော် လည်းကောင်း၊ မုန့်လုံးကျက်များကိုသော် လည်းကောင်း 'စကော' သို့မဟုတ် 'လင်ပန်း' တို့တွင် ထည့်ထားကြလေ့ရှိသည်။ စကောကို

နံကောက်လျှင် (၃+၂) ရပြီး လင်ပန်းကို နံကောက်လျှင် (၄+၅) ရသည်။ ထို့ကြောင့် ကောက်ညှင်း(၂+၃)နှင့် စကော (၃+၂)၊ မုန့်လုံး (၅+၄) နှင့် လင်ပန်း (၄+၅)တို့သည် ကက်ကင်းဓာတ်မိနေပြန်သည်။

အထက်ကဆိုခဲ့သလိုပင် ကျွက်ကျွက်ဆူနေသောရေပူအိုးထဲသို့ မုန့်စိမ်းလုံးလေးများကို ပစ်သွင်းသောခဏ၌ တဒင်္ဂမှာ ယင်းတို့သည် ရေထဲသို့နစ်မြုပ်သွားခဲ့သော်လည်း သိပ်မကြာမီပင် ရေပေါ်သို့ 'ဝ'လုံးလေးများ တစ်လုံးပြီးတစ်လုံး ပွင့်တက်လာသလို မုန့်လုံးလေးတို့ ဘွားခနဲဘွားခနဲပွင့်တက်လာခဲ့ကြလေ့ရှိစမြဲ ဖြစ်သည်။ ထိုသို့သော 'ဝ'လုံးလေးအသွင် ရေပေါ်သို့ ပွင့်တက်လာသော မုန့်လုံးရေပေါ် မုန့်လုံးလေးတို့၌ နက်နဲသော အစွမ်းသတ္တိများ (ဝါ) ဝ,လုံး၏ အစွမ်းသတ္တိများ ပါဝင်လာခဲ့သည်ဆို၏။ ရှေးမှ အင်္ဂရတ်ပညာရှိတို့ဆိုခဲ့သော -

'ဝ' ဗျည်းနက်ကျယ် သုညငယ်ကို အလွတ်မမှတ် ဆင်ခြင်တတ်လျှင် ဉာဏ်မြင်ပိုင်းချင်း ဘုရားအတူ ဤဇမ္ဗူတွင် လူရှင်အံ့ဩ လွန်ကျော်စောလိမ့်' လင်္ကာအပိုင်းအစသည် ဤနေရာ၌ ပဓာနကျသော သော့ချက်ကျ ညွှန်းဆိုချက်ပင်ဖြစ်လိမ့်မည်ထင်သည်။ သုံးတတ်လျှင် ပတ္တမြား၊ မသုံးတတ်လျှင် အလကား ဆိုသော စကားပုံသည်လည်း ဤနေရာတွင် အရေးကြီးသော အရိပ်နိမိတ်ပင် ဖြစ်လိမ့်မည်ထင်သည်။

တစ်ဆက်တည်း ဖော်ပြရန်သင့်သည်က သို့ကလို ရေပေါ်ပေါ်လာသော မုန့်လုံးများကို ဆယ်ယူပြီး ရေဖြင့် ဆေးကြောပြီးမှ ထည့်စရာ လင်ပန်းများတွင် ထည့်ပေးရသည်။ ဤတွင် ဆယ် (၃+၄)၊ ရေဆေး (၄+၃)တို့သည်က ကက်ကင်းမိနေပြန်သည်။ ပြီးမှ ထိုမုန့်လုံးရေပေါ် ကို ပန်းကန်ပြားတွင်ထည့်ကာ အုန်းသီးမှုန့်ဖြူး၍ ဝါးစူးချွန်ဖြင့်ထိုးစိုက်ယူကာ စားသုံးကြလေ့ရှိကြသည်။

၎င်းတို့ကို အထက်ကလို ဆန်းစစ်ကြည့်လျှင် -

မုန့်လုံး(၅+၄)+ ရေပေါ်(၄+၅)=၉
ပန်းကန်ပြား(၅+၂+၅)=၁၂=၃
အုန်းသီးမှုန့် (၁+၆+၅)=၁၂=၃
ထန်းညက်ခဲ (၁၇+၃+၂)=၁၂=၃
(မုန့်လုံးရေပေါ်ထဲက)
ဝါးစူးချွန် (၄+၃+၂)=၉
ဟူ၍ တွေ့ရ၏။

ဤတွင် အလေးဂရုပြုဖွယ်ရာ



www.burmeseclassic.com

www.burmeseclassic.com

တစ်ခုကို တွေ့ရှိလာရသည်။ မုန့်လုံးရေပေါ်ဆိုင်ရာများတွင် ကက်ကင်းခဲတတ်၊ နဝင်းခဲတတ်များကို တွေ့ရသလို (၉) ဂဏန်း၊ (၆) ဂဏန်း၊ (၃) ဂဏန်းများ တရောယှက်ယှက် တဆက်နွယ်နွယ်မှုများရှိနေသည်ကို တွေ့ရှိရသည်။

ယင်းတို့ထဲမှထင်ရှားရာတစ်ခုကို ပြောရလျှင် ဆေးကုသရန် ခဲကတ်လှသောကိန္နရာနာကို မုန့်လုံးပေါ်မုန့် (၃၃) လုံး တစ်ထိုင်တည်းတွင်ကုန်အောင်စားရုံဖြင့် ထိုအနာသည် ရက်ပိုင်းအတွင်း ပိန်းကြာရွက်တွင် ရေမတင်သို့ ပျောက်ကင်းသွားသည် ဟူ၏။ ကိန္နရာနာမှာ တခြားမဟုတ်။ လက်ချိုင့်ကြားတွင် အနာလုံးအနာစိမ်းပေါက်သဖြင့် အခံရဆိုးသောဝေဒနာပင်ဖြစ်၏။ သို့ကလိုပင် တစ်ခါတစ်ရံ၌ ကလေးငယ်တချို့တွင် ဦးခေါင်းနှင့် နဖူးများတွင် အာလူးလေးများ ပြုတ်ပြုတ်စီတင်ထားသလို အနာလုံးအနာစိမ်းများ ပေါက်တတ်သဖြင့် မခံရပ်နိုင်၍ တအီအီတစီစီငိုကြွေးနေတတ်သည်။ ဆေးကုရန်လည်း မလွယ်ကူလှပါ။ ၎င်းဝေဒနာရှင် ကလေးအား မုန့်လုံးရေပေါ်မုန့် (၃၃) လုံးအား ပေးကျွေးလိုက်လျှင် ရေနှင့် ဆေးကြောပစ်သလို ရက်ပိုင်းအတွင်း ပျောက်ကင်းသွားလေ့ရှိသည် ဖြစ်၏။

ဤနေရာတွင် မေးစရာတွေးစရာဖြစ်လာသည်က မုန့်လုံးရေပေါ်စားရုံဖြင့် သို့ကလို အနာလုံးအနာစိမ်းများ အဘယ်ကြောင့် ပျောက်ကင်းရသည်။ မုန့်လုံးရေပေါ်သည် ထိုသို့သော အနာရောဂါပျောက်ကင်းရုံသက်သက်ပဲလား။ တချို့က သို့ကလို အနာရောဂါပျောက်ကင်းခြင်းသည် အစွန်အဖျားအကျိုးသက်ရောက်မှုသာဟု ဆို၏။ မုန့်လုံးရေပေါ်၏ တကယ့်အကျိုးသက်ရောက်မှုတွင် အရိပ်နိမိတ်များသာဟု ဆို၏။ သို့ဆိုလျှင် မုန့်လုံးရေပေါ်၏ လျှို့ဝှက်ချက်များသည် အဘယ်မျှလောက် တနက်ရှိုင်းရှိုင်း တကျယ်ပြန့်ပြန့်ရှိနေလေမည်နည်း။လေ့လာသုတေသနပြုစရာကောင်းနေသည်ကတော့အမှန်ပင်။

ရှိန်းအောင် (ဂမ္ဘီရ)

**ကျမ်းကိုး -**

၁။ ဆရာဦးအုန်းဟန်၏
မုန့်လုံးရေပေါ် တစ်လုံး အသုံးကုမ္မေကုဋ္ဌာ
၄/၈၈၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
၂။ ရှာဖွေစုဆောင်းမှုများ

# ဆရာဦးမောင်မောင်သန်း
## (ရင်ကိုအေးမြစေသား)

(၁၀၁) ကြိမ်မြောက် -
ထီဖွင့်ပွဲကြီးနီးလာပါပြီ။

ချမ်းသာခြင်းများစွာကို ဖြစ်လာစေတော့မည့် အကျိုးပေးဂဏန်းလေးများနှင့် ကံစပ်ပုံများအား သူရဋ္ဌပရိသတ်ကြီးအတွက် ပါရမီဖြည့်လိုက်ရပြန်ပါပြီ။

**တနင်္ဂနွေသားသမီးများ**

ဇန်ဇနဝါရီလ ၇၊ ၈၊ ၂၁၊ ၂၂၊ ၂၅ ရက်များမှာ ထီထိုးပါ။ မွေးနေ့မှစ၍ (၉) ရက်တိုင်တိုင် ဂုဏ်တော်(၉)ပါးကို ပုတီး (၉)ပတ်ရအောင် စိပ်ပါ။ ၎င်းရက်များအတွင်း ကျက်သရေမရှိသော အမင်္ဂလာစကားများမပြောမိအောင် အတတ်နိုင်ဆုံးရှောင်ပါ။ (၉) ရက်ပြည့်ပြီးမှ ထီထိုးပါ။ ထူးထူးခြားခြား ငွေဝင်လာပါလိမ့်မည်။

ဖေဖော်ဝါရီလတွင် ၂-၉-၅-၄ ဂဏန်းများ ကံစပ်နေပါသည်။

**တနင်္လာသားသမီးများ**

ဇန်နဝါရီလ ၈၊ ၂၂၊ ၂၃ ရက်များတွင် ထီထိုးပါ။

ဓာတ်ကြီး (၄) ပါး ဆွမ်းတော်ကပ်နိုင်လျှင်ကပ်ပါ။ မကပ်နိုင်လျှင် နေ့စဉ် ဒိဝါတပတိဂါထာကို ပုတီးစိပ်ပါ။ တစ်ပတ်ပြည့်ပြီးမှထီထိုးပါ။

ဖေဖော်ဝါရီလတွင် ၄-၈-၃-၂-၇ ဂဏန်းများ ကံစပ်နေပါသည်။

**အင်္ဂါသားသမီးများ**

ဇန်နဝါရီလ ၉၊ ၂၀၊ ၂၃၊ ၂၄ ရက်များမှာ ထီထိုးပါ။

နံနက်စောစော အရုဏ်ဆွမ်းခံကြွတော်မူလာသော သံဃာတော်အရှင်သူမြတ်များကို ဆွမ်းလောင်းလှူပါ။ ယခုတစ်လလုံး ဆွမ်းလောင်းလှူပါ။ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာ့ဂုဏ်တော်များကို ပွားများပါ။

ဖေဖော်ဝါရီလတွင် ၂-၄-၈-၉-၅ ဂဏန်းများနှင့် ကံစပ်နေပါသည်။

**ဗုဒ္ဓဟူးသားသမီးများ**

ဇန်နဝါရီလ ၇၊ ၂၁၊ ၂၄၊ ၂၅ ရက်များမှာ ထီထိုးပါ။

ယခုလအတွင်း ဘုရား (၃) သို့သွား၍ ဘုရားတိုင်းတွင် ဂုဏ် ပုတီး (၉) ပတ်စီစိပ်ပါ။ တစ်နေ့ လုပ်ပါ။ နောက်နေ့မှာ ထီထိုးပါ။

ဖေဖော်ဝါရီလတွင် ၂-၉- ဂဏန်းများ ကံစပ်ပါသည်။

**ကြာသပတေးသားသမီးများ**

ဇန်နဝါရီလ ၈၊ ၁၉၊ ၂၂၊ ၂၅ များမှာ ထီထိုးပါ။

အောင်ဘွဲ့အမည်ရှိသော စေတီတစ်ဆူဆူသို့သွား၍ ဖြူဟ် လုံးတွင် ဖယောင်းတိုင် (၉) တိုင်စီ ညှိပြီး ဘုရားပူဇော်ပါ။ အပြန်မှာ ပါ။

ဖေဖော်ဝါရီလတွင် ၄-၈- ဂဏန်းများ ကံစပ်ပါမည်။

**သောကြာသားသမီးများ**

ဇန်နဝါရီလ ၉၊ ၁၉၊ ၂၀၊ ၂၃ များမှာ ထီထိုးပါ။

ဘုရားတစ်ဆူဆူသို့သွား၍ ဖူးပြီးသည်နှင့်အပြန်မှာ ငှက်လေး (သို့) ငါးကလေးများကို တတ် လောက် ဘေးမဲ့လွှတ်ပေးလိုက်ပါ လျှင် ထီထိုးပါ။

ဖေဖော်ဝါရီလတွင် ၂-၉- ဂဏန်းများနှင့် ကံစပ်နေပါသည်။

**စနေသားသမီးများ**

ဇန်နဝါရီလ ၂၀၊ ၂၁၊ ၂၄ များတွင် ထီထိုးပါ။

လူသူအရောက်နည်းလှသောဘု စေတီတစ်ဆူဆူ၏ ရုပ်ပွားတော်တစ် ဆူအား ရွှေပန်း၊ငွေပန်းများ သွား ပူဇော်ပါ။ သန့်ရှင်းရေးများ ပြုလုပ် အပြန်မှာ ထီထိုးပါ။

ဖေဖော်ဝါရီလတွင် ၄-၈-၇- ဂဏန်းများ ကံစပ်ပါသည်။

(ဇန်နဝါရီလ ၃၁ ရက်နေ့ မည်သည့် (၇) ရက်သားသမီးများ ထီထိုးဖြစ်အောင်ထိုးပါလေ။)

ဆရာဦးမောင်မောင်သ
(ရင်ကိုအေးမြစေ



www.burmeseclassic.com

www.burmeseclassic.com



| 1 | 2 | 3 | 4 | 5 | 6 | 7 | 8 | 9 |
|---|---|---|---|---|---|---|---|---|
| A | B | C | D | E | F | G | H | I |
| J | K | L | M | N | O | P | Q | R |
| S | T | U | V | W | X | Y | Z | |

အိမ်နံပါတ် (၇) ဂဏန်း - ဥပမာ (၂၅၀) ကဲ့သို့ ဖြစ်ပါက အနားရခြင်း၊ အေးဆေးသောအိမ် ဖြစ်သည်။ ပညာလိုက်စားသူများအတွက် နေရာကောင်းဖြစ်သည်။ လေးလေးနက်နက်တွေးခေါ်သူများနှင့် ကိုက်ညီသည်။ ပျော်ပွဲရွှင်ပွဲ၊ ပါတီပွဲများနှင့် မလိုက်ဖက်ပါ။

အိမ်နံပါတ် (၈) ဂဏန်း - ဥပမာ (၁၇၀) ကဲ့သို့ဖြစ်ပါက အိမ်မှာ အရေးပါသော ပတ်ဝန်းကျင်ရှိပြီး အောင်မြင်မှုဖြစ်စေသည်။ စီးပွားရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရသောလုပ်ငန်းမျိုး ဖြစ်သည်။ သို့သော် နေသူများအဖို့ သုံးသပ်ဆုံးဖြတ်နိုင်သော အရည်အချင်းလိုအပ်သည်။ မိသားစုအိမ်ဂေဟာမျိုးဖြစ်ရန် မလိုအပ်ပါ။ သို့ရာတွင် နေသူများကို ထင်ပေါ်မှုရှိခြင်း၊ အခြားသူများ၏ အထင်ကြီးခြင်း ခံရသည်။

အိမ်နံပါတ် (၉) - ဥပမာ (၆၆၆) ကဲ့သို့သော အိမ်မျိုးမှာနေက အများကို ကူညီလိုသူ၊ အလုပ်အကျွေးပြုချင်စိတ်ဖြစ်ပေါ်တတ်သည်။ မည်သူ့အတွက် ဆို 'တံခါးဖွင့်ထားသောအိမ်' မျိုး ဖြစ်သည်။ ၎င်းအိမ်က အနုပညာမြတ်နိုးသူများကို ဆွဲဆောင်မှုရှိသည်။ (၉) ဂဏန်းရအိမ်များ ပုဂ္ဂိုလ်ထက် လူကိုဆွဲဆောင်မှုကောင်းသည်။ ၎င်းကား မေတ္တာတရားနှင့်နားလည်မှုကိုအခြေခံသည်။ သို့သော် ၎င်းအိမ်တွင်နေသူများ အပြုသဘောဆောင်က စိတ်ပျက်စရာများ၊ ဆုံးရှုံးမှုများကြုံရတတ်သည်။ ထို့ကြောင့် အိမ်နံပါတ်ရွေးရာတွင် ၎င်းနံပါတ်မျိုး သတိထားပါ။

မှတ်သားထားရမည့် အချက်မှာ အိမ်နံပါတ်ကို တစ်လုံးတည်းကျန် အောင်ပေါင်းက (၆) ရလျှင် မိသားစုအတွက်သဟဇာတဖြစ်၍ ၎င်းဥပဒေသကို တိုက်ခန်းနှင့် အခန်းများ အသုံးပြုနိုင်သည်။အခန်းနံပါတ်က မျှော်မှန်းချက်ကို ပြောပြမည်။ အိမ်နံပါတ်ဂဏန်းမပြောင်းနိုင်က ဆန့်ကျင်ဘက်ဖြစ်မည်။ အိမ်နံပါတ်ဂဏန်းကို ကိုက်ညီအောင် ကြိုးစားပါ။ မိမိနှင့် နေမည့်အိမ် ကိုက်ညီရန် လိုအပ်ပါသည်။

## အခန်း (၂၀)
## နာမည်ပြောင်းခြင်းနှင့်အကျိုးကျေးဇူး
## (How to changer Your Name to Benefit You)

မူလနာမ်သည် အတိတ်ကအတွေ့အကြုံ၊ စရိုက်၊ ကံကြမ္မာနှင့် တွဲနေသည်။ နာမည်ကို အသစ်ပြောင်းရာ၌ ပြောင်းသောအမည်ကို အသိစိတ်က လက်မခံလျှင် နာမည်ပြောင်းတာ အချည်းနှီးဖြစ်သည်။ နာမည်အဟောင်း၏ တုန်ခါလှိုင်းရိုက်ခတ်နေပါက နာမည်အသစ်သည် ရည်မှန်းချက် ပြည့်ဝအောင်မြင်စေရန် ထပ်လောင်းပေးသည်။ မိဘတွေက မှန်ကန်သောနာမည်မှည့်မပေးခဲ့ဟု ပြောသောအခါ မကျေနပ်သော စကားပြောသံ ကြားဖူးမည်။ ၎င်းမှာ မရေရာသောမှားသောယူဆချက် ဖြစ်သည်။ လက်ရှိနာမည်သည် မိဘအတွက် စိတ်မှာစွဲနေမည်။ ထို့ကြောင့် ယင်းအတွက် အတွေ့အကြုံလိုသည်။

### နာမည်ပြောင်းခြင်းရည်ရွယ်ချက်
### (How you can change your name for purpose)

နာမည်တိုင်း ကောင်းသည်။ မှန်လည်းမှန်သည်။ သို့ရာတွင် ၎င်းအမည်ကို အသုံးပြုလျှင် အခက်အခဲကြုံမည်။ မသက်မသာခံစားရပါက နာမည်ပြောင်းသင့်သည်။ နာမည်သစ်၏ အကြံပေးချက်ကို မနာယူနိုင်ပါက နာမည်ပြောင်းခြင်း၏ကောင်းကျိုး မခံစားပါ။ နာမည်သစ်မှာ ပြောင်းရုံပြောင်းပြီး အမည်ကတ်ပြားချိတ်ရုံသက်သက်ဖြစ်ပါက ဆိုးကျိုးဖြစ်တတ်သည်။ နာမည်သစ်မှာ စနစ်ကျရမည်ဖြစ်ပြီး ၎င်းနာမည်သစ်နှင့်အတူ ကြိုးစားရမည်။

### အမည်သစ်နှင့်လုပ်ဆောင်ရန်
### (What do you plan to do with your new name)

နာမည်ပြောင်းခြင်းသည် စီးပွားရေးအတွက်ဖြစ်က ခုမှစ၍လုပ်သကဲ့သို့ဖြစ်မည်။ မိမိအမည်ကို 'ကလောင်' အမည်ဖြင့် အသုံးပြုပါက ရည်မှန်းချက်က ဘာလဲဆိုတာ သိရန်လိုသည်။ ပေါ်လွင်ထင်ရှားလိုပါက အမည်ရှည်၍ စာလုံးပေါင်းခက်၊ ဖတ်ရခက်အသံမျိုးမဖြစ်သင့်။ အောင်မြင်ရန် အဟန့်အတားဖြစ်တတ်သည်။ နာမည်တိုပြီးခေါ်ရပြေပြစ်ပြီး လွယ်သောအမည်မျိုးသည် မှတ်ရလွယ်ကာ အောင်မြင်မှုအတွက် အထောက်အကူဖြစ်သည်။

နာမည်မပြောင်းခင် ဘဝမှတ်တိုင်ဂဏန်း၊ ဘဝအနှောင့်အယှက်ဂဏန်း၊ ဘဝလမ်းကြောင်းဂဏန်း စသည်များ ထည့်စဉ်းစားရမည်။ သို့သော် အရေးကြီးဆုံးမှာ နာမည်သစ်သည် ဘဝလမ်းကြောင်းဂဏန်းနှင့် လိုက်ဖက်၍ သဟဇာတဖြစ်ရမည်။ စုံ၊ မ ဂဏန်းများကိုလည်း ကြည့်ရမည်။ ဘဝရည်မှန်းချက်အပေါ် တာဝန်ရယူမှု လွှတ်မြောက်ရန် ရည်ရွယ်ပါက လက်ရှိအမည်ကိုမပြောင်းသင့်ပါ။

နာမည်ကိုပြောင်းသည့်တိုင်အောင် မူလနာမည်အဟောင်းသည် နောက်ခံအနေနှင့် လိုက်ပါတတ်ပြီး မွေးစဉ်က ကံကြမ္မာ၏ ရွေးချယ်မှုပေးသောလမ်းကြောင်းတွင် အောင်မြင်မှုရစေရန် တွန်းအားပေးသည်။

ဝိညာဉ်က နာမည်သရဂဏန်းများပေါင်းခြင်းဖြင့် ဂဏန်းကည္ထန်သောလားရာအတိုင်း တိုးတက်လာသည်။ အချုပ်အားဖြင့် ငုပ်နေသောစွမ်းအားကို သဘောပေါက်ပြီး အသုံးချရန်ဖြစ်သည်။

### နာမည်ပြောင်းခြင်း၏ကောင်းကျိုး ဥပမာများ

ဥပမာ ဘာဘရာစတန့်ဝိုက်(စ်)၏ မူလအမည်မှာ ရပ်စတီဗား(စ်) ဖြစ်သည်။ သူမ၏ မွေးသက္ကရာဇ် ၁၉၀၇၊ ဇူလိုင် ၁၆ ရက် ဖြစ်သည်။ နာမည် နှစ်ခု၏ ဂဏန်းဗေဒင်အရ ဆက်သွယ်ချက်မှာ အောက်ပါအတိုင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

3 8 = 11
1 1 1 1 7
BARBARA STANWYCK = 22-9
2 92 9 12 55 32
22 18
9
7 + 8 = 15 = 6 (ဘဝကံကြမ္မာဂဏန်း)
1 1 = 20
10 10
3 7 5 5
RUBY STEVENS
9 2 12 4 51
11 13
4 = 11+ 4
3 + 5 = 8 (ဘဝကံကြမ္မာဂဏန်း)
မွေးသက္ကရာဇ် July 16 1907
7 7 17
8 = 22 (ဘဝလမ်းကြောင်းဂဏန်း)

သူမ၏ ဘဝလမ်းကြောင်းဂဏန်းမှာ အထူးဂဏန်း (၂၂) ဖြစ်သည်။ သူမအတွက် RUBY STVENS(ရူဘီစတီဗင်)ဟူသောအမည်ထက်ပို၍ အားကောင်းပြီး လိုက်ဖက်ညီသောအမည် လိုအပ်သည်။

သူ့အမည်၏ သရစာလုံးပေါင်းမှာ (၂၀) ဖြစ်သည်။ Barbrara Stanwyck (ဘာဘရာစတန်ဝိုက်စ်)ဟူသောအမည်ကဲ့သို့ ထင်ပေါ်မှုမရနိုင်။ အားနည်းသောအမည်ဖြစ်သည်။ ထို့ပြင် နာမည်စုပေါင်းဂဏန်း(၈)မှာ စီးပွားရေးအတွက်ကောင်းသော်လည်း အနုပညာနယ်ပယ်ဖြစ်သော ရုပ်ရှင်သရုပ်ဆောင်အဖြစ် မသင့်တော်ပါ။

ဘာဘရာစတန်ဝိုက် နာမည်စုစုပေါင်းဂဏန်း (၆) နှင့် သရဂဏန်း (၁၁) မှာ သူ့ကို အောင်မြင်မှု စံနမူနာထားလောက်အောင် အောင်မြင်မှုကိုဖြစ်စေသည်။ သူမ၏ ပထမနာမည် ဘာဘရာ၏ ဗျည်းအက္ခရာများ စုပေါင်းပါက အထူးဂဏန်း (၂၂) ရသည်။ သူ၏ဘဝလမ်းကြောင်းဂဏန်းနှင့် ထပ်တူကျပြီး သင့်မြတ်လျော်ကန်သည်။ ဘဝကံကြမ္မာဂဏန်း (၆) ရသော ဤနာမည် အသစ်မှာ သူ၏ဘဝပန်းတိုင်ဂဏန်း (၆) နှင့် တူညီသည်။ သို့ဖြစ်၍ သရုပ်ဆောင်ရာတွင် ကောင်းသောအသံ (စကားပြော၊ သီချင်းဆို) ရှိပြီး ပရိသတ်ကို အနုပညာဖြင့် အလုပ်အကျွေးပြုသည်။

ပထမဘဝပန်းတိုင်ဂဏန်းမှာ မွေးရက်နှင့် မွေးလတို့ကို ပေါင်းခြင်းမှ (၅) ရပါသည်။ ဒုတိယဘဝပန်းတိုင်ဂဏန်းမှာ မွေးရက်နှင့် မွေးနှစ်တို့ကို ပေါင်းခြင်း (၆) ရသည်။ နာမည်ပြောင်းစဉ်က အသက်ပိုင်းမှာ ဒုတိယဘဝပန်းတိုင်ထဲ ရှိပါသည်။ အသက် (၁၅) မှ (၂၄) နှစ်အတွင်း ဖြစ်သည်။

နောက်ဥပမာတစ်ခုကို လေ့လာရန်သာမဟုတ်ဘဲ အလုပ်သဘောဖြင့်

နိုင်းယှဉ်နိုင်ရန် ဖြစ်သည်။

ဥပမာ ကိတ်စမစ်၏ မူလအမည် ... ရင်းမှာ ကက်သရင်းအယ်လစ်ဇဘ... စမစ်ဖြစ်ပြီး မွေးသက္ကရာဇ်မှာ ၁၉၀၉ ... မေလ ၁ ရက် ဖြစ်သည်။

ကက်သရင်းအဲယ်လီဇဘက်စမ... သည် သူ့အမည်ကို ကိတ်စမစ် အဖြ... ပြောင်း၍ ထိုးမြဲလက်မှတ်ပါ ပြောင်း... ပြီးနောက် သူ၏ ကံကြမ္မာဂဏန်းသည်... ဘဝလမ်းကြောင်းဂဏန်းနှင့်တူ၍ တို... ညီမှုရှိပါသည်။

ဤအမည်က သူ့ကို ဘဝပန်းတိုင်... ကိုရောက်ရန် စွမ်းရည်တိုးထပ်လော... အားဖြည့်ပေးရသည်။ အမည်သစ်... သရအက္ခရာများပေါင်းခြင်းမှာ (၆) ဖြ... သည်။ ပြည့်စုံသူဖြစ်၍ ၎င်း (၆) ဂဏန်း... က သူ့အား စကားပြောဆိုရာတွင် အ... ကောင်းစေသည်။ ထို့ကြောင့် နာမည်... သစ်မှာ စကားနည်းသောအမည်ဟော... ထက် ပိုသင့်မြတ်သည်။ များစွာသော... သရုပ်ဆောင်များမှာ ကံကြမ္မာဂဏန်း... (၇) သည်ကို တွေ့ရသည်။

များသောအားဖြင့် အမည်စာ... ပေါင်းကိုပြောင်းခြင်း၊ ထိုးမြဲလက်မှ... ပြောင်းခြင်းနှင့် ထိုးမြဲလက်မှတ်ကို ဘ... လမ်းကြောင်းဂဏန်းနှင့် ညှိထိုးရမည်... သို့သော် နာမည်ကို အလုပ်အကိုင် ... နည်း ဘဝလမ်းကြောင်းနှင့် တစ်... တည်းကိုက်ညီလိုပါက နာမည်တစ်ခု...

2
8 20
1 7 5 9 1 5 9 = 10
KATHRYN ELIZABETH SMITH
2 2 89 5 3 8 2 28 1 4 28
26 23 15
8 5 6 = 10
= (1+9)
7 + 7 + 6 = 20 (ဘဝကံကြမ္မာဂဏန်း)
6 9 = 6
1 5 9
KATE SMITH
2 2 1 4 2 8
4 15
6 = 10
10 + 6 = 16 = 7 (ဘဝကံကြမ္မာဂဏန်း)
မွေးသက္ကရာဇ် MAY 1 1909
5 1 19
10 = 7 (ဘဝလမ်းကြောင်းဂဏန်း)



www.burmeseclassic.com

www.burmeseclassic.com

တို ပြောင်းခြင်းက ပိုကောင်းသည်။

**နာမည်တစ်ခုတည်းသာအသုံးပြုခြင်း**

(When you can use one name only)

များသောအားဖြင့် နာမည်ကျော်သူများ၏အမည်ကိုသာသိရတတ်သည်။ သမိုင်းတွင်သာ ဘစ်စမတ်၊ မူဆိုလိုနီ၊ နပိုလီယံတို့မှာ ကျော်ကြားသောပုဂ္ဂိုလ်များ ဖြစ်သည်။ ဂန္ထဝင်စာပေပညာရှင် ရှိတ်စပီးယား၊ ပန်းချီပညာရှင် ပီကာဆိုတဲ့သို့ ထင်ရှားသည်။ သူတို့ကို အမည်တို သာသိသည်။ ထို့ပြင် နာမည်ကျော် ပုဂ္ဂိုလ်များမှာ နာမည်တူမရှိသလောက် ဖြစ်သည်။

ဖျော်ဖြေရေးနယ်ပယ်တွင် လီဘရေးမှာ နာမည်ကျော် စန္ဒရားဆရာတစ်ဦးဖြစ်သည်။ သူ၏နာမည်ခွဲ (Surname) ကိုသာ သိကြသည်။ သူ့အပြည့်အစုံမှာ ဗဲလ်ဒင်ဇင်ဗာဇင်တင်နိုင်လီဘရေ ဖြစ်သည်။

မှာလည်း အလားတူ (၁၊ ၅၊ ၇)အုပ်စုတွင် ပါဝင်နေသည်။ လီဘရေး၏စုစုပေါင်းဂဏန်း (၁၀) သည် သူ့အဆင့်အတန်းဖြစ်သည်။ သူတို့၏ ကိုယ်ပိုင်ဟန်(၁) လူလုံးပြလုပ်ငန်း (၁) နှင့် ဦးဆောင်သူဖြစ်သည်။

နောက် ဥပမာတစ်ခုမှာ ဟီလ်ဒီဂရိတ် ဖြစ်ပြီး နာမည်အပြည့်အစုံမှာ ဟီလ်ဒီဂရိတ်လော်ရတီဆဲလ် ဖြစ်သည်။ သူမကို ၁၉၀၆ ခု၊ ဖေဖော်ဝါရီ ၁ ရက်တွင် မွေးသည်။ သူသည် နာမည်ကျော် စန္ဒရားဆရာတစ်ဦး ဖြစ်သည်။ လက်ရှိသုံးသော သူ၏ ထိုးမြလက်မှတ် ဘဝလမ်းကြောင်းဂဏန်း (၁၀) နှင့် ဆီလျော်မှုရှိသည်။ ယင်းအချက်က. လမ်းသစ်ရှာဖွေ၍ လွတ်လပ်သောအနုပညာရှင်နှင့် ကိုယ်ပိုင်ဟန်ရှိသူ ဖြစ်သည်။

ဟီလ်ဒီဂရိတ်အသုံးပြုသော အမှတ်အသားက ကလေးလက်အိတ်ရှည်လိုဖြစ်ပြီး လီဘရေး အသုံးပြုသော အမှတ်အသားက ဖယောင်းတိုင်ပုံဆိုင်း

**ကလေးအမည်ပေးခြင်း**

(Choosing a name for ababy)

ကလေးအမည်ပေးခြင်းနှင့်နာမည်ဆန်းစစ်ခြင်းတွင် နောက်ဆုံးအမည်မှာပုံသေဖြစ်၍ မပြောင်းပါ။ ယင်းအချက်သည် အစဉ်အလာတစ်ရပ် မဟုတ်ဘဲ အတွေးအခေါ် အယူအဆပေါ်တွင် အခြေခံသည်။ ၎င်းမှာ ဖခင်ဘက်မှ မျိုးရိုးအစဉ်အလာကို အမွေဆက်ခံခြင်း ဖြစ်သည်။

ပထမအမည်မှာ နာမည်မှခေါ်သူဖြစ်ပြီး အလယ်အမည်တွင် အခြားအရည်အသွေးများပါရှိသည်။ သို့သော် အလယ်အမည်ကို အသုံးများက ၎င်းအချက်နှင့် ဆန့်ကျင်ဘက်ဖြစ်သွားတတ်သည်။ အမည်ရှိ စာလုံးများ၏ လှိုင်းရိုက်ခတ်မှုမှာ အလုပ်အကိုင်အပေါ် အကျိုးသက်ရောက်သည်။

ကလေး အမည်ပေးရာတွင် အောက်ပါအချက်များ ဂရုပြုရမည်။

1 ― 10 ― 9    3 ― 21 ― 1 5 9 6 9    2 ― 20 ― 5 1 3    = 10

LADZIN VALENTINO LIBERACE

~~3 48 5 4 3 52 5 3 2 9 3 = 7~~

~~(7) 19- (10)- (1) 17 (8)~~

+ 4 + 1 = 13 = 4

သက္ကရာဇ် MAY 16 1919 = 14 = 5

2    5 7    20 (2)

20 = 2

BERACE = 8

10 = 1 (ကံကြမ္မာဂဏန်း)

ဥပမာ

2 ― 20 + 3 ― 12    5 = 10

9 5 1    5    6 5 1

HILDEGARDE LORETTA SELLS

8 34 7 94    3 4 22    1 331 = 5

35 ― 8    16 ― 7    8 ― 8

10 + 10 + 4 = 24

မွေးသက္ကရာဇ် Febrauary 1 1906 = 14 = 5

2    1    16 ― 7 = 10

သူ ပြောင်းလဲ အသုံးပြုသော အမည်ခွဲ ဖြစ်သည်။ အမည်အပြည့်အစုံ စုစုပေါင်းဂဏန်းမှာ (၄) ဖြစ်သည်။ နိုင်ငံရေးလုပ်သူ၊ အစိုးရအလုပ်သမား၊ စက်မှုဆရာတို့အတွက် ဂဏန်းကောင်းတစ်ခု ဖြစ်သည်။ ဂီတသမားအတွက် သင့်လျော်ပါ။ သို့သော် (၄) ဂဏန်းက အလုပ်အမြဲတမ်းကြိုးစားသည်။ မူလအမည်မှာ အခေါ်ရခက်ပြီး ကြော်ငြာ အတွက် မသင့်လျော်ပါ။

လီဘရေးဟူသောအမည်ဂဏန်း (၁၀) သည် သူ၏ မွေးရက် ၁၆ အာပေါ ခြေ)ဓာတ်အုပ်စုတွင် ပါဝင်၍ ကိုက်ညီမှုရှိသည်။ ဘဝလမ်းကြောင်း (၅) ဂဏန်း

ဖြစ်ပြီး သူက နောက်ဆုံးအမည်ဖြစ်ပြီး သူမကတော့ သူမပထမအမည်ကို သုံးသည်။

2 ― 20    2 ― 20

HILDEGARDE = 10 LIBERACE = 10

8    8

ထိုသူနှစ်ဦး တူညီကြသည်။

ကိုယ်ရည်ကိုယ်သွေးဂဏန်း ဖြစ်သော ဗျည်းဂဏန်းနှင့် လီဘရေး၏ အမည်၏ နောက်ဆုံး ကံကြမ္မာဂဏန်းသည် ပထမနာမည်အလုံး ဟီဒါဂရေးနှင့် တူသည်ကို တွေ့ရသည်။

၁။ အမည်အားလုံး၏ စုစုပေါင်းရရှိသောဂဏန်းသည် ဘဝလမ်းကြောင်းဂဏန်းနှင့် တူရမည်။ မတူသည့်တိုင် သဟဇာတလိုက်လျောညီမှုရှိရမည်။

၂။ ပထမဆုံးအမည်သည် မွေးရက်နှင့် ဓာတ်သဘာဝ (လေ၊ ရေ၊ မီး ဓာတ်အုပ်စု) ချင်းကိုက်ညီရမည်။

လေက ၃၊ ၆၊ ၉။ ရေက ၁၊ ၅၊ ၇။ မီးက ၂၊ ၄၊ ၈ ဂဏန်းများဖြစ်သည်)


www.burmeseclassic.com


**တြိဂံစနစ်အမည်ပေးခြင်း**
(The triangle or Trinity Method)


ကလေးအမည်ပေးရာတွင် တြိဂံစနစ်ထင်ရှားသည်။ မွေးရက်ကို အောက်ခြေတွင်ထား၍ ၎င်းကို အခြေခံအုတ်မြစ်ဟု ခေါ်သည်။ တြိဂံ၏ ထိပ်တွင် နာမည်၏ ပထမဆုံးအက္ခရာ တစ်နည်း ပထမဆုံးအမည်ကို ထားရမည်။ တြိဂံ၏ ကျန်အောက်ခြေတစ်ဖက်တွင် ပထမဆုံးအမည်၏ စုစုပေါင်းတန်ဖိုးကို အဖုံးဟု ခေါ်သည်။

(၉) ရက်နေ့တွင် မွေးဖွားပါက အနုပညာဂဏန်း လေအုပ်စု (၃၊ ၆၊ ၉) ဖြစ်ရမည်။ ပထမဆုံးအမည်အက္ခရာသည် (၃) ဂဏန်းရပြီး အက္ခရာမှာ (L) ဖြစ်ပြီး စုစုပေါင်းဂဏန်း (၆)၊ လော်နာ (Lorna) ကဲ့သို့ အမည်မျိုး ဖြစ်သည် သို့မဟုတ် ပထမအမည်စာလုံးသည် (၆)၊ စုစုပေါင်းဂဏန်း (၃၊ ၇) ရမည်။ ဥပမာ လော်နာ၊ အိုဝင်။

အကယ်၍ ကလေးသည် မီးဓာတ်အုပ်စု (၂၊ ၄၊ ၈၊ ၁၁၊ ၂၂) မွေးပါက ပထမဆုံးအက္ခရာအလုံး (၄) အက္ခရာ (D) ဖြစ်ပြီး စုစုပေါင်းအမည်ဂဏန်းက




အကယ်၍ (၁၉) ရက်တွင်မွေးဖွားသောကလေးကို အမည်ပေးလိုပါက သူသည် လေဓာတ်အုပ်စု (၁၊ ၅၊ ၇) ထဲတွင် ပါဝင်သည်။ ပထအဆုံးအမည်အက္ခရာအလုံးကို (၅) ဂဏန်းရသော (W)နှင့် စ၍မှည့်သင့်သည်။ ပထမဆုံးနာမည်၏ စုစုပေါင်းဂဏန်းမှာ (၇) ရသည်။ ဝေါလတာ (Waltre) ဟု မှည့်သင့်သည်။ သို့မဟုတ် ပထမဆုံးအမည်အက္ခရာအလုံးမှာ (၇) ရသည့်အက္ခရာမျိုးဖြစ်သင့်ပြီး စုစုပေါင်းတန်ဖိုး (၅) ရသင့်သည်။ ဥပမာ ပေါလ် (Paul)၊ အဲလန်နော် (Elanor)။

(၈) ဥပမာ ဒွိုက် (Duright) သို့မဟုတ် ပထမအမည် (၈) အက္ခရာက (H) စုစုပေါင်း အမည်ဂဏန်းများက (၄) သို့မဟုတ် အထူးဂဏန်း (၂၂) ဖြစ်ရမည်။ ဥပမာ ဟာဂျင်နီးယား၊ ဟဲလင်၊ မာဂျိုရီ။

ဂဏန်းဗေဒင် ပညာရှင်များက ကလေးအမည်ပေးရာတွင်ပထမအမည်ကို တြိဂံနည်းဖြင့် အမည်ပေးခြင်းကို နှစ်သက်သည်။ သို့ရာတွင် အမည်ပေးရာတွင် ရှုပ်ထွေးလှသဖြင့် ဤတြိဂံနည်းကို သုံးရမည်ဟု အတင်းမတိုက်တွန်းလိုပါ။

**ကလေးအမည်ပေးရာတွင် ကျွမ်းကျင်သော ပညာရှင်က ရွေးပေးသင့်ခြင်း**
(Choosing a name for baby is jab o[f] an expert)

ကလေးအမည်ပေးခြင်း၊ ထိုမှ လက်မှတ်ပြောင်းထိုးခြင်းမှာ ဗေဒင် ဂဏန်းဗေဒင်ပညာရှင်တို့၏အလုပ်ဖြ သည်။ သို့သော် မကျွမ်းကျင်ဘဲ ကို သဘောနှင့်ကိုယ် နာမည်ပြောင်းခြင်း ထိုးမြဲလက်မှတ်ပြောင်းခြင်းများ မလု သင့်ပါ။ ကံတရားက မွေးဖွားသော သက္ကရာဇ်ပေါ်တွင် မူတည်သည်။ မိ ပေးထားသောအမည်သည် မိမိအ လွှမ်းမိုးသည်။ နာမည်ပေါ်တွင် ကံ တရားက တည်ရှိနေသည်။ ၎င်းအ မှာ ဘဝလမ်းကြောင်းဂဏန်းနှင့် သ ဇာတဖြစ်သင့်သည်။

**ကလေးအမည်ပေးပါက အောက် အချက်များ သတိပြုပါ**

၁။ နောက်ဆုံးအမည် (La name) တို့တစ်လုံးတည်းရအောင်ပေါ အမည်ခွဲကိုမှည့်ရန်လိုကောင်းလိုမည်

၂။ ပထမဆုံးအမည် ကျား မ ရွေးပါ။

၃။ ပထအမည်ကို တစ်လုံးတည ကျန်အောင်ပေါင်းပါ။

၄။ အလယ်အမည်ကို နှစ်သ ရာရွေးနိုင်သည်။

၅။ အလယ်အမည်ကို ဂဏန်း လုံးတည်းရအောင်ပေါင်း၊ အန အတွက် အသုံးပြုရန် ဖြစ်သည်။

၆။ နောက်ဆုံး ကလေးအမည် အဆုံးအဖြတ်ပေးရန် သုံးသပ်ပါ။

၇။ ကလေး၏ မွေးသက္က (ရက်၊ လ၊ နှစ်) တို့ကို တစ်လုံးတည် အောင်ပေါင်းပါ။

၈။ နောက်ဆုံးအမည် (La name) ကို အရင်ပေါင်း၊ ၎င်း အလယ်အမည်ကို ပေါင်းပါ။ နာမည်၏ စုစုပေါင်း ဂဏန်း ကလေးလမ်းကြောင်းနှင့် ဆီလျော်ရမည်။

၉။ အကယ်၍ ဘဝလမ်းကြော ဂဏန်းနှင့် ကိုက်ညီအောင်ညှိ၍ က လေ၊ ရေ၊ မီးဓာတ်ဖြင့် ဥပမာ လေဓာတ် (၃၊ ၆၊ ၉) (၉) ရက်နေ့မွေးပါက စုစုပေါင်း မဟုတ် (၆) ရအောင်ပေါင်းယူ

ဆရာဒသ



www.burmeseclassic.com

www.burmeseclassic.com



# တင်နိုင်တိုး

## စလေဦးပုည၏ စလေပြန်မှတ်တမ်း

စာဆိုတော် စလေဦးပုညသည် စလေမြို့ဇာတိဖြစ်သည်။ စလေဦးပုညကို ဦးမြတ်ထွား၊ ဒေါ်ဆုံတို့က ၂၃၊ ဧပြီ၊ ၁၈၁၂ တွင် စလေမြို့၌ ဖွားမြင်ခဲ့ပါသည်။ ဖခင် ဦးမြတ်ထွားက စလေမြို့သူကြီးဖြစ်၍ ဦးပုည၏ ငယ်မည်ကို မောင်ပုတ်စည်ဟူ၍ မှတ်သားထားကြသည်။ ရှင်သာမဏေဝတ်စဉ်က ရှင်ပုညဟု ခေါ်ခဲ့ဖူးသဖြင့် ဦးပုညဟု အမည်တွင်ခြင်းဖြစ်သည်။ ဦးပုညတွင် မောင်လှိုင်ဆိုသူ မွေးချင်းညီတစ်ဦးရှိပါသည်။

စလေဦးပုညသည် ရှင်သာမဏေဝတ်ဖြင့် အမရပူရသို့ ရောက်ရှိလာကာ ပညာဆည်းပူးခဲ့သည်။ ကျမ်းတတ်အကျော်အမော်ဖြစ်သဖြင့် မင်းတုန်းမင်းသားက ဆည်းကပ် ကိုးကွယ်ခဲ့သည်။ ၁၈၆၁ ခုနှစ်ခန့်တွင် ရှင်ပုည လူဝတ်လဲကာ မင်းတုန်းမင်းထံ လက်ဖက်ရည်တော်အဖြစ် ခစားခဲ့သည်။ ထိုစဉ်က နန်းကြီးစီရင်စု ရွာစည်ရွာစားအဖြစ် နေသနားခံခဲ့ရသည်။ မင်းလှသင်္ခယာဘွဲ့ကိုလည်း ရရှိခဲ့ပါသည်။

နောက်ပိုင်း ဗေဒင်ပညာကျွမ်းကျင်သူ စလေဦးပုညထံ ဝန်ကတော်အများအပြား ဗေဒင်လာမေးကြသည်။ ထိုင်းသို့ မေးကြမြန်းကြရင်း ရွှေမြို့တော်ဝန် ဦးသာအိုးကတော် မရွှေလုပ်နှင့် ငြိငြင်မိခဲ့သည်။ မင်းတုန်းမင်းက ဖျောင်းဖျ၍ ရွှေမြို့တော်ဝန်ဦးသာအိုးက ဦးပုညအပေါ် အပြစ်မှခွင့်လွှတ်ကာ မရွှေလုပ်နှင့်ပင် လက်ဆက်စေခဲ့သည်။ သို့သော် မရွှေလုပ်မှာ (၆)လခန့်အကြာတွင် ကွယ်လွန်သွားခဲ့သည်။ ၁၈၆၄ ခုနှစ်တွင် မဂ်ဂလာဈေးမှ ငါးပေါင်းကြော်ရောင်းသည့် မွေးအုံနှင့် ဒုတိယအိမ်ထောင်ထူခဲ့သည်။

စလေဦးပုညဘဝတွင် အမည်းတော်စွန်းထင်းခဲ့ရသည်က ၁၈၆၆ ခုနှစ်တွင် ဖြစ်ပွားခဲ့သည်။ မြင်ကွန်းမြင်းခုန်တိုင်အရေးတော်ပုံ ဖြစ်သည်။ မင်းသားများက ဦးရီးတော် အိမ်ရှေ့စံ ကနောင်မင်းသားကြီးကို လုပ်ကြံခဲ့ကြသည်။ ထိုင်းလုပ်ကြံမှုကို အခါတော်ပေးခဲ့သူက စလေဦးပုညပင်ဖြစ်ပါသည်။ ထို့ကြောင့်လည်း စလေဦးပုညသည် ၁၆၊ ဇွန်၊ ၁၈၆၇ ခုနှစ်တွင် စီရင်ကွပ်မျက်ခြင်းခံခဲ့ရသည်။

စလေဦးပုညကို ကိုယ်တွေ့တွေ့ကြုံ သိမီလိုက်သည့် နော်ရထာသီရိက စလေဦးပုည အမရပူရသို့ ထွက်ခွာသွားကတည်းက ဇာတိစလေသို့ သုံးကြိမ်ပြန်သွားခဲ့ဖူးကြောင်း၊ စလေ၌ (၁၃) နှစ်နေခဲ့ကြောင်း မှတ်သားထားပါသည်။ ဦးပုည ပထမဆုံး စလေပြန်ချိန်က ၁၈၃၆ ခုနှစ် ဘကြီးတော်မင်းလက်ထက်တွင် ဖြစ်သည်ဆို၏။ ထိုစဉ်က မိခင် ဒေါ်ဆုံ ကွယ်လွန်သွားသဖြင့် ရှင်သာမဏေဖြင့် ပြန်ကြွသွားခဲ့ရခြင်း ဖြစ်သည်။

နော်ရထာသီရိက ၁၈၄၁ ခုနှစ် သာယာဝတီမင်း ရန်ကုန်သို့ စုန်ဆင်းချိန်က ဦးပုည စလေသို့ ပြန်သွားခဲ့သေးသည်ဆိုပါသည်။ စလေဦးပုည ဒုတိယအကြိမ် စလေသို့ ပြန်သောခရီးမှာမူ စဉ်းစားစရာရှိပါသည်။ အဘယ်ကြောင့်ဆိုသော် စလေဦးပုညသည် စာဆိုတော်အဖြစ် ရန်ကုန်သို့ လိုက်ပါသွားရသောကြောင့်ဖြစ်ပါသည်။ ရန်ကုန်တွင် ဘုရင်မင်းမြတ်က အောင်မြေရန်နှင် နန်းမြို့တော်၌ စံနေခဲ့သည်။ စလေဦးပုညကမူ ရွှေတိဂုံစေတီတော်ရင်း ဇရပ်တစ်ဆောင်ထက်၌ တည်းခိုနေထိုင်ခဲ့သည် ဆို၏။ စလေဦးပုည ရန်ကုန်တွင် နေထိုင်စဉ်အတွင်း 'ဗဟန်း သွားတောလား' ကို ရေးဖွဲ့ခဲ့သေးသည်။ သို့သော် ဖြစ်နိုင်ခြေရှိသည်မှာ စလေဦးပုညသည် အပြန်ခရီးတွင် နေပြည်တော်အထိ ပြန်မလိုက်ဘဲ ဇာတိ စလေသို့ ပြန်သွားခဲ့ဟန်တူပါသည်။

နော်ရထာသီရိ၏ မှတ်တမ်းအရ စလေဦးပုည တတိယအကြိမ် စလေသို့ ပြန်ချိန်က ပုဂံမင်း နန်းကျလုနီးအချိန် ၁၈၅၁ ခုနှစ်တွင်ဖြစ်သည် ဆိုပါသည်။ ထိုစဉ်က နန်းတွင်းအရေးမှာ ရှုပ်ထွေးလျက်ရှိပြီး စလေမြို့သူကြီးရိုး နှစ်ရိုးမှာလည်း ပဋိပက္ခအသွင်ဆောင်နေချိန် ဖြစ်ဟန်ရှိပါသည်။ ဦးပုညသည် အများအားဖြင့် ကိုရင်ကြီးဘဝဖြင့် နေခဲ့ပြီး စလေ၌ ဒကာ ဦးကုလား လှူဒါန်းသောကျောင်း၌ သီတင်းသုံးနေထိုင်သည် ဆိုပါသည်။ ထို့ပြင် အကြောင်းကြောင်းကြောင့် စလေ ဦးပုည ထွက်ပြေး ခိုအောင်းခဲ့ရစဉ်က ပိဋကတ်တိုက်အတွင်း စက်ယန္တရားများဆင်လျက်နေခဲ့ကြောင်းလည်း အဆိုရှိ ကြသည်။

စာဆိုတော် စလေဦးပုညကို စလေမြို့ တပ်စုရပ်အတွင်း ဖွားမြင်ခဲ့ခြင်း ဖြစ်သည်။ မွေးသက္ကရာဇ်အမှတ်အသားအမျိုးမျိုးကွဲပြားနေသော်လည်း သူနှင့် တစ်နှစ်တည်းမွေးသည်ဆိုသော ဦးကာသည် ၁၁၇၄ ခုနှစ်ဖွားဖြစ်သဖြင့် စလေ ဦးပုညသည်လည်း ၁၁၇၄ ခု (ခရစ်နှစ် ၁၈၁၂ ခုနှစ်)ဖွား ဖြစ်ပေသည်။ မိဘမည်ရည် အမျိုးမျိုးကွဲပြားနေသော်လည်း ခေတ်ပြိုင်စာဆိုဖက်များ၏ အပျော်အပြက်စာများအရ ဦးမြတ်ထွား၊ ဒေါ်ဆုံခေါ် ဒေါ်ကြိတ်ဆုံတို့၏ သားဖြစ်ကြောင်း သိရှိရလေသည်။

နော်ရထာသီရိ၏ မှတ်တမ်းအရ စလေဦးပုညမှာ ညာဘက်လက်မသန်သူဖြစ်သည် ဆို၏။ သို့ဖြင့် စာရေးသောအခါ ဘယ်လက်ဖြင့် ရေးရလေသည်။ သို့ကြောင့်လည်း စာဆိုဖက်သူငယ်ချင်းများက 'ဘယ်နဲ့ရေးတဲ့ မောင်ပုတ်စည်၊ ဆန်တစ်ပြည်တေးတစ်ပုဒ်' ဟု ပြက်ရယ်ပြုကြခြင်း ဖြစ်သည်။ ညာဘက်လက်မသန်သဖြင့် ရဟန်းမပြုရဘဲ ကိုရင်ကြီးအဖြစ်သာနေခဲ့ဖူးကြောင်း အဆိုရှိကြသည်။

နော်ရထာသီရိ၏မှတ်သားချက်အတိုင်းဆိုလျှင် စလေဦးပုညမှာ ကိုရင်ဝတ်ဖြင့်လည်းမမြဲဘဲ လူထွက်ခဲ့သည်မှာ တစ်ကြိမ်ထက် ရှိခဲ့ကြောင်း ဆိုနိုင်ပါသည်။ စလေတွင် (၁၃)နှစ်ကြာနေခဲ့ခြင်းသည်ပင် ကိုရင်ကြီးအဖြစ် တစ်ဆက်တစ်စပ်တည်းနေခဲ့ခြင်းမျိုး မဟုတ်ဟု မှတ်ယူမိပါသည်။

တင်နိုင်တိုး


ကျမ်းကိုး -


၁။ မရေရာသော စလေဆရာ
(ရဝေစိုးမင်း)
ရှုမဝမဂ္ဂဇင်း၊ ၁၉၅၇၊ ဇူလိုင်

၂။ စလေဦးပုည
(ဦးမောင်မောင်တင်)




www.burmeseclassic.com

www.burmeseclassic.com



# ရီရီငွေး

## ဒီဂျာပူရီသခင်မ၏သချိုင်းတော်

ဘဝခရီးကို လျှောက်လှမ်းစဉ် -

တစ်ခါတစ်ရံ၌ မယုံနိုင်လောက်အောင် ထူးခြားဆန်းကြယ်သော ဖြစ်ရပ်များနှင့် တွေ့ကြုံခဲ့ပါသည်။ထူးခြားသောဖြစ်ရပ်များအနက် ဒီဂျာပူရီသခင်မနှင့် ဆက်စပ်သောဖြစ်ရပ်မှာ ကျွန်ုပ်တစ်သက်မမေ့ရက်စရာဖြစ်ခဲ့ပါသည်။ ဒီဂျာပူရီသခင်မသမိုင်းကြောင်းကို ယခင်က ကြားလည်းမကြားဘူး၊ သိလည်းမသိခဲ့ဘူးပါ။ သို့ပေမယ့် အချိန်တန်တော့ သိရန်အကြောင်းပေါ်ပေါက်လာခဲ့သည်။

ကျွန်ုပ်သည် ဓာတ်ငွေ့ရှာဖွေရေးကုမ္ပဏီတစ်ခုတွင် အလုပ်ဝင်လုပ်ခဲ့ရာ ရန်ကုန်ရုံးချုပ်၌နေထိုင်ပြီး ကုမ္ပဏီကိစ္စအဝဝကို လုပ်ဆောင်ပေးခဲ့သည်။ ဓာတ်ငွေ့ရှာဖွေရေးအင်ဂျင်နီယာနှင့် သူ၏အဖွဲ့သားများသာ မြန်မာပြည်နေရာအနှံ့ခြေဆန့်ကာ သွားလာလှုပ်ရှား ရှာဖွေခဲ့ကြသည်။ အင်ဂျင်နီယာအဖွဲ့ဝင်များ မသွားမီ ဆာဗေးအဖွဲ့က အရင်ဆုံးသွားပြီး ဓာတ်ငွေ့ထွက်နိုင်သည့်အခြေအနေရှိ၊ မရှိကို စမ်းသပ်ရသည်။ ထိုအဖွဲ့က တွေ့ရှိချက်ကို ဒါရိုက်တာအဖွဲ့အား တင်ပြပြီး ၎င်းအဖွဲ့မှ အတည်ပြုမှသာ အင်ဂျင်နီယာအဖွဲ့မှ ဓာတ်ငွေ့တူးဖော်ခြင်းလုပ်ငန်းကို လုပ်ကိုင်ကြရသည်။

ယခု ဆာဗေးဆင်းရမည့်နေရာမှာ မြန်မာ-အိန္ဒိယနယ်စပ်ရှိ တမူးမြို့နှင့် မိုင်ပေါင်းများစွာ ကွာဝေးသည့် တောကြီးအတွင်း၌ ဖြစ်သည်။ ထိုနေရာ၌ ငှက်ဖျားရောဂါအဖြစ်များ၍ မည်သူမျှမသွားချင်ကြပေ။ ဆာဗေးအဖွဲ့ခေါင်းဆောင်ကိုခင်မောင်လတ်မှာ ဆာဗေးဆင်းရင်း ငှက်ဖျားရောဂါရလာသဖြင့် ယခုခရီးတွင် လိုက်ပါနိုင်ခြင်း မရှိပေ။

"ဒါဆိုရင် ကိုအဂ္ဂစိုးပဲ ခေါင်းဆောင်အဖြစ် လိုက်သွားပါ"

ဒါရိုက်တာက ဤသို့ပြောသဖြင့် ဒီဆာဗေးခရီးစဉ်တွင် ကျွန်ုပ် ပါဝင်ခဲ့သည်။ ကျွန်ုပ်မှာ အသက် (၃၀) ခန့်ရှိသည့်တိုင် ချစ်သူမရှိသေးသည့် လူပျိုလူလွတ်တစ်ယောက်ဖြစ်သည့်အတွက် ဒီခရီးစဉ်တွင် တားမည့်သူ, ပူမည့်သူမရှိ၊ လွမ်းမည့်သူမရှိဘဲ လွတ်လွတ်လပ်လပ်သွားနိုင်ပါသည်။ ထို့ကြောင့် ကျွန်ုပ်သည် အပူအပင်မရှိ အေးချမ်းစွာပင် လက်ခံခဲ့ပါသည်။

ကျွန်ုပ်တို့အုပ်စုသည် သတ်မှတ်ထားသောနေ့ဖြစ်သည့် အင်္ဂါနေ့တွင် စတင်ခရီးထွက်ခဲ့ပါသည်။ ရန်ကုန်မှ ကလေးမြို့သို့ လေယာဉ်ဖြင့် ခရီးထွက်ခဲ့ပါသည်။ကလေးမြို့မှ တမူးမြို့သို့ ကားဖြင့် ခရီးဆက်ခဲ့ပါသည်။ တမူးမြို့၌ ကြိုတင် စီစဉ်ထားသည့်အတိုင်း ရုံးချုပ်မှ ငှားထားသည့်အိမ်၌ တည်းခိုခဲ့ကြပါသည်။ တမူးတွင် တစ်ညအိပ်ပြီးနောက်




www.burmeseclassic.com

www.burmeseclassic.com

တောကြီးအတွင်းသို့သွားစဉ် လိုအပ်သောပစ္စည်းများ၊ စားသောက်ဖွယ်ရာများ၊ မြေတူးမည့်လူကြမ်းများ၊ ထမင်းချက်လူကြမ်းများကို စီစဉ်ခဲ့ကြပါသည်။

နောက်တစ်နေ့နံနက်(၆)နာရီခန့်တွင် စတင် ခရီးထွက်ခဲ့ပါသည်။ ကျွန်ုပ်တို့အတွက် လမ်းပြမှာ ချင်းအမျိုးသားကိုလျန်တွဲ ဖြစ်သည်။ တမူးမှ တောင်ခြေအထိ ဂျစ်ကားဖြင့် သွားခဲ့ကြသည်။ ထိုမှ ပင်လယ်ရေမျက်နှာပြင်အထက် ပေ (၅၀၀၀) ကျော်ခန့်ရှိသည့် တောင်ကြီးပေါ်သို့ ခြေကျင်တက်ခဲ့ကြသည်။ တောင်ထိပ်သို့အရောက်တွင် နေ့ခင်း (၁၁) နာရီခန့် ရှိပါသည်။ ထိုနေရာတွင် အသင့်ယူဆောင်လာသည့် ထမင်းဘူးများဖြင့် နံနက်စာစားခဲ့ကြပါသည်။ ထိုတောင်ပေါ်မှ လှမ်းကြည့်သော် မြေပြန့်လွင်ပြင်ကျယ်ကြီးများ၊ စပါးစိုက်ကွင်းများကို တွေ့ရှိရပါသည်။ အနောက်ဘူးဘူးတွင် တောင်ပြာတန်းတစ်ခုကို ခပ်ရေးရေးမြင်ရပါသည်။ ထိုမှ အရှေ့တောင်ဘက်တွင် ကြီးမားသော တောအုပ်ကြီးတစ်ခုကို တွေ့ရှိရသည်။ ထိုမှ အရှေ့တောင်ဘက်သို့ ဆင်းလာရာ ကွေ့



www.burmeseclassic.com

www.burmeseclassic.com

ကောက်နေသော လှုသွားလမ်းကလေး ကို တွေ့ရှိရပါသည်။ ထိုနေရာမှ ဆင်း လာရာ တစ်နာရီခန့်အကြာတွင် တောင် မှ မြူမှုန်များကျဆင်းလာသဖြင့် ခပ်မြန် မြန်ဆင်းခဲ့ကြသည်။

ထို့နောက် တောင်ပေါ်မှ မြင်ရ သော တောကြီးအစပ်သို့ ရောက်လာခဲ့ ပါသည်။

ထိုအခါ လမ်းပြ ကိုလျှန်တွဲက -

"ဒီနေရာဟာ ဟိုးလွန်ခဲ့တဲ့ နှစ် ပေါင်း (၅၀၀) ကျော်က ဒီဂျာပူရီတိုင်း ပြည်လို့ ရှေးလူကြီးသူမများက ပြောဖူး တယ်"

"ဪ - ဒီဂျာပူရီ ဆိုတော့ ဘာ လူမျိုးတွေရဲ့တိုင်းပြည်လဲ"

"ကသည်းလူမျိုးတွေရဲ့တိုင်းပြည် ပေါ့။ ဒီဂျာပူရီတိုင်းပြည်မှာ စော်ဘွား တွေ အဆက်ဆက် အုပ်ချုပ်ခဲ့တယ်။ မြန်မာမင်းများရဲ့ လက်အောက်ခံတိုင်း ပြည်ပေါ့"

"ဆက်ပြောပါဦး၊ နားထောင်ရ တာ ဗဟုသုတဖြစ်တာပေါ့"

"တချို့လူတွေက ဒီဂျာပူရီသချိုင်း တော်မှာ ရွှေ ငွေ ကျောက်သံပတ္တမြား တွေရှိတယ်ဆိုပြီး လာတူးကြတယ်"

"ရသွားသလား"

"ရသွားတယ်လို့တော့ တစ်ခါမှ မကြားဖူးဘူး။ ဒါပေမယ့် သရဲခြောက် လိုက်လို့ တချို့က ရူးတဲ့သူရူး၊ သေတဲ့သူ သေသတဲ့"

"ဒါဆို မြေကြမ်းတာပေါ့"

"အဲဒီလိုပဲပြောရမလားဘဲ"

ထိုသို့ပြောရင်း လျှိုမြောင်ချိုင့်ဝှမ်း များကို ဖြတ်ကျော်လာခဲ့ကြသည်။ ထို နေရာသည်လည်း အတက်အဆင်းမည်ီ ညာသည့် တောင်ကုန်းကလေးပင် ဖြစ် သည်။ အင်ကြင်းတော၊ ဝါးရုံတောများ ကို ဖြတ်ကျော်ပြီးနောက် တောင်ကုန်း ကလေးတစ်ခုသို့ ရောက်လာခဲ့သည်။ ထိုနေရာတွင် ရုံးချုပ်မှ ကြိုတင်ဆောက် လုပ်ထားသည့် ခြေတံရှည်ဗိုလ်တဲလေး တစ်လုံးကို တွေ့ရှိရသည်။

"ကဲ- ကျွန်တော်တို့နားမယ့် ဗိုလ် တဲတော့ ရောက်ပြီ"

ကျွန်ုပ်တို့လည်း ဗိုလ်တဲပေါ်သို့ တက်ကာ ပါလာသည့်ပစ္စည်းများကို နေ ရာချလိုက်သည်။ ဗိုလ်တဲသို့ရောက်ချိန် တွင် ညနေ (၅) နာရီခန့် ရှိချေပြီ။ ဗိုလ် တဲနှင့်မနီးမဝေးတွင် တောင်ကျစမ်းရေ ကို ဝါးရေတံလျှောက်ဖြင့် ခံထားသည့် ကြည်လင် အေးမြသည့် ရေတွင်းတစ် တွင်းကို တွေ့ရှိရသည်။

ကိုလျှန်တွဲက -

"ဆရာတို့ ရေချိုးချင်ရင် စမ်းတွင်း မှာ ရေချိုးလို့ရတယ်"

"ကောင်းတာပေါ့ဗျာ။ တစ်နေ့လုံး တောင်တက်၊ တောင်ဆင်းနဲ့ ပင်ပန်းလာ တာ ခဏနားပြီး ရေချိုးမှပဲ"

များမကြာမီ ကျွန်ုပ်တို့တစ်ဖွဲ့သား လုံး ရေချိုးခဲ့ကြသည်။ ထမင်းချက်တာ ဝန်နှင့် လိုက်ပါလာသော ကောင်လေး နှစ်ယောက်က ထမင်းချက်ပြီး ငါး သေတ္တာကြော်ထားကြသည်။တစ်ဖွဲ့သား လုံး ဆာဆာနှင့်စားကြရာ ထမင်းရော ဟင်းပါ တစ်ခါတည်းပြောင်သွားသည်။

ညဦးပိုင်းအချိန်တွင် -

ရန်ကုန်က ယူလာသည့် ဘီယာ ဘူးဖြင့် ကိုလျှန်တွဲအား ဧည့်ခံရင်း ဤ ဒေသနှင့်ပတ်သက်သည့် အကြောင်းအ ရာများကို မေးကြည့်ခဲ့သည်။

"ကိုလျှန်တွဲ၊ ကသည်းလူမျိုးတွေ အကြောင်း ခင်ဗျားသိသလောက်ပြော စမ်းပါဗျာ"

"ကသည်းလူမျိုးတွေအတော်များ များက နတ်ကိုးကွယ်သူတွေပဲ။ သူတို့ နတ်ကြီးက ထိုင်မဘူဆိုတဲ့နတ်ကြီးပေါ့။ ဟိုးအရင်တုန်းက ယဇ်နတ်ပူဇော်တဲ့ ဓလေ့ ရှိတယ်"

"ယဇ်နတ်ပူဇော်တယ် ဆိုတော့ နွားတို့၊ ကျွဲတို့၊ ဆိတ်တို့ကို သတ်ပြီး ပူဇော်တာလား"

"ဟုတ်ပါတယ်။ တိရစ္ဆာန်တွေကို လည်းသတ်ပြီး ပူဇော်တယ်၊ နောက်ပြီး အပြစ်ရှိတဲ့လူတွေကိုလည်း အပြစ်ဒဏ် ပေးတာဆိုပြီး လည်ချောင်းကိုဖောက်ပြီး လည်ချောင်းသွေးနဲ့ယဇ်ပူဇော်ကြတယ်"

"ဪ၊ ဪ"

"ကျွန်တော်ငယ်ငယ်က အမေက အိပ်ရာဝင်ပုံပြင် ပြောပြဖူးတယ်။ အဲဒီ ကသည်းစော်ဘွားကြီးက အပြစ်လုပ်တဲ့ သူရဲ့မိဖုရားကိုတောင် လည်ပင်းဖြတ်ပြီး လည်ချောင်းသွေးနဲ့ ယဇ်ပူဇော်သတဲ့"

"အင်း- စိတ်ပျက်စရာပါပဲ။ လူ သတ်ပြီး ယဇ်ပူဇော်တာကတော့ လူမှု ရေးရှုထောင့်ကကြည့်ရင် တော်တော်အ ရုပ်ဆိုးတာပဲ"

"ဟုတ်ပါတယ် ဆရာ၊ အဲဒီတုန်း က လူတွေက မဖွံ့ဖြိုး မတိုးတက်သေး ဘူး။ နောက်ပြီး သက်ဦးဆံပိုင်စနစ်ဆို တော့ ဘုရင်က ဘာဖြစ်ဖြစ် လုပ်လို့ရ တယ်ပေါ့"

"ဟင်း. . ."

ကျွန်ုပ်သည် မမြင်ရသော်လည်း ကြားရသည့်အဖြစ်ကလေးကိုပင် ယဇ် ပူဇော်ခံရသူဘက်မှ စိတ်မသက်မသာ ဖြစ်ခဲ့ရပါသည်။

"ဪ - ဒီဂျာပူရီ. . . ဒီဂျာပူရီ တဲ့"

ထိုအကြောင်းကိုတွေးရင်း ကျွန် အိပ်ပျော်သွားခဲ့သည်။

ထိုညက အိပ်မက်မက်ခဲ့ပါသည် အိပ်မက်မှာ ထင်ရှားလွန်း၍ အိပ်မ လေလား၊ တကယ်လေလားဟုပင် ထ မိပါသည်။

ကျွန်ုပ်တို့ ရေချိုးခဲ့သော ရေတွင်း နားက ကုန်းမြင့်မြင့်ကလေးပေါ်တွ အမျိုးသမီးတစ်ဦးမတ်တတ်ရပ်နေသ ကို ဗိုလ်တဲမှ ကျွန်ုပ် လှမ်းမြင်လိုက် သည်။ သူမ၏ဝတ်ပုံစားပုံမှာ မြန်မာ မျိုးသမီးနှင့်မတူဘဲ ထူးခြားလှပေသည်

သူမကို ကျွန်ုပ် လှမ်းကြည့် သူမက-

'သားတော်ရောက်လာပြီကိုး မယ် စောင့်နေတာ ကြာပြီ။ ယခု သ တော် မယ်မယ်နဲ့ လိုက်ခဲ့ပေတော့'

'မှန်ပါ့မယ်မယ် ဒီဂျာပူရီသခင်

ကျွန်ုပ်၏နှုတ်မှ ဤသို့ ပြန် လိုက်သည်။ သူမကို ကျွန်ုပ်က အိပ် ထဲတွင် ရင်းရင်းနှီးနှီးသိနေသည်။ ဒီ ပူရီသခင်မမန်းလည်း အလိုလိုသိ သည်။ ကျွန်ုပ်သည် သူမ၏ခေါ်ဆောင် နောက်သို့ လိုက်သွားခဲ့သည်။ လမ်းကလေးများ၊ ရေတံခွန်များကို ကျော်ပြီးနောက် တောင်ပူစာတစ် ရောက်လာခဲ့သည်။ တောင်ပူစာ မှာ အတော်အတန် ကျယ်ဝန်း သည်။ သူမသည် တောင်ပူစာ ပေါ်သို့ လေဟုန်စီးပြီးတက်သွား

'သားတော်၊ ဒီနေရာဟာ မယ်ရဲ့ဂူဗိမာန်ပဲ။ အဲဒီထဲမှာ အ နေခဲ့တာ နှစ်ပေါင်းအတော်ကြာ တော် ဒီဂူဗိမာန်ကိုဖွင့်လှစ်ပြီး ရဲ့လွတ်မြောက်ခြင်းကို ဆောင် လော့'

'မှန်ပါ့မယ်မယ် ဒီဂျာပူရီသ

'သားတော် ပူရန်ကာ ဆော နိုင်ပါစေ'

ဤသို့ပြောပြီး သူမ၏ အေ စက်လက်ဖြင့် ကျွန်ုပ်၏လက်နှ ကိုင်လိုက်ရာ ကျွန်ုပ်၏ ခန္ဓာကိုယ် လုံး အေးစက်သွားသလို ခံစားရ ချင်း အိပ်ရာမှ လန့်နိုးခဲ့သည်။

"အမယ်လေး - ချမ်းလို



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်၏တစ်ကိုယ်လုံး ချမ်းလွန်း န်ယင်နေသည်။ မှန်ပေသည်။ င်းပေါက်ဖွင့်အိပ်မိသော ကျွန်ုပ်အ အေးစိမ့်သောလေက တဟူးဟူး နေသည်။ ချက်ချင်းပင် ပြတင်း ကို ထပိတ်လိုက်သည်။

အိပ်မက်က လန့်နိုးသည့်တိုင် တော် ပူရန်ကာ' ဟု ခေါ်လိုက် မိခင်တစ်ဦး၏ကြင်နာသောအသံ ကို ကြားယောင်နေမိသည်။

'အင်း- ငါတော့ လမ်းပြ ကိုလျှန် ဒီဂျာပူရီသခင်မအကြောင်း နား င်ရင်း စိတ်စွဲလို့ ဒီလိုအိပ်မက်မျိုး တာနေမှာ။

အိပ်မက်ထဲမှာ ငါ့နာမည်က ဘာ ဪ- သိပြီ၊ သိပြီ။ ပူရန်ကာတဲ့'

အိပ်မက်အကြောင်း စဉ်းစားရင်း ကိုယ်တည်း ပြုံးမိသည်။

ဪ. . . ပူရန်ကာတဲ့။

နောက်တစ်နေ့မှစပြီး ဆာဗေး သည်။ ကျွန်ုပ်တို့အလုပ်မှာ မြေ စမ်းသပ်ပြီး တူးသင့်လျှင် တူးရ ရန်ကုန်က လာသူများမှာ ပညာ စုဖြစ်နေသဖြင့် မြေတူးရန်၊ အ ကြမ်းလုပ်ရန် တမူးမှ ကာယလုပ် များကို ကိုလျှန်တွဲမှ ခေါ်ဆောင် သည်။

ကျွန်ုပ်သည် ဆာဗေးအလုပ်၌ ဆောင်ဖြစ်သဖြင့် ကြိုးကြိုးစား ပ်ဆောင်ခဲ့သည်။ ထို့ကြောင့် ်လုပ်နေစဉ် ထိုအိပ်မက်ကို ရခဲ့ပေ။ နောက်သုံးရက်အကြာ ထိုအိပ်မက်ကို ဆက်မက်ပြန်သည်။ ့ ကျွန်ုပ်မှာ ယခင်ကထက် ပို၍ စားလာခဲ့သည်။ သို့သော် အလုပ် ရောက်လျှင် ထိုအိပ်မက်ကို မေ့ န်သည်။ နောက်သုံးရက်အကြာ ထိုအိပ်မက်ကို ဆက်မက်ပြန်သည်။ တွင် မယ်မယ်ဒီဂျာပူရီသခင်မ နှာတွင် ဒေါသရိပ်သန်းနေပြီး-

'သားတော် ပူရန်ကာ၊ မယ်မယ် တဲ့စကားကို အလေးထားပြီး ဂူ ကို ရှာဖွေပါလော့'

၍ ထပ်ပြောပြန်သည်။

အိပ်မက်မှ နိုးလာသောအခါတွင် မှာ အမိန့်ပေးခံရသော လက် ်ယသားသဖွယ် ကြောက်ရွံ့စိုး နေမိသည်။

'ဒီအိပ်မက်ကို သုံးကြိမ်တောင် မက်တယ်ဆိုတော့ အကြောင်းတစ် တော့ရှိမယ်။ ကိုလျှန်တွဲကို ပြောပြမှ ဖြစ်မယ်'

ဤသို့ စိတ်ကူးပြီးနောက် နံနက် မိုးလင်းသောအခါ ကိုလျှန်တွဲကို ကျွန်ုပ် ပြောပြရာ-

"ဆရာ၊ ဒီနယ်မြေက ဒီဂျာပူရီနယ် မြေဆိုတော့ ဆရာ့ရဲ့အိပ်မက်က ထူးခြား တယ်။ အိပ်မက်ထဲကနေရာကို သွားရှာ မှဖြစ်မယ်"

"ဒါဆို ဘယ်တော့သွားမလဲ"

"တနင်္ဂနွေနေ့ မနက်စောစော သွားကြတာပေါ့"

ကျွန်ုပ်တို့ဆုံးဖြတ်ပြီးသည့်အတိုင်း တနင်္ဂနွေ နံနက်စောစောတွင် ကိုလျှန်တွဲ ဦးဆောင်၍ မြေတူးအဖွဲ့သားအပါအ ဝင် ကျွန်ုပ်တို့အုပ်စုသည် အိပ်မက်မက် သည့်နေရာသို့ ထွက်ခွာခဲ့ကြပါသည်။ စထွက်ကတည်းက အိပ်မက်ထဲကနေရာ အတိုင်းဖြစ်နေ၍ ရောက်ဖူးသကဲ့သို့ဖြစ် ကာ ဤနေရာသို့သွားရသည်မှာ အခက် အခဲမရှိ အဆင်ပြေခဲ့သည်။ နံနက် (၁၀) နာရီခန့်တွင် အိပ်မက်ထဲမှ မယ်မယ် တက်သွားသည့် တောင်ပူစာကလေးသို့ ရောက်ရှိလာခဲ့သည်။

"ကိုလျှန်တွဲ၊ အိပ်မက်ထဲကနေရာ ဟာ ဒီတောင်ပူစာကလေးပဲ"

ထိုသို့ပြောပြီး တောင်ပူစာလေး ပေါ်သို့ တက်ခဲ့ကြသည်။ တောင်ထိပ် တစ်နေရာတွင် မသမာသူတချို့တူးထား သည့် တွင်းဟောင်းကြီးတစ်ခုကို တွေ့ ရှိရသည်။

ထိုအခါ ကိုလျှန်တွဲက-

"ဒီနေရာဟာ ဒီဂျာပူရီသခင်မရဲ့ သင်္ချိုင်းတော်ပဲ ဖြစ်မယ်"

"ဘာဖြစ်လို့လဲ ကိုလျှန်တွဲ"

"ဟိုးတစ်ခါက သခင်မရဲ့သင်္ချိုင်း တော်ကိုတူးတဲ့အဖွဲ့တွေ မြွေတွေထွက် လာပြီး လိုက်ပေါက်လို့ မနည်းအသက် လုပြေးရတယ်တဲ့။ ဒါကြောင့် ဒီတွင်းကြီး ဖြစ်နေတယ်လို့ ထင်တယ်"

"ဖြစ်နိုင်ပါတယ်။ ကျွန်တော့်အိပ် မက်ထဲကနေရာကလည်း ဒီနေရာပဲ ဆို တော့ ဒီတွင်းဟောင်းကြီးကို ဆက်တူး မှပဲ"

"ဆရာက ဒီအဖွဲ့ရဲ့ခေါင်းဆောင် ဆိုတော့ ဆရာပြောတဲ့အတိုင်း လုပ်ပါ့ မယ်"

သို့ဖြင့် ကျွန်ုပ်တို့အဖွဲ့သားများ သည် တွင်းဟောင်းကြီးကို ဆက်တူးခဲ့ ရာ ညနေစောင်းအချိန်တွင်-

"ဒုတ်"

"ဒုတ်"

ဟူသောအသံကို စတင် ကြား လိုက်ရသဖြင့် ကျွန်ုပ်တို့အဖွဲ့သားများ အားတက်သွားခဲ့သည်။

"ဟေ့ကောင်တွေ၊ ဆက်တူး"

"ဟုတ်ကဲ့ပါ ဆရာ"

၎င်းတို့အုပ်စုဆက်တူးရာကျောက် ဖျာကြီးတစ်ခုကိုတွေ့ရသဖြင့် ဆက်တူး ရန်အခက်အခဲဖြစ်သွားခဲ့သည်။ တဖြည်း ဖြည်း မှောင်လာပြီဖြစ်၍ မြေတူးခြင်းကို ခေတ္တရပ်နားခဲ့ကြသည်။

ကျွန်ုပ်တို့အဖွဲ့မှာ အနီးရှိ သစ်ပင် ကြီးပေါ်တွင် လင့်စင်ထိုးကာ တစ်ည တာ အိပ်မက်ခဲ့ကြသည်။နောက်တစ်နေ့ နံနက်စောစောတွင် ကျောက်ဖျာကြီး၏ ဘေးပတ်ပတ်လည်ကို တူးကြည့်ရာ-

"ဆရာ၊ ဒီမှာ ကြေးကွင်းကြီးနှစ် ကွင်းတွေ့တယ်"

"ဟေ - ဟုတ်လား"

ကျွန်ုပ်လည်း တွင်းကြီးထဲသို့ဆင်း ကြည့်ရာ ကျောက်ဖျာကြီးနှင့် ဆက်စပ် နေသောကြေးကွင်းကြီးနှစ်ကွင်းကို တွေ့ ရှိရသည်။ ဤတွင် ကျွန်ုပ်၏စိတ်၌ ထို ကြေးကွင်းကြီးကို ဆွဲချင်သည့်စိတ်များ ဖြစ်ပေါ်လာသဖြင့် -

"အဲဒီကြေးကွင်းကြီးထဲကို ပလတ် စတစ်ကြိုးနဲ့ ခိုင်အောင်ချည်ပြီး မင်းတို့ လေးယောက် တစ်ဖက်တစ်ချက်စီ ဆွဲ ကြည့်ကွာ"

မြေတူးသမား လေးယောက်မှာ တစ်ဖက်နှစ်ယောက်စီ ကြေးကွင်းကြီးကို ဆွဲကြရာ ပထမတစ်ကြိမ် ကြေးကွင်းကြီး မှာ တုတ်တုတ်မျှမလှုပ်။ ဒုတိယအကြိမ် တွင် အနည်းငယ်လှုပ်လာသည်။ ထို့ ကြောင့် ကျွန်ုပ်နှင့် ကိုလျှန်တွဲက တစ် ဖက်စီ အားဖြည့်ပြီး ဝင်ဆွဲလိုက်ရာ-

"ကြေးကွင်းကြီးကြွလာပြီ"

ကြေးကွင်းနှင့်အတူ ၎င်းအောက် ရှိ အောက်ခံကျောက်ပြားတစ်ချပ် ကြွ တက်လာခဲ့သည်။ ကျွန်ုပ်တို့ (၆) ဦး ထပ်မံ အားစိုက်၍ဆွဲပြန်ရာ အောက်ခံ ကျောက်ပြားမှာ ကျွတ်ထွက်လာပြီး လူ တစ်ယောက်ဝင်ပေါက်တစ်ခု ပေါ်လာ ပါသည်။

ထိုအပေါက်မှ အောက်သို့ ငုံ့ ကြည့်ရာ-

"အောက်မှာ လှေကားထစ်တွေ ဆရာ"

"ဒါဆို သင်္ချိုင်းတော်က အောက် ထဲမှာရှိမယ်"

"ကျွန်တော်တို့ဆင်းကြည့်ရမလား ဆရာ"



www.burmeseclassic.com

www.burmeseclassic.com

"မဆင်းနဲ့ဦး၊ အောက်မှာ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့တွေ့ရှိနေရင် အားလုံး သေကုန်လိမ့်မယ်။ အရင်ဆုံး ဖယောင်းတိုင်ထွန်းပြီး အောက်ထဲ ချကြည့်ပါ။ မီးမငြိမ်းရင် ဆင်းလို့ရပြီ"

ထိုသို့ စမ်းသပ်ပြီးနောက် စိတ်ချရသဖြင့် ကျွန်ုပ်တို့အုပ်စုမှာ လှေကားထစ်အတိုင်း အောက်သို့ဆင်းခဲ့ကြသည်။ ကျွန်ုပ်နှင့် ကိုလျှန်တွဲမှာ လက်နှိပ်ဓာတ်မီးများထိုးပေးပြီးဆင်းလာရာ နောက်ဆုံးတွင် အခန်းကျယ်ကြီးတစ်ခုသို့ ရောက်ရှိလာခဲ့သည်။

ထိုအခန်းကျယ်ကြီး၏အရှေ့ဘက်တွင် စင်မြင့်တစ်ခုရှိပြီး ထိုစင်မြင့်ထက်တွင် အခေါင်းတလားကြီးတစ်ခုကိုတွေ့ရှိရသည်။ ကျွန်ုပ်နှင့် ကိုလျှန်တွဲက ရှေ့ဆုံးမှသွား၍ကြည့်လိုက်ရာ အရိုးစုတစ်ခုကို တွေ့ရှိရသည်။ အရိုးစု၏ဦးခေါင်းရိုးနားတွင် ကျောက်သံပတ္တမြားများဖြင့် စီခြယ်ထားသော သရဖူတစ်ခုကို တွေ့ရှိရသည်။

"ဒါဟာ ဒီဂျာပူရီသခင်မရဲ့အရိုးစုဖြစ်မယ်ထင်တယ်"

ကျွန်ုပ်က ဤသို့ပြောလိုက်ရာ ကိုလျှန်တွဲက သေသေချာချာကြည့်ပြီး-

"ဖြစ်နိုင်ပါတယ် ဆရာ၊ ဒါပေမယ့် လည်ပင်းနားက အရိုးတွေက တိတိရိရိပြတ်နေသလိုပဲ။ ဦးခေါင်းရိုးက သတ်သတ်ဖြစ်နေတယ်"

ကိုလျှန်တွဲက ပြောသဖြင့် ကျွန်ုပ်လည်း အနီးကပ်ကြည့်လိုက်သည်။

"ဟုတ်တယ်။ ဒီအရိုးစုက တော်တော်ထူးခြားတယ်။ ဦးခေါင်းရိုးကသတ်သတ်ဖြစ်နေတော့ လည်ဆွဲရတနာက တောင် ဘေးဘက်ကို လျှောကျနေတယ်"

"ဒီအရိုးခေါင်းကို ကြည့်ရတာ မသေခင် ဦးခေါင်းအဖြတ်ခံရသလားမသိဘူး"

"ခင်ဗျားကလည်း၊ မဖြစ်နိုင်ပါဘူးဗျာ"

ကျွန်ုပ်က သေသေချာချာကြည့်လိုက်ရာ ကိုလျှန်တွဲပြောသကဲ့သို့ ဦးခေါင်းခွံက တခြား၊ အရိုးစုက တခြားဖြစ်နေသည်။ အရိုးစု၏လက်မောင်းတွင် နဂါးပုံ ရွှေလက်ကောက်ကြီးတစ်ခုကို တွေ့ရှိရသည်။ ထို့နောက် ခြေထောက်ရိုးတွင်လည်း ရွှေကွင်းကြီးများ ဝတ်ဆင်ထားပါသည်။

"သြော် - ဒါတွေဟာ သခင်မရဲ့ ဈာပနမှာ ဝတ်ဆင်ပေးလိုက်တဲ့ပစ္စည်းတွေ ဖြစ်မယ်။ မသမာတဲ့သူတွေက ဒီပစ္စည်းတွေကိုလိုချင်လို့ ဂူကိုလာဖောက်တာနေမှာ"

"ဟုတ်ပါတယ် ဆရာ၊ ဒါထက် ဒီပစ္စည်းတွေကို ဘယ်လိုလုပ်မလဲ"

"နိုင်ငံတော်ပိုင်တဲ့ ပစ္စည်းတွေပဲ။ နိုင်ငံတော်ကို အပ်ရမှာပေါ့"

"အဲဒါ ကောင်းပါတယ် ဆရာ"

ထိုသို့ပြောပြီး လျှောက်ကြည့်ရာ အရိုးစု၏ ခေါင်းရင်းဘက်တွင် ကြေးသေတ္တာတစ်လုံးကို တွေ့ရှိသဖြင့် ဖွင့်ကြည့်ရာ-

"ကြေးပုရပိုက်တွေပဲ။ ဒီဂျာပူရီသခင်မနဲ့ ပတ်သက်တဲ့အကြောင်း ရေးထားတာဖြစ်မယ်"

ကိုလျှန်တွဲက ပြောပြောဆိုဆို ကျွန်ုပ်အား ကြေးပုရပိုက်များကို လှမ်းပေးသဖြင့် ကြည့်လိုက်ရာ ကောက်တိကောက်ကွေးရေးထားသည့် စာလုံးများကို တွေ့ရှိရသည်။

"ဒါတွေက ကသည်းစာတွေလားမသိဘူး"

ဟု ကျွန်ုပ်က ပြောလိုက်ရာ မြေတူးအဖွဲ့ထဲမှ အလုပ်သမားတစ်ယောက်က-

"ကျွန်တော်က ကသည်းလူမျိုးပါ။ ကသည်းစာဖတ်တတ်ပါတယ်"

"ဟေ - ဒါဆို အတော်ပဲ။ ဒီကြေးသေတ္တာကိုယူပြီး အပေါ်ရောက်မှဖတ်ကြည့်တာပေါ့"

ထို့နောက် ကြေးနီသေတ္တာကို အလုပ်သမားများက ဝိုင်းမ,ကာ အပေါ်သို့ ယူဆောင်လာခဲ့သည်။

"ကဲ- ကသည်းလေး၊ ဒီပုရပိုက်ကို ဖတ်ကြည့်ပါဦး"

ကသည်းကောင်လေးက စတင်ဖတ်ရှုရာ-

"ဒီဂျာပူရီသခင်မ၏သမိုင်းကြောင်းလို့ ရေးထားတယ် ဆရာ"

"အေးအေး- ဒါဆို ဆက်ဖတ်ပါ"

ကသည်းလေး ဖတ်ပြသော ဒီဂျာပူရီသခင်မအကြောင်းမှာ. . . ။

■

ဒီဂျာပူရီတိုင်းပြည်ကြီး၌ ကသည်းစော်ဘွားကြီး ဒီရန်မော အုပ်စိုးခဲ့သည်။ မဟာဒေဝီမှာ စေရန်သီ ဖြစ်သည်။ စော်ဘွားကြီးတွင် မိဖုရားငယ်ပေါင်း (၅၀၀) ကျော် ရှိသည်။ စော်ဘွားကြီးသည် အမဲလိုက်ဝါသနာပါသဖြင့် သုံးလတစ်ကြိမ်ခန့် တောင်မည်းကြီးအတွင်း၌ အမဲလိုက်လေ့ရှိသည်။

ထိုတောင်ခြေရှိ တောင်စောင်းရွာ
တွင် အဇာဂျန်နှင့် ကမာသူလင်မယား
တို့ နေထိုင်ကြသည်။ သူတို့တွင် ပူရ
ကာ ဟူသော သားကလေးတစ်ယော
ရှိသည်။ သူတို့လင်မယားမှာ အသ
(၁၆) နှစ်အရွယ်က အိမ်ထောင်ကျခဲ့
အိမ်ထောင်သက်(၄)နှစ်ရှိချိန်တွင် သာ
ကလေး ပူရန်ကာ၏အသက်မှာ (၃) နှ
ခန့်ရှိလေသည်။ အဇာဂျန်သည် တော
မည်းကြီးတွင် သားကောင်များ ပစ်ခ
သည့် မုဆိုးကျော်တစ်ယောက် ရှိသ

တစ်နေ့တွင် စော်ဘွားကြီးသ
အမဲလိုက်ရာတွင် အဇာဂျန်က အရ
နှင့်၍ အမဲတစ်ကောင်မှမရဘဲ တော
ခြေသို့ ပြန်လာခဲ့သည်။ တောင်ခြေ
ပင်ပန်းကြီးစွာထင်းခွဲနေသော ကမာ
ကိုတွေ့ရှိပြီး ချစ်ကြိုက်မိကာ နန်းေ
သို့ခေါ်သွားခဲ့သည်။ မိဖုရားငယ်မြော
ရန် ခင်ပွန်းရှိ၊ မရှိ မေးမြန်းရာ ခင်
ရှိသည်ဟုဖြေလျှင် ထိုခင်ပွန်းသည်
သတ်မည်စိုးသည့်အတွက် ခင်ပွန်းသ
မရှိပါဟု ဖြေခဲ့သည်။ ကမာသူ
အလွန်ချောမောလှပသူဖြစ်လေ
မိဖုရားငယ်များထဲတွင် အမြင့်ဆုံးဘွဲ့
သည့် သခင်မဘွဲ့ထူးကိုပေးကာ မိ
မြှောက်ခဲ့သည်။ သူမသည် မဟာ
ပြီးလျှင် ရာထူးအမြင့်ဆုံး ဖြစ်သ
နောက်မှရောက်လာပြီး အမြင့်ဆုံးဘွဲ့
ကိုရသဖြင့် မိဖုရားငယ်များက သူ
မလိုမုန်းထားဖြစ်ခဲ့ကြသည်။

(၃) နှစ်ခန့်ကြာသော် မဟာ
ကြီးကွယ်လွန်ခဲ့ရာ ကမာသူသည် မ
ဒေဝီနေရာသို့ ရောက်ရှိလာခဲ့သည်
သော် သူမမှာ စော်ဘွားမျိုးရိုးမှ
သက်သူ မဟုတ်သဖြင့် သခင်မ
ဖြင့်သာ နေခဲ့ရသည်။ ထိုသို့ဖြင့်
ပူရီစော်ဘွားကြီးနှင့် ပေါင်းသ
အနှစ် (၂၀) ခန့် ကြာမြင့်ခဲ့သည်
သည် စော်ဘွားကြီးနှင့် သားသ
ကားသဖြင့် ထီးနန်းအမွေကို
ရမည့်သူမရှိဘဲ ဖြစ်နေသည်။

ဒီဂျာပူရီသခင်မဘဝဖြင့်
စည်းစိမ်ကို ခံစားနေရသော်လည်
ကလေး ပူရန်ကာကို မတွေ့ဘဲ
သဖြင့် မကြာခဏ နန်းတော်
တိတ်တဆိတ် ခေါ်ယူကျွေးမွေး
ထိုသားလေးမှာ တစ်စတစ်စ
လာပြီး လူပျိုအရွယ်သို့ ရော
သည်။ ကလေးဘဝက နန်းတ
ထွက်ရာတွင် အစောင့်များ



www.burmeseclassic.com

www.burmeseclassic.com

ထားသော်လည်း လူပျိုအရွယ်သို့ ရောက်လာပြီဖြစ်၍ အစောင့်များကို လှန်းအောင်းရှောင်ရှားကာ မိခင်ကြီးနှင့် သာတွေ့ခဲ့သည်။ မိခင်ကြီးဟု ဆိုသော်လည်း အသက် (၄၀) ခန့်သာ ရှိသေးသည့်အတွက် နုပျိုလန်းဆန်းကာ လှပနေဆဲဖြစ်သည်။ သားကလေးမှာ မိခင်နှင့် မကြာခဏခိုးတွေ့ရာမှ တစ်နေ့တွင် အစောင့်တစ်ယောက်က တွေ့မြင်သွားခဲ့သည်။ ထိုအစောင့်က အခြားအစောင့်များအား ပြောပြပြီး မိဖုရားအဆောင်အတွင်းသို့ ဝင်ရောက်ဖမ်းဆီးရာ ပူရန်ကာ လွတ်မြောက် ထွက်ပြေးသွားခဲ့သည်။

ဒိဂျာပူရီသခင်မကို အစောင့်များက အခြားယောကျ်ားနှင့် ဖောက်ပြန်သည်ဟု စွပ်စွဲကာ စော်ဘွားကြီးဆီသို့ ဖမ်းဆီး ခေါ်ဆောင်လာခဲ့သည်။ စော်ဘွားကြီးမှာလည်း အနှစ် (၂၀) လုံးလုံး ပေါင်းသင်းလာသည့်ဇနီးဖြစ်ခြင်းကြောင့် ဤသို့ဖောက်ပြန်သည်ဟူသောစွပ်စွဲချက်ကို မယုံကြည်ခဲ့ပေ။

"မိဖုရားကြီး၊ အစောင့်တွေရဲ့ လျှောက်ထားချက်ကို ကျုပ်စော်ဘွားကြီး မယုံကြည်ဘူး။ ဒါပေမယ့် မိဖုရားကြီး အဆောင်ထဲကို ခိုးဝင်သူဟာ ဘယ်သူလဲဆိုတာ အမှန်အတိုင်း ရှင်းပြပါ။ ဒါဆိုရင် ကျုပ် အသင့်ရဲ့အပြစ်ကို ခွင့်လွှတ်မယ်"

ဒိဂျာပူရီသခင်မမှာ မည်သို့ပြောရမန်း မသိချေ။ အဖြစ်မှန်ကို ပြောပြန်ရင်လည်း ခင်ပွန်းဟောင်းနှင့် သားဖြစ်သူမှာ အသတ်ခံရချေမည်။ သူမမှာလည်း အပျို ဟူ၍ လိမ်လည်ပြောဆိုသည့်အပြစ်က ရှိနေသဖြင့် ပြစ်ဒဏ်ခံရပေမည်။ မည်သို့ပင်ဖြစ်စေကာမူ ထိုအပြစ်ဒဏ်ကို မိမိတစ်ဦးတည်းသာခံမည်ဟု စိတ်ဆုံးဖြတ်ကာ-

"အရှင်မင်းကြီး၊ ကျွန်တော်မျိုးမသည် အခြားသော ယောကျ်ားတစ်ယောက်နှင့် ဖောက်ပြန်မိပါတယ်။ အဲဒီအပြစ်အတွက် ပြစ်ဒဏ်ပေးတော်မူပါ"

"သယ် - ခိုင်းလိုက်လေ မိဖုရားကြီး၊ ဖောက်ပြန်တဲ့အပြစ်ဒဏ်ဟာ သေဒဏ်ပဲ။ ဒီအပြစ်ကို ကျူးလွန်တဲ့ မိဖုရားကို လပြည့်ညမှာ ခေါင်းဖြတ်ပြီး ယဇ်ပူဇော်ရမယ်။ ယခု ဖမ်းဆီးပြီး ထောင်သွင်းအကျဉ်းကျစေ"

ထို့နောက် ခေါင်းပြတ်ကြီးကိုပါ ယဇ်ပလ္လင်ပေါ်တင်ကာ ယဇ်ပူဇော်လိုက်သည်။ ပူရန်ကာသည် မိခင်၏အဖြစ်ဆိုး

ကိုကြည့်ပြီး ဒေါသအမျက်ခြောင်းခြောင်း ထွက်ကာ ဝတ်ရုံထဲတွင် ဖွက်၍ယူလာသော လေးနှင့် မြားကိုထုတ်ကာ စော်ဘွားကြီးကို ပစ်လိုက်သည်။

"အား"

ဟူသော အသံကြီးနှင့်အတူ စော်ဘွားကြီးလည်း စင်မြင့်ပေါ်မှ ကျွမ်းပြန်ကျကာ သေပွဲဝင်ခဲ့သည်။ ကျန်မှုဆိုးအဖွဲ့ကလည်း စော်ဘွားကြီး၏ မှူးမတ်များကို ပစ်ခတ်သဖြင့် ထိုနေရာ၌ပင် သေဆုံးခဲ့ကြသည်။ စော်ဘွားကြီး၏ ကိုယ်ရံတော်တပ်များနှင့် ရင်ဆိုင်ပစ်ခတ်ကြရာ မုဆိုးအဖွဲ့ အနိုင်ရရှိခဲ့သည်။ ထို့ကြောင့် ကျန်ရှိသော မှူးမတ်များက တောင်းပန်ပြီး ပူရန်ကာကို နန်းတင်ခဲ့သည်။

ပူရန်ကာသည် ဒိဂျာပူရီစော်ဘွားကြီး ဖြစ်လာသောအခါ ဒိဂျာပူရီသခင်မသည် သစ္စာဖောက်တစ်ယောက်မဟုတ်ကြောင်းရှင်းပြပြီး ၎င်း၏မိခင်ကြီးဗျာပနအား ကောင်းမွန်စွာ ကျင်းပပေးပြီး ဂူဗိမာန်တော် ပြုလုပ်ပေးခဲ့သည်။

နှောင်းလူတို့သည် ဒိဂျာပူရီသခင်မနှင့်ပတ်သက်ပြီး အမှန်တရား သိစေရန် ကြေးပုရပိုက်ပေါ်တွင် အဖြစ်မှန်ကို ရေးထိုးပါသည်။

ဤသို့ ရေးသား ဖော်ပြထားခဲ့၏။

ကျွန်ုပ်သည် ကြေးပုရပိုက်ပေါ်တွင်ပါရှိသည့် ပူရန်ကာ ဆိုသည့်အမည်ကို ကြားရသောအခါ အိပ်မက်ရှင်သခင်မမှ ကျွန်ုပ်အား ခေါ်လိုက်သည့်နာမည် ဖြစ်နေသဖြင့် လွန်စွာ အံ့သြရပါသည်။

'အိပ်မက်ထဲက နာမည်နဲ့ ကြေးပုရပိုက်ထဲကနာမည် အတူတူဖြစ်နေပါလား။ ဒါဆိုရင် တစ်ခါက တစ်ဘဝမှာ ငါဟာ ဒိဂျာပူရီတိုင်းပြည်ရဲ့ စော်ဘွားကြီး ဖြစ်ခဲ့လေသလား'

ဤသို့ တွေးတောမိသည်။ ဘဝများစွာ သံသရာတွင်လည်ပတ်နေသော ကျွန်ုပ်ကဲ့သို့ ပုထုဇဉ်လူသားများအတွက် ဖြစ်ကောင်းဖြစ်ပေမည်။ ဤသို့ တိုက်တိုက်ဆိုင်ဆိုင် ကြုံတွေ့ရခြင်းပင်လျှင် ထူးခြားသောအကြောင်းတစ်ရပ် ဖြစ်ပေသည်။

"ဒီကိစ္စကိုဘယ်လိုလုပ်မလဲဆရာ"

ကျွန်ုပ်သည် အတွေးရေယဉ်ကြောတွင် နစ်မျောနေစဉ် ကိုလျန်တွဲမှ လှမ်းမေးလိုက်ရာ -

"ရုံးချုပ်ကိုအစီရင်ခံပြီး နိုင်ငံတော်ကိုအပ်မယ်"

ထိုသို့ပြောပြီး ဒိဂျာပူရီသခင်မ အရိုးစုကို သွားကြည့်ရာ အရိုးများမှာ အလွန်ဆွေးမြည့်ပြီး အက်ကွဲနေသည်ကို တွေ့လိုက်ရသည်။

"အရိုးတွေက အက်ကွဲနေတယ်နော်။ စောစောကတောင် အဲဒီလိုမဖြစ်သေးဘူး"

"ဂူဗိမာန်ကိုဖွင့်လိုက်တော့ အပြင်လေထုနဲ့တွေ့ပြီး အက်ကွဲကုန်တာ ဖြစ်မယ်"

"ဒါဆိုဘယ်လိုလုပ်မလဲ"

"ကျွန်တော်ကတော့ အဲဒီအရိုးတွေကို မီးရှို့ချင်တယ်။ ပြာဖြစ်ရင် ပြာအိုးလေးလုပ်ပြီး ရေထဲမှာ မျှောလိုက်မယ်။ ဒါမှ သခင်မလည်း ဒီအထဲမှာနေရတာ ကျွတ်လွတ်သွားမယ်လို့ထင်တယ်"

"ကောင်းပါတယ်"

ကျွန်ုပ်လည်း ဆွေးမြည့်အက်ကွဲနေသော အရိုးများကို စုပုံ မီးရှို့လိုက်ပါသည်။ ရရှိသောပြာများကို အိုးတစ်လုံးမှာထည့်ပြီး စမ်းချောင်းလေးအတိုင်း မျှောလိုက်ပါသည်။

"မယ်မယ်ဒိဂျာပူရီသခင်မရဲ့ဝိညာဉ် ကောင်းရာသုဂတိသို့လားပါစေ"

ဟု ဆုတောင်းလိုက်ပါသည်။

ထိုစဉ် လိပ်ပြာတစ်ကောင်သည် ကျွန်ုပ်၏အနီးသို့ရောက်ရှိလာပြီး ကျွန်ုပ်၏ပခုံးပေါ်တွင် ခေတ္တနားလိုက်သည်။ တစ်ခဏအကြာတွင် စမ်းချောင်းလေးအတိုင်း အဝေးဆုံးသို့ ဝဲပျံသွားခဲ့သည်။

"မယ်မယ့်ဘဝလေး အေးချမ်းလွတ်လပ်ပြီပေါ့နော်"

လိပ်ပြာလေး၏အတိတ်နိမိတ်ကို ကြည့်ရင်း ဤသို့ ရေရွတ်မိသည်။

ဒိဂျာပူရီသခင်မ၏လက်ဝတ်ရတနာများကို နိုင်ငံတော်သို့အပ်ရန် ယူဆောင်လာခဲ့ပါသည်။ ထို့နောက် သချိုင်းတော်၏အဝင်ဝဖြစ်သော ကြေးကွင်းကြီးကို မ,၍ အသေအချာပိတ်လိုက်သည်။ ခြေရာလက်ရာမပျက်စေရန် အပေါ်မှ မြေကြီးများနှင့် ဖုံးအုပ်လိုက်သည်။ တာဝန်ပြီးဆုံးပြီဖြစ်၍ သချိုင်းတော်မှ ပြန်ခဲ့ကြသည်။ အပြန်ခရီးတွင် ကြေကွဲဝမ်းနည်းဖွယ်ကောင်းလှသော ဒိဂျာပူရီသခင်မ အကြောင်းစဉ်းစားရင်း နောင်ဘဝအဆက်ဆက် ဒီလိုအဖြစ်ဆိုးမျိုးနှင့် ကင်းဝေးပါစေဟု ဆုတောင်းရင်း ခရီးဆက်ခဲ့ရပါတော့သည်။

ခိုခိုငွေး



www.burmeseclassic.com

www.burmeseclassic.com

# ထားဝယ်သမိုင်းဝင်
# ကျောဘုရားစေတီတော်မြတ်ကြီး

မောင်စိမ်းထွေး(ထားဝယ်)

ထားဝယ်မြို့မှ (၆) မိုင်ခရီး ကွာဝေးသော ရှင်မုတ္တီးရွာအထွက် 'သမိုင်းဝင် ကျောဘုရားသို့' လမ်းညွှန်ဆိုင်းဘုတ် အတိုင်း ဆိုင်ကယ်ကို ကွေ့ဝင်လိုက်သည်နှင့် ဖုံတသောသောလှည်းလမ်းက ဆီးကြိုနေသည်။ လေတစ်ချက်ဝှေ့ယမ်းလိုက်သည်တွင် မြေသားမြေမှုန့်များဝပ်ရာမှ ခုန်ထပျံကြွ၍လွင့်မျောသွားကြကာ လမ်းဘေးဝဲယာ သစ်ပင်ချုံပုတ်ငယ်တို့တွင် တွဲခိုသွားကြသည်။ အစိမ်းရောင်ပျောက်ကွယ်ပြီး မြေနီမှုန့်သနပ်ခါးလိမ်းထားသည်နှင့် တူနေ၏။

လမ်းကမညီ တောလမ်းလှည်းလမ်းပီပီ ဖုထစ်ချိုင့်ခွက်များသဖြင့် ဆိုင်ကယ်ကို ဖြည်းဖြည်းချင်းဘီးလိမ့်ရသည်။ ကုန်းတက်ကုန်းဆင်းမရှိ၍ တော်ပါသေး၏။ တကျွိကျွိမြည်သံပေး၍လာသော နွားလှည်းတစ်စီးနှင့်တိုးနေသောကြောင့် ဆိုင်ကယ်ကို လမ်းဘေးချကာ ရှောင်ရသေးသည်။

နှစ်ဖာလုံမရှိတရှိ လမ်းအကွေ့တဝိုက်များကိုဖြတ်ပြီး မြသားကောက်ပင်တို့ လဲ့လဲ့ယိမ်းနွဲ့လျက်ရှိသော လယ်ကွင်းအား ကျော်လွန်သည်နှင့် ဘွားခနဲ ကျောဘုရားစေတီတော်အား ဖူးမြင်ရတော့သည်။

ကျောဘုရားသည် တောတန်းလေးတစ်ခုသို့ ဦးတည်သွားသော အ... ကွင်းပြင်လယ်တစ်ခု၌ ထီးထီး... လျက်ရှိ၏။ ရောင်းမော်ရွာပိုင်... ဖြစ်၏။ မြစိမ်းရောင်မထူမပါးတော... က အနားသတ်ထားပြီး ကွင်းပြ... ဝက် လွတ်လပ်ကျယ်ပြောစွာ ...



ကျောဘုရားစေတီတော်မြတ်ကြီးအား တင့်တယ်သပ္ပာယ်စွာ ကြည်ညိုဖွယ် ဖူးမြော်ရ...



အဝေးမှ ဖူးမြင်ရသော ကျောစေတီ



www.burmeseclassic.com

www.burmeseclassic.com

တည်ရှိသောကြောင့် လေတဖြူးဖြူး တိုက်ခတ်လျက် အေးချမ်းတိတ်ဆိတ်တာ သန့်ရှင်းစင်ကြယ်နေသည်။အဝေးမှ ဖူးမြင်လိုက်ရသည်နှင့်ပင် ကြည်ညိုစိတ် ယိုဖိတ်ကာ စေတသိက်အာရုံပွားများရပါ၏။


သမိုင်းဝင် ဂျောစေတီတော်မြတ်ကြီး။

စာတန်းနှင့် မုခ်ဦးက လှပသေသပ်နေ၏။ ကန္တြေကြီးစွာနှင့် သံဝေဂ ပြည့်ဝပြီးသော သိက္ခာရင့်ကျက် တောမှီရဟန်းတစ်ပါး ငုံ့ကြည့်နေသလို ရုတ်တရက် ခံစားလိုက်ရသည်။ ရှေးအတိတေက ဤနေရာ၏အဖြစ်သနစ်ဟောင်း ပေါင်းစုံကို နှောင်းလူတို့အား သားမြေးစဉ်ဆက် အပ်ကျမပ်ကျ အကုန်အစင် သတိပေးရန် အသင့်စောင့်ဆိုင်းနေသည်နှင့် အလားသဏ္ဌာန်တူနေ၏။

ရှေးက ယွန်းမောင်နှမ စောထွတ်နှင့် စောမြဒေဝီတို့သည် နတ်ရှာစ်ခမည်းတော်၏အရိုက်အရာကို ငြင်းခုံလုယက်ကြရာတွင် တကူမင်းကြီးက မောင်နှမနှစ်ဦးအား မိမိတို့၏ ပိုင်နက်အတွင်း သင့်လျော်ရာ၌ အမြင့်ဉာဏ်တူညီသည့် စေတီတစ်ဆူစီ တည်ကြရန်နှင့် အရင်ပြီးသူက ထီးနန်းအုပ်ချုပ်မင်းလုပ်စေဟု တရားဆုံးဖြတ်သဖြင့် ဘုရားအပြိုင်တည်ကြသည်။

နှမတော် စောမြဒေဝီက တောင်ကုန်းတစ်ခုပေါ်တွင် လည်းကောင်း၊ နောင်တော် စောထွတ်က တောင်ခြေမြေပြန့်တောတန်းတွင် လည်းကောင်း တစ်ပြိုင်နက်တည်း တည်ကြလေသည်။ စောမြဒေဝီက အုတ်၊ သဲ၊ ကျောက် အမျှစ် ကော်ထောင်း မီးဖုတ်မြေအုတ်နှင့် အခိုင်အခံ့လုပ်သော်လည်း စောထွတ်က အရင်ပြီးရန် ကလိမ်ကကျစ်အကောက်ဉာဏ်နှင့် ဝါးကို စေတီပုံခြင်း (ထားဝယ်အခေါ် ဂျော) ရက်လုပ်၍ ထုံးသုတ်ကာ စေတီပြီးစီးကြောင်း အနိုင်ယူသည်။

စောမြဒေဝီသည် စောထွတ်၏ အကြံကိုရိပ်စားမိသဖြင့် သမ္မာဒေဝနတ်ကောင်းနတ်မြတ်တို့အား သစ္စာပြု တိုင်တည်လျှင် အခါမဲ့မိုးထစ်ထစ်ချုန်း မိုးကြီးခသဖြင့် ဝါးခြင်းရက်စေတီ (ဂျောစေတီ) ပြိုလဲရရှာလေသည်။ စောထွတ်လည်း အရှက်ကြီးရှက်၍ တောမှီရဟန်းပြုသွား၏။ မိုးကြီးမိုးရေဒဏ်ကြောင့်ပြိုလဲ၍ 'ဂျောလဲစေတီ' သို့မဟုတ် 'လဲဂျောစေတီ' ဟု တွင်၏။ တချို့က တောတန်းသည်းလမ်းကြောင်းနံဘေးတည်ရှိသဖြင့်



ခမ်းနားထည်ဝါသော မဟာရံတံတိုင်းကြီးနှင့် ပြိုပျက်တိုင်အား တွေ့ရပုံ



ဘုရားဆောင်အတွင်း ထိုင်တော်မူရုပ်ပွားတော်တစ်ဆူ



တခမ်းတနား မုခ်ဦး

www.burmeseclassic.com



အာရုံခံတန်ဆောင်းကြီးအား သပ်သပ်ရပ်ရပ် တွေ့ရသည်

'လှည်းကြောင်းတောဝစေတီ' ဟု လည်း ခေါ်ကြကြောင်း သမိုင်းကြောင်းတစေ့ တစောင်း ဖတ်ရှုရသည်။

■

မှတ်မိပါသေးသည်။ ကျွန်တော်တို့ အလယ်တန်းကျောင်းသားဘဝ

သူငယ်ချင်းတစ်စု ကျောင်းပြေးရင်း ရောက်ခဲ့စဉ်က ဤဂျောဘုရားသည် လူသွားလူလာမရှိ ခြောက်ကပ်နေ၏။ တောင်သူယာခုတ်လက်လုပ်လက်စားတို့ ဖြတ်လမ်းအဖြစ် အသုံးပြုသော လူသွားလမ်းကြောကလေးသာရှိ၏။ ချုံနွယ်ပိတ်

ပေါင်းတောထနေ၏။ စေတီအနောက် ကွဲ၊ နွားစားကျက်ရှိ၏။ ထုံးသက်န်းကွ ကျားနှင့် ထီးတော်က ယိုင်နဲ့နဲ့မ ညစ်ညစ် စာဘူးတောင်းအသိုက်တို့ လောင်းချိတ်လျက်။ စေတီပစ္စ ညောင်ပင်ပေါက်လိုပေါက်၊ ရေညှိတ



တောင်တန်းအနားသတ်လျက် အေးချမ်းတိတ်ဆိတ် သန့်ရှင်းနေသော စေတီ



www.burmeseclassic.com

www.burmeseclassic.com

သို့တက်။ ပြုပြင်သူကင်းမဲ့သဖြင့် စေတီဖိနပ်တော်က ပေါက်ပြဲ ဗရပွ ကွဲအက်ပျက်စီးနေပေသည်။ မာလကာချဉ်ပင် (ထားဝယ်အခေါ် - မွှန်းရှင်) တို့ မင်းမူသည့်နေရာဖြစ်၍ မာလကာချဉ်သီး တပွေ့တပိုက် ခူးစားခဲ့သည်ကို မမေ့ပါ။

ယခုချိန်တွင် ဂျော့ဘုရားစေတီမှာ မဟာရံတံတိုင်းခံ့ခံ့ကြီးနှင့် တင့်တယ်သပ္ပာယ်နေပေပြီ။ နှစ်ပရိစ္ဆေဒကြာမြင့်စွာ ထုံးသင်္ကန်းနှင့်သာစံနေခဲ့ရသော စေတီတော်မြတ်ကြီးကား ကြည်ညိုဖွယ်ရာအတိ ရွှေသင်္ကန်းတဝင်းဝင်းတပြောင်ပြောင်နှင့်တည်း။ အရံစေတီများ၊ နေ့နံအလိုက် ဂြိုဟ်ခွင်များ ပြည့်စုံသည်။ စေတီအရှေ့မြောက်ထောင့်တွင် ဂြိုဟ်တိုင်ကိုလည်း မြင့်မြင့်မားမားတွေ့ရ၏။ တောင်ဘက်တွင် ဘုရားဆောင်၊ ဘုရားဆောင်ကျောတွင် အာရုံခံတန်ဆောင်းကြီးရှိသည်။ သူတော်စင်ရုပ်တုလည်း တွေ့ရ၏။

သံဃာတော်များ သီတင်းသုံးရန်ကျောင်းကန်ဇရပ်ရေတွင်းရေကန်တို့ကို လှူဒါန်းကုသိုလ်ပြုထားပြီး ဖြစ်၏။ ထူးထူးခြားခြား မျောက်ကလေးသုံးကောင်ရုပ်တုကိုပါ အမှတ်တမဲ့တွေ့ရှိရသည်။ တစ်ကောင်က မျက်စိပိတ်၊ တစ်ကောင်က နားပိတ်၊ တစ်ကောင်က ပါးစပ်ပိတ် အနေအထားဖြစ်၏။ မမြင်လို၊မကြားလို၊ မပြောလိုဟူသောအဓိပ္ပာယ်နှင့် ရုပ်ထွေးပွေလီလှသည့် လောကီထုပ္ပတ် လူတို့ဇာတ်အား ပြက်ရယ်ပြုသော အမှတ်သင်္ကေတများဖြစ်နေလေရော့သလားဟု ဆင်ခြင်မဲ့တွေးတောမိပါသေးသည်။

ဂျော့စေတီ ပြန်လည် ပြုပြင်မွမ်းမံစဉ်အခါက ဖိနပ်တော်အား တူးဖော်၍ မြေညှိမြေဖို့ရာတွင် အောက်ခံဂဝံကျောက်တုံးသက်သက် အမြောက်အမြား အခင်းချထားသည်ကို တွေ့ရကြောင်း ဆိုပါသည်။ ဂဝံယဉ်ကျေးမှုထွန်းကားခဲ့သည့် အထောက်အထားဖြစ်၍ တန်ဖိုးမဖြတ်နိုင်ပါ။

ယွန်းမင်းသား စောထွတ် တည်ခဲ့သော ဤဂျော့စေတီတော်မြတ်ကြီးမှာ အလွန်ရှေးကျသည်ဖြစ်ရာ ထိုအတောအတွင်း ကုသိုလ်ရှင်မင်းအဆက်ဆက်တို့ ပြုပြင်ခဲ့ကြသော်လည်း ထီးတော်ကိုကား မတင်လှူနိုင်ခဲ့ပေ။ ထီးတော်တင်လှူပြီး မကြာမီမှာပင် မိုးကြိုးပစ်၍ မြေခရကြောင်း၊ ထီးတော်မဲ့အဖြစ်သာ နေခဲ့ရကြောင်း၊ သို့သော် ထားဝယ်မြို့ ဇရပ်ရပ်နေ ဦးချူလူရင်-ဒေါ်မဲမိသားစုတစ်စုတို့က ပျက်စီးယိုယွင်းနေသော စေတီတော်အား ပြန်လည်ပြုပြင်ပြီး ၁၂၇၂ ခုနှစ်၊ တန်ခူးလဆန်း ၁၁ ရက်၊ တနင်္ဂနွေနေ့ နံနက် နေဝန်းပေါ်ချိန်၌ ယွန်းမင်းသမီး စောမြဒေဝီ တည်ခဲ့သော ရွှေကူတောင် (ယခု ရွှေဂူတောင်) စေတီတော်၏ ထီးတော်တင်မင်္ဂလာနှင့်အတူ တစ်ပြိုင်နက်တည်း ဂျော့စေတီတော်တွင်လည်း ထီးတော်တင်လှူမင်္ဂလာ ကျင်းပခဲ့သည်။ ထိုအချိန်မှစ၍ ဂျော့ဘုရားထီးတော် မိုးကြိုးမခတော့ကြောင်း မှတ်သားရသည်။

ထိုကဲ့သို့ စောထွတ်နှင့် စောမြဒေဝီတို့၏ ဂျော့စေတီနှင့် ရွှေကူတောင်စေတီနှစ်ဆူအား ကုသိုလ်ရှင်တို့က တစ်ချိန်တည်း ထီးတော်တင်လှူခြင်းကြောင့် ရှေးအတိတ်ကာလက စောထွတ် မတရားအနိုင်ယူခဲ့သော အခဲမကျေ ရန်ကြွေးမပြေသည်နှင့် ဆက်နွှယ်၍ မောင်နှမနှစ်ဦး တစ်ပြိုင်တည်း တစ်ချိန်တည်း ဘုရားနှစ်ဆူတည် ပြီးမြောက်သည့် သဘောရောက်သွား၍လော။ သို့တည်းမဟုတ် စောမြဒေဝီက နောင်တော်အပေါ်တင်ကျန်သော အငြိုးအတေး ရန်ကြွေးရန်စရန်မီးအား ခွင့်လွှတ်ကျေအေးပေးလိုက်၍လော မပြောတတ်ပါချေ။ မည်သို့ဆိုစေကာမူ ဂျော့စေတီတော်မြတ်ကြီးထီးတော်မိုးကြိုးမခတော့သည်မှာ ယခုဆိုလျှင် (၁၀၃) နှစ် ရှိပြီဖြစ်သည်။

အစဘယ်မှာ၊အဆုံးဘယ်မှာမသိ မခန့်မှန်းနိုင်သောသံသရာအတိမ်အနက် အကျိုးအပြစ်၏အသိနှင့်သတိယှဉ်ကာ ဂျော့ဘုရားစေတီတော်မြတ်ကြီး၏ထီးရိပ်အောက်ဝယ် ရိုကျိုးစွာ ဝပ်တွားလျက် ကျွန်တော်တစ်ယောက်တည်း ဘဝကိုမမွှဖြင့် ချိန်ထိုးသုံးသပ်နေမိပါသည်။

မောင်စိမ်းဝေ့ (ထားဝယ်)



သူတော်စင်ရုပ်တု



မျက်စိပိတ်၊ နားပိတ်၊ ပါးစပ်ပိတ် မျောက်သုံးကောင်



www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးဝိန်လှိုင်(ကျိုက်လတ်)

# လိုရာကိုသုံး စေတစ်လုံးအင်း

နယုန်လပြည့်နေ့ ဇွန်လ ၂၃ ရက်၊ တနင်္ဂနွေနေ့ နံနက်ခင်းအချိန် ကျွန်တော့် အိမ်သို့ အငြိမ်းစား ဆရာကြီး ဦးစန်းတင့် ရောက်လာပါသည်။ ဆရာဦးစန်းတင့်မှာ ကျွန်ုပ်နှင့်အလွန်ရင်းနှီးသော ဓမ္မမိတ်ဆွေ ဖြစ်သည်။ အဓိဋ္ဌာန်စခန်းများသို့ သွားရောက်၍ဝင်ရာတွင်လည်း တပူးပူးတတွဲတွဲနှင့် သွားလေ့ရှိကြသော အပေါင်းအသင်းရောင်းရင်းများ ဖြစ်ကြ၏။

ကျွန်တော်က သူ့ကို -

"ဆရာဘယ်က မျက်စိလည်လာတာလဲ"

ဟု မေးလိုက်သည်။

သူက -

"ဆရာ ရှိ၊ မရှိ ဆရာဦးသုခကို မေးကြည့်တော့ ဆရာခရီးမထွက်သေးဘူး၊ ရှိနိုင်တယ်ဆိုတာနဲ့ ဆရာ့ဆီလည်း မရောက်တာကလည်း အတော်ကြာနေပြီ။ ကျောင်းပိတ်ရက်မို့လာခဲ့တာပါ"

"ကျွန်တော်လည်း ခင်ဗျားကိုမျှော်နေတာ။ ခင်ဗျားကို ပေးစရာအလုပ်တစ်ခုရှိနေတယ်ဗျ"

"ဘာများပေးမလို့လဲ"

ကျွန်ုပ်က -

"ရသေ့ကြီးဦးခန္တီရဲ့နမောစကြာလည်း ပုတီးစိပ်နည်းပေါ့"

ဦးစန်းတင့်က -

"ကျွန်တော် တန်ခူးလ သင်္ကြန်အကြိုနေ့ကစပြီး အဲဒါကိုလုပ်နေတယ်"

ကျွန်ုပ်က -

"ကောင်းတယ်ဗျာ၊ ဆက်သာလုပ်ပေတော့ ဆရာရေ။ အခုဆရာ့ထံကိုလာတဲ့အကြောင်းကို ပြောမလို့ပါ ဆရာ"

"ဘာအကြောင်းပြောမလို့လဲ ဆိုစမ်းပါဦး ဆရာရဲ့။ ကျွန်တော် ဆရာ့ကို သင်ပေးတဲ့နည်းတွေက အများသားမို့ ဘယ်နည်းလဲဗျ"

ဦးစန်းတင့်က -

"ဆရာနဲ့ဆရာမင်းသိင်္ခတို့ တောင်ကြီးကို ရောက်ပြီး တောင်ကြီးမှာနေတဲ့ ဗေဒနက္ခတ္တပညာရှင် ဆရာကြီးဦးကျော်စိန်ထွန်း(အင်းသား)က သင်ပေးလိုက်တဲ့ 'လိုရာသုံးနိုင်သော စေတစ်လုံးအင်း' ရဲ့ အစွမ်းသတ္တိပေါ့ ဆရာရယ်"

ကျွန်ုပ်က -

"ဘယ်လိုအစွမ်းသတ္တိလဲ ဆိုစမ်းပါဦး ဆရာရဲ့"

ဦးစန်းတင့်က -

"ဒီလို ဆရာရေ၊ ဒီလိုဗျ။

■

လွန်ခဲ့တဲ့တစ်နှစ်ကျော် ကျွန်တော် ပင်စင်မယူခင် ကျောင်းမှာ တာဝန်ကျနေတဲ့အချိန်မှာ အမျိုးသမီးကြီးတစ်ဦး ကျောင်းဝင်းထဲကို ဝင်လာသည်။ သူ့ရဲ့ အနောက်မှာ ကျောင်းဝင်းအဝင် တာဝန်ကျဆရာမက သူ့ကို လက်ညှိုးထိုးပြီး ကျွန်တော် စာသင်နေတဲ့ အဋ္ဌမတန်းအခန်းကို ညွှန်ပြနေတာကို တွေ့လိုက်ရပါသည်။ စာသင်ခန်းဝကို ရောက်လာတဲ့ အမျိုးသမီးကြီးကို ကျွန်တော်က ဘယ်သူ့ကို တွေ့ချင်လို့ပါလဲခင်ဗျာလို့ မေးလိုက်ရာ အမျိုးသမီးကြီးက -

'ဆရာ ဦးစန်းတင့်နဲ့တွေ့ချင်လို့ပါ။ ဆရာရှိပါသလား'

'ရှိပါတယ်၊ ကျွန်တော်ပါပဲ။ ဘာကိစ္စများ ရှိပါသလဲ'

'ကျွန်မက မောင်လှစိုးရဲ့ မိခင် ဒေါ်တင်တွင်ပါ။ သားလေးအိမ်ကထွက်သွားတာ (၃) ရက်ရှိပါပြီ။ ကျောင်းမတက်ဘဲနေတာ ဘယ်လောက်ကြာပါပြီလဲဆရာ"

'မောင်လှစိုး ကျောင်းမတက်တာ (၃) ရက်လောက်ရှိပါပြီ။ ကျောင်းပျက်လို့ အိမ်ကို အကြောင်းကြားအသိပေးတဲ့ စာပို့ထားတာ ရရောပေါ့'

'ရပါတယ် ဆရာ၊ ရလို့လည်း အခုကျောင်းကိုလာခဲ့တာပါ။ ဆရာတို့က စည်းကမ်းတကျ ကျောင်းသားတွေအပေါ်မှာ မိဘအုပ်ထိန်းသူများကိုယ်စား အခုလို ဂရုတစိုက်ရှိလို့ ကျေးဇူးအထူးတင်ပါတယ် ဆရာ'

'သူနဲ့ခုံချင်းကပ် သူ့သူငယ်ချင်းနဲ့ ရန်ကုန်သွားကြတယ်လို့ သူ့အဖော်တွေက ပြောနေကြတာ ကြားတယ်'

'ဟုတ်လိမ့်မယ်ဆရာ၊ သူ့အစ်မဆီမှာ လက်ပတ်နာရီပေးပြီး ငွေ (၁၅၀၀) တောင်းယူသွားတယ်။ ကျွန်မကလည်း ကျန်းမာရေးကကောင်းတာမဟုတ်ဘူး။ ဆရာရဲ့တပည့်အတွက် တတ်နိုင်သလောက်တော့ အကူညီပေးပါဦး ဆရာ'

'မနက်ဖြန် ကျွန်တော့်အိမ်ကိုလာခဲ့လေ။ ကျွန်တော်တတ်နိုင်သလောက် ကူညီပါ့မယ်'

'ကျေးဇူးတင်ပါတယ် ဆရာ။ ကျွန်မ ပြန်ပါဦးမယ်'

နှုတ်ဆက်ကာ ပြန်သွားပါတော့သည်။

ထိုနေ့ညက တစ်ညလုံး ကျွန်တော် အိပ်မပျော်ပါ။ သားဇောနှင့်စိတ်ဆင်းရဲဒုက္ခရောက်နေရသည့် မိခင်တစ်ဦးကို မည်သို့သော အကူအညီပေးရပါ့မလဲဟူသော ကရုဏာစိတ်က ကျွန်တော့်ကို ဖမ်းစားနေတော့၏။ မိုးလင်းခါနီးမှ အကူအညီပေးနိုင်မည့်အချက်တစ်ချက်ကို သတိရသွားပြီး စမ်းသပ်ရန် ဆုံးဖြတ်ချက်ချကာ အိပ်ပျော်သွားတော့သည်။

တနင်္ဂနွေနေ့ နံနက်(၆)နာရီ မထိုးမီ အိပ်ရာကထပြီး မျက်နှာသစ်၍ဆောင်ရွက်ရန် ကိစ္စများကို အဆင်သင့် ပြုလုပ်ထားသည်။ နံနက် (၇) နာရီခွဲခန့် သောကြာအခါ၌ ကျွန်တော် အင်္ဂါသားအဖို့ တိုင်ထိပ် ပဥ္စပွတ် အင်္ဂါနဝင်းစီးနေသောအခါ ဖြစ်သည်။

တနင်္ဂနွေနေ့ လဆန်း (၈) ရက် အမြိတ္တစုတ်ရက်ကောင်းရသောနေ့အခါ ဖြစ်သည်မို့ ဆရာသင်ပေးထားသော စေတစ်လုံးအင်းကို စီရင်နိုင်ဖို့ မြတ်ဘုရားရှင်ထံမှာ သီလခံယူပြီး သက်ဆိုင်ရာ အင်းစောင့်ပုဂ္ဂိုလ်အားလုံးကို ပင့်ဖိတ်လျက် အင်းကို စတင်စီရင်၍ ပြုဖွယ်ကိစ္စမှန်သမျှတွေကို စနစ်တကျ လုပ်ဆောင်ထားလိုက်ပါသည်။ မကြာမီ အချိန်အတွင်းမှာပင် မောင်လှစိုး၏မိခင် ဒေါ်တင်တင် ရောက်လာပါတော့သည်။

ကျွန်တော်ကပင် စတင်၍ -

'လာ - ဒေါ်တင်တင်ထိုင်ပါ'

ဟု ပြောကာ ခရီးဦးကြိုပြုလိုက်ပါသည်။ သူကလည်း ကျွန်တော်ရှေ့က ထိုင်ခုံတွင် ဝင်ထိုင်လိုက်၏။ ကျွန်တော်က -

'ကဲ- ဒေါ်တင်တင်ရေ၊ ဒီအင်းကို ရိုရိုသေသေယူသွား။ ဘုရားဆောင်ပေါ်မှာ ပန်းကန်တစ်ချပ်ထဲမှာ ဒီအင်းချပ်ကိုထား။ ဖယောင်းတိုင်၊ နံ့သာတိုင် (၅) တိုင်စီ ထွန်းညှိပူဇော်ပြီး ငါးပါးသီလခံယူဆောက်တည်ပါ။ နောက်ပြီး သားမောင်လှစိုး အိမ်သို့ အမြန်ပြန်ရောက်ပါစေ ဆုတောင်းပြီး ဘုရားရှင်အား လှူဒါန်းရသော ကုသိုလ်ကောင်းမှု ဒါနအစုတို့ကို သမ္မာဒေဝနတ်ကောင်းနတ်မြတ်အားလုံးတို့ကို မေတ္တာပို့၊ အမျှဝေရင်



www.burmeseclassic.com

www.burmeseclassic.com

သားရှိရာအရပ်ဒေသတွင်ရှိသော နတ်အပေါင်းတို့က ကျွန်ုပ်၏ သားကို မူလအရပ်နေအိမ်သို့ လျင်မြန်စွာ ပို့ဆောင်ကူညီကြပါလို့ မေတ္တာရပ်ခံ ပန်ကြားပါ'

ဟု မှာကြားလိုက်ပါသည်။

ဒေါ်တင်စာင်က အင်းကို တရိုတသေကိုင်ရင်း -

'ဘယ်နှရက်လောက်လုပ်ရမလဲ ဆရာ'

ဟု မေးရာ -

'အလွန်ဆုံး လေးငါးရက်လောက်ပါပဲ။ လုပ်တဲ့အခါမှာသာ သူ့ရဲ့မျက်နှာနဲ့သွင်ကိုသာ အာရုံထဲမှာမြင်အောင်ကြည့်ပါ။ ထူးခြားမှု ရှိ၊ မရှိကိုလည်း သိရပါစေ။ အကြောင်းပြန်ပါနော်'

ဟု မှာလိုက်ရ၏။

သူကလည်း -

'ကျေးဇူးတင်ပါတယ် ဆရာ၊ ပြန်ပါဦးမယ်'

ဟု နှုတ်ဆက်သွားသည်။

ဒေါ်တင်တင်ပြန်သွားပြီ (၃) ရက်အကြာ အင်္ဂါနေ့ညနေပိုင်း ကျောင်းမှပြန်လာပြီး အိမ်နောက်ဖေး ခြံစည်းရိုးအစပ်ရှိ မြက်ပင်များကို ရှင်းလင်းနေစဉ် သားအငယ် ရောက်လာပြီးလျှင် -

'ဖေဖေ အိမ်ရှေ့မှာဧည့်သည်တွေရောက်နေတယ်။ ဖေဖေ့ကို တွေ့ချင်လို့တဲ့'

ဟု ပြောသည်။

ကျွန်တော်လည်း ခြေလက်များကိုဆေးကြောပြီး အိမ်ရှေ့သို့ထွက်လာခဲ့ရာအံ့ဩဖွယ်ရာတွေ့မြင်ရသည်က တပည့်မောင်လှစိုးနှင့် သူ့အမေ ဒေါ်တင်တင်၊ နောက်တစ်ယောက်က အမျိုးသမီးငယ်တစ်ဦး ဖြစ်၏။ မောင်လှစိုးအစ်မဖြစ်သည်။

ကျွန်တော်က သူတို့ကို -

'ကဲ - ထိုင်ကြ၊ ထိုင်ကြပါဦး။ ဘယ်လိုလဲ မောင်လှစိုး'

ဟု မေး၏။

သူ့မိခင်က -

'ဆရာတပည့် မနေ့ညက ပြန်ရောက်လာတယ်လေ'

ကျွန်တော်က -

'ကဲ- မောင်လှစိုး၊ မင်းအကြောင်းအတ်လမ်းလေးပြောစမ်းပါဦး။ မောင်လှစိုးက ကျွန်တော်နဲ့ အောင်အောင်အိမ်ကထွက်သွားပြီး စစ်ထဲသွားဝင်ကြတယ်ဆရာ။ ကျွန်တော်တို့ကို စစ်ဆေးစစ်တော့ အောင်အောင်းအောင်ပြီး ကျွန်တော်က ဆေးနဲ့ကျွန်တော်လည်းပြန်လာတယ်။ ကျွန်တော့်ရင်ထဲမှာ တစ်မျိုးဖြစ်လာတယ်။အိမ်ကိုသိပ်သတိရတယ်၊ သိပ်ပြန်ချင်တယ်။ အမေ့ကိုလည်း သိပ်သတိရ၊ သိပ်လွမ်းတယ်'

'ကဲ - အခု မင်းအိမ်ပြန်ရောက်ပြီ၊ မင်းဘာဆက်လုပ်မှာလဲ'

ကျွန်တော်က မေးလိုက်၏။

'ကျွန်တော် ကျောင်းပြန်တက်ပါ့မယ်ဆရာ။ ဆရာကြီးက လက်ခံအောင်လည်း ဆရာကပြောပေးပါဦး ဆရာ'

ဒေါ်တင်တင်က -

'ဆရာတို့ကိုအပ်ပါတယ်။ ဆရာကူညီပေးလို့သာ ကျွန်မမှာစိတ်ချမ်းသာရပါတယ်။ တူသောအကျိုးပေးပါစေ ဆရာ'

မောင်လှစိုး ကျွန်တော့်ကို ကန်တော့ပြီး သားအမိသုံးဦး နှုတ်ဆက်ကာပြန်သွားကြပါတော့သည်။

'ကဲ - ဒါပါပဲ ဆရာ'

ဟု ဦးစန်းတင့်ကပြောလေသည်။

ကျွန်တော်က -

"ဒီလိုဆိုတော့လည်း ဆရာဦးစန်းတင့်က ဘယ်ဆိုးလို့လဲ"

"မဆိုးတာ အသာထား ဆရာ၊ အင်းချရတာမလွယ်ဘူး။ဘုရားမှာ သီလယူ၊ ဆရာသင်တဲ့နည်းနဲ့အင်းချပြီး နမောတဿ၊ သရဏဂုံ၊ မေတ္တာသုတ်(၉)ခေါက်နဲ့ ရွတ်ဆိုပူဇော်ပြီးလုပ်ရတာ။ အင်းမချခင်ကလည်း အင်းချမယ့်နေရာကို စည်းချရန် ဂါထာကလည်း ရွတ်ရ။ ဉုံ ဗုဒ္ဓိ ရက္ခတု မေ၊ ဓမ္မံ ရက္ခတု မေ၊ သံဃံ ရက္ခတု မေ (၃) ခေါက်။ အင်းသေကအင်းရှင်ဖြစ်ဖို့ အင်းကို အသက်သွင်းရတာက (၃၇) ခေါက်၊ ရွတ်လိုက်ရတာလူကိုမောသွားတာပဲ"

ကျွန်တော်က -

"မောရကျိုးနပ်ပါတယ်ဆရာရယ်။ နောက်ပြီး ရှေးဟောင်းမြန်မာ့လျှို့ဝှက်ပညာတွေကို သိပ္ပံခေတ်သစ်ကြီးမှာ ဘယ်လိုနည်းနဲ့မှ စမ်းသပ်လို့မရနိုင်တဲ့ ပညာရပ်တွေ၊ နက်နဲခက်ခဲပြီး အသိရခက်တဲ့ မြန်မာ့ပညာတွေ ဖြစ်တယ်။ ဒီပညာတွေဟာ မြန်မာပြည်အရပ်ရပ်ကရဟန်းရှင်လူ ပညာရှင်တွေထံမှာရှိနေကြပါတယ်။ဒီပညာရှင်ကြီးများက ပညာတွေကို သေရွာသို့ယူမသွားကြဘဲ နောင်မျိုးဆက်သစ်များကို လက်ဆင့်ကမ်းသင်ကြားပို့ချ ပညာအမွေဖြန့်ဝေပေးကြဖို့နဲ့ ၎င်းပညာရပ်တွေကို ဖော်ထုတ်အသုံးချပြီး တန်ဖိုးရှိအောင်လုပ်ဖို့ မြန်မာအမျိုးသားတိုင်း မြန်မာ့အဖိုးတန်ပညာရပ်များကို ချစ်မြတ်နိုးသူတိုင်းမှာ အမျိုးသားရေး တာဝန်တစ်ရပ် ဖြစ်ပါတယ်ဆိုတာ ဆရာဦးစန်းတင့် လက်ခံရဲ့လား"

"ဟာ-ဆရာကလည်း၊လက်ခံတာမှ အခါခါပြောရဦးမလား။ သိပ်မှန်တာပေါ့ဗျာ။

**ဆရာဦးစန်းတင့်မှ ဒေါ်တင်တင်အား စီရင်ပေးလိုက်သော စေတစ်လုံးအင်းပုံစံ**

**(အင်းသွားရန်နည်း)**

| | | |
|---|---|---|
| ၂ | ၉ | ၄ |
| ၇ | ၅ | ၃ |
| ၆ | ၁<br>အစ | ၈ |

**မောင်လှစိုး အမြန်ပြန်လာစေ။**

၅ ၄၃ ၁၅ ၅ ၄ ၃

၅+၄+၃+၁+၅+၅+၄+၃

= ၃၀

၁။ ပထမအင်းဆန် = ၃၀

၂။ ဒုတိယအင်းဆန်= ၃၀×၂= ၆၀

၃။ တတိယအင်းဆန်= ၆၀×၂= ၁၂၀

၄။ စတုတ္ထအင်းဆန်= ၁၂၀×၂= ၂၄၀

၅။ ပဥ္စမအင်းဆန်= ၂၄၀×၂= ၄၈၀


၆။ ဆဋ္ဌမအင်းဆန်= ၄၈၀×၂= ၉၆၀

၇။ သတ္တမအင်းဆန်= ၉၆၀×၂= ၁၉၂၀

၈။ အဋ္ဌမအင်းဆန်= ၁၉၂၀×၂= ၃၈၄၀

၉။ နဝမအင်းဆန်= ၃၈၄၀×၂= ၇၆၈၀

**(အင်းချပြီး)**



*အင်းပညာ သင်ကြားပေးခဲ့သော ကျေးဇူးရှင် ကွယ်လွန်သူ နက္ခတ္တပညာကြီး ဦးကျော်စိန်ထွန်း - တောင်ကြီးမြို့အား ဦးခိုက်လျက် လည်းကောင်း၊ မမေ့သောသတိရခြင်းဖြင့် လည်းကောင်း အမှတ်တရ*

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)



www.burmeseclassic.com

www.burmeseclassic.com

နိဗ္ဗာန်ယာဉ်နောက်ပါးမှ စီတန်းလိုက်ပါလာသော ကားတန်းကြီးသည် ဆေးကျောင်းရှေ့ မိန်းဂိတ်ဝမှာ တန်းစီရပ်တန့်သွားလေ၏။

နိဗ္ဗာန်ယာဉ်နှင့်တကွ အသုဘလိုက်ပို့ကြသော ကားတန်းကြီးသည် ဆေးကျောင်းရှေ့တွင် အမြဲတမ်း မြင်တွေ့နေကျမြင်ကွင်းမျိုး မဟုတ်ပါ။ သို့မို့ကြောင့်လည်း ဆေးကျောင်းအနီးအပါးနေထိုင်ကြသောစာရေးသူနှင့် ရပ်ကွက်သူရပ်ကွက်သားများ၊ ခရီးသွားများက ရပ်ကြည့်နေကြလေ၏။ ကြည့်ပင်ကြည့်ငြားသော်လည်း စာရေးသူ အပါအဝင်တော်တော်များများက သိနှင့်ပြီးသားပါ။ မသေမီက ခန္ဓာကိုယ်ကြိုလှူထားသူများကွယ်လွန်သွားပါက ဆေးတက္ကသိုလ်ဆေးကျောင်းသို့ ရောက်လာတတ်ကြလေ၏။ ဆေးကျောင်းသို့ လှူဒါန်းထားခန္ဓာကိုယ်အား ခန္ဓာဗေဒ(ANATOMY) ဌာနမှ စနစ်တကျ လက်ခံယူကြောင်း သိရလေ၏။

အသုဘနာရေး ပို့ဆောင်သူများအနေဖြင့်လည်း ရေဝေးမှာလို မီးသဂြိုဟ်စက်ထဲထည့်၊ မီးခိုးတလူလူထွက်သည်အထိ အသုဘရှုရပ်ကြည့်နေစရာမလို။ ဆေးတက္ကသိုလ် ဆေးကျောင်းမှ လက်ခံယူပြီးသည်နှင့် သေသူ၏ဆန္ဒ ခန္ဓာကိုယ်လှူဒါန်းမှုကိစ္စအဝဝ ဖြည့်ဆည်းပြီးကြပြီမို့ အသုဘပို့မှ ပြန်သွားကြပေတော့၏။

မိမိ၏ ခန္ဓာကိုယ်အား ဆေးတက္ကများစွာပြုခွင့်ရပြီမို့ ယူတတ်လျှင် အလွန်တရာမှ အကျိုးများထူးခြားသော ကုသိုလ်ကြီး ဖြစ်လေ၏။

ခန္ဓာကိုယ်လှူဒါန်းစဉ်က ကုသိုလ်စိတ်ဖြင့် သဒ္ဓါယိုဖိတ် လှူဒါန်းခဲ့ကြသည်မှာမှန်သော်လည်း တချို့သော လှူဒါန်းထားသူများသည် အမှန်တကယ်သေဆုံးပြီး နောက်ဆုံးကာလအချိန်ပိုင်းမျှတွင် စွဲမိစွဲရာ စွဲရာမှ အစွဲတစ်ခုကြောင့်မကျွတ်မလွတ်နိုင်ဖြစ်နေကြလေသည်။ ထိုအစွဲကြောင့် တစ္ဆေသရဲ ပြိတ္တာဘဝရောက်တော့၏။ ဆေးတက္ကသိုလ်-၂ ဆေးကျောင်းရှေ့ရပ်ကွက်တွင် 'အောင်သိဒ္ဓိ' ဟု အမည်တော်ရသည့်စာပေဆိုင်းဘုတ်ကလေးနှင့်အိမ်သည် စာရေးသူ၏အိမ်ဖြစ်ပါသည်။ စာရေးသူ၏အိမ်ရှေ့မှာ သရက်ပင်၊ ပိန္နဲပင်၊ မာလကာပင်၊ ကွမ်းသီးပင်၊ အုန်းပင်များအပြင် သဘော်ပင်၊ စံပယ်ပင်နှင့် ဂမုန်းပင်မျိုးစုံဖြင့် စိမ်းစိမ်းစိုစို၊ အုပ်အုပ်ဆိုင်းဆိုင်းနှင့် အစဉ်ထာဝရအရိပ်အာဝါသဖြင့်ပြည့်စုံနေခြင်းကြောင့် အတန်းတက်ရန်၊ အခန်းကူးရန် အချိန်လိုနေသေးသောဆေးကျောင်းသူကျောင်းသားများသည် စာရေးသူတို့၏ အိမ်ရှေ့သစ်သားခုံတန်းများတွင် လည်းကောင်း၊ အလှစီထားသော အုတ်ခုံတန်း၊ သစ်ပင်အောက်များတွင်လည်းကောင်း စာဖတ်၊ စာကျက်လုပ်နေကြလေ၏။အေးမြသော အိမ်ရှေ့အရိပ်အာဝါသ အကြောင်းပြု၍ ခေတ္တခဏ လာရောက် ခိုလှုံကြသော

တိုက်တွန်း အကြံပြုလာကြလေ၏။ ေ... ဖတ်၊ စာကျက်ခန်းနှင့်အတူ လိုအပ်ချ... အရ ပေါ်ထွန်းလာသောအရာကား ေ... သောက်ဆိုင်အသေးစားလေး ဖြစ်လေ... ၏။ စာရေးသူတို့မိသားစုနှင့် ခင်မင်သ... အလျောက် ဆေးကျောင်းသူကျော... သားအချို့သည် စာရေးသူ၏ မဟေ...သီအား -

"အန်တီ ဗိုက်ဆာတယ်၊ ဘာ... စရာရှိသလဲ"

ဆိုသောအခါ မဟေသီက -

"ထမင်းရှိတယ်၊ ယမ်ယမ်ရှိတ..."

ဟု အဆာပြေ စီစဉ်ပေးရင်း... ယမ်ယမ်၊ မာမီးမှ အစပြု၍ အာ... ကြော်၊ ဆီးထုပ်အထိ ရနိုင်သော ... သောက်ဆိုင်အသေးစားကလေးပါ ... အောက်ထပ်မှာဖွင့်လှစ်နိုင်ခဲ့၍ မဟေ...သီ တစ်ယောက် အိမ်မှာနေရင်း အလုပ်... ခဲ့လေ၏။ ထိုစာကျက်စာဖတ်ခန်း... ဖြစ်ပေါ်လာသောအခါ ဆေးကျောင်း... ကျောင်းသားတချို့သည် ဆေးကျေ... သုံး၊ စာသင်ခန်းသုံး ပစ္စည်းပစ္စယ... အိမ်ကို မသယ်ယူချင်သောအခါ စာ... သူတို့၏ အိမ်အောက်ထပ် စာကျ... ဖတ်ခန်းမှာပင် အပ်နှံသွားတတ်ကြ... ၏။ အပ်နှံထားခဲ့သော ပစ္စည်းပ... များတွင် နားကြပ်နှင့် ဂျူတီ... HUMMAR ဟု ခေါ်သော ခေါက်... အစ ခန္ဓာဗေဒဘာသာရပ်သုံးပစ္စည်း... အထိ ပါဝင်လေ၏။

# ကံဝင်း

## အနုတ်တမိမှလာသောဧည့်သည်

သိုလ် ဆေးကျောင်းများတွင် သတ်မှတ်ချက်နှင့်အညီ လှူဒါန်းနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။ လိုအပ်ချက်အရသာ လှူဒါန်းခွင့်ရကြမည် ဖြစ်ပါသည်။ လှူဒါန်းခွင့်ရပြီဆိုပါလျှင် အလွန်ဝမ်းမြောက်ဖွယ် ဖြစ်၏။ ဘဝပြောင်းသွားပြီဖြစ်၍ ခန္ဓာကိုယ်ကြီးသည် မြေမြှုပ်သဂြိုဟ်ရုံမှတပါး အခြားမရှိပြီ။ သို့သော် အမြော်အမြင်ကြီးမားစွာ ဆေးရုံ၊ ဆေးတက္ကသိုလ်များသို့ လှူဒါန်းခဲ့ကြခြင်းကြောင့် သက်ရှိထင်ရှားလူသားများ အသက်ရှင်သန်နိုင်ရေး ဆေးသုတေသန



ဆေးကျောင်းသူကျောင်းသားများသည် တစ်စတစ်စ စာရေးသူတို့မိသားစုနှင့် ရင်းနှီးလာကြသောအခါ စာရေးသူတို့အား စာဖတ်ခန်း၊ စာကျက်ခန်းငှားပါရန်



www.burmeseclassic.com

www.burmeseclassic.com

ညနေ ကျောင်းဆင်းချိန်တွင် ဝင်ရောက် အပ်နှံကြပြီး နောက်တစ်နေ့ နံနက် ကျောင်းလာရင်း ဝင်ယူသွားတတ်ကြလေ၏။ တစ်ခါတစ်ရံ စနေ၊ တနင်္ဂနွေကျောင်းပိတ်ရက်များတွင် အပ်နှံသောပစ္စည်းများသည် နှစ်ရက်၊ သုံးရက်တိုင် စာဖတ်ခန်းမှာ ထိုအတိုင်းရှိကြ၏။ စာရေးသူတို့ မိသားစုအနေဖြင့်လည်း တစ်ပတ်လျှင်တစ်ရက် သောကြာနေ့ညတိုင်း မဟေသီ၏မိဘများ နေထိုင်ရာ ရွှေပေါက်ကံသို့ ညဥ့်အိပ်ညဥ့်နေအလည်သွားနေတတ်၏။ယခုအပတ် သောကြာနေ့မှာလည်း ကျောင်းသားတွေ ကျောင်းဆင်း စာဖတ်ခန်းလူရှင်းသည်နှင့် သိမ်းဆည်းစရာများ သိမ်းဆည်းပြီးနောက် ရွှေပေါက်ကံသို့သွားကြလေ၏။ နောက်တစ်နေ့ ညနေပိုင်းလောက် အိမ်ပြန်ရောက်လာသောအခါ ခြံတံခါးဖွင့်နေရင်း ဘေးအိမ်မှ မသိန်းသိန်းအိကအပြေးအလွှား စာရေးသူတို့ အနီးအပါးရောက်လာပြီး အမောတကောပြောလေ၏။

"ညက အိမ်ထဲမှာလူတစ်ယောက် ရောက်နေသလိုပဲ။ ခြေသံတွေ မကြာခဏကြားနေရတယ်။ မီးဖိုဆောင်ဘက်က ကြောင်အိမ်တံခါးဖွင့်သံ၊ အိုးခွက်ပန်းကန်သံတွေကြားရတယ်။ သူခိုးများဝင်သလားမသိဘူး။ ထူးတာက လူမမာ ညည်းသံ. . ."

စိုးရိမ်ကြောင့်ကြစကားသံဖြင့် ခရီးဦးကြိုကြားလိုက်ရ၍ စာရေးသူ၏စိတ်မှာ အလွန်ထူပူပြီးသကာလ-


"ရှိတာလေးတွေတော့ သူခိုးနောက်ပါပြီတူတယ်"

ဟု ဆိုရင်း ကပျာကယာ အိမ်အတွင်းတံခါးအမြန်ဖွင့်၍ အပေါ်ထပ်ကို ပြေးတက်ပြီး အခြေအနေအရပ်ရပ်အကဲခတ်သောအခါ တီဗွီ၊ ဗွီဒီယိုပြစက်များနှင့် ဗီရိုတံခါးများ လက်ရာခြေရာ မပျက်တွေ့လိုက်မှ သက်ပြင်းချ စိတ်သက်သာရာရတော့၏။ စိတ်သက်သာရမည်မကြံသေး၊ အောက်ထပ် မီးဖိုဆောင်မှ မဟေသီက -

"ဦးကံရေ . . . ဦးကံ"

ဟု အထိတ်တလန့်ခေါ်သံကြားသဖြင့် မီးဖိုဆောင်သို့ တစ်ခါပြေးဆင်းရပြန်၏။ မီးဖိုဆောင်အတွင်း ချင်းနင်းဝင်ရောက်လိုက်စဉ် ဒန်အိုးဒန်ခွက်နှင့် ပန်းကန်များ ကြမ်းခင်းမှာ ပွစာလန်ကြနေသည်ကို မြင်လိုက်ရ၏။ မီးဖိုဆောင်ကြောင်အိမ်ဗီရိုမှာ တံခါးဖွင့်လျက် တစ်စုံတစ်ဦးက လှန်လှောရှာဖွေထားသည့်ပုံမျိုး တွေ့လိုက်ရ၏။ ထိုအခြင်းအရာကို အကဲခတ်ကြည့်သော် ကြောင်တစ်ကောင် လာရောက် လှန်လှောသွားတာမှ ဟုတ်ရဲ့လားဟု သံသယဖြစ်မိ၏။ မဟေသီနှင့်သားသမီးများ ကြောက်လန့်မှာစိုး၍ မိမိ၏သံသယကို မျိုသိပ်ထားလိုက်၏။

ညနေစာစားပြီးချိန်မှာ ည (၇) နာရီထိုးခါနီးပြီမို့ တစ်မိသားစုလုံး အပေါ်ထပ် ဧည့်ခန်း၏ TV ရှေ့သို့ ရောက်ကုန်ကြလေ၏။ နာမည်ကျော် သမားတော်ကားကို ကြည့်ပင်ကြည့်ငြားသော်လည်း စာရေးသူက စိတ်မဝင်စား၊ ဘေးချင်းကပ်အိမ်မှ မသိန်းသိန်းအိပြောသော စကားအချို့ကိုသာ ပြန်လည် ကြားယောင်နေမိလေ၏။





www.burmeseclassic.com

www.burmeseclassic.com

'ညက အိမ်ထဲမှာလူတစ်ယောက်ရောက်နေသလိုပဲ။ ခြေသံတွေ မကြာခဏကြားနေရတယ်။ မီးဖိုဆောင်ဘက်က ကြောင်အိမ်တံခါးဖွင့်သံ၊ အိုးခွက်ပန်းကန်သံတွေ ကြားရတယ်။ သူခိုးများဝင်သလား မသိဘူး။ ထူးတာက လူမမာ ညည်းသံ. . .'

အမှောင်ထု စိုးမိုးလာမှုနှင့်အတူ စိုးရိမ်မှုတွေက စာရေးသူ၏ စိတ်မှာ စိုးမိုးနေလေ၏။ မသိန်းသိန်းအိုပြောပုံအရနှင့် ညနေက နောက်ဖေးမီးဖိုဆောင်ပွစာလန်ကြဲနေသော မြင်ကွင်းများကို ပေါင်းစပ်လိုက်သောအခါ မကောင်းဆိုးဝါးနာနာဘာဝတွေလား၊ တစ္ဆေသရဲတွေလား၊ မျက်စိက TV မှာဆိုပေမယ့် စိတ်က အိမ်အောက်ထပ်မှာ။ သို့သော် စိတ်သက်သာစရာတစ်ခုတော့ရှိ၏။ အောက်ထပ်တစ်ခုလုံး မီးတွေအကုန်ဖွင့်ထား၍ ဖြစ်၏။

ည(၉)နာရီမှာ မဟေသီနှင့် သားသမီးများ အိပ်ရာဝင်ကြကုန်တော့၏။ စာရေးသူလည်း ဘုရားဆောင်ရှေ့သွား၊ ဘုရားရှိခိုး၊ သီလယူ၊ မေတ္တာပို့သ မျှတပေးဝေ အမျှဝေလေ၏။ ရသမျှ သိသမျှ ဂါထာတော်များလည်း ရွတ်ဖတ် ပူဇော်လိုက်သောအခါ စိုးရိမ်ကြောက်ရွံ့မှုများ လျော့နည်းသွားသကဲ့သို့ ခံစားလိုက်ရ၏။ စိတ်မှာလည်း ပေါ့ပါးလန်းဆန်းသွားသလို ခံစားလိုက်ရ၏။ ကြောက်ရွံ့မှုရှင်း ပူပင်ကင်းသွားသောအခါ မျက်စိလည်းစင်းလာ၍အိပ်ရာဝင်လိုက်မိတော့၏။ ထိုသို့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေခိုက် သန်းခေါင်ယံအချိန်မှာ မဟေသီက ဇွတ်အတင်းနှိုးသဖြင့် ထိတ်လန့်တကြား နိုးလာရ၏။

"ဦးကံ၊ အိမ်အောက်ထပ်မှာ ဒန်အိုးဒန်ခွက်တွေ စင်ပေါ်က ပြုတ်ကျတဲ့ အသံတွေ ကြားရတယ်။ ထ. . . ထ"

ဟု မဟေသီက ဆိုသောအခါ စာရေးသူက-

"ကြောင်တွေပါကွာ၊ စိတ်ပူမနေနဲ့။ အိပ်. . . အိပ်၊ ပြန်အိပ်"

ဟု နှစ်သိမ့်စကားဆိုလိုက်ရ၏။ မဟေသီတစ်ယောက် အိပ်ချင်မူးတူးနှင့် ပြန်အိပ်သွားလေ၏။ မဟေသီ အိပ်ပျော်သွားမှ စာရေးသူလည်း အသာခြေဖွဖွနင်းပြီး အိမ်အောက်ထပ်သို့ဆင်းလိုက်သောအခါ အောက်ထပ်မှာ မီးတွေမှောင်နေသည်ကို တွေ့လိုက်ရ၍ ခေါင်းနားပန်းကြီးသွားတော့၏။ မအိပ်မီက အောက်ထပ်တစ်ခုလုံး မီးတွေအကုန်ဖွင့်ထားပါလျက်နှင့် ဘယ်သူလာ၍ မီးပိတ်သွားသနည်း။ စိုးရိမ်စိတ်ဖြင့် မီးခလုတ်ဖွင့်ရန် ခလုတ်ရှိရာ အိမ်အလယ်တိုင်သို့အသွား လွန်စွာ ပြင်းထန်၍ မာကျောကျောရှိလှသော 'တောက်' ခေါက်သံကို ကြားလိုက်ရ၏။ စာရေးသူတစ်ကိုယ်လုံး ကြက်သီးမွေးညင်းများထသွားလေတော့၏။ ကြောက်လန့်တကြား 'ဘုရား ဘုရား' ဟု တ,ရင်း မီးခလုတ်တွေအကုန်လုံး မြန်မြန်ဖွင့်လိုက်၏။ အောက်ထပ်မီးများလင်းသွားချိန် အရိပ်မည်းတစ်ခုက မိမိရှေ့မှ လှစ်ခနဲဖြတ်သွားသလိုမျိုး မိမိစိတ်မှာထင်လိုက်ရ၏။ နှစ်ပေါင်းများစွာ ဤအိမ်မှာနေခဲ့သည်မှာ ဘာဆိုဘာမှ ထိတ်လန့်တုန်လှုပ်ဖွယ်ရာ မတွေ့ခဲ့ရ။ ယနေ့ညမှ ချောက်ချားဖွယ်ရာတွေတွေ့နေရ၍ အမှားအယွင်း တစ်ခုခုတော့ရှိနေပြီဟု သုံးသပ်မိ၏။

ထိန်နေသော မီးအလင်းရောင်ကြောင့် မိမိစိတ်ကိုမိမိ ရဲဆေးပြန်တင်ပြီး သကာလ မီးဖိုချောင်ဘက် သွားရောက်အခြေအနေအကဲခတ်ကြည့်သောအခါ စင်ပေါ်မှ ဒန်အိုးဒန်ခွက်များ လက်ရာခြေရာမပျက်ရှိနေသည်ကို တွေ့ရ၏။ မဟေသီတစ်ယောက် ညနေက စင်ပေါ်မှပြုတ်ကျ ဒန်အိုးဒန်ခွက်များ စိတ်ဖွဲ့ပြီး အိမ်မက်မက်နေသလား။ ထိုသို့တွေးနေရင်း အောက်ထပ်မီးများ တစ်မုဟုတ်ချင်းမှိတ်သွားသောအခါ စာရေးသူမှာ အလွန်တရာထိတ်လန့်တုန်လှုပ်ကြောက်ရွံ့ခြင်းများ ဖြစ်ပေါ်လာပြီးသကာလ တုန်ယင်နေသော၊ မူမမှန်သောအသံဖြင့်-

"အောင်မယ်လေးဗျ"

ဟု ဟစ်အော်ရင်း အိမ်အပေါ်ထပ်သို့ တအားပြေးတက်မိလိုက်၏။ စာရေးသူ၏ ထိတ်လန့်တကြားအော်သံနှင့်အတူ လှေကားပေါ် တအားပြေးတက်သံများကြောင့် မဟေသီနှင့် သမီးကြီးတို့ အိပ်ရာမှ ပျာပျာသလဲနိုးထလာပြီး စိုးရိမ်ကြီးစွာ မေးမြန်းကြသောအခါ စာရေးသူမှာ ချက်ချင်း ပြန်မဖြေနိုင်ပါဘဲနှင့် နှလုံးတုန်ရင်ခုန်သောဝေဒနာတစ်မျိုးကို ခံစားနေရလေ၏။ သမီးကြီးခပ်တိုက်သောရေကို တစ်ခွက်လုံး ကုန်အောင်သောက်ပြီးမှ နှလုံးတုန်ရင်ခုန်ခြင်း လျော့နည်းသွားပြီး အမောပြေလေ၏။ အမောပြေချိန်မှာ မတတ်နိုင်တော့ပါ။ ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်တော့၏။ မပြောပြမီက သူတို့တစ်တွေ

အရမ်းကြောက်လန့်မှာ ပူပန်မိသော
လည်း တကယ်ပြောပြလိုက်သောအခါ
မဟေသီနှင့်သမီးတို့က ဝါးလုံးကွဲမတ
ဟားတိုက် လှောင်ပြောင်ကြတော့
ထိုအခါ စာရေးသူလည်း ချော်လဲ ရော
ထိုင်လိုက်ပြီး ရယ်မိတော့၏။ စာရေး
တို့မိသားစု ရယ်မော၍မဝမိမှာ
ပြဿနာကစ,တော့၏။ မီးဖိုချောင်ထ
ခိုးစင်မြင့်မှာတင်ထား ဒန်အိုးဒန်ခွက်မ
အောက်ဘက် ကြမ်းပြင်ပေါ်ပြုတ်ကျ
များ ဆူညံသွားတော့၏။ ထိုဆူဆူညံ
အသံဗလံများကြောင့် စောစောကပ
တိုက်ရယ်မောကြသော သားအမိ
ယောက်မျက်နှာများသည် တစ်မုဟု
ချင်း ညှိုးငယ်သွားပြီး ကြောက်ရွံ့
များဖြင့် စာရေးသူအနား တိုးကပ်
ကြလေ၏။ တိတ်ဆိတ်ငြိမ်သက်ခြင်း
အတူ စာရေးသူတို့မိသားစု စကား
ဖို့နေနေသာသာ အသက်ပင်ကျယ်က
မရှူဝံ့သလောက်ဖြစ်နေလေ၏။

တိတ်ဆိတ်ငြိမ်သက်လျက် ချေ
ချားဖွယ်ကောင်းလှသောအချိန်က
မှာ ကြောက်ပါတယ်ဆိုမှ ဓားပြ
ချအဖြစ်မျိုး အဖြစ်ဆိုးနှင့်တိုးပါတော့
ထိတ်လန့်တုန်လှုပ်ခြင်းများစွာဖြင့်
အောက်ထပ်မှ ဖြစ်ပေါ်လာနိုင်
အခြေအနေအရပ်ရပ် အကဲခတ်
ကြောက်လန့်တကြား နားစွင့်နေ
ခြေသံတွေကြားလာရခြင်းပါ။ တစ်
ချင်း တရွေ့ရွေ့ခြေလှမ်းလာသော
များ ကြားလာရသောအခါ ကြ
မွေးညင်းများ တစ်မုဟုတ်ချင်းထ
သကာလ သားအမိသားအဖသုံးယေ
သား တင်းတင်းကျပ်ကျပ် ပွေ့ဖက်
ကြရင်း လှေကားဆီသို့ မျက်
မခတ် သတိကြီးစွာ ကြည့်နေမိ
၏။ အိမ်အောက်ထပ်မှ တရွေ့ရွေ့
လှမ်းလာသော ခြေသံများ အဆ
ပြတ် ထင်ထင်ရှားရှား ကြားလာ
လှေကားရင်းနားအထိ ခြေသံကြ
ချိန်မှာတော့ စာရေးသူလည်း ကြော
လန့်တကြား အနီးအပါးမှ စမ်းမိစ
ဆွဲမိဆွဲရာ လက်ထဲပါလာတာမှ
ဖြင့် လှေကားရင်းကို ပစ်ပေါက်
လေ၏။ ဇနီးနှင့်သမီးကလည်း စာ
နည်းတူ ခြောက်လှန့်နေသော မ
ဆိုးဝါးကောင်အား အနီးအပါးရှိ
ခါးတုံး၊ ရေမွှေးဘူး၊ ခြင်ဆေးထွန်း
မုန့်ထည့်သံပုံးများဖြင့် အော်ဟ
ကြုံသလိုပစ်ပေါက်ကြသောအ
ဗလံများသည် ကမ္ဘာပျက်သလာ



www.burmeseclassic.com

www.burmeseclassic.com

များရအောင် ဆူညံသွားတော့၏။ ထို ဆူညံသံများနှင့်အတူ အနီးအပါး အိမ်နီးနားချင်းများလည်း စိုးရိမ်ကြီးစွာအော်ဟစ် လှမ်းမေးကြလေ၏။

ထိုကဲ့သို့ စာရေးသူတို့မိသားစုမှ ရရာ ကြုံရာလက်နက်ဖြင့် ပစ်ပေါက်လိုက်၍လား မသိ။ တစ္ဆေလား၊ သရဲလား ထင်ထင်ရှားရှားမသိရသော ထိုမကောင်းဆိုးဝါးကောင်သည် တစ်မုဟုတ်ချင်း ခြောက်လှန့်ခြင်းရပ်တန့်သွားတော့၏။ အိမ်ရှေ့ဆီမှ အိမ်နီးနားချင်း ဦးညွန့်ဆွေ၊ ဒေါ်မြင့်မြင့်ဝင်း၊ ကိုချစ်မောင်တို့၏ခေါ်သံတို့ကြောင့် စာရေးသူတို့အား တက်သွားပြီး သုံးယောက်သား အိမ်အောက်ထပ်သို့ တရွေ့ရွေ့ဆင်းကာ မီးများ ဦးစွာဖွင့်ကြ၏။ မီးများလင်းထိန်သွားသောအခါ အိမ်ရှေ့ဆီသို့ သုံးဦးသား ပြေးသွားကြပြီး တံခါးဖွင့်ကြလေ၏။ တံခါးဖွင့်နေစဉ် ဦးညွန့်ဆွေက စိုးရိမ်ကြီးစွာ မေးလေ၏။

"ဘယ်လိုဖြစ်ကြတာလဲဗျာ။သူခိုးတပ်တာတော့ မဟုတ်လောက်ဘူးထင်တယ်"

"လာဗျာ၊ အိမ်ထဲရောက်မှ ပြောမယ်"

တံခါးဖွင့်ပြီး၍ အိမ်ထဲပြန်ဝင်မည်အပြုတွင် အိမ်အောက်ထပ်မီးများ မှိတ်သွားလေတော့၏။ စာရေးသူလည်း ဦးညွန့်ဆွေကို လက်ကုတ်၍-

"အဖြစ်အပျက်ကတော့ အဲဒါပဲဗျာ"

ဟူ၍ ဆိုလိုက်သောအခါ ဦးညွန့်ဆွေက စာရေးသူပြောတာ နားမလည်သလိုဖြစ်နေလေ၏။

ထိုအချိန်မှာ ကိုချစ်မောင်က-

"ဆရာကံ၊ ခင်ဗျားတို့အိမ်မှာ လူမောရှိသလား"

ဟု မေးလိုက်သဖြင့် စာရေးသူသည်း ခေါင်းနားပန်းကြီးသွားလေ၏။ သူမောညည်းညူသံကို စာရေးသူတို့မိသားစုအပြင် ဦးညွန့်ဆွေ၊ ဒေါ်မြင့်မြင့်ဝင်း ကိုချစ်မောင်တို့ပါ ကြားကြရ၍ စာရေးသူက-

"ဦးညွန့်ဆွေတို့ရေ မကောင်းဆိုးဝါးကတော့ တစ်မျိုးထွင်လာပြန်ပြီဗျာ"

"ဟေ- ဘယ်လို မကောင်းဆိုးဝါး"

စာရေးသူအပြောကို ဦးညွန့်ဆွေက တအံ့တသြဖြစ်သွား၍ စာရေးသူက အနေ့တစ်ညလုံး ဖြစ်ပျက်သမျှ တစ္ဆေသရဲခြောက်လှန့်မှုများ အတိုချုံး ရှင်းပြလိုက်မှ သဘောပေါက်သွားကြတော့၏။

မီးပြန်ဖွင့်သည့်တိုင် ညည်းညူသံကြားရသဖြင့် အသံလာရာသို့ နားစွင့်ကြရင်း အခြေအနေအရပ်ရပ်ကို စိုးရိမ်ကြီးစွာ အကဲခတ်နေကြလေ၏။ သရဲခြောက်နေမှန်း သိကြပြီမို့ ညည်းညူသံနောက် မကြောက်မရွံ့ နားစွင့်ရင်း လိုက်လံရှာဖွေနေသော ကိုချစ်မောင်မှအပ ဦးညွန့်ဆွေ၊ ဒေါ်မြင့်မြင့်ဝင်းနှင့် စာရေးသူမိသားစုသည် လက်မတို့ရပါဘဲ နီးနီးကပ်ကပ် ပူးပူးကပ်ကပ် အလိုလိုစုစည်းပြီးသားဖြစ်နေလေတော့၏။ ထိုအချိန်မှာပင် ကိုချစ်မောင်က လက်ဖျောက်တီးလျက် စာကျက်စာဖတ်ခန်းထောင့် ဆေးကျောင်းသူကျောင်းသားများ ပစ္စည်းအပ်နှံထား စားပွဲရှည်ပေါ်မှ ပလတ်စတစ်အိတ်အနက်ရောင်ကို လက်ညှိုးညွှန်ပြရင်း စာရေးသူတို့အား လာပါရန် လက်ဟန်ခြေဟန်ဖြင့် ခေါ်လေတော့၏။ ကိုချစ်မောင်ခေါ်ကာမှ ကြောက်ရွံ့သလိုဖြစ်နေကြ၏။ တရွေ့ရွေ့ချင်း တစ်လှမ်းချင်းဖြင့် ကိုချစ်မောင်နားရောက်သွားအခါ ထိုအနက်ရောင်အိတ်ဆီမှ လူမမာညည်းညူသံသဲ့သဲ့ကို အားလုံးအတိုင်းသား ကြားလိုက်ကြလေတော့၏။ ထိုအချိန်မှာ သတ္တိခဲ ကိုချစ်မောင်က -

"ကဲ - ဆရာကံရေ၊ အဖြေကတော့ အတိအကျ ဒီအိတ်နက်ကပဲ။ ဒါဘာအိတ်ကြီးလဲဗျ"

ဟု မေးရင်း ပြောပြောဆိုဆို ထိုအနက်ရောင်ပလတ်စတစ်အိတ်မှ ချည်နှောင်ထားသောကြိုးကို ဆွဲဖြုတ်နေလေ၏။

စာရေးသူမှ-

"ဒါ. . . ဒါ ဆေးကျောင်းသားတွေအပ်ထားတဲ့အိတ်ကြီး ထင်တယ်"

ဟု ဖြေကြားနေစဉ်မှာပင် ကိုချစ်မောင်က ထိုပလတ်စတစ်အိတ်အနက်ကြီးကို ဖြေပြီးနောက် အိတ်အတွင်းမှ ပစ္စည်းတစ်ခုကို ထုတ်လိုက်ရာ စာရေးသူတို့အားလုံး ထိတ်လန့်တကြား-

"ဟာ"

ဟူသော အာမေဋိတ်သံကြီး ပြိုင်တူအော်မိလိုက်ကြလေ၏။ ဦးစွာပထမ အိတ်အနက်အတွင်းမှ ပေါ်ထွက်လာသည်က ဆေးရုံပေါ်နံ့နေကျ ဆေးအနံ့ကြီးနှင့်အတူ အလွန်တရာ ကြောက်မက်ဖွယ်ကောင်းလှသော သွားကျိုးတိုးကျဲတဲနှင့် လူ့အရိုးခေါင်းကြီး ဖြစ်နေပေတော့၏။ကြောက်စရာကောင်းလှသော အရိုးခေါင်းကြီးကိုမြင်လိုက်ရချိန်မှာ စာရေးသူတို့အားလုံးက အနောက်ဘက်သို့ ပြန်ဆုတ်ပြီး မရဲတရဲကြည့်မိကြလေ၏။ ကိုချစ်မောင်က ဆက်လက်ပြီး အိတ်အထွင်း ထပ်မံ ရှာဖွေကြည့်သောအခါ လည်ချောင်းရိုး၊ နံရိုး၊ လက်ဖျံရိုးများ အပါအဝင် လူ့ခန္ဓာကိုယ်မှ စကယ်လီတန် (Skeleton) အရိုးအစုအဖွဲ့ကြီးဖြစ်နေပေတော့၏။

"ဒါ သက်သက်မဲ့ မနာလိုသူက အောက်လမ်းနဲ့တိုက်တာဖြစ်မယ်"

လူ့ခန္ဓာကိုယ် အရိုးခြောက်အရိုးအစုအဖွဲ့ကြီးကိုကြည့်ပြီး ကိုချစ်မောင်က ဒေါသသံပါသောစကားသံဖြင့် ပြောလိုက်လေ၏။ ခေတ္တခဏကြာသောအခါ ဦးညွန့်ဆွေက ခေါင်းကိုတွင်တွင်ခါရင်း-

"အောက်လမ်းနဲ့တိုက်တာမဟုတ်ဘူး ကိုချစ်မောင်။ ဒါ ဆေးကျောင်းသားတွေပစ္စည်းပါ။ အနတ်တမီ ခန္ဓာဗေဒဌာနကလာတဲ့ပစ္စည်း၊ ဆေးကျောင်းသားတိုင်း မဖြစ်မနေ လေ့လာရတဲ့ စကယ်လီတန် (Skeleton) လို့ခေါ်တဲ့ အရိုးအစုအဖွဲ့ကြီးဗျ။ ဆေးကျောင်းသားတွေမေ့ကျန်သွားတာဖြစ်မယ်"

ဟု သူ့အထင်ကို ပြောပြသောအခါ စာရေးသူမှ သတိရလာပြီး-

"မှတ်မိပြီဗျို့၊ မောင်သော်ဇင်ပစ္စည်း။ တနင်္ဂနွေနေ့မနက်ပိုင်း လာယူမယ်ပြောပြီး အပ်သွားတာ။ လက်စသတ်တော့ လူ့အရိုးစုအထုပ်ကြီးကိုး။ နောင်ဆိုရင်တော့ လူ့အရိုးစုတွေ ညဥ့်အိပ်ညဥ့်နေ လက်ခံလို့ မဖြစ်တော့ဘူး"

"ညဥ့်အိပ်ညဥ့်နေသာမက နေ့ဘက်လည်း လက်ခံလို့မဖြစ်ဘူး။ ကျွန်မတော့ အတော့်ကိုကြောက်နေပြီ။ ဒါနဲ့ အခုလောလောဆယ် ဒီအထုပ်ကို ဘယ်လိုလုပ်ကြမလဲ"

မဟေသီ၏စကားမဆုံးမီမှာပင် စိတ်မြန်ကိုယ်မြန်ရှိလှသော ကိုချစ်မောင်က အရိုးခေါင်းကြီးကို အိတ်ထဲပြန်ထည့်၊ သေချာစွာ ကြိုးချည်နှောင်ရင်း နှုတ်မှ-

"ကဲ - မင်း ဒီအိတ်ထဲကိုဝင်ပါ။ ဒီအိမ်က လူတွေက မင်းကိုလက်မခံကြလို့ မင်းလာခဲ့တဲ့ မူလနေရာ အနတ်တမီရှာကို မြန်မြန်သာပြန်လိုက်ပါ"

ဟု ပြောဆိုရင်း ထိုအရိုးထုပ်ကြီး ဆွဲယူလျက် အိမ်ခြံဝင်းအပြင်ဘက် မာလကာပင်အောက်မှာရှိ သစ်သားခုံတန်းပေါ်သို့ ပစ်တင်လိုက်ပါတော့၏။

မေတ္တာများစွာဖြင့်

ကံဝင်း



www.burmeseclassic.com

www.burmeseclassic.com

# မောင်ကျော်ကိုတိုင်

## လင်ကွန်းကို တကယ်သတ်တာ ဘယ်သူလဲ



ခေတ်အဆက်ဆက်မှာ လုပ်ကြံမှုကြီးများရှိခဲ့တယ်။ အမေရိကန်သမ္မတလုပ်ကြံမှုတွေကတော့ မကြာခဏဆိုသလို ဖြစ်ပေါ်တတ်တာကို တွေ့မြင်နေရတယ်။ အမေရိကန်သမ္မတတွေခိုက်နေတယ်လို့ပြောရမလားဆိုတဲ့အထိတောင်ဖြစ်နေတယ်။

သမ္မတလင်ကွန်းကစပြီး ကနေဒီ၊ ရေဂင်၊ ဘုရှ်တို့ လုပ်ကြံခံရတာဟာ လူသိရှင်ကြားဖြစ်ခဲ့တယ်။ စက်တင်ဘာလ ၁၁ ရက် အကြမ်းဖက်မှုကြီးမှာ သမ္မတရဲ့အိမ်ဖြူတော်ကိုပါ လုပ်ကြံတာဖြစ်တယ်။ ကံကောင်းလို့ သမ္မတ ဘုရှ်ဘေးမသီ ရန်မခဖြစ်သွားတယ်။

သမ္မတလင်ကွန်းဟာ ဖရီးမေဆင်ဂိုဏ်းသားဖြစ်လို့ အကြားအမြင် အာရုံထူးတွေ၊ ဓာတ်စီးဟောပြောမှုတွေကို ယုံကြည်သူ၊ ဝါသနာပါသူ ဖြစ်တယ်။ လုပ်ကြံမခံရမီကတည်းက ဓာတ်စီးဟောပြောတဲ့အမျိုးသမီး နက်တီ၊ မစ္စက်မီယာတို့နဲ့ ဆက်သွယ်ပြီး ဓာတ်စီးပွဲတွေကို တက်ခဲ့တယ်။ သူလုပ်ကြံခံရမယ်ဆိုတာလည်း ဓာတ်စီးသူတွေက ဟောပြောခဲ့ဖူးတယ်။ သမ္မတလင်ကွန်းဟာ သူကိုယ်တိုင်ကလည်း အိပ်မက်ထူးတွေ၊ အာရုံထူးတွေရသူဖြစ်တယ်။ အထူးသဖြင့် အကြားအာရုံထူးရသူ ဖြစ်တယ်။

သူလုပ်ကြံမခံရမီရက်ပိုင်းက အိပ်မက်ထူးမက်တယ်။ အိမ်ဖြူတော်အတွင်းမှာ ငိုရှိုက်သံကြားလို့ အသံကြားရတဲ့အခန်းထဲဝင်ကြည့်လိုက်တော့ အမေရိကန်အလံဖုံးလွှမ်းထားတဲ့အလောင်းကို တွေ့ရတယ်။ အလောင်းနားမှာ စောင့်နေတဲ့စစ်သားကို ဒီအလောင်းက ဘယ်သူလဲလို့ မေးလိုက်တော့ ဒါ နိုင်ငံတော်သမ္မတကြီးအလောင်းပေါ့၊ လုပ်ကြံခံရတာ ဖြစ်တယ်လို့ ဖြေလိုက်တယ်။ ကဲ-ဒီအိပ်မက်ထက်စင်းတဲ့ အိပ်မက်ရှိသေးလား။ ဘယ်လိုပဲ ကြိုတင်နိမိတ်တွေရထားပေမယ့် ကြမ္မာငင်လာတော့မတတ်နိုင်ဘူးလို့ ပြောရမှာပါပဲ။ ကံကြမ္မာ ကငဲ့ညှာလိုက်ပြန်တော့လည်း ရေဂင်တို့၊ ဘုရှ်တို့ဟာ လုပ်ကြံခံရပေမယ့် အသက်ဘေးကတော့ ကင်းဝေးခဲ့တယ်။ ဒီလိုလုပ်ကြံမှုနဲ့ ပတ်သက်တဲ့ ကြိုတင်နိမိတ်တွေ၊ အာရုံထူးတွေ၊ အိပ်မက်ထူးတွေရကြတဲ့အထဲက သမ္မတလင်ကွန်းရဲ့ အိပ်မက်ထူးကတော့ စံတင်လောက်တဲ့ အိပ်မက်ဖြစ်လို့ သူသိများကြတယ်။

နိမိတ်တွေ၊ အိပ်မက်ထူးတွေဟာ ပြောစမှတ်ဖြစ်သွားသလိုပဲ သမ္မတလုပ်ကြံမှုရဲ့ နောက်ကွယ်က လျှို့ဝှက်ချက်ဟာလည်း လုပ်ကြံမှုကြီး ပြီးဆုံးသွားပြီးတော့ လူထုရဲ့စိတ်ထဲမှာ တအုံနွေးနွေးဖြစ်ခဲ့ကြတယ်။ တီးတိုးတီတိုး သဖန်းပိုးပြောကြဆိုကြဖြစ်နေတယ်။

သမ္မတကြီးလင်ကွန်းနဲ့ သ
ကတော်တို့နှစ်ဦးဟာ အိမ်ဖြူတော်
ဖြေဖျော်နေတဲ့ဇာတ်ပွဲကို အထူးခန်း
ထိုင်ကြည့်နေကြတယ်။ ဒီလိုပွဲကြည့်
စဉ်မှာ သမ္မတကြီးရဲ့နောက်က လူ
ယောက်က သမ္မတကြီးကို ပစ်သတ်
ရှောင်တိမ်းသွားတယ်။ သမ္မတလင်ကွ
လုပ်ကြံမှုကြီးကို ကိုင်တွယ်၊ စစ်ဆေး
သူကတော့ စစ်ဝန်ကြီး မစ္စတာ စတ
တန် ဖြစ်တယ်။ စတင်တန်ဟာ ထော
လှမ်းရေးအဖွဲ့ကိုလည်း တိုက်ရိုက်ကွ
ကဲနေသူကတော့ စတင်တန်ရဲ့ မိတ်
လေဖာယပ်ဘေကာ ဖြစ်တယ်။ လေ
ယပ်ဘေကာဟာ ခပ်ရှုပ်ရှုပ်လူစား
လို့ သမ္မတလင်ကွန်းက မျက်မုန်း
နေသူ ဖြစ်တယ်။

လေဖာယပ်ဘေကာရဲ့ တူဖြ
ဒုဗိုလ်ဘေကာဟာ လုပ်ကြံသူ လူ
သမားကို ရှာဖွေဖမ်းဆီးဖို့ တာဝ
ထားရသူ ဖြစ်တယ်။ လူသတ်သ
ပုန်းအောင်းနေတဲ့ ဂိုဒေါင်ကို ဝိုင်း
ထားစဉ်မှာ လူသတ်သမားက အဖ
လို့ တပ်ကြပ်ကြီးကောဘက်က လူ
သမားကို အသေပစ်သတ်ဖမ်း




www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာဟောင်လင်ကွန်း



လင်ကွန်းလုပ်ကြံခံရပုံ

ဆိုတယ်။ အသေဖမ်းခံရတဲ့ လူသတ်သမားဟာ ဝီလကီဘု ဆိုသူ ဖြစ်တယ်။

လင်ကွန်း လုပ်ကြံခံရပြီးနောက် လူသတ်သမားဖြစ်နိုင်သူတွေကို ဖမ်းဆီး ဖို့ တာဝန်ရှိသူဟာ စစ်ဝန်ကြီး စတင် ဖြစ်တယ်။ တရားခံလို့ထင်ရသူတွေကို ပစ်တ်ဖမ်းဖို့လုပ်စဉ်က စတင်တန်ယာ လူသတ်သမား ဝီလကီဘုကို မဖမ်းသေးဘဲ နာရီပေါင်းများစွာ ကြာအောင် လွှတ်ထားခဲ့တာဟာ ဝီလကီဘုကို တိမ်းနိုင်ရှောင်နိုင်အောင် တမင်လုပ်ပေးတာသားလို့ ထင်စရာဖြစ်တယ်။

ဒုဗိုလ်ဘေကာက ဂိုဒေါင်ထဲမှာ ပုန်းအောင်းနေတဲ့ ဝီလကီဘုကို တပ်ကြပ်ကြီး ကောဘက်က အသေပစ်ဖမ်းဆီးမိတာကို ရုံးတော်မှာ ထွက်ဆိုတယ်။ တပ်ကြပ်ကြီးကောဘက်ကိုင်တဲ့သေနတ်က ရိုင်ဖယ်ဖြစ်ပြီးတော့ ဒုဗိုလ်ဘေကာကိုင်တဲ့သေနတ်က ပစ္စတို ဖြစ်တယ်။ ဝီလကီဘုရဲ့အလောင်းကို စစ်ဆေးကြည့်တော့ ဝီလကီဘုကို နောက်ဘက်ကနေပစ်တာဖြစ်ပြီး ကျည်ဆံဟာ ပစ္စတိုကျည်ဆံဖြစ်တယ်။ အနီးကပ်ပစ်ခတ်လို့ ဝီလကီရဲ့နောက်စေ့မှာ ပစ္စတိုကထွက်တဲ့ ယမ်းနံ့တွေစွဲကပ်နေတယ်။ ဒီလိုသေနတ်ဆိုင်ရာ ကွဲလွဲချက်တွေကို ရုံးတော်က ဘာမှဆက်လက် အရေးယူစစ်ဆေးခြင်း မပြုဘဲ တပ်ကြပ်ကြီး ကောဘက်က ပစ်ခတ်ဖမ်းဆီးလို့ တရားခံသေဆုံးရတယ်လို့ပဲ လက်ခံလိုက်တယ်။

တရားရုံးကို မရောက်ခင် လုပ်ကြံသူတွေကို ရှာဖွေ ဖမ်းဆီးနေစဉ် ဘယ်အခြေအနေရှိပြီဆိုတာကို ထောက်လှမ်းရေးတာဝန်ခံ လေဖာယပ်ဘေဘာက ဝန်ကြီးစတင်တန်ဆီ သတင်းပို့ရတယ်။ ဂိုဒေါင်ထဲမှာ လူသတ်သမား ဝီလကီဘုကို ဝိုင်းထားပြီလို့ လေဖာယပ်ဘေကာက စတင်တန်ကို သတင်းပို့လိုက်တော့ စတင်တန်ဟာ ခေါင်းငိုက်စိုက်ကျသွားတယ်။ ဂိုဒေါင်ထဲမှာ ပုန်းနေတဲ့လူသတ်သမား ဝီလကီဘုကို တပ်ကြပ်ကြီးကောဘက်က အသေပစ်ခတ်ဖမ်းဆီးမိပြီလို့လည်း လေဖာယပ်က သတင်းပို့လိုက်ကရော စစ်ဝန်ကြီး စတင်တန်ဟာ ခေါင်းမော့ပြီး မျက်နှာပေါ်မှာအပြုံးရောင်သန်းသွားတယ်။ လုပ်ကြံမှုကြီးစတင်ကတည်းက တင်းမာနေတဲ့ စစ်ဝန်ကြီး စတင်တန်ရဲ့မျက်နှာမှာ ပထမဆုံးပေါ်လာတဲ့ အပြုံးပါပဲ၊ နှုတ်ပိတ်လိုက်ပြီပေါ့။

တရားရုံးမှာ တရားခံအဖြစ် စွဲချက်ခံရသူ (၃) ဦးဟာ ကလေကချေ သက်သေ (၃) ဦးရဲ့ ထွက်ချက်ကြောင့် ကြိုးပေးခံရတယ်။ ဒီသက်သေတွေရဲ့ ထွက်ဆိုချက်အရ လုပ်ကြံမှုကြီးမဖြစ်ပေါ်ခင် အတော်ကြာကတည်းက လုပ်ကြံမှုကြီးဖြစ်တော့မယ်ဆိုတာ သိနေကြတယ်၊ ပြောနေကြတယ်ဆိုတာပဲ။ အဲဒီသက်သေထဲက ဝေ့ကမင်ဆိုတဲ့ လူပေါ်ကြော့ဟာ ဝန်ကြီးစတင်တန်ကမွေးထားသူပါပဲ။ လုပ်ကြံမယ့်အချိန်မှာ သမ္မတကြီးရဲ့အနီးကပ်အစောင့်ဖြစ်သူ ဂျွန်ပတ်ကားဟာ သမ္မတကြီးအနားမှာ မစောင့်ဘဲ မလှမ်းမကမ်းမှာရှိတဲ့ ဝီလကီဘုဆိုကိုထွက်သွားတယ်။ ဒီအချိန်မှာ သမ္မတကြီးအနီးမှာ အစောင့်မရှိတော့ဘူးလို့ လူသတ်သမားကို အချက်ပေးလိုက်တာဖြစ်တယ်။ ဂျွန်ပတ်ကားကလည်း ဝန်ကြီးစတင်တန်ရဲ့ လက်ရုံးတွေပါပဲ။ စတင်တန်ရာထူးက ထွက်သွားရတော့မှ ဂျွန်ပတ်ကားလည်း ရဲအဖွဲ့က ထွက်သွားရသူ ဖြစ်တယ်။

တရားရုံးမှာ အသေဖမ်းမိတဲ့ လူသတ်သမားဝီလကီအကြောင်း စစ်ဆေးစဉ်က ဝီလကီဟာ လူသတ်သမားအမှန်တကယ်ဖြစ်တယ်ဆိုတာကို ထင်ရှားစေဖို့ ဝီလကီဘုရဲ့ ဒိုင်ယာရီကို ရှာဖွေတွေ့ရှိခြင်း ရှိ၊ မရှိနဲ့ ရှာတွေ့ရင် လုပ်ကြံမှုနဲ့ပတ်သက်လို့ အထောက်အထားတွေ မတွေ့လို့ ရုံးတော်က စတင်တန်ကိုမေးမြန်းတယ်။ ပထမထွက်ဆိုချက်မှာ ဝီလကီရဲ့ ဒိုင်ယာရီရှာမတွေ့ဘူးလို့ ထွက်တယ်။ နောက်မှ ဒိုင်ယာရီကို ရှာတွေ့တယ်လို့ ပြင်ဆင်ထွက်ဆိုတယ်။ ဒါပေမယ့် ဒိုင်ယာရီ ရှေ့စာမျက်နှာ (၂၄) ရွက် မပါလာဘူး၊ ပျောက်နေတယ်လို့ စတင်တန်က ဗလောင်းဗလဲထွက်ဆိုသွားတယ်။

ဒီလို မရှင်းမလင်းဘဲ ကာလအတော်ကြာသွားတဲ့အခါ သမ္မတကြီးရဲ့ ကျန်ရစ်သူသား ရောဘတ်လင်ကွန်းက ကွယ်လွန်သူ သမ္မတလင်ကွန်းရဲ့မှတ်စုမှတ်တမ်းတွေ၊ ပေးစာတွေကို မီးရှို့ပစ်တယ်။ ပြီးတာတွေလည်း ပြီးပါစေတော့။ အဖေ့ကို လုပ်ကြံသူဟာ အဖေရဲ့ ဝန်ကြီးတစ်ဦး ဖြစ်တယ်ဆိုတာ ဒီစာတွေထဲမှာ ပါနေတယ်။ အခုအချိန်ရောက်တော့မှ ဘာမှအသုံးမဝင်တော့ပါဘူးလို့ ရောဘတ်လင်ကွန်းက တက်ဒီရုစဗဲ့ကို ပြောခဲ့တယ်။

မောင်ကျောက်တိုင်

**စာညွှန်း** -

*MARVEL OF MIND.*

www.burmeseclassic.com



# ကိုဝင်းမောင်

## ကပ္ပိယဘိုမင်းနှင့် ဂန္ဓာလရာဇ်ဆေးကုထုံးများ

'ဘုန်းတော်အလွန်တရာကြီးမြတ်တော်မူသော ရတနာပုံမြို့တည်နန်းတည် ပဉ္စမသင်္ဂါယနာတင် အရှင်ဘဝရှင်မင်းတရားကြီးဘုရား၏ ရွှေစကားတော်အောက်သို့ ခစားဆက်ရောက်လာသော ဂန္ဓာလရာဇ်၏ဥဒည်နိုင်ငံပြည်ကြီးသားဆေးအတတ် နားလည် တတ်ကျွမ်းသူ တရုတ်သမားတော် ငလောစီ၊ လောစံချိမ့်၊ ယင်းချောက်တို့ ဆက်သသော တရုတ်ဘာသာရေးဆေးကျမ်းကို မြန်မာဘာသာပြန်ဆို ရေးသားဆက်သွင်းစေ။ သက္ကရာဇ်နှစ် ၁၂၃၁ ခု သီတင်းကျွတ်လပြည့်ကျော် ၇ ရက်နေ့တွင် ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည့်အတိုင်း မြောက်ဥယျာဉ်တော်အတွင်း ခပ်ချိုဘောင်တော်စံနန်းတော်သို့ နေ့စဉ်စံထွက်တော်မူရာ အပါးတော်တွင် တရုပ်ဆေးဆရာကြီးတို့၏ ဆေးကျမ်းအတွက် အဓိပ္ပာယ်စကားရပ်များကို ကျွန်တော်မျိုး တရုပ်တာရဲကြီး ငစက်လန်၊ ငလောတုံတို့က မေးမြန်း၍ ပြန်ဆိုပြောကြားရာ လွှတ်တော်စာရေးကြီး ဦးနွဲ့ စီကုံးရေးသား မြန်မာဘာသာပြန်ဆိုချက်ပါဘုရား'

(ကျမ်းစာပ ါအသုံးအနှုန်းအရေးအသားအတိုင်း ဖော်ပြပါသည်။)

ထိုဂန္ဓလရာဇ်ဆေးကျမ်းကြီးအား မမျှော်လင့်ဘဲ ဖတ်ရှုရပြီးသည့်နောက် ကျမ်းကြီးကို အခြေပြု၍ ကပ္ပိယကြီး ဦးဘိုမင်းနှင့် ဘုန်းကြီးကျောင်းသား စနေတို့၏ ထူးထွေဆန်းပြားသော ကုထုံးဇာတ်လမ်းများ ဖြစ်ပေါ်လာရခြင်း ဖြစ်ပါကြောင်း။

(စာရေးသူ)

■

ကျွန်ုပ် (၁၀) နှစ်သား အရွယ်တွင် မိဘနှစ်ပါးစလုံး ရှေ့ဆင့်နောက်ဆင့်ဆိုသလို ဆုံးပါးသွားကြရာ ညီအစ်ကိုမောင်နှမ မရှိသည့်အလျောက် လူ့လောကအလယ် တစ်ယောက်တည်း ယောင်ချာချာဖြစ်၍နေလေတော့သည်။ ကျွန်ုပ်၏ဖြစ်အင်ကို မမြင်ရက်သူ ဆယ်အိမ်ခေါင်းကြီး ဦးဖိုးသီးမှ အဖေ့ဘက်မှ ဆွေမျိုးများထံသို့ လည်းကောင်း၊ အမေ့ဘက်မှဆွေမျိုးများထံသို့ လည်းကောင်း တစ်အိမ်ဆင်း တစ်အိမ်တက် လိုက်လံအပ်နှံခဲ့သော်လည်း အကြောင်းအမျိုးမျိုးပြ၍ ငြင်းဆန်ခဲ့ကြသဖြင့် လက်ခံသူမရှိသည့်နောက်ဆုံး 'မကောင်းကျောင်းပို့' ဆိုသော စကားအတိုင်း ရွာဦးဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိခဲ့ရလေသည်။

မိဘများ သေဆုံးစဉ်က တက်မတတ်ချက်မတတ် ငိုယိုကာ အသုဘကူငွေဖြင့် မကောင်းကောင်းကြောင်းချက်





www.burmeseclassic.com

www.burmeseclassic.com



ပြုတ်စားသောက်ရင်း အပူရုပ်ဆင်ခဲ့သောနှစ်ဖက်ဆွေမျိုးများအား နာကြည်းလွန်းလှသဖြင့် စိတ်ထဲမှ အပြီးထုတ်ပယ်၍ ဆရာတော်ဦးဇောတိကိုပင် မိဘရင်းသဖွယ် အားကိုးအားထားပြုလျက်နေလာခဲ့ရလေတော့သည်။

ကျောင်းတွင် ကျွန်ုပ်နှင့် မတိမ်းမယိမ်းကိုရင်တစ်ပါးနှင့် ကျောင်းသား (၃) ယောက်ရှိသော်လည်း ဆရာတော်မှ ကျွန်ုပ်အား ကရုဏာပိုကာ အစစအရေးပေးထားသဖြင့် ကိုရင်နှင့် ကျောင်းသားတို့၏ မနာလိုအမျက်သိုမှုကိုခံရလေ၏။ ကျောင်းအိပ်ကျောင်းစား (အမြဲနေထိုင်သောကျောင်းသား) နှင့် ပုတီးစိပ်သင်ရန်ခေတ္တခဏရောက်ရှိနေသော ယာယီကျောင်းသားဟူ၍ရှိရာ သာရေးနာရေးပွဲနှင့် ရှင်ပြုအလှူပွဲများသို့ ဆရာတော်မှခေါ်လျှင် အလှည့်ကျလိုက်ရလေ့ရှိ၏။ ထိုသို့သောအခါမျိုးမှသာလျှင် မကြာခဏ ထုတ်ကြည့်ပြီး အာသာဖြေနေရသည့် အဝတ်အစားအသစ်ကလေးများအား ဝတ်ဆင်ခွင့်ရသည့်အပြင် အလှူအတန်းမှကျွေးမွေးသော အစားကောင်းများအား စားကြရ၏။ ကျောင်းတွင်နေရင်း သို့မဟုတ် သာမန်ကိစ္စနှင့် ရွာထဲသို့သွားလာရုံဖြင့် အဝတ်အစားအသစ်အားဝတ်ခွင့်မရ။ အကယ်၍ အကြောင်းမရှိဘဲ ဝတ်မိလျှင် 'ချေးတော လသာသည်' ဆိုကာ ဆရာတော်မှ နှစ်ပင်လိမ်ကြိမ်ဖြင့် ဆော်လေတော့သည်။ ထို့ကြောင့်လည်း အလှူအတန်းပွဲများသို့ အဝတ်သစ်ဝတ်၍ အစားကောင်းစားရန် ဆရာတော်နောက်မှ ဟန်ရပန်ရလိုက်ခွင့်ကို ကျောင်းသားတိုင်း အမြဲမျှော်လင့်နေကြခြင်း ဖြစ်၏။

သို့သော်လည်း ကျွန်ုပ်ကျောင်းသို့ရောက်ရှိချိန်မှစ၍ အဆိုပါ အခွင့်အရေးကို ကျန်ကျောင်းသားများ လက်လွှတ်ဆုံးရှုံးခဲ့ရလေသည်။ အကြောင်းမှာ အခြားကျောင်းသားများထက် သွက်လက်ချက်ချာပြီး အရိပ်အကဲနားလည်သော ကျွန်ုပ်တစ်ယောက်တည်းကိုသာ ဆရာတော်မှ အမြဲခေါ်လေ့ရှိသောကြောင့် ဖြစ်၏။ ထိုအခါ ကျောင်းသားများ၏ မကျေနပ်ချက်မှာ ပိုမိုကြီးထွားလာခဲ့ပြန်သည်။ ထို့ကြောင့် ဆရာတော်၏ အရေးပေးမှုဖြင့်-မြောက်ကြွမြောက်ကြွဖြစ်နေသော ကျွန်ုပ်အား ကိုရင်နှင့် ကျောင်းသားများမှ ချောက်ချရန် အခွင့်အလမ်းကိုချောင်းမြောင်းနေကြကြောင်း ထိုစဉ်ကပင် ရိပ်စားမိခဲ့၏။ ထိုအထဲတွင်



www.burmeseclassic.com

www.burmeseclassic.com

သူကြီးညီမ ဒေါ်ပိန်သေးမှ မွေးသည့် သူကြီးတူ သာရင်ဆိုသူက အကဲဆုံးဖြစ်လေသည်။

စိန်နားကပ်အရောင်နဲ့ ပါးပြောင်တဲ့ မုဆိုးမသား ဟူ၍ လည်ကောင်း၊ ဆပ်ပြာကောင်းလို့ ခေါင်းပေါင်းဖြူတဲ့ မုဆိုးဖိုသား ဟူ၍လည်းကောင်း မကြာခဏ စောင်းမြောင်းပြောဆိုလေ့ရှိသော်လည်း ဆရာတော်၏ နှစ်ပင်လိမ်ကြိမ်ကို ရင်မဆိုင်ရဲသဖြင့် မည်သည့်အခါမျှ ပေါ်ပေါ်ထင်ထင် ရန်စခြင်းမျိုးတော့ မလုပ်ရဲချေ။

ဆရာတော်၏မေတ္တာရိပ်ကြောင့် အေးမြခြင်းနှင့် ကိုရင်၊ ကျောင်းသားတို့၏ အမုန်းကြောင့် ပူလောင်ခြင်းဆိုသည့် ဆန့်ကျင်ဘက်အရာနှစ်ခုကို တစ်ပြိုင်တည်း ရယူခံစားရင်း ကျောင်းစားကြီးဘဝဖြင့် နှစ်နှစ်ဆိုသော အချိန်ကာလကို ကျော်ဖြတ်ခဲ့ပြီ ဖြစ်၏။ ထိုသို့နေလာရာမှ တစ်နေ့တွင် ကျွန်ုပ်နှင့် အသက်အရွယ်ချင်းများစွာကွာခြင်းသော်လည်း ဝါသနာတူ ငယ်ပေါင်းကြီးဖက်များပမာ လွန်စွာ အတွဲညီလှသည့် ကပ္ပိယဦးဘိုမင်းနှင့် ဆုံစည်းရန် အကြောင်းဖန်လာလေသည်။

■

ပူပြင်းလှသည့် နွေရာသီနေ့တစ်နေ့။

နေ့လယ် (၂) နာရီတွင် ကျွန်ုပ်သည် ညဦးအခါ ခြင်မီးထည့်ရန် အုန်းခွံများအား တူတစ်လက်ဖြင့် ထုထောင်းနေခိုက် လွယ်အိတ်ဖောင်းဖောင်းကြီးတစ်လုံးအား လွယ်ထားသည့် ထောင်ထောင်မောင်းမောင်း ဥပဓိရုပ်ကောင်းကောင်း အသက်(၅၀)ခန့် လူကြီးတစ်ဦး ကျောင်းဝင်းထဲဝင်လာသည်ကို တွေ့ရ၏။ အဆိုပါ ဧည့်သည်ကြီး ကျွန်ုပ်အနီးသို့ရောက်လာချိန်တွင် အလွန်စူးရှသော ဘုန်းကြီးကျောင်းသားတို့၏မျက်လုံးဖြင့် အကဲခတ်လိုက်ရာ အလှူဖိတ်ရန်လာသူမဟုတ်ဘဲ ဆွမ်းကျန်ကွမ်းကျန်ကို အန္တရာယ်ပြုမည့် အရိပ်လက္ခဏာ တွေ့မြင်ရ၏။ ကျွန်ုပ်အနေဖြင့် အဆိုပါ ဧည့်သည်မျိုးအား မည်သည့်အခါမျှ ကြည်ကြည်သာသာ ဆက်ဆံလေ့ မရှိပေ။ အကြောင်းမှာ အချိန်လွန်ဧည့်သည်များ ရောက်ရှိလာတိုင်း ကျွန်ုပ်အတွက် ညနေစာချန်ထားသည့် ဟင်းခွက်များအား ချကျွေးရတတ်သောကြောင့် ဖြစ်သည်။ ယခုဧည့်သည်မှာလည်း ထိုသို့သော လူစားမျိုးဖြစ်နိုင်ခြေများစွာရှိသဖြင့် -

"ဘာကိစ္စလဲ၊ ဆရာတော်ကျိန်းနေတယ်။ နောက်မှလာ"

ဟု ခပ်တင်းတင်းပြောလိုက်သော်လည်း ဧည့်သည်ကြီးမှာ စိတ်ပျက်သွားပုံမရဘဲ -

"ဆရာတော်ကျိန်းနေရင်လည်း နိုးတဲ့အထိ စောင့်ရတာပေါ့ဗျာ"

ဟု ပြောပြောဆိုဆို ကျွန်ုပ်အနီးတွင် ထိုင်ချလိုက်လေသည်။ ညနေစာအတွက် ချန်ထားသော ဟင်းခွက်များ သေချာပေါက်လုပ်ကြွေးခံရပေတော့မည်။ ကျွန်ုပ်သည် ဧည့်သည်ကြီးအား တစ်ချက်မျှသာ စောင်းကြည့်လိုက်ပြီး အုန်းခွံများအား ဆောင့်ဆောင့်အောင့်အောင့် ထုနေမိလေသည်။

"အုန်းခွံကို အဲဒီလို ဒေါ်နဲ့မောနဲ့ ထုနိုင်လေကောင်းလေပဲကွ"

ဟူ၍ လည်ကောင်း၊

"မင်းကြည့်ရတာ စိတ်တိုလွယ်တဲ့ သဘောရှိတယ်။ စိတ်တိုတတ်တာ မကောင်းဘူးကွ"

ဟူ၍လည်းကောင်း တစ်ဖက်လူမှ ကိုယ့်ကိုစကားပြောချင်မှန်းမသိ၊ မပြောချင်မှန်းမသိ အတင်းအဓမ္မမေးမြန်းပြောဆိုနေသော ဧည့်သည်ကြီးအား အမြင်ကတ်လာသဖြင့် -

"ရွာနာမည်တောင်မသိဘဲ ဘာကိစ္စနဲ့ ရောက်လာတာလဲ။ မကောင်းကြံဖို့ ကြိုတင်စုံစမ်းရအောင် ရောက်လာတာလား။ မမျှော်လင့်နဲ့ ကိုယ့်ဆရာရေ။ ရွာစည်းရိုးတွေကတောင့်သလို ကင်းအဖွဲ့ကလည်း ညတိုင်းစောင့်တယ်ဗျ။ ကျုပ် အခု သူကြီးကို သတင်းသွားပေးလိုက်ရင် မသင်္ကာမှုနဲ့ ချက်ချင်းခြောက်ပေါက် (ခြေထောက်အား ချုပ်နှောင်သည့်သစ်သားခြေထိတ်) ထဲရောက်သွားမယ်။ မြန်မြန်ပြန်တာ ကောင်းလိမ့်မယ်"

"ဟားဟားဟား - ကိုယ့်အထင်နဲ့ ကိုယ်လျှောက်ပြောမနေစမ်းပါနဲ့ကွာ။ လတ်တလောထင်မြင်ချက်ကို အတည်ယူရင် အမှားများတတ်တယ်ကွ"

သူ့အပြောကြောင့် စူးစူးရဲရဲပြန်ကြည့်ပြီး ချက်ကောင်းပြန်နှက်ရန် ပြင်ဆင်နေစဉ်မှာပင် -

"ဒကာကြီးက ဘုန်းကြီးကို ဘာကိစ္စနဲ့တွေ့ချင်ရတာလဲ"

ကျွန်ုပ်တို့ အချီအချပြောနေသည့် နောက်ဘက်မှ ထွက်ပေါ်လာသည့် အသံကြောင့် လှည့်ကြည့်လိုက်ရာ မားမားကြီးရပ်နေသည့် ဆရာတော်အား တွေ့လိုက်ရလေသည်။ နှစ်ယောက်သား ဘာမှပြန်မပြောနိုင်မီမှာပင် -

"ကဲကဲ - ဒကာကြီး ကျောင်းပေါ် ကို လိုက်ခဲ့"

ဟု ဆိုကာ ကျောင်းပေါ်သို့ ခေါ် တင်သွားလေသည်။

အတန်ကြာသည်အထိ ဆရာ တော်နှင့် ဧည့်သည်ကြီး စကားကောင်း နေပုံရ၏။ အင်မတန် ရိုးသားပြီး သနား ကြင်နာစိတ်ရှိသော ဆရာတော်ကြီးအား မည်သို့သောအကြံဖြင့် ရောက်လာသည် မသိသော ဧည့်သည်ကြီးမှ မည်သို့မည် ပုံ ဆင်လုံးလိမ့်လုံးများဖြင့် အယုံသွင်း ပါလိမ့်ဟုသိလိုလှသော်လည်း အခေါ် မရှိဘဲ အနီးသို့မကပ်ရဲသဖြင့် သိလိုစိတ် ကို ကြိတ်မှိတ်မျိုသိပ်နေရလေသည်။ သို့သော်လည်း မရနိုင်သည်ကိုမှ လိုချင် သည်မှာ လူတို့၏ ဆန်းကြယ်သည့် သဘာဝဖြစ်၏။ ရယူလိုသည့် ဆန္ဒ ကြောင့် အားသွန်ကြိုးပမ်းသော်လည်း အားမတန်၍ မာန်လျှော့ရသည့်အခါမျိုး တွင် ကြိတ်မနိုင်ခဲမရ မကျေမချမ်းဖြစ် သကဲ့သို့ ဆရာတော်ကြီးနှင့် ဧည့်သည် တို့ မည်သည့်စကားများ ပြောဆိုနေ လိမ့်ဟု သိလိုသည်မှာ မဖြစ်နိုင်သည် အဆုံး မကျေနပ်စိတ်ကို အုန်းခွံများ ပေါ်သို့ပုံချကာ တူဖြင့် တအားလွှဲ၍လွှဲ၍ ထုနေမိလေသည်။

ထိုအခိုက် -

"ဖြန်း ဖြန်း"

"အသေးလေး"

ဆရာတော်မှ ကြမ်းပြင်ကို ရိုက် ခေါ်သံကြောင့် လက်ထဲမှတူကို ပစ်ချ အပြေးအလွှားရောက်ရှိရ၏။

"ဧည့်သည်ကို ထမင်းပြင်ကျွေး လိုက်"

ဆရာတော့်အမိန့်ကြောင့် ဧည့် သည်ကြီးအား မကျေမချမ်းတစ်ချက် စောင်းကြည့်လိုက်ပြီး ဆွမ်းစားဆောင် ခေါ်သွားကာ သိမ်းဆည်းထားသည့် ထမင်းနှင့်ဟင်းများ ပြင်ဆင်ပေးလိုက် လေသည်။ ဧည့်သည်ကြီးမှာ ကျွန်ုပ် အတွင်းစိတ်ကို ထိုးဖောက်မြင်နေသည် အလား ပြုံးကြည့်ရင်း -

"ဒီတစ်နေ့ပဲ မင်းလုပ်စာကိုစား ပါကွာ။ နောက်နေ့ကစပြီး ငါ့တာဝန် ထားလိုက်"

ဆိုသော စကားကြောင့် ဧည့် သည်ကြီး၏ မျက်နှာကို ဖျတ်ခနဲ ကြ လိုက်ပြီး-

"ဘာ - ခင်ဗျားကမပြ သေး



www.burmeseclassic.com

www.burmeseclassic.com

ဆိုတဲ့ သဘောလား”

“မပြန်သေးတာ မဟုတ်ဘူးကွ။ ပြန်ကိုမပြန်တော့တာ။ ဆရာတော်က ငါ့ကို ကပ္ပိယ ဆိုတဲ့ ရာထူးအသစ်ကျပ် ချွတ်ကြီးပေးလိုက်ပြီကွ”

ထမင်းပြင်ပေးပြီးလျှင် ပြန်လာခဲ့ ဟူသောစကားကြောင့် ကပ္ပိယတဖြစ်လဲ ဧည့်သည်ကြီးအား ဘာမှပြန်မပြောနိုင်သေးဘဲ ဆရာတော်ရှေ့မှောက် အပြေးပြန်ခဲ့ရပြန်လေသည်။

“ဒီမှာ - အသေးလေး၊ မင်းဘဝ အကြောင်းမင်းသိတယ်မို့လား။ မိဘနှစ်ပါးလည်းမရှိတော့ဘူး။ ရှိတဲ့ဆွေမျိုးသားချင်းတွေကလည်း အားမကိုးရ။တွေးမိရင် မင်းဘဝရှေ့ရေးအတွက် အတော်ရင်လေးတယ်ကွာ”

“ဆရာတော်ရှိသားပဲဘုရား”

“တယ် - ထတီးလိုက်ရ။ ငါသေသွားရင် နင်ဘယ်လိုလုပ်မလဲ”

မှန်ပါသည်။ ဆရာတော်မရှိသည့်နောက် ဘဝကိုမည်သို့မည်ပုံရပ်တည်ရမည်ဟု တစ်ခါမျှမတွေးမိခဲ့။ ဆရာတော်မှလွဲ၍ အားကိုးစရာမမြင်သော ဘဝပါတကား။ စောစီးစွာ ကွယ်လွန်သွားကြသော မိဘများကိုပင် အပြစ်တင်ရမလိုလို၊ ဥပေက္ခာပြုရက်လေသော ဆွေမျိုးသားချင်းများကိုပင် အပြစ်တင်မလိုလို ဆခွဲမရတော့။ တွေးရင်း မိမိကိုယ်ကိုသနားလှသဖြင့် မျက်ရည်ပိုးပိုးပေါက်ပေါက်ကျလာလေသည်။

“ကဲ ကဲ - ဝမ်းနည်းမနေနဲ့တော့ကွာ။ လူ့ဘဝဆိုတာဒီလိုပါပဲဟ။ ရှေးကသိုလ်ရှိခဲ့ရင်တော့ အချည်းအနှီးမဖြစ်နိုင်ပါဘူး။ အခုရောက်လာတဲ့ ဧည့်သည်ကြီးဟာ မင်းဘဝအတွက် အားကိုးအားထားဖြစ်နိုင်ကောင်းပါရဲ့။ မင်းအတွက်မျှော်ကိုးပြီး ဧည့်သည်ကြီးကို လက်ခံလိုက်ရတာပဲ။ သူ့ဆီက ပညာတွေကိုရနိုင်သလောက်ယူပေတော့။ ရှေ့လျှောက်အချိန်တွေအလဟဿမဖြစ်စေနဲ့တပည့်ရေး ကဲကဲ - သွားတော့၊ သွားတော့”

ဆရာတော်ပြော၍သာကြားလိုက်ရသော်လည်း ဆွမ်းကျန်ကွမ်းကျန်ကောင်းစားရသည့်သူဆိုလူမျိုးထံတွင် ပညာမှရှိနိုင်ပုံမမြင်မိ။ အလိုမှ ကောင်းသဖြင့် ကပ္ပိယကြီးအား ဆရာတော် အထင်ကြီးနေပုံရ၏။ ထိုတဲ့သို့သောလူမျိုးထံတွင် ပညာသင်ကြားရန် ဖြစ်ပေါ်ပြေနိုင်ပါမည်လားတွေးရင်း ဆွမ်းစားဆောင်သို့ ပြန်လာခဲ့သည်။ ကျွန်ုပ်ရောက်ချိန်တွင် ကပ္ပိယကြီးမှာ ထမင်းစားပြီး၍ ပြတင်းပေါက်အနီးတွင် အကျအနထိုင်ကာဆေးတံခဲရင်း အဝေးသို့ ငေးကြည့်နေသည်ကို တွေ့ရ၏။ တစ်ခုခုကို အလေးအနက် စဉ်းစားနေပုံရသဖြင့် ဘာမှမပြောတော့ဘဲ အုန်းခွံထုရန် ကျောင်းရှေ့သို့ ထွက်ခဲ့လေသည်။

■

ဆန်းစငါးရက်မို့ လရောင်က ညအမှောင်ကို မဖြိုခွင်းနိုင်သေး။ ဟိုမှဒီမှ ပြေးလွှားနေသည့် တိမ်ဖြူကွက်များက သရက်ပင်အကြားမှ အားယူထိုးဆင်းနေသည့် အလင်းရောင်ဖျော့ဖျော့ကို ဝါးမျိုဖုံးအုပ်လိုက်သည့်အခါ အမှောင်ကကြီးစိုးသွားပြန်သည်။ ‘ငါသေသွားရင်ဘယ်လိုလုပ်မလဲ’ ဆိုသည့် ဆရာတော်၏ စကားက ကျွန်ုပ်အား တစ်နေ့လုံး ခြောက်လှန့်နေ၏။ ရုတ်တရက် အနီးမှ ဖြတ်ပျံသွားသည့် ညဥ့်ငှက်တစ်ကောင်၏ တောင်ပံခတ်သံက တိတ်ဆိတ်နေသည့် ဝန်းကျင်တစ်ဝိုက် ကျယ်လောင်လွန်းသည်ဟု ထင်ရ၏။ တိမ်ဖြူတို့၏ ဝါးမျိုခြင်းမှ လွတ်ကင်းသွားသဖြင့် သစ်ရိပ်ညိုအကြိုအကြားမှ လရောင်လေးဖြာကျလာပြန်သည်။လူ့ဘဝသည်လည်း ကာလပယောဂကြောင့် အပြောင်းအလဲဖြစ်တတ်ပါသလား။ ဖြစ်နိုင်ကောင်းပါသည်။ တစ်ခါက ဆရာတော်ကြီးမှ လူတစ်ယောက်အတွက် ဘဝရပ်တည်ရာဝန်းကျင်ရွေးချယ်တတ်ဖို့က အရေးအကြီးဆုံးဟု ဆိုပါသည်။ မှန်ပါသည်။ အကယ်၍ ကျွန်ုပ်သည် ဆရာတော့်ကျောင်းသို့မရောက်ဘဲ ရွာတွင်နေမည်ဆိုပါက ယခုကဲ့သို့ စာပေသင်ကြားမှုနှင့် နီးစပ်နိုင်မည် မဟုတ်။ လေးခွတစ်လက်ဖြင့် ရွာပြင်တောစပ်တွင် တစ်နေကုန် နွားကျောင်းရမည်သာ ဖြစ်ပါသည်။ ပြီးတော့ သတိတရား။ ဘဝကို သတိဆိုသော နှင်တံတစ်ချောင်းဖြင့် ထိန်းကျောင်းနိုင်မှသာလျှင် လွဲချော်မှုများနည်းပါးပါလိမ့်မည်။ ရလာသည့် လူ့ဘဝကို ဖြောင့်မတ်မှန်ကန်သည့်လမ်းကြောင်းပေါ်မှတစ်ဆင့် ရိုးသားဖြူစင်စွာ ကြိုးစားသွားပါက ထာဝရမြင့်မားတိုးတက်ဖို့ဖြစ်မည်။ လသာရက်ဆိုသည်မှာ ထိုသို့သောလူမျိုးများအတွက်ဖြစ်ပြီး လဆုတ်ရက်ဆိုသည်မှာ လုံ့လဥဿာဟနည်းပါးသူတို့၏ရှေ့ပြေးနိမိတ်ဖြစ်ကြောင်း ဆုံးမခဲ့ဖူး၏။ သို့ဆိုလျှင် မိမိ၏ဘဝကို လသာရက်များနှင့် ဆုံစည်းအောင် မည်သို့ကြံဆောင်ရပါမည်နည်း။

ဆရာတော်ကြီးအမိန့်ရှိသလို မိမိကိုယ်ကို ကပ္ပိယကြီးထံတွင် အပ်နှံလိုက်ရမည်လား။ ကျွန်ုပ်အတွက် ကပ္ပိယကြီးသည် မျှော်လင့်ချက်ရောင်ခြည်ပေလား။ ဆရာတော်ကြီးသည် လူတိုင်းကို အကောင်းဘက်မှ မြင်တတ်လေ့ရှိရာ ကပ္ပိယကြီးကိုလည်း ထိုနည်းအတိုင်း ရှုမြင်သုံးသပ်ခဲ့ပုံရ၏။ ဆရာတော်ကြီး၏ အတွေးမှန်၊ မမှန်ကို စုံစမ်းလေ့လာကြည့်ရန် မလိုအပ်ပါလော။

ထိုအခိုက် နောက်ကျောဘက်မှ ခြေသံကြားသဖြင့် လှည့်ကြည့်လိုက်ရာ ကပ္ပိယကြီး ကျွန်ုပ်ထံ လာနေသည်ကို တွေ့ရ၏။

“ဖကောင်လေး၊တစ်ယောက်တည်း ဘာတွေတွေးနေတာလဲ”

“ဘာရယ်မဟုတ်ပါဘူးဗျာ”

စကားစပြတ်၍ ခေတ္တငြိမ်သက်သွား၏။ ကပ္ပိယကြီးသည် ကျွန်ုပ်အနီးတွင် ဝင်ထိုင်လိုက်ပြီး -

“မင်းနာမည်က အသေးလေးတဲ့လား။ နေ့လယ်က ဆရာတော်ခေါ်သံကြားလိုက်မိတယ်”

“ကျုပ်နာမည်က အသေးလေး မဟုတ်ဘူးဗျ။ ကိုရင်နဲ့ကျောင်းသားထဲမှာ အငယ်ဆုံးမို့ အသေးလေးလို့ ခေါ်တာ”

“ဒါဖြင့်ဘာတဲ့လဲ”

“စနေ”

“ဘာ - စနေ ဟုတ်လား။ ဒါလူနာမည်မှ မဟုတ်ဘဲကွ”

ကျွန်ုပ် ကပ္ပိယကြီးအား ဆတ်ခနဲ မော့ကြည့်လိုက်ပြီး -

“ဘာဗျ - လူနာမည်မဟုတ်ဘူး၊ ဟုတ်လား”

“အေးလေကွာ”

“လူကိုမှည့်ရင်လူနာမည်ပေါ့ဗျာ။ ခွေးတွေ၊ နွားတွေကို စနေလို့မှည့်တာ ကြားဖူးလို့လား”

ဘုဆတ်ဆတ် တုံ့ပြန်လိုက်သော်လည်း စိတ်ဆိုးဟန်မပြဘဲ ပြုံး၍ -

“အဲဒီလိုပြောတာမဟုတ်ဘူးလေကွာ။ စနေ၊ တနင်္ဂနွေဆိုတာ နေ့တွေနဲ့ နာမည် မဟုတ်လား။ ဒါကြောင့် လူနာမည် မဟုတ်ဘူးလို့ ပြောတာပါ”

ကျွန်ုပ် ဘာမှပြန်မပြောတော့ဘဲ ဆတ်ခနဲ တစ်ဖက်သို့ လှည့်လိုက်ရင်း ဘယ်လိုချေပရမည်လဲဟု တွေးနေမိ၏။

“ကဲပါကွာ၊ စိတ်တိုမနေစမ်းပါနဲ့။ ရော့ - မင်းဖို့”

ဆိုကာ ကောက်ညှင်းထုပ်လက်



www.burmeseclassic.com

www.burmeseclassic.com

ထဲသို့ အတင်းထည့်ပေး၏။ ကောက်ညှင်းထုပ် အလွန်ကြိုက်သော ကျွန်ုပ်သည် စောစောက ကပ္ပိယကြီး၏ စကားကို မေ့ပျောက်ကာ စိတ်ဆိုးပြေသွားလေသည်။

"ဒါနဲ့ ကပ္ပိယကြီးနာမည်က ဘယ်သူလဲဗျ"

"ဘိုမင်း"

"ဘိုမင်း၊ ဟုတ်လား။ အတော်တင်စီးတဲ့ နာမည်ပါလား"

ကျွန်ုပ်စကားကြောင့် ကပ္ပိယကြီး တဟားဟားရယ်ရင်း -

"နာမည်ဆိုတာ တစ်ဦးနဲ့တစ်ဦး ပြောဆိုဆက်ဆံရာမှာ လွယ်ကူအောင် သတ်မှတ်ထားတဲ့ သဘောပါပဲကွာ။ မင်းပြောသလို ဟုတ်ချင်မှဟုတ်မှာပါ"

"ဒါနဲ့ ကပ္ပိယကြီးက ဘယ်အရပ်က ဘာကိစ္စနဲ့ရောက်လာတာလဲ မသိရဘူးလားဗျ"

"တစ်နေ့နေ့တော့ပြောမှာပါကွာ။ အခုတော့ စောပါသေးတယ်။ ဒါပေမယ့် မကောင်းတဲ့ အကြံအစည်မပါဘူးဆိုတာတော့ ယုံစေချင်တယ်"

ထိုညက ကျွန်ုပ်တို့နှစ်ယောက် ဟိုရောက်ဒီရောက်စကားပြောရင်း အတန်ငယ်ရင်းနှီးသွားကြ၏။ သို့သော် လုံးလုံးလျားလျားစိတ်ချယုံကြည်မှုမရှိသေးဘဲ မည်သို့သောအကြောင်းနှင့် ရောက်လာသည်ကို တိတ်တဆိတ်စုံစမ်းရန် ဆုံးဖြတ်လိုက်ပါသည်။ ထို့ကြောင့် အလိုက်သင့်ပြောဆိုပေါင်းသင်းပြီး စုံစမ်းမှုကို သူ့လွယ်အိတ်ဖောင်းဖောင်းကြီးမှ စရန် စိတ်ကူးလိုက်မိ၏။ လွယ်အိတ်ထဲတွင် မည်သည့်ပစ္စည်းတွေများ ထည့်ထားပါလိမ့်။

နောက်တစ်နေ့ ညနေပိုင်းတွင် ရောက်ဖူးချင်သည်ဆိုသော အကြောင်းပြချက်ဖြင့် ဆွမ်းချိုင့်ပို့သော ကျောင်းသားတစ်ယောက်နှင့် ကပ္ပိယကြီး ရွာထဲသို့လိုက်သွားခဲ့၏။ စုံစမ်းမှုပြုရန် အခွင့်ကောင်းချောင်းနေသော ကျွန်ုပ်သည် ကျောင်းထောင့်တိုင်တွင် ချိတ်ထားသည့် ကပ္ပိယကြီး၏ လွယ်အိတ်ထဲမှ ပစ္စည်းများအား တစ်ခုချင်းနှိုက်ကြည့်ရာ ခပ်နွမ်းနွမ်းပုဆိုး၊ အင်္ကျီတစ်စုံ၊ တဘက်တစ်ထည်၊ ကြေးပုတီးကြီးတစ်ကုံး၊ ကျောက်သင်ပုန်းတစ်ချပ်၊ ကျောက်တံတစ်ချောင်း၊ လက်ရေးနှင့်ရေးထားသည့် စာအုပ်ထူထူကြီးနှစ်အုပ်၊ ဆေးမင်ကြောင်ထိုးသည့် ကြေးစုတ်ကြီးတစ်ချောင်းကိုသာ တွေ့ရ၏။ ထင်ထားသလို လက်နက်တစ်စုံတစ်ရာ မတွေ့ရပေ။ တစ်ဆက်တည်း စာအုပ်များအား လှန်လှောကြည့်ရှုရာ ဗေဒင်ပညာ၊ နက္ခတ်ပညာနှင့် ပတ်သက်သည့် အကြောင်းများ ရေးသားထားသည်ကို တွေ့ရပြီး နောက်တစ်အုပ်မှာ ဆေးကုထုံးများရေးထားသည့် စာအုပ်ဖြစ်ကြောင်း တွေ့ရလေသည်။

"လက်နက်တွေပါမယ်ဆိုရင် ဘယ်အလွယ်တကူထားလိမ့်မလဲ။ ကိုယ်နဲ့မကွာထားမှာပေါ့။ နေနှင့်ဦးပေါ့ ကပ္ပိယကြီးရယ်။ ဇာတိရုပ်မပေါ်သေးခင်တော့ ဟန်ဆောင်ကောင်းလိုက်ဦးပေါ့"

ကျွန်ုပ်သည် ပစ္စည်းများအား နေသားတကျပြန်ထည့်လိုက်ပြီး ဟန်မပျက်အုန်းဆံများ ဆက်ထုနေလိုက်၏။

ထိုညတွင်လည်း ကျွန်ုပ်ထိုင်နေကျနေရာသို့ ကပ္ပိယကြီး ရောက်လာသဖြင့် ထွေရာလေးပါးပြောဖြစ်ကြ၏။

"မင်းတို့ရွာက အတော်ကြီးသားပဲ စနေရဲ့။ အိမ်ကြီးအိမ်ကောင်းတွေလည်း များသားဟ"

"ဒါကြောင့် ခင်ဗျား မျက်စိကျတာလား"

ကပ္ပိယကြီးက တဟားဟားရယ်ရင်း-

"ငါ့ရုပ်က ဓားပြပုံပေါက်နေလို့လားကွ။ မင်းသိသင့်သလောက် သိပြီးပါပြီ"

"ကျုပ်ကဘာကိုသိရမှာလဲဗျ"

"ငါ့လွယ်အိတ်ထဲမှာ ဘာလက်နက်မှ မပါဘူးဆိုတာလေ"

ကပ္ပိယကြီးစကားကြောင့် ရင်ထဲတွင် ထိတ်ခနဲဖြစ်သွား၏။ သို့သော် ဟန်ကိုယ့်ဖို့ ဆိုသည့်အတိုင်း -

"ကပ္ပိယကြီးလွယ်အိတ်ထဲ ဘာရှိတယ်မရှိဘူး။ ကျုပ်ဘယ်လိုလုပ်သိမှာလဲဗျ"

"လုပ်မနေစမ်းပါနဲ့ ကောင်လေးရာ၊ ငါရွာထဲသွားတဲ့အချိန်က ကိုရင်နဲ့ ကျောင်းသားတစ်ယောက်က ဆရာတော်ခိုင်းလို့ အနောက်ရွာကို သွားတယ်။ ကျောင်းသားတစ်ယောက်က သူ့အမေနေမကောင်းလို့ ရွာပြန်သွားတယ်။ တစ်ယောက်နဲ့ ငါနဲ့ ဆွမ်းချိုင့် သွားပို့တယ်။ ကျောင်းမှာ ဆရာတော်နဲ့ မင်းပဲကျန်ခဲ့တာလေ။ ဆရာတော်ကတော့ ဘယ်နည်းနဲ့မှ ငါ့လွယ်အိတ်ကို မွှေမှာမဟုတ်ဘူး"

"ဒါဆို ကပ္ပိယကြီးလွယ်အိတ်ကို ကျုပ်က. . ."

"ဟုတ်တယ်လေ၊ ငါ့ကို မင်းမသင်္ကာဖြစ်နေတယ်မို့လား"

"ဘာအထောက်အထားနဲ့ ကျုပ်ကို စွပ်စွဲနေတာလဲ"

"အုန်းဆံမှုန့်တွေက လေလွင့်ပြီး စာအုပ်တွေမှာ လာကပ်မနေလောက်ဘူးကွာ"

ဟူသော စကားကြောင့် အတော်လေး အံ့သြသွားသလို မျက်နှာတစ်ခုလုံး ထူပူသွားလေသည်။ ကပ္ပိယကြီးသည် အမှုမဲ့အမှတ်မဲ့နှင့်နေတတ်သူမဟုတ်ကြောင်း၊ သတိထားဆက်ဆံရမည့် ဖြစ်ကြောင်း သိလိုက်ရ၏။

"ဒါတော့ဘယ်ပြောနိုင်မလဲဗျ"

"ထားပါတော့လေ။ မင်းလိုချင် လုံရင်ပြီးတာပါပဲ"

သူ့စကားကြောင့် တစ်ဖက် ဆတ်ခနဲ လှည့်ထိုင်လိုက်၏။

"ဒီမှာ၊ မင်းဖို့ ရွာထဲက ကော ညှင်းထုပ်ဝယ်လာခဲ့တယ်ကွ ရော့၊ ရော့"

လက်ထဲသို့ အတင်းထိုး သော ကောက်ညှင်းထုပ်မျက်နှာ ကပ္ပိယကြီးအား စိတ်ဆိုးပြေသွား လေသည်။ သို့သော် သူ့လွယ်အိတ် နိုးကြည့်မိသည့်ကိစ္စပေါ် သွားသဖြင့် သလိုတော့ဖြစ်နေမိ၏။

■

အဖိတ်နေ့တိုင်း ပြုလုပ်နေ ကျောင်းဝင်းသန့်ရှင်းရေးအား အပါအဝင် ကိုရင်နှင့် ကျောင်းသား လုံး ချွေးတလုံးလုံးဖြင့် ဆောင်ရွက် ကြ၏။ ကျောင်းခြံဝင်းထဲရှိ အမှိုက် ရိုက်နှင့် သစ်ရွက်များအား တံမြက် လှည်းသူလှည်း၊ အမှိုက်ကျုံးသူ တွဲရုံချကျနေသည့် ငှက်ပျောရွက်ခြော များအားဖြတ်သူဖြတ်ဖြင့် ကိုယ်စီအ ရှုပ်နေကြ၏။ ထိုအခိုက် ရွာထဲမှ ထွေး ဆိုသူ အပြေးတစ်ပိုင်းရော လာကာ ကပ္ပိယကြီးရှိ မရှိ မေးမြန်း သည်။

"ကျောင်းပေါ်မှာ သန့်ရှင်း လုပ်နေတယ်"

ဆိုသဖြင့် ကျောင်းပေါ်သို့ ပျာယာဖြင့် တက်သွားပြန်လေသည်။

'အင်း - ကပ္ပိယကြီးတော့ ရွာ တစ်ခေါက်ပဲရောက်သေးတယ်။ ပြဿနာများရှာလာပါလိမ့်'

ဟု တွေးရင်း ပြုံး လိုက်မိ

ခဏအကြာတွင် ကိုဖိုးထွေး ကပ္ပိယကြီး ပါလာသည်ကို



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်အနီးအရောက် ကပ္ပိယကြီးမှ -

"စနေ၊ ငါနဲ့လိုက်ခဲ့"

ကျွန်ုပ်သည် ဆွေမျိုးများအား စိတ်နာလှသည့်အလျောက် ရှာနှင့်တတ်နိုင်သမျှ ကင်းအောင်နေထိုင်လာခဲ့သူဖြစ်ရာ ငြင်းဆန်လိုက်လေသည်။

"ဆရာတော်က မင်းကိုခေါ်သွားလို့ မိန့်လိုက်တယ်"

ပြောပြောဆိုဆို ကျွန်ုပ်လက်ကို ဆတ်ခနဲ ဆွဲခေါ်သဖြင့် ကန့်လန့်လန့်ပါသွားလေသည်။ ကိုဖိုးထွေးနှင့် ကပ္ပိယကြီး၏ ခေါ်ဆောင်မှုကြောင့် ဘုမသိဘမသိလိုက်ပါလာခဲ့သူ ကျွန်ုပ်မှ -

"အခုဘယ်သွားမှာလဲ။ ဘာကိစ္စလဲ။ ကပ္ပိယကြီး၊ ခင်ဗျားပြဿနာထဲ ကျုပ်မပါဘူးနော်"

ကျွန်ုပ်၏မေးခွန်းကို ၎င်းတို့နှစ်ယောက် ပြန်လည် ဖြေကြားခြင်းမရှိဘဲ ခြေလှမ်းကို သွက်နိုင်သမျှသွက်အောင်လျှောက်သဖြင့် မကြာမီအချိန်အတွင်း ရွာထဲသို့ ဝင်မိကြလေသည်။ ကိုဖိုးထွေး၏အိမ်သို့အရောက်တွင် အမျိုးသမီးကြီးငယ်လေး၊ ငါးဆယ်ယောက်ခန့် မျက်စိမျက်နှာပျက်ထိုင်နေကြသည်ကို တွေ့ရ၏။ ထို့အတူ အိမ်အတွင်းခန်းမှ ညည်းညူသံသဲ့သဲ့ကိုလည်း ကြားနေရလေသည်။ အိမ်ဦးခန်းဘုရားကျောင်းဆောင်အရှေ့မှာတော့ ကိုဖိုးထွေး၏ဦးကြီးဖြစ်သူ ဦးစိုးအောင်တစ်ယောက် ပွစိပွစိနှင့် ဘာတွေရွတ်ဖတ်နေသည်မသိ။ ကိုဖိုးထွေးမှာ လွန်စွာညှိုးငယ်သောမျက်နှာဖြင့်-

"ကပ္ပိယကြီးတတ်နိုင်ရင် ကယ်ပါဗျာ"

ဟု ပြောပြောဆိုဆို တစ်ဖက်သို့လှည့်၍ ငိုနေသဖြင့် ဘာကိစ္စမှန်းမသိသော ကျွန်ုပ်အဖို့ ကြောင်စီစီဖြစ်နေရလေသည်။

"စိတ်မပူပါနဲ့ ဖိုးထွေးရာ။ ငါအတတ်နိုင်ဆုံး ကူညီမှာပါ။ မင်းမိန်းမမွေးလာ၊ ခု၊ ရက်ပြောစမ်း"

ဆိုကာ အသင့်ပါလာသည့် ကျောက်သင်ပုန်းဖြင့် တဒေါက်ဒေါက်တွက်လေတော့သည်။ ပြီးနောက် -

"ဘာမှစိတ်မပူနဲ့။ ဒါပေမယ့် မိခင်အတွက်ပဲ တာဝန်ယူနိုင်မယ်။ ကလေးအတွက်တော့ အာမမခံနိုင်ဘူး"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့။ လူကြီးအသက်ရရင်ပဲ တော်လှပါပြီ။ ကလေးကတော့ ကမ္ဘာသကာပေါ့လေ။ ဘယ်တတ်နိုင်မလဲ"

အနီးမှ အဒေါ်ကြီးတစ်ဦးမှ ဆိုလိုက်၏။ ဘကြီး ဦးစိုးမောင်မှလည်း -

"ကူညီပါ ကပ္ပိယကြီးရယ်။ ကျုပ်တို့လည်း ဘာလုပ်လို့လုပ်ရမှန်းမသိတော့ဘူး။ လက်သည်ဒေါ်နက်မအပြောအရဆို ကလေးက အသက်မရှိတော့ဘူးဆိုလားဘဲ"

ထိုအခါ လက်သည်ဒေါ်နက်မမှ-

"သေချာပါတယ်တော်။ ကျုပ်လက်သည်လုပ်လာတာ သေလည်ကြောင်မင်း နန်းမတက်ခင်ကတည်းကဆိုတာ လူတိုင်းအံသိ။ ဘယ်နှခါများလွဲချော်တာရှိဖူးလို့လဲ။ အခုဟာက တစ်နေ့နဲ့ တစ်ညဆိုတော့ မိခင်ကလည်းအားကုန်ပြီး ညှစ်အားမရှိတော့ ကလေးက မွန်းပြီးသေသွားတာသေချာပါတယ်။ ဒါနဲ့ နေပါဦး၊ ကပ္ပိယကြီးက ဝမ်းဆွဲလုပ်တတ်သလားတော့"

ဒေါ်နက်မ၏စကားကြောင့် ဦးစိုးမောင်အပါအဝင် အဒေါ်ကြီးအားလုံး ပြုံးစိစိဖြစ်သွားကြ၏။ ကျွန်ုပ်မှာမူ အော်ပြီးမရယ်မိအောင် ပါးစပ်ကို ကပျာကယာလက်ဝါးနှင့် ပိတ်ထားလိုက်ရ၏။

"ကျုပ်ဝမ်းဆွဲမလုပ်တတ်ပါဘူး။ ဒါပေမယ့် အလွယ်တကူမွေးဖွားအောင်တော့ ကူညီနိုင်ပါတယ်"

"ကန်တော့နော် ကန်တော့။ ကျုပ်က ယောကျ်ားတွေ ဝမ်းဆွဲလုပ်တာ မတွေ့ဘူးလို့မေးကြည့်တာပါ အဟိ"

ကျွန်ုပ်ပါးစပ်ကို ဒုတိယမွိလက်ဝါးနှင့် အုပ်လိုက်ရပြန်သည်။ ကပ္ပိယကြီးသည် ဒေါ်နက်မအား တစ်စုံတစ်ရာပြန်မပြောတော့ဘဲ ကိုဖိုးထွေးဘက်သို့ လှည့်ကာ -

"ဖိုးထွေး၊ မင်းအိမ်မှာ ကြက်မွေးသလား"

"ဟုတ်ကဲ့ မွေးပါတယ်။ ကပ္ပိယကြီး ကြက်သားစားချင်လို့လား"

"ဟာ - မဟုတ်ပါဘူးကွာ။ ပြောရဆိုရတာ အစေးမကပ်လိုက်တာ။ ကဲ - ကြာတယ်ကွာ။ ကြက်ချေးနှစ်လုံးရအောင်ရှာ။ ပြီးရင် ဆန်ငါးကျပ်သားနဲ့ ရေငါးဆယ်သားထည့်ပြီးအမြန်ကျိုစမ်း။ သုံးခွက်တစ်ခွက်တင်ရရင် ငါ့ကိုလာပေးပေတော့။ အဲဒါဆေးပဲ"

အနီးထိုင်နေသူများ တီးတိုးဖြစ်ကုန်ကြသော်လည်း ကပ္ပိယကြီးမှာ မသိကျိုးကျွန်ပြု၍ ဘုရားကျောင်းဆောင်ရှေ့သို့သွားကာ ငါးပါးသီလယူပြီး အင်္ဂုလိမာလသုတ်တော်တစ်လှည့်၊ အဋ္ဌာနမေတ္တံဂါထာတော်တစ်လှည့် အဆက်မပြတ် ရွတ်လေတော့သည်။ စိတ်အထင်နှစ်ဆယ့်ငါးမိနစ်ခန့်အကြာ ပျာယာပျာယာဖြင့် ကိုဖိုးထွေး ဆေးအိုးယူ၍ရောက်ရှိလာ၏။ ကပ္ပိယကြီးမှ ဆေးအိုးအားအသေအချာမွှေနှောက်ပြီး ခွက်တစ်ခုထဲသို့ တစ်ကျပ်သားခန့် လောင်းထည့်ကာ-

"ဖိုးထွေး၊ လူနာကို ဒီခွက်ထဲက ဆေးရည်ကုန်အောင်တိုက်လိုက်။ အနံ့အရသာက အရေးမကြီးဘူး။ အသက်က အရေးကြီးတယ်။ ငါပြောတာ သဘောပေါက်လား"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"

"တိုက်လိုက်တော့။ အကြောင်းထူးရင် အချိန်မရွေး လာပြောကြားလား"

ဆိုကာ ကျောင်းသို့ပြန်ခဲ့လာသည်။ ကျွန်ုပ်တို့ ပြန်ချိန်မှာ နေဝင်၍အတော်ပင်မှောင်နေပြီဖြစ်၏။ အပြန်လမ်းတွင် ပါးစပ်အငြိမ်မနေနိုင်သော ကျွန်ုပ်မှ -

"ကပ္ပိယကြီးဆေးမျိုး ကျုပ်တစ်ခါမှ မကြားဖူးဘူး။ ဟုတ်ကောဟုတ်ရဲ့လားဗျာ။ ဆေးကလည်း မဖွယ်ရာလိုက်တာ။ မဟုတ်ရင်တော့ ဘုမသိဘမသိလိုက်မိတဲ့ ကျုပ်ပါ နာမည်ပျက်ပြီဗျို့"

"ပူမနေစမ်းပါနဲ့။ ဟုတ်၊ မဟုတ် နောက်တစ်နာရီလောက်ဆို မင်းသိရမှာပေါ့။ ကဲ - လာ၊ လာ။ မင်းလည်း ဗိုက်ဆာရော့မယ်"

ထိုည ကျွန်ုပ်နှင့် ကပ္ပိယကြီး ကျောင်းရှေ့အုတ်ခုံတွင် စကားပြောနေခိုက် ကိုဖိုးထွေးနှင့် ရွာသား သုံး၊ လေးဦးရောက်ရှိလာပြီး သူ့မိန်းမ မိသေး ကလေးဖွားပြီးသွားကြောင်း၊ ကလေးမှာ အသက်မပါတော့သော်လည်း လူကြီးမှာ အခြေအနေကောင်းကြောင်း၊ ဆရာတော်နှင့် ကပ္ပိယကြီးအား အထူးကျေးဇူးတင်ရှိပါကြောင်း မျက်ရည်တဝဲဝဲနှင့်ပြောရင်း ဘယ်နှကြိမ်မှန်းမသိအောင် ကုန်း၍ဦးချလေတော့သည်။ ကပ္ပိယကြီးမှာမူ ကျွန်ုပ်အား ပြုံးပြုံးကြီးကြည့်ရင်း -

'ဘယ့်နှယ်လဲ'

ဆိုသောသဘောဖြင့် မေးဆတ်ပြလေသည်။

ကျွန်ုပ်စိတ်ထဲတွင်တော့ -

'အင်း - ဒီလိုဆိုတော့လည်း ကပ္ပိယကြီးက အဟုတ်သား'

(ဆက်ရန်)

ကိုစနေ



www.burmeseclassic.com

www.burmeseclassic.com

## ပေလီလေဆိပ်အနီး မဇင်ရွာမှ

# (၇)ဘဝလူဝင်စား မပိုးဝါ

ရွှေချိုအောင်(ပေလီ)

ဤကမ္ဘာမြေ သတ္တလောကကြီးသည် အစဉ်အမြဲ ပြောင်းလဲလျက်ရှိပေသည်။ လူ့ဘုံလူ့လောကတွင် သတ္တဝါတို့၏ သံသရာလည်သည့် ခရီးစဉ်ကြီးသည် ဘယ်တော့မှ မရပ်မနားဘဲ လည်ပတ်လျက်ရှိနေပေသည်။ လောကလူ့ရွာသို့ ရောက်ရှိခဲ့သူများသည် မိမိတို့၏ ကောင်းမှု၊ မကောင်းမှုကို အကြောင်းပြု၍ နတ်ပြည်နတ်ရွာသို့ လည်းကောင်း၊ လူသားအဖြစ် ပြန်လည်မွေးဖွားခြင်းဖြင့် လည်းကောင်း၊ တိရစ္ဆာန်လောကသို့ လည်းကောင်း၊ အဝီစိငရဲဆီသို့ လည်းကောင်း ရောက်ရှိကြလေသည်။ အချို့က ပြိတ္တာပေတဘဝအမျိုးမျိုးတွင် ရပ်တည်နေခဲ့ပြီးမှ လူ့ဘုံလူ့လောကသို့ ပြန်လည် ရောက်ရှိလာကြပြန်လေသည်။ ၎င်းတို့အနက်မှ အနည်းငယ်မျှလောက်သော လူတို့သည်သာ မိမိတို့၏အတိတ်ဘဝပုံရိပ်များကို ပြန်လည် သိရှိပြောပြနိုင်စွမ်းရှိကြသည်ကို အံ့သြဖွယ်ရာတွေ့ရှိရပေသည်။ အတိတ်ဘဝကို ပြန်လည်အမှတ်ရပြောဆိုနိုင်သူများကို စာရေးသူတို့က လူဝင်စားဟု သတ်မှတ်ကြလေသည်။

မြတ်ဗုဒ္ဓ၏ တရားတော်အရ လူသားတစ်ဦးသေဆုံးပြီးနောက် လူပြန်ဖြစ်ဖို့အရေးသည် များစွာခဲယဉ်းလှကြောင်းကို ကမ္ဘာမြေပြင်ပေါ်ရှိ သဲထုနှင့် လက်သည်းခွံပေါ် တင်ပြသည့် သဲဥပမာအရ ကမ္ဘာ့သဲမြေထုနှင့် နှိုင်းဆကာ လက်သည်းခွံပေါ်တင်ပြသည့် သဲပွင့်မျှသာ လူပြန်ဖြစ်ခွင့်ရှိကြောင်း ဟောကြားခဲ့လေသည်။ လူ့ပြည်မှ အပ်တစ်စင်းနှင့် ဗြဟ္မာ့ပြည်မှ အပ်တစ်စင်းတို့၏ ထိပ်ဖျားချွန်နှစ်ခု ထိချင်ထိနိုင်သော်လည်း လူပြန်ဖြစ်ဖို့ မလွယ်ကြောင်းကို လည်းကောင်း၊ သမုဒ္ဒရာရေပြင်တွင် ကျက်စားနေထိုင်သည့် ကမ္ဘာလိပ်ကြီးနှင့် ထမ်းပိုးပေါက် ဥပမာတွင် လိပ်ခေါင်းသည် ထမ်းပိုးပေါက်အတွင်း စွပ်မိနိုင်သော်လည်း လူအဖြစ်ပြန်ရဖို့က အလွန်နည်းပါးကြောင်း စာရေးသူ မှတ်သားမိပါသည်။

မည်သို့ပင်ဆိုစေကာမူ လူ့ဘဝမှ ကံကုန်သေဆုံးကြပြီးနောက် ဘဝမခြားလူဝင်စားများအဖြစ် ရှေးဟောင်းနှောင်းဖြစ်ဘဝအကြောင်း ပြောဆိုနိုင်ကြသည့် လူဝင်စားများကိုတော့ဖြင့် စာရေးသူ အလွန်ပင်စိတ်ဝင်စားမိသည်။ လူဝင်စားအများစုထဲမှ စာရေးသူ၏ နေရာဒေသ ဆွေမျိုးမိသားစု မိတ်ဆွေများထဲရှိ လူဝင်စားများကို စုံစမ်းမေးမြန်း လေ့လာရေးသားလျက်ရှိပါသည်။

သို့သော် အခက်အခဲတစ်ခု... သည်။ ယင်းမှာ အခြားမဟုတ်။ လူဝ... စားစော်တော်များများသည် မေးတ... မဖြေကြားလိုဘဲ မိမိတို့ဘာသာဘာ... အလျောက် ကလေးအရွယ် လူမ... ဘဝတွင်ကစားရင်း သူ့အလိုလိုပြန်... ပြတတ်လေ့ရှိသည်ကို တွေ့ရှိခဲ့ရ... သည်။ မေးမြန်းသမျှ ဖြေကြားသူမျ... အသက်အရွယ်ကြီးရင့်သည်အထိ ဘ... ဟောင်းကို မှတ်မိသူများကသာ ... စေ့တွင်းကျ ပြောပြနိုင်စွမ်းရှိကြ... သည်။ အချို့လူဝင်စားများကို လေ့... ရာတွင် မိဘ၊ ဆွေမျိုး၊ ဘကြီး၊ ဘ... ဒေါ်ကြီး၊ ဒေါ်လေး၊ ညီအစ်ကိုမော... နှမ၊ ကစားဖော်ကစားဖက်များထံမှ ... ဆင့် မေးမြန်းမှတ်သား၍ တင်ပြခွင့်... ကြခြင်း ဖြစ်ပါသည်။

ယခု စာရေးသူ ရေးသား ... မည့် လူဝင်စားမလေး အဋ္ဌမ... ကျောင်းသူ မပိုးဝါလေးမှာ စာရေး... မိသားစုဝင် ဖြစ်ပါသည်။ စာရေး... ဇနီးသည်ဘက်မှ အမျိုးတော်စပ်သူ... ပါသည်။ စာရေးသူ၏ဇနီးသည် ဒေ... မြင့်ရည်မှာ မဇင်ရွာသူ ဖြစ်ပါ... မဇင်ရွာသည် ရခိုင်ပြည်နယ် သံ... ပေလီလေဆိပ်နှင့် ကပ်လျက် ...



ဖခင်ဟောင်း ဘုန်းတော်ကြီးနှင့် လူဝင်စား မပိုးဝါ



ကျောင်းဆုပေးပွဲတွင် တေးသရုပ်ဖော်နေသည့် မပိုးဝါ



အငြိမ့်မင်းသမီးလေး မပိုးဝါ



www.burmeseclassic.com

www.burmeseclassic.com


နှစ်စဉ် ပညာရည်ချွန်ဆုရသည့် မပိုးဝါ


ဘဝဟောင်း မမျိုးသီတာပုံ


မေတ္တာလှိုင်းတေးဂီတပွဲမှ ကပြနေပုံ


စာရေးသူတို့နှင့် မပိုးဝါမိသားစု

သည့် ရွာတစ်ရွာ ဖြစ်ပါသည်။ မပိုးဝါ၏ ဖခင်နှင့် စာရေးသူ၏ဇနီးမှာ သားမိတွေး တော်စပ်ပါသည်။မပိုးဝါ၏မိခင်က တွေး လေးဖြစ်၍ စာရေးသူဇနီးက တူမဖြစ်ပါ သည်။ သို့သော် စာရေးသူဇနီးက ဝါ သယ်သော်လည်း အသက်ကြီးသဖြင့် မပိုး ဝါ၏မိခင်က မမဟုသာ ခေါ်လေ့ရှိပါ သည်။ မပိုးဝါက စာရေးသူကို ဘဘကြီး ဟု ခေါ်လေ့ရှိသည်။

မမေပိုးဝါကို ဖခင် ဦးသိန်းရွှေဝင်း (ကိုတို-အရပ်အခေါ်)နှင့် မိခင် ဒေါ်ငွေ ငွေဝင်း (အပုကြည်)တို့မှ ၁၉၉၉ ခုနှစ်၊ ဇင်ဘာလ ၂၂ ရက်နေ့တွင် မွေးဖွားခဲ့ ပါသည်။ မိဘဆွေမျိုးများက ချစ်စနိုးဖြင့် မေပိုးဝါဟု ခေါ်ကြသော်လည်း ကျောင်း နေနာမည်ရင်းမှာ 'မရွှေရည်ဝင်း' ဖြစ် လေသည်။ မေပိုးဝါတွင် အစ်မကြီးတစ် ဦးရှိပါသည်၊ နာမည်မှာ မပိုးဖြူ ဖြစ်ပါ သည်။ မပိုးဝါကလေးသည် မူလတန်း ကျောင်းသူဘဝက မဇင်ကျေးရွာ မူလ တန်းကျောင်းတွင် ပညာသင်ကြားခဲ့ပြီး ယခုအခါ အဋ္ဌမတန်းသို့ ရောက်ရှိနေပြီ ဖြစ်သဖြင့် ငပလီအထက်တန်းကျောင်း တွင် ပညာသင်ကြားလျက် ရှိပါသည်။

မပိုးဝါတို့ညီအစ်မနှစ်ဦးတွင် မပိုး ဝါက 'ပညာရည်နှင့် အနုပညာတို့တွင် အလွန်ထက်မြက်မှုရှိသည်။ အစ်မကြီး မပိုးဖြူကမူ ဒသမတန်းကျောင်းသူဖြစ်၍ အနေအထိုင်အလွန်အေးဆေးတည်ငြိမ် မှုရှိသည်။ မပိုးဝါကလေးကမူ ရုပ်ရည် ပိုင်းတွင် အစ်မကြီးထက် ပို၍ ချောပါ သည်။

စာရေးသူ သတိတစ်ခုထားမိ သည်မှာ သူတို့မိသားစုကို ဓာတ်ပုံမှတ် တမ်းတင်သည့်အခါ ဘဝဟောင်းမှ ဓာတ်ပုံကိုပါ တွေ့ရှိရပါသည်။ ဘဝ ဟောင်းမှ မမျိုးသီတာအောင်သည် ယခု ဘဝသစ် မရွှေရည်ဝင်း (မပိုးဝါ)နှင့် ရုပ် ရည်ချင်းအတော်ကလေး ဆင်တူနီးပါး



www.burmeseclassic.com

www.burmeseclassic.com

ရှိနေသည်ကို သတိထားမိပါသည်။ ဘဝ ဟောင်းမှ မမျိုးသီတာအောင်သည် ပညာထူးချွန်သလို ယခုဘဝသစ်မှ မပိုးဝါသည်လည်း ပညာရည်ထူးချွန်မှုရှိကြောင်း စာရေးသူသိရှိရပါသည်။ မမျိုးသီတာအောင်သည် ဆယ်တန်းကျောင်းသူဘဝတွင် သုံးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ထူးချွန်ခဲ့ပါသည်။ တက္ကသိုလ်တက်ရောက်ခဲ့ပြီးနောက် နောက်ဆုံးနှစ် အောင်စာရင်းမထွက်မီကာလတွင် ကွယ်လွန်ခဲ့ရသူ ဖြစ်သည်။ ဘဝဟောင်းမှ ပါရမီအလျောက် ယခုဘဝသစ် မပိုးဝါဘဝတွင်လည်း မူလတန်းကပင်လျှင် ပညာရည်ချွန်ဆုများရရှိခဲ့ပါသည်။ ယခု အဌမတန်းကျောင်းသူဘဝတွင် (Top Ten) စာရင်းဝင် ပဉ္စမအဆင့်တွင် ရှိနေပါသည်။

ယခင်ဘဝဟောင်းမှ မမျိုးသီတာအောင်မှာ သံတွဲမြို့နှင့် အနီးကပ်ဆုံးတည်ရှိနေသည့် ရွှေကျောင်းပြင်ရွာသူဖြစ်ပါသည်။ ရွှေကျောင်းပြင်ရွာသည် သံတွဲ-ကင်းမော်လမ်းမကြီးဘေးတွင်ရှိပါသည်။ ရွှေကျောင်းပြင်ရွာသည် ဒွါရာဝတီ သံတွဲမြို့၏ 'တော်သုံးတော်ဝင်' မြတ်စွာဘုရားရှင်၏ ဗျာဒိတ်တော်ရ 'ရွှေနံ့တော်' စေတီမြတ်ကြီး တည်ရှိရာ နံ့တော်တောင်ခြေတွင် တည်ရှိပါသည်။ အရှေ့ဘက်တွင် ဒွါရာဝတီမြစ် (သံတွဲမြစ်)ကြီးက ကွေ့ပတ်ဝေ့ဝိုက်စီးဆင်းနေပါသည်။ စာရေးသူ၏ စာရေးဖော်ရေးမိတ်ဆွေ စာရေးဆရာအသင်းဝင် ကိုလတ်-သံတွဲတို့ရွာဖြစ်ပါသည်။ သံတွဲမြို့တွင် ဒွါရာဝတီမြို့တော် ရခိုင်ဘုရင်မင်းလက်ထက်က ပညာတတ်ဆရာတော်ကြီးမှာ စာပေပရိယတ်၊ ပဋိပတ်ထူးချွန်သဖြင့် ရှင်ဘုရင်က ရွှေကျောင်းတော်ကြီး ဆောက်လုပ် လှူဒါန်းခဲ့သည့်နေရာကို အစွဲပြု၍ နောင်တွင် 'ရွှေကျောင်းပြင်ရွာ' ဟု အမည်ရှိလာသည့် ရွာတစ်ရွာ ဖြစ်ပါသည်။

ဘဝဟောင်း မမျိုးသီတာအောင်၏ ဖခင်ကြီးမှာ ဦးအုန်းမြင့်ဖြစ်၍ မိခင်မှာ ဒေါ်သိန်းမြကြည် ဖြစ်ပါသည်။ ညီအစ်ကိုမောင်နှမသုံးယောက်ရှိခဲ့ကြလေသည်။ မမျိုးသီတာအောင်တွင် အစ်ကို တစ်ယောက်နှင့် မောင်တစ်ယောက်ရှိပါသည်။ မမျိုးသီတာအောင်၏ အဘိုးကြီးနာမည်မှာ ဦးမောင်သက် ဖြစ်ပါသည်။ ဘိုးဘိုးကြီးက မမျိုးသီတာအောင်ကို အလွန်ချစ်သည်။ ချစ်စနိုးဖြင့် 'မမလေး' ဟုသာ ခေါ်လေ့ရှိပါသည်။ ယခု မဇင်ရွာတွင် လူဝင်စားဖြစ်လာသည့် မပိုးဝါကိုလည်း သူ့မြေး လူဝင်စား မပိုးဝါကို ချစ်စနိုးဖြင့် ယခုနာမည်အတိုင်း 'မမလေး' ဟုသာ ခေါ်ဆိုပါသည်။ မမျိုးသီတာအောင်၏ ဖခင်ဦးအုန်းမြင့်မှာ ဝန်ထမ်းအငြိမ်းစားတစ်ဦး ဖြစ်ပါသည်။ အငြိမ်းစားယူပြီးနောက် ရဟန်းခံကာ ဘုန်းကြီးဝတ်ခဲ့ပါသည်။ ဖခင်ဘုန်းတော်ကြီးသည် သံတွဲမြို့မရိုးဘေး သပြေချိုင်သဘော်ဆိပ်အနီး တောင်ပုလုခေါ် တောင်ကုန်းကလေးတွင် ကျောင်းထိုင်သီတင်းသုံးပါသည်။ လူဝင်စားမပိုးဝါထံသို့ မကြာခဏလာရောက်လေ့ရှိသလို သမီးလူဝင်စားကို တွေ့ချင်၍ ဆရာတော်က မှာကြားပါက ကျွန်တော့်ဝမ်းကွဲယောက္ခမ ဒေါ်လေးတင်မြင့် (ကြီးကြီးတော်စပ်သူ)က လိုက်ပို့ရလေ့ရှိပါသည်။

မေပိုးဝါကလေး၏ မိခင်ဟောင်းကွယ်လွန်ခဲ့သည်မှာ ကြာပြီဖြစ်သော်လည်း ဖခင်တောင်ပုလုဆရာတော်မှာမူ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လလောက်က ပျံလွန်တော်မူပြီး ဖြစ်ပါသည်။ တောင်ပုလုဆရာတော်မှာ စာရေးသူနှင့်လည်း ဆရာဒကာရင်းနှီးမှုရှိပါသည်။ စာရေးသူမှာ မအားမလပ်သဖြင့် အကျဉ်းချုံးပြုလုပ်သည့် ဆရာတော့်ဈာပနသို့မသွားရောက်နိုင်ခဲ့ပါ။ မပိုးဝါသည် ပညာရည်ထူးချွန်ရုံသာမက အနုပညာကိုလည်း အလွန်ဝါသနာထုံပါသည်။ ဓာတ်ပုံမှတ်တမ်းများအရ မူလတန်းတွင် ပညာရည်ဆုယူနေပုံကို လည်းကောင်း၊ ကျောင်းသားမိဘဆရာအသင်း နှစ်ပတ်လည်အစည်းဝေးပွဲနှင့် ဆုနှင်းသဘင်အခမ်းအနားတွင် အငြိမ့်မင်းသမီးအဖြစ် ကပြအသုံးတော်ခံနေသည်ကို မြင့်တွေ့ရမည်ဖြစ်ပါသည်။ သူနာပြုပုံနှင့်တွေ့ရသည်မှာ ကျောင်းဆုပေးပွဲမှ 'အသီးတစ်ရာ၊ အညာတစ်ခု' တွံတေးသိန်းတန်၏ တေးသီချင်း သရုပ်ဖော်တွင် သူနာပြုဆရာမအဖြစ် တေးသရုပ်ဖော် ကပြနေစဉ် ဖြစ်ပါသည်။ မဇင်ကျေးရွာမှ လူငယ်များက နှစ်စဉ်ပြုလုပ်ကျင်းပဖြစ်သည့် စတိတ်ရှိုးအဖွဲ့ဖြစ်သည့် 'မေတ္တာလှိုင်း' စင်တင်တေးဂီတအဖွဲ့တွင်လည်း မိမိကျွမ်းကျင်ပိုင်နိုင်ရာ အကပဒေသာဖြင့် အစဉ်အမြဲ တင်ဆက်နေဆဲ ဖြစ်ပါသည်။

မပိုးဝါကလေးသည် (၂)နှစ်သမီးအရွယ်ကစတင်၍ သူ့ရှေးဟောင်းနှောင်းဖြစ်ဘဝကို စတင်ပြောလေ့ရှိသည်ဟု မိခင် မဌေးဌေးဝင်း (အပုကြည်) က စာရေးသူကို အမြဲပြောပြလေ့ရှိသည်။ လူမေးလျှင် ပြောလေ့မရှိသော်လည်း [illegible] ကလေးဘဝလူမမည်အရွယ်တွင် [illegible] ဖော်နှင့်ကစားနေရင်း အလိုလိုပြော[illegible] နေလေ့ရှိသည်ဟု ဆိုပါသည်။ [illegible] တော်က သူ့ကို လူဝင်စားဘဝ မေး[illegible] သည့်အခါ ရှက်စနိုးဟန်ဖြင့်နေ[illegible] လေ့ရှိကာ လုံးဝဖြေကြားခြင်းမ[illegible] မိဘဆွေမျိုးများထံ မေးမြန်း၍ ရေး[illegible] တင်ပြရခြင်း ဖြစ်ပါသည်။

သူ့မိခင် မဌေးဌေးဝင်းက စာ[illegible] သူကို ပြောပြသည်မှာ ဗေဒင်ဆရာ[illegible] တွင် ဗေဒင်သွားမေးသည့်အခါ မရွှေ[illegible] ဝင်း (မပိုးဝါ)သည် ခုနစ်ဘဝ လူဝင်[illegible] ဖြစ်သည်ဟု သိရှိရပါသည်။ လူဝင်[illegible] ဘဝ လေးကြိမ်ဝင်စားခဲ့ပြီးနောက် [illegible] လူဝင်စားအဖြစ် သုံးကြိမ်ကျန်ရှိ[illegible] သည်ဟု ပြောပြပါသည်။

ရွှေကျောင်းပြင်ရွာမှ မမျိုးသီ[illegible] အောင်ဘဝနှင့် သေဆုံးသွားပြီးနေ[illegible] ပေတဘဝနှင့် နေထိုင်ခဲ့သည်ဟု [illegible] သည်။ တစ်နေ့တွင် သူ့ဖခင်သစ်ဖြ[illegible] မည့် ကိုသိန်းရွှေဝင်း (ကိုတို) သည် [illegible] တစ်ခုကြောင့် စက်ဘီးဖြင့်ခရီးသွား[illegible] ရွှေကျောင်းပြင်ရွာမှ ဖြတ်သန်းသွ[illegible] သည်ဟုဆိုပါသည်။ ထိုအခါ ဘဝပြော[illegible] ဆက်အရ သူ့ဖခင်ထံ လူဝင်စားအ[illegible] မွေးဖွားရန် လိုက်ပါလာခဲ့သည်ဟု [illegible] သည်။ လမ်းတစ်လျှောက် သူ့ဖခင် [illegible] ဘီးနောက်မှ လိုက်ပါလာခဲ့သည်ဟု [illegible] သည်။ မဇင်ရွာသို့မရောက်မီ [illegible] ကျေးရွာအရောက်တွင် အပေါ[illegible] သင်းများနှင့် တွေ့သဖြင့် သူ့ဖ[illegible] စက်ဘီးကိုလမ်းဘေးတွင် ရပ်ထ[illegible] စားသောက်ဆိုင်ထဲသို့ ဝင်သွား[illegible] သည်။ ထိုအခါ အနီးရှိ ခွေးများက [illegible] ကို မြင်တွေ့သွားပြီး ဝိုင်းဝန်းဟောင်[illegible] လေတော့သည်။ ခွေးများက စားမဘ[illegible] ဝါးမတတ်ဝိုင်းဟောင်နေကြ၍ ပေ[illegible] ဘဝ မပိုးဝါမှာ အလွန်အမင်း ကြော[illegible] ရွံ့ခဲ့ရကြောင်း၊ ထို့ကြောင့် သစ်ပင်ပေါ[illegible] သူ့ဖခင်ကို စောင့်ဆိုင်းနေရကြော[illegible] ဤသို့ဖြင့် သူ့မိခင်ဝမ်းတွင် ပဋိသ[illegible] အဖြစ် ဝင်ရောက်ကာ ဘဝသစ်လူဝ[illegible] စား မရွှေရည်ဝင်း (မပိုးဝါ)အဖြစ် မ[illegible] ရွာတွင် မွေးဖွားကြီးပြင်းလာခဲ့ကြော[illegible] စာရှုသူအပေါင်းတို့အား မပိုးဝါ၏ လူဝ[illegible] စားဘဝကို ရေးသား တင်ပြလိုက်ရ[illegible] သည်။

ရွှေချိုအောင် (ပေ[illegible])

www.burmeseclassic.com

ဦးအောင်လှိုင်(သုဝဏ္ဏ)

# ရာသီခွင်အလိုက် ဘဝဖြစ်စဉ်များ




## Aquarius (The water Bearer)
## ကုံရာသီ

**ဇန်နဝါရီ (၂၁) ရက်မှ ဖေဖော်ဝါရီ (၁၉) ရက်အတွင်း မွေးဖွားသူများ**

ရည်ရွယ်ချက်၊ မျှော်လင့်ချက်များ၊ မိတ်ဆွေအပေါင်းအသင်းဆိုင်ရာကိစ္စများကို ဖော်ပြသည်။ လေဓာတ်ကို ကိုယ်စားပြုသည်။ ရာသီရုပ်သည် ရေထမ်းသမားဟု အမည်ရသည်။ စေတနာရှေ့ထား၍ မည်သူ့ကိုမဆို ကူညီမစတတ်သည်။ ရိုးပင်းကူညီစိတ်ရှိသလို လူအများစုအတွက် မည်ကဲ့သို့ စီမံခန့်ခွဲရမည်ကို ကောင်းစွာနားလည်သည့် စီစဉ်တတ်သောဉာဏ်ရှိသည်။ မိမိတွင်ပိုင်ဆိုင်ထားပြီးသော အတွေးအခေါ် သစ်ကောင်းများအား အများအကျိုးအတွက် လက်ဆင့်ကမ်း ဖြန့်ဝေပေးတတ်သည်။

လူတကာတို့၏ရှေ့ဆုံးမှဦးဆောင်လမ်းပြပေးနိုင်သော သဘောလက္ခဏာရှိသည်။ အမှန်တရားကို မြတ်နိုးတတ်သည်။

ကုံရာသီဖွားများသည် ကျောက်စိမ်းရတနာကဲ့သို့ ထင်ပေါ်ကျော်ကြားမှုမရှိတတ်သလို မထင်မရှား ရပ်တည်ရှင်သန်နေသော နုံအ,သည့် (သုံးမရသည့်) သူများလည်း မဟုတ်ကြပါ။

၎င်းရာသီဖွားတို့၏ ဆံပင်သည် ဖြောင့်တန်း၍ ပိုးသားကဲ့သို့ နူးညံ့ကြသည်။ မျက်လုံးများသည် စင်းနေလျက် အငြိမ်မနေကစားနေတတ်သည်။ တစ်ခါတစ်ရံ မိန်းမသားခန္ဓာကိုယ်နှင့် ယောကျ်ားသားများတို့ကဲ့သို့ စရိုက်လက္ခဏာရှိတတ်သည်။ တစ်ဖန် ဆန့်ကျင်ဘက်အနေဖြင့် ယောကျ်ားကိုယ်ခန္ဓာနှင့်မိန်းမတို့၏ စရိုက်လက္ခဏာရှိတတ်ပါသည်။ ပခုံးကျယ်တတ်သည်။

ကုံရာသီဖွားများတို့၌ ရင်းနှီးသော အပေါင်းအသင်းမိတ်ဆွေများများစားစားမရှိတတ်ပေ။ လူမှုအသိုင်းအဝန်းအတွင်း၌ အရည်အချင်းထက် အရေအတွက်က ပိုမိုများပြားလှသည်။ အပေါင်းအသင်းနည်းသည့်အလျောက် မိမိတစ်ဦးတည်း အထီးကျန်တိမ်တိုက်များအကြား လွင့်ပါး(လျှောက်သွား)နေတတ်သည်။

အချို့သော ကုံရာသီဖွားများ၌ ထက်မြက်သော အတွေးအမြင်ရှိတတ်ကြသည်။ ကုံရာသီဖွား အလုပ်သမားဖြစ်ခဲ့ပါက ၎င်းအား တိကျသောလုပ်ငန်းတာဝန်တစ်ခု သတ်မှတ်ပေးရန် ခဲယဉ်းတတ်ပါသည်။ ပင်ကိုသဘာဝအရ နေရာတစ်နေရာတည်း၌ အထိုင်ချလုပ်ကိုင်လိုသူများ မဟုတ်ကြပေ။

အသက်ရွယ်ကြီးရင့်လာသူ ကုံရာသီဖွားများအနေဖြင့် ခြေထောက်၊ ခြေမျက်စိနှင့် မေးစေ့တို့၌ မတော်တဆထိခိုက်ဒဏ်ရာရတတ်သည်။ ခြေမျက်စိတွင်ရှိအရိုးများ အားနည်း၍ပွလာတတ်သည်။ ထိုအကျိုးဆက်က ခြေထောက်တစ်ချောင်းလုံးအား အထိမခံနိုင်အောင် နာကျင်စေပါသည်။ ထိုအခြေအနေကြောင့် ကျန်းမာရေးလေ့ကျင့်ခန်းတစ်ခုခုလုပ်သင့်သည်။ လူနာအနေဖြင့် ပြတင်းပေါက်များပိတ်ထားခြင်းကြောင့် သန့်ရှင်း လတ်ဆတ်သောလေကိုရှူရန် အခွင့်အလမ်းနည်းသွားကာ ရောဂါပိုမိုသည်းစေတတ်သည်။ လူနာအနေဖြင့် ချမ်းလွန်း၍ စောင်ခြုံကွေးနေတတ်သည်က များပေလိမ့်မည်။


ကုံရာသီဖွားများသည် အချေးအငှားကိစ္စများမရှိစေရန် အတတ်နိုင်ဆုံးရှောင်ရှားတတ်သည်။

**ကုံရာသီဖွား (အမျိုးသား)**

ကုံရာသီဖွား အမျိုးသားတို့အနေဖြင့် ရင်တွင်းခံစားချက်အမှန်ကို ဘယ်သောအခါမှ ထုတ်ဖော်ပြောဆိုခြင်းမရှိကြပေ။ ၎င်းရာသီဖွားတို့၏ တုံ့ပြန်လှုပ်ရှားမှုများက အများနှင့်မတူအောင် ရှုပ်ထွေးလှသည်။

ကုံရာသီဖွားတို့အား စိတ်ဓာတ်ကျဉ်းမြောင်းသူများအဖြစ် သတ်မှတ်ပြောဆိုခြင်းအပေါ် ၎င်းရာသီဖွားတို့မှ လုံးဝ သည်းခံနိုင်စွမ်းမရှိတတ်ပေ။

ကုံရာသီဖွား အမျိုးသားတို့သည် အရာရာကို ထိတွေ့ကိုင်တွယ်မှု၌ နူးညံ့ညင်သာကြသည်။ မိမိခြေထောက်ပေါ် မိမိရပ်တည်နိုင်စွမ်းသော အမျိုးသမီးများကို လေးစားတန်ဖိုးထား အားကျတတ်ကြသည်။ သို့သော် အိမ်ထောင်ရေးအနေဖြင့် ကလေးငယ်များ သကြား



www.burmeseclassic.com

လုံးစက္ကူဖြေပြီးစားသကဲ့သို့ အလွယ်စိတ်မကူးတတ်ကြပေ။

အကယ်၍ ကုံရာသီဖွားအမျိုးသားများ နှလုံးသားရေးရာ၌ အသည်းကွဲဇာတ်လမ်းရှိခဲ့ပါကလည်း မိတ်ဆွေအပေါင်းအသင်းများ၏ မေးမြန်းမှုနှင့် အဖြစ်မှန်ကို သိရှိ (ကြားသိ) မည် စိုးရိမ်သဖြင့် လျှို့ဝှက်တိတ်ဆိတ်စွာဖုံးဖိလျက်ကြိတ်မှိတ်ခံစားနေတတ်သည်။

**ကုံရာသီဖွား (အမျိုးသမီး)**

အချစ်ရေး၌ သစ္စာစောင့်သိတတ်သူများဖြစ်ကြသည်။ အတွေးအခေါ်ကောင်းတတ်သည့်အလျောက် နိုင်ငံရေးအစီအစဉ်ရေးဆွဲသူများ၊ သိပ္ပံဆိုင်ရာတီထွင်ဆန်းသစ်သူ ပညာရှင်များနှင့် ပညာရေးဝန်ထမ်းလောကတို့၌ အများဆုံးတွေ့ရတတ်သည်။ အိမ်ထောင်ရေးတွင် ဘဝတစ်သက်တာ လက်တွဲဖော်အား ရိုးသား ဖြောင့်မတ်စွာ ရွေးချယ်ပြီးသစ္စာရှိရှိ ပေါင်းသင်းတတ်သည်။ ကွာရှင်းပြတ်စဲတတ်ခြင်း၊ အိမ်ထောင်ဖက်အသစ်ရှာဖွေခြင်းတို့၌ စိတ်မဝင်စားတတ်ပေ။

အကယ်၍ ကုံရာသီဖွားသည် အမျိုးသမီးဖြစ်ပါကလည်း သူမတို့လျှောက်လှမ်းရမည့် လမ်းကြောင်းကိုရဲဝံ့စွာဖြောင့်ဖြောင့်တန်းတန်းလျှောက်တတ်ကြသည်။ ၎င်းအမျိုးသမီးများအဖို့ မတော်တဆကြွေးမြီတင်ရှိခဲ့ပါက စိတ်မသက်မသာဖြစ်နေတတ်သည်။ အပေါ်ယံအသွင်သဏ္ဍာန်အားဖြင့် ချစ်စဖွယ်အမျိုးသမီးများ ဖြစ်သည်။ သာမန်ရာသီဖွားအမျိုးသမီးများထက် တစ်မူထူးခြား၍ဆံပင်ရှည်ထားတတ်ကြသည်။ အကယ်၍ သားသမီးရှိသူ မိခင်များဖြစ်ပါက ရင်သွေးများအပေါ် လိုလေသေးမရှိအောင် ဖြည့်စွမ်းပေးနိုင်သော်လည်း အိမ်မှုကိစ္စအလုပ်များ၌ ကစဉ့်ကလျားဖြစ်တတ်သည်၊ လစ်ဟင်းတတ်သည်။

**ကုံရာသီဖွား (ကလေးငယ်)**

၎င်းရာသီဖွား ကလေးများသည် ဆတ်ဆတ်ထိမခံတတ်ခြင်း၊ ခေါင်းမာတတ်ခြင်း၊ လွတ်လပ်မှုကို လိုလားခြင်းနှင့် တီထွင်ကြံဆခြင်းတို့အား လိုလားနှစ်သက်တတ်ကြသည်။ ကုံရာသီဖွားကလေးတို့၏ မိဘများအနေဖြင့် ၎င်းတို့သားသမီးများက အခြားကလေးများထက် တစ်စုံတစ်ရာမက ထူးခြားမှုရှိကြောင်း သတိထားမိကြသည်။

ကုံရာသီဖွား ကလေးများသည် ဆရာဖြစ်သူမှ ကျောင်းအတွင်း သင်ခန်းစာရှင်းပြသည်ကို ငြင်းဆိုတတ်ကြကြောင်း ဆရာ၊ ဆရာမတို့ဘက်မှ မကြာခဏ စောဒကတက် ပြောဆိုကြသည်။ အားကစားလုပ်ရခြင်းကို မြတ်နိုးကြသည်။ အရာရာကို ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်တတ်သည်။

ကုံရာသီဖွား ကျားဖြစ်စေ၊ မ,ဖြစ်စေ အပေါင်းအသင်းများစွာရှိတတ်သည်။ တစ်ရက်ချင်းစီအလိုက် အနည်းဆုံး (၁) ဦးနှုန်းမှ (၁၀)ဦးအထိပင် (ရက်တို့) အတွင်း သူငယ်ချင်းအဖြစ် ပေါင်းသင်းမိတတ်ကြသည်။ ၎င်းရာသီဖွားကလေးများအဖို့ မနက်ဖြန်တိုင်း မနက်ဖြန်တိုင်း ကံဇာတာ၏ အစီအစဉ်ဖြင့် လိုအပ်သောနေရာများ၌ ဖြည့်ဆည်းပေးခြင်းခံရမည် ဖြစ်သည်။

**ကုံရာသီဖွား (သူဌေး)**

၎င်းရာသီဖွား သူဌေးများသည် အလုပ်ချိန်နံနက် (၉) နာရီမှ ညနေ (၅) နာရီအထိ (၈) နာရီကြာ အလုပ်ခွင်အတွင်း၌သာရှိနေတတ်သည့် စည်းစနစ်ကြီးသူများ ဖြစ်ကြသည်။ အချို့သော ကုံရာသီဖွားသူဌေးတို့အနေဖြင့် လက်အောက်ဝန်ထမ်းများအား အမိန့်ပေးညွှန်ကြားရေးနှင့် ဆုံးဖြတ်ချက်ချနိုင်ရန် စီမံကိုင်တွယ်ခြင်းများ၌ အနည်းငယ်ပျော့ညံ့တတ်ကြသည်။

ကုံရာသီဖွားသူဌေးအနေဖြင့် သင်လိုအပ်သလို သုံးစွဲနိုင်ရန် နည်းပေးလမ်းပြမျိုးစုံပေးတတ်ပါသည်။ လုပ်ငန်းဆိုင်ရာလုပ်ထုံးလုပ်နည်း၊ လုပ်ငန်းခွင်၏ရှေ့လုပ်ငန်းစဉ် စသည်တို့အတွက် လိုအပ်သလို သင်ကြားပေးသွားမည်ဖြစ်သည်။

လုပ်ငန်းအတွက် စနစ်တကျကိုင်တွယ်တတ်သော်လည်း ရံဖန်ရံခါ တစ်ဦးတည်း အတွေးပင်လယ်ကြော၌ နစ်မြောနေတတ်သည်။ တစ်ခါတစ်ရံတွင် အလုပ်ရှင်ပုံစံဖြင့် မဆက်ဆံတတ်ဘဲ အလုပ်သမားများအား သူငယ်ချင်းပေါင်းပေါင်းတတ်သည်။

**ကုံရာသီဖွား (အလုပ်သမား)**

ကုံရာသီဖွားအလုပ်သမားများနှင့် လက်တွဲလုပ်ကိုင်ခွင့်ရသူ သူဌေးတစ်ဦးအဖို့ စိတ်ပိုင်းဆိုင်ရာပျော်ရွှင်မှုများရရှိစေပါမည်။ ကုံရာသီဖွားအလုပ်သမားအများစုမှာ အသောက်အစားကင်းခြင်း၊ တည်ငြိမ်အေးဆေးစွာ နေထိုင်တတ်ခြင်း၊ သီးခြား တစ်ကိုယ်တော်နေတ[...]ခြင်းသဘောသဘာဝရှိသည်။

ကုံရာသီဖွားများအား တေး[...] ချင်းရေးစပ်သီကုံးသူ၊ ဓာတ်ပုံဆ[...] အကဆရာ၊ အဆိုတော်၊ ဂီတပညာရှ[...] လူရွှင်တော်၊ စာရေးဆရာ၊ အားကစား[...] သမား၊ ဘူမိဗေဒပညာရှင်၊ ရုပ်သံ (ဒ[...] ရေဒီယိုသတင်းကြေညာသူများ၌လည်း[...] တွေ့ရတတ်သည်။ ၎င်းတို့နေထိုင်[...] အရပ်သည် တစ်သက်တာကာလပ[...] လုံးအတွက် ပြောင်းရွှေ့မှုမရှိဘဲ နဂို[...] ရာ၌ပင် အခြေချတတ်သည်။

ကုံရာသီဖွားအလုပ်သမားသည်[...] အမျိုးသားဖြစ်ပါက လုပ်ငန်းခွင်ဆိုင်[...] သိသင့်သိထိုက်သည်များ၊ လုပ်ငန်းခွ[...] စည်းကမ်းများနှင့် လုပ်ပုံကိုင်ပုံတို့[...] သီတင်းပတ် အနည်းငယ်အတွင်း န[...] လည်တတ်မြောက်ကာ ပုံမှန်လည်ပ[...] နိုင်သည်အထိ စိတ်ချရတတ်သည်။ ၎[...] အပြင် သိပ္ပံဆိုင်ရာအမြင် (ရှုထော[...]) များလည်းရှိသည်။

၁၉ ရာစုနှစ်များအတွင်း က[...] ကျော်ခဲ့သော စွမ်းဆောင်ရှင်များနှင့် [...] တို့၏ စွမ်းဆောင်ချက်များ ဖြစ်သေ[...] ရောင်စုံရုပ်မြင်သံကြားတီထွင်ခြင်း [...] ကမ္ဘာပေါ်သို့ ခြေချနိုင်ခဲ့ခြင်းနှင့် [...] ဝဋ္ဋာအတွင်း စူးစမ်းရှာဖွေမှုများ ပြု[...] နိုင်ခဲ့ခြင်းတို့သည် ကုံရာသီဖွားများ[...] ဖြစ်ကြောင်း သမိုင်းကြောင်းအား [...] ပြောင်းလေ့လာနိုင်ပါသည်။

ကုံရာသီဖွားအလုပ်သမားတို့[...] ပင်ကိုစရိုက်လက္ခဏာအရ ရက်သ[...] ပတ်ချင်းစီအလိုက် မိတ်ဆွေအသ[...] များတိုးလာခြင်းနှင့် အသိပညာ၊ ဉာ[...] ပညာပိုမိုတိုးတက်လာတတ်ခြင်းသဘော[...] ကိုလည်း အားရဖွယ်တွေ့မြင်နိုင်သည်[...] တီထွင်ဖန်တီးခြင်းအလုပ်များဖြင့်သ[...] အချိန်ကုန်နေတတ်ခြင်းကြောင့် အဝ[...] အစားနှင့် ပန်းကန်ခွက်ယောက်များ[...] ပင် တစ်ပတ်တစ်ကြိမ်မှသာ ဆေ[...] ဆေးကြောနိုင်ကြပါသည်။

ကုံရာသီဖွားများသည် အလ[...] သမားဘဝပင်ဖြစ်သော်လည်း ဉာ[...] ရည်ဉာဏ်သွေးများအားဖြင့် အလွန်[...] ထက်မြက်ကြသည်။ ၎င်းတို့အခေ[...] တစ်ကြိမ်တစ်ခါ ကယ်တင်မိလိုက်ခြ[...] ဖြင့် တစ်သက်တာ ကျေးဇူးမမေ့တ[...] ကြသူများ ဖြစ်သည်။

ဦးအောင်လှိုင်(သ[...]



www.burmeseclassic.com

www.burmeseclassic.com

လှမ်းထက်

# လွိုက်ရေကြောင်းသွားလာရေး အာမခံကုမ္ပဏီ၏အမှုတွဲများ

ကျွန်တော်သည် သူရဇ္ဇမဂ္ဂဇင်းနှင့် သိဒ္ဓိမိုးမဂ္ဂဇင်းကြီးများတွင် 'ထူးဆန်းသော ပျောက်ဆုံးမှုများ' အမည်ဖြင့်လည်းကောင်း၊ 'ကျိန်စာသင့်နေသော သင်္ဘောကြီးများ' အမည်ဖြင့်လည်းကောင်း၊ 'တစ္ဆေသင်္ဘောများ' အမည်ဖြင့် ဗွေအဏ္ဏဝါထဲ၌ဖြစ်ပွားခဲ့သော လောကီလွန် သဘာဝလွန် မဟာသင်္ဘောကြီးများအကြောင်းကို အခါအားလျော်စွာ ရေးသား ဖော်ပြခဲ့ပါသည်။ ဤဆောင်းပါးအားလုံးကို သူရဇ္ဇမဂ္ဂဇင်းနှင့် သိဒ္ဓိမိုးမဂ္ဂဇင်း အယ်ဒီတာအဖွဲ့က စိတ်ရှည်ရှည်ထား၍ ဖော်ပြပေးခဲ့ပါသည်။


ဤဆောင်းပါးများကို ဖတ်ရှုရသော မိတ္ထီလာမြို့ တပ်မတော် ကလေးများအထက်တန်းကျောင်းမှ ကွယ်လွန်သွားခဲ့သော ကျွန်တော့်ကျောင်းသားဟောင်း သင်္ဘောအင်ဂျင်နီယာချုပ်ဖြစ်သော သူ၏ သမီးဖြစ်သူသည် သူ့ခင်လက်လှမ်းမီသလောက် စုဆောင်းထားသော အဏ္ဏဝါနှင့်ပတ်သက်သည့် စာအုပ်စာတမ်းများကို ကျွန်တော် ဖတ်ရှုရန် ငှားရမ်းခဲ့ပါသည်။ ကျွန်တော့်ကျောင်းနေဖက် စာရေးဆရာ နောက်တမ်းတံခါးမှူးကြီးကလည်း သူအနှစ်နှစ်အလလ စုဆောင်းထားသော 'အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ လွိုက်ကုမ္ပဏီမှတ်တမ်းများ' နှင့် 'လွိုက်ကုမ္ပဏီတွင် မှတ်ပုံတင်ထားသောသင်္ဘောများ'ဟူသောစာတမ်းများကို ကျွန်တော်လိုအပ်သလို အသုံးပြုရန်ပေးခဲ့ပါသည်။ သို့ဖြစ်၍ ဤဆောင်းပါးကို ရေးသားနိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ဤဆောင်းပါးသည် ယခင် ကျွန်တော် ရေးသား ဖော်ပြခဲ့သော ယခင်ဆောင်းပါးများ၏အဆက်ဟုလည်း ယူဆနိုင်ပါသည်။


ဤဆောင်းပါးကို ရေးသားမဖော်ပြမီ လန်ဒန်မြို့ လွိုက် (LLoyds of London) ရေကြောင်းသွားလာရေးအာမခံကုမ္ပဏီကြီးအကြောင်းကို အလျဉ်းသင့်သဖြင့် အနည်းငယ် ဖော်ပြရမည် ဖြစ်ပါသည်။ အဏ္ဏဝါပျော်သင်္ဘောသားများ နယ်သစ်ရှာ စွန့်စားသွားလာသူများ၏ မှတ်တမ်းအရ လည်းကောင်း၊ အဏ္ဏဝါသုတေသီများနှင့် နိုင်ငံတကာ ရေကြောင်းမှပြတိုက်များရှိမှတ်တမ်းများအရ သမိုင်းအဆက်ဆက် အကြောင်းမျိုးမျိုးကြောင့်နစ်မြုပ်ခဲ့ရသော သင်္ဘောများမှာ လက်ဆစ်ချိုး၍ ရေတွက်မရအောင်ရှိခဲ့သည်ဟု သိရ၏။

၁၆ ရာစု၊ ၁၇ ရာစုနှစ်များအတွင်းမှာပင် စပိန်ဘုရင့်ရေတပ်မတော်မှ ရတနာပစ္စည်းများတင်ဆောင်လာသော သင်္ဘောများ၊ ဗြိတိသျှကုန်တင်သင်္ဘောများ၊ ဒပ်(ချ်)အမျိုးသားပိုင်သင်္ဘောများ၊ ပေါ်တူဂီအမျိုးသားပိုင်သင်္ဘောများသည် အဏ္ဏဝါပြင်အနှံ့အပြား၌ အကြောင်းအမျိုးမျိုးကြောင့် နစ်မြုပ်ခဲ့ကြပါသည်။ အချို့ကုန်တင်သင်္ဘောအများမှာ ပင်လယ်ဓားပြများ တိုက်ခိုက်နှစ်မြုပ်၍ ပျောက်ဆုံးခဲ့ရပြီး အချို့မှာမူ အကျိုးအကြောင်းရှာမရဘဲ၊ လူသူတစ်စုံတစ်ယောက်မှ မပါဘဲ ရေစီးအတိုင်း မျောပါနေကြသော သင်္ဘောများလည်း ဒုနှင့်ဒေးရှိခဲ့ပါသည်။

မှန်ပါသည်။ မှတ်တမ်းများအရ ၂၀ ရာစုနှစ်အတွင်း အကြောင်းအမျိုးမျိုးကြောင့် နစ်မြုပ်ရသော သင်္ဘောပေါင်း (၂၀၀၀၀) ကျော်ရှိခဲ့သည်ဟု သိရသဖြင့် အံ့ဖွယ်သရဲဖြစ်ခဲ့ရသည်။ ထိုပျောက်ဆုံး နစ်မြုပ်သွားသော သင်္ဘောများ၏ ဖြစ်စဉ်အများကိုမူ အင်္ဂလန်နိုင်ငံ ရေကြောင်းသွားလာရေး အာမခံကုမ္ပဏီ (LLoyds List) 'လွိုက်ရေကြောင်းသွားလာရေးကုမ္ပဏီ၏အမှုတွဲများ' အမည်ဖြင့် မှတ်တမ်းတင်ထားခဲ့သည်။

လွိုက်ရေကြောင်းသွားလာရေး





www.burmeseclassic.com

www.burmeseclassic.com

အာမခံအဖွဲ့၏သမိုင်းမှာ ဒဏ္ဍာရီတစ်ပုဒ်သဖွယ်ဖြစ်သည်။ စိတ်ဝင်စားဖွယ်လည်းကောင်းလှ၏။ ကမ္ဘာ့သမိုင်းတွင် ဟိုးဟိုးကျော်ခဲ့သော ဗြိတိသျှ အမျိုးသားပိုင် အရှေ့အိန္ဒိယကုမ္ပဏီပေါ်ပေါက်လာပုံနှင့် တူညီလှသည်။ ယင်းကုမ္ပဏီပေါ်ပေါက်လာရပုံမှာ အောက်ပါအတိုင်းဖြစ်၏။


၁၆၈၉ ခုနှစ်၊ ဒီဇင်ဘာလ ဖြစ်ပါသည်။

အင်္ဂလန်နိုင်ငံ၏ ဆောင်းရာသီသည် စိတ်ပျက်ငြီးငွေ့စရာကောင်းသည်။ ခိုက်ခိုက်တုန်၍ အရိုးကွဲလုမတတ် အေးမြသောရာသီဥတုကို ပို၍အေးစေရန် တစ်ခါတစ်ရံ မိုးတစ်မို့စိမ့်ရွာတတ်သည်။ မိုးမရွာသောအခါတွင်လည်း ရေခဲတမျှအေးသောလေသည် တသုန်သုန်တိုက်ခတ်နေသည်သာမက တစ်ခါတစ်ရံ နှင်းမြူကမ္ဘာလာကြီးက လန်ဒန်မြို့တော်တစ်ခွင် ရစ်ပတ်ဖွဲ့နှောင်နေတတ်၏။ လန်ဒန်မြို့တော်သူမြို့တော်သားအများကမူ ဂွမ်းစောင်အထပ်ထပ်ခြုံကာ အိပ်ရာများထဲတွင် ကွေးနေလေ့ရှိကြ၏။

လန်ဒန်မြို့တော်ရှိ လမ်းမများပေါ်တွင် လမ်းသွားလမ်းလာရှင်းလျက်ရှိကြ၏။ သို့သော် လန်ဒန်မြို့တော်မျှော်စင်လမ်း(Tower street) တွင်မူ ကုန်သည်များ၊ အဏ္ဏဝါပျော်သင်္ဘောသားများ၊ နယ်သစ်ရှာစွန့်စားသွားလာသူများ၊ သင်္ဘောပိုင်ရှင်များသည် အင်္ဂလန်နိုင်ငံ၏ ဆောင်းရာသီကို ထီမထင်ကြဘဲ ပျားပန်းခပ် သွားလာလှုပ်ရှားနေကြသည်။

လူအစည်ကားဆုံးနေရာမှာ ထိုလမ်းအစွန်းရှိ မစ္စတာအက်(ဒ်) ပိုင်ဆိုင်သော ကော်ဖီဆိုင်ကြီးဖြစ်သည်။ ထိုဆိုင်တွင် အထက်ဖော်ပြပါ လူအများသည် ကော်ဖီခါးခါးကို သောက်ကြ၍ သင်္ဘောသွားလာရေးကိစ္စ၊ သင်္ဘောအသစ်တည်ဆောက်သည့်ကိစ္စ၊ သင်္ဘောများပျောက်ဆုံးသည့်ကိစ္စ၊ သင်္ဘောများနစ်မြုပ်သည့်ကိစ္စ၊ အိန္ဒိယနိုင်ငံ အရှေ့အိန္ဒိယကျွန်းစု (ယနေ့ အင်ဒိုနီးရှား) နှင့် တရုတ်နိုင်ငံတို့မှတင်ပို့လာသည့် ပိုးထည်များ၊ လက်ဖက်ခြောက်များ၊ ဟင်းခတ်အမွှေးအကြိုင်များနှင့်ပတ်သက်သော ကိစ္စရပ်များကို ဆွေးနွေးကြ၊ ငြင်းခုံကြသည်။

၁၆၉၁ ခုနှစ်တွင်မူ အထက်ဖော်ပြပါ 'မျှော်စင်လမ်း' မှ ကော်ဖီဆိုင်သည် လန်ဒန်မြို့ လွန်းဘတ်လမ်းသို့ ပြောင်းရွှေ့လာခဲ့သည်။ အခြေအနေ




အရပ်ရပ်တိုးတက်လာခဲ့သည်။ ထိုစဉ်ကာလက အင်္ဂလန်နိုင်ငံသည် ကိုလိုနီနယ်အမြောက်အမြား ပိုင်ဆိုင်လာခဲ့သည်သာမက ကမ္ဘာ့ကုန်သွယ်ရေးကိုပါ အထိုက်အလျောက် လက်ဝါးကြီးအုပ်နိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်လာသဖြင့် ရာစုနှစ်အဆက်ဆက် ပြိုင်ဘက်ဖြစ်ခဲ့သော ဟော်လန်နိုင်ငံ၊ ပေါ်တူဂီနိုင်ငံ၊ စပိန်နိုင်ငံနှင့် ပြင်သစ်နိုင်ငံများကပင် မော့ကြည့်ရသော စူပါပါဝါနိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့သည်။

လန်ဒန်မြို့သည် ကမ္ဘာ့နိုင်ငံအသီးသီးမှ သင်္ဘောများ ဆိုက်ကပ်သည့်မြို့ဖြစ်လာသည်။ သို့ဖြစ်၍ လွန်းဘတ်လမ်းမှ မစ္စတာအက်(ဒ်)ဝါ(စ်)လွိုက်၏ကော်ဖီဆိုင်သည် နိုင်ငံတကာမှ ကုန်သည်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ပင်လယ်ရေကြောင်းသွားလာရေးအဖွဲ့ဝင်များနှင့် သင်္ဘောပိုင်ရှင်များစုဝေးရာနေရာ ဖြစ်လာ၏။ ၁၇၇၄ ခုနှစ်တွင် အက်(ဒ်)ဝါ(ဒ်) လွိုက် ကွယ်လွန်ခဲ့သော်လည်း သူ့မိတ်ဆွေများ၊ သူ့အား လေးစားကြည်ညိုသူများသည် လွိုက်အဖွဲ့အစည်း (The Society of LLoyols) တစ်ခုကို တည်ထောင်ခဲ့ကြတော့သည်။ ထိုအသင်းအဖွဲ့ကိုလည်း လန်ဒန်မြို့ ကွန်ဟီး(လ်) အရပ်သို့ ရွှေ့ပြောင်းခဲ့ကြပြီး ရေကြောင်းသွားလာရေးအာမခံကုမ္ပဏီတစ်ခု တည်ထောင်ရန် စီမံလာကြ၏။ လွိုက်အသင်းအဖွဲ့ဝင်အများကလည်း စိတ်ဝင်စားလာခဲ့ရာ ခရစ်နှစ် ၁၈၇၁ ခုနှစ် ဗြိတိသျှပါလီမန်ကြီးကပင် လွိုက်ဥပဒေဟုပြဋ္ဌာန်းပေခဲ့ရာ ရေကြောင်းသွားလာရေးအာမခံကုမ္ပဏီကြီးတစ်ခု တည်ထောင်ခဲ့ကြတော့၏။ ကမ္ဘာ့နိုင်ငံအသီးသီးမှ ရေကြောင်းသွားလာရေးကုမ္ပဏီကြီးများသည် မိမိတို့သင်္ဘောများအား လွိုက်ရေကြောင်းသွားလာရေး အာမခံကုမ္ပဏီတွင် အာမခံထားခဲ့ကြ၏။

နိုင်ငံတကာမှ ကမ္ဘာ့အဏ္ဏဝါပြင်တစ်လွှားခရီးသွားလာကြသော သင်္ဘောအများသည် အထက်ဖော်ပြပါ လွိုက်အာမခံကုမ္ပဏီတွင် အာမခံထားခဲ့ကြသည်။ ထိုကုမ္ပဏီကြီးကလည်း သင်္ဘောအများကို စနစ်တကျ စစ်ဆေးပြီး အာမခံထားခွင့်ပြုခဲ့သည်။ ရာစုနှစ်ပေါင်းများစွာကြာမြင့်ခဲ့သော်လည်း လွိုင်ရေကြောင်းသွားလာရေးအာမခံကုမ္ပဏီသည် နာမည်ဆိုးနာမည်ပျက်မရှိခဲ့။ တိကျ ... ကန်သဖြင့် မှတ်တမ်းများအရ ကမ္ဘာ့နိုင်ငံပေါင်း (၂၀၀) မှ ရေကြောင်းသွားလာရေးကုမ္ပဏီများသည် သူတို့ပိုင်ဆိုင်သောသင်္ဘောများကို လွိုက်ရေကြောင်းသွားလာရေးအာမခံကုမ္ပဏီတွင် အာမခံထားကြသည်ဟု သိရ၏။

ယင်းလွိုက်ရေကြောင်းသွားလာရေးအာမခံကုမ္ပဏီသည် သူတို့ကု... တွင် အာမခံထားသော သင်္ဘောမျ... သမိုင်းကို စနစ်တကျ မှတ်သားထ... သည်သာမက ကမ္ဘာ့နိုင်ငံအသီးသီး... သင်္ဘောများပျောက်ဆုံးခြင်း၊ အကြော... အမျိုးမျိုးကြောင့် နစ်မြုပ်ခြင်း၊ မီးလော... ခြင်း၊ ရေမျောခြင်း၊ ကမ်းတင်ခြင်းစသော ထူးခြားဖြစ်စဉ်များကို (LLoyds L... 'လွိုက်ကုမ္ပဏီ၏အမှုတွဲများ' အမည်... မှတ်တမ်းတင်ထားခဲ့သည်။ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ လွိုက်ရေကြောင်းသွား... လာရေးကုမ္ပဏီများကို စနစ်တကျ... ထားခဲ့သည်ဟူ၍လည်း သိရ၏။

အောက်တွင် ရေးသားဖော်ပြ... 'ဂလိုရီယာကိုလီတာ' ဟူသော သင်္ဘော... ၏ ထူးခြားဖြစ်စဉ်မှာ အထက်ဖော်... လွိုက်မှတ်တမ်းမှ ကူးယူဖော်ပြထား... ဖြစ်၍ လွိုက်မှတ်တမ်းမှ ကူးယူ... ထားခြင်းဖြစ်၍ အတော်အသင့်... သည်ဟု ဆိုနိုင်ပါသည်။ ယင်းဂလို... ကိုလီတာသင်္ဘောအား အမေ... ပြည်ထောင်စု မက်ဆီကိုကွေ့မှ မိုင်... ကွာဝေးသော မိုဘီလ်မြို့ ကမ်း... လယ်ပြင်တွင် ရေစီးအတိုင်းမျော... သည်ကို အမေရိကန်ပြည်ထောင်... ခြေစောင့်တပ်ဖွဲ့မှ တွေ့ရှိရသဖြင့် ... ခြေသို့ဆွဲယူလာခဲ့ရသည့် ထူးခြား... ဖြစ်ပါသည်။

ထိုဖြစ်ရပ်ဆန်း ကြုံတွေ့... ကာလမှ ၁၉၄၀ ပြည့်နှစ်၊ ဖေ... လ ပထမရက်သတ္တပတ်အတွင်း ...



www.burmeseclassic.com

www.burmeseclassic.com

သည်။ ထိုစဉ်ကာလ ဥရောပတိုက်တွင် ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားနေအချိန်ဖြစ်၏။ မှန်ပါသည်။ ၁၉၃၉ ခု၊ စက်တင်ဘာလအတွင်း ဖြစ်ပွားခဲ့သော ဒုတိယကမ္ဘာစစ်ကြီးတွင် နာဇီဂျာမန်နိုင်ငံသည် အောင်ပွဲခံနိုင်ရမည့် အခြေအနေသို့ ရောက်ခဲ့ပြီး ဖြစ်၏။ ဥရောပတိုက်နိုင်ငံအသီးသီးသည် နာဇီဂျာမန်တပ်မတော်၏ လျှပ်တစ်ပြက် စစ်ဆင်ရေးကြောင့် လက်နက်ချ အရှုံးပေးခဲ့ရပြီး အင်္ဂလန်နိုင်ငံမှာ အောင်မြင်စွာ ဆုတ်ခွာရသည့် အချိန်ဖြစ်၏။ တစ်နည်းအားဖြင့် အင်္ဂလန်နိုင်ငံသည် တစ်ကောင်ကြွက်နိုင်ငံဖြစ်ခဲ့ရသည်။ အမေရိကန်ပြည်ထောင်စုသည် ဒုတိယကမ္ဘာစစ်ကြီးအတွင်း ပါဝင်ခြင်းမပြုဘဲ တစ်ကိုယ်တော်ဝါဒကို ကျင့်သုံးနေသောအချိန်လည်းဖြစ်သည်။ နာဇီဂျာမန်ရေတပ်မတော်မှ ယူဘုတ်ခေါ် ရေငုပ်သင်္ဘောများသည် အတ္တလန္တိတ်သမုဒ္ဒရာအတွင်း ဖြတ်သန်းသွားလာသောကုန်တင်သင်္ဘောများ၊စစ်သားတင်သင်္ဘောများ၊ ရိက္ခာတင်သင်္ဘောများ၊ လူစီးသင်္ဘောများအား နှစ်မြှုပ်နေသည့် အချိန်လည်း ဖြစ်သည်။ အချို့ ကြားနေနိုင်ငံမှ သင်္ဘောအများမှာလည်း စစ်ပြိုင်နိုင်ငံများမှ အဏ္ဏဝါအတွင်းချထားသော ရေမြှုပ်မိုင်းများကြောင့် မကြာခဏနစ်မြုပ်ခဲ့ကြရ၏။ အမေရိကန်ပြည်ထောင်စု ရေတပ်မတော်သည် အမေရိကန်ပြည်ထောင်စု ကမ်းလွန်ပင်လယ်ပြင်တွင် စနစ်တကျ စောင့်ရှောက်ခဲ့သည်။

စာဖတ်သူများက တညီတညွတ်တည်း အံ့ဖွယ်သရဲထူးခြားဖြစ်စဉ်ဖြစ်ပါသည်ဟု ဆိုသော ပျောက်ဆုံးရမှုကြီးမှာ ၁၉၄၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလအတွင်း အမေရိကန်ပြည်ထောင်စု မက်ဆီကိုကွေ့အတွင်း ပျောက်ဆုံးသွားခဲ့သည်ဆိုသော (၁၂၅) ပေ ရှည်လျားသော စက်တပ်ဆင်ထားသည့် ဂလိုရီယာကိုလီတာဆိုသော ရွက်သင်္ဘောတစ်စင်း ပျောက်ဆုံးရမှုဖြစ်ပါသည်။ ထိုရွက်သင်္ဘောမှာ ခေတ်မီးရွက်၊ သင်္ဘောတစ် ဝင်းဖြစ်ပါသည်။ ယင်းသင်္ဘော၏ ပိုင် ရှင်မှာ ဗြိတိသျှပိုင် အနောက်အိန္ဒိယ ကျွန်းစုရှိ စိန့်ဗင်ဆင်မြို့မှ ဗြိတိသျှ အမျိုးသားတစ်ဦး ဖြစ်ပါသည်။

ထိုသင်္ဘောသည် အနောက်အိန္ဒိယကျွန်းစု၊ ပိုဘီလီမြို့မှ ဇန်နဝါရီလ (၂၁) ရက်နေ့နံနက်စောစောတွင် သစ်များတင်ဆောင်ပြီး ကျူးဗားကျွန်း ဂွိတာနာမိုသို့ ထွက်ခွာလာခဲ့ခြင်း ဖြစ်သည်။ ယင်းသင်္ဘောပေါ်တွင် သင်္ဘောသားများ အပါအဝင် ခရီးသည်သုံးဦးစုစုပေါင်း (၁၇) ဦးလိုက်ပါလာကြပါသည်။ သင်္ဘောပိုင်ရှင်ဖြစ်သူသည် ထိုသင်္ဘောအား အင်္ဂလန်နိုင်ငံ လွိုက်ရေကြောင်းသွားလာရေးအာမခံ ကုမ္ပဏီကြီးတွင် အာမခံထားရှိခဲ့သည်။

ဖေဖော်ဝါရီလဆန်းတွင် ထိုသင်္ဘောသည် မက်ကိုကွေ့အတွင်းဝင်ရောက်လာခဲ့သည်ဟု ပိုင်ရှင်ဖြစ်သူထံ သင်္ဘောမှ ရေယာဉ်မှူးဖြစ်သူက ကြိုးမဲ့ကြေးနန်းဖြင့် သတင်းပို့ခဲ့သည်။ သို့သော် ထိုသင်္ဘော ဂွိတာနာမို ဆိပ်ကမ်းသို့ ရောက်ရှိရမည့်ရက်တွင်း ရောက်ရှိလာခြင်းမရှိဘဲ ကောလဟလသတင်းအမျိုးမျိုး ထွက်ပေါ်လာခဲ့တော့သည်။ ပင်လယ်ဓားပြအတိုက်ခံရသည်။ အမျိုးအမည်မသိရသော ရေငုပ်သင်္ဘောတစ်စင်းက ဖမ်းဆီးသွားသည်။ မက်ဆီကိုကွေ့မှ မိုင် (၂၀၀) ခန့်ကွာဝေးသောနေရာတွင် စက်ပျက်သွားသဖြင့် ရွက်လွင့်သွားလာနေသည့် စသော ပါးစပ်ပြောကောလဟလယုံတမ်းဂေဇက်သတင်းအမျိုးမျိုး ထွက်လာခဲ့သည်။

အနောက်အိန္ဒိယကျွန်းစု စိန့်ဗင်ဆင့်မြို့ရှိ သင်္ဘောပိုင်ရှင်များကလည်း ကြိုးမဲ့ကြေးနန်းဖြင့် လည်းကောင်း၊ အခြားနည်းလမ်းများဖြင့် လည်းကောင်း ဆက်သွယ်ရန် ကြိုးစားခဲ့သော်လည်း ဂလိုရီယာကိုလီတာသင်္ဘောသတင်းမှာ အစအနပျောက်နေခဲ့သည်။ ထိုသင်္ဘော စိန့်ဗင်ဆင့်မှထွက်ခွာသွားသည့်အချိန်မှ ရက်သတ္တပတ်နှစ်ပတ်အတွင်း အတ္တလန္တိတ်အဏ္ဏဝါပြင်တွင် လှိုင်းလေငြိမ်သက်လျက် ရာသီဥတုထူးထူးခြားခြားသာယာသည်ဟုဆိုကြ၏။

အမေရိကန်ပြည်ထောင်စုမှသြဇာတိက္ကမကြီးမားဆုံး သတင်းစာကြီးများဖြစ်သော နယူးယောက်တိုင်းသတင်းစာ၊ ဝါရှင်တန်ပို့(စ်)သတင်းစာများအပါအဝင် ဒေသခံသတင်းစာအမျိုးမျိုးက ယင်းသင်္ဘောပျောက်ဆုံးနေမှုနှင့် ပတ်သက်၍ သတင်းအမျိုးမျိုးရေးသား ဖော်ပြခဲ့ကြသည်။ သို့သော် ဂလိုရီယာကိုလီတာ စက်တပ်ရွက်သင်္ဘောကား အမေရိကန်ပြည်ထောင်စုကမ်းလွန်ပြင်မှ ပျောက်ခြင်းမလှ ပျောက်ကွယ်သွားခဲ့သည်။

အမေရိကန်ပြည်ထောင်စုကမ်းခြေစောင့်တပ်ဖွဲ့မှ တိုက်သင်္ဘောငယ်များ၊ လေယာဉ်ပျံများသည် မက်ဆီကိုပင်လယ်ကွေ့အတွင်း ပိုက်စိတ်တိုက်ရှာဖွေခဲ့ကြသည်။ နာဇီဂျာမန်ရေငုပ်သင်္ဘောများက အလစ် ဝင်ရောက် ဖမ်းဆီးခဲ့သလော သို့မဟုတ် အဏ္ဏဝါအတွင်း မျောပါနေသော ရေမြှုပ်ဗုံးနှင့် ထိခိုက်၍ ပေါက်ကွဲနစ်မြုပ်ခဲ့သလော။ သင်္ဘောတစ်စင်းနစ်မြုပ်သွားသည်ဆိုပါက ထိုသင်္ဘောနှင့် သက်ဆိုင်သောပစ္စည်းများ၊ သက်ကယ်လှေများ စသည့် ပစ္စည်းများ တွေ့ရမည်ဖြစ်၏။ ဂလိုရီယာကိုလီတာပျောက်ဆုံးပုံက လျှို့ဝှက်သည်းဖိုဝတ္ထုတစ်ပုဒ်ကဲ့သို့ ဆန်းကြယ်လှ၏။

သို့သော် ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု ကမ်းခြေစောင့်တပ်ဖွဲ့မှ တိုက်ရေယာဉ်သုံးစင်းသည် လှိုင်းလေငြိမ်သက်နေသော မက်ဆီကိုကွေ့အဏ္ဏဝါပြင်တွင် ရေစီးအတိုင်း မျောပါနေသော ဂလိုရီယာကိုလီတာ စက်တပ်ရွက်သင်္ဘောအား တွေ့ကြရတော့၏။

ထိုရွက်သင်္ဘောရွက်များမှာ တစ်စုံတစ်ရာကြောင့် စုတ်ပြတ်လျက်ရှိနေသည်။ သင်္ဘောပေါ်တွင်မူ ခရီးသည်နှင့် သင်္ဘောသားများ၏ အရိပ်အယောင်မျှ မတွေ့ရ။ အမေရိကန်ပြည်ထောင်စု ကမ်းခြေစောင့်တပ်မှ တာဝန်ရှိသူများသည် ဂလိုရီယာကိုလီတာသင်္ဘောပေါ်သို့ တက်ရောက်၍ စနစ်တကျ စစ်ဆေးခဲ့ကြသည်။သင်္ဘောပေါ်တွင်တင်ဆောင်ထားသော သစ်များနှင့် ကုန်ပစ္စည်းများမှာ လက်ရာခြေရာမပျက် တွေ့ကြရသည်။

သင်္ဘောသားများ၏အဝတ်အစားအသုံးအဆောင်များ၊ ခရီးသည်များ၏ ကိုယ်ပိုင်ပစ္စည်းများ၊ ရေယာဉ်မှူးကြီး၏ နေ့စဉ်မှတ်တမ်းနှင့် သင်္ဘောမှတ်တမ်းစာအုပ်၊ သူ၏ ကိုယ်ပိုင်ပစ္စည်းများ၊ သင်္ဘောပေါ်ရှိ သက်ကယ်လှေ စသည်တို့မှာ ခြေရာလက်ရာမပျက် တွေ့ရသဖြင့် စစ်ဆေးသူများမှာ အံ့အားသင့်ခဲ့ရသည်။ သင်္ဘောသားများနှင့် ခရီးသည်တို့သည် အဘယ်ကြောင့် သင်္ဘောအား စွန့်ပစ်သွားခဲ့ကြသနည်း။ တာဝန်ရှိသူများသည် နည်းလမ်းအမျိုးမျိုးနှင့် ဖော်ထုတ်ရန် ကြိုးစားခဲ့သော်လည်း အချည်းနှီးဖြစ်ခဲ့ရ၏။ ရေယာဉ်မှူး အပါအဝင် လူ (၁၇) ဦးမှာ ဤကမ္ဘာမြေပြင်မှ ပျောက်ခြင်းမလှပျောက်ခဲ့ရလေ၏။ ထိုပဟေဠိကား နှစ်ပေါင်း(၇၀)ခန့်ရှိခဲ့ပြီဖြစ်သော်လည်း သဘာဝကျကျ လူအများလက်ခံနိုင်အောင် ရှင်းလင်းနိုင်ခြင်းမရှိပါကြောင်း။

လျှမ်းထက်

**ကျမ်းကိုး -**


၁။ Lost . By. A-A Hoehling

၂။ LLoyds List




www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက် စိတ်ဓာတ်ကောင်းသလား၊ မကောင်းသလားဆိုတာ ကိုယ့်ဟာကိုယ်သာ အသိဆုံးပါ။ မသိဘူးဆိုတာ အဲလူဟာ ကိုယ့်ကိုယ်ကိုယ် ညာနေတာပဲ ဖြစ်တယ်။

သူများကိုဒုက္ခပေးချင်ရင်၊ သူများပစ္စည်းကို မတရားယူလိုရင်၊ သူများကို မတော်မတရားပြုချင်ရင်၊ ယုတ်စွအဆုံး သူများကို အပျော်အပြက်ပြုလို့ တစ်ဖက်သားအရှက်ရသွားမယ့် ကိစ္စမျိုးဆိုရင် ဒါဟာ မကောင်းတဲ့စိတ်က ဦးစီးပြီး ပြုလုပ်တာကြောင့် ဒီကိစ္စတွေဟာ မကောင်းဘူးဆိုတာ ပြုသူတိုင်း သိပြီး ဖြစ်ကြပါတယ်။

ဒါပေမယ့် ဝါသနာအရ၊ ဗီဇအရ၊ လောဘစိတ်၊ ဒေါသစိတ်အရ ပြုလုပ်နေကြတာပါပဲ။ ပုထုဇဉ်တို့သဘာဝ အမှန်ထက် အမှားတွေသာ ပြုလုပ်နေကြတာများပါတယ်။ ကောင်းသောတွေးခေါ်ခြင်း၊ ကောင်းသောအမှုပြုတာက ရှားပါတယ်။ မြတ်စွာဘုရားကလည်း ပါပသ္မိံ ရမတိမနော - စိတ်က မကောင်းမှုမှာ မွေ့လျော်တယ်လို့ ဆိုထားတာပါ။

သို့သော်လည်း အများအားဖြင့် မဂ္ဂင်တရားနဲ့လျော်ညီစွာနေထိုင်သူတွေလည်းရှိကြပါတယ်။ တစ်နေ့တာ မဂ္ဂင်တရားနဲ့လျော်ညီစွာနေထိုင်နိုင်တယ်ဆိုရင် ဒီလူမြတ်လှပါပြီ။

ကျွန်တော်တို့ဆိုတာက ပုထုဇဉ်တွေပါ။ ပုထုဇ္ဇနော ဥမ္မတ္တကောလို့ဆိုထားတဲ့အတိုင်း ကျွန်တော်တို့တွေ ယဉ်ယဉ်လေးနဲ့ ရူးသွပ်နေသူတွေ ဖြစ်ကြပါတယ်။ ဓမ္မစိတ်ထက် အဓမ္မ ဆိုတဲ့ မတရားစိတ်ဓာတ်တွေက များပါတယ်။ ဖွင့်သာမပြောကြတာပါ။ လူတွေကို အဲဒီအဓမ္မစိတ်ဓာတ်က စိုးမိုးခြယ်လှယ်နေတာများပါတယ်။

အဲဒီမှာ တရားမှု၊ မတရားမှု မိမိစိတ်မှာဖြစ်ပေါ်နေတာကို မိမိဟာ မိမိသိကြတာများပါတယ်။ သို့သော်လည်း ရူးသွပ်သူတွေဖြစ်နေတော့ကာ မိမိရဲ့စိတ်ကို မိမိ မထိန်းသိမ်းနိုင်ကြပါဘူး။ အရူးဆိုတော့ အဲဒီစိတ်ကို လွှတ်ပေးလိုက်လေ့ရှိတယ်။ လွှတ်ပေးလိုက်တာနဲ့ အမှားကိုပြုကြတော့တာပါပဲ။အဲဒီအမှားကို မသိဘူးဆိုတာ အဲဒီလူ ကိုယ့်ကိုယ်ကိုယ် လိမ်ညာနေတာပါ။

ကျွန်တော်တို့တစ်တွေဟာ ကိုယ့်ကိုယ်ကိုယ်လိမ်ညာနေကြတာများတယ်။ ကျွန်တော် မိုင်းရှူးရတနာမြေရဲ့ကျောက်မျက်ကုမ္ပဏီတစ်ခုမှာ မန်နေဂျာချုပ်လုပ်နေတဲ့အချိန်မှာ တစ်နေ့တာ စိတ်





# နေပြည်တော်ကျော်ကျော်စိုး

## မကောင်းတဲ့စိတ်ထား



www.burmeseclassic.com

www.burmeseclassic.com

ဖြေလျှော့ခြင်းဆိုတဲ့ ခေါင်းစဉ်ကို ကိုယ့်ဟာကိုယ်တပ်ကာ မကြာခဏ အနှိပ်ခန်းမှာသွားပြီး အနှိပ်ခံလေ့ရှိတယ်။ လှိုင်သဇင်ဆိုတဲ့အနှိပ်ခန်းပါ။ ဝမ်ကန့်လုပေါ်ရပ်ကွက်ထဲမှာ ရှိပါတယ်။

ဒါဟာ သာမန်ကြည့်ရင် အညောင်းပြေ အနှိပ်ခံတာပေါ့။ ဒါပေမယ့် အဲဒီအနှိပ်ခံခြင်းရဲ့နောက်မှာ သာယာမှု၊ နှစ်သက်မှုဆိုတဲ့ လောဘစိတ်လို့ ခေါ်တဲ့ အကုသိုလ်စိတ်တွေက တနင့်တပိုးတသီတတန်းကြီးဝင်နေတာပါ။

ဘာလို့လဲဆိုတော့ နှိပ်ပေးနေတာ ချောချောလှလှကောင်မလေးပါ။ မသိတာတဲ့။ နာမည်အရင်းတော့ ဟုတ်ဟန်မတူဘူး။ သူတို့ရဲ့ နာမည်အမှန်ကို ပြောလေ့မရှိတာ ထုံးစံပါ။ သူက ကျွန်တော့်ကို နှိပ်ပေးနေကျပါ။ ဆိုင်တစ်ဆိုင်မှာ အနည်းဆုံး (၁၀) ယောက်လောက်ရှိတယ်။

ဒီတော့ကာ ဘာဖြစ်သလဲဆိုတော့ သူတို့ဆိုတာက သာမန်အနှိပ်သည်တွေလို သမားရိုးကျနှိပ်ကျတာမဟုတ်ဘူး၊ အနှိပ်ခံရသူ စွဲမက်စေလောက်အောင် အတွေ့အထိလေးတွေနဲ့ နှိပ်ကြတာ။ ဒီတော့ ဆန့်ကျင်ဘက်လိင်ဆိုတာ သာယာကြစမြဲဆိုတော့ သံယောဇဉ်ဖြစ်ပြီး တစ်နေ့တာ စိတ်ဖြေလျှော့ခြင်း ဆိုတဲ့ ခေါင်းစဉ်တပ်ကာ တစ်ခါတစ်ရံ ရက်ခြား၊ တစ်ခါတစ်ရံ နေ့စဉ်ရောက်တတ်တာပါပဲ။ ဒါကောင်းတဲ့အလုပ်မဟုတ်ဘူး။ လူချီးမွမ်းတဲ့ အလုပ်မဟုတ်ဘူးဆိုတာ ကျွန်တော် သဘောပေါက်ပါတယ်။ ဇိမ်ခံချင်တဲ့ လောဘစိတ်ပါ။သိလို့ဆင်ခြင်နိုင်သလားဆိုတော့ ပုထုဇဉ်တို့သဘာဝ မကောင်းမှုမှာ ပျော်တတ်တော့ မဆင်ခြင်နိုင်ခဲ့ပါဘူး။

ဒါပေမယ့် ကျွန်တော်ဟာ ကိုယ့်ကိုယ်ကိုယ် ပြန်ပြီးလိမ်ညာတတ်ပါတယ်။ ပိုက်ဆံပေးပြီးနှိပ်တာ မတရားလုပ်တာ မဟုတ်ဘူးဆိုပြီး အနှိပ်ခန်းထဲကို လိပ်ပြာသန့်သန့်နဲ့ဝင်ရဲတဲ့စိတ်ပါပဲ။ ဘယ်လောက် အံ့ဩဖို့ကောင်းသလဲဆိုရင် ကိုယ့်ကိုယ်ကိုယ်ဂုဏ်တောင်မှယူချင်ပါသေးတယ်။ ဘာပြုလို့လဲဆိုတော့ ဒီနေရာတွေက ဘတ်ကျောက်အောင်တဲ့လူတွေ၊ မန်နေဂျာတွေသာ သွားလာဝင်ထွက်နိုင်တဲ့နေရာကိုး။ အဲဒီလောဘဆိုတဲ့စိတ် ကြီးစိုးထားတော့ကာ တလွဲဆံပင်ကောင်းစိတ်မာတ်ဝင်တတ်တာပါပဲ။ ဒါကိုလည်း သိပါတယ်။ သိပေမယ့် သိသိကြီးနဲ့ ကိုယ့်ကိုယ်ကိုယ်လိမ်ညာနေတတ်ပါ။





www.burmeseclassic.com

www.burmeseclassic.com



အသွားတစ်မိုင်ရှိရင် အပြန်တစ်မိုင်ရှိတယ်ဆိုတဲ့စကားရှိပါတယ်။ 'သင်ပြုသောကံ ပဲ့တင်သံ သင့်ထံပြန်လာမည်' ဆိုတဲ့အတိုင်း သူတစ်ပါးကို ဒုက္ခရောက်စေလိုတဲ့ပြုမူမှုမျိုး ဆိုရင်တော့ အဲဒီရဲ့ အကုသိုလ်ကံဟာ တန်ပြန်ရိုက်ခတ်တတ်ပါတယ်။

လောဘစိတ်၊ ဒေါသစိတ်ဖြစ်ပေါ်ရာမှာ ကာယကံနဲ့ပြုတဲ့အမှုရှိတယ်။ မနောကံနဲ့ပြုတဲ့အမှုရှိတယ်။ ကာယကံနဲ့ပြုတဲ့အမှုရယ်၊ ဝစီကံနဲ့ပြုတဲ့အမှုရယ်ကျတော့ ပြစ်မှုမြောက်ပါတယ်။ မနောကံသက်သက်ပြုတဲ့အမှုကျတော့ ဒါဟာ လောကအနေနဲ့ ပြစ်မှုမမြောက်ပါဘူး။ ဘာလို့လဲဆိုတော့ စိတ်နဲ့ပြစ်မှားရုံနဲ့ တရားစွဲဆိုလို့မရသလို ကိုယ်ပြစ်မှားတာကိုလည်း တစ်ဖက်သားက သိချင်မှသိမှာပါ။ လောဘ၊ ဒေါသစိတ်နဲ့ ပြစ်မှားတာတော့ ပုထုဇဉ်တို့ရဲ့ထုံးစံပါ။

သူတစ်ပါးကို ကာယကံမြောက်ကျူးလွန်ရင်၊ ဝစီကံမြောက်ကျူးလွန်ရင် အဲဒါပြုမှားမိတဲ့ အကုသိုလ်ကံပါ။ အဲဒီအကုသိုလ်ကံမျိုးကျတော့ အလျဉ်းသင့်ရင် ဒီဘဝမှာ မတုန့်ပြန်ဘဲ သံသရာကျမှ ဆိုးကျိုးတုံ့ပြန်ကာရှိသလို အကုသိုလ်ဇောကြီးသူများမှာတော့ လက်ရှိဘဝမှာပဲ တုံ့ပြန်တာရှိသလို အချို့လည်း ချက်ချင်းလက်ငင်း တုံ့ပြန်တာတွေရှိတယ်။ အဲဒါဟာ မကောင်းမှုရဲ့တန်ပြန်ဒဏ်ခတ်ခြင်းပါဘဲ။ ဘာလို့မကောင်းမှုတန်ပြန်တာလဲဆိုရင် ကံမြောက်အောင် မနောကံက ပူးပေါင်းပါဝင်လို့ပါပဲ။

ကာယကံမြောက်သော်လည်း ကံမမြောက်တာတွေ ရှိပါတယ်။ ဥပမာ ခြင်တစ်ကောင်သေသွားမယ်။ ကာယကံပြုမူမှုကြောင့် ခြင်တစ်ကောင်သေသွားပေမယ့် ပါဏာတိပါတကံမထိုက်ပါဘူး။ ဘာလို့လဲဆိုတော့ သေစေလိုတဲ့ စေတနာကံ လုံးဝမပါရင် အပြစ်မရှိပါဘူး။ အပြစ်ရှိတယ်ဆိုရာမှာ ကာယကံနဲ့မနောကံ ပူးပေါင်းခြင်း၊ ဝစီကံနဲ့ မနောကံ ပူးပေါင်းခြင်းတို့ကြောင့်သာ အပြစ်ထိုက်ကြတာပါ။

ကျွန်တော်ဆိုတာ ဘဝတစ်လျှောက်လုံး ကျောက်တွင်းလုပ်ငန်းနဲ့သာ အချိန်ကုန်ခဲ့တာပါ။ မိုးကုတ်ဒေသက လူတွေဟာ အကုသိုလ်အားနည်းကြပါတယ်။ တိရစ္ဆာန်ဆိုရင် ခွေးနဲ့ကြောင်ပဲ မွေးတယ်။ ကြက်၊ ငှက်ပစ်သတ်ကြတဲ့ဓလေ့လည်းမရှိကြပါဘူး။ နွားတ်ရေးလည်း ယဉ်ကျေးကြတာ များတယ်။ ဘာသာရေးလည်း ကိုင်းရှိုင်းကြပါတယ်။ အကုသိုလ်လုပ်ရင် လာဘ်ပိတ်တယ်လို့ အယူအဆရှိကြတာကြောင့် အကုသိုလ်မှုကို အတတ်နိုင်ဆုံးရှောင်ကြဉ်ကြတဲ့ဓလေ့ရှိပါတယ်။ ရတနာအလုပ်လုပ်တော့ကာ ရတနာသုံးပါးကို ကိုင်းရှိုင်းရိုသေကြပါတယ်။

မိုးကုတ်မှာနေတဲ့လူတွေ ပတ္တမြားလုပ်ငန်းနဲ့သာ အချိန်ကုန်နစ်မြုပ်နေတာကြောင့် အကုသိုလ်အားနည်းတာမှန်ပေမယ့် ပုထုဇဉ်တို့သဘာဝ မကောင်းတဲ့အကုသိုလ်အသေးစား၊ အနုစားလေးတွေဆိုတာကတော့ မကင်းနိုင်တာအမှန်ပါ။

အကုသိုလ်အငယ်စားလေးတွေပေမယ့် အကုသိုလ်ဇောသန်တဲ့အခါ အဲဒီအကုသိုလ်ဟာ မကောင်းမှုတန်ပြန်ရိုက်ခတ်တာကို ကျွန်တော်ကိုယ်တိုင် (၃) ကြိမ်တိတိခံလိုက်ရတာပါပဲ။ ဆိုရရင်တော့ အကုသိုလ်က ချက်ချင်းအကျိုးပေးတာပါ။ ပြောရရင်တော့ ရှက်စရာပါ။ ဘာလို့လဲဆိုတော့ ခွေးချစ်တဲ့ ကျွန်တော်ဟာ ခွေးနဲ့တူလို့ပါပဲ။

## ခွေးတွေပေါ်တဲ့ကျောက်ဖျာရွာ

ကျွန်တော်ဟာ ခွေးတွေ၊ ကြောင်တွေနဲ့ တိရစ္ဆာန်လေးတွေကို ချစ်တတ်သူဖြစ်တာကြောင့် ကျောက်ဖျာတစ်ရွာလုံးက ခွေးတွေကလည်း ကျွန်တော့်ကို ချစ်ကြပါတယ်။ ကျွန်တော်ကိုယ်တိုင်ကလည်း ကိုယ်ပိုင်တွင်းထောင်တဲ့အခါ တွင်းသားတွေနဲ့ ကိုယ့်ဟာကိုယ်ချက်ပြုတ်စားရတာမို့ ခွေးကိုယ်ပိုင်မွေးနိုင်တဲ့ အဆင့်ရှိပါတယ်။ အဲဒါကြောင့် ကစားဖော်အဖြစ် ခွေးတစ်ကောင်တော့မွေးလေ့ရှိပါတယ်။ တစ်ကောင်သေရင် တစ်ကောင်ထပ်မွေးတာပါပဲ။

ဘွားငြိမ်းရဲ့သမီး အုန်းမေနဲ့ ကိုမောင်မြင့်တို့ဟာ ဒုတိယကိုယ်ဝန်အရမှာ အိမ်ခွဲပါတယ်။ အိမ်ခွဲပြီး မကြာမီ ဒုတိယသမီးလေးကို မွေးပြီး (၉) ရက်လောက်အရမှာ အုန်းမေ သွေးတက်ရောဂါနဲ့ဆုံးပါတယ်။ အဲဒီလိုလည်း ဆုံးပြီးရော ကိုအောင်မြင့်ဟာ အဲဒီအိမ်လေးမှာမနေတော့ဘဲ ကျွန်တော့်ကို နေခိုင်းပါတယ်။ အဲဒီတုန်းက ကျွန်တော်တစ်ယောက်တည်းနေတာဆိုတော့ အဲဒီအိမ်လေးမှာ ပြောင်းနေလိုက်ပါတယ်။ သွပ်မိုးထရံကာပျဉ်ခင်း နှစ်ပင်သုံးပင်အိမ်လေးပါ။ အောက်ထပ်မှာ ထင်းထားဖို့အတွက် လူတစ်ရပ်ကျော်ကျော်မြင့်အောင် ဆောက်ထားတာပါ။

ကျွန်တော်ရွှေ့တော့ ကျွန်တော့်
အချစ်တော် ခွေးထီးလေး ဖိုးဝါလည်း
ပါလာပါတယ်။ ခွေးတွေဟာ လူနဲ့အနေ
နီးတော့ကာ သိတတ်ပြီး လိမ္မာကြတာ
အမှန်ပါ။ ဘယ်လောက်လိမ္မာကြပါစေ
ခွေးဆိုတာ ခွေးသာဖြစ်ပါတယ်။ ခွေးခ
တော့ ခွေးဗီဇရှိတာ မဆန်းပါဘူး။ ကျွ
တော်တို့တွေနဲ့ လက်ပွန်းတတီးနေကြ
ခွေးတွေဟာ ဘိုခွေးတွေမှ မဟုတ်တာ
ဗမာခွေးတွေပဲလေ။ ဒီတော့ ဘိုခွေးေ
လို စိတ်ဓာတ်ဘယ်မြင့်မှာလဲ။ ဘိုခွေး
ကျွန်တော်တို့မြန်မာတွေခေါ်ကြတဲ့ ခွေ
တွေကျတော့လူလည်းလှုကြတယ်။ ေ
လည်းကြီးတယ်။ သူတို့ကိုကျွေးရ
အစားအစာကိုက အမဲသားကျွေးရ
ဆိုတော့ အတော်အတန် အစားအ
ဘယ်မှာစားပါ့မလဲ။ ကျွန်တော်အနေ
အဲဒီခွေးမျိုးမွေးနိုင်ဖို့မဆိုထားနဲ့ အဲ
အချိန်မှာ ကိုယ်တိုင်တောင်မှ အမဲသ
ဝယ်မစားနိုင်တော့တဲ့ အခြေအနေ
ဒီတော့ စားကြွင်းစားကျန်လေးေ
လိုက်ရုံနဲ့တင်းတိမ်ရောင်ရဲနိုင်တဲ့ ရွာတွ
ဖြစ် ဗမာခွေးတစ်ကောင်ကိုသာကော
ပြီးမွေးထားလိုက်တော့တာပါပဲ။ ရွာ
က ဘိုခွေးဆိုတာဘယ်ရှိမှာလဲ။ ငွေ
အကုန်ခံပြီး မွေးနိုင်တဲ့လူဆိုတာ ရှိ
တာ။ ရှိတယ်ဆိုစေဦးတော့ ခွေး
ကောင်ကို တယုတယကျွေးမွေးရလော
အောင် အားတဲ့အချိန်မရှိကြပါဘူး။

ကျောက်ဖျာဆိုတဲ့ရွာကလေး
အဲဒီတုန်းက ခွေးတွေအလွန်ပေါသ
ကလေးတွေလည်း အလွန်ပေါပါတ
ခွေးတွေ ဆူဆူဖြိုးဖြိုးနဲ့ နေထိုင်
သောက်နိုင်ကြတယ်ဆိုတာဟာ အဲ
ဟာ ရွာတစ်ရွာရဲ့ဆူဖြိုးပြည့်စုံမှုရဲ့ပြ
တစ်ခုပါ။ အလုပ်အကိုင်တွေအဆင်
ကြတော့ကာ ကျွေးမွေးနိုင်ခြင်း
ခွေးတွေကို ထမင်းရည်တိုက်တယ်ဆို
မရှိပါဘူး။ ဘယ်ခွေးကမှလဲ ထ
ရည်မသောက်တတ်ကြပါဘူး။

အမှန်တော့ ထမင်းရည်ဆို
အားရှိတဲ့အစားအစာပါ။ အညာ
တောလိုက်တဲ့ခွေးတွေဆိုရင် ထမ
ကို အဓိကထားပြီး တိုက်ကြတ
ထမင်းရည်အားထားပြီး စားသော
တဲ့ခွေးဟာ ပိန်ပေမယ့် တောလို
နေရာမှာ အလွန်ပဲ ပြေးနိုင်လွ
တယ်လို့ သိရပါတယ်။ ထမ



www.burmeseclassic.com

www.burmeseclassic.com

ဝဖြိုးနေတဲ့ခွေးတွေဟာ ထမင်းရည်သောက်ရတဲ့ခွေးတွေလောက် သက်လုံမကောင်းဘူးလို့ ဆိုပါတယ်။ အမောမခံနိုင်ဘူးလို့ ဆိုရမှာပါ။

ကျွန်တော်တို့ ကျောက်ဖျာရွာက ခွေးတွေကျတော့ အများအားဖြင့် ဘုံခွေးတွေလို ဖြစ်နေတာပါ။ စားကြွင်းစားကျန်တွေ ဟိုအိမ်ဒီအိမ်က ခေါ်ကျွေးလိုက်ကြတာပါပဲ။ ပြီးတော့ မြေဇရိယာကျဉ်းပြီး တောင်စောင်းတွေမှာဆောက်ရတဲ့အခါ အိမ်ဝင်းရယ်လို့လည်း သတ်သတ်မှတ်မှတ်သိပ်မရှိကြတော့ကာ စည်းသိပ်မရှိပါဘူး။ စည်းမရှိတဲ့အခါ ခွေးတွေလည်း စည်းသိပ်မထားတာပါ,ပါတယ်။ ကိုကျွတ်တဲ့ခွေးဆိုတာ ကြုံတောင့်ကြုံခဲပါ။

ခွေးတွေတိုင်းဟာ အိမ်တစ်အိမ်ကိုတော့ အမှီပြုပြီး နေထိုင်လေ့ရှိကာ အိမ်ရှင်ကို သူတို့ရဲ့သခင်လို့ သတ်မှတ်ကြပါတယ်။ ကျွန်တော်ဆိုရင် ကျွန်တော့်ခွေးလေး ဖိုးဝါအတွက်ပါ ထမင်းချက်တိုင်းထည့်ချက်လေ့ရှိပါတယ်။ ကျန်မှကျွေးမယ်ဆိုရင်တော့ ကျွန်တော်တို့ ကျောက်တွင်းတူးကြတဲ့ လူတွေဟာ ပင်ပန်းတော့ ထမင်းအလွန်စားနိုင်ကြတာပါ။ဒီတော့ ခွေးအတွက် အခက်အခဲဖြစ်စေပါတယ်။ ကျန်တဲ့အိမ်တွေဆိုတာကလည်း ပိုပိုသာသာချက်ကြတာ ထုံးစံပါ။

မိုးကုတ်ရဲ့တောရွာတွေမှာ ထမင်းချက်ဖို့ ဆန်ခြင်ရင် နို့ဆီခွက်နဲ့မခြင်ကြပါဘူး။ အိမ်တိုင်းအိမ်တိုင်း ထောပတ်ခွက်နဲ့ ခြင်လေ့ရှိကြပါတယ်။ ထောပတ်ခွက်ဆိုတာ ထောပတ်ထည့်တဲ့ဘူးပါပဲ။ အဲဒီထောပတ်ခွက်က ပြက်ကျယ်ပြီး အောက်တိမ်ကာ နို့ဆီတစ်လုံးခွဲလောက်ဝင်ပါတယ်။ ထောပတ်ဘူးကတော့ ထောပတ်ထမင်းချက်စားကြတဲ့ ဓလေ့ကြောင့် အိမ်တိုင်းရှိနေခြင်းပါ။ ခုခေတ် အဲဒီထောပတ်ဘူးတွေ နိုင်ငံခြားက လာ၊ မလာမသိတော့ပါဘူး။ ဒါက ဆက်နွယ်လို့တင်ပြခြင်းပါ။

ခွေးတွေများလွန်းတော့ ဘယ်အချိန် လူတွေစိတ်ညစ်ရသလဲဆိုရင် မိတ်လိုက်တဲ့လတွေမှာပါပဲ။ တစ်ညလုံး ဟောင်ကြ၊ အူကြ၊ ကိုက်ဖဲ့ကြနဲ့ ခွေးတွေရဲ့ ရန်ဖြစ်သံတွေဟာ ညံနေတော့တာပါပဲ။ အဲဒါဆို လူတွေအိပ်ရာက လန့်နိုးကြရပါပြီ။ အိပ်ရေးတွေပျက်ကြရပါပြီ။ အဲဒီမှာ မနေသာတဲ့လူတွေက ခဲနဲ့လိုက်ထုူ၊ တုတ်နဲ့လိုက်ပစ်လုပ်တဲ့အခါ ခွေး

အုပ်ကြီးဟာ နောက်တစ်နေရာမှာသွားပြီး ဆူညံပူညံလုပ်ပြန်တော့တာပါ။ အဆိုရှိတယ်လေ။ ကြောင်ပြာသို၊ ခွေးတော်သလင်း၊ လူမသေမချင်းဆိုတဲ့ စကားပါပဲ။ သူတို့ခမျာ တစ်နှစ်မှာ တစ်ရာသီသာ ပျော်ရတော့ ကျွန်တော်ကတော့ ကိုယ်ချင်းစာတယ်၊ ဘာသာဘာဝပျော်ကြပါစေပေါ့ဗျာ။ အဲဒီပျော်ကြတဲ့အထဲမှာ ကျွန်တော့်ခွေးလည်း ပါသပေါ့။

**အာရုံစေတဲ့ဒေါသ**

အထက်က ပြောခဲ့သလိုပေါ့လေ၊ ခွေးဟာ ခွေးပါပဲ။ ခွေးဆိုတော့ ခွေးဗီဇရှိတာအမှန်ပါ။ ဗီဇဆိုတာက ဗမာခွေးဗီဇပေကိုး။ ဒီတော့ ရွာမှာရှိတဲ့ ခွေးအတော်များများ မစင်စားကြလေ့ရှိတယ်။ မစင်စားတယ်ဆိုတော့ ရွာမှာ အိမ်သာတွေ မကောင်းလို့လားလို့ မေးစရာရှိတယ်။ အိမ်တိုင်း ရေလောင်းအိမ်သာတွေနဲ့ပါပဲ။

ဒါပေမယ့် ပြေးတတ်လွှားတတ်တဲ့ကလေးအရွယ်အချို့ဟာ အိမ်သာကိုမသွားဘဲ သင့်ရာမှာ ထိုင်ပြီး မစင်စွန့်တတ်ကြတဲ့ဓလေ့ရှိတယ်။ ဒါကလည်း လူကြီးသူမတွေအလစ်မှာ အန္တရာယ်မလွယ်နိုင်ဘဲ အလွယ်တကူ ဖြေရှင်းကြတဲ့နည်းပါ။

အဲဒီလို ဖြေရှင်းပြီဆိုရင်တော့ မစင်နံ့ဆိုတာ ကျွန်တော်တို့ကသာ နံတာကိုး။ ခွေးတွေရဲ့နှာခေါင်းမှာတော့ စားချင့်စဖွယ် မွှေးကြိုင်နေမှာပေါ့ဗျာ။ ကျွန်တော်တို့ မြန်မာတွေစားကြတဲ့ ငါးပိရည်၊ ငါးငံပြာရည်၊ အစိမ်းစားငါးပိ၊ ငါးပိကောင်ဆိုတာတွေဟာ ဆားနဲ့နယ်ပြီး ပုပ်အောင်လုပ်ထားတဲ့ အစားအစာတွေပါ။ သူတို့ရဲ့အနံ့က အတော်နံပါတယ်။ ကျွန်တော်တို့ မြန်မာတွေရဲ့ နှာခေါင်းမှာတော့ မွှေးနေတာပဲလေ။ အစိမ်းစားငါးပိဆိုရင် အချို့က မီးမဖုတ်၊ မကင်၊ မကြော်ဘဲ အစိမ်းတောင်စားကြတာတွေရှိတယ်။ ငါးပိရည်ရွှဲရွှဲလေးဆမ်းပြီး တို့စရာမြုပ်စရာလေးနဲ့သာ ထမင်းစားလိုက်ရင် ထမင်းအလွန်မြိန်တာပါ။ မြန်မာတို့အဖို့ အဖိုးနည်းဝန်ပါအစားအစာပါ။

ဒါပေမယ့် အဲဒီငံပြာရည်တို့၊ ငါးပိတို့ဆိုတာ အနောက်တိုင်းက လူတွေအတွက်တော့ အလွန်ရွံစရာကောင်းတဲ့အနံ့ဖြစ်နေပါတယ်။ သူတို့မှ မစားကြတာကိုး။ မိုးကုတ်လီရှောအများစုဟာ ငါးပိလုံးဝမစားကြပါဘူး။ ငါးခြောက်သာ

စားကြပါတယ်။ ငါးပိဘာလို့မစားသလဲဆိုတာ မေးကြည့်တော့ အနံ့ကိုရွံလို့တဲ့။ အမှန်တော့ လီရှောတွေဟာ တရုတ်မျိုးနွယ်စုတွေပါ။

လူသေပုပ်၊ ခွေးသေပုပ်၊ နွားသေ၊ ကျွဲသေပုပ် စတဲ့ အပုပ်တွေကိုကျတော့ လင်းတတွေက ကြိုက်ကြတယ်။ ကျီးကန်းတွေက ကြိုက်ကြတယ်။ သူတို့နှာခေါင်းထဲမှာ အဲဒီအပုပ်နံ့ရရင်ပဲ သွားရည်တများများနဲ့နေကြမှာပါ။ သူတို့အတွက် အကောင်းမွန်ဆုံး၊အရသာအရှိဆုံး၊ အမွှေးကြိုင်ဆုံး အစားအစာပဲလေ။ နှစ်သက်ရင် ဣဋ္ဌာရုံ၊ မနှစ်သက်ရင် အနိဋ္ဌာရုံပေါ့။

မစင်ဆိုတာ ခွေးတွေအတွက် အကြိုက်ဆုံးအစားအစာလို့ ဆိုရမှာပါ။ ကျန်တဲ့အစားအစာဆိုတာ မလွှဲသာလို့စားနေရတဲ့သဘောပါပဲ။ ကျွန်တော်တို့ကလေးဘဝ နေပြည်တော် ပြန်ကပြေးမှန်ကျောင်းမှာနေတော့ ကျောင်းသားအိမ်သာ၊ ကိုရင်အိမ်သာ၊ ဘုန်းကြီးအိမ်သာဆိုပြီး ခွဲထားတယ်။ ကျောင်းသားအိမ်သာဟာ ကျင်းပြည့်ပြီး မြေပြင်ညီဖြစ်နေတော့ကာ ကျောင်းသားတွေ အိမ်သာတက်ပြီးဆိုရင် အောက်မှာ ခွေးတွေတန်းစီပြီး လုကြယက်ကြ၊ ကိုက်ကြနဲ့ အမြဲကြုံရတယ်။ ခွေးတွေဟာ အများအားဖြင့် မစင်ကြိုက်ကြပါတယ်။

ကျွန်တော့်ခွေးကလေး ဖိုးဝါဟာလည်း မိတ်အင် ကျောက်ဖျာခွေးဆိုတော့ မစင်ကြိုက်တဲ့အထဲမှာပါပါတယ်။ ကြုံတောင့်ကြုံခဲ စားရခဲတဲ့အစားအစာမို့ အမြဲမစားရတာပါ။

ကျွန်တော်က ချစ်တတ်တော့ ခွေးကို ငယ်ငယ်လေးကတည်းက နှာခေါင်းစိုစိုလေးကို ကိုင်ပြီး ဆော့တတ်လေ့ရှိတယ်။ တစ်နေ့မှာ ကျွန်တော်က ဖိုးဝါရဲ့နှာခေါင်းကိုကိုင်တဲ့အခါ မစင်နံ့က ထောင်းထွက်နေပါတယ်။ လန့်ပြီး လွှတ်ကာ ရုတ်တရက်ကြည့်လိုက်တော့ ပါးစပ်က အမွေးတွေမှာ မစင်ဝါဝါတွေကပ်နေတာတွေ့လိုက်ရပါတော့တယ်။

ဒီခွေး မစင်တွေစားခဲ့တာပဲ ဆိုပြီး ဒေါသစိတ်က ငယ်ထိပ်ရောက်သွားကာ ဆင်ခြင်တုံတရားမဲ့သွားပြီး အံကြိတ်ကာ ခြေနဲ့ ဆောင့်ကန်လိုက်ပါတယ်။ ခွေးကလည်း လျင်ပါတယ်။ လျှပ်တစ်ပြက်ရှောင်တိမ်းပြီး ထွက်ပြေးသွားပါတော့တယ်။ အဲဒီမှာဘာဖြစ်သွားတယ်ထင်လဲ။ ကန်ချက်လွဲတော့ ဟန်ချက်လွဲပြီး အံချော်သွားခဲ့ကာ အာရုံ့သွားခဲ့တော့



www.burmeseclassic.com

www.burmeseclassic.com

တာပါပဲ။ အားနဲ့အင်နဲ့ဒေါသနဲ့လုပ်လိုက်တာကိုး။ ပစ်မှတ်မထိတော့ကာ အဲဒီပစ်မှတ်က ကိုယ့်ဆီ တန်ပြန်သက်ရောက်ခဲ့တာပါ။

ပါးစပ်ကချွဲပြီး ဟလို့တောင်မရတော့ပါဘူး။ ဒါနဲ့ ချက်ချင်း အဲဒီအံလွဲသွားတာကို လက်နဲ့ခြေပြီး ပြန်တွန်းတဲ့အခါ သက်သာရာရခဲ့ပြီး ပြန်ဟ,လို့ရခဲ့ပါတယ်။ ထမင်းစားတော့နာနေပါသေးတယ်။ တစ်နေ့တာလောက် နာတဲ့ဒဏ်ကို ခံရပြီးမှ ပျောက်သွားပါတယ်။

ဒါဟာ မကောင်းတဲ့ စိတ်ထားနဲ့ သူများကို နာကျင်စေလိုမှုနဲ့ အကုသိုလ်မှုကိုပြုခြင်းပါ။ ဒါဟာ ခွေးတစ်ကောင်အပေါ် ထားမိတဲ့ မကောင်းတဲ့စိတ်ထားပါ။ အဲဒီမကောင်းတဲ့စိတ်ဟာ ကျွန်တော့်ကို ချက်ချင်းလက်ငင်းအကျိုးပေးတာကိုခံရတာပါပဲ။ သံသရာတောင်မှ မစောင့်တဲ့အကုသိုလ်ရှိပါတော့။

အဲဒီကျမှ ပြမိတာမှားမိလေခြင်းလို့ စိတ်မကောင်းရှိရပါတယ်။ မြတ်စွာဘုရားက ဒေါသောအတ္တံနဇာနာတိတဲ့။ ဒေါသဖြစ်လာပြီဆိုရင် ဘာမှမသိတော့ပါဘူးတဲ့။ တကယ်လည်း ဘာမှမသိတော့တာအမှန်ပါ။ ကိုယ့်စိတ်အလိုမကျတိုင်း ပြုသမျှခံရမယ့်ခွေးကို ပြုလုပ်တယ်ဆိုတာဟာ အလွန်အောက်တန်းကျတဲ့ စိတ်ဓာတ်ပါပဲ။ မကောင်းတဲ့စိတ်ထားဆိုပါတော့။ တကယ်ဆို ခွေး ဆိုတာ မစင်စားတယ်ဆိုတာကို ယေဘုယျအားနဲ့ နှလုံးသွင်းစာတ်ရမှာပါ။ နှလုံးသွင်းမှန်ရင် ဒီလိုမဖြစ်ပါဘူး။ နှလုံးသွင်းမမှန်တာကြောင့် အာတောင်ရွဲ့သွားခဲ့ရခြင်းပါပဲ။

**မီးဖိုပေါ်တက်အိပ်လို့**

ဒေါသဆိုတဲ့ အကုသိုလ်စိတ်ဟာ ခွေးနဲ့ ကျွန်တော်ရဲ့ကြားမှာ နောက်တစ်ကြိမ်ကြုံရပြန်ပါတယ်။ အဲဒါလည်း ဖိုးဝါနဲ့ပါပဲ။ မိုးရာသီဆိုရင် မိုးတွေစွေတတ်ပါတယ်။ စွေတာမှ (၇) ရက်လောက်စွေတာပါ။ အဲဒီလို မိုးတွေတစိမ့်စိမ့်ရွာနေရင် အလွန်အေးတာကြောင့် ကျွန်တော်တို့တွင်းသမားတွေ တွင်းမသွားကြပါဘူး။ တစ်အိမ်အိမ် စုထိုင်ပြီး အရည်မရအဖတ်မရစကားတွေပြောရင် ပြောမယ်။ မပြောရင် ဖဲရိုက်တတ်ကြပါတယ်။ ကျွန်တော်ကတော့ ဖဲမရိုက်တတ်တော့ ဘေးက ထိုင်ကြည့်ပေါ့လေ။ နေ့တွေကို ဒီလိုနဲ့ အချိန်ဖြုန်းကြရတာ ထုံးစံပါ။

မိုးတွေစွေနေတဲ့အချိန် အချို့လောဘကြီးသူတွေ တွင်းသွားတတ်ကြပါတယ်။ အဲဒီလူတွေ တစ်ချီလောက်ဆင်းပြီးရင် ခိုက်ခိုက်တုန်ပြီးပြန်ရောက်လာလေ့ရှိတယ်။ ရေနွေးပူပူသောက်ပြီး အနွေးဓာတ်ရအောင် မီးဖိုဘေးမှာအတော်ကြာ မီးလှုံရလေ့ရှိတယ်။ ကျွန်တော်ကျတော့ အဲဒီလိုအရဲမစွန့်ရဲပါဘူး။ ဘာလို့လဲဆိုတော့ ကျွန်တော်က တစ်ဦးတည်း ဆွေမရှိမျိုးမရှိနေရတာဆိုတော့ အအေးပတ်ပြီး နေထိုင်မကောင်းရှိခဲ့ရင် ပြုစုမည့်သူမရှိဘူးလေ။ ဒီတော့ အများနည်းတူ မိုးတွေစွေရင် စားလိုက်၊ အိပ်လိုက်၊ လည်လိုက်၊ လေကန်လိုက်ဆိုတဲ့ အလုပ်ပဲ လုပ်ရပါတယ်။

အဲဒီလို မိုးစွေတဲ့တစ်ရက်မှာ မနက်ပိုင်းလည်ပြီး နေ့လယ်စာစားချိန်မှာ အိမ်ပြန်ပါတယ်။ ထမင်းစားမလို့ မီးဖိုချောင်ဝင်လိုက်တော့ ဒေါသစိတ်ဖြစ်စရာမြင်ကွင်းကို ဘွားခနဲမြင်တွေ့လိုက်ရပါတယ်။

အဲဒါက ဘာလဲဆိုတော့ ဖိုးဝါဟာ မီးဖိုပေါ် တက်အိပ်နေတော့တာပါပဲ။ ဘယ်တုံးကမှ ခုလိုမအိပ်ခဲ့ဖူးပါဘူး။ ဒီခွေးစည်းကမ်းမဲ့လှတယ်ဆိုပြီး ရုတ်တရက် ထင်းပုံထဲက ဝါးခြမ်းတစ်ခုကိုဆွဲပြီး အားပါးတရ ရိုက်ထည့်လိုက်ပါတယ်။

ကျွန်တော် ဝါးခြမ်းဆွဲတာနဲ့ ခွေးကလည်း သိပါတယ်။ ရုတ်တရက်ထပြေးတာပါ။ အဲဒီလို မမီမကမ်း ရိုက်ထည့်လိုက်ရာမှာ အမြီးပိုင်းကို ရိုက်မိပါတယ်။ ခွေးက ကိန်ခနဲအော်သလို ဝါးခြမ်းဆုပ်ကိုင်ထားတဲ့ ညာဘက်လက်ဟာလည်း ငြိနဲဖြစ်ပြီး စပ်ဖျဉ်းဖျဉ်းဖြစ်သွားပါတယ်။ ကျွန်တော့်လက် ဝါးကြောရှသွားပြီဆိုတာ အလိုလိုသိလိုက်ပါတယ်။ အမှန်တော့ ဓားလိုထက်နေတဲ့ အကြောပါတဲ့ ဝါးခြမ်းပြားကိုဆွဲမိခြင်းပါပဲ။

ဝါးခြမ်းပြားလွှတ်ချပြီး ကြည့်လိုက်တော့ ဆုပ်ကိုင်ရာလက်ဝါးမှာ ဓားနဲ့ခွဲထားသလို အကြောင်းလိုက်ကြီးရှသွားတာပါပဲ။ သွေးတွေများစွာယိုစီးဆင်းတာပါတယ်။ ဒါနဲ့ ကျွန်တော်ဟာ လက်ဝါးက ဒဏ်ရာအပေါ် တံတွေးတွေ ထွေးချပြီး ပတ်တီးစည်းလိုက်ပါတယ်။ ထည့်စရာဆေးကလည်း ဘာမှမရှိဘူးလေ။ နာလိုက်တာကလည်း တစစ်စစ်နဲ့ပါ။

ဒါနဲ့ ကျွန်တော်ဟာ ရက်အတန်ကြာ တွင်းမဆင်းနိုင်ခဲ့ပါဘူး။ မျှောတွင်းဆိုတာ ရေနဲ့မျှောချပြီးလုပ်ရတဲ့အလုပ်ဆိုတော့ လက်မှာ အနာရှိတော့ကာ အနာဟာ ရေနဲ့ မတည့်ပါဘူး။ သူများ တွေ မိုးတိတ်လို့ တွင်းဆင်းကုန်ကြ မယ့် သူများလို တွင်းမဆင်းနိုင်တဲ့အ သောကဖြစ်ရပါတယ်။

အရင်းစစ်တော့ အမြစ်မြေ ဆိုတာလိုပေါ့လေ၊ အရင်းစစ်ရင် ဒါဟ မကောင်းတဲ့ စိတ်ထားကြောင့်ပါပဲ ဒေါသစိတ်စေတနာက ချက်ချင်းလက် ငင်း ကျွန်တော့်ကို တန်ပြန်အကျိုးပေး တာပါ။

ခွေးက ဖိနပ်ချွတ်ကပြင်မှာ အိပ် တာပါ။ သွားလည်စဉ်က အိမ်တံခါး မပိတ်ခဲ့တာ ကျွန်တော့်အမှားပါ။ နေ့ ဆိုတာလည်း အေးတော့ ချမ်းရှာ မပေါ့။ ချမ်းတော့ အနွေးဓာတ်ရှိရာ ဖိုဘေးမှာ ဝင်ကွေးတော့တာပါပဲ။ ကုတ်မီးဖိုတွေဆိုတာက ကြမ်းပြင်ညီလု ထားကြတာပါ။ ဒါမှ မီးလှုံလို့ရတာ အဲဒီတော့ ခွေးလည်း အလွယ်နဲ့ဝ ကွေးတာပါပဲ။ လူဆိုတာက အနွေးထည် အထပ်ထပ်နဲ့ အချမ်းဒဏ်ကို ကာကွယ် ကြပေမယ့် ရေရှည်ရွာနေတဲ့မိုးရဲ့အအေး ဒဏ်ကိုကာကွယ်ကြပေမယ့် ရက်ရှည် နေတဲ့မိုးရဲ့ အအေးဒဏ်ကို ခွေးကခံနိုင် ရည်ရှိဟန် မတူဘူး။ ဒီတော့ မီးဖိုဘေး ဝင်ကွေးတယ်။ အဲဒီမှာ သူနာတာထ ကျွန်တော်ဟာ ရက်အတန်ကြာအနာ ကျက်သည်အထိ ပျင်းရိစွာနေနေရ တာပါပဲ။ အလုပ်မလုပ်ရဘဲနေနေရ လောက် ပျင်းစရာကောင်းတာ လော မှာ မရှိပါဘူး။ ဒါက ကိုအောင်မြင့်အ လေးမှာ ဖိုးဝါနဲ့ကြုံလိုက်ရတဲ့ မကော တဲ့စိတ်ထားကြောင့် တန်ပြန်ခံလိုက်ရ အဖြစ်တွေပါ။

**ဂျပုကို မုန်းစေလိုလို့**

ထမင်းစားလိုက်၊ တွင်းသွားလို နဲ့ ကျောက်တွင်းတူးသမားတို့ရဲ့ဘဝ အလုပ်ထဲ နစ်မြုပ်နေတော့ တစ်နှစ် ဆိုတာ ဘာမှကြာလိုက်တယ်မထင် သကြန်ရောက်ပါမှ ဪ- ငါတို့တစ် ကြီးပါပေါ့လားလို့ တွက်ဆကြရတာ ကျောက်ကြီးကျောက်ကောင်းကို မျှော် လင့်တဲ့စိတ်နဲ့ တူးကြတာဆိုတော လောဘစိတ်က အခြေခံထားတော့ အချိန်တွေကုန်လို့ကုန်မှန်းတောင် ကြပါဘူး။ ပင်ပန်းရမှန်းမောရမှန်း မသိကြပါဘူး။ လောဘစိတ်က ဒီ စွမ်းတာပါ။ ကျောက်ကောင်းရရင် ကူးတွေကို အကောင်အထည်ဖေ တာကိုး။



www.burmeseclassic.com

www.burmeseclassic.com

ဒီလိုနဲ့ ကျောက်ဖျာဆိုတဲ့ရွာလေးမှာ နေလာလိုက်တာ ကျွန်တော့်မျက်စိအောက်မှာမွေးတဲ့ ကျွန်တော်က ချစ်လို့ 'အပြုံး' လို့ ခေါ်တဲ့ ကျော်မင်းတောင် လူပျိုပေါက်အရွယ်ရောက်ကာ သူ့ဖခင် ကိုဘစိုးနဲ့ တွင်းလိုက်ဆင်းနေပါပြီ။ ကျော်မင်းနဲ့ သူ့ညီ ဖိုးဇော်တို့ဟာ မြိုင်တူကြီးလာကြတာပါ။ သူတို့က ကိုဘစိုး၊ မတင်ကြည်တို့ရဲ့ သားတွေပါ။

ထူးခြားမှုရှိတာက ကျော်မင်းဟာ ကျောင်းသားဘဝကတည်းက ကွမ်းစားတာပါ။ သူတို့ရဲ့သူငယ်ချင်းတွေ ကွမ်းအပြိုင်စားရင်း ကွမ်းထဲကို ဆေးစုံထည့်စားတဲ့အဆင့်ကို ရောက်ခဲ့ကြပါတယ်။ ဝါရင့်အဆင့်အမြင့်ဆုံးလို့ သူတို့ကိုယ်သူတို့ သတ်မှတ်ပြီး ဂုဏ်ယူနေကြတာပါ။

အဲဒီအချိန်မှာ ကျွန်တော်ဟာ တွင်းသားတစ်သိုက်နဲ့ ကိုကျော်တင်၊ မခင်စန်းမြိုင်တို့အောက်မှာနေတာပါ။ အဲဒီအချိန်က ကျွန်တော် မွေးထားတာ ခွေးဂျပုခေါ် ခွေးနက်ပုပုလေးပါ။ ခွေးတွေထဲမှာ ပုပုလေးပါ။ ခွေးတွေထဲမှာပုပြီး ခွေးစဉ်မမီတော့ကာ ချစ်ဖို့အလွန်ကောင်းပါတယ်။ လိမ္မာပြီး သခင်ကို အလွန်ချစ်တာပါ။ ဘယ်ကိုသွားသွား နောက်က တကောက်ကောက်လိုက်လေ့ရှိတယ်။

ညပိုင်း ရွာလယ်မှာလမ်းလျှောက်ရင်း ပုတီးစိပ်ပြီဆိုရင် မျက်စိတစ်ဆုံးမြင်ရတဲ့နေရာမှာ ဝပ်ပြီး လမ်းလျှောက်တာကို အစ၊ အဆုံးလိုက်ကြည့်နေတတ်ပါတယ်။ ဒါကလည်း ခွေးကို အကဲခတ်စောင့်ကြည့်နေတဲ့ ဖိုးဟန်ဆိုတဲ့ ပလောင်လေးကပြလို့ သတိထားမိခြင်းပါပဲ။ ခွေးက အဲဒီလောက်ထိ ချစ်တာပါ။

တွင်းမသွားဖြစ်ကြတဲ့နေ့တစ်နေ့မှာ ကျော်မင်းက ကျွန်တော့်ဆီလာပါတယ်။ ကျွန်တော်က ပိန္နဲပင်အောက်မှာ ထိုင်နေတာပါ။ ထုံးစံအတိုင်း ကွမ်းတမြုံ့မြုံ့နဲ့ပါ။ အိတ်ကပ်ထဲမှာ ကွမ်းထုပ်ကြီးက ဖောင်းလို့ပါပဲ။

"ကျော်မင်းရေ မင်းတို့ဆေးစုံဝါးနေတော့ မမူးဘူးလား"

"မူးတာပေါ့ လေးကျော်စိုးရာ။ ကျွန်တော်တို့ထက် ဆေးပြင်းတဲ့ ကွမ်းယာမရှိတော့ဘူး။ ဒါဟာ ဂိတ်ဆုံးပဲ။ ကျွန်တော်တို့ကျတော့ စားနေကျဝါးနေကျဆိုတော့ သိပ်မမူးတော့ပါဘူး"

အဲဒီမှာ ကျွန်တော် ဘာကိုပြေးပြီးတွေးမိသလဲဆိုတော့ ခွေးလေး ဂျပုကွမ်းမူးတာကို မြင်ချင်တာပါ။ ကွမ်းကိုဝါးမယ်။ ဝါးပြီးရင် ကွမ်းတံတွေးကို ဂျပုပါးစပ်ထဲထွေးမည့်မယ်။ ဒါဆိုဂျပုမူးပြီးကွမ်းကို ဆက်မဝါးဘဲ ထွေးထုတ်ပစ်လိုက်မယ်။ မျိုမချတော့ဝါးတဲ့ကျွန်တော်ကိုယ်တိုင်က မူးမှာမဟုတ်ဘူးဆိုပြီး အတွေးကို အကောင်အထည်ဖော်ပါတယ်။

"ကျော်မင်းရေ၊ ငါ့ကို ကွမ်းတစ်ယာပေးကွာ"

"ဟုတ်ပါ့မလား လေးကျော်စိုး၊ ကွမ်းက ဆေးစုံထည့်ထားတော့ အရမ်းမူးတယ်နော်"

"ရပါတယ်ကွာ၊ ငါ ဂျပုကို ကွမ်းတံတွေးထွေးထည့်ပြီး သူမူးတာမြင်ချင်လို့ကွ။ ဝါးပြီးထွေးထုတ်ပစ်မှာပါ"

"ကဲဗျာ - ရော့၊ ရော့"

ဆိုပြီး ကွမ်းထုပ်ထဲက တစ်ယာထုတ်ပေးပါတယ်။ မကောင်းတဲ့အကြံစိတ်ရှိတဲ့ ကျွန်တော်ဟာ ကွမ်းကိုခပ်သွက်သွက်ဝါးပါတယ်။ ကွမ်းတံတွေးရပြီဆိုမှ ဂျပုပါးစပ်ထဲဖြဲထည့်ဖို့ အနားမှာရှိနေတဲ့ ဂျပုကို ဖမ်းပါတယ်။ ခွေးကလည်း လျင်လိုက်တာ ဖျတ်ခနဲ ထပြေးတယ်။ ဘယ်လိုဖမ်းဖမ်းမမိတော့ပါဘူး။ ဒီလောက်ယဉ်ပါးပြီး အမြဲတမ်းလက်ပွန်းတတီးနေတဲ့ခွေးဟာ အံ့ဩစရာအလွန်ကောင်းပါတယ်။ လုံးဝဖမ်းမရဘဲ ပတ်ပြေးနေပါတယ်။ မူမမှန်တဲ့ ကျွန်တော့်ရဲ့စိတ်အကြံကို သိနေလို့ထင်ပါရဲ့ဗျာ။ တစ်ခါမှ ခုလိုမပြေးဖူးပါဘူး။ အခုကျမှ လုံးဝအကပ်တော့မခံပါဘူး။

ဆိုရရင်တော့ ကျွန်တော့်ရဲ့မေတ္တာဓာတ်ပျက်စီးမှုကြောင့် သူ့ရဲ့မေတ္တာဓာတ်လည်း ပျက်စီးသွားဟန်ရှိပါတယ်။ ဒီလိုနဲ့ အချိန်တိုအတွင်းမှာပဲ ကွမ်းမူးမှာစိုးတာကြောင့် အကုန်ထွေးထုတ်ပစ်လိုက်ပါတော့တယ်။ ပါးစပ်ကို ရေနဲ့ဆေးသစ်လိုက်ပါတယ်။ ကျွန်တော်နဲ့ ဂျပုကို ကြည့်ပြီး ကျော်မင်းကတော့ ရယ်နေတာပါ။

## မကောင်းစိတ်ရဲ့တန်ပြန်

မကြာလိုက်ပါဘူး။ ကွမ်းရဲ့ဆေးစုံအဆိပ်ဟာ တရိပ်ရိပ်တက်လာပါတော့တယ်။ မူးတာမှ အတော့်ကို မူးတာပါ။ ကွမ်းဆိုတာ ဝါးဖူးတာမှမဟုတ်တာ။ ဝါးရုံနဲ့ မူးမှန်းလည်း မသိရိုးအမှန်ပါ။ အမှန်တော့ အစာမျိုပြွန်တစ်လျှောက် တံတွေးဂလင်းတွေကနေပြီး ပျော်ဝင်စီးဆင်းမှုကြောင့် အစာအိမ်ထဲရောက်သွားပြီးမူးတာနေမှာပါ။

မူးအားကြီးလာတော့ အမြန်ဆုံးအိမ်အောက်ထဲဝင်ပြီး အိပ်ရာထဲလှဲနေရပါတယ်။ အရက်မူးတာထက် အဆပေါင်းများစွာ အခံရခက်ပါတယ်။ မူးတာမှ နည်းနည်းလေးတောင်လှုပ်လို့မရပါဘူး။ လှုပ်လိုက်တာနဲ့ ထိုးပြီးအန်တော့မှာပါ။

ကျွန်တော့်ကိုကြည့်ပြီး ကျွန်တော့်တွင်းသားတွေက ဘာဖြစ်တာလဲလို့ မေးပါတယ်။ ဖြစ်စဉ်ကို အတိုချုံးပြီး ပြောပြလိုက်ရပါတယ်။ အဲဒီမှာ တွင်းသားတွေကလည်း ရယ်ကြပြန်တယ်။ သူတို့ကသာ ရယ်နိုင်တာ၊ ကျွန်တော့်မှာတော့ ကွမ်းမူးတဲ့ဒဏ်ကို သေလုမတတ်ခံစားနေရတာပါ။ သူတို့လည်း ကွမ်းမူးတာကို ဘယ်လိုဖြေရမယ်ဆိုတာ မသိကြပါဘူး။

ကွမ်းထဲမှာပါတဲ့ ကွမ်းသီးကလည်းမူးပါတယ်။ ဆေးရွက်ကြီးဆိုတာကတော့ ပြောစရာမလိုအောင် မူးတာပါ။ အဲဒီဆေးရွက်ကြီးကို နည်းမျိုးစုံနဲ့ ပြုပြင်ထားတဲ့ဆေးတွေရှိတယ်။ အဲဒီဆေးတွေကို ဆေးစုံလို့ ခေါ်ကြတာ။ အဲဒီဆေးစုံတွေက အိန္ဒိယကလာတာများတယ် ။ ဇမာဆေးဆိုတာကျတော့ ဆေးရွက်ကြီးကို မှုန့်နေအောင် ခြေထားတာပါ။ မောင်ကျော်မင်းတို့လို ဝါရင့်ကွမ်းသမားတွေကျတော့ ရှိသမျှဆေးအစုံထည့်စားကြတာ။ အဲဒီဆေးစုံရဲ့ဒဏ်ကို ကျွန်တော် ချွေးပြန်အောင် ခံစားနေရပါပြီ။ အမှန်တော့ သူများမကောင်းကြံတော့ ကိုယ့်ဘေးဒဏ်ထိနေခြင်းပါပဲ။

အဲဒီမှာ ဒီလောက်မူးပြီး ကောင်းကျိုးမပေးတဲ့ ကွမ်းကို စားနေကြတဲ့လူတွေကိုလည်း အံ့ဩမိပြန်တယ်။ ကွမ်းဆိုတာ မြန်မာနိုင်ငံမှာ အတော်တွင်တွင်ကျယ်ကျယ် စားကြတာပါ။ ယောကျ်ားတွေဆိုတာ မူးယစ်ဆေးမျိုးစုံကြိုက်ကြတာမို့ စားတာ ထားပါတော့။ မိန်းမတွေကပါ ကွမ်းစားနေကြတာတွေ့တွေ့ရတော့ အတော့်ကို စိတ်မသတီစရာပါ။ လူ့အဆင့်အတန်းကိုကြည့်ရင် တကယ်အဆင့်ရှိတဲ့လူတွေဟာ ကွမ်းမစားကြပါဘူး။ နိုင်ငံတော်အုပ်ချုပ်တဲ့ ပုဂ္ဂိုလ်ကြီးတွေ၊ အရာရှိကြီးတွေ၊ သူဌေးအသိုင်းအဝိုင်းတွေ၊ ဆရာဝန်တွေ၊ ကျန်းမာရေးဝန်ထမ်းတွေ၊ ကျောင်းဆရာမတွေ၊ မချမ်းသာသော်လည်း သန့်သန့်ပြန့်ပြန့်နေထိုင်သူတွေဟာ ကွမ်းလုံးဝမစားကြပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

ကွမ်းမစားသူတွေကို ကြည့်လိုက်ရင် သူ့ရဲ့ပါးစပ်ဟာ သန့်သန့်ရှင်းရှင်းနဲ့ လှပနေတာပါ။ ကွမ်းစားသူတွေကြည့်လိုက်ရင် ပါးစပ်ဟာ ကွမ်းကြေး၊ ကွမ်းတံတွေးတွေ ပေကျံပြီး စုတ်ပွဲနေတာပါ။ ရွံဖို့အလွန်ကောင်းပါတယ်။ ကွမ်းဆိုတာဟာ လူ့အဆင့်အတန်းကို အောက်ကျစေတဲ့ပစ္စည်းပါ။

ကျွန်တော်တို့ မိုးကုတ်မှာ နီပေါလူမျိုး ဂေါ်ရခါးတွေအလွန်ပေါပါတယ်။ အရွယ်ရောက် မိန်းကလေးအတော်များများ ကွမ်းစားကြတယ်။ သူတို့ကွမ်းဝယ်ရင် ဗမာဆေး အများကြီးထည့်စားလေ့ရှိကြတယ်။ ပြီးတော့ နီကိုတင်းအဆိပ် အများဆုံးပါတဲ့ ဗီဒီဖင်ချွန်းဆေးလိပ်တွေ သောက်ကြတယ်။ ဒါက သူတို့ရဲ့ယဉ်ကျေးမှုလိုဖြစ်နေတော့ ဘယ်သူမှအပြစ်မမြင်ကြပါဘူး။ သို့သော်လည်း အဆင့်မြင့်မြင့်နေကြတဲ့ ဂေါ်ရခါးတွေကျတော့ ကွမ်းမစားပါဘူး။ သန့်လို့ပြန့်လို့ အတော်လှကြတာပါ။

ဆေးရွက်ကြီးဆိုတာ လူကို ကောင်းကျိုးမပြုပါဘူး။ ဆေးရုံတွေမှာ ကင်ဆာဝေဒနာသည်တွေ များလှပါတယ်။ အဲဒီလူတွေကို လေ့လာကြည့်ရင် အများအားဖြင့် ဆေးရွက်ကြီးသုံးစွဲသူတွေသာ များပါတယ်။ ဆေးရွက်ကြီးစွဲပြီဆိုလို့ကတော့ ဆေးရွက်ကြီးကို အဓိကထားပြီး ပြုလုပ်တဲ့ကွမ်းတို့၊ ဆေးလိပ်တို့ဆိုတာ ပြတ်နိုင်ခဲကြပါတယ်။ အသေခံပြီး ဆေးရွက်ကြီးကို သုံးစွဲသွားတာများတယ်။ ဆေးရွက်ကြီးက ဒီအထိ ဆွဲဆောင်နိုင်စွမ်းရှိတာပါ။

ဒါပေမယ့် ကျွန်တော်တို့လို အသိနဲ့သတိရှိနေသူတွေအတွက်တော့ ဆေးရွက်ကြီးဘေးဒဏ်က ကင်းကြပါတယ်။ အခုလို ခွေးကလေး ဂျပုကို စလိုတာကြောင့် ခဏဝါးလိုက်တဲ့ ကွမ်းဒဏ်ကို တောင်မှ လိမ့်နေအောင် ခံစားနေရပါပြီ။

နှစ်နာရီခန့်ကြာတော့ ကျွန်တော့်ဆီ မောင်ကျော်မင်း ရောက်လာပါတယ်။ ဦးစွာ ကျွန်တော့်ကို ကြည့်ပြီး တဟဲဟဲရယ်နေတာပါ။ ပြီးတော့မှ စကားပြောပါတယ်။

"လေးကျော်စိုး၊ ကွမ်းအတော်မူးသွားတယ်ထင်တယ်။ ဟဲဟဲ- ကျွန်တော်ထင်သားဗျ။ လေးကျော်စိုးမူးမှာလို့။ ကဲကဲ - ကွမ်းမူးပြေအောင် ထန်းလျက်စားလိုက်၊ ဒီမှာထန်းလျက်ယူလာတယ်"

ဆိုပြီး ထန်းလျက် လေး၊ ငါးလုံးပေးပါတယ်။ ကျွန်တော်အကုန်စားလိုက်ပါတယ်။ လေးကျော်စိုး သက်သာသွားမှာပါဆိုပြီး မောင်ကျော်မင်း ပြန်သွားပါတယ်။ အချိန်အတန်ကြာတော့ ကွမ်းမူးသက်သာသွားပြီး အီတီတီ ပျင်းတွဲတွဲပြီး မူးနေပါတယ်။ အန်တော့မအန်ချင်တော့ပါဘူး။

မောင်ကျော်မင်းဟာ အဲဒီဆေးစုံကွမ်းကို စွဲပြီးစားနေလိုက်တာ။ နောက်ပိုင်း စကားမပြောတော့ဘဲ ကြောင်စီစီကြီးဖြစ်နေလို့ ကျပ်ပြင်က ဒေါက်တာခင်မောင်ဇော်ဆီ သွားပြတဲ့အခါ အာရုံကြောတွေဆိုင်းကုန်းကြောင်း ပြောပြပြီး ကွမ်းဖြတ်ခိုင်းပါတယ်။ ဒေါက်တာခင်မောင်ဇော်ဆီမှာ ရက်အတန်ကြာ ကုလိုက်ရပါတယ်။ မောင်ကျော်မင်း ကွမ်းပြတ်သွားခဲ့ပါတယ်။ ဒါက ကွမ်းနဲ့ဆက်နွယ်လို့တင်ပြခြင်းပါ။

## စိတ်ဖြင့်ပင်မပြစ်မှားအပ်သည်များ

ပုထုဇဉ်ဖြစ်တဲ့ ကျွန်တော်တို့ဟာ အမြဲသဖြင့် လောဘ၊ ဒေါသ၊ မောဟ စိတ်တွေနဲ့ ထုံမွမ်းပြီး ခြုံလွှမ်းနေကြတာများတယ်။ ရဟန်းတော်တွေကျတော့ စိတ်ဖြင့်ပြစ်မှားရုံသက်သက်ဖြင့် အာပတ်သင့်ခြင်းမရှိ မနောဒွါရေ အနာပတ္တိလို့ဆို ထားပါတယ်။ အာပတ်တော့ မသင့်ပါဘူး။ သို့သော်လည်း အဲဒီ လောဘ၊ ဒေါသစိတ်တွေခြံရံပြီး သေသွားကြရင်တော့ ဘယ်လိုပုဂ္ဂိုလ်မျိုးမဆို အပါယ်ဘုံကို ကျရောက်ရမှာ အမှန်ပါပဲ။ လူရယ်၊ရဟန်းရယ် အကုသိုလ်အပြစ်က မရွေးပါဘူး။ အရိယာဖြစ်မှသာ အပါယ်ဘုံက ကင်းလွတ်ကြရတာပါ။ အပါယ်ဘုံဆိုတာ ပုထုဇဉ်တို့ရဲ့နေအိမ်ကြီးပါ။

စိတ်နဲ့ပြစ်မှားတိုင်းသာအကျိုးပေးနေမယ်ဆိုရင် နေစရာနေရာတောင်ရှိကြမယ်မထင်ပါဘူး။ မနောကံနဲ့ ပြစ်မှားမှုအချို့တွေဟာ အဟောသိကံတွေ ဖြစ်ကုန်ပြီး အကျိုးမပေးတာတွေ ရှိကြပါတယ်။

ဒါပေမယ့် စိတ်နဲ့တောင် မပြစ်မှားအပ်တဲ့ပုဂ္ဂိုလ်တွေရှိတယ်။ အဲဒါက ခင်ပွန်းကြီးဆယ်ပါးပါပဲ။ ခင်ပွန်းကြီးဆယ်ပါးကိုတော့ မပြစ်မှားမိအောင် ကြိုးစားနေထိုင်ထိန်းသိမ်းဖို့ အထူးပဲ လိုအပ်လှပါတယ်။ ကာယကံမြောက်၊ ဝစီကံမြောက် မဆိုထားနဲ့၊ မနောကံမြောက် ပြစ်မှားမိတယ်ဆိုရင်တောင် အဲဒီပုဂ္ဂိုလ်ကို ကာယကံ၊ ဝစီကံ၊ မနောကံနဲ့ ကန်တော့ဖို့ လိုအပ်လှပါတယ်။

ခင်ပွန်းကြီးဆယ်ပါးမှာ အမိနဲ့ အဖတို့ပါဝင်ပါတယ်။ ကျွန်တော်တို့တွေ အများဆုံးပြစ်မှားမိကြတာက မိဘတွေကိုပါပဲ။ ဘာလို့လဲဆိုတော့ သားသမီးတွေဟာ မိဘနဲ့နေထိုင်ကြီးပြင်းကြရတာပါ။ ဒီတော့ လက်ပွန်းတတီးနေထိုင်ကြရတယ်။ အဲဒီလိုနေတဲ့အခါ စိတ်အနေမသင့်ရင်၊ မိမိအလိုကို မလိုက်ရင် မိဘကို ရန်သူလို့ထင်ပြီး ဆက်ဆံရိုင်းတတ်ကြပါတယ်။ ကိုယ်နဲ့ နှုတ်နဲ့မ... လွန်ရင်တောင်မှ စိတ်နဲ့တော့ ပြစ်... လေ့ရှိကြတယ်။ ဒါဆို မိဘတို့ကို ပြစ်မှားသည်မည်ပါပြီ။ ခင်ပွန်းကြီးဆယ်... စာရင်းဝင် မိဘကို ပြစ်မှားမိလိုက်တာ... မိဘတို့ရဲ့ စိမ်ရေသင့်တာပါပဲ။

မိဘတို့ရဲ့စိမ်ရေသင့်တဲ့ပုဂ္ဂိုလ်... ဟာ ဘဝမှာ အရောင်မပြောင်ဖြစ်တ... ပါတယ်။ ကြံတိုင်းမအောင် ဆောင်တ... မမြောက်ဘဲ ဒုက္ခမျိုးစုံကြုံရတ... တယ်။

သာမန်လူတွေကို ပြစ်မှားမိ... ကျွန်တော့်လို တိရစ္ဆာန်တွေကို ပြစ်... မိရင် ဒါဟာ ကြီးလေးတဲ့ကံ မဟုတ်... ဘူး။ အလေးထားအပ်တဲ့ ခင်ပွန်း... ဆယ်ပါးကို ပြစ်မှားမိရင်တော့ တော... ပန်ဝန်ချ ကန်တော့သင့်ကြပါတ... ဒါတွေဖြစ်ရတာဟာ မကောင်းတဲ့... ထားကြောင့်ပါပဲ။

ကျွန်တော်တို့မိုးကုတ်မှာ ... တယ်။ အဲဒါက မိဘ၊ ဆရာသမား... ဘုရားတို့နဲ့ အလေးထားအပ်တဲ့ ရပ်မိ... တွေကို လူငယ်တွေက ဝါကျွတ်မှာ ... ခါ၊ နှစ်ဦးမှာ တစ်ခါ လိုက်ကန်... ကြတာပါပဲ။ အလွန်ကောင်းမွန်တဲ့... ပါ။ ဒါဆိုရင် ပြစ်မှားမိသမျှ အပြစ်... ကျေသွားပါပြီ။ မကောင်းတဲ့ဘေး... ရန်မာန်အန္တရာယ်တွေကင်းသွားပါ...

ဘာမှအလေးမထားလော... အိမ်မွေးတိရစ္ဆာန်လေးတွေကို မ... တဲ့စိတ်နဲ့ ပြစ်မှားတာတောင် ... မကောင်းတဲ့စိတ်ထားရဲ့ တန်ပြန်... ခတ်မှုကို ခံရပါသေးတယ်။ ခင်ပွန်း... ဆယ်ပါးနဲ့ လူတွေဆိုတာကတော့ ... စရာတောင်လိုမယ်မထင်ပါဘူး။ မ... ကံနဲ့တောင် မပြစ်မှားကြပါနဲ့လို့ ... လိုက်ပါရစေ။

ချမ်းမြေ့ကြ...

နေပြည်တော်ကျေ...



www.burmeseclassic.com

www.burmeseclassic.com

ဦးမင်းဇင်(ရွှေဝင်း)

# သူငယ်နာနို့မြွေနို့ငန်းရောဂါ



သူငယ်နာ နို့မြွေနို့ငန်းရောဂါဆိုသည်မှာ ရောဂါဖြစ်ကြောင်းဇာစ်မြစ်ကို မသိကြလျှင် ကလေးငယ်၏ အသက်အန္တရာယ်ကိုဖြစ်စေပြီး သက်ဆိုးမရှည်တတ်သည့် သူငယ်နာရောဂါတစ်မျိုးဖြစ်ပါသည်။ အတွေ့ရနည်းသော်လည်း ဤရောဂါဖြစ်လာလျှင် နားလည်တတ်ကျွမ်းသော ဆရာသမားများနှင့် မတွေ့ပါက အသက်အန္တရာယ်ကိုဖြစ်စေတတ်ပါသည်။

ထိုသူငယ်နာ နို့မြွေနို့ငန်းရောဂါကို အရပ်အခေါ်အားဖြင့် 'နို့ဘီလူး'၊ 'နို့စွဲရောဂါ' စသည်အားဖြင့် ခေါ်ဆိုသမုတ်ကြလေသည်။

ဤသို့ ခေါ်ဆိုသမုတ်ရခြင်းအကြောင်းမှာ သဘာဝတရားအရ မိခင်၏နို့ရည်သည် သားသူငယ်အတွက် အမြိုက်အရသာကဲ့သို့ဖြစ်ပြီး အသက်ရှည်၍ ကျန်းမာဖွံ့ထွားအောင် ကြီးစွာသော အထောက်အပံ့ကိုပေးစေသည့် မိခင်၏ မေတ္တာရေကြည်အေး ဖြစ်ပါသည်။

သို့သော် ထိုရောဂါဖြစ်ပေါ်လာသောအခါ မိခင်၏ နို့ရည်သည် ချိုမြသော အမြိုက်ရည် မဟုတ်တော့ဘဲ ရင်သွေးငယ်အတွက် မေတ္တာရေကြည်အေးနှင့် ဆန့်ကျင်ဘက်အကျိုးသွားကို ဖြစ်ပေါ်စေပြီး အသက်အန္တရာယ်ကိုပါ ပေးစေသည့်ရောဂါမျိုးဖြစ်ပြီး အဆိပ်ပြင်းသော မြွေငန်းတို့နှင့် ထိတွေ့မိသောသူသည် အသက်အန္တရာယ်ကိုဖြစ်စေသကဲ့သို့ ၎င်းမိခင်၏ နို့ရည်သည် ရင်သွေးငယ်ကို အန္တရာယ်ဖြစ်စေသည့်အတွက်ကြောင့် လည်းကောင်း၊ ဘီလူးကဲ့သို့ ရင်သွေးငယ်ကိုသေစေ၊ သတ်စေ၊ တတ်သည့်ဆိုးကျိုးကို ဖြစ်စေ၍ ၎င်းရောဂါဖြစ်ခြင်း၏ မူလဇာစ်မြစ်အစသည် အမိ၏နို့ချိုတွင်ဖြစ်တည်နေသောကြောင့်လည်း နို့စွဲရောဂါဟု အသီးသီးအမည်သမုတ်ကြခြင်း ဖြစ်ပါသည်။

ထိုရောဂါသည် ရင်သွေးငယ်နှင့် မိခင်နို့ရည်တို့ ဓာတ်မတည့်၍ ဖြစ်ပေါ်လာသည့်ရောဂါမျိုး ဖြစ်ပါသည်။

ရင်သွေးငယ်များတွင် အဓိကတွေ့ရမည့် လက္ခဏာများမှာ အစာအိမ်နှင့်အူလမ်းကြောင်းရောဂါလက္ခဏာများနှင့် အာဟာရချို့တဲ့သောလက္ခဏာများ အဓိက ကလေးတွင်ဖြစ်ပေါ်စေပြီး မှန်ကန်သောကုသမှုကို မရပါက ရင်သွေးငယ်၏အသက်အန္တရာယ်ကို သေဆုံးစေသည်အထိ ဖြစ်စေပါသည်။

ဤရောဂါသည် အဖြစ်နည်း အတွေ့ရနည်းသည့်ရောဂါ ဖြစ်သောကြောင့် များသောအားဖြင့် ဆေးဝါးကုသပေးကြသည့် ဆေးသမားတော်များသည် သတိမထားမိ၍သတိမမူမိတတ်ခြင်း ဖြစ်တတ်ကြပါသည်။

၎င်းရောဂါကို ကုသသည့်အခါ မိခင်နှင့် ရင်သွေးငယ်၏ ဆက်စပ်ပတ်သက်မှုကွင်းဆက်ကို ဖော်ထုတ်ပြီး မိခင်ရောကလေးပါ ဆေးဝါးကုသပေးမှ သက်သာပျောက်ကင်းနိုင်ပါသည်။ မိခင်၏နို့ရည်သည် ထိုရောဂါဖြစ်ခြင်း၏ အကြောင်းရင်းမှန်ဖြစ်ပါသည်။

ဤသို့ဖြစ်ပေါ်စေခြင်းမှာ သားဦးကလေးတွင် စတင်ပြီး ဖြစ်ပေါ်လာတတ်ကြသဖြင့် ထိုနို့မြွေနို့ငန်းရောဂါ (နို့ဘီလူး)ကို သတိမထားမိကြဘဲ အခြားရောဂါများနှင့် လွဲမှား၍ကုသနေကြလျှင် ကလေးမှာ အသက်အန္တရာယ်ဖြစ်ပေါ်စေပြီး အသက် (၃)၊ (၄) လမှာပင် သေဆုံးတတ်ကြပါသည်။

ထို့ကြောင့် ဤရောဂါကို ကြိုတင်၍ ဗဟုသုတ ကြားမြင်သိရှိထားလျှင် သားသမီးငယ်လေးများ၏ အသက်



www.burmeseclassic.com

www.burmeseclassic.com

အန္တရာယ်ကို ကြိုတင်ကာကွယ်ပေးနိုင်ပြီး သက်တမ်းစေ့နေနိုင်ကြမည် ဖြစ်ပါသည်။ အကယ်၍ နို့မွှေးနို့ငန်းရောဂါ (နို့ဘီလူး) ကို ဖြစ်စေသည့် အကြောင်းရင်းများမှာ-

**မိခင်တွင် ဖြစ်ပေါ်လာနိုင်သည့် လက္ခဏာများ**

(၁) ဤရောဂါကို ဖြစ်စေသည့် မိခင်များသည် များသောအားဖြင့် စားသောက်ပုံ အလေ့အထများတွင် တစ်ဖက်လွန်အစာအာဟာရကို စားသောက်မှု လွန်ကဲတတ်ကြသည်။

ဥပမာ ပူလွန်း၊ စပ်လွန်းသည့် အစာများ၊ ချဉ်လွန်း၊ ခါးလွန်းသည့် အစာများ၊ ငန်လွန်း၊ ဖန်လွန်းသည့် အစာများ စသည့် အာဟာရများကို လွန်ကဲစွာ စားသုံးတတ်ကြခြင်း။

(၂) ထိုမိခင်တို့၏ ရုပ်လက္ခဏာများမှာ အသားအရေခြောက်သွေ့ကြမ်းတမ်းနေတတ်ခြင်း၊ အသားအရေခန်းခြောက် ပိန်ချုံးနေတတ်ခြင်း၊ ချွေးထွက်များပြီး အသားအရေဆီပြန်တတ်ခြင်း၊ ဆံပင်၊ မွေးညင်း စသည်တို့သည် မနူးညံ့ဘဲ ကြမ်းတမ်းနေတတ်ခြင်း၊

လက်ဖဝါး၊ ခြေဖဝါး၊ ဖနောင့်သားတို့ ကွဲအက်နေတတ်ခြင်း၊ ကိုယ်သားကိုယ်ရေအမြဲပူနေတတ်ခြင်း စသည့် လက္ခဏာများကို အများအားဖြင့် တွေ့မြင်ရပေမည်။

(၃) ထိုမိခင်များသည် ဆီး၊ ဝမ်း၊ သွေး၊ လေတို့ ညီညွတ်မျှတမှန်ကန်ခြင်း မရှိတတ်ကြပါ။

ဥပမာ ဝမ်းချုပ်လွန်းခြင်း၊ စမြင်းခံခြင်း၊ ဆီးပူ၊ ဆီးနီ၊ ဆီးနည်းခြင်း၊ သွေးသားခန်းခြောက်၍ မီးယပ်သွေးနည်းခြင်း၊ လကျော်ခြင်း၊ မီးယပ်ဖြူဆင်းများခြင်း၊ မီးယပ်သွေးပေါ်လျှင် သွေးညှီနံ့ပြင်းထန်စွာရခြင်း၊ အနံ့နံခြင်းစသည်တို့ကို တွေ့ရပါမည်။

(၄) ထိုမိခင်များသည် ကိုယ်တွင်းဟော်မုန်းဓာတ်များ ညီညွတ်မျှတမှုမရှိခြင်း၊ ပုံမှန်မဖြစ်ခြင်း၊ ကိုယ်တွင်း ဓာတ်သားများ ယုတ်လျော့မှုများခြင်း စသည့် အကြောင်းများကြောင့် ခန္ဓာကိုယ်တွင်းမှာ ဇီဝကမ္မလှုပ်ရှားမှုလုပ်ငန်းချို့တဲ့အားနည်းနေခြင်းများကို တွေ့ရနိုင်ပါသည်။

(၅) ထိုမိခင်၏ နို့ရည်ကို ညှစ်ယူပြီး လျှာပေါ်တင် အရသာခံကြည့်လျှင် ချဉ်၊ ခါး၊ ငန်၊ စပ်၊ ပူခြင်း ဆိုသည့် သဘာဝမိခင်နို့ရည်၏အရသာ အေး၊ မြ၊ ချို၊ ဆိမ့်ခြင်း ကင်းမဲ့နေသည်ကို တွေ့ရပါမည်။

(၆) ထိုမိခင်၏နို့ရည်ကို ပုရွက်ဆိတ်ကျင်းနားထားကြည့်ပါက-

၎င်းနို့ရည်ကို ပုရွက်ဆိတ် လုံးဝမစားခြင်း၊ မအုံခြင်းကို တွေ့ရမည်။

**ကလေးငယ်တွင် တွေ့နိုင်သော ရောဂါလက္ခဏာများ**

၁။ ကလေးငယ်သည် မိခင်နို့ရည်သောက်စို့ပြီး အားရတင်းတိမ်မှုမရှိခြင်း၊ ကြည်လင်လန်းဆန်းမှုမရှိခြင်း။

၂။ ကလေးသည် အအိပ်အနေနည်းခြင်း၊ အငိုအရယ်များခြင်း။

၃။ အသားအရေမဖြစ်ဘဲ ပိန်ချုံးချိနဲ့ အာဟာရပြတ်သကဲ့သို့ဖြစ်ခြင်း၊ (အာဟာရချို့တဲ့သည့်လက္ခဏာများကို တွေ့ရမည်။)

၄။ ကလေး၏ ခန္ဓာကိုယ်အရေပြားသည် တင်းရင်းမနေဘဲ ရှုံ့တွနေခြင်း တွေ့ရမည်။

၅။ ကလေးသည် ဝမ်းပျက်ခြင်း၊ ဝမ်းတစစ်စစ်သွားခြင်း၊ ဗိုက်နာ၊ လေထိုးခြင်းတို့ အစဉ်မပြတ် ခံစားနေရတတ်ခြင်း။

၆။ ကလေးငယ်မျက်လုံးအရောင်သည် ကြည်လင်တောက်ပမှုမရှိဘဲ မွဲခြောက်ခြောက်ဖြစ်ပြီး မျက်သားမျက်ရည် ခြောက်သွေ့၍ မျက်ဝပ်၊ မျက်ချေးများ အမြဲထွက်နေတတ်ခြင်း။

၇။ ကလေး၏ပါးစပ်တွင် မှက္ခရုစွဲခြင်း၊ သွားရည်ပူများကျခြင်း။

၈။ နို့စို့ပြီး နို့အမြဲပြန်အန်တတ်ခြင်း။

၉။ ကလေးသည် ဆီးနည်းခြင်း၊ ဆီးဝါခြင်းကို တွေ့ရခြင်း စသည့် လက္ခဏာများကို တွေ့နိုင်ပါသည်။

အထက်ဖော်ပြပါ လက္ခဏာများ ကလေးငယ်တွင် အတော်များများတွေ့မြင်ဖြစ်ပေါ်နေသည်ကို တွေ့ရလျှင် သူငယ်နာ နို့မွှေးနို့ငန်းရောဂါ (နို့ဘီလူးရောဂါ) ဖြစ်နိုင်ချေရှိသည်ဟု သတိပြုမိကြစေရန် လိုအပ်ပါသည်။

သို့မှသာ ကလေးငယ်၏ အသက်အန္တရာယ်ကို ကာကွယ်ပေးနိုင်မည် ဖြစ်သည်။

**နို့မွှေးနို့ငန်းရောဂါ (နို့ဘီလူး) ကို သတိပြုကာကွယ်နိုင်ရန် အချက်လက်များ**

(၁) ကလေးမွေးကင်းစမှ အသက်နှစ်လအတွင်း ကလေးငယ်၏ အခြေအနေကို သတိထား စောင့်ကြည့်ပါ

ပုံမှန်ဖွံ့ဖြိုးခြင်းမရှိဘဲ နို့ပြန်အ
များခြင်း၊

ဝမ်းသွား၊ ဝမ်းပျက်၊ ဝမ်းတစစ်စ
သွားမှုများခြင်း၊

ကလေးငယ်၏ ခန္ဓာကိုယ်အလေး
ချိန် လုံးဝမတက်ဘဲ လျော့ကျလာခြ

စသည့် လက္ခဏာအတော်မျ
များကို ကလေးငယ်တွင် ခံစားနေရ
ဆိုလျှင် မိခင်၏နို့ရည်ကို သတိပြု
စစ်ဆေးရန် လိုအပ်ပါသည်။

က။ နို့ရည်၏အရသာ ချဉ်၊ ခါ
ငန်၊ စပ်ခြင်း ဖြစ်၊ မဖြစ် စစ်ဆေးပါ

ခ။ မိခင်နို့ရည်ကို ခဏဖြတ်ထာ
ပြီး အခြားနို့ရည်ကို အစားထိုးကာ လေ
ငါးရက်၊ တစ်ပတ်ခန့်တိုက်ပြီး ကလေး၏
အခြေအနေကို စောင့်ကြည့်ပါ။ ကလေ
၏အခြေအနေသည် ပြောင်းလဲတိုးတက်
ပြီး ကျန်းမာရေးပိုမိုကောင်းမွန်လာပြီ
လျှင် မိခင်နို့ရည်သည် နို့ဘီလူးခေါ်
မွှေးနို့ငန်းရောဂါရှိသည်မှာ ကျိန်းသေ
သလောက်ပင် ဖြစ်ပါသည်။

ဂ။ မိခင်နို့ရည်မှာ နို့ဘီလူး (ခေါ်)
နို့မွှေးနို့ငန်းရောဂါရှိနေပြီ ဆိုလျှင်တော
ဒုတိယသား၊ သမီးအတွက် ကြိုတင်
ဆင်၍ မိခင်နို့ရည်ကို ပြုပြင်ရပါမည်

ယခု ပထမ သားဦးကလေးတ
နို့ရည်ကို ပြုပြင်ဆေးကုရန် အချိန်မ
တော့၍ မိခင်နို့ကို လုံးဝ မတိုက်တော
သေးဘဲ အခြားနို့မှုန့်၊ အာဟာရ
စသည် ကလေးနှင့် သင့်တော်ရာကို
စီမံတိုက်ကျွေးကြပါ။

အထက်ဖော်ပြပါ အချက်
လက်များကို သတိပြု၍ ဆင်ခြင်လိုက်
မည်ဆိုလျှင် မိခင်တွင် နို့ဘီလူး၊ နို့မွှေး
နို့ငန်းပါလာသော်လည်း ကလေးငယ်
အသက်အန္တရာယ်မရှိဘဲ ပုံမှန်ကျန်း
ဖွံ့ဖြိုးပြီးလာပါလိမ့်မည်။

အကယ်၍ နို့ဘီလူး၊ နို့မွှေးနို့င
ရောဂါကို သတိမပြုမိဘဲ အခြားရော
အထင်ဖြင့် ရေလိုက်လွဲပြီး ကုသနေလ
တော့ ကလေးငယ်သည် သက်ဆိုးမရှ
နိုင်ကြပါ။

မှတ်ချက် - များသောအားဖြ
နို့ဘီလူးကြောင့် ဖြစ်ပေါ်လာသ
ရောဂါလက္ခဏာများသည် အစာအိ
နှင့် အူလမ်းကြောင်းရောဂါလက္ခဏ
များ ဖြစ်နေခြင်းကြောင့် ကလေးအ
ကများနှင့် ပြသလျှင် အစာအိမ်အူလ
ကြောင်းရောဂါသတ်မှတ်ပြီး ဆေး
ပြီး ယခု W.H.O မှ ချမှတ်ထာ



www.burmeseclassic.com

www.burmeseclassic.com

# ဆီးချုပ်၊ ဆီးအောင့်ရောဂါအတွက် အကောင်းဆုံးဆေးတစ်လက်

'ယောကျ်ားမှာ ဆီး၊ မိန်းမမှာ မီး' ဟူသော စကားသည် ရှေးဆရာကြီးများ ပြောပြထားခဲ့သောအဆိုလေး ဖြစ်ပါသည်။ ယောကျ်ားများ ဆီးချုပ်ဆီးအောင့်၍ ဆီးမသွားနိုင်လျှင် အလွန်အခံရခက်ပြီး ဒုက္ခများလှပါသည်။ မိန်းမများတွင်လည်း မီးယပ်မမှန်လျှင် အလွန်ဒုက္ခများသောကိစ္စကြီးတစ်ခု ဖြစ်ပါသည်။

ယောကျ်ားများ ဆီးချုပ်ရောဂါဖြစ်ရသလို မိန်းမများလည်း ဆီးချုပ်ရောဂါဖြစ်တတ်ကြပါသည်။ ကျန်းမာရေးကို အထူးဂရုစိုက်ရသလို ကျန်းမာရေးတွင်လည်း ဆီးရောဂါသည် လူတိုင်းအတွက် အလွန်အရေးကြီးလှပါသည်။ ဆောင်းစရာမပါ နေပူထဲသို့ သွားလာခြင်း၊ နေပူထဲတွင်အလုပ်လုပ်ကိုင်ခြင်း၊ နေပူထဲမှပြန်၍ရေချိုးခြင်း၊ အပူအစပ်အစာများကို စားသုံးမိခြင်း၊ ရေသောက်နည်းခြင်း စသည်တို့ကြောင့် ဆီးရောဂါရတတ်ပါသည်။ စာရေးသူသည် ရွာသို့ ဘကြီးဘုန်းကြီးအား လာရောက် ကန်တော့ရာမှ ဘကြီးဘုန်းကြီး အမြဲတမ်းသောက်သုံးနေသည့်ဆေးဖြစ်ကြောင်း၊ ဤဆေးသည် ဆီးအတွက် အလွန်ကောင်းသောဆေး ဖြစ်သည်ဟုလည်း မိန့်ကြားပါသည်။ မည်သူမဆို ဆီးချုပ်၊ ဆီးအောင့်၊ ဆီးပူ၊ ဆီးနည်းဖြစ်နေလျှင် အောက်ပါဆေးနည်းကို အသုံးပြုနိုင်ပါသည်။

ကုလားမျက်စိပဥ္စငါးပါးကို ရေစင်အောင်ဆေး၍ အိုးသစ်တွင်ထည့်ပြီး ရေ မတ်ခွက်(၃)ခွက်ထည့်၍ ကျန်တစ်ခွက်ကို သောက်သုံးရပါမည်။ တစ်နေ့(၃)ခါ ပြုတ်၊ တစ်ရက်(၃)ခွက်တိတိ မနက်၊ နေ့လယ်၊ ညနေသောက်ရပါမည်။ တစ်ပတ်တိတိသောက်သုံးသွားလျှင် အထက်ပါ ဆီးရောဂါများ ပျောက်ကင်းသွားစေပါ သည်။ တစ်ရက်သုံးခါပြုတ် (၃) ခွက် သောက်ပြီးလျှင် နောက်ရက်တွင် ဆေး ပင်အသစ်လဲ၍ ပြုတ်ကျိုသောက်ရပါ မည်။

လက်တွေ့ သောက်သုံးခဲ့သည့် ဘကြီးဘုန်းတော်ကြီး၏ ဆေးနည်းကို သူရဋ္ဌမဂ္ဂဇင်းမှ ရေးသား တင်ပြလိုက်ရ ပါသည်။

မဟူရာ (ရောဝတီ) ကသာ

---

၎င်းရောဂါကို ကုသပေးသည့် ဆရာသမားသည် အတွေ့အကြုံရင့်ကျက်ပြီး ရောဂါဇာစ်မြစ်ကို အထူးသိမြင်ကျွမ်းကျင်နားလည်ပါမှ မှန်ကန်သည့် ကုထုံးတစ်ရပ်ကို ချမှတ်ကုသနိုင်မည် ဖြစ်သည်။

ထို့ကြောင့် ကလေးသူငယ်ကို ကုသပေးရမည့် ကုထုံးလမ်းစဉ်မှာ -

က။ ကလေးငယ်၏ ပါစကဝမ်းမီးကို ကောင်းမွန်အောင် ပြုပြင်ပေးရမည်။

ခ။ မိခင်နို့ကိုဖြတ်၍ အခြားနို့ရည်၊ သင့်တော်သော အာဟာရရည်များ တိုက်ကျွေးရမည်။

ဂ။ ကလေးငယ်၏ဝမ်းမီးကောင်းမွန်လာပြီး ဆီး၊ဝမ်းပုံမှန်ဖြစ်လာသည့်အချိန်တွင် ကလေးအသက်အရွယ်နှင့် သင့်တော်သည့် ဖြည့်စွက်အာဟာရကိုကျွေးပေးရမည်။ သို့မှသာ ကလေးတွင်လိုအပ်နေသော အာဟာရဓာတ် လျင်မြန်စွာ ရရှိလာမည်။

ဃ။ ကလေးငယ်ကို နေ့စဉ် ဝမ်းဗိုက်နှင့် ကျောပြင်တစ်ဝိုက်တွင်လိမ်းသော ရင်လူးဆေးကောင်းကောင်းကို စီမံ၍ မပြတ်လိမ်းထားပေးပါက ပါစကဓာတ်မီးကို အားဖြည့်ပေးစေသည့် ကုသချက် ဖြစ်ပါသည်။

(မုန့်ညင်းဆီကို အခြေခံ၍ စီမံထားသည့် လိမ်းဆေးများနှင့် အထူးသင့်တော်ပါသည်။)

င။ သူငယ်နာနို့မြွေနှိုင်းရောဂါအထူးနိုင်သည့်ဆေးကို ဖော်ပြပါမည်။

အမေ၏နို့ရည်နှင့် ဓာတ်မသင့်၍ ကလေးငယ်သည် နို့ပြန်အန်များခြင်း၊ ဝမ်းမကြာခဏပျက်ခြင်း၊ ဝမ်းဗိုက်တွင် လေပွ၍ အမြဲဝမ်းဗိုက်တင်းပြောင်နေပြီး ကလေးသည် တအီအီဖြစ်နေခြင်း စသည့် အခြေအနေမျိုးတွင် -

ကွမ်းရွက်ကို (၃) ရွက်ထပ်၍ ကတော့ချွန်လုပ်ပြီး ၎င်းအထဲသို့ ဆားအပြည့်သိပ်ထည့်ပြီး မီးကျီးခဲရဲရဲပေါ်တွင်တင်၍ ကွမ်းရွက်ဆားမီးဖုတ်လုပ်ပါ။ ၎င်းကို အမှုန့်ကြိတ်ထား၍ လေလုံအောင်ထားပါ။

**ပထမဆေးနည်း**

ဂမုန်းတိမ်ပြာဥသွေး၍ အထက်ပါ ကွမ်းရွက်ဆားမီးဖုတ် အနည်းငယ်ရောစပ်၍ ကလေးကို တစ်နေ့ (၃) ကြိမ် ခန့် ခွံ့ပေးပါ။

**ဒုတိယဆေးနည်း**

၁။ ဂမုန်းတိမ်ပြာဥအစို တစ်ကျပ်သား

၂။ လင်းနေမြစ်အစို တစ်ကျပ်သား

၃။ ကြောင်ပန်းရွက်အစို တစ်ကျပ်သား

၄။ စမုန်နက်လှော် တစ်ကျပ်သား

၅။ ကွမ်းရွက်ဆားမီးဖုတ် တစ်ကျပ်သား

၎င်းဆေး(၅)ပါးကို အညက်ကြိတ် ပြီးဆေးတောင့်လုပ်၍နေခြောက်အောင် လှန်းထားပါ။ လေလုံအောင်သိမ်းပါ။ ၎င်းဆေးတောင့်ကို သွေး၍ တစ်နေ့ (၃) ကြိမ် မန်ကျည်း (၁) စေ့ ခန့်တိုက်ပေးပါ။

အထက်ဖော်ပြပါ ဆေး (၂) နည်း သည် သူငယ်နာလေပြင်ကျရောဂါ သူ ငယ်နာဝမ်းပျက်ရောဂါများကိုလည်း ကု သပေးနိုင်ပါသည်။

အထက်ဖော်ပြပါ အကြောင်းအ ရာကုသနည်းများ၊ ကာကွယ်သတိပြု အချက်များသည် -

သားသည်မိခင်နှင့် ကလေး နှစ်ဦးနှစ်ဖက်စလုံး ပါဝင်ဆက်စပ် သက်နေသည့် သူငယ်နာ နို့မြွေနှိုင်း ရောဂါ (သို့) နို့ဘီလူး (သို့) နို့စွဲခေါ် ကြသည့် သူငယ်နာရောဂါဆန်းတစ် ကို မိဘပြည်သူများ အတတ်နိုင်ဆုံး သတိပြု၍ ကာကွယ်နိုင်စေရန် စေတ အရင်းခံစိတ်ထားဖြင့် ဤဆောင်းပါး ရေးသား တင်ပြလိုက်ပါသည်။

*မုခက်လွဲသောလက်များ ကျန်း ၍ အနာရောဂါကင်းပြီး ပုခက်တွင် သားသမီးငယ်လေးများလည်း ကျန်း ရှင်လန်း ချမ်းမြေ့သာယာကြပါစေ*

ဦးမင်းဇင် (မြန်)



www.burmeseclassic.com

www.burmeseclassic.com

မြို့တစ်မြို့တွင် တာဝန်ယူရသည့် ကနဦးပိုင်းကာလ။ လူတိုင်းကိုလည်း ကိုယ်က မသိကျွမ်းသေး။ ဌာနဆိုင်ရာ မြို့နယ်တာဝန်ခံများကို လူနှင့်အမည် ဟပ်မိ ကိုက်ညီ မှန်ကန်အောင် ကျက်မှတ်နေရသည်။ နေရာသစ်တစ်ခုသို့ ရောက်ခါစတွင် မလွဲမရှောင်သာသည့် ဖြစ်ရိုးဖြစ်စဉ်။

လူ့လောက ပတ်ဝန်းကျင်တွင် နာမည်တူ၊ လူတူ မရှား။ မကြာခဏ လည်း မှားယွင်းကြဖူးသည့် အတွေ့အကြုံများမှ ဖြစ်စဉ်တစ်ခုက အမှတ်တရ။

တစ်ရက်တွင် ကိစ္စတစ်ခုကြောင့် မြို့နယ်ပညာရေးမှူးအား တွေ့ဖို့ အရေးတကြီး လိုအပ်လာသည်။ ထို့ကြောင့် ရုံးမှဝန်ထမ်းတစ်ဦးအား ခေါ်ခိုင်းလိုက်သည်။သူ၏ရုံးရှိရာအရပ်သို့လည်း လက်ညှိုးထိုးညွှန်ပြလိုက်မိသည်။

"ဦးကျော်ရီကို ကားနဲ့တစ်ပါတည်း ခေါ်လာခဲ့ပါ။ ဖုန်းဆက်ထားတယ်"

ရုံးစာများကို ဆက်လက် ဖတ်နေမိသည်။ ခြေသံကြား၍ မော့ကြည့်မိသည့်အခါ ရုံးဝန်ထမ်းနှင့်အတူ မျက်နှာစိမ်းလူငယ်တစ်ယောက်။ သူ့ခမျာလည်း ထိတ်ထိတ်လန့်လန့် စိုးရိမ်တကြီးသွင်ပြင်မူဟန်။

"ဦးကျော်ရီ၊ ရောက်ပါပြီ"

သွားပြီ။ တကဲတက်စင်အောင် မှားသွားသည်။ အလုပ်အရေးကြီးချိန်မို့ စိတ်ကတိုချင်သည်။ တာဝန်ပေးမိသော ဝန်ထမ်းကို စေ့စေ့ကြည့်မိသည်။ တစ်စုံတစ်ရာပြောရန် နှုတ်တွင်အဆင်သင့်။

'အလွယ်ကူဆုံး အလုပ်သည် အပြစ်တင်ခြင်း ဖြစ်သည်'

'သူတစ်ပါးတို့၏ မသင့်တော်မလျော်သော အပြစ်အနာအဆာတို့ကို မကြည့်ရှုရာ။ သူတစ်ပါးတို့၏ ကောင်းမှု၊ မကောင်းမှု ပြု၊ မပြုကို မကြည့်ရှုရာ။ မိမိ၏ကောင်းမှု၊ မကောင်းမှု ပြု၊ မပြု ကိုသာလျှင် ကြည့်ရှုရာသည်'

ဟူသော ဆရာတော်သမားတော်များ၏အဆိုအမိန့်ကို ကြားနာ မှတ်သားဖူးသည်။ ချက်ချင်း သတိဖြင့် ဆင်ခြင်ရသည်။

ဝန်ထမ်းကို အပြစ်တင်၍လည်း မရ။ ဒီကိစ္စ တာဝန်အရှိဆုံးက ကိုယ်တိုင်။ မြို့နယ်ပညာရေးမှူး ဦးကျော်ရီဟု တိတိကျကျ မပြောလိုက်၊ မမှာလိုက်မိသည်က ကိုယ့်အမှား။ မှားယွင်းခေါ်လာမိသဖြင့် ရောက်လာသည့် ထိုလူငယ်ကိုလည်း တောင်းပန်ရသည်။ကိုယ့်တောင်းပန်စကားကို လက်မခံရဲသဖြင့် ပျာပျာသလဲ အားနာနေပုံက ခင်မင်စရာ။ ထိုလူငယ်ကို သတိထား မှတ်မိသွားသည်။

မြို့နယ်ပညာရေးမှူး ဦးကျော်ရီနှင့် လုပ်ငန်းကိစ္စ ဆွေးနွေးနေစဉ် ထိုလူငယ်အား သတိရနေဆဲ။ ရယ်လည်းရယ်စရာ။ ဒီတစ်ချီ မှားလိုက်သည်က ထူးထူးခြားခြား။မြို့နယ်ပညာရေးမှူး ဦးကျော်ရီနှင့် ရုံးလုလင် ဦးကျော်ရီ။ အမည်ချင်းသာ တူကြသည် မဟုတ်၊ နောင်တစ်ချိန်တွင် ဘဝ၏အရေးကြီးသောခရီးလမ်းကြောင်းဆုံမှတ်ချင်းကလည်း တိုက်တိုက်ဆိုင်ဆိုင်တူညီကြခြင်းကြောင့် ဤစာကို ရေးသားမိပါသည်။





■

ဒီမြို့တွင် ဆယ်စုနှစ်တစ်ခုတာဝန်ကျသည်။ ကာလတစ်လျှောက်လုံး မြို့ခံများအားလုံးနှင့် ခင်ခင်မင်မင် ရင်းရင်းနှီးနှီး။ အထူးသဖြင့် ရုံးလုလင်ကလေး မောင်ကျော်ရီ။ သူက အိမ်ရှိမိသားစုနှင့်ပင် သိကျွမ်းခင်မင်သည်။ ဖင်ပေါ့သည်။ စေတနာပါပါ သွက်သွက်လက်လက် ကူညီဆောင်ရွက်ပေးတတ်သည်။ စားအိမ်သောက်အိမ်ဖြစ်လာသည့်အခါ ရဲရဲတင်းတင်း ဆွေရင်းမျိုးရင်းပမာ။

ထိုစဉ်ကတည်းက ဒီကလေး၏ ထူးခြားချက်က ညရေးညတာ အကူအညီမရ။ ညပိုင်းဆိုလျှင် ပျောက်ချက်သားကောင်းနေတတ်သည်။ နောက်ပိုင်း စုံစမ်းသိရှိရသည်မှာ ဒီကလေးက အနည်းအကျဉ်း သောက်တတ်စားတတ်သည်။ သို့သော် မည်သည့်ပြဿနာမျိုးမျှ မကြားရ။ အရက်သောက်ပြီး အိပ်နေတတ်သူ။ ထို့ပြင် လေးစားသောအားဖြင့် အရက်သောက်စားပြီး ကျွန်တော်နှင့်အတွေ့မခံ။ ခပ်ဝေးဝေးသို့ ရှောင်ဖယ်



www.burmeseclassic.com

www.burmeseclassic.com

ဖယ်။ သူတို့တွင် ညီအစ်ကိုနှစ်ယောက်ရှိသည်။ အစ်ကိုက ဦးကြည်။ အခြားမြို့တွင် နေသည်။ ညီဖြစ်သူက ကျော်ရီ။ ရုံးလုလင်ရာထူးဖြင့် ဤမြို့နယ်တွင် အလုပ်ဝင်သည်။

အချိန်တန်သည့်အခါ တာဝန်အရ အပြောင်းအရွှေ့ကြုံသည်။ မောင်ကျော်ရီက ဒုတိယစာရေးရာထူးတိုး၍ကျန်ခဲ့သည်။ ထိုစဉ်ကတည်းက ကွဲကွာသွားသူတို့ ပြန်လည် မတွေ့ဆုံကြရ။ ကိုယ့်တာဝန်နှင့်ကိုယ်မို့ အနေဝေးကြသည့်အခါ စိမ်းသွားကြသလိုလို။

အချိန်ကာလ ကြာမြင့်ခဲ့လေ၏။ ပင်စင်ယူပြီးနောက် ရန်ကုန်တွင် အခြေချသည်။ တစ်လောက မိတ်ဆွေတစ်ယောက်က သတင်းပို့သဖြင့် တိုင်းပညာရေးမှူး ဦးကျော်ရီ၏ ကျန်းမာရေးအခြေအနေကို သိလိုက်ရသည်။ မိတ်ဟောင်းဆွေဟောင်း လုပ်ဖော်ကိုင်ဖက်ချင်းမို့ မနေသာ။

သူ တက်ရောက် ကုသနေသည့် နာမည်ကြီး အထူးကု ဆေးရုံကြီးသို့ ရောက်သည့်အချိန်တွင် ကျွန်တော် သူ့ကို မတွေ့ရတော့။ အသက်မမီလိုက်။ သူက လူ့လောကမှ ထွက်ခွာသွားနှင့်သည်။ တစ်နာရီမျှ နောက်ကျခဲ့ရသည့်အဖြစ်။ ဖြစ်မှဖြစ်ရလေ။ ယူကျုံးမရစိတ်ထိခိုက်ရသည်။

နောက်နေ့သတင်းစာတွင် နာရေးသတင်းပါလာသည်။ ဘောင်ခတ်ထားသော နာရေးကြော်ငြာ၊ ဆွေမျိုးစာရင်းတွင် သားသမီးများကပင် တခမ်းတနား။ သားသမီး ဒီမျှများမည်ဟု ယခင်ကမသိခဲ့။ သမီးက (၄) ယောက်၊ သားက (၂) ယောက်။ သမက် (၄) ဦးက တပ်မတော်သား အငြိမ်းစားများ။ အဘယ်ကြောင့် သမက်အားလုံးကတပ်မတော်သားချည်း ဖြစ်ကြရသာမက အားလုံးက ငယ်ငယ်ရွယ်ရွယ်နှင့် အငြိမ်းစားယူခဲ့ကြသည်ကို နားမလည်နိုင်။ သားနှစ်ယောက်က မြန်မာပြည်တွင် မနေ။

သတ်မှတ်နေ့နှင့်အချိန်တွင် ကိုယ့်အစီအစဉ်ဖြင့်ကိုယ် သုသာန်သို့ တိုက်ရိုက်သွား၍ စောင့်နှင့်သည်။ မိမိနှင့် အတွေးတူသူအချို့ကို တွေ့ရသည်။ ဦးကျော်ရီအမည်ကပ်ထားသော ခန်းမတွင် နေရာယူရသည်။ ဧည့်ပရိသတ်က တဖွဲဖွဲ။ မကြာမီ အစုအဖွဲ့လိုက်ရောက်လာကြဦးမည့် ဧည့်သည်အရေအတွက်နှင့် ခန်းမ၏အကျယ်အဝန်းသည် လိုက်လျောညီညွတ်ပါ့မလားဟု တွေးတော

စိုးရိမ်မိသေးသည်။

ယာဉ်တန်းများဝင်လာသည်။လေအေးပေးစက်တပ် ယာဉ်ကြီးနှစ်စီးတွင် သံယာတော်များဖြင့် အပြည့်။ အများစီးယာဉ်က (၄)၊ (၅) စီး။ ကိုယ်ပိုင်ယာဉ်က အစီး (၂၀) ခန့်။ ဦးစွာ သံဃာတော်များက တန်းစီ၍ ကြွချီလာသည်။ စုစုပေါင်း အပါး (၆၀) ကျော်။ သေသူ၏ သက်စေ့အရေအတွက်ပင့်လာပုံရသည်။ ခင်းထားသော ကုလားထိုင်များသည် သံဃာများဖြင့် ပြည့်သွားသည်။ စည်ပင်သာယာဝတ်စုံဖြင့်ဝန်ထမ်းများ လှုပ်လှုပ်ရွရွ ထိုင်ခုံများ ဖြည့်ဆည်းပေးကြသည်။ သို့သော် ဧည့်သည်အများစုက မိုးတိုးမတ်တတ်။ ထိုအုပ်စုတွင် ကျွန်တော်လည်း အပါအဝင်။

မစည်ကားအပ်သောအရပ်တွင် အလွန် စည်ကားနေသည်။ ပညာရေးမှူး ဦးကျော်ရီ၏ဇနီးက ပူဆွေးနေသည့်ကြားက မိမိအား တွေ့သွားသည်။ လာရောက် နှုတ်ဆက်သဖြင့် တော်သေး၏။ သို့မဟုတ်ပါက မိမိနှင့်သိသူက ရှားရှားပါးပါး။ အလောင်းကိုပြင်ထားသည်က ပန်းခင်းကြီးတစ်ခုသဖွယ်။ ပန်းခြင်းများက ခေါင်းရင်းစင်တွင် အပြည့်။

အဖွဲ့အစည်းပေါင်းစုံမှ ပန်းခွေများ။ ဧည့်ပရိသတ်များက တိုး၍မပေါက်။ ကင်မရာတို့ဖြင့် တဖျပ်ဖျပ်။ ဗီဒီယိုကင်မရာများကလည်း စဉ်ဆက်မပြတ်မှတ်တမ်းတင်နေသည်။ ဤသို့သောအခမ်းအနားသည် မကြာခဏ အမှတ်တရခံစား ကြည့်ရှုကောင်းသည်ဟု မထင်။ အနိဋ္ဌာရုံမြင်ကွင်းကြီးလည်း ဖြစ်သည်။ သို့ပါလျက် အဘယ်ကြောင့်များ ဓာတ်ပုံ၊ ဗီဒီယိုမှတ်တမ်းများ ရိုက်ကူးနေကြသည်ကို နားမလည်။ အသုဘအခမ်းအနားသို့ မတက်ရောက်နိုင်သူ အဝေးရောက်ဆွေမျိုးတစ်ယောက်ယောက်အား ပြန်လည် ပြသလို၍လည်း ဖြစ်နိုင်သည်။

ကိုကျော်ရီတို့များ သေပန်းပွင့်သည့်နှယ် မျက်နှာကပြုံးယောင်ယောင်။ မကြာခင် မီးရှို့လောင်ကျွမ်းသွားစေမည့် ခေါင်းတလားကြီးကိုက သိန်းပေါင်းများစွာ။ တတ်လည်းတတ်နိုင်ကြပေသည်။

အချိန်ကျလျှင် ကိုကျော်ရီကို သားများ၊ သမက်များက သာသာကြည်ကြည် ခေါင်းသို့သွင်း၍ နေရာချသည်။ သားသမီးများ၊ ဇနီး၊ ဆွေမျိုးများသည်လည်း တည်တည်ငြိမ်ငြိမ်။ ကျေးဇူးရှင်ဖခင်တစ်ယောက် ကွယ်လွန်ခြင်းမို့ ဝမ်းမနည်းဘဲ မည်သူနေနိုင်မည်နည်း။ အချို့

နာရေးများတွင် ဒီအချိန်သည် အော်ဟစ်ငိုကြွေးရန် အကောင်းဆုံး။ ဒီနေရာတွင်လည်း လူတန်းစားကွာခြားသည်ဟု ဆိုရမည်။ အချို့များ တက်မတတ်ချ... မတတ်။ အချို့မူ မြေတွင်လူးနေသည်... လူတွေက ဝိုင်းဝန်းပြုစု ယုယကြရသည်... အထိ။

မီးသင်္ဂြိုဟ်စက်ထဲသို့ အေးအေး... ဆေးဆေး ပို့ဆောင်ပေးလိုက်ကြသည်။ ... ကိစ္စအရပ်ရပ် ပြီးဆုံးသည်။ ဧည့်သည်... များလည်း ပြန်ချိန်တန်သည်။

လုပ်ဖော်ကိုင်ဖက် မိတ်ဆွေ... ချာတစ်ယောက်မို့ အတူလုပ်ကိုင်စဉ်... ရှေးဟောင်းနှောင်းဖြစ်များကို အမှတ်ရ... သည်။ စိတ်အစဉ်သည် လွန်ခဲ့သော... ဆယ်စုနှစ်ကာလ မြေလတ်ဒေသ မြို့... နယ်တစ်ခုဆီသို့ ပြန်ရောက်သွားသည်။ ထိုစဉ်က ကိုကျော်ရီက အသက် (၃၀) ငယ်ငယ်ရွယ်ရွယ်။

"ကိုကျော်ရီရေ ဒီခရီးမှာ ခင်ဗျား... က သွားနှင့်ပါ။ အလှည့်ကျရင် ကျွန်... တော်လည်း မလွှဲမရှောင်သာ လိုက်လာ... ခဲ့ပါ့မယ်"

ထိုညက အတွေးများကြောင့်... စိတ်တေလေသည် ညဥ့်နက်မှအိပ်ပျော်... သွားသည်။

■

ဇနီးက လာနှိုးမှ လန့်နိုးသည်။

"ဖုန်းလာနေတယ်။ ကိုင်လိုက်ဦး"

အိပ်ချင်မူးတူး စကားပြောဖြစ်... သည်။

"ဟေ- ဘယ်သူ၊ ဩော်- ကိုရွှေ... လား။ ရန်ကုန်ရောက်နေတယ်ပေါ့။ အိမ်... ကိုလာခဲ့ကြပါလား။ မနက်စာပြင်ထား... မယ်။ လာဖြစ်အောင်လာခဲ့ကြပါ။ ဝမ်း... သာတယ်ဗျာ"

ကိုယ်ကသာ ဝမ်းသာအယ်လဲ... သူ့စကားသံက တိုးတိုး။ တစ်ခုခု... လျှို့ဝှက်ဝှက် ဖင့်နွဲ့နေသလိုလို။ မိသား... သို့ အသိပေးရသည်။ ဧည့်သည်များ... အား ဧည့်ခံဖို့ ဆော်ဩရသည်။ ... နောက် အချိန်ရနေသေးသဖြင့် တ... ရှုမှတ်ရန်ပြင်ဆင်သည်။ စိတ်က မတ... ငြိမ်။ မနေ့က ဦးကျော်ရီ၏ရုပ်အလောင်း... က မျက်စိထဲမှမထွက်။ ပျံ့လွင့်သော... ကို မနည်းကြိုးစားထိန်းသိမ်းရင်း...

ဧည့်သည်များရောက်လာ... ကြားသိလိုက်သည်။ မည်သ... ဆော်ခင် ကိုယ့်အစီအစဉ်ဖြင့်... တရားရှုမှတ်မှုကို ရပ်လိုက်သည်။ မ...



www.burmeseclassic.com

www.burmeseclassic.com

ကြာသောမိတ်ဆွေများမို့ ပြန်လည်ဆုံ ဆည်းကြရသည်မှာ အင်အားတစ်ခုရ လိုက်သည့်နှယ်။ ကိုယ်တိုင်လည်း ပြန် လည် နုပျို့သွားသလိုလို။ အသိမိတ် ဟောင်းဆွေဟောင်းများအကြောင်းမေး မြန်းစုံစမ်းရသည်။ လက်ရှိအနေအထား ကို သိလိုက်ရသဖြင့် ကျေကျေနပ်နပ်။

"အေး. . . မောင်ကျော်ရီတစ် ယောက်ကော နေကောင်းရဲ့လား"

အမှတ်တရမေးခွန်းဖြစ်ပါသည်။ ကိုရဲမြင့်၏မျက်နှာအမူအရာအပြောင်း အလဲကို သတိပြုမိသည်။ သူနှင့် မောင် ကျော်ရီက ငယ်သူငယ်ချင်းများမို့ ယခင် ကတည်းက တတွဲတွဲ။

"သူမှာခဲ့လို့ အခု ကျွန်တော်လာ ရတာပါ"

"သူက ဘာဖြစ်နေလို့လဲ"

"သူက သေပြီ ခင်ဗျာ။ မနေ့ကပဲ မြေချခဲ့ရတယ်"

ကိုယ်နားကိုပင် ကိုယ်မယုံချင်။ မနေ့က ပညာရေးမှူး ဦးကျော်ရီ၏ နောက်ဆုံးခရီးကို လိုက်ပို့ခဲ့သည်။ ယခု ကြားလိုက်ရသည်က မနေ့က မောင် ကျော်ရီကို မြေချသဂြိုဟ်ပြီးသည်ဟူ၍။ ဒီတိုက်ဆိုင်မှုက ဖြစ်နိုင်ပါ့မလား။

"သူမသေခင် အတန်တန်မှာခဲ့ပါ တယ်။ သူ့ ဆရာ့ကို ကန်တော့ချင်တဲ့ အကြောင်း၊ အခုတော့ သူကိုယ်တိုင် ကန်တော့နိုင်တော့ဘူး။ သူ့ကိုယ်စား ကျွန်တော်က ကန်တော့ဖို့. . ."

သူ့အသံက မပီမသ။ ငိုသံပါနေ သည်။ စကားအဆုံးတွင် ရှိုက်၍ရှိုက်၍ ငိုသည်။ ဟီးချငိုကြွေးနေလိုက်သည်မှာ ကလေးတစ်ယောက်ပမာ။ မိသားတစ်စု လုံး ဝိုင်းအုံ သတင်းမေးလာ၏။ မောင် ကျော်ရီ၏အမင်္ဂလာသတင်းဆိုးကြောင့် အားလုံးစိတ်မကောင်းကြ။

■

"ကျွန်တော် ရောက်သွားတော့ အသက်ငင်နေပြီ။ သတိမရတစ်ချက်၊ ရ တစ်ချက်"

အရက်ကို နှစ်နှစ်ခြိုက်ခြိုက်သွေး ဘားထဲမှကြိုက်သည့်သူ။ အရက်ကြောင့် သောရောဂါပေါင်းက စုံစုံလင်လင်။ အရက်၏ကျေးကျွန်တစ်ယောက်၏ဘဝ ကြောင်းက မရှုမလှ။ အစ်ကိုဖြစ်သူ နေထိုင် ရာမြို့တွင် သေဆုံးသည်။

ကျော်ရီအား မြေချမည့်နေ့။ ထိုနေ့က မိုးကြီးတစ်မဲ သွန်းရွာချသည်။

"အေးအေးချမ်းချမ်း သေရတာ ပေါ့"

-ဟု နောက်ပြောင်စကားပြောမိ ကြသေးသည်။ သို့သော် ထိုစကားမမှန်။ အချိန်ကျလျှင် ကျော်ရီ၏အလောင်းကို သုသာန်သို့ ပို့ကြရသည်။ လိုက်ပါ ပို့ ဆောင်သူက အနည်းအကျဉ်း။ သေသူ ကလည်း ဧည့်သည်၊ လိုက်ပါပို့ဆောင် သူများအဖို့ ဧည့်သည်များမို့ အရာရာ သည် စမ်းတဝါးဝါး ဘုမသိဘမသိ အထာမကျ။

သုသာန်တွင် ကျော်ရီအတွက်တူး ထားသောမြေကျင်းက ရှုတ်တရက် ရှာ မရ။ ကျင်းတူးသူက ငွေကိုယူသွားပြီး ပျောက်သွားသည်။ မိုးကလည်း သဲကြီး မဲကြီး။ သရဏဂုံလည်းမတင်နိုင်။ မြေ ကျင်းကို မနည်းရှာဖွေနေကြရတုန်း။ တွေ့သည့်အခါ မြေကျင်းက ရေများဖြင့် အပြည့်အလျှံ။ တူးထားသောမြေစာများ က ရေစီးတွင် မျောပါသွားကုန်သည်။

မိုးလည်းစဲစပြုသည်။အချိန်လည်း မရှိကြ။ မကြာခင် နေရပ်သို့ပြန်ရမည့် ရထားလည်း လာချိန်နီးပြီ။ ကျော်ရီအား မဖြစ်မနေ မြေချကြရတော့သည်။ မြေ ကျင်းသို့ချသည့်အခါ ခေါင်းမပါသော အလောင်းက ငြင်းငြင်းဆန်ဆန်။ ပြည့် နေသောရေများကြောင့် အလောင်းက အောက်ခြေသို့မကျ။ ဝါးလုံးဖြင့်ထိုးသူ ထိုး၊ တုတ်များဖြင့် ဖိသူကဖိ။ ရေပြင် ထက်သို့ အလောင်းကောင် ပြန်မတက် လာစေရေး ကြိုးစားကြရသည်။ အလုပ် သမားဆိုသူတို့ မရှိကြ။

ရသမျှ မြေသား၊ ခဲ၊ အုတ်ခဲ၊ ပျဉ် တိုပျဉ်စများဖြင့် ဖို့သိပ်ခဲ့ကြသည်။ အချိန်တန်သည့်အခါ ဒီအတိုင်း ထားခဲ့ ကြရသည်။ ပို့ဆောင်သူအားလုံး စိတ် မကောင်းကြ။ သွားလေသူ လုပ်ဖော်ကိုင် ဖက် မိတ်ဆွေသူငယ်ချင်းအတွက် ထိထိ ခိုက်ခိုက် ခံစားကြရသည်။

ရင်သို့ထိခိုက်စေသော သတင်း စကား။ ကြားလိုက်ရသမျှ သက်သောင့် သက်သာမရှိလှ။ ရင်၌ တင်းတင်းကျပ် ကျပ်။ ဖြစ်မှုဖြစ်ရလေသည်။ သေသည် ၏နောက်တွင်ပင် အများနည်းတူ အဆင်မချောရှာ။ ဆိုးရွားလှသည့်အဖြစ် မို့ စိတ်မကောင်းစရာ။

ဒီနယ်တစ်ကြောတွင် ကျင်လည် ဖူးသည်။ ကိုယ်တိုင် အမဲလိုက်ခြင်းတွင် ဝါသနာမပါသော်လည်း မိတ်ဆွေများ နှင့်အတူ တောတွင်းခရီးများစွာ လိုက် ပါဖူးသည်။ မောင်ကျော်ရီအား မြှုပ်နှံ သောအရပ်သည် ပဲခူးရိုးမနှင့် ဆက်စပ် နေသည်။ ထိုအရပ်တွင် ခွေးအ,များ ကျက်စားနေထိုင်သည်။အလွန်ကြောက် စရာကောင်းသည့် အုပ်စုဖွဲ့သတ္တဝါများ။ အဆိုပါ သတ္တဝါမျိုးက အုပ်အသိုးကို နှစ်သက်သည်။ အထူးသဖြင့် မြေတွင် မြှုပ်နှံထားသော လူသေအလောင်းများ ကိုပင် ဖော်ထုတ်စားသောက်တတ်သည့် အမျိုးအနွယ်များ။ မောင်ကျော်ရီအား ခွေးအ,များနှင့် မကြုံဆုံပါစေကြောင်း ဆုတောင်းမိသည်။

ရင်၌ ကျပ်တည်းမောပန်းလာ၏။

"တို့ သူ့အတွက် ဘယ်လိုကုသိုလ် ကောင်းမှုတွေလုပ်ပေးကြရင် ကောင်း မလဲ"

ပြောမည့်သာပြောလိုက်ရသည်။ ကိုယ်တွေက သေသူ၏ကိုယ်စား လုပ် ပေးလိုက်နိုင်သည့်တိုင် ဒီကုသိုလ် အတွက် မောင်ကျော်ရီ ရနိုင်, မရနိုင်၊ သာဓုခေါ်ဆိုနိုင်, မခေါ်ဆိုနိုင်က မသေ ချာ။မည်သို့ပင်ဖြစ်စေ သူ့အတွက် အလှူ ဒါနတစ်ခုလုပ်ပေးရန် ရည်ရွယ်လိုက် သည်။

ဒေသတစ်ခုတွင် မိမိနှင့်ပတ်သက် ခဲ့ဖူးသူနှစ်ဦး။ အမည်ချင်းက တူသည်။ အသက်အရွယ်ချင်းမူ မတူ။ နေထိုင်ရ သည့်ဘဝချင်းလည်း ခြားခြားနားနား။ သို့သော် တစ်နေ့တည်း ကွယ်လွန်သွား ကြရသည်က ကံတူအကျိုးပေး။ တစ်ဦး က ရန်ကုန်မြို့တော်တွင် တင့်တင့်တယ် တယ် စည်စည်ကားကား။ ကျန်တစ်ဦး က နယ်ဒေသတစ်ခုတွင် နွမ်းနွမ်းပါးပါး ချို့ချို့တဲ့တဲ့။ ဘဝပေးချင်း မတူကွဲပြား။ သို့သော် ဘာဆိုဘာမှမပါသွားခြင်းကမူ အတူတူ။

ယခုအခါ သူတို့ အခြေခံချင်းတူ သွားကြလေပြီဟု တွေးမိသည်။ ရောက် ရာဘုံဘဝချင်း တူညီနိုင်ကြပါမည်လော။ အမည်ချင်း တူညီနေကြဦးမည်လား။ ယခုအခါ သူတို့ချင်း တွေ့ဆုံနေကြလေ ပြီလား။

ကောင်းရာသုဂတိလားကြပါစေ။

ရောက်လေရာဘဝတွင် အောင် မြင် 'ကျော်' ကြား လူသိများ၍ 'ရီ'(ရယ်) မော ပျော်ရွှင်နိုင်ကြပါစေရန် ဆုမွန် ကောင်းတောင်းလိုက်ရပါသည်။

ကျွန်တော်၏ ခင်မင်ရင်းနှီးသော မိတ်ဆွေနှစ်ဦး ဆုံးရှုံးလိုက်ရခြင်းက နှစ်လောင်းပြိုင်။

ရန်နိုင်



www.burmeseclassic.com

www.burmeseclassic.com

ယနေ့ခေတ်ကာလ -

မိသားစုတွေနဲ့ မိသားစုတွေရဲ့ လူနေမှုအသိုင်းအဝိုင်းလေးတွေထဲမှာ ခေါ်ဝေါ်ပြီး ပြောဆိုနေကြတဲ့ စကားလေးတွေ အများကြီးရှိပါတယ်။

အဲ့ဒီစကားလေးတွေရဲ့ အဓိပ္ပာယ်နဲ့ပတ်သက်ပြီး သိလျက်နဲ့ခေါ်နေကြတဲ့၊ ပြောဆိုနေကြတဲ့သူများရှိသလို မသိလို့ခေါ်ဆိုနေကြတဲ့သူများလည်း ရှိကြပါလိမ့်မယ်။ ဘယ်လိုပဲခေါ်နေပြောနေပါစေ ကိုယ်ပြောလိုက်တဲ့စကားတစ်ခွန်း၊ ကိုယ်ခေါ်လိုက်တဲ့ အခေါ်အဝေါ်တစ်ခုက ဘယ်လောက်အတိုင်းအတာတစ်ခုအထိ သက်ရောက်သွားတယ်ဆိုတာကို အမြင်တစ်ခုကနေ ပြောပြချင်ပါတယ်။

ဒီလိုပြောပြတယ်ဆိုတာကလည်း တစ်နေ့တစ်နေ့ ကြားနေ၊ မြင်နေ၊ တွေ့နေရတာကိုသာ ပြောပြတာဖြစ်ပေမယ့် တချို့ လိုအပ်တာရှိကောင်းရှိနေနိုင်ပါဦးမယ်။

သိသလောက်၊ မြင်သလောက်

မင်းပြည့်

# ရှထောင့်တစ်ခုမှစဉ်းစားပါ



www.burmeseclassic.com

www.burmeseclassic.com

မှတ်သားရသလောက်လေးကိုသာ မြင်တဲ့အတိုင်း ပြောပြခြင်း ဖြစ်ပါတယ်။

ဒီအမြင်လေးကို စာဖတ်သူများရဲ့ ရင်ထဲ ရောက်စေချင်တဲ့ဆန္ဒနဲ့ပါ။

ဒီကနေ့ -

ခေတ်ရေစီးကြောင်းအလိုက် အားလုံးသိကြတဲ့အတိုင်းပါပဲ။ ဇာတ်လမ်းတွဲများကို နှစ်သက်ပြီး အားပေးနေကြတဲ့ လူအများရှိကြတယ်။ ဇာတ်လမ်းတွဲလာပြီဆိုရင် ဘာအလုပ်မှမလုပ်ချင်ကြတော့။ ဘယ်လောက်အရေးကြီးတဲ့ အလုပ်ဖြစ်နေပစေ 'ထားစမ်းပါ၊ အရေးမကြီးပါဘူး။ ဒီမှာ ဇာတ်လမ်းတွဲက မနေ့ကအဆက် ကောင်းနေတာ။ ကျန်တာတွေအသာထား၊ ရုပ်ရှင်ကြည့်ပြီးမှ ဆက်လုပ်မယ်'။

တချို့ဆိုရင် မိဘတွေကခိုင်းတဲ့ အလုပ်များကိုတောင်မှ ဇာတ်လမ်းတွဲလောက် အရေးမကြီးဘူး ဆိုတဲ့ အနေအထားထိတောင်ရှိနေပါတယ်။ တချို့ကို ပြောတာပါ။ လူတိုင်းတော့ မဟုတ်ပါဘူး။

ဒါဖြင့် ဇာတ်လမ်းတွဲပြီးရင် အတုယူစရာတွေထဲက ကောင်းတဲ့ အတုယူ



www.burmeseclassic.com

www.burmeseclassic.com

စရာဘာကျန်ခဲ့လဲ။ ကျွန်တော့်အထင်နဲ့ မြင်နေ၊ တွေ့နေတာတွေကို ပြောရမယ်ဆိုရင် အတုယူစရာတွေလို့ထင်ပြီး အတုယူတာတွေက လွဲနေသလိုပဲ မြင်တယ်။ ဝတ်စားဆင်ယင်ပုံ၊ ပြောဆိုနေထိုင်ပုံက အစ ဇာတ်လမ်းတွဲတွေထဲကလို ပြောဆိုနေကြတယ်။ ဇာတ်လမ်းတွဲတွေရဲ့ ယဉ်ကျေးမှုတွေ ဖုံးလွှမ်းနေကြပြီ။ ဇာတ်လမ်းတွဲတွေရဲ့ ယဉ်ကျေးမှုဆိုတာ သူတို့နေထိုင်နေကြတဲ့နိုင်ငံနဲ့ သူတို့ဓလေ့၊ သူတို့ယဉ်ကျေးမှု၊ သူတို့ရဲ့ စကားအသုံးအနှုန်းတွေကိုပြောတာ။

မြန်မာ့ယဉ်ကျေးမှုဓလေ့ ဆိုတာက -

မြန်မာလူမျိုးတိုင်းမှာ အနန္တောအနန္တငါးပါးကို ဦးထိပ်ထားပြီး ရိုသေစွာနဲ့ ဂါရဝတရားရှိကြတယ်ဆိုတာ အားလုံးသိကြတဲ့အတိုင်းပါပဲ။

လူရယ်လို့ဖြစ်လာပြီဆိုရင် ကိုယ့်ကို လူသားတစ်ယောက်အဖြစ် မွေးဖွားသန့်စင်ပေးလိုက်တဲ့ မာတာပိတုမိဘနှစ်ပါးရဲ့ ဆပ်လို့မကုန်တဲ့ ကျေးဇူးတွေကို လူတိုင်း ရိုသေစွာနဲ့ ဦးထိပ်ထားကြရမယ်ဆိုတာ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာလူမျိုးတိုင်းရဲ့ ယဉ်ကျေးမှုပါ။

မြန်မာလူမျိုးတိုင်းမှမဟုတ်ပါဘူး။ နိုင်ငံရပ်ခြား တိုင်းတစ်ပါးလူမျိုးခြားများတောင်မှ မိဘကိုရိုသေကြတဲ့ လူတွေအများကြီးပဲ။

ကိုယ်ပိုင်ယဉ်ကျေးမှုနဲ့ ရိုသေကြတာပေါ့လေ။

မြန်မာလူမျိုးတိုင်းမှာ စကားပြောတတ်စအရွယ်ရောက်ပြီဆိုတာနဲ့ မိဘနှစ်ပါးကစပြီး ကိုယ့်ရင်သွေးကို စကားပြောစသင်ပေးကြပါတယ်။

ဒါကတော့ ဖေဖေ၊ မေမေ၊ ဖေကြီး၊ မေကြီး။

'သားလေး ခေါ်လိုက်ပါဦး ဖေဖေလို့'

'သမီးလေးရေ ခေါ်လိုက်ပါဦး မေမေကြီးလို့'

တခြားစကားတွေထက် ဖေဖေ၊ မေမေခေါ်တာကို အရင်ဆုံး ပထမဆုံး သင်ပေးကြစမြဲပါ။

အခုတော့ ဒီနေ့ခေတ်ကာလမှာ-

ဖေဖေ၊ မေမေလို့ခေါ်တဲ့ အခေါ်အဝေါ် အသုံးအနှုန်းနဲ့ ပတ်သက်ပြီး တစ်မျိုးတွင်ကျယ်လာပုံတွေဟာ ဖေဖေ၊ မေမေတွေကတောင် သင်ပေးစရာမလိုတော့ဘူး။

ဒါတွေဟာ တချို့လူငယ်ထုတွေကြားမှာသာမက အရွယ်ရောက်နေတဲ့ လူတွေကြားမှာပါ တဖြည်းဖြည်းအားနည်းလာတဲ့ မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံတွေဖြစ်လို့ အဲဒီအခေါ်အဝေါ်တွေ ကြားရတိုင်း ရင်ထဲမှာ ခံစားရပါတယ်။

ဒါပေမယ့် အဲဒါတွေက တော်တော်ကို ကျယ်ပြန့်နေပါပြီ။ ဇာတ်လမ်းတွဲတွေက သင်ပေးလိုက်ပြီလေ။

အဖေကို အာပူကြီး၊ အာပါး၊

အမေကို အိုမားတဲ့ ဖြစ်ကုန်ပြီ။

မြန်မာပြည်မှာနေတဲ့ မြန်မာလူမျိုးတွေဖြစ်လျက်နဲ့ ကိုယ့်မိဘကို ဇာတ်လမ်းတွဲတွေထဲကအတိုင်း ခေါ်နေကြတာ ယဉ်ကျေးမှုမရှိတာနဲ့ အတူတူပဲ။

တိုင်းတစ်ပါးက လူမျိုးခြားတွေက ကိုယ့်မြန်မာ့ယဉ်ကျေးမှုအတိုင်းလိုက်ပြီး သူတို့ရဲ့မိဘတွေကို ဖေဖေ၊ မေမေလို့ မခေါ်ကြဘူး။ မြန်မာစကားကိုသုံးပြီး မခေါ်ဘူး။

မြန်မာတွေကသာ တိုင်းတစ်ပါးယဉ်ကျေးမှုရဲ့ အခေါ်အဝေါ်တွေကို ဆွဲယူပြီး ကိုယ့်မိဘကို အာပါးတို့၊ အိုမားတို့ ခေါ်နေကြတယ်။

တစ်ခါတုန်းကလည်း မှတ်မိသလောက်ပြောရမယ်ဆိုရင် မိန်းကလေးတစ်ယောက် ဖုန်းဆက်နေတာ ကြားဖူးတယ်။ ဖုန်းထဲကနေ သူ့အမေကို အိုမား၊ အိုမား ဆိုတဲ့စကားက ရေတွက်လို့တောင် မရဘူး။ သူ့ကို အနီးအနားမှာရှိနေကြတဲ့ တခြားလူတွေက မုန်းစရာကောင်းလိုက်တာဆိုတဲ့အကြည့်နဲ့ကြည့်နေကြတာကို သူမသိတာလား၊ မသိချင်ယောင်ဆောင်နေတာလားတော့ မသိ အားလုံးရဲ့ အကြည့်တွေမှာ အဓိပ္ပာယ်တွေ အများကြီးပါတယ်။

တချို့ရှိသေးတယ်။

အဖေ၊ အမေကို အဘိုးကြီး၊ အဘွားကြီး၊ ဘိုးတော်တို့၊ ဘွားတော်တို့ ခေါ်ကြတယ်။

တချို့ကျတော့ အဖေကို အိမ်က အဘိုးကြီးတဲ့၊ အမေကို အိမ်ကအဘွားကြီးတဲ့။

အပြင်ကပြန်လာလို့ အဖေကို မတွေ့လို့မေးရင် အဖေကော၊ အဖေ ဘယ်သွားလဲလို့ မမေးဘူး။ 'အမေ့အဘိုးကြီး ဘယ်သွားလဲ'။

တချို့လူတွေဆိုရင်ရှိပါသေးတယ်။ နာမ်စားသုံးတာပေါ့။ အမေကို အမေလို့ မပြောဘူး။ 'အဖေ့မိန်းမ' တဲ့။ အဖေကိုလည်း အဖေလို့ မခေါ်ဘူး။ 'အမေ့ယောကျ်ား' တဲ့။

တချို့ဆိုရင်ရှိကြပါတယ်။ နားထဲမှာ ကြားရတာ မကြားရက်စရာ။ အဖေကို အဖေလို့မပြောဘူး၊ 'အမေ့လင်' တဲ့။ အမေကိုလည်း အမေလို့ မပြောဘူး၊ 'အဖေ့မယား' တဲ့။

ဒါတွေဟာ လူငယ်ထုကြား၊တချို့လူငယ်တွေကြားမှာ တဖြည်းဖြည်းအားနည်းလာတဲ့ မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံတွေဖြစ်လို့ အဲဒီအခေါ်အဝေါ်တွေ ကြားရတိုင်း ရင်ထဲမှာခံစားရပါတယ်။

ဒါကတစ်မျိုးပေါ့လေ။

နောက်တစ်မျိုး ပြောချင်တာကတော့ တချို့အိမ်ထောင်သည်တွေ အချင်းချင်း ခေါ်ဝေါ်သုံးနှုန်းနေကြတဲ့ အပြောအဆို အသုံးအနှုန်းနဲ့ ပတ်သက်ပြီး တစ်ယောက်နဲ့တစ်ယောက်ခေါ်နေကြတဲ့ အသုံးအနှုန်းတွေနဲ့ ပတ်သက်ပြီး တစ်မျိုးများဖြစ်နေသလားလို့ပါ။

ဟိုးအရင်က ကျွန်တော်ကြားဖူးတာ 'မောင်ရေ့ ကိုကိုရေ ကိုရေအစ်ကို' လို့ပဲ ခေါ်ကြတာ ကြားဖူးပါတယ်။

ခု ဒီနေ့မျက်မှောက်ကာလမှာ ကြားနေရတာတွေက တစ်မျိုးဖြစ်နေသလားလို့ပါ။ တစ်မျိုးလို့ ပြောရတဲ့ သဘောကလည်း ကျွန်တော်တို့နားနဲ့ တစ်မျိုးဖြစ်နေတာများလား။

ထင်ပါတယ်။ ဟိုအရင်ကလည်း ဒီလိုအခေါ်အဝေါ်တွေရှိကြပါလိမ့်မယ်။ အဲဒါက ဘာလဲဆိုတော့ -

မြင်းမိုရ်တောင်မက ကြီးမြတ်လှတဲ့ မိဘရဲ့ဂုဏ်ကျေးဇူးကို အသုံးပြုပြီး နာမ်စားခေါ်ဝေါ်နေကြတဲ့ အခေါ်တွေမှာ တချို့ တစ်မျိုးကြီးဖြစ်နေသလိုပဲ။

အဲဒါက ယောကျ်ားက သူ့မိန်းမကိုခေါ်ရင် 'အမေကြီး၊ အမေ'တဲ့။ မိန်းမကလည်း သူ့ယောကျ်ားကိုခေါ်ရင် 'အဖေ ဖေကြီး၊ အဖေကြီး' တဲ့။ ကျွန်တော့်အထင်တော့ တစ်ခုခုလိုနေသလိုပဲ၊ နားထဲကြားရတာတစ်မျိုးပဲ။

ယောကျ်ားဖြစ်သူက ကိုယ့်မိန်းမကို အမေလို့ ခေါ်လိုက်တာဟာ ဘယ်အတိုင်းအတာထိရောက်သွားလဲ။ အမေဆိုတာ ကိုယ့်ကို လူဖြစ်အောင်မွေးထုတ်ပေးလိုက်တဲ့ မာတာမိခင် ကျေးဇူးရှင်ကို ခေါ်ရတာလေ။ ဒါကျွန်တော်တို့အမြင်

လင်မယားချင်း အမေတို့၊ အဖေတို့ ခေါ်ထိုက်လား။ ကိုယ့်ယောကျ်ားကို အဖေလို့ခေါ်တာ၊ ကိုယ့်မိန်းမကို အမေလို့ခေါ်တာတွေဟာ ဘယ်အထိရောက်သွားနိုင်လဲ။ စဉ်းစားကြည့်ဖို့ပါ။

အမှတ်တမဲ့ ခေါ်လိုက်မယ်



www.burmeseclassic.com

www.burmeseclassic.com

စကားတစ်ခွန်းရဲ့ အဓိပ္ပာယ်ဟာ ဘယ်အထိရောက်သွားလဲ။ ဘယ်လိုအဓိပ္ပာယ်ကို ဦးတည်သွားလဲဆိုတာ။

တစ်ခုက -

သားသမီးတစ်ယောက်ယောက်ကို ကြားခဲ့ထားခေါ်ရင်တော့ တစ်မျိုးပေါ့။ နားထောင်လို့ရပါတယ်။ ဘယ်လိုလဲဆိုတော့ မောင်ထွေးရဲ့အမေကို မောင်ထွေးရဲ့အဖေက ခေါ်မယ်ဆိုရင် 'မောင်ထွေးတို့အမေ၊ သားတို့အမေ၊ သားတို့အမေကြီး' ဆိုတာမျိုးပါ။ ကြားလို့ကောင်းပါတယ်။ အဲလိုမျိုးတွေလည်း ကြားဖူးပါထယ်။

ဒါပေမယ့် အကြိမ်တော်တော်များများ တွေ့ဖူးတာတွေရှိခဲ့ပါတယ်။ အဖေ၊ အမေလို့စကားပြောနေရင်းကနေ 'အမေကကွာ ဒါလောက်ပြောနေတာ နားဝေးတယ်'၊ 'အဖေကကောဘာဖြစ်တယ်ညာဖြစ်တယ်' ပြောရင်း 'အမေငါပြောနေတာမရဘူးလား' ဆိုပြီး နောက်တစ်ခါ အမေလည်းခေါ်လည်းခေါ်၊ လက်ကလည်း ပါးကိုဖြန်းခနဲရိုက်ထည့်လိုက်တာ အမေဆိုတဲ့သူ ဝုန်းခနဲ ပစ်လဲကျသွားပါတယ်။

အဲဒီမှာ လဲသွားသူက မအေးရော နှမရော ဆဲဆိုပါတော့တယ်။

ခုအဖေခေါ်၊ ခုမအေနဲ့ဆဲ၊ ခုအမေခေါ်၊ ခုပါးရိုက်ဆိုတော့ ကျွန်တော်တို့အမြင်နဲ့ နားမလည်နိုင်တော့ပါဘူး။ သူတို့ပါးစပ်မှာ တွင်တွင်ခေါ်နေကြတဲ့ 'အဖေ၊ အမေ' ဆိုတဲ့ မြင့်မြတ်တဲ့ အသုံးအနှုန်းတွေကို နှမြောနေမိရုံမကဘူး။ ကြက်သီးတောင်ထမိပါတယ်။

တချို့လည်း အဖေ၊ အမေ ဆိုပြီး တွင်တွင်ခေါ်နေကြရင်းကနေ နောက်အိမ်ထောင်တွေနဲ့ ဖောက်ပြန်နေကြတာတွေလည်း တွေ့နေရပါတယ်။ ဒါလည်း တစ်မျိုးကြီးပါပဲ။

အဖေ၊ အမေ ဆိုတာ ကျွန်တော်တို့ယဉ်ကျေးမှုနဲ့ အင်မတန်မှ မြင့်မြတ်လှပါတယ်။ အစားထိုးလို့ မရပါဘူး။ ဒီပြင်ဟာတွေသာ အစားထိုးလို့ရနိုင်မယ်။ အဖေ၊ အမေက အစားထိုးလို့မရပါဘူး။ ကျေးဇူးကြီးလှပါတယ်။

ဒါကြောင့် အမေခေါ်လိုက် ပါးရိုက်လိုက်၊ ဆောင့်ကန်လိုက်၊ အဖေခေါ်လိုက် တုတ်နဲ့ပြန်ရိုက်လိုက်၊ မအေနှမနဲ့ဆဲလိုက်ဆိုတာကြီးတွေနဲ့ ပတ်သက်ပြီး အလွဲတွေများဖြစ်နေကြသလားလို့။ ကျွန်တော့်အမြင်ပါ။

အဲဒီလို မလျော်ညီတာတွေကို မြင်မြင်ပြန်ရင် နိုင်ငံခြားတိုင်းတစ်ပါးက မြင်မြင်သမျှကို အတုခိုးတတ်ကြတဲ့သူတွေနဲ့ ပတ်သက်ပြီး သတိရပြန်ပါတယ်။ နိုင်ငံခြားဇာတ်လမ်းတွဲတွေထဲမှာ ဘယ်သူကိုမှအတုမခိုးကြဘဲ သူတို့ခေါ်နေကျ ပြောနေကျအတိုင်း ခေါ်ကြပြောကြလုပ်စရာရှိတာလုပ်နေကြတာလို့ ကျွန်တော်မြင်ပါတယ်။-

ဥပမာ သန့်ရှင်းသပ်ရပ်တာတွေ၊ အဝတ်အစားဝတ်ရင် သပ်ရပ်တာတွေ ရှိပါတယ်။ သူတို့ပြောကြတဲ့ 'ဖြည်းဖြည်းသွားပါ' ဆိုတာရှိပါတယ်။ ကောင်းပါတယ်။ ဒရောသောပါးနဲ့ ကတိုက်ကရိုက် ကမူးရှူးထိုးသွားရင် အမှားတွေ့ချင်လည်း တွေ့မယ်၊ ခလုတ်တိုက်ရင်လည်းတိုက်မယ်။ နူးနူးညံ့ညံ့ သိမ်သိမ်မွေ့မွေ့နဲ့ အေးအေးဆေးဆေးသွားတော့ မဖြစ်သင့်တာမဖြစ်တော့ပါဘူး။ ဒါကကောင်းတဲ့အမြင်ပါ။

ဒါပေမယ့် အနုပညာပြကွက်ဆိုတာ အမျိုးမျိုးရှိပါတယ်။ ဒါနဲ့ ပတ်သက်ပြီး ကျွန်တော်မြင်နေ၊ တွေ့နေတာလေးတွေကိုလည်း ပြောပြချင်ပါသေးတယ်။

အဲဒါကတော့ မနက်စောစော မင်္ဂလာယူပြီး ကျက်သရေရှိရှိနေတတ်ကြတဲ့ ကျွန်တော်တို့ဆီမှာ -

တချို့ဇာတ်လမ်းတွဲတွေဆိုရင်-

ညဘက်တစ်ခါ၊ နောက်နေ့မနက်စောစောတစ်ခါပြတယ်။ ဒီနေ့ညပြတဲ့အပိုင်းကို နောက်နေ့မနက်စောစောမှာ ပြန်ပြကြတယ်။

အဲဒီတော့ -

'မနေ့ညကမကြည့်လိုက်ရလို့လေ။ မနက်စောစောထကြည့်တာ'

တချို့ဆိုရင် မျက်နှာတောင်မသစ်ရသေးဘူး။ ဘုရားကို ဆွမ်းတော်ကပ်၊ ဘုရားရှိခိုးဖို့နေနေသာသာ ဇာတ်လမ်းတွဲနဲ့ စတာပဲ။

ဒီတော့ -

အားလုံးသိကြတဲ့အတိုင်း ဇာတ်လမ်းတွဲ ဆိုတာ တချို့ကားတွေဆိုရင် ဟာသကား၊ ရယ်စရာကောင်းတဲ့ဇာတ်လမ်းတွဲဆိုရင်ထားပါတော့။ တချို့ဇာတ်လမ်းတွဲတွေကျတော့ မနက်စောစော မင်္ဂလာရှိတဲ့အချိန်မှာ ကြည့်ဖို့မသင့်တဲ့၊ ကျက်သရေမရှိတဲ့ ဇာတ်လမ်းတွဲတွေရှိတယ်။ အိမ်တစ်အိမ်၊ မိသားစုတစ်စုမှာ တစ်နေ့တာအတွက် မိုးလင်းပြီ၊ နေ့သစ်တစ်နေ့ကိုရောက်ပြီဆိုတာနဲ့ ကိုယ့်အိမ်၊ ကိုယ့်မိသားစုကို မင်္ဂလာရှိရှိနဲ့ ပျော်ပျော်ရွှင်ရွှင် ကျက်သရေရှိရှိနဲ့ နေ့တစ်နေ့ကို စကြရင် မကောင်းဘူးလား။

မင်္ဂလာမရှိတဲ့ ဇာတ်ကားတွေ ဇာတ်လမ်းတွဲတွေကို မနက်စောစော ကြည့်ပြီး ဖြတ်သန်းကြရတဲ့နေ့နဲ့ မနက်စောစော ဘုရားသောက်တော်ရေကပ်၊ ဘုရားဆွမ်းတော်ကပ်၊ ဘုရားရှိခိုးပြီး မင်္ဂလာရှိရှိ ကျက်သရေရှိရှိ ဖြတ်သန်းရတဲ့နေ့ ယှဉ်ကြည့်။ မတူဘူးနော်။

တချို့ဆိုရင် မနက်စောစောမှာ ဆရာတော်ဘုရားကြီးတွေရဲ့ပရိတ်တရားတော်တွေ၊ မေတ္တာပို့တွေ ဖွင့်ကြတယ်။ ဘယ်လောက်ကောင်းလဲ။ အဲဒီမိသားစုတွေ၊ အိမ်တွေကိုကြည့်။ ပစ္စည်းဥစ္စာ မချမ်းသာကြရင်တောင် မပူမပင်ရဘူး။ စိတ်ချမ်းချမ်းသာသာရှိကြတယ်။ အဲဒီအိမ်လေးတွေ၊ အဲဒီမိသားစုလေးတွေဟာ ပျော်စရာကောင်းပြီး ကျက်သရေရှိကြတယ်။

အိမ်တစ်အိမ်၊ မိသားစုတစ်စုမှာ အိမ်ထောင်ဦးစီး၊ အိမ်ဦးနတ် ဆိုတာ ရှိတယ်။

မိသားစုစားဝတ်နေရေးအတွက် နေ့စဉ် ကြိုးစား ရှာဖွေနေရတဲ့၊ ရိုသေထိုက်တဲ့၊ လေးစားထိုက်တဲ့ အိမ်ဦးနတ်တွေ အများကြီးပါ။

ပြောချင်တာက -

ကျက်သရေမရှိတဲ့ လုပ်ရပ်တွေနဲ့ နေ့တစ်နေ့ကိုစရင် အိမ်ထောင်ဦးစီးကို ထိစေတယ်။ ရှာဖွေရ အဆင်မပြေဖြစ်တတ်တယ်။ စိတ်ညစ်စရာတွေ ကြုံရတတ်တယ် ဆိုတာပါပဲ။

ဒါကြောင့် -

စကားတစ်ခွန်းရဲ့ အဓိပ္ပာယ်၊ စကားလုံးတစ်လုံးရဲ့တန်ဖိုး၊ အခေါ်အဝေါ်တစ်ခုရဲ့အဓိပ္ပာယ် ဆိုတာ -

ဘယ်လိုနေရာမျိုးမှာသုံးရတယ်၊ ဘယ်လိုလူမျိုးကိုခေါ်ရတယ်ဆိုတာရယ်၊ မနက်မိုးလင်းရင် မင်္ဂလာမရှိတာတွေ ရှောင်ကြဉ်နိုင်ဖို့ရယ် -

ကျွန်တော် သိသလောက်၊ ကြားဖူးသလောက် လူကြီးမိဘတွေရဲ့ သွန်သင်ပြောဆိုလေ့ရှိတဲ့ ဗဟုသုတလေးတွေ၊ ကိုယ်တိုင်စဉ်းစားပြီးတွေးခေါ်ထားတဲ့ အသိဉာဏ်တွေရယ်ပေါင်းပြီး -

စာပေချစ်တဲ့ပရိသတ်ကြီးအတွက် ဒီဆောင်းပါးလေးကို တင်ဆက်လိုက်ပါတယ်။

*ခုနစ်ရက်သားသမီးအပေါင်း*
*စိတ်၏ချမ်းသာခြင်း၊*
*ကိုယ်၏ကျန်းမာခြင်းတွေနဲ့*
*ပြည့်စုံနိုင်ကြပါစေ*



www.burmeseclassic.com

www.burmeseclassic.com



# ကောင်းကျိုးပေးပြောင် တစ်နေ့တာလမ်းညွှန်

ဒေါ်ခင်ဝင်းသူ (B.Sc)



**ဖေဖော်ဝါရီလ ၁ ရက်၊ စနေနေ့-** လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း ၃၊ ၆၊ ၇။ လာဘ်နေအရပ် အနောက်တောင်။ လာဘ်အရောင်က အနီရောင်၊ အညို ရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ တောင် ဘက်လှည့်၍ လောကဝိဒူ (၉)ခါ ရွတ်ပါ။

**ဖေဖော်ဝါရီလ ၂ ရက်၊ တနင်္ဂနွေ နေ့-** လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း ၄၊ ၆၊ ၈။ လာဘ်နေအရပ် အရှေ့မြောက်။ လာဘ်အရောင် အဖြူ နံ့သာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပ တေး။ တစ်နေ့တာအကြံအစည်အောင် မြင်ရန် နံနက်အိပ်ရာထ အနောက်လှည့် ၍ ဗုဒ္ဓေါ (၉) ခါ ရွတ်ပါ။

**ဖေဖော်ဝါရီလ ၃ ရက်၊ တနင်္လာ နေ့-** လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း ၄၊ ၆၊ ၈။ လာဘ်နေအရပ်က အနောက်၊ လာဘ်အရောင် အနီရောင်၊ ပန်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သတ္ထာဒေဝမနုဿာနံ (၉) ခါ ရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ ၄ ရက်၊ အင်္ဂါနေ့-** လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း ၇၊ ၈၊ ၀။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင် ခရမ်းရောင်၊ အနီရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ် နေ့တာအကြံအစည်အောင်မြင်ရန် နံနက် အိပ်ရာထ အနောက်တောင်ဘက်လှည့် ၍ ဓမ္မပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ ၅ ရက်၊ ဗုဒ္ဓဟူးနေ့-** လာဘ်ဂဏန်း (၃)၊ စိုးမိုးဂဏန်း ၁၊ ၂၊ ၉။ လာဘ်နေအရပ် တောင်။ လာဘ် အရောင် လိမ္မော်ရောင်၊ ပန်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက် လှည့်၍ အရဟံအောင်သိဒ္ဓိ (၉)ခါ ရွတ် ဆိုပါ။

**ဖေဖော်ဝါရီလ ၆ ရက်၊ ကြာသပ တေးနေ့ -** လာဘ်ဂဏန်း (၄)။ စိုးမိုး ဂဏန်း ၄၊ ၈၊ ၀။ လာဘ်နေအရပ် မြောက်၊ လာဘ်အရောင်က အနီရောင်၊ အနက်ရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာ အကြံ အစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သံဃာပူဇေမိ (၉)ခါ ရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ ၇ ရက်၊ သောကြာ နေ့-** လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၂၊ ၇၊ ၀)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က မီးခိုးရောင်၊ အပြာနု ရောင်။ အကျိုးပေးနေ့သား စနေ၊ ဗုဒ္ဓ ဟူး။ တစ်နေ့တာအကြံအစည်အောင် မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင် ဘက်လှည့်၍ ဗုဒ္ဓေါဇိနော (၉) ခါ ရွတ် ဆိုပါ။

**ဖေဖော်ဝါရီလ ၈ ရက်၊ စနေနေ့-** လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း ၄၊ ၆၊ ၈။ လာဘ်နေအရပ် အနောက်တောင်။ လာဘ်အရောင်က ဗေဒါရောင်၊ အစိမ်း ရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။တစ်နေ့တာအကြံအစည်အောင် မြင်ရန် နံနက်အိပ်ရာထ တောင်ဘက် လှည့်၍ လောကဝိဒူ (၉) ခါ ရွတ်ပါ။

**ဖေဖော်ဝါရီလ ၉ ရက်၊ တနင်္ဂနွေ နေ့ -** လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း ၁၊ ၇၊ ၈။ လာဘ်နေအရပ်က အရှေ့ မြောက်။ လာဘ်အရောင် အညိုရောင် မီးခိုးရောင်။ အကျိုးပေးနေ့သား တနင် နွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အနောက် ဘက်လှည့်၍ ဘဂဝါ (၉)ခါ ရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ ၁၀ ရက်၊ တနင်္လာ နေ့ -** လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၂၊ ၄၊ ၇)။ လာဘ်နေအရပ် အနောက်။ လာဘ်အရောင် ခရမ်းရောင်၊ အ[illegible] ရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ဗုဒ္ဓ ဟူး။ တစ်နေ့တာ အကြံအစည် အောင် မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက် လှည့်၍ သုဂတော (၉) ခါ ရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ ၁၁ ရက်၊ အင်္ဂါနေ့-** လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း ၁[illegible] ၉။ လာဘ်နေအရပ် အရှေ့တော[illegible] လာဘ်အရောင်က အဖြူ၊ အဝါနုရော[illegible] အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ ကြာ[illegible] တေး။ တစ်နေ့တာအကြံအစည်အော[illegible] မြင်ရန် နံနက်အိပ်ရာထ အနော[illegible] တောင်ဘက်လှည့်၍ နမောတ[illegible] (၉) ခါ ရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ ၁၂ ရက်၊ ဗုဒ္ဓဟူး[illegible]** လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း ([illegible] ၈)။ လာဘ်နေအရပ် တောင်။ [illegible] အရောင် ပန်းရောင်၊ လိမ္မော်[illegible] အကျိုးပေးနေ့သား တနင်္ဂနွေ၊ တ[illegible] တစ်နေ့တာအကြံအစည် အောင်[illegible]



www.burmeseclassic.com

နံနက် အိပ်ရာထ အရှေ့မြောက်ဘက် လှည့်၍ အရဟံ (၉) ခါ ရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ ၁၃ ရက်၊ ကြာသပတေးနေ့** - လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၁၊ ၄၊ ၀)။ လာဘ်နေအရပ် မြောက်။ လာဘ်အရောင် အညိုရောင်၊ အစိမ်းရောင်။ အကျိုးပေးနေ့သား စနေ၊ တနင်္လာ။ တစ်နေ့တာ အကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သတ္တာဒေဝမနုဿာနံ (၉) ခါ ရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ ၁၄ ရက်၊ သောကြာနေ့** - လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၃၊ ၆၊ ၉)။ လာဘ်နေအရပ် အရှေ့။ လာဘ်အရောင် အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက် လှည့်၍ အရဟံဇိနော (၉) ခါ ရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ ၁၅ ရက်၊ စနေနေ့**- လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၄၊ ၈၊ ၀)။ လာဘ်နေအရပ် အနောက်တောင်။ လာဘ်အရောင် အစိမ်း၊ အပြာရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက် လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ ၁၆ ရက်၊ တနင်္ဂနွေနေ့**- လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၂၊ ၆၊ ၈)။ လာဘ်နေအရပ်က အရှေ့မြောက် လာဘ်အရောင် အနီ၊ အဝါရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ သောကြာ။ တစ်နေ့တာအကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဓမ္မံပူဇေမိ (၉) ခါရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ ၁၇ ရက်၊ တနင်္လာနေ့** - လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၁၊ ၂၊ ၅)။ လာဘ်နေအရပ် အရှေ့မြောက်။ လာဘ်အရောင်က ပန်းရောင်၊ အဝါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉)ခါ ရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ ၁၈ ရက်၊ အင်္ဂါနေ့**- လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၆၊ ၉၊ ၀)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင် အစိမ်း၊ အပြာရောင်၊ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက် လှည့်၍ ဓမ္မံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**ဖေဖော်ဝါရီ ၁၉ ရက်၊ ဗုဒ္ဓဟူးနေ့**- လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၂၊ ၄၊ ၀)။ လာဘ်နေအရပ် တောင်။ လာဘ်အရောင် အနီ၊ နက်ပြာရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အနုတ္တရောပုရိသ ဒမ္မသာရထိ (၉)ခါ ရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ ၂၀ ရက်၊ ကြာသပတေးနေ့** - လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၁၊ ၆၊ ၇)။ လာဘ်နေအရပ် မြောက်။ လာဘ်အရောင် အညို၊ နံ့သာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက် လှည့်၍ သုဂတော (၉) ခါ ရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ ၂၁ ရက်၊ သောကြာနေ့**- လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၂၊ ၆၊ ၀)။ လာဘ်နေအရပ် အရှေ့။ လာဘ်အရောင် အနက်၊ မီးခိုးရောင်။ အကျိုးပေးနေ့သား တနင်္လာ၊သောကြာ။ တစ်နေ့တာအကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထအရှေ့တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါ ရွတ် ဆိုပါ။

**ဖေဖော်ဝါရီလ ၂၂ ရက်၊ စနေနေ့**- လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၁၊ ၈၊ ၉)။ လာဘ်နေအရပ် အနောက်တောင်။ လာဘ်အရောင် အစိမ်း၊ ပေဒါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါ ရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ ၂၃ ရက်၊ တနင်္ဂနွေနေ့** - လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၃၊ ၄၊ ၇)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အဖြူ၊ အဝါရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာ အကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ ၂၄ ရက်၊ တနင်္လာနေ့** - လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၂၊ ၆၊ ၈)။ လာဘ်နေအရပ် အနောက်။ လာဘ်အရောင်က အပြာ၊ မီးခိုးရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာ အကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက် လှည့်၍ နမောတဿ (၉)ခါ ရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ ၂၅ ရက်၊ အင်္ဂါနေ့**- လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၄၊ ၈၊ ၀)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင် အနီနှင့် ပန်းရောင်။ အကျိုးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက် လှည့်၍ နမောတဿ (၉) ခါ ရွတ်ဆိုပါ။

**ဖေဖော်ဝါရီ ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့**- လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၁၊ ၇၊ ၉)။ လာဘ်နေအရပ် တောင်။ လာဘ်အရောင် အနက်၊ အညိုရောင်။အကျိုးပေးနေ့သား တနင်္ဂနွေ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ အရဟံအောင်သိဒ္ဓိ (၉) ခါ ရွတ် ဆိုပါ။

**ဖေဖော်ဝါရီလ ၂၇ ရက်၊ ကြာသပတေးနေ့** - လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၁၊ ၂၊ ၀)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင် ခရမ်းရောင်၊ အစိမ်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက် လှည့်၍ သုဂတော (၉) ခါ ရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ ၂၈ ရက်၊ သောကြာနေ့** - လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၂၊ ၄၊ ၈)။ လာဘ်နေအရပ် အရှေ့။ လာဘ်အရောင် အစိမ်း၊ အပြာရောင်။ အကျိုးပေးနေ့သား တနင်္လာ၊သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက် လှည့်၍ ဗုဒ္ဓေါဇိနော (၉) ခါ ရွတ်ဆိုပါ။

ဒေါ်ခင်စံသု (B.Sc)



www.burmeseclassic.com

www.burmeseclassic.com

"အမယ် - ဟိုတစ်လောက. . ."

"ဟုတ်တယ် ဆရာ၊ သမီး"

သူထိုင်သည်ကို ပြုံး၍ကြည့်နေလိုက်၏။ ပြီးခဲ့သောလက တစ်ခေါက်ရောက်လာပါသေးသည်။ မျက်ရည်နှင့်မျက်ခွက်။ ယခု မျက်နှာမှာကြည်လျက်၊ ပြုံးလျက်။ သို့သော် အနည်းငယ်တော့ မျက်နှာစစ်သွားပုံရ၏။

"ခုလာတာက အမေ့လက်ကောက်ဝတ်ကိုကိုင်ပြီး သွေးခုန်တဲ့နေရာကိုထိထားရင်း ဂုဏ်တော်စက်ဝန်းဆက်ရွတ်ရဦးမလား ဆိုတာ သမီးလာမေးတာ"

"သမီးတို့အမေက. . ."

"ဆင်းပြီ ဆရာ၊ ဆေးရုံက ဆင်းပြီ။ နေလို့တော်တော့်ကိုကောင်းသွားပြီ။ ချိန်းတဲ့ရက်ကျမှသွားပြရုံပဲ"

"ဩော်- ဝမ်းသာလိုက်တာ။ အေးအေး"

"ဆရာ့ကို သမီး အရမ်းကျေးဇူး. . ."

"ဒါ ဘုရားရှင်ရဲ့ ဂုဏ်ကျေးဇူးဘုရားတန်ခိုး။ ဆေးမတွေ့ဘဲဖြစ်ပြီး ဘာလုပ်ရမှန်းမသိဖြစ်နေရာကနေ ဘုရားတန်ခိုးတော်ကြောင့်ဆေးတွေ့သွားတယ်၊ ဆေးတိုးသွားတယ်။ ဟော - ခုကောင်းသွားပြီ။ ဘုရားရှင်ရဲ့ ကျေးဇူးတော်


ကျန်းမာချမ်းသာ ရောဂါပျောက်ကင်း ဆောင်မြင့်ခြင်း အတွက်

သူရလက်ဆောင်

(ရှင်ကိုးဆောင်မြဲဝသား)

ဆရာဦးဟောင်ဟောင်းသန့်






www.burmeseclassic.com

www.burmeseclassic.com

အနန္တပဲ။ ပြီးရင် သမီးတို့ ကျေးဇူးတင်ရမှာ ကျွန်းကလေးတောင် အရိယမေမ္မစခန်းဆရာတော် အရှင်အရိယမေမ္မသိဒ္ဓိ ဆရာတော်ဘုရားကြီးပဲ"

"သြော်"

"အေး - ငါ့ရဲ့ဥပဇ္ဈာယ်ဆရာရင်းပဲ။ ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်း (၂၅) နှစ်လောက်ကတည်းက ဂုဏ်တော်စက်ဝန်းပုတီးစိပ်နည်းကို ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် လက်တွေ့ နှုတ်တိုက်သင်ပေးပြီး စိပ်ခိုင်းခဲ့တာ"

"သြော် - ဆရာစိပ်ခဲ့တာ ကြာပြီပဲ"

"အေး - ဒါပေမယ့် ဟိုးတုန်းကတော့ ပုံမှန် ဝတ်မပျက်စိပ်ရုံပေါ့။ တစ်နေ့ကို တစ်ပတ်၊ နှစ်ပတ် ရိုးရိုးပဲရွတ်





www.burmeseclassic.com

www.burmeseclassic.com

ဖတ်ပြီးစိပ်တာ။ ခုနောက်ပိုင်း ငါ့ဆီလာတဲ့မိတ်ဆွေတွေမှာ လိုအပ်တဲ့သူ့မှန်သမျှ ဒီနည်းကို ငါစိပ်ခိုင်းတယ်။ အထူးသဖြင့် ခုလိုပေါ့။ ကျန်းမာရေးတွေ ဟိုလူဖြစ်လိုက်၊ဒီလူဖြစ်လိုက်။ စစ်ပြန်တော့လည်း ဘာမှမတွေ့။ ဘာဖြစ်လို့ဖြစ်မှန်းမသိဖြစ်နေကြရင်၊ လိုအပ်ရင် ဒီဂုဏ်တော်စက်ဝန်းပုတီးစိပ်ကိုပဲ ပုတီးလည်းစိပ်ခိုင်း၊ ရွတ်ခိုင်း၊ ထမင်းစားရင်လည်း မန်းစားခိုင်းတာပေါ့။ ရောဂါဖြစ်တဲ့နေရာကို အာရုံစူးစိုက်ပြီးတော့လည်း ရွတ်ခိုင်းတာပေါ့။ ဒါနဲ့ပဲ ဆေးတွေ့သွားကြတာချည်းပဲ။ ကုနေရင်း မသက်သာတော့ဘူးဆိုရင် ဂုဏ်တော်စက်ဝန်းတန်ခိုးနဲ့ ကုနေရင်း သက်သာလာပြီသာမှတ်"

"ခု အမေ့ကျန်းမာရေးလက်တွေ့ပဲလေ"

"အေး - သမီးတို့အမေလိုပဲ သက်သာ ပျောက်ကင်းသွားကြတာတွေ အများကြီးပဲ။ ငါကတော့ ဟိုတစ်ခါ သမီးလာတုန်းကလို အခက်အခဲဖြစ်နေပြီဆိုရင် ဘေးနားမှာ ရွတ်တတ်တဲ့သူက နှုတ်ကနေရွတ်၊ လက်ကနေမကောင်းသူရဲ့ လက်ကောက်ဝတ်က သွေးခုန်တဲ့နေရာလေးကို ကိုင်ထား။ တဒုတ်ဒုတ်ခုန်နေတာကို အာရုံစူးစိုက်ထားပြီး ဂုဏ်တော်စက်ဝန်းရွတ်တာပေါ့။ ဂုဏ်တော်တန်ခိုးတော်နဲ့ သွေးကို လည်ပတ်စေတာပေါ့။ (၁၀) မိနစ်၊ (၁၅) မိနစ်ရွတ်ပြီဆိုရင် နှစ်ကြိမ်၊ သုံးကြိမ်ရွတ်တာနဲ့ စ,သိလာတာပဲ"

"သမီး အဲလိုပဲရွတ်တယ်။ သမီးအစ်မကလည်းရွတ်ပေးတယ်။ ဆရာရွတ်ခိုင်းသလိုပဲ တစ်ခါရွတ်ရင် (၁၀) မိနစ်၊ (၁၅) မိနစ် ကြာတယ်။ တစ်နေ့သုံးကြိမ်တင်မကတော့ဘူး၊ အားရင်အားသလို ညီအစ်မနှစ်ယောက်တစ်လှည့်စီ ရွတ်ကြတာပဲ။ ဒါနဲ့ကို အမေ ကောင်းလာတာ။ အဲဒါကြောင့် ဆရာ့ကို အားရဝမ်းသာ လာပြောရင်း၊ ပြီးတော့ ဆက်ရွတ်ရဦးမလားဆိုတာလည်းမေးရင်း"

"ဒါ ဘာမှပင်ပန်းတဲ့ကိစ္စမဟုတ်ဘူး။ ဘုရားရှင်ရဲ့ ဂုဏ်ကျေးဇူးတော်ကိုအမြဲ သတိရ အောက်မေ့နေတာပိုမကောင်းဘူးလား"

■

ကလေးလေးချီလျက်ဝင်လာသော ဇနီးမောင်နှံကိုပြုံးပြလိုက်၏။

"ဆရာမှတ်မိတယ်နော်"

"အေး - ငါမြင်ဖူးပါတယ်၊ ခင်ခင်မင်မင်ပဲ"

"ပြီးခဲ့တဲ့သုံးလကလေ၊ ကျွန်တော်လာတာ"

"ဟုတ်လား"

"ကလေးလေးက ပေါင်ကလည်းမပြည့်၊ ရက်သားလေးနဲ့လေ။ ဆေးရုံမှာတင်ထားရတာလေ"

"ဪ - သိပြီ။ ဒီကလေးလေးလား"

"ဟုတ်တယ် ဘဘ၊ အဲဒီတုန်းက သူလာမေးတာလေ"

"အေး- ဟုတ်ပြီ၊ ငါမှတ်မိပြီ"

"ဒီသမီးလေးပဲ ဘဘ"

"အေးအေး - ခုတော့လည်း ချစ်စရာလေးပါလား-ဟေ"

"အဲဒီတုန်းက ဘဘခိုင်းလိုက်တဲ့အတိုင်း သူပြောပြတယ်လေ။ ကလေးအနီးလေးတစ်ထည်ကို ညာဘက်လက်နဲ့ကိုင်ပြီး ဂုဏ်တော်စက်ဝန်းကို အကြာကြီးရွတ်နေရတာ။ ပြီးတော့ ကလေးကိုအဝေးကလှမ်းကြည့်ပြီး ဂုဏ်တော်စက်ဝန်း မပြတ်ရွတ်ရတာ။ အဲဒါ သမီးတောက်လျှောက်ပဲ။ ဒီလိုနဲ့ ကလေးလေး ဆေးတွေ့သွားပြီး ကောင်းသွားတာပဲ ဘဘ"

"ဒါပေါ့၊ ကုနေရင်းနဲ့ကို ကောင်းသွားရမယ်လေ။ ဒါ ဘုရားရှင်ရဲ့ဂုဏ်ကျေးဇူးတော်ပဲ"

"ဟုတ်ပါတယ် ဘဘ၊ ဘဘကို ကျေးဇူးတွေတင်ပါတယ်"

"ဘဘရဲ့ဆရာက ဘဘကို သင်ပေးထားလို့ ဘဘလည်း တတ်လာတာ။ ဒီလိုတတ်လာလို့ ခုလိုကယ်နိုင်တာ သမီးရဲ့။ ဒါ ဘဘဆရာရဲ့ကျေးဇူးပဲ"

"ဪ - ဟုတ်လား ဘဘ"

"ဟုတ်တယ်။ ဘဘရဲ့ဆရာက ပြည်တွင်း၊ပြည်ပသာသနာပြု (ကေလာသ)ဆရာတော်အရှင်အရိယဓမ္မသိဒ္ဓိပဲ။ ဘဘုန်းဘုရားသင်ပေးထားလို့ ဘဘလည်း ခုလိုကယ်နိုင်တာ။ ဒီမှာလေ"

ကျွန်ုပ်သည် ပြောပြောဆိုဆိုနှင့် ဘဘုန်းဘုရား၏ဓာတ်ပုံကို ပြလိုက်၏။ ညာဘက်လက်မှ တောင်ဝှေးအရှည်ကြီးကိုကိုင်၍ လှပသော ကုလားထိုင်ကြီးပေါ်တွင်ထိုင်နေသော ဘဘုန်းဘုရား၏ ရှားပါးဓာတ်ပုံ ဖြစ်၏။ ကလေးမလေးသည် ကလေးချီထားရင်းမှ လက်လေးနှစ်ဖက်ယှက် လက်အုပ်လေးချီ၍ ရှိခိုး၏။ သူ့မ၏ခင်ပွန်းကလည်း လက်အုပ်ချီ၍ ရှိခိုး၏။ ပြီးမှ -

"အခုက. . ."

"အခုလာတာက သမီးလေးကို နာမည်မှည့်တော့မယ်လေ ဘဘ"

"ဪ - အေးအေး"

"ဘဘ၊ သမီးတို့ ဆက်ရွတ်ရမှာလား"

"ဘုရားရှင်ရဲ့ ဂုဏ်ကျေးဇူးတော်တွေပဲလေ။ ရွတ်လေ ကောင်းလေပေါ့။ ခုရွတ်ရင် ခုကုသိုလ်ရတယ်။ နေ့တိုင်းရွတ်နေရင် နေ့တိုင်းကုသိုလ်ရတယ်"

"ဟုတ်ကဲ့ - ရွတ်မယ်လေ ဘဘ"

■

"ကိုမျိုးပါလား"

"ဟုတ်တယ် ညီလေး၊ ဒီဘက်လာရင်း. . ."

"ထိုင်"

"အေး- ညီလေးပေးလိုက်တဲ့ဂုဏ်တော်စက်ဝန်းဟာ တော်တော်စွမ်းတယ်နော်"

"စွမ်းတာပေါ့"

"ဟို - ကိုယ့်မိတ်ဆွေရဲ့မြေးလေးလေ။ ခဏခဏတက်တာလေ"

"မှတ်မိတယ်၊ ကိုမျိုးနဲ့လိုက်လာတဲ့ အစ်ကိုကြီး မဟုတ်လား"

"အေး- သူ့မြေးလေးတက်တာ လွန်တယ်ကွာ။ နည်းနည်းလေးကိုယ်ပူပြီဆိုရင်တက်ပြီ။ ကလေးဟာ နှုတ်ခမ်းလေးတွေပြာပြီး သနားဖို့ကောင်းတယ်။ အရွယ်နဲ့တောင်မလိုက်ဘူး တက်တာ"

"အဲဒီအစ်ကိုကြီး ပြောပြတုန်းက ကျွန်တော်တောင်တော်တော်စိုးရိမ်သွားတယ်"

"အေး- ခု တော်တော်လေးဟုတ်နေပြီ။ ညီလေးခိုင်းတဲ့အတိုင်း ကလေးရဲ့ဘယ်လား၊ ညာလား လက်ကောက်ဝတ်ကလေးက သွေးခုန်တဲ့နေရာလေးကို လက်လေးနဲ့ အသာကိုင်ပြီး အာရုံစိုက်ထားပြီး ဂုဏ်တော်စက်ဝန်းရွတ်တာ တော်တော်ကောင်းသွားတယ်ကွာ"

"ဂုဏ်တော်စက်ဝန်းကို အဲသလိုသာရွတ်လို့ကတော့ ဆေးမတိုးရင် ဆေးတိုးသွားမယ်သာမှတ်"

"အေး- တော်တော်စွမ်းတယ်ကွာ ငါက တစ်လမ်းတည်းနေလို့ သိတာ။ သူရွတ်နေတာလည်း တွေ့နေတာ။ ကလေးလက်ကလေးကိုင်လို့ ကိုယ်တိုင်နော်၊ ကိုယ်တိုင်ရွတ်တာ။ သူ့သားသမီးတွေရွတ်နေတာကိုတောင် သိပ်အား ဘူးနဲ့တူတယ်။ ကိုယ်တိုင်ရွတ်တာ"

"ကောင်းတယ်"

"ဒီတော့ ငါလည်း ညီလေး



www.burmeseclassic.com

www.burmeseclassic.com

မတော်ကောင်းဘဲ နှစ်ဦး၊ သုံးဦးတော့ အဲလို လုပ်ခိုင်းလိုက်တယ်။ ဟာ - ဖြစ်တယ်ကွာ"

"ဘာကိုခွင့်မတောင်းတာလဲ"

"ဩော် - နေထိုင်မကောင်းရင် လက်ကောက်ဝတ်က သွေးခုန်တာလေး ကိုကိုင်၊ အာရုံပြုပြီး ဂုဏ်တော်စက်ဝန်း ရွတ်တဲ့နည်းကို"

"အို- ကိုမျိုးကလည်း၊ ခွင့်တောင်း နေရဦးမလား ညီအစ်ကိုချင်း"

"အေး - ဟေးဟေး"

"ကောင်းတာပေါ့။ ဒါကိုမျိုးလည်း ကယ်တာပဲလေ၊ ကူညီတာပဲလေ။ လုပ်သာလုပ်၊ တွေ့တဲ့သူတိုင်းကို အဲဒီနည်း ပေးသာပေး။ သူတို့မှာမိဘတွေရှိမယ်။ မိဘတွေရဲ့ကျန်းမာရေးအရ လိုအပ်ရင် လိုအပ်သလို ရွတ်ရမယ်။ မိဘတွေမရှိကြတော့ရင် သားသမီးတွေအတွက်၊ မိသားစုအတွက် လိုအပ်ရင် ရွတ်လို့ရတာပဲ။ ကျွန်တော်ဆို ရင်းနှီးတဲ့မိတ်ဆွေတွေထဲက နေထိုင်မကောင်းရင်ကို အဲဒီလိုရွတ်ပေးလိုက်တာ။ ပြီးရင် သူနဲ့ပတ်သက်သူကို ဆက်ရွတ်ခိုင်းတယ်။ ဇနီးဖြစ်ဖြစ်၊ ခင်ပွန်းဖြစ်ဖြစ် ဆက်ရွတ်ပေါ့၊ ကောင်းသွားတာပဲ"

ကိုမျိုးသည် လက်ထဲတွင် ကိုင်ထားသော ဆေးပေါ့လိပ်အတိုလေးအား ကြည့်လိုက်ပြီး ဘေးနားချထားလိုက်၏။ ကျွန်ုပ် ဆေးလိပ်လုံးဝမသောက်၍ သူလည်း ကျွန်ုပ်၏အနီးတွင် ဆေးလိပ် မသောက်တော့။

"ဒီလို သွေးကြောထဲကို အာရုံပြုပြီး ရွတ်ထည့်တာ ငါမကြားဖူးသေးဘူး။ ညီလေးပြောတာပဲ ကြားဖူးသေးတယ်"

"တစ်ခါက တော်တော်လေးရင်းနှီးတဲ့သူတစ်ယောက်ဟာ သူ့အမေ နေမကောင်းဖြစ်လို့ တော်တော်စိတ်ပူရှာပြီး ကျွန်တော့်ဆီ ရောက်လာတယ်။ မအေက သွေးပေါင်တွေတအားကျတာ။ သူလည်း ကုပေးနေတာပဲ။ ကုနေရင်းနဲ့ကို ဖြစ်နေတာ။ သူ့အမေဟာ ဖျော့ရော်ရော်နဲ့။ ဒါနဲ့ ကျွန်တော် စဉ်းစားတယ်။ ဂုဏ်တော်စက်ဝန်းရွတ်ခြင်းဟာ စက်ဝန်းလို လည်ပတ်နေတဲ့သဘောပဲ။ ဂုဏ်တော်တို့ စက်ဝန်းလည်နေသလို ရွတ်ဖတ်ရတော့တဲ့သဘောပဲ။ ဒီတော့ ဒီအမေကြီးရဲ့ကျန်းမာရေးနဲ့ပတ်သက်ပြီး သွေးနဲ့ဆိုင်တဲ့ ထင်ရှားတဲ့နေရာတစ်ခုခုမှာ ဂုဏ်တော်စက်ဝန်းနဲ့ရွတ်မန်းကြည့်ရင် ဘယ့်နှယ်နေမလဲဆိုပြီး စဉ်းစားရင်းနဲ့ ကဲ- ခင်ဗျားအမေ အိပ်နေတဲ့အချိန်ပဲဖြစ်ဖြစ်၊ ပက်လက်ကုလားထိုင်ထိုင်နေတဲ့အချိန်ပဲ ဖြစ်ဖြစ် သူ့ရဲ့ ညာဘက်လက်ကောက်ဝတ်မှာ သွေးခုန်တဲ့နေရာလေးကိုကိုင်။ သွေးတဒုတ်ဒုတ်ခုန်နေတာလေးကို အာရုံစူးစိုက်ပြီး ဂုဏ်တော်စက်ဝန်းရွတ်ဗျာ။ သွေးကြောတွေထဲမှာ ဘုရားရှင်ရဲ့ဂုဏ်ကျေးဇူးတော်နဲ့ သွေးလည်ပတ်လာလိမ့်မယ်။ ယုံကြည်စွာနဲ့ ရွတ်ပေတော့ ဆိုပြီး ရွတ်ခိုင်းလိုက်တယ်"

"သူလည်း ဘယ်ကြားဖူးပါ့မလဲ ဒါမျိုး"

"မကြားဖူးဘူးလေ။ မကြားဘူးလို့ သူ့တောင် နမူနာလုပ်ပြလိုက်ရသေးတယ်။ သူလည်း သူ့အမေကို ရွတ်ပေးတော့တာပဲ၊ နေ့တိုင်းမပြတ်ဘူး။ ဟာ - တကယ်အံ့ရော ကိုမျိုးရေ။ အဲဒီအမေကြီးတော်တော်ကိုကောင်းသွားတယ်ဗျာ။ ခုနောက်ပိုင်း အဲဒီလိုကို သွေးပေါင်တွေနင်းကန်မကျတော့ဘူး။ ကြီးကြီးမားမားကိုဖြစ်သံမကြားရဘူး။ သူတို့အိမ်ရှေ့ကဖြတ်သွားရင် တွေ့တွေ့နေရတာပဲ၊ သနပ်ခါးအဖွေးသားနဲ့"

"တကယ့်ကို ဝမ်းသာစရာပဲနော် ညီလေး။ ဒါမျိုးက၊ ညီလေးတွေးသလိုမျိုးက တော်ရုံနဲ့ တွေးမိမှာ မဟုတ်ဘူး။ ဂုဏ်တော်စက်ဝန်းဆိုတာ လည်ပတ်အောင် ရွတ်ဖတ်သရဇ္ဈာယ်ရမယ့်သဘော။ ခန္ဓာကိုယ်ထဲမှာလည်း အဓိကကျတဲ့သွေးဟာ လည်ပတ်နေတဲ့သဘော။ ဒီလိုလည်ပတ်နေတဲ့သွေးကို လည်ပတ်မှု အားကောင်းလာအောင်၊ ပြောရရင် ဘုရားတန်ခိုးတော်ကို အာရုံပြုပြီး လည်ပတ်မှုအပေါ်မှာ၊ သွေးသွားလာတဲ့အပေါ်မှာ အာရုံစူးစိုက်ထားပြီ ဆိုကတည်းက. . . အင်း. . . "

ပြောနေရင်း သူ၏ဘေးဘယ်ညာဘက်များဆီသို့ ဟိုကြည့်ဒီကြည့်ကြည့်လိုက်၊ ကျွန်ုပ်ကိုကြည့်လိုက်၊ မျက်မှန်ကို ပင့်တင်လိုက်နှင့်ပြုံးနေသော ကိုမျိုးကို သဘောကျစွာ ကြည့်နေလိုက်၏။

■

သူရဇ္ဇလက်ဆောင်။

အကျိုးထူးများဖြစ်လာနိုင်စေမည့် အကြောင်းတရားများအား ထူးထူးခြားခြားပေးနေသည့်လက်ဆောင်ဖြစ်၍ -

သူရဇ္ဇပရိသတ်ကြီးအတွက် ပညာ၊ ကုသိုလ်၊ ဗဟုသုတ တစ်ခုခုရစေချင်သော မေတ္တာ၊ စေတနာများစွာဖြင့် လစဉ် ဖွင့်ဆိုနေခြင်း ဖြစ်ပါသည်။

ယခု -

လက်တွေ့အောင်မြင်မှုများစွာဖြင့် ထူးခြားလွန်းလှသည့် ဂုဏ်တော်စက်ဝန်းကို လက်ဆောင်အဖြစ် တင်ဆက်လိုက်ရပြန်ပါပြီ။ ဂုဏ်တော်စက်ဝန်းကြောင့် ကျန်းမာရေးကောင်းသွားကြပုံများကို ရေးသားရန် အချိန်အတော်ယူခဲ့ရပါသည်။

ဆိုခဲ့ပြီးသည့်အတိုင်း သွေးနှင့်ဆိုင်သော ကျန်းမာရေးထိခိုက်နေရှာသည့် သက်ကြီးရွယ်အိုတစ်ဦးအား သူနှင့်ဆိုင်သည့် ကျန်းမာရေးကောင်းလာစေရန် မည်သို့မည်ပုံ ကူညီရပါမည်နည်းဟု အကြိမ်ကြိမ်စဉ်းစားရင်းမှ သွေးခုန်သည့်နေရာကိုကိုင်၍ ဂုဏ်တော်စက်ဝန်းရွတ်ဖတ်ခြင်းကို တွေ့ခဲ့ရခြင်း ဖြစ်ပါသည်။

ထိုအမေကြီးကျန်းမာရေးကောင်းသွားသည်ကို ပီတိဖြစ်ဖွယ် မျက်ဝါးထင်ထင် လက်တွေ့တွေ့ရပြီးသည့်နောက်ပိုင်း ကျန်းမာရေးနှင့်ပတ်သက်တိုင်း ဂုဏ်တော်စက်ဝန်းရွတ်ခိုင်းပါတော့သည်။

ရွတ်ဖတ်ရန် အကြံပြုရသည်မှာ အမျိုးမျိုး ဖြစ်၏။

အချို့ဆိုလျှင် နှလုံးရောဂါဝေဒနာခံစားနေရရှာသည့်မိဘများအတွက် ရွတ်ခိုင်းလျှင် နှလုံးခုန်သောနေရာကို လက်လေးနှင့် အသာထိထားပြီး ရွတ်စေပါသည်။ တစ်ရက်၊ နှစ်ရက်၊ သုံးရက်ခန့် ရွတ်ပြီးပြီဆိုသည်နှင့် စတင် ထူးခြားပြီ ဖြစ်ပါသည်။

ဦးခေါင်းဝေဒနာ ခံစားနေရလျှင် ဦးခေါင်းတစ်နေရာကို လက်နှင့်ထိထားပြီး ရွတ်စေပါသည်။

မျက်စိဝေဒနာ ခံစားနေရပါက မျက်စိနေရာကို လက်နှင့်ထိထားပြီး ရွတ်စေပါသည်။

အဆုတ်မကောင်းလျှင် အဆုတ်နေရာကို လက်နှင့်ထိပြီး ရွတ်ခိုင်း၏။

ရင်ခေါင်း၊ ရင်ညွန့်အထိ ရွတ်ခိုင်း၏။

အကယ်၍ လေဖြတ်ထားခြင်း၊ ခန္ဓာကိုယ်အောက်ပိုင်းများမကောင်းခြင်းဖြစ်လျှင် ခန္ဓာကိုယ်အောက်ပိုင်းများမှာ ထိကိုင်၍မရွတ်ခိုင်းတော့။လက်ကောက်ဝတ်မှ သွေးခုန်သောနေရာကို အာရုံပြု ထိကိုင်ထားစေပြီး စူးစူးစိုက်စိုက်ရွတ်ခိုင်းပါ၏။ တစ်ကိုယ်လုံးကို သွေးလှည့်ပတ်သည်ဖြစ်၍ ထိုနေရာကိုသာ အာရုံစူးစိုက်ရွတ်ခိုင်းလိုက်ပါသည်။

မိဘနှင့်သားသမီးများ လက်နှင့်ထိကိုင်၍ ရွတ်ဖတ်ကြသောကြောင့် ထူးခြားသော မေတ္တာများစွာကြောင့် သ



www.burmeseclassic.com

www.burmeseclassic.com

သာပျောက်ကင်းချမ်းသာခြင်းသို့ရောက် ကြဘိသကဲ့သို့ -

မိတ်ဆွေများအချင်းချင်း စောင့်ရှောက်ကူညီ ရွတ်ဖတ်ပေးကြလျှင်လည်း ထူးခြားလွန်းလှပါသည်။

ဘုန်းတော်အနန္တ၊ ဂုဏ်တော်အနန္တ၊ ဉာဏ်တော်အနန္တနှင့် ပြည့်စုံတော်မူပေထသော သုံးလူ့ထွတ်တင် ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်ကို အာရုံပြုခြင်း ဖြစ်၍ မည်သည့်ရောဂါသည် ခံနိုင်ပါအံ့နည်း။

ဆေးမတွေ့လျှင် ဆေးတွေ့သွားပါမည်။

ဆေးမတိုးလျှင် ဆေးတိုးသွားပါမည်။

ဝေဒနာများ လျော့ကျ ပျောက်ကင်း သက်သာခြင်းသို့ ရောက်သွားရသည်ချည်း ဖြစ်၏။

ကြားဖူးကြပါလိမ့်မည်။

ကြုံလည်းကြုံဖူးကြပါလိမ့်မည်။

ကုနေသည့်ကြားမှ ဘယ်လိုမှ မထူးခြားဟု ဆိုသော ဝေဒနာရှင်များကို တွေ့ဖူးကြပါလိမ့်မည်။

ဆေးတွေဒါလောက်သောက်နေရသည့်ကြားမှ ဘာမှထူးခြားမလာဘဲ ပိုပိုဆိုးလာသည်ဆိုသူများကိုလည်း တွေ့ဖူးကြပါလိမ့်မည်။

စုံအောင်စစ်ပြီးပြီ၊ ဘာရောဂါမှ မရှိဟု ဆိုကြသော်လည်း အတော်လေး နေမကောင်းထိုင်မသာဖြစ်နေကြသူများကို တွေ့ဖူးကြပါလိမ့်မည်။

ထိုပုဂ္ဂိုလ်များကိုမြင်လျှင် မြင်သည့်နေရာ၊ တွေ့သည့်နေရာ၊ သိသည့်နေရာမှာ ဤဂုဏ်တော်စက်ဝန်း ရွတ်ဖတ်၍ ရောဂါဝေဒနာများ သက်သာပျောက်ကင်းချမ်းသာခြင်းရောက်စေသည့်နည်းကို လက်ဆင့်ကမ်းပါလေ။ အလွန်မှ ကုသိုလ်ရပါသည်။

လူတစ်ဖက်သား ခံစားနေရရှာသော ဝေဒနာကို ပျောက်ကင်းစေချင်သည့်မေတ္တာစတင်ထားရှိပြီဆိုကတည်းက အတော့်ကို ကုသိုလ်ကြီးမားနေပါပြီ။

ကိုယ့်ကြောင့် ဝေဒနာရှင်တစ်ဦး ရောဂါပျောက်ကင်း ကျန်းမာခြင်းဖြစ်ရပြီဆိုလျှင် တွေးကြည့်ပါ။

မည်မျှပီတိများပြားလွန်းလှသည်ကို တွေးကြည့်ပါ။

ထိုပီတိသည် ဘာနှင့်မှ မလဲနိုင်ပါ။

ထို့ကြောင့် လက်ဆင့်ကမ်းပါ။ ကူညီပါ။

လက်တွေ့ပေါင်းများစွာ အောင်မြင်နေသည့်နည်း ဖြစ်ပါသည်။

စိတ်ကူးယဉ်လည်းမဟုတ်ပါ။

စမ်းကြည့်ရန်လည်း မလိုပါ။

သူရဇ္ဇပရိသတ်ကြီးအတွက် ကျွန်ုပ်ကိုယ်တိုင် ရက်ပေါင်း၊ လပေါင်း၊ နှစ်ပေါင်းများစွာ ကိုယ်တွေ့မြင်ခဲ့သောနည်း ဖြစ်ပါသည်။

ဘုရားရှင်၏ဂုဏ်ကျေးဇူးတော်ကို အာရုံပြုလိုက်ခြင်းဖြစ်၍ အာရုံပြုရွတ်ဆိုပေးသူ၏စိတ်အစဉ်သည်လည်း ဖြူစင်နေပါပြီ။ လူတစ်ဖက်သားကို ကျန်းမာစေချင်လှသောစိတ်ကြောင့်လည်း ဖြူစင်လွန်းနေပါပြီ။

ကျွန်ုပ်သည် -

ဤနည်းကို စတင်ပေးချိန်မှစ၍ -

ရက်သား ကလေးလေးများကိုလည်း အောင်မြင်စွာ ကျန်းမာစေရန် အထောက်အကူပြုနိုင်ခဲ့၏။

မွေးစရက်သားကလေးလေးများ မိခင်နှင့် ခွေတ္တခွဲထားပြီး သီးခြားထား၍ ကြပ်မတ်စောင့်ရှောက်ကုသပေးခြင်းများ ကြုံကြရသည့်အခါ သူတို့၏မိခင်ကိုရွတ်ခိုင်း၏။ အနီးလေးတစ်ခုကို ညာဘက်လက်နှင့်ကိုင်ထားပြီး ဂုဏ်တော်စက်ဝန်းကို တောက်လျှောက် ရွတ်နေစေ၏။ တစ်ကြိမ်ရွတ်လျှင် (၁၀)မိနစ် (သို့) (၁၅) မိနစ်ရွတ်ခိုင်း၏။ မနက်၊ နေ့၊ ည နှစ်သက်သလို ရွတ်ခိုင်း၏။ ကလေးဆီကို အာရုံစူးစိုက်ပြီးရွတ်ခိုင်း၏။ ကလေးကို စောင့်ရှောက် ကုသပေးနေကြသော ပညာရှင်များကိုလည်း စူးစူးစိုက်စိုက် မေတ္တာပို့ခိုင်း၏။ ကုသပေးနေကြသော ဆေးပညာရှင်များ၏ မေတ္တာကြောင့် ကလေးလေးဆေးတိုးပါစေ၊ ကျန်းမာလာပါစေဟုဆုတောင်းခိုင်း၏။ ရွတ်ဖတ်ခြင်း၊ မေတ္တာပို့ခြင်း၊ ဆုတောင်းခြင်းများကို စိတ်မနောနှင့် အာရုံစူးစိုက်ပြီး ပြုလုပ်ခိုင်း၏။ ထူးခြားစွာကောင်းမွန်သွားပြီး ကျန်းမာခြင်းများစွာဖြစ်လာကြသည်သာ များ၏။

အချို့က ရပ်ဝေးမှာနေသောမိဘများ၏ ရင်ညွန့်၊ နှလုံးနေရာများဆီသို့ အာရုံစူးစိုက်ပြီးရွတ်ကြသည်ဟု ဆို၏။

မည်သို့ပင်ရွတ်ရွတ် မိဘကျန်းမာအောင် စိတ်အာရုံစူးစိုက်၍ ရွတ်ဖတ်နေခြင်းသည်ပင် တန်ဖိုးမဖြတ်နိုင်သော ကျေးဇူးဆပ်နေခြင်း ဖြစ်၏။

စတင်ရွတ်ဆိုပြီဆိုသည်နှင့် စတင်အကျိုးပေးသော ဂုဏ်တော်စက်ဝန်းဖြစ်၏။

ကျွန်ုပ်၏အတွေ့အကြုံအရ ဂုဏ်တော်စက်ဝန်း ရွတ်ဖတ်သရဇ္ဈာယ်ခြင်း ဂုဏ်တော်စက်ဝန်းကို ပုတီးစိပ်ခြင်းကြောင့် တွေ့ကြုံခဲ့ရသောအတွေ့အကြုံများ မနည်းလှ။ အချို့အတွေ့အကြုံများမှာ မမြင်ရသောပုဂ္ဂိုလ်များနှင့်ဆက်စပ်နေလေရာ မယုံကြည်တတ်သူများအတွက် ပြောပြရန်ပင် အလွန် ခက်ခဲလှ၏။

ထိုအတွေ့အကြုံများကို အလျဉ်းသင့်လျှင် တင်ဆက်ပါဦးမည်။

၂၀၁၁ ခုနှစ်က ပရိသတ်များပြားလှခြင်း၊ အိမ်နှင့်ပတ်သက်၍ စိတ်ပင်ပန်းလူပင်ပန်းဖြစ်ရခြင်းတို့ကြောင့် အိပ်ရေးမဝခြင်းများ မကြာခဏဖြစ်ရ၏။ အိပ်ရေးမဝ၍ ဦးခေါင်းမကြည်လင်သည့်ကြားမှ များစွာသောပရိသတ်နှင့် နေ့စဉ်ထိတွေ့နေရသောကြောင့် စိတ်မကြည်မလင်ဖြစ်ရသည့်ရက်များ တော်တော်များခဲ့ရ၏။

၂၀၁၁ မိုးတွင်းကဖြစ်ပါသည်။

တစ်နေ့ -

အင်း - ငါ့မှာ အိမ်ကိစ္စတွေနှင့် စိတ်တွေအတော်ညစ်ရသည်။ စိတ်ညစ်လွန်းတော့ အိပ်ရေးတွေပျက်လှသည့် ခုနေအခါများ တောင်စွန်းသွားပြီး ကျွန်ကလေးတောင်တော် အရိယမွေစခန်းမှာ ဘဘုန်းဘုရားကို သွားဖူးရရင် ကောင်းမှာပဲ။ ဘဘုန်းဆီမှာ နှစ်ရက်သုံးရက်လောက်နေပြီး တရားရှုမှတ်လိုက်ရရင် တောတောင်ရေမြေသဘာဝတွေနဲ့ တော်တော်ကို အေးချမ်းမှာပဲ... တွေးနေလိုက်၏။

မှတ်မှတ်ရရ ထိုသို့တွေးချိန်သည် နေ့ခင်း (၁၂) နာရီခန့်ဖြစ်ပြီး တစ်နာရီသာသာတွင် ဖုန်းသံမြည်လာ၏။

ဖုန်းကို ကောက်ကိုင်လိုက်သည်နှင့် -

"မောင်မောင်သန်းလားဟေ့ ဘုန်းဘုန်းဆက်နေတာ"

ဟု ကြားလိုက်ရသောကြောင့် ကျွန်ုပ်မှာ ခေါင်းနားပန်းကြီးများကြီးသွားပြီး အံ့ဩလွန်း၍မဆုံးတော့။ အားရဝမ်းသာလွန်းသောကြောင့် -

"တင်ပါ့ဘုရား၊ တပည့်တော်... ဘုရား"

ဟု ရိုရိုသေသေ လျှောက်လိုက်သည်နှင့် -

"အေး - မင်းနေကောင်းရဲ့လား...



www.burmeseclassic.com

www.burmeseclassic.com

## ဂုဏ်တော်စက်ဝန်းရွတ်ပုံ

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| အ → | သ → | ဝိ → | သု → | လော → | အ → | သ → | ပု → | ဘ → | အ |
| သ → | ဝိ → | သု → | လော → | အ → | သ → | ပု → | ဘ → | အ → | သ |
| ဝိ → | သု → | လော → | အ → | သ → | ပု → | ဘ → | အ → | သ → | ဝိ |
| သု → | လော → | အ → | သ → | ပု → | ဘ → | အ → | သ → | ဝိ → | သု |
| လော → | အ → | သ → | ပု → | ဘ → | အ → | သ → | ဝိ → | သု → | လော |
| အ → | သ → | ပု → | ဘ → | အ → | သ → | ဝိ → | သု → | လော → | အ |
| သ → | ပု → | ဘ → | အ → | သ → | ဝိ → | သု → | လော → | အ → | သ |
| ပု → | ဘ → | အ → | သ → | ဝိ → | သု → | လော → | အ → | သ → | ပု |
| ဘ → | အ → | သ → | ဝိ → | သု → | လော → | အ → | သ → | ပု → | ဘ |

ဘုန်းဘုန်းသတိရလို့ဆက်တာ"

ဟု ဆိုပြီး -

"အေးအေး- နေကောင်းအောင်နေ၊ ဘုန်းဘုန်းမေတ္တာပို့ပေးနေတယ်။ ရတနာမြတ်သုံးပါးကို မမေ့နဲ့။ အာနာပါန ဗုဒ္ဓါနုဿတိဘာဝနာကို များများပွားများပေး။ မေတ္တာဘာဝနာများများပွားများ။ ဂုဏ်တော်စက်ဝန်းကို အာရုံပြုနှလုံးသွင်းပြီး မနောနဲ့ရွတ်၊ ပုတီးစိပ်"

ဟု ပြောရင်း ပြီးသွား၏။

ကျွန်ုပ်မှာ အံ့ဩလွန်း၍ -

"တင်ပါ့ဘုရား၊ ဘုန်းဘုန်းရဲ့ ခြေတော်အစုံကို တပည့်တော် ဦးခေါင်းနဲ့ အမြဲရှိခိုးပါတယ်ဘုရား"

ဟု ပြန်လျှောက်လိုက်မိ၏။ ဝမ်းသာလွန်း၍ ဘာလျှောက်ရမှန်းပင် မသိတော့။

ဤသို့ ဘဘုန်းဘုရား မိန့်ကြားပြီးသည့်နေ့မှစ၍ ယနေ့ထိ ဂုဏ်တော်စက်ဝန်း ပုတီးစိပ်လုံးဝမပြတ်တော့ပါ။

သို့သော် ဘဘုန်းဘုရားမိန့်တော်မူသည့်အတိုင်း စိတ်မနောနှင့် ရွတ်ဆိုပူဇော်ရသည်မှာ အတော့်ကို ခက်ခဲလှ၏။ နှုတ်ဖြင့်သာ အသံထွက်၍ ရွတ်ဖတ်ပုတီးစိပ်နေခြင်းကို ကျင့်သားရနေပြီဖြစ်သောကြောင့် မနောနှင့် ရွတ်ဆိုအာရုံပြုရခြင်းကို အတော်ကြိုးစား၍ပွားများနေရပါသည်။

ကြိုးစား၍ ရွတ်နေသလောက်နှင့်ပင် အတော့်ကို ထူးခြားလွန်းနေပါပြီ။ အိပ်မက်ထူးများဆိုလျှင် မနည်းတော့။

ကျေးဇူးတော်ရှင် ဆရာတော်ဘုရား၏မေတ္တာဓာတ်ကား ကြီးမားလွန်းလှပါဘိ။ ကျွန်ုပ်အတွက် လုံခြုံလွန်းလှပါသည်။

ယခု -

သူရဇ္ဇလက်ဆောင်အဖြစ် ပေးနိုင်ခဲ့သည်မှာ ဘဘုန်းဘုရား၏ လက်ထပ်သင်ကြားပေးခဲ့ခြင်းကို ရိုသေစွာခံယူခဲ့ရ၍ ဖြစ်ပါသည်။

ယခုလပေးသော ဂုဏ်တော်စက်ဝန်းတန်ခိုးကြောင့် ကျန်းမာရေးနှင့်ပတ်သက်သမျှ ကောင်းကြပြီ ဆိုသည်နှင့် ကျေးဇူးရှင် ဆရာတော် အရှင်အရိယဓမ္မသိဒ္ဓိကြောင့်ဆိုသည်ကို လုံးဝ မမေ့ပါနှင့်။

ဂုဏ်တော်စက်ဝန်းပုတီးစိပ်ကို စတင် သင်ကြားပေးခဲ့သော ဘဘုန်း (ကေလာသ) ဆရာတော် အရှင်အရိယဓမ္မသိဒ္ဓိကို ရိုသေစွာဖြင့် အာရုံပြု ကန်တော့ခြင်း၊ မေတ္တာပို့သခြင်းပြုပါလေ။

တောင်စွန်းရောက်လျှင် တောင်ကြီးရှာ ကျွန်းကလေးတောင် အရိယဓမ္မစခန်းသို့ သွားရောက်၍ ဆရာတော်ကို ဖူးမြော်ကန်တော့နိုင်ပါသည်ဟု -

ထပ်လောင်း၍ မေတ္တာစကားဆိုရင်း-

### ဂုဏ်တော်စက်ဝန်း

**အ** - အရဟံ
**သ** - သမ္မာသမ္ဗုဒ္ဓေါ
**ဝိ** - ဝိဇ္ဇာစရဏသမ္ပန္နော
**သု** - သုဂတော
**လော** - လောကဝိဒူ
**အ** - အနုတ္တရော ပုရိသ ဒမ္မသာရထိ
**သ** - သတ္ထာဒေဝမနုဿာနံ
**ဗု** - ဗုဒ္ဓေါ
**ဘ** - ဘဂဝါ

ဂုဏ်တော်(၉)ပါးကို အာရုံပြု၍ - အရဟံမှစပြီးရွတ်ပါ။ အရဟံတွင်ပြန်ဆုံးပါမည်။

ဥပမာ - 'အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရော ပုရိသ ဒမ္မသာရထိ၊ သတ္ထာဒေဝမနုဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါ၊ အရဟံ' ဟုဆိုပြီး အရဟံစ အရဟံပိတ်ရပါမည်။ ပြီးရင် သမ္မာသမ္ဗုဒ္ဓေါစ သမ္မာသမ္ဗုဒ္ဓေါ ပြန်ပိတ်ရပါမည်။ နောက်ဆုံး ဘဂဝါစ ဘဂဝါမှာ ပြန်ပိတ်ရမည် ဖြစ်ပါသည်။

အာရုံတစ်ချက်လွင့်လျှင်လွဲသွားနိုင်ပါသည်။

ပုတီးစိပ်လျှင် အတော့်ကို အာရုံစူးစိုက်ရ၏။

အရဟံမှ အရဟံထိ ရွတ်ဆိုပြီးမှ ပုတီးတစ်လုံးချစိပ်ပါ။ (၁၀၈) လုံးပြည့်လျှင် ဘဂဝါမှ ဘဂဝါအထိ ပြီးသွားပါလိမ့်မည်။ မပြီးလျှင် ကြားမှ ဟိုတွေးဒီတွေး အာရုံပျံ့လွင့်သွား၍ ဖြစ်ပါသည်။

လက်တွေ့ဖြစ်နိုင်သည်များကိုပေးလေ့ရှိသော -

သူရဇ္ဇ၏ထုံးစံအတိုင်း -

ဂုဏ်တော်စက်ဝန်းတန်ခိုးတော်ကြောင့် -

ကျန်းမာခြင်းများစွာပြည့်စုံကြပါစေ။

ရောဂါဝေဒနာများ ခံစားနေရပါကလည်း ထိုရောဂါဝေဒနာတို့သည် ဂုဏ်တော်စက်ဝန်းတန်ခိုးတော်ကြောင့် ဆေးတွေ့သွားပြီး သက်သာ ပျောက်ကင်း ချမ်းသာခြင်းသို့ရောက်ကြပါစေ။

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

# မင်းရှိန်အောင်

## တောင့်ကြည့်စူးစမ်းလေ့လာဖို့ကောင်းသောနိမိတ်များ

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလတွင် ပြည်မြန်မာတစ်နံတစ်လျားဝယ် ထူးခြားသောဖြစ်စဉ်များ တသီတတန်းကြီးဖြစ်ပေါ်ခဲ့သည်။ကမ္ဘာ့နိုင်ငံရေးခေါင်းဆောင်တချို့လာရောက်အကြံပေးဟောပြောမှုများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ လာရောက် အားပေးကူညီမှုများ၊ တိုင်းပြည်ဖွဲ့စည်းပုံဥပဒေပြင်ဆင်ရေးအတွက် ဆွေးနွေးမှုများ၊ အလုပ်သမား, လယ်သမားတို့၏ ဆန္ဒထုတ်ဖော်မှုများ၊ တိုင်းရင်းသားလက်နက်ကိုင် ပဋိပက္ခဖြေရှင်းရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေးအတွက် ဆွေးနွေးညှိနှိုင်းမှုများ၊ ဘာသာရေးလူမျိုးရေးအသွင်ဆောင် ပဋိပက္ခ၏ နောက်ဆက်တွဲပြဿနာများ၊ ဘာသာရေးအခြေပြု နိုင်ငံတကာအဖွဲ့အစည်းတစ်ခုအား ကန့်ကွက်ဆန္ဒပြမှုများ စသည်စသည်တို့ အလျှိုလျှိုပေါ်ပေါက်နေခဲ့သည် ဖြစ်၏။

ထို့ထက် ပိုမို အလေးဂရုပြုစရာကောင်းသော၊ သမားရိုးကျမဟုတ်သောဖြစ်စဉ်များသည်လည်း ဤသို့ဖြစ်ပေါ်ခဲ့ပါသေးသည်။

ယင်းတို့မှာ ဤသို့ဖြစ်သည်။

၁။ ၂-၁၁-၂၀၁၃ နေ့၊ နံနက် (၇း၀၅) နာရီအချိန်ခန့်က ရန်ကုန်မင်းဓမ္မကုန်း ကျောက်တော်ကြီးဘုရားပရိဝုဏ်၌ ရာဇဂဟာသီရိပစ္စယာအမည်ရှိသော ဆင်ဖြူတော် (အထီး) သည် သူ့ဆင်ဦးစီးကို ထိုးနင်းသတ်ဖြတ်ခဲ့သည်။

၂။ ၇-၁၁-၂၀၁၃နေ့ မိတ္ထီလာမြို့ အ-ထ-က(၁)ကျောင်း ဓမ္မာရုံရှိ ဗုဒ္ဓဆင်းတုတော်တွင် ဆံတော်များပေါက်သည်ဟု သတင်းထွက်ပေါ်လာသည်။


၃။ ၁၀-၁၁-၂၀၁၃ နေ့ နံနက် (၄း၄၅) နာရီတွင် မန္တလေးမဟာမုနိဘုရားရုပ်ပွားတော်၏ လက်ဝဲဘက်မျက်လုံးတော်သည် သုံးကြိမ်တိုင်ပွင့်ခဲ့သည်ဟု ဆို၏။ လွန်ခဲ့သော (၁၅) ရက်ခန့်ကလည်း ထိုသို့ဖြစ်ခဲ့သည်ဟုဆို၏။

၄။ ၁၄-၁၁-၂၀၁၃ နေ့ နေပြည်တော် ပြည်သူ့လွှတ်တော် အဆောက်အအုံ၌ ပြည်သူ့လွှတ်တော် ကျင်းပနေစဉ် ပန်းဘဲတန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်းသည် ရုတ်တရက် လဲကျကွယ်လွန်ခဲ့သည်။

၅။ ၁၅-၁၁-၂၀၁၃ နေ့ တောင်ကြီးမီးပုံးပျံပွဲတော်တွင် စိန်နားပန်အမျိုးအစား ငြိမ်းချမ်းရေးချိုင့်ကက်မီးပုံးပျံသည် မိုးပေါ်တင်လွှတ်၍မရဘဲပျက်စီးခဲ့သည်။

၆။ ၁၇-၁၁-၂၀၁၃ နေ့ ပြင်ဦးလွင်မီးပုံးပျံပွဲတော်မှာ မြန်မာပြည်သားတော်တချို့တို့သည် ဖောင်းကြွသည်က ဖောင်းကြွ၊ သွေးယိုစိမ့်သည်က ယိုစိမ့်ဖြစ်နေခဲ့သည်။ ဤထူးခြားသောဖြစ်စဉ်သည် အဘယ်သို့သော အတိတ်နိမိတ်ကို ဆောင်ပေးခဲ့ပါသနည်း။

၁၉၉၀ ပြည့် ရွေးကောက်ပွဲအနိုင်ရပါတီကို အာဏာလွှဲမပေးဘဲ အင်အားသုံး နှိပ်ကွပ်ရှင်းလင်းခဲ့သည်။ ရှစ်လေးလုံးအရေးတော်ပုံ၏ တက်ကြွလှုပ်ရှားသူ



မီးပုံးပျံသည် အပေါ်သို့မတက်နိုင်ဘဲ မြေခခဲ့သည်။

၇။ ၁၇-၁၁-၂၀၁၃ နေ့၊ နံနက် (၁း၄၅) နာရီတွင် လကို Aldebaram အမည်ရှိသော ကြယ် (နက္ခတ်) သည် ဖောက်ထွင်းခဲ့သည်။

ဆိုချင်သည်က အထက်ဖော်ပြပါ ဖြစ်စဉ်တို့သည် အတိတ်နိမိတ်တစ်ခုခုကို ဆောင်နေကြသလား။ အကယ်၍ ယင်းတို့သည် အတိတ်နိမိတ်တစ်ခုခုဖြစ်နေခဲ့လျှင် မည်သို့သော အရေးအရာများကို ဖော်ညွှန်းနေပါသနည်း။ အဘူတပုဗ္ဗ၊ အဒိဋ္ဌပုဗ္ဗ ရှေးတုန်းက တစ်ကြိမ်တစ်ခါမှ မကြားဘူး၊ မတွေ့ဘူး၊ မမြင်ဘူးခဲ့သည်ကို ယခုမှ ဒိဋ္ဌလက်တွေ့ မြင်ရ၊ ကြားရ၊ တွေ့ရပါလျှင် အတိတ်နိမိတ်ဟု ဆို၍ရကောင်းနိုင်မည်ထင်သည်။

ဥဒါဟရုဏ်ဆိုရသော် ၁၉၉၀ ပြည့်နှစ်က ပြည်မြန်မာတစ်ခွင်တစ်ပြင်တွင် ကျောက်သလင်းဖြူဘုရားဆင်းတုများကိုလည်း ကျူပင်ခုတ်ကျူငုတ်မကျ[န် မ]ြေလှန်မီးရှို့ သုတ်သင် ရှင်းလင်းခဲ့ကြသည် စသောစသော အနိဋ္ဌာရုံဖြစ်အင်[...]များက မျက်မြင်သက်သေသာဓကများ[...]ပင် ဖြစ်သည်။

ဤနေရာမှာ ဆက်စပ် ပြောပြချင်စရာလေးတစ်ခုကတော့ ရှစ်လေးလုံးအရေးတော်ပုံမပေါ်ပေါက်မီ သီသီလေး[...]မှာ ပြည်သူ့လွှတ်တော်အဆောက်အအုံ (ယခု ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်အဆောက်အအုံ) မှာ လင်းတငှက်နား[...]သည်ဟု အဆိုရှိခြင်းကိုပင် ဖြစ်သည်[...]အများအားဖြင့် လင်းတငှက်ကို စစ်ပွဲ[...]သင်္ကေတ၊ လက်နက်ကိုင်ပဋိပက္ခ[...]သရုပ်အဖြစ် ဖော်ပြခဲ့ကြသည်။ သိ[...]သည့်အတိုင်း ထိုရှစ်လေးလုံးအရေးတော်ပုံကြီးသည် လက်နက်ကိုင်အ[...]ဖက် နှိမ်နင်းခြင်းခံခဲ့ရသဖြင့် သွေး[...]သံယိုနိဂုံးချုပ်ခဲ့ရသည် ဖြစ်၏။

ဤသည်နှင့် ဆက်နွှယ်[...]



www.burmeseclassic.com

www.burmeseclassic.com


ကောင်းသည်ကတော့ ၂၃-၁၂-၂၀၁၂ နေ့က ရန်ကုန် ရွှေတိဂုံစေတီတော်တွင် လင်းတငှက် (၆) ကောင် လာရောက်နားကြခြင်းကိုပင် ဖြစ်၏။ မြင့်မြတ်သောသာသနိကအဆောက်အအုံကျွဌာရုံတွင် အနိဋ္ဌာရုံ လင်းတငှက် လာရောက်နားခြင်းသည် အင်အားကြီးသော အမိမှတ်နိမိတ်ပင်ဖြစ်သည်။ ဤအမိမှတ်နိမိတ်သည် အဘယ်ကိုဆောင်ခဲ့သနည်း။

၂၀၁၃ ခုနှစ်တစ်လျှောက်လုံး၌ ပြည်မြန်မာ၏ မြောက်ပိုင်းဒေသ၊ အရှေ့ပိုင်းဒေသများတို့တွင် လက်နက်ကိုင်ပဋိပက္ခများ အဆုံးမသတ်နိုင်သေးမှု၊ ငြိမ်းချမ်းရေးတည်ဆောက်မှု မပြီးစီးနိုင်သေးမှု၊ ဘာသာရေးအသွင်ဆောင် လူမျိုးရေးအသွင်းဆောင်ပဋိပက္ခနိဂုံးချုပ်၍မရနိုင်သေးမှု၊ ထိုပဋိပက္ခများကြောင့် ဒုက္ခသည်များ မလျှော့ကျနိုင်သေးမှု၊ အလုပ်သမားလယ်သမားတို့ ဆန္ဒထုတ်ဖော်မှု၊ ပဋိပက္ခအသွင်ဆောင်မှု၊ ဥပဒေရေးရာနှင့်ပတ်သက်၍ အငြင်းပွားမှု၊ ပြုပြင်လိုမှု၊ တောင်းဆိုမှု စသည်စသည် ကွင်းချင်းဆက်အဖြစ်အပျက်များ ပေါ်ထွန်းလာခဲ့သည်ကတော့ အမှန်ပင် ဖြစ်၏။ ချင့်ချိန်ဝေဖန် စောကြောစရာပင် ဖြစ်သည်။

သို့ကလိုပင် မန္တလေးမဟာမုနိဘုရား ပရိဝုဏ်မှာ ၁၀-၁၁-၂၀၁၃ နေ့က ထူးခြားသော အမိမှတ်နိမိတ်တစ်ခု ပေါ်ပေါက်ခဲ့သည်။ မဟာမုနိဘုရားရုပ်ပွားတော်၏ လက်ဝဲဘက် မျက်လုံးတော်သည် (၃) ကြိမ်တိုင် ပွင့်တော်မူခဲ့သည်ဟူ၏။ ဤသည်နှင့် ပတ်သက်၍ ငြင်းချက်ထုတ်မှုများရှိနေသည့်တိုင် ဝေဖန်စောကြောစရာများရှိနေပေသည်။

ဟိန္ဒူဂန္ထရီကျမ်းတစ်ခု၏အလိုအရ အရှ်မနာရီနတ်ဘုရားပုံတော်၏ လက်ယာဘက်အခြမ်းသည် မဟေသရ (သိဝ) နတ်ဘုရားကြီးဖြစ်ပြီး လက်ဝဲဘက်ခြမ်းသည် မဟေရွှရီနတ်မိဖုရားကြီးဟု ဆိုထားသည်။ တစ်နည်းဆိုရလျှင် ထိုအရှ်မနာရီနတ်ဘုရားကြီး၏ လက်ယာဘက်အခြမ်းသည် ယောကျ်ားဖြစ်ပြီး လက်ဝဲဘက်အခြမ်းသည် မိန်းမဖြစ်သည်ဟု ဖော်ညွှန်းထားသည်။

ထို့ကြောင့်ပင်လျှင် ထင်သည်။ လက္ခဏာပညာတစ်ခုတွင် ယောကျ်ားဆိုလျှင် လက်ယာဘက်လက်ကို ဦးစားပေးကြည့်ရှုဖတ်ကြားပေးတတ်ပြီး မိန်းမဆိုလျှင် လက်ဝဲဘက်လက်ကို ဦးစားပေးကြည့်ရှုပေးတတ်သည် ဟူ၏။ တစ်ဖန်



အပြည်ပြည်ဆိုင်ရာနိုင်ငံရေးလောကတွင် သဘောထားပျော့ပျောင်းသူကို လက်ယာသမားဟု ခေါ်ဆိုလေ့ရှိပြီး သဘောထားတင်းမာမှုကို လက်ဝဲသမားဟု ခေါ်ဆိုလေ့ရှိသည်။ သို့ဆိုလျှင် မန္တလေးမဟာမုနိဘုရား မျက်လုံးတော်ပွင့်နိမိတ်သည် အမျိုးသမီးများ (ဝါ) သဘောထားတင်းမာသူများသည် တိုင်းပြည်မဏ္ဍိုင်ကြီး (၃) ရပ်၌ အပေါ်စည်းဘက်သို့ရောက်ရှိလိုမည့်သဘောကို ရည်ညွှန်းနေသလား။

ဤနေရာမှာ မန္တလေးမဟာမုနိဘုရားနှင့် နှီးနွှယ်နေသောအရာတစ်ခုတင်ပြချင်ပါသေးသည်။ နိုင်ငံသမိုင်းအလှည့်အပြောင်းအတွက် တွန်းအားတစ်ခုဖြစ်စေခဲ့သော တစ်တိုင်းပြည်လုံး အုန်းအုန်းကျွက်ကျွက်ဖြစ်စေခဲ့သော ၂၀၀၇ ခုနှစ် ရွှေဝါရောင်တော်လှန်ရေး မပေါ်ပေါက်မီ လပိုင်းအလိုလောက်က မန္တလေးမဟာမုနိဘုရားရင်ပြင်တစ်နေရာတွင် ဘုရားဖူးလာသော ကိုယ်ဝန်အရင့်အမာနှင့် အမျိုးသမီးတစ်ဦး ကလေးတစ်ဦး မွေးဖွားသန့်စင်ခဲ့သည် ဆို၏။

မြန်မာနှစ် ၁၁၄၆ ခုနှစ်က ရခိုင်မြောက်ဦး ရွှေပြည်ရွှေနန်းရှင် မဟာသမ္မတရာဇာမင်းလက်ထက်တွင် မိုးကြီးရွာသဖြင့် ကစ္ဆပနဒီခေါ် ကုလားတန်မြစ် ရေကြီးရေလျှံခဲ့ရာ အနီးပတ်ဝန်းကျင်မှ ကျေးရွာသူကျေးရွာသားတို့သည် မဟာမုနိဘုရားဆင်းတု သီတင်းသုံးရာ မဟာမုနိဘုရားကုန်းတော်ပေါ်တွင် ရေဘေးဒုက္ခသည်အဖြစ် တက်ရောက် ခိုလှုံနေရသည်ဟူ၏။ ထိုစဉ် ကိုယ်ဝန်ဆောင် ဒုက္ခသည် အမျိုးသမီး (၃) ဦးတို့သည် ထိုဘုရားကုန်းတော်ပေါ်၌ ပြိုင်တူလိုလိုမီးဖွားခဲ့ကြသည်ဟူ၏။ သိပ်မကြာမီမှာပင် ဤမြောက်ဦးရွှေပြည်ရွှေနန်းကို အမရပူရရွှေပြည်ရွှေနန်းက လာရောက်သိမ်းပိုက်ပြီး မဟာမုနိဘုရားရုပ်ပွားတော်ကိုလည်း မန္တလေးသို့ ပင့်ယူဆောင်ကြဉ်းသွားကြသည် ဟူ၏။

နောက် အလေးဂရုပြုစရာတစ်ခုကား ၇-၈-၂၀၁၃နေ့က ညောင်တုန်းမြို့ကလာသော ကိုယ်ဝန်ဆောင် မသန္တာမင်းသည် ရန်ကုန်ကိုရောက်တုန်းရောက်ခိုက် ဆူးလေစေတီတော်ကိုတက်ရောက်ဖူးမြော်စဉ် သောကြာသမီးလေးကိုဖွားမြင်ခဲ့သည့်အတွက် စောင့်ကြည့်စူးစမ်းလေ့လာစရာကောင်းသောအရာတစ်ခုဖြစ်သွားသည်ဆိုခြင်းပင် ဖြစ်သည်။

ဤနေရာမှာ ကြားဖြတ်ပြောချင်တာလေးတစ်ခုကတော့ ယခုလတ်တလော ပူပူနွေးနွေး ပေါ်ပြူလာဖြစ်နေသော ဇီးကွက်ရုပ်များနှင့် ပတ်သက်၍ ဖြစ်သည်။ ပြည်မြန်မာအဖို့ (၄၄) နှစ်ကျော်မှ ကျင်းပခွင့်ရသော (၂၇) ကြိမ်မြောက် ဆီးဂိမ်း (အရှေ့တောင်အာရှ) အားကစားပွဲ၏ LOGO သရုပ်ပုံအဖြစ် ရွေးချယ်ခံရသော အဆိုပါ ဇီးကွက်ရုပ်ပင် ဖြစ်သည်။ တစ်နည်းအားဖြင့် တိုင်းသင်္ကေတရုပ်၊ ပြည်သင်္ကေတရုပ်ပင် ဖြစ်သည်။

ရှေးမြန်မာကြီးတို့က ဇီးကွက်ငှက်ကို လာဘ်ခေါ်ငှက်၊ မင်္ဂလာငှက်ဟု သတ်မှတ်ထားသော်လည်း တခြားတဖက်တွင် ငှက်ဆိုးအဖြစ် ညဥ့်ငှက်အဖြစ် မှတ်ယူမှုများလည်းရှိကြပေသေးသည်။ ရိုးရာဒဏ္ဍာရီတစ်ပုဒ်ထဲမှာဆိုလျှင် ကမ္ဘာဦးကာလက မုဆိုးတစ်ဦး၏ လေးခွဖြင့်ပစ်ခတ်မှုကြောင့် ဇီးကွက်ငှက်တစ်ကောင်၏စအိုတွင် ရွံ့လောက်စာလုံး တစ်ဆို့နေခဲ့သည်။ ထိုသို့ တစ်ဆို့နေမှုကြောင့် နေမထိထိုင်မသာခံစားရသည်ကို ရိုးသားလှသော ဇီးကွက်ငှက်က သူသည် ပြင်းထန်စွာ ဝေဒနာခံစားရသည်ဟုထင်ပြီး ဆေးကုသမှု ခံယူရန် ဆေးသမားရှာဖွေရန်ထွက်လေသည်။ လမ်းခုလတ်တွင် ထိုဇီးကွက်ငှက်က လူလည်ကျတတ်သော ကျီးငှက်တစ်ကောင်ကို တွေ့ဆုံပြီး သူခံစားနေရသော ဝေဒနာပြောပြကာ ဆေးသမားကူညီရှာဖွေပေးရန် ပြောဆိုလေသော် ကျီးငှက်က သူသည် ဆေးသမားတော်ဖြစ်သဖြင့် ဇီးကွက်ငှက်အား ကောင်းသွားအောင်



www.burmeseclassic.com

www.burmeseclassic.com

ဆေးကုသပေးမည်။ ဆေးကုသစရိတ်တောင်းသလောက်ပေးရမည်ဆိုလေသော် ရိုးသားလှသော ဇီးကွက်ငှက်ပေးမည်ဟု ကတိကဝတ်ပြုလေသည်။ ထိုအခါ ကျီးငှက်သည် ဇီးကွက်ငှက်အား ကိုယ်တစ်ဝက်ကို ရေထဲ၌နှစ်စိမ်စေရာ စံအိုဝ၌ တစ်ဆို့နေသော ရွှံ့လောက်စာလုံးသည် အရည်ပျော်သွားသဖြင့် ဇီးကွက်ငှက်၏ ခံစားနေရသောဝေဒနာမှာ ပျောက်ကင်းသွားခဲ့ရသည်။

ကျီးငှက်၏ တောင်းခံသော ဆေးကုသစရိတ် များပြားလှသဖြင့် ဇီးကွက်ငှက်အဖို့ သူ့မှာရှိသည်နှင့်မနိုင်သဖြင့် တခြားငှက်များထံမှ သွားရောက် ချေးငှားရာ တခြားငှက်များက ဖြစ်ကြောင်းရေကုန်စင်ကို မေးမြန်းသဖြင့် ဇီးကွက်ငှက်က ပြန်လည်ပြောပြရာ ကျီးငှက်၏ လူလည်ကျမှုကိုသိရှိသွားပြီး ကျီးငှက်အား ဆေးကုသခမပေးရန် ဝိုင်းဝန်းအကြံပေးကြလေသည်။ ထိုအခါ ဇီးကွက်ငှက်က ကျီးငှက်အား ဆေးကုသခပေးရန် ငြင်းဆန်လေသော် ကျီးငှက်က ဇီးကွက်ငှက်အား ထိုးဆိတ်တိုက်ခိုက်လေသည်။ ထိုတိုက်ခိုက်မှုသည် တစ်ကြိမ်တစ်ခါတည်းနှင့် မပြီးစီးနိုင်ဘဲ တွေ့တိုင်းမြင်တိုင်း အငြိုးတကြီး တိုက်ခိုက်လေသည်။ နောင်တွင် တခြားကျီးငှက်များပါ ပါဝင်လာပြီး ဇီးကွက်ငှက်ဟူသမျှကို တိုက်ခိုက်လေသည်။ ဤသို့ဖြင့် ဇီးကွက်ငှက်တို့သည် ညဥ့်ငှက်အဖြစ်သို့ ရောက်ရှိခဲ့ရလေသည်။

မှတ်သားစရာတစ်ခုက ရှေးဟောင်းကျမ်းဂန်တချို့တွင် ကျီးငှက်အား ခိုးဝှက်လုယက်တတ်သောငှက်၊ ဉာဏ်နီဉာဏ်နက်များသောငှက်၊ မျိုးရိုးတူကျီးငှက်အချင်းချင်း ပူးပေါင်းဆောင်ရွက်သောငှက် စသဖြင့် ဖော်ညွှန်းမှုများရှိသည်။ ဤသည်တို့ကို ခြုံငုံ၍ လိုရင်းကိုဆိုရလျှင် ဘာသာရေးအသွင်ဆောင်၊ လူမျိုးရေးအသွင်ဆောင် ပဋိပက္ခများသည် ပြေငြိမ်းနေသယောင်ယောင်နှင့် သခွတ်ပင်က မီးတကျည်ကျည်ရှိနေနိုင်ဖွယ်ရှိသည်ဟု ယူဆချင်စရာကောင်းလှပေသည်။

ဤနေရာမှာ အစကိုပြန်ကောက်၍ စိစစ်စောကြောကြည့်ပါလျှင် ဆင်ဖြူတော်ထိုးနင်းသတ်၍ ဆင်ဦးစီး ဦးသိန်းစိန်သေဆုံးရမှု၊ ပြည်သူ့လွှတ်တော်ကျင်းပနေစဉ် လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်း ရုတ်တရက် ကွယ်လွန်ရမှုကို ဓာတ်တူနာမ်တူသဘောအရ နိုင်ငံတော် ထိပ်သီးပုဂ္ဂိုလ်၊ ထိပ်ပိုင်းပုဂ္ဂိုလ်များအတွက် ကိန်းကျေသွားသည်၊ ကျိန်းချေပြီးဖြစ်သွားသည်ဟု တချို့ပညာရှင်တို့က ဆုံးဖြတ်ကြသော်လည်း တစ်ဖက်၌ ဝေဖန်ဆန်းစစ်စရာများစွာရှိနေပေသေးသည်။

ရှေးခေတ်တုန်းက ဆင်ဖြူတော်ကို တော်ဝင်ရတနာ ကုဋ္ဌာရုံရတနာအဖြစ် သတ်မှတ်ထားခဲ့သော်လည်း ယခု ရာဇဂဟာသီရိပစ္စယာ ဆင်ဖြူတော်သည် အစွယ်နှစ်ဖက် အဖြတ်ခံထားရသဖြင့် အင်္ဂါမပြည့်စုံသောသဘော၊ အနိဋ္ဌာရုံသဘောသက်ရောက်နေသည်။ ထို့ပြင် ဆင်ဦးစီး ဦးသိန်းစိန်သည် သမ္မတကြီး ဦးသိန်းစိန်နှင့် နာမည်တူနေခြင်း၊ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်းသည် လွှတ်လပ်ရေးဗိသုကာကြီး၊ တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနာမည်နှင့် တူနေခြင်းကိုလည်း မေ့လျော့ထား၍ ရနိုင်မည်မထင်။

နောက်အရေးကြီးသောအချက်တစ်ခုက ၁၇-၁၁-၂၀၁၃ နေ့ နံနက် (၁း၄၅) နာရီက တန်ဆောင်မုန်းလပြည့်ည လပြည့်ဝန်းကို Aldebaram ကြယ် (နက္ခတ်)က ဖောက်ထွင်းသွားမှုပင် ဖြစ်၏။ ရှေးအာရပ်နက္ခတ်ပညာရှင်တို့က ဤနက္ခတ်ကို နောက်လိုက်လက်အော... ခံတို့ကို ကိုယ်စားပြုသည်ဟု ဖွင့်ဆိုထ... ခဲ့ကြသည်။ တချို့ ပညာရှင်တို့က ဤ... လကို ကြယ်ဖောက်သွားခြင်းကြော... အိန္ဒိယ၊ မြန်မာ၊ လာအို၊ ထိုင်းနိုင်ငံ... တွင် အာခံမှုများကာပြန်များ၊ အရေးခ... မှုများ၊ အတိုက်အခံပြုမှု ဖြစ်ပေါ်တ... သည်ဟု ဆိုထားသည်။

အားလုံးကို ခြုံငုံ၍ ကောက်ချ... ဆွဲယူရလျှင် အုပ်ချုပ်ရေးဆိုင်ရာ၊ ဥပ... ပြုရေးဆိုင်ရာ၊ စစ်ရေးဆိုင်ရာမှ (... မဏ္ဍိုင်ကြီး (၃)ရပ်မှ ထိပ်သီးပုဂ္ဂိုလ်မျ... ထိပ်ပိုင်းပုဂ္ဂိုလ်၊ ထင်ရှားသောပုဂ္ဂိုလ်မျ... သည် ဖြေရှင်းရမလွယ်သော တုံ့ပြန်... များ၊ အရေးဆိုတောင်းခံမှုများ၊ ထိုးနှ... တိုက်ခိုက်မှုများနှင့် ကြုံဆုံရတတ်မည်... ချိန်ခွင်လျှာမတည့်ငြိမ်မှု၊ အားပြိုင်လွ... ဆွဲမှုများလည်း ရှိနိုင်သည်။ ငြိမ်းနော... ငြိမ်ချမ်းရေးတည်ဆောက်မှုများ၊ ချ... ကြည်ရေးဖော်ဆောင်မှုများ၊ ပဋိပက္ခပြေ... ရှင်းမှုများသည်လည်း လိုရာမရောက်... ဂျာအေးသုံ့အမေရိုက်ကပျာလို တ... လည်လည်ဖြစ်နေလိမ့်မည်။ ပသို့... ဆိုစေ အဆိုပါ အတိတ်နိမိတ်တို့ဆည်... စောင့်ကြည့် စူးစမ်းလေ့လာစရာအလွ... ကောင်းနေသည်ကတော့ အမှန်ပင်...

မင်းရွှေနီအောင်...

# ဇရက်ပင်အသီးများ၍ ငါးနှစ်အထိ ရှင်သန်စေနည်း

ကျွန်တော့်နေအိမ်ရှေ့မှာ ဇရက်ပင်သုံးပင်ကို လေးထောင့်သံပုံးသုံးပုံးနဲ့ စိုက်ပျိုးထားပါတယ်။ စိမ်းစိမ်းစိုစို လတ်လတ်ဆတ်ဆတ် ချက်ချင်း ခူးယူ ချက်ပြုတ်စားသုံးလို့ရပါတယ်။ ဇနီးနဲ့ သားတစ်ယောက်က ဇရက်သီးစိမ်းချက်၊ ဇရက်သီးငါးပိထောင်း အလွန်ကြိုက်တာကိုး။ ထားပါ။

တစ်နှစ်တစ်ခါ ဇရက်ပင်အသစ်များ စိုက်ပေးရပါတယ်။ တစ်နေ့မှာ စာရေးဆရာ နတ်မောက်-ကောင်းမွန်မြင့် ကျွန်တော့်အိမ်ရောက်လာပြီး ဇရက်ပင်... အသီးများများသီးပြီး အနည်းဆုံး လေး... နှစ်မှ ငါးနှစ်ထိ နှစ်ရှည်ရှင်သန်အောင် စိုက်ပျိုးနည်းပြောပြလို့ သူပြောတဲ့နည်း... အတိုင်း စိုက်ပျိုးခဲ့တာ အထူးအောင်မြင်... ဖြစ်ထွန်းခဲ့လို့ တင်ပြအပ်ပါတယ်။

- ချောင်း၊ မြစ်ထဲမှ သဲမှုန့်နှစ်ပြည်၊
- မန်ကျည်းရွက်မြေဆွေးတစ်ပြည်၊
- ဆိတ်ချေးမှုန့် နို့ဆီတစ်ဘူး၊
- နွားချေးမှုန့်နို့ဆီလေးဘူး၊
- ရိုးရိုးမြေသားတစ်ပြည် တို့ကို -

အားလုံးသမအောင် ရောမွှေပြီး စိုက်ပျိုးမည့်သံပုံးထဲထည့်။ ရေလောင်းပြီး ခုနစ်ရက်လောက်နှပ်ထားပါ။ စိုက်... တဲ့နေ့မှာ ညနေပိုင်း ငါးနာရီမှာ စိုက်ပါ... နေ့စဉ် ရေအေးပုံမှန်သင့်အောင်လောင်းပေးပါ။ တစ်လမှ သုံးလအတွင်း အသီး... များများသီးပြီး လေး၊ ငါးနှစ်အထိ ရှင်... သန်ဖွံ့ဖြိုးသောဇရက်ပင် ဖြစ်နေပါမည်။

ဆရာနတ်မောက်-ကောင်းမွန်မြင့်... အား အထူးပင် ကျေးဇူးတင်ပါသည်။

အောင်လံထူ (မြန်မာပြည်...)

www.burmeseclassic.com

## တနင်္ဂနွေသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး တနင်္လာနံ့ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာတော်ကို အဓိဋ္ဌာန်ပုတီး စိပ်ပါ။

**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို အရုဏ်ဆွမ်းလောင်းလှူပါ။

**အိမ်ရောင်းလိုသူများ** - အိမ်ကို ဓာတ်မရိုက်ပါနှင့်။ တနင်္လာနာမည်ရှင်နှင့် စပ်ပြီးရောင်းပါ။

**ကားရောင်းလိုသူများ** - ကားကို သောကြာနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'တနင်္လာ' နံ့ ဘွဲ့အမည်ပါရှိသော ဘုရားစေတီတစ်ဆူဆူ၏ တနင်္ဂနွေထောင့်တွင် အဓိဋ္ဌာန်ပုတီးများ မကြာမကြာသွားစိပ်ပါ။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံ့သင့်ပန်းများကို အိုးတစ်လုံးသတ်သတ်ဖြင့် ဘုရားရှင်အား ပူဇော်ထားပြီး နှမ်းတိုင်းလဲပေးပါ။

**လူမှုရေးအတိုက်အခံများသူများ** - ဘုရားစေတီများ၏ ရင်ပြင်တော်၊ တန်ဆောင်းတို့တွင် အမှိုက်များကောက်ခြင်း၊ တံမြက်စည်းလှည်းခြင်းများ ဆောင်ရွက်ပါ။

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့် ဆုံရန်သွားတိုင်း အကျီအနက်ရောင် မဝတ်ပါနှင့်။

**ကျန်းမာရေး** - နွမ်းပါးသော မျက်စိဝေဒနာရှင်များကို ဆေး၊ ငွေကြေး၊ အာဟာရများ ကူညီပါ။

**ထီကံကောင်းလိုသူများ** - ကားနှင့်လှည့်ရောင်းသောထီကားများ အိမ်ရှေ့လာရပ်ပါက (၂) ဂဏန်းများစွာပါသော ထီလက်မှတ်လေးများ ရွေးချယ်ကံစမ်းထားပါ။

## တနင်္လာသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လုံး စနေနံ့ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် မပြတ်ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီး (၃) ပတ် နေ့စဉ်စိပ်ပါ။

**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - ယခုလ ဘုရား (၅) ဆူလှည့်၍ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။

**အိမ်ရောင်းလိုသူများ** - အိမ်ကို ဒန်းညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတီရိုက်ပါ။

**ကားရောင်းလိုသူများ** - ကားကို နံ့သာရည်ဖြင့် စတီပက်ဖျန်းပြီး တောင်အရပ်က အကျိုးဆောင်နှင့်စပ်ပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'ရွှေ' ဘွဲ့အမည်ပါရှိသော ဘုရားစေတီများ၏ တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းနှင့် ဓမ္မစကြာရွတ်ဖတ်ပူဇော်ပါ။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ အိတ်အဟောင်းအပျက်များကို ရှာဖွေရှင်းလင်း စွန့်ထုတ်ပစ်လိုက်ပါ။

**လူမှုရေးအတိုက်အခံများသူများ** - ဘုန်းကြီးကျောင်းများကို ရေဖြည့်ခြင်း၊ ရေဆေးခြင်းများ ပြုလုပ်ပါ။



www.burmeseclassic.com

www.burmeseclassic.com

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အင်္ကျီအနီရောင် မဝတ်ပါနှင့်။
**ကျန်းမာရေး** - ဓာရဏပရိတ်တော်ကို အခိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။
**ထီကံကောင်းလိုသူများ** - လှည်းနှင့်ရောင်းသော ထီလှည်းလေးများတွင် (၄) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

## အင်္ဂါသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ဗုဒ္ဓဟူးနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် မပြတ်ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို တန်းဆွမ်းလောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို အရှေ့အရပ်ကအကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို အနောက်အရပ်ကအကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'တနင်္လာ' နံ ဘွဲ့အမည်ပါရှိသော ဘုရားစေတီများ၏ တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။ မကြာခဏသွားပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - မေတ္တသုတ်ကို နေ့စဉ် ဂြိုဟ်သက်အလိုက် ရွတ်ဖတ်သရဇ္ဈာယ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေ (၁၀၈) ခေါက်ရအောင် နေ့စဉ်ရွတ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို စကားဖြင့်အနိုင်မယူပါနှင့်။ ကိုယ်ကလျှော့ပါ။
**ကျန်းမာရေး** - ထမင်းစားပြီးတိုင်း ဖုဿဂါထာရွတ်ရင်း (၅) မိနစ်ခန့် လမ်းလျှောက်ပါ။
**ထီကံကောင်းလိုသူများ** - ထီကားလေးများ အိမ်ရှေ့လာရပ်ပါက (၂) စောင်တွဲလေးများ နိုင်သလောက် ထိုးထားလိုက်ပါ။

## ဗုဒ္ဓဟူးသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ ဝေဝေဆာဆာ ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို အခိဋ္ဌာန်ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သီလရှင်ဆရာကြီးများကို ဆွမ်းဆန်စိမ်းများစွာလောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ကံ့ကော်ညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာ စတီရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို အရှေ့အရပ်က အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'အင်္ဂါ' နံ ဘွဲ့အမည်ပါရှိသော ဘုရားစေတီများသို့သွား၍ တနင်္ဂနွေထောင့်တွင် ပန်း၊ ဆီမီး၊ ရေချမ်းများ ကပ်လှူပြီး ခမ္မစကြာရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်း နံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံး သတ်သတ် ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။
**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေ (၁၀၈) ခေါက် နေ့စဉ်ရွတ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို တစ်လှည့်စီ အစာကျွေးပါ။
**ကျန်းမာရေး** - ထမင်းစားတိုင်း ဖုဿဂါထာ (၇) ခေါက် ရွတ်မန်းပြီးမှစားပါ။
**ထီကံကောင်းလိုသူများ** - စက်ဘီးနှင့်ရောင်းသော ထီသည်များထံတွင် (၃) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

## ကြာသပတေးသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ (၅) မျိုးဖြင့် ဝေဝေဆာဆာ ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို အခိဋ္ဌာန်ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - ယခုလ ဘုရား (၅) ဆူလှည့်၍ ပဋ္ဌာန်းနှင့် ဓမ္မစကြာ ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ကြာသပတေးနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို အနောက်အရပ်ကအကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'အောင်' ဘွဲ့အမည်ပါရှိသော ဘုရားစေတီများ၏ တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - မေတ္တသုတ်ကို နေ့စဉ် ဂြိုဟ်သက်အလိုက် ရွတ်ဖတ်ပူဇော်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရားစေတီများတွင် အသုံးပြုရန် တံမြက်စည်းများကို တတ်နိုင်သလောက်ဝယ်လှူပါ။



www.burmeseclassic.com

www.burmeseclassic.com

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့် ဇာတ်လမ်းဟောင်းများပြောပြီး မကျီစယ်ပါနှင့်။
**ကျန်းမာရေး** - နွမ်းပါးသူများကို ဆေးဝါး၊ အာဟာရ၊ ငွေကြေး တတ်အားသရွေ့လှူပါ။
**ထီကံကောင်းလိုသူများ** - ခရီးသွားမည့်လူကြုံနှင့်မှာ၍ထိုးပါ။ ဂဏန်းမရွေးပါနှင့်။ ကြုံက်ရာထိုးလာပါ ခစေ။ ထီကံကောင်းပါလိမ့်မည်။

## သောကြာသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး အင်္ဂါနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် မပြတ်ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ချေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို အရုဏ်ဆွမ်းလောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ဇီဇဝါညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားစက်ဖုံးကို လက်နှင့်ထိထားပြီး ဒိဝါတပတိဂါထာမကြာမကြာရွတ်ပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'အင်္ဂါ' နံ ဘွဲ့အမည်ရှိသော ဘုရားစေတီတွင် ပဋ္ဌာန်းနှင့် ဓမ္မစကြာ ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ အသုံးမလိုတော့သည့် အိတ်ခွံအဟောင်းမျိုးစုံကို ရှာဖွေရှင်းလင်းစွန့်ထုတ်ပစ်လိုက်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုန်းတော်ကြီးကျောင်းများတွင် အသုံးပြုရန် သန့်ရှင်းရေးပစ္စည်းများ လှူဒါန်းပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အင်္ကျီအနီ၊ အနက်မဝတ်ပါနှင့်။
**ကျန်းမာရေး** - နေ့စဉ် ဓာရဏပရိတ်တော် ရွတ်ဖတ်ပူဇော်ပါ။
**ထီကံကောင်းလိုသူများ** - အင်္ဂါနံထီဆိုင်များတွင် (၃) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းပါ။

BURMESE CLASSIC .com

## စနေသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ဗုဒ္ဓဟူးနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် မပြတ်ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ချေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - တဟီးတဟီး အစချီသော ဘုရားရှိခိုးဂါထာကို အဓိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ရွက်လှလက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို တနင်္ဂနွေနာမည်ရှင်အကျိုးဆောင်နှင့် စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'ရွှေ' ဘွဲ့အမည်ရှိသော ဘုရားစေတီများ၏ တနင်္ဂနွေထောင့်တွင် အဓိဋ္ဌာန်ပုတီးများ မကြာခဏစိပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အသုံးမလိုတော့သည့် ဘူးခွံ၊ ပုလင်းခွံအဟောင်းများကို ရှာဖွေရှင်းလင်းစွန့်ထုတ်ပစ်လိုက်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရားစေတီများသို့ရောက်တိုင်း ပန်းခြောက်များစွန့်ပေးခြင်း၊ အမှိုက်ကောက်ခြင်း၊ တံမြက်စည်းလှည်းခြင်း စသော သန့်ရှင်းရေးများ ပြုလုပ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို တစ်လှည့်စီ အစာကျွေးပါ။
**ကျန်းမာရေး** - ခန္ဓာကိုယ်အောက်ပိုင်းမကောင်းသော နွမ်းပါးသူများကို ဆေးဝါး၊ ဓာတ်စာလှူပါ။
**ထီကံကောင်းလိုသူများ** - ဗုဒ္ဓဟူးနံထီဆိုင်တွင် (၄) ဂဏန်းနှင့်စသော ထီလက်မှတ်လေးများနှင့် ကံစပ်နေပါသည်။

> ယခုလတွင် -
> အင်္ဂါစ- တနင်္လာပိတ်မှည့်ထားသော နာမည်ရှင်များအနေနှင့် အခြားသူများထက် ပိုမိုရွတ်ဖတ်သရဇ္ဈာယ်ကျင့်ကြံခြင်းဖြင့် အောင်မြင်မှုများစွာကို ရယူပါ။
> ဥပမာ - စံအိ၊ ညိုအုန်း၊ ဇင်အုံ။

*မိမိကောင်းမှု အကြောင်းပြု*
*ဆုမတောင်းဘဲပြည့်ပါစေ*

ပြည်သိန်းကျော်



www.burmeseclassic.com

www.burmeseclassic.com



# ခုနစ်ရက်သားသမီး ၄ ဟောတတ်စမ်း

ဆရာဦးမောင်မောင်သန်း

**တနင်္ဂနွေသားသမီးများ**

ငွေဝင်လာမည်။ အကုန်အကျများတတ်သောကြောင့် မလိုအပ်ဘဲ ငွေကုန်ကျမှုမျိုးမဖြစ်စေရန် နေ့စဉ် ဒိဝါတပတိ ဂါထာကို ပုတီးတစ်ပတ်စိပ်ပါ။ အောင်မြင်လိုသောကိစ္စများအတွက် တနင်္လာနာမည်ရှင်များနှင့် တိုင်ပင်ပါ။ အကူအညီ အကြံဉာဏ်များ ရယူပါ။ ဘုရားရှင်၏ဂုဏ်တော်များကို အဓိဋ္ဌာန်ပုတီးများစိပ်ပါ။ ရာထူးတိုးလျှောက်ထားသူများ၊ အလုပ် လျှောက်ထားသူများ ဂုဏ်တော်ကွန်ချာကို အဓိဋ္ဌာန်ပုတီးများစိပ်ပါ။ ဘုရားရှင်အား တနင်္လာနံ အာဟာရ ပန်း၊ သစ်သီးများ ကပ်လှူပူဇော်ပါ။ ကျန်းမာရေးကောင်းနေစေရန်အတွက် ပန်ကာလေများစွာမခံပါနှင့်။ အချိန်မှဲ့ရေချိုးခြင်း ဆင်ခြင်လိုက်ပါ။ အစာကိုရင်ပြည့်အောင်မစားပါနှင့်။ စိတ်ကျန်းမာရေးမကောင်းသူများကို ကြုံလျှင်ကြုံသလို တွေ့တဲ့နေရာမှာ ငွေကြေး၊ အစား အသောက်များ တတ်အားသရွေ့ ကူညီပံ့ပိုးပေးပါ။ အိပ်ရေးပျက်မခံပါနှင့်။ (၃) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ ပြဿနာ အရှုပ်အရှင်းရှိသော စက်ပစ္စည်းများ၊ သစ်များမဝင်ပါစေနှင့်။ အိမ်အပြောင်းအရွှေ့ အလုပ်အပြောင်းအရွှေ့ကိစ္စများ မမျှော်လင့် ဘဲကြုံရတတ်ပါသည်။ ချစ်သူမရှိသေးသူများ စန်းပွင့်နေတတ်ပြီး ချစ်သူစုံတွဲများ စိတ်ချမ်းသာပျော်ရွှင်မှုများရရှိမည်။ အတိုက် အခံ၊ ရန်များတတ်သောကာလဖြစ်၍ အဓိကရန်မဖြစ်ဖို့ဆင်ခြင်ရပါမည်။ လောင်းကစားကိစ္စများ ဝေးဝေးရှောင်ပါ။ ထီထိုး ရန်အတွက် ကားနှင့်ရောင်းသော ထီကားများနှင့်ကြုံပါက (၂) ဂဏန်းများစွာပါသော ထီလက်မှတ်လေးများ ရွေးချယ်ကံစမ်း ထားလိုက်ပါ။

*ယတြာ ။ ။ ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်နှင့်ဓမ္မစကြာကို နေ့စဉ်မပြတ် ရွတ်ဖတ်ပူဇော်ပါ။*

BURMESE CLASSIC .com





www.burmeseclassic.com

www.burmeseclassic.com

**တနင်္လာသားသမီးများ**

လက်ဝတ်ရတနာဝင်မည်။ စက်ပစ္စည်းအကျိုးပေးမည်။ ထီကံကောင်းသောကာလ ဖြစ်သည်။ အောင်မြင်လိုသော မည်သည့်ကိစ္စမဆို ဗုဒ္ဓဟူးနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ခြင်း၊ အကြံဉာဏ်များ ရယူခြင်းပြုပါ။ (၁) ဂဏန်းရှောင်ပြီးအလုပ်လုပ်ပါ။ ကားကို အရှိန်ပြင်းပြင်းနှင့် မောင်းနှင်ခြင်း လုံးဝရှောင်ရပါမည်။ ဘုရားရှင်အား ဗုဒ္ဓဟူးနံအာဟာရများ၊ ပန်းများ၊ သစ်သီးများဖြင့် ပူဇော်ထားပါ။ အိမ်ထောင်ရေး၊ အိမ်တွင်းရေးများသာယာမည်။ ကျန်းမာရေးကောင်းနေစေရန် ဓာရဏပရိတ်တော်ကို ရွတ်ဖတ်ပူဇော်ပါ။ အာရုံကြောမကောင်းသူများနှင့် စိတ်ကျမ်းမာရေးညံ့နေသူများကို ကြုံလျှင်ကြုံသလို ဆေးဝါး၊ အာဟာရများ ကူညီပံ့ပိုးပါ။ ပိုက်ဆံအိတ်အနီရောင်မကိုင်ပါနှင့်။ ငယ်ရွယ်သူများ မျက်နှာပွင့်လန်းနေမည်။ သို့သော် ချစ်သူနှင့်ဆုံရန်သွားတိုင်း အင်္ကျီအနီရောင်မဝတ်မိအောင် ရှောင်ပါ။ ချစ်ရေးချစ်ရာကိစ္စများ အဆင်ပြေစေရန် ဘုရားတစ်ဆူဆူတွင် ကြို့လ်ရုစ်ခွင်လုံးလှည့်၍ ရေသပ္ပာယ်ပါ။ လာဘ်လာဘများပွင့်လာစေရန် ဒိဝါတပတိဂါထာကို အမိဋ္ဌာန်နှင့်ရွတ်ပါ။ ဘုရားရှင်အား နံနက်တစ်ကြိမ်၊ ညတစ်ကြိမ်သောက်တော်ရေကပ်လှူပါ။ ထီထိုးရန်အတွက် အကျိုးပေးသောဂဏန်းများမှာ (၂၊ ၄၊ ၈၊ ၇) ဂဏန်းများ ဖြစ်ပါသည်။ အတိတ်ကံကြောင့် မမျှော်လင့်ဘဲ ထီပေါက်တတ်ပါသည်။ စနေနံထီဆိုင်တွင် ထီထိုးပါ။ မွေးနေ့တွင် ကောင်းမှုကုသိုလ်တစ်ခုခုပြုပြီး မေတ္တာဘာဝနာများ ပွားများနေထိုင်ပါ။ ဆန္ဒများပြည့်ဝလာပြီးလာဘ် လာဘများပွင့်လာပါလိမ့်မည်။

**ယတြာ ။ ။** ***ဦးခေါင်းကျန်းမာရေးမကောင်းသူများကို ဆေးလှူပါ။ ငွေလှူပါ။***

**အင်္ဂါသားသမီးများ**

မကြာခဏငွေဝင်ပါလိမ့်မည်။ လုပ်ငန်းတွေလုပ်နေရင်း၊ ပညာရေးအတွက်ကြိုးစားနေရင်း အောင်မြင်လိုသောမည်သည့်ကိစ္စမဆို တနင်္လာနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါက အကောင်းဆုံး အောင်မြင်သွားပါလိမ့်မည်။ (၆) ဂဏန်းရှောင်ပြီးအလုပ်လုပ်ပါ။ ပြဿနာဟောင်းရှိသော သောကြာနံသင့်လုပ်ငန်းများ၊ အထူးသဖြင့် သစ်စက်၊ သစ်လုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်းများ ပြန်မဝယ်ပါနှင့်။ စကားပြောမှားတတ်၍ စကားတစ်ခွန်းကို အပ်ကြောင်းထပ်အောင်မပြောပါနှင့်။ ကိုယ်မကျွမ်းကျင်သောလုပ်ငန်းတွင် စပ်တူရှယ်ယာဝင်ခြင်း၊ သူတစ်ပါးကိစ္စကို ကြားကအာမခံခြင်းများ ရှောင်လိုက်ပါ။ ဘုရားရှင်အား တနင်္လာနံ ပန်း၊ သစ်သီး၊ အာဟာရများဖြင့် ပူဇော်ပေးပါ။ သောက်တော်ရေကို နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် ပူဇော်ပါ။ မိဘမဲ့ကလေးတွေကိုလည်း တတ်နိုင်သမျှ လှူပေးပါ။ အညံ့များရှိကလျော့နည်းသွားပါလိမ့်မည်။ အောင်မြင်မှုများလည်းရရှိလာပါလိမ့်မည်။ ကျန်းမာရေးကောင်းပါမည်။ ပညာရေးကံများလည်း ကောင်းပြီးရင်းကောင်းရင်းဖြစ်နေပါသည်။ လူမှုရေးအခက်အခဲများ မကြာခဏရှိတတ်၍ အခက်အခဲကြုံတိုင်း အိမ်နှင့်နီးသောဘုရားကို ခြေကျင်သွား၍ တံမြက်စည်းလှည်းခြင်း၊ အမှိုက်ကောက်ခြင်းကုသိုလ်များပြုပါ။ လူငယ်များ၏အချစ်ရေးကောင်းလွန်းနေပါသည်။ မျက်နှာအလွန်ပွင့်သောအချိန်ဖြစ်၍ ချစ်သူအပေါ် သစ္စာရှိရပါမည်။ ထီထိုးရန်အတွက် (၉၊ ၂၄၊ ၈) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

**ယတြာ ။ ။** ***ငါးအရှင်လေးများကို နိုင်သလောက် လွှတ်ပေးပါ။***

BURMESE CLASSIC .com

**ဗုဒ္ဓဟူးသားသမီးများ**

လူမျိုးကွဲနှင့်ဆိုင်သောလုပ်ငန်းကိစ္စများ အောင်မြင်မှုများရရှိမည်။ ငွေကြေးကိစ္စများထစ်ငေါ့နေပါက ဒိဝါတပတိဂါထာကို အမိဋ္ဌာန်ပုတီးများစိပ်ပါ။ အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေးကိစ္စများအတွက် တနင်္လာနာမည်ရှင်၊ စနေနာမည်ရှင်များနှင့် တိုင်ပင်ပါ။ အကြံဉာဏ်များရယူပါ။ (၁) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ စီးပွားရေးကိစ္စများ အောင်မြင်နေချိန်တွင် လူမှုရေးကိစ္စရှုပ်ထွေးခြင်းများမဖြစ်ပါစေနှင့်။ သောက်စားတတ်သောအပေါင်းအသင်းမျိုးကိုပေါင်းမိပြီး ကိုယ်တိုင်မသောက်စားတတ်သောဘဝကနေ သောက်စားတတ်သောသူအဖြစ်မျိုးရောက်မသွားစေရန် ကိုယ့်ကိုယ်ကိုယ်ထိန်းပါ။ ကျန်းမာရေးကောင်းနေစေရန် ရင်ပြည့်စာများသတိထားစားပါ။ ကိုယ်လက်လှုပ်ရှားအမြဲပြုလုပ်ပါ။ လမ်းများများလျှောက်ပါ။ လူမှုရေးကိစ္စတွင် အတိုက်အခံများရှိပါက ဘုရားစေတီတစ်ဆူဆူသို့သွား၍ တံမြက်စည်းလှည်းပါ။ အမှိုက်ကောက်ပါ။ ဘုရားရှင်အား သောက်တော်ရေ နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် ကပ်လှူပါ။ ပညာရေးကံများကောင်းနေသော်လည်း ကစားချိန်ကစား၊ စာချိန်စာပြုလုပ်ပါ။ ငယ်ရွယ်သူများ၏ နှလုံးသားရေးရာများ စိတ်ချမ်းသာမှုရှိပါမည်။ ချစ်သူကို အနီရောင်ပစ္စည်းလက်ဆောင်မပေးမိပါစေနှင့်။ တရားဥပဒေနှင့် ဆန့်ကျင်စေသောကိစ္စများ လုံးဝရှောင်ပါ။ ထီထိုးမည်ဆိုပါက (၂၊ ၉၊ ၄၊ ၈) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းထားပါ။

**ယတြာ ။ ။** ***ကျန်းမာရေးမကောင်းသူတစ်ဦးဦးအား ဆေး၊ ဓာတ်စာ၊ ငွေလှူလိုက်ပါ။***

**ကြာသပတေးသားသမီးများ**

ငွေဝင်သော်လည်း ကုန်ကျစရာကိစ္စများကြောင့် အဖတ်မတင်ဘဲဖြစ်နေတတ်ပါသည်။ သူတစ်ပါးအတွက် ကြားက အာမခံပြီး ငွေချေးပေးခြင်းများ၊ စက်ပစ္စည်းဝယ်ခြင်းများ အထူးရှောင်ကြဉ်ရပါမည်။ အောင်မြင်လိုသော မည်သည့်ကိစ္စမဆို



www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓဟူးနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ အကြံဉာဏ်များတောင်းပါ။ (၆) ဂဏန်းရှောင်ပြီးအလုပ်လုပ်ပါ။ အပျော်အပါး အရမ်းများတဲ့သူငယ်ချင်းကို သတိထားပေါင်းပါ။ ဆိုင်ကယ်စီးတတ်သူများ အကြမ်းပတမ်းမစီးပါနှင့်။ ဆိုင်ကယ်ကို (၃) ယောက် မစီးပါနှင့်။ စာကလေးများကို အမြဲအစာကျွေးပါ။ မျက်စိဝေဒနာရှင်၊ စိတ်ဝေဒနာရှင်များကို ငွေကြေး၊ ဆေးဝါး၊ အာဟာရများ တတ်အားသရွေ့ ကူညီထောက်ပံ့ပါ။ ဘုရားစေတီများသို့ မကြာမကြာသွား၍ ဂြိုဟ်(၈)ခွင်လုံး ဘုရားရေသပ္ပာယ်ပါ။ ကျန်းမာရေးကောင်းနေစေရန် ကိုယ်နှင့်မတည့်သော အစားအစာများကို လွန်ကဲအောင်မစားပါနှင့်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများ စိတ်ချမ်းသာမှုရှိစေရန် မကျေမနပ်ဖြစ်တဲ့ကိစ္စတွေကို ခဏခဏ နားပူအောင်မပြောမိပါစေနှင့်။ လုပ်ငန်းခွင်စာမေးပွဲဖြေဆိုမည့်သူများ အောင်မြင်ပါလိမ့်မည်။ ပညာရေးကံများအလွန်ကောင်းနေပါသည်။ ကြိုးစားလေ အောင်မြင်လေဖြစ်ပါသည်။ ငယ်ရွယ်သူများအတွက် အချစ်ရေးကံကောင်းလာပါလိမ့်မည်။ တစ်ခါတစ်ခါ စိတ်အပြောင်းအလဲလေးများရှိတတ်၍ ကိုယ်က ဆင်ခြင်ရပါမည်။ အလုပ်၊ နေအိမ်အပြောင်းအရွှေ့ကိစ္စများစိတ်မပူပါနှင့်။ ပို၍ကောင်းသောနေရာဖြစ်ပါလိမ့်မည်။ ထီထိုးရန်အတွက် (၄၊ ၈၊ ၂၊ ၅) ) ဂဏန်းများ ပြည့်နေအောင် ရွေးချယ်ကံစမ်းထားပါ။

ယတြာ ။ ။ *ဘုရားတစ်ဆူဆူသို့သွား၍ ရုပ်ပွားတော်တစ်ဆူဆူရှေ့တွင် ပန်းပေါင်းစုံ ပန်းမွှေးရာများခင်း၍ ပူဇော်ပါ။*

**သောကြာသားသမီးများ**

မင်္ဂလာနှင့်ဆိုင်သောကိစ္စများအတွက် ပါဝင်ဦးစီးဆောင်ရွက်ပေးရတတ်ပါသည်။ ကားအသစ်ဝယ်မည့်သူများ အဆင်ပြေပါလိမ့်မည်။ အောင်မြင်လိုသော မည်သည့်ကိစ္စမဆို တနင်္လာနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ အကြံဉာဏ်များ အကူအညီများတောင်းပါ။ အောင်မြင်ပါလိမ့်မည်။ (၇) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ ကိုယ်မကျွမ်းကျင်သော လုပ်ငန်းကိစ္စများ၌ လူမျိုးကွဲတစ်ယောက် စီးပွားစပ်တူလုပ်ရန်ပြောပါက လက်မခံပါနှင့်။ အကျိုးမပေးပါ။ အင်းများ၊ အဆောင်များ ဆောင်၍မရသောကာလဖြစ်နေပါသည်။ အင်း၊ အဆောင်အဟောင်းအပျက်များရှိပါက စွန့်ထုတ်ပစ်လိုက်ပါ။ လာဘ်လာဘ အတွက် ဒိဝါတပိဂါထာ၊ ရှင်သီဝလီ (၁၀) ဂါထာများကို နေ့စဉ် အဓိဋ္ဌာန်နှင့်ရွတ်ဖတ်ပူဇော်ပါ။ ဘုရားရှင်အား တနင်္လာနံပန်း၊ အာဟာရ၊ သစ်သီးများ၊ ဆွမ်းများမပြတ်ကပ်လှူပူဇော်ပါ။ သောက်ရေတော်ကို နံနက်တစ်ခါ၊ ညတစ်ခါ ကပ်လှူပါ။ ကျန်းမာရေးကောင်းနေစေရန် လေအောင့်စေတတ်သော ချဉ်စာများ၊ ရင်ပြည့်ရင်ကယ်စေတတ်သောအစာများ လွန်ကဲစွာမစားပါနှင့်။ ဖုဋ္ဌသဂါထာရွတ်ရင်း လမ်းများများလျှောက်ပေးပါ။ ပညာရေးကံများမြင့်တက်လာပါဦးမည်။ ပိုကြိုးစားလေ ပိုအောင်မြင်လေဖြစ်မည်။ အာရုံကြောကိုတော့ မကြာခဏအနားပေးပါ။ အချစ်ရေးကံများကောင်းမည်။ ထီထိုးရန်အတွက် (၂၊ ၉၊ ၃၊ ၄) ဂဏန်းများနှင့် ကံစပ်နေပါသည်။ ကားနှင့်လှည့်ရောင်းသောထီးသည်တွင် ထိုးထားပါ။ မမျှော်လင့်ဘဲ ထီပေါက်ပါလိမ့်မည်။

ယတြာ ။ ။ *နံနက်စောစော အရုဏ်ဆွမ်းခံကြွလာသော သံဃာတော်အရှင်သူမြတ်များကို ဆွမ်းလောင်းလှူပါ။*

BURMESE CLASSIC .com

**စနေသားသမီးများ**

အောင်မြင်လိုသော ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စများအတွက် ဗုဒ္ဓဟူးနာမည်ရှင်များနှင့်တိုင်ပင်ပါ။ အကြံဉာဏ်များရယူပါ။ အကောင်းဆုံး အောင်မြင်သွားပါလိမ့်မည်။ (၅) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ စကားပြောလည်း အထူးဆင်ခြင်ရပါမည်။ စကားပြောများတတ်ပါသည်။ ဘုရားရှင်အား ဓာတ်ကြီး(၄)ပါးနှင့် ဆွမ်းကပ်လှူပါ။ ဗုဒ္ဓဟူးနံ အသီးပန်း၊ အာဟာရများဖြင့်လည်း မပြတ်ပူဇော်ပါ။ ဂုဏ်တော်(၉)ပါးကို အဓိဋ္ဌာန်ပုတီးနေ့စဉ်စိပ်ပါ။ ငှက်ကလေးများကို အစာကျွေးပါ။ မျက်စိဝေဒနာရှင်များကို ဆေး၊ ငွေ လှူပေးပါ။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများ သာယာမည်။ စကားပြေ[ာ] မတင်းမာပါစေနှင့်။ လူမှုရေးကိစ္စများကူညီဆောင်ရွက်ပေးပါ။ ရာထူးကိစ္စများ အောင်မြင်တိုးတက်စေရန် ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေ[...] သတော်ကို အဓိဋ္ဌာန်နှင့်နေ့စဉ်ရွတ်ပါ။ ကျန်းမာရေးကောင်းနေသည်ဆိုပြီး မပေါ့ပါနှင့်။ ကိုယ်နှင့်မတည့်သော အနေအထိုင် အစားအသောက်များ ရှောင်ပါ။ အာနာပါနရှုမှတ်ပါ။ လမ်းများများလျှောက်ပါ။ ပညာရေးနှင့်ပတ်သက်၍ ကြိုးစား[...] ပိုရပါလိမ့်မည်။ စိတ်ထဲရှိမှ ထကျက်လိုက်၊ တဖြည်းဖြည်းလျှော့သွားလိုက်မျိုး မဖြစ်ပါစေနှင့်။ ပုံမှန်လေ့ကျင့်ကြိုးစားသွားပါ[...] အောင်မြင်ပါလိမ့်မည်။ ငယ်ရွယ်သူတို့၏ နှလုံးသားရေးရာကိစ္စများ တစ်ဦးနှင့်တစ်ဦး သစ္စာရှိပါ။ ထီထိုးရန်အတွက် (၄၊ ၈၊ ၇) ဂဏန်းတွေနှင့်ပြည့်နေအောင် ဗုဒ္ဓဟူးနံထီဆိုင်တွင်ထိုးထားပါ။ လက်ဝတ်ရတနာဝင်ကိန်းရှိသည်။ လာဘ်လာဘအတွ[က်] ဒိဝါတပတိဂါထာနှင့် ရှင်သီဝလီ (၁၀) ဂါထာကို နေ့စဉ် ရွတ်ဖတ်ပူဇော်ပါ။

ယတြာ ။ ။ *ဘုရားစေတီတစ်ဆူဆူသို့ သွား၍ ဂြိုဟ် (၈) ခွင်လုံးတွင် ဖယောင်းတိုင် (၁၀) တိုင်စီ ထွန်းညှိပြီး ဘုရားပူဇော်ပါ။*

ရ င် ကို ေ အ း မြ ေ စ သ ာ

**ဆရာဦးမောင်မောင်သန်း**

အမှတ် (၈၅၂) ၊ ကုန်းဘောင်(၁၀)လမ်း ၊ (၆)ရပ်ကွက်
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့



www.burmeseclassic.com

www.burmeseclassic.com



# HIV အတွက် ဆေးစွမ်းတစ်လက်

**HIV POSITIVE** လို့ သိလိုက်ရတာနဲ့ ချက်ချင်း ရွှေပြာသတ္တိ ရသာယနအားဆေးကိုသာ စားလိုက်ပါ။ (၃) လကြာလို့ **CD4 Count** စစ်ကြည့်ရင် တိုးတက်လာမယ်ဆိုတာ တွေ့ရပါမယ်။

**HIV** အဆင့်မှာ ခုခံအားတိုးတက်အောင် အရင်ဆုံး သုတေသနပြုထားပါတယ်။ ဆင့်ပွားရောဂါဖြစ်သူများနဲ့ **AIDS** အဆင့်ကိုတော့ ဆက်လက် သုတေသနပြုမှာပါ။

ပထမအကြိမ် တိုင်းရင်းဆေးသမားတော်ညီလာခံမှာ **HIV**နဲ့ ပတ်သက်လို့ စာတမ်းတင်ပြီး (၁) နှစ်အကြာကနေ သုတေသနပြုကုသခဲ့တာဖြစ်တယ်။ ယခု (၁၀) ဦးမှာ (၉) ဦး **CD4 Count** တိုးတက်ခဲ့တယ်။ (၁) ဦးက **NAGATIVE**ဖြစ်သွားပါတယ်။ ဆက်လက် သုတေသနပြုမှာ ဖြစ်ပါတယ်။

အလွန်ရနိုင်ခဲတဲ့ ဓာတ်ပစ္စည်း၊ ခက်ခဲနက်နဲတဲ့ ဝိဇ္ဇာရေ ဂန္ထိရနည်းပညာနဲ့ တန်ဖိုးကြီးစွာ ရယူထားတဲ့ ရွှေပြာသတ္တိ ရသာယနဆေးစွမ်းရည်များကို တိုင်းရင်းဆေးဖုံများမှာ ထည့်သွင်းထားတာမို့ လုံး၀ အပြစ်ကင်းပြီး ဘေးထွက်ဆိုးကျိုးမရှိပါဘဲ ခုခံအားကို တိုးတက်စေတာ ဖြစ်ပါတယ်။

ရွှေပြာသတ္တိ ရသာယနဆေးစွမ်းရည်များကို ဓီဝိတဒါန လှူဒါန်းတာဖြစ်ပြီး တိုင်းရင်းဆေးဖုံ တန်ဖိုး တစ်လ - ၃၀၀၀၀ိ/။

ရွှေပြာသတ္တိ ရသာယနသကပ်စွမ်းရည်ဆေးများဟာ **HIV** အတွက် ခုခံအားကို တိုးတက်စေသလို အများပြည်သူများအတွက် ကိုယ်ခံအားကို မြင့်မားစေပြီး ကျန်းမာသက်ရှည်စေနိုင်ပါတယ်။

ဦးထွန်းလင်း - ယခင် သိမ်ဖြူဆရာတော် အရှင်နာဂသေနာဘိဝံသ၏တပည့်
ရွှေပြာသတ္တိ/ စစ ဦးကျော်မြင့် (တ/ဆ ၂၇၉၂)၊ **B.A, C.T.M.P** ၊ ဝိဇ္ဇာရေဂန္ထိရပညာ
စစ တိုင်းရင်းအထူးကုဆေးခန်း၊ ၅၂၄/ ဂ၊ မေဓာဝီလမ်းဆုံ၊ မြောက်ဥက္ကလာပမြို့။
ဖုန်း - ၀၁ ၉၆၉၉၇၇၉၊ ၀၉ ၅၁၅၆၁၃၆၊ ၀၉ ၂၅၄၀၁၆၂၈၀။

www.burmeseclassic.com